www.burmeseclassic.com



တွေ့ရကြုံရ ကျွန်တော့်ဘဝ

# ပခုက္ကူဦးအုံးဖေ

မန်းချစ်တိုး

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**တွေ့ရကြုံရကျွန်တော့်ဘဝ** (တတိယအကြိမ်)

**မစုကြာဦးခုံးဝေ**

ထုတ်ဝေမှုမှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၃/ ၂၀၀၂ (၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၇၇/ ၂၀၀၂ (၁) |
| | ပထမအကြိမ်၊ ၂၀၀၀ပြည့်နှစ်၊မတ်လ |
| | ဒုတိယအကြိမ်၊ ၂၀၀၀ပြည့်နှစ်၊ဒီဇင်ဘာလ |
| | **တတိယအကြိမ်၊ ၂၀၀၂ခုနှစ်၊ဧပြီလ** |
| အုပ်ရေ | ၁၅၀၀ |
| တန်ဖိုး | ၉၀၀ ကျပ် |
| ထုတ်ဝေသူ | ဦးကျော်ဟင်း(၀၉၁၀)၊ယုံကြည်ချက်စာပေ |
| | အမှတ် ၁၁၁၊ ၃၃လမ်း၊ |
| | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးအောင်ကြီး (ယာယီ–၁၃၅၉) |
| | တောက်တောက်ဝင်းအော့ဖ်ဆက် |
| | အမှတ် ၁၆၉၊ ၃၃လမ်း(ထက်)၊ရန်ကုန်မြို့။ |
| အဖုံးရိုက် | ဦးမြသိန်း (၀၁၄၂၇) |
| | သိန်းမြင့်ဝင်းအော့ဖ်ဆက် |
| | အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | ကောင်းကင်သစ် |
| အတွင်းဖလင် | ကိုမြင့်အောင် (ပန်းချီ) |
| | ၃၈၈/၅၂၊ ဒဂုံမြို့သစ် |
| မျက်နှာဖုံးပန်းချီ | ဦးစံတိုး |

စီစဉ်သူ

**ဒေါ်ဘာရတီ**

ဂုဏ်ထူးစာပေ



www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပုံများကို
ဦးကျော်ညွန့် (ကျော်ညွန့်ရည်) မှ
မေတ္တာဖြင့် ရိုက်ကူးပေးပါသည်။

# မာတိကာ

## တွေ့ရကြုံရကျွန်တော့်ဘဝ


ဝခုက္ကူဦးအုံးဖေ၏အမှာ ၁၁
သေတွင်းကလွတ်မြောက်ခဲ့သောထိုတစ်နေ့ ၁၅
လူ၏သစ္စာအရှိဆုံးသတ္တဝါ ၂၄
ဖဲသမားဘဝတဖြစ်လဲ ရေနံကုန်သည် ၃၁
မောင်မယ်တုစုံ စကားလက်ဆုံ ပြော၍မကုန် ၄၅
သံချောင်းခေါက်သံနှစ်ချက် ကြားပြီးသောအခါ ၅၄
မနေ့ညကအရသာနှင့် သည်ကနေ့ညဒုက္ခ ၆၀
နောင်တဆိုတာဘာလဲ သိကြသလား ၇၁
မိုင်ကုန်ကျော်သိန်းနှင့် ထောင်သုံးနှစ် ၈၀
လိုင်စင်မဲ့လက်နက်ကိုင်မှုဖြင့် ထောင်ကျ ၉၁
ထောင်ထဲမှရခဲ့သော 'ဘာယာ'တာဝန် ၁၀၀
ဓာဒကအခွင့်အရေးကို မျှော်တလင့်လင့် ၁၁၁
လူတစ်ဦး၏ ထူးကဲသောမေတ္တာစေတနာ ၁၁၉
ဖဲရိုက်ပြီး အမေ့ကို လုပ်ကျွေးမှာလား ၁၂၇
မြင်းကို ချိုတပ်ပေးလိုက်တော့ ၁၃၇
ထောင်သားနှင့် မုန့်ဟင်းခါး ၁၄၇
နတ်ကဆူးမစူးအောင် ကာကွယ်ပေးသလား ၁၅၇
ချစ်သူနှင့်တွေ့ရ ထိုတစ်နေ့တွင် ၁၆၆
နောက်ဆုံးကြည့်နူးခဲ့ရသော ထိုအနမ်း ၁၈၀
ထောင်တွင်း ကြိမ်ဒဏ်အတွေ့အကြုံ ၁၉၄
မသက်သာ ခပ်ခွာခွာနေကြစို့ မှန်းလို့ဟုတ်ဘူး ၂၀၅


www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ခင်ါးရှိလျှင် ဘာမဆိုဖြစ် | ၂၃၃ |
| မျက်နှာမဲ့ ရွှေလက်ကောက်ပြဿနာ | ၂၅၁ |
| ဖွတ်မရ ဓားမဆုံးတဲ့ ကာကာကြီး | ၂၆၉ |
| မြင်းဆိုက်ဘဝ အတွေ့အကြုံ | ၂၇၉ |
| ချင်းချောင်းနန်းတော် ဆိုသည်မှာ | ၂၈၉ |
| သေကံမရောက် သက်မပျောက် | ၂၉၉ |
| ထမင်းနှစ်ပြားဖိုး ဟင်းနှစ်ပြားဖိုး | ၃၁၉ |
| အပေါင်ဆိုင်နှင့် ဖူးစာဆုံစဉ်က | ၃၃၁ |
| ပညာမရှိ သူ၏ဝန်ထမ်း | ၃၁၄ |
| မျှော်လင့်ချက်များဖြင့် ရန်ကုန်သို့ခရီး | ၃၅၃ |
| ဖောင်စီးရင်း ရေငတ်ခဲ့ရသောဘဝ | ၃၆၅ |
| ပြိုလဲသွားသော ရွှေတောင်ကြီး | ၃၇၅ |
| ထမင်းရှင်၏ ထိုကျေးဇူး အထူးမမေ့ | ၃၈၇ |
| မိတ်ဆွေတုနှင့် မိတ်ဆွေစစ် | ၃၉၉ |
| နွားနို့သောက်ပြီး အသက်ပျောက်ခဲ့သူ | ၄၁၁ |
| ကြောမင်းနှင့် ဘိုးဘိုးအောင် | ၄၂၃ |
| အကြောင်းမဆုံ၍ မပေါင်းရသော်လည်းကွယ် | ၄၄၅ |
| ထူးထူမနော ဥမ္မတ္တကော | ၄၅၇ |
| ကြုံတော်ရသော ယောက်ဖနှင့် ငှက်ကြီးတောင်ဓား | ၄၆၉ |
| အုံးဖေနှင့် အုံးပေ | ၄၈၃ |
| ချောင်တကာ့မှောင်တွင် ကာမမှောင်သည် | ၄၉၅ |
| သစ်ဖောင်သမား အတွေ့အကြုံ | ၅၀၇ |
| ဆောင်နံပါတ် ၂၇၉ ဘယ်မှာလဲ | ၅၁၉ |
| နောက်ဆက်တွဲအမှာ | ၅၃၁ |


## “ဝတ္ထုကြီးအုံးဖေ၏ အမှာစာ”

ဤစာအုပ်၏ မူလအမည်မှာ ‘ကျွန်တော့်ဘဝ အမှားကြီးနှစ်ခု’ ဖြစ်သည်။ ထိုင်းနှစ်ခုမှာ အသက်နှစ်ဆယ်ကျော်အရွယ်က ဆိုးသွမ်းမိုက်မဲခဲ့သည့်အမှားနှင့် အသက် လေးဆယ့်ငါးနှစ်အရွယ်တွင် စတုတ္ထအိမ်ထောင် ထူထောင်ခဲ့သည့် အမှားဖြစ်သည်။ ဤခေါင်းစဉ်နှင့်ရေးလျှင် ဘောင်ကျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ရှိမည်မဟုတ်သည့်အတွက် ခေါင်းစဉ်အမည်ကို ‘တွေ့ရကြုံရ ကျွန်တော့်ဘဝ’ဟု ပြောင်းလဲလိုက်ခြင်း ဖြစ်ပါသည်။

ဘဝအကြောင်းကို အကျဉ်းရုံး ဖော်ပြပါမည်။

ငယ်စဉ်က မိဘများ ဆင်းရဲနွမ်းပါး၍ ကျောင်းနေချိန်မှာ ကျောင်းမနေခဲ့ရပါ။ မြေပဲကောက်ရသည်။ ပြောင်းနှံကောက်သင်း ကောက်ရသည်။ ကူလီထိုက်ရသည်။ တစ်နေကုန်လုပ်မှ ပိုက်ဆံသုံးမူးရသည်။ ထိုခေတ်က ဆီငွေသုံးမူးသည် ငစိန်ဆန် သင့်တင့် သုံးပြည်ရသဖြင့် မိဘများသည် ကျွန်တော့်လုပ်ခကို ခုံမင်မက်မောနေကြသည်။ အသက်ဆယ်နှစ်ပြည့်ခါနီးမှ အဖေသည် အသိတရား ရရှိလာသည်။

“အုံးဖေကို သည်လိုသာခိုင်းနေရင် ဒီကောင် သေစာရှင်စာတောင် ရေးတတ်၊ ဖတ်တတ်မှာမဟုတ်ဘူး။ ကျောင်းထားရမယ်။ ရွာကျောင်းထားရင်လည်း အိမ်နှင့်နီးလို့ မဖြစ်ဘူး။ စိုတွင်းကျောင်း သွားထားမယ်”ဟု အဖေက ပြောရာ အမေနှင့် အစ်မကြီးများကပါ သဘောတူကြသည်။ အမေတူအဖေကွဲ အစ်မကြီး မပန်းမြိုင်ကဆိုလျှင်–

“အုံးဖေအတွက် ကျွန်မ အလုပ်ပိုလုပ်မယ်”ဟု ပြောပါသည်။

စိုတွင်းရွာသည် ကျွန်တော်တို့ရွာနှင့် ရှစ်မိုင်ဝေးသည်။ သားပညာရေးအတွက် အဖေသည် မကျန်းမာဘဲလျက် စိုတွင်းရွာဘုန်းတော်ကြီး ကျောင်းသို့

www.burmeseclassic.com



ခြေကျင် ပို့ဆောင်ပေးပါသည်။ ကျောင်းရောက်သောအခါ ရာသီဥတုက ပူပြင်းခြင်း၊ ခရီးမြေတာက ဝေးခြင်း၊ အစာမစားနိုင်ခြင်း၊ မကျန်းမာခြင်းတို့ကြောင့် အဖေသည် ကျောင်းအောက်ရှိ ခြောက်တိုင်ခုတင်ကြီးပေါ် လဲဝဲတော့သည်။ အဖေ့အင်အားနှင့် ထူနိုင်ထနိုင်ခြင်းမရှိသဖြင့် အဖေ့အနီးမှာနေပြီး အဖေ့ဝတ်ကြီးဝတ်ငယ် ပြုစုနေရ၍ စာမသင်ရပါ။ ဘုန်းတော်ကြီးက ရွာထဲမှ ဆေးဆရာကိုခေါ်၍ ဆေးဝါးကုသပေးပါသည်။ ငါးရက်၊ ခြောက်ရက်ခန့်ကြာသောအခါ အဖေ အနည်းငယ် သက်သာသဖြင့် ရွာပြန်ရန် ဘုန်းတော်ကြီးက လှည်းစီစဉ်ပေးပါသည်။ လှည်းပေါ်ကို မတက်နိုင်၍ ပွေ့ချီ မတင်ပေးရသည်။ လှည်းပေါ်တွင် ငုတ်တုတ်ထိုင်ကာ လှည်းရံတိုင်ကိုကိုင်လျက်က–

"သား၊ စာတတ်အောင်သင်နော်။ စာမတတ်ရင် လူ့အောက်လူ့နောက်က နေရမယ်။ ပြီးတော့ ကျောင်းသားအချင်းချင်း သင့်မြတ်အောင်နေ" ဟု မှာကြားနေသည့် အဖေ့အသံမှာ ဆို့နစ်နေကာ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးဆင်းနေသည်။

အဖေ့ကိုကြည့်ပြီး ကျွန်တော် ငိုမဲ့ငိုမဲ့ဖြစ်လျက် စိတ်ထဲတွင်လည်း မရှိသလိုလို၊ ဝမ်းနည်းသလိုလို ဖြစ်နေပါသည်။ အဖော်များရှေ့ဖြစ်၍ အသံထွက်ငိုမိအောင် စိတ်ကို တင်းထားရပါသည်။

အဖေပြန်သွားပြီး တစ်လခန့်ကြာသောအခါ အဖေ သေဆုံးသွားပါသည်။ အဖေသေဆုံးရခြင်းမှာ ကျွန်တော့်ပညာရေးအတွက် ဖြစ်၏။ အဖေ့ကျေးဇူးကို ပြန်လည်ပေးဆပ်နိုင်ခွင့်မရရှိခြင်းမှာ ကျွန်တော့်ဘဝအတွက် အကြီးမားဆုံး ဆုံးရှုံးမှုပင်။

ဘုန်းကြီးကျောင်းပညာကို ငါးနှစ်ကျော် သင်ကြားခဲ့ရသည်။ ဆယ့်ငါးနှစ်အရွယ်တွင် ကျောင်းမှထွက်ခဲ့သည်။ ရေစကြိုမြို့ ဆင်တဲတားရပ်နေ၊ ကုန်သည်ကြီးဒေါ်အုန်းပွင့်အိမ်၌ ထမင်းစား အခမဲ့ နှစ်နှစ်ခန့်နေခဲ့ရသည်။ ရေစကြိုမှပြန်လာပြီး ပခုက္ကူမြို့၊ ကုက္ကိုတန်းရပ် ကျောင်းတော်ရာလမ်းနေ အစ်ကိုတစ်ဝမ်းကွဲ၊ အစ်မတစ်ဝမ်းကွဲဖြစ်သူ ပွဲစားဦးဘသိန်း၊ ဒေါ်ပေါ်သယ်တို့အိမ်တွင် လေးလခန့် ထမင်းစား အခမဲ့ နေထိုင်ခဲ့ရသည်။

ထို့နောက် ရန်ကုန်မြို့၊ ကုက္ကိုင်း၊ ဥတ္တလစ်လမ်း၊ ခြံနံပါတ် ၁၇၊ ဦးကျော်သောင် မြင်းဇောင်းတွင် မြင်းဆိုက်အဖြစ် ထမင်းစား အခမဲ့ နှစ်နှစ်ခန့်နေခဲ့ရသည်။ ဦးကျော်သောင်မှာ ဘကြီးတစ်ဝမ်းကွဲဖြစ်ပါသည်။ ဘကြီး



သည် ကျွန်တော်၏လုပ်ရပ်နှင့် အကျင့်စာရိတ္တကို မကြိုက်သဖြင့် အလုပ်မှ နှင်ထုတ်လိုက်ပါသည်။ ရန်ကုန်မြို့ သိမ်ကြီးဈေးတွင် သုံးလခန့် ကွမ်းယာရောင်းခဲ့ရပါသည်။ အိုးမဲ့အိမ်မဲ့ ခြေသလုံးအိမ်တိုင်ဖြစ်၍ ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း သမံတလင်းတွင် အိပ်ရပါသည်။

ထိုမှ ထနောင်းကုန်းရွာသို့ပြန်လာပြီး မိသားစုနှင့်အတူ တောင်သူဆိုပ်ပါသည်။ ဘုံဘေဘားမားသစ်ကုမ္ပဏီတွင် ဖောင်လုပ်သားအဖြစ် သုံးနှစ်လုပ်ကိုင်ခဲ့သည်။

'တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး' ဆိုသကဲ့သို့ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုကြောင့် ကျွန်တော်သည် ဆိုးသွမ်းမိုက်မဲသော၊ မကောင်းသော ဒုစရိုက်လောကထဲသို့ ရောက်ရှိသွားသည်။ ဖဲရိုက်သည်၊ ကြက်တိုက်သည်၊ မြင်းလောင်းသည်၊ အရက်သောက်သည်။ တစ်ခါတစ်ရံ ဘိန်းကိုပင် ရှူခဲ့သည်။ ဒုစရိုက်အလုပ်တွင် 'ထမ်းပိုးလေးပေါက် တစ်ပေါက်မျှမရှောင်ခဲ့'။ အသိမဲ့သည့်အားလျော်စွာ ဒုစရိုက်အလုပ်များကိုပင် ဂုဏ်ဟုထင်ခဲ့သည်။ မှားလို့မှားမှန်းမသိ။ မိုက်လို့မိုက်မှန်းမသိ။ တစ်လွဲဆံပင် ကောင်းခဲ့သည်။

၁၉၄၂ ခုနှစ် ဂျပန်ခေတ်တွင် ဘကြီး **ဦးကျော်သောင်** သမီး မအေးမိနှင့် အိမ်ထောင်ကျခဲ့သည်။ နှစ်လမပြည့်မီ ရာဇဝတ်မှုတစ်ခုနှင့် အဖမ်းခံရပြီး ထောင်သုံးနှစ်၊ လေးလ အပြစ်ကျခဲ့သည်။ အပြစ်ဒဏ်ခံနေရစဉ်မှာပင် ချစ်ဇနီး မအေးမိနှင့် ရင်သွေးသားကလေး သေဆုံးခဲ့သည်။ ၁၉၄၄ ခု၊ ဒီဇင်ဘာလတွင် ထောင်မှ လွတ်မြောက်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် နှမနှစ်ဝမ်းကွဲ မတင်နှင့် မင်္ဂလာဆောင်ခဲ့သည်။ ဆောင်မည့်ဆဲဆဲ အဖမ်းခံခဲ့ရသေးသည်။ မတင်သည် ကျွန်တော်၏ ဒုစရိုက်အလုပ်များကို သဘောမကျသော်လည်း မနှစ်ခြိုက်သော်လည်း ကျွန်တော့်ကို ချစ်သည်၊ ကြောက်သည်။ အလိုမကျဖြစ်မည်ကို စိုးရွံ့သည်။

၁၉၄၆ ခုနှစ်တွင် ဓားပြမှုနှစ်ခုနှင့် အဖမ်းခံခဲ့ရသည်။ အမှုတစ်ခုမှာ လူတန်းစီပြရာတွင် တရားလို မစွဲဆိုနိုင်ခဲ့။ နောက်တစ်မှုမှာလည်း သက်သေ အထောက်အထားများ မခိုင်လုံ၍ လွတ်မြောက်ခဲ့သည်။ ကျွန်တော်သည် စာဖတ်ခဲ့သည်။ စာဖတ်သည်မှာ ဗဟုသုတ လိုချင်၍၊ ပညာတတ်လို၍ မဟုတ်ပါ။ ပျင်းရှိသည့်အခါ ပျင်းပြေပါသည်။ ပျင်းမှုကို ဖြေဖျောက်လို၍ စာဖတ်ခြင်းဖြစ်သည်။ ဝတ္ထုဇာတ်လမ်းတွေကိုစွဲလမ်းပြီး စာဖတ်ရာမှ စာဖတ်ဝါသနာ သန်လာခဲ့သည်။ စာဖတ်ခြင်းကြောင့် အကြောင်းအကျိုး၊ အကောင်းအဆိုးတို့

www.burmeseclassic.com



သိရှိလာသည်နှင့်အညီ မကောင်းသော ဒုစရိုက်အလုပ်များကို စွန့်ပယ်ခဲ့သည်။ ခဝါချခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ကျေးရွာလူထု၏ မဲဆန္ဒဖြင့် တင်းဂါတ်အုပ်စုသူကြီး ဖြစ်ခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် တိုင်းပြည် မငြိမ်မသက် ဖြစ်လာသည့်အတွက် အစိုးရက ယုံကြည်စိတ်ချရသော သူကြီးများကို ကျေးရွာ ကာကွယ်ရန် သေနတ်များ ထုတ်ပေးခဲ့သည်။ ကျွန်တော်သည် တင်းဂါတ် အုပ်စုသူကြီးလည်းဖြစ်သည်။ ကာကွယ်ရေးအဖွဲ့ခေါင်းဆောင်လည်း ဖြစ်သည်။

တစ်နေ့တွင် အလံနီကွန်မြူနစ်များနှင့် တိုက်ပွဲဖြစ်သည်။ အလံနီတစ်ဦး ဒဏ်ရာရရှိပြီး ၎င်းတို့ဖမ်းဆီးလာသော ဘုံတာရွာမှ ဓားစာခံမစိန်အေးနှင့် ကိုဘညွန့်၊ ကိုကျော်ခိုင်တို့ကို ရရှိလိုက်သည်။ အလံနီများသည် ကျွန်တော့်ကို သူတို့၏ ဝါဒလမ်းစဉ်ကို ဆန့်ကျင်သူဟူ၍ သတ်မှတ်ခဲ့ကြသည်။

၁၉၄၉ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပခုက္ကူမြို့ကို ရဲဘော်ဖြူများ သိမ်းပိုက်ခဲ့သည်။ ခေါင်းဆောင်မှာ ဗိုလ်စိုးနိုင်ဖြစ်သည်။ ကာကွယ်ရေးသေနတ်များကို ရဲဘော်ဖြူများသို့ ပေးအပ်လိုက်ရသည်။

၁၉၅၀ ခုနှစ်တွင် အလံနီများက ကျွန်တော့်ကို ဖမ်းဆီးသတ်ဖြတ်ရန် ကြံစည်ကြသဖြင့် ပခုက္ကူမြို့သို့ ထွက်ပြေးခဲ့ရသည်။ ပခုက္ကူမြို့မဈေးကြီးတွင် တစ်လ ငါးဆယ်ကျပ်နှင့် ဈေးကောက်လုပ်ခဲ့သည်။ ထို့နောက် ပွဲစား။ ထို့နောက် ဆေးရွက်ကြီးကုန်သည်။ ထို့နောက် ဆေးပေါင်းရုံပိုင်ဖြစ်လာသည်။

စာဖတ်ခြင်းကြောင့် အမြင်မှန်ရရှိလာသည်။ အဖော်ခြင်းကြောင့် မကောင်းသော ဘဝမှ ကောင်းသောဘဝသို့ ရောက်ရှိလာသည်။ စာပေသည် ကျွန်တော့် ဘဝကို မြေတောင်မြှောက်၊ ရေလောင်းပေးသည့် ကျေးဇူးရှင်ဖြစ်သည်။ ထို့ကြောင့် စာပေကို ကျေးဇူးဆပ်သည့်အနေဖြင့် 'ပခုက္ကူဦးအုံးဖေ စာပေဆု'နှင့် 'ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်' တည်ဆောက်လှူဒါန်းခြင်းဖြစ်သည်။

ကျွန်တော်သည် အမှန်ကိုပြောလိုသည်။ ရေးလိုသည်။ အမှန်ကို ပြောရခြင်းသည် စိတ်ချမ်းသာ၍ အရသာရှိသည်ဟုပင် ထင်ပါသည်။

ထို့ကြောင့် ဘဝအကြောင်းကို အိတ်သွန်ဖာမှောက် မခြွင်းမချန် အမှန်အတိုင်း ရေးသားခြင်းဖြစ်ပါသည်။ အကျယ်ကို စုံစုံစေ့စေ့ သိလိုပါမူ ဤစာအုပ်ကိုဖတ်ပါဟူ၍သာ။

ပခုက္ကူဦးအုံးဖေ

## သေတွင်းတလှတ်ကြောက်ခဲ့သောထိုတစ်နေ့

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့သည် ဂျပန်ပေးသည့် ရွှေရည်စိမ် လွတ်လပ်ရေး (ဝါ) ဓားမိုးပေးသည့် လွတ်လပ်ရေးနေ့ ဖြစ်သည်။

လွတ်လပ်ရေးအောင်ပွဲကို ပခုက္ကူအကျဉ်းထောင်၌ ညနေ လေးနာရီ အချိန်တွင် ကျင်းပမည်ဖြစ်ရာ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် မြို့မ မြို့ဖများကိုပါ ဖိတ်ကြားထားသည့်အတွက် ထောင်အာဏာပိုင်များနှင့် အကျဉ်း သားများမှာ နံနက်ခုနစ်နာရီအချိန်မှစ၍ ချွေးတလုံးလုံးနှင့် လှုပ်လှုပ်ရွရွ အလုပ်လုပ်နေကြရသည်။

ထောင်တွင်းထောင်ပြင် မြက်တစ်ပင် အမှိုက်တစ်ခုမရှိရအောင် သန့်ရှင်း ရသည်။ နှစ်ထပ်အိပ်ထောင် အဆောက်အအုံကြီးတစ်ခုလုံး လှဲကျင်းသန့်ရှင်း ရသည့်အပြင် အိပ်ထောင်လုံခြုံမှုအတွက် အပြင်တန်း၊ အတွင်းတန်း၌ ကာရံ ထားသည့် ၃"X၂" သစ်သားတန်းများကိုပါ အဝတ်ရေနှဲဆွတ်ပြီး ပြောင်လက် နေအောင် ပွတ်တိုက်ကြရသည်။

အငြိမ့်စင် ဆောက်ကြရသည်။ ထမင်းချက်ကြရသည်။ ရေဆွဲကြရ သည်။ မီလ္လာအိမ် ဖိနိုင်ဖျန်းကြရသည်။ ထောင်ဗူးဝ ရေဖျန်းပြီး ပန်းအိုးများ ချထားရသည်။

ထောင်မှူးကြီးမှာ ကုလားလူမျိုးဖြစ်သည်။ အမည်မှာ 'စွလေမန်' ဖြစ် သော်လည်း 'ဦးခင်မောင်'ဟု ခေါ်မှသာ သဘောကျသည်။ ထောင်မှူးကလေး မှာ ပခုက္ကူမြို့သား 'ဦးစန်းမောင်'ဖြစ်သည်။ သူ၏ဇနီး 'မခင်ရွှေ'မှာ အသောင် ပင် ချောမောလှပသည်။ သားသမီးမရှိသည့်အတွက် အကြောင်းသိလျှင် အပျိုဟုထင်ရသည်။ ဦးစန်းမောင်သည် နေ့စဉ်နေ့တိုင်း အကျဉ်းသားများကို

www.burmeseclassic.com



ခေါ်ယူပြီး သူ့အိမ်တွင် ထင်းခွဲ၊ ရေခပ်၊ အမှိုက်ရှင်း၊ သစ်ပင်ရေလောင်းခိုင်းစေမြဲ။ ခိုင်းသည့်အချိန်တိုင်း၌ သူ့အိမ်တွင်သူ အမြဲရှိသည်။ သူမရှိသည့်အချိန် သူ့အိမ်ကို မည်သူမျှ မသွားရ မလာရဟု အမိန့်ထုတ်ထားသည်။ အကျဉ်းသားများက သူ၏ဇနီး အချောအလှကို စိတ်မချ၍ဟု ထင်ကြသည်။

ထောင်ပိုင်ကြီးမှာ အချိန်ပိုင်းတာဝန်ယူရသော စက်ရှင်တရားသူကြီး 'ဦးကျော်သောင်း' ဖြစ်သည်။ အကျဉ်းသားများအပေါ် ကြင်နာသနားတတ်သော်လည်း ဆိုးသွမ်းသော နာမည်ကြီး ဓားပြများအပေါ်တွင်မူ အလွန်ရက်စက်စွာ ရိုက်နှက်လိုသူဖြစ်သည်။ သူရိုက်လိုသူကို ညရှစ်နာရီအချိန်ခန့်တွင် အိပ်ထောင်မှထုတ်ပြီး ကိုယ်တုံးလုံးချွတ် ထိုင်ခိုင်းထားသည်။ ကျောပြင်ကို သူကိုယ်တိုင် လိပ်ကျောက်မြီးနှင့် တရွှမ်းရွှမ်းရိုက်သည်။ သူမောပန်းသည့်တိုင် စိတ်မကျေနပ်နိုင်သေးလျှင် ပြာတာတစ်ဦးကို ထပ်မံ အရိုက်ခိုင်းသည်။ ကျောပြင်တစ်ခုလုံး သွေးနှင့်ရဲရဲ ဖြစ်ရှိလာသည့်အခါ ဇလုံထဲတွင် ဆားရည်စိမ်ထားသောရေနှင့် ပက်ပေးရသည်။

"အမယ်လေးဗျ၊ အမယ်လေးဗျ၊ သေပါပြီဗျ"ဟု အော်မှ သူ့လုပ်ရပ်ကို သူ ကျေနပ်သည်။

ညအချိန် ထောင်ပိုင်ကြီး ထောင်ထဲဝင်လာပြီဆိုလျှင် အိပ်ထောင်ကြီးတစ်ခုလုံး လူသူကင်းမဲ့နေသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသည်။ အသက်ကိုပင် ပြင်းပြင်းမရှူရဲကြ။ အကျဉ်းသား အချုပ်သားအားလုံးသည် ထောင်မှူးများထက် ထောင်ပိုင်ကြီးကို ပိုပြီးကြောက်ရွံ့ကြသည်။

ထောင်ထဲတွင် အကျဉ်းသားအချုပ်သား သုံးရာကျော်ရှိသည်။ ထိုအထဲတွင် ကျွန်တော်လည်း ထောင်သုံးနှစ် လေးလ အပြစ်ကျအကျဉ်းသားဖြစ်သည်။ လွတ်လပ်ရေးအောင်ပွဲအတွက် ချွေးတလုံးလုံးနှင့် အလုပ်လုပ်နေရသည့်တိုင် ဆင်းရဲသည်ဟု မထင်ကြပေ။ ညနေ ဆိတ်သားဟင်း၊ ငရုတ်ငါးပိကြော်၊ ချဉ်ရည်ဟင်းနှင့် ထမင်းစားရမည်။ အငြိမ့်ကြည့်ရမည်။ အငြိမ့်မင်းသမီးမှာ နာမည်ကျော် 'ရဲဇာနည်'ဖြစ်သည်။ ရဲဇာနည်သည် ရုပ်လှသည်။ အသံကောင်းသည်။ ကကွက် ညက်ညောသည်။ ရဲဇာနည်က ထောင်အတွင်း ကရမည်ဖြစ်၍ ထောင်သားများကို ကြောက်ရွံ့ပြီး 'မကလို၊ မလိုက်လို'ဟု ငြင်းဆန်သဖြင့် ထောင်အာဏာပိုင်များက 'မည်သူမျှ လက်ဖျားနဲ့ မတို့ရ၊ မထိရစေဘူး'ဟု တာဝန်ယူခဲ့ရသည့်အပြင် ဆီစက်ပိုင်ရှင်သူဌေး 'ဦးကံဦး'မှလည်း ဆုချီးမြှင့်မည်ဖြစ်ကြောင်း ပြောမှ လက်ခံ သဘောတူသည်ဟု ဆိုသည်။



အကျဉ်းထောင်များ၌ ဤကဲ့သို့ အခွင့်အလမ်းမျိုး ရရှိခြင်းမှာ ကြုံတောင့်ကြုံခဲ ဖြစ်သဖြင့် အကျဉ်းသား အချုပ်သားအားလုံး ပျော်ရွှင်နေကြသည်။ မကြာမီ အလွန်ကြောက်မက်ဖွယ်ကောင်းသည့် အရိပ်မည်းအန္တရာယ်ကြီးတစ်ခု ကျရောက်လာမည်ကို မည်သူမျှ ကြိုတင်မသိကြပေ။

အလုပ်သိမ်း ထမင်းစားပြီး အပန်းဖြေနားနေကြသည်။ အချိန်မှာ နေ့လယ် တစ်နာရီခန့်ဖြစ်သည်။ ကျွန်တော်သည် ထောင်တွင်းရှိ အကျဉ်းသားအချုပ်သားများကို ကြီးကြပ်ရသော တုတ်ကိုင် 'ဘာယာ'ဖြစ်သည်။

အိပ်ထောင်ကြီးတွင် တံခါးရွက်မပါသောအခန်းများ ရှိသည်။ အရှေ့တောင်ထောင့် အထက်အောက်နှစ်ခန်း၊ အနောက်မြောက်ထောင့် အထက်အောက် နှစ်ခန်း၊ ပေါင်းလေးခန်းရှိသည်။ အရှေ့တောင်ထောင့် အပေါ်ထပ်အခန်းတွင် ကျွန်တော်နှင့် ဘာယာတစ်ဦး နေခွင့်ရသည်။ ထိုအခန်းသည် ဗုံးတံခါးကြီးကို အပေါ်မှစီး၍ မြင်ရသည်။

ကျွန်တော်သည် အငြိမ့်ပွဲဝတ်ရန် လျှော်ဖွပ်ထားသော ပိတ်အင်္ကျီလက်ရှည်ကို ခေါက်နေစဉ် လေကြောင်းရန် အချက်ပေး ဥသြဆွဲသံနှင့်အတူ သံချောင်းခေါက်သံများ၊ မဟာမိတ် ဗုံးကြဲလေယာဉ်ပျံကြီးများ၏ 'တဝေါဝေါ' မြည်သံများပါ ဆူညံနေသည်။ ထောင်ဗုံးဝ တာဝန်ကျသူက ဗုံးခိုကျင်းထဲ ဝင်ကြရန် ဟစ်အော်နေသည်။ ဗုံးခိုကျင်းမှာ အနောက်အုတ်နံရံ အရှေ့ဘက် ထမင်းချက်ဖိုနှင့် မိလ္လာအိမ်အကြားတွင် ရှိသည်။ လူ တစ်ရာကျော်ခန့်သာ ဆံ့သည်။

ဗုံးကျင်းထဲ မဝင်နိုင်ကြသူများမှာ ထောင်အုတ်ရိုးကို အကာအကွယ် ယူကြသည်။ အုတ်ရေတွင်း၊ အုတ်ရေကန်တို့ကို မှီခိုကြသည်။ ကြိုးတိုက်အုတ်နံရံကို အားပြုကြသည်။ မိလ္လာအိမ်ကို ဗုံးခိုအိမ် ပြုလုပ်ကြသည်။ မိလ္လာအိမ်မှာ သွပ်မိုးသွပ်ကာ ဖြစ်သည်။

ယခင်က ထောင်ကို တစ်ကြိမ်တစ်ခါမျှ ဗုံးကြဲခြင်းမရှိခဲ့ဖူးသဖြင့် ယခု တစ်ကြိမ်လည်း ဗုံးကြဲလိမ့်မည် မထင်သည့်အတွက် ကျွန်တော်နှင့်အတူ 'ဘာရင်'မှာ အောက်ထပ်သို့ မဆင်းတော့ဘဲ အခန်းထဲမှာပင် နေခဲ့ကြသည်။

ဗုံးကြဲလေယာဉ်ပျံကြီးများမှာ လေးစင်းဖြစ်သည်။ နှစ်စင်းတစ်တွဲစီ ရှေ့နောက်ခွဲပြီး ထောင်ပေါ်သို့ ဦးတည်လာသည်။ လေယာဉ်ပျံကြီးများ၏ မြည်ဟိန်းသံမှာ ကြောက်လန့်ဖွယ်ရာ ဖြစ်သည်။ လေယာဉ်ပျံကြီးများမှာ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကို ပစ်မှတ်ထား၍ ဗုံးများ ဒလဟော ကြဲချလေသည်။ ဗုံးများမှာ [illegible] ဗုံးများနှင့် မြေရှပ်ဗုံးနှစ်မျိုး ဖြစ်သည်။ 'ဝုန်းခနဲ' 'ဝုန်းခနဲ' စက္ကန့်မခြား ပေါက်ကွဲသံများနှင့်အတူ ဗုံးဆံမှန်သူများ၏ 'ကယ်ပါယူပါ' အကူအညီ တောင်းခံသံများ၊ ကြောက်လန့်ပြီး ဟစ်အော်သူများ၏ အသံများမှာ တစ်ထောင်လုံး ဆူညံနေသည်။ ဗုံးဒဏ်ကြောင့် အိပ်ထောင်ကြီးမှာ လျှော်လှုပ်သကဲ့သို့ တုန်ခါသွားသည်။ ဖုန်များနှင့် ယမ်းခိုးယမ်းငွေ့များမှာ တစ်ထောင်လုံးမည်းမှောင်နေသည်။

'သေကုန်ပြီ၊ သေကုန်ပြီ' ဟစ်အော်၍ သွေးရူးသွေးတန်းနှင့် အခန်းထဲ ပြေးဝင်လာကြသည်။ အချို့မှာ ဗုံးဆံဒဏ်ရာများနှင့် 'ကိုညီ'မှာ ပေါင်ကို ဗုံးဆံစိုက်ဝင်နေသဖြင့် ခြေတစ်ချောင်းလုံး သွေးများ ခြင်းခြင်းနီနေသည်။ 'တင်အောင်'မှာ ယာဘက်လက်ကောက်ဝတ်က ပြတ်လုတဲတဲ တွဲလန်းကျနေသည်။ သွေးများမှာ ကြွက်မြီးတန်းနေသည်။ နံနက်ပိုင်းက ဆေးကြောသန့်ရှင်းထားသော အခန်းမှာ သွေးများနှင့် ပေကျံနေသည်။

ကျွန်တော်တို့ ဝမ်းလျားမှောက်နေသကဲ့သို့ ဝင်လာသူများကိုလည်း ဝမ်းလျားမှောက်နေကြရန် အော်ရသည်။ လက်ကောက်ဝတ် ပြတ်လုတဲတဲ တွဲလန်းကျနေသူ တင်အောင်ကမူ 'ကျွန်တော့်အဖို့ မထူးတော့ဘူး'ဆိုကာ မတ်တတ်ရပ်မြဲ ရပ်နေသည်။ သူ၏လက်မှ သွေးများက တစ်စက်တစ်စက် ကျနေသည်။ လေယာဉ်ပျံကြီးများသည် ဗုံးကြဲပြီး ထောင်ကိုကျော်လွန်ကာ ကွမ်းရွာ၊ ရွှေတန့်တစ်ရွာများဆီသို့ ဦးတည်သွားသည်။ ထိုအခိုက်တွင်–

"ဟော့ကောင်တွေ၊ ဗူးတံခါးကြီး လပ်နေပြီ၊ လပ်နေပြီ"ဟု အော်သံကြားသဖြင့် မတ်တတ်ရပ်၍ အုတ်နံရံ လေဝင်ပေါက်မှ ဗူးတံခါးကို ကြည့်လိုက်သည်။ သံချောင်းသံတိုင်ကြီးများနှင့် အခိုင်အခန့်ပြုလုပ်ထားသော ဗူးတံခါးကြီးမှာ ပိတ်ထားမြဲ၊ ပိတ်ထားဆဲ။

အော်သံကြောင့် ကြောက်အားလန့်အားနှင့် ပြေးလာကြသော လူအုပ်ကြီးသည်ဗူးတံခါးကြီးကိုတအားတွန်းဖွင့်လိုက်ကြရာ 'ချွမ်ခနဲ' မြည်ပြီး ပွင့်ထွက်သွားသည်။ လူအုပ်ကြီးမှာ လွတ်မြောက်ချင်ဇောနှင့် အတင်းတိုးထွက်ကြရာ လူချင်းညပ်ပြီး တစ်ဆို့နေသေးသည်။

"ဗူးတံခါးကြီးလပ်နေပြီ"ဟူသောအသံသည် ထောင်သားများအဖို့ ကယ်တင်ရှင်၏အသံ ဖြစ်သည်။ ကျွန်တော်သည် ခေါက်ထားသည့် အင်္ကျီကို



ကမန်းကတန်းဝတ်ပြီး ခေါင်းအုံးအောက်မှ 'ထောင်မလဲ သဲကော်ရ' ကွမ်းငွေစက္ကူအသစ်ကလေးများကို အင်္ကျီအိတ်ထဲ ထိုးထည့်ကာ အတင်းထွက်ပြေးလာခဲ့သည်။ လှေခါးအဆင်းတွင် လူနှစ်ယောက် လဲနေသည်ကိုတွေ့ရမှ ကျွန်တော် သတိရသည်။ ကျွန်တော်နှင့် အမှုတွဲဖြစ်သူ ကုလားနှင့် အောင်စိန် ဟုတ်မဟုတ် ကြည့်သည်။ မဟုတ်မှန်းသိ၍ စိတ်ပေါ့သွားစေကာမူ သူတို့ကို ရှာဖွေရန် အိပ်ထောင် တောင်ဘက်သို့ အပြေးအလွှားသွားသည်။

တမာပင်မြစ်ဆုံအောက် ဗုံးဝင်ခိုနေသူတစ်ဦးမှာ အတွင်းထောင် အုတ်ရိုးပေါ် ဗုံးကျရာတွင် အုတ်ခဲတုံးကြီးတစ်ခု လွင့်စင်လာပြီး သူ့ဝင်ပေါက်ကို ပိတ်ဆို့နေသည့်အတွက် မထွက်နိုင်ဘဲဖြစ်နေသည်။ 'ကယ်ပါယူပါ' တကြော်ကြော် အော်နေသည်။

ကျွန်တော်သည် တမာပင်ကိုကျောမှီပြီး အုတ်ခဲတုံးကြီးကို ခြေထောက်ဖြင့် တအားတွန်းထုတ်လိုက်သည်။

ကြိုးတိုက်ဆောင်တွင် လူသုံးယောက် သေဆုံးနေသည်။ ဒဏ်ရာရသူတစ်ဦးမှာမူ အသက်မသေသေးသော်လည်း ပြေးနိုင်လွှားနိုင်ခြင်းမရှိဘဲ သွေးအိုင်ထဲ လဲနေသည်။ သေဆုံးသူသုံးယောက်တွင် ထီးလင်းမြို့နယ်မှ ဦးဖြူဆိုသူမှာ နံနက်ကပင် လွှတ်လပ်ရေးအထိမ်းအမှတ်နှင့် ထောင်မှ လွတ်ငြိမ်းခွင့်ရပြီး ဖြစ်သည်။ သူက ညစာထမင်း ဆိတ်သားဟင်းနှင့်စားပြီးမှ ထောင်ကထွက်ပါရစေဟု ထောင်မှူးကြီးထံ အသနားခံသဖြင့် ညသည်အဖြစ် နေခွင့်ပြုထားသူ ဖြစ်သည်။

"ကိုအုံးဖေ၊ ကယ်ပါဗျ ကယ်ပါဗျ"ဟု အသံကြား၍ ကြည့်လိုက်ရာ ကြိုးတိုက်သံတိုင်များနောက်တွင် မတ်တတ်ရပ်နေသူတစ်ဦးကို တွေ့ရသည်။ ထိုသူမှာ ရေစကြိုမြို့နယ် ခုနစ်ရွာချောင်မှ နာမည်ကြီး 'ဓားပြဘလှိုင်' ဖြစ်သည်။

ဘလှိုင်မှာ ထောင်ပိုင်ကြီး၏ လိပ်ကျောက်မြီးဒဏ်ကို ခံထားရရုံမျှမက ခြေထောက်နှစ်ဖက်တွင်လည်း သံခြေချင်းကြီးနှစ်ခုနှင့် သံဒေါက်သံကြိုးများ ခတ်ထားခြင်း ခံရသူဖြစ်သည်။

ကြိုးတိုက်တံခါးမှာ သော့ရှိသော်လည်း ခတ်ထားခြင်းမရှိသဖြင့် သော့ဖြုတ်လိုက်ပြီး မီးလှာအိမ်သို့ ပြေးထွက်လာခဲ့သည်။ မီးလှာအိမ်တွင် သေဆုံးသူ ငါးယောက်၊ ခြောက်ယောက်ခန့် ရှိမည်ထင်သည်။ ရေရှက်မနေနိုင်။ သေသူ

www.burmeseclassic.com

www.burmeseclassic.com



များတွင် ကုလားနှင့် အောင်စိန် မပါရှိပေ။ ဒဏ်ရာရပြီး သွေးအလူးလူးနှင့် လဲနေသူများမှာလည်း မနည်းပေ။

ပြန်လှည့်လာသော ဗုံးကြဲလေယာဉ်ပျံကြီးများ၏ 'တဝေါဝေါ' မြည်သံမှာ ပြင်းထန်လာသည်နှင့်အမျှ ထောင်နှင့်နီးကပ်နေပြီဖြစ်သည့်အတွက် အိပ်ထောင်မြောက်ဘက်မှ ဗူးတံခါးဆီသို့ ဦးတည်ပြေးလာခဲ့သည်။

"ကိုအုံးဖေ ကိုအုံးဖေ"ဟု ခေါ်သံကြား၍ ကြည့်လိုက်ရာ အုတ်ရေတွင်းဘေးတွင် လေးဘက်ထောက်နေလျက်မှ လက်ယပ်ခေါ်နေသူ 'ကိုအောင်ညွှန့်' ကို တွေ့ရသည်။ ကိုအောင်ညွှန့်မှာ ပုဒ်မ ၃၀၂ လူသတ်မှုနှင့် ကြိုးမိန့်ကျရာ အယူခံရာတွင် ထောင်ဆယ်နှစ် အပြစ်ဒဏ် လွဲပြောင်းပေးလိုက်သည့်အတွက် ကြိုးတိုက်မှထွက်လာရသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသည်။ သူ၏လည်ပင်းကို ဗုံးဆံမှန်ထား၍ သူ၏အသံမှာ ပီပီပြင်ပြင် မရှိပေ။ 'သူ့ကိုကယ်ပါ' ဟူ၍ သူ၏ သွေးပေကျံနေသောလက်နှင့် ကျွန်တော့်လုံချည်ကို ဆွဲထားသည်။ ကျွန်တော်က–

"လေယာဉ်ပျံတွေ လာနေပြီ။ နောက်မှ ကျွန်တော်လာခဲ့မယ်" ဟုပြောပြီး အတင်းရုန်းထွက်ပြေးခဲ့ရသည်။ ကျွန်တော် အိပ်ထောင်ပတ်သည့်အချိန်မှာ တစ်မိနစ်ခန့် ကြာမည်ထင်သည်။ ဗူးဝမှ ပြေးထွက်လာပြီးရိက္ခာဂိုဒေါင်အနီး ရောက်ရှိစဉ် ပြန်လှည့်လာသော ဗုံးကြဲလေယာဉ်ပျံကြီးလေးစင်းမှာ ထောင်ထဲမှ ထွက်ပြေးကြသော လူအုပ်ကြီးနှင့် ထောင်ကိုပင် ဦးတည် တိုက်ခိုက်ပြန်လေသည်။

လူအများမှာ အပြင်တောင်ယာနှင့် မြင်းပြိုင်ကွင်း (ယခု လေယာဉ်ပျံကွင်း) တွင် ပြေးလွှားနေကြခိုက် လူသတ်မြေရုပ်ဗုံးများ ကြဲချခြင်းခံရလေသည်။ ကျွန်တော်သည် ရိက္ခာဂိုဒေါင်တောင်ဘက်ရှိ အမိုးမပါသော ဗုံးခိုကျင်းထဲသို့ အတင်းခုန်ချလိုက်သည်။

ဗုံးကျင်းထဲတွင် ကြိုးတိုက်မှ ထွက်ပြေးလာသော ဘလိုင်နှင့် လက်ကောက်ဝတ် ပြတ်လုတဲတဲ ဒဏ်ရာရသူ တင်အောင်တို့ ရောက်ရှိနေကြသည်။ ကောင်းကင်မှ လေယာဉ်ပျံများ မြင်မှာစိုး၍ တင်အောင်ကို ထိုင်နေရန် ဘလိုင်ကပြောသော်လည်း ပြောမရ။ သူက မတ်တတ်ရပ်ပြီး လေယာဉ်ပျံများကို မော့ကြည့်နေသည်။

"ဗုံးတွေကျလာပြီ ကျလာပြီ"ဟု အော်သည်။



ဗုံးကျလာပြီဆို၍ ကြောက်ရွံ့လိုက်သည်မှာ အသက် ဘယ်ကထွက်ရမှန်းမသိ။ မျက်စိအောက်တွင် သွေးအိုင်ထဲလဲနေကြသူများနှင့် တုံးလုံးပက်လက် သေဆုံးနေကြသူများကို တွေ့မြင်ခဲ့ရသဖြင့် ပိုပြီး ထိတ်လန့်ကြောက်ရွံ့နေသည်။ အသက်ကိုပင် ပြင်းပြင်းမရှူရဲ။ ပတ်ဝန်းကျင်တွင် ဗုံးပေါက်ကွဲသံများ ကြားရတော့မှ အသက်ရှူနိုင်သည်။ ကောင်းကင်ယံမှ ကြောက်မက်ဖွယ်ရာ မြည်ဟည်းသံများနှင့် မြေပြင်မှ 'တဝုန်းဝုန်း' 'တဒိုင်းဒိုင်း' ပေါက်ကွဲသံများ။ 'ကယ်ပါယူပါ' ဟူသော အကူအညီ တောင်းခံသံများမှာ ထောင်ပတ်ဝန်းကျင် တစ်ခုလုံးကို ဖုံးလွှမ်းနေသည်။

ဗုံးသံစဲသွားသည်နှင့်တစ်ပြိုင်နက် တောင်ယာကိုဖြတ်၍ မျဉ်းပြိုင်ကွင်းဆီသို့ ပြေးထွက်လာကြသည်။ ဘလိုင်က သူတို့ရွာသို့ လိုက်ခဲ့ရန်ခေါ်သည်။ လှည်းဖြင့် လိုက်ပို့ပေးမည် ပြောသည်။ ကျွန်တော်သည် အိမ်ရောက်ချင်သည့်စိတ်က စောနေသဖြင့် 'မလိုက်တော့ဘူး'ဟုပြောကာ လမ်းခွဲခဲ့သည်။

တောင်ယာနှင့် မျဉ်းပြိုင်ကွင်းထဲတွင် သွေးအိုင်ထဲ လဲနေသူများ အတုံးအရုန်း သေဆုံးနေသူများကိုတွေ့ရသည်။ အသက်မသေသေးသူများက 'ရေ ရေ'ဟု တောင်းကြသည်။ ဩဂုတ်လနေကလည်း ပူပြင်းလှသည်။ အနီးပတ်ဝန်းကျင်တွင် ရေမရှိ။ ရေရှိနိုင်သည့်နေရာမှာ အကျဉ်းထောင်မြောက်ဘက်ရှိ ပြာတာများအိမ်သို့ သွားရောက်မှသာ ရရှိနိုင်သည်။ သူတို့ကို သနား၍ ရေသွားယူလျှင် ထောင်ထဲကို ပြန်ဝင်ရမည်ဖြစ်သည်။ ဤသို့လည်း အဖြစ်မခံနိုင်။ ယနေ့ ရွာပြန်ရောက်လျှင် ချစ်ဇနီးမအေးမိနှင့် တွေ့ရမည်။ မအေးမိနှင့် တွေ့ဆုံရရေးသည် ကျွန်တော့်အဖို့ အရေးအကြီးဆုံးဖြစ်သည်။ ကျွန်တော်သည် သံခြေချင်းကို ချွတ်ပစ်လိုက်သည်။ သံခြေချင်းမှာ သေးလည်းသေး၊ ကျယ်လည်းကျယ်သဖြင့် လွယ်လွယ်ပင် ချွတ်ရသည်။

'ရွှေချောင်း' ချောင်းထဲသို့ ပြေးဆင်းလာခဲ့သည်။ ချောင်းပြင်မှာ ရေမရှိ။ ပေ ငါးရာခန့်ကျယ်သည်။ ချောင်းလယ်အရောက်တွင်–

"အုံးဖေရေ၊ အုံးဖေရေ၊ ဒီကိုလာ ဒီကိုလာ"ဟု ခေါ်သံကြားသဖြင့် အသံကြားရာဆီသို့ကြည့်လိုက်ရာ မြို့ထိပ်ရှိ သစ်ပင်များအောက်တွင် လူအများ ထိုင်နေကြသည်။ တချို့က ရပ်လျက်၊ လူကို သဲကွဲစွာ မသိရသေးသော်လည်း ခေါ်သူ၏အသံကိုဖြင့် ကျက်မိသည်။ အောင်စိန်ဖြစ်သည်။ အောင်စိန်သည် ကျွန်တော်နှင့် အမှုတစ်တွဲတည်း ဖြစ်သည်။ ကျောင်းနေဘက် သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com

လည်းဖြစ်သဖြင့် ဝမ်းသာသွားသည်။ ၎င်းတို့အနီးသို့ ရောက်သောအခါ အခြေအနေကို သိလိုက်ပါပြီ။ ထိုင်နေသူများမှာ အကျဉ်းသားအချုပ်သားများ ဖြစ်သည်။ ရပ်နေသူတို့မှာ ဂျပန်စစ်သားလေးယောက်နှင့် ပုလိပ်နှစ်ယောက် ဖြစ်သည်။

လူအုပ်အလယ်တွင် ရေအိုးများ၊ ထန်းလျက်ခွက်များ၊ ငှက်ပျောသီးများ ချထားသည်ကို တွေ့ရသည်။ အနီးအနားရှိ အိမ်များမှ စေတနာဖြင့် ကျွေးမွေးခြင်းဖြစ်သော်လည်း မည်သူမျှ မစားနိုင်ကြ။ စားလိုသည့်စိတ်ဆန္ဒလည်း မရှိတော့ပေ။ မျှော်လင့်ချက် ရွှေတောင်ကြီး ပြိုပျက်သွားပြီ မဟုတ်ပါလား။

ကျွန်တော်က အောင်စိန်ကို 'ခေါ်ရပါမည်လား' ဟုအပြစ်တင်ရာ အောင်စိန်က တိုးတိုးပြောပြ၏။ ချောင်းထဲဆင်းလာသည်ကို မြင်ကတည်းက ထောင်သားမှန်းသိ၍ အခေါ်ခိုင်းခြင်းဖြစ်ကြောင်း၊ ခေါ်၍မလာလျှင် သေနတ်နှင့် ပစ်မည်ဆို၍ ခေါ်ရခြင်းဖြစ်ကြောင်း ရှင်းပြသည်။ ပုလိပ်နှစ်ဦးက ဖမ်းမိ အကျဉ်းသား အချုပ်သား သုံးဆယ်ခန့်ကို စစ်ဆေးမေးမြန်းပြီး စာရင်းရေးမှတ်သည်။ ပြီးလျှင် နှစ်ယောက်တစ်တွဲ တန်းစီပြီး ထောင်သို့ ပြန်သွားရသည်။

ဂျပန်စစ်သားများနှင့် ပုလိပ်များက သေနတ်များဖြင့်ချိန်လျက် နောက်မှ လိုက်လာကြသည်။

ဝ ဝ ဝ

## လူ၏သစ္စာအရှိဆုံးသတ္တဝါ

ပခုက္ကူမြို့နှင့် ဗုဒ္ဓကုန်းရပ်ကွက်အကြားတွင် ချောင်းခြားလျက်ရှိသည်။ ရပ်ကွက်ဆိုသော်လည်း အရပ်သားများ မနေရ။ အစိုးရရုံးများနှင့် အစိုးရ အရာရှိကြီးများသာလျှင်နေကြ၍ အဆောက်အအုံများမှာ ကြီးမား၏။ ကျယ်ဝန်း၏။ သန့်ရှင်း၏။ ဧရာဝတီမြစ်ကမ်းဘေးတွင်ဖြစ်၍ လေကောင်းလေသန့် ရ၏။ တမာ၊ ထနောင်း၊ ပိတောက် စသော သစ်ပင်ပန်းပင်များနှင့် စိမ်းလန်း ဝေဆာလျက်ရှိ၏။

အကျဉ်းထောင်သည်လည်း ဗုဒ္ဓကုန်းရပ်ကွက်မှာပင်ရှိ၏။ မြို့တွင်းလည်းကောင်း၊ ရပ်ကွက်ကို သစ်သားတံတားတစ်ခုဖြင့် ဆက်သွယ်ထားသည်။ ကုန်တင်ကားများ၊ လူစီး ဘတ်စ်ကားများ မမောင်းရပေ။

ဖိနပ်မပါသော ကျွန်တော်တို့မှာ တံတားပေါ်မှ လာရသဖြင့် ချောင်းသဲ့ ဒဏ်ကို မခံရ၍ တော်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဖူးဝရောက်သောအခါ စက်ရှင်တရားသူကြီး ဦးကျော်သောင်နှင့် ဂျပန်စစ်ဗိုလ်စစ်သားများ၊ ပုလိပ်များလည်း ရောက်ရှိနေကြသည်။ ထောင်မှူးကြီး 'စူလေမန်'နှင့် ထောင်မှူးကလေး ဦးစန်းမောင်တို့လည်း ရှိကြသည်။ ဒဏ်ရာရသူများကို ဆေးရုံသို့ပို့ရန် စီစဉ်နေကြသည်။

ကျွန်တော်တို့ ထောင်အတွင်း ရောက်သောအခါ အိပ်ထောင်ပတ်ဝန်းကျင်တွင် အတုံးအရုံး သေနေကြသောအလောင်းများနှင့် ဒဏ်ရာရပြီး သေအိုင်ထဲ လဲနေကြသော လူနာများကို တွေ့ရသည်မှာ ထိတ်လန့်ချောက်ချားဖွယ်ရာဖြစ်သည်။ ကျွန်တော်တို့အရင် ဖမ်းမိလာသော ထောင်သားအချို့နှင့် ပြာတာများမှာ ဒဏ်ရာရသူများကို ဆေးရုံပို့ရန် အိပ်စင်များ လုပ်နေကြသည်။ ကျွန်တော်တို့ပါ ဝိုင်းဝန်းလုပ်ကြရသည်။ တချို့မှာ ခြေပြတ်လက်ပြတ်၊ တချို့မှာ ဒဏ်ရာပြင်းထန်၍ စိုးရိမ်ရသည်။

"လုပ်ကြပါဗျ၊ ကယ်ကြပါဗျ၊ နာလွန်းလို့ပါဗျ" ဟု အကူအညီတောင်းကြသည်မှာ သနားဖွယ်ရာဖြစ်သည်။

ဒဏ်ရာရသူများ ဆေးရုံပို့ရေးအတွက် အရေးကြီးနေသဖြင့် အတုံးအရုံး သေနေကြသော အလောင်းများကို မည်သို့မျှ မလုပ်နိုင်သေး။ တချို့အလောင်းများမှာ နေပူထဲတွင် တုံးလုံးပက်လက်။ ထောင်အတွင်း သေသူ ဆယ့်လေးယောက်အပြင် တောင်ယာနှင့် မြင်းပြိုင်ကွင်းတွင် ကိုးယောက်၊ အကျဉ်းသားအချုပ်သား နှစ်ဆယ့်သုံးယောက် သေသည်ဟု သိရသည်။

သေသူအများဆုံးနေရာမှာ မိလ္လာအိမ်ဖြစ်သည်။ မိလ္လာဘုတ်သမားများမှာ အလုပ်နားသည့်အချိန်တွင် ဂျပန်ခြေအိတ်မှ ချည်များဖြင့် ဓာစွပ်ကျယ်ထိုးပြီး ရောင်းလေ့ရှိကြ၏။ အကြံအဖန် လုပ်ကြ၏။ ထောင်သဘာဝဖြစ်၏။ မိလ္လာဘုတ် ဘာယာ 'ဘကန်'လည်း သေသည်။ သူတို့သည် ဗုံးကြဲလိမ့်မည်ဟူ၍လည်း မထင်ကြ။ ဓာတိုးပျက်မှာကိုလည်း စိုးရိမ်ကြသဖြင့် ဗုံးကျင်းနှင့်နီးသော်လည်း ဗုံးကျင်းထဲ မဝင်ကြဟု သိရသည်။ ဗုံးကျင်းထဲ ဝင်သူအားလုံး ထိနိုက်ဒဏ်ရာရခြင်းမရှိ။ ဗုံးများမှာ မြေရှပ်ဗုံးများဖြစ်၍ အတွင်းတောင်ယာအစာရာနေသော ထောင်ဖေစူးငှက် လည်ပြတ်သည်။ ချွတ်ထားသော ဖိနပ်သဲကြိုးပြတ်သည်။ ဟင်းရည်ထည့်သည့် နို့ဆီဘူးခွံများကို အလျား သုံးလက်မနှင့်အနံ နှစ်လက်မ သစ်သားတန်းနှစ်ခုကြား မှောက်ထားရာ ဘေးနှစ်ဖက်ပေါက်သွားသော်လည်း နို့ဆီခွက်က အနေအထားမပျက်။ ဤမျှ လျှင်မြန်ထက်မြက်သော မြေရှပ်ဗုံးများ ဖြစ်၏။



လည်ပင်းဗုံးဆံမှန်သော ကိုအောင်ညွှန့်မှာ ထောင်အရှေ့မြောက်ထောင့်အုတ်ရိုးတွင် ဖျာစုတ်ကလေးကာလျက် ငုတ်တုတ်ထိုင်ကာ သေနေသည်။ မိုးကြိုးပစ် ထန်းလက်ကာခြင်းဖြစ်၍ အလောင်းကိုကြည့်ပြီး သနားကြသည်။ သူ၏ဇာတိမှာ မြိုင်မြို့နယ်၊ ကန်ထိန်အုပ်စု၊ ကန်သစ်ရွာမှဖြစ်သည်။ အမှုဖြစ်ခင် တစ်နှစ်ကျော်ခန့်က သူ့မိန်းမ သေသွားရာ လူမမယ်သားကလေးနှစ်ယောက် ကျန်ရှိခဲ့သည်။ အမည်မှာ 'သန်းစိန်'၊ 'သန်းရှိန်'ဟု သူကပြောဖူးသည်။ လေ့ကားခြေရင်းတွင် လဲနေသူနှစ်ဦးအနက် တစ်ဦးသေပြီး ကျန်တစ်ဦးမှာ ဒဏ်ရာပြင်းထန်သော်လည်း အသက်ရှိသေးသည်။

ကြိုးတိုက်အနီးတွင် သွေးအိုင်ထဲ လဲနေသောသူမှာလည်း အသက်မရှိတော့။ ထမင်းချက်ဖိုရှေ့ရှိ ဆိတ်သားဒယ်ကြီးနှစ်လုံးမှာ ဗရုစိုက်၊ ဗရမ်းဗတာ အိုးခွက်ပျက်စီးပြီး ဆိတ်သားများ မြေကြီးပေါ်တွင် လွင့်စင်နေသည်။ လက်ပံပင်အောက်တွင် လက်ပံပွင့်များ ကြွေကျသကဲ့သို့ ပြန့်ကျဲနေသည်။ အနီးတွင် သူတစ်ယောက် သေနေသည်။ ဗိုက်ကို ဗုံးဆံမှန်ထား၍ သွေးများ၊ အူများ၊ အစာများ ထွက်ရှိနေသည်။ အုတ်နံရံ လေးဘက်အတွင်း တွေ့ရမြင်ရသမျှ အရာအားလုံးမှာ စက်ဆုပ်ရွံရှာဖွယ်ရာ၊ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ အနိဋ္ဌာရုံများချည်း ဖြစ်သည်။

အချိန်မှာ ညနေ သုံးနာရီခန့်ဖြစ်သည်။ နောက်ထပ် ဖမ်းမိသော အကျဉ်းသား၊ အချုပ်သား လေးဆယ်ကျော် ရောက်ရှိလာသည်။ ထိုအထဲတွင် ကျွန်တော်နှင့် အမှုတွဲဖြစ်သူ 'ကုလား'လည်း ပါလာသည်။ ကုလားမှာ မြို့အနောက်ဖျား ဘုံမထန်းတောကြီး (ယခု ၁၄ ရပ်ကွက်) အရောက်တွင် သံခြေကျင်းဖြုတ်ရန် ပန်းပဲဖိုရှာနေစဉ် သူကြီးဦးဘိုးယေနှင့်တွေ့၍ အဖမ်းခံရခြင်း ဖြစ်၏။ သူကြီးဦးဘိုးယေမှာ လူဆိုးလူမိုက်များကို နှိမ်နင်းရာတွင် ထင်ရှားသူကြီး၏။ အင်္ဂလိပ်အစိုးရထံမှ ဆုအဖြစ် နှစ်လုံးပြူးသေနတ်တစ်လက် ရရှိထားသူဖြစ်၏။

ဒဏ်ရာရရှိသူများကို ဆေးရုံပို့ပြီး၍ လူသေအလောင်းများ မြှုပ်နှံရန်အတွက် အပြင်တောင်ယာတွင် မြေကျင်းများတူးကြရသည်။ နေကလည်းပူ၊ သူတွေလည်း စိတ်ဆင်းရဲနေကြ၏။

အလောင်းများကို စာရင်းကောက်ယူပြီး လှည်းပေါ်တင်ကြသည်။ ခိုင်ခိုင်ရှိရှိ စနစ်တကျ မဟုတ်။ ဖင်ပြန်ခေါင်းပြန် မှောက်လျက် ပက်လက် ကြို

www.burmeseclassic.com



သလို ကျသလို တင်ကြသည်။ လှည်းထမ်းပိုးကို လူများကရုန်းပြီး လှည်းဘီးနှင့် လှည်းအိမ်ကို နောက်မှတွန်းပေးကြရ၏။ မြေကျင်းတစ်ခုတစ်ခုတွင် အလောင်း လေးငါးလောင်း မြှုပ်နှံကြရသည်။ ထောင်ပြာတာများက မြေကျင်းအမှတ်နှင့် အလောင်းအမည်များကို ရေးမှတ်ကြရသည်။ မြင်မကောင်း ရှုမကောင်းဖြစ်နေသော သွေးအိုင်သွေးပွက် သွေးစက်တို့ကို ဆေးကြော သန့်ရှင်းသည့်တိုင် ညှီစို့စို့ သွေးနံ့များက နံနေသေးသဖြင့် မည်သူမျှ ညစာထမင်း မစားနိုင်။ ဆိတ်သားများမှာလည်း ယမ်းခိုးသင့်ပြီး ယမ်းစော်နံနေ၍ စားမဖြစ်။ ဆန်ပြုတ်ပြုတ်ပြီး သောက်ကြရသည်။

အိပ်ထောင်ပိတ်ခါနီးအချိန်ခန့်တွင် ဖမ်းမိထောင်သားများ ရောက်ရှိလာပြန်သည်။ ထိုအထဲတွင် ကျွန်းညိုရွာမှ ကျွန်တော်နှင့် ညီတစ်ဝမ်းကွဲတော်သူ 'မြကောင်း'နှင့် 'ဘိုးထူး'တို့လည်း ပါရှိလာကြသည်။ ၎င်းတို့နှစ်ဦးမှာ မားပြတိုက်မှုနှင့် ထောင်သုံးနှစ် အပြစ်ကျသူများဖြစ်သော်လည်း အမှုမှန်ကား မဟုတ်ချေ။ ဂျပန်စစ်သားများ၏ ရိုက်နှက်ညှဉ်းဆဲခြင်းကို မခံနိုင်၍ ဖြောင့်ချက်ပေးရသူများ ဖြစ်သည်။

မြကောင်းနှင့် ဆိပ်ဖြူမြို့နယ်မှ မြညွန့်တို့နှစ်ဦးမှာ ချောက်ကန်ရွာအနီးကားလမ်းဖြတ်ကူးခိုက် လမ်းဘေးချုံပုတ်ထဲမှ စောင့်နေသော ဂျပန်က သူတို့ခြေထောက်မှ သံခြေချင်းများမြင်ပြီး ဖမ်းဆီးခံရခြင်းဖြစ်၏။ ဘိုးထူးနှင့် အခြားသူနှစ်ဦးမှာ ကျွန်းဦးရွာရောက်မှ ရွာခေါင်း ဦးလာဘက ရွာထဲတွင် ရောက်ရှိနေသော ပုလိပ်များကို သတင်းပေးခြင်းကြောင့် အဖမ်းခံရခြင်းဖြစ်သည်။

ကျွန်းဦးရွာနှင့် ကျွန်းညိုရွာမှာ သုံးဖာလုံခန့်သာ ကွာဝေးသည်။ ဘိုးထူးမှာ မိန်းမရှိ၏။ သူ့မိန်းမမှာ သူနှင့် မလိုက်ဖက်။ သူက အသားညိုပြီး လူလုံးလူဖန်က ပုပျပ်ပျပ်။ မိန်းမဖြစ်သူ 'မနှစ်'က အသားလည်းဖြူ၏။ ရုပ်လည်းချော၏။ အရပ်ကလည်း သွယ်လျလျဖြစ်၏။ ဘိုးထူးက သူ့အဖြစ်ပြောသည်မှာ 'ဝက်သားတုံးကြီး ပါးစပ်အနီးရောက်မှ ပုတ်ချခြင်း' ခံရ၍ ဦးလာဘကို သူ မကျေနပ်ဟု ဆိုသည်။

ညအိပ်ကြသောအခါ အိပ်ထောင်အောက်ထပ်မှာပင် အိပ်ကြရသည်။ အောက်ထပ်တွင် အခန်းကျယ်ကြီး သုံးခန်းရှိသည်။ အရှေ့ဆုံးအခန်းမှစပြီး အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃) ဟု နံပါတ်ရေးထားသည်။ အပေါ်ထပ်မှာ



လည်း ယင်းကဲ့သို့ပင် အခန်းသုံးခန်းရှိသည်။ အခန်းတစ်ခုနှင့်တစ်ခုကြား ၃" x ၂"သစ်သားတန်းများ ကာရံထားသည်။ သစ်သားတန်းတစ်ခုနှင့်တစ်ခုမှာ လေးလက်မခန့်ကွာသဖြင့် လူချင်းမြင်ရသည်။ စကားပြောရသည်။ စားဖွယ်ရာများကိုလည်း တစ်ဦးမှတစ်ဦးသို့ ပေး၍ရသည်။ အခန်းတိုင်းတွင် 'တန်းစီး'ဟု ခေါ်သော ကြီးကြပ်သူတစ်ဦးစီ ရှိသည်။

အစွန်အဖျားတွင် မည်သူမျှ မအိပ်လိုကြ။ တစ္ဆေကြောက်၍ ဖြစ်သည်။ သူတစ်ပါးပစ္စည်းကို လိုချင်သော လောဘစိတ်ဖြင့် ခိုးရဲတိုက်ရဲသော်လည်း အာဃာတ ဒေါသဖြင့် လူကို သတ်ရဲဖြတ်ရဲသော်လည်း တစ္ဆေသရဲကိုကား အလွန် ကြောက်ရွံ့ကြသည်။

ည ဆယ့်တစ်နာရီထိုးသည့်တိုင် မအိပ်ကြသေး။ ဆေးလိပ်မီး တရဲရဲနှင့် ဝိုင်းဖွဲ့ စကားပြောကြသည်။ ယခင်ယခင် ညများကဆိုလျှင် တာဝန်ကျပြာတာက ဆေးလိပ်သောက်ခြင်း၊ စကားပြောခြင်းကို ခွင့်မပြုပေ။ ယနေ့ညမူကား တာဝန်ကျ ပြာတာလည်း တစ္ဆေကြောက်၍လားမသိ။ အိပ်ထောင်ကို ကြည့်ပတ်ကြည့်ရှုခြင်း မရှိသဖြင့် လွတ်လပ်စွာ စကားပြောကြရ၏။ ပြောကြသည့်စကားများမှာ ပုံးချခြင်းကြောင့် မည်သူ့မှာ ဒဏ်ရာရပြီး မည်သူမှာ သေဆုံးသွားကြောင်း။ ထောင်မှ ထွက်ပြေးရာတွင် မည်သည့်နေရာ၌ မည်သို့ အဖမ်းခံရခြင်းဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး မိမိတို့အဖြစ်ကို ပြန်လည်ပြောပြကြရာ သူတို့အဖြစ်မှာ သနားစရာလည်း ကောင်း၏။ ရယ်စရာလည်း ကောင်း၏။ ဗူးဝမှ ထောင်သားများ ထွက်ပြေးခိုက် ကုလားထောင်မှူးကြီးအသူအိမ်ရှေ့ ဗုံးကျင်းဝမှ ခေါင်းပြူလျက်–

"တပဲ့တို့၊ မပြေနဲ့၊ မပြေနဲ့၊ ဝနေ ဝနေ" ဟု ဗမာလို မပီမသ ပြောသည်ကို ပြန်လည်ပြောပြပြီးပွဲကျနေကြ၏။ အခန်းနှစ်တွင် ရေစကြိုမြို့နယ်မှ 'အသူ'မှာ နေမကောင်းသဖြင့် ဝိုင်းဝန်း နှိပ်နယ်ပေးကြသည်။ အချင်းချင်း ဖေးမသင်းကြသည်။ ကူညီ စောင့်ရှောက်ကြသည့်အပြင် ထန်းလျက်ရှိလျှင် အခဲသုံးစိ၊ မုန့်တစ်ခုရှိလျှင် တစ်ဖဲ့စီ၊ ငါးပိကြော်တစ်ဘူးရှိလျှင် တစ်ဇွန်းစီ တစ်ယောက်အုပ်စုနှင့်ကိုယ် အညီအမျှ ဝေငှစားကြသည်။ အချင်းချင်းအပေါ် ငဲ့ညှာ ထောက်ထားခြင်း၊ သစ္စာရှိခြင်းတို့မှာ အပြင်မှ လူများကပင် အတုယူဖွယ်ရာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏စိတ်သည် 'မအေးမိ'ထံသို့ ရောက်ရှိနေသည်။ မအေးမိနှင့် ကွဲကွာကွေကွင်းနေရခြင်းသည် ကျွန်တော့်အဖို့ စိတ်အဆင်းရဲဆုံး ဖြစ်သည်။ လူများ ထောင်ကိုကြောက်ရွံ့ကြခြင်းမှာ အစားဆင်းရဲခြင်း၊ အလုပ်ဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း စသည်တို့ထက် မိမိချစ်ခင်နှစ်သက်သည့် ဇနီးမယားနှင့် ကွဲကွာကွေကွင်းနေရခြင်းကြောင့်ဟု ဆိုလျှင် ပို၍ မှန်ကန်မည်ဖြစ်သည်။

ယခုအချိန်ဆိုလျှင် ပခုက္ကူထောင်ကို ဗုံးချ၍ လူတွေသေကြောင်း၊ မအေးမိကြားသိမည်ဖြစ်ပေသည်။ ကျွန်တော့်အတွက် စိုးရိမ်ပူပန်ပြီး အိပ်၍ပင် ပျော်မည်မထင်ပေ။ မအေးမိ၏အဖြစ်မှာ သနားဖွယ်ရာ ကောင်းလှပါသည်။ မင်္ဂလာဆောင်ပြီး တစ်လမပြည့်မီ ကျွန်တော် အဖမ်းခံခဲ့ရသည်။ ထောင်သုံးနှစ်လေးလ အပြစ်ကျခဲ့သည်။ မအေးမိအဖို့ အိမ်ထောင်အရသာဆိုလို့ ချိုမှန်းခါးမှန်းမသိ။ သူသိသည့်အရသာမှာ လင်သားအတွက် ပူပန်ရခြင်း၊ စိတ်ဆင်းရဲရခြင်းတို့ ဖြစ်နေပေလိမ့်မည်။

ကျွန်တော်နှင့် ချစ်ကြိုက်သည်ဆိုကတည်းက သူ့မိဘ၊ သူ့မွေးချင်း၊ သူ့ဆွေမျိုး၊ သူ့အသိုင်းအဝန်းအားလုံးက ကျွန်တော်နှင့် သဘောမတူကြ။ သဘောမတူကြသည်မှာ အပြစ်ဆိုဖွယ်ရာမရှိပေ။ ကျွန်တော်ကအလုပ်မလုပ်သူ အရက်သမား ဖဲသမား လူပေလူတေ မဟုတ်ပါလား။

မအေးမိ၏ တူမအရင်း အပျိုဖြန်းကလေး 'မြရင်'ကဆိုလျှင် ကျွန်တော့်ကို တွေ့လိုက်မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထဘီကို စွန်တောင်ဆွဲ၍ 'ထွီ' ဟု တံတွေးထွေးကာ "ခွေးနှင့်မတန် ဆီအိုးလှန်တယ်။ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ" ဟု ငြူစူစောင်းမြောင်း ပြောဆိုလေ့ရှိ၏။ မည်သူက မည်သို့ပင် ပြောပြော ကျွန်တော် ဂရုမစိုက်၊ အလေးမမူ။ ကျွန်တော်တို့၏ ချစ်ရေးကိစ္စမှာ သမီးရည်းစားအဆင့်ထက် ကျော်လွန်နေပြီဖြစ်သည်။ မအေးမိဖခင် ဦးကျော်သောင်မှာ ရန်ကုန် ကုက္ကိုင်း ဗွတ္တလစ်လမ်း၊ ခြံအမှတ် ၁၇ တွင် ပြိုင်မြင်းများကို လေ့ကျင့်ပေးသောအလုပ်နှင့် နေသူဖြစ်၏။ သူ၏မြင်းစောင်းတွင် ကျွန်တော်သည် မြင်းဆိုက်၊ မြင်းထိန်းအလုပ်ဖြင့် နှစ်နှစ်ခန့် နေခဲ့ဖူး၏။

၁၉၄၂ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသောအခါ မြင်းများကို ယူဆောင်ပြီး ဇာတိ ရှားတောရွာသို့ ပြန်လာခဲ့သည်။ ဦးကျော်သောင် + ဒေါ်အုန်းမယ်တို့ နှစ်ဦးစလုံး ကျွန်တော့်အဖေနှင့် ညီအစ်ကိုမောင်နှမ တစ်ဝမ်းကွဲတော်သူချည်းဖြစ်၍ မအေးမိနှင့် ကျွန်တော် မောင်နှမ နှစ်ဝမ်းကွဲတော်သည်။



ဦးကျော်သောင်၊ ဒေါ်အုန်းမယ်တို့တွင် သား ကိုစံမင်း၊ ကိုမြသင်းနှင့် သမီး မပန်းစိန်၊ မအေးမိ လေးယောက်ရှိ၏။ မအေးမိသည် အငယ်ဆုံးဖြစ်၍ အားလုံးက ချစ်ခင်ကြ၏။ ရုပ်လည်းချော၏။ သဘောလည်း ကောင်း၏။ ရှားတောရွာ၌ မြေပိုင်ယာပိုင်များရှိပြီး ဝိုင်းခြံကျယ်ကြီးတွင် နှစ်ဆောင်ပြိုင် အိမ်ကြီးမှာ 'ဟည်း'နေသည်။ အိမ်ခြံဝိုင်းကို လုံခြုံမှုရှိအောင် ကာရံထားသည့် အပြင် လူကိုကိုက်တတ်သော ခွေးဆိုးတစ်ကောင်ရှိ၏။ အမည်မှာ 'ဘီယာ' ဖြစ်၏။

မအေးမိတို့ အိမ်ခြံအနောက်ဘက် ကပ်လျက်တွင် ဘကြီးဦးရွှေလှ၊ ဒေါ်ရွှေဥတို့အိမ် ရှိသည်။ ဦးရွှေလှမှာ ကျွန်တော့်အဖေ ဦးဘိုးယု၏ အစ်ကိုအရင်းဖြစ်သည်။ အဖေမှာ ကျွန်တော်ငယ်ရွယ်စဉ်က သေဆုံးသည်။ ကျွန်တော်သည် နေ့လယ်နေ့ခင်းတွင် ထနောင်းကုန်းရွာ၌ ဖဲရိုက်နေတတ်သော်လည်း ညပိုင်းတွင်မူ ရှားတောရွာ ဘကြီးဦးရွှေလှအိမ် လာအိပ်သည်။ ရှားတောနှင့် ထနောင်းကုန်းမှာ လှည်းတစ်ခွင်စာပဲ ခြားသည်။ 'စပါးဖျာစားချင်၍ တုံးစင်ထားခြင်း' ဖြစ်သည်။

သန်းခေါင်ယံအချိန်ရောက်ပြီဆိုလျှင် ကျွန်တော်သည် ဝါးဝန်းထရံကို ကျော်တက်ပြီး မှောင်ရိပ်ခိုကာ မအေးမိအိပ်သော ခုတင်ဆီသို့ လေးဘက်ထောက်လျက်သွားသည်။ မအေးမိအိပ်သော ခုတင်မှာ အိမ်အောက်ထပ်တွင် အဖွားအကြီး 'မယ်ယော' အိပ်သော ခုတင်အနီးတွင် ရှိသည်။

မှောင်နှင့်မည်းမည်းမြွေမကြောက်နိုင် ကင်းမကြောက်နိုင်။ ကျွန်တော့်ကို ခါးခါးသီးသီး မုန်းတီးနေကြသော မိဘမောင်ဘွားတို့၏ အန္တရာယ်ကိုပင် မကြောက်နိုင်ဘဲ စွန့်စားသွားလာရခြင်းမှာ တစ်ထောင့်ငါးရာ ကိလေသာကြောင့်ဖြစ်၏။

"မိုက်ချက်ဆိုးထွေ၊ မောင်မိုးဝေသို့
ကိလေမျက်စိ၊ မြင်မရှိဘဲ
မသိတရား၊ အယူမှားခဲ့" ဟု ပညာရှိများ မိန့်ဆိုသကဲ့သို့ အမှောင်တကာ့အမှောင်တွင် ကာမရာဂအမှောင်သည် ခေါင်ချုပ်မဟုတ်ပါလား။

လူကိုကိုက်တတ်သော 'ဘီယာ'သည် ကျွန်တော့်ကိုတွေ့သောအခါ [illegible]နေသည်။ အမြီးတနံ့နံ့နှင့် ပါးလျက်နားလျက် ဖြစ်နေသည်။ ဘကြီး ဦးကျော်သောင် မြင်းစောင်းတွင် ကျွန်တော် မြင်းဆိုက်လုပ်နေစဉ်က လမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိရ၍ ကောက်ယူခဲ့သော ခွေးကလေးဖြစ်၏။ ၎င်းခွေးငယ်ကလေးကို ကျွန်တော်သည် ဂရုတစိုက် ကျွေးမွေးပြုစုခဲ့၏။ ခွေးကလေး၏ အမွေးအမျှင်မှာ ဘီယာအရောင်နှင့်တူသဖြင့် 'ဘီယာ'ဟု အမည်ပေးခဲ့သည်။

ဦးကျော်သောင်က ကျွန်တော့်ကို သဘောမကျ၍ မြင်းဆိုက်အလုပ်မှ နှင်ထုတ်လိုက်သောအခါ ကျွန်တော်သည် 'ဘီယာ'နှင့် ကွဲကွာခဲ့သည်မှာ ခုနစ်နှစ်ခန့်ရှိပြီဖြစ်သည်။ ကျွန်တော်က ဘီယာဟု တိုးညှင်းသည့်အသံနှင့် ကျောကလေးကို ပွတ်သပ်ပေးသည့်အခါ သခင်ဟောင်း၏ ယုယကြင်နာမှုကို ခံစားရသဖြင့် 'ဘီယာ'မှာ ကျေနပ်ငြိမ်သက်နေသည်။

တိရစ္ဆာန်များတွင် လူနှင့်အနီးကပ်ဆုံး၊ အသိဉာဏ် အရှိဆုံး တိရစ္ဆာန်မှာ ခွေးဖြစ်သည်။ ခွေးသည် မည်သည့်အခါမျှ သခင်ကို ရန်မပြု။ သခင်က ရိုက်နှက်လျှင်လည်း သခင့်အပေါ် မုန်းတီးခြင်း၊ ရန်ငြိုးသိုခြင်း မရှိသည့်အပြင် သခင်က ခေါ်လိုက်လျှင် အမြီးတရမ်းရမ်းနှင့် မြူးရွှင်နေသည်။ ခွေးသည် သခင်ကိုချစ်လည်းချစ်၏။ သစ္စာလည်း ရှိ၏။ ကျေးဇူးလည်း သိတတ်၏။

○ ○ ○

# ဖဲသမားဘဝမှတစ်ဖြစ်လဲ ရေနံ့ကုန်သည်

ကျွန်တော်၏စိတ်အစဉ်သည် အတိတ်ဆီသို့ ပျံ့လွင့်နေသဖြင့် အိပ်၍ ...နိုင်ဘဲ ရှိနေသည်။ ထောင်ဗူးဝမှ သံချောင်းနှစ်ချက်ခေါက်သံကြားပြီးမှ ...နဲ အိပ်ပျော်သွားသည်ဟု ထင်သည်။

နံနက် (ဂန်စီ) ဆန်ပြုတ်သောက်ပြီး ထောင်တွင်းထောင်ပြင် ရှင်းလင်း...သည်။ ယမန်နေ့က စိတ်အားတက်ကြွစွာ ဆောက်လုပ်ခဲ့သော အငြိမ့်စင် ...ပြန်လည်ဖျက်ကြရသည်။ ယမ်းစော်နံ့ပြီး စားမဖြစ်သော ဆိတ်သားများကို ...ထောင်ယာတွင် ကျင်းတူးမြှုပ်နှံကြရသည်။ တချို့ ရေဆေးပြီး တစို့ထိုး ...တ်လုန်းကြသည်။ အိပ်ထောင်အပေါ်ထပ် ရှင်းကြသောအခါ အမိုးမှာ ...ကြောင့် ပျက်စီးနေသည်။ ထုပ်လျှောက် ဒိုင်းမြားများမှာ တွဲလောင်း ... ကြယ်မြင်လမြင်ဖြစ်နေသည်။ ဖုံနှင့် တသောသောဖြစ်နေသော ကြမ်း...ပြင် သွေးစက်သွေးကွက်များ ပေကျံနေသည်။ အထူးသဖြင့် ကျွန်တော် ...သော အခန်းဝတွင် ကိုညီ၏ ပေါင်မှ သွေးများနှင့် တင်အောင်လက်မှ ...ကြောင့် ပိုဆိုးသည်။ ၎င်းတို့နှစ်ဦးစလုံး ဆေးရုံရောက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ကိုးနာရီအချိန်ခန့်တွင် ထောင်ဗူးဝရှေ့သို့ လူများရောက်ရှိလာကြသည်။ ထောင်ဗုံးချရာတွင် မိမိလင်၊ မိမိသား၊ မိမိမွေးချင်းများ 'သေသလား ရှင်သလား'ဟု သိလိုဇောနှင့် စိတ်မောလူမော အပြေးအလွှား လာကြသူများ ဖြစ်သည်။ တချို့မှာ ရှစ်မိုင်၊ ကိုးမိုင်ခရီးမှ ဖြစ်၏။

ထောင်အာဏာပိုင်များက ဆယ်နာရီအချိန်တွင် သေဆုံးသူ၊ ဒဏ်ရာရသူများစာရင်းကို ထုတ်ပြန်ကြေညာမည်ဟုပြောသဖြင့် စိုးရိမ်စိတ်ဖြင့် ရင်တဒိတ်ဒိတ် ဖြစ်နေကြသည်။ ပါးစပ်မှလည်း တတွတ်တွတ် ရွတ်နေကြသည်။

ထောင်မှူးကလေး ဦးစန်းမောင်သည် ထောင်ဗူးဝရှေ့ ထွက်လာပြီး သေဆုံးသူ နှစ်ဆယ့်သုံးယောက်တို့၏အမည်၊ အဘအမည်နှင့် အကျဉ်းသား (သို့မဟုတ်) အချုပ်သားဖြစ်ကြောင်း ဖတ်ကြားကြေညာပြီးနောက် ဒဏ်ရာရရှိသူ ဆယ့်ခြောက်ဦးတို့၏ အမည်နာမများနှင့် အဘအမည်ကိုဖော်ပြပြီး ဆေးရုံတွင် တင်ထားကြောင်း ကြေညာသည်။ လူများမှာ စိတ်ဝင်စားသဖြင့် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဦးစန်းမောင်မှ နောက်ထပ် နှစ်ကြိမ်ဖတ်ကြားပြီးစီးသည့်အခါ တချို့က တရှိုက်ရှိုက် ငိုကြသည်။ တချို့က ဆေးရုံသို့ အပြေးအလွှား သွားကြသည်။ တချို့က ထောင်ဗူးဝရှေ့တွင် ထောင်ဝင်စာတွေ့ရန် စောင့်ဆိုင်းနေကြသည်။

ထောင်ဝင်စာတွေ့ရသည်မှာ အပြင်ဗူးတံခါး လူဝင်ပေါက်ကလေးမှ ငုံ့ပြီး ဗူးအတွင်းဝင်ရသည်။ သံတိုင်သံချောင်း သံဟင်းဂလိုင်းများနှင့် အခိုင်အခံ့ပြုလုပ်ထားသော အတွင်းသံတံခါးကြီးတွင် ထိုင်နေကြရသည်။ အတွေ့အကြုံမရှိဖူးသူဆိုလျှင် သံတံခါးကြီးကို မြင်ရုံမျှနှင့် ကြောက်ရွံ့ထိတ်လန့်နေကြမည် ဖြစ်သည်။

တာဝန်ကျ ပြာတာက တွေ့လိုသူများကို ခေါ်ပေးသည်။ နှစ်ဦးကြားတွင် သံတံခါးကြီးခြားလျက်ရှိသည်။ တွေ့ခွင့်ပြုသည့်အချိန်မှာ ငါးမိနစ်ခန့်မျှသာဖြစ်၏။ အနီးတွင် တာဝန်ရှိသူက ရပ်လျက် စောင့်ကြည့်နေသည်။ အမှုနှင့်ပတ်သက်၍သော် လည်းကောင်း၊ အခြားအကြောင်းနှင့် ပတ်သက်၍သော် လည်းကောင်း ပြောဆိုလိုသည်များကို ပြောနိုင်သော်လည်း ထောင်ဝင်စာ (စားဖွယ်ရာများ) ပေးရာတွင်မူ တာဝန်ရှိသူက ကြည့်ရှုစစ်ဆေးပြီးမှ ပေးခွင့်ရသည်။



ထိုနေ့က အချုပ်သားများကို ဦးစားပေး တွေ့ခွင့်ပြုသည်။ ကျွန်တော့်ဆီသို့မှ လူများလည်း လာကြရာ ကျွန်တော့်အမေ ဒေါ်ကြက်ရုံးနှင့် မအေးမိတို့ ပါရှိကြသည်ဟု သိရ၍ ဝမ်းသာနေသည်။ အမေ့ထက် မအေးမိနှင့်တွေ့လိုသော စိတ်ဆန္ဒက ပိုမိုပြင်းပြနေသည်။ ပုထုဇဉ်သဘာဝ ဖြစ်သည်။

မအေးမိမှာ ထောင်ကို တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသဖြင့် သံတံခါးနောက်တွင်ရှိသော ကျွန်တော့်မျက်နှာကိုကြည့်ပြီး ဆို့နစ်နေ၍ ပြောလိုသည့်စကားကို မပြောနိုင်ဘဲ ဖြစ်နေသည်။ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျနေသည်။ သူ့ကို ကြည့်ပြီး ကျွန်တော် စိတ်မကောင်း ဖြစ်သွားပါသည်။ ကျွန်တော်တို့ စကားပြောနေစဉ်မှာပင် တွေ့ဆုံခွင့်အချိန် ပြည့်သွားသဖြင့် မျက်ရည်ဘဲနှင့် ခွဲခွာလိုက်ရပါသည်။

ထောင်ဆိုသည်မှာ မိမိဆန္ဒရှိသလို လုပ်မရသောနေရာ ဖြစ်ပါသည်။ ပြောချင်သလို မပြောရ။ အချိန်အကန့်အသတ်နှင့် ပြောရသည်။ စားချင်သလို မစားရ။ ပုံစံခွက်နှင့် စားရသည်။ သွားချင်သလို မသွားရ။ ပုံစံနှင့် သွားရသည်။ ထိုင်ချင်သလို မထိုင်ရ။ ပုံစံနှင့် ထိုင်ရသည်။ ရေကိုပင် ချိုးချင်သလို မချိုးရ။ ပုံစံနှင့် ချိုးရသည်။ လွတ်လပ်မှုဟူ၍ ဘာမျှမရှိ။ ကျွဲများ နွားများကဲ့သို့ ထောင်အာဏာပိုင်များ၏ အမိန့်အတိုင်း နေထိုင်ရသည်။ လောကတွင် ထောင်သည် လူ့အခွင့်အရေး ဆုံးရှုံးမှု အများဆုံးနေရာဖြစ်ပေသည်။

သို့ဖြစ်ပါလျက် အဘယ်ကြောင့် အကျဉ်းထောင်များထဲတွင် လူများ ပြည့်ကျပ်နေပါသနည်းဟု ဆိုပါလျှင် ပုထုဇဉ်လူသားပီပီ လောဘ၊ ဒေါသ၊ မောဟဟူသော အမိုက်တရားသုံးပါးကြောင့် ဖြစ်၏။

လောဘသည် မွေးကတည်းက ပါရှိလာသည်။ ဆာလောင်မွတ်သိပ်၍ ငိုခြင်းသည် လောဘကြောင့် ဖြစ်သည်။ လောဘ၏ သဘာဝကိုပြောရလျှင် ရောင့်ရဲမှုမရှိ၊ တပ်မက်ခြင်း၊ ရယူပိုင်ဆိုင်လိုခြင်း၊ မည်မျှရရ လောဘကို အတောမသတ်နိုင်ခြင်းကြောင့် လောဘသည် အထိန်းအကွပ်မရှိဟု ဆိုကြသည်။ လောဘရှိလျှင်လည်း တိုးတက်မှု ရှိနိုင်မည်မဟုတ်သဖြင့် လောဘသည် လိုအပ်ပေသည်။ သို့ရာတွင် လွန်ကဲသော ဝိသမလောဘမဖြစ်စေဘဲ လိုအပ်သော မိမိကြီးပွားချမ်းသာရေးအတွက် နိုင်ငံနှင့်လူမျိုး နစ်နာဆုံးရှုံးမှုမရှိစေဘဲ လုပ်ကိုင်ရမည်။ ပြည့်စုံအောင် ဖြည့်ဆည်းပေးရမည်။ ... အကျိုးမဲ့ပြုမှုများ တိုက်စားပြီး မျက်ရည်ပေါက်ကြီးငယ်ကျမှ မိမိကြီးပွားချမ်းသာရေးသည် အကျိုးမဲ့ မသိနားမလည်သူများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်သည်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်မျိုး၊ 'ဘယ်သူသေသေ ငတေမာပြီးရော'ဆိုသော ယုတ်ညံ့သည့်စိတ်ဓာတ်မျိုးတို့ကို တွန်းလှန်ဖယ်ရှား၍ ရိုးသားစင်ကြယ်သော လောဘမျိုးသာလျှင် ဖြစ်သင့်သည်။ လောဘကြောင့် ထောင်ကျရသူများ ရှိသကဲ့သို့ ဒေါသကြောင့် ထောင်ကျရသူများလည်း ရှိပေသည်။

'ဒေါသော ဓမ္မံ နဇာနန္တိ' (ဒေါသအမျက်ထွက်သူသည် အကြောင်းအကျိုး အကောင်းအဆိုးတရားတို့ကို မသိ)ဟု ဗုဒ္ဓ ဟောကြားခဲ့သည်။ ဒေါသအမျက်ထွက်ခြင်းသည် အကျိုးထက် အပြစ်ဖြစ်ဖို့သာလျှင် များ၏။ 'ယမ်းပုံမီးကျ' ဆိုသောစကားသည် ဒေါသအမျက်ထွက်သူကို ရည်စူးပြောခြင်းဖြစ်၏။ ဒေါသကြောင့် ရန်မီးပွားပြီး ရက်စက်စွာ သတ်ဖြတ်ခြင်းအမှု ကျူးလွန်ခဲ့ကြ၏။ ထို့ကြောင့် ပညာရှိများက ဒေါသအမျက်ထွက်နေခိုက်မှာ မည်သည့်စကားကိုမျှ မပြောခြင်း၊ မပြုလုပ်ခြင်း၊ မဆုံးဖြတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ဆိုကြသည်။ ဒေါသသည် ကြမ်းတမ်းခက်ထန်သောသဘော ရှိသဖြင့် ဒေါသကို ထိန်းချုပ်နိုင်ဖို့ဆိုသည်မှာ အသိတရားနှင့် သတိရှိမှသာ ဖြစ်နိုင်ပေသည်။

လောဘ၊ ဒေါသ ဖြစ်ရခြင်း၏ အရင်းအမြစ်ကို လေ့လာဆန်းစစ်လျှင် မောဟကြောင့်ဖြစ်သည်။ မောဟဆိုသည်မှာ အမှားအမှန်ကို ခွဲခြားနိုင်စွမ်း မရှိအောင် ဖုံးလွှမ်းသောအရာဖြစ်သည်။ တွေဝေခြင်း၊ မိုက်မဲခြင်း၊ အသိမဲ့ခြင်း စသော အကြောင်းတရားများသည် မောဟ၏ အရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် 'မောဟ'ကို အဝိဇ္ဇာတရားဟု ခေါ်ဆိုကြသည်။

ဤသို့သော လောဘ၊ ဒေါသ၊ မောဟ အမိုက်တရားများကြောင့် ထောင်များတွင် ထောင်သားများ ရှိနေကြခြင်းဖြစ်လေသည်။

လောကသဘာဝတရားသည် အရာရာတွင် ဆန့်ကျင်ဘက်ဖြစ်၏။ အဆိုးရှိလျှင် အကောင်းရှိ၏။ အကြောင်းမှာ ထောင်ကို ရွှေ့ပြောင်းဆောက်ရမည်ဖြစ်၍ အကျဉ်းသား၊ အချုပ်သားများကို အာမခံဖြင့် အပြင်မှာ နှစ်လ နေခွင့်ပြုမည်ဖြစ်ကြောင်း ထောင်အာဏာပိုင်များက ကြေညာသည်။ အာမခံပြုလုပ်ရန်အတွက် မိမိတို့အိမ်ကို မိမိတို့အစီအစဉ်ဖြင့် အကြောင်းကြားရမည်ဟု ဆိုသည်။

ထောင်သားများအားလုံး ပျော်ရွှင်နေကြသည်။ တချို့ ကကြ ခုန်ကြသည်။ ဘဝဆိုသည်မှာ ငိုရခြင်း ရယ်ရခြင်းပင် မဟုတ်ပါလား။



၁၉၄၂ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့တွင် ကျွန်တော်တို့အမှုတွဲ သုံးယောက်အာမခံနှင့် ထောင်မှ လွတ်မြောက်လာခဲ့သည်။ ထိုနေ့သည် ကျွန်တော့်အဖို့ အပျော်ဆုံးနေ့ဟု ထင်မိသည်။

ကျွန်တော်တို့ ရွာတော ထနောင်းကုန်းရွာသည် ပခုက္ကူမြို့ အနောက်ဘက် ခြောက်မိုင်ဝေးပြီး ရေဝတီမြစ်ကမ်းဘေးတွင် ရှိသည်။ ပခုက္ကူမှ ရွာသို့ လှေဖြင့်လှော်ခတ် စုန်ဆင်းလာရာ ကျွန်တော့်စိတ်တွင် လှေသည် နှေးကွေးသည်ဟု ထင်နေသည်။

ထိုအခိုက် အာမခံရန်လိုက်လာသော အစ်ကိုတစ်ဝမ်းကွဲ ဦးသာလှိုင်က—

"အုံးဖေ၊ ဦးကျော်သောင်းသေတာ သိပြီလား"ဟု မေးသည်။

"မသိဘူးဗျာ"

"အေးမိက မပြောဘူးလား"

"မပြောဘူး အစ်ကို၊ သူငိုနေတာနှင့်ပဲ စကားကောင်းကောင်း မပြောလိုက်ရဘူး။ ဘာဖြစ်လို့ သေတာလဲ"

"အနာသြော်ဝင်ပြီး သေတာတဲ့"

ကျွန်တော့်၏စိတ်သည် ယုတ်မာသည်ဟုပင် ဆိုရမည်လားမသိ။ ယောက္ခမသေသည့်အတွက် စိတ်ထိခိုက်မှုမရှိသည့်အပြင် မအေးမိနှင့် နေထိုင်ရာတွင် လွတ်လပ်ခွင့်ပိုရမည်ဖြစ်သဖြင့် ကျေနပ်သည့်သဘောမျိုး ဖြစ်နေပါသည်။

ဦးကျော်သောင်းသည် သမီးကိုချစ်၍ လက်ခံထားရသော်လည်း ကျွန်တော့်ကိုအား အလွန်မုန်းတီးသည်။ တစ်ခါမျှ ကျွန်တော့်နာမည်ကို မခေါ်ဖူးပေ။

"ဒီကောင့်မျက်နှာ ကြည့်ကိုမကြည့်ချင်ဘူး"ဟု အခြားသူတစ်ဦးကို ပြောဖူး၏။ ကျွန်တော်ကျိုသည့် ရေနွေးအိုးမှန်းသိလျှင်ပင် ရေနွေးကြမ်းကြိုက်သော်လည်း မသောက်တော့ပေ။

ဤမျှ ကျွန်တော့်ကို ခါးခါးသီးသီး မုန်းတီး၏။ ဘကြီးမုန်းတီးသည်မှာ အပြစ်ဆိုဖွယ်ရာ မရှိပါ။ ကျွန်တော်သည် အလုပ်မလုပ်သူ၊ အရက်သမား၊ ဖဲသမား၊ လူပေလူတေ မဟုတ်ပါလား။ တချို့က ကျွန်တော့်နာမည်ကို 'ပုံးပေ' ဟူ၍ 'ပ'စောက်အက္ခရာနှင့် ပြောင်လှောင်ခေါ်ခဲ့ကြသည်။

မကြာမီ ရွာဆိပ်ကမ်းသို့ လှေဆိုက်ပါသည်။ ကျွန်တော်သည် သွက်လက်သော ခြေလှမ်းများနှင့် မအေးမိတို့အိမ်ကို သွားပါသည်။ 'ဘိယာ'သည် ကျွန်တော့်ကို မြင်လိုက်သည်နှင့် အမြီးတရမ်းရမ်းနှင့် ရှင်မြူးနေသည့်အပြင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ကို သူ့လျှာဖြင့် လျက်နေပါသည်။ မအေးမိ၏မျက်နှာမှာ ကြည်လင်ရွှန်းမြနေသည်။ ယောက္ခမဒေါ်အုန်းမယ်နှင့် ယောက်ဖ ကိုမြသင်းတို့ကလည်း ဖော်ရွေစွာပင် နှုတ်ဆက်ကြပါသည်။ သားအကြီး ဦးစံမင်းနှင့် သမီးအကြီး ဒေါ်ပန်းစိန်တို့မှာ အိမ်ထောင်ခွဲများ ဖြစ်ကြပါသည်။ မအေးမိက–

"ဒီမှာထမင်းချက်ထားတယ်။ ထမင်းစားပြီးမှ အမေရုံးတို့အိမ်ကို သွားပြီး နှုတ်ဆက်ရအောင်"ဟုပြော၍ ထမင်းပွဲပြင်ပါသည်။ ဟင်းများလည်း စုံလင်ပါသည်။ စားလို့လည်း ကောင်းပါသည်။ ဒေါ်အုန်းမယ်၊ ကိုမြသင်း၊ ကျွန်တော်၊ မအေးမိပါ လေးယောက် အတူစားကြပါသည်။ ကျွန်တော်သည် တစ်ခါမျှ ယောက္ခမအိမ်တွင် ထမင်းလက်ဆုံ မစားဖူးပါ။ ယခုအကြိမ်သည် ကနဦး ဖြစ်ပါသည်။ ထမင်းစားပြီး ထနောင်းကုန်းရွာရှိ အမေဒေါ်ကြက်ရုံး အိမ်သို့ မအေးမိနှင့် အတူသွားရာ 'ဘီယာ' လိုက်လာသဖြင့် အိမ်ပြန်ပြီး သံကြိုးချည်ထားခဲ့ရပါသည်။

အမေ့အိမ်တွင် အစ်မကြီးမပန်းမြိုင်၊ မပန်းလှိုင်နှင့် ညီ ကိုလှဖေ ကိုအေးတို့ကို တွေ့ရပါသည်။ အမေက ကျွန်တော်ကြိုက်တတ်သော ဒိုးငါးပိ ကောင်ကို ဝါးတံညှပ်နှင့် မီးကင် ရောက်ရည်ဆမ်းပြီး ရေနွေးကြမ်း တိုက်ပါ သည်။ ကျွန်တော်တို့အားလုံး စားလိုက်သောက်လိုက် စကားပြောလိုက်နှင့် ပျော်ရွှင်နေကြပါသည်။

ညရှစ်နာရီခန့်တွင် မအေးမိတို့အိမ်သို့ ပြန်လာခဲ့ကြပါသည်။ ရှားတော နှင့် ထနောင်းကုန်းရွာသည် တောင်မြောက် ဖြောင့်တန်းလျက် ရွာတန်းရှည်ကြီး ဖြစ်ပါသည်။ ရွာ၏ အရှေ့ဘက်တွင် လှည်းလမ်းရှိ၏။ လှည်းလမ်း၏ အရှေ့ ဘက်တွင် ရေရိုးတစ်ခုရှိ၏။ ၎င်းရေရိုးမှ ငါး၊ ပုစွန်များ ရရှိပါသည်။ ရွာထဲ တွင် မန်ကျည်းပင်၊ ကုက္ကိုပင်၊ ဒန့်ကျွဲပင်များနှင့် စိမ်းလန်းဝေဆာလျက် သာယာဖွယ်ကောင်းလှပါသည်။

လမ်းတွင် မအေးမိလက်ကို ဆုပ်ကိုင်ပြီး လမ်းလျှောက်လာရသည်မှာ အရသာ ရှိလှပါသည်။ အထိအတွေ့အာရုံကို မခံစားရသည်မှာ ကြာခဲ့ပြီ မဟုတ်ပါလား။

ကျွန်တော်တို့အိမ်ဝိုင်းအတွင်း ဝင်လာသောအခါ သံကြိုးချည်ထား သော ဘီယာက အတင်းရုန်းကန်ပြီး ဆွဲနေသည်။ ကျွန်တော့်ကို ကြိုး နှုတ်ဆက်ခွင့်မရ၍ ဒေါသမာန်ပွားနေဟန်တူသည်။ ကျွန်တော်သည် ဘီယာ



သံကြိုးဖြည်ပေးလိုက်ရာ အမြီးတရမ်းရမ်းနှင့် မြူးရွှင်ပြီး ကျွန်တော့်ပါးမျှား နားများကို လျက်နေပါသည်။ ကျွန်တော်ကလည်း သူ့ကျောကို ပွတ်သပ်ပေး ရာ ကျေနပ်နေဟန် ရှိပါသည်။

ညဉ့်နက်သည့်တိုင်အောင် ကျွန်တော်တို့နှစ်ဦးမှာ ဖြစ်ကြောင်းကုန်စင် ပြော၍မပြီးနိုင်ဘဲ ရှိနေပါသည်။ နံနက်မိုးလင်း၍ အိမ်ပြန်မည်ဖြစ်ကြောင်း မအေးမိကို ပြောရာ–

"မပြန်ပါနဲ့တော်။ ဘဒွေးသွယ် ဖျားနေလို့။ ကျွန်မနှင့် မြက်ရိတ်လိုက် ခဲ့ပါဦး"

ဟု မအေးမိက ပြောပါသည်။

'ဘဒွေးသွယ်' ဆိုသူမှာ ဦးကျော်သောင်း၏ညီတစ်ဝမ်းကွဲ ဖြစ်ပါသည်။

ကျွန်တော်က–

"ငါ တံစဉ်မကိုင်တတ်ဘူး။ မြက်မရိတ်တတ်ဘူး" ဟု ပြန်ပြောရာ–

"မြက်မရိတ်တတ်ရင်လည်း ကျွန်မရိတ်ပါ့မယ်။ လိုက်သာလိုက်ခဲ့ပါ" ဟု ခေါ်နေသဖြင့် နှစ်ဦးသား ထမင်းကြမ်းစားပြီး လှည်းမောင်းထွက်ခဲ့ပါသည်။ အမြင်ကောင်းအောင် တံစဉ်နှစ်ချောင်းယူခဲ့သော်လည်း မအေးမိတစ်ဦးတည်း မြက်ရိတ်ရပါသည်။ သြဂုတ်လ နေကလည်း ပူပြင်းသဖြင့် လမ်းဘေးရှိ ချုံပုတ်တွင်ထိုင်ပြီး မအေးမိ မြက်ရိတ်သည်ကို ကြည့်နေမိပါသည်။

မအေးမိမှာ အိမ်အပြန် အမြင်လှအောင် နှစ်ဦးအတွက် တစ်ဦးတည်း အားစိုက်ပြီး မြက်ရိတ်ရသဖြင့် သူ့မျက်နှာတွင် ချွေးသီးချွေးပေါက်များ ထွက်ရှိနေရုံမျှမက သူ့အကျီမှာလည်း စိုရွှဲနေသည်။

ကျွန်တော်သည် သူ့ကိုကြည့်ပြီး သနားမိပါသည်။

"ကိုအုံးဖေ၊ မြက်တွေထုံးထားပါတော်"

"ငါမထုံးတတ်ဘူး"ဟု ပြောသောအခါ မအေးမိက ပြုံးရယ်ပြီး–

"အားကိုးလောက်တဲ့ ယောကျ်ားပဲ"ဟု ပြောပါသည်။

မအေးမိသည် မြက်ကို မြက်ချင်းဆက်၍ ကြိုးကျစ်သလိုလိမ်ပြီး ထားသည့် မြက်များကို စည်းထုံးနေသည်။ စည်းထုံးပြီး မြက်များကို သူမ ကောက်က လှည်းဆီသို့ သယ်ပို့သည်။ ကျွန်တော့်ကိုကြည့်လျက် မအေးမိသည် ရှက်ရှက်ရယ်ပြုံးယောင် ပေါ်နေသည်။

သူက လှည်းပေါ်တက်သည်။ ကျွန်တော်က မြက်လုံးများကို လှည်း ပေါ်တင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခပ်ဖွဖွတင်မှဖြစ်မယ်။ ဒါမှ မြက်တွေ အများကြီး ရိတ်လာတယ် ထင်ကြမှာ"

ကျွန်တော်တို့ အိမ်ပြန်ရောက်သောအခါ နေမွန်းတည့်နေပါပြီ။

လူတို့၏ဝါသနာသည် စွဲမိစွဲရာကို စွဲလမ်းတတ်သည်။ ကောင်းသည့်အရာကို စွဲလမ်းသည်ထက် မကောင်းသည့်အရာကို စွဲလမ်းသည်က ပိုပြီး အစွဲကြီးသည်။

ကျွန်တော်သည် ဖဲရိုက်သည့်အလုပ်ကို မကောင်းမှန်းသိသော်လည်း ဝါသနာကို မဖျောက်နိုင်ဘဲ ဖြစ်နေပါသည်။ မအေးမိက သူတို့အိမ်မှာနေပြီး သူတို့အလုပ်ကို လုပ်စေချင်ပါသည်။ သဘောကတော့ ကျွန်တော်နှင့် နေ့မကွဲညမကွာ အတူနေချင်သည့်ဆန္ဒလည်း ရှိမည်ဟု ထင်ပါသည်။ ပြီးတော့ မိဘမွေးချင်းများ၏ သဘောကျမှုကိုလည်း ရရှိစေလိုဟန် တူပါသည်။

ကျွန်တော်က သူတို့အိမ်နေလျှင် ဖဲရိုက်ရမည်မဟုတ်၍ မနေချင်ပါ။ အမေ့အိမ်ဆိုလျှင် ကျွန်တော်လုပ်ချင်ရာလုပ်နိုင်သဖြင့် မအေးမိဆန္ဒကို မလိုက်လျောနိုင်ခဲ့ပါ။ ကျွန်တော်သည် နေ့စဉ်နေ့တိုင်း ဖဲဝိုင်း၌ပင် အချိန်ကုန်နေပါသည်။ ဖဲဝိုင်းမရှိသည့်အခါ ဖဲသမား၊ အရက်သမား၊ အပေါင်းအသင်းများအိမ်သို့ သွားရောက်ပြီး အချိန်ဖြုန်းနေတတ်ပါသည်။ တစ်ခါတစ်ရံ စာဖတ်ပါသည်။ အမေ့အိမ်မှာ ထမင်းစားပြီး ညကျလျှင် မအေးမိတို့အိမ်သို့ သွားရောက်အိပ်ပါသည်။ ဖဲရိုက်ရန် ပိုက်ဆံမရှိသည့်အခါ မအေးမိကို အပူကပ်ရပါသည်။ မအေးမိသည် ကျွန်တော့်ကိုချစ်သဖြင့် ကျွန်တော်ငြိုငြင်မည်ကိုစိုးရိမ်၍ ပိုက်ဆံထုတ်ပေးပါသည်။ ဖဲနိုင်သည့်အခါထက် ဖဲရှုံးသည့်အခါက ပိုများပါသည်။

ဖဲသည် 'အနွယ်'လိုက်တတ်ပါသည်။ 'အနွယ်'ဆိုသည်မှာ အဆိုးဖြစ်စေ၊ အကောင်းဖြစ်စေ ဆက်တိုက်ဖြစ်တတ်သော သဘောရှိပါသည်။ မြန်မာစကားပုံတွင် 'နှရာဝဲစွဲ လဲရာသူခိုးထောင်း' ဆိုသကဲ့သို့ အနောက်တိုင်းစကားပုံများတွင်လည်း 'မကောင်းသောကံကြမ္မာသည် တစ်ခါနှင့်မပြီး'၊ 'မကောင်းသောကံကြမ္မာသည် အဖော်ခေါ်လာတတ်သည်'၊ 'အကုသိုလ်ကံတို့မည်သည် အစုလိုက်အပြုံလိုက် ဝင်လာတတ်သည်'ဟု ဆိုပါသည်။ ဤသည်မှာ အနွယ်လိုက်ခြင်းသဘောကို ညွှန်းပြသောစကားပုံများ ဖြစ်ပါသည်။ ပဋ္ဌာစာရီ၏ အဖြစ်မှာ အဆိုးကို ဆက်တိုက်အနွယ်လိုက်ခြင်းဖြစ်၏။ အကောင်းဘက်ကို အခြေအနေပေးသည့်အခါတွင်မူ 'ဆေးခွက်မှောက်တာတောင် အရုပ်ဖြစ်သည်' ဟု ဆိုကြပါသည်။



ဖဲဆိုးသည့်အခါ မည်မျှ ကလဖန်ထိုးထိုး၊ မည်သို့ပင်ချိုးချိုး ဆိုးမြဲဆိုးတတ်ပါသည်။ ကျွန်တော်၏ အတွေ့အကြုံကို ပြောရလျှင် 'ဘူ' သုံးခါဆက်တိုက် ကျခဲ့ဖူးပါသည်။ 'ဘူ'ဆိုသည်မှာ ဖဲဝိုင်းအခေါ်အားဖြင့် အရေအတွက်မရှိသည့် 'သုည' ဂဏန်းဖြစ်ပါသည်။ ကျွန်တော်သည် ဖဲဆိုး၍ စိတ်ဆိုးကာ ဖဲထုပ်ကို ဆုတ်ဖြဲပြီး ဖဲဝိုင်းမှ ထပြန်ခဲ့ဖူးပါသည်။

အချိန်သည် ကုန်မှန်းမသိ ကုန်ခဲ့လေရာ စက်တင်ဘာလ ဒုတိယပတ်အတွင်း ဝင်ရောက်ခဲ့ပြီဖြစ်သည်။ တစ်ညတွင် မအေးမိက–

"ဖဲရိုက်နေမယ့်အစား အရောင်းအဝယ်လုပ်ပါလား" ဟု ပြောပါသည်။

"ငွေမှမရှိဘဲနဲ့ ဘာနှင့် အရောင်းအဝယ်လုပ်ရမှာလဲ"

"ကျွန်မ ငွေထုတ်ပေးပါ့မယ်။ ဖဲတော့ မရိုက်ပါနဲ့တော်"ဟု ကျွန်တော့်ကို မယုံသင်္ကာစိတ်နှင့် ပြောပါသည်။

"ငွေထုတ်တာကတော့ ဟုတ်ပြီ။ ဘာလုပ်ရမှန်း ငါမသိဘူး"ဟု ပြောသောအခါ–

"ရွာမှာ ရေနံဆီတစ်ပုလင်းတစ်ကျပ်တဲ့။ ရေနံပြတ်နေတယ်။ အုံးဇေ ချောက်တို့၊ လမ်းရွာတို့ကို ရေနံဝယ်လွှတ်ပါလား။ ငွေတစ်ကျပ်ရင်းရင် တစ်ကျပ်မြတ်နိုင်တယ်"လို့ ဒေါ်အိမ်တင့်က အကြံပေးသွားကြောင်း မအေးမိက ပြောပါသည်။ ဒေါ်အိမ်တင့်မှာ ကျွန်တော့်အဖေ ဦးဘိုးယု၏အစ်ကို ဦးဘတူ၏သမီး ဖြစ်ပါသည်။

ရေနံဆီနှင့်ပတ်သက်ပြီး ကျွန်တော်၏စိတ်သည် အတိတ်ဆီသို့ ရောက်သွားသည်။ ကျွန်တော့်အသက် ဆယ့်ငါးနှစ်အရွယ်က ရေစကြိုမြို့ ဆင်တဲတားတွင် နေ ကုန်သည်ကြီး ဒေါ်အုန်းပွင့်အိမ်တွင် ထမင်းစား အခမဲ့ နေခဲ့ရဖူးသည်။ ဒေါ်အုန်းပွင့်မှာ ကျွန်တော့်ကို စာသင်ပြပေးသော စိုတွင်းရွာဆရာတော် ဦးဥက္ကဋ္ဌ၏ တူမအရင်းဖြစ်သည်။ ဒေါ်အုန်းပွင့်၏ခင်ပွန်း ဦးဘိုးသစ် ကွယ်လွန်သဖြင့် ဒေါ်အုန်းပွင့်တွင် အထောက်အကူ ရရှိစေလိုသည် တစ်ကြောင်း၊ ကျွန်တော့်ကိုလည်း အရောင်းအဝယ်ပညာ တတ်စေလိုသည်တစ်ကြောင်းတို့ကြောင့် ဆရာဘုန်းတော်ကြီးက ဒေါ်အုန်းပွင့်အိမ်သို့ ပို့ပေးခြင်းဖြစ်သည်။

ကျွန်တော်၏အလုပ်မှာ ချက်ရေးပြုတ်ရေး လုပ်ဆောင်ရ၏။ အရောင်းအဝယ်တွင်လည်း ပါဝင် ကူညီရ၏။ ဆိုရသော် တစ်အိမ်လုံး၏ လုပ်ငန်းအားလုံးကို လုပ်ဆောင်ရသူဖြစ်၏။ ဒေါ်အုန်းပွင့်တို့အိမ်မှာ ကုန်မျိုးစုံရောင်းသော ကုန်စုံဆိုင်ဖြစ်၏။ ဓာတ်ဆီ၊ ရေနံဆီလည်း ရောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ဆီ နှစ်ဂါလံဝယ်လျှင် ပုံးပါပေးရ၏။ ပုံးမှာ အစိမ်းရောင် အကောင်းစားဖြစ်၏။ ပုံး၏ ရှေ့ဘက်နောက်ဘက်တို့တွင် 'ဘီအိုစီ'ဟု အင်္ဂလိပ်စာလုံးဖြင့် အသားတံဆိပ် ရိုက်နှိပ်ထားသည့်အပြင် ပုံးအဖိတ်မှာ ကြေးဝက်အူရစ် အဖိတ်ဖြစ်၏။ အဖိတ်ထိပ်တွင်လည်း 'ဘီအိုစီ'ဟု အသား တံဆိပ် ပါရှိသည်။ ဓါတ်ဆီနှစ်ဂါလံမှ ငွေသုံးကျပ်ဟု ထင်သည်။ ရေနံဆီ အကောင်းစား 'ရွှေပန်းခိုင်'၊ 'ဆင်ခေါင်း'တို့ဆိုလျှင် လေးဂါလံဝင်တစ်ပုံးမှ သုံးကျပ်ခွဲ ပေးရသည်။ ပုံးပိန်ရှုံ့လျှင် သံချေးတက်လျှင် ဝယ်သူက မဝယ်ပါ။ ပြောင်လက်နေသော ပုံးနှင့် လဲလှယ်ပေးရသည်ကို ကျွန်တော် မြင်ယောင်နေမိ ပါသည်။

နောက်နေ့တွင် ကျွန်တော်သည် လမ်းရွာသို့ ရေနံဝယ်သွားရန် စီစဉ် ပါသည်။ ကုန်ချိန် ငါးရာခန့်ပါ လှေတစ်စင်းငှားပြီး လှေထိုးသားအဖြစ် ဦးဘချောင်းကို ခေါ်ခဲ့ပါသည်။ ဦးဘချောင်းသည် ကျွန်တော့်ထက် အသက် ဆယ်နှစ်ခန့် ကြီးပါသည်။ မအေးမိက သူ၏လက်ကောက် ဆွဲကြိုးများကို မိဘမွေးချင်းများမသိအောင် ပေါင်နှံပြီး ကျွန်တော့်ကို ငွေလေးရာကျပ် ပေးလိုက်ပါသည်။ ငွေစက္ကူများမှာ ဘုရားစေတီပုံတော်ပါသော ဂျပန်စက္ကူ များနှင့် ဂျော့ဘုရင်ခေါင်းတံဆိပ်ပါ အင်္ဂလိပ်ငွေစက္ကူများ ဖြစ်ပါသည်။

တချို့က အင်္ဂလိပ်ငွေစက္ကူများကို လက်ဝယ်မထားရဲကြပါ။ အင်္ဂလိပ် စပိုင် (သူလျှို)ဟု အထင်ခံရမည်စိုး၍ ဖြစ်ပါသည်။ သူလျှိုအဖြစ် စွပ်စွဲပြီး အဖမ်းခံရလျှင် မသက်သာပါ။ ဂျပန်ကင်ပေတိုင်၏ လူမဆန်သော နှိပ်စက် ညှဉ်းပန်းမှုကို ခံရမည်ဖြစ်သည်။ အမြော်အမြင်ရှိသူများက အင်္ဂလိပ်ငွေစက္ကူ များကို လျှို့ဝှက်စုဆောင်း သိမ်းဆည်းကြသဖြင့် အင်္ဂလိပ်ငွေစက္ကူများမှာ တဖြည်းဖြည်း ပျောက်ကွယ်စ ပြုလာပါသည်။

'တော်သလင်း မြစ်တွင်းသင်ဖြူးခင်း' ဆိုသလို ဧရာဝတီမြစ်ပြင်မှာ လှိုင်းလေ ငြိမ်သက်နေသည်။ ရေစုန်ဖြစ်သည့်အပြင် နှစ်ဦးသား အားသွန် ခွန်စိုက် လှော်ခတ်လာကြသည့်အတွက် ညနေ လေးနာရီအချိန်ခန့်တွင် လမ်း ရွာသူကြီးပိုင် ကျောက်စောင်းရွာသို့ ရောက်ရှိလာပါသည်။

ကျောက်စောင်းရွာသည် တန့်ကြည့်တောင် တောင်တန်း၏ အရှေ့ဘက် ဧရာဝတီမြစ်ကမ်းဘေးတွင် ရှိသဖြင့် မြစ်နှင့် တောင်တန်းကြားတွင် သာသော သာယာရှိသော ရွာကလေးဖြစ်ပါသည်။ တောင်ပေါ်တွင် ရေနံတွင်း လေးငါးတွင်း



ရှိသည်။ ရွာဦးရှိ ဘုန်းတော်ကြီးကျောင်းမှာ ကောင်းသည်ဟု မဆိုနိုင်သော် လည်း ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ သပ်ရပ်သည်။

မြစ်ကမ်းဘေးတွင်ဖြစ်၍ လေကောင်းလေသန့် ရရှိသည့်အပြင် မြစ်ဆိပ် ကမ်းစပ်တွင် အရိပ်အာဝါသကောင်းသော ညောင်ပင်ကြီးတစ်ပင်ရှိ၏။ ကျောင်း ထိုင်ဘုန်းတော်ကြီး 'ဦးသုဒဿန'မှာ ကျွန်တော့်ကို စာသင်ပြပေးသော [illegible]ရွာ ဆရာတော် ဦးဇဝန၏တပည့် ဖြစ်ပါသည်။ ကျွန်တော်သည် ကျောင်းသားဘဝကပင် ကျောက်စောင်းရွာသို့ လေးငါးခေါက်ရောက်ဖူးသဖြင့် ထိုရွာတွင် ကျွန်တော်နှင့် သိကျွမ်းရင်းနှီးသူ အတော်များများရှိသည်။ အထူး အဖြင့် 'ဉာဏ်အေး'မှာ အရင်းနှီး အခင်မင်ဆုံးဖြစ်သည်။ မြစ်ဆိပ် ညောင်ပင် အောက်တွင် လှေဆိုက်ပြီး ဉာဏ်အေးတို့အိမ်သို့ သွားပါသည်။ ဉာဏ်အေးမှာ မျှော်လင့်ဘဲ ကျွန်တော့်ကိုတွေ့ရ၍ ဝမ်းသာနေသည်။ လာရင်းကိစ္စကို ပြော ပြသောအခါ–

"ရေနံကတော့ ရတယ်။ ဒါပေမယ့် အလျင်ရောက်နေတဲ့ လှေခြောက် စင်းရှိနေတော့ ရှစ်ရက်၊ ကိုးရက်လောက် စောင့်ရလိမ့်မယ်ထင်တယ်" ဟု ပြောပါသည်။ စောင့်ရစေကာမူ ရေနံဈေးမှာ ကျွန်တော် မျှော်မှန်းသည်ထက် သက်သာသဖြင့် ဝမ်းသာသွားပါသည်။

လှေပေါ်မှ ပစ္စည်းများကို ဘုန်းတော်ကြီးကျောင်းအောက်သို့ ရွှေ့ပြောင်း [illegible] ခြောက်တိုင်ခုတင်ကြီးပေါ်တွင် အိပ်ပါသည်။ ဦးဘချောင်းက ထမင်းချက်၍ [illegible]ဆော်က ဘုန်းကြီးထံမှ စာအုပ်ငှားပြီး ဖတ်ပါသည်။ ရွာတွင်း လျှောက် [illegible]သည်။ နေ့လယ်စာ ထမင်းစားသောအခါ ဘုန်းတော်ကြီးက ဟင်းချက် [illegible]ပေးပါသည်။ နေရထိုင်ရသည်မှာ ကျယ်ဝန်းသန့်ရှင်းပြီး လွတ်လပ် [illegible] နေထိုင်ရသဖြင့် စိတ်ထဲတွင် ပျော်ရွှင်နေပါသည်။

ငါးရက်ခန့်ကြာသောအခါ ပြဿနာတစ်ခု ပေါ်လာပါသည်။ ပြဿနာမှာ [illegible] ခြားမဟုတ်ပါ။ ဦးဘချောင်းက သူရွာပြန်မည်ဖြစ်ကြောင်း ပြောပါသည်။ အကြောင်းပြချက်ကတော့ သူလိုက်လာစဉ်က သူ့မိန်းမ ဒေါ်မှန်းမယ်ကို [illegible]ကြာဆုံး သုံးလေးရက်ပဲဟု ပြောခဲ့ရာ ယခု လေးငါးရက်ရှိနေပြီဖြစ်ကြောင်း [illegible] စိတ်ပူပင်နေကြမည်ဖြစ်၍ မပြန်လျှင် မဖြစ်ကြောင်း ပြောပါသည်။

ကျွန်တော်က နောက်နှစ်ရက်နေ၍မှ ရေနံမရလျှင် ကျွန်တော်ပါ ပြန် [illegible]ကြောင်း ပြောသော်လည်း မည်သို့မျှ ပြောမရသဖြင့် သူ့လုပ်ခကို သူ [illegible]သည့်ရက်အတွက်ပါ ပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အုံးဖေ လေ့ထိုးသား ထွက်ပြေးလို့တဲ့" ဆိုသောသတင်းသည် ကျောက်စောင်းရွာတွင် တောမီးပမာ ပျံ့နှံ့သွားသည်။ ထိုသတင်းကြောင့် ဉာဏ်အေး ရောက်ရှိလာသည်။ ကျွန်တော်က အကျိုးအကြောင်းကို ပြောပြသောအခါ ဉာဏ်အေးက–

"မင့်လေ့အတွက် ဒီနေ့ ရေနံရအောင် ဦးလေးဉာဏ်ကို ပြောဦးမယ်" ဟု ဆိုကာ ပြန်သွားပါသည်။ ဦးလေးဉာဏ်ဆိုသူမှာ ဉာဏ်အေး၏ယောက္ခမ ဦးဉာဏ်ဖြစ်ပါသည်။ ဦးဉာဏ်မှာ ကျောက်စောင်းရွာလူကြီးဖြစ်သည်။ သြဇာလည်း ရှိသည်။ သိက္ခာသမာဓိလည်း ရှိသည်။ မကြာမီ ဉာဏ်အေး ပြန်လာပါသည်။

"မင့်အတွက် ညနေ ရေနံရမယ်။ တစ်ယောက်တည်း ပြန်လို့မဖြစ်ရင် ငါလိုက်ပို့မယ်"ဟု ပြောသည်။

"ဖြစ်တယ်။ ငါ့အတွက် ဘာမှမပူနဲ့။ ရေနံရဖို့ပဲ အရေးကြီးတယ်" ဟု ပြောလိုက်ပါသည်။ တကယ်လည်း ရေနံအတွက်လာသည် မဟုတ်ပါလား။ ရေနံရလျှင် တစ်ညလုံး မအိပ်ဘဲ ဆန်တက်မည်။ နံနက်က ကျွန်တော့်ကို မငဲ့ညှာဘဲ ရွာပြန်သွားသော ဦးဘချောင်းကို မကျေနပ်သော စိတ်ဆန္ဒလည်း ရှိနေသည်။

ဦးဘချောင်း ရွာပြန်သွားရာတွင် သူ့မှာ ဖိနပ်မပါ။ တောင်ခြေတောင်ကြောတစ်လျှောက် ကျောက်တုံးကျောက်ခဲများပေါ်တွင် သွားရမည်ဖြစ်၍ ခြေထောက်နာသည့်အတွက် သူသည် မြစ်ခြေရွာထက် ပိုမရောက်နိုင်ဟု ကျွန်တော် တွက်ဆထားသည်။

မည်သည့်နည်းနှင့်မဆို ဦးဘချောင်းနှင့်ကျွန်တော်သည် တစ်နေ့တည်း ရွာကို ရောက်ရမည်။ အချိန်နာရီသာလျှင် ကွာခြားမည်။ ပြီးတော့ မအေးမိက ကျွန်တော် မြက်မရိတ်တတ်ခြင်း၊ မြက်မထုံးတတ်ခြင်းကို ပြက်ရယ်ပြုသည့်သဘောဖြင့် 'အားကိုးလောက်တဲ့ယောကျ်ားပဲ'ဟု ပြောခဲ့ဖူးသည် မဟုတ်ပါလား။

ဦးဘချောင်း၊ မအေးမိတို့ကို ကျွန်တော်၏သတ္တိနှင့် စွမ်းပကားများ ပြလိုသည့်အတွက် စိတ်အားတက်ကြွနေသည်။ ညနေ လေးနာရီအချိန်ခန့်တွင် ဉာဏ်အေး ရောက်ရှိလာပါသည်။ ကျွန်တော်တို့နှစ်ယောက် ပစ္စည်းများကို လေ့ပေါ်တင်ကြသည်။



လေ့ကို ဉာဏ်အေးနှင့် နှစ်ယောက် ကျောက်စောင်းရွာအထက် ရေနံတင်မည့် နေရာသို့ ဆန်တက်ခဲ့ပါသည်။ ရေနံတင်ရမည့် ဆိပ်ကမ်းရောက်သောအခါ ရေနံပေပါခွံနှင့် ရေနံပုံးများကို ရွာသားများက လာယူကြပါသည်။ တစ်နာရီခန့် ကြာသောအခါ ရေနံပေပါနှင့် ရေနံပုံးများကို အဝတ်နှင့် ရွံ့များဖြင့်မံ၍ ပိတ်ဆို့ပေးကြပါသည်။ ကျသင့်ငွေကို ဉာဏ်အေးသို့ ရှင်းပေးပြီးနောက် 'သွားမည်'ဟု ဉာဏ်အေးကို နှုတ်ဆက်သောအခါ သူက–

"အိမ်မှာ ထမင်းချက်ထားတယ်။ လေ့နဲ့ ရွာပြန်သွားတာပေါ့"ဟု ပြောပါသည်။ ရေနံတင်သည့်နေရာနှင့် ရွာမှာ နှစ်ဖာလုံခန့် ဝေးပါသည်။ ကျွန်တော်က ရွာအထက်ရောက်ပြီးမှ ရွာသို့ ပြန်မစုန်ချင်သည့်အတွက်–

"ငါ ထမင်းစားမလိုက်တော့ဘူး"ဟု ဉာဏ်အေးကို ပြောပြရာ ဉာဏ်အေးက–

"ဒါဖြင့်ရင်လည်း အိမ်သွားထမင်းယူမယ်"ဟုဆိုကာ ဒန်အိုးနှင့် ဟင်းခွက်တစ်လုံးကိုယူပြီး ရွာသို့ ပြန်သွားပါသည်။

"မြန်မြန်ပြန်ခဲ့နော်။ ငါက ကြာရင် ထမင်းကို စောင့်နေမှာမဟုတ်ဘူး" ကျွန်တော်က ဉာဏ်အေးကို လှမ်းအော်ပြောလိုက်ပါသည်။

နာရီဝက်ခန့်ကြာသောအခါ ဉာဏ်အေးသည် အမောတကောနှင့် ထမင်းယူပြီး ရောက်ရှိလာပါသည်။ လေ့ဦးသို့ ထမင်းချိုင့်ထားပြီးသောအခါ ကျွန်တော်က သူ့ကို

"သွားတော့မယ်"ဟု လက်ပြ နှုတ်ဆက်လိုက်ပါသည်။ အချိန်မှာ တောင်စွယ်ကို နေကွယ်သွားသော်လည်း အလင်းရောင်က ရှိနေပါသေးသည်။

ကျွန်တော်သည် လေ့ကို တက်မစင်ထောက်၍ ကိုက်တစ်ရာခန့် ဆန်တက်ခဲ့ပါသည်။

'တက်မစင်' ထောက်သည်ဟုဆိုသည်မှာ တက်ရိုးရှည်ဖြင့် မြေကြီးကို ထောက်၍ လေ့ကိုဆန်တက်ခြင်း ဖြစ်ပါသည်။ ဆန်တက်ပြီးလျှင် လေ့ဦးကို 'ကျောင်ထောင်ကြီး' ကျွန်းဆွယ်ဘက်သို့ လှည့်ချလိုက်ပါသည်။

ကျွန်တော် ဆန္ဒစော၍ လောကြီးသွားပါသည်။ ကျွန်းဆွယ်ကို တွယ်မိမှသည် ကျွန်တော့်အဖို့ သေရေးရှင်ရေးတမျှ အရေးကြီးနေပါသည်။ အကယ်၍ ကျွန်းဆွယ်ကို မတွယ်မိဘဲ ရေစီးသန်သော မြစ်ပြင်ကြောတွင် မျောပါသွားလျှင် လမ်းရွာ (သို့မဟုတ်) ချောက်မြို့အထိ ရောက်ရှိသွားနိုင်သဖြင့်

www.burmeseclassic.com



အင်အားရှိသမျှ အစွမ်းကုန် လှော်ခတ်ခဲ့ရပါသည်။ ဆင်းရဲပင်ပန်းရသည်မှာ သေလုမျောပါး ဖြစ်ပါသည်။

ကျွန်းဆွယ်ရေသာကို တွယ်မိသောအခါ လှေဦးတွင် ထိုးဝါးစိုက်၍ လှေကို ချည်ထားလိုက်သည်။ လူမှာ အမောဆိုက်ပြီး ဖိုထိုးသလို 'ဟော... ဟောဟဲ' ဖြစ်နေသည်။

မိနစ်နှစ်ဆယ်ခန့် ကြာသောအခါ အမောပြေသွားသည်။ အင်အားလည်း ပြန်လည် ပြည့်ဝလာသည်။ လှေဦးမှ ထိုးဝါးကိုနုတ်ပြီး ရွာနောင်ထောင်ကြီး ကျွန်းအရှေ့ဘက် ကမ်းခြေမှ တက်မစင်ထောက်၍ ဆန်တက်ခဲ့သည်။ ကျွန်းမှာ တောင်မြောက်ရှည်လျားပြီး ကြီးမားကျယ်ဝန်းသဖြင့် ကျွန်းပေါ်တွင် ရွာများရှိသည်။ ရွာနောင်ထောင်ကြီး၊ ရွာသစ်၊ ဒိးကုန်း၊ သီရိရွာများဖြစ်သည်။ သီရိရွာဆိပ်ကမ်း ရောက်သောအခါ ညဆယ့်တစ်နာရီအချိန်ခန့် ဖြစ်သည်။ စက်တင်ဘာလ ဆယ့်လေးရက်နေ့ည လမင်းမှာ ထိန်ထိန်သာနေသည်။ ရွာဆိပ်ကမ်းတစ်ခုလုံး ဆူညံနေကြသည်။ မြစ်ရေအတက်တွင် မျောလာသော ဘော့ဒိုက်များမှ ထင်းများ၊ ဝါးများကို လှေငယ်ကလေးများနှင့် ဆယ်ယူနေကြသည်။

ကျွန်တော်သည် လူရှင်းသော ဆိပ်ကမ်းတစ်နေရာတွင် လှေဆိုက်ပြီး ထမင်းစားရန်ပြင်သည်။ ဟင်းမှာ အမဲချက်နှင့် နှမ်းဖတ်ချဉ်သုပ် ဖြစ်သည်။ နှမ်းဖတ်ချဉ်ကို ရောက်ရွက်၊ ငရုတ်သီးစိမ်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့နှင့် သုပ်ထားသဖြင့် စား၍ကောင်းသည်။ ထမင်းစားပြီး နောက်ကျိနေသောမြစ်ရေကို လက်ခုပ်နှင့် ခပ်ယူပြီး သောက်ချလိုက်သည်။

အဟာရပြည့်တင်းလိုက်ရသည့်အတွက် လူလည်း အားရှိလာသည်နှင့်အမျှ စိတ်ဓာတ် တက်ကြွလာသည်။ ဆက်လက်ဆန်တက်ခဲ့ရာ ဆယ်လ... တောင်ပုံရွာအနီး ရောက်သောအခါ လင်းကြက်များတွန်သံကြားရသည်။ လေးနာရီခန့်ရှိပြီထင်သည်။ ပုဂံမြို့ဘက်မှ ဗူးဘုရားကို မြင်နေရပြီဖြစ်သည်။

ကျွန်တော်သည် လှေဦးတွင် ထိုးဝါးစိုက်ပြီး လှေကိုချည်ထားလိုက်သည်။ ပုဆိုးရေစိုကိုချွတ်လဲ၍ လှေပေါင်းမိုးပေါ်သို့ ဖြန့်လှမ်းလိုက်သည်။ လှေပဲ့ပိုင်းတွင် ကိုယ်တစ်ပိုင်းကို ခြေဆင်းပြီး လှေပဲ့ထိုင်ခုံကို ခေါင်းတင်၍ အိပ်ချလိုက်သည်။

၀၀၀

## မောင်မယ်တူစုံ စကားလက်ဆုံ ပြောဖြစ်မကုန်

နေပူသည်တစ်ကြောင်း၊ မြက်ရိတ်ထင်းဆယ် လှေများမှ ဆူညံစွာ ...ကားပြောသံများကြောင့် တစ်ကြောင်း၊ အိပ်ရာမှ နိုးလာသည်။ နေမှာ ...တော်မြင့်နေပြီ။ နံနက် ရှစ်နာရီခန့်ရှိမည်ထင်သည်။ အိပ်ရာမှ ကပျာကယာ ...ပြီး မျက်နှာသစ်သည်။ ခါးဝတ်ပုဆိုးဖြင့် မျက်နှာသုတ်ကာ လှေပေါင်းမိုး ...မှ ပုဆိုးဟောင်းနှင့် လဲလှယ်ဝတ်လိုက်သည်။ လှေဦးမှ ထိုးဝါးကိုနုတ်ပြီး ...မ်းခြေတစ်လျှောက် တက်မစင်ထောက်၍ ဆန်တက်ခဲ့သည်။ ကျွန်းကလေး ...အနီး ရောက်သောအခါ အခက်အခဲနှင့် တွေ့ကြုံရသည်။

ကျွန်းကလေးရွာသည် ညောင်ဦး 'ရွှေစည်းခုံဘုရား' မြောက်ဘက်မြစ် ...မ်းတစ်ဖက်တွင်ရှိသည်။ ထိုနေရာတွင် ရေကလည်း စီးသည်။ မြစ်ကမ်းပါး ...လည်း စောက်သည်။ ရေကလည်း နက်သဖြင့် တက်မစင်ထောက်၍ မရ ... တက်၊ ရွက်ဖြင့် အားသွန်ခွန်စိုက်လှော်သော်လည်း ရေစီးအားကို ...စွမ်းအားက မယှဉ်ပြိုင်နိုင်ဘဲ ဖြစ်နေသည်။

ပြေညီသောကမ်းစပ်တွင် ထိုးဝါးစိုက်ကာ လှေကိုချည်ပြီး ကုန်းပေါ်သို့ ...ခဲ့ပါသည်။ အကူအညီပေးနိုင်မည့်သူကို ရှာဖွေကြည့်ရာ တစ်ခေါ်လောက် ... လူတစ်ယောက် 'ပဲထိုး'နေသည်ကို တွေ့ရသည်။ 'ပဲထိုး'သည်ဆိုသည် ... ါးလုံးတွင် သံတူရွင်းတပ်၍ မြေကြီးကိုဆောင့်ကာ ကျင်းပေါက်ဖော် ...။ ၎င်းကျင်းပေါက်ထဲသို့ ပဲမျိုးစေ့ကလေးများ ချရသောအလုပ်ဖြစ်သည်။

ကျွန်တော်သည် ပဲထိုးနေသူထံ သွားရောက်၍ ကျွန်တော်တွေ့ကြုံ ...ဆိုင်နေရသော အခက်အခဲကိုပြောပြပြီး အကူအညီတောင်းရာ ထိုသူသည် ...တူရွင်းကို မြေကြီး၌ စိုက်ထားခဲ့ပြီး ကျွန်တော်နှင့်အတူ လှေဆီသို့ လိုက်

www.burmeseclassic.com

www.burmeseclassic.com

လာပါသည်။ သူက ကြိုးဆွဲပေးမည်။ ကျွန်တော့်ကို တက်မကိုင်ရန်ပြောသည်။ ကျွန်တော်သည် ရွက်တိုင်ကို ကြိုးချည်ပြီး ကြိုးခွေကို သူ့ထံသို့ ပစ်ပေးလိုက်သည်။ သူက လှေကို ကြိုးဆွဲ၍ ကျွန်တော်က တက်မကိုင်ပြီး ဆန်တက်ခဲ့ရာ တစ်နာရီခန့် ကြာသောအခါ နှစ်ဖာလုံခန့် ရှည်လျားသော ကမ်းပါးစောက်ကို လွန်မြောက်ခဲ့သည်။

ကျွန်တော်က ကျေးဇူးတင်ကြောင်းပြောပြီး သူ့ကို ငွေသုံးကျပ်ပေးလိုက်သည်။ သူလည်း ကျေနပ်သွားသကဲ့သို့ ကျွန်တော်လည်း အခက်အခဲမှ လွန်မြောက်သွားသဖြင့် ဝမ်းသာသွားပါသည်။ ဆက်လက်ဆန်တက်ခဲ့ရာ ထောက်ရှာပင်ရွာသို့ ရောက်သောအခါ နေ့လယ်တစ်နာရီခန့် ရှိပါပြီ။ ထောက်ရှာပင်ရွာ အရှေ့ဘက်ရှိ ရေပေါက်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ၎င်းရေပေါက်သည် မိုးတွင်း၌သာ ရေရှိပါသည်။ ရေလမ်းခရီးအနေဖြင့် ဖြတ်လမ်းဖြစ်ပါသည်။

နံနက်စာ ထမင်းမစားရသော်လည်း ရွာကိုရောက်လိုသည့်စိတ်ဓာတ်ကတက်ကြွနေသည်။ ကျွန်တော့်ကို မင့်မညှာ ဥပေက္ခာပြုသွားသော ဦးဘချောင်းကိုလည်း ခံပြင်းနေသည်။ အထူးသဖြင့် မအေးမိကိုလည်း ကျွန်တော်၏သတ္တိနှင့် စွမ်းပကားကို ပြချင်နေသည်။

ဖိုသတ္တဝါတို့၏စိတ်သည် ဇနီး၊ ရည်းစားတို့အပေါ်တွင် မိမိ မည်မျှ အစွမ်းသတ္တိရှိသည်ဆိုသည်ကို ပြလိုကြသူများဖြစ်သည်။ ကမ္ဘာ့အားကစား ပြိုင်ပွဲများတွင် ရှုံးနိမ့်မည့် အခြေအနေမှ ဇနီး၊ ရည်းစား အားပေး၍ စိတ်ဓာတ်တက်ကြွကာ အနိုင်ရခဲ့သော ပြိုင်ပွဲများရှိခဲ့ဖူးသည်။ အခြားသူများက ဂုဏ်ယူချီးကျူးခြင်းထက် ဇနီး၊ ရည်းစားက ချီးကျူးခြင်းကို ပိုပြီး သဘောကျ နှစ်ခြိုက်ကြသည်။ 'ပုထုဇနော ဥမ္မတကော' ပုထုဇဉ်သည် အရူးနှင့်တူသည်ဟု အဆိုရှိသည် မဟုတ်ပါလား။

ညနေ ငါးနာရီခန့်ရှိပြီ။ လှည်းချောင်းပေါက်ရွာနှင့် သံပရာပင်ကုန်းရွာ အကြား ရောက်သောအခါ အခက်အခဲနှင့် တွေ့ရပြန်ပါသည်။ မြစ်ရေကျခြင်းကြောင့် မျောပါလာသော ဘော့ဒိုက်များမှာ ကမ်းစပ်မှကပ်၍ မျောသဖြင့် လှေမှာ ဘော့ဒိုက်များကို မထိုးဖောက်နိုင်ဘဲ ဖြစ်နေသည်။ ကမ်းစပ်တွင် ထင်းဆယ်နေကြသူများမှာလည်း ပြည့်ကျပ်နေသည့်အတွက် ကျွန်တော်သည် လှေဦးကိုလှည့်ကာ တစ်ဖက်ကမ်းသို့ လှော်ခတ်ခဲ့ရာ 'ရေလည်ကျွန်းရွာ



သောင်ပြင်သို့ ရောက်သွားသည်။ ၎င်းသောင်ပြင်မှ ဆန်တက်လျှင် လှည်းချောင်းပေါက်၊ သံပရာပင်ကုန်းရွာတို့ကို မရောက်တော့ပေ။ ခရီးမှာ ကျွန်တော်တို့ရွာနှင့် တစ်မိုင်ခန့် ပိုပြီး ဝေးကွာသွားသည်။ အချိန်မှာ နေဝင်လုဆဲဆဲ ဖြစ်သည်။

တစ်နေကုန် နောက်ကျိနေသော မြစ်ရေကို သောက်ရသည့်မှတစ်ပါး အခြား ဘာမှမစားရသဖြင့် ဝမ်းဗိုက်က ဆန္ဒပြလာသည်။ လူမှာလည်း ဆင်းရဲပင်ပန်းလွန်း၍ ခြေကုန်လက်ပန်းကျနေပြီဖြစ်သည်။ ရေလယ်ကျွန်းရွာသို့ သွား၍ စားစရာ ဝယ်ရမည်မှာလည်း လှေနှင့် တစ်မိုင်ခန့်ဝေးသဖြင့် သွား၍ မဖြစ်။ လှေပေါ်တွင် စားစရာဟူ၍ ဆန်နို့ဆီဘူးတစ်ဝက်ခန့်ကလွဲပြီး ဆီမရှိ၊ ဆားမရှိ၊ ငါးပိနတ္ထိ ဖြစ်နေသည့်အတွက် ဦးဘချောင်းကို မကျေနပ်ဖြစ်နေသည်။ ခရီးဆက်ရေးထက် ဝမ်းရေးက အရေးကြီးနေသည်။ ယနေ့ရွာကို ရောက်ရမည်ဆိုသည့် ကြီးမားသော မျှော်လင့်ချက် ရောင်ခြည်လည်း လက်တွေ့အခြေအနေအရ မှေးမှိန်ပျောက်ကွယ်သွားပြီဖြစ်သည်။

လှေဦးတွင် ထိုးဝါးစိုက်၍ လှေကို ချည်ထားလိုက်သည်။ ပုဆိုးရေစိုကို လဲလှယ်ပြီး ခေါင်းမိုးပေါ်တွင် ဖြန့်ထားလိုက်သည်။ ထိုအခိုက် လှေကလေး တစ်စင်း လှော်ခတ်လာသည်ကို တွေ့ရပါသည်။ အဘိုးကြီးတစ်ဦးက ပဲ့ပိုင်းနေ၍ အမျိုးသမီးနှစ်ဦးက လှေဦးမှ လှော်ခတ်လာကြပါသည်။ အနီးသို့ ရောက်သောအခါ လှေပေါ်ရှိ ခံတောင်းထဲတွင် သခွားသီးများ ပါရှိသည်ကိုတွေ့၍ သခွားသီးရောင်းခဲ့ပါရန် ကျွန်တော်ကပြောရာ–

"မနက်ဖြန် ဘုန်းကြီးဆွမ်းကျွေးရန်အတွက်ဖြစ်၍ ရောင်းမဖြစ်ပါ" ဟု အမျိုးသမီးတစ်ဦးက ပြောပါသည်။ ၎င်းအမျိုးသမီးနှစ်ဦးစလုံးပင် အသက် နှစ်ဆယ်ကျော်အရွယ်များ ဖြစ်သည်။ ရုပ်ရည်ကလည်း မဆိုးလှပါ။

ကျွန်တော့်တွင် မီးခြစ်ပုံးခွံရှိသော်လည်း မီးခြစ်ဆံမရှိသည့်အတွက် မီးခြစ်ဆံ လေးငါးဆံကို မျှဝေခဲ့ပါရန်ပြောရာ အမျိုးသမီးတစ်ဦးက မီးခြစ်ဆံ ငါးဆံမျှ ထုတ်ပေးခဲ့သဖြင့် ထမင်းချက်နိုင်မည်ဖြစ်၍ ဝမ်းသာသွားပါသည်။ တစ်ကိုက်ခန့် လွန်သွားသော လှေပေါ်မှ စကားပြောသံသဲ့သဲ့ ကြားလိုက်ရသည်။

"ညည်းလူက ရုပ်ရည်ကလည်း မဆိုးဘူး။ တစ်ယောက်တည်း သနားစရာ" ဟူ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာလောင်မွတ်သိပ်နေပြီဖြစ်၍ ထမင်းချက်ရန် စီစဉ်သည်။ လှေပေါ်တွင် ချက်ပါက ရေနံများနှင့် အန္တရာယ်ရှိနိုင်သဖြင့် သုံးချောင်းထောက်သံမီးဖိုကလေးကို သောင်ပြင်ပေါ်တွင် ချထားလိုက်သည်။ ကျူပေါင်ရိုး အတိုအစများကို လိုက်လံကောက်ယူပြီး အဝတ်စကို ရေနံဆွတ်၍ မီးမွှေးလိုက်သည်။ ဆန်နို့ဆီဘူးတစ်ဝက်ခန့်ကို သတ္တုအိုးကလေးနှင့် ရေဆေးပြီး မီးဖိုပေါ်တင်လိုက်၏။ မကြာမီ ဆူပွက်လာသည်။ အင်းဝဘုရင် သာလွန်မင်းတရားကြီး၏ အဆုံးအမကို သတိရ၍ ထမင်းရည်ကို သံဇလုံကလေးနှင့် ခံယူသည်။

ထမင်းနပ်မနပ် ဇွန်းဖြင့် ခပ်ပြီး မြည်းကြည့်သည်။ မြည်းရင်းမြည်းရင်း ထမင်း ကုန်သွားသည်။ ဇလုံကလေးထဲမှ ဝါကျင့်ကျင့် ထမင်းရည် အနည်းငယ်ကို သောက်ချလိုက်သည်။ ည ခုနစ်နာရီခန့်ရှိပြီဖြစ်၍ လှေပဲ့တွင် ကိုယ်တစ်ပိုင်း ခြေဆင်းပြီး လှေပဲ့ထိုင်ခုံကို ခေါင်းတင်ကာ အိပ်ချလိုက်ပါသည်။ ဆင်းရဲပင်ပန်းလွန်းသဖြင့် ချက်ချင်းပင် အိပ်ပျော်သွားသည်။

နံနက် သုံးနာရီအချိန်ခန့်တွင် အိပ်ရာမှ နိုးလာသည်။ လမင်းမှာ ထိန်ထိန်သာနေ၏။ ကိုယ်လက်သုတ်သင်ပြီး ခရီးဆက်ခဲ့ရာ ဖိုးတော၊ ဘုံတာ၊ ကြားကျွန်းရွာများကို လွန်ပြီး နောက်ထနောင်းကုန်းရွာအနီး ရောက်ရှိလာသည်။

မအေးမိနှင့် တွေ့ရတော့မည်ဖြစ်၍ ဝမ်းသာနေသည်။ အချိန်မှာ ခုနစ်နာရီခန့်ရှိပြီဖြစ်၏။ ရွာမှ ထင်းဆယ် မြက်ရိတ်ထွက်လာသော လှေများကို တွေ့၍ ဦးဘချောင်း ရွာရောက်မရောက် မေးမြန်းကြည့်ရာ–

“မနေ့ညနေက ရောက်ကြောင်း။ မင်းကို တစ်ယောက်တည်း ထားခဲ့ရပါမည်လား”ဟု ဝိုင်းပြီး အပြစ်တင်ကြကြောင်း ပြောပါသည်။

မငွေစိန်က ဒေါ်အေးမြ မနေ့ကဆုံးကြောင်း ပြောပါသည်။ ဒေါ်အေးမြမှာ ကျွန်တော့်အမေ ဒေါ်ကြက်ရုံး၏ မောင်အရင်း ဦးရန်အောင်၏ ဇနီးဖြစ်သည်။ ကျွန်တော့်ကို ခင်မင်ကျွေးမွေးသူဖြစ်၍ စိတ်မကောင်း ဖြစ်ရပါသည်။

ရွာအရှေ့ဘက်ရှိ ရိုးဆိပ်သို့ လှေဆိုက်ထားခဲ့သည်။ အိမ်သို့ ခြေလှမ်းသွက်သွက်ဖြင့် သွားရောက်ပါသည်။ အိမ်တွင် မအေးမိ ရောက်နေသည်ကို တွေ့၍ ဝမ်းသာသွားသည်။

မအေးမိမှာ မမျှော်လင့်ဘဲ ကျွန်တော့်ကို တွေ့လိုက်ရသည့်အတွက် သူ၏ မျက်နှာမှာ ကြည်လင် ရွှင်ပျသွားပါသည်။



“ကိုအုံးဖေ၊ ဘယ်လိုလုပ် ပြန်လာသလဲ”ဟု မေးသည်။

ကျွန်တော်က ထိုမေးခွန်းကို စောင့်မျှော်နေသူ ဖြစ်သည်။

“ငါတစ်ယောက်တည်း ရေနံလှေကို လှော်ခတ်လာတာပေါ့”ဟု ဝင့်ကြွားသည့်လေသံနှင့် ပြောကြားလိုက်သည်။ တစ်ချိန်က ကျွန်တော် မြက်မရိတ်တတ်၊ မြက်မထုံးတတ်သည်ကို ပြက်ရယ်ပြုသည့်သဘောနှင့် မအေးမိက အားကိုးလောက်တဲ့ယောကျ်ားပဲ ဟု ပြောခဲ့ဖူးသည်။ ယခု ကျွန်တော်၏ သတ္တိနှင့် စွမ်းပကားကို ပြလိုက်ရ၍ စိတ်ထဲတွင် ကျေနပ်သွားသည်။ မအေးမိက–

“ဦးဘချောင်း ပြန်လာတာသိရလို့ ကျွန်မ တစ်ညလုံး အိပ်မပျော်ဘူး။ ခုလည်း ဦးဘချောင်းအစား လူငှားလွှတ်လိုက်ရရင် ကောင်းမလားလို့ အမေရုံးကို တိုင်ပင်ရအောင် လာတာ။ အမေရုံးက ကြီးတော်ဒေါ်အေးမြ သုဘ သွားနေလို့ စောင့်နေတုန်း ကိုအုံးဖေ ပြန်လာတာ တွေ့ရလို့ ကျွန်မ တော့ သိပ်ဝမ်းသာတာပဲ”ဟု ပြောပါသည်။ တကယ်ပင် ဝမ်းသာလွန်း၍လားမသိပါ ပါးပြင်ပေါ်သို့ မျက်ရည်စများ စီးဆင်းလာသည်ကို တွေ့ရသဖြင့် အေးမိကို သနားသွားပါသည်။

ဆာလောင်မွတ်သိပ်သဖြင့် ထမင်းချက်နေသော မပန်းလှိုင်ကို ထမင်း အကြောင်းပြောရာ မပန်းလှိုင်က ဟင်းမချက်ရသေးကြောင်းပြောပြီး ထမင်းကို ဆီဆမ်းကျွေးပါသည်။ ထမင်းမှာ သုံးလွန်းတင်ဖြစ်၏။ သုံးလွန်းတင် ဆိုသည်မှာ ချွေတာသည့်အနေဖြင့် ဆန်၊ ပြောင်း၊ ပဲ သုံးမျိုးစပ်ရောချက်သော ထမင်းဖြစ်၏။

ကျွန်တော့်တွင် အမေတူအဖေကွဲ အစ်မကြီးနှစ်ယောက်ရှိ၏။ အမည်မှာ မပန်းမြိုင်၊ မပန်းလှိုင်ဟူ၍ ဖြစ်၏။ နှစ်ယောက်စလုံး အိမ်ထောင်သည်များ ဖြစ်ကြ၏။ မပန်းမြိုင်က အိမ်ထောင်ခွဲသွားပြီး မပန်းလှိုင်ကမူ သူ့ခင်ပွန်းနှင့်အတူ အမေ့အိမ်မှာ နေသူဖြစ်၏။

ကျွန်တော့်ညီ ကိုလှဖေနှင့် ကိုအေးတို့မှာလည်း အိမ်ထောင်ခွဲများ ဖြစ်ကြ၏။ ကျွန်တော်က အိမ်ထောင်ကျသော်လည်း ရေသာခိုသည့်အနေဖြင့် အမေ့အိမ်၌သာနေ၏။ အမေ့အိမ်တွင် အလုပ်မလုပ်သကဲ့သို့ ယောက္ခမအိမ်၌လည်း အလုပ်လုပ်သူ မဟုတ်ပေ။ နေ့ခင်းနေ့လယ်တွင် ရွာဦးဖိုးရှိ ဇရပ်တွင်နေ ထမင်းစားချိန်ကျလျှင် အမေ့အိမ်သွား ထမင်းစား၏။ ညပိုင်းကျလျှင် ယောက္ခမတို့အိမ် သွားရောက်အိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အလုပ်မလုပ်ခြင်းကြောင့် မပန်းလှိုင်က မကျေနပ်သဖြင့် တစ်ခါတစ်ရံ အသားငါးများချက်လျှင် သိမ်းဆည်းသိုဝှက်ထားတတ်လေသည်။

အမေသည် ဘုရားကို အလွန်ကြည်ညိုသည်။ ထမင်းမစားမီ ဇော်ဖီ ဝန်းကန်ပြားကလေးနှင့် ဘုရားဆွမ်းတော်တင်လေ့ရှိ၏။ ဘာဟင်းပဲချက်ချက် ဆွမ်းပွဲတွင် ဟင်းချက်များ ပါစမြဲဖြစ်၏။ ၎င်းဆွမ်းပွဲကို ရေအိုးစင်တွင် တင်ထားစမြဲ။ ကျွန်တော် ဖဲဝိုင်းမှ ပြန်လာသည့်အခါ ရေအိုးစင်မှ ရေကို အနည်းငယ်သောက်ဟန်ပြု၍ ဆွမ်းပွဲကို မသိမသာ ကြည့်လိုက်သည်။

ထိုအခါ ဘာဟင်းချက်သည်ဆိုသည်ကို သိပြီးဖြစ်၏။ မပန်းလှိုင် သိုဝှက်ထားသော ဟင်းချက်ကို မတွေ့တွေ့အောင် ရှာတော့၏။ တွေ့ပြီးဆိုလျှင် မပန်းလှိုင်ကို ဟင်းပန်းကန် မြှောက်ပြပြီး–

"ခင်ဗျား ရုပ်လှသလောက် စိတ်ထားယုတ်မာတယ်"ဟု ပြောလိုက်၏။ တကယ်ပင်လည်း မပန်းလှိုင်သည် ရုပ်ရည်ချောမောလှပသူတစ်ဦး ဖြစ်၏။ အစ်မကြီး မပန်းမြိုင်နှင့်ကား ဆန့်ကျင်ဘက်ဖြစ်သည်။ မပန်းမြိုင်သည် အသားညို၏။ အရုပ်ဆိုး၏။ အကျည်းတန်၏။ အကျည်းတန်မြိုင်ပွဲ[illegible] ဝင်ရောက်ဆင်နွှဲလျှင် သူနှင့်လွဲမည် မထင်။ သို့ရာတွင် စိတ်ကောင်းစေတနာ ကောင်းရှိရာတွင်မူ ရှာမှရှားမည် ဖြစ်၏။ အမေက ကျွန်တော့်ကို ကျောင်းထား[illegible] မည်ဟု အမေနှင့် အစ်မကြီးများကို တိုင်ပင်ရာ၌ မပန်းမြိုင်က–

"အုံးဖေကို ကျောင်းထားပါ။ အုံးဖေအတွက် ကျွန်မ အလုပ်ပိုလုပ်[illegible] မယ်"ဟု ပြောပါသည်။ ဤမျှ အနစ်နာခံသူဖြစ်၏။

ထမင်းကို ဟင်းမပါဘဲ ကျွန်တော် အားရပါးရ စားနေသည်ကိုကြည့်[illegible] ပြီး မအေးမိ စိတ်မကောင်း ဖြစ်ဟန်ရှိပါသည်။ ထိုအခိုက် အမေ ရောက်လာ[illegible] ပါသည်။ အမေသည် ကျွန်တော့်ကိုတွေ့ရ၍ ဝမ်းသာသွားသည်ဟု ထင်[illegible] သည်။

"အမေရုံးသား မနေ့က တစ်နေကုန် ထမင်းမစားရဘူးတဲ့"ဟု မအေး[illegible] ကပြောရာ–

"ဟုတ်မှာပေါ့။ မိန်းမကခိုင်းတာကိုး။ အမေကခိုင်းတာဆိုရင် ဝေးပါ[illegible]" မအေးမိက အမေပြောသည်ကို သဘောကျပြီး ပြုံးရယ်နေပါသည်။

"အုံးဖေ၊ ရေနံပါသလား" ဟု အမေက မေးသည်။

"ပါတယ်"



"မင့်ဒွေးလေးလှဟင်းက ရေနံပါရင် သူ အကုန်ယူမယ်လို့ မှာလိုက် တယ်"

ဒွေးလေးဒေါ်လှဟင်းမှာ ကျွန်တော့်အမေ ဒေါ်ကြက်ရုံးနှင့် ညီမတစ် ဝမ်းကွဲ တော်ပါသည်။ ထနောင်းကုန်းရွာတွင် ကုန်စုံရောင်းသူဖြစ်သည်။ ကျွန်တော်က–

"လမ်းရွာကို ရေနံဝယ်သွားမလို့။ ပုံးခွံရှိလျှင် ပေးလိုက်ပါ။ ငွေစိုက် ထားခဲ့မယ်ပြောတော့ ပုံးခွံလွတ်မရှိဘူးလို့ ပြောထယ်။ အခု ရေနံဝယ်တော့ ဘယ်ကပုံးခွံနဲ့ ထည့်မှာလဲ"ဟု မေးရာ အမေက–

"ဟုတ်တယ်။ မင့်ကို ရေနံပုံးခွံပေးလိုက်ရမှာ မယုံလို့တဲ့။ လှဟင်းကို အပြစ်မတင်နဲ့။ မင့်အကြောင်းကိုသိတဲ့လူတိုင်း ဘယ်သူကမှ မယုံဘူး။ အဲ မင့်ကိုယုံသူကတော့ အေးမိပဲ။ ငါတော့အံ့ရော အံ့ရော။ လက်ဝတ်လက်စား [illegible]တောင် ပေါင်နှံပြီး ငွေလေးရာကျပ် ပေးလိုက်ရတယ်လို့"ဟုပြောရာ မအေးမိက သဘောကျပြီး ပြုံးရယ်နေပါသည်။

အမေက သူ့ညီမကိုပဲ ရောင်းစေလိုသည့်ဆန္ဒရှိသဖြင့် လေးဂါလံဝင် [illegible]ပုံးနှစ်ပုံးကို ချန်ထားပြီး အကုန်လုံး ရောင်းလိုက်ပါသည်။ ရေနံမှာ [illegible]ရေနံဆီမဟုတ်သော်လည်း ရေနံအကျဲ အကောင်းစားဖြစ်၍ မီးခွက်မှန်အိမ် [illegible]နိုင်ပါသည်။ ရေနံကို ဒွေးလေးဒေါ်လှဟင်း သဘောကျသကဲ့သို့ မအေးမိ [illegible]သည်း ငွေသုံးရာကျော် အမြတ်ရ၍ ကျွန်တော့်ကို သဘောကျ ကျေနပ် [illegible]ပါသည်။

မရောင်းဘဲချန်ထားသည့် ရေနံနှစ်ပုံးမှ တစ်ပုံးကို ကျွန်တော်တို့အိမ် [illegible]နှင့် မအေးမိက ပေးသဖြင့် အမေမှာ တပြုံးပြုံး ဖြစ်နေပါသည်။ ကျွန်[illegible] [illegible]ကို ကျွန်တော်က ပေးသည့်အနေဖြင့် သူတို့အိမ် ယူသွားပါသည်။ [illegible] အစီအစဉ်မှာ နှစ်ဖက်မိဘ ဆွေမျိုးများ ကျေနပ်မှုရှိအောင် ပြုလုပ် [illegible]ပါသည်။ ကျွန်တော့်ကိုလည်း ညစာထမင်းစားရန် အိမ်သို့ စောစော [illegible]ကပ်ဖို့ မှာကြားသွားပါသည်။

ညနေတွင် ကြီးဒေါ်ဒေါ်အေးမြ အသုဘပို့ပြီးနောက် မအေးမိတို့[illegible] [illegible]ပါသည်။ ဘီယာသည် ကျွန်တော့်ကိုမြင်သည်နှင့် ပြုံးရွှင်လျက် [illegible] [illegible]တောတ်ရပ်၍ ကျွန်တော်၏ရင်ဘတ်ကို သူ့လက်ဖြင့် ပုတ်ပါသည်။ [illegible] အသံဖြင့် သူ့ပါးစပ်မှ သူ့ဘာသာစကားကို ပြောနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားမလည်သော်လည်း သူ့အမူအရာကို ကြည့်ရခြင်းအားဖြင့် ကျွန်တော့်ကို သူမျှော်လင့်နေကြောင်း၊ လွမ်းဆွတ်နေကြောင်း ပြောသည်ဟုပင် ထင်ပါသည်။

လူကြီးများ ထမင်းစားပြီးကြပြီဖြစ်၍ ထမင်းပွဲတွင် ကျွန်တော်တို့ နှစ်ဦးတည်း မျက်နှာချင်းဆိုင် ထမင်းလက်ဆုံ စားကြပါသည်။ တစ်ဦးမျက်နှာကို တစ်ဦးကြည့်ပြီး ထမင်းစားရသည်မှာ ဟင်းချက်ကောင်းစားရသည်ထက် ပိုပြီး အရသာရှိလှပါသည်။ ရှင်ပေါင်စာ ဆီပြန်ချက်ကို မအေးမိက သူမစားဘဲ ကျွန်တော့်ထမင်းပန်းကန်ထဲ ထည့်ပေးပါသည်။ ကျွန်တော်ကလည်း ချစ်ခင်ကြင်နာသဖြင့် မအေးမိကို ပြန်ပြီး မျှဝေပေးပါသည်။

'ညဥ့်သုံးယံလုံး မောင်မယ်တစုံ၊ စကားလက်ဆုံ ပြော၍မကုန်' ဆိုသော ခေတ်ဟောင်းသီချင်းကဲ့သို့ သန်းခေါင်ကျော်သည့်တိုင်အောင် ကျွန်တော်တို့ နှစ်ဦးမှာ ဖြစ်ကြောင်းကုန်စင်ကို ပြော၍မပြီးနိုင်ဘဲ ရှိနေပါသည်။

---

## သံချောင်းခေါက်သံနှစ်ချက်ကြားပြီးသောအခါ

အချိန်သည် ရပ်တန့်နေသည်ဟူ၍ မရှိဘဲ အစဉ်တစိုက် ရွေ့လျားသွားလာ[illegible]သည်။ မည်သူမျှ အချိန်ကို ရပ်တန့်နေစေရန် ပြုလုပ်နိုင်စွမ်းမရှိပေ။ ရှိခဲ့[illegible] ကျွန်တော်သည် အာမခံရသည့် နှစ်လကို ကုန်လွန်မသွားအောင် အချိန်[illegible] ရပ်တန့်ထားချင်ပါသည်။ သို့မဟုတ် အချိန်ကို နာရီလက်တံလို နောက်[illegible]တတ်လို့ရက ဆုတ်ချင်ပါသည်။

ကျွန်တော်သည် ပျော်လိုက်ပါးလိုက်၊ စားလိုက်သောက်လိုက်၊ ဖဲရိုက်[illegible]ခြင်းဖြင့် အချိန်သည် ကုန်မှန်းမသိ တရွေ့ရွေ့ကုန်ခဲ့၏။ အောက်တိုဘာလ[illegible]ရက်နေ့သို့ ရောက်လာပြီဖြစ်၏။

အောက်တိုဘာလ သုံးရက်နေ့ဆိုလျှင် ပခုက္ကူအကျဉ်းထောင်ရှိရာသို့ [illegible]တော်တို့ ပြန်သွားကြရမည်ဖြစ်၍ စိတ်မှာ ပျော်ရွှင်ခြင်းမရှိတော့ဘဲ [illegible]ငြိမ်လေးလံနေသည်။ အထူးသဖြင့် မအေးမိနှင့် ခွဲခွာရတော့မည် ဖြစ်[illegible]အတွက် စိတ်ဆင်းရဲနေပါသည်။ မအေးမိမျက်နှာမှာလည်း ကြည်လင်[illegible]ခြင်းမရှိဘဲ ခွဲခွာရမည်ကို ကျွန်တော်သိသလို သူလည်းသိနေပါသည်။ [illegible]နှင့် အောင်စိန်ကိုလည်း ကြိုတင်စီစဉ်ထားရန် ပြောထားပြီးဖြစ်ပါ

www.burmeseclassic.com



သည်။ သူတို့နှစ်ဦးမှာ ကျွန်တော့်ကြောင့် ထောင်ကျရခြင်းဖြစ်၍ သူတို့ကို အားနာသည်၊ သနားသည်။

သို့ဖြစ်၍ ထောင်ထဲတွင် အတူနေခဲ့စဉ်က ကျွန်တော်တတ်နိုင်သမျှ ကူညီစောင့်ရှောက်ခဲ့သည်။ တုတ်ကိုင် (ဘာယာ)ဖြစ်၍လည်း အလုပ်အကိုင်မှအစ သက်သာမှုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ သူတို့နှစ်ဦးစလုံး စာပေဗဟုသုတ နည်းပါးကြသကဲ့သို့ ဒေသန္တရဗဟုသုတအနေဖြင့်လည်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့မှလွဲ၍ အခြားမည်သည့်မြို့ရွာကိုမျှ ရောက်ဖူးသူများ မဟုတ်ကြပေ။ ထိုအထဲတွင် ကျွန်တော်က 'အနုတော လူချော' 'အနှစ်မရှိသည့်တော ကြက်ဆူပင်မင်းမူ'သည့်သဘောဖြစ်နေရာ ဘာပဲဖြစ်ဖြစ် သူတို့သည် ကျွန်တော့်ကိုပဲ အားကိုးနေကြသည်။

ထိုနေ့ညတွင် မအေးမိက တိုးညင်းသောလေသံဖြင့်–

"ပြီးခဲ့တဲ့လက သူ့မှာ (......) မလာ"ဟု ပြောပါသည်။

ကျွန်တော် ဝမ်းသာသွားပါသည်။ အစားအသောက် အနေအထိုင် ဆင်ခြင်ရန်နှင့် အထူးသဖြင့် အိမ်လေ့ကား အတက်အဆင်းကို ဖြည်းညှင်းစွာ တက်ဆင်းရန် တတ်သလောက် မှတ်သလောက် ပြောပြရပါသည်။ သားကလေး မွေးလျှင်တော့ ကောင်းမှာပဲဟု စိတ်ထဲတွင်တွေးပြီး ပျော်ရွှင်နေပါသည်။

အောက်တိုဘာလ သုံးရက်နေ့နံနက်တွင် ကျွန်တော်တို့အမှုတွဲ သုံးဦး ပခုက္ကူသို့ ခြေကျင်ထွက်လာကြပါသည်။ ပခုက္ကူအကျဉ်းထောင်မှာ ပခုက္ကူမြို့ အရှေ့ဘက် ကွမ်းရွာတွင်ရှိပါသည်။ ပခုက္ကူမှ ငါးမိုင်ဝေးပါသည်။

ပခုက္ကူမြို့မရောက်မီ ကုက္ကိုလှရွာ လမ်းဘေးတွင် ညောင်ပင်ကြီးများ ရှိသည်။ ညောင်ပင်အောက်တွင် အုတ်ရေချမ်းစင်ရှိ၏။ အကြော်ဖိုလည်း ရှိ၏။ ထိုခရီးလမ်းတွင် ထိုအကြော်ဖိုရောက်လျှင် နားကြ စားကြစမြဲ ဖြစ်၏။ ကျွန်တော်တို့သုံးဦးလည်း ဘူးသီးကြော်၊ ဘယာကြော်များဝယ်ပြီး ရေနွေးကြမ်းနှင့် သောက်ကြစားကြသည်။

ပခုက္ကူမြို့ပေါ်ရောက်သောအခါ နံနက်ကိုးနာရီအချိန်ခန့် ရှိပါပြီ။ မြို့မှာ လူသွားလူလာ မရှိသလောက်ဖြစ်နေသဖြင့် တစ်မြို့လုံး ခြောက်ခြားနေပါသည်။ မဟာမိတ်ဗုံးကြဲလေယာဉ်ပျံကြီးများ၏ ဗုံးဒဏ်၊ စက်သေနတ်ဒဏ်ကြောင့် တချို့အိမ်များ၊ တိုက်များမှာ ပြိုကွဲပျက်စီးနေသည်။ လူများ အိမ်များ၊ တိုက်များ၊ ဝိုင်းများကို သော့ခတ်ပြီး နီးစပ်ရာ ကျေးရွာများသို့ သွားရောက်ခိုလှုံနေကြသဖြင့် ဝိုင်းမြေများတွင် ပေါင်းမြက်များ ဝေဝါထနေသည်။ အိမ်တိုင်များကို နွယ်ပတ်နေသည်။ တွေ့ရမြင်ရသည်မှာ မြို့ပျက်ကြီးလို ...ဆွေ့ဖွယ်ရာ ကောင်းလှပါသည်။



ဗုံးဒဏ်ကြောက်ရွံ့၍ အစိုးရရုံးများမှာလည်း ကျေးလက်တောရွာများသို့ ရွှေ့ပြောင်းကြရပါသည်။ ခရိုင်ဝန်ရုံး၊ ရာဇဝတ်ဝန်ရုံး၊ ငွေတိုက်ရုံး၊ အခွန်ရုံး၊ သစ်တောရုံးများနှင့် ဆေးရုံမှာ ပခုက္ကူမြို့ အနောက်ဘက် နှစ်မိုင်ခန့်ကွာသော ...ယ်ရွာဥယျာဉ်ထဲတွင် ရွှေ့ပြောင်းရုံးစိုက်ကြရသည်။ သက်ငယ်မိုး ထရံကာ ...တိုက်ရုံးများဖြစ်သည်။ စက်ရှင်တရားသူကြီးရုံးနှင့် နယ်ပိုင်ဝန်ထောက်ရုံးများမှာ ကွမ်းရွာသို့ ရွှေ့ပြောင်းရုံးစိုက်ကြသည်။ မြို့ပိုင်ရုံးမှာ ရွှေချောင်းရွာတွင် ရှိသည်။

မြန်မာနိုင်ငံအထက်ပိုင်းတွင် ပခုက္ကူမြို့သည် မဟာမိတ်ဗုံးကြဲလေယာဉ်ပျံကြီးများ၏ ဗုံးကြဲတိုက်ခိုက်ခြင်းကို အများဆုံးခံရသောမြို့ ဖြစ်သည်။ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် မြို့တော် 'အင်ဖာ'သို့ ဂျပန်စစ်တပ်ကြီးများ ချီတက်တိုက်ခိုက်ရာတွင် ပခုက္ကူမြို့သည် ရိက္ခာသိုလှောင်ရာ အခြေခံစခန်း ဖြစ်ပါသည်။

ရိက္ခာများကို လှေကြီးလှေငယ်များပေါ်တင်ပြီး ပို့ဆောင်ရ၏။ လှေကို ကြိုးဆွဲရသည်။ ထိုးဝါးထိုးရသည်။ လှော်ရခတ်ရသည်။ ပခုက္ကူမှ ရေစကြို၊ ...လင်းကြီး၊ မုံရွာ၊ ကန်နီ၊ မင်းကင်း စသော မြို့နယ်ကမ်းခြေများကို ဖြတ်သန်းပြီး ကလေးဝ ဆိပ်ကမ်းသို့ ပို့ဆောင်ပေးရသည်။ ဂျပန်စစ်တပ်က ...ိက်မနေရ လူရှာလှေရှာ ချောဆွဲသည်။ ဂျပန်စစ်သားများသည် အကြင်နာ ...ား ကင်းမဲ့ကြသည်။ မဝရေစာ မသေရုံတမယ် ကျွေးသဖြင့် တချို့ ထွက်ပြေးကြသည်။

ရိက္ခာလှေများကို 'ကျွဲညီနောင်'ခေါ် လေယာဉ်ပျံနှစ်စင်းက ချင်းတွင်း လမ်းတစ်လျှောက် စက်သေနတ်များဖြင့် လိုက်လံပစ်ခတ်သည့်အတွက် တချို့လည်း ရေမြုပ်သည်။ လူအချို့လည်း သေသည်။ တချို့မှာ ...ားမိ၍ အိမ်ပြန်မရောက်လာတော့ပါ။ ကျွန်တော်တို့ရွာမှ ကိုဒွေးဆိုသူမှာ ...သည့်ပုံ ပုန်းကွယ်ရာတွင် မြစ်ကမ်းပါးအခြေ၌ ဝပ်နေခိုက် ကမ်းပါးပြို၍ ...သကြောင်း ကြားသိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ဆယ့်တစ်နာရီအချိန်ခန့်တွင် ကွမ်းရွာသို့ရောက်ပါသည်။ ထောင်မှာ ကွမ်းရွာတစ်ဘက်ကမ်း 'ဖိုးခက်ကုန်း'၌ ဖြစ်သည်။ ကွမ်းရွာနှင့် ဖိုးခက်ကုန်း ကြားတွင် ရေလက်ကြားခြားလျက်ရှိ၏။ ကူးတို့လှေဖြင့် ကူးကြရ၏။ ကူးတို့ခ မပေးရပါ။ ထောင်ဝန်ထမ်းများနှင့် ထောင်သားများအတွက် သီးသန့်ပို့ဆောင်ရသော ကူးတို့ဖြစ်၏။

ဖိုးခက်ကုန်းမှာ သရက်ပင်၊ ရှောက်ပင်၊ မာလကာပင်၊ ဥသျှစ်ပင်များနှင့် ဝေဆာနေသော ဥယျာဉ်ကြီးဖြစ်၏။ ဥယျာဉ်တောင်ဖျားတွင် အရှေ့အနောက်တန်းလျက် အိမ်လေးလုံးရှိ၏။ အနောက်ဆုံးအိမ်မှာ 'အမေတုတ်'အိမ် ဖြစ်သည်။ အခြား သုံးအိမ်မှာလည်း အမေတုတ်၏တူ၊ တူမများအိမ် ဖြစ်ကြပါသည်။ ထောင်မှာ ဥယျာဉ်အတွင်း မြောက်ဖျားတွင် တည်ရှိပါသည်။ အရှေ့အနောက် အလျားလိုက် တည်ဆောက်ထားသည်။ သက်ငယ်မိုး၊ထရံကာ၊ အခင်းမှာ ကျူဖျာဖြစ်သည်။ အဆောက်အအုံ ပတ်ပတ်လည်တွင် သွပ်ဆူးကြိုးများဖြင့် အထပ်ထပ် ကာရံထား၏။

ထောင်မှူးကြီး ရှုလေမန်က အမေတုတ်အိမ် ခေါင်းရင်းတွင် အဖိချပြီး ရုံးခန်းပြုလုပ်ကာ သူလည်း ရုံးခန်းမှာပင် နေပါသည်။ ထောင်မှူးကလေး ဦးစန်းမောင်က မြင်းကျွန်းရွာတွင် အိမ်ငှားပြီး သူ့ဇနီး မခင်ရွှေနှင့်အတူ နေပါသည်။ မြင်းကျွန်းရွာမှာ ထောင်နှင့် တစ်ဖာလုံခန့်ဝေးပါသည်။ ပြာတာများက အမေတုတ်အိမ်အောက်မှာရော၊ အခြားအိမ်များမှာပါ နီးစပ်ရာ နေကြရသည်။ အလယ်အိမ်တွင် အပျိုကြီးမဥဆိုသူ ရှိ၏။ သူက 'စိန်လက်စွပ်တံဆိပ်' သနပ်ဖက်ဆေးလိပ်လုပ်ငန်း လုပ်၏။ သူ၏ ဆေးလိပ်ကိုပဲ ဝယ်ယူ သောက်ကြရသည်။

အမေတုတ်တွင် ခင်ပွန်းမရှိသော်လည်း မစန်း၊ မဖွားမြိုင်၊ မအေးသိန်း ဟုခေါ်သော မွေးမသုံးဦး ရှိသည်။ မဖွားမြိုင်မှာ ကွမ်းရွာသား ကိုအုန်းဖေနှင့် အိမ်ထောင်ကျပြီး အမေတုတ်နှင့် အတူနေသည်။ မစန်းနှင့် မအေးသိန်းတို့က အပျိုများဖြစ်ကြသည့်အပြင် ရုပ်ရည်ကလည်း ချောမောလှပကြသဖြင့် သူတို့ကို ကြည့်ပြီး ထောင်သားများ သွားရည်ကျကြ၏။ ရသေ့စိတ်ဖြေနေကြရ၏ဟုလည်း ယခင် ရောက်ရှိနေသူများက ပြော၍ သိရပါသည်။

ကျွန်တော်တို့ ပြန်လာကြသော ထောင်သားများကို စာရင်းပြုလုပ်ရန် ထောင်ရှေ့မျက်နှာစာ၌ နှစ်ယောက်တစ်တွဲ 'ပုံစံ'ဖြင့် တန်းစီပြီး ထိုင်နေကြရ၏။ ပုံစံ ဆိုသည်မှာ ဆောင့်ကြောင့်ထိုင်ပြီး ဒူးပေါ်ကို လက်နှစ်ဖက်ယှက်ကာ တင်ထားရခြင်းကို ခေါ်သည်။ ကျွန်တော်သည် ဆယ့်တစ်မိုင်ခရီးကို ခြေကျင်လာရသည့်အတွက် ညောင်းကိုက်နေသဖြင့် ဖင်ကို မြေပေါ်ချ၊ ဒူးနှစ်လုံး ထောင်ပြီး ဒူးကို လက်နှစ်ဖက်ဖြင့် ပိုက်ကာ ထိုင်နေမိပါသည်။ ထိုအခိုက် ကျွန်တော်တို့ကို စောင့်ကြပ်နေသော ပြာတာ ဦးဘရှိန်က ကျွန်တော်၏ ကျောပြင်ကို နံပါတ်တုတ်ဖြင့် 'အုန်းခနဲ' ရိုက်လိုက်ပါသည်။ သူ၏ပါးစပ်မှလည်း-

“မင်းက ဘာကောင်လဲကွ။ ပုံစံအတိုင်း ဘာပြုလို့ မထိုင်ရတာလဲ” ဟု ပြောပါသည်။ ရိုက်ချက်မှာ ပြင်းထန်သဖြင့် ကျောအောင့်ပြီး အသက်မရှူနိုင်ဘဲ ဖြစ်နေပါသည်။

“အင်း” ဟု အင်းရှည်ကြီးဆွဲကာ စက္ကန့်နှစ်ဆယ်ခန့်မျှ အသက်အောင့်နေရပါသည်။ ပြီးမှ 'ဟင်းခနဲ' အသက်ရှူနိုင်သည်။ ပုံစံအတိုင်း ထိုင်လိုက်ပါသည်။ ကျွန်တော့်လို ပုံစံမကျ ထိုင်နေသူနှစ်ဦး၊ သုံးဦး ရှိပါသည်။ သူတို့သည် ကျွန်တော့်ကိုရိုက်ပြီးမှ ပုံစံကျထိုင်ခြင်း ဖြစ်သည်။

ဦးဘရှိန် ကျွန်တော့်ကို မကျေနပ်သည့်အချက် ရှိသည်။ ထောင်ကို မချမီ ရက်သတ္တနှစ်ပတ်ခန့်က ဖြစ်သည်။ ကျွန်တော်က ဦးဘရှိန်ကို ငွေတစ်ကျပ် ပေးလိုက်သည်။ 'နီလာရောင်' တံဆိပ် သနပ်ဖက်ဆေးလိပ် ဝယ်ခဲ့ရန် ဖြစ်သည်။ ဦးဘရှိန် ဆေးလိပ်ဝယ်လာသောအခါ အခြားပြာတာများကို မှာရသည်ထက် ဆေးလိပ်အရေအတွက်က နည်းနေသည်။ ထို့ကြောင့်-

“ဒါပဲရသလား”ဟု ကျွန်တော်က မေးမိပါသည်။ ဤသို့ မေးမြန်းသည့်အတွက် မကျေနပ်ခြင်း ဖြစ်ဟန်ရှိသည်ဟု ထင်ပါသည်။

ပခုက္ကူထောင်တွင် ထောင်ဝန်ထမ်းပြာတာ ဆယ်ဦးခန့် ရှိပါသည်။ ကျွန်တော် မှတ်မိသူများမှာ ၁။ ဦးစိန်၊ ၂။ ဦးတင်အေး၊ ၃။ ဦးကျော်သောင်း၊ ၄။ ဦးဘိုလေး၊ ၅။ ဦးဘရှိန်၊ ၆။ ဦးတင်စိန်၊ ၇။ ဦးဝကြီး၊ ၈။ ဦးကြင်မောင်၊ ၉။ ဦးအောင်သိန်း၊ ၁၀။ ဦးထွေးတို့ ဖြစ်ပါသည်။ (ယခု စာရေးချိန်တွင် ဦးစိန်နှင့်ဦးထွေးပဲ ရှိပါတော့သည်။)

ဦးထွေးမှာ ကျောင်းသားဖြစ်ပြီး ဂျပန်ခေတ် ကျောင်းပိတ်ထား၍ အလုပ် ဝင်လုပ်ခြင်းဖြစ်သည်။ လက်ထောက်ထောင်မှူး ဦးစန်းမောင်၏ ညီအရင်းဖြစ်သည်။ ဝန်ထမ်းများတွင် ဦးထွေးသည် အသက်အငယ်ဆုံး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သတဲ့သို့ ရုပ်ရည်လည်း အချောခန့်ဆုံး၊ ရိုးသားမှုလည်း အရှိဆုံးဖြစ်သည်။ သူ့ကို ဆေးလိပ်ဝယ်ခဲ့ပါရန် ပိုက်ဆံပေးလိုက်လျှင် အခြားသူများထက် ဆေးလိပ်အရေအတွက် ပိုရသည်ချည်း ဖြစ်သည်။

ထောင်သို့ပြန်လာကြသော ကျွန်တော်တို့ အကျဉ်းသားအားလုံးကို စာရင်းကောက်ယူပြီး သံခြေချင်းခတ်ပါသည်။ သံလုံးမှာ ငါးမူးလုံးခန့်ရှိ၏။ ထိုနေ့က ပြန်လာကြသူ ရှစ်ဆယ်ဦးခန့်ရှိရာ ထိုအထဲတွင် မြကောင်းနှင့် ဘိုးထူးလည်း ပါသည်။ ကုလားက ဘိုးထူးကို–

"ဝက်သားတုံးကြီး သွားဖုံးမြုပ်အောင် စားခဲ့ရရဲ့လား"ဟုမေးရာ ဘိုးထူးက–

"စားမဲ့ရတယ်ကွ။ မင့်သာမိန်းမ မရှိလို့ မစားရတာ" ဟု ပြောသဖြင့် အကြောင်းသိသူများက ရယ်ကြပါသည်။

ကျွန်တော်တို့မရောက်မီ ထောင်ထဲတွင် အကျဉ်းသားလေးဆယ်ဦးခန့် ရှိပါသည်။ အချုပ်သားများကိုမူ ကွမ်းရွာရှိ တစ်ထပ်တိုက်ပျက်ကြီးကို ပြင်ဆင်ပြီး သီးခြားထားရှိပါသည်။ ညနေ လေးနာရီအချိန်ခန့်တွင် ညစာထမင်းကျွေးပါသည်။ ဆန်မှာ လုံးတီးဆန်ဖြစ်၍ ထမင်းမှာ ထော်နေအောင် ကြမ်းပါသည်။ ဟင်းမှာ ပဲဖြူဟင်းဖြစ်ရာ ငါးပိနှင့်ဆီမှာ ပါလေကာမျှဖြစ်သည်။ ရေတတ်သီးငါးပိကြော် အနည်းငယ် ပါသည်။

အကျဉ်းထောင်များတွင် လုံးတီးဆန်ကျွေးခြင်းမှာ ကိုယ်ဖောကိုယ်ရောင် မရှိခြင်းနှင့် ကျန်းမာရေး ကောင်းစေလိုခြင်းကြောင့်ဖြစ်သည်။ လုံးတီးဆန်သည် အာဟာရဓာတ် အပြည့်အဝပါရှိသဖြင့် 'အားလိုလျှင် ဆန်လုံးညိုစား' ဟူ၍ပင် ဆောင်ပုဒ်ရှိခဲ့ဖူးသည်။ စပါးစက်များမှထွက်ရှိသော ဖွဲနုများကို မြန်မာနိုင်ငံတွင် တိရစ္ဆာန်များအတွက်သာလျှင် အသုံးပြုကြသဖြင့် ဘာန်ဖိုးရှိသော အရာများမဟုတ်ပေ။ ၎င်းဖွဲနုများကို ဈေးပေါပေါနှင့် အင်္ဂလန်နိုင်ငံမှ ယူပြီး 'ဂိုးလ်ဒင်းဘတ်' မုန့်ပြုလုပ်သည်။ အနံ့အရသာပျက်စီးမှုမရှိအောင် သတ္တာဖြင့် လုံလုံခြုံခြုံ ထုပ်ပိုးကာ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတကာကို ပြန်ပြီးရောင်းချသည်။ ၎င်းမုန့်၏အရသာမှ ဆိမ့်၏။ အာနိသင်မှာ အားအင်ပြည့်ဖြိုးသဖြင့် တန်ဖိုးကြီးသည်။ လူကုံထံအဘိုးအဘွားများနှင့် လူမမာများအတွက်သာလျှင် အသုံးပြုကြသည်။

လုံးတီးဆန်မှာ စားရာတွင် ကြမ်းတမ်းသော်လည်း အရသာမှာ လေးလေး



ရာ ရှိပါသည်။ နံနက်ထမင်းမစားရ၍လားမသိ၊ စားလို့ကောင်းသည်မှာ ပြောဖွယ်ရာ မရှိပါ။ ထမင်းစားပြီး အိပ်ထောင်ရှေ့တွင် နှစ်ယောက်တစ်တွဲ န်းစီပြီး ထိုင်နေကြရပါသည်။ အချိန်အတော်ကြာမှ ထောင်အာဏာပိုင်များ စာရင်းနှင့် ထောင်သားဦးရေ ကိုက်ညီမှုရှိမရှိ စစ်ဆေးကြည့်ရှုပါသည်။ နောက် အိပ်ထောင်တန်းလျားထဲသို့ ဝင်ရောက်ကြရပါသည်။

အိပ်ကြရသည်မှာ တောင်ကို ခေါင်းထား၍ အိပ်ရသောအတန်းနှင့် ာက်ကို ခေါင်းထား၍ အိပ်ရသောအတန်းနှစ်တန်း ဖြစ်သည်။ တစ်တန်း တစ်တန်း ခြေထောက်ချင်း ထိပ်တိုက်နေကြရပါသည်။

အကျဉ်းသားများ၏ ခြေထောက်မှ သံခြေချင်းကို သစ်နဖားသီသော ကြိုးနှင့် ဟိုဘက်တန်းမှ ခြေထောက်များနှင့် သည်ဘက်တန်းမှ ခြေထောက် ကို အဝတ်ချုပ်သလို သံကြိုးဖြင့် သီပါသည်။ သံကြိုးအစအဆုံးကို က်ပင်ပတ်ပြီး သော့ခတ်ပါသည်။ သော့ခတ်ပြီးနောက် မည်သည့်အကြောင်း ဖြုတ်ပေးခြင်း မပြုပါ။ နံနက်လင်းမှ ဖြုတ်ပေးပါသည်။

ဆီး၊ ဝမ်းသွားချင်လျှင် မိလ္လာသမားကို ခေါ်ရပါသည်။ မိလ္လာသမား ာ ထောင်မှ လွတ်ခါနီးသူများ ဖြစ်ကြပါသည်။ မိလ္လာသမားက အိပ်နေ ၏ ခေါင်းပေါ်မှကျော်ပြီး အလယ်အူကြောင်းတွင် မိလ္လာပုံးချပေးပါ ည်။ အချို့ပုံးများက မလုံ၍ မိလ္လာများ စိမ့်ကျနေတတ်ပါသည်။ ဝမ်းသွား ကြာလွန်းလျှင်လည်း–

"ဟေ့ကောင်၊ မပြီးသေးဘူးလား။ နံလွန်းလို့"ဟု အော်ကြပါသည်။

အဖြစ်မှာ အလွန်စက်ဆုပ်ရွံရှာဖွယ်ရာ ကောင်းလှပါသည်။ လောက ပါသည်။ တစ်ခါတစ်ရံ သံကြိုးသီရာတွင် သံကြိုးကွင်းဆက်များကို ထားတတ်ကြပါသည်။ ခိုးယူသူများ၍ သံကြိုးသည် သရက်ပင်ကို မီသောအခါ–

"ဘယ်ကောင်တွေလဲကွ သံကြိုးခိုးတာ"ဟုပြောပြီး တာဝန်ကျပြာတာ လိုက်လံ စစ်ဆေးသည်။ တွေ့သည့်အခါ–

"စားဖို့ခိုးတာလား"ဟုမေးပြီး နံပါတ်တုတ်ဖြင့် ရိုက်ပါသည်။ သံကြိုး က်များကို ခိုးယူခြင်းမှာ ခြေထောက်ကို ချောင်ချောင်ချိချိ တွေးနိုင် နိုင်အောင် ပြုလုပ်လို၍ ဖြစ်ပါသည်။

www.burmeseclassic.com



ကျွန်တော့်မှာ ပက်လက်အိပ်၍ မရပါ။ ဦးဘရှိန်ရိုက်ထားသော ဒဏ်ချက်က နာလွှန်းနေသဖြင့် ကိုယ်တစ်စောင်းအိပ်ရပါသည်။ ကျွန်တော်၏ အသားအရေမှာ ဖြူသဖြင့် ကျောတွင် ကန့်လန့်ဖြတ် အညိုစင်းကြီး ထင်နေပါသည်။

လူများမှာ ပဲဖြူဟင်းများ စားထားကြသဖြင့် 'တဗွီဗွီ' 'တဗွမ်းဗွမ်း' ဝမ်းသွားကြ၏။ တစ်ဦးပြီးတစ်ဦး၊ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက် ပင်ဖြစ်သည်။ မိလ္လာနံ့ နံ၍ အိပ်မရသည်ကတစ်ကြောင်း၊ ကျောအောင့်ပြီး နာနေသည်ကတစ်ကြောင်းတို့ကြောင့် ဆယ့်နှစ်နာရီ သံချောင်းခေါက်သည် တိုင်အောင် အိပ်မပျော်နိုင်ဘဲ ရှိနေပါသည်။ စိတ်အာရုံကလည်း မအေးမိထံ ရောက်ရှိနေသည်။ ကျွန်တော် အရိုက်ခံရသည်ကို မအေးမိ ကြားသိလျှင် စိတ်ဆင်းရဲပေလိမ့်မည်။ ကျွန်တော့်ကိုချစ်သော မအေးမိ၏ ချစ်ခြင်းမေတ္တာ မှာ စံတင်လောက်သည်။ မိဘမွေးချင်းများ၊ ဆွေမျိုးများအားလုံးက သဘောမတူ ဘဲနှင့် ကျွန်တော်ခေါ်ရာနောက်သို့ နှစ်ကြိမ်တိုင်တိုင် လိုက်လာခဲ့သူ ဖြစ်သည်။

သမီးကိုချစ်၍ လက်ခံကြရသော်လည်း ကျွန်တော့်ကိုကား အလွန် မုန်းတီးကြသည်။ အဖြစ်မကောင်း အကြောင်းမသင့်၍ ထောင်ကျရသည်ကို ပင် မအေးမိ၏ မိဘမွေးချင်းများက ဝမ်းသာနေကြသည်ဟု ကြားသိခဲ့ရသည်။

မုန်းပေလိမ့်မည်။

ကျွန်တော်သည် အလုပ်မလုပ်သူ၊ အရက်သမား၊ ဖဲသမား၊ လူပေလူတေ မဟုတ်ပါလား။

ထောင်ပြာတာ၏ သံချောင်းနှစ်ချက်ခေါက်သံကြားပြီးမှ အိပ်ပျော်သွား သည်ဟု ထင်မိပါသည်။

၀ ၀ ၀

## မနေ့ညတအရသာနှင့် သည်ကနေ့ညဒုက္ခ

စစ်သည် ပြောင်းလဲတတ်သည်။ ပြောင်းလဲသည်မှာ အဆိုးမှအကောင်း သို့ ပြောင်းလဲခြင်းမဟုတ်ဘဲ အကောင်းမှ အဆိုးသို့ ပြောင်းလဲခြင်းဖြစ်သည့် အတွက် စစ်ဝါဒီများမှအပ မည်သူမျှ စစ်ကို လိုလားခြင်းမရှိကြပေ။ စစ်ကြောင့် အသက်စည်းစိမ်အိုးအိမ်များ ပျက်စီးဆုံးရှုံးကြရသည်။ စစ်ကြောင့် သွေးနှင့် မျက်ရည်ကျရသည်။ စစ်သည် မလိုလားအပ်သော အနိဋ္ဌာရုံဖြစ်သည်။

ကျွန်တော်သည် စစ်၏ဆိုးရွားခါးသီးသော အတွေ့အကြုံကို ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသဖြင့် စစ်ကို ရွံရှာမုန်းတီးလျက် ရှိနေပါသည်။ ပခုက္ကူ ထောင်ကို ဗုံးမချမီကဆိုလျှင် ထောင်သားများသည် မဟာမိတ် လေယာဉ်ကြီး များ ပျံသန်းလာသည်ကို တွေ့မြင်ရလျှင် ပျော်ရွှင်နေကြရုံမျှမက 'အယုမ်း ကြီး အောင်မောင်းကြီးချလိုက်ဟေ့'ဟူ၍ပင် လက်သီးလက်မောင်းများ ကျကာပြီး အော်ကြဟစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် ဩဂုတ်လ တစ်ရက် ဂျပန်ပေးသည့် ရွှေရည်စိမ် အတုအဆောင် လွတ်လပ်ရေး (ဝါ) စားမိုးပေးသည့် လွတ်လပ်ရေးနေ့က မဟာမိတ်လေယာဉ်ပျံကြီးလေးစင်းက ပခုက္ကူအကျဉ်းထောင်ကို ဗုံးကြဲတိုက်ခိုက်၍ လူအများ အတုံးအရုံး သေဆုံးခဲ့ကြသည်။ မသေဘဲ သွေးအိုင်ထဲ လဲနေရှာသော လူနာများမှာလည်း မြင်မကောင်းရှုမကောင်း တွေ့ကြရသည့်အတွက် ယခုအခါ ထောင်သားများမှာ လေယာဉ်ပျံအသံကိုပင် မကြားလိုကြ။ တချို့က-

"ထောင်ကမလွတ်ချင်နေပါစေ။ ဗုံးတွေမချပါစေနဲ့"ဟူ၍ပင် ပြောဆိုကြပါသည်။ ကျွန်တော်တို့ ထောင်ကိုရောက်ပြီး ရက်သတ္တတစ်ပတ်မပြည့်မီ တစ်ညတွင် မဟာမိတ်လေယာဉ်ပျံကြီးတစ်စင်းသည် ဖိုးခက်ကုန်းကျောင်းကင်းယံတွင် လှည့်ပတ်ဝဲပျံနေရာ အချိန်အတော်ကြာသည်။ ကျွန်တော်တို့အားလုံး ကြောက်ရွံ့ထိတ်လန့်နေကြသော်လည်း မည်သို့မျှ ပုန်းကွယ်ခြင်း၊ တိမ်းရှောင်ခြင်း ထွက်ပြေးခြင်း မပြုလုပ်နိုင်ပါ။

ဖိုးခက်ကုန်းထောင်မှာ သံဆူးကြိုးများ အထပ်ထပ် ကာရံထားသည့်အပြင် ကျွန်တော်တို့ ခြေထောက်များတွင်လည်း သံခြေချင်း ခတ်ထားသည်။ ယင်းသံခြေချင်းများကို တစ်လက်မလုံးခန့်ရှိ သံကြိုးဖြင့် သီထားပြီး သံကြိုးနှစ်ဖက်ကို သရက်ပင်နှစ်ပင်တွင်ပတ်၍ သော့ခတ်ထားသည်။ သို့အတွက် ဗုံးချလျှင် သိုးများလို လည်စင်းပေးရမည့် ဘဝမျိုးဖြစ်နေခြင်းကြောင့် အသက်ကိုပင် ပြင်းပြင်းမရှူရဲကြပါ။ တစ်ထောင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ အပ်ကျလျှင်ပင် ကြားရမည်ထင်သည်။ မည်သူကမျှ သံကြိုးကိုဖြုတ်ပေးမည် မဟုတ်သဖြင့် ဘုရားကိုသာ တနေကြရသည်။

ထိုအခိုက် လေယာဉ်ပျံပေါ်မှ ပစ်မှတ်ရှာသည့်သဘောဖြင့် မီးကျည်တစ်ခု ချလိုက်သည်။ တစ်ကျွန်းလုံး ထိန်ဝင်းသွားသည်။ ကျွန်းပေါ်တွင် ဖိုးခက်ကုန်းအပြင် မြင်းကျွန်းရွာ၊ ခြောက်ဦးသားရွာ၊ လေးလံကြီးရွာများ ရှိသည်။

ထိုရွာများအားလုံးလည်း ထိန်ဝင်းသွားသည်။ မီးကျည်၏အရောင်မှာ မာကျူရီ မီးသီးအရောင်မျိုးဖြစ်သော်လည်း လင်းအားမှာမူ မာကျူရီမီးသီးအားပေါင်းရာခန့်ရှိမည်ထင်ပါသည်။ ကြောက်ရွံ့လွန်းသည့်အတွက် အသက်ဘယ်ကထွက်ရမှန်း မသိဖြစ်ရှိနေသည်။ စိတ်ထဲတွင်လည်း သေရတော့မည် ထင်နေပါသည်။ ထောင်ပြာတာများကလည်း ဗုံးကျင်းအတွင်းမှ-



"မပြေးနဲ့၊ ပြေးရင် သေနတ်နှင့်ပစ်မယ်"ဟု အော်ဟစ် ခြိမ်းခြောက်ကြပါသည်။ သို့ရာတွင် လေယာဉ်ပျံသည် မည်သို့မျှပြုလုပ်ခြင်းမရှိဘဲ ပြန်သွားသဖြင့် ထိုအခါမှ ကျွန်တော်တို့အားလုံး 'ဟင်း' ခနဲ သက်ပြင်းချနိုင်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး အရှိန်အဟုန်မြင့်မားနေသည့် အချိန်ကာလဖြစ်၍ စစ်၏ လက္ခဏာဖြစ်သော စားနပ်ရိက္ခာနှင့် အဝတ်အထည်များ ရှားပါးခြင်း၊ ဆေးဝါးမရှိခြင်းတို့ကြောင့် ထောင်သားများမှာ ယားနာဝဲနာပေါက်ကြ၏။ ထိုလူများ၏ လက်များ ခြေများမှာ ဝဲနာကြောင့် ရောင်ရမ်းပြီး ပြည်များ ထွက်ဖြစ်နေ၏။ ထောင်အာဏာပိုင်များက ဆပ်ပြာမှုလည်း မပေးနိုင်။ ဆေးဝါး ဆိုလျှင် ဝေလာဝေး။

ဆေးဝါးမရှိသည့်အတွက် ဆေးမီးတိုဖြစ်သော ထန်းနို့ခြောက်ကို ပြာချကာ ဆီချေးနှင့်သမပြီး လိမ်းကြရ၏။ ထောင်သားများ မြစ်ဆိပ်သို့ ရေဆင်းချိုးသောအခါ ယားနာဝဲနာမှ သွေးပြည်များကြောင့် ဆိပ်ကမ်းတစ်ခုလုံး ညှီနံနေ၏။ မြစ်ဆိပ်အောက်ရှိ ကျေးရွာအချို့မှ လူများမှာ ထိုအချိန်၌ ရေသည် ညှီစော်နံနေ၍ အသုံးမပြုနိုင်ကြဟု ကြားသိရ၏။

ထောင်သားများနေရသည်မှာလည်း သက်ငယ်မိုး၊ ထရံကာ၊ မြေကြီးပေါ်တွင် ဖျာများခင်းပြီး ကြပ်တည်းစွာ နေရအိပ်ရသဖြင့် ရောဂါတစ်ခုခုဖြစ်ပွားလျှင် ကူးစက်လွယ်၏။ သို့ဖြစ်၍လည်း ဝဲနာပေါက်သူများ တိုးပွားများပြားလာခြင်း ဖြစ်ဟန်ရှိ၏။ ဖိုးခက်ကုန်းမှာ မြစ်ကမ်းဘေးတွင် ဖြစ်သဖြင့် တစ်နေ့တစ်ကြိမ် ရေချိုးရ၍ တော်သေး၏။

တစ်နေ့တွင် (ထိုတစ်နေ့ကို ကျွန်တော်ဘယ်တော့မှ မေ့မည်မဟုတ်ပါ။) ထိုနေ့မှာ ၁၉၄၃ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်ဖြစ်ပါသည်။ ထောင်ဝန်ထမ်း ဦးကြင်မောင်က ကျွန်တော်တို့အမှုတွဲ သုံးယောက်ကို ထောင်မှူးကြီးက ခေါ်ခိုင်းသည်ဆို၍ ဦးကြင်မောင်နှင့်အတူ ရုံးသို့ လိုက်ပါသွားပါသည်။ ထောင်မှူးကြီးရုံးမှာ အမေတုတ်အိမ်ခေါင်းရင်းတွင် အဖီချထားသော ရုံးခန်းဖြစ်သည်။ ရုံးခန်းတွင် ကျွန်တော်တို့ သုံးယောက်ပုံစံအတိုင်း ထိုင်နေကြသည်။ ထောင်မှူးကြီး စုလေမန် (ခေါ်) ဦးခင်မောင်က-

"ပထမတရားခံ အုံးဖေပါ သုံးယောက်အမှုတွဲ အယူခံကျလာပြီ" ဟု ပြောသည်။ ကုလားနှင့် အောင်စိန် အယူခံနိုင်ပြီး အုံးဖေ အယူခံရှုံးကြောင်း

www.burmeseclassic.com



ပြောရာ ကျွန်တော် ဖမ်းသားသွားပါသည်။ ကျွန်တော် ဝမ်းသာသည်မှာ အိမ်ယူခံရ၍မဟုတ်ပါ။ ကုလားနှင့် အောင်စိန် လွတ်မြောက်၍ ဝမ်းသာခြင်း ဖြစ်ပါသည်။

ထောင်မှူးကြီးက ကုလားနှင့် အောင်စိန်ကို သံခြေချင်းဖြုတ်ရန် ပန်းဘာယာကို အမိန့်ပေးလိုက်ပါသည်။ ကုလားနှင့် အောင်စိန် အပြန်တွင် 'စောဒကတက်မည်'ဟု မအေးမိ စိတ်သက်သာမှုရှိစေရန် မှာကြားလိုက်ပါသည်။

ကျွန်တော့်မှာ စိတ်လက်ပေါ့ပါး ပျော်ရွှင်သွားပါသည်။ အကြောင်းမှာ ကုလားနှင့် အောင်စိန်တို့သည် ကျွန်တော့်ကြောင့် ထောင်ကျရခြင်းဖြစ်၍ သူတို့အတွက် ကျွန်တော့်မှာ ဝန်ထုပ်ဝန်ပိုးတစ်ခု ထမ်းရွက်နေရခြင်းမှ လွတ်ကင်းသွားခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့သုံးဦး ထောင်ကျရသည့် အကြောင်းကို နောက်ကြောင်း ပြန်ဖော်ပြလိုပါသည်။

တစ်နေ့တွင် ဖဲနိုင်သဖြင့် ငွေနှစ်ရာကျပ်ကျော် ကျွန်တော့်လက်ဝယ် ရှိနေသည်။ 'ကြွက်သေတစ်ခု အရင်းပြု' သကဲ့သို့ ထိုငွေဖြင့် အရောင်းအဝယ် ပြုလုပ်ရန် မိတ်ကူးကြည့်မိပါသည်။ ဤသို့ဖြင့် ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက်တွင် မြစ်ခြေသို့ ဆားဝယ်သွားရန်အတွက် အောင်စိန်၏ လှည်းကို ငှားရမ်းခေါ်ယူခဲ့ပါသည်။ ကုန်စပ်ဖက်အဖြစ် ကုလားဆိုသူ ပါသော်လည်း သူ၏ငွေမှာ လေးဆယ်ကျပ်ကျော်ခန့် ဖြစ်ပါသည်။ ငွေများမှာ အင်္ဂလိပ်ငွေစက္ကူရော၊ ဂျပန်ငွေစက္ကူပါ နှစ်မျိုးဖြစ်သည်။ ထို့ပြင် ကျွန်တော် ကိုင်နေသော လိုင်စင်မဲ့ အင်္ဂလိပ်ရိုင်ဖယ်သေနတ်တစ်လက်လည်း ပါရှိသည်။ ၎င်းသေနတ်မှာ အင်္ဂလိပ်အပြေး ဂျပန်အတက်ခေတ်အပျက်တွင် ရပ်ရွာကာကွယ်ရေးအတွက် ကျေးရွာရန်ပုံငွေဖြင့် ဝယ်ယူထားသော သေနတ်ဖြစ်သည်။ အဖိုးငွေ တစ်ရာတစ်ဆယ့်ငါးကျပ် ပေးရ၏။

ထနောင်းကုန်းရွာတွင် လည်လည်ဝယ်ဝယ် အရှိဆုံးသူမှာ ကျွန်တော် ဖြစ်၏။ ဒေသန္တရ ဗဟုသုတအနေဖြင့် ရေစကြို၊ ပခုက္ကူ၊ ရန်ကုန်၊ မန္တလေး စသော မြို့ကြီးများကို နေခဲ့ဖူးသည့်အပြင် စာပေဗဟုသုတတွင်လည်း တခြားသူများနှင့်စာလျှင် အနည်းငယ်ရှိသူဖြစ်၍ 'အနုတော လူချော' ဖြစ်၏။ ထို့ကြောင့် ရွာလူကြီးများက ကျွန်တော့်ကိုပင် ကိုင်တွယ်ခွင့်ပေးထားခြင်း ဖြစ်၏။



ထိုသေနတ်ရှိခြင်းကြောင့် ခေတ်ပျက်သော်လည်း ကျွန်တော်တို့ရွာကို တစ်ကြိမ်တစ်ခါမျှ ဓားပြတိုက်ခြင်း၊ လုယက်ခြင်း မခံခဲ့ရပေ။ ကျွန်တော်သည် ညအခါ၌သာ သေနတ်ကို ကိုယ်နှင့်မကွာ ထားရှိသော်လည်း နေ့ခင်းနေ့လယ်တွင်မူ သို့ဝှက်သိမ်းဆည်းထားလေ့ရှိ၏။

၁၉၄၂ ခုနှစ်နောက်ပိုင်း ရောက်ရှိသောအခါ ကျွန်တော်တို့နယ်တွင် ငြိမ်ဝပ်ပိပြားမှု ရှိလာသည့်အတွက် ၎င်းသေနတ်ကို ကျွန်တော်တို့အိမ်အနောက်ဘက်ရှိ ဦးမြင့်၊ ဒေါ်နှင်းစုတို့၏ နွားစာလင့်ပေါ်တွင် နွားစာများ ဖုံးအုပ်လျက် သို့ဝှက်ထားသည်။ တစ်နေ့တွင် ကလေးများ နွားစာလင့်ပေါ်တက်ပြီး ဆော့ကစားရာမှ သေနတ်ကို တွေ့ရှိ၍ ယူဆောင်သွားကြသည်။ ကလေးဟုဆိုရသော်လည်း အသက်မှာ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ်များ ဖြစ်ကြ၏။ ထိုအကြောင်းကို ကျွန်တော်မသိ။ နောက်မှ သတင်းသဲ့သဲ့ ကြား၍ နွားစာလင့်ပေါ်သို့ တက်ရှာသောအခါ သေနတ်မရှိတော့ပေ။ ရွာခေါင်းဦးချစ်စရာနှင့် တိုင်ပင်ပြီး ကလေးများကို ချော့မော့ကာ ပြန်လည် တောင်းယူခဲ့ရဖူး၏။

ထို့ကြောင့် ကျွန်တော်သည် သေနတ်ကို ရွာ၌ထားခဲ့ရမှာစိုးရိမ်သည့်အတွက် ယူဆောင်ခဲ့ခြင်းဖြစ်၏။ ၎င်းသေနတ်သည် ကျွန်တော်တို့ကို ဒုက္ခပေးတော့၏။ ငြိုပြုမ္မေတော့၏။ နောက်ဆုံးတွင် ကျွန်တော့်ဘဝတစ်ခုလုံးကို ညစ်နွမ်းစေတော့၏။

ပခုက္ကူမြို့နယ် ရှားပင်ကိုင်းကျေးရွာအုပ်စု၊ ဇလုပ်ရွာအနီး ရောက်သောအခါ ရှေ့မှ ရင်ဆိုင်လာနေသော လှည်းတစ်စီးကို တွေ့ရ၏။ လှည်းပေါ်တွင် ပုလိပ်သုံးယောက် ပါရှိ၏။ လှည်းလမ်းမှာ ကျဉ်းမြောင်းသဖြင့် လှည်းနှစ်စီး လွတ်လွတ်ကင်းကင်း ရှောင်၍မရဘဲ လှည်းဝင်ရိုးချင်း တိုက်ညိနေသည်။ ပုလိပ်များက "သူတို့လှည်းကို လွတ်ကင်းအောင် မရှောင်ရပါမည်လား"ဟု ကျွန်တော်တို့ကို မကျေနပ်သည့်သဘောမျိုး ဖြစ်ရှိနေသည်။ သူတို့၏ အရှိန်အဝါ အာဏာကိုလည်း ပြချင်သည်။ ဤတွင် ကျွန်တော်တို့ကို–

"ဘယ်ကလာလို့ ဘယ်သွားမှာလဲ"ဟု မောက်မာခက်ထန်သောအသံဖြင့် မေး၏။ ကျွန်တော်က ထနောင်းကုန်းရွာမှ မြစ်ခြေသို့ ဆားဝယ်သွားမည့်အကြောင်း ပြောပြ၏။ သို့ရာတွင် ကုလားနှင့် အောင်စိန်တို့၏ မျက်နှာ အမူအရာကိုကြည့်ပြီး ပုလိပ်ပိပိ အကဲခတ်မိဟန်ရှိသည်။

www.burmeseclassic.com



ကျွန်တော်တို့ကို လှည်းပေါ်မှ အဆင်းခိုင်းပြီး လွယ်အိတ်နှင့် အကျီအိတ်များကို ရှာဖွေရာ ပိုက်ဆံနှင့် ဆေးလိပ်မီးခြစ်မှလွဲ၍ ဘာမျှမတွေ့၊ ပုလိပ်တစ်ဦးက လှည်းပေါ်တွင် ခင်းထားသော ဖျာကိုလှန်ကြည့်ရာ ပြောင်းဖူးဝင်များကြားတွင် ပါရှိသော သေနတ်ကို တွေ့မြင်သွား၏။ သေနတ်ကိုယူပြီး မောင်းတင်ကာ ကျွန်တော်တို့ကို ချိန်ရွယ်လိုက်သည်။ မျောက်မြီးနှင့် မျောက်ကိုချည်ခြင်း ဖြစ်သည်။ အခြားနှစ်ဦးကလည်း သူတို့တွင်ပါရှိသော နှစ်လုံးပြူးသေနတ်နှစ်လက်ဖြင့် ချိန်ရွယ်ထားကြသည်။

"မလှုပ်နဲ့ လှုပ်ရင်ပစ်မယ်"ဟု ပြောသည်။ သူတို့၏ စစ်လွယ်အိတ်ထဲတွင် အသင့်ပါလာသော လေထီးကြိုးဖြင့် ကျွန်တော်တို့၏ လက်ကို ချည်တုပ်သည်။ လှည်းမောင်းသူကို ဇလုပ်ရွာသို့လွှတ်ပြီး ရွာခေါင်းနှင့် ရွာလူကြီးများအပြင် လှည်းမောင်းမည့်သူတစ်ဦးကိုပါ ခေါ်ခဲ့ရန် မှာလိုက်သည်။

မကြာမီ ဇလုပ်ရွာမှ လူ လေးငါးဦး ရောက်လာကြသည်။ ပုလိပ်အရာရှိကြီးက ၎င်းအင်္ဂလိပ်ရိုင်ဖယ်သေနတ်သည် ကျွန်တော်တို့လှည်းပေါ်မှ တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ရွာခေါင်းနှင့် ရွာလူကြီးများကို အသိသက်သေအဖြစ် လက်မှတ်အထိုးခိုင်း၏။ ပြီးလျှင် ဇလုပ်ရွာသားတစ်ဦးကို ကျွန်တော်တို့လှည်းအမောင်းခိုင်းပြီး ရှေ့မှသွားရ၏။ လမ်းတွင် ကုလားနှင့် အောင်စိန်ကို ကြိုတင်ပြီး ပြောထားရ၏။ သေနတ်မှာ ရပ်ရွာကာကွယ်ရေးအတွက် ဝယ်ယူထားသော သေနတ်ဖြစ်ကြောင်း၊ ကျွန်တော် ကိုင်တွယ်ရ၍ ကျွန်တော်ယူဆောင်လာခြင်းဖြစ်ကြောင်း ထွက်ဆိုကြရန် ပြောပြရသည်။

နေ့လယ် ဆယ့်နှစ်နာရီအချိန်ခန့်တွင် 'မြို့ခင်းသာရွာ' ရောက်သည်။ သူကြီး 'ဦးထွန်းပေါ်' အိမ် ဝင်ရောက်ပြီး နေ့လယ်စာ ထမင်းအချက်ခိုင်းသည်။

ရွာမှလူတချို့က ကြိုးတုပ်ထားသော ကျွန်တော်တို့ကို ဝိုင်းဝန်းကြည့်ရှုကြရာ တစ်ခါမျှ ဤကဲ့သို့ ဖမ်းဆီးခြင်းကို မခံရဖူးသဖြင့် ရှက်လိုက်သည်မှာ ပြောဖွယ်ရာမရှိပါ။ မြို့ခင်းသာရွာသည် ထနောင်းကုန်းရွာနှင့် နှစ်မိုင်သာ ဝေးသဖြင့် ကျွန်တော်နှင့် ဖဲရိုက်၊ ကြက်တိုက်ဖူးသူများက ကျွန်တော့်ကို မုန့်များ၊ ဆေးလိပ်များ လာပေးကြ၏။

ထမင်းစားပြီး ပခုက္ကူမြစ်ခြေ ကားလမ်းအတိုင်း ထွက်လာခဲ့ရာ ညနေ သုံးနာရီအချိန်ခန့်တွင် တင်းဂါတ်ရွာသို့ ရောက်သည်။ တင်းဂါတ်ရွာသည်



ကျွန်တော်တို့အုပ်စု ခေါင်းဆောင်ရွာဖြစ်သည်။ ထိုရွာတွင် သူကြီး 'ဦးစိန်မင်း' အိမ် ဝင်ရောက်ပြီး တစ်ထောက်နားသည်။

ခေါင်းဆောင် ပုလိပ်အရာရှိကြီး၏အမည်မှာ တိုက်ပိုင် 'ဦးတင်' ဖြစ်သည်။ (ဦးတင်သည် ယခု ဗဟိုတရားရုံးရှေ့နေကြီး ဦးညွန့်လှိုင်၏ ဖခင်ဖြစ်သည်။) အောက်လက်အမှုထမ်းနှစ်ဦးမှာ ဦးဘကြင်နှင့် ဦးခင်ကြိုဖြစ် ကြောင်း တင်းဂါတ်ရွာရောက်မှ သိရပါသည်။ တိုက်ပိုင်ဦးတင်က ကျွန်တော်တို့သုံးဦး ထနောင်းကုန်းရွာသား ဟုတ်မဟုတ် သူကြီးဦးစိန်မင်းကို မေးမြန်းရာ ဦးစိန်မင်းက သူ့ရွာသားများဖြစ်ကြောင်း ပြောပါသည်။

ညနေ လေးနာရီအချိန်တွင် တင်းဂါတ်ရွာမှ လှည်းနှစ်စီးဖြင့် ထွက်လာကြရာ ညရှစ်နာရီအချိန် ပခုက္ကူမြို့သို့ရောက်သည်။ ကျွန်တော်တို့ကို ဂါတ်သို့ မပို့သေးဘဲ ဂျပန်ကင်ပေတိုင်ရုံးရှေ့တွင် လှည်းရပ်ခိုင်းပြီး ဦးတင်က အင်္ဂလိပ်ရိုင်ဖယ်သေနတ်ကို ယူဆောင်ကာ ရုံးခန်းထဲ ဝင်ရောက်သွားပါသည်။ ရုံးမှာ ယခုအခေါ် အမှတ် (၁၀) ရပ်ကွက် ရန်အောင်မြင်လမ်း၊ ပြည်တော်သာခွဲရုံ၏ အရှေ့ဘက်တွင် ရှိသည်။

မကြာမီ ဂျပန်စစ်သားသုံးဦး ထွက်လာကြသည်။ ကျွန်တော်တို့ကို လှည်းပေါ်မှ အတင်းဆွဲချရာ သုံးယောက်မှူး ကြိုးတုပ်ထားသဖြင့် သုံးဦးစလုံး မြေကြီးပေါ်သို့ 'ဖုံး'ခနဲ ကျသွားသည်။ ဂျပန်စစ်သားများက ကျွန်တော်တို့ကို စစ်ဖိနပ်ဖြင့်ကန်ပြီး မတ်တတ်အထခိုင်းသည်။ 'ပက်ကဲရိုး ဒူးရား' ဟု ပါးစပ်မှအော်၍ ကျွန်တော်တို့ပါးများကို သူတို့လက်ဝါးဖြင့် တအားရိုက်ကြပါသည်။ ကျွန်တော်က မျက်စိကိုရိုက်မိမှာစိုး၍ လက်ဝါးနှင့် အပ်ထားသည်။

ထိုအခိုက် ရုံးခန်းအတွင်းမှ ဂျပန်စစ်ဗိုလ်ဟု ထင်ရသူတစ်ဦး ထွက်လာပြီး ဂျပန်စကားနှင့် အမိန့်ပေးသည့်သဘောမျိုးပြောသည်။ ဂျပန်စစ်သားများက ကျွန်တော်တို့ကို ရုံးနောက်ဖေးမြေကွက်လပ်သို့ ဆွဲခေါ်သွားသည်။ မြေကွက်လပ်တွင် မီးထွန်းထားခြင်းမရှိသော်လည်း လရောင်မှိန်မှိန်ဖြင့် တစ်ဦးကိုတစ်ဦး သဲကွဲစွာ မြင်ရသည်။ တိုက်ပိုင် ဦးတင်က မည်သို့ပြောထားသည်မသိ ဂျပန်များက ကျွန်တော်တို့ကို ဓားပြများဟုထင်ပြီး အင်သား နှစ်တစ်လက်ထက် တုတ်များဖြင့် 'ဒူးရား ပတ်ကဲရိုး'ဟု ဟစ်အော်ပြီး ကျောပြင် တင်ပါးဆုံတို့ကို 'တအုန်းအုန်း' ရိုက်နှက်သည်။ ကျောပြင်ရိုက်သည့်အခါ 'အင်း' ဟု အင်းရှည်ကြီးဆွဲကာ အသက်အောင့်နေရသည်။ အတန်ငယ်ကြာမှ 'ဟင်း' ခနဲ အသက်ရှူနိုင်သည်။

www.burmeseclassic.com



ရိုက်ချက်ပြင်းထန်သဖြင့် နှစ်တစ်လက်မတုတ်တစ်ချောင်း ကျိုးထွက်သွားသော်လည်း ကျန်ရှိသည့်တုတ်ဖြင့် တစ်ဦးပြီးတစ်ဦး မညှာမတာ ရိုက်ကြသည်။ ဟန်ချက်ပျက်၍ လဲသွားလျှင် နေရာမရွေး စစ်ဖိနပ်ဖြင့်ကန်ပြီး မတ်တတ်အထခိုင်းသည်။ မျက်စိမျက်နှာကို မကန်မိစေရန်အတွက် လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားရသည်။ ဂျပန်ကင်ပေတိုင်များသည် ကြင်နာခြင်း၊ သနားခြင်း၊ စာနာခြင်း စသော ကရုဏာတရား ကင်းမဲ့ကြသူများဖြစ်သည်။ ဂျပန်စစ်သားများ၏ ရိုက်နှက်ခြင်းကို အခံရဆုံးမှာ ကျွန်တော်ဖြစ်သည်။ သေနတ်မှာ ကျွန်တော်၏သေနတ်ဖြစ်ကြောင်း ကိုယ်တိုင် ဝန်ခံထားသဖြင့် 'ဓားပြဗိုလ်'ဟု ယူဆကာ အခြားသူများကို ရိုက်နှက်ခြင်းထက် ကျွန်တော့်ကို ပိုပြီး ရိုက်နှက်ကြခြင်း ဖြစ်သည်။

ညကိုးနာရီအချိန်ခန့်တွင် ပုလိပ်များက ကျွန်တော်တို့ကို ဂါတ်သို့ပို့သည်။ ဂါတ်မှာ ယခု မြို့မဈေးကြီးအရှေ့တောင်ထောင့်ရှိ 'ယူနီယံဓာတ်ပုံတိုက်' နေရာဟုပင် ထင်သည်။ (ဂါတ်ဆိုသည်မှာ ယခုအခေါ် ရဲစခန်းဖြစ်သည်။) တိုက်အဖီမြောက်ဖျားတွင် အသားတန်း ကာရံထားသည့် အချုပ်ခန်းရှိသည်။ အချုပ်ခန်းတွင် အချုပ်သားများ ပြည့်ကြပ်နေသဖြင့် ကျွန်တော်တို့ကို လေထီးကြိုးများဖြည့်၍ တစ်ယောက်တစ်ဖက် လက်ထိပ်ခတ်ကာ သံကြိုးနှင့် သုံးဦးတွဲပြီး တိုင်ကိုချည်ထားသည်။ အချုပ်ခန်းတွင် ကျွန်းညိုကြီးရွာမှ ကျွန်တော်နှင့် ညီတစ်ဝမ်းကွဲတော်သူ မြကောင်းနှင့် ဘိုးထူးတို့လည်း ရှိကြသည်။ ၎င်းတို့နှစ်ဦးစလုံး ဂျပန်ကင်ပေတိုင်များ၏ ရိုက်နှက်ညှဉ်းဆဲခြင်းကို ခံရသူများဖြစ်သည်။ ဖျာမပါ အခင်းမရှိ အေးစက်နေသော အုတ်သမံတလင်းပေါ်တွင် သုံးဦးသား တိုင်ကိုဝိုင်းရံပြီး အိပ်ကြရသည်။ ခါးဝတ်ပုဆိုး အင်္ကျီမှလွဲ၍ ဘာမှ အဝတ်အထည် အပိုမပါကြသဖြင့် ဆောင်းဥတု၏ ချမ်းအေးသည့်ဒဏ်ကို ကြိတ်မှိတ်ခံရသည်။ အေးလွန်းသည့်အတွက် လက်ထိပ် မခတ်သောလက်ကို ပေါင်နှစ်လုံးကြား သွင်းထားရသည်။ မည်သို့ကြောင့်ဟု မသိရ။ အုတ်သမံတလင်းကို ထုံးမှုန့်များ ပက်ဖြူးထားသည်။ အသက်ရှူ တိုင်းရှူတိုင်း ထုံးမှုန့်များ နှာခေါင်းထဲဝင်သည်။

ဂျပန်များ ရိုက်ထားသော ဒဏ်ချက်က တစ်ကိုယ်လုံး နာကျင်နေသည် တစ်ကြောင်း၊ စိတ်က မအေးမိထံသို့ ရောက်ရှိနေသည်ကတစ်ကြောင်းတို့ကြောင့် ဆယ့်နှစ်နာရီထိုးသည့်တိုင် အိပ်မပျော်ဘဲရှိနေပါသည်။ မနေ့ညက မအေးမိနှင့်အတူ အိပ်စက်ခဲ့ရသည့် မွေ့ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးများ



ခြင်း သနပ်ခါးနံ့တသင်းသင်းနှင့် အိပ်ရလို့ အရသာရှိလှပါသည်။ ယနေ့ည ...ကား အေးစက်မာကျောနေသော အုတ်သမံတလင်းပေါ်တွင် အခင်းမပါ ...င်မရှိ၊ ခေါင်းအုံးနတ္ထိဖြင့် ထုံးနံ့ကိုပဲ ရှူရှိုက်အိပ်ရသည့်အတွက် မနေ့ည ... ယနေ့ည အိပ်ရခြင်းမှာ အရသာချင်း ကွာခြားပါဘိ။ ဤကဲ့သို့ မည်မျှ ...အောင် နေရမည်ကို တွေးပြီး စိတ်ဆင်းရဲနေပါသည်။

အဆိုးဆုံးမှာ သုံးယောက်တွဲ လက်ထိပ်ခတ်ထားခြင်းကြောင့် တစ်ဦး ...သာတက်လျှင် နှစ်ဦးက အိမ်သာတံခါးဝရပ်ပြီး လက်ထိပ်ချင်း တွဲထား ...သည့် လက်ကို အိမ်သာအတွင်း သွင်းပေးရပါသည်။ သို့မှသာလျှင် အိမ်သာ ...သူအဖို့ အိမ်သာကိစ္စကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဤသို့ပင် တစ်ဦး ...င်တစ်ဦး အိမ်သာတက်ကြရသည်။ မျက်နှာသစ်၍ နှပ်ညှစ်လျှင် နှာခေါင်း ...ထုံးမှုန့်များ အတုံးလိုက်အတစ်လိုက် ထွက်ရှိလာသည်။

'လောကငရဲ' ဆိုသည်မှာ ဤကဲ့သို့ ဆင်းရဲပင်ပန်းကြီးစွာ ဒုက္ခခံစား...ည်ကိုပင် ဆိုလိုဟန်ရှိသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## နောင်တဆိုတာ ဘာလဲ သိကြသလား

ဂျပန်များ ရိုက်နှက်ထားသော ဒဏ်ချက်များက တစ်ကိုယ်လုံး နာကျင် [illegible]ခဲ့နေသည်။ ကျွန်တော်၏ အသားအရေမှာ ဖြူသဖြင့် ကျောပြင်၊ [illegible]ပါး၊ ပေါင် စသည်တို့တွင် ညိုမည်းနေသည့် ဒဏ်ရာများက အစင်းလိုက် [illegible]င်းလိုက် ထင်နေသည်။ နာကျင်လွန်းသည့်အတွက် ဟိုဘက်သည်ဘက် [illegible]ချင်လှျင်သော် လည်းကောင်း၊ ထချင်ထိုင်ချင်လှျင်သော် လည်းကောင်း [illegible]ည်းဖြည်း လှည့်ရ၊ ထရ၊ ထိုင်ရသည်။ 'နှရာဝဲစွဲ' ဆိုသကဲ့သို့ နာကျင်ရသည့် [illegible] သမုဒ္ဒရာ ဝမ်းတစ်ထွာက ဆန္ဒပြလာသည်။ မနေ့ညက ထမင်းမစား [illegible]ဖြင့် ဝမ်းဗိုက်က ဆာလောင်မွတ်သိပ်နေသည်။ ပါလာသော ပိုက်ဆံများ [illegible]သည်း ပုလိပ်များက ယူထားသဖြင့် မုန့်ပဲသွားရည်စာကိုပင် ဝယ်မစားကြ [illegible]။

နံနက် ကိုးနာရီအချိန်ခန့်တွင် ရွာမှ လူကြီးများ လိုက်လာကြသဖြင့် [illegible]သာနေသည်။ ကုလားအဖေ ဦးကျောင်းမောင်နှင့် အောင်စိန်အဖေ ဦးလွန်း [illegible]င်တို့အပြင် ကျွန်တော့်ညီ ကိုအေးနှင့် အစ်ကိုတစ်ဝမ်းကွဲ ဦးသာလှိုင်တို့ [illegible]သည်။ ဦးသာလှိုင်သည် ကျွန်တော့်အဖေ ဦးဘိုးလူ၏ အစ်ကို ဦးရွှေလှ၏ သား [illegible]သည်။ အစ်ကိုသည် ကျွန်တော့်ကိုချစ်သည်။ မအေးမိ ခိုးစဉ်ကလည်း [illegible]သည်။ ကျွန်တော် တစ်ရပ်တစ်ရွာသို့ ဖဲရိုက် ကြက်တိုက်သွား၍ ပြန်

www.burmeseclassic.com

မသာလျှင် အစ်ကိုလိုက်လာတတ်သည်။ ဇနီး ဒေါ်စောမှအစ သား အုန်းမော နှင့် သမီး စိန်အေင်၊ စိန်ရင်တို့ကလည်း ကျွန်တော့်ကို ချစ်ကြသည်။ မအေး တို့အိမ်နှင့် နီးသဖြင့် တစ်ခါတစ်ရံ သူတို့အိမ်မှာ စားသည်၊ အိပ်သည်။

သူကြီးဦးစိန်မင်းမှ ကျွန်တော်တို့ အဖမ်းခံရသည့်အကြောင်း ဦးရီးသောင်ထံ စာဖြင့် အကြောင်းကြား၍ သိရသည်ဟု ဦးသာလှိုင်က ပြော ပါသည်။ ဦးရီးသောင်သည် ကျွန်တော့်အမေ ဒေါ်ကြက်ရုံး၏မောင်အရင်း ဖြစ်သည့်အပြင် ရွာလူကြီးလည်း ဖြစ်သည်။ ဦးစိန်မင်း ထနောင်းကုန်း လာလျှင် ဦးရီးသောင်၊ ဒေါ်နှင်းဥတို့အိမ်တွင် တည်းသည်။ စားသည် ကျွန်တော့်ကိုလည်း ဦးရီးသောင်၏ တူအရင်းဖြစ်ကြောင်း သိပါသည်။

ရွာမှ လိုက်လာသူများက မုန့်ပေါင်းနှင့် ဘူးသီးကြော်၊ ဘယာကြော် များ ဝယ်ပေးသဖြင့် ဆာလောင်မွတ်သိပ်နေသော ကျွန်တော်နှင့် ကုလားအ အဆင်ပြေသွားသော်လည်း အောင်စိန်အဖို့မှာမူ ဂျပန်များက ပါးရိုက်သ အတွက် ပါးတစ်ဖက် ရောင်ရမ်းပြီး နာကျင်နေ၍ မုန့်များကိုပင် မစားနိုင် မဝါးနိုင်ဘဲ ဖြစ်နေပါသည်။ ကော်ဖီဝယ်ပေးရသည်။

ဆယ်နာရီခန့်အချိန်တွင် တိုက်ပိုင်ဦးတင်နှင့် ဌာနာအုပ်ဦးအောင်ဘွာ တို့ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာကြပါသည်။ ဦးအောင်ဘွားသည် ယ အခါ အမှတ် (၉) ရပ်ကွက်ရှိ 'အောင်သပြေသနပ်ဖက် ဆေးပေါ့လိပ်ရုံပိုင် ဖြစ်သည်။ ဦးတင်သည် အနည်းငယ် အသားညိုသော်လည်း အရပ်အမော ဒေါင်ကောင်းပြီး ခန့်ညားသော ဥပဓိရုပ်ရှိသည်။ ဦးအောင်ဘွားမှာ အသား ပြီး ပိန်ပါးပါးနှင့် စကားပြောသွက်သည်။ ရွာမှ လိုက်လာကြသူလူကြီးများ ခေါ်ယူတွေ့ဆုံပြီး အောင်စိန်၏လည်းနှင့် နွားများကို ခံဝန်နှင့် ပြန်ပေးလို သည်။ အစ်ကိုဦးသာလှိုင်က မအေးမိပေးလိုက်သော လုံချည်အကျႌ တစ်စုံ ငွေနှစ်ဆယ်ကို ကျွန်တော့်ပေးပြီး–

"အေးမိလည်း တငိုငိုနှင့် သနားစရာပါပဲကွာ"ဟု ပြောပါသ ကျွန်တော်သည် ကိုယ့်အတွက်ထက် မအေးမိအတွက် ပိုပြီး စိတ်ဆင်းရဲရပါသ

အချုပ်သားများကို ကန်ထရိုက်က ထမင်းကျွေးသည်။ ကန်ထရို ဆိုသည်မှာ မိမိအကျိုးအမြတ် ရရှိရေးကိုသာလျှင် ဦးတည်ရည်မှန်းသူများဖြ ထမင်းဟင်းအကြောင်းကို ရေးသားခြင်းမပြုလိုတော့ပါ။ စာဖတ်သူများ သ ပေါက်မည် ထင်ပါသည်။ ထမင်းထည့်ကျွေးသော ပန်းကန်များ၏ သရုပ်သ



ဖြင့် ဖော်ပြလိုသည်။ ပန်းကန်မှာ သံပန်းကန်များဖြစ်သည်။ ကြွေရည်ကွာ နှုတ်ခမ်းသားများ တွန့်လိမ်ပိန့်ရှုံ့နေသည်။ တချို့ပန်းကန်များဆိုလျှင် ငံးရည်ပင် ယိုစီးထွက်ကျနေသည်။ ကျွန်တော်တို့ ထမင်းစားပြီးသည့်တိုင် အောင်စိန်မှာ ဆန်ပြုတ်မပို့လာသေး၍ မသောက်ရ။ ကျွန်တော်တို့နှစ်ဦးက အောင်စိန်၏ပါးကို လုံချည်ဖြင့် အာပူတိုက်ပေး၍ အနည်းငယ် သက်သာလာ သည်။

ထမင်းစားပြီး ဌာနာအုပ်ဦးအောင်ဘွားက ကျွန်တော့်ကို သူ့ရုံးခန်းသို့ ခေါ်ထုတ်ပြီး စစ်ဆေးသည်။ တိုက်ပိုင်ဦးတင်လည်း ရှိသည်။ ကျွန်တော်က အမှန်အကန်အတိုင်း ထွက်ဆိုသော်လည်း သူတို့က ယုံကြည်မှုရှိဟန် မတူပေ။ ယခုခြံသို့ ဆားဝယ်ရန်သွားခြင်းဖြစ်သည်ဆိုသော အကြောင်းပြချက်ကို လက် ခံဘဲ ဓားပြတိုက်ရန် အကြံအစည်ဖြင့် သွားလာခြင်းဖြစ်သည် ဟူ၍သာ ယူဆကြသည်။ ကုလားနှင့် အောင်စိန်တို့ကလည်း အမှန်အကန်အတိုင်းပင် ထွက်ဆိုကြသည်။

နေ့လယ် တစ်နာရီအချိန်ခန့်တွင် ပုလိပ်များက ကျွန်တော်တို့ကို နယ် ရာဇဝတ် တရားသူကြီး ဦးအောင်ဖေ ရုံးသို့ခေါ်ထုတ်သွားသည်။ ရုံးမှာ ဗုံးမိတ် လေယာဉ်ပျံများက ဗုံးကြဲတိုက်ခိုက်မည်ကို စိုးရိမ်ကြသည့်အတွက် ကုန်းရပ်ကွက်၌ ရုံးမစိုက်ဘဲ စွန်သိုက်ရပ် (ယခု အမှတ် ၂ ရပ်ကွက်)ရှိ အိမ်ကြီးတစ်အိမ်တွင် ရုံးစိုက်သည်။ တရားသူကြီးမှာ အသားညိုညိုမည်းမည်း အသက်ကြီးပြီဖြစ်သည်။ လည်ပင်းတွင် ပုတီးကုံးကြီး စွပ်ထားသည်။ (၁၉–စီ) တရားမဝင် လက်နက်ကိုင်ဆောင်မှုဖြင့် ရမန်ယူပြီး ဂါတ်သို့ ပြန်လာကြရသည်။

ယနေ့ည အိပ်ရနေရသည်မှာ မနေ့ညကလို ဆိုးရွားခြင်း မရှိလှပါ။ အောင်စိန်၏အဖေ ဦးလွန်းမောင်က လှည်းပေါ်တွင် ပါရှိသည့် ဖျာကို ကျွန်တော်တို့အိပ်ရန်အတွက် ပေးခဲ့သည်။ ပုဆိုးအကျႌများလည်း ကိုယ်စီ ရှိကြသည်။ အောင်စိန်လည်း ညစာထမင်း စားနိုင်ပြီဖြစ်သည်။ ကျွန်တော့် မြည်းနေသော ဒဏ်ရာများ မပျောက်သေးသော်လည်း နာကျင်ကိုက်ခဲမှု အနည်းငယ် သက်သာသွားသည်။

နောက်တစ်နေ့နံနက် ထမင်းစားပြီး ပုလိပ်များက ကျွန်တော်တို့ကို နယ် ရာဇဝတ်တရားသူကြီးဦးထွန်းတင်ရုံးသို့ ခေါ်ထုတ်သွားသည်။ ၎င်းရုံး သည်း စွန်သိုက်ရပ်ထဲမှာပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘရားသူကြီးမှာ အသားဖြူပြီး စကားပြောလျှင် ကျယ်လောင်စွာ ပြောတတ်သည်။ ဥပဓိရုပ် ခံ့ညားသည်။ ရာဇသတ်ကြီးပုဒ်မ ၃၉၉ ဓားပြတိုက်မှု ကြံစည်မှုဖြင့် ရုံးတင်သည်။ ရုံးမှ ရက်ချိန်းပေးပြီး ထောင်ကြီးချုပ်သို့ ပို့ပါသည်။

"ခင်ဗျားတို့ ဒီရုံးကျတာ ကံဆိုးတာပဲ။ ဒီရုံးကို ကျွန်တော်တို့က ထီး ပြန်ရုံးလို့ခေါ်တယ်။ အဲဒီရုံးကိုရောက်ရင် အိမ်ကို ထီးပဲပြန်လာတယ်။ လူပြန် မလာလို့ ထီးပြန်ရုံးလို့ခေါ်တာ"ဟု ပုလိပ်တစ်ဦးက ပြောပါသည်။

ကျွန်တော် လန့်ဖျပ်သွားသည်။ ထောင်ကျမည်ကို စိုးရိမ်သွားသည်။ ထောင်ကျလျှင် မအေးမိနှင့် ခွဲခွာနေရမည်ကိုတွေးပြီး စိတ်ဆင်းရဲနေပါသည်။ လူများ ထောင်ကို ကြောက်ရွံ့ကြခြင်းမှာ အနေဆင်းရဲခြင်း၊ အစားဆင်းရဲခြင်း၊ အလုပ်ဆင်းရဲခြင်း စသော အကြောင်းများထက် ဇနီးမယား၊ ရည်းစား၊ ကွဲကွာ ကွေကွင်းနေရခြင်းကြောင့်ဟုဆိုလျှင် ပို၍ မှန်ကန်မည်ဖြစ်သည်။

'ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော' ချစ်သူနှင့် ကွဲကွာကွေကွင်း နေရခြင်း သည် အဆင်းရဲဆုံးဖြစ်လေသည်။

ချစ်သူနှင့် ကွဲကွာနေရခြင်းကို ဖော်ညွှန်းသည့် ကဗျာကလေး သတိရပါသည်။ (မည်သူရေးမှန်းဖြင့် မသိပါ။)

"စစ်မက်စစ်ရေး၊ ရန်သူဘေးကြောင့်၊ အပြေးအလွှဲ၊ ဆွေမျိုးကွဲသား ပြည်ထဲရေးရာ၊ ခက်သည်တာတည့်"

"အစားအစာ၊ ထွားထွားမည်ကြွေ၊ ရှားပါးလေ၍၊ သေကြေပျက် ငေတ်မွတ်ကဲလျှင်၊ ပြည်ထဲရေးထက်၊ ဝမ်းရေးခက်၏"

"ထို့ထက်မှာမူ၊ ချစ်ခင်သူနှင့်၊ အတူတကွ၊ မနေရဘဲ၊ လွမ်းတပူပူ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏"

ကုလားနှင့် အောင်စိန်တို့မှာ လူပျိုလူလွတ်များ ဖြစ်ကြသည့်အတွက် သံယောဇဉ် မရှိသဖြင့် ကျွန်တော်ကဲ့သို့ နောက်ဆံတင်းခြင်း၊ ပူပန်ခြင်း ရှိ မည် မထင်ပေ။

သံယောဇဉ်တွယ်တာမှုမရှိခြင်းသည် တစ်နည်းအားဖြင့် ကောင်းသည်။ သံယောဇဉ်ကြောင့် စိတ်ဆင်းရဲရသည်။ ပူပန်ရသည်။ သောက ဗျာပါဒ ဖြစ် ရသည်။ ထို့ကြောင့် ဗုဒ္ဓက ဥပေက္ခာပြုရမည်ဟု ဟောကြားခဲ့ခြင်း ဖြစ်သည်။



စဉ်းစားတွေးတောရင်း ထောင်ဘူးဝသို့ ရောက်ရှိလာသည်။ ပုလိပ် တစ်ဦးက ဘူးတံခါးကို လက်ဖြင့် 'ဒေါက် ဒေါက် ဒေါက်'ဟု ခေါက်လိုက်သည်။ အတွင်းမှ တံခါးစောင့်က လူဝင်ပေါက်ကလေးကို လှပ်ပေးလိုက်သည်။ ခေါင်းငုံ့ပြီး ဘူးအတွင်း ဝင်ရသည်။ 'ဘူး'ဆိုသည်မှာ အပြင်တံခါးကြီးနှင့် အတွင်းသံတံခါးကြီးကြားကို 'ဘူး'ဟုခေါ်သည်။ ဘူးအတွင်း ထိုင်နေရသည်။ စားပွဲတစ်ဖက်တစ်ချက်တွင် ထောင်မှူးများ ရုံးခန်းရှိသည်။ ထောင်တာဝန်ရှိသူက ကျွန်တော်တို့၏ အမည်၊ အသက်၊ အဖအမည်များကို စစ်ဆေးမေးမြန်းသည်။

ထို့နောက် ပြာတာတစ်ဦးက ကျွန်တော်တို့ကို ထောင်အတွင်း ခေါ်ယူသွား သည်။ ထောင်အဝင်တွင် ကိုဘခင်နှင့် ကိုဘလှိုင်တို့က ကြိုဆိုနေသည်ကို တွေ့ရ၍ ဝမ်းသာသွားသည်။

ကိုဘခင်နှင့် ကိုဘလှိုင်မှာ ရှားတောရွာမှ ဖြစ်သည်။ ဂျပန်ခေတ် ထောင်ဖွင့်ခါစကပင် ထောင်ထဲရောက်ရှိနေကြသူများဖြစ်၍ ထောင်ရည်ဝနေ ကြသည်။

"မင်းတို့ ဂါတ်ချုပ်ရောက်နေတယ်ဆိုတာကို ငါတို့ကြားသိပြီးဖြစ်ကြောင်း၊ ဒါကြောင့် အချုပ်သား သုံးဦး ဘူးထဲမှာ ရောက်နေကြောင်းသိရလို့ မင်းတို့ပဲ ဖြစ်လိမ့်မယ်ထင်ပြီး စောင့်ကြိုနေခြင်းဖြစ်ကြောင်း" ကိုဘခင်က ပြောပါသည်။ ကိုဘခင်သည် ကျွန်တော့်ထက် အသက်ငါးနှစ်ခန့် ကြီးသည်။ အသားဖြူပြီး အလုံးအရပ် သေးသွယ်သည်။ လူချောလူလှဖြစ်သည်။ လူဆိုးဓားပြဗိုလ်ဟု ဆိုလျှင် ယုံကြည်ဖွယ်ရာပင် မရှိပေ။ အင်္ဂလိပ်အစိုးရလက်ထက်က ဓားပြမှု နှင့် ထောင်ခုနစ်နှစ် ကျခဲ့ဖူးသည်။ ယခုအမှုမှာ ဂျပန်တက်စ ဘီအိုင်အေ လက်ထက်က ရှားတောရွာ၌ တစ်မိပေါက်နှင့် တစ်မိပေါက်၊ မြောက်ပိုင်းနှင့် တောင်ပိုင်း မသင့်မမြတ်ဖြစ်ကြပြီး လူသတ်ပွဲကြီး ဖြစ်ခဲ့ဖူးသည်။ ၎င်းလူသတ်ပွဲ တွင် ကိုဘခင်နှင့် ကိုဘလှိုင် ပါဝင်သဖြင့် အဖမ်းခံရခြင်းဖြစ်သည်။ သို့ရာတွင် ယနေ့အထိ ရုံးထုတ်ခြင်း၊ စစ်ဆေးခြင်းမရှိဟု သိရသည်။

ကိုဘခင်နှင့် ကျွန်တော် ဆွေမျိုးတော်စပ်ခြင်း မရှိသော်လည်း ဖခင် တော်ရိုက်ဖက်ဖြစ်သဖြင့် လူချင်းရင်းနှီး ခင်မင်သည်။ သူက ထောင်အတွေ့အကြုံ ရှိသည်။ ကျွန်တော်က ဒေသန္တရဗဟုသုတနှင့် အခြား ဗဟုသုတ အနည်းငယ် ရှိသဖြင့် အသက်ငယ်သော်လည်း ကျွန်တော်ပြောလျှင် သူ လက်ခံသည်က များပါသည်။

www.burmeseclassic.com



၁၉၅၂-ခုနှစ် ဧပြီလတစ်နေ့တွင် ကျွန်တော်သည် ကိုဘခင်တို့တောင်ခိုင်းသို့ ရောက်ရှိသွားသည်။ ဖဲရိုက်ရန် သွားခြင်းဖြစ်သည်။ အချိန်မှာ ညနေလေးနာရီခန့်ဖြစ်၏။ ကျွန်တော် မမျှော်လင့်သော အခြေအနေကို တွေ့ရသည်။ ကိုဘခင်ပါ လူဆယ့်တစ်ယောက်ခန့်သည် မန်ကျည်းပင်ကြီးအောက်တွင် ဖျာခင်းပြီး အရက်ဝိုင်း ကျင်းပနေကြသည်။ အမြည်းမှာ အမဲသားကြော်နှင့် ပဲကြီးလှော်များ ဖြစ်သည်။ ထူးခြားသည်မှာ လူတိုင်း၏ လက်ထဲတွင် ဓားများ၊ လှံများ၊ ပုဆိန်များ၊ လုပ်သေနတ်များ ကိုင်ထားသူချည်း ဖြစ်သည်။ ကိုဘခင်၏ လက်ထဲတွင်လည်း ဘယ်ကရသည်မသိ အင်္ဂလိပ်ရိုင်ဖယ်သေနတ်တစ်လက် ကိုင်လျက်ရှိသည်။

"အုံးဖေ အရက်သောက်ဦးကွာ"ဟု ကိုဘခင်က ခေါ်သည်။ ကျွန်တော်လည်း သူတို့အကြောင်း သိလို၍ အရက်ကို အနည်းငယ်သောက်ပြီး အမြည်းကိုပဲ စားနေသည်။

"ဒီနေ့ ငါ့ညီသတ်တဲ့လူတွေကို ကလဲ့စားပြန်ချေမလို့ကွ"ဟု ကိုဘခင်က ပြောသည်။

ကိုဘခင်သည် ဓားပြမှုနှင့် ထောင်ကျနေစဉ်က သူ၏ညီကိုသောင်းကို ရှားတောရွာမြောက်ပိုင်းမှလူများက ဝိုင်းဝန်းသတ်ဖြတ်ပြီး အလောင်းကို ဖျောက်ဖျက်ပစ်ခဲ့ဖူးသည်။ ယခု သူက မြောက်ပိုင်းမှ လူများကို ကလဲ့စားချေရန် စီမံ စိုင်းပြင်းကာ အရက်ပွဲကျင်းပနေခြင်းဖြစ်သည်။ မကြာမီ လူသတ်ပွဲကြီးဖြစ်တော့မည်ကို ကျွန်တော် စိုးရိမ်နေသည်။ သို့ဖြစ်၍ ကိုဘခင်ကို ပြောသင့်မပြောသင့် စဉ်းစားချိန်ဆနေသည်။ ပြောလျှင်လည်း နားဝင်အောင်၊ သဘောပေါက်အောင် ပြောဖို့လိုမည်။

"ကျွန်တော် ခင်ဗျားကို ခင်တယ်ဆိုတာ ခင်ဗျားလည်း သိပါတယ်။ အခုကိစ္စမှာ ကျွန်တော်နှင့် ဘာမှမဆိုင်ပါဘူး။ ဒါပေမယ့် ကလဲ့စားချေလို့ ကိုသောင်း ပြန်ရှင်လာမှာ မဟုတ်ပါဘူး။ ကလဲ့စားချေခြင်းဟာ ဘာမျှ အကျိုးမရှိလို့ မလုပ်သင့်ပါဘူး" ဟုပြောရာ-

"ဒါတော့ မပြောပါနှင့်ကွာ။ ငါဆုံးဖြတ်ပြီးပြီ"ဟု ကိုဘခင်က အရက်အရှိန်ဖြင့် တိုတိုပြတ်ပြတ် ပြောသည်။

သူ့လူများကလည်း ကျွန်တော့်ကိုပဲကြည့်နေကြသည်။ ကျွန်တော်ပြောသည်ကို သဘောမကျ၍ဟု ထင်ရသည်။ ထိုအထဲတွင် ကျွန်တော်သိသူလည်း



ပါသည်။ မသိသူလည်း ပါသည်။ အချို့မှာ မူးယစ်နေပြီဖြစ်သည်။ လက်ထဲတွင်လည်း လက်နက်က အသင့်ရှိနေကြသည်။ အရက်ဝိုင်းတွင် နေခြင်းအားဖြင့် အကျိုးမရှိသည့်အပြင် အန္တရာယ်ပင် ရှိနိုင်သည့်အတွက် ကိုဘခင်တို့နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ ခြေနှစ်လှမ်းသုံးလှမ်းပဲ လှမ်းရသေးသည်။

"အုံးဖေ နေပါဦးကွ"ဟု ကိုဘခင်က ပြောသည်။ အိမ်ပြန်ရန် ဆန္ဒစောနေသောခြေလှမ်းများသည် တုံ့ခနဲ ရပ်ဆိုင်းသွားသည်။ စိတ်ထဲတွင်လည်း ထိတ်လန့်သွားသည်။ ကျွန်တော်ပြောသည်ကို သဘောမကျ ဖြစ်ဟန်ရှိသည်။

"မြောက်ပိုင်းကလူလို့ အထင်မှားပြီးသတ်ရင်တော့ သေရတော့မှာပဲ" ဟု တွေးပြီး ကြောက်ရွံ့နေသည်။ ကိုဘခင်သည် ကျွန်တော်တို့နယ်မြေတစ်ဝိုက်တွင် အမိုက်နာမည်ကြီးသည်။

"ငါတို့အလုပ်ကို ဘယ်သူ့ကိုမှ မပြောနှင့်ကွာ"ဟု ကျွန်တော့်ကို နှုတ်ပိတ်ပါသည်။

"စိတ်ချပါ မပြောပါဘူး။ အခုလည်း ကျွန်တော် အိမ်ပြန်တော့မှာပါ"ဟု ပြောလိုက်သည်။ ဤသို့ ပြောလိုက်ခြင်းသည် 'မြောက်ပိုင်းကို မသွားတော့ဘူး' ဆိုသော သဘောမျိုး သက်ရောက်ပါသည်။

ကျွန်တော်သည် အရက်သမား၊ ဖဲသမား၊ လူပေလူတေ ဖြစ်သော်ငြားလည်း ဒုက္ခရောက်သူများကိုမူ ကြင်နာသနားတတ်သည်။ ကူညီစောင့်ရှောက်လိုသည်။ မြောက်ပိုင်းကလူများကို ရှောင်တိမ်းနေကြဖို့ လျှို့ဝှက်သတင်းပေးပို့ချင်သည်။ မည်သို့ပေးပို့ရမည်ကို စဉ်းစားရင်း ခြေလှမ်းသွက်သွက်ဖြင့် အိမ်သို့ပြန်ခဲ့သည်။ အဆင်သင့်ပင် အိမ်တွင် ညီဖြစ်သူ ကိုလှဖေ ရောက်ရှိနေသည်။ အိမ်ထောင်ခွဲနေသူဖြစ်၍ အမေစားရန် ဟင်းချက်လာပို့ခြင်းဖြစ်သည်။ ကိုလှဖေကို အကျိုးအကြောင်းပြောပြပြီး ဘကြီးဦးရွှေလူမှတစ်ဆင့် လျှို့ဝှက်သတင်းပေးပို့ရန် ရှားတောရွာသို့ လွှတ်လိုက်သည်။ စိုးရိမ်သည့်အတွက် အမြန်ပြန်လာခဲ့ရန်လည်း မှာလိုက်သည်။

မကြာမီ ကိုလှဖေ ပြန်လာသည်။ ဘကြီးဦးရွှေလူကိုပြောပြီး အမြန်တွင် ဓားများ၊ လှံများ၊ သေနတ်များကိုင်ဆောင်လျက် မြောက်ပိုင်းသို့ ထွက်သွားကြသောလူများကို တွေ့မြင်ခဲ့ရကြောင်း ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်တွင် ရှားတောရွာဆီမှ သေနတ်သံများ၊ အော်သံခေါ်သံများနှင့် ဆူညံနေသည်ကို ကြားနေရသည်။ အချိန်မှာ နေဝင်ဖျိုးဖျဖြစ်သည်။ အသံများ တိတ်ဆိတ်သွားသောအခါ အခြေအနေကိုသိလို၍ သွားချင်သော်လည်း သွားရန်မသင့်၍ မသွားခဲ့ပါ။ ညနေက အရက်ဝိုင်းကို စိတ်အာရုံမှာ မြင်ပြီး အိပ်မပျော်ဘဲ ရှိနေပါသည်။

နောက်တစ်နေ့နံနက်တွင် အကျိုးအကြောင်းသိလို၍ ဘကြီးဦးရွှေလှတို့အိမ်သို့ သွားပါသည်။ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ သုံးဦးသေပြီး သုံးဦး ဒဏ်ရာရသည်ဟု သိရပါသည်။ မလှရင်ဆိုသူ အပျိုကလေးတစ်ဦး မှာ ဒဏ်ရာပြင်းထန်လွန်းသဖြင့် ပခုက္ကူဆေးရုံသို့ ပို့လိုက်ရကြောင်း ဘကြီးက ပြောပါသည်။

"ဘကြီးက သတင်းမပို့ဘူးလား"ဟု ကျွန်တော်ကမေးရာ–

"ပို့တာပေါ့ကွ။ ငါတို့က နောက်ကျသွားတယ်။ ကိုပါတူအိမ်ရှေ့လည်း ရောက်ရော သေနတ်သံတွေ၊ အော်သံဟစ်သံတွေက ဆူညံနေလို့ ကိုပါတူကို တောင် နှုတ်မဆက်ခဲ့နိုင်ဘူး။ ပြန်ပြေးခဲ့ရတယ်"ဟု ပြောပါသည်။ ဦးပါတူသည် ဘကြီးဦးရွှေလှ၏ အစ်ကိုအရင်းဖြစ်သည်။ မျက်စိနှစ်ကွင်း အလင်းမရနေသူ ဖြစ်ပါသည်။ ကျွန်တော်၏စိတ်အစဉ်သည် အတိတ်ဆီသို့ ပြန့်လွင့်နေသည်။

"အုံးဖေ၊ ဘာတွေ စဉ်းစားနေသလဲ။ အမေ့ကို လွမ်းနေသလား"ဟု ကိုဘခင်က မေးပါသည်။

"မဟုတ်ပါဘူးဗျာ။ ခင်ဗျားကိုတွေ့ရလို့ ခင်ဗျားရဲ့အကြောင်းကို စဉ်းစားနေမိတာပါ"ဟု ကျွန်တော်က အမှန်အတိုင်း ပြောလိုက်ပါသည်။

"နောက်ကြောင်းကို စဉ်းစားရင်တော့ စိတ်မကောင်းစရာတွေချည်းပဲကွာ။ မင့်ရဲ့စကားကို နားမထောင်ခဲ့တာလည်း ငါ့ရဲ့အမှားပဲ။ မင်းပြောတာကို အခုအထိ ငါမှတ်မိပါသေးတယ်။ ကလေ့စားချေခြင်းဟာ ဘာမျှ အကျိုးမရှိလို့ မလုပ်သင့်ဘူးလို့ ပြောခဲ့တယ် မဟုတ်လား"

ကိုဘခင်သည် သူ၏အမှားကိုသိပြီး နောင်တရရှိနေဟန် တူပါသည်။ နောင်တဆိုသည်မှာ လွန်ပြီးမှားပြီးမှ သတိသံဝေဂရရှိခြင်းကို နောင်တဟု ဆိုသည်။ လွန်ပြီးသောအမှုကိစ္စကို ပြန်လည်ပြုပြင်၍ မရနိုင်သည့်တိုင်အောင် 'နောင်တ' ရရှိခြင်းသည် နောက်ထပ်အမှား မဖြစ်စေရန်အတွက် 'သတိတစ်ဖန် ဘဏ်မြေကတုတ်' ဖြစ်လေသည်။



ကျွန်တော်တို့နေရသည်မှာ အိပ်ထောင်ကြီး အောက်ထပ် အခန်းနံပါတ် (၁) တွင်ဖြစ်သည်။ ၎င်းအခန်းသည် ဘူးဝမှ လှမ်းဝင်လာလျှင်လည်း မြင်ရသည်။ အကောင်းလေသန့်လည်း ရသည်။ ဂါတ်ချုပ်မှာကဲ့သို့ လက်ထိပ်ခတ်ထားခြင်း မရှိသည်တစ်ကြောင်း၊ ကျယ်ကျယ်ဝန်းဝန်း နေရသည်တစ်ကြောင်းတို့ကြောင့် ခံသာနေသည်။

ပြာတာဦးလှိုင်မင်းက ကျွန်တော်တို့ ခင်းအိပ်ရန်အတွက် ဖျာတစ်ချပ် ပေးသည်။ ဦးလှိုင်မင်းသည် မရိုးကုန်းရွာမှဖြစ်သည်။ မရိုးကုန်းရွာသည် ကျွန်တော်တို့ရွာနှင့် မိုက်ဝက်သာသာပဲ ဝေးသည်။ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသည့်အပြင် ဆွေမျိုးနီးစပ်လည်း တော်ပါသည်။ သူသည် အလုပ်မှ နုတ်ထွက်ပြီး နောက် ကျွန်တော်၏တူမတစ်ဝမ်းကွဲ မခင်မေနှင့် အိမ်ထောင်ကျပါသည်။

ထောင်မှူးကြီးမှာ ဦးဝင်းဖေ ဖြစ်သည်။ အသားညိုပြီး မျက်နှာပြားသည်။ မေးရိုးကား၍ ခံ့ညားသည်။ သူသည် အကျဉ်းသားအချုပ်သားများအပေါ် ညှာသနားတတ်သော်လည်း ဝန်ထမ်းများအပေါ်တွင်မူ စည်းကမ်းတင်းကြပ်လွန်းသည်ဟု ဦးလှိုင်မင်းကပြောသည်။ မကြာမီ ပင်စင်ယူတော့မည်ဖြစ်၍ ပြာတာများက ဝမ်းသာနေကြသည်ဟု ဆိုသည်။

နောက်တစ်နေ့နံနက် ဆယ်နာရီအချိန်ခန့်တွင် အစ်ကိုဦးသာလှိုင်နှင့် မအေးမိတို့ လာရောက်ကြပါသည်။ မအေးမိက ရှေ့နေငှားရန်အတွက် ငွေထုတ်သဖြင့် ရှေ့နေ 'ဦးဆင်'ကို ငှားရမ်းခဲ့သည်ဟု ပြောပါသည်။ အောင်စိန့်ဆရာ ဦးလွန်းမောင်ကမူ 'သူ့သားမှာ လုည်းအငှားလိုက်သူဖြစ်၍ အပြစ်မရှိသည့်အတွက် ရှေ့နေမငှားတော့ဘူး'ဟု သိရပါသည်။ မအေးမိက ပေးလိုက်သော ထန်းလျက်ခဲများနှင့် ဧရာတ်သီးငါးပိကြော်များကိုပေးပြီး ရုံးချိန်းနေ့မှ လာခဲ့မည်ဖြစ်ကြောင်းပြောကာ ပြန်သွားကြပါသည်။

ကျွန်တော်သည် မအေးမိ၏ မေတ္တာစေတနာကို သိရှိရသဖြင့် မအေးမိ ဆီခင်ကထက်ပင် ပိုပြီး ကြင်နာသနားနေပါသည်။ မအေးမိ၏အဖြစ်မှာ ပြောဆိုဖွယ်ရာလည်း ကောင်းပါသည်။ မိဘမွေးချင်း ဆွေမျိုးအားလုံးက သဘောမတူပါဘဲလျက် ကျွန်တော်ခေါ်ရာနောက်သို့ လိုက်ခဲ့သည်။

ပုဂံညောင်ဦးမြို့နယ် 'အောက်ညဥ့်ရွာ'သို့ ထွက်ပြေးခဲ့ကြသည်။ ညီ ကိုသာဖေနှင့် ကိုလှထူးတို့က လေ့ဖြင့်လိုက်ပို့ကြသည်။ ထိုရွာတွင် ကျွန်တော် ၏ ရင်းနှီးခင်မင်သော ကိုဘသောင်း၊ ကိုဘိုချွေးတို့ညီအစ်ကို ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့က ကျွန်တော်တို့ လွတ်လွတ်လပ်လပ် နေထိုင်နိုင်ရန် ဦးသုခ၊ ဒေါ်ဖွားချို တို့အိမ်သို့ ပို့ပေးပါသည်။ ဦးသုခ ဒေါ်ဖွားချိုတို့မှာ သားသမီးမရှိသဖြင့် ကျွန်တော်တို့ လွတ်လပ်ပျော်ရွှင်စွာ နေရပါသည်။ ကျွန်တော့်ဘဝတွင် အပျော်ဆုံး နေ့များဟု ဆိုရပေမည်။

'အောက်ညဥ့်ရွာ'သည် သမိုင်းဝင်ရွာဖြစ်သည်။ ပုဂံပြည် ဘုရင်အနော်ရထာမင်းကြီးတွင် အလွန်လှပချောမောသည့် မိဖုရားတစ်ပါးရှိသည်။ အမည်မှာ 'စောမွန်လှ' ဖြစ်သည်။ အကြောင်းတစ်ခုကြောင့် စောမွန်လှသည် ပုဂံပြည်မှ မွေးရပ်ဌာနေ ကမ္ဘောဇရှမ်းပြည်သို့ ပြန်ခဲ့သည်။ လမ်းခရီးတွင် စခန်းချ ညအိပ်ခဲ့သဖြင့် ၎င်းရွာကို 'ညဥ့်ရွာ'ဟု ခေါ်ဆိုခဲ့ကြခြင်း ဖြစ်သည်။ ယခုအခါ 'အထက်ညဥ့်'၊ 'အောက်ညဥ့်'ဟူ၍ နှစ်ရွာရှိလေသည်။

မအေးမိ၏ မိဘများသည် ကျွန်တော့်ကို ခါးခါးသီးသီး မုန်းတီးကြသူများဖြစ်သည်။ သူတို့၏ သမီးကိုချစ်၍ မပစ်နိုင်သဖြင့် လက်ခံခဲ့ကြခြင်းသာ ဖြစ်သည်။ တစ်လမပြည့်မီ ကျွန်တော် အဖမ်းခံရသည်။ ကျွန်တော့်ဘဝတွင် ပထမဦးဆုံး ဂုဏ်ထူးရရှိခြင်းဖြစ်သည်။

ဝ ဝ ဝ

## မိုင်တုန်ကျော်သိန်းနှင့် ထောင်သုံးနှစ်

ပခုက္ကူထောင်ကို အင်္ဂလိပ်အစိုးရလက်ထက်က တည်ဆောက်ခဲ့သည်။ ...ည်ဆောက်သည့်နှစ်ကာလကို အတိအကျမသိရသော်လည်း နှစ်ဆယ်ရာစု ...ပိုင်းကဟု ခန့်မှန်းကြသည်။ အိပ်ထောင်အဆောက်အအုံမှာ ကြီးမားကျယ် ...ပြီး နှစ်ထပ်ဖြစ်သည်။ အောက်ထပ်တွင် အခန်းကြီးသုံးခန်းရှိသကဲ့သို့ ...ထက်ထပ်တွင်လည်း အလားတူသုံးခန်း ရှိသည်။ အခန်းများကို အသား...န်းများ ကာရံထားသည်။ အခန်းများ၏ ဘေးပတ်လည်တွင် လျှောက်လမ်း ...ည်။ လျှောက်လမ်းအပြင်တွင်လည်း အသားတန်းများ ကာရံထားသည် ...ဝင်စေရန်၊ အလင်းရောင်ရရှိစေရန် အသားတန်းတစ်ခုနှင့်တစ်ခုကြား ...ကွက်မှောက်ထားနိုင်သည်။ အမိုးမှာ အုတ်ကြွပ်မိုးဖြစ်၏။ အရှေ့ထောင်ထောင့် ... အနောက်မြောက်ထောင့် အထက်အောက်တို့တွင် တံခါးရွက်မပါသော ...ကျယ်လေး လေးခန်းရှိသည်။ အိပ်ထောင်ကြီးမှာ လူသုံးရာကျော် ဆံ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ထောင်ကြီးသည် အုတ်နံရံ လေးဘက်၏ အလယ်ဗဟိုတွင်ရှိသည်။ အရှေ့ဘက်တွင် ဘုးတံခါးကြီးရှိပြီး အရှေ့တောင်ထောင့်တွင် ဘုရားကျောင်းဆောင်ရှိသည်။ ဘုရားဆောင်၏ တောင်ဘက်တွင် လူနာများထားရှိသော နှစ်ထပ်အဆောက်အအုံကလေးတစ်လုံး ရှိသည်။ ထိုအဆောက်အအုံ၏ အနောက်ဘက် မလှမ်းမကမ်းတွင် အခိုင်အခန့် တည်ဆောက်ထားသော အုတ်တိုက်ကလေးတစ်လုံးရှိ၏။ အခန်းနှစ်ခန်း ပါရှိ၏။ ထောင်ထဲတွင် အပြစ်ကျူးလွန်သူကို ထိုအခန်းထဲသွင်းပြီး တိုက်ပိတ်ခြင်းခံရ၏။ ပခုက္ကူထောင်တွင် ကြိုးစင်မရှိသဖြင့် စက်ရှင်တရားသူကြီးရုံးမှ ကြိုးမိန့်အပြစ်ဒဏ်ကျသော တရားခံများကို မြင်းခြံထောင်သို့မပို့မီ ၎င်းတိုက်ခန်းတွင် ထားရှိသည့်အတွက် ‘ကြိုးတိုက်’ ဟုလည်း ခေါ်သည်။

အနောက်တောင်ထောင့်တွင် ထမင်းချက်ဖိုရှိသကဲ့သို့ အနောက်မြောက်ထောင့်တွင် မိလ္လာအိမ်ရှိ၏။ အရှေ့မြောက်ထောင့်တွင် အုတ်ရေတွင်းနှင့် အုတ်ရေကန်ရှိသည်။ အိပ်ထောင်၏မြောက်ဘက်တွင် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးသဖြင့် ‘အတွင်းတောင်ယာ’ဟု ခေါ်ပါသည်။

ထောင်ထဲရောက်ပြီး လေးငါးရက်ရှိသောအခါ မြကေျာင်းနှင့် ဘိုးထူးတို့ ရောက်ရှိလာကြသည်။ အခြားအချုပ်သား အကျဉ်းသားများနှင့်ပါ ရင်းနှီးခင်မင်လာကြသည့်အလျောက် အပေါင်းအသင်းများနှင့် နေရခြင်း၊ စကားပြောရခြင်းတို့ကြောင့် စိတ်ဆင်းရဲမှု ပြေပျောက်စပြုလာပါသည်။

ထမင်းမှာ လုံးတီးဆန်ဖြစ်သည်။ လုံးတီးဆန်သည် စားရာတွင် ကြမ်းတမ်းသော်လည်း ကိုယ်ဖောကိုယ်ရောင်ရောဂါ မဖြစ်ခြင်းနှင့် အာဟာရဓာတ်အများဆုံး ပါရှိသဖြင့် လူများကို ကျန်းမာစေသည်ဟု ဆိုပါသည်။ ပဲဟင်းနှင့် ငရုတ်သီး ငါးပိကြော်မှာ လုံးတီးဆန်နှင့် လိုက်ဖက်သည်။ တစ်ခေါက်လျှင် ဆိတ်သား၊ အမဲသား၊ ဝက်သား နှစ်ကြိမ်ကျွေး၏။ အသားဟင်းကျွေးမည့်နေ့ကိုပင် မျှော်လင့်နေကြသည်။

‘ခလုတ်ထိမှ အမိတ’ ဆိုသကဲ့သို့ အချုပ်အနှောင်ခံရမှ ဘုရားကို ဆည်းကပ်ကိုးကွယ်ကြသည်။ ဘုရားဆောင်ကိုကြည့်လျှင် ယေဘုယျအားဖြင့် ဘုရားရှိခိုး ဝတ်ပြုနေကြသူများမှာ အချုပ်သားများသာလျှင် ဖြစ်ကြသည်။ ဘုရားကို ဆည်းကပ်ကိုးကွယ်ခြင်းအားဖြင့် ဘုရားက အချုပ်အနှောင်မှ လွှတ်မြောက်စေရန် စောင်မလိမ့်မည်ဟု သူတို့စိတ်တွင် ထင်မြင်ယူဆနေကြ



ခန်ရှိသည်။ ဤသို့ ယူဆခြင်းသည် အပြစ်မကျမီ အချိန်ကာလအတွင်း၌သာ ဖြစ်သည်။ ထောင်ကျပြီး အပြစ်ရပြီဆိုလျှင် လုံးဝ ဘုရားရှိခိုးခြင်းမရှိတော့ပေ။ အလုပ်သက်သာမှုရှိစေရန်နှင့် အစားအသောက်အတွက်သာ လုံးပမ်းနေကြတော့သည်။

တစ်နေ့တွင် ကျွန်တော်တို့အမှုတွဲ သုံးဦးကို ရုံးထုတ်ပါသည်၊ အခြားအချုပ်သားများလည်း ပါရှိကြသည်။ ရုံးရှေ့ရှိ တမာပင်အောက်တွင် ထိုင်နေကြရပါသည်။ ရွာမှ ဦးသာလှိုင်နှင့် ကိုလှဖေတို့အပြင် ကုလားအဖေ ဦးကျောင်းမောင်နှင့် အောင်စိန်အဖေ ဦးလွန်းမောင်တို့လည်း ရောက်လာကြသည်။ လွတ်လပ်စွာ စကားပြောရပါသည်။ ရှေ့နေဦးဆင်က ကျွန်တော့်ကို လက်မှတ် ထိုးခိုင်းပါသည်။ သူ့ကို ကိုယ်စားလှယ်လွှဲအပ်ခြင်း ဖြစ်ပါသည်။ ဦးဆင်အပြောပြသည်မှာ လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်မှုအတွက် အပြစ်ရှိမရှိ တရားသူကြီးကမေးလျှင် အပြစ်မရှိကြောင်း ပြောရန်သင်ပြပါသည်။

ထိုနေ့က နယ်ပိုင်ရာဇဝတ်တရားသူကြီး ဦးအောင်ဖေ ရုံးတွင် တိုက်ပိုင်ဦးတင်နှင့် ဇလုပ်ရွာက ရွာလူကြီးတစ်ဦးကို စစ်ဆေးပါသည်။ သက်သေနှစ်ဦးစလုံးကပင် ရုံးတော်ရှေ့ရှိ အင်္ဂလိပ်ရိုင်ဖယ်သေနတ်သည် တရားခံများ၏ လှည်းပေါ်မှ တွေ့ရှိရသောသေနတ်ဖြစ်ကြောင်း ထွက်ဆိုသွားကြပါသည်။ ထို့နောက် တရားသူကြီးက လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်ခြင်းအတွက် အပြစ်ရှိမရှိ မေးမြန်းရာ ကျွန်တော်က ကျေးရွာကာကွယ်ရေးသေနတ်ဖြစ်၍ အပြစ်မရှိပါကြောင်း လျှောက်ထားသည်။

ရုံးမှ အထောက်အခံ သက်သေစာရင်း တင်ပြရန် ‘တောင်းခံသဖြင့် ရွာခေါင်းဦးချစ်စရာနှင့် ရွာလူကြီး ဦးကာလဖေတို့ကို သက်သေအဖြစ် စာရင်းတင်သွင်းခဲ့သည်။ တရားသူကြီးမှာ ပုတီးသမားဖြစ်၍ စိတ်ရင်းသဘောထား ကောင်းသည်ဟု သိရပါသည်။

ရုံးချိန်းရက်မှာ တစ်ပတ်ပဲ ဝေးကွာသည်။ ရုံးချိန်းရက်နီးခြင်းသည် အမှု အလျင်အမြန် ပြီးစီးရန်အတွက်ဖြစ်၍ ဝမ်းသာသည်။ ရုံးချိန်းနေ့မှ လာမည်ဟုပြောပြီး ရွာမှလူများ ပြန်သွားကြပါသည်။ ပုလိပ်များက ကျွန်တော်တို့ကို ထောင်ပြန်ပို့ပါသည်။ ‘ဘူး’တွင် ရှာဖွေခြင်းပြုသော်လည်း ဆေးလိပ်မှတစ်ပါး စားဖွယ်ရာများကို ယူခွင့်ပြုပါသည်။

“အုံးဖေ၊ ဘယ်အမှုစစ်ဆေးသလဲ”ဟု ကိုဘခင်က မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်နက်မှု" ဟုပြောသောအခါ–

"အဲဒီလက်နက်မှုကတော့ ထောင်ကျမှာ သေချာတယ်။ ဒါပေမယ့် အများဆုံး တစ်နှစ်ပဲ။ မင်းရဲ့သေနတ်ပါလို့ ဝန်ခံထားတော့ ကုလားနှင့် အောင်စိန်က လွတ်နိုင်တယ်"ဟု ပြောပါသည်။

ကိုဘခင်သည် အင်္ဂလိပ်အစိုးရလက်ထက်က ဓားပြမှုနှင့် ထောင်ခုနစ်နှစ် ကျခဲ့ဖူးသည်။ မြင်းခြံထောင်တွင် ဘူးစာရေးအဖြစ်လုပ်ခဲ့ဖူးသဖြင့် အ… အကြောင်းနှင့် ဥပဒေအကြောင်းကို အနည်းငယ် နားလည်ပါသည်။

ကျွန်တော်သည် ထောင်ကျမည်ကို စိုးရိမ်ပူပန်သော်လည်း ကုလားနှင့် အောင်စိန်တို့ လွတ်မြောက်နိုင်သည်ဆို၍ ဝမ်းသာနေသည်။ ၎င်းတို့မှာ ကျွန်… တော် ယူဆောင်လာသော သေနတ်ကြောင့် အဖမ်းခံရခြင်းဖြစ်၍ သူတို့… ကျွန်တော် အားနာသည်။ သနားသည်။

တစ်နေ့တွင် ထောင်မှူးကြီး ဦးဝင်းဖေ အနားယူတော့မည်ဖြစ်… အကျဉ်းသားအချုပ်သားများကို နှုတ်ဆက်လိုသည့်အတွက် အိပ်ထောင်ရှေ့တွ… ပုံစံဖြင့် ထိုင်နေကြရပါသည်။ မကြာမီ ဦးဝင်းဖေ ထောင်ထဲသို့ ဝင်ရောက် လာပါသည်။ သူ့နောက်က ပြာတာများနှင့် ဘာယာနှစ်ဦးက တုတ်ထမ်းလျှ… လိုက်ပါလာသည်။

ဦးဝင်းဖေက သူသည် ယနေ့ အလုပ်တာဝန်မှ အနားယူတော့မည်ဖြစ်… အကျဉ်းသား အချုပ်သားများကို နှုတ်ဆက်ခြင်းဖြစ်ပါကြောင်း ပြောကြား… သူ တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်ကာလအတွင်း တစ်စုံတစ်ရာ မှားယွင်း… မှုရှိခဲ့သော် ခွင့်လွှတ်ကြပါလို့ တောင်းပန်ပါကြောင်း ပြောကြားသွားပါသည်… ဦးဝင်းဖေနေရာတွင် တာဝန်ယူမည့်သူမှာ ကုလားလူမျိုး စုလေမန် (ခေါ်) ဦးခင်မောင် ဖြစ်ပါသည်။ ဦးခင်မောင်သည် ဂျပန်ခေတ် ပခုက္ကူထောင်တွ… သုံးဆက်မြောက်ထောင်မှူးကြီး ဖြစ်သည်။ ပထမဦးဆုံး ထောင်မှူးကြီးမှာ ဦးတောင်ဖြစ်သည်။ ဦးတောင်သည် ထောင်သားများနှင့် ဝန်ထမ်းများအပေါ်… ၎င်းသွားထောက်ထားသူဖြစ်သည်ဟု ကိုဘခင်က ပြောပါသည်။

ရုံးချိန်းနေ့တွင် တရားခံပြသက်သေအဖြစ် ရွာခေါင်းဦးချစ်စရာနှင့် ရွာလူကြီး ဦးကာလဖေတို့ကို စစ်ဆေးသည်။ နှစ်ဦးစလုံးကပင် ခေတ်ပျက်… က ရွာကာကွယ်ရေးအတွက် ရွာဘုံငွေဖြင့် ဝယ်ယူထားသော သေနတ်ဖြ… ကြောင်း၊ ၎င်းသေနတ်ကို အုံးဖေအား ကိုင်တွယ်ခွင့်ပြုထားကြောင်း ထွက်… သွားကြပါသည်။



ထို့နောက် စီပီအို (ခေါ်) အစိုးရရှေ့နေက လျှောက်လဲချက်ပေးရာတွင် လှည်းပေါ်၌ပါရှိသူအားလုံး လိုင်စင်မဲ့သေနတ် ကိုင်ဆောင်မှုတွင် အကျုံးဝင်သဖြင့် တရားခံ အုံးဖေပါ သုံးဦးစလုံးကိုပင် ထောင်ဒဏ်တစ်နှစ်စီ အပြစ်ပေးသင့်ကြောင်း လျှောက်လဲချက် ပေးသွားလေသည်။

ရှေ့နေဦးဆင်က ခေတ်ပျက်နေသည့်အချိန်ကာလတွင် လိုင်စင်ယူဖို့ဆိုသည်မှာ လွယ်ကူသောကိစ္စ မဟုတ်ပါကြောင်း၊ ထိုအချိန်က ကျေးရွာသူရွာသားများမှာ မိမိတို့၏ အသက်အိုးအိမ် လုံခြုံမှုအတွက် အရေးပေါ် လုပ်ကိုင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သက်သေဦးချစ်စရာနှင့် ဦးကာလဖေတို့၏ ထွက်ဆိုချက်ကို အထောက်အထားပြု၍ တစ်တရားခံ အုံးဖေပါသုံးဦးကို အပြစ်မှကင်းလွတ်ခွင့်ပြုသင့်ပါကြောင်း လျှောက်ကြားသွားသည်။

ရုံးတော်မှ မနက်ဖြန် ၁၄–၁–၄၃ နေ့တွင် စီရင်ချက်ချမည်ဟု ချိန်းဆိုလိုက်ပါသည်။ ရုံးချိန်းနေ့တွင် ဦးသာလှိုင်နှင့်ညီ ကိုလှဖေ၊ ကိုအေးတို့အပြင် ကုလားနှင့် အောင်စိန်တို့၏ မိဘမွေးချင်းများပါ လိုက်လာကြသည်။

မနေ့က 'ဘီယာ' သေပြီဖြစ်ကြောင်း၊ မအေးမိက မှာလိုက်ကြောင်း ဦးသာလှိုင်ကပြော၍ စိတ်မကောင်း ဖြစ်ရပါသည်။ ဘီယာသည် ကျွန်တော် ပြုစု ကျွေးမွေးလာသော ခွေးကလေးဖြစ်၍ သနားနေပါသည်။

ရုံးတော်မှ စီရင်ချက်ချမှတ်ရာတွင် ကျေးရွာကာကွယ်ရေးအတွက်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကာကွယ်ရေးအတွက်ဖြစ်စေ လိုင်စင်မဲ့လက်နက်ကိုင်ဆောင်ခြင်းသည် ဥပဒေအရ အပြစ်ရှိနေသည်။ တစ်တရားခံ အုံးဖေက သူ၏သေနတ်ဖြစ်ကြောင်း ဝန်ခံသော်လည်း ၎င်းနှင့်အတူ လှည်းပေါ်တွင် ပါရှိသူ ကုလားနှင့် အောင်စိန်မှာလည်း တရားမဝင် လက်နက်ကိုင်ဆောင်မှုတွင် ပါဝင်ပတ်သက်နေသည့်အတွက် တစ်တရားခံ အုံးဖေပါ သုံးဦးတို့ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် လေးလစီကျခံစေရန် အမိန့်ဒီဂရီ ချမှတ်လိုက်ပါသည်။

ထောင်ထဲသို့ ပြန်ရောက်သောအခါ ကိုဘခင်က မေးပါသည်။ သုံးဦးစလုံး ထောင်လေးလစီ အပြစ်ကျကြောင်းပြောသောအခါ ကိုဘခင်မှာ သူ့ဆင်မြင်ချက်နှင့် လွဲမှားနေ၍ အံ့အားသင့်နေပါသည်။ ထိုနေ့က ကျွန်တော့်စိတ် ကြည်လင်ပျော်ရွှင်ခြင်း မရှိပါ။ ကျွန်တော် ထောင်ကျမည်ဆိုသည်ကို ကြိုတင် သိထားပြီးဖြစ်၍ စိတ်ဆင်းရဲခြင်း၊ ပူပန်ခြင်းမရှိလှသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကုလားနှင့် အောင်စိန်တို့မှာ ကျွန်တော့်ကြောင့် ထောင်ကျရခြင်းဖြစ်၍ သူတို့အတွက် စိတ်မကောင်းဖြစ်နေပါသည်။

နောက်နေ့တွင် ကျွန်တော်တို့သုံးဦးကို သံခြေချင်းတစ်ဖက်စီခတ်ပြီး အလုပ်တာဝန်ချထားပါသည်။ ကုလားနှင့် အောင်စိန်တို့ကအပြင် တောင်ယာဘုတ်တွင် အလုပ်လုပ်ရပါသည်။ ကျွန်တော်က အမှိုက်ဘုတ်တွင်လုပ်ရသည်။ အမှိုက်ဘုတ်သည် အကျဉ်းထောင်ရှိ အလုပ်များတွင် အသက်သာဆုံးဘုတ်ဖြစ်၏။ အပြင်လောကတွင် အသိမိတ်ဆွေများရှိဖို့ လိုပါသည်။ အသိမိတ်ဆွေမရှိလျှင် မျက်နှာငယ်ရခြင်း၊ အညှဉ်းဆဲ အနှိပ်စက်ခံရခြင်း၊ ပုဆိုးအင်္ကျီများလဲလှယ်ယူခြင်းတို့ကို ခံရတတ်ပေသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်တစ်ခုကို တင်ပြလိုသည်။ ပခုက္ကူမြို့နယ် ဖက်ပင်ရွာမှ လှကြိုင်နှင့် အောင်ရွှေတို့သည် အမှုတစ်ခုဖြင့် ထောင်ထဲရောက်ရှိလာသည်။ ထောင်ထဲတွင် 'သံတော'ဖြစ်သူ ဆိပ်ဖြူမြို့နယ်မှ ကိုစံရွှေက လှကြိုင်၏ပုဆိုးကို လဲလှယ်ယူခဲ့သည်။ လှကြိုင်တို့ ထောင်မှလွတ်မြောက်သောအခါ ကိုစံရွှေကို သူတို့ရွာ၊ သူတို့အိမ်သို့ ဝင်ခဲ့ရန် အမှာအထား ပြုသွားသည်။ ဆိပ်ဖြူမြို့သို့သွားသောလမ်းသည် ဖက်ပင်ရွာအနီးမှ ဖြစ်သည်။

ကိုစံရွှေ ထောင်မှလွတ်သောအခါ သဘောရိုးနှင့် မှာသွားသည်ထင်ပြီး ဖက်ပင်ရွာရှိ လှကြိုင်တို့အိမ်သို့ ဝင်ရောက်နှုတ်ဆက်သည်။ လှကြိုင်နှင့် အောင်ရွှေတို့က အရက်များ၊ ကြက်သားချက်များနှင့် ဧည့်ခံ၍–

"နောက်နေ့မှ ပြန်တာပေါ့"ဟု ပြောပြီး ညအိပ်နေစေခဲ့သည်။ နောက်နေ့ နံနက်စောစော ကိုစံရွှေပြန်သောအခါ သူတို့က လိုက်လံပို့ဆောင်ကြသည်။ မြစ်ခြေအနောက်ဘက် ချောင်းထဲရောက်သောအခါ ကိုစံရွှေကို ဓားဖြင့်ထိုးသတ်ပြီး အလောင်းကို ချောင်းထဲမြှုပ်ထားခဲ့သည်။

'မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ'၊ 'ရာဇဝတ်ဘေး ပြေးမလွတ်' ဆိုသကဲ့သို့ ၎င်းအမှုအတွက် လှကြိုင်နှင့် အောင်ရွှေတို့ အဖမ်းခံရပြီး ထောင်ထဲ ပြန်လည်ရောက်ရှိလာကြသည်။

'မဟုတ်မခံဘူး'ဆိုသော ဒေါသ၊ မာန်မာနစိတ်သည် ကောင်းသောစိတ်မဟုတ်ပေ။ ၎င်းစိတ်သည် အကျိုးထက် အပြစ်ကိုသာ ဖြစ်စေနိုင်ပါသည်။ သည်းခံစိတ်သည် မွေးရာပါ မဟုတ်သော်လည်း အရာရာတွင် အသိဉာဏ်နှင့်



ယှဉ်ပြီး အသေးအဖွဲ့ အမှုကိစ္စကလေးများကို သည်းခံစိတ်ဖြင့် ခွင့်လွှတ်နိုင်မှသာလျှင် လူ့လောက လူ့ဘဝတွင် ကြီးပွားချမ်းသာမည် ဖြစ်သည်။

တစ်နေ့တွင် ကျွန်တော်တို့သုံးဦးကို ရုံးထုတ်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၃၉၉ ဓားပြတိုက်ရန် ကြံစည်မှုဖြင့် နယ်ပိုင်ရာဇဝတ်တရားသူကြီး ဦးထွန်းတင် ရုံး၌ တိုက်ပိုင်ဦးတင်ကို စစ်ဆေးပါသည်။

အမှုမစစ်မီ ကျွန်တော့်ကို ရှေ့နေဦးဆင်က အမှုအကြောင်းအရာအဖြစ်အပျက်တို့ကို မေးမြန်းပြီး သူ၏မှတ်စုစာအုပ်တွင် ရေးမှတ်ပါသည်။ အမည်မှာ ဦးဆင်ဖြစ်သော်လည်း ကုလားလူမျိုးဖြစ်ပါသည်။ ထိုအချိန်က ပခုက္ကူတွင် နာမည်ကြီး ရှေ့နေများမှာ ဦးဆင်အပြင် ဦးဘဒွေး၊ ဦးဘိုးကောင်း၊ ဦးသံဒိုင်တို့ ဖြစ်ပါသည်။

ဦးတင် ထွက်ဆိုသည်မှာ ၁၆–၁၂–၄၂ နေ့က ဇလုပ်ရွာ၌ အမှုတစ်ခုစစ်ဆေးပြီး ကိုဘကြင်၊ ကိုခင်ကြူးတို့နှင့်အတူ လှည်းဖြင့် ပြန်လာခဲ့ကြရာ လမ်းတွင် ရင်ဆိုင်လာနေသော လူသုံးယောက်ကို တွေ့ရကြောင်း၊ ၎င်းလူသုံးယောက်သည် ကျွန်တော်တို့ ပုလိပ်များကို တွေ့မြင်ရသောအခါ လမ်းဘေးရှိ ကိုင်းတောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြောင်း၊ ထို့နောက် မကြာမီ လှည်းတစ်စီးပေါ်တွင် လူသုံးယောက် လိုက်ပါလာသည်ကို တွေ့ရှိရကြောင်း၊ မသင်္ကာသဖြင့် ရှာဖွေစစ်ဆေးရာ လှည်းပေါ်မှ ရုံးတော်ရှေ့ရှိ အင်္ဂလိပ်ပိုင်ခိုင်ဖယ်ကို ပြောင်းဖူးပင်များကြားတွင် လျှို့ဝှက်ယူဆောင်လာသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့သည် ထွက်ပြေးသွားသူများနှင့် တစ်ဖွဲ့တည်းဖြစ်ကြောင်း ထွက်ဆိုသွားပါသည်။

ရှေ့နေ ဦးဆင်က မေးခွန်းထုတ်ရာတွင်–

"လူသုံးယောက် ကိုင်းတောထဲဝင်ရောက်သွားပြီးနောက်။ 'မကြာမီ'လို့ ထွက်ဆိုထားပါတယ်။ မကြာမီဆိုတာ အချိန်နာရီအားဖြင့် ဘယ်လောက်ကြာမြင့်ပါသလဲ"

"မိနစ်သုံးဆယ်၊ နာရီဝက်ခန့် ကြာပါတယ်"

"တိုက်ပိုင်ကြီးတို့က မသင်္ကာလို့ ရှာဖွေစစ်ဆေးတော့ တရားခံတွေက ဘယ်လိုပြောပါသလဲ"

"သူတို့ဟာ ထနောင်းကုန်းရွာကဖြစ်ပြီး မြစ်ခြေကို အားဝယ်သွားခြင်းဖြစ်ကြောင်း ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆားဝယ်သွားတဲ့ငွေကို သက်သေခံအဖြစ် ရုံးတော်ကို မတင်ပြဘူး လား"

"ငွေမပါလို့ မတင်ပြပါဘူး။ ပါရင် တင်ပြမှာ ဖြစ်ပါတယ်"

"ပခုက္ကူရောက်တော့ တရားခံများကို ကင်ပေတိုင်ရုံး ပို့တယ်မဟုတ် လား"

"ကင်ပေတိုင်ရုံးဟာ မြို့အဝင်မှာဖြစ်လို့ ဂျပန်စစ်ဗိုလ်ကို အင်္ဂလိပ်ရိုင်ဖယ် သေနတ်ရရှိခဲ့ကြောင်း တင်ပြခြင်းဖြစ်ပါတယ်"

"တရားခံများကို ဂျပန်စစ်သားများက ရိုက်နှက်စစ်ဆေးတယ် မဟုတ် လား"

"ဂျပန်စစ်ဗိုလ်နှင့် ရုံးခန်းထဲမှာ စကားပြောနေလို့ ရိုက်မရိုက် မသိ ပါဘူး"

ထို့နောက် ပုလိပ်ကိုခင်ကြူးကို စစ်ပါသည်။ ကိုခင်ကြူးမှာ အသား ဖြူပြီး အရပ်ပုပြတ်ပြတ်နှင့် လူလုံးလူဖန်သေးသေး ဖြစ်ပါသည်။ သူ၏ ထွက်ဆိုချက်မှာလည်း တိုက်ပိုင်ဦးတင် ထွက်ဆိုသကဲ့သို့ပင် ဖြစ်ပါသည်။

ဦးဆင်က ကိုခင်ကြူးကို မေးခွန်းထုတ်ရာတွင် တိုက်ပိုင်ဦးတင်နှင့် ကွဲလွဲနေသည့်အချက်က 'ဂျပန်စစ်သားများသည် တရားခံများကို ရိုက်နှက် စစ်ဆေးတယ်'ဟု ထွက်ဆိုသွားခြင်းပင် ဖြစ်ပါသည်။

ကျန်သက်သေများကို စစ်ဆေးရန် ရုံးချိန်းကို ရက်သတ္တတစ်ပတ်ခွာပြီး ချိန်းဆိုလိုက်ပါသည်။

ထို့နောက် ဦးထွန်းတင်၏ရုံးတော်မှ ကျော်သိန်း၏အမှုကို စစ်ပါသည်၊ ကျော်သိန်းသည် အသားညိုပြီး လူလုံးလူဖန်က ပိန်လိုလို ဖြစ်သည့်အပြင် အလုံအမောင်းမှာလည်း ပုပြတ်ပြတ်ဖြစ်သည်။ ရေစကြိုမြို့နယ် တောင်ဦးရွာ မှဖြစ်ပြီး မုဒိန်းမှုဖြင့် အချုပ်ခံနေရသူဖြစ်သည်။ ရွာအနီး ယာခင်းထဲတွင် မြေပဲကောက်နေသူ အမျိုးသမီးလေးတစ်ဦးကို အလိုမတူဘဲ အတင်းအဓမ္မ ပြုကျင့်ခဲ့သည်။ ထိုအမှုကို ယနေ့ စတင် စစ်ဆေးခြင်းဖြစ်သဖြင့် မိန်းမပျို လေး၏ မိဘဆွေမျိုးများနှင့် စိတ်ပါဝင်စား၍ လာရောက် နားထောင်သူများ မှာ ရုံးခန်းရှေ့တွင် ပြည့်ကြပ်လျက်ရှိသည်။

တရားလို အမျိုးသမီးလေးကို စီပီအို(ခေါ်) အစိုးရရှေ့နေက မေးမြန်း သည်။ အမည်၊ အသက်၊ မိဘနာမည်နှင့် အချင်းဖြစ်ပွားသည့်နေ့ရက်နှင့်



အချိန်တို့ကို မေးမြန်းပြီး 'တရားခံကျော်သိန်းက အဓမ္မပြုကျင့်တော့ နင့် မိန်းမကိုယ်ထဲကို ဝင်သလား'ဟုမေးရာ-

မိန်းမပျိုလေးက ပြောရမည်ကို ရှက်ရွံ့နေသဖြင့် ခေါင်းငုံ့နေပါသည်။

"ပြောလေ။ ပြောမှပြီးမှာ" အမှုလိုက်က ထပ်မံတိုက်တွန်းတော့မှ-

"လက်နှစ်တစ်၊ သုံးတစ်လောက် ဝင်ပါတယ်"

ထိုအခိုက် ရုံးတော်ရှေ့ရှိ ခုံတန်းတွင်ထိုင်နေသူ ကျော်သိန်းက ဇောင်ဇာတ် အ၍-

"မဟုတ်ဘူးဘုရား၊ မိုင်ကုန် မိုင်ကုန်"ဟု လျှောက်သည်။

နားထောင်သူတချို့က သဘောမပေါက်ဘဲရှိနေကြသည်။ သဘော ပေါက်သူများက ရယ်ကြသည်။ အမှုလိုက်က သူ့အလိုကျဖြစ်လာ၍ ပြုံးနေ သည်။ ကျော်သိန်းကို စောင့်ကြပ်သူပုလိပ်က ဝါသနာပါ၍လားမသိ ခရေစေ့ တွင်းကျ ပြန်လည် ပြောပြသဖြင့် ကျွန်တော်တို့မှာ 'တဟားဟား' ရယ်ကြရပါ သည်။

ထိုနေ့မှအစပြုပြီး ထောင်တွင်းရှိလူများက ကျော်သိန်းကို 'ကျော်သိန်း' ဟု မခေါ်ကြတော့ဘဲ 'မိုင်ကုန်'ဟု ခေါ်ကြပါသည်။ သူ၏အမှုမှာ သူကိုယ်တိုင် အပင် ဝန်ခံသကဲ့သို့ ဖြစ်နေသဖြင့် မကြာမီ အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် အဖြစ်ကျသွားပါသည်။

ကျွန်တော်တို့ ရုံးချိန်းနေ့တွင် သက်သေနှစ်ဦး စစ်ရန်ဖြစ်သော်လည်း ဆိပ်ရွာမှ သက်သေလူကြီးတစ်ဦးမှာ မကျန်းမမာဖြစ်နေသဖြင့် မလာနိုင်ပါ။ ထိုသက်သေကို ပယ်ဖျက်လိုကြောင်း အစိုးရရှေ့နေက ရုံးတော်သို့တင်ပြရာ တရားသူကြီးက ပယ်ဖျက်ခွင့်ပြုလိုက်ပါသည်။

ထို့နောက် ပုလိပ်များ ဆင့်ခေါ်လာသော လှည်းသမားကို စစ်ဆေးပါ သည်။ ထိုသူ၏ထွက်ဆိုချက်မှာလည်း ပုလိပ်များ ထွက်ဆိုသကဲ့သို့ပင် ဖြစ်ပါသည်။

ရှေ့နေ ဦးဆင်က မေးခွန်းထုတ်ပါသည်။

"လှည်းသုံးယောက်၊ ကိုင်းတောထဲ ဝင်သွားတဲ့နေရာနဲ့ တရားခံများနဲ့ တွေ့တဲ့နေရာဟာ ဘယ်လောက်ဝေးကွာပါသလဲ"

"တစ်မိုင်လောက် ဝေးကွာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပခုက္ကူရောက်တော့ တရားခံများကို ဂျပန်စစ်သားများက ရိုက်နှက်တယ် မဟုတ်လား"

"ရိုက်ပါတယ်"

"တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးပြီးပြီဖြစ်၍ ကျွန်တော်တို့ကို အပြစ်ရှိမရှိ" တရားသူကြီးက မေးပါသည်။

"အပြစ်မရှိကြောင်း" လျှောက်ကြားလိုက်ပါသည်။

ရုံးတော်မှ အထောက်အခံ သက်သေစာရင်းတောင်းသဖြင့် ရှေ့နေ ဦးဆင်က ရွာခေါင်းဦးချစ်စရာနှင့် ရွာလူကြီး ဦးကာလဖေတို့အပြင် အောင်စိန်၏ အဖေ ဦးထွန်းမောင်ကိုပါ သက်သေအဖြစ် စာရင်းသွင်းလိုက်ပါသည်။

○ ○ ○

# လိုင်စင်မဲ့လက်နက်ကိုင်မှုဖြင့် ထောင်ကျ

ရုံးချိန်းနေ့တွင် သက်သေဦးချစ်စရာနှင့် ဦးကာလဖေတို့ကို စစ်ပါသည်။ ...တို့၏ ထွက်ဆိုချက်မှာ လက်နက်မှုတွင် ထွက်ဆိုသကဲ့သို့ပင် ရွာဘုံငွေဖြင့် ...ယူထားသော ကာကွယ်ရေးသေနတ်ဖြစ်ကြောင်း၊ ၎င်းသေနတ်ကို အုံးဖေ ...း ကိုင်တွယ်ခွင့်ပြုထားကြောင်း ထွက်ဆိုသွားကြပါသည်။

ထို့နောက် အောင်စိန်၏အဖေ ဦးလွန်းမောင်ကို စစ်ဆေးရာတွင် ...ရက်ကိုဖြင့် မမှတ်မိပါ။ တစ်နေ့တွင် ကျွန်တော်တို့အိမ်သို့ အုံးဖေ ...ာက်ရှိလာကြောင်းပြောပါသည်။ ရိုးရိုး ဆားဝယ်သွားခြင်းဖြစ်မည်ထင်ပြီး ...ာင်စိန်ကို လှည်းအငှားလိုက်သွားစေပါကြောင်း၊ ယခု အောင်စိန်မှာ ...ပြစ်မရှိဘဲနှင့် ထောင်လေးလ ကျခံရခြင်းမှာနစ်နာလှပါကြောင်း၊ ဦးထွန်း ...င်က ရှေ့နေဦးဆင် မေးမြန်းသည်ထက် ပိုလွန်ပြောနေသည့်အတွက်—

"ဦးလွန်းမောင်၊ ခင်ဗျား ကျွန်တော်မေးတာကိုပဲ ဖြေကြားပါ။ ...မေးတာတွေကို မပြောပါနဲ့"ဟု ဦးတင်က ပိတ်ပင်သည်။

"ဒီလိုမပြောရရင် အောင်စိန်မှာ အပြစ်မရှိတဲ့အကြောင်း တရားသူကြီးက ...ယ်လိုလုပ် သိမှာလဲ"

"ဦးလွန်းမောင် ပြောချင်တာကို ရုံးတော်ပြင်ပမှာ ကျွန်တော့်ကိုပြောပါ။ ...နောက်က လျှောက်လဲချက်ပေးတဲ့အခါ အောင်စိန်ဟာ လှည်းအငှားလိုက် ...င်လို့ အပြစ်မရှိကြောင်း လျှောက်ကြားပေးမယ်"ဟု ရှေ့နေဦးဆင်က

www.burmeseclassic.com

www.burmeseclassic.com



ပြောမှ ဦးလွန်းမောင် သဘောကျ ကျေနပ်သွားသည်။ သို့ဖြစ်သည့်တိုင်အောင် ကျွန်တော့်ကိုဖြင့် သူ့သားထောင်ကျရခြင်းမှာ ကျွန်တော့်ကြောင့်ဖြစ်၍ ကျေနပ် ဟန်မရှိပါ။

ရုံးတော်မှ လျှောက်လဲချက်ပေးရန် ရုံးချိန်းကို တစ်ပတ်ခွာပြီး ချိန်း လိုက်ပါသည်။ ထို့နောက် ဦးချစ်ခိုင်၏ လူသတ်မှုကို စီရင်ချက်ချရာတွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်၊ ငါးနှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်ပါသည်။ ရှေ့နေ၏ ပြောပြချက်အရ ကွင်းလုံးကျွတ် လွတ်လိမ့်မည်ဟု ထင်မှတ်နေသော ဦးချစ်ခိုင်၏မိန်းမမှာ မျှော်လင့်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသဖြင့် တရှုံ့ရှုံ့ ငိုနေပါသည်။ ဦးချစ်ခိုင်က ရှေ့နေငှားပြီး အယူခံရန် သူ့မိန်းမကို မှာနေပါ သည်။

ဦးချစ်ခိုင်သည် အသက်လေးဆယ်ကျော်အရွယ် ဖြစ်သည်။ အသားညို ပြီး အရုပ်အမောင်း ကောင်းသည်။ တည်ကြည်ခံ့ညားသော ဥပဓိရုပ် ရှိသည်။ သူ၏မိန်းမမှာ အသားဖြူပြီး အရပ်သွယ်လျလျနှင့် ရုပ်ရည်လည်း မဆိုးလှပေ။

ရုံးချိန်းကုန်၍ ကျွန်တော်တို့ကို ထောင်ပြန်ပို့သောအခါ အမှုအကြောင်း အရာကို သိလို၍ ဦးချစ်ခိုင်ကို မေးမြန်းကြည့်ရာ–

မြိုင်မြို့နယ်မြောက်ပိုင်း ဖျစ်သီးတောင်ကိုင်းရွာမှဖြစ်ကြောင်း၊ အမေအိုကို လုပ်ကိုင်ကျွေးမွေးနေသော လူပျိုကြီးဖြစ်ကြောင်း၊ အမေတစ်ခု သားတစ်ခု နှစ်ဦးတည်းသာရှိကြကြောင်း၊ မိခင်၏ တိုက်တွန်းမှုကြောင့် မလှရင်နှင့် အိမ် ထောင်ပြုခဲ့သည်မှာ တစ်နှစ်ခွဲခန့်သာရှိသေးကြောင်း၊ အမှုဖြစ်ရခြင်း၏ အကြောင်း ရင်းမှာလည်း မလှရင်နှင့် ပတ်သက်ကြောင်း၊ သေသူ ညိုသောင်မှာ မလှရင်၏ မောင် နှစ်ဝမ်းကွဲတော်သူဖြစ်ကြောင်း၊ လူပေလူတေ အရက်သမား၊ ဖဲသမား ဖြစ်ပြီး မလှရင်ကို ပိုးပန်းနေသူဖြစ်ကြောင်း၊ မလှရင်ကို သူမပိုင်ရသည်မှာ ချစ်ခိုင်ကြောင့်ဖြစ်သည်ဟုယူဆပြီး သူ့ကို အမြဲတမ်း ရန်လုပ်နေသူဖြစ်ကြောင်း တစ်နေ့၌ သူသည် ယာခင်းတွင် တဲဆောက်ရန် ကျင်းတူးနေခိုက် ညိုသော သည် အရက်မူးပြီး ဓားတဝင့်ဝင့်နှင့်–

"ချစ်ခိုင်ကို သတ်မယ်ကွ"ဟု ကြိမ်းဝါးပြီး ပြေးလာကြောင်း၊ သူ့ နောက်က လူနှစ်ယောက်ကလည်း–

"ညိုသောင် နေဦး နေဦး" ဟု ဟစ်အော်၍ အပြေးလိုက်လာကြောင်း ညိုသောင်နှင့် လိုက်လာသူများမှာ ဝါးနှစ်ရိုက်ခန့်ကွာကြောင်း၊ ထွက်ပြေးလျှင်



လွတ်နိုင်သော်လည်း သတ္တိချင်းယှဉ်ပြိုင်လိုသော ဒေါသစိတ်က 'ဟုန်း'ခနဲ ထွက်လာကြောင်း၊ ဝါးတစ်ရိုက်ခန့်အကွာ ရောက်ရှိလာသော ညိုသောင်ထံသို့ ရင်ဆိုင်ပြေးသွားပြီး သံတူရွင်းနှင့် ဦးခေါင်းကို တအားရိုက်ချလိုက်ကြောင်း၊ မြေပေါ်သို့ ပုံလျက်လဲကျသွားကြောင်း၊ မြိုင်ဆေးရုံသို့ လှည်းဖြင့်ပို့ရာတွင် လမ်းမှာပင် သေဆုံးသွားကြောင်း ရှေ့နေဦးဘိုးကောင်းက မိမိကိုယ်ကို ကာကွယ်ပိုင်ခွင့်ရှိသဖြင့် လွတ်မည်ဟု ပြောခဲ့ကြောင်း။

တရားသူကြီးက စီရင်ချက်ဖတ်ကြားရာတွင် မည်သူမဆို မိမိကိုယ်ကို ကာကွယ်ပိုင်ခွင့်ရှိကြောင်း၊ ယခုအမှုတွင် တရားခံချစ်ခိုင်သည် သေသူညိုသောင် အနီး မရောက်မီ ရင်ဆိုင်ပြေးသွားပြီး သံတူရွင်းနှင့် ရိုက်ခြင်းမှာ ကာကွယ် မရောက်ကြောင်း၊ ကာကွယ်သည်ဆိုသည်မှာ မိမိကို သတ်ရန်၊ ခုတ်ရန် ထုတ်ပြုလုပ်သည့် အခိုက်အတန့်၌ မိမိအသက်ဘေးကို ကာကွယ်ပိုင်ခွင့်ရှိ ကြောင်း၊ ယခုအမှုမှာ ကာကွယ်ခြင်းမဟုတ်ဘဲ လူသတ်ခြင်းသာလျှင်ဖြစ် ကြောင်း၊ သို့ဖြစ်၍ တရားခံ ချစ်ခိုင်အား ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း ချစ်ခိုင်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြပါသည်။

ထောင်သို့ရောက်သောအခါ ဦးချစ်ခိုင်ကို သံခြေချင်းခတ်၊ သံဒေါက်ဆွဲ သည်။ ကျွန်တော် အမှတ်ရနေပါသည်။ ထိုနေ့က ညစာထမင်းကို အမဲ ဟင်းနှင့် ကျွေးပါသည်။ ဦးချစ်ခိုင်ကို သနား၍ ကျွန်တော်တို့ ထမင်းဝိုင်း လာစားရန် ခေါ်လိုက်ပါသည်။ ထမင်းဝိုင်းဆို၍ စားပွဲခုံနှင့် စားရသော ထမင်းဝိုင်းမဟုတ်ပါ။ မြေပြင်တွင် ထမင်းပန်းကန်များချပြီး လေးယောက်၊ ငါးယောက် တစ်တွဲ ဝိုင်းဖွဲ့စားသောထမင်းဝိုင်းဖြစ်သည်။ ဟင်းရည်ကို နို့ဆီ ဗူးဖြင့် ခံယူပြီး သောက်ကြရသည်။

နို့ဆီခွက်မရှိလျှင် ထမင်းပန်းကန်ထဲကို ဟင်းချက်နှင့်အတူ ဟင်းရည် ပါထည့်သည်။ ကျွန်တော်က သံဘူးထဲမှ ငါးပိကြော်ကိုနှိုက်ယူပြီး ဦးချစ်ခိုင် ထမင်းပန်းကန်ထဲ ထည့်ပေးသည်။ ဦးချစ်ခိုင်က သူ ထမင်းစားလိုစိတ် မရှိ ကြောင်း၊ ထို့ကြောင့် သူ့ထမင်းနှင့် အမဲသားဖတ်များကို ကျွန်တော်တို့ ယူစားရန် ပေးပါသည်။ သူ့ကြည့်ရသည်မှာလည်း မှိုင်တွေနေပါသည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



“အားမငယ်ပါနဲ့ဗျာ။ အယူခံမှာနိုင်ဖို့အကြောင်းရှိပါတယ်”ဟု အားပေး ပါသည်။ သူက–

“လှရင်အတွက် မပူပါဘူး။ လှရင်မှာ မိဘနှစ်ပါးနှင့် မွေးချင်းတွေ ရှိပါတယ်။ အမေ့အတွက် ဘယ်လိုမှ ဖြေလို့မရနိုင်ဘဲ ဖြစ်နေတယ်။ အသက် က ခုနစ်ဆယ်ဆိုတော့ သူ ထောင်ကလွတ်တဲ့အချိန်မှာ အမေရှိတော့မှာ မဟုတ် ပါဘူး”ဟု ဆို့နစ်ကြေကွဲစွာ ပြောပြရှာပါသည်။

ကျွန်တော်လည်း သူ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေသဖြင့် ထမင်း စားပြီးသည့်တိုင် အမဲဟင်း၏ အရသာကို မခံစားလိုက်ရပါ။ သွေးသားမတော်စပ် ဘဲနှင့် ဦးချစ်ခိုင်၊ မလှရင်တို့အဖြစ်ကို စိတ်ဝင်စားပြီး အိပ်မပျော်ဘဲရှိနေပါ သည်။ အကယ်၍ ကျွန်တော်လည်း ဦးချစ်ခိုင်ကဲ့သို့ ထောင်ငါးနှစ် အပြစ် ကျခဲ့သော် မအေးမိသည်လည်း မလှရင်ကဲ့သို့ ငိုပေလိမ့်မည်။ ထောင်လေးလ ကျသည့်နေ့က မအေးမိသည် တရှုံ့ရှုံ့ ငိုနေကြောင်း ကြားသိရသည်။ မိန်းမ တို့၏အင်အားသည် ငိုကြွေးခြင်းပင် မဟုတ်ပါလား။

နောက်တစ်နေ့ နေ့လယ်တွင် ကိုဘခင်နှင့် ကိုဘလှိုင်တို့ ထောင်မှ လွတ်ကြပါသည်။ သူတို့သည် ဘီအိုင်အေလက်ထက်က လူသတ်မှုနှင့် အဖမ်း ခံခဲ့ရသည်။ ယနေ့အထိ တရားလိုမရှိ သက်သေမရှိသည့်အတွက် ထောင်မှ လွတ်မြောက်ခြင်းဖြစ်သည်ဟု သိရသည်။ ကိုဘခင်ကို မအေးမိ စိတ်ပူမနေရန် မှာလိုက်ပါသည်။

ရုံးချိန်းနေ့တွင် စီပီအို ခေါ် အစိုးရရှေ့နေက လျှောက်လဲချက်ပေးပါ သည်။ တစ်တရားခံ အုံးဖေပါသုံးဦးတို့က သူတို့သည် မြစ်ခြေသို့ ဆားဝယ် သွားခြင်းဖြစ်ကြောင်း ထွက်ဆိုသော်လည်း ဆားဝယ်ရန် ငွေမပါရှိသည်က တစ်ကြောင်း၊ ခရီးသွားသော သူတို့လှည်းပေါ်တွင် လိုင်စင်မဲ့ အင်္ဂလိပ်ရိုင်ဖယ် သေနတ်တစ်လက် ပါရှိသည်ကတစ်ကြောင်း၊ ပြီးနောက် သူတို့၏ရှေ့မှ ခရီး သွားသူ သုံးဦးမှာလည်း ပုလိပ်များကို တွေ့မြင်သောအခါ ကိုင်းတောထဲသို့ ဝင်ပြေးကာ ထွက်ပြေးသွားကြောင်း၊ တိုက်ပိုင် ဦးတင်နှင့် တရားလိုပြသက်သေ များ၏ ထွက်ဆိုချက်ရှိသည်ကတစ်ကြောင်း၊ တရားခံပြသက်သေ ဦးလွန်းမောင် က ရိုးရိုး ဆားဝယ်သွားခြင်းဖြစ်မည်ထင်ပြီး အောင်စိန်ကို လှည်းအငှားလိုက် စေခဲ့ကြောင်း ထွက်ချက်ရှိပါသည်။ ၎င်းထွက်ချက်အရ ဆားဝယ်သွားခြင်းဆို သည်မှာ ခိုင်လုံမှုမရှိကြောင်း၊ အမှုသွားအမှုလာကို ခြုံငုံသုံးသပ်ကြည့်ပါက



ဓားပြတိုက်ရန် ကြံစည်ခြင်းမှာ လယ်ပြင်ဆင်သွားသကဲ့သို့ ထင်ရှားပါကြောင်း၊ ထို့ကြောင့် တစ်တရားခံ အုံးဖေပါ သုံးဦးတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၉၉ အရ ထောင်ဒဏ်သုံးနှစ် အပြစ်ပေးသင့်ပါကြောင်း လျှောက်လဲချက် ပေးသွားပါ သည်။

ထို့နောက် ရှေ့နေ ဦးဆင်က လျှောက်လဲချက်ပေးပါသည်။ တစ်တရားခံ အုံးဖေသည် ကျေးရွာလူကြီးများ၏ တာဝန်ပေးချက်အရ သေနတ်ကိုင်ဆောင် ရသူဖြစ်ကြောင်း၊ ဆားဝယ်သွားရာတွင် သေနတ်ကို ယူဆောင်သွားခြင်းမှာ ရွာ၌ ထားခဲ့ရမည်ကို စိုးရိမ်၍ဖြစ်ကြောင်း၊ ဆားဝယ်ရန်ပါရှိသော ငွေများကို သက်သေခံအဖြစ် ရုံးတော်သို့ တင်ပြနိုင်ခြင်း မရှိသည့်အပြင် မည်သို့မျှ ဆက်စပ်မရသော ကိုင်းတောထဲ ဝင်ပြေးသူ သုံးဦးနှင့် တစ်ဖွဲ့တည်းဖြစ်သည် ဟု တရားလိုနှင့် တရားလိုပြသက်သေတို့၏ ထွက်ဆိုချက်များမှာ ယုတ္တိမရှိ ပါကြောင်း၊ ၎င်းတွင် နေ့ခင်းကြောင်တောင်အချိန်တွင် လှည်းဖြင့် ရိုးသားစွာ ခရီးသွားလာခြင်းကို ဓားပြတိုက်ရန် အကြံအစည်နှင့် သွားလာခြင်းဖြစ်ကြောင်း၊ စွဲဆိုခြင်းမှာ တရားခံများကို အပြစ်ရရှိစေလိုသော ဦးတည်ချက်ဖြင့် လုပ်ကြံ ဖန်တီးခြင်းဖြစ်ကြောင်း ပေါ်လွင် ထင်ရှားပါသည်။ အမှုတစ်ခုလုံးကို ခြုံငုံ သုံးသပ်ကြည့်ပါက တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ဆိုချက် များမှာ သံသယဖြစ်ဖွယ်သာရှိနေပါကြောင်း၊ သံသယအကျိုးကို တရားခံများ၌ ခံစားခွင့်ရှိပါကြောင်း လျှောက်ကြားသွားပါသည်။ ရုံးတော်မှ စီရင်ချက်ချမည့် နေ့ကို သုံးရက်ခွာပြီး ချိန်းဆိုလိုက်ပါသည်။

ရှေ့နေ ဦးဆင်လျှောက်လဲချက်ပေးရာတွင် အောင်စိန်အကြောင်း တစ်လုံး တစ်ပါဒမျှ မပါသည့်အတွက် ဦးလွန်းမောင်က ရှေ့နေဦးဆင်ကို အပြစ်တင် နေပါသည်။ ဦးဆင်က ရှင်းပြပါသည်။

ယခုအမှုမှာ တစ်တရားခံအုံးဖေသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ အုံးဖေ လွတ်လျှင် ကုလားနှင့်အောင်စိန်တို့မှာ အလိုလို တပါတည်းလွတ်မည်ဖြစ် ကြောင်း ရှင်းပြသည့်တိုင်အောင် ဦးလွန်းမောင်က မကျေနပ်ဘဲ ရှိနေပါသည်။ သူ့သားမှာ လှည်းအငှားလိုက်သူဖြစ်၍ အမှုနှင့် မပတ်သက်ကြောင်း ပြန်လှန် ပြောရာ–

“ဦးလွန်းမောင်ပြောတာ မှန်ပါတယ်။ အဲဒါက အဖမ်းခံရတဲ့အခါ ပုလိပ်ကို ပြောရမယ့်စကားပါ။ အဲဒီတုန်းက မပြောခဲ့ဘူးလား”ဟု ဦးဆင်က မေးရာ ဦးလွန်းမောင်က အဖြေမပေးနိုင်ဘဲ ငိုင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ညနေ နှစ်နာရီခန့်ဖြစ်သည်။ အနောက်မြောက်ဆီမှ လေယာဉ်ပျံအသံများကြားရသဖြင့် သံချောင်းခေါက်သံများနှင့် အချက်ပေး ဥသြဆွဲသံများ ဆူညံနေသည်။ လူများ ပြေးကြလွှားကြ၊ ဗုံးခိုကျင်းထဲ ဝင်ကြရသည်။ အိမ်တိုင်း၌ပင် ဗုံးခိုကျင်း ပြုလုပ်ထားကြသည်။ ကျွန်တော်တို့ ဝင်ရသော ဗုံးခိုကျင်းမှာ ရုံးရှေ့ရှိ တမာပင်အောက်တွင် အမိုးမပါသော ဗုံးခိုကျင်းဖြစ်သည်။ မဟာမိတ်ဗုံးကြဲလေယာဉ်ပျံကြီးများ၏ 'တဝေါဝေါ' မြည်သံများမှာ တစ်မြို့လုံး တုန်ဟည်းနေသည်။ မြေပြင်မှ ဝေဟင်သို့ပစ်သော အမြောက်သံများနှင့် လေယာဉ်ပျံမှ ကြဲချသော ဗုံးသံများမှာ 'တအုန်းအုန်း'၊ 'တဒိုင်းဒိုင်း' ဆူညံနေသည်။ မိနစ်နှစ်ဆယ်မျှ ကြာမည်ထင်သည်။

အမြောက်သံများ ဗုံးသံများ စဲသွားပြီးနောက် မကြာမီ သတင်းများ ထွက်ပေါ်လာသည်။ ဗုံးကြဲလေယာဉ်ပျံကြီး သုံးစင်းသည် မြို့အနောက်ပိုင်းရှိ 'နီကာရို'ကုမ္ပဏီ ဂိုဒေါင်များနှင့် ဂျပန်တို့၏ လျှို့ဝှက်ထားသော လက်နက်ဂိုဒေါင်များကို ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်သည်။ ဂိုဒေါင်စောင့် ဂျပန်စစ်သား နှစ်ဦး ပွဲချင်းပြီးသေသည်ဟု ကြားသိရသည်။

အမှုအတွက် ရွာမှလာကြသူများက ကျွန်တော်တို့ကို နှုတ်ဆက်ပြီး ကမန်းကတန်း ပြန်သွားကြသည်။ တရားသူကြီး ဦးထွန်းတင်က ကျွန်တော်တို့ကို ထောင်သို့အမြန်ပို့ရန် ပုလိပ်များကို အမိန့်ပေးသည်။

ပုလိပ်များမှာ ခေါင်းမီးလောင်နေကြသည်။ နယ်ပိုင်ရာဇဝတ်တရားသူကြီး ဦးအောင်ဖေ ရုံးသို့ခေါ်ယူသွားသော တရားခံငါးဦးအနက် တစ်ဦးမှာ ဗုံးများ 'တအုန်းအုန်း' ချနေစဉ် ထွက်ပြေးသွားသဖြင့် ပုလိပ်များ ခေါင်းတောက်အောင် လိုက်လံ ရှာဖွေနေကြသည်။ ထွက်ပြေးသူမှာ ရေစကြိုမြို့နယ် ခုနစ်ရွာချောင်မှ 'စာဥ' ဖြစ်သည်။ စာဥသည် ဓားပြမှုနှင့် အမှုစစ်ဆေးခံနေဆဲ ဖြစ်သည်။ သူသည် ဓားပြဖြစ်သော်လည်း လူချောလူခန့် အသက်နှစ်ဆယ် ကျော်အရွယ်ဖြစ်သည်။

စာဥက လေထိုးကြီးများ တုတ်ချည်ထားသည်မှာ တင်းကြပ်လွန်းသဖြင့် အနည်းငယ် ဖြေလျှော့ပေးရန် အစောင့်ပုလိပ်ကို တောင်းပန်သည်ဟု ဆိုသည်။ သနားသဖြင့် လေထိုးကြိုးကို လျှော့ပေးလိုက်သည်။ လေယာဉ်ကြီးများ ဗုံးကြဲနေခိုက် အလစ်တွင် ထွက်ပြေးသွားခြင်းဖြစ်သည်ဟု အစောင့်ပုလိပ်က ပြောပြသည်။



"တရားခံကိုသနားရင် ကိုယ်ခံရတယ်ကွ"ဟု ကြီးကြပ်သူက အပြစ်တင်သည်။ ထိုစကားကိုကြားရ၍ ဂျပန်စကားပုံတစ်ခုကို အမှတ်ရမိသည်။

"သမာသမတ်ကျလွန်းလျှင်လည်း တင်းရာကျသည်။ ကရုဏာတရား သက်ရောက်လွန်းလျှင်လည်း ဖျင်းရာကျသည်"ဟု ဆိုသည်။

ကျွန်တော်တို့ ထောင်ပြန်ရောက်ချိန်တွင် အခါတိုင်း ရောက်နေကျ အချိန်ထက် နောက်ကျပါသည်။ ထောင်သားများ ထမင်းစားနေကြပါသည်။ ဦးချစ်ခိုင်သည် ထမင်းပုံစံခွက်ကို ဆွဲယူပြီး မစားသေးဘဲ ကျွန်တော်တို့ကို စောင့်ဆိုင်းနေသည်။ ကျွန်တော်တို့လေးဦး ဝိုင်းဖွဲ့ပြီး ထမင်းစားကြသည်။ ယခုအခါ ဦးချစ်ခိုင်မှာ ပုံမှန်အနေအထားအတိုင်း ထမင်းစားနိုင်နေပြီ။

တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသကဲ့သို့ ဦးချစ်ခိုင်သည် ကျွန်တော့်ကို ခင်မင်နေသည်။ အမှုအခြေအနေကို မေးမြန်းသည်။ ကျွန်တော့်အဖို့ အခြေအနေ မကောင်းကြောင်း ကုလားနှင့် အောင်စိန်တို့မှာ လွတ်နိုင်သည့်အခြေအနေ ရှိကြောင်း၊ သူတို့လွတ်လျှင် ကျွန်တော် ကျေနပ်ပါပြီ။ ကျွန်တော် ယူဆောင်လာသည့် သေနတ်ကြောင့်ထောင်ကျရခြင်းဖြစ်၍ သူတို့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်ရကြောင်း ပြောနေခိုက်-

ကုလားထောင်မှူးကြီး စူလေမန်ခေါ် ဦးခင်မောင်နှင့် ထောင်မှူးကလေး ဦးစန်းမောင်တို့ ထောင်ထဲဝင်ရောက်လာကြသည်။ ပြာတာများနှင့် ဘာယာ နှစ်ဦးက တုတ်ထမ်းလျက် လိုက်ပါလာကြသည်။ ကျွန်တော်တို့လေးဦး ထမင်းစားနေကြသည်ကို လာကြည့်ပြီး-

"အုန်းဖေဆိုတာ ဘယ်သူလဲ"ဟု မေးသည်။

"ကျွန်တော်ပါသခင်ကြီး"ဟုပြောပြီး မတ်တတ်ထလိုက်သည်။

ထောင်မှူးကြီးစူလေမန် သဘောကျသွားဟန်ရှိသည်။

"မင်း ရန်ကုန်မှာ နေဖူးသလား"

"မြင်းဆိုက်အလုပ်နှင့် နှစ်နှစ်ခန့် နေဖူးပါတယ်"

"ဟင်ဒီဘာသာစကား ပြောတတ်သလား"

"ထမင်းစားရသောက် အနည်းငယ်လောက် ပြောတတ်ပါတယ်"

"ကောင်းပြီ။ မနက်ဖြန်ကစပြီး မင်းကို ဘာယာအဖြစ်နှင့် တာဝန်ခန့်ပြမယ်။ ထောင်တွင်းရှိ အကျဉ်းသား အချုပ်သားတွေကို ကြီးကြပ်ရမယ်" ဟုပြောပြီး ပြန်လည်ထွက်ခွာသွားသည်။ ကျွန်တော့်အကြောင်း ကိုဘခင်က ပြော၍ သိနေဟန်တူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးချိန်းနေ့တွင် အမှုနားထောင်ရန် ရွာမှလူများ လာရောက်ကြပါသည်။ ကုလားအဖေ ဦးကျောင်းမောင်နှင့် အစ်ကိုဖြစ်သူ ကိုဘချစ်၊ ကိုဘနှစ်တို့ ပါလာကြသကဲ့သို့ အောင်စိန်အဖေ ဦးလွန်းမောင်နှင့် အမေ ဒေါ်ရွှေရင်တို့လည်း ပါလာကြသည်။ ကျွန်တော့်အတွက် လိုက်လာကြသူများမှာ ဦးသာလှိုင်နှင့် ကိုလှဖေ၊ ကိုအေးတို့ ဖြစ်ကြသည်။

ရုံးရှေ့ရှိ တမာပင်ကြီးအောက်တွင် စကားပြောကြရသော်လည်း 'စာဥ' ထွက်ပြေးခြင်းကြောင့် ယခင်ကကဲ့သို့ လွတ်လပ်စွာ ပြောခွင့်မရပါ။

တရားသူကြီးက ကျွန်တော်တို့အမှုအတွက် စီရင်ချက်ဖတ်ကြားရာတွင် ၁၆-၁၂-၄၂ နေ့က တိုက်ပိုင်ဦးတင်နှင့် အဖွဲ့သည် ပခုက္ကူမြို့နယ် ဇလုပ်ရွာမှ အမှုတစ်ခု စစ်ဆေးပြီး လှည်းဖြင့်ပြန်လာကြကြောင်း၊ လမ်းတွင် ရင်ဆိုင်လာနေသူသုံးဦးကို တွေ့မြင်ရကြောင်း၊ ၎င်းသုံးဦးသည် ပုလိပ်များကို တွေ့မြင်ရသောအခါ လမ်းဘေးကိုင်းတောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြောင်း၊ ၎င်းတို့သည် လူဆိုးများဖြစ်ဖွယ်ရာရှိကြောင်း၊ ၎င်းနောက်မကြာမီ လူသုံးဦးနှင့် လှည်းတစ်စီးကိုတွေ့ရှိရ၍ မသင်္ကာသဖြင့် စစ်ဆေးရှာဖွေရာ လှည်းပေါ်မှ အင်္ဂလိပ်ရိုင်ဖယ် သေနတ်တစ်လက်ကို ပြောင်းဖူးပင်များကြားတွင် သိုဝှက်ယူဆောင်လာသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့ကို မေးမြန်းသောအခါ ထနောင်းကုန်းရွာမှ မြစ်ခြေသို့ ဆားဝယ်သွားခြင်းဖြစ်ကြောင်း၊ တစ်တရားခံ အုံးဖေနှင့် ကုလား၊ အောင်စိန်တို့က ပြောဆိုကြကြောင်း၊ သို့ရာတွင် ၎င်းတို့၌ ဆားဝယ်ရန် ငွေကြေး တစ်ကျပ်တစ်ပြားမှ မပါရှိကြောင်း၊ တရားခံပြသက်သေ ရွာခေါင်းနှင့် ရွာလူကြီးတို့က ရွာဘုံငွေဖြင့် ဝယ်ယူထားသော ကာကွယ်ရေးသေနတ်ဖြစ်ကြောင်း ထွက်ဆိုကြသော်လည်း လိုင်စင်မဲ့သေနတ် ကိုင်ဆောင်ခြင်းသည် ဥပဒေအရ အပြစ်ရှိပါကြောင်း၊ ထို့ကြောင့် အမှတ်(၁) နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံးတော်မှ ထောင်ဒဏ် လေးလအပြစ်ပေးထားပြီး ဖြစ်ကြောင်း၊ ၎င်းအမှုတွင် စဉ်းစားဖွယ်ရာကောင်းသည့် ထွက်ဆိုချက်တစ်ခုမှာ ဦးလွန်းမောင်ထွက်ချက်ဖြစ်ကြောင်း၊ ရိုးရိုး ဆားဝယ်သွားခြင်းဖြစ်မည်ထင်ပြီး အောင်စိန်ကို လှည်းအငှားလိုက်စေခြင်းဖြစ်ကြောင်း၊ ၎င်းထွက်ချက်အရ ဆားဝယ်သွားသည်ဆိုခြင်းမှာ ခိုင်လုံမှုမရှိပါကြောင်း၊ ထွက်ဆိုချက်များ အားလုံးကို လေ့လာသုံးသပ်ကြည့်သောအခါ သံသယဖြစ်ဖွယ်ရာဟူ၍ အကြောင်းတစ်စုံတစ်ရာ မတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တစ်တရားခံ အုံးဖေနှင့် အပေါင်းပါ



နှစ်ဦးတို့အား ရာဇသတ်ကြီးပုဒ်မ ၃၉၉ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်ကျခံစေရန် ကျွန်ုပ်၏ရုံးတော်မှ အမိန့်ချမှတ်လိုက်ကြောင်း၊ ၎င်းအပြစ်ဒဏ်ကို ကျေနပ်မှုမရှိပါက အယူခံဝင်နိုင်ခွင့်ရှိကြောင်း ဖတ်ကြား သွားပါသည်။

(ကျွန်တော်တို့သုံးဦး၊ ထောင်သုံးနှစ်၊ လေးလ အပြစ်ကျရခြင်း၏ အကြောင်းရင်းမှာ လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်မှုကြောင့် ဖြစ်ကြောင်း စာဖတ်သူများ သိရှိသဘောပေါက်စေရန် နောက်ကြောင်းပြန်ဖော်ပြခြင်း ဖြစ်ပါသည်။)

ဝဝဝ

www.burmeseclassic.com

www.burmeseclassic.com

## ထောင်ထဲမှရခဲ့သော 'ဘာယာ'တာဝန်

၁၉၄၃ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့တွင် ကုလားနှင့် အောင်စိန်တို့ အယူခံနိုင်ပြီး ဖိုးခက်ကုန်းထောင်မှ လွတ်မြောက်သွားကြသည်။

အမှုတွဲ သုံးဦးတွင် ကျွန်တော်တစ်ဦးပဲ အယူခံရှုံးသည်။ ထောင်ထဲကျန်ရှိနေသည့်အတွက် ထောင်မှူးကြီးစုလေမန်သည် ကျွန်တော့်ကို သနားနေဟန်ရှိပါသည်။

"အုံးဖေ မင်း ကောင်းကောင်းနေမှာလား"

"ကျွန်တော် ကောင်းကောင်း နေပါ့မယ်သခင်ကြီး"

"မင့်ကို တုတ်ကိုင် ဘာယာအဖြစ် ခန့်ထားမယ်။ အရင်တစ်ခါလို ဗုံးချရင် ထွက်မပြေးနဲ့"

"မပြေးပါဘူး သခင်ကြီး၊ ကျွန်တော် ကတိပေးပါတယ်"

ကျွန်တော်သည် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် မဟာ ဗိုလ် လေယာဉ်ပျံကြီးလေးစင်းက ပခုက္ကူထောင်ကို ဗုံးကြဲတိုက်ခိုက်နေစဉ် ထောင်အတွင်းမှ ထွက်ပြေးခဲ့ရာ ထောင်ဘူးရှေ့အရောက်တွင်–

"အုံးဖေ မပြေးနဲ့ မပြေးနဲ့၊ ဒီကိုလာ ဒီလိုလာ" ဟု သူ့အိမ်ရှေ့ ဗုံးကျင်းဝမှ ခေါင်းပြူလျက် ထောင်မှူးကြီးစုလေမန်က လက်ရပ်ခေါ်ခဲ့သည်။ ကျွန်တော်သည် မအေးမိနှင့် တွေ့လိုသည့် စိတ်ဆန္ဒက ပြင်းပြနေသဖြင့် ထောင်မှူးကြီးထံ မသွားတော့ဘဲ ထွက်ပြေးခဲ့သည်။

ပခုက္ကူမြို့ထိပ် သံခိပ်ရောက်ရှိသောအခါ ဂျပန်စစ်သားများနှင့် ပုလိပ်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ကျွန်တော့်ရှေ့က ထွက်ပြေးကြသော

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသားအချုပ်သား သုံးဆယ်ခန့်ကိုလည်း ဖမ်းဆီးထားသည်ကို တွေ့ရသည်။ ကျွန်တော်တို့ကို စာရင်းဇယားပြုလုပ်ပြီး ထောင်သို့ပြန်ပို့ပါသည်။ ထောင်မှူးကြီးစူလေမန်သည် သူခေါ်သည်ကို မလာရောက်ဘဲ ထွက်ပြေးသည့်အတွက် ကျွန်တော့်ကို ဘာယာအဖြစ်မှ ရုပ်သိမ်းခဲ့သည်မှာ ကုလားနှင့် အောင်စိန် အယူခံနိုင်သည့်အချိန်ထိ ဖြစ်၏။

လူတို့တွင် ထိန်းချုပ်ရန် အခက်ခဲဆုံးသောအရာသည် ကာမရာဂ အလိုဆန္ဒဖြစ်သည်။ ထိုဆန္ဒသည် ထိန်းချုပ်ရန် ခက်ခဲသကဲ့သို့ တားဆီးရန်မှာလည်း ခက်ခဲသောအရာမျိုး ဖြစ်သည်။ တောင်ပေါ်မှ အရှိန်အဟုန်ဖြင့် စီးဆင်းလာသော ရေအလျဉ်ကို တမံတုတ်၊ ကျားကန် တားဆီးလျှင် ပေါက်ကွဲကျိုးထွက်သွားနိုင်သကဲ့သို့ ကာမရာဂ အလိုဆန္ဒသည်လည်း ထိုကဲ့သို့ပင် ဖြစ်တတ်သောသဘော ရှိလေသည်။

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံနေစဉ် ဈာန်အဘိညာဏ်ရသော ရသေ့တစ်ပါးသည် အာဟာရအလို့ငှာ ဘုရင့်နန်းတော်သို့ ကောင်းကင်ခရီးဖြင့် ကြွမြန်းသွားရောက်လေသည်။

ရသေ့ကြီး ကြွရောက်လာသည်ကို တွေ့မြင်ရသော မုဒုလက္ခဏာ မိဖုရားကြီးသည် သလွန်ထက်မှ ကပျာကယာ ဆင်းသက်လိုက်ရာတွင် အမှတ်တမဲ့ ဝတ်လဲတော်ထဘီ ပြေလျော့သွားလေသည်။ မိဖုရားကြီး၏ ဖြူဖွေးသောကိုယ်ခန္ဓာမှ အမြင်မတော်သည့်အရာကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက် တွေ့မြင်လိုက်ရသော ရသေ့ကြီးမှာ ယခင်က ငုပ်လျှိုးနေခဲ့သော ကာမရာဂစိတ်ဆန္ဒတို့သည် ထိန်းမနိုင်သိမ်းမရ ထကြွလာလေသည်။ ထိုအခိုက်၌ ရသေ့ကြီး၏ ဈာန်သမာပတ်သည်လည်း လျှောကျသွားလေသည်။

ဤသို့ပင် ကျွန်တော် ဖြစ်ခဲ့ဖူးသည်။ ထိုအကြောင်း ဖော်ပြရာတွင် ဝေါဟာရစကားလုံး အသုံးအနှုန်း ရုန့်ရင်းကြမ်းတမ်းသည့်အတွက် အပြစ်ဆိုလိုက ဆိုဖွယ်ရာဖြစ်ပါသည်။ ဘဝအတွေ့အကြုံကို ဖော်ပြရာတွင် အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ ခြွင်းချန်ထားမည်ဆိုလျှင် သဘာဝကျမည် မဟုတ်ပေ။

"ဘုရားလူ့ဘ၊ မုနိန္ဒလျက်၊ မိန့်မယောကျ်ား၊ လူ့စကားဖြင့်၊ မကြား စကောင်း မဆိုကောင်းကို၊ အကြောင်းဆောင်သွေး၊ ဆိုတဲ့သေးရှင့်၊ ဆိုရေးဆိုက ဆိုအပ်လှ၏" (ရှင်မဟာရဋ္ဌသာရ)။



ပခုက္ကူထောင်ကို ဗုံးမချမီက ကျွန်တော်သည် တစ်ဒင်္ဂ တစ်ခဏဖြစ်ပေါ်သော ပူလောင်ပြင်းပြသည့် ကာမရာဂအလိုဆန္ဒတို့ကို ထိန်းချုပ်နိုင်စွမ်းဖြင့် စိတ်အလိုသို့ လိုက်ခဲ့ဖူးသည်။ ထို့နောက် အသိစိတ်သည် ဦးနှောက်သို့ လျှပ်စီးလက်သကဲ့သို့ ဝင်ရောက်လာသည်။

သဘာဝမဟုတ်သောနည်းဖြင့် ကာမရာဂ ဖြေဖျောက်ခြင်းသည် စိတ်အင်အားကို ဆုတ်ယုတ်လျော့ပါးစေနိုင်သည်။ သန္ဓေသား ရရှိရေးကိုလည်း အတား ဖြစ်စေနိုင်သည်။ အရွယ်မရောက်သေးသူဖြစ်ပါက ဘူးသီး သတ်သကဲ့သို့ လိင်အင်္ဂါ ကြီးထွားမှုကို တုံ့ဆိုင်းသွားစေနိုင်သည်ဟု ပ်တစ်အုပ်တွင် ဖတ်ဖူးခဲ့သဖြင့် အသိစိတ်နှင့် ယှဉ်ပြီး ထိန်းချုပ်နိုင်ခဲ့ ။

ထောင်ထဲတွင် အိုးစားထားသည်ဆိုသည်မှာ အလုပ်ဆင်းရဲပင်ပန်းစွာ ကိုင်နေရသော အကျဉ်းသားလူငယ်တစ်ဦးကို အလုပ်သက်သာအောင် ငှက်ပေးခြင်း၊ အစားအသောက် ရှာဖွေဖန်တီးပေးခြင်းဖြင့် ထိုသူကို လိုသို့ လိုက်ပါလာအောင် ဆွဲဆောင်ပြီး လိင်တူချင်းဆက်ဆံခြင်းဖြစ် ။ ထောင်အခေါ်ဝေါဟာရအားဖြင့် 'အိုးစားထားသည်'ဟု ဆိုကြသည်။ တွင် ရည်းစားလုဘက်ချင်း ဓားထိုးမှု၊ လူသတ်မှုဖြစ်သကဲ့သို့ ထောင် င်း၌လည်း အိုးစားဆွယ်ခြင်း၊ လူချင်းအားဖြင့် ဓားထိုးမှု၊ လူသတ်မှု ဖူးသည်ဟု သိရသည်။

ကျွန်တော်သည် ထောင်အတွင်းရှိ အကျဉ်းသား အချုပ်သားများကို ပ်ရသော တုတ်ကိုင်ဘာယာဖြစ်၍ အိုးစားထားလိုလျှင်ထားနိုင်သော် အိုးစားထားရမည်ကို ရှက်လည်းရှက်သည်။ တစ်ဖက်သားကိုလည်း သည်။ စက်ဆုပ်ရွံရှာဖွယ်ရာကောင်းသောအလုပ်ဖြစ်၍လည်း အိုးစား စကားကိုပင် မကြားလိုပေ။

ထောင်၏အရှေ့တောင်ထောင့် တစ်ဖာလုံခန့်အကွာတွင် ဂျပန်စစ်ဗိုလ် ပါသည်။ ဂျပန်စစ်ဗိုလ်အိမ်မှ ထင်းခွဲ၊ ရေခပ်၊ အမှိုက်ရှင်း၊ ဗုံးခိုကျင်း လိုအပ်လျှင် ထောင်မှူးကြီးထံစာဖြင့် တောင်းခံလေ့ရှိသည်။ တစ်ခါတွင် ကိုယ်တိုင် လာရောက်ခေါ်တတ်ပါသည်။ ထိုအခါ ထောင်မှူးကြီး က လူသုံးယောက်ပေးရန် သို့မဟုတ် လေးယောက်၊ ငါးယောက် ကျွန်တော့်ကိုပြောပါသည်။ လွတ်ခါနီး အကျဉ်းသားများနှင့် ထောင်အ

www.burmeseclassic.com

အနည်းဆုံးလူများကို ရွေးချယ်ပေးရပါသည်။ နေ့လယ်စာထမင်းကို ဂျ... ...က ကျွေးသည့်အပြင် ဝက်သားချက်လျှင် အဆီအခေါက်တို့ကို ထုတ်... ပြီး အသားကိုသာလျှင် ချက်သည်။ ၎င်းဝက်သားချက်ကို သကြားခတ်သ... ငါးပိကိုသာလျှင် စားလေ့စားထရှိသော ကျွန်တော်တို့အဖို့ ချိုရဲရဲ အရသာ... မခံစားတတ်ဘဲ ရှိနေပါသည်။ ထုတ်ပစ်သော ဝက်သားအဆီအခေါက်တို့... ထောင်သားများက ကောက်ယူပြီး ဂျပန်၏အိမ်၌ပင် ချက်ပြုတ်၍ နို့ဆီဘူ... များဖြင့်ထည့်ကာ ထောင်အတွင်းသို့ ယူဆောင်လာခဲ့ကြပါသည်။ ၎င်းဟင်း... များကို ပြန်လည်ရောင်းချကြပါသည်။ ထို့ပြင် ဂျပန်ခြေအိတ် အစုတ်အ... အဟောင်းအနွမ်းများကို ကောက်ယူလာပြီး လျှော်ဖွပ်ကာ ၎င်းခြေအိတ်မျာ... ချည်များဖြင့် ဇာစွပ်ကျယ်ထိုးပြီး ရောင်းချကြပါသည်။

စစ်ဗိုလ်အိမ်မှ ပို့လျှံသော ထမင်းဟင်းများနှင့် မုန့်များကို ယူဆော... လာပြီး ကျွန်တော့်ကို ခွဲဝေပေးကြပါသည်။ 'မန်ကျူး'ခေါ် ပဲပေါက်မုန့်... စား၍အရသာရှိလှပါသည်။ စစ်ဗိုလ်အိမ်သို့ လိုက်ရသူများမှာ မြိုးမြိုးမြ... မြက် အသားဟင်းနှင့် စားရသည့်အပြင် ငွေစကြေးစလေးများကိုပင် ... တွယ်နိုင်ကြသည့်အတွက် ဂျပန်စစ်ဗိုလ်အိမ်သို့ လိုက်လိုသူများက ကျွန်တေ... ဆီ ချဉ်းကပ်ကြသည်။ မျက်နှာချိုသွေးကြသည်။

ထမင်းဟင်းလျှာမှလွဲပြီး ထောင်သားများ အကြိုက်ဆုံး၊ အနှစ်သက်... အရာမှာဆေးလိပ်ဖြစ်သဖြင့် ထောင်ထဲတွင် ဆေးလိပ်ရှိပါက လိုရာကိုရနိုင်... ဗေဒင်မေးမလား၊ လက္ခဏာအကြည့်ခိုင်းမလား၊ အနှိပ်အနင်းခံမလား။ ဆေး... လိပ်တစ်လိပ်ပေးလျှင် အပြင်တွင် နှစ်ကျပ်သုံးကျပ်ပေးရသော အနှိပ်သ... အဆင့်မျိုးရသည်။ ဆေးလိပ်ကို တရားဝင်သွင်းခွင့်မပြုသဖြင့် နားလည်မှု... လျှို့ဝှက်သွင်းရသည့်အတွက် ထောင်အတွင်း၌ ဆေးလိပ်သည် အရေး... အကြောက်သော လူသုံးကုန်ပစ္စည်းဖြစ်သည်။ ဆေးပြင်းလိပ်တစ်လိပ်ရှိလျှ... တစ်ဝက်ချိုးပြီး စက္ကူဖြင့် ပွတ်ချွန်းလိပ်ပါက ခြောက်လိပ်ခန့်ရသည်။ ပွတ်... တစ်လိပ်ကို လူသုံးလေးဦးတစ်လှည့်စီ သောက်ကြရသည်။ တစ်ဦး၏ ... တစ်ဦးသို့ ကူးစက်ပြန့်ပွားနိုင်သည်ဆိုသည်ကို မသိကြ၊ နားမလည်... အများအားဖြင့် စာပေဗဟုသုတ နည်းပါးကြသူများဖြစ်သည်။

ထောင်မှူးကြီးစုလေမန်သည် ကျွန်တော့်ကို ဘာယာအဖြစ် ပြန်လည်... ထားပြီး သူ့ရုံးခန်းမှာနေရသည်။ သူခိုင်းသည်ကို လုပ်ရသည်။ ရုံးခန်း...



အမေတုတ်အိမ်ခေါင်းရင်းကို အဖီဆွဲချထားသောရုံးခန်းဖြစ်သည်။ ရုံးသုံးစားပွဲ ကုလားထိုင်၊ ဗီရိုများအပြင် ထောင်မှူးကြီး အိပ်သည့်ခုတင်မှာလည်း ရုံးခန်း အတွင်း၌ဖြစ်၍ ရုံးခန်းတစ်ခုလုံး ပြည့်ကြပ်နေသည်။ ထောင်မှူးကြီးမှာ လူပျိုကြီးဖြစ်ပြီး သက်သတ်လွတ်စားသူဖြစ်သည်။ ထမင်းဟင်းကို သူကိုယ် တိုင် ချက်သည်။ အချိန်ကျလျှင် ကျွန်တော်က ခူးခပ်ကျွေးရသည်။ ကုလား လူမျိုးဖြစ်၍ ကုလားပဲဟင်းတစ်ခွက်၊ ကုလားတည်သရက်ချဉ်တစ်မြွှာင့်၊ ရေတ်သီးတစ်တောင့်နှင့် ထမင်းကိစ္စပြီးသည်။ ထမင်းကျန်ဟင်းကျန်များကို ကျွန်တော် စားရသည်။ ကုလားပဲဟင်းမှာ မဆလာနံ့တသင်းသင်းနှင့် စား၍ အရသာရှိလှပါသည်။ ဖိုကြီးကချက်သော ပဲဖြူဟင်းနှင့် ကွာခြားပါသည်။

နံနက်နှင့် နေ့လယ်တွင် နွားနို့သောက်သည်။ သူ့ပိုင်နို့စားနွားမ နှစ် ကောင် ရှိသည်။ နွားများကို မြကောင်းက ထိန်းကျောင်းရသည်။ နွားစာကျွေး ရသည်။ နို့ညှစ်ရသည်။ ကျွန်တော်နှင့် ညီတစ်ဝမ်းကွဲတော်သဖြင့် သူညှစ်ထား သော နို့ပုံးထဲမှ နွားနို့ကို ထောင်မှူးကြီးမမြင်အောင် ခပ်ယူသောက်သည်။ မြကောင်းက နို့ထွက်နည်းလျှင် ထောင်မှူးကြီး အပြစ်တင်မည်စိုး၍ ကျွန်တော် ခပ်ယူသောက်သည်ကို သဘောမကျ။

စက်ရှင်တရားသူကြီး ဦးကျော်သောင်း ပြောင်းရွှေ့သွားသဖြင့် အချိန် ပိုင်း ထောင်ပိုင်အဖြစ် နယ်ပိုင်ရာဇဝတ်တရားသူကြီး ဦးထွန်းတင်ဖြစ်လာ သည်။ ဦးထွန်းတင်သည် ထောင်မင်းကြီးဦးဘသိန်း၏ အစ်ကိုအရင်းဖြစ် သည်။ ဦးထွန်းတင်၏အိမ်မှာ ကွမ်းရွာတောင်ပိုင်း မြစ်ကမ်းနားတွင်ဖြစ်သည်။ ရုံးမှာ ရွာလယ်လမ်းမကြီး၏ တောင်ဘက်ရှိ အိမ်ကြီးတစ်အိမ်၌ ရုံးစိုက် သည်။ ကျွန်တော်သည် နံနက်တိုင်း ဦးထွန်းတင်အိမ်သို့ နွားနို့တစ်ပုလင်း ပို့ရသည်။

ဖိုးခက်ကုန်းနှင့် ကွမ်းရွာမှာ ရေလက်ကြားခြားသဖြင့် ကူးတို့လှေစီး ရပါသည်။ ကူးတို့မှာ အကျဉ်းထောင်မှာ ထားရှိသောကူးတို့ဖြစ်သည်။ ဦးထွန်းတင် သည် ကျွန်တော်တို့သုံးဦးကို ထောင်ဒဏ်သုံးနှစ် အပြစ်ပေးခဲ့သော တရား သူကြီးဖြစ်သည်။ မြကောင်းနှင့် ဘိုးထူးတို့လည်း သူ့ရုံးမှပင် ထောင်ဒဏ်သုံးနှစ် အပြစ်ပေးခံရသူများ ဖြစ်သည်။

လက်ထောက်ထောင်မှူး ဦးစန်းမောင်မှာ အလုပ်မှ နုတ်ထွက်သွားသဖြင့် ၎င်း၏နေရာတွင် ကရင်အမျိုးသား 'ဦးစောပေါ်' ရောက်ရှိလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ အသားဖြူပြီး အရပ်သွယ်လျလျနှင့် လူချောလူခန့်ဖြစ်သကဲ့သို့ စိတ်နေသဘောထားလည်း ကောင်းသည်။ ဇနီး ဖြစ်သူ ဒေါ်သန်းမေမှာ ကရင်ဗမာသွေး စစ်ဟန်ရှိသည်။ ရုပ်ရည်ချောမော လှပသူဖြစ်၍ လိုက်လျောသောဇနီးမောင်နှံ ဖြစ်ကြသည်။ သူတို့တွင် သားသမီး ထွန်းကားခြင်းမရှိသေးပါ။ မြင်းကျွန်းရွာထဲရှိ ဦးစန်းမောင်တို့ နေထိုင်သွား သောအိမ်ကို ငှားရမ်းနေထိုင်ကြသည်။

နံနက်တိုင်း နယ်ပိုင်ရာဇဝတ် တရားသူကြီး ဦးထွန်းတင်အိမ်သို့ သွားနို့ပို့ရသဖြင့် ကျွန်တော့်မျက်နှာကို မှတ်မိနေသော်လည်း နာမည်ကိုဖြင့် သိဟန်မရှိပါ။

"မင့်နာမည် ဘယ်လိုခေါ်သလဲ"ဟု နယ်ပိုင်ကြီးက မေးသည်။

"အုံးဖေပါ နယ်ပိုင်ကြီး"ဟု ကျွန်တော်က ပြောသောအခါ–

"မင်း ဓားပြတိုက်ရန် ကြံစည်မှုနှင့် ထောင်ဒဏ် သုံးနှစ်အပြစ်ပေးခံ ရတဲ့သူ မဟုတ်လား"ဟု မေးသည်။

"ဟုတ်ပါတယ် နယ်ပိုင်ကြီး"

"တစ်လောက မင်းတို့အမှု အယူခံနိုင်တယ် မဟုတ်လား"

"ကျွန်တော်နှင့် အမှုတွဲဖြစ်တဲ့ ကုလားနှင့်အောင်စိန် အယူခံနိုင်ပြီး ကျွန်တော် အယူခံရှုံးပါတယ်"

"အေးပေါ့ကွာ။ ထောင်သုံးနှစ်ဆိုတာ သိပ်မကြာပါဘူး။ အနေကောင်း ရင် နှစ်ဆယ့်ခုနစ်လနှင့် လွတ်နိုင်ပါတယ်"

ဦးထွန်းတင်အဖို့ ထောင်၏ဆင်းရဲသောဒုက္ခကို မခံစားဖူးသဖြင့် ပေါ့ပေါ့တန်တန် ပြောလိုက်ခြင်းဖြစ်ဟန်ရှိသော်လည်း ကျွန်တော့်အနေဖြင့် နှစ်ဆယ့်ခုနစ်လ မဆိုထားနှင့် နှစ်ဆယ့်ခုနစ်ရက်ပင် မနေချင်ပါ။ ကိုယ်တိုင် ဆင်းရဲဒုက္ခ တွေ့ကြုံဖူးမှ ဆင်းရဲဒုက္ခ ရောက်သူကို စာနာတတ်ပါသည်။

ဖိုးခက်ကုန်းထောင်အနီးတွင် မြင်းကျွန်း၊ ခြောက်ဦးသား၊ လေးလံကြီး ထိန်ပင်ခုံ စသောရွာများရှိသည်။ ထိုရွာများအားလုံးသည် ဧရာဝတီမြစ်ကြောင်း နှစ်ခုကြားရှိ ကျွန်းပေါ်တွင် တည်ရှိကြသည်။ မြစ်ရေကြီးသည့်အခါ နုံးမြေများ ပို့သဖြင့် သီးနှံများ ဖြစ်ထွန်းအောင်မြင်သော ကျေးရွာများဖြစ်ကြသည်။ ပြောင်းဖူး၊ မြေပဲ၊ ဆေးရွက်ကြီး၊ ငရုတ်၊ ပဲမျိုးစုံ စိုက်ပျိုးကြသည့်အပြင် ကြက်သွန်၊ နံနံပင်၊ ခရမ်းချဉ်၊ ခရမ်းချို၊ ဘူးသီး၊ ဖရုံသီး၊ သခွားသီး စသော



ဟင်းသီးဟင်းရွက်ပင်များလည်း စိုက်ကြသည်။ မိလ္လာသမားများနှင့် ထမင်းချက် ဒိုမှလူများသည် သံကြိုးသိခြင်းမခံရသဖြင့် ညဥ့်နက်လျှင် အစောင့်အရှောက် မရှိသော အခင်းများမှ ပြောင်းဖူးများ ချိုးယူပြီး မီးဖုတ်စားကြသည်။ မြေပဲ ပင်များ နုတ်ယူပြီး ပြုတ်စားကြသည်။ ဟင်းသီးဟင်းရွက်များကို ခူးဆွတ်ပြီး ချက်ပြုတ်စားကြသည်။ တစ်ကြိမ်တစ်ခါမဟုတ် ညစဉ်ညတိုင်းလို ဖြစ်သဖြင့် ဖိုးခက်ကုန်းတွင် ထောင်သားများရှိနေခြင်းကို ၎င်းရွာသူရွာသားများက မလို လားကြပေ။

ကျွန်းပေါ်တွင် တင်နေသောကျွန်းသစ်လုံးကြီးများကို ရွာသားများက သွားစာကွင်း ပြုလုပ်ကြသည်။ လှေ၊ သမ္ဗန်စပ်ကြသည်။ ခုတင်၊ တန်းလျား စားပွဲ လုပ်ကြသည်။ ဖရုံစိတ်သုံးမြှောင့်ခွဲပြီး အိမ်တိုင်လုပ်ကြသည်။ သစ်တောရုံးက သစ်လုံးများပျောက်ဆုံး၍ စုံစမ်းမေးမြန်းသောအခါ မြင်းကျွန်း ရွာလူကြီးများက ထောင်သားများ ထင်းအဖြစ်ခွဲစိတ်ပြီး အသုံးပြုကြကြောင်း တင်ပြကြသဖြင့် ထောင်မှူးကြီးထံ သစ်တောရုံးမှ စာရောက်ရှိလာသည်။ စာမှာ ၎င်းကိစ္စအတွက် ထောင်တာဝန်ရှိသူကိုယ်တိုင် လာရောက်ရှင်းလင်းရမည်ဟု ပါရှိသည်။

ရုံးချိန်းနေ့တွင် ထောင်မှူးကြီးက ကျွန်တော့်ကို လိုက်ခဲ့ရန် ခေါ်သဖြင့် ကွမ်းရွာမှ မြင်းလှည်းငှားပြီး ဆယ်ရွာသို့ ထွက်လာခဲ့ပါသည်။ ဆယ်ရွာသည် ပခုက္ကူမြို့ အနောက်ဘက် နှစ်မိုင်ဝေးပါသည်။ ပခုက္ကူမြို့ကို မဟာမိတ် ဗုံးကြဲလေယာဉ်ပျံကြီးများက အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက်သဖြင့် မြို့ပေါ် ရုံးများအားလုံး ရွှေ့ပြောင်းကြရသည်။ အရေးပိုင်ရုံး၊ ရာဇဝတ်ဝန်ရုံး၊ လယ်ဝန်ရုံး ငွေတိုက်ဝန်ထောက်ရုံး၊ သစ်တောရုံးတို့မှာ ဆယ်ရွာ၌ ရုံးစိုက်ကြသည် စက်ရှင်ရုံး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးများရုံးနှင့် ဆေးရုံမှာ ပခုက္ကူမြို့ အရှေ့ဘက် ကွမ်းရွာ၌ ရုံးစိုက်ပါသည်။ မြို့အုပ်ရုံးမှာ ရွှေချောင်းရွာ၌ ဖြစ် သည်။ မြို့သူမြို့သားများမှာလည်း တိုက်အိမ်များ၊ ပိုင်းခြံများကို သော့ခတ်ပြီး နီးစပ်ရာ ကျေးရွာများသို့ ရွှေ့ပြောင်းနေကြရသဖြင့် မြို့မှာ ခြောက်သွေ့ ဆယ်ရွာနှင့် ကွမ်းရွာတို့၌ စည်ကားနေပါသည်။

သစ်တောရုံးမှာ သက်ငယ်မိုး၊ ဝါးထရံကာ၊ မြေစိုက်ရုံး ဖြစ်သည် သစ်တောဝန်ထောက်သည် အသက်ကြီးပြီဖြစ်သော်လည်း ... ရှိဟန်တူပါသည်။ ထောင်မှူးကြီးကို 'ထိုင်ပါ'ဟုပြောသောလေသံမှာ ... နှင့် မာကျောပါသည်။ ကျွန်းသစ်လုံးများ ပျောက်ဆုံးရခြင်းမှာ ထောင်သား

www.burmeseclassic.com

www.burmeseclassic.com



များ ပေါက်ခွဲပြီး ထင်းအဖြစ် အသုံးပြုခြင်းကြောင့် ဖြစ်ကြောင်း၊ ထိုကိစ္စတွင် ထောင်မှူးကြီး၌ တာဝန်ရှိကြောင်း ပြောပါသည်။ ထောင်မှူးကြီးက ပြန်လည် ရှင်းပြရာတွင်–

ထောင်သားများ ခွဲစိတ်ယူသည်မှာ ကျွန်းသစ်လုံးများ မဟုတ်ပါကြောင်း၊ မြစ်ရေကြီးစဉ်က ကျွန်းပေါ်တွင်တင်ရှိနေသော အသုံးမဝင်သည့် သစ်မြစ်သစ်ဆုံများသာ ဖြစ်ကြောင်း တင်ပြသော်လည်း လူတို့၏ ဓမ္မတာ အလျင်ပြောသူ၏ စကားများကိုသာလျှင် ယုံကြည်တတ်သည့်အားလျော်စွာ ထောင်မှူးကြီးပြောသည်ကို လက်မခံသည့်အပြင် ထောင်သားများကို နိုင်နင်းအောင် မအုပ်ချုပ်နိုင်ရကောင်းလားဟု အပြစ်တင်ပါသည်။ ယင်းကိစ္စကို ဂျပန်စစ်ဗိုလ်အား တင်ပြပြီး စစ်ဆေး အရေးယူမည်ဟု ပြောသဖြင့် ထောင်မှူးကြီးမှာ စိတ်ပူပန်နေဟန် ရှိပါသည်။

ထောင်မှူးကြီးသည်စိတ်ကောင်းစေတနာကောင်း ရှိသူဖြစ်သည်။ မည်သည့် အကျဉ်းသား အချုပ်သားကိုမျှ ရိုက်နှက်ညှဉ်းဆဲခြင်း မရှိပေ။ အပြစ်ကြီးလျှင် သံခြေချင်း နှစ်ဖက်ခတ်သည်။ သံဒေါက်ဆွဲသည်။ တိုက်ပိတ်သည်။ အပြန်တွင် ညှိုးငယ်နေသော ထောင်မှူးကြီး၏မျက်နှာကိုကြည့်ပြီး သနားနေပါသည်။ ကွမ်းရွာရောက်သောအခါ ကျွန်တော့်ကို ဖိုးခက်ကုန်းထောင်သို့ ပြန်စေပြီး ထောင်မှူးကြီးက ဆရာဝန်ကြီးနှင့် စကားပြောရန် ရှိသည်ဆိုကာ ဆေးရုံမှာ နေရစ်ခဲ့ပါသည်။ ဆေးရုံသည် ကွမ်းရွာအရှေ့ဘက် မြစ်ကမ်းနားတွင်ရှိပြီး အနီးတွင် အရိပ်အာဝါသကောင်းသော ညောင်ပင်ကြီး ရှိသည်။

ဆရာဝန်ကြီးမှာ ကုလားလူမျိုး 'ဒေါက်တာမဒွမ်းဒါး' ဖြစ်သည်။ ထိပ်ပြောင်ပြီး အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် အသက်လေးဆယ်ကျော်၊ ငါးဆယ်အရွယ်ခန့် ဖြစ်သည်။ ဇနီးမှာ ရေစကြိုမြို့ ကုန်သည်ကြီး ဦးစံမှု၏သမီး ကောလိပ်ကျောင်းသူ 'လီလီစံမှု' ဖြစ်သည်။ အသားဖြူပြီး ကိုယ်ဟန်ကျော့ရှင်း၍ ရုပ်ရည်လှပသူ ဖြစ်သည်။ အသက်မှာ နှစ်ဆယ်ကျော် ခန့်ရှိမည်။ ဆရာဝန်ကြီးနှင့် လက်ထပ်သည်မှာ လေးငါးလပဲရှိသေးသည်ဟု သိရပါသည်။ အသက်အရွယ်ချင်း၊ အလုံးအရပ်ချင်း၊ ရုပ်ရည်ချင်း၊ မလိုက်လျောသော ဇနီးမောင်နှံဖြစ်သော်လည်း တပူးတွဲတွဲ တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာကြပါသည်။



ဆရာဝန်ကြီး ဇနီးမောင်နှံ ဖိုးခက်ကုန်းထောင်သို့ လာရောက်ကြည့်ရှုသောအခါ ဆရာဝန်ကြီးက လှေပေါ်မှ အလျင်ဆင်းပြီး ဇနီးအချော့အလှကို လက်ဖြင့် ဖေးမတွဲခေါ်ပါသည်။ ရေထမ်းကြရသော ထောင်သားများက ဆရာဝန်ကြီး ဇနီးမောင်နှံကိုကြည့်ပြီး သွားရည်ကျကြသည်ဟု အချင်းချင်း ပြောင်လှောင် ပြောဆိုကြသည်။ ကုလားလူမျိုးချင်းဖြစ်၍ ထောင်မှူးကြီးထံ ကြာမကြာ လာတတ်ပါသည်။ ထောင်မှူးကြီးက နွားနို့ပူပူဖြင့် ဧည့်ခံသည်။ တစ်ခါတစ်ရံ ပြောင်းဖူးနုနုကိုထောင်ပြီး နွားနို့၊ နံနံပင်၊ ကြက်သွန်မိတ်၊ ငရုတ်သီးစိမ်းများနှင့်ကြော်ပြီး ရေနွေးကြမ်းဖြင့် ဧည့်ခံသည်။ ပြောင်းဖူးထောင်းတတ်ဆတ်ပြီး နွားနို့ကစစ်သဖြင့် စား၍ကောင်းသည်ဟု ဆရာဝန်ကြီး ဇနီးမောင်နှံက ပြောပါသည်။ ထောင်မှူးကြီးမှာ စားကောင်းသည်ဆို၍ ကျေနပ်ဝမ်းသိမ့်နေပါသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



ဦးအုံးဖေ၏ ဘ၀တိုးတက်ထွန်းကားရေးတွင်
အရေးအပါဆုံး ကျေးဇူးရှင် ဖြစ်ခဲ့သော
ပခုက္ကူမြို့ ထောင်မှူးကြီး ဦးမောင်မောင်တင်

## ဓာဒကအခွင့်အရေးကို မျှော်တလင့်လင့်

၁၉၄၃ ခုနှစ်၊ နိုဝင်ဘာလ နေ့တစ်နေ့တွင် ထောင်မှူးကြီး ရှုလေမန် ..လုပ်မှ ရုတ်တရက် နုတ်ထွက်သွားပါသည်။ နလုံးရောဂါရှိသည့်အတွက် ..လုပ်မှ အနားယူသင့်ကြောင်း ဆရာဝန်ကြီး မဖွန်းဒါး၏ ထောက်ခံချက်ဖြင့် ..ချုပ်ထောင်မင်းကြီးထံ စာတင်ခဲ့သည်ဟု သိရပါသည်။

ထောင်မှူးကြီးသည် စိတ်ကောင်းစေတနာကောင်း ရှိသူဖြစ်သည်။ မည်သူ့.. ရိုက်နှက်ညှဉ်းဆဲခြင်း မပြုလုပ်ခဲ့ဖူးပေ။ မလွှဲမတမ်း၍သာ အပြစ်ပေး ..ရေးယူရလျှင် သံခြေချင်းနှစ်ဖက်ခတ်ခြင်း၊ သံဒေါက်ဆွဲခြင်း၊ တိုက်ပိတ် ..များ ပြုလုပ်လေသည်။ ဤသို့ ပြုလုပ်ရသည်ကိုပင် သူ့စိတ်တွင် နှစ်မြို့ ..ရှိဟန် မတူပေ။ သို့ဖြစ်၍ ထောင်မှူးကြီး အနားယူသွားသည်ကို ထောင် ..များအားလုံး စိတ်မကောင်းဖြစ်ကြရသည်။ စင်စစ် ထောင်မှူးကြီး ..နားယူသွားခြင်းမှာ ကျွန်းသစ်လုံးများ ပျောက်ဆုံးသည့်ကိစ္စတွင် သူ့မှာ ..န်ရှိသည်ဟု သစ်တောဌာနက ယူဆနေခြင်းကြောင့် တစ်ကြောင်း ..ကိစ္စအတွက် ဂျပန်စစ်ဗိုလ်ကို တင်ပြပြီး အရေးယူမည်ဟု သစ်တော.. ..တ်က ကြိမ်းမောင်းပြောဆိုခြင်းကြောင့် အနားယူသွားခြင်းဖြစ်ကြောင်း ..င်မှူးကလေး ဦးဇောပေါက ပြောပါသည်။

www.burmeseclassic.com



ထောင်မှူးကြီး၏ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ကျွန်တော်က ထုပ်ပိုးပေးရပါသည်။ ရုံးခန်းထောင့်တွင်ရှိသော ထောင်မှူးကြီး ရေအိမ်တွင် သုံးစွဲသည့် ကြေးအိုးကလေးကို ထင်းရှူးသေတ္တာထဲထည့်ရန် ပြုလုပ်သောအခါ–

"ဒီကိုမထည့်နှင့်။ ဒါမျိုးဆိုတာ အလွယ်ထားရတယ်"ဟု ပြောပါသည်။

ကြေးအိုးကလေးမှာ ပုဝိုင်းဝိုင်းနှင့် လက်ကိုင်ကွင်းပါရှိသည်။ လေးငါးရက်တစ်ကြိမ်၊ မန်ကျည်းသီးမှည့်နှင့် တိုက်ချွတ်ထားသဖြင့် ကြေးအိုးကလေးမှာ ဝင်းလက်နေသည်။

ထောင်မှူးကြီး အိမ်သာတက်တိုင်း ရေထည့်ပြီး ယူဆောင်သွားစမြဲ။ အိမ်သာမှာ မြစ်ကမ်းပါးအနီးဖြစ်၍ ရုံးခန်းနှင့် ပေနှစ်ရာခန့် ဝေးပါသည်။ တစ်ခါတစ်ရံ ကျွန်တော်က ကြေးရေအိုးကိုင်ပြီး သူ့နောက်မှ လိုက်ရပါသည်။ အိမ်သာမှဆင်းလာသည့်အချိန်အထိ တစ်နေရာမှ ရပ်စောင့်နေရပါသည်။ ဖင်ရေဆေးသည့် ဓလေ့ထုံးစံသည် ကမ္ဘာပေါ်တွင် ကုလားလူမျိုးများက အစပြုသည်ဟု ဆိုကြပါသည်။

မြန်မာ့သမိုင်းတွင် ယင်းကိစ္စနှင့်ပတ်သက်ပြီး ဖြစ်ရပ်တစ်ခု ရှိခဲ့ဖူးပါသည်။ ပုဂံပြည်၌ နရသူမင်းကြီး စိုးစံနေစဉ်အခါက ဖြစ်သည်။ ထိုမင်းတွင် ကုလားမျိုးနွယ် မိဖုရားတစ်ပါး ရှိလေသည်။ မျက်ခုံးမျက်လုံးနှင့် နှာတံတို့မှာ ကုလားမျိုးဖြစ်သည်နှင့်အညီ အလွန်လှပလေသည်။ အသားအရေမှာ ဖြူဝင်းပြီး ခါးသေးရင်ချီ သွယ်လျလျဖြစ်သည်။ မင်းကြီးသည် ၎င်းမိဖုရားကို လွန်စွာ ချစ်မြတ်နိုးတော်မူသည်။ တစ်နေ့သော် ရေအိမ်တက်ရာ၌ မင်းကြီးသည် သတိမေ့လျော့ပြီး သန့်သက်ရေကို ယူဆောင်သွားခြင်း မပြုခဲ့ပေ။ ထိုအကြောင်းကို ကုလားမိဖုရား သိရှိသောအခါ ရွံရှာသည့်အတွက် မင်းကြီးကို သူနှင့်အတူ နေခွင့်မပြုခဲ့ပေ။ ရာဂစိတ် ပြင်းပြလျက်ရှိသော မင်းကြီးသည် ဒေါသအမျက်ချောင်းချောင်းထွက်ကာ–

"ငါ့ဘုရင် ဘာထင်လို့လဲ"ဟုပြောပြီး မိဖုရားကို သံလျက်နှင့် ခုတ်သတ်လေသည်။ ထိုအကြောင်းကို ကြားသိရသော ပဋိက္ကယား ကုလားမင်းကြီးသည် သမီးတော်အတွက် လက်စားချေလိုသော ဒေါသစိတ်ဖြင့် သူ့ရဲကောင်းရှစ်ရာထဲမှ ရှစ်ဦးကို ရွေးထုတ်ကာ–



"သင်တို့ ပုဏ္ဏားယောင်ဆောင်ပြီး ပုဂံပြည်သို့ သွားကြရမည်။ ငါ့သမီး သတ်သောဘုရင်အား သတ်ရမည်"ဟု အမိန့်ပေး၍ စေလွှတ်လိုက်သည်။ ပြည်သို့ရောက်သောအခါ နရသူမင်းကြီးထံ ဝင်ရောက်ခစားပြီး ဘုန်းတန်ခိုး သရေ တိုးတက်အောင် ဘိသိက်သွန်းပေးမည်ဟု လျှောက်တင်ကြသည်။ မင်းကြီးလည်း တန်ခိုးအာဏာကြီးလိုသော လောဘစိတ်ဖြင့် ဘိသိက်သွန်းခွင့် ပြုသည်။

ရာဇပလ္လင်ပေါ် ထိုင်နေသောမင်းကြီးကို ပုဏ္ဏားယောင်ဆောင်လာ ကုလားများက ပရိယာယ်ဖြင့် ဘိသိက်သွန်းဟန် ပြုလုပ်လျက် လျှို့ဝှက် ဆောင်လာသော သံလျက်ဖြင့် ခုတ်ထစ်ကြလေသည်။ ကုလားများလည်း မင်းကိစ္စ ပြီးစီးအောင်မြင်သော် မိမိသံလျက်နှင့်ပင် မိမိကိုယ်ကို အဆုံး ကြလေသည်။ ထိုအချိန်မှစပြီး နရသူမင်းကို 'ကုလားကျမင်း'ဟု ခေါ်ဆို သည်။

'ဒေါသောခမ္မံ နာဇာနန္တိ' ဒေါသသည် အကျိုးအကြောင်း အဆိုး ကောင်းကို မသိဟူ၍ ဗုဒ္ဓဟောကြားခဲ့၏။ ဒေါသစိတ်သည် မကောင်းသော ဖြစ်သည်နှင့်အညီ အကျိုးထက် အပြစ်ကိုသာလျှင် ဖြစ်စေနိုင်၏။ ဒေါသသည် တမ်းခက်ထန်သောသဘော ရှိသဖြင့် ထိန်းချုပ်ရန် အလွန်ခက်ခဲသော မျိုးဖြစ်၏။ ဒေါသကို မထိန်းချုပ်နိုင်ခြင်းကြောင့် မဖြစ်ပွားသင့်သော ာများ ဖြစ်ပွားရခြင်း ဖြစ်လေသည်။

ထောင်မှူးကြီး စုလေမန်သည် သူ၏ အသုံးအဆောင်ပစ္စည်းတချို့ကို ဦးကြင်မောင်နှင့် ဦးဘရှိန်တို့ကို ခွဲဝေပေးပါသည်။ နွားမနှစ်ကောင်နှင့် တင်ကို ဝယ်ရင်း ဈေးထက်လျော့ပြီး ပခုက္ကူမှ ဦးဘမောင်သို့ ခဲ့ပါသည်။

ကျွန်တော့်ကို 'ခရုလုံချည်' ကောင်းတစ်ထည်ပေးသဖြင့် ဝမ်းမြောက် ာ ဖြစ်နေပါသည်။ စစ်အတွင်းဖြစ်၍ အဝတ်အထည်များ ရှားပါးနေ ဗမာချည်များဖြင့် ရက်လုပ်သောနှစ်နံဆင့်လုံချည်ကြမ်းများကိုပင် ဖို့အတွက် ခက်ခဲသောအချိန်ကာလဖြစ်သည်။

"ဂျပန်တွေ ဆင့်သုံးလို့ စစ်ရှုံးလိမ့်မည်။ အင်္ဂလိပ်တွေ အလာနှေးလို့ ထေး ဝတ်ရသည်" (ဆင့်ဆိုသည်မှာ မြန်မာနိုင်ငံသုံး ဂျပန်ငွေတို သည်။) ဆိုသည့်အတိုင်း ဒုတိယကမ္ဘာစစ်ကြီး ပြီးခါနီးတွင် တချို့

www.burmeseclassic.com

www.burmeseclassic.com

ဝှန်နီများကို ချုပ်၍ဝတ်ဆင်ကြရသည်။ တချို့ သင်ဖြူးဖျာကို ခါးပတ်ကြရသ
ဂျပန်များ မြန်မာနိုင်ငံသို့ ဝင်ရောက်မလာမီ ဂျပန်အသံလွှင့်ဌာန အမျိုးသ
တစ်ဦးက မြန်မာဘာသာဖြင့် ညစဉ်ညတိုင်း အသံလွှင့်ခဲ့သည်။

ဂျပန်လေယာဉ်ပျံများ ဗုံးကြဲခြင်းကြောင့် မြန်မာပြည်သူများ အမြ
တနိုး ကိုးကွယ်နေသော ဘုရားပုထိုး စေတီများတွင် အုတ်တစ်ချပ်ကွဲပျ
လျှင် ရွှေအုတ်တစ်ချပ်အစားထိုးပေးမည်ဖြစ်ကြောင်း၊ မြန်မာပြည်သူပြည်သ
များအနေဖြင့် ဘာမျှ ပူပင်နေကြရန် မလိုကြောင်း၊ ငွေဒင်္ဂါးတစ်ကျပ်ရှိလျှ
ရှပ်အင်္ကျီ လုံချည်တစ်စုံနှင့် တုတ်ကောက်တစ်ချောင်း ရနိုင်ကြောင်း၊ ဂျ
အစိုးရသည် အာရှတိုက်သားများ သာတူညီမျှ အကျိုးခံစားနိုင်ရေးအတွ
နယ်ချဲ့များကို တိုက်ထုတ်နေခြင်းဖြစ်ကြောင်း စသည်ဖြင့် ဝါဒဖြန့်ချိခဲ့သည
မြန်မာပြည်သူများက ယုံကြည်ကြသဖြင့် ဂျပန်ကို မျှော်လင့်ခဲ့ကြသည်။ ဂျ
စစ်တပ်များ ဝင်ရောက်လာသောအခါ စစ်လက်နက်ပစ္စည်းမှလွဲ၍ လူသုံးကု
ပစ္စည်း ဘာမျှ မပါသဖြင့် ကျောချမှ မှားပြီမှန်း သိကြရလေသည်။

ကျွန်တော်နှင့် ကျောင်းနေဖက် ဦးပဥ္စင်း ဦးဝါသဝသည် ကျွန်တော့်
ထောင်ဝင်စာ တွေ့လို၍လာရာ ထောင်အနီးရောက်သောအခါ ဂျပန်စစ်သားမျ
နှင့် တွေ့လေသည်။ ဂျပန်များက မသင်္ကာ၍ ဦးဝါသဝကို ရိုက်နှက်စစ်ဆေ
လေသည်။ ဦးဝါသဝသည် ကြောက်လန့်ပြီး ကျွန်တော့်ကို ထောင်ဝင်
မတွေ့ဘဲ စိုတွင်းကျောင်းသို့ ပြန်ကြွသွားလေသည်။ ထိုအကြောင်းကို နော
မှ ကျွန်တော်သိ၍ စိတ်မကောင်းဖြစ်ရပါသည်။

ကျွန်တော်တို့သည် ဂျပန်စစ်ဗိုလ်စစ်သားများကို အလွန်ကြောက်ရွံ့ကြ
သည်။ အဖမ်းခံရပြီဆိုလျှင် နည်းအမျိုးမျိုးဖြင့် ညှဉ်းပမ်းနှိပ်စက်ကြသည
တချို့ သေဆုံးရသည်။ တချို့ လူစဉ်မမီ ဖြစ်ကြရသည်။ ယင်းကြောင့် ဂျပ
စစ်ဗိုလ်စစ်သားများကို 'ဖက်ဆစ်'များဟု ခေါ်ဆိုကြသည်။

'ဖဆပလ' နိုင်ငံရေးအဖွဲ့အစည်းကြီး၏အမည်မှာ 'ဖက်ဆစ်ဆန့်ကျ
ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့' ဟူ၍ဖြစ်သည်။ ထိုအဖွဲ့ကြီးသည
ပြည်သူများကို ဦးဆောင်ပြီး ဖက်ဆစ်ဂျပန်များကို တော်လှန်ခဲ့ကြသည်။

ထောင်မှူးကြီး စုလေမန် အနားယူသွားခြင်းမှာ သစ်တောဝန်ထောက်
ဂျပန်စစ်ဗိုလ်ကို တိုင်ကြားမည်ဆို၍ ကြောက်ရွံ့ပြီး အလုပ်မှ အနားယူသွ
ခြင်းဖြစ်သည်။ နောက်ရောက်ရှိလာသော ထောင်မှူးကြီး၏အမည်မှာ 'ဦးမော



မောင်တင်' ဖြစ်ပါသည်။ အသားဖြူ၍ အလုံးအရပ် မနိမ့်မမြင့်ဖြစ်သည်။
တည်ကြည် ခန့်ညားသော ဥပမိရုပ်ရှိပါသည်။ ဇနီး၏အမည်မှာ 'ဒေါ်ခင်စိုး'
ဖြစ်၏။ အသားမဖြူသော်လည်း အလုံးအရပ်နှင့်လိုက်လျောသော မိန်းမချော
တစ်ဦးဖြစ်၏။ သူတို့မှာ သားသမီးထွန်းကားခြင်း မရှိသေးပါ။ အသက်မှာ
သုံးဆယ်အရွယ်ခန့်ဖြစ်ကြပါသည်။ မြင်းကျွန်းရွာတွင် အိမ်ငှားနေကြသည်။

ဦးမောင်မောင်တင်သည် ထောင်မှူးကြီးဦးဘသိန်းနှင့် တူဝမ်းကွဲတော်
သည်ဟု သိရပါသည်။ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့သားများ ဖြစ်ကြသည်။

ထောင်မှူးကြီး စုလေမန်နှင့် ဦးစောပေါတို့၏ ထောက်ခံချက်ဖြင့်
ကျွန်တော်သည် ရုံးမှာနေရသည်။ ညဥ့်ပိုင်းမှာလည်း ရုံးစောင့်အဖြစ် အမေတုတ်
အိမ်အောက်ရှိ ဝါးကွပ်ပျစ်ပေါ် အိပ်ရပါသည်။ တစ်ခါတစ်ရံ အမေတုတ်က
ကျွန်တော့်ကို သနား၍ ထန်းလျက်များ၊ ငှက်ပျောသီးများ ပေးပါသည်။

ဦးမောင်မောင်တင်သည် အသက်ငယ်သော်လည်း လုပ်ရည်ကိုင်ရည်
အတွေ့အကြုံရှိသော ထောင်မှူးကြီးဖြစ်ပါသည်။ ထောင်သားများကို ထမင်း
မကျွေးမီ ထမင်းဟင်းများကို ပုံစံအတိုင်း ရုံးခန်းသို့ ပေးပို့ရသည်။ ကိုယ်တိုင်
စားကြည့်သည်။ ဂိုဒေါင်မှ ထုတ်ပေးသည့် ဆီ၊ ဆား၊ ငါးပိများကို ပေးသည့်
အတိုင်း အသုံးပြုမပြု မေးမြန်းသည်။ လေ့လာသည်။ စုံစမ်းသည်။ ကျွန်တော်
တွေ့ခဲ့ရသမျှ ထောင်မှူးကြီးများအနက် ဦးမောင်မောင်တင်သည် စည်းကမ်း
အရှိဆုံးနှင့် တာဝန်ကို အကျေပွန်ဆုံး ထမ်းဆောင်သူဖြစ်သည်။ ညဆယ့်နှစ်
နာရီ သန်းခေါင်အချိန်မှာပင် ထောင်သို့လာရောက်ပြီး တာဝန်ကျ ပြာတာ
များကို စစ်ဆေးလေ့ရှိသည်။

ထောင်သားများ၏ ကျန်းမာရေးကိုလည်း အထူးဂရုစိုက်သည်။ ထောင်
သားများမှာ အဆောက်အအုံနှင့် လူဦးရေ မမျှမတနေရခြင်းကြောင့် တစ်
ကြောင်း၊ မြစ်ရေဝင် ကျွန်းမြေအစိုပေါ်တွင် ကျူဖျာခင်းပြီး နေရအိပ်ရခြင်း
ကြောင့် ရောဂါထူပြောသည်။ အထူးသဖြင့် ဝဲနာမှာ လူတိုင်းလိုလို ပေါက်
ကြသည်။ ပြည်များရွှဲပြီး လက်မှာ ယောင်ကိုင်းနေသဖြင့် ထမင်းကိုပင် လက်
ဖြင့် မစားနိုင်ပါ။ တချို့မှာ လက်မနှင့် ဇွန်းမြီးကိုညှပ်ပြီး စားကြရသည်။
ထောင်သားများ၏ ကျန်းမာရေးအခြေအနေကြောင့် ပျက်စီးနေသော ဗဟုဿု
ဆောင်ကို အလျင်အမြန် ပြုပြင်ရန်လိုအပ်သဖြင့် ပြာတာဦးကြင်မောင်ကို

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ပေးသည့်အတွက် ဦးကြင်မောင်မိသားစုမှာ ပခုက္ကူထောင်သို့ ရွှေ့ပြောင်းနေရပါသည်။

၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလမကုန်မီ ထောင်သားများအားလုံး ပခုက္ကူထောင်ကို ရွှေ့ပြောင်းခဲ့ကြပါသည်။ ဖိုးခက်ကုန်းထောင်မှ ထွက်ခွာမလာမီ ကျွန်တော်သည် အမေတုတ်ကို ဝပ်ချ ကန်တော့ခဲ့ပါသည်။ အမေတုတ်က–

"ထောင်မှ အမြန်လွတ်ပါစေ"ဟု ဆုပေးပါသည်။

ကျွန်တော်တို့အားလုံး တသီတတန်းကြီး တန်းစီပြီး ကွမ်းရွာမှ ပခုက္ကူထောင်သို့ ခြေကျင်ထွက်ခွာလာခဲ့ကြပါသည်။ အချုပ်သားများကို ကွမ်းရွာ အချုပ်ထောင်မှာ ထားခဲ့ပါသည်။ ပြာတာများက သေနတ်များကိုင်ဆောင်လျက် နောက်က လိုက်လာကြပါသည်။ ရုံးသုံး ပရိဘောဂနှင့် ရိက္ခာများ၊ အိုးခွက်များကို နွားလှည်းများနှင့် သယ်ယူခဲ့ကြရ၏။ ထောင်မှူးကြီးဦးမောင်မောင်တင် ဇနီးနှင့် ဦးစောပေါတို့မှာ သူတို့ပစ္စည်းနှင့်သူတို့ လှည်းပေါ်မှ လိုက်ပါလာကြသည်။ ဦးစောပေါနှင့် ကျွန်တော်က ရုံးအသုံးအဆောင်ပစ္စည်းများ၊ စာအုပ်စာတမ်းများ ပါရှိသော လှည်းနောက်မှ လိုက်ရပါသည်။ အစီအစဉ်အားလုံးကို ထောင်မှူးကြီးဦးမောင်မောင်တင်က စီစဉ်ပေးခြင်းဖြစ်၏။ ကျွန်တော်တို့ကို 'ရွှေတန့်တစ်' ရွာသူရွာသားများက လမ်းဘေးမှ ရပ်ကြည့်နေကြသည်။ ကျွဲတဲရွာ အနောက်ဘက်ရောက်သောအခါ တစ်ထောက်နားကြပါသည်။

ထိုအခိုက် ကောင်းကင်မှ လေယာဉ်ပျံအသံ ကြားရသည်။ ကျွဲတဲရွာမှလည်း အချက်ပေးသံချောင်းခေါက်သဖြင့် ထောင်သားများ လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။ ပြာတာများက လေးဘက်လေးတန်မှနေပြီး သေနတ်များဖြင့် ချိန်ထားကြသည်။ ထောင်သားများမှာ 'ခဲမှန်ဖူးသောစာကဲ့သို့' လေယာဉ်ပျံသံ ကြားသည်နှင့် ကြောက်ရွံ့နေကြသည်။ ထောင်သားများကို အတွဲလိုက် အတွဲလိုက် ကြိုးချည်ထားသည့်အပြင် သံခြေချင်းကြိုးများ ခတ်ထားသည့်အတွက် မည်သို့မျှ ထွက်ပြေးခြင်း မပြုလုပ်နိုင်ကြပါ။ မဟာမိတ် လေယာဉ်ပျံကြီးနှစ်စင်းမှာ ကောင်းကင်အမြင့်မှ ပျံသွားခြင်းဖြစ်သဖြင့် စိတ်အေးသွားရသည်။

နံနက် ကိုးနာရီအချိန် ပခုက္ကူထောင်သို့ ရောက်ရှိကြပါသည်။ ထောင်အတွင်း သန့်ရှင်းရေးပြုလုပ်ကြရသည်။ ဗုံးခိုကျင်းများ တူးကြရသည်။ ရေခွဲကြရသည်။ ထမင်းဟင်း ချက်ကြရသည်။ ထောင်သားများမှာ လှုပ်ရှား



သွားလာနေရသည်တစ်ကြောင်း၊ ညအိပ်ရာတွင် ဖိုးခက်ကုန်းထောင်မှာကဲ့သို့ ခြေထောက်တွင် သံကြိုးသိခြင်း ခံရတော့မည် မဟုတ်သဖြင့် ပျော်ရွှင်နေကြသည်။

'လူ့အလို နတ်မလိုက်နိုင်' ဆိုသကဲ့သို့ ထောင်ရွှေ့ပြောင်းလာရခြင်းကို သဘောမကျသူများလည်း ရှိကြသေးသည်။ မိလ္လာဘုတ်သမားများနှင့် ဗိုကြီးမှ ထမင်းဟင်းချက်သူများ ဖြစ်ကြသည်။ ၎င်းတို့မှာ ညဉ့်ပိုင်းတွင် လွတ်လွတ်လပ်လပ် နေကြရသူများဖြစ်၍ မြင်းကျွန်းရွာ၌ တောင်သူများ စိုက်ပျိုးထားသော ပြောင်းဖူးများကိုချိုးယူပြီး မီးဖုတ်စားကြသည်။ မြေပဲပင်များကို နုတ်ယူပြီး ပြုတ်စားကြသည်။ ခရမ်းသီး၊ ပဲသီး၊ ခရမ်းချဉ်သီးများကို ဆွတ်ခူးပြီး ချက်ပြုတ် စားကြသည်။

ပခုက္ကူထောင်သို့ ရွှေ့ပြောင်းလာရသောအခါ ၎င်းတို့အဖို့ စားပေါက်ပိတ်သွားသဖြင့် ကြိုက်နှစ်သက်ခြင်း မရှိကြပေ။ ဤသို့ ဖြစ်ရပါမည်လား ဟု ထိုသူများကို အပြစ်တင်ရန်လည်း မသင့်ပေ။ အဘယ်ကြောင့်ဆိုသော် လူ၏ သဘာဝ ဗီဇသည် အတ္တဖြစ်သည်နှင့်အညီ လူသည် မိမိကိုယ်ကျိုး စီးပွားကိုသာ ဦးတည်ရှေးရှုကြသူများဖြစ်သည်။ ထို့ကြောင့် 'ဘယ်သူသေသေ ငတေမာ ပြီးရော'ဆိုသည့်စကား ဖြစ်ပေါ်လာရသည် မဟုတ်ပါလား။

ထောင်ဘူးဝတွင် အခန်းနှစ်ခန်းရှိသည်။ တောင်ဘက်အခန်းကို ထောင်မှူးကြီးဦးမောင်မောင်တင်က သူ၏ရုံးခန်းအဖြစ် အသုံးပြုပါသည်။ မြောက်ဘက်အခန်းတွင် သေနတ်များနှင့် ပန်းပဲကိရိယာများ ထားရှိပါသည်။ ထိုအခန်းကို ဦးစောပေါက ကြီးကြပ် အုပ်ချုပ်ပါသည်။

ကျွန်တော်သည် ထောင်မှူးကြီးရုံးခန်းမှာနေပြီး သူခိုင်းသည်ကို လုပ်ကိုင်ရပါသည်။ ညအိပ်သည့်အခါ အိပ်ထောင်အပေါ်ထပ် အရှေ့တောင်ထောင့် အခန်းတွင် အိပ်ပါသည်။ တံခါးပိတ်မပါသဖြင့် အိပ်ထောင်ကြီးအတွင်း သွားလိုရာ သွားနိုင်ပါသည်။ တွေ့လိုသူများကို တွေ့နိုင်ပါသည်။ သို့ရာတွင် တစ်ဦးနှင့်တစ်ဦးကြား သစ်သားတန်းခြားလျက်ရှိသည်။

ထောင်မှူးကြီးဦးမောင်မောင်တင်သည် ထောင်ဝန်ထမ်းများအတွက် သူ့ရုံးခန်းတွင် စာအုပ်ဗီရိုတစ်လုံး ထားရှိပါသည်။ အလုပ်အားလပ်သည့်အခါ ထိုစာအုပ်များကို ကျွန်တော် ဖတ်ပါသည်။ စာဖတ်ခြင်းကို ထောင်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



ကဲ အားပေးသည့်အပြင် သူပိုင်စာအုပ်များကိုပင် ကျွန်တော့်ပေးပြီး အဖတ်ခိုင်းပါသည်။ ဤသို့ဖြင့် ထောင်မှူးကြီးသည် ကျွန်တော့်ကို ခင်မင်နေသဖြင့် အမှုအကြောင်းအရာကို မေးပါသည်။ ကျွန်တော်ကလည်း အမှန်အတိုင်းဖြစ်ကြောင်းကုန်စင် ပြောပြပါသည်။

ထို့နောက် ဦးမောင်မောင်တင်က–

“မင်း စာဒက မတက်ချင်ဘူးလား” ဟု ကျွန်တော့်ကို မေးပါသည်။

တက်လိုကြောင်း ပြောသောအခါ ဦးစောပေါ်နှင့် တိုင်ပင်ပြီး စာဒက တက်ပေးမည်ဟု ပြောသဖြင့် ကျွန်တော့်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရှိနေပါသည်။

○ ○ ○

## လူတစ်ဦး၏ ထူးကဲသောမေတ္တာစေတနာ

ပခုက္ကူထောင်သို့ ရွှေ့ပြောင်းလာရသဖြင့် ရွာနှင့် ခရီးတစ်ဝက်ခန့် သာပါသည်။ မအေးမိထံမှ ငရုတ်သီးငါးပိကြော်များ၊ ထန်းလျက်ခဲများ ပေးပါသည်။ မအေးမိတွင် ကိုယ်လေးလက်ဝန်ရှိနေကြောင်း သိရသဖြင့်–

“သားသားလေးမွေးရင်တော့ ကောင်းမှာပဲ”ဟု စိတ်ထဲ တွေးပြီး ရွှင်နေပါသည်။ ကျွန်တော်၏အလုပ်မှာ နံနက်လင်းလျှင် ထောင်မှူးကြီး ခန်းရှိ စားပွဲ၊ ဗီရို၊ ကုလားထိုင်များကို ဖုန်သုတ်ရသည်။ ရှင်းလင်းရသည်။ အုပ်များ ဖိုင်တွဲများကို စနစ်တကျ ထားရှိရသည်။ ကျွန်တော်၏ အလုပ် သပ်ခြင်းနှင့် စာဖတ်ခြင်းတို့ကို ထောင်မှူးကြီး သဘောကျနေပါသည်။ ကြည်မှုလည်း ရှိသဖြင့် ထောင်ဝင်စာတွေ့ခွင့်ပြုခြင်း၊ လူသစ် ထောင်ကျများ က်ရှိလာလျှင် သံခြေချင်းခတ်ခြင်းနှင့် အလုပ်တာဝန်ချထားခြင်းတို့ကို န်တော့်အား လွှဲအပ်ထားပါသည်။

တစ်နေ့တွင် မြို့ခင်းသာရွာမှ ‘ဦးသာရ’ဆိုသူ အဘိုးကြီးတစ်ဦးသည် အစောင့်အရှောက်နှစ်ဦးတို့နှင့်အတူ ထောင်ရုံးခန်းသို့ ရောက်ရှိလာ သည်။ မြို့ခင်းသာရွာသည် ကျွန်တော်တို့ရွာနှင့် နှစ်မိုင်ခန့်သာဝေးသဖြင့် သာရနာမည်ကို ကျွန်တော် ကြားဖူးပါသည်။ ဘုရားဒကာ ကျောင်းဒကာ ရွာလူကြီးလည်း ဖြစ်ပါသည်။ အမှုမှာ ကထိန်ပွဲကျင်းပရာတွင် အငြိမ့်ထည့်သည့်အတွက် ထောင်ဒဏ်ခြောက်လ အပြစ်ပေးခံရခြင်း ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဆိုသည်ကို ကြားဖူးသော်လည်း တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးခြင်းမရှိသဖြင့် သံတံခါးကြီးကိုကြည့်ပြီး ထိတ်လန့် ကြောက်ရွံ့နေဟန်ရှိပါသည်။ ထောင်မှူးကြီးက ဦးသာရကို အမည်၊ အသက်၊ အဖအမည်၊ နေရပ်နှင့် ကိုးကွယ်သည့်ဘာသာများကို မေးမြန်းပြီး သံခြေချင်းခတ်ကာ အလုပ်တာဝန်ချထားရန် ကျွန်တော့်ကို အမိန့်ပေးပါသည်။

ကျွန်တော်သည် ဦးသာရကိုကြည့်ပြီး သနားနေပါသည်။ ဘုရားဒကာ ကျောင်းဒကာမှန်းလည်း သိနေသဖြင့် သံခြေချင်း မခတ်လိုပါ။ အမှုမှာလည်း ရာဇဝတ်မှုမဟုတ်ပါ။ ထို့ကြောင့် ထောင်မှူးကြီးကို 'ဆရာ'ဟုခေါ်၍ အကို အသေပြုလိုက်ပါသည်။ ထောင်မှူးကြီးသည် သူ့ကို 'သခင်'ဟု အခေါ်မခံနိုင်ပါ။ 'ဆရာ'ဟုခေါ်ရန် ပြောထားပါသည်။

"ဘာလဲ မောင်အုံးဖေ"ဟု ကျွန်တော့်ကို မေးပါသည်။

"ဒီအဘိုးကြီးကို ကျွန်တော်သိပါတယ်။ ဘုရားဒကာ၊ ကျောင်းဒကာကြီးပါ။ ပြီးတော့ အသက်အရွယ်လည်းကြီးလို့ ခြေချင်းမခတ်ဘဲ အမှိုက်ဘုတ်မှာထားရရင် ကောင်းမလားလို့ ဆရာကို တင်ပြလိုပါတယ်"

"အေးကွာ၊ မင်းတော်သလိုကြည့်ပြီး စီစဉ်လိုက်ပါ"ဟု ပြောသဖြင့် ဦးသာရကို ထောင်အတွင်းသို့ ခေါ်ယူခဲ့ပါသည်။ သံတံခါးကြီး၏ လူဝင်ပေါက်ကလေးမှ ခေါင်းငုံ့လျှိုးဝင်ရန် ဖြစ်ပါသည်။ သို့ရာတွင် ဦးသာရသည် ကြောက်ရွံ့ပြီး မဝင်ရဲဘဲ ဖင့်နွဲ့တွန့်ဆုတ်နေပါသည်။ ကျွန်တော်က နောက်မှနေပြီး-

"ဝင်ပါ"ဟု ပြောလိုက်မှ ဦးသာရ ထောင်အတွင်း ရောက်ရှိသွားပါသည်။ အင်္ဂလိပ်အစိုးရသည် သူတို့၏ အဆောက်အအုံ၊ အဆောင်အယောင် အခမ်းအနားများကို အခြားသူမြင်ရုံမျှဖြင့် အထင်ကြီးပြီး ကြောက်ရွံ့သွားစေရန် ဖန်တီးတတ်ကြသည်။ တရားရုံးဆိုလျှင်လည်း တရားသူကြီးကို ရိုသေခန့်ညားစေရန် အဆောင်အယောင် အခမ်းအနားများနှင့် မွမ်းမံပြင်ဆင်ထားသည်။

အင်္ဂလိပ်အစိုးရ တည်ဆောက်ခဲ့သော နှစ်ထပ်အိမ်ထောင်ကြီးနှင့် သံတံခါးကြီးကို မြင်ရုံမျှဖြင့် ဦးသာရအဖို့ ကြောက်ရွံ့နေပြီဖြစ်သည်။ သူသည် ညှိုးငယ်သောမျက်နှာဖြင့် ကျွန်တော့်ကိုကြည့်ပြီး-



"မောင်အုံးဖေ၊ ဘကြီးကို ကူညီစောင့်ရှောက်ပါ။ တစ်သက်လုံး မောင်အုံးဖေကျေးဇူးကို မေ့မှာမဟုတ်ပါဘူး"ဟု တုန်ယင်သောအသံဖြင့် ပြောပါသည်။

"ဘာကိုမှ မကြောက်ပါနှင့်။ ကျွန်တော် အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ပါမယ်"ဟု ပြောသောအခါ ဦးသာရသည် ဝမ်းနည်း၍လား၊ ဝမ်းသာလွန်း၍လား မသိ။ သူ၏ တွန့်ရှုံ့နေသော ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာပါသည်။ အမှိုက်ဘုတ်ဘာယာ ကြင်မောင်ကို အကျိုးအကြောင်းပြောပြီး အပ်ထားခဲ့ပါသည်။ "ဘာမျှမကြောက်နှင့်" ဟူ၍လည်း အားပေးခဲ့ပါသည်။

ကြင်မောင်သည် စာမတတ်သော်လည်း အလုပ်အကိုင် သေသပ်ကောင်းမွန်သဖြင့် ဘာယာခန့်ထားခြင်း ခံရသူဖြစ်သည်။ ကျွန်တော်နှင့်လည်း ရင်းနှီးခင်မင်ပါသည်။ ပခုက္ကူထောင်တွင် အလုပ်ဘုတ် အတော်များများရှိပါသည်။ လျှော်ဘုတ်၊ ရေဆွဲဘုတ်၊ ထမင်းချက်ဘုတ်၊ စပါးကြိတ်ထိုးဘုတ်၊ အတွင်းဆောင်ယာဘုတ်၊ အပြင်တောင်ယာဘုတ်၊ ဖုံးခိုကျင်းတူးသည့်ဘုတ်၊ အနတ်ရိုင်းထုရသည့်ဘုတ်၊ ပန်းပဲဘုတ် စသည်ဖြင့် အလုပ်ဘုတ်များအနက် အမှိုက်ဘုတ်သည် အသက်သာဆုံး ဖြစ်ပါသည်။

ထောင်မှူးကြီးများက ကျွန်တော့်ကို လုပ်ပိုင်ခွင့်များပေးထားမှန်း သိကြသဖြင့် တုတ်ကိုင်ဘာယာများအားလုံး ကျွန်တော်၏ လိုလားချက်များကို ကူညီဆောင်ရွက်ပေးကြသည်။ သူတို့ကိစ္စကြီးငယ်ရှိလျှင်လည်း ကျွန်တော့်ထံ အကူအညီတောင်းကြသည်။ မည်သူ့ကိုမဆို တတ်နိုင်သမျှ အကူအညီပေးခဲ့သဖြင့် ဘာယာများမှအစ ထောင်သားများကပင် ခင်မင်နေကြသည်။

ညနေထမင်းစားကြသောအခါ ဦးသာရကို ကျွန်တော်တို့နှင့်အတူ စားစေပါသည်။ ကျွန်တော်နှင့်မြကောင်း၊ ဘိုးထူး၊ ဦးချစ်ခိုင်တို့မှာ အတူစားနေကြသည်။ ယခု ဦးသာရပါ ငါးဦး ဝိုင်းဖွဲ့စားကြပါသည်။ ကျွန်တော်က အိမ်မှပေးပို့သော ငါးပိကြော်များကို မျှဝေပေးပါသည်။ ဦးသာရမှာ လုံးတီးဆန်ခဲ ထမင်းကိုကြည့်ပြီး မှိုင်တိုင်တိုင် ဖြစ်နေပါသည်။ ကျွန်တော်သည် ဦးသာရ၏ အခြေအနေကိုကြည့်ပြီး သနားနေပါသည်။ ဦးချစ်ခိုင် ထောင်ကျသည့်နေ့ကလည်း ဤကဲ့သို့ပင် မှိုင်တိုင်တိုင် ဖြစ်နေသည်ကို တွေ့ခဲ့ဖူးပြီဖြစ်သည်။ "ဘကြီး စားပါ"ဟု ကျွန်တော်က ငါးပိကြော်ကို သူ့ပန်းကန်ထဲ ထည့်ပေးပါသည်။

www.burmeseclassic.com

"မစားတော့ပါဘူး မောင်အုံးဖေရာ။ ဘကြီးစားချင်စိတ်လည်း မ လို့ပါ"ဟုပြောပြီး သူ့အကျီအိတ်ထောင်ထဲတွင်ပါရှိလာသော တစ်ဆယ်တ ငွေစက္ကူ လေးရွက်ကို ကျွန်တော့်ကို ပေးပါသည်။

စက္ကူများမှာ ထန်းပင်ကလေးနှင့် ဘုရားစေတီပုံတော်ပါရှိသော ဂျပန်ငွေ စက္ကူ 'ထောင်မလဲ သဲကော်ရ' အသစ်ကလေးများ ဖြစ်ပါသည်။ ဂျပန်စစ်တ ကြီးများတွင် ငွေစက္ကူ ရိုက်နှိပ်သောစက် ပါရှိကြသည်။ လိုအပ်လျှင် ရော ရာဒေသတွင် ရိုက်နှိပ်ပြီး သုံးစွဲကြသဖြင့် ၁၉၄၄ ခုနှစ်ရောက်ရှိသောအခ ငွေကြေးဖောင်းပွပြီး ကုန်ဈေးနှုန်းလည်း မြင့်တက်လာသည်။

ကျွန်တော်သည် ဦးသာရကို ဘုရားဒကာ ကျောင်းဒကာဖြစ်မှန်းသိ ထောင်အဝင်တွင် သူ့ကို ရှာဖွေခြင်းမပြုလုပ်ခဲ့ပါ။ သို့ဖြစ်၍ ၎င်းငွေ လေးဆ ကျပ် သူ့တွင် ပါရှိလာခြင်းဖြစ်သည်။ လူတစ်ယောက်လာလျှင် အင် လုံချည်မှအစ လူတစ်ကိုယ်လုံး ရှာဖွေစစ်ဆေးမှု ပြုရစမြဲ။ ငွေကြေးတွေ့ရှိလျှ ထောင်မှူးကြီးထံ အပ်နှံရပါသည်။ ထိုသူ ထောင်မှလွတ်မြောက်သောအခ ပြန်လည် ပေးလေ့ရှိပါသည်။

"ဘကြီး၊ ဒီပိုက်ဆံက ဘာလုပ်ဖို့လဲ" ကျွန်တော်ကမေးရာ–

"မောင်အုံးဖေ သုံးချင်တာသုံးရအောင် ပေးတာပါ"ဟု ပြောပါသည်

"ကျွန်တော် မလိုချင်ပါဘူး။ ထောင်မှူးကြီးကို အပ်ထားလိုက်မယ် ဘကြီးထောင်ကလွတ်တော့ ပြန်ပေးမှာဖြစ်ပါတယ်"ဟု ပြောလိုက်ရာ ဦးသာ သည် ကျွန်တော့်ကိုကြည့်ကာ ဖြည်းညှင်းစွာ ခေါင်းညိတ်လျက် ရှိပါသည် သူ့စိတ်တွင် မည်ကဲ့သို့ ဝေဒနာခံစားနေရမည်ဆိုသည်ကို ကျွန်တော် မသိပ နောက်နေ့တွင် ထောင်မှူးကြီးကို အကျိုးအကြောင်းပြောပြပြီး ငွေလေးဆယ်ကျ ပေးအပ်လိုက်ပါသည်။

သုံးရက်ခန့်ကြာသောအခါ မြို့ခင်းသာရွာသူကြီး ဦးထွန်းပေါနှင့် လူကြ တစ်ဦး ထောင်သို့ ရောက်ရှိလာပါသည်။ ကျွန်တော်က–

"သူကြီး ဘာကိစ္စရှိပါသလဲ"ဟုမေးရာ–

"မင်းက ငါ့ကိုသိလို့လား"ဟု ဦးထွန်းပေါက ကျွန်တော့်ကို ပြန်မြ မေးပါသည်။

"သိပါတယ်။ ကျွန်တော်က ထနောင်းကုန်းကပါ။ ကျွန်တော် အဖမ်းခံရတဲ့နေ့က တိုက်ပိုင် ဦးတင်နှင့် ကျွန်တော်တို့ကို သူကြီးအိမ် ထမင်းကျွေးလိုက်သေးတယ်လေ" ဟု နောက်ကြောင်းပြန်ပြောသောအခ



"ဪ၊ သိပြီ သိပြီ။ အုံးဖေဆိုတာ မင်းလား"

"ဟုတ်ပါတယ်"

"ဦးသာရကို ထောင်ဝင်စာတွေ့ချင်လို့ လာတာပါ"

"တွေ့ရပါတယ်။ ခဏစောင့်ပါဦး" ဟုပြော၍ အခြားထောင်ဝင်စာ တွေ့လိုသူများကိုပါ မေးမြန်းပြီး စာရင်းရေးမှတ်နေခိုက် ထောင်မှူးကြီး ရောက်ရှိလာပါသည်။ ထောင်ဝင်စာ တွေ့လိုသူများကို တွေ့ခွင့်ပြုရန် ပြော ပါသည်။ အလျင်ရောက်သူကို အလျင်တွေ့ခွင့်ပြုပါသည်။ အချုပ်သားများကို ရွှမ်းရွာတွင် ထားရှိသည့်အတွက် ထောင်ဝင်စာတွေ့လိုသူ သုံးဦးပဲရှိပါသည်။ ၎င်းတို့အနက် သူကြီးဦးထွန်းပေါသည် နောက်ဆုံး ရောက်ရှိလာသူဖြစ်သည်။

ထောင်ဝင်စာတွေ့လိုသူကို ဘူးအတွင်းဝင်စေပြီး သံတံခါးကြီးအနီး ထိုင်နေရပါသည်။ တွေ့လိုသူကို ခေါ်ပေးပါသည်။ နှစ်ဦးကြားတွင် သံတံခါး ကြီး ခြားလျက်ရှိသော်လည်း သံတိုင်များကြားမှ တစ်ဦးကိုတစ်ဦး တွေ့ရမြင်ရ သည်။ ထောင်လုံခြုံမှုကိစ္စမှလွဲ၍ မိမိတို့ပြောလိုရာကို လွတ်လပ်စွာ ပြော ပါသည်။ စားဖွယ်ရာများ ပေးရာတွင်မူ အသေအချာ ကြည့်ရှုစစ်ဆေးပြီး ပေးခွင့်ပြုပါသည်။

နောက်ဆုံး ထောင်ဝင်စာတွေ့ခွင့်ရသူမှာ ဦးသာရဖြစ်ပါသည်။ သူကြီး ဦးထွန်းပေါက 'အိမ်အတွက် ဘာမှမပူနှင့်။ ဦးသာရသာ ကျန်းမာအောင်နေဖို့ အရေးကြီးသည်'ဟု ဒေါ်သွန့်က မှာလိုက်ကြောင်းပြောသောအခါ ဦးသာရ သည် ဝမ်းနည်း၍လားမသိ။ ဆို့နင့်နေသဖြင့် စကားမပြောနိုင်ဘဲ ရှိနေပါသည်။ ဒေါ်သွန့်မှာ ဦးသာရ၏ဇနီး ဖြစ်ပါသည်။

ဦးထွန်းပေါက ဆက်လက်ပြီး 'ဘာမျှအားငယ်မနေနှင့်။ အယူခံဖို့ အတွက် ရှေ့နေငှားပြီးပြီ။ ဦးတင်ကို ကိုယ်စားလှယ်အဖြစ် လွှဲအပ်ဖို့ ခင်ဗျား လက်မှတ်ထိုးရန် လာခြင်းဖြစ်ကြောင်း' ပြောပါသည်။ ထို့နောက် စာရွက် ... ဆောင်တိန်ကို ဦးသာရ လက်မှတ်ထိုးရန်အတွက် ကျွန်တော့်ကို ပေးပါ သည်။ ထိုအကြောင်းကို ကျွန်တော်က ထောင်မှူးကြီးထံ တင်ပြပါသည်။ ထောင်မှူးကြီးက 'ဆောင်ရွက်ပေးလိုက်ပါ' ဟုပြောမှ ကျွန်တော်သည် ဦးသာရကို လက်မှတ်ထိုးခိုင်းပြီး ပေးလိုက်ပါသည်။

"အယူခံရုံးမှာ စက်ရှင်တရားသူကြီး ဦးဘိုးရင်၏ရုံးဖြစ်ကြောင်း ဦးဘိုးရင်သည် ပေါက်မြို့နယ် ကျွန်းကြီးရွာသားဖြစ်ကြောင်း၊ ဦးဘိုးရင်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ရင်းနှီးသူတစ်ဦးက ငွေကြေးတစ်ပြားတစ်ချပ်မျှမကုန်ရဘဲနှင့် အယူခံနိုင်အောင် ဆောင်ရွက်ပေးမည်"ဟု ပြောသဖြင့် အယူခံခြင်းဖြစ်ကြောင်း ဦးထွန်းပေါက ပြောပါသည်။

စက်ရှင်တရားသူကြီး ဦးဘိုးရင်သည် လာဘ်စားခြင်း၊ လာဘ်ယူခြင်း မရှိသည့်အတွက် နာမည်ကောင်းရရှိသူတစ်ဦးဖြစ်သည်။ လွတ်လပ်ရေးရပြီး နောက် ဦးဘိုးရင်သည် သမ္မတကြီးဦးဘဦး၏ အိမ်တော်ဝန်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ဦးဘိုးရင်သည် ကွမ်းရွာ၌ ရုံးထိုင်နေစဉ်က မတင်ဆိုသူ တူမချောကလေးတစ်ဦး ပါရှိလာသည်။ မတင်သည် ကွမ်းရွာသား ကိုကြည် နှင့် လူငယ်ချင်း ချစ်ကြိုက်ပြီး အိမ်ထောင်ကျခဲ့သည်။

ကိုကြည်သည် ချမ်းသာကြွယ်ဝသော မိဘများမှ မွေးဖွားလာသူဖြစ်၍ ဝစ္စလီယံ ကျောင်းထွက်ဖြစ်သည်။ ၁၉၄၅ ခုနှစ် အင်္ဂလိပ်အစိုးရ ပြန်ဝင်လာ သောအခါ ကိုကြည်၏ မိဘဆွေမျိုးများသည် ကွမ်းရွာမှ ပခုက္ကူသို့ ပြောင်း ရွှေ့နေထိုင်ခဲ့ကြသည်။

၁၉၅၃ ခုနှစ်တွင် ကိုကြည်သည် ဗာဂျီးနီးယား ဆေးပေါင်းရုံ အတတ်ပညာ ကို လင်းခေးဦးထွန်းမြင့် (နိုင်ငံတော် ကောင်စီဝင်)ဖြစ်သူထံမှ အကြံဉာဏ် ရယူပြီး ပခုက္ကူမြို့တွင် အစဦးဆုံး ဆေးပေါင်းရုံလုပ်ကိုင်သူဖြစ်သည်။ ကိုကြည် ဆေးပေါင်းရုံ စတင်လုပ်ကိုင်စဉ်အခါက အစိုးရ၏ မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းကပင် ဆေးပေါင်းရုံလုပ်ငန်း မစတင်ရသေး သိရသည်။

၁၉၅၆–၅၇ ခုနှစ်တွင် ကိုကြည်သည် ကျွန်တော်နှင့် နှစ်ဦးစပ် ဆေး ပေါင်းရုံ လေးလုံးတည်ထောင်ခဲ့သည်။ 'သိန်းတစ်ရာ'ဟူသောအမည်မှာ ကိုကြည် မှည့်ပေးခဲ့သော နာမည်ဖြစ်သည်။ ထိုနှစ် ဆေးပေါင်းရာသီ ပြီးဆုံးသောအခါ ကိုကြည်သည် သူ့တွင် လုပ်ငန်းတွေ တာဝန်တွေများလွန်းသဖြင့် ထိုနှစ်အတွက် ရရှိသည့် အမြတ်ငွေ ရှစ်ထောင်ကျပ်ကျော်နှင့် သူ၏အရင်း ပါဝင်ငွေတို့ကို ရယူပြီး နှစ်ဦးစပ်အလုပ်မှ နုတ်ထွက်သွားပါသည်။ ကျွန်တော် ဆေးပေါင်းရုံ ပိုင်ဖြစ်လာရသည်မှာ ကိုကြည်၏ ကူညီစောင်မမှုကြောင့်ဖြစ်သဖြင့် ကိုကြည်ကို ယခုတိုင် ကျေးဇူးတင်လျက်ရှိပါသည်။

ဦးထွန်းပေါက အယူခံနိုင်မည်ဟု ပြောသွားသည့်အတွက် ဦးသာရ ဝမ်းသာနေပါသည်။ လူလည်း တက်ကြွရွှင်လန်းနေသည်။ လုံးတီးဆန်ထမင်း ကိုလည်း စားနိုင်ပေပြီ။



"မောင်အုံးဖေ ထောင်ကလွတ်ရင် ဘဆီကိုအလည်လာခဲ့ဦးနော်။ မင့်ကို ကျေးဇူးတင်လွန်းလို့ပါ"ဟု ဦးသာရက ပြောပါသည်။

ကျွန်တော်သည် ပစ္စည်းမဲ့ လူပေလူတေ၊ ဖဲသမား အရက်သမားဖြစ် သော်လည်း ဒုက္ခရောက်သူကိုတွေ့လျှင် ကြင်နာသနားတတ်ပါသည်။ ကူညီ စောင့်ရှောက်လိုသော စိတ်ဆန္ဒလည်း ရှိပါသည်။ ဦးသာရကို အကူအညီပေးခြင်း မှာ မျှော်လင့်ချက်နှင့် ကူညီစောင့်ရှောက်ခြင်း မဟုတ်သဖြင့်–

"ကျေးဇူးတင်ဖို့ မလိုပါဘူး ဘကြီးရာ။ ဒီလိုပဲ တစ်ဦးကိုတစ်ဦး ကူညီရမှာပဲ"ဟု ပြောလိုက်ရာ–

"ဟုတ်တော့ဟုတ်တာပေါ့ကွာ။ ဒါပေမယ့် ဘုရားရဲ့တရားတော်မှာ (ကတ ညုတ ကတဝေဒီ) သူ့ကျေးဇူးကို သိရမယ်လို့ ဟောထားတော့ မောင်အုံးဖေ ကျေးဇူးကိုဆပ်ချင်တယ်။ ဒါကြောင့် ထောင်ကလွတ်တဲ့အချိန် ဘဆီကိုလာဖြစ်အောင် လာခဲ့ပါ"ဟု ပြောသဖြင့် ဦးသာရ စိတ်ချမ်းသာစေလို သောသဘောဖြင့်သာ "လာခဲ့ပါမည်"ဟု ပြောလိုက်ပါသည်။

တစ်နေ့တွင် ထောင်မှူးကြီးက သူ့အိမ်နှင့် ဦးစောပေါ်အိမ်အတွက် ခိုင်းစေရန် လူနှစ်ဦး ရွေးချယ်ပေးဖို့ပြောပါသည်။ သို့ဖြစ်၍ မြကောင်းနှင့် ဘိုးထူးတို့နှစ်ဦးသည် လူရိုးလူကောင်းများဖြစ်ကြောင်း၊ ၎င်းတို့သည် အမှု မမှန်ကန်ဘဲနှင့် ထောင်ကျရသူများဖြစ်ကြောင်း ကျွန်တော်က တင်ပြသော အခါ ထောင်မှူးကြီးက–

"မောင်အုံးဖေ ယုံကြည်တယ်ဆိုရင် ပြီးတာပါပဲကွာ"ဟု ပြောသဖြင့် ဘိုးထူးကို ထောင်မှူးကြီးအိမ်ပို့ပြီး မြကောင်းကို ဦးစောပေါ်အိမ်သို့ ပို့လိုက် ပါသည်။ ဘိုးထူးနှင့် မြကောင်းတို့သည် ရိုးသားသူများဖြစ်သည်တစ်ကြောင်း၊ ဒေသစိတ်ဖြင့် ကိုယ့်နယ်သားကို ကြည့်ရှုစောင်မလိုသောသဘောဖြင့် ရွေးချယ် ပေးလိုက်ခြင်း ဖြစ်ပါသည်။ နောက်ပိုင်းတွင် ထောင်မှူးကြီးနှစ်ဦးစလုံးကပင် ကျွန်တော်ရွေးချယ်ပေးသောလူများကို သဘောကျကြောင်း ပြောသဖြင့် ကျေနပ် ဝမ်းသာရပါသည်။

ထောင်မှူးကြီး ဦးမောင်မောင်တင်သည် ထောင်သားများ၏ ကျန်းမာ ရေးကို အထူးဂရုစိုက်သည်။ ဖိုးခက်ကုန်းထောင်မှ ရွှေ့ပြောင်းခြင်းသည် ထောင်သားများ၏ ကျန်းမာရေးအတွက်ကြောင့် ဖြစ်သည်။ နေ့ခင်းနေ့လယ် တွင် သူ့အိမ်မှ ကြွေကရားကလေးနှင့် ကော်ဖီများ ပို့လေ့ပို့ထ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ၎င်းကော်ဖီကို သူမသောက်ပါ။ မည်သူမည်ဝါ နေမကောင်း၍ ထမင်းမစားကြောင်း ကြားသိရလျှင် ထိုလူကို ကော်ဖီသွားတိုက်ရန် ကျွန်တော့်ကို ခိုင်းပါသည်။ ကျွန်တော် ပြန်လာသည့်အခါ "အဖျားပြင်းသလား၊ ကိုယ်အပူ ပြင်းသလား"ဟုလည်း မေးလေ့ရှိပါသည်။

ထောင်မှူးကြီး၏ စေတနာနှင့် လုပ်ရပ်မှာ အတုယူဖွယ်ရာ ကောင်းလှပါသည်။ ထောင်မှူးကြီးသည် အလုပ်လည်းလုပ်သည်။ အချိန်ကိုလည်း လေးစားသည်။ စာလည်း ဖတ်သည်။ ကျွန်တော် စာဖတ်သည်ကိုလည်း အားပေးသည်။

လူတို့တွင် အဖိုးတန်ဆုံးသောအရာမှာ အသိပညာဖြစ်ကြောင်း၊ အသိပညာနှင့် အတွေးအခေါ် အမြော်အမြင်တို့ကို စာပေမှ ရရှိနိုင်သဖြင့် စာဖတ်သင့်ကြောင်း ကျွန်တော့်ကို ပြောပြ ဆုံးမပါသည်။ တစ်ခါသော် ကျွန်တော် စာရေးရာတွင် 'အဆောက်အဦး'ဟူ၍ 'ဦး'ကို ဝစ္စပေါက်နှစ်လုံးနှင့် ရေးသားထားသည်ကို တွေ့ရှိ၍ မှားယွင်းနေကြောင်း၊ အမှန်မှာ ဝစ္စပေါက်မပါရှိဘဲ 'အဆောက်အဦ' ဖြစ်ကြောင်း သင်ကြားပြသပါသည်။ ကျွန်တော်နှင့် သင့်လျော်မည့် စာအုပ်များကိုလည်း ယူလာပြီး အဖတ်ခိုင်းပါသည်။ ပြောရေးဆိုရေး၊ နေရေးထိုင်ရေးမှအစ ယဉ်ကျေးမှုရှိစေရန် သွန်သင်ပါသည်။

အမှန်ဆိုရသော် ဦးမောင်မောင်တင်သည် ကျွန်တော်အဖို့ ထောင်မှူးမဟုတ်ဘဲ ဘဝအသိပညာ သင်ကြားပေးသော ဆရာသမားဖြစ်ပါသည်။ 'ဆရာ'ဟု ခေါ်ဆိုခြင်းကို သူလိုလားသကဲ့သို့ ကျွန်တော့်မှာလည်း 'ဆရာ'ဟု ခေါ်ရသည်မှာ အရသာရှိလှပါသည်။ နှလုံးပီတိ ဖွမ်းဆိတ်ထိသကဲ့သို့ ဖြစ်ရပါသည်။

ဆရာ၏ မေတ္တာ၊ စေတနာကား ကြီးမားလှပါသည်။ ကျွန်တော့်ဘဝ၊ ကျွန်တော့်အစွမ်းအစနှင့် ထူထောင်နိုင်ခြင်းမှာ 'ဆရာ၏ကျေးဇူး'ကြောင့်ဟု ဆိုသော် ဆိုနိုင်ပါသည်။

○ ○ ○

## ဖဲရိုက်ပြီး အမေ့ကိုလုပ်ကျွေးမှာလား

၁၉၄၄ ခုနှစ် ရောက်သောအခါ ဂျာမနီ၊ အီတလီ၊ ဂျပန် စသော ဝန်ရိုးတန်း နိုင်ငံများ၏ ထိုးစစ်တိုက်စစ်များအားပျော့သွားပြီး မဟာမိတ်နိုင်ငံများက ခံစစ်အနေအထားမှ တိုက်စစ်အသွင်သို့ ပြောင်းလဲလာပါသည်။ မဟာမိတ်အဖွဲ့ဝင်နိုင်ငံများမှာ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်သမ္မတနိုင်ငံတို့ ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါ ၎င်းနိုင်ငံကြီးများသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် ဗီတိုပါဝါပိုင် နိုင်ငံကြီးများ ဖြစ်လာကြပါသည်။

မြန်မာနိုင်ငံ အဓိပတိ အစိုးရ၏ အာဘော်ဖြစ်သော ဗမာ့ခေတ်သတင်းစာကမူ ဂျာမနီ၊ ဂျပန် စသော နိုင်ငံများ၏ အောင်ပွဲများကို အသားပေး ဖော်ပြပြီး အရေးမလှသော စစ်သတင်းများကိုကား အတတ်နိုင်ဆုံး ဖုံးဖိထားလေသည်။ မလွှဲမရှောင်သာ၍ ဖော်ပြရလျှင်လည်း ပေါ့ပေါ့လျော့လျော့ ရေးသားဖော်ပြကြလေသည်။ မဟာမိတ်စစ်ဌာနချုပ်က ကမ္ဘာ့စစ်သတင်းများကို ရိုက်နှိပ်၍ မြန်မာနိုင်ငံအတွင်း လေယာဉ်ပျံများဖြင့် ကြဲချပေးသည့်အတွက် 'လေနတ်သားသတင်းစာ'ဟု ခေါ်ကြလေသည်။

၎င်းစစ်သတင်းကို မြန်မာလို ပြန်ဆိုရေးသားသူမှာ 'တက်ဘုန်းကြီးသိန်းဖေ' ဖြစ်သည်ဟု သိရပါသည်။ (တက်ဘုန်းကြီးဝတ္ထု ရေးသားခြင်းကြောင့် နာမည်ကြီးပြီး 'တက်ဘုန်းကြီးသိန်းဖေ'ဟု ခေါ်တွင်ကြခြင်းဖြစ်သည်။ နောက်ပိုင်းတွင် 'ဦးသိန်းဖေမြင့်'ဟု အမည်ပြောင်းလဲပါသည်။ မြင့်မှာ သူ၏မိခင်နာမည်ဖြစ်သည်ဟု သိရပါသည်။) လေနတ်သားသတင်းစာကို ခက်သိပ်ထိုး လျှို့ဝှက်ဖတ်ကြရသည်။ ဂျပန်ကင်ပေတိုင်များနှင့်တွေ့၍ အမိအမိခံရလျှင် သေလုမြောပါး နှိပ်စက်ညှဉ်းပမ်းခြင်း ခံရမည်မှာ မလွဲပါ။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့စစ်သတင်းများ အခြေအနေကို ဦးစောပေါက ပြောပြပါသည်။ ဦးစောပေါသည် ခရစ်ယာန်ဘာသာဝင်ဖြစ်သည့်အားလျော်စွာ အင်္ဂလိပ်၊ အမေရိကန်တို့ကို လိုလားသူဖြစ်ပါသည်။

“မင့်ဆရာဦးမောင်မောင်တင်ကို မပြောနှင့်” ဟူ၍လည်း ပိတ်ပင်ပါသည်။ တစ်နေ့တွင် ထောင်မှူးကြီး ဦးမောင်မောင်တင်က လက်မှတ်ထိုးရန် ပြောသဖြင့် စာရွက်တစ်ရွက်တွင် လက်မှတ်ထိုးပေးလိုက်ရသည်။ စောဒကတက်ရန်အတွက်ဖြစ်၍ ဝမ်းသာသွားပါသည်။ ထောင်မှူးကြီးက–

“လိုင်စင်မဲ့လက်နက် ကိုင်ဆောင်မှု အပြစ်ဒဏ် လေးလကတော့ မသေချာဘူးကွ။ ရာဇသတ်ကြီးပုဒ်မ ၃၉၉ အရ ထောင်ဒဏ် သုံးနှစ်ကတော့ ကိုးဆယ်ရာခိုင်နှုန်းနိုင်ဖို့ သေချာတယ်။ ဒါပေမယ့် စောဒကတက်တယ်ဆိုတာက အယူခံတာထက် ပိုကြာတယ်”ဟု ကျွန်တော် သဘောပေါက်အောင် ပြောပြပါသည်။ ထောင်မှူးကြီးသည် ကျွန်တော့်ကို ခင်မင်မှုရှိသကဲ့သို့ ယုံကြည်မှုလည်းရှိပါသည်။ ပြာတာဦးကြင်မောင် ကိုင်တွယ်ရသော ရိက္ခာဂိုဒေါင်သော့ကို ကျွန်တော့်အား ကိုင်တွယ်ရန် လွှဲအပ်ပါသည်။ တစ်နေ့ နှစ်ကြိမ် ရိက္ခာများ ထုတ်ပေးရသည်။ ထုတ်ပေးသည့်ရိက္ခာအရေအတွက် စာရင်းကို နေ့စဉ်တင်ပြရသည်။ နောက်မှ ကျွန်တော်သိရသည်မှာ “ဦးကြင်မောင်သည် ထုတ်ပေးသည့် ရိက္ခာများထဲမှ သူ့အိမ်အတွက် ထုတ်နုတ်ယူသည်” ဟူသော သတင်းကြားသိရပါသည်။

ထောင်မှူးကြီးသည် အလုပ်တာဝန်နှင့် ပတ်သက်လျှင် အလွန်စေ့စပ်သေချာပါသည်။ တစ်နေ့တွင် အရေးပိုင်ရုံးမှ စာတစ်စောင် ရောက်ရှိလာပါသည်။ ကိစ္စမှာ ကျွန်းညိုရွာ ဘုန်းကြီးကျောင်း၌ အမိ. ကာမရှိ စုပုံထားသော စပါးများကို အလျင်အမြန် သယ်ယူရန်ဖြစ်ပါသည်။ ထိုကိစ္စအတွက် ဦးမောင်မောင်တင်က ဦးစောပေါကို တာဝန်ပေးပါသည်။ ကျွန်းညိုရွာသည် ကျွန်တော်တို့ ရွာတော ထနောင်းကုန်းရွာနှင့်နီးသဖြင့် ဦးစောပေါက ကျွန်တော့်ကို လိုက်ခဲ့ရန် ခေါ်ပါသည်။ ထောင်မှူးကြီးကလည်း လိုက်ပါသွားရန် ပြောပါသည်။ ‘ရေငတ်သူ ရေတွင်းထဲကျ’ သကဲ့သို့ ဖြစ်သွားသည်။ ဦးစောပေါ ခွင့်ပြုလျှင် ရွာတောရွာသို့ပြန်ပြီး မအေးမိနှင့် တွေ့ဆုံခွင့်ရရှိနိုင်၍ ဖြစ်ပါသည်။



နောက်နေ့တွင် ဦးစောပေါနှင့် ကျွန်တော်သည် ရွှေချောင်းရွာ၌ ရုံးစိုက်သော မြို့အုပ်ရုံးသို့သွား၍ စပါးသယ်ယူရေးအတွက် လှေနှင့်လူများကို ဆင့်ဆိုပေးရန် စာဖြင့် တောင်းခံရပါသည်။ မြို့အုပ်မှာ ပခုက္ကူမြို့သား ‘ဦးဘဝင်’ ဖြစ်ပါသည်။ ဦးဘဝင်သည် အသားညိုညို အလုံးအရပ်ပုပြတ်ပြတ် သေးသေးဖြစ်သော်လည်း အလုပ်စည်းကမ်းကြီးသည်။ အလုပ်လုပ်သည်ဟု ဆိုရမည်ကြီးပါသည်။ (အင်္ဂလိပ်အစိုးရ တက်လာသောအခါ ဦးဘဝင်သည် နယ်ပိုင်ဝန်ထောက် ဖြစ်လာသည်။ ထို့နောက် အရေးပိုင်၊ ထို့နောက် အတွင်းဝန်ရာထူးများကို တိုးမြှင့်ထမ်းဆောင်သွားရပါသည်။ ယခု နိုင်ငံတော် ဗဟိုတရားရုံး တရားသူကြီးအဖွဲ့ဝင် ဦးကျော်ဝင်း၏ဖခင်ဖြစ်ပါသည်။) ဦးဘဝင်သည် လွယ်လွယ်ကူကူပင် ချောစာ သုံးစောင်ကို တံဆိပ်ရိုက် လက်မှတ်ထိုးပေးလိုက်ပါသည်။

ချောစာများမှာ ကုက္ကိုလှသူကြီး ဦးဘဖုံ၊ မြင်းကျွန်းရွာသူကြီး ဦးစန်းအောင်နှင့် ကျွန်းညိုရွာသူကြီး ဦးမောင်ကြီးတို့ထံ ပေးပို့ရန်ဖြစ်ပါသည်။ မြို့အုပ်ရုံးမှာ ဦးဘဝင်တို့မိသားစု နေထိုင်သောအိမ်မှာပင် ပြုလုပ်ထားဟန် ရှိပါသည်။ ရုံးတွင် ဦးဘဝင်၏ ဇနီးနှင့် သမီးပျိုကလေးတစ်ဦးကို တွေ့ခဲ့ရပါသည်။ ဆယ့်ငါးနှစ်အရွယ်ခန့် ရှိမည်ထင်သည်။ မျက်လုံးမျက်ခုံး ကောင်းသည်။ နှာတံပေါ်ကလေးနှင့် နားသံသီးဆွဲထားသဖြင့် ကုလားကပြားမကလေးနှင့် တူသယောင်ယောင် ရှိပါသည်။ သို့သော် မိဘနှစ်ပါးစလုံးပင် မြန်မာလူမျိုးများ ဖြစ်ကြပါသည်။ ၎င်းအမျိုးသမီးကလေးသည် ပခုက္ကူမြို့သား ကိုကျော်အောင်နှင့် အိမ်ထောင်ကျပါသည်။ ကိုကျော်အောင်မှာ ယခုအခါ စာရေးဆရာကြီး ‘ကျော်အောင်’ ဖြစ်ပါသည်။

“မြို့အုပ်ကြီးသမီးကလေးက အတော်ကို ချောတာလှတာပဲ”ဟု ပြောမိသည်။ ဦးစောပေါသည် အချောအလှကို ကြိုက်နှစ်သက်ဟန် ရှိပါသည်။ သူ့ဇနီး ဒေါ်သန်းမေမှာလည်း ချောမောလှပသူပင် ဖြစ်သည်။

ကျွန်းညိုရွာသို့ ကျွန်တော်တို့ ခြေကျင်ထွက်လာကြရာ မြို့တွင်း ရောက်လာသောအခါ မြို့မှာ လူသွားလူလာ မရှိသလောက် ခြောက်သွေ့နေပါသည်။ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်များလည်း ပိတ်ထားကြပါ။

www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်လေယာဉ်ပျံကြီးများ၏ အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက်ခြင်းကို ခံရသဖြင့် တိုက်တာ အဆောက်အအုံများနှင့် အိမ်များမှာ ပျက်စီးယိုယွင်းပြီး မြို့ပျက်ကြီးလိုဖြစ်ရှိနေသည်။ လူများမှာလည်း နီးစပ်ရာ ကျေးရွာများသို့ ထွက်ပြေး ခိုအောင်းနေကြရသည်။

ကုက္ကိုလှရွာသို့ ရောက်သောအခါ သူကြီးဦးဘခံ့အိမ်ဝင်ရောက်၍ မြို့အုပ်ရုံးမှ ယူဆောင်လာသောစာကို ပေးအပ်လိုက်သည်။ သူကြီးဦးဘခံ့မှာ အသားညို ပြီး လူလုံးလူဖန် ခပ်ကုတ်ကုတ်ဖြစ်သည်။ ဘူးသီးကြော်၊ ဘယာကြော်နှင့် ရေနွေးကြမ်းများဖြင့် တည်ခင်း ဧည့်ခံသဖြင့် ပူပူနွေးနွေးစားရ၍ ကောင်းလှ ပါသည်။ အချိန်မှာလည်း နေ့လယ် နှစ်နာရီခန့်ရှိပြီဖြစ်၍ ဆာလောင်နေသည့် အချိန် ဖြစ်ပါသည်။

ကုက္ကိုလှရွာမှ ထွက်လာကြသောအခါ ကြပ်တန်းကုန်း၊ ကျွန်းဦး ကျွန်းညိုရွာများသို့ ရောက်ရှိလာပါသည်။ ၎င်းရွာများသည် ဧရာဝတီမြစ် ရေဝင်ခြင်းကြောင့် နုန်းမြေများ ပို့သဖြင့် မြန်မာဆေးရွက်ကြီးများ၊ ရေ... များ၊ မြေပဲများ၊ ပြောင်းဖူးပင်များ၊ ခရမ်းချိုသီး၊ ခရမ်းချဉ်သီးများနှင့် ဘူးသီး၊ ပဲသီး စသော သီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရှိ ရပါသည်။ ဖေဖော်ဝါရီလဆန်းစဖြစ်၍ ဆောင်းလက်ကျန် နှင်းများ ပက်ဖျန်း ထားသဖြင့် လန်းဆန်းရွှန်းမြနေပါသည်။

"သီးနှံတွေ၊ ဟင်းသီးဟင်းရွက်တွေလည်း ဖြစ်ထွန်းအောင်မြင်တယ် ရွာတွေကလည်း သာသာယာယာနှင့် နေဖို့ကောင်းတဲ့ဒေသပဲ"ဟု ဦးစော... က မှတ်ချက်ပြုပါသည်။

ကျွန်းညိုရွာသို့ ရောက်သောအခါ သူကြီးဦးမောင်ကြီးအိမ်၌ တည်းခို ပါသည်။ မြို့အုပ်ရုံးမှ ပေးလိုက်သော မြင်းကျွန်းရွာသူကြီးစာနှင့် ဦးမောင်ကြီး ထံ ပေးစာနှစ်စောင်ကို ပေးအပ်လိုက်ပါသည်။ သူကြီးဦးမောင်ကြီးသည် ဥပဓိရုပ် ခန့်ညားပြီး အသားလည်းဖြူသည်။ အရပ်အမောင်း ဒေါင်... သည်။ ပခုက္ကူမြို့ အနောက်ဘက် နယ်မြေတွင် အရှိန်အဝါ အာဏာရှိသော... ဖြစ်သည်။ အစိုးရထံမှ နာမည်ကောင်း ဆုတံဆိပ်အဖြစ် နှစ်လုံးပြူးသေ... တစ်လက် ရရှိထားသူဖြစ်၍ ကျွန်းညိုရွာကို လူဆိုးလူခိုးများ မကပ်ရဲကြ...

ညစာထမင်းကို သူကြီးဦးမောင်ကြီးသမီး မခင်သိန်းက ချက်ပြုတ်... သည်။ မခင်သိန်းမှာ အသက်သုံးဆယ်အရွယ်၊ သားတစ်ယောက်မိခင် မုဆိုး...



...လည်း သူ၏ ရုပ်လက္ခဏာမှာ အပျိုစင်ဟုထင်ရလောက်အောင် ရုပ်ရည် ...မောလှပသူဖြစ်သည်။ အသက်အရွယ်နှင့် လျော်ညီစွာ သူ၏အလှမှာ ...တည်ငြိမ်ငြိမ် ဣန္ဒြေရှိသောအလှမျိုးပင်။ ထမင်းစားပြီး ရွာပြန်လိုကြောင်း ...စာပေါ်ကို မရဲတရဲဖြင့် ခွင့်တောင်းရာ ခွင့်ပြုသဖြင့် ဝမ်းသာသွားပါသည်။ ...န်းညိုရွာနှင့် ရှားတောရွာသည် နှစ်မိုင်ခန့်ပဲ ဝေးကွာပါသည်။ အချိန်မှာ ...နေလေးနာရီခွဲခန့် ရှိပါပြီ။ ကျွန်တော်သည် ရှားတောရွာသို့ ထွက်ခွာလာ ...ပါသည်။

ကျွန်တော်၏ခြေလှမ်းများသည် မအေးမိနှင့်တွေ့ဆုံရမည်ဖြစ်၍ ...လက် တက်ကြွနေပါသည်။ လမ်းတွင် တွေ့ဆုံ၍ နှုတ်ဆက်ကြသူများ ...င် အချိန်ကုန်ခံပြီး စကားမပြောနိုင်ခဲ့ပါ။ မအေးမိတို့ဝိုင်းထဲဝင်လိုက်သည်နှင့် ...ပြိုင်နက် မအေးမိ၏မျက်နှာကို မြင်လိုက်ရသဖြင့် စိတ်ချမ်းမြေ့ ပျော်ရွှင် ...ပါသည်။ မအေးမိမှာ ကျွန်တော့်ကိုကြည့်ပြီး မင်တက်မိသလိုဖြစ်နေသဖြင့် ...ဆက်နိုင်ဘဲ ဖြစ်နေပါသည်။

ခဏကြာမှ 'ကိုအုံးဖေ'ဟုခေါ်ပြီး အပြေးကလေးဖြင့် ပြေးလာပါသည်။ ...တွင် ယောက္ခမ ဒေါ်အုန်းမယ်မှတစ်ပါး အခြား မည်သူမျှမရှိကြသဖြင့် ...အေးမိကို ဆီးကြို ပွေ့ဖက်ထားလိုက်ပါသည်။ မအေးမိသည် ကျွန်တော် ...ဖက်ထားသည်ကို နှစ်ခြိုက်၍လား။ ဝမ်းသာလွန်း၍လားမသိ။ သူ၏ပါးပြင် ...သို့ မျက်ရည်များ စီးကျလာပါသည်။

"ကိုအုံးဖေ၊ ဘယ်လိုပြန်လာတာလဲ။ ထောင်က ထွက်ပြေးလာတာလား"

ဟု စိုးရိမ်တကြီး မေးမြန်းပါသည်။

"ကျွန်းညိုရွာက စပါးတွေသယ်ယူရအောင်လာတာ။ ထောင်မှူးပါ ..."

"အခု ထောင်မှူးက ဘယ်မှာလဲ"

"ကျွန်းညိုရွာသူကြီးအိမ်မှာ နေရစ်တယ်"

"ကိုအုံးဖေနှင့် မမျှော်လင့်ဘဲတွေ့ရလို့ ကျွန်မတော့ သိပ်ဝမ်းသာတာ ...ထိသွားရအောင်"ဟုပြောပြီး ကျွန်တော့်လက်ကို ဆွဲခေါ်သွားပါသည်။ အိမ်အောက်ရှိ ခုတင်ပေါ်ထိုင်ရင်း မအေးမိဗိုက်ကို ...ကြည့် ...သည်။ ဗိုက်မှာ အတော်ပင် ပူထွက်နေပါပြီ။ ယောက္ခမ ဒေါ်အုန်းမယ်

www.burmeseclassic.com



သည် ကျွန်တော်တို့ လွတ်လပ်စွာ နေခွင့်၊ စကားပြောခွင့်ရရှိစေလိုသော သဘောဖြင့် မြင်းဇောင်းသွားပြီး မြင်းများကို မြေဇာမြက်များ ကျွေးနေ သည်။

ဘခွေးသွယ်က မြင်းဇောင်းထဲတွင် မြင်းချေးများ သန့်ရှင်းနေသကဲ့သို့ ကျွန်တော်မသိသော သူရင်းငှားတစ်ဦးကလည်း နွားစာစဉ်းနေပါသည်။ သာ ဖြစ်သူ ဦးမြသင်းမှာလည်း အစ်ကိုဦးစံမင်း နေမကောင်း၍ ရွှေပေးရွာသွား သဖြင့် ကျွန်တော်နှင့် မအေးမိနှစ်ဦးတည်း ဖြစ်ပါသည်။ ကျွန်တော်က မအေးမိဗိုက်ကိုကြည့်ပြီး-

"သားကလေးမွေးရင်တော့ ကောင်းမှာပဲ"ဟု ပြောရာ မအေးမိက-

"သမီးလေးပဲ လိုချင်တယ်"ဟု ပြန်ပြောပါသည်။

"သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့တဲ့။ သားက အားကိုးရတယ်"ဟု ပြောသောအခါ မအေးမိက-

"ကိုအုံးဖေလို လူပေလူတေ အရက်သမား ဖဲသမားဖြစ်နေလျှင် မခက်ဘူးလား"ဟု ကျွန်တော့်ကို သာကေပြ၍ သားမလိုချင်ကြောင်းပြော သည်။ ထိုအခိုက် ဒေါ်အုန်းမယ် ရောက်ရှိလာသဖြင့် စကားကြောပြတ်သွား ကြပါသည်။

"အေးမိ၊ အုံးဖေကို ထမင်းရှုးကျွေးပါလား"ဟု ဒေါ်အုန်းမယ်က ပြောရာ ကျွန်တော်က ကျွန်းညိုသူကြီးအိမ်မှ ထမင်းစားပြီးခဲ့ပြီဖြစ်ကြောင်း ပြန်လည်ပြောလိုက်ပါသည်။ မီးခွက်ထွန်းချိန်တွင် ဦးမြသင်း ရွှေပေးရွာ ပြန်လာပါသည်။ ဒေါ်အုန်းမယ်က "စံမင်း နေကောင်းပြီလား"ဟုမေးရာ-

"နေကောင်းသွားပြီ"ဟု ပြောပါသည်။

ဦးမြသင်းသည် ကျွန်တော့်ကိုတွေ့၍ အံ့အားသင့်နေဟန် ရှိပါသည်။ မအေးမိက ထောင်သားတွေအတွက် ကျွန်းညိုရွာမှ စပါးများကို သယ်ယူရန် လာရောက်ခြင်းဖြစ်ကြောင်း သူ့အစ်ကိုကို ပြောပြပါသည်။ အိပ်ချိန်ရောက် သောအခါ မအေးမိက တိုးညင်းသောလေသံဖြင့် ကျွန်တော်အိပ်ရန်အတွက် အိမ်ဝေါ်၌ ခင်းကျင်းထားကြောင်း၊ သူကမူ သူ့အမေနှင့်အတူ အိမ်အောက်၌ ပင် အိပ်မည်ဖြစ်ကြောင်း ပြောပါသည်။ ကျွန်တော် အံ့အားသင့်သွားပါသည်။

"ဘယ်လိုကြောင့် ငါနှင့် အတူမအိပ်ချင်တာလဲ"ဟုမေးရာ ကိုယ်ဝန် ရှိနေ၍ အတူမအိပ်လိုကြောင်း ပြောပါသည်။ ကျွန်တော်က မအေးမိသဘော



တူလျှင် ဘာမျှပြုလုပ်မည်မဟုတ်ကြောင်း ကတိပေးသော်လည်း ယုံကြည်မှု ရှိဟန် မတူပါ။

"တစ်ချိန်က ဖဲမရိုက်တော့ပါဘူးလို့ ကတိပေးပြီးမှ ဖဲရိုက်တဲ့အဖြစ် မျိုးလိုတော့ အဖြစ်မခံနိုင်ဘူးနော်" ဟု ပြောပါသည်။ ကျွန်တော်က "စိတ်ချ ပါ"ဟုပြောမှ မအေးမိ ကျေနပ်သွားဟန် ရှိပါသည်။

မအေးမိ၏ အသိစိတ်ဓာတ်နှင့် သန္ဓေသားအပေါ် ထားရှိသော မိခင် လောင်းတစ်ဦး၏ မေတ္တာစေတနာကို ကျွန်တော် တန်ဖိုးထား လေးစားခဲ့ပါ သည်။ မအေးမိက ပြောပြသည်မှာ သူသည် ကျွန်တော့်ကိုလွမ်း၍ ပြေဆေး အဖြစ် ကျောင်းအုပ်ဆရာကြီး ဆရာပိုက်ထံမှ စာအုပ်များကို ငှားရမ်းဖတ်ရှု ကြောင်း၊ သန္ဓေသား စောင့်ထိန်းခြင်းနှင့် ပတ်သက်ပြီး တိရစ္ဆာန်များသည် အားသန္ဓေရှိပြီဟုသိလျှင် မည်သည့်ဖိုသတ္တဝါကိုမျှ အနားကပ်မခံကြောင်း၊ အသိပညာရှိပါသည်ဆိုသော လူများမှာမူ တိရစ္ဆာန်များကဲ့သို့ စောင့်ထိန်းခြင်း မရှိကြောင်း၊ စာအုပ်တစ်အုပ်တွင် ဖတ်ရှုခဲ့ရကြောင်း ပြောပြပါသည်။ ညဉ့်နက်သန်းခေါင်ယံ ကြက်တွန်သည့်တိုင်အောင် ကျွန်တော်တို့မှာ စကားပြော၍ အားမရနိုင်ဘဲ ရှိနေပါသည်။

"စောဒကတက်မယ်ဆိုတာ ဘာလဲ"ဟု မအေးမိက ကျွန်တော့်ကို မေးပါသည်။ "အယူခံရှုံးတာ မကျေနပ်လို့ နောက်ထပ်စာတင်တာကို စောဒက တက်တယ်လို့ ခေါ်တယ်"ဟု ရှင်းပြရသည်။

"စောဒက တက်ပြီးပြီလား"

"တက်ပြီးပြီ"ဟု ပြောသောအခါ မအေးမိက-

"စောဒကနိုင်ရင်တော့ သားအမိသားအဖတစ်တွေ ပျော်ပျော်ရွှင်ရွှင် နေရဦးမှာပဲနော်"ဟု ပြောပါသည်။ မအေးမိပြောသည်ကို သဘောကျ၍ အနံ့ပါးလိမ်းခြယ်ထားသော ပါးပြင်ကလေးကို မွှေးမွှေးပေးလိုက်ပါသည်။

"ဒါပဲနော် ဒီထက်မကဲနှင့်"ဟု မအေးမိက သတိပေးပါသည်။

နံနက် ငါးနာရီအချိန်ခန့်တွင် မအေးမိ နူးခပ်ကျွေးသော ထမင်းပူပူ နှင့် ဒိုးငါးပိကောင်တစ်ပိုင်းကိုစားပြီး-

"သွားတော့မယ်"ဟု နှုတ်ဆက်လိုက်ပါသည်။ မအေးမိက-

"ညစာထမင်းချက်ထားမယ်။ စောစောလာခဲ့ပါ"ဟု မှာလိုက်ပါသည်။

www.burmeseclassic.com

ကျွန်တော် သူကြီးအိမ်ရောက်သောအခါ ဦးစောပေါ်မှာ အိပ်ရာ ထခါစရှိပါသေးသည်။ ဦးစောပေါ်က–

"မောင်အုံးဖေတော့ အပျော်ကြီး ပျော်ခဲ့မှာပဲနော်"ဟု မျက်နှာ သဘောကြီးစွာ ပြောပါသည်။

"ပျော်ပါတယ်ဆရာ၊ ဆရာ့ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်မိန်း မအေးမိကလည်း ဆရာ့ကို ခေါ်ခဲ့ပါလို့ မှာလိုက်ပါသေးတယ်"

"ငါကူညီနိုင်တာကို ကူညီခွင့်ရလို့ ဝမ်းသာပါတယ်ကွာ"ဟု ပြော သည်။

ဦးစောပေါ်သည် ခရစ်ယာန်ဘာသာဝင်ဖြစ်သည်နှင့်အညီ မည်သူ့ကို မဆို မေတ္တာ၊ စေတနာဖြင့် အကူအညီပေးသူ ဖြစ်ပါသည်။

နံနက် ကိုးနာရီအချိန်ခန့်တွင် ကုက္ကိုလှရွာမှ လှေတစ်စင်းနှင့် မြင် ကျွန်းရွာမှ လှေတစ်စင်း၊ ပေါင်း လှေနှစ်စင်း ရောက်ရှိလာပါသည်။ လှေ များမှာ ဆန်အိတ်တစ်ရာကျော်ပါ လှေများဖြစ်ကြသည်။ (ဆန်တစ်အိတ် သုံးတင်း၊ သုံးပြည် ထည့်ကြပါသည်။)

ကျွန်းညိုရွာမှ အမျိုးသမီးများက စပါးများကို တောင်းဖြင့်ရွက်၍ လှေပေါ်တင်ပေးကြပါသည်။ ဆူဆူညံညံနှင့် ပျော်စရာပင် ကောင်းလှပါသည်။ ဦးစောပေါ်နှင့် ကျွန်တော်က အလေအလွင့်၊ အဖိတ်အစင်၊ အပျောက်အရှ မရှိ စေရန် ကြည့်ရှုထိန်းသိမ်းရပါသည်။ ထိုအခိုက်–

"အုံးဖေ"ဟု ခေါ်သံကြား၍ ကြည့်လိုက်ရာ အမေခေါ်ကြက်ရုံး ကို တွေ့ရ၍ ဝမ်းသာသွားပါသည်။ (ကျွန်တော်တို့ဒေသတွင် 'အမေ'ကို 'အမိ' ဟု ခေါ်ကြပါသည်။ သို့သော် အများနားလည်စေရန် 'အမေ'ဟု ဖော်ပြခြင်း ဖြစ်ပါသည်။)

"အုံးဖေ အမေ့ကို သတိရသေးရဲ့လား"

"ရပါတယ်အမေ"

"ရှင်လည်းကွယ် မနေ့ညက မိန်းမအိမ်တော့ တစ်ညလုံးနေတယ် အမေ့အိမ်တော့ တစ်ခဏတောင် မလာပါလား။ အမေ့မျက်နှာထက် မိန်းမမျက်နှာက ကြီးတာကိုး"ဟု ပြောပါသည်။

အနီးရှိလူများက ရယ်ကြပါသည်။ ပြောလည်းပြောထိုက်ပါသည်။ အမေနေသော ထနောင်းကုန်းရွာနှင့် ရှားတောရွာသည် လှည်းတစ်ခွင်စာ



ခြားပါသည်။ မအေးမိတို့အိမ်နှင့်ဆိုလျှင် တစ်ခေါ်ခန့်ပဲဝေးပါသည်။ အမှန်ကို ပြောရလျှင် အမေ့အိမ်ကို မရောက်ခြင်းမှာ မအေးမိကို ချစ်ခင်တွယ်တာမှုကြောင့် ဖြစ်ပါသည်။

"မနက်က အေးမိပြောမှ မင်းလာတယ်ဆိုတာ သိရတယ်။ အမေဆို တော့ မနေနိုင်ဘူးပေါ့။ သားကို တွေ့ချင်မြင်ချင်လို့လာရတာပဲ"ဟု ပြောပါသည်။ မှန်ပါသည်။ မိဘ၏မေတ္တာစေတနာနှင့် သားသမီး၏ မေတ္တာစေတနာမှာ ဆီနှင့် ရေပမာ ကွာခြားလှပါသည်။ နှိုင်းယှဉ်တင်ပြခြင်းပင် မပြုစကောင်းပါ။ အမေ ကျေနပ်မှုရှိစေရန် 'ညနေလာခဲ့ပါမည်'ဟု ကတိပေးလိုက်ပါသည်။ လုပ်ငန်းပြီး၍ ဦးစောပေါ်ကို ခွင့်တောင်းကာ ရှားတောရွာသို့ ထွက်ခွာလာခဲ့ပါ သည်။

မအေးမိတို့အိမ်တွင် ကုလားနှင့် အောင်စိန်တို့က ကျွန်တော့်ကိုနှုတ်ဆက် ရန် ရောက်ရှိနေကြပါသည်။ ဆင်းရဲဒုက္ခကို အတူတကွ ဝေမျှခံစားခဲ့ရသော အပေါင်းအသင်းများနှင့် တွေ့ရ၍ ဝမ်းသာနေပါသည်။

ရှေ့ဖြစ်နောက်ကြောင်းများကို ပြောပြီး 'တဟီးဟီး တဟားဟား' ရယ်ကြရသည်မှာ အရသာရှိလှပါသည်။ မအေးမိက ထမင်းပွဲပြင်ပြီး ကျွန်တော် တို့သုံးဦးကို ကျွေးပါသည်။ ဟင်းတွေက စုံလင်ပါသည်။

"အဲဒီငါးကြော်တွေက ကိုကုလားကပေးတာ။ ကိုအောင်စိန်က နှမ်းမဲ့တွေ ယူလာတယ်။ ထမင်းစားပြီးမှကျွေးမယ်"ဟု ပြောပါသည်။

ကျွန်တော်က မအေးမိကို အတူစားရန် ခေါ်သော်လည်းချည်သည်များ ရှိနေ၍ စားလိုဟန်မရှိပါ။ နောက်မှ အမေတို့နှင့်အတူစားမည်ဟု ပြောပါ သည်။ ထမင်းစားပြီး ကုလားနှင့် အောင်စိန်က ကျွန်တော်တို့ကို နှုတ်ဆက်ကာ ပြန်သွားကြပါသည်။ ညခြောက်နာရီအချိန်ခန့်တွင် ကျွန်တော်နှင့် မအေးမိတို့ အမေရုံးအိမ်သို့ ထွက်လာခဲ့ကြပါသည်။

ကျွန်တော်က အမေရုံး ကျွန်းညိုရွာသို့ လာသည့်အကြောင်း ပြော သောအခါ မအေးမိက 'တခွိခွိ' ရယ်ပါသည်။

"အမေရုံးက ကိုအုံးဖေကို မကျေမနပ်ဖြစ်နေတာကြာပြီ။ ထောင်ကို တွေချလို့ လူတွေသေတုန်းက အမေရုံးနှင့် ကျွန်မ ထောင်ဝင်တာလာတွေ့ ကြသေး မဟုတ်လား။ အဲဒီတုန်းက ကိုအုံးဖေက ကျွန်မနှင့်သာ စကားပြောပြီး အမေရုံးကို နှုတ်တောင်မဆက်လိုက်ဘူးမဟုတ်လား။ ဒါကို မကျေနပ်လို့

www.burmeseclassic.com



အပြန်ကျတော့ အမေရုံးက ညည်းယောက်ျားကို မွေးရတာ ငါ့မှာ ဗိုက်နာတာနှင့် မီးထိုးဆင်းရဲရတာပဲ အဖတ်တင်တယ်လို့ ပြောတယ်"

"အမေပြောတာ မှန်ပါတယ်။ ထောင်ကလွတ်ရင်တော့ အမေ့ကို လုပ်ကိုင်ကျွေးရဦးမယ်"

"ဖဲရိုက်ပြီး ကျွေးမှာလား"

"မဟုတ်ပါဘူးဟာ။ ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်ကျွေးမှာပါ"

"ကျွေးပါတော် ကျွေးပါ။ ကျွန်မ အမေရုံးကို ချစ်လည်းချစ်တယ်။ သနားလည်း သနားပါတယ်"ဟု မအေးမိက ပြောပါသည်။

ကျွန်တော်တို့ အမေ့အိမ်ရောက်သောအခါ အမေနှင့်အတူ မပန်းမြိုင်၊ မပန်းလှိုင်၊ ကိုတိုး (မပန်းလှိုင်၏ခင်ပွန်း)၊ ကိုလှဖေနှင့် ကိုအေးတို့ရှိကြပါသည်။ အမေက ပဲနီရော်ကိုပြုတ်ပြီး ကြက်သွန်နီဆီဆမ်းနှင့် ရေနွေးကြမ်း တိုက်ပါသည်။ (ပဲနီရော်ဆိုသည်မှာ မရင့်သေးသော မခြောက်သေးသော ပဲနီပြား) စား၍ ကောင်းသည်။ မွေးချင်းတစ်စု ဝိုင်းဖွဲ့ပြီးစားရ၊ စကားပြောရသည်မှာ ပျော်စရာကောင်းလှပါသည်။

အိမ်အပြန်တွင် ကျွန်တော်နှင့် မအေးမိက အမေ့ကို ဝပ်ချကန်တော့ကြပါသည်။ အမေက 'အချုပ်အနှောင်မှ အလျင်အမြန် လွတ်ပါစေ'ဟု ဆုပေးပါသည်။

၀ ၀ ၀

## မြင်းကို 'ချိ'တစ်ပေးလိုက်တော့

ဂျားတောရွာနှင့် ထနောင်းကုန်းရွာသည် တောင်မြောက်တန်းလျက် ... ရွာတန်းရှည်ကြီးဖြစ်ပါသည်။ ရွာခေါင်းရင်း လှည်းလမ်းမှ နှစ်ဦးသား ...င်းတွဲပြီး ပြန်လာခဲ့ကြသည်။ လမင်းမှာ ထိန်ထိန်သာလျက်ရှိသဖြင့် ...ကန်နှာ တစ်ဦးကြည့်ပြီး လမ်းလျှောက်လာရသည်မှာ အရသာရှိလှပါ... မအေးမိတို့အိမ်ဝိုင်း တံခါးပေါက်ရောက်သောအခါ ကျွန်တော်သည် ...'ကို သတိရပြီး စိတ်မကောင်းဖြစ်သွားပါသည်။

တစ်ခါက ဘီယာကို သံကြိုးချည်ထားခဲ့ပြီး မအေးမိနှင့်အတူ ...မေ့အိမ် ...ခဲ့ဖူးသည်။ ကျွန်တော်တို့ပြန်လာသောအခါ ဘီယာသည် ကျွန်တော့်ကို ...တ်ဆက်ခွင့်မရသည့်အတွက် ဒေါမာန်ပွားပြီး ဆူပူရန်းကန်နေပါသည်။

www.burmeseclassic.com



သံကြိုးဖြေပေးလိုက်သောအခါ ကျွန်တော်၏ ပါးများနားများလျက်ပြီး အမြီးတရမ်းရမ်းနှင့် မြူးရွှင်နေသည်ကို စိတ်အာရုံတွင် မြင်နေသဖြင့် ဘီယာကို သတိရကြောင်း ပြောသောအခါ မအေးမိက–

"ဘီယာအကြောင်းပြောရရင် ကိုအုံးဖေ စိတ်မကောင်းဖြစ်မှာပဲ။ အာမခံရက်ကုန်လို့ ကိုအုံးဖေ ထောင်ပြန်သွားတော့ ဘီယာဟာ ညှိုးနွမ်းပြီး အိပ်နေတော့တာပဲ။ အိမ်ထဲဝင်လာတဲ့ခြေသံကြားရင် ခေါင်းထောင်ကြည့်တယ်။ ကိုအုံးဖေမဟုတ်မှန်းလည်းသိရော အိပ်မြဲအိပ်တော့တာပဲ။ အစာလည်း အရင်ကလို မစားတော့ဘူး။ နောက်ဆုံးတော့ ဘီယာဟာ ကိုအုံးဖေကို လွမ်းတဲ့စိတ်နှင့် သေသွားတာပဲလို့ ကျွန်မတော့ ထင်တာပဲ"

"ငါ ရန်ကုန်မှာ မြင်းဆိုက်လုပ်နေတုန်းက ဝွတ္တလစ်လမ်းပေါ်မှာတွေ့လို့ ကောက်ယူပြီး ကျွေးမွေးပြုစုခဲ့တာ။ ခွေးကလေးက တစ်နေ့တခြား ဝပြီး လှလာတယ်။ ချစ်စရာကောင်းလာတယ်။ အမွှေးအမျှင်ကလည်း ဘီယာအရောင်နှင့် တူတာနဲ့ 'ဘီယာ'လို့ မှည့်ခဲ့တာ။ ဘကြီးက ငါ့ကို သဘောမကျလို့ အလုပ်ကနှင်ထုတ်လိုက်တော့ ဘီယာနှင့်ငါကွဲကွာလာတာဟာခြောက်နှစ်ကျော် ခုနစ်နှစ်ခန့် ကြာခဲ့ပြီ။ ဒါပေမယ့် ဘီယာဟာ ငါ့ကိုမမေ့ဘူး။ ငါနှင့်တွေ့တယ်ဆို သူ့မှာ အမြီးတရမ်းရမ်းနှင့် မြူးရွှင်နေတာပဲ။ တိရစ္ဆာန်တွေထဲမှာ ခွေးဟာ သခင်အပေါ် သစ္စာအရှိဆုံးနှင့် ကျေးဇူးအသိတတ်ဆုံးပဲ။ ဒါကြောင့် တချို့က ခွေးလောက်တောင် ကျေးဇူးမသိတတ်ဘူးတို့ ပုံခိုင်းကြတာပေါ့"

မနက်ဖြန် ထောင်သို့ပြန်ရတော့မည်ဖြစ်သဖြင့် နှစ်ဦးသားစကားပြော၍ မပြီးနိုင်ဘဲ ရှိနေပါသည်။ ချစ်သူနှင့် စကားပြောရသည်မှာ အချိန်ကုန်၍ ကုန်မှန်းမသိပါ။ သန်းခေါင်ယံအချိန် ရောက်ခါနီးမှ အိပ်ပျော်သွားသည်ဟု ထင်ပါသည်။

နံနက်စောစောမှာပင် မအေးမိက ရေနွေးကြမ်းနှင့် နှမ်းမနဲ ကျွေးပါသည်။ "သွားတော့မည်"ဟု နှုတ်ဆက်သောအခါ မအေးမိက–

"စောဒကနိုင်ရင်တော့ အခုလို ခွဲခွာရတော့မှာ မဟုတ်ဘူးနော်"ဟု ဝမ်းနည်းကြေကွဲသည့်အသံမျိုးနှင့်ပြောသဖြင့် ကျွန်တော် စိတ်မကောင်းဖြစ် သွားပါသည်။

"အားမငယ်ပါနဲ့ဟာ။ စောဒကနိုင်ဖို့ ကိုးဆယ်ရာခိုင်နှုန်း သေချာ တယ်လို့ ထောင်မှူးကြီးဦးမောင်မောင်တင်ကပြောကြောင်း" ကျွန်တော်က ပြောသောအခါ မအေးမိက–



"ဦးမောင်မောင်တင်ဆိုတာ အခုပါတဲ့ ထောင်မှူးလား"

"မဟုတ်ဘူး။ အခုပါတဲ့ထောင်မှူးက ဦးစောပေါ်တဲ့။ ကရင်အမျိုးသား သိပ်ပြီး သဘောကောင်းတာပဲ။ သူခွင့်ပေးလို့ မအေးမိနှင့်တွေ့ရတာ"

"အေးပေါ့တော်၊ ထောင်မှူးတွေ သဘောကျအောင်နေနော်"ဟု ကျွန်တော့်ကို မှာပါသည်။

ကျွန်းညိုရွာသူကြီးအိမ်သို့ ကျွန်တော်ရောက်သောအခါ နံနက်ခြောက်နာရီခန့် ဖြစ်ပါသည်။ ထောင်မှူးဦးစောပေါ်နှင့် သူကြီး ဦးမောင်ကြီးတို့ နံနက်စာ စားနေကြပါသည်။ သူကြီးက ကျွန်တော့်ကို နံနက်စာစားရန် ခေါ်ပါသည်။ ကျွန်တော်က နှမ်းမနဲတွေစားလာခဲ့ကြောင်းပြောရာ သူကြီးက ကျွန်တော့်ကို မေးပါသည်။

"မင်းက ဦးကျော်သောင်ရဲ့သမက် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျား"

"ငါလည်း မနေ့ကမှ ရွာလူကြီးတွေက ပြောလို့သိရတာကွ"

"စကားစပ်လို့ ထောင်မှူးကြီးသိအောင် ပြောရဦးမယ်။ အဲဒီဦးကျော် [illegible]သောင်က ကျွန်တော်နှင့် ရင်းနှီးခင်မင်တယ်။ သူ့မိန်းမ ဒေါ်အုန်းမယ်ဆိုတာ [illegible]လည်း ကျွန်တော်တို့ကျွန်းညိုရွာသူပဲ။ ဒေါ်အုန်းမယ်မွေးချင်း ဦးသန်း၊ [illegible]မှန်း၊ ဦးထွန်းရ၊ **ဒေါ်မယ်သ**တို့ဆိုတာ အခုထွန်းညိုရွာမှာပဲရှိကြတယ်။ [illegible]ကျော်သောင်မိဘ ဦးညိုကြီး၊ ဒေါ်ဖွားတို့က ရွာတောရွာမှာ အချမ်းသာဆုံးပဲ။ [illegible]စ်ဦးတည်းသားဖြစ်တော့ ရွာတောရွာ ပတ်ဝန်းကျင်မှာ ဦးကျော်သောင် [illegible]တွေက လက်ညှိုးထိုးမလွဲဘူး။ လူကလည်း စိတ်ကောင်းစေတနာကောင်း [illegible]တယ်။ ဒါပေမယ့် မြင်းဝါသနာပါတယ်။ နောက်တော့ တောင်သူအလုပ်ကို [illegible]ယ်ပြီး ပြိုင်မြင်းတွေဝယ်၊ ရန်ကုန်ကို ရောက်သွားတယ်။ မြင်းသမားကြီးဖြစ် [illegible]တာပေါ့ဗျာ။ မြင်းအုံနာ၊ ထရိန်နာလုပ်ရင်းနှင့် တဖြည်းဖြည်း မြေယာတွေ [illegible]ကုန်တော့တာပဲ။ ဒါကြောင့် "ဦးကျော်သောင် မြင်းဘယ်လောက် [illegible]သလဲဆိုရင် (မြေကုန်အောင်ပြေးတယ်လို့) ပြောစမှတ်ပြုကြပါတယ်"

"မြင်းဝိဇ္ဇာ ဦးဘကြားဟာ ဦးကျော်သောင်ရဲ့တပည့်ပေါ့။ ဦးကျော်သောင် [illegible]ရန်ကုန်မြင်းလောကမှာ တော်တော်နာမည်ကြီးတယ်။ ကြီးတဲ့အကြောင်းက [illegible] မြင်းပြိုင်ပွဲတစ်ပွဲမှာ ဦးကျော်သောင်က သူပိုင်မြင်း နှစ်ကောင်ထည့် [illegible]တယ်။ ပြိုင်ပွဲဝင်မြင်းတွေက ဆယ်ကောင်လောက်ရှိတယ်။ သူ့မြင်းနာမည်

www.burmeseclassic.com

www.burmeseclassic.com



တွေက (သိန်းမောက်)နှင့် (ထားဝယ်ဗိုလ်) ဖြစ်တယ်။ ပရိသတ်က သိန်းမောက်ကိုကြိုက်ပြီး ဆယ့်ခြောက်လေး တစ်လေးကနေ လောင်းလိုက်ကြတယ်။ နောက်ဆုံး တစ်လေး တစ်လေး ဆတူဖြစ်သွားတယ်။ တစ်ကျပ်လောင်းရင် တစ်ကျပ်ပဲရမယ်။ ထားဝယ်ဗိုလ်မြင်းကိုလောင်းသူ မရှိတော့ ဘွတ်ကီဒိုင်က နှစ်ဆယ်လေးတစ်လေး ပေးတယ်။ တစ်ကျပ်လောင်းရင် ငွေနှစ်ဆယ်ကျပ်ရမယ်။ အဲဒီမှာ ဦးကျော်သောင်က သူ့ရှိသမျှ ငွေတွေကို ထားဝယ်ဗိုလ်ကို ပုံအောလောင်းလိုက်တယ်။ ပြီးတော့ သိန်းမောက်ကိုစီးတဲ့ ဂျော်ကီကို မြင်းဇက်အဆွဲခိုင်းတယ်။ မြင်းပြေးနိုင်သလောက် မပြေးရဘူးပေါ့။ အဲဒီပွဲမှာ ထားဝယ်ဗိုလ်နိုင်ပြီး သိန်းမောက်ရှုံးသွားတယ်။ မြင်းကွင်းတစ်ကွင်းလုံး ငြိမ်ကျသွားတယ်။ ပရိသတ်ကြိုက် မြင်းကမနိုင်ဘဲ လူမကြိုက်တဲ့ (ဘုကောင်) မြင်းကနိုင်တာကိုး။ ဘွတ်ကီဒိုင်လည်း မလျော်နိုင်လို့ ဦးကျော်သောင်ကို နောက်နေ့မှ ငွေအကြေယူပါလို့ တောင်းပန်ရသတဲ့”

“အဲဒီအကြောင်းကို မြင်းပြိုင်ကွင်း ကြီးကြပ်အုပ်ချုပ်တဲ့ စတီးဝပ်လူကြီးတွေက သိသွားတော့ ဦးကျော်သောင်ကို မြင်းပြိုင်ကွင်းတစ်သက် မြင်းကွင်းထဲမဝင်ရဘူးလို့ ပယ်လိုက်တယ်။ အဲဒီမြင်းပြိုင်ကွင်းက ရွှေတိဂုံဘုရားတောင်ဘက်မှာရှိတဲ့ မိုင်ဒါကွင်းကြီးပေါ့။ နောက် ကျိုက္ကစံကွင်းသစ် ဖွင့်တော့မှ ဦးကျော်သောင် ဝင်ခွင့်ရပါတယ်။ ကျွန်တော် ကိစ္စတစ်ခုနှင့် ရန်ကုန်ရောက်တော့ ကုက္ကိုင်း ဇွဲကလစ်လမ်းက ဦးကျော်သောင်အိမ်မှာ နှစ်ညအိပ်ခဲ့ဖူးတယ်။ လုချင်းကလည်း ခင်မင်ရင်းနှီးတော့ သူ့အကြောင်းကို မချွင်းမချန် အကုန်ပြောတာပဲ”

“ဒုတိယကမ္ဘာစစ်မဖြစ်ခင် ဦးကျော်သောင်ရဲ့မြင်း (သောင်းအောင်)ဟာ ဘုရင်ခံဖလားပွဲ နိုင်တယ်။ တာအဝေးက တစ်မိုင်ခွဲပြေးရတယ်။ ဆုငွေ ၁၅၀၀၀ိ/-နှင့် ငွေဖလားကြီးတစ်လုံး ရရှိတယ်။ အဲဒီခေတ်ငွေက တန်ဖိုးရှိတယ်၊ အိတ်ခွံအသစ်နှင့် ဆန်သုံးတင်းသုံးပြည်တစ်အိတ်မှ ခြောက်ကျပ်လောက်ပေးရတယ်။ ဆီတစ်ပုံး သုံးကျပ်၊ သုံးကျပ်ခွဲ။ အဲဒီတုန်းက ဦးကျော်သောင်ဟာ ရှားတောရွာမှာ မြေတွေကို ရှင်ပြုတယ်။ အလှူပွဲလာတဲ့ လူတွေကို ကျွေးမွေးတာလည်း အလျှံပယ်ပါပဲ။ ပေါင်နှံထားတဲ့ မြေယာတချို့ကိုလည်း ပြန်ရွေးခဲ့တယ်။ စစ်ဖြစ်လို့ ဂျပန်တွေ တက်လာတော့ မြင်းတွေနှင့် ရှားတောရွာကို ပြန်လာခဲ့တယ်။ ဦးကျော်သောင်သေတာဟာ ခြောက်လလောက်ပဲ ရှိပါသေး



ယ်။ မသေခင်က ကျွန်တော်နှင့်တွေ့လို့ သူ့အကြောင်းပြောရာမှာ သမက်ကောင်းကြောင်း၊ အလုပ်မလုပ်ဘဲ ဖဲရိုက်၊ အရက်သောက်နေသူဖြစ်ကြောင်း၊ ထောင်ကျနေကြောင်း၊ သမီးကို ချစ်လို့မပစ်နိုင်သဖြင့် လက်ခံထားကြောင်း ပြောပါတယ်”

ထို့နောက် သူကြီးက–

“မောင်အုံးဖေကို ကြုံကြိုက်တုန်း ပြောရဦးမယ်။ လူဟာ မှားတတ်ပါယ်။ ထောင်ကလွတ်ရင်တော့ လိမ္မာပေါ့ကွာ”ဟု ဆုံးမစကား ပြောပါသည်။

ကြီးကိုနှုတ်ဆက်ပြီး ပခုက္ကူသို့ပြန်လာကြရာ ဦးစောပေါက ပြောသည်မှာ–

“မနေ့ညနေက မောင်မြကောင်းမိန်းမနှင့် မောင်ဘိုးထူးမိန်းမတို့ရောက်နှုတ်ဆက်ကြတယ်။ ကြက်ဥနှင့် ငါးကြော်တွေလည်း ပေးသွားယ်။ နှစ်ဦးစလုံး ရုပ်ရည်လှကြသူတွေချည်းပဲ။ ပြီးတော့ သူကြီးသမီးသိန်း မလှဘူးလားကွာ”ဟု မေးပါသည်။

“လှပါတယ်ဆရာ။ မခင်သိန်းအလှက သူ့အသက်အရွယ်နှင့် တည်တည်ငြိမ် ဣန္ဒြေရှိတဲ့အလှမျိုးပဲ ဆရာ”

“မင်းပြောတာဟုတ်တယ်။ မြို့အုပ်ကြီးသမီး အလှနှင့် မခင်သိန်းအလှတစ်မျိုးစီပဲ။ မြို့အုပ်ကြီးသမီးက အသက်အရွယ်ငယ်တော့ နုပျိုရွှင်လန်းမြနေတဲ့အလှမျိုး။ မခင်သိန်းက သားတစ်ယောက်မိခင် မုဆိုးမဆိုတော့က်တည်ငြိမ်တဲ့အလှမျိုးပေါ့ကွာ”

ကုက္ကိုလှရွာရောက်သောအခါ လမ်းနံဘေး ညောင်ပင်ကြီးအောက်ရှိကြော်ဆိုင်ဝင်ရောက်ပြီး ရေနွေးကြမ်းနှင့် ဘူးသီးကြော်၊ ဘယာကြော်များစားကြပါသည်။ နံနံပင်၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ချဉ်ရည်ဆမ်းနှင့်လတ်ဆတ်ဆတ် ပူပူနွေးနွေးစားရ၍ ကောင်းလှပါသည်။

ကုက္ကိုလှရွာသည် ရောဝတီမြစ်ကမ်းဘေးတွင်ရှိသဖြင့် မြစ်ရေနှင့်ကျိုထားသော ရေနွေးကြမ်းကို သောက်ရသည်မှာလည်း အရသာရှိလှပါ။ ထိုလမ်းထိုခရီးတွင် ထိုအကြော်ဖိုရောက်လျှင် စားကြ၊ နားကြစမြဲ။

ကျွန်တော်တို့ ပခုက္ကူထောင်သို့ရောက်ရှိသောအခါ ထောင်သားများသယ်ယူနေကြပါသည်။ ဦးစောပေါက လှေများပေါ်တွင် စပါး မည်မျှရှိသေးသည်ကို သိလိုကြောင်းပြောသဖြင့် သွားရောက်ကြည့်ရှုရပါသည်။ပါသည် ကျွန်တော် ရှားတောရွာ ပြန်အိပ်ကြောင်း ထောင်မှူးကြီးတို့

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်ဟု ထင်ပါသည်။ ရုံးခန်းတွင် ထောင်မှူးကြီးနှင့် တွေ့သောအ ထောင်မှူးကြီးက ပြုံးရယ်လျက်–

“မနေ့ညက မောင်အုံးဖေတော့ ဗုံးချရင်တောင် သိမှာမဟုတ်ဘူး” ပြောပါသည်။

“ကျွန်တော် ရှာပြန်ခွင့်ရတာ ဆရာရဲ့ကျေးဇူးပါ။ ဆရာကျေးဇူး ကျွန်တော် ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး”ဟု ပြောသောအ ထောင်မှူးကြီးက–

“မောင်အုံးဖေ၊ ကျေးဇူးတင်ရမယ့်လူက ဆရာမဟုတ်ဘူးကွ။ ထောင် ကြီး စုလေမန်ဖြစ်တယ်။ သူက မောင်အုံးဖေဟာ စိတ်ချ ယုံကြည်ရသူဖြ ကြောင်း၊ အလုပ်အကိုင်လည်း စေ့စပ်သေချာသူဖြစ်ကြောင်း ပြောသွား ဆရာ့ရုံးခန်းမှာ တောက်တိုမယ်ရ နိုင်းရအောင် ခေါ်ယူထားခြင်းဖြစ်တ မင်းရဲ့ အပြောအဆို အနေအထိုင်က ယဉ်ကျေးတယ်။ တခြားထောင်သာ တွေနှင့်မတူဘူး။ ပြီးတော့ ဆရာ သဘောကျတာက စာဖတ်တာရယ်၊ ရိုးသာ ဖြောင့်မတ်တာရယ်ဖြစ်တယ်။ တစ်လောက ဦးသာရဆီက ငွေလေးဆယ်ကျ ရတယ် မဟုတ်လား။ ဦးသာရက မင့်ကို စေတနာနှင့်ပေးတာ ဒါ မင်းယူရင် ယူနိုင်တယ်။ မယူဘဲ ဆရာ့ကို လာအပ်တော့ မင့်ရဲ့ ရိုးသားမှု ဆရာ သဘောကျသွားတယ်။ ဒါကြောင့်လည်း ရိက္ခာဂိုဒေါင်ကို အကိုင် ခြင်းဖြစ်တယ်”ဟု ပြောပါသည်။

ထောင်မှူးကြီးသည် ကျွန်တော့်ကို ယုံကြည်မှုရှိသကဲ့သို့ ခင်မင်မှုလည်း ရှိပါသည်။ တပည့်ကို ဆရာက သွန်သင်ဆုံးမမှုပြုသကဲ့သို့ ထောင်မှူးကြီး ကျွန်တော့်ကို အစစအရာရာ သွန်သင်ဆုံးမမှုပြုပါသည်။

တစ်နေ့တွင် ပခုက္ကူမြို့နယ် အနောက်ဘုန်းကန်ရွာသား ကိုဘလွ က ကျွန်တော့်ကို အကူအညီတောင်းပါသည်။ သူသည် မနက်ဖြန် ကွမ်းရွာတ ရုံးသို့ အမှုအတွက်သွားရမည်ဖြစ်ကြောင်း၊ သူ၏ သံခြေချင်းမှာ ကြီးလွန်း သဖြင့် သင့်လျော်သော ခြေချင်းနှင့် လဲလှယ်ပေးစေလိုကြောင်း ပြောပါသ

ကိုဘလွန်းသည် ကျွန်တော့်ထက် အသက်ကြီးပါသည်။ အသားညို လူလုံးလူဖန် သေးသေး၊ ပုပြတ်ပြတ်ဖြစ်သည်နှင့်အညီ သွားလာရာ လျင်မြန်ဖျတ်လတ်သည်။ သွက်လက်သည်။ ပေါ့ပါးသည်။ သူသည် မှုနှင့် ထောင်ဒဏ်သုံးနှစ် အပြစ်ကျနေသူဖြစ်၏။ နောက်ထပ်အမှုတစ်မှုအ အစစ်ခံရန် ကွမ်းရွာအချုပ်စခန်းသို့ သွားရမည်ဖြစ်သည်။



ကျွန်တော်သည် ကိုဘလွန်းနှင့် ရင်းနှီးခင်မင်ခြင်း မရှိလှသော်လည်း မိုင်ခန့်ကွာဝေးသောခရီးကို ခြေချင်းကြီးနှင့် ခြေကျင်သွားရမည်ဖြစ်ခြင်း ကြောင့် ပန်းပဲဘာတ်ဘာယာကိုခေါ်၍ ငါးမူးလုံးသံခြေချင်းနှင့် သုံးမူးလုံးသံခြေချင်း လှယ်ပေးလိုက်ပါသည်။

နောက်နေ့ နေ့လယ်တွင် ပြာတာဦးဝကြီးနှင့် အလုပ်ဝင်စ (နာမည် ကောင်းစွာ မမှတ်မိသူ)တို့က ကိုဘလွန်းကို ကွမ်းရွာအချုပ်စခန်းသို့ ခေါ်ထုတ် ပါသည်။ နှစ်လုံးပြူးသေနတ်တစ်လက်လည်း ပါရှိသည်။ ထိုအချိန်က ရုံးများမှာ ကွမ်းရွာ၌ ရုံးစိုက်ကြပါသည်။ အမှုစစ်ဆေးဆဲ တရားခံများ သည် ကွမ်းရွာအချုပ်စခန်းတွင် ထားရှိပါသည်။

ပြာတာဦးဝကြီးသည် အရက်သောက်တတ်သူဖြစ်၏။ ကျွဲတဲရွာသို့ ရောက်ရှိသောအခါ အရက်ရောင်းသည့်အိမ်သို့ ဝင်ရောက်ပြီး အရက်သောက် သည်။ အကြံသမား ကိုဘလွန်းက အနည်းငယ်သာသောက်ပြီး ဦးဝကြီး တစ်ခွက်ပြီးတစ်ခွက် ငုံ့တိုက်သည်။ ဦးဝကြီးတို့ မူးယစ်နေချိန်တွင် အလေးသွားဦးမည်ဟု အကြောင်းပြ၍ အရက်ဆိုင်နောက်ဖေးသို့ ထွက် ခဲ့သည်။ အချိန်ကြာ၍ မလာမှ လိုက်လံရှာဖွေသောအခါ ထွက်ပြေးသွား ကြောင်း သိရှိရသည်ဟု ဦးဝကြီးက ထောင်မှူးကြီးထံ အစီရင်ခံ တင်ပြပါသည်။

ထောင်မှူးကြီးက တရားခံထွက်ပြေးမှုဖြင့် ဂါတ်ကိုတိုင်ကြားရာ ဦးဝကြီး အလုပ်ပြုတ်ပြီး ထောင်ဒဏ်လေးလ အပြစ်ကျသွားပါသည်။ ဤကိစ္စ ကျွန်တော်၏ ပယောဂ မကင်းကြောင်း ပြာတာဦးကြင်မောင်က မှူးကြီးကို တင်ပြသည်ဟု ဘိုးထူးက ပြောပါသည်။

တစ်နေ့တွင် ထောင်မှူးကြီးကကျွန်တော့်ကို မေးပါသည်။

“မောင်ဘလွန်း ကွမ်းရွာအချုပ်ကိုမပို့ခင် မောင်အုံးဖေက ခြေချင်း နှင့် အငယ် လဲလှယ်ပေးတယ်လို့ သိရတယ် ဟုတ်ပါသလား”

“ဟုတ်ပါတယ်ဆရာ”

“ဘာကြောင့် လဲလှယ်ပေးရတာလဲ”

ကိုဘလွန်းက သူသည် ကွမ်းရွာအချုပ်သို့ သွားရမည်ဖြစ်ကြောင်း၊ မှာ ကြီးလွန်းသဖြင့် သင့်လျော်သော ခြေချင်းနှင့်လဲလှယ်ပေးပါရန် ကြောင်း၊ ငါးမိုင်ခန့်ခရီးကို ခြေကျင်သွားရမည်ဖြစ်၍ စေတနာစိတ်ဖြင့် ပေးလိုက်ခြင်းဖြစ်ကြောင်း ရှင်းပြသောအခါ ထောင်မှူးကြီးက–

www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေးခြင်းသည် ကောင်းပါသည်။ သို့ရာတွင် 'နှလုံးကောင်း ဝမ်းခေါင်း' ဆိုသကဲ့သို့ ယခုလို ကူညီပေးခြင်းမျိုးမှာ စေတနာမှ ဝေဒနာဖြ နိုင်သည့်အတွက် ပေးသင့်မပေးသင့် စဉ်းစားချိန်ဆသင့်ကြောင်း ပြောပါသည်။

"ကျွန်တော်မှားပါတယ်ဆရာ၊ နောက်ကို ဒီလိုမမှားရအောင် အထူ ဂရုစိုက်ပါ့မယ်"

"မင့်အမှားက စေတနာအမှားဖြစ်လို့ ဆရာခွင့်လွှတ်တယ်။ အမှန်က တော့ မောင်ဘလွန်း ထွက်ပြေးခြင်းရဲ့အကြောင်းရင်းက မောင်ဝကြီးတို့ အရက်သောက်လို့ဖြစ်တယ်ဆိုတာကို ဆရာ သဘောပေါက်ပါတယ်"

ကိုဘလွန်းကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်ကို အရေးယူမည်ဟု ထင် သည်။ 'ဘူးစာရေးအဖြစ်မှ ဖြုတ်ပစ်မည်လား၊ တိုက်ပိတ်ခံရမည်လား'ဟု စိုးရိမ်ပူပန်နေစဉ် ထောင်မှူးကြီးက ကျွန်တော့်ကို ခွင့်လွှတ်ကြောင်း ပြောလိုက် သည့်အတွက် စိတ်ထဲတွင် ထကချင်လောက်အောင် ဝမ်းသာသွားပါသည်။ ယခုကိစ္စသည် ကျွန်တော့်အဖို့ တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာတစ်ရပ်ပ ဖြစ်ပါသည်။

နောက်မှ ကျွန်တော်သိရသောအကြောင်းတစ်ခုရှိ၏။ ပြာတာဦးကြင်မော သည် ကျွန်တော့်ကို မလိုမုန်းထားခြင်းဖြစ်ရှိနေသည်။ ဤသို့ ဖြစ်ရှိနေခြင်းမှာ ဦးကြင်မောင် ကိုင်တွယ်ရသော ရိက္ခာဂိုဒေါင်ကို ကျွန်တော်ကိုင်တွယ်နေရခြင်း ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကိုဘလွန်း ထွက်ပြေးခြင်းမှာ 'ကျွန်တော်၏ ပယောဂကြောင့်'ဟု ထောင်မှူးကြီးကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ သို့သော် ထိုအကြောင်းကို ကျွန်တော်သည် မသိရှိလေဟန်ဖြင့် ဦးကြင်မော ကို ပုံမှန်အတိုင်း ဆက်ဆံခဲ့ပါသည်။ နောက်ပိုင်းတွင် ဦးကြင်မောင်သည် ကျွန်တော့်ကို အမြင်ကြည်လင်သွားပါသည်။

ကိုဘလွန်းကြောင့် ပြာတာနှစ်ဦး ထောင်ကျရသကဲ့သို့ မြိုင်မြို့နယ်ဂါတ် မှ ပုလိပ်နှစ်ဦးလည်း ထောင်တစ်နှစ်စီ ကျပါသည်။ ဖြစ်ရပ်မှာ ဤသို့ဖြစ်

မြိုင်ဂါတ်မှ လူသတ်မှုတရားခံတစ်ယောက်ကို ပခုက္ကူသို့ ချောဆော ထားသော ပေါင်းမိုးလှည်းကြီးဖြင့် အပို့လာသည်ဟု ဆိုသည်။ အင်္ဂလိပ်ရိုင်ဖယ် သေနတ်တစ်လက်လည်းပါသည်။ အချိန်မှာ ညနေပိုင်းဖြစ်သည်။ ထိုလှည်း နောက်မှ ကိုဘလွန်းနှင့်အဖော်တစ်ဦးတို့က ခရီးသွားသူအဖြစ် ဟန်ဆော ကာ လိုက်ပါလာသည်။ ပုလိပ်များကလည်း ရိုးရိုးခရီးသွားများ ဖြစ်မည်ထ ပြီး ဂရုမစိုက်ကြပေ။ တရားခံမှာ လက်ထိပ်ခတ်လျက်ဖြစ်၏။ တစ်ချိန်တွ



ပုလိပ်တစ်ဦးက အိပ်ပျော်သွားသည်။ ကျန်တစ်ဦးကလည်း ငုတ်တုတ်ထိုင် လျက် ငိုက်မြည်းနေသည်။ ထိုအခိုက်တွင် ကိုဘလွန်းတို့က သေနတ်ကို ယူလျက် ထွက်ပြေးသွားကြသည်။

ကိုဘလွန်းတို့ သေနတ်ရရှိသွားခြင်းသည် 'မြင်းကို ချိုတပ်ပေးသကဲ့သို့' ဖြစ်သွားသည်။ ကိုဘလွန်း၊ ကိုစိန်ဘန်းတို့၏ ဓားပြအဖွဲ့သည် တဖြည်းဖြည်း နှင့် ကြီးထွားလာသည်။ ပခုက္ကူနယ်လူထုကို အန္တရာယ်ပြုလာရုံမျှမက မြိုင် မြို့နယ်၊ ပေါက်မြို့နယ်၊ ဆိပ်ဖြူနယ် လူထုကိုပါ အန္တရာယ်ပြုလာသည်။ နယ်လူထုလည်း 'ဘလွန်း၊ စိန်ဘန်း ဓားပြအဖွဲ့ကြီး'ကို ကြောက်ရွံ့နေကြ သည်။

(၁၉၄၅ ခုနှစ်တွင် ကျွန်တော်သည် ကိုဘလွန်းနှင့် ဆက်နွယ်ပြီး အဖမ်းခံခဲ့ရသည်။ ထိုအကြောင်းကို နောက်ပိုင်း ဆောင်းပါးများတွင် ဖော်ပြ ပါမည်။)

ပုလိပ်နှစ်ဦး ထောင်ကျ၍ ဘူးထဲရောက်ရှိလာသည်ဟု သိရသောအခါ ပုလိပ်များ၏ နှိပ်စက်ညှဉ်းပမ်းခြင်းကို ခံခဲ့ရသော ထောင်သားများက ဘူးဝအနီး သွားရောက်ပြီး "ဆော်လိုက်မယ်ကွ၊ ချလိုက်မယ်ကွ၊ မိုးတစ်ခါ လေတစ်လှည့် အကြောင်းသိစေရမယ်ကွ"ဟု ကြိမ်းဝါးနေကြပါသည်။ တရားခံပို့သူ ပုလိပ် တစ်ဦးက အချင်းချင်း ရိုင်းပင်းသည့်အနေဖြင့် ပုလိပ်များကို ညှဉ်းပမ်းနှိပ်စက် ခြင်း မခံရအောင် ထောင်မှူးကြီးမှ ကာကွယ်မှုပြုလုပ်ပေးပါမည့်အကြောင်း တောင်းပန်သောအခါ–

"ငါလည်း ဒီလို ညှဉ်းပမ်းနှိပ်စက်တာမျိုးကို မကြိုက်ပါဘူးကွာ။ အတတ်နိုင်ဆုံး ကာကွယ်မှုပြုလုပ်ပေးမယ်"ဟုပြောပြီး ထိုကိစ္စအတွက် ကျွန်တော့် ကို တာဝန်ပေးပါသည်။

ကျွန်တော်သည် ပုလိပ်နှစ်ဦးကို ထောင်အတွင်းသို့ ခေါ်ဆောင်သွားပြီး တက်ကိုင်ဘာယာများမှအစ ထောင်သားများကို အကျိုးအကြောင်း ပြောပြ ခဲ့သည်။ 'နွားရာဝဲစွဲ လဲရာသူခိုးထောင်း' ဆိုသကဲ့သို့ ၎င်းပုလိပ်နှစ်ဦးမှာ အဖြစ်မကောင်း၊ အကြောင်းမသင့်၍ ထောင်ထဲရောက်လာရခြင်းဖြစ်ကြောင်း အတူချင်း ညှဉ်းပမ်းနှိပ်စက်ခြင်း မပြုလုပ်သင့်ကြောင်းပြော၍ ရှေ့ဘုတ်ဘာယာ ဦးကြွယ်ကို အပ်ထားခဲ့ပါသည်။ ဦးကြွယ်သည် အသက်လေးဆယ်ကျော် အရွယ်ဖြစ်ပြီး ထောင်သားများအပေါ် အတော်အသင့် ဩဇာရှိသူဖြစ်ပါသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# ထောင်သားနှင့်မုန့်ဟင်းခါး

ဂျပန်များ၏ စစ်အင်အား ချည့်နဲ့လာသည်နှင့်အမျှ မဟာမိတ်များက ထိုးစစ်၊ တိုက်စစ် ဆင်လာသည်။ ပခုက္ကူမြို့ရှိ လက်နက်ရိက္ခာဂိုဒေါင်များနှင့် စစ်စခန်းများကို မကြာမကြာ ဗုံးကြဲတိုက်ခိုက်သည်။ ဖေဖော်ဝါရီလကုန်ခါနီး တစ်နေ့တွင် ဗုံးကြဲလေယာဉ်ပျံကြီးတစ်စင်းသည် ထောင်ပေါ်သို့ တည့်တည့်ပျံဝဲလာသည်။ လေကြောင်းရန် အချက်ပေး ဥဩဆွဲသကဲ့သို့ အရပ်လေးမျက်နှာမှ သံချောင်းခေါက်သံများကလည်း ဆူညံနေသည်။ ဘူးအတွင်းရှိ တာဝန်ကျပြာတာက ဗုံးခိုကျင်းထဲဝင်ရောက်ကြရန် ဟစ်အော်ပြောသည်။ ထောင်သားများမှာလည်း 'ခဲမှန်ဖူးသောစာသူငယ်' ကဲ့သို့ ယခင်က အတွေ့အကြုံရှိခဲ့ဖူးသဖြင့် ဗုံးခိုကျင်းရှိရာသို့ အပြေးအလွှား သွားကြသည်။

ထောင်မှူးကြီးများ၊ တာဝန်ကျပြာတာများနှင့် ကျွန်တော်တို့မှာ ထောင်မျက်နှာစာရှေ့ရှိ ဗုံးခိုကျင်းထဲ ဝင်ရောက်ကြသည်။ ဗုံးခိုကျင်းမှာ တမာပင်အောက်၌ ဖြစ်သော်လည်း အမိုးအကာနှင့်ဖြစ်သည်။ အချိန်မှာ နေ့လယ်ဆယ့်နှစ်နာရီအချိန်ခန့်။ လေယာဉ်ပျံကြီး၏ 'တဝေါဝေါ' မြည်သံမှာ မကောင်းဆိုးဝါးကောင်ကြီး၏ အသံကဲ့သို့ ကြောက်ရွံ့ဖွယ်ရာ ကောင်းလှပါသည်။ ထောင်ပေါ်သို့ ရောက်ရှိလာသည်နှင့်အမျှ အသံက ပိုပြီး ပြင်းထန်လာသည်။ 'လောတ်ထိမှ အမိတ' သကဲ့သို့ ဘုရားစာကို တတွတ်တွတ် ရွတ်ဆိုနေကြသည်။

ထိုအခိုက် ထောင်အတွင်းသို့ အလွန်ကြီးမားပြင်းထန်သော ဗုံးကြီးတစ်လုံး 'ဝုန်း'ခနဲ ကျရောက်ပေါက်ကွဲသည်။ အသံမှာ နားကွဲလုမတတ်ဖြစ်သည့်အပြင် မြေ၏တုန်ခါမှုကြောင့် ဗုံးကျင်းထဲ ရှိလူများ၏ခေါင်းမှာ ဗုံးကျင်း

www.burmeseclassic.com



နံရံနှင့် ရိုက်မိကြသည်။ ပြာတာတစ်ဦးမှာ နဖူးနှင့်နံရံ ရိုက်မိသဖြင့် နဖူးကွဲသွားသည်။

နောက်ထပ် ဖုံးချဦးမည်ထင်ပြီး အသက်ကိုပင် မရှုရဲကြ။ ကြောက်ရွံ့ထိတ်လန့်နေကြသည်။ တစ်ဦးကမူ 'ဘုရား ဘုရား ကယ်မပါ'ဟု ပါးစပ်မှ တိုးတိုးရွတ်ဆိုနေသည်။ ကယ်နိုင်မကယ်နိုင် မသိ။ ဒုက္ခရောက်သည့်အခါ ဘုရားကို တမ်းတကြသည်။ အားကိုးကြသည်။ လေယာဉ်ပျံအသံ ဝေးသွားတော့မှ ဘုံးတံခါးသော့လှပ်ပြီး ထောင်ထဲ ဝင်ကြည့်ကြသည်။

ဖုံးမှာ အိပ်ထောင်ကြီးနှင့် လူနာဆောင်ကိုခြားထားသော ဆယ်ပေခန့် မြင့်သည့် အုတ်တံတိုင်းပေါ် တည့်တည့်ကျသဖြင့် အုတ်တံတိုင်းကြီး ပျောက်ကွယ်သွားသည်။ ဖုံးကျင်းကြီးမှာ လေးပင်အိမ်တစ်အိမ်စာခန့်ကျယ်ပြီး အောက်အနက်မှာ လူတစ်ရပ်စာခန့်ရှိသည်။

ဖုံးကျသည့်နေရာနှင့် ဝါးနှစ်ပြန်ခန့်အကွာတွင်ရှိသော ဘုရားကျောင်းဆောင်မှာ ပျက်စီးလွင့်စင်သွားသည့်အပြင် တင်ပျဉ်ခွေ ဘုရားဆင်းတုမျက်နှာတော်မှာလည်း မှောက်လျက်ဖြစ်ရှိနေသည်။ ကျောင်းဆောင်ပျက်စီးသွားသော်လည်း ကျိုးပဲ့ခြင်း၊ ဒဏ်ရာရခြင်း မရှိပေ။

လူအသေအပျောက်မရှိသော်လည်း မြေတုန်ခါမှုကြောင့် ဒဏ်ရာရရှိကြသည်။ ဖုံးကျင်းကြီးကိုကြည့်ပြီး ကြောက်ရွံ့ထိတ်လန့်နေကြသည်။ 'ဖုံးခိုကျင်းပေါ်ကိုသာ တည့်တည့်ကျလျှင် အစအနတောင် ရှာတွေ့မှာမဟုတ်ဘူး"ဟု ပြောကြသည်။

ထောင်မှူးများမှအစ ပြာတာများအလယ် ထောင်သားများအဆုံး လူအားလုံး ပခုက္ကူထောင်နေရမည်ကို ကြောက်ရွံ့ထိတ်လန့်နေကြသည်။ အထူးသဖြင့် ထောင်မှူးကြီးဦးမောင်မောင်တင်၏ဇနီး ဒေါ်ခင်စိုးက 'ပခုက္ကူထောင်မှာ နေရမည်ဆိုလျှင် မန္တလေးကိုပြန်မည်'ဟု ပြောသည်။

ဒေါ်ခင်စိုးမှာ မန္တလေးသူဖြစ်သည်။ ထောင်ရွှေ့ပြောင်းရန်အတွက် အဝတပြင်း နေရာရှာကြသည်။ တချို့က ဖိုးခက်ကုန်းထောင်သို့ ပြောင်းလိုကြသည်။ ထိုသူများမှာ ပြာတာများနှင့် မိလ္လာသမားများ၊ ဖိုကြီးမှ ထမင်းဟင်းချက်သူများ ဖြစ်ကြသည်။ သို့ရာတွင် ဖိုးခက်ကုန်းထောင်မှာ မြစ်ရေကြီးသည့်အခါ ရေဝင်သည့်အပြင် ရေအနက်မှာ တစ်ခါတစ်ရံ ငါးပေကျော်၊ ခြောက်ပေခန့်ရှိသည်ဟု သိရသည်။ သို့ဖြစ်၍ ဖိုးခက်ကုန်းရှိ အိမ်များမှာ ခြေတံရှည်အိမ်များဖြစ်ကြပေသည်။



အချိန်ပိုင်း ထောင်ပိုင်ဖြစ်သူ နယ်ပိုင်ရာဇဝတ်တရားသူကြီး ဦးထွန်းထင်၏ အကြံပေးချက်အရ ရွှေတန့်တစ်ရွာနှင့် ကွမ်းရွာကြားရှိ ယာပြင်၊ ဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းရန် စီစဉ်ကြသည်။ ဘုန်းတော်ကြီးကလည်း ခွင့်ပြု သည်ဟု သိရသည်။ ဖုံးချပြီး လေးငါးရက်ခန့်အကြာတွင် ယာပြင်ကျောင်းသို့ ရွှေ့ပြောင်းခဲ့ကြရသည်။

ဝန်တင်လှည်းများနှင့် ထောင်သားများမှာ တသီတတန်းကြီး။ တချို့က သံခြေချင်းတစ်ဖက်၊ တချို့က နှစ်ဖက်။ တချို့က သံဒေါက်တစ်ဖက်ဆွဲသည်။ တချို့က နှစ်ဖက်ဆွဲသည်။ ပြစ်မှုအကြီးအသေးလိုက် ဖြစ်သည်။ ပြာတာများက နောက်မှရော၊ ဘေးကပါ သေနတ်များကိုင်ဆောင်လျက် စောင့်ကြပ် လိုက်ပါလာကြသည်။ လမ်းခရီးတွင်ရှိသည့် ရွှေချောင်း၊ ကျွဲတဲ၊ ရွှေတန့်တစ်ရွာတို့မှ ရွာသူရွာသားများက ထောင်ပြောင်းရွှေ့လာရခြင်းကို အထူးအဆန်းသဖွယ် ကြည့်ရှုနေကြသည်။ ရေဘုတ်ဘာယာ ဦးကြွယ်က 'ငါတို့ထောင်ကတော့ကွာ၊ ကာလက်တာန်၊ ပေလက်တာန် ဖြစ်နေပြီကွ' ဟု ပြောသည်။ မည်သူမျှ သဘောမပေါက်ကြ၍ ငြိမ်သက်နေကြရာ ပြာတာကြင်မောင်က 'ဘာကိုဆိုလိုတာလဲ'ဟု မေးသည်။

"အသုဘ ရေစက်ချတဲ့အခါ ကာလက်တာန်၊ ပေလက်တာန် အတည်တကျ ဘဝတစ်ပါးသို့ ပြောင်းသွားလေသော ဒကာကြီးကဲ့သို့ပဲ ကျွန်တော်တို့ထောင်ဟာလည်း အတည်တကျ မနေရဘူး မဟုတ်လားဗျာ"ဟုပြောရာ သဘောကျ၍ ရယ်ကြပါသည်။

ထောင်ထဲတွင် အသိမဲ့သူ၊ ဗဟုသုတမရှိသူက များသည်။ တချို့မှာ ကြိုသလိုကျသလို စခန်းသွားတတ်ကြသည်။ ကြက်များလို ချေးကျရာပျော်ကြသည်။ တချို့က မိသားစုအရေးတွေးပြီး မပျော်နိုင်မရွှင်နိုင် ငေးမှိုင်နေကြသည်။ တချို့က အဆိုးထဲမှ အကောင်း၊ အရှုံးထဲမှ အမြတ်ထုတ်ကြသည်။

ဗေဒင်လက္ခဏာယုံကြည်သူများက ဗေဒင်လက္ခဏာကို လေ့လာသင်ကြားကြသည်။ စာမတတ်သူများက စာတတ်သူများထံ ဆည်းကပ်ပြီး သင်ကြားကြသည်။ ဘာသာရေးကို လေ့လာလိုက်စားကြသည်။ ဥပုသ်စောင့်သည်၊ ဘုရားဖူးသည်။ ပုတီးစိပ်သည်။ နိုင်ငံရေးသမားများက သူတို့၏ နိုင်ငံရေး သဘောတရားများကို သင်ကြားပို့ချကြသည်။ အများအားဖြင့် စားပြီး အိပ်နေသည်။ အိပ်ပြီး အလုပ်လုပ်ရမည်ဆိုသောအသိမျိုးဖြင့် ဘာကိုမျှ လေ့လာ

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားခြင်းမရှိဘဲ ဘာသာလဝါနေကြသူတွေက များသည်။ 'မ'တစ်ရာ သားဖြစ်၍ ဝါသနာအမျိုးမျိုး၊ အတွေးအခေါ်အမျိုးမျိုး၊ ဝါဒရေးရာ အမျိုးမျိုး ဖြစ်ကြသည်။

သို့ရာတွင် ထောင်သားများအားလုံး စိတ်တူသဘောတူသောအချက် တစ်ခုရှိသည်။ ယင်းမှာ ဂျပန်များ စစ်ရှုံးစေလိုသောဆန္ဒ ဖြစ်သည်။ ဂျပန်များ စစ်ရှုံး၍ ဆုတ်ခွာပြေးလျှင် မိမိတို့ လွတ်မြောက်ကြမည်။ အင်္ဂလိပ်များ စစ်ရေးမလှ၍ ဆုတ်ခွာစဉ်က ထောင်သားများ ထောင်မှလွတ်ခဲ့ကြသည်။

ယာပြင်ကျောင်းမှာ ကျယ်ဝန်းသည့်အပြင် အုတ်တံတိုင်း အကာအရံနှင့် ဖြစ်သည်။ လုံခြုံမှုအတွက် အုတ်တံတိုင်းအတွင်းမှ သွပ်ဆူးကြိုးများ ထပ်မံကာရံထားသည်။ ကျောင်းတွင် ဘုန်းကြီးတစ်ပါးနှင့် ကိုရင်နှစ်ပါး၊ ကျောင်းသား သုံးလေးယောက်ပဲ ရှိသော်လည်း ကျောင်းအဆောက်အအုံက များသည်။ ဘုန်းတော်ကြီးနေထိုင်သော အုတ်ကျောင်းကြီးတစ်ကျောင်းနှင့် သစ်သားကျောင်းသုံးကျောင်းရှိသည်။

သစ်သားကျောင်းတစ်ကျောင်းမှာ အုတ်ကျောင်းကြီး မြောက်ဘက် ဆက်စပ်လျက်ရှိသည်။ အုတ်ကျောင်းကြီး အနောက်ဘက်ရှိ သစ်သားကျောင်း ပေါ်တွင် ထောင်မှူးကြီးနှင့် ဒေါ်ခင်စိုးတို့ နေကြသည်။ ကျောင်းအောက်တွင် ရိက္ခာများနှင့် ပစ္စည်းကိရိယာများ ထားရှိသည်။ ကျောင်းအဝင်ဝ အနောက်ဘက်ရှိ ကျောင်းကြီး၏ အထက်ထပ်၊ အောက်ထပ်တို့တွင် ပြာတာများ နေကြသည်။

ထိုကျောင်းအနောက်ဘက် မြေကွက်လပ်တွင် ထရံကာတစ်ထပ်အိမ် ကလေးတစ်လုံး တည်ဆောက်ပြီး ဦးစောပေါ်နှင့် ဒေါ်သန်းမေတို့ နေထိုင်ကြ သည်။ ခရစ်ယာန်ဘာသာဝင်များဖြစ်၍ ဘုန်းကြီးကျောင်းပေါ်တွင် နေလိုသည့် စိတ်ဆန္ဒရှိဟန် မတူပေ။ ကျောင်းဝိုင်း အရှေ့မြောက်ထောင့်တွင် အုတ်တန် ဆောင်းတစ်ခုရှိ၏။ ၎င်းအုတ်တန်ဆောင်းတွင် ရုံးခန်းပြုလုပ်ထားသဖြင့် ကျွန်တော်သည် ရုံးခန်းမှာပင် ညအိပ်ရသည်။ အုတ်တမံတလင်းက အေးလွန်း သည့်အတွက် ဂုန်နီအိတ်များ ခင်းအိပ်ရသည်။

ကျောင်းဝိုင်း၏ အရှေ့ဖျားတွင် ဘုရားနှစ်ဆူရှိသည်။ ဘုရားရှေ့ လွင်ပြင်တွင် သွပ်မိုးသစ်သားတန်ဆောင်း နှစ်ဆောင်ရှိ၏။ စပါးများနှင့် စပါးကြိတ်ခုံထားရှိသည်။ အနီးတွင် အုတ်ရေတွင်းတစ်ခုရှိ၏။ ရေတွင်းနှင့် ဝါးနှစ်ရိုက်ခန့်အကွာတွင် ယာယီတဲဆောက်လုပ်ပြီး ထမင်းချက်ကြရသည်။



သာသနိက အဆောက်အအုံတွေ များသဖြင့် နေရထိုင်ရသည်မှာ ဖိုးခက်ကုန်း ဆက် ကောင်းပါသည်။

မြန်မာလူမျိုးများသည် အလှူအတန်းတွင် စေတနာသဒ္ဓါတရား အလွန် ထော်ရောကြသည်။ 'ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာ'ဟူသော နာမ ဝိသေသနကိုလည်း မက်မောကြသည်။ မက်မောမည်ဆိုလျှင်လည်း မက်မော ထိုက်ပါသည်။

ရပ်ကွက်ကျေးရွာများတွင် သာရေးနာရေးရှိ၍ သွားရောက်လျှင် 'ဘုရားဒကာကြီး၊ ကျောင်းဒကာကြီး ဒိုကြွပါခင်ဗျား'ဟု အရိုအသေပြု ၍ နေရာပေးလေ့ပေးထရှိကြသည်။ မြန်မာတို့၏ နှစ်သက်ဖွယ်ရာကောင်းလှသော ဓလေ့ကျေးမှုဖြစ်သည်။ ဤသို့ တလေးတစား နေရာပေးမှု၊ အရိုအသေပြုမှု ကို နှစ်သက်ကြသည်။ လိုလားကြသည်။ ဂုဏ်ရှိသည်ဟုလည်း ထင်ကြ သည်။ ထို့ကြောင့် ဘုရားတည်ကျောင်းဆောက်ခြင်းမှာ တမလွန်ဘဝအတွက် ကောင်းနတ်ကောင်း ဖြစ်လိုသကဲ့သို့ ပစ္စုပ္ပန်ဘဝတွင်လည်း ဂုဏ်ပကာသန သော အလှူဒါနဖြစ်ခြင်းကြောင့် ဘာသာရေးအဆောက်အအုံများမှာ လိုအပ် သည်ထက်ပိုနေကြခြင်းဖြစ်ပေသည်။

ထောင်သားများမှာ ပခုက္ကူထောင်ကဲ့သို့ မြင့်မားသော အုတ်တံတိုင်း ကြီးများ ကာရံထားခြင်းမရှိသဖြင့် အပြင်မှ လူများ သွားလာလှုပ်ရှားနေကြ သည်ကို တွေ့မြင်နေရသည့်အတွက် ကောင်းသည်ဟုဆိုရမည်။ သို့ဖြစ်သော် လည်း ညအိပ်သည့်အခါတွင်မူ အုတ်ကျောင်းကြီးအောက်ထပ်၌ ဖိုးခက်ကုန်း ထောင်မှာကဲ့သို့ အတန်းလိုက် ခြေချင်းဆိုင်အိပ်ကြရသည်။

သံခြေချင်းထဲသို့ တစ်လက်မလုံးခန့်ရှိ သံကြိုးသွင်းပြီး ဟိုဘက်တန်းမှ ခြေထောက်များနှင့် သည်ဘက်တန်းမှ ခြေထောက်များကို အဝတ်ချုပ်သလို ချုပ်သည်။ သံကြိုးအစအဆုံးကို ထုံးပြီး သော့ခတ်ထားသည်။ အပေါ့အလေး သွားလိုလျှင် မိလ္လာသမားကို ခေါ်ရပါသည်။ မိလ္လာပုံးပေးသူ သုံးလေးယောက် ရှိသည်။ ပုံးမအား၍သော် လည်းကောင်း၊ အိပ်ပျော်နေကြ၍သော် လည်းကောင်း၊ အခြားအကြောင်းကြောင့်သော် လည်းကောင်း၊ မိလ္လာသမားများ ကြာကြာ ကြာလျှင် အန္တရာယ်ကို မချုပ်ထိန်းနိုင်သည့်အတွက် အော်ကြဟစ်ကြသည်။ ဆဲဆိုကြသည်။ ညစောင့်ပြာတာများက အလုပ်တာဝန်မကျေပွန်သော မိလ္လာသမားများကို ပေါ့လျော့သည်ဆိုပြီး ရိုက်နှက်သည်။ သို့မဟုတ် ထောင်မှူးကြီး

www.burmeseclassic.com



ထံ တင်ပြသည်။ ထောင်မှူးကြီးက လျော့ရက်ဖြတ်တောက်သည်။ သံခေါ
ဆွဲသည်။

ထောင်ဝန်ထမ်းများနှင့် ထောင်သားများ ရောက်ရှိလာခြင်းကို ဘုန်း
တော်ကြီးနှင့် ကျောင်းသားများက ဝမ်းသာနေကြသည်။ ဘုန်းတော်ကြီးနေသည်
အုတ်ကျောင်းကြီးမှအစ ကျောင်းအဆောက်အအုံများ၊ ဘုရားတန်ဆောင်းများ
သန့်ရှင်းရေး ပြုလုပ်ကြရသည်။ တချို့ကျောင်းများမှာ လူနေခြင်းမရှိသဖြ
နိချေးများ၊ လင်းနို့ချေးများ၊ ကြွက်ချေးများ၊ အမှိုက်သရိုက်များ တောင်
ရာပုံ ဖြစ်နေသည်။ ကျောင်းဝိုင်းအတွင်းရှိ မြက်ပင်ပေါင်းပင်များမှအ
အုတ်ကျိုးအုတ်ပဲ့များအဆုံး အားလုံးကို ထောင်သားများက ရှင်းလင်းကြသည်

အလျင်က အမှိုက်သရိုက်များ တောင်ပုံရာပုံရှိနေသော မြက်
ပေါင်းပင်များ တောထနေသော ငြိမ်သက်တိတ်ဆိတ်နေသော ယာပြင်ကျော
ကြီးမှာ ထောင်သားများ ရောက်ရှိလာခြင်းအားဖြင့် သန့်ရှင်းသွားသည်
စိုပြည်သွားသည်။ လူဝင်လူထွက်များပြီး စည်ကားနေသည်။

ကျွန်တော်၏ အလုပ်တာဝန်မှာ ရုံးလုပ်ငန်းအပြင် ထောင်ဝင်စာ တွေ
ခွင့်ပြုရခြင်း၊ ထောင်ကျလူသစ်များ ရောက်ရှိလာလျှင် သံခြေချင်းခတ်ရခြင်း
အလုပ်ချထားရခြင်း၊ ရိက္ခာပစ္စည်းများ ထုတ်ပေးရခြင်း၊ နယ်ပိုင် ရာဇဝတ်တ
သူကြီးရုံးများနှင့် စက်ရှင်တရားသူကြီးရုံးသို့ သွားရောက်ပြီး စာပေးပို့ရခြင်း
ဖြစ်သည်။ ကျွန်တော့်ခြေထောက်တွင် သံခြေချင်းခတ်ထားခြင်းမရှိသဖြ
အကြောင်းမသိသူများက 'ထောင်စာရေး'ဟု ထင်နေကြသည်။

တစ်နေ့တွင် ရွှေတန့်တစ်ရွာမှ ဖောင်အုပ်လုပ်သူ ဦးတင် ထောင်
ရောက်ရှိလာသည်။ ဦးတင်သည် ကျွန်တော်နှင့် ရင်းနှီးခင်မင်သည်။ အင်
အစိုးရလက်ထက်က ဦးတင်၏ ဘုံဘေဘားမားသစ်ဖောင်တွင် ဖောင်လုပ်
အဖြစ် သုံးနှစ် လုပ်ခဲ့ဖူးသည်။ ပထမ အစကနဦးနှစ်က ထန်းတပင်မြို့
ဝါးတစ်ရာရွာကြား စခန်းချနေစဉ် နိမ့်နိမ့်လေး ပျံသန်းလာသော လေယာဉ်
ကို ဖောင်လုပ်သားများက ဂွလေးနှင့်ပစ်၍ အမှုဖြစ်ခဲ့ဖူးသည်။ တရားခံအ
၍ ကျွန်တော်က အငှားတရားခံအဖြစ် လိုက်ခဲ့ရာမှ ကျေးဇူးတင်ပြီး ခင်
ရင်းနှီးခြင်းဖြစ်၏။ (ထိုအကြောင်းကို နောက်ပိုင်း ဆောင်းပါးများ
အလျဉ်းသင့်ပါက ဖော်ပြပါမည်။)



"မောင်အုံးဖေကို ထောင်ကမလွှတ်မချင်း ထမင်းကျွေးချင်ပါတယ်။
အမယ့် ကျွန်တော့်မှာ အလုပ်များနေလို့ နေ့စဉ် ထမင်းပို့ဖို့ဆိုတာ မလွယ်
ဘူး။ ဒါကြောင့် ကျွန်တော့်အိမ်ကိုလာပြီး ထမင်းစားခွင့် ပြုစေလိုပါတယ်"
ဟု ပြောပါသည်။

ဦးတင်၏အိမ်မှာ ရွှေတန့်တစ်ရွာ အရှေ့ပိုင်းတွင်ရှိသဖြင့် ထောင်နှင့်
ခေါ်သာသာပဲ ဝေးပါသည်။ ထို့ပြင် ကျွန်တော်၏ ကျေးဇူးရှိခဲ့ဖူးကြောင်း
ကြောင်းကို ဦးတင်ကပြောပြသောအခါ 'အော် ဒီလိုလား'ဟုပြောပြီး
ထောင်မှူးကြီးက မနက်ဖြန်မှစပြီး ဦးတင်အိမ်သို့ ထမင်းစား သွားရောက်ရန်
ပြောပါသည်။ ကျွန်တော် ထမင်းစားသွားရောက်နေစဉ် ရုံးတွင် လူတစ်ဦး
ထိုလိုကြောင်း ထောင်မှူးကြီးက ပြောသဖြင့် 'မောင်ချင်း'ကို ရုံးမှာ
ခေါ်ယူထားလိုကြောင်း တင်ပြရာ 'ကောင်းသည်'ဟု ပြောပါသည်။

ထိုနေ့တွင်ပင် မောင်ချင်းကို ရုံးခန်းသို့ခေါ်ယူထားပါသည်။ မောင်ချင်း
သည် ပခုက္ကူမြို့နယ် ချိုင်အုပ်စု ချောင်းခွရွာမှဖြစ်၏။ ပေါက်မြို့နယ်
ယျာဉ်ရွာစာပေါ်တိုက်မှုတွင် ထောင်သုံးနှစ် အပြစ်ကျသူဖြစ်သည်။ သဘော
ကောင်းပြီး သီချင်းဆိုလည်းကောင်းသည်။

ဦးတင်အိမ် ထမင်းစားရသည်မှာ မြိန်ယှက်လှပါသည်။ ဦးတင်သည်
သူကြီးဖြစ်၍ ကောက်ကြီးဆန်နှင့် ငါးပိငါးခြောက်တို့ကို နေ့စဉ်လိုလို
ပါသည်။ တစ်ခါတစ်ရံ ဝက်သားဟင်း၊ တစ်ခါတလေ အမဲချက်၊
ချက်၊ ထောင်ထမင်းထောင်ဟင်းနှင့်စာလျှင် နတ်သုဒ္ဓါစားရသကဲ့သို့ပင်။

ဦးတင်သည် အလုံးအရပ်ကြည့်ကောင်းပြီး အနည်းငယ် အသားညိုသည်။
ဘားမား သစ်ကုမ္ပဏီတွင် ဖောင်အုပ်အဖြစ် လုပ်ကိုင်ခဲ့သည်။ ဇနီး
ကြည်မှာ ဦးတင်ထက် အသက်ဆယ့်ငါးနှစ်ခန့် ငယ်သည်။ အသား
အနည်းငယ်ညိုသည်မှအပ ချောမောလှပသူဖြစ်၏။ အချက်အပြုတ်
ပြီး ဟင်းလျာလည်း သင့်မြတ်အောင် ဖန်တီးတတ်သည်။

ဦးတင်တွင် ပထမအိမ်ထောင်နှင့် သားတစ်ယောက်ရှိသည်။ အမည်
ဘိုသိုး'ဖြစ်၏။ ဒေါ်လှကြည်နှင့် သားသမီးလေးယောက် ထွန်းကား
မစန်းခင်၊ မမြင့်မြင့်၊ ကိုမောင်မောင်နှင့် ကိုမောင်အုံးတို့ဖြစ်ကြသည်။
တစ်နေ့နှစ်ခေါက် ဦးတင်အိမ်သို့ ထမင်းစားသွားရခြင်းအားဖြင့် ရွှေတန့်
ရွာသူရွာသားများက ကျွန်တော့်ကို သိနေကြသည်။ ဦးတင်၏ သစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



တွင် အတူလုပ်ခဲ့ဖူးသူများကလည်း ခင်မင်နေကြသည်။ တစ်ခါတစ်ရံ သူ ကပင် ကျွန်တော့်ကို ထမင်းဖိတ်ကျွေးကြသည်။ ယာပြင်ကျောင်းသို့ ထော ရွှေ့ပြောင်းခဲ့ရခြင်းမှာ ကျွန်တော့်အဖို့ 'စိုင်ကော်လို့ ချုံပေါ်ရောက်ရ'သကဲ့ ဖြစ်ရှိနေသည်။

တစ်နေ့တွင် ပခုက္ကူမြို့နယ် မရိုးကုန်းရွာမှ ဘသွင်နှင့် ထနောင်းကု ရွာမှ ဘိုးရင်တို့နှစ်ဦး၊ ပုလိပ်များ အစောင့်အကြပ်ဖြင့် ထောင်သို့ ရောက် လာသည်။ ၎င်းတို့နှစ်ဦးသည် ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဓားပြတိုက်မှု အမှုစစ်ဆေးနေဆဲတွင် ကွမ်းရွာအချုပ်ခန်းအမိုးကိုဖောက်၍ ထွက်ပြေးခဲ့ သူများဖြစ်သည်။ ပြန်လည် ဖမ်းမိသောအခါ ထောင်ပြေးမှုဖြင့် ထောင်အ တစ်နှစ် အပြစ်ကျလာသူများဖြစ်၏။

ထောင်မှူးကြီးက ခြေချင်းခတ်၊ သံဒေါက်တစ်ဖက်ဆွဲရန် အမိန့်ပေး သည်။ ထောင်တစ်နှစ် အပြစ်ကျသူကို သံဒေါက်ဆွဲခြင်း အလေ့အထ မရှိ သော်လည်း အချုပ်ထောင်မှ ထွက်ပြေးသူများဖြစ်ခြင်းကြောင့် သံဒေါက် ခြင်းဖြစ်ပါသည်။ ထောင်မှူးကြီးသည် ထောင်မှ ထွက်ပြေးသူများကို အ မုန်းတီးသည်။ အပြစ်ကျူးလွန်ပြီး အပြစ်ဒဏ်ကို မခံရဲသူ၊ သတ္တိမ သူရဲဘောကြောင်သူဟု အယူရှိသူဖြစ်၏။

အချိန်မှာ နေ့လယ်တစ်နာရီခန့်ဖြစ်သည်။ ခြေချင်းခတ်သံဒေါက် လျှင် ဘာယာများက ဘသွင်နှင့် ဘိုးရင်တို့၏ လက်နှစ်ဖက်ကိုပူးပြီး တုတ်သည်။ ထို့နောက် ရုံးခန်းအနောက်ဘက်ရှိ တမာပင်ကိုင်းမကြီး ကြိုးချည်ပြီး တွဲလန်းဆွဲသည်။ မြေကြီးနှင့် ခြေထောက်များမှာ တစ်မိုက် ကွာသည်။ 'အမလေးဗျ၊ နာလိုက်တာ သေပါပြီဗျ'ဟု အော်ကြဟစ်ကြသည် ဆူညံနေသည်။

ထောင်မှူးကြီးက 'မည်သူမျှကြိုးမဖြုတ်ရ'ဟုပြောပြီး အိမ်ပြန်သွား

"ကိုအုံးဖေ ကယ်ပါဦးဗျ"ဟု အကူအညီတောင်းကြသည်။ ကျွန် သည် ဒုက္ခရောက်သူများကို ကူညီလိုသောစိတ်ဆန္ဒ ရှိသူဖြစ်၍ ကူညီလိုပါ ကိုဘလွန်းကို အကူအညီပေးသကဲ့သို့ ဖြစ်မည်ကိုလည်း စိုးရိမ်မိသည်။ တွင် သူတို့၏အပြစ်ကို မကြည့်ရက်သလို သနားနေသဖြင့် အုတ်ကျော ဘေးရှိ အုတ်ပုံမှ အုပ်ချပ်များကို မောင်ချင်းနှင့် အတူသယ်ယူပြီး ခြေထော များ ထောက်နိုင်အောင် အခုအခံပြုလုပ်ပေးလိုက်ပါသည်။ မောင်ချ ထောင်မှူးကြီးလာလျှင် ကြိုတင်သိနိုင်သည့်နေရာမှ စောင့်ကြည့်နေစေပါ



ဘသွင်နှင့် ဘိုးရင်တို့မှာ နာကျင်မှုသက်သာသွားသော်လည်း ယခင် အထက်ပင် အော်ဟစ်ရန် အကြံဉာဏ်ပေးရပါသည်။ မကြာမီ မောင်ချင်း ပြေးလာသည်။ ထောင်မှူးကြီး ကျောင်းလေ့ခါးမှ ဆင်းလာပြီဖြစ်ကြောင်း ပြောပါသည်။ ခုခံထားသည့် အုတ်ချပ်များကို အလျင်အမြန် ဖယ်ရှားလိုက် ရပါသည်။ ထောင်မှူးကြီး ရောက်လာသောအခါ မိမိ၏အပြုအမူများ သိရှိသွား မည်ကို စိုးရိမ်နေပါသည်။

'မောင်အုံးဖေ ကြိုးဖြုတ်လိုက်ပါ'ဟု ပြောသဖြင့် ကျွန်တော် ဝမ်းသာ သွားပါသည်။ တမာပင်တွင် ရစ်ပတ်ချည်ထားသော နာနတ်ကြိုးကိုဖြေ၍ လျှော့ချလိုက်ပါသည်။ နှစ်ဦးစလုံး၏ လက်ကောက်ဝတ်များတွင် အသား အရေများ ပွန်းပဲ့ပြီး နီရဲနေပါသည်။ ထောင်မှူးကြီးက စပါးကြိတ်ဆုံတွင် အလုပ်ချထားရန် ပြောပါသည်။

အလုပ်ချထားခြင်းကိစ္စကို ကျွန်တော်လုပ်ရမည်ဖြစ်သော်လည်း မည်သို့ ကြောင့်မသိ ထောင်မှူးကြီးက တိုက်ရိုက် အမိန့်ချလိုက်သဖြင့် ဘသွင်နှင့် ဘိုးရင်တို့ကို စပါးကြိတ်ဆုံရှိရာသို့ ခေါ်ဆောင်သွားပြီး ကြိတ်ဆုံဘာယာ ကိုဘခိုင်ကို အပ်လိုက်ပါသည်။ စိတ်ထဲတွင် မသိုးမသန့်ဖြစ်နေသည်။ ကျွန် တော်၏လုပ်ရပ်ကို 'ထောင်မှူးကြီး သိနေပြီလား'ဟု စိုးရိမ်နေသည်။

ကြိတ်ဆုံဘာယာ ကိုဘခိုင်သည် ရေစကြိုမြို့နယ် ရှင်မတောင်အနီးရှိ ခြေခဲတောင်ရွာမှ ဖြစ်သည်။ စာပေဗဟုသုတ ကြွယ်ဝပြီး အပြောအဆော ကောင်းသူဖြစ်၏။ ၁၉၄၃ ခုနှစ်က ပခုက္ကူထောင်ကို ဗုံးကြဲတိုက်ခိုက်ခြင်း ခံရမီ ဆီစက်ပိုင်ရှင် သူဌေးဦးကံဦးနှင့် ဇနီး ဒေါ်ကြင်တို့က ထောင်သား များကို မုန့်ဟင်းခါးကျွေးပါသည်။ ထောင်သားများကိုယ်စား ကိုဘခိုင်က ကျေးဇူးတင်စကား ပြောသည်မှာ–

"ကျွန်တော်တို့ ထောင်သားတွေကို လူရာသွင်းပြီး လာရောက် ကျွေးမွေးတဲ့အတွက် သူဌေးကြီးဇနီးမောင်နှံကို အထူးပင် ကျေးဇူးတင် တယ်။ လူအများက ထောင်သားဆိုလျှင် လူဆိုးလူမိုက်တွေ၊ ကိုယ်ကျင့်တရား ပျက်သူတွေ လူ့အရည်အချင်း ကုန်ခန်းနေသူတွေလို့ ထင်မြင်နေကြပါတယ်။ ဒါကို ကျွန်တော် ရှင်းပြလိုပါတယ်။ အပြင်မှာ လူကြီးလူကောင်းအသွင်ဆောင်ပြီး ကိုယ်ကျင့်တရား မကောင်းသူတွေ၊ ဘုရားဒကာ ကျောင်းဒကာဆိုပြီး အငယ်

www.burmeseclassic.com

www.burmeseclassic.com

အရောင်းထားသူတွေ၊ အလေးမမှန်တင်းမမှန် ရောင်းဝယ်ဖောက်ကားနေသူတွေ ရှိသလို ထောင်သားတွေထဲမှာလည်း ရိုးသားဖြောင့်မတ်တဲ့သူတွေ၊ ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံတဲ့သူတွေ ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ဆင်းရဲဒုက္ခ ရောက်ရှိနေကြတဲ့သူတွေကို ကျေးမွေးရတဲ့ အလှူဒါနဟာ အလွန်မွန်မြတ်ပါတယ်။ ဒီဒါန ဒီကုသိုလ်ကြောင့် သူဌေးကြီးဇနီးမောင်နှံ ရာသက်ပန် ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ကျွန်တော် ဆုတောင်းပတ္ထနာ ပြုပါတယ်ခင်ဗျား”

လက်ခုပ်သံတို့မှာ ထောင်အပြင်သို့ပင် လျှံထွက်သွားပါသည်။

○ ○ ○

## နတ်က ဆုမရအောင် ကာကွယ်ပေးသလား

၁၉၄၄ ခုနှစ်၊ မတ်လ ပထမပတ်တွင် ထောင်မှူးကြီး၏မိခင်နှင့်နှမများ၊ ညီများ ‘ယာပြင်ကျောင်းဆောင်’သို့ ရောက်ရှိလာပါသည်။ ဆိုးရွားလှသော ဒုတိယကမ္ဘာစစ်ကြီးအတွင်း တစ်လုံးတစ်စည်းတည်း အတူနေထိုင်ကြရန် ရောက်ရှိလာခြင်းဖြစ်သည်ဟု သိရပါသည်။

မိခင်ကြီးမှာ အသားဖြူ၍ ပိန်ပါးပါး၊ အရပ်ပုပြတ်ပြတ်နှင့် အသက်ခြောက်ဆယ်အရွယ်ခန့်ဖြစ်သည်။ နှမသုံးဦးမှာ အသက်နှစ်ဆယ်ကျော်နှစ်ဦးနှင့် တစ်ဦးမှာ အသက် ဆယ့်ခုနစ်နှစ်ခန့်ဖြစ်ပါသည်။ သုံးဦးစလုံး အပျိုများဖြစ်ပြီး လှပချောမောသူများဖြစ်ကာ အမည်မှာ မမတင်၊ မခင်တင့်၊ မမြင့်မြင့်တို့ ဖြစ်ကြပါသည်။ ညီအငယ်လေးမှာ အသက်ဆယ့်လေးနှစ်ခန့်ရှိပြီး ပိန်ပိန်လိုလို အရပ်ရှည်သည်။ အမည်မှာ ‘တင်မောင်ထွေး’ဟု ခေါ်ခြင်းအားဖြင့် အထွေးဆုံး အငယ်ဆုံးဖြစ်ဟန်ရှိ၏။

၎င်းတို့ ယာပြင်ကျောင်းထောင်သို့ ရောက်ရှိလာကြသည့်အချိန်မှစ၍ အချိန်ပိုင်း ထောင်ပိုင်ဖြစ်သူ နယ်ပိုင်ရာဇဝတ်တရားသူကြီး ဦးထွန်းတင်၏ သားများ သမီးများလည်း မကြာမကြာ အလည်လာကြသည်။ သူတို့သည် ဇာတိုင်းတိုင်း ကန္နီမြို့မှဖြစ်ကြပြီး ဆွေမျိုးလည်း တော်စပ်သည်ဟု သိရသည်။

ထောင်မှာ ယခင်ကထက် သာယာစိုပြည်နေသည်။ ဘုန်းတော်ကြီးကျောင်းတိုင်း၊ အရုဏ်ဆွမ်းကပ်လှူကြသည်။ ယာပြင်ကျောင်းသည် ဘာသာရေး

www.burmeseclassic.com

www.burmeseclassic.com

နှင့် လူမှုရေး ရောထွေးနေသော နေရာဌာနဟုဆိုလျှင် ဆိုနိုင်သော်လည်း ဘာသာရေးအတွက် လာရောက်သူက မရှိသလောက် နည်းပါးသည်။ လူမှုဆက်ဆံရေးအရ လာကြသူက များပေသည်။

ထောင်ဝင်စာတွေ့သူများမှာလည်း ပခုက္ကူထောင်မှာထက် ပိုများလာသည်။ အကြောင်းမှာ ထောင်ဝင်စာ တွေ့ရာတွင် ဘုရားအနောက်ဘက်ရှိ ထမာပင်ကြီးအောက်တွင် အကာအရံမရှိ၊ အတားအဆီးမရှိ လွတ်လပ်စွာပင် အိမ်အကြောင်း ရွာအကြောင်း၊ အမှုအကြောင်း ပြောခွင့်ရခြင်းကြောင့်ဖြစ်၏။ စားဖွယ်ရာများပေးရာတွင်လည်း စစ်ဆေးကြည့်ရှုပြီးမှ ပေးခွင့်ရသည်။ အဝင်အထွက်ကို ကျောင်းအဝင်ပေါက်မှ စောင့်ကြပ်နေသော တာဝန်ကျ ပြာတာက ရှာဖွေစစ်ဆေးမှုပြုပါသည်။

ကျွန်တော့်ကို ထောင်မှူးကြီးများက အခွင့်အရေးပေးခြင်းကို မနှစ်မြို့မလိုလားသူနှစ်ဦးရှိပါသည်။ ထိုသူများမှာ ပြာတာဦးဘရှိန်နှင့် ဦးကြင်မောင်တို့ဖြစ်ကြပါသည်။ ဘသွင်နှင့် ဘိုးရင်တို့ကို သစ်ပင်တွင် တွဲလန်းဆွဲပြီး အပြစ်ဒဏ်ပေးစဉ်က ကျွန်တော်မှ အုတ်ချပ်များ၊ အခုအခံများ ပြုလုပ်ပေးသည်ကို သူတို့ကိုယ်တိုင် တွေ့မြင်ခြင်းမရှိသော်လည်း ထောင်မှူးကြီး သိရှိအောင် မကြားနိုးနားသတင်းဖြန့်ကြသည်။ မီးထိုးပေးကြသည်။

ထိုအကြောင်းကို မောင်ချင်းလည်းသိသည်။ ကျွန်တော်လည်း သိသည်။ အကယ်၍ ထောင်မှူးကြီးက မေးမြန်းခဲ့သော် ကျွန်တော်သည် အမှန်အတိုင်းဝန်ခံမည်ဟု စိတ်တွင်ပိုင်းဖြတ်ထားပါသည်။ သို့ရာတွင် မည်သို့ကြောင့်တော့မသိ၊ ထောင်မှူးကြီးသည် ကျွန်တော့်ကို မေးမြန်းခြင်း မရှိခဲ့ပါ။ တစ်နေ့တွင် ထောင်မှူးကြီးက–

"မောင်အုံးဖေ၊ ရွာမပြန်ချင်ဘူးလား"ဟု မေးပါသည်။

လူ၏စိတ်သည် အလွန်မြန်ဆန်ပါသည်။ ရုတ်တရက်သော် 'စောဒကနိုင်ပြီ' ဟုထင်ပြီး ဝမ်းသာသွားပါသည်။ 'ပြန်ချင်တာပေါ့ဆရာ'ဟု ပြောလိုက်ပါသည်။

"ဆရာက မောင်အုံးဖေတို့ရွာမရောက်ဖူးလို့ ဒေသန္တရဗဟုသုတအနေနှင့် သွားလည်ဖို့ စိတ်ကူးနေတာကြာပြီ။ ဘယ်နေ့သွားချင်သလဲ"ဟု ကျွန်တော့်ကို မေးပါသည်။ "ယနေ့ပဲ သွားချင်ပါတယ်"ဟု ပြောလိုက်ပါသည်။ ပြောပြီးမှ ကျွန်တော် ဆန္ဒစော လောကြီးသွားမှန်းသိပါသည်။



အချိန်မှာ နေ့လယ် တစ်နာရီခန့်ရှိနေပါပြီ။ မတ်လ အပူရှိန်က ပူပြင်းလှန်းပါသည်။ ထနောင်းကုန်းရွာသည် ဆယ့်တစ်မိုင်ခန့်ဝေးပါသည်။ ထောင်မှူးကြီးက ပြုံးလျက်–

"ဒီနေ့တော့ မဖြစ်နိုင်ဘူးကွ။ မနက်ဖြန် နံနက်စောစော သွားရအောင် ဆရာ့ဆီလာခဲ့"ဟု ပြောပါသည်။ တစ်ဆက်တည်းပင် ဦးစောပေါ်ကိုလည်း လုပ်ရမည့်အလုပ်တာဝန်တွေကို မှာကြားနေပါသည်။ ထိုနေ့ညက ကျွန်တော် ကောင်းစွာ အိပ်မပျော်ပါ။ အကြောင်းမှာ ထောင်မှူးကြီး နေထိုင်ရန်နှင့် ညှော်ခံကျွေးမွေးရန်အတွက် စဉ်းစားရခြင်းကြောင့် ဖြစ်ပါသည်။ နေထိုင်ရန် သုံးအိမ်ရှိပါသည်။ အမေ့အိမ်နှင့် ယောက္ခမ ဒေါ်အုန်းမယ်အိမ်၊ ဦးရီးသောင်ဒေါ်နှင်းဥတို့အိမ် ဖြစ်ပါသည်။ နေရေးထိုင်ရေး၊ စားရေးသောက်ရေးကအစ ဧည့်ခံစကားပြောမည့်သူကိုပါ စဉ်းစားရပါသည်။ 'နောက်ဆုံး၌ ဦးရီးသောင်ဒေါ်နှင်းဥတို့အိမ်တွင် တည်းခိုနေထိုင်ရန် ဆုံးဖြတ်လိုက်ပါသည်။

ဦးရီးသောင်မှာ ကျွန်တော့်အမေ ဒေါ်ကြက်ရုံး၏ မောင်အရင်းဖြစ်သကဲ့သို့ ဒေါ်နှင်းဥမှာလည်း အမေ၏ညီမတစ်ဝမ်းကွဲ ဖြစ်ပါသည်။ ဦးရီးသောင်သည် စာဖတ်သည်။ ဗဟုသုတရှိသည်။ သား ကိုကျောက်ခွေးနှင့်သမီးသုံးတင်တို့နှစ်ဦးပဲ ရှိသည်။ မြေယာများကို တစ်ယောက်တစ်ဝက်ဖြင့် ခွဲဝေချထားသည်။

နှစ်ကေနီးပါးရှိ ခြံဝိုင်းကျယ်ကြီးထဲတွင် သရက်၊ မာလကာ၊ ရှောက်ချိုရှောက်ချဉ်၊ ဩဇာပင်၊ ဥသျှစ်ပင်၊ ငှက်ပျောပင်များ စိုက်ပျိုးပြီး အေးအေးလူလူထိုင်နေတတ်သူဖြစ်သည်။ တင်းဂါတ်သူကြီး ဦးစိန်မင်းလာလျှင် သူ့အိမ်မှာပင် တည်းသည်။ စားသည်။ မြို့မှ အရာရှိများလာလျှင်လည်း ဦးရီးသောင်အိမ်မှာပဲ နေကြစားကြသည်။ သူ့ဝိုင်းသူ့ခြံက သန့်ရှင်းသာယာသည်။ ကြည်သည်။ နေချင့်စဖွယ်ကောင်းသကဲ့သို့ ကျွေးမွေးချင်သည့် စေတနာလည်း ကောင်းသည်။

နံနက်စောစောတွင် ထောင်မှူးကြီးထံ ရောက်ရှိသွားပါသည်။ ထောင်မှူးကြီးက သူ့အမေကို ဝပ်ချကန်တော့ပြီး ကျွန်တော့်ကို သူ့လွယ်အိတ်လွယ်ခိုင်းပါသည်။ ရွှေတန့်တစ်ရွာရောက်သောအခါ ဦးတင်အိမ်ဝင်၍ ကျွန်တော့်အတွက် ယနေ့နှင့် မနက်ဖြန် ထမင်းမချက်ရန် ဒေါ်လှကြည်ကိုပြောပြီး ကျွန်တော်တို့နှစ်ဦး ခရီးနှင်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မယ်တော်လှဘုရားသို့ ရောက်ရှိလာကြသည်။ ဘုရားသည် ရေဝတီမြစ် ကမ်းပေါ်တွင် တည်ထားသည်။ ရေတိုက်စားခြင်းမရှိစေရန် ဘုရားအောက်ခြေတွင် ကျောက်များ ဖြန့်ကာရံထားသည့်အတွက် မြစ်ရေကြီးသည့်အခါ ဘုရားစေတီသည် ရေထဲတစ်ဝက် ကုန်းပေါ်တစ်ဝက် တည်ရှိနေပါသည်။ ဘုရား၏ မြောက်ဘက်တွင် အရိပ်အာဝါသကောင်းသောသစ်ပင်များ ရှိလေသည်။

နွေ၏သင်္ကေတဖြစ်သော ဥသြငှက်ငယ်သည် သစ်ပင်ထက်ဆီမှ ‘ဥသြ ဥသြ’ဟု သာယာစွာ တွန်ကျူးနေသည်။ ဘုရားအုတ်တံတိုင်းနှင့်ကပ်လျက်တွင် နတ်စင်တစ်ခုရှိသည်။ (၎င်းနတ်စင်မှာ ယခုတိုင် မပျက်မစီးရှိနေပါသေးသည်။) နတ်စင်အနီးတွင် ‘ဖိနပ်မစီးရ’ဟု သွပ်ပြားပေါင်းကို ထုံးဖြင့်ရေးသားထားသောစာကို တွေ့ရသဖြင့် ကျွန်တော် ဖိနပ်ချွတ်လိုက်ပါသည်။ နောက်မှ လိုက်ပါလာသော ထောင်မှူးကြီးက–

“မောင်အုံးဖေ၊ ဒါက ဘုရားဝိုင်းလား”ဟု မေးသည်။

“မဟုတ်ဘူးဆရာ။ ဘုရားဝိုင်းက တံတိုင်းအတွင်းမှာဖြစ်တယ်။ ဒါက နတ်စင်ရှိလို့ ဖိနပ်ချွတ်ဖို့ ရေးထားတာဖြစ်ဟန် ရှိပါတယ်”

“ဒီလိုဆို ဖိနပ်စီးပေါ့ကွာ။ နတ်က ဆူးမစူးအောင် ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး”ဟု ပြောပါသည်။ ထို့နောက် “မောင်အုံးဖေက နတ်ယုံကြည်သလား” ဟု မေးပါသည်။

“ကျွန်တော် မယုံကြည် မကိုးကွယ်ပါဘူးဆရာ။ ဖိနပ်ချွတ်တာက ရောမရောက်လျှင် ရောမလို ပြုကျင့်တဲ့သဘောပါ”

“ဘာပြုလို့ နတ်ကို မယုံကြည် မကိုးကွယ်တာလဲ”

“ကျွန်တော့်အတွေ့အကြုံအရ ယုံကြည်မှုမရှိလို့ပါဆရာ”

“မောင်အုံးဖေ အတွေ့အကြုံကို ပြောပါဦး။ ဆရာလည်း ဗဟုသုတအဖြစ် သိချင်ပါတယ်”

ကျွန်တော်တို့လာသောလမ်းမှာ မြစ်ကမ်းဘေးဖြစ်၍ နံနက်ခင်းအခါ မြစ်ပြင်ပေါ်မှ ဖြတ်သန်းပြေးလွှားလာသော လေပြည်လေညင်းကလေးများ ကထိကပါး ရိကပါး ကြည်စယ်သွားသဖြင့် စိတ်မှာ ရွှင်လန်းတက်ကြွသည်။ ပြောလိုသောစကားကိုလည်း ပြောချင်နေပါသည်။

“ကျွန်တော့်အသက် ဆယ့်ငါးနှစ်အရွယ်က ရေစကြိုမြို့ ဆင်တဲတာရပ် ကုန်သည်ကြီး ဒေါ်အုန်းပွင့်အိမ်မှာ ထမင်းစား အခမဲ့အလုပ် လုပ်ရပါတယ်။ ဒေါ်အုန်းပွင့်မှာ ကျွန်တော့်ကို စာသင်ပြပေးတဲ့ စိုတွင်းရွာဆရာတော် ဦးဇဝနရဲ့ တူမအရင်းဖြစ်ပါတယ်။ ဒေါ်အုန်းပွင့်ခင်ပွန်း ဦးဘိုးသစ် ကွယ်လွန်သွားလို့ အထောက်အကူရရှိစေလိုတာက တစ်ကြောင်း၊ ကျွန်တော့်ကို အရောင်းအဝယ် ညာတတ်စေလိုတာက တစ်ကြောင်းတို့ကြောင့် ဘုန်းတော်ကြီးက ဒေါ်အုန်းပွင့်အိမ်ကို ပို့ပေးခြင်းဖြစ်ပါတယ်။

ဒေါ်အုန်းပွင့်မှာ သားသမီး ရှစ်ယောက်ရှိပါတယ်။ ကိုတင်ဦး၊ ကိုစိန်ဖူး၊ မအေးလေး၊ ကိုမောင်မောင်၊ မမြလေး၊ မသိန်းညွန့်၊ ကိုကျော်ဒွန်းတို့ ဖြစ်ကြပါတယ်။ အကြီးဆုံးငါးယောက်က ကျောင်းနေကြပါတယ်။ ကူဖော်လောင်ဖက်အဖြစ် လာရောက်နေကြတဲ့ ဒေါ်အုန်းပွင့် တူမအရင်း မအေးမိနှင့် မမြရှင်တို့လည်း ရှိကြပါတယ်။ သူတို့ဟာ ရုပ်ရည်ချောမောလှပပြီး အပျိုတွေ ဖြစ်ကြပါတယ်။ ကျွန်တော်က ချက်ရေးပြုတ်ရေးနှင့် သန့်ရှင်းရေး လုပ်ရပါတယ်။ အရောင်းအဝယ်မှာလည်း ပါဝင် ကူညီရပါတယ်။ ကလေးတွေရဲ့ ချေးသေးကိုလည်း ကျွန်တော်ပဲ သုတ်သင်ရှင်းလင်းရပါတယ်။

တစ်နေကုန်တစ်နေခန်း အလုပ်လုပ်ရပါတယ်။ နေ့လယ်နေ့ခင်း ကျောင်းနေခွင့်မရပါဘူး။ ဒေါ်အုန်းပွင့်ဟာ စာမတတ်ပေမယ့် ပါးရည်နပ်ရည်ရှိတဲ့ အဒေါ်ကြီးပါ။ ကျွန်တော့်ကို သား သားလို့ခေါ်ပြီး မညှာမတာ ခိုင်းပါတယ်။ ညဉ့်ညတိုင်း ဆယ်နာရီထိုးပြီးမှ အိပ်ရပါတယ်။ နံနက် ငါးနာရီဆိုလျှင် ထမင်းဟင်းလျာချက်ရပါတယ်။ ကျွန်တော်ရောက်ပြီး ငါးလလောက်ကြာတော့ သားအကြီးဆုံးကိုတင်ဦးနှင့် မအေးမိတို့ မင်္ဂလာဆောင်ကြပါတယ်။ ကိုတင်ဦးက ငယ်သေးတယ်။ သူကလည်း ပေါကြောင်ကြောင်ပါ။ သားမင်္ဂလာဆောင်ပြီး အိမ်ခွဲမနေကြပါဘူး။ ဒေါ်အုန်းပွင့်လည်း အိမ်နီးချင်းဦးကျားလှဆိုတဲ့ အရက်သမား၊ ဘိန်းသမားကြီးနှင့် အိမ်ထောင်ပြုပြန်ပါတယ်”

“ဒေါ်အုန်းပွင့်မှာ သားသမီးရှစ်ယောက် ရှိတယ်မဟုတ်လား”ဟု ထောင်မှူးကြီးက မေးပါသည်။

“ရှိပါတယ်ဆရာ။ အသက်ကလည်း လေးဆယ့်သုံးနှစ်ရှိပါပြီ။ သားတွေ သမီးတွေကလည်း သဘောမတူကြပါဘူး။ မောင်အရင်းဖြစ်တဲ့ ဦးဘိုးတင့် ဦးဘိုးသင့်တို့ကလည်း အိမ်ထောင်မပြုဖို့ ကန့်ကွက်တားမြစ်ကြပါတယ်။ ဒါပေမယ့် မရပါဘူးဆရာ။ ကာမရာဂ အလိုဆန္ဒဆိုတာ ထိန်းချုပ်နိုင်ဖို့ အလွန်ခက်ခဲပါတယ်။ ဆားငံရေသောက်သလို သောက်လေသောက်လေ တော်မပြေပါ”

www.burmeseclassic.com



"ဓောင်အုံးဓေရဲ့ အဘိဓမ္မာက မဆိုးဘူးကွ။ ကဲ ဆက်ပြောပါဦး"

"သူတို့ချင်း ငြိစွန်းနေတာက တစ်လခန့်ရှိပါပြီ။ အိမ်မှာ ဘိတ်ဆုံ အိပ်ရသူက ကျွန်တော်ပါ။ တံခါးပိတ်တဲ့အခါ ဂျက်မထိုးဘဲ စေ့ရုံစေ့ထား လို့ ဒေါ်အုန်းပွင့်က ပြောထားပါတယ်။ ညစဉ်ညတိုင်း ဦးကျားလူ လာ တယ်။ လူသိရှင်ကြား လင်မယားဖြစ်ပြီးနောက် ဦးကျားလူဟာ ဒေါ်အုန်းပွ အိမ်ကို လာနေပါတယ်။ ဦးကျားလူမှာ သမီးလေးယောက် ရှိပါတယ် မသန်းတင်၊ မသန်းရှင်ဆိုတဲ့ အကြီးနှစ်ယောက်က အိမ်ထောင်သည်ပါ မအေးယု၊ မအေးမူဆိုတဲ့ အငယ်နှစ်ယောက်က အပျိုပါ။ ဒေါ်အုန်းပွင့်အိမ်နဲ့ ဦးကျားလူအိမ်က တိုက်တစ်လုံးနှင့် လမ်းတစ်လမ်းပဲ ခြားပါတယ်။ တစ်အိမ် နှင့်တစ်အိမ် ကူးသန်းသွားလာမှုက ပြတ်တယ်လို့ မရှိပါဘူး။ အသွားအလာ အများဆုံးက ကျွန်တော်ပါ။ ဦးကျားလူကလည်း ခိုင်းတယ်။ ဒေါ်အုန်းပွ ကလည်း ခိုင်းတယ်။ ကျွန်တော်ကလည်း သွားချင်နေပါတယ်။

နီးစပ်ရာဖြစ်တတ်သလို မအေးယုနှင့် ကျွန်တော် အတွေ့အမြင်များပြီ သမီးရည်းစားဘဝ ရောက်ရှိလာကြပါတယ်။ မအေးယုဟာ ကျွန်တော့်ထ အသက်နှစ်နှစ် ကြီးပါတယ်။ အသားညိုပြီး ကိုယ်လုံးကိုယ်ပေါက်ကလည် ကျွန်တော့်ထက် အရပ်မြင့်ပါတယ်။ ချောတယ်လှတယ်လို့ မဆိုနိုင်ပေမ ကျွန်တော့်အနေနှင့်တော့ တကယ့်ကို ချစ်စရာကောင်းလှပါတယ်။ ကျွန်တော ရဲ့ဘဝမှာ ရည်းစားဦးဖြစ်လို့ အရူးအမူး ချစ်ခဲ့ပါတယ်။ မတွေ့ရ မမြင် မနေနိုင်အောင် ဖြစ်မိပါတယ်။ တစ်နေ့မှာ ဦးကျားလူနှင့် ဒေါ်အုန်းပွင့် ဟာ ကြွေးမြီများ တောင်းရမ်းဖို့အကြောင်းပြပြီး ပေါင်းမိုးလှည်းကြီးနဲ့ (ဟန်းနီးမွန်း)ခရီး ထွက်ဖို့ စီစဉ်ကြပါတယ်။ လမ်းခရီး စားဖို့ အသားဟင်း ပါသောင်းတွေကိုလည်း ချိုင့်ကြီးချိုင့်ငယ်နှင့် ထည့်ပေးရပါတယ်။ မုန့်ပဲသွားရေ စာတွေကလည်း စုံလို့ပါ။ ပြီးတော့ ကြက်ဖိုကြက်ပေါင်တွေကိုကြော်ပြီး အပေါ်ထပ်မှာ ကိုကြီးကျော်နတ်ကို တင်ပါတယ်။ အရက်တစ်ပုလင်းလည ပါရှိပါတယ်။ ငွေအကြွေတွေကို ရေဆေး၊ ကလပ်ကလေးထဲကိုထည့် အမွှေးနံ့သာတွေလည်း ပက်ဖျန်းပါတယ်။ ခရီးထွက်မယ့်နေ့ နံနက်စော မှာ ဒေါ်အုန်းပွင့်က

"သား၊ အရှင်သခင်တင်ထားတဲ့ပစ္စည်းတွေကို ဘယ်သူမှ မကိုင်စေ နော်။ ကိုင်လျှင် ကိုင်တဲ့လူကိုလည်း ဥပါဒ်အန္တရာယ်ပေးနိုင်တယ်။ ပြီးတော



တို့သွားတဲ့ ခရီးလမ်းမှာလည်း ဒုက္ခတွေ့နိုင်တယ်လို့ ပြောပါတယ်။ တ်ကဲ့ပါ'လို့ ကျွန်တော်က ပြောလိုက်ပါတယ်။ အိမ်ကိုလည်း ကြီးကြပ် ရှောက်ဖို့ လွှဲအပ်သွားပါတယ်"

"သူ့သားတွေကို ဘာလို့မလွှဲတာလဲ"လို့ ထောင်မှူးကြီးက မေးပါ သည်။

"ကိုတင်ဦးက နားလေးပြီး မရောင်းတတ်မဝယ်တတ်ပါဘူး။ ကိုစိန်ဖိုး က ကျွန်တော့်ထက် အသက်လေးလကြီးပေမယ့် ကျောင်းသားဖြစ်ပါတယ်။ နေ့ လေးနာရီအချိန်ခန့်မှာ မအေးယုနှင့် တွေ့လိုတာနှင့် သူတို့အိမ်ကို ားပါတယ်။ အိမ်ထဲမှာ မအေးယုကို မတွေ့လို့ နောက်ဖေးကို ထွက်လာ ပါတယ်။ မီးဖိုချောင်ထဲမှာ ရှိမယ်ထင်ပြီး မီးဖိုချောင်တံခါးကို ဆွဲလှပ်လိုက် တယ်။ မအေးယုရဲ့ ခဲအို 'ကိုလောက်'နှင့် အမည်မသိသူတစ်ဦးတို့ အရက် သောက်နေကြပါတယ်။ အမြည်းကတော့ ဒယ်ပိုင်းကလေးနှင့် ချက်ထားတဲ့ ကြက်သားချက်ပါ။ ကိုလောက်က အရက်သောက်ဖို့ပြောပါတယ်။ ကျွန်တော် အရက်တော့ မသောက်ချင်ဘူးဗျာ။ ကြက်သားချက်တော့ စားဦးမယ်ဆိုပြီး ယ်ပိုင်းထဲက ကြက်သားချက်တွေကို နှိုက်ယူစားပါတယ်။ ကိုလောက်က ရက်သောက်မှ ပိုစားကောင်းတယ်ဆိုပြီး အရက်ပန်းကန်ကလေးကို ကျွန်တော့် ပေးပါတယ်။ ပါးစပ်တော့ရုံပဲ ရှိပါသေးတယ်။ မီးဖိုတံခါးလှပ်သံကြားလို့ ည့်လိုက်တော့ မအေးယုဖြစ်နေပါတယ်။ သဘောမကျတဲ့အနေနှင့် တံခါးကို ဂျိမ်းခနဲ ပိတ်ထွက်သွားပါတယ်။ ကျွန်တော် ရိပ်မိလိုက်ပါပြီ။ ကြာနေလို့ မဖြစ်ဘူးထင်ပြီး မီးဖိုထဲကထွက်လာခဲ့ပါတယ်။ အိမ်တံခါး ဝင်မှာ မအေးယုနှင့် ရင်ဆိုင်တွေ့ပါတယ်။

ချွေးရည်တွေသောက်တယ်။ နောက်ကို အိမ်မလာခဲ့နှင့်သွားလို့ တံတောင် ွက်ပြီး နှင်ထုတ်ပါတယ်။ ကျွန်တော်လည်း အိမ်ပြန်လာပြီး မအေးယုကို တိုက်လိုတဲ့စိတ်နှင့် ကိုကြီးကျော် အရက်ပုလင်းကိုယူပြီးမော့သောက် ပါတယ်။ မူးချင်လို့သာ သောက်ရတယ် အဝင်ဆိုးတော့ မျက်ရည်တွေ လာပါတယ်။ ကျွန်တော့်ဘဝမှာ ကနဦး အရက်သောက်ဖူးခြင်း ဖြစ်ပါ ။ အရက်ပုလင်းလေးပုံတစ်ပုံလောက် ကုန်သွားတော့ မူးပြီလာပါ ။ ကလပ်ထဲက ပိုက်ဆံအကြွေတွေကိုလည်း အကျႌအိတ်ထောင်ထဲထည့် မအေးယုတို့အိမ်ကို ထွက်လာခဲ့ပါတယ်။ အိမ်အဝင်မှာ တံခါးဘုံနှင့်

www.burmeseclassic.com



တိုက်မိပြီး မှောက်လျက်လဲသွားပါတယ်။ အိပ်ထောင်ထဲက ပိုက်ဆံတွေကလည်း တချွင်ချွင်နှင့် လွင့်စင်ထွက်သွားပါတယ်။ ကလေးနို့တိုက်နေတဲ့ မသန်းတင်က–

“ဟဲ့ အေးယူ၊ လာစမ်း လာစမ်း။ အုံးဖေလဲလို့ဆိုပြီး ပျာပျာသလဲ လှမ်းခေါ်ပါတယ်။ စကောထဲက စပါးလုံးတွေကောက်နေတဲ့ မအေးယူ ‘မလာချင်ပါဘူး အရက်တွေသောက်လို့လဲတာ သေသေလို့’ ပြောပါတယ်။ အုံးဖေ အရက်မသောက်ပါဘူးဟဲ့ လာစမ်းပါ’လို့ ထပ်မံခေါ်ပါတယ်။ ‘ကိုး ယောကျ်ားနှင့် တစ်ညနေလုံး မီးဖိုချောင်ထဲမှာ အရက်သောက်နေတာ တို့ မသိဘူးလား’လို့ ပြန်မေးပါတယ်။ မသန်းတင်က သူ့သမီး ကြည်ကြည်ကို ကျွန်တော်တို့အိမ်လွှတ်ပြီး အကြောင်းကြားစေပါတယ်။ ကိုစိန်ဖူး လိုက်လာပါတယ်။ မှောက်လျက်လဲနေတဲ့ ကျွန်တော့်ကို တွဲထူပြီး ‘မောင်အုံး မင်း ယုံလို့ လူကြီးတွေက လွှဲအပ်ထားခဲ့တာ မင်း ဒီလိုလုပ်တာ ကောင်းသလား’ လို့ပြောပြီး ကျွန်တော့်ပါးများ၊ နားများကို လက်ဝါးနှင့် တဖျန်းဖျန်းရိုက်ပါတယ်။ ရိုက်ချက်ကပြင်းလည်းပြင်း၊ များလည်းများတော့ ကျွန်တော့်ပါး၊ နားတွေ ပူထူနေပါတယ်။ ကျွန်တော့်ကိုကြည့်ပြီး မအေးယူ စိတ်မကောင်းဖြစ်နေဟန် ရှိပါတယ်။

ကိုစိန်ဖူးက ကျွန်တော့်ကို အိမ်သို့ဆွဲခေါ်သွားပြီး ရေနွေးဖတ်များ ခက်ကိုအုပ်ပေးပါတယ်။ ကျွန်တော်လည်း တစ်နေကုန် ပင်ပန်းဆင်းရဲတာ အိပ်ပျော်သွားပါတယ်။ နံနက်မိုးလင်းတော့ လျှော့နေတဲ့ ကိုကြီးကျော် အ ပုလင်းထဲကို ရေများဖြည့်စွက်လိုက်ပါတယ်။ ကလပ်ထဲကိုလည်း အကြွေ ပြန်ထည့်ထားလိုက်ပါတယ်။

လေးငါးရက်ကြာတော့ ဦးကျားလူနှင့် ဒေါ်အုန်းမွှင့်တို့ ပေါ် လှည်းကြီးနှင့် ပြန်လာကြပါတယ်။ သူတို့မှာ ကြွေးမြီပေါင်းများ တောင်း ရခဲ့လို့ ပျော်ရွှင်နေကြပါတယ်။ ကျွန်တော် စဉ်းစားကြည့်ပါတယ်ဆရာ ကိုကြီးကျော် အရက်ယူသောက်တဲ့ ကျွန်တော့်မှာလည်း ဘာမှမဖြစ်။ ဦးကျား ဒေါ်အုန်းမွှင့်တို့ရဲ့ ခရီးလမ်းပန်းမှာလည်း ချောမွေ့အောင်မြင်လာတော့ ကိုကြီးကျော်မှာ အောင်းကျိုးဆိုးကျိုးပေးနိုင်တဲ့ တန်ခိုးအာဏာပါဝါ ဘာမျှမရှိ ယုံကြည်နေခဲ့ပါတယ်ဆရာ”



အချိန်မှာ နံနက် ခုနစ်နာရီခန့်ဖြစ်၏။ ကျွန်တော်တို့ဆရာတပည့် နှစ်ဦး စကားတပြောပြောနှင့် လာကြသည်မှာ ဗုဒ္ဓကုန်းသစ်တောရုံးပိုင်းရှေ့သို့ ရောက်ရှိလာကြပါသည်။ ထိုအခိုက် ပခုက္ကူမြို့ဘက်မှ လေယာဉ်ပျံအသံနှင့် စက်သေနတ်သံများ ကြားရသဖြင့် လမ်းဘေးရှိ တမာပင်ကြီးကို အကာအကွယ် ယူပြီး အခြေအနေကို စောင့်ကြည့်နေကြရပါသည်။

“ဒက် ဒက် ဒက် ဒက်”

“ဒေါင် ဒေါင် ဒေါင် ဒေါင်”

စက်သေနတ်ပစ်သံများက အဆက်မပြတ်ပါ။ သံချောင်းခေါက်သံ၊ ဥသြဆွဲသံတို့ဖြင့် ဆူညံနေသည်။ အချိန်အတန်ကြာမှ ဆူညံနေသောအသံများ ငြိမ်သက်သွားသဖြင့် ခရီးဆက်ခဲ့ကြပါသည်။ မြို့ပေါ်ရောက်ရှိသောအခါ ကလေးဝသို့ပို့ရန် ရိက္ခာလှေများကို လေယာဉ်ပျံမှ စက်သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်၍ လှေနှစ်စင်း နစ်မြုပ်သွားကြောင်း၊ လူတစ်ယောက်သေပြီး သုံးဦး ဒဏ်ရာရကြောင်း၊ တစ်ဦးမှာ လက်ပြတ်ပြီး တစ်ဦးမှာ စိုးရိမ်ရသည့်အတွက် လူနာနှစ်ဦး ကွမ်းရွာဆေးရုံသို့ ပို့လိုက်ရကြောင်း ကြားသိရပါသည်။

လေယာဉ်ပျံအန္တရာယ်ကို ကြောက်ရွံ့သဖြင့် မြို့ထဲ၌ နားနေခြင်း မပြုဘဲ ဆက်လက်လာခဲ့ရာ နံနက် ရှစ်နာရီခန့်တွင် မြို့အနောက်ဘက်ရှိ ကုက္ကိုလုရွာသို့ ရောက်ပါသည်။

လမ်းဘေးညောင်ပင်ကြီးအောက်တွင် အကြော်ဖိုရှိသဖြင့် ဘူးသီးကြော် ဝယ်၍ ရေနွေးကြမ်း သောက်ကြပါသည်။ ဘူးသီးကြော်မှာ လတ်ဆတ်သည့်အပြင် ကြက်သွန်၊ ရေတံသီးစိမ်း၊ နံနံပင်တို့နှင့် တွဲဖက်စားရသဖြင့် ထောင်မှူးကြီးက စား၍ကောင်းကြောင်းပြောပါသည်။ အကြော်ဖိုပိုင် ဒေါ်ရီကမူ သဘောကျ၍ ပြုံးနေပါသည်။

ကုက္ကိုလုရွာမှ ထွက်လာပြီး ကြက်တန်းကုန်း၊ ကျွန်းဦး၊ လယ်ယာစု၊ ကျွန်းညိုရွာသို့ ရောက်ရှိလာသောအခါ မြကောင်း၊ ဘိုးထူးတို့ရွာဖြစ်ကြောင်း ကျွန်တော်က ပြောပြပါသည်။

“ရွာတောင်ဖျား အစွန်ဆုံးအိမ်ကြီးက ဦးမောင်ကြီး၏အိမ်ဖြစ်ကြောင်း၊ ဦးစောပေါ်နှင့် ကျွန်တော် ထိုအိမ်မှာတည်းခိုနေထိုင်ခဲ့ကြောင်း၊ သူကြီးနှင့် သမီးအကြီး မခင်သိန်းမှာ အလွန်သဘောကောင်းကြောင်း၊ ဧည့်ဝတ်လည်း ကျေပွန်ကြောင်း” ပြောပြသောအခါ ထောင်မှူးကြီးက–

www.burmeseclassic.com

www.burmeseclassic.com



"ဝင်ရောက်နှုတ်ဆက်ဖို့တော့ ကောင်းတာပဲကွာ။ ဒါပေမယ့် အချိန်က မရဘဲဖြစ်နေတယ်"ဟု ပြောပါသည်။

"ရှေ့မှာမြင်နေရတဲ့ ရွာတန်းရှည်ကြီးဟာ ကျွန်တော်တို့ရွာပါ။ နှစ်မိုင်လောက်ပဲ ဝေးပါတယ်။ မြောက်ဘက်ရွာက ရှားတော၊ ကျွန်တော့်မိန်းမရွာပါ။ တောင်ဘက်ရွာက ထနောင်းကုန်း၊ ကျွန်တော်တို့နေတဲ့ရွာပါ။ တစ်ရွာနှင့်တစ်ရွာ လှည်းတစ်ခွင်စာပဲ ခြားပါတယ်"ဟု ပြောသောအခါ–

"ဆရာ ဘယ်ရွာနေရမှာလဲ"ဟု မေးပါသည်။

"ကျွန်တော်တို့ရွာမှာ နေရမှာပါ"

"ဘယ်ရွာပဲနေရနေရ ဆရာဖြစ်ပါတယ်။ ပြီးတော့ ဆရာဖြစ်သလိုလည်း စားနိုင်တယ်၊ နေနိုင်တယ်၊ ဆရာ့အတွက် မောင်အုံးဖေ တာဝန်တက်မှာကိုတော့ စိုးရိမ်တယ်"

ကျွန်တော့်အပေါ်ထားရှိသော ထောင်မှူးကြီး၏မေတ္တာစေတနာကား ကြီးမားလှပါသည်။ ဆယ့်တစ်မိုင် ဝေးကွာသောခရီးကို လိုက်လံပို့ဆောင်ပေးသော ဆရာ၏ကျေးဇူးကို မည်သည့်အခါမျှ မေ့နိုင်လိမ့်မည် မဟုတ်ပါ။

အချိန်မှာ နံနက် ဆယ်နာရီခန့်ရှိပါပြီ။ မတ်လဖြစ်၍ ဥတုရာသီ ပူပြင်းပါသည်။ ရှားတောရွာရောက်သောအခါ "ကျွန်တော့်မိန်းမ မအေးမိကို ဝင်ရောက်နှုတ်ဆက်လို၍ ခဏစောင့်ဆိုင်းပါရန်" ပြောပြီး ထောင်မှူးကြီးကို ရွာခေါင်းရင်း လှည်းလမ်းတွင် ထားခဲ့ပါသည်။

မအေးမိတို့အိမ် ဝင်ရောက်သွားရာ အဆင်သင့်ပင် မအေးမိနှင့် တွေ့ရ၍ ဝမ်းသာသွားပါသည်။ မအေးမိသည် ကျွန်တော့်ကို မမျှော်လင့်ဘဲ ရုတ်တရက်မြင်သောအခါ ပြုံး၍ ကျွန်တော့်ဆီသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာပါသည်။

"ကိုအုံးဖေ စောဒကနိုင်ပြီလား"ဟု မေးပါသည်။

"မနိုင်သေးဘူး။ ထောင်မှူးကြီးပါတယ်"

"ဘယ်မှာလဲ"

"ရွာခေါင်းရင်းမှာ"

"ဟောတော် အိမ်ခေါ်ခဲ့ပါလား"

"မခေါ်တော့ဘူး။ ဦးရီးသောင်တို့အိမ်သွားမယ်။ မအေးမိက ရှိ[illegible] ထမင်းဟင်း ယူလာခဲ့ပါ။ အဲဒီကျမှ ထောင်မှူးကြီးနှင့် တွေ့တာပေါ့"ဟု ပြော[illegible]ပြီး ပြန်လာခဲ့ပါသည်။ ထောင်မှူးကြီးက–



"မိန်းမနှင့်တွေ့ခဲ့ရဲ့လား"ဟု မေးပါသည်။

"တွေ့ခဲ့ပါတယ်ဆရာ။ သူလည်း ဆရာနှင့်တွေ့ရအောင် လာပါလိမ့်မယ်"ဟု ပြောလျက် ထနောင်းကုန်းရွာဘက်သို့ ထွက်လာကြပါသည်။

လမ်းတွင် တွေ့သူများက ကျွန်တော့်ကို နှုတ်ဆက်ကြပါသည်။ အချို့က–

"ထောင်မှလွတ်လာပြီလား"ဟု မေးကြပါသည်။

ဦးရီးသောင်အိမ်သို့ ရောက်သောအခါ ကျွန်တော်က ထောင်မှူးကြီးနှင့် မိတ်ဆက်ပေးပါသည်။ ထောင်မှူးကြီးကို ဦးရီးသောင်အိမ်မှာ နေခွင့်ပြုစေလိုကြောင်းပြောရာ ဦးရီးသောင်က ဝမ်းမြောက်ဝမ်းသာပင် သူ့အိမ်မှာနေပြီး စားရန်ပြောပါသည်။ ကျွန်တော်က ဒေါ်နှင်းဥနှင့် မလုံးတင်တို့ကို ထမင်းမစားခဲ့ရသေးကြောင်း ပြောပါသည်။

တောင်ဘက်ကအိမ်မှာ အမေ့အိမ်ဖြစ်၍–

"အမေ့ကိုသွားရောက်နှုတ်ဆက်ဦးမည်"ဟု ထောင်မှူးကြီးကိုပြောကာ ထွက်လာခဲ့ပါသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူနှင့်တွေ့ရ ထိုတစ်ညတွင်

အမေသည် ကျွန်တော့်ကို မမျှော်လင့်ဘဲ ရုတ်တရက် တွေ့မြင်လိုက်သာအခါ ဝမ်းသာပြီး အမေ့မျက်နှာ ကြည်လင်ရွှန်းမြသွားပါသည်။

“သားတို့ရပ်ရည် သီတာမည်သား။ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျကတို့ဝမ်း၊ ငြိမ်းစတမ်း” မဟုတ်ပါလား။

“အုံးဖေ၊ ထောင်ကလွတ်လာပြီလား”ဟု ဝမ်းသာအားရ မေးပါသည်။

“မဟုတ်သေးဘူး အလည်လာတာ။ ထောင်မှူးကြီးပါတယ်”

“ထောင်မှူးကြီးက ဘယ်မှာလဲ”

“ဦးရိုးသောင်တို့အိမ်မှာပါ။ အမေလည်း ထောင်မှူးကြီးဆီလာပြီး နေပါဦး”ဟုပြော၍ ပြန်လာခဲ့ပါသည်။

အိမ်အောက်ထပ်တွင် ဦးရိုးသောင်နှင့် ထောင်မှူးကြီးတို့ စကားပြောနေသည်။ ဦးရိုးသောင်သည် အသားညိုပြီး ပိန်ပါးပါး အရပ်မြင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်နှင်းဥမှာ အသားဖြူ၍ အနည်းငယ် ဝဖိုင့်ပါသည်။ ကျွန်တော်က 'ဥ'လို့ ခေါ်ပါသည်။ သား ကိုကျော်ခွေးနှင့် မလုံးတင်တို့မှာ အိမ်ထောင်မရှိကြသေးပါ။

ဥနှင့် မလုံးတင်တို့သည် မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေကြသည်။ ကျွန်တော်သည် ထောင်မှူးကြီးကို ခွင့်တောင်းပြီး မအေးမိတို့အိမ်သို့ ထွက်လာခဲ့ပါသည်။ ရွာတောရွာ ခေါင်းရင်းရောက်သောအခါ မအေးမိနှင့် မဆွဲမိတို့ ထမင်းချိုင့်ဆွဲလျက် လာကြသည်ကို တွေ့ရပါသည်။ မဆွဲမိသည် မအေးမိထက် အသက် လေးငါးနှစ်ခန့်ကြီးပြီး ညီအစ်မနှစ်ဝမ်းကွဲ တော်ပါသည်။ ကျွန်တော်နှင့်လည်း မောင်နှမနှစ်ဝမ်းကွဲပင်။

"ဘာဟင်းတွေ ပါသလဲ"

"ငါးချက်နှင့် ခရမ်းသီးမီးဖုတ်၊ ငရုတ်သီးငါးပိကြော်ပါတယ်"ဟု မအေးမိက ပြောပါသည်။ ကျွန်တော်တို့ ဦးရီးသောင်အိမ်ရောက်သောအခါ အမေရောက်ရှိနေပြီး ထောင်မှူးကြီးနှင့် စကားပြောလျက် ရှိပါသည်။ ကျွန်တော်က မအေးမိကို ထောင်မှူးကြီးနှင့် မိတ်ဆက်ပေးပါသည်။ ထောင်မှူးကြီးက မအေးမိကိုကြည့်ပြီး–

"မောင်အုံးဖေ၊ ဆရာ့အတွက် မအေးမိကို ဘာမှ မလုပ်ပါစေနှင့်ကွာ ဦးရီးသောင် ဒေါ်ကြီးဥတို့ကျွေးတာကိုပဲ စားမယ်"ဟုပြောသောအခါ ခေါ်နှင်းဥက–

"ထောင်မှူးကြီး ဘာမှ အားမနာနှင့်။ မပြန်မချင်း ကျုပ်တို့အိမ်မှာ စားပါ"ဟု ပြောပါသည်။ ထမင်းစားကြသောအခါ ထောင်မှူးကြီးက ဦးရီးသောင် ထမင်းပန်းကန်ထဲသို့ ငါးကြင်းသားတစ်ဖတ် ထည့်ပေးပါသည်။ ကျွန်တော်က ယင်ခြောက်ယပ်ခတ်ပေးသည်။

"မောင်အုံးဖေ၊ ဒါက ဘာလဲ"ဟု ပန်းကန်ကို လက်ညှိုးနှင့် ထိုးပြ မေးသည်။

"ခရမ်းသီးမီးဖုတ်ပါဆရာ"

ထောင်မှူးကြီးက ခရမ်းသီးမီးဖုတ်ကိုစားပြီး–

"ခရမ်းသီးချက်ပဲ စားဖူးတယ်။ ခရမ်းသီးမီးဖုတ် မစားဖူးဘူး။ ကောင်းတယ်"ဟု ပြောသောအခါ မအေးမိက ကျေနပ်သည့်သဘော ပြုံးနေပါသည်။ ကျွန်တော်တို့ ထမင်းစားပြီးကြသောအခါ မအေးမိက ထောင်မှူးကြီးနှင့် ဦးရီးသောင်ကို နှုတ်ဆက်၍ ပြန်သွားပါသည်။ ရွာခေါင်း



ထမ်းပေါ်ရောက်အောင် လိုက်လံပို့ဆောင်ပေးရာ မအေးမိက ထောင်မှူးကြီးကို ထမင်းကျွေးလိုကြောင်း ပြောပါသည်။ ကျွန်တော်က–

"စားမှာမဟုတ်ဘူး။ မစားတဲ့အကြောင်းက မအေးမိမှာ ပေါ့ပေါ့ပါးပါး မဟုတ်လို့ သူ့အတွက် တာဝန်မတက်စေချင်တဲ့သဘောပဲ"ဟု မအေးမိ ကျေနပ်မှုရှိစေရန် ပြောပြလိုက်ပါသည်။

ကျွန်တော် ဦးရီးသောင်အိမ်ရောက်သောအခါ သားကိုကျော်ခွေး၊ ခိုင်းကပြန်လာပြီး ထမင်းစားနေသည်ကို တွေ့ရပါသည်။ ကိုကျော်ခွေးသည် အသားလတ်လတ် အရပ်ရှည်လျားလျားနှင့် မျက်လုံးပြူးသည်။

ဦးရီးသောင်က စာဖတ်ဝါသနာပါသော်လည်း ကိုကျော်ခွေးကား စာဖတ် ဝါသနာပါသူမဟုတ်ပေ။ ဖဲရိုက်ဝါသနာကြီးသကဲ့သို့ ကြက်မွေးမြူရေးကိုလည်း ဝါသနာကြီးသူဖြစ်သည်။

ကိုကျော်ခွေး ကိုးနှစ်သားအရွယ်ခန့်က ဦးရီးသောင် မန္တလေးသို့ ဘုရားဖူးသွားသည်။ သားကို ဗဟုသုတရရှိစေလိုသော သဘောဖြင့် ခေါ်သွားသည်။ မန္တလေးရောက်သောအခါ မဟာမြတ်မုနိ၊ စကြာသီဟဘုရားများနှင့် မန္တလေးတောင်ဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။ ဗဟုသုတအလို့ငှာ နန်းတော်သို့လည်း သွားရောက် လေ့လာကြည့်ရှုကြသည်။

"ဒါက ဘုရင်ထိုင်တဲ့ ရာဇပလ္လင်ကွ။ ဒါက ဘုရင်စက်တော်ခေါ်တဲ့ နေရာ၊ ဒါက မိဖုရားကြီးနေတဲ့အဆောင်တော်"ဟု ဦးရီးသောင်က သားကို ရှင်းပြပါသည်။

"ကျွန်တော် နားမလည်တာတွေကို ပြောမနေပါနှင့်ဗျာ။ အိမ်ပြန်ရအောင်ပါ။ အခုဆို ကျုပ်ကြက်မကြီး ဥလောက်ပြီဗျ"ဟု ပြောပါသည်။

သို့နှင့် ဦးရီးသောင်တို့ ထနောင်းကုန်းရွာ ပြန်ရောက်သောအခါ ဆွေမျိုးများနှင့် အိမ်နီးချင်းများက မန္တလေး ရွှေမြို့တော်အကြောင်း မေးကြမြန်း ကြသည်။ ဦးရီးသောင်က မန္တလေးအကြောင်း ပြည့်ပြည့်စုံစုံ ပြောရုံမျှမက သားအကြောင်းကို ပြောပြသောအခါ 'တဝါးဝါး တဟားဟား' ရယ်ကြရသည် ဟု ကြားသိရပါသည်။

ထောင်မှူးကြီးထံ ခွင့်တောင်း၍ အမှုတွဲဖြစ်သူ ကုလားတို့အိမ်သို့ ထွက်လာခဲ့ပါသည်။ အဆင်သင့်ပင်တွေ့ရသဖြင့်–

"လွတ်လာပြီလား"ဟု ဝမ်းသာသည့် အမူအရာနှင့် မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မလွတ်သေးဘူး။ အလည်လာတာ။ ထောင်မှူးကြီးပါတယ်"

"ခင်ဗျားကိုတော့ ထောင်မှူးကြီးတွေက တကယ့်ကို ခင်မင်ကြတာပဲ။ အခု ကျွန်တော် ဘာလုပ်ပေးရမလဲ"ဟု မေးပါသည်။

"ညစာအတွက် ကြက်ကလေးတစ်ကောင် ဝယ်ပေးပါကွာ။ ငါပိုက်ဆံပေးပါမယ်"

"ပိုက်ဆံပေးဖို့ မလိုပါဘူးဗျာ။ ခင်ဗျား ကျေးဇူးရှိပါတယ်။ ကိုအောင်စိန်တို့အိမ် သွားဦးမလား"

"မသွားတော့ဘူးကွာ။ ဦးလွန်းမောင်ကလည်း ငါ့မျက်နှာကိုကြည့်ချင်မှာ မဟုတ်ဘူး။ ငါကလည်း ဦးလွန်းမောင်မျက်နှာကို မကြည့်ချင်ပါဘူး"

"ဘာဖြစ်လို့တုံး ပြောပါဦး"

"လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်လောက်က ငါ့ဆီက ငွေဒင်္ဂါးတစ်ကျပ် ချေးသွားတာ အခုထိ ပြန်မပေးသေးဘူး။ ဦးလွန်းမောင်က လက်လည်း ခက်တယ်။ ပါးလည်းပါးတယ်။ ဖဲနိုင်ပြီဆိုရင် ပေးရကမ်းရ၊ ကျွေးရမှာကြောက်လို့ အိမ်ကို လစ်ပြေးတော့တာပဲ။ ဖဲရှုံးရင်တော့ ဟိုလူ့ဆီ တစ်ပဲတောင်း၊ ဒီလူ့ဆီ တစ်မူးတောင်း၊ တောင်းပြီး ကြားပေါက်တော့တာပဲ"

"ဒါဖြင့် ကိုအောင်စိန်ကိုတော့ ခင်ဗျားလာတဲ့အကြောင်း ပြောလိုက်မယ်"

"ပြောလိုက်ပါကွာ။ တွေ့တုန်းကြုံတုန်း ပျော်ပျော်ပါးပါး စကားပြောရတာပေါ့"ဟု ပြောပြီး ပြန်လာခဲ့သည်။ လမ်းတွင် တွေ့ကြသူများက–

"လွတ်လာပြီလား"ဟု မေးကြသည်။ ကျွန်တော်က 'အလည်လာတာ'ဟု ပြောသောအခါ–

"မင်းထောင်ကျတာကကွာ ထောင်ကို အလည်သွားရသလိုပါပဲ"ဟု ပြောကြသည်။

အိမ်သို့ရောက်သောအခါ ထောင်မှူးကြီးနှင့် ဦးရီးသောင်တို့ ရေနွေးကြမ်းတစ်အိုးနှင့် စကားလက်ဆုံ ကျနေကြသည်။ ဦးရီးသောင်သည် စကားပြောဖက်ရှိလျှင် ထမင်းမေ့ဟင်းမေ့ စကားပြောတတ်သူဖြစ်သည်။ ပြောသူမရှိလျှင် တစ်အိမ်ကျော်မှာနေသူ ရွာခေါင်း ဦးချစ်စရာကိုခေါ်ပြီး ရေနွေးကြမ်းတစ်အိုးနှင့် စကားပြောလေ့ပြောထရှိသည်။ သူတို့မိသားစုသည် သဘောကောင်းသကဲ့သို့ စေတနာလည်း ကောင်းကြသည်။



ဒေါ်နှင်းဥနှင့် မလုံးတင်တို့က ဧည့်သည်အတွက် ချက်ရပြုတ်ရ လုပ်ရကိုင်ရသည်ကို ငြီးငြင်ခြင်းမရှိ။ ယခုလည်း မီးဖိုချောင်ထဲတွင် သားအမိနှစ်ယောက် တကုပ်ကုပ် အလုပ်လုပ်နေကြသည်။

"ဥ ဘာတွေလုပ်နေသလဲ"

"ထောင်မှူးကြီးက ကုက္ကိုလှဘူးသီးကြော် စားကောင်းကြောင်းပြောလို့ ဘူးသီးကြော်ကျွေးမလို့"

ဘူးသီးကြော်က ပူပူနွေးနွေး၊ ရေတတ်သီးစိမ်း နံနံပင်တို့က လတ်လတ်ဆတ်ဆတ်၊ ကြက်သွန်ဥလှီး ရောက်ရည်ဆမ်းပြီး ရေနွေးကြမ်းနှင့်ကျွေးရာ ထောင်မှူးကြီးက–

"ကုက္ကိုလှဘူးသီးကြော်ထက်ပင် ကောင်းသည်"ဟု ပြောပါသည်။

"ဘူးသီးက လတ်ဆတ်တယ်။ အခုမှ ဘူးစင်ကဆွတ်ပြီး ကြော်လို့ ကောင်းတာ"ဟု ဒေါ်နှင်းဥက ပြောပါသည်။ မှန်ပါသည်။ အိမ်ဝိုင်းထဲရှိ ဘူးစင်တွင် ဘူးသီးများက တိုးလို့တွဲလောင်း။ ဥသျှစ်ပင်တွင် ဥသျှစ်သီးများက ဝါလို့ဝါလို့။ သရက်ပင်များတွင် 'မနော်နှယ်' သရက်သီးများက ညွတ်လို့။ ငှက်ပျောပင်တွင်လည်း သီးကင်းတွေ၊ အပွင့်တွေက ဝေလို့ဖြာလို့။ ကြည့်ရှုရသည်မှာ စိတ်ကြည်နူးဖွယ်ရာ ကောင်းလှပါသည်။

ဦးရီးသောင်ကခေါ်၍ ရွာခေါင်းဦးချစ်စရာ၏ လက်ဖက်ရည်ကြမ်းဝိုင်းသို့ ရောက်ရှိလာရာ ဦးရီးသောင်က ထောင်မှူးကြီးကို ဦးချစ်စရာနှင့် မိတ်ဆက်ပေးပါသည်။ မကြာမီ ဦးကြီးဦးရန်အောင်နှင့် ကျွန်တော့်အမေ ဒေါ်ကြက်ရုံးတို့ ရောက်လာကြသည်။

ဦးရန်အောင်သည် အမေတို့ မွေးချင်းထဲတွင် အကြီးဆုံးဖြစ်သည်။ အမေက "ကျွန်တော် ရွာပြန်လာကြောင်း၊ ထောင်မှူးကြီး ပါလာကြောင်း" အစ်ကိုကြီးကို သွားရောက်ပြောသဖြင့် လိုက်လာခြင်းဖြစ်သည်။ ဦးရီးသောင်က ဦးရန်အောင်သည် သူ၏ အစ်ကိုအရင်းဖြစ်ကြောင်း ထောင်မှူးကြီးကို ပြောရာ ထောင်မှူးကြီးက "ယခုလို တွေ့ရတာ ဝမ်းသာကြောင်း" ပြောပါသည်။

လက်ဖက်ရည်ကြမ်းဝိုင်းမှာ လူများဖြင့် စည်ကားနေသည်နှင့်အမျှ သားအမိမှာ မီးဖိုထဲမှမထွက်ရ။ ဘူးသီးကြော်၍ မပြီးနိုင်။ ဘူးသီးကြော်ကုန်သွားခဲ့သည်။ ဆီလည်း အလွန်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရီးသောင်က ဒုတိယကမ္ဘာစစ်ကြီးအခြေအနေကို ထောင်မှူးကြီးအား မေးမြန်းပါသည်။ ထောင်မှူးကြီးက–

"စစ်ဖြစ်ရတဲ့ အဓိကတရားခံကတော့ ဟစ်တလာပါပဲ။ ဟစ်တလာဟာ လောဘကို အတောမသတ်နိုင်ခဲ့ပါဘူး။ ပထမ သူ့ရဲ့ မွေးဖွားရာဇာတိဖြစ်တဲ့ ဩစတြီးယားနိုင်ငံကို အတင်းအကြပ် ဝင်ရောက်သိမ်းပိုက်လိုက်ပါတယ်။ ဒုတိယ ချက်ကိုစလိုဗေးကီးယားနိုင်ငံကို သိမ်းပိုက်ပြန်ပါတယ်။ ဒီနောက် အကြောင်းပြချက် မခိုင်လုံဘဲနှင့် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှာ ပိုလန်နိုင်ငံကို အတင်းအဓမ္မ ဝင်ရောက်တိုက်ခိုက်ပြန်ပါတယ်။ စက်တင်ဘာလ (၃) ရက်နေ့မှာ အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံတို့က ဟစ်တလာဂျာမနီကို စစ်ကြေညာလိုက်ပါတယ်။ အဲဒီအချိန်ကစပြီး ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတာပဲ။ စစ်ဖြစ်တယ်ဆိုရင် စစ်အင်အားကြီးမားတဲ့ ဂျပန်တွေ နော်ဝေးနှင့် ဒိန်းမတ်နိုင်ငံတွေကို တိုက်ခိုက်သိမ်းပိုက်လိုက်ပါတယ်။ နောက် ဟော်လန်နိုင်ငံ၊ ဘယ်ဂျီယံနိုင်ငံ၊ ပြင်သစ်နိုင်ငံတို့ကို အလွယ်တကူပဲ တိုက်ခိုက်သိမ်းပိုက် ရရှိသွားပါတယ်။

အဲဒီနိုင်ငံတွေဟာ ဂျာမန်တို့ရဲ့ တိုက်ခိုက်မှုကို မခံနိုင်လို့ လက်နက်ချလိုက်ကြတဲ့အခါ အင်္ဂလိပ်စစ်သားများနှင့် ပြင်သစ်စစ်သား သုံးသိန်းလောက်တို့ဟာ ပြင်သစ်နိုင်ငံ ကမ်းရိုးတန်းက ဒန်းကတ်မြို့ကလေးကို ဆုတ်ခွာရပါတယ်။ ပင်လယ်ပြင်မှတစ်ပါး အခြား ထွက်ပေါက်မရှိလို့ အင်္ဂလန်နိုင်ငံက သင်္ဘောတွေ၊ မော်တော်ဘုတ်တွေ၊ လှေတွေနှင့် ဒိဗာ ရေလက်ကြားကိုဖြတ်ပြီး ခွန်ခွန်စားစား သယ်ယူခဲ့ကြရပါတယ်။

အဲဒီအချိန်မှာ စစ်အောင်နိုင်နေတဲ့ ဟစ်တလာက စစ်စိတ်စစ်မာန်တက်ကြွပြီး အင်္ဂလိပ်လူမျိုး မျိုးပြုတ်အောင် ဖြုတ်ပစ်မယ်လို့ ဟိန်းဟောက်ခြိမ်းခြောက်လိုက်ပါတယ်။ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဝန်စတန်ချာချီက–

"ဘယ်လူမျိုး မျိုးပြုတ်မယ်ဆိုတာ နောက်လာမယ့်သမိုင်းက သက်သေခံပါလိမ့်မယ်"လို့ ပြန်လည် ပြောလိုက်ပါတယ်။

"နေပါဦး ထောင်မှူးကြီး။ ဗြိတိန်ဆိုတာက ဘယ်နိုင်ငံကို ခေါ်တာလဲ" ဟု ဦးချစ်စရာက မေးသည်။

"အင်္ဂလန်နိုင်ငံကို ဗြိတိန်နိုင်ငံလို့ ခေါ်ပါတယ်"

"ဆက်ပြောပါ ထောင်မှူးကြီး"ဟု ဦးရီးသောင်က တိုက်တွန်းသည်။



"အဲဒီလို အင်္ဂလိပ် အစိုးရဘောကြပ်နံကြပ် ဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့ မြန်မာတွေက 'အင်္ဂလိပ်အခက် ဗမာ့အချက်'လို့ ယူဆပြီး လွတ်လပ်ရေးရဖို့အတွက် ကြိုးပမ်းအားထုတ်လာကြပါတယ်။ သခင်အောင်ဆန်း ခေါင်းဆောင်တဲ့ ရဲဘော်သုံးကျိပ်တို့ဟာ မြန်မာနိုင်ငံက လျှို့ဝှက်ထွက်သွားပြီး ဂျပန်ပိုင် ဟိုင်နန်ကျွန်းမှာ စစ်ပညာသင်ကြားကြပါတယ်။ ဂျပန်ကလည်း ဗြိတိသျှကိုလိုနီဖြစ်တဲ့ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းယူဖို့ ရည်ရွယ်ချက်ရှိတော့ မြန်မာလူငယ်တွေကို စစ်ပညာ သင်ကြားပေးခြင်း ဖြစ်ပါတယ်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ (၇)ရက်နေ့နံနက်မှာ ဂျပန်လေယာဉ်ပျံ သုံးရာကျော်က အမေရိကန် ရေတပ်စခန်းဖြစ်တဲ့ ပုလဲဆိပ်ကမ်းကို စစ်ကြေညာခြင်းမပြုဘဲ အလစ်ဝင်ရောက် ဗုံးကြဲတိုက်ခိုက်ခဲ့လို့ အမေရိကန်လေယာဉ်တင်သင်္ဘောကြီးတွေ၊ စစ်သင်္ဘောကြီးတွေ၊ လေယာဉ်ပျံတွေ အမြောက်အများဆုံးရှုံးပျက်စီးတဲ့အပြင် လူပေါင်းသုံးထောင်ကျော် သေဆုံးတယ်။ ဒုတိယကမ္ဘာစစ်ကြီးမှာ အမေရိကန်တို့ အထိအနာဆုံး တိုက်ပွဲပဲ။ အမေရိကန်နှင့် အင်္ဂလိပ်အစိုးရတို့က ဂျပန်ကို စစ်ကြေညာလိုက်ပါတယ်။ ဂျပန်ကလည်း အင်္ဂလိပ်ပိုင် ဟောင်ကောင်ကျွန်းနှင့် စင်ကာပူကို ဗုံးကြဲတိုက်ခိုက်ပါတယ်။ ဒီဇင်ဘာ (၂၅) ရက်နေ့မှာ ဂျပန်လေယာဉ်ပျံတွေက ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်လို့ အဆောက်အအုံတွေ ပျက်စီးပြီး လူပေါင်းငါးရာကျော် သေဆုံးတယ်လို့ သိရပါတယ်။

ရန်ကုန်မြို့ကို အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက်ပြီးနောက် ဂျပန်တပ်တွေနှင့်အတူ သခင်အောင်ဆန်းဦးစီးတဲ့ ဘီအိုင်အေ တပ်မတော်ကြီးပါ မြန်မာနိုင်ငံထဲကို ဝင်ရောက်လာကြပါတယ်။ ဂျပန်တပ်တွေ ဝင်မလာခင် ကျွန်တော်တို့မြန်မာတွေဟာ ဂျပန်ကို မျှော်လင့်ကြတယ်၊ အားကိုးကြတယ်၊ ဂျပန်ကလည်း စားရ ဝခမန်း ဝါဒဖြန့်ကောင်းတယ်။ အခုတော့ အဝတ်အထည်ကရှား၊ ဆေးဝါးကမရှိဆိုတော့ တချို့က သခင်ဟောင်းကို မျှော်နေကြတယ်။ တချို့က အင်္ဂလိပ် ငွေစက္ကူတွေကို စုဆောင်းပြီး လျှို့ဝှက် သိမ်းဆည်းထားကြတယ်"

"အင်္ဂလိပ်ပြန်လာနိုင်မယ့်အခြေအနေကော ရှိပါသလား"ဟု ဦးရီးသောင်က စကားဖြတ်၍ မေးသည်။

"ကမ္ဘာစစ်မျက်နှာအားလုံးမှာ မဟာမိတ်တပ်တွေက ထိုးစစ်တိုက်စဆင်ပြီး အပေါ်စီးရနေတယ်။ ပြီးတော့ ဂျာမနီနှင့် ဂျပန်တို့က စစ်ပွဲအစမှာ

www.burmeseclassic.com

www.burmeseclassic.com

မီးကုန်ယမ်းကုန် အစွမ်းကုန် တိုက်ခဲ့တယ်။ အခုတော့ ခြေကုန်လက်ပန်း ကျနေပြီ"

ထိုအခိုက် ဒေါ်နှင်းဥက ထောင်မှူးကြီးကို ထမင်းကျွေးရန် အချိန်ကျနေပြီဖြစ်ကြောင်း ပြောသဖြင့် စကားဝိုင်းပျက်သွားသည်။ ဦးရီးသောင်က သူ့အစ်ကိုကြီး ဦးရန်အောင်နှင့် ဦးချစ်စရာတို့ကို ထမင်းစားပြီးမှ ပြန်ရန်တားသော်လည်း ကိစ္စရှိသေးသည်ပြော၍ ပြန်သွားကြပါသည်။ ထမင်းပွဲပြင်နေချိန်မှာပင် မအေးမိ ရောက်လာသည်။ ခေါင်းပေါ်တွင် ချိုင့်ကလေးတစ်ခု ပါလာသဖြင့် ဒေါ်နှင်းဥက–

"ဘာဟင်းချက်လာသလဲ"ဟု မေးပါသည်။

"ဟင်းချက်မဟုတ်ပါဘူး၊ ငါးကြော်"ဟု ပြောပါသည်။

ထောင်မှူးကြီးက ဦးရီးသောင် ထမင်းပန်းကန်ထဲသို့ ဦးချသည့်အနေဖြင့် ကြက်သားတစ်ဖတ် ထည့်ပေးပြီး ကြက်သားဟင်းကို ခပ်ယူစားပါသည်။ ကြက်သားဟင်းကောင်းကြောင်းပြောရာ ဒေါ်နှင်းဥက–

"ကြက်က လတ်လည်းလတ်တယ်။ နုလည်းနုတယ်။ ဝယ်ရတာ မဟုတ်ဘူး။ အုံးဖေနှင့်အတူထောင်ကျတဲ့ ကုလားက လာပေးတာ။ ထောင်မှူးကြီးတို့ စကားပြောနေကြလို့ နှုတ်မဆက်ဘဲ ပြန်သွားတယ်"ဟု ပြောပါသည်။

မအေးမိက မနက်ဖြန်နံနက် သူတို့အိမ်သို့ အလည်လာဖို့ ထောင်မှူးကြီးကို ပြောပါသည်။

"လာခဲ့မယ်။ ထမင်းတော့ မစားဘူး။ နံနက်စာ ရေနွေးကြမ်းနှင့် ရှိတာကိုပဲကျွေးပေါ့ဟာ။ ငါလည်း အလည်လာဖို့ စိတ်ကူးနေတာပါ"

"အေးမိ၊ ဘာတွေကျွေးဖို့ စီစဉ်ထားတုံး"ဟု ဒေါ်နှင်းဥက မေးသည်။

"ထူးထူးထွေထွေတော့ မရှိဘူး ဥရယ်။ ကောက်ညှင်းပေါင်း၊ ငါးခြောက်မှုတ်၊ ငါးကြော်နှင့် ရေနွေးကြမ်းပေါ့"

ဂူဟန်ခေတ်တွင် ဆန်၊ ပဲ၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ငရုတ် ကြက်သွန် စသော စားနပ်ရိက္ခာများ ကျွန်တော်တို့နယ်မြေဒေသတွင် ရှားပါးခြင်း မရှိလှပါ။ အကြောင်းမှာ ကျွန်တော်တို့ ရှားတော ထနောင်းကုန်းရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် ရှိသည်။ ဒေသထွက် ဆေးရွက်ကြီး ပဲမျိုးစုံ၊ ငရုတ်သီးခြောက်များကို လှေကြီးလှေငယ်များဖြင့် တင်ယူ၍ ကြိခင်း၊ မြန်အောင်၊ ဟင်္သာတမြို့များသို့ သွားရောက် ရောင်းချကြသည်။



အပြန်တွင် ဆန်၊ ဆား၊ ငါးပိ၊ ငါးခြောက်များ တင်ယူလျက် ဆန်တက်လာကြသည်။

တောင်လေလာလျှင် မြစ်ပြင်တွင် ရွက်တဖွေးဖွေး၊ လေမလာလျှင် ကြိုးဆွဲ၊ ထိုးဝါးထိုး၊ လှော်ခတ်ပြီး ဆန်တက်ကြရသည်။ လမ်းတွင် ကြောက်ရွံ့ရသည်မှာ 'ကျွဲညီနောင်'ခေါ် လေယာဉ်ပျံများဖြစ်သည်။ လှေများကို စစ်သေနတ်ဖြင့် ပစ်ခတ်သည့်အတွက် တချို့ လှေများ နစ်မြုပ်ကြသည်။ လူများ သေဆုံးဒဏ်ရာရကြသည်။ အန္တရာယ်ရှိမှန်း သိကြသော်လည်း စီးပွားရေးကြောင့် စွန့်စားသွားလာကြရသည်။

ကျွန်တော်သည် ထောင်မှူးကြီးအိပ်ရန်အတွက် ခင်းကျင်း၍ မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံတို့ကို ခေါင်းအုံးဘေးတွင် အသင့်ထားရှိပြီးနောက် ထောင်မှူးကြီးထံ ခွင့်တောင်း၍ မအေးမိနှင့်အတူ ရှားတောရွာသို့ ထွက်လာခဲ့ကြပါသည်။

မအေးမိက–

"ကိုအုံးဖေ၊ ထောင်ကလွတ်ရင်ဝတ်ရအောင် လုံချည်ချောတစ်ထည် ကျွန်မ ရက်ထားတယ်။ အတိုင်ရောအဖောက်ရော ချည်ချောချည်းပဲ။ အဆင်လည်း လှတယ်။ အသားလည်းကောင်းတယ်။ မချုပ်ရသေးဘူး။ ထောင်မှူးကြီးကို လက်ဆောင်ပေးလိုက်ချင်တယ်"

"ကောင်းပါတယ် ပေးလိုက်ပါ။ ငါလည်း သဘောကျတယ်။ ဒါပေမယ့် ကိုအုံးဖေဝတ်ဖို့ ရက်ထားတာလို့ မပြောနှင့်နော်။ ပြောရင်တော့ လက်ခံမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ။ ထောင်မှူးကြီးကို ကျွန်မခင်မင်လေးစားတယ်။ အနေအထိုင် အပြောအဆိုကလည်း လူကြီးဆန်တယ်။ ဂုဏ်ကျေးဇူးသိက္ခာလည်း ရှိတယ်။ ပြီးတော့ ကျွန်မ ပေါ့ပေါ့ပါးပါး မဟုတ်လို့ ငဲ့ညှာတဲ့သဘောလည်း ရှိတယ်ဆိုတာ ကျွန်မသိပါတယ်"

မအေးမိတို့အိမ်ရောက်သောအခါ ရွှေပေးရွာနေ ဦးစံမင်းနှင့် မအေးမိ အစ်ကိုကြီး ဒေါ်ပန်းစိန်တို့ပါ ရှိနေကြပါသည်။ အားလုံးကပင် ကျွန်တော့်ကို တွေ့ရသည့်အတွက် နှုတ်ဆက်စကား ပြောကြပါသည်။ မပြောလျှင်လည်း ရှိန်ရသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ မွေးချင်းအရင်း ဖြစ်သည် မဟုတ်ပါ။ ထောင်မှူးကြီး လိုက်ပါလာသည်ကိုလည်း သူတို့သိရှိနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အေးမိ ထောင်မှူးကြီးကို ထမင်းဖိတ်မကျွေးဘူးလား"ဟု ဒေါ်ပန်းစိန်က မေးပါသည်။

"ကျွေးပါတယ်။ မစားတော့ဘူးလို့ ပြောတယ်။ မနက်ဖြန်မနက်စောစော အလည်လာခဲ့မယ်လို့ မှာလိုက်ပါတယ်"

"တစ်ခုခုတော့ ကျွေးဦးမှပေါ့။ ဘာကျွေးမယ်လို့ စီစဉ်ထားသလဲ"

မအေးမိက သူ၏အစီအစဉ်ကို ပြောသောအခါ ဒေါ်ပန်းစိန်က–

"များများလုပ်ပါဟယ်။ ငါတို့ပါစားရအောင်"ဟု ပြောသဖြင့် ရယ်ကြရပါသည်။ မအေးမိနှင့်ကျွန်တော် အိမ်ထောင်ကျပြီးမှ မွေးချင်းတစ်စု ပျော်ရွှင်စွာ ဝိုင်းဖွဲ့ စကားပြောရခြင်းမှာ ယခုအကြိမ်သည် ပထမဆုံး ဖြစ်ပါသည်။

ကျွန်တော်သည် ဘကြီးဦးရွှေလူကို သွားရောက် နှုတ်ဆက်ဦးမည်ပြော၍ ထွက်လာခဲ့သည်။ ဘကြီးဦးရွှေလူသည် ကျွန်တော့်အဖေ ဦးဘိုးယု၏အစ်ကို ဖြစ်သည်။ ဘကြီး၏အိမ်မှာ မအေးမိတို့အိမ်ဝိုင်း အနောက်ဘက်ကပ်လျက်တွင်ဖြစ်၏။ ကျွန်တော်နှင့် မအေးမိ သမီးရည်းစားဘဝက ကျွန်တော်သည် နေ့လယ်တွင် ထနောင်းကုန်းရွာ၌ ဖဲရိုက်နေပြီး ညကျလျှင် ဘကြီးအိမ် လာအိပ်သည်။ ဘကြီးတွင် ပထမအိမ်ထောင်နှင့် သား၊ ဦးသာလှိုင်၊ သမီး ဒေါ်တိုတို့ ရှိကြသော်လည်း အိမ်ထောင်ခွဲများ ဖြစ်၏။

ဒုတိယအိမ်ထောင် ဒေါ်ရှေဥနှင့် သားသမီးထွန်းကားခြင်း မရှိပါ။ ဘကြီးနှင့် ကြီးတော်တို့ကို စောင့်ရှောက်သည့်အနေဖြင့် အိပ်သည်ဟုဆိုလျှင် ဆိုနိုင်သော်လည်း အမှန်မှာ 'စပါးဖျာစားချင်၍ တုံးစင်ကိုနှားခြင်း' ဖြစ်သည်။

ညဦးနက်၍ အခြားသူများအိပ်ကြလျှင် မအေးမိနှင့် တိတ်တခိုး တွေ့ဆုံပြီး ချစ်တင်းနှီးနှောရသည်မှာ လူ့ဘဝ၏ အကောင်းဆုံးအရသာဟုပင် ဆိုချင်ပါသည်။ ဘကြီးနှင့်ကြီးတော်တို့သည် ကျွန်တော့်ကိုတွေ့ရ၍ ဝမ်းသာနေကြပါသည်။

"နေ့လယ်က မင်းပြန်လာတယ်။ ထောင်မှူးလည်း ပါတယ်လို့ ကြားရတယ်။ အခု ထောင်မှူးက ဘယ်မှာလဲ"

"ဦးရိုးသောင်တို့အိမ်မှာပါ"

"ငါတို့အိမ်ကိုလည်း အလည်ခေါ်ခဲ့ပါဦးလား"

"မနက်ဖြန်မနက်ကျမှ အလည်ခေါ်ခဲ့မယ်"ဟု ပြောပြီး ပြန်လာခဲ့သည်။



အိမ်ရောက်သောအခါ ဦးစံမင်း ရွှေပေးရွာသို့ ပြန်သွားပါသည်။ ရွှေပေးရွာသည် တစ်မိုင်သာသာပဲ ဝေးပါသည်။

ကျွန်တော်နှင့် မအေးမိတို့၏ ချစ်ရေးကိစ္စတွင် ဦးစံမင်းသည် ဒုက္ခပေးဆုံး ဂြိုဟ်ကောင်ဖြစ်ပါသည်။ သူပြန်သွားသည့်အတွက် လွတ်လပ်စွာ ထိုင်ရမည်ဖြစ်၍ ဝမ်းသာနေပါသည်။

မအေးမိက ကောက်ညှင်းပေါင်းရန်အတွက် နံနက်စောစော သူ့ကိုနှိုးရန် ပြောပါသည်။ ကျွန်တော်သည် မနေ့ညကလည်း ကောင်းစွာ မအိပ်ခဲ့ရ။ နေ့လည်း ဆယ့်တစ်မိုင်ခရီးကို ခြေကျင်လာရနှင့် တစ်နေကုန် တုံးလုံးမှ ည်း မလှဲရသဖြင့် ချက်ချင်းပင် အိပ်ပျော်သွားပါသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



ဦးအုံးဖေ၏ပထမဇနီး မအေးမိ

## နောက်ဆုံးတြည့်ရှုခဲ့ရသော 'ထိုအနမ်း'

နောက်နေ့နံနက် ကျွန်တော် အိပ်ရာမှနိုးသောအခါ မအေးမိနှင့်
ားတင်တို့ ကောက်ညှင်းပေါင်းနေကြပါသည်။ မထားတင်သည် မအေးမိ
ထ် အသက်ငယ်သော်လည်း မအေးမိဖခင် ဦးကျော်သောင်နှင့် မောင်နှမ
ဝမ်းကွဲတော်သကဲ့သို့ ဒေါ်အုန်းမယ်နှင့်လည်း ညီအစ်မတစ်ဝမ်းကွဲတော်ပါ
ည်။ မထားတင်သည် အသားအနည်းငယ်ညိုသည်။ အရပ်ပုပျပ်ပျပ်၊ ပိန်
ါ၊ စကားပြောသွက်ပြီး သဘောကောင်းသူဖြစ်သည်။ အိမ်ခြံဝိုင်းချင်း
သည်း နီးကပ်သည်။ တူမမှာ ပေါ့ပေါ့ပါးပါးမဟုတ်၍ ကူညီခြင်းဖြစ်သည်။

"ကိုအုံးဖေ၊ ထောင်မှူးကြီးကို သွားခေါ်ရင်ဒီချိုင့်ကလေးနှစ်ခုကို ဆွဲယူ
ပါ။ အမေရုံး တစ်ချိုင့်နှင့် ဥတို့တစ်ချိုင့် ပေးလိုက်ပါ"ဟု မအေးမိက
ပါသည်။ ကျွန်တော် ဦးရိုးသောင်အိမ်သို့ ရောက်သောအခါ ထောင်မှူး
သည် အဝတ်အစားလဲပြီး အဆင်သင့်ဖြစ်နေသည်။ ဆရာတပည့်နှစ်ဦး
ါင်းရင်း လမ်းအတိုင်း လာခဲ့ကြသည်။ လေပြည်လေညှင်းကလေးက
ပါး ရိကပါး ကျီစယ်သွားသည်။ မန်ကျည်းပင်ထက်မှ 'ဥသြ ဥသြ'ဟု
ကျူးနေသော အသံကလည်း သာယာဖွယ်ကောင်းသည်။ အရှေ့မိုးကုပ်
ိုင်းဆီမှ ဘီးကုပ်သဏ္ဍာန် ထွက်ပြူလာသော နီရဲရဲအရောင်မှာ သ...ဝ
တစ်မျိုး ဖြစ်ပေသည်။

မအေးမိတို့အိမ်ဝိုင်းအတွင်းသို့ ရောက်ရှိလာသည်။ ပြုံးရွှင်စွာ ကြိုဆို
သော မအေးမိက ထောင်မှူးကြီးကို စားပွဲရှိရာသို့ ခေါ်ဆောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

စားပွဲအနီးရှိ ခုတင်ပေါ်တွင် ဖက်ဖြူဆေးလိပ်ကြီးသောက်လျက် ထိုင်နေသော ဒေါ်အုန်းမယ်နှင့် ထောင်မှူးကြီးကို မိတ်ဆက်ပေးသည်။

"ဆရာ၊ ဒါက မအေးမိအမေ ဒေါ်အုန်းမယ်ပါ။ အဖေ ဦးကျော်သောင်ကတော့ ကျွန်တော် ထောင်ထဲရောက်မှ ဆုံးသွားတာ။ ဆယ်လလောက်ရှိပါသေးတယ်။ အတူနေသား ဦးမြသင်းက ပဲတလင်း ပဲတိုက်သွားပါတယ်။ သားအကြီးဆုံးက ရွှေပေးရွာမှာ နေပါတယ်။ သမီးအကြီးဆုံးက ဒီရွာမှာ အိမ်ထောင်ခွဲနေပါတယ်။ မအေးမိက အငယ်ဆုံးပါ"ဟု သူတို့မိသားစုအကြောင်းကို ပြောပြရသည်။

"အေးမိက အငယ်လည်း အငယ်ဆုံး၊ အချစ်လည်းအချစ်ဆုံး၊ အမိုက်လည်း အမိုက်ဆုံးပါဆရာရယ်။ တစ်ဆွေလုံးတစ်မျိုးလုံးက သဘောမတူဘဲ အုံးဖေနောက်ကို နှစ်ခါတောင် လိုက်သွားတာ။ အုံးဖေဆိုတာက ဖဲသမား အရက်သမား၊ လူပေလူတေ"

"တော်ပါတော့အမေရယ် မပြောပါနှင့်"

"မှန်တာကိုပြောတာပဲ ပြောပါစေ"ဟု ကျွန်တော်က ဒေါ်အုန်းမယ်ကို ထောက်ခံလိုက်သည်။

"အမေက အုံးဖေကိုပြောလိုတာ မဟုတ်ဘူး။ သမီးမိုက်တာကို ပြောတာ"

"ဟုတ်ပါတယ်အမေ၊ ကျွန်မ မိုက်ပါတယ်"ဟု မအေးမိကပြုံးရယ်ရင်း မထားတင် လာပေးသော ကောက်ညှင်းပေါင်းပန်းကန်ကို ထောင်မှူးကြီးရှေ့ ချပေးသည်။

ထောင်မှူးကြီးက ကျွန်တော့်ကို အတူစားရန် ခေါ်ပါသည်။

"နောက်မှ မအေးမိတို့နှင့် အတူစားမည်"ဟု ပြောလိုက်ပါသည်။

"ကောက်ညှင်းပေါင်းက ပူပူနွေးနွေး၊ နှမ်းထောင်းကလေးနှင့် နယ်ဖတ်စားရတာ သိပ်ကောင်းတာပဲ။ ပြီးတော့ ငါးခြောက်ဖုတ်ကလည်း ကျွတ်ကျွတ်ကလေး။ ရေနွေးကြမ်းနှင့် အတော်ပဲ"ဟု ထောင်မှူးကြီးက ပြောသည်။ မအေးမိမျက်နှာက ပြုံးရွှင်နေသည်။

"ကျွန်မက ထမင်းကျွေးချင်တာ။ ထောင်မှူးကြီးက မစားဘူးပြောလို့"

"မနက်ဖြန်မှ ပြန်မှာမဟုတ်လား။ ညစာထမင်းကျွေးပါလား"ဟု ဒေါ်အုန်းမယ်က ပြောပါသည်။

"ကျွေးဖူးတင်ပါတယ်ကြီးတော်။ ဦးရီးသောင်တို့အိမ်မှာပဲ စားမယ်လို့ ပြောထားလို့ပါ"



ထောင်မှူးကြီးသည် မအေးမိ ပေါ့ပေါ့ပါးပါး မဟုတ်သည်ကို အကြောင်းသိသွားပြီ—

"ဦးရီးသောင်တို့အိမ်မှာ ပြောထားလို့ပါ"ဟု ဒေါ်အုန်းမယ် ကျေနပ်အောင် ပြောပြလေသည်။ ကျွန်တော်တို့နှစ်ဦး ဘကြီးဦးရွှေလုတို့အိမ်သို့ ထွက်လာခဲ့ကြသည်။ မအေးမိတို့အိမ်ဝိုင်း ခြံအနောက်ဘက်ကပ်လျှက်ဖြစ်သော်လည်း ဝင်ထွက်ရန် တံခါးပေါက်မရှိသဖြင့် ရွာလယ်လမ်းမှ သွားလာရသည်။

ဘကြီးအိမ်တွင် သားဖြစ်သူ ဦးသာလှိုင်လည်း ရောက်ရှိနေပါသည်။ ဦးသာလှိုင်မှာ ညီမရှိသဖြင့် ကျွန်တော့်ကို ညီအရင်းတမျှ ချစ်ခင်ပါသည်။ ဘကြီးအိမ်သို့ ကျွန်တော်တို့ လာမည်သိ၍ တွေ့ရအောင် စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ဦးသာလှိုင်၏အိမ်သည် ဘကြီးအိမ်မြောက်ဘက် နှစ်အိမ်ကျော်တွင်ရှိသည်။

ကျွန်တော်က ထောင်မှူးကြီးကို ဘကြီးဦးရွှေလု၊ ဒေါ်ရေဥတို့နှင့် မိတ်ဆက်ပေးပြီး—

"ဒါက ဘကြီးရဲ့သား ဦးသာလှိုင်"ဟု ပြောပါသည်။

"ယခုလိုတွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့်နာမည်က မောင်မောင်ပါ။ မောင်အုံးဖေကို ခင်မင်တာလည်းတစ်ကြောင်း၊ ရွာတော ထနောင်းကုန်းကိုလည်း ဒေသန္တရ ဗဟုသုတအနေဖြင့် ရောက်ဖူးသည်ရှိအောင် အလည်လာခြင်းဖြစ်ပါတယ်"ဟု ထောင်မှူးကြီးက ပြောပါသည်။

"အုံးဖေကို ခင်မင်တယ်။ အခွင့်အရေးပေးတယ်သိရလို့ ဝမ်းသာပါတယ်။ ကျွန်တော့်တူအရင်းပါ။ လိမ္မာရေးခြားရှိအောင်လည်း ထောင်မှူးကြီးက ဆုံးမပြုပြင်ပေးစေချင်ပါတယ်"ဟု ဘကြီးက ပြောပါသည်။

"နောက်မှ စကားပြောပါ ကိုရွှေလုရယ်။ နွားနို့ပူပူကလေး ထောင်မှူးကြီး သောက်ပါစေဦး"ဟုပြောရင်း ကြီးတော်ဒေါ်ရေဥက နွားနို့ဖန်ခွက်ကို ထောင်မှူးကြီးရှေ့ ချပေးသည်။ ထောင်မှူးကြီးသည် နွားနို့ဖန်ခွက်ကိုယူပြီး အနည်းငယ်သောက်လိုက်သည်။

"ကောင်းတယ် ကြီးတော်ရေ၊ ဆားခပ်သလား"

"သကြားမရှိလို့ ဆားနည်းနည်း ခပ်လိုက်တယ်"

"ဆားခပ်တာက ပိုပြီး အရသာရှိတယ်။ နွားနို့ပဲသောက်မယ်။ ဒီပြင် စားစရာတွေကို မစားနိုင်တော့ဘူး။ မအေးမိတို့အိမ်က ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်စားတာ များသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့ ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်က တော်တော် ကောင်းတယ်။ ကျုပ်တို့အိမ်လည်း လာပို့လို့စားရတယ်။ အေးမိက အချက် အပြုတ်လည်း ကောင်းတယ်။ သဘောလည်း ကောင်းတယ်။ မာန်မာနလည်း မရှိဘူး။ ရှိမယ်ဆို ရှိသင့်တာပေါ့။ ဒီရွာမှာ သူ့မိဘများဟာ အချမ်းသာဆုံး" ဟု ဒေါ်ရှေဥက ပြောပါသည်။

"မြင်းတွေလည်း ရှိတယ်ထင်တယ်။ မြင်းဟီးသံ ကြားခဲ့တယ်" ဟု ထောင်မှူးကြီးက ပြောသည်။

"အဖိုးတန် ပြိုင်မြင်းတွေရှိတယ်။ အေးမိအဖေ ကိုကျော်သောင်း မြင်းသမားကြီးပဲ။ မိန်းမနှင့်သားသမီးတွေကိုပစ်ပြီး ရန်ကုန်မှာနေတာ ... မပျက်ခင် တစ်နှစ်ခန့်က သူ့ပိုင်မြင်း (သောင်းအောင်)ဟာ တာတစ်မိုင်ခွဲပြေးရ ... ဘုရင်ခံဖလားပွဲကို နိုင်တယ်။ ဆုကတော့ တစ်ခွဲလောက်ဝင်တဲ့ ငွေဖလား တစ်လုံးနှင့် ငွေတစ်သောင်းခွဲရတယ်။ အဲဒီခေတ်ငွေကတန်ဖိုးရှိတယ် ဆန်သုံးတင်း၊ သုံးပြည်ဝင် တစ်အိတ်မှ ခြောက်ကျပ်ခွဲ၊ ဆီတစ်ဆယ် ပိဿာ ဝင်တစ်ပုံးမှာ သုံးကျပ်၊ သုံးကျပ်ခွဲပေးရတယ်။ အဲဒီတုန်းက ကိုကျော်သောင်း ဟာ ရွာတောလာပြီး မြေတွေကို အကြီးအကျယ် ရှင်ပြုတယ်။ ဖိတ်ထား ... ညှိသည်တွေကို ကျွေးမွေးလိုက်တာကလည်း အလျှံပယ်ပဲ။ ပြီးတော့ ပေါင်... ထားတဲ့ မြေယာတွေကိုလည်း ပြန်ရွေးပေးခဲ့တယ်။ ဂျပန်တက်လာတော့ မြင်းတွေကိုယူပြီး ရွာပြန်လာတယ်။ ကိုကျော်သောင်းဟာ ကျွန်တော်နှင့် ... အစ်ကိုတစ်ဝမ်းကွဲ၊ သူ့မိန်းမ မအုန်းမယ်ကလည်း ကျွန်တော်နှင့်မောင် ... တစ်ဝမ်းကွဲပဲ။ ဒါပေမယ့် အုံးဖေနှင့်ပတ်သက်ပြီး တစ်အိမ်နှင့်တစ်အိမ် အ... အထွက် ဆက်ဆံမှုမရှိဘဲ ဖြစ်သွားတယ်"

"ဘယ်လိုကြောင့်လဲ ဘကြီး"

"အုံးဖေက ညစဉ်ညတိုင်း ကျုပ်တို့အိမ်လာအိပ်တယ်။ အဘိုး... အဘွားကြီးတွေဖြစ်လို့ လာပြီး စောင့်ရှောက်တယ်လို့ ထင်နေတာ။ အ... ဟုတ်မလဲ အေးမိနှင့် လူငယ်ချင်း ကြိုက်နေကြတာကို။ နောက်တော့ အေး... အမေနှင့် မွေးချင်းတွေက သိသွားတယ်။ အုံးဖေကို သဘောမတူလို့ ပိုင်းဖု... ကြတော့ အေးမိက အုံးဖေနောက်ကို လိုက်ပြေးတယ်။ သူတို့ဘက်... ပရိယာယ်သုံးပြီး နေမဝင်မီ အေးမိရော အုံးဖေပါ အပ်ပါ။ လက်ခံပါမယ် ... ပြောတယ်။ ဒါနှင့် အုံးဖေတို့ကို လိုက်လံရှာဖွေပြီး ရွာကို ပြန်ခေါ်လာခဲ့...



တယ်။ ရွာရောက်တော့ အချိန်က ညဆယ့်နှစ်နာရီခန့် ဖြစ်နေပြီ။ အသင့်ဝယ် ယူထားတဲ့ ကန်တော့ပွဲတွေနှင့် လူကြီးတွေပါ သွားရောက်အပ်နှံကြတာပေါ့ဗျာ။ သူတို့အိမ်ဝိုင်းအတွင်းလည်း ရောက်ရော သဘောမတူနိုင်တဲ့အကြောင်း ပြောပြီး တုတ်ဆွဲ၊ ဓားဆွဲ ဆူဆူညံညံ လုပ်တော့တာပဲ။ ဒါနှင့် အုံးဖေကအစ လူကြီး တွေရော၊ ကန်တော့ပွဲရွက်ကြတဲ့ အမျိုးသမီးတွေပါ အားလုံးထွက်ပြေးခဲ့ကြ ရတယ်။ အေးမိကတော့ သူတို့လက်ထဲ ရောက်သွားတယ်။ တစ်ရွာလုံးလည်း ဆူညံနေတာပဲ။ ကျော်မကောင်း ကြားမကောင်းတဲ့ သန်းခေါင်ကျော် မင်္ဂလာ ဆောင်ပေါ့ဗျာ"

"မောင်အုံးဖေတို့အဖြစ်က (မောင်ပွင့်ကောင်း၊ မသန်းသန်း) စာတ်လမ်း လို စိတ်ဝင်စားဖို့ကောင်းတယ်။ ဆက်ပြောပါဦးဘကြီး"

"အင်း၊ ကိုရွှေလူက နားထောင်မယ့်လူရှိလို့တော့ ထမင်းမေ့ဟင်းမေ့ ပြောပါလိမ့်မယ်"ဟု ဒေါ်ရှေဥက ချီးကျူးသလိုလို၊ အပြစ်တင်သလိုလို ပြော သည်။

ဦးသာလှိုင်နှင့် ကျွန်တော်က ငါးခြောက်စားရင်း၊ ကြက်ဥကြော်ဝါး ရင်း ရေနွေးကြမ်းသောက်ရင်း ပြုံးရယ်ပြီး နားထောင်နေကြသည်။

"အေးမိကို စိတ်မချလို့ သူ့အစ်ကိုကြီး မောင်စံမင်းက ရွှေပေးရွာကို ခေါ်သွားတယ်။ သုံးနှစ်လောက် သူတို့ချင်း ကွဲသွားကြတယ်။ ဂျပန်တွေ တက်လာတော့ ကိုကျော်သောင်း မြင်းတွေယူပြီး ရွာပြန်လာတယ်။ အေးမိ လည်း မိဘများနှင့်အတူနေရင်းက အုံးဖေနောက်ကို လိုက်သွားပြန်တယ်။ ကိုကျော်သောင်းဟာ အုံးဖေကို မုန်းတီးသော်လည်း သမီးကို မပစ်နိုင်လို့ လက်ခံလိုက်ရတယ်။ အုံးဖေက ကျုပ်တို့အိမ်အိပ်တော့ အလိုတူအလိုပါထင်ပြီး ကျုပ်တို့ကို အခေါ်အပြော မလုပ်တော့ဘူးပေါ့ဗျာ"ဟု ဘကြီးက စကား အဆုံးသတ်လိုက်ပါသည်။

ကျွန်တော်တို့ ဦးရီးသောင်အိမ် ပြန်ရောက်သောအခါ အချိန် ရှစ်နာရီခန့်ရှိ ပါပြီ။ ကုလားနှင့် အောင်စိန်တို့လည်း ရောက်ရှိနေကြသည်။ "ကျွန်တော်နှင့် အမှုတွဲ ဖြစ်သူ ကုလားနှင့် အောင်စိန်ဖြစ်ကြောင်း" ထောင်မှူးကြီးကို [illegible] ပါသည်။

"မောင်အုံးဖေကြောင့် ထောင်ကျရတယ်ဆိုပြီး စိတ်မနာကြဘူးလား" ဟု ထောင်မှူးကြီးက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မနာပါဘူးဆရာ။ ကိုအုံးဖေကလည်း သူ့ကြောင့်ဖြစ်ရတယ်ဆိုပြီး စိတ်မကောင်းရှာပါဘူး"ဟု ကုလားကပြောသည်။

"အေးပေါ့ကွာ။ ဒီလိုသဘောထားနိုင်တာ အလွန်ကောင်းတာပဲ"

"သူတို့ချင်း တော်တော်ခင်မင် ရင်းနှီးကြတယ်။ မနေ့က ကြက်တစ်ကောင် ကုလားကလာပေးတယ်။ အခုလည်း ကြက်ဥတွေအများကြီးပဲ။ အောင်စိန်ကလည်း နွားနို့နှစ်ပုလင်း ပေးတယ်။ နွားနို့ငါးပိချက် ချက်ကျွေးမယ်။ ထောင်မှူးကြီး စားမလား"ဟု ဒေါ်နှင်းဥက မေးသည်။

"စားတော့ မစားဖူးဘူး။ ဒါပေမယ့် ဒေါ်ကြီးဥချက်ရင် ကောင်းမှာပဲလို့ ထင်ပါတယ်"

"ထောင်မှူးကြီးက ဒီလိုပြောတော့ အမေတော့ မီးဖိုချောင်ထဲကကိုထွက်မှာမဟုတ်ဘူး"ဟု သမီး မလုံးတင်က ပြုံးရယ်လျက်ပြောသည်။ ဦးရီးသောင်နှင့် ထောင်မှူးကြီးတို့နှစ်ဦး မြေနုကျွန်းပေါ်သို့ ပျိုးခင်းစိုက်ခင်းများ ကြည့်ရှုရန် သွားကြသည်။ ထိုအခိုက် ရွာခေါင်း ဦးချစ်စရာ ရောက်လာသည်။

"ဦးရီးသောင်နှင့် ထောင်မှူးကြီး ဘယ်သွားသလဲ" ဟု မေးသည်။

"အခုပဲ ကျွန်းပေါ်ကို ထွက်သွားကြတယ်"ဟု ကျွန်တော်က ပြောလိုက်သည်။

"ပျင်းတယ်ကွာ၊ ငါလည်း လိုက်သွားဦးမယ်"ဟုပြောကာ ဦးချစ်စရာ ထွက်သွားသည်။

"မနက်ဖြန် ကုက္ကိုလှရောက်အောင် လှည်းနှင့် ငါလိုက်ပို့ပေးမယ်"ဟု အောင်စိန်ကပြောသည်။

"မင်းလှည်းမစီးချင်ပါဘူးကွာ။ မင်းလှည်းကြောင့် အခုထိ ထောင်ထဲက မထွက်ရသေးဘူး"

ကျွန်တော်က ပြုံးရယ်၍ပြောရာ သုံးဦးသား သဘောကျကာ ရယ်ကြရပါသည်။ ဆင်းရဲဒုက္ခကို မျှဝေခံစားခဲ့ရသော အပေါင်းအသင်းများနှင့်ကဲ့သို့ စကားပြော ရယ်မောရသည်မှာ အရသာရှိလှပါသည်။ ထိုအခိုက် အမေ ရောက်ရှိလာသည်။

"အုံးဖေနှင့်တွေ့ချင်လို့တဲ့။ ဖိုးဂျပ်ပြား အိမ်မှာစောင့်နေတယ်"ဟု ပြောပါသည်။



"ငါတို့ပြန်တော့မယ်"ဟု ကုလားနှင့် အောင်စိန်က နှုတ်ဆက်ကာ ပြန်သွားကြသည်။ ဦးဂျပ်ပြားသည် ထောင်မှထွက်ပြေးသော ဘိုးရင်၏အဖေ ဖြစ်သည်။

"မင်းနှင့် ထောင်မှူးကြီး အလည်လာတယ်ကြားလို့ လာတွေ့တာ။ ဘာမှ အဖိုးထိုက်အဖိုးတန်တော့ မပေးနိုင်ဘူး။ အလုပ်ကရတဲ့ ပုစွန်ထုပ်လေး ငါးထုပ် လာပေးတာ"ဟုပြော၍ ငှက်ပျောရွက်နှင့် ထုပ်ယူလာသောအထုပ်ကို ကျွန်တော့်ရှေ့ ချပေးသည်။ ထို့နောက်-

"ဘိုးရင်နှင့် ဘသွင်ကို မင်းက အကူအညီပေးတာသိရလို့ ကျေးဇူးတင်ပါတယ်။ ငါပြန်တော့မယ်။ မယ်ဒန်းက ငါးရောင်းသွားရဦးမယ်"

မယ်ဒန်းသည် ဦးဂျပ်ပြား၏ဇနီး ဖြစ်ပါသည်။ သူတို့တွင် အိမ်ထောင်သည်သမီး မရေမြ၊ မဖွားတင်နှင့် သားလူပျိုဘိုးရင်တို့ရှိပြီး တံငါအလုပ်ဖြင့် အသက်မွေးမြူကြသူများဖြစ်ပါသည်။ ဒေါ်နှင်းဥကို ငှက်ပျောရွက်ထုပ်ကလေး ပေးလိုက်ပါသည်။

"ပုစွန်ထုပ်ကြီးငါးထုပ်၊ သုံးထုပ်ကို ဆီပြန်ချက်မယ်၊ နှစ်ထုပ်ကိုကျော်ပြီး နေ့လယ်ကျမှ ကြက်သွန်နီနှင့်သုပ်၊ ရှောက်ရည်ဆမ်းပြီး ရေနွေးကြမ်း တိုက်မယ်"ဟု ဒေါ်နှင်းဥကပြောရာ ကျွန်တော်က-

"ဥတော်သင့်သလိုလုပ်ပါ"ဟု ပြောလိုက်ပါသည်။

ဆယ့်တစ်နာရီအချိန်ခန့်တွင် ဦးရီးသောင်တို့သုံးဦး၊ မြေနုကျွန်းပေါ်မှ ပြန်လာကြသဖြင့် ထမင်းကျွေးရန် ပြင်ဆင်ကြပါသည်။ ထမင်းစားကြသောအခါ ကျွန်တော်က ယပ်တောင်ဖြင့် ယင်ခြောက်ပေးပါသည်။ ထောင်မှူးကြီးက ဟင်းပန်းကန်ထဲမှ ပုစွန်ထုပ်တစ်ထုပ်ကို ဦးရီးသောင် ထမင်းပန်းကန်ထဲသို့ ထည့်ပေးသကဲ့သို့ ဦးချစ်စရာ၏ ထမင်းပန်းကန်ထဲသို့လည်း ပုစွန်ထုပ်တစ်ထုပ် ထည့်ပေးသည်။ အငယ်ဆုံး ပုစွန်ထုပ်ကို သူ့ထမင်းပန်းကန်ထဲ ထည့်သောအခါ-

"ထောင်မှူးကြီးက ဒေါ်ချစ်တုံးလို မဟုတ်ဘဲကိုဗျ"ဟု ဦးချစ်စရာက ပြောသည်။

"ဘယ်လိုလဲ ဦးရီးချစ် ပြောပါဦး"ဟု မေးသည်။

"ရှားတောရွာမှာ ဒေါ်ချစ်တုံးဆိုတာ အခုထိရှိတယ်ဗျ။ တစ်နေ့မှာ အမဲဘာစ်တွဲဝယ်ပြီး နှစ်ဦးခွဲကြတယ်။ ခွဲပေးတဲ့သူက ဒေါ်ချစ်တုံး။ ခွဲပြီးလို့

www.burmeseclassic.com



ယူကြတော့ တစ်ဦးက သူကြိုက်တဲ့အပုံ ယူတာပေါ့ဗျာ။ ဒီတော့ ဒေါ်ချစ်တုံးက ဒါငါ့အပုံဟဲ့ မယူနှင့်လို့ ပြောတယ်။ ထောင်မှူးကြီးက အငယ်ဆုံးယူလို့ ဒေါ်ချစ်တုံးလို မဟုတ်တဲ့အကြောင်း ပြောတာပါ”ဟု ဦးချစ်စရာကပြောပြသောအခါ ရယ်ကြရပါသည်။

“ဒါက နွားနို့ငါးပိချက် ထောင်မှူးကြီး။ မစားဖူးဘူးလို့ပြောလို့ စားကြည့်ပါဦး”ဟု ဒေါ်နှင်းဥက ပြောသည်။ ထောင်မှူးကြီးသည် နွားနို့ငါးပိချက်ကို ခပ်ယူ၍ ထမင်းနှင့် နယ်ဖတ်ပြီး စားသည်။

“ကောင်းတယ် ဒေါ်ကြီးဥရေ၊ ကျွန်တော်မစားဖူးတာစားရလို့ ကျေးဇူးတင်ပါတယ်”

ထမင်းစားပြီးကြသောအခါ ကြက်ဥကြော်၊ ပုစွန်ထုပ်၊ ရှောက်ရည်ဆမ်းနှင့် ရေနွေးကြမ်းသောက်ကြပါသည်။

ဦးရီးအောင်နှင့် ဦးဘိုးသင်တို့လည်း စားဖွယ်ရာများနှင့် ရောက်ရှိလာသည်။ ဦးရီးအောင်က ဖီးကြမ်းငှက်ပျောတစ်ဖီးနှင့် ဦးဘိုးသင်က ပဲနီပြုတ်ကို ဆီမွှေးသပ်ယူလာသည်။

ဦးဘိုးသင်သည် အမေနှင့် မောင်နှမတစ်ဝမ်းကွဲ တော်ပါသည်။ စာပေဗဟုသုတ လိုက်စားသူဖြစ်၍ ထောင်မှူးကြီးနှင့် စကားပြောရအောင် ဦးရီးအောင်က ခေါ်ယူခဲ့ခြင်းဖြစ်ဟန်တူပါသည်။ လက်ဖက်ရည်ဝိုင်းမှာ လူများပြင့် စိုပြည်နေသည်။

“မသိလို့ မေးပါရစေ။ အခု အင်္ဂလန်နိုင်ငံမှာ အုပ်ချုပ်နေတဲ့ ဘုရင်က ဘယ်သူလဲဗျ”ဟု ဦးဘိုးသင်က ထောင်မှူးကြီးကို မေးသည်။

“ဂျော့ဘုရင်ပါ”

“ဩော် ဟုတ်လား။ ကျွန်တော်တို့က သတင်းစာမဖတ်ရတော့ အဆောအချော မသိဘူး။ တချို့က ဝေလမင်းသားလိုလို၊ အက်ဒွပ်ဘုရင်လိုလို၊ ဂျော့ဘုရင်လိုလို အမျိုးမျိုး ပြောနေကြလို့ မေးတာပါ”

“ဦးရီးသင်မေးတာက မေးထိုက်ပါတယ်။ ဝေလမင်းသားနှင့် အက်ဒွပ်ဘုရင်က တစ်ဦးတည်းပါ။ ဝေလဆိုတာက အိမ်ရှေ့မင်းသားဘဝက နာမည်ပါ။ ဘုရင်ဖြစ်လာတော့ အက်ဒွပ်ဘုရင်လို့ ခေါ်ကြပါတယ်။ အဲဒီဘုရင်ဟာ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်ပြီး ထီးနန်းကို စွန့်လွှတ်သွားတဲ့ ဘုရင်ပေါ့ဗျာ”

“ဘယ်လိုလဲ ထောင်မှူးကြီး ပြောပါဦး”



“အက်ဒွပ်ဘုရင်က အသက်လေးဆယ်ကျော် လူပျိုကြီးဗျ။ ရုပ်ရည်ကလည်း ချောမောခန့်ထည်တယ်။ ကမ္ဘာမှာ လူချစ်လူခင်အများဆုံး ဘုရင်ပဲ။ သူ့ဆီကို မိတ်ဆက်စာပေးကြတဲ့ ကမ္ဘာ့အရပ်ရပ်က ဘုရင့်သမီးတွေ၊ မီလျံနာသူဌေးကြီးတွေရဲ့သမီးတွေ၊ နန်းရင်ဝန်ကြီးတွေရဲ့သမီးတွေ စုံလို့ပေါ့ဗျာ။ အချို့စာတွေမှာဆိုရင် ကိုယ်ဟန်အမျိုးမျိုးနှင့် ရိုက်ကူးထားတဲ့ သူတို့ရဲ့ဓာတ်ပုံတွေပါတယ်။ အက်ဒွပ်ဘုရင်ဆီပေးတဲ့ စာတွေများလွန်းလို့ စာတိုက်ပုံးသီးသန့်ထားပေးရပါတယ်”

“ဩော် ဟုတ်လား ပြောပါဦး”

ထောင်မှူးကြီးသည် ပဲနီပြုတ်ကိုစားပြီး ရေနွေးကြမ်းတစ်ခွက်သောက်လိုက်သည်။ ‘ပဲနီပြုတ်စားကောင်းသည်’ဟု ပြောသည်။

“အက်ဒွပ်ဘုရင်ဟာ တကယ့် ဒိတ်ဒိတ်ကြဲတွေကို ကြင်ယာတော်အဖြစ် မရွေးချယ်ဘဲ သူနှင့်သိကျွမ်းခင်မင်နေတဲ့ အမေရိကန်ပြည်သူ နှစ်ခုလပ်၊ နှစ်လင်ကွာ၊ မစ္စစ်ဆင်ပဆင်ကို မေတ္တာသံယောဇဉ် ငြိတွယ်နေပါတယ်။ အဲဒီအကြောင်းကို သိနေကြတဲ့ ပြည်သူတွေကရော၊ ဆွေတော်မျိုးတော်တွေကပါ မစ္စစ်ဆင်ပဆင်နှင့် သဘောမတူနိုင်တဲ့အကြောင်း ကန့်ကွက်ကြပါတယ်။ ပါလီမန်နှင့် အစိုးရအဖွဲ့ကလည်း ဂုဏ်သိက္ခာမရှိတဲ့ အရပ်သူတစ်ဦးနှင့် အိမ်ထောင်ပြုခြင်းကို ထောက်ခံမှာမဟုတ်ကြောင်း ကြေညာပါတယ်။ အက်ဒွပ်ဘုရင်က သူ့ရဲ့ခိုင်မြဲတဲ့ မေတ္တာနှင့် သစ္စာကိုတော့ မဖျက်နိုင်ဘူး။ ထီးနန်းကို စွန့်လွှတ်မည်ဖြစ်ကြောင်း ကြေညာပြီး ဘုရင်အဖြစ်မှ နုတ်ထွက်သွားပါတယ်”

“ဟာ တကယ့်ကို အချစ်ကြီးတဲ့ ဘုရင်ပါလား”ဟု ဦးချစ်စရာက ချီးကျူးသည်။

“အချစ်ကြီးတာ မဟုတ်ပါဘူးဗျာ။ အတွေ့အကြုံမရှိဖူးတဲ့ လူပျိုကြီးဆိုတော့ နှစ်ခုလပ်ရဲ့ ပရိယာယ်မာယာ ထောင်ချောက်ကို ဝင်တိုးတာဖြစ်တယ်”ဟု ဦးဘိုးသင်က ဖြစ်တတ်သည့်သဘောကို ပြောသည်။

“ဦးရီးသင်ပြောတာ နီးစပ်မှုရှိတယ်။ နှစ်ခုလပ်ဆိုတော့ ပရိယာယ်ကြွယ်ဝသူဖြစ်တယ်။ အဲဒါနှင့် ပတ်သက်တဲ့ တေးထပ်နှစ်ပုဒ်ရှိတယ်။ ဘယ်သူရေးတယ်ဆိုတာတော့ မသိဘူး။ အထင်ပြောရရင်တော့ ဦးပုညနှင့် ရွှေတန်းဆရာဖေဖြစ်ဖို့ များပါတယ်။ သူတို့နှစ်ဦးကလည်း စာပေအမြိုက်အနှိုက် ရေးနေကြတဲ့ ပညာရှိကြီးနှစ်ဦးပေါ့။ ဒီတေးထပ်နှစ်ပုဒ်စလုံး အရေးအသား ကောင်းတာချည်းပဲ”

www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ချင်ပါတယ် ဆိုပြပါဦး"ဟု ဦးရီးသောင်က တိုက်တွန်းသည်။

ထောင်မှူးကြီးသည် အာခေါက်၍လား မသိ။ ရေနွေးကြမ်းတစ်ခွက် သောက်ပြီး "ဦးရီးတို့ သဘောပေါက်အောင် ဖြည်းဖြည်းဆိုပြပါမည်"ဟု ပြောသည်။

"ရှင်ဘို့မယ်တစ်သက်၊ မင်းဆက်က ငါးသွယ်၊ နှင်းမပျက် ရုံးချယ်သည်၊ ထုံးတစ်သွယ် ဥဒါန်း၊ ဝိဒေဟ မယ်ဥဒုံလို၊ နယ်လှဘုံ ပြောကြစတမ်း သရေခေတ်ပြေဌာနီမှာ၊ ဘေဒါရီတစ်ခန်း၊ ဝေသာလီကြင့်နှမတော့၊ နန်းခြောက်ဆက်သာမှာ၊ ကြက်တောင်ပြန် စကုဇြတ်လိုပဲ၊ တစ်ခုလပ် ကောင်းလေသည့်တာ သမုနတ် လောင်းလျာငယ်၊ ကောင်းတာကိုသူသိမှ၊ ယူမိတဲ့ ရွှေစာစောင် နှင်းမဲ့ညာတောင်၊ တစ်ခုလပ် မာယာဆောင်လျှင် ကညာတောင်သာဘူးကွယ်လေး"

ဒုတိယတေးထပ်က–

"ရာဇဝင် စံပြစို့၊ သမ္မဝဆွေညီ၊ နယ်မက ဘေဒါရီကို၊ မဟောင်ဆွက်ဖျန်း၊ ဤကဲ့သို့ ငါးဆက်သွယ်သည်၊ ရှင်ဘို့မယ် မင်းမင်းတောင်နန်း မြတ်ဝေဠုဝတီမယ်မှာ၊ သီဟာလယ် ဆောင်ခန်း၊ ဆင်ဖြူရှင် ကြင့်နှမတော့ နန်းထိုက်တဲ့သူဇာ တောတွင်းသူ လင်ကွာမိ၊ ခင်ရာဘီ နန်းတင်သည့်တာ သမုနတ် လောင်းလျာတွေတောင်၊ ကောင်းတာကိုသူသိလို့၊ ယူဘိတယ် သေအချာ ကျမ်းထွက်မကွာ။ တစ်ခုလပ် ပြုပုံသာသည်၊ နကုမ္မာ မိဘူးကွယ့်လေး"

"တေးထပ်နှစ်ပုဒ်စလုံး သိပ်ကောင်းတာပဲ။ တစ်ခုလပ်ကိုပဲ ရှာဖွေယူတော့မလို ဖြစ်နေပြီ"ဟု ဦးချစ်စရာက ပြောရာ ရယ်ကြရပါသည်။

"ထောင်မှူးကြီးပြောလို့ ကျွန်တော်တို့ ဗဟုသုတရပါတယ်။ ဖြစ်နိုင်ရင် မနက်ဖြန် မပြန်ဘဲ တစ်ရက်လောက်နေပါဦး။ နေရေးစားရေးအတွက် အားမနာရပါဘူး"ဟု ဦးရီးသောင်က ပြောသည်။

"ထောင်မှာနေရတာထက် ဒီမှာနေရတာ ပိုကောင်းပါတယ်။ စားစော ဆိုလည်း လိုလေသေးမရှိပါဘူး။ အားနာဖို့တောင်ကောင်းပါတယ်။ ပြီးတော့ အိမ်ခြံဝိုင်းအကျယ်ကြီးထဲမှာ သစ်ပင်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်ပင်တွေ ကြည့်ရတာကိုက စိတ်ကြည်နူးဖွယ်ရာ ကောင်းပါတယ်။ ကျွန်တော်ပင်စင် ယူတဲ့အခါ ဦးရီးသောင်လို နေနိုင်အောင် ကြိုးစားမယ်"ဟု ပြောသည်။



"ဩော်၊ ကျွန်တော်မေးချင်တာတစ်ခု ကျန်နေပါတယ်။ အက်ဒွပ်ဘုရင်နှင့် ဂျော့ဘုရင်က ဘယ်လိုတော်ပါသလဲ"ဟု ဦးဘိုးသင်းကမေးသည်။

"ညီအစ်ကိုအရင်းပါ အက်ဒွပ်ဘုရင် ထီးနန်းစွန့်သွားတော့ နန်းညွန့်နန်းလျာဖြစ်တဲ့ ဂျော့က ဘုရင်ဖြစ်လာပါတယ်"ဟု ပြောနေစဉ် မအေးမိနှင့် ဆွဲမိတို့ ရောက်ရှိလာသည်။ မအေးမိက လွယ်အိတ်ကလေးကို ဆွဲယူလာသကဲ့သို့ မဆွဲမိကလည်း သတ္တုအိုးကလေးတစ်လုံးကို ခေါင်းပေါ်ရွက်လာသည်။

"အေးမိ ဘာတွေချက်လာသလဲ" ဒေါ်နှင်းဥက မေးသည်။

"ကြက်သားချက်ပါ။ ထမင်းပွဲပြင်တော့ ပူပူနွေးနွေး စားကြရအောင် နွေးလိုက်ပါဦး"ဟုပြော၍ မဆွဲမိ ခေါင်းပေါ်မှ သတ္တုအိုးကလေးကို ဒေါ်နှင်းဥသို့ပေးလိုက်သည်။ မအေးမိသည် စကားဝိုင်းအနီးသို့ ရောက်လာသည်။ ကျွန်တော်က နေရာပေးသည့်အနေဖြင့် နောက်သို့ဆုတ်ပေးလိုက်သည်။ လွယ်အိတ်ထဲမှ ဝင်းမြန်မာ ကုမ္ပဏီတံဆိပ်ပါ စက္ကူအိတ်ကို ထုတ်ယူ၍ ထောင်မှူးကြီးသို့ ပေးသည်။

"ကျွန်မက လက်ဆောင်ပေးတာပါ"ဟုပြောလျက် ထောင်မှူးကြီးကို ပေးချကန်တော့သည်။

"ငါ့တူမ လွယ်ကူချောမောစွာနှင့် သားကောင်းသမီးကောင်း မွေးဖွားပါစေ"ဟု ဆုပေးရာ–

"ပေးတဲ့ဆုနှင့် ပြည့်ရပါလို၏"ဟု မအေးမိက ရွတ်ဆိုသည်။

မအေးမိတို့ ပြန်သွားသောအခါ ထမင်းပွဲပြင်ကြပါသည်။ ဧည့်သည်များကို ထမင်းစားပြီးမှ ပြန်ကြရန် ဦးရီးသောင်က တားသော်လည်း ပြန်သွားကြသည်။ အမေက ငါးလူးများကိုကြော်၍ ပူပူနွေးနွေး လာပေးသည်။

ထမင်းစားပြီးကြသောအခါ ကျွန်တော်သည် ထောင်မှူးကြီး အိပ်ရန်အတွက် နေရာထိုင်ခင်းပြုလုပ်ပေးပြီးနောက် မအေးမိတို့အိမ်သို့ ထွက်လာခဲ့သည်။

မနက်ဖြန်ပြန်ရတော့မည်ဖြစ်၍ နှစ်ဦးသား စကားပြော၍ မပြီးနိုင်သေးပါသည်။ ညဥ့်နက်မှ အိပ်ပျော်သွားကြပါသည်။

နံနက်ကြက်ဦးတွန်ချိန် ကျွန်တော် အိပ်ရာမှနိုးပါသည်။ ခေါင်းရင်းရှိ မီးခွက်ကို ထွန်းညှိလိုက်ပါသည်။ မအေးမိသည် ကျွန်တော့်ဘက်သို့ မျက်နှာလှည့်လျက် ကိုယ်တစ်စောင်း အိပ်ပျော်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိ မိ"ဟု တစ်ခါမျှ မခေါ်ဖူးသောစကားလုံးဖြင့် ပခုံးကလေးကို လှုပ်၍နှိုးလိုက်ပြီး သနပ်ခါးလိမ်းခြယ်ထားသောပါးကို ဖွဖွကလေး နမ်းရှုပ်လိုက်ပါသည်။

မအေးမိက ကျွန်တော်၏လည်ပင်းကို ဖက်ထားပါသည်။ နှစ်ဦးသား ကြည်နူးနေကြပါသည်။ ဤကြည်နူးမှုသည် ကျွန်တော်တို့၏ဘဝတွင် နောက်ဆုံး နိဂုံးဖြစ်သည်ဆိုသည်ကို ကျွန်တော်ရော မအေးမိပါ မသိခဲ့ကြပါ။

ကျွန်တော် ဦးရီးသောင်တို့အိမ် ရောက်သောအခါ ထောင်မှူးကြီးသည် အဝတ်အထည်များကို လွယ်အိတ်ထဲထည့်ပြီး အဆင်သင့်ဖြစ်နေပါသည်။

ဒေါ်နှင်းဥက ထမင်းပူပူကို ဆီဆမ်းပြီး ကြက်ဥကြော်၊ ငါးကြော်တို့နှင့် နံနက်စာကျွေးပါသည်။ စားပြီးသောအခါ ထောင်မှူးကြီးက ဦးရီးသောင်၊ ဒေါ်နှင်းဥ၊ မလုံးတင်တို့ကို 'ကျေးဇူးတင်ကြောင်း'ပြောပြီး 'ပြန်တော့မည်'ဟု နှုတ်ဆက်လိုက်ပါသည်။ သား ကိုကျော်ခွေးမှာ အိပ်ရာမှ မထသေးပါ။

နံနက် အရုဏ်တက်ချိန်တွင် ဆရာတပည့်နှစ်ဦး စကားတပြောပြောနှင့် ခရီးစဉ်အတိုင်း ပြန်လာခဲ့ကြရာ နံနက် ဆယ်နာရီအချိန်ခန့်တွင် ယာပြင်ကျောင်း ထောင်သို့ ရောက်ရှိကြပါသည်။

၀ ၀ ၀

# ထောင်တွင်းကြိမ်ဒဏ် အတွေ့အကြုံ

ထောင်ရုံးခန်းရောက်သောအခါ မောင်ချင်းကို တွေ့ပါသည်။

"လူအတိုးအလျှော့ ရှိပါသလား"ဟုမေးရာ-

"အတိုးအလျှော့မရှိဘူး။ ရန်ကုန်က အယူခံပယ်လိုက်တဲ့ အမိန့်စာ [ ]စောင် ရောက်လာတယ်"ဟု မောင်ချင်းကပြောသည်။

"ဘယ်သူ့အယူခံစာလဲ"

"ဘမှားအယူခံစာပါ။ ထောင်မှူးက **ဘမှား**ကို ရုံးခန်းခေါ်ပြီး အယူခံ [ ]အကြောင်း ပြောပြီးပါပြီ"

"**ဘမှား**" မှာ ထောင်ထဲရောက်မှ ထောင်သားများက ခေါ်ဝေါ်ကြသော [ ]ည်ဖြစ်သည်။ သူ၏နာမည်ရင်းမှာ 'ဘမှန်' ဖြစ်ပါသည်။ ဘမှန်သည် [ ]မြို့နယ် မြစ်ခြေရွာနပိုင် ညောင်ပင်ရွာမှ ဖြစ်သည်။ ဘမှန်ငယ်စဉ်က

www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါး သေဆုံးသွား၍ အမေ၏မောင်အရင်း (နာမည်မမှတ်မိတော့ပါ) ဦးရိုးက ပြုစုကျွေးမွေးခဲ့သည်။ ဦးရိုးတွင် ဇနီးရှိသော်လည်း သားသမီး မထွန်းကားသဖြင့် ဦးရိုးတို့ ဇနီးမောင်နှံသည် ဘမှန်ကို သားအရင်းသဖွယ် ချစ်ခင်ကြင်နာကြသည်။ ပစ္စည်းဥစ္စာ နွမ်းပါးသော်လည်း ဘမှန်လိုချင်သည် ဆိုလျှင် ဝယ်ပေးကြသည်သာ။

'အလိုလိုက် အမိုက်ဖြစ်' ဆိုသကဲ့သို့ ဘမှန်အရွယ်ရောက်သောအခါ ဖဲသမား အရက်သမားဖြစ်သွားသည်။ ဖဲရိုက်ရန် ပိုက်ဆံမရှိလျှင် အိမ်မှပစ္စည်း များကို ခိုးယူ ပေါင်နှံပြီး ဖဲရိုက်တတ်သည်။ တစ်နေ့တွင် ဦးရိုးဖြစ်သူက ဘမှန်ကို ကောင်းစေလိုသော လိမ္မာစေလိုသောသဘောဖြင့် 'ဖဲရိုက်ရပါမည် လား၊ အရက်သောက်ရပါမည်လား'ဟု မြည်တွန်တောက်တီးသည်။ တတွတ် တွတ် မြည်တွန်ခြင်းကို မခံချင်သော၊ အရက်မူးနေသော ဘမှန်က အနီး မြက်စဉ်းဓားကို ကောက်ယူကာ–

"ပြောဦးဗျာ ပြောဦးဗျာ"ဟုပြောလျက် ဦးရိုး၏ ခေါင်းကို ခုတ်ချ လိုက်သည်။ ဦးရိုးသည် အရှိန်ဖြင့်ကျရောက်လာသော ဓားကို ယာဘက်လက်နှင့် ကာကွယ်လိုက်ရာ လက်ကောက်ဝတ် 'တီခနဲ' ပြတ်သွားသည်။ အဘွားကြီးက ဘမှန်ကို ဖက်ထားပြီး–

"သား မှားမယ်၊ မှားမယ်"ဟူ၍လည်း ပြောသည်။

"လာကြပါ ကယ်ကြပါ"ဟု ဟစ်အော်၍ အိမ်နီးချင်းများကိုလည်း အကူအညီ တောင်းသည်။ လူကြီးများ ရောက်လာကြသောအခါ ဘမှန်ကို ဖမ်းဆီးပြီး ပခုက္ကူဂါတ်ကို ပို့သည်။ ဂါတ်မှာ ယခု ယူနီယံဓာတ်ပုံတိုက် နေရာမှာဟု ထင်သည်။ လူနာကို လှည်းဖြင့် ပခုက္ကူဆေးရုံပို့သည်။ ဆေးရုံ မှာ ထိုအချိန်က 'ဆယ်ရွာ'၌ဖြစ်သည်။ နောက်မှ အကြောင်းတစ်ခုကြောင့် 'ကွမ်းရွာ'သို့ ရွှေ့ပြောင်းသွားခြင်းဖြစ်သည်။

ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ ဘမှန်ကို ရုံးတင်စစ်ဆေးသည်။ ရုံးမှာ 'ထီးပြန်ရုံး'ဟုနာမည်ကြီးသော နယ်ပိုင်ရာဇဝတ်တရားသူကြီး 'ဦးထွန်းအောင်' ရုံးဖြစ်သည်။ တရားလိုဖြစ်သူ ဦးရိုးက ဘမှန်ထောင်ကျမည်ကိုစိုးရိမ်၍ ဘမှန် တူကို သူ ကျေနပ်စွာ ခွင့်လွှတ်ပါကြောင်း၊ ရုံးတော်မှလည်း အပြစ်အနာ ချမ်းသာခွင့်ပြုစေလိုပါကြောင်း၊ တူညီခြင်းမရှိသော အင်္ဂါမစုံလင်သည့် လက် နှစ်ဖက်ဖြင့် ရှိခိုးလျှောက်ထားလေသည်။



တူသားအပေါ် ထားရှိသော ဦးရိုး၏ နက်ရှိုင်းသော မေတ္တာစေတနာ ကို တွေ့မြင်ကြရသည့် ရုံးဝန်ထမ်းများနှင့် အမှုနားထောင်ကြသူများမှာ စိတ် မကောင်းဖြစ်ကြရသည်။ တချို့မှာ မျက်ရည်များပင် ပါးပြင်ပေါ်သို့ စီးကျလာသည်။ ဘမှန်မှာမူ ခံစားမှုနှလုံးသား မရှိသကဲ့သို့ မျက်နှာအမူအရာလည်း မပျက်။ မျက်ရည်လည်း မကျ။ ချစ်ခြင်းမေတ္တာ၏ သဘောသည် အမြင့်မှ အနိမ့်သို့ ရေစီးဆင်းသကဲ့သို့ဖြစ်သည်။ ကြီးသူက ငယ်သူအပေါ် မေတ္တာရေစင် တွေ ဒလဟောစီးဆင်းခဲ့သော်လည်း ငယ်ရွယ်သူ၏ တုံ့ပြန်မှုမှာ ဝဲဂယက် ပမာ အနည်းငယ်မျှသာ ရှိတတ်လေသည်။ ထို့ကြောင့် 'ရေစုန်သာရှိသည် ရေဆန်မရှိ' ဟု ဆိုရိုးရှိနေခြင်းဖြစ်သည်။

"တရားလိုက ခွင့်လွှတ်သော်လည်း ဥပဒေက ခွင့်မလွှတ်နိုင်ကြောင်း" တရားသူကြီးကပြော၍ အမှုကို ဆက်လက်စစ်ဆေးသည်။ နောက်ဆုံး စီရင် ချက်ချမှတ်ရာတွင် 'ထောင်ဒဏ်သုံးနှစ်နှင့် ကြိမ်ဒဏ်အချက်သုံးဆယ် ကျခံ စေ'ဟု အပြစ်ပေးလိုက်လေသည်။

ဦးရိုးသည် တူဖြစ်သူအတွက် စိတ်မချမ်းမသာ ဖြစ်နေရှာသည်။ စီးပွားဥစ္စာနွမ်းပါးသော်လည်း ရှိစုမဲ့စုကို ထုခွဲ၍ အယူခံခဲ့သေးသည်။ သို့သော် အယူခံကြမ္မာက ဘမှန်ကို မျက်နှာသာမပေးပေ။

ထောင်ထဲတွင် ထောင်သားအချင်းချင်း တစ်ဦးကိုတစ်ဦး ယုံကြည်မှု ရှိကြသည်။အပြင်မှာလိုလျှို့ဝှက်သိုသိပ်ခြင်းမရှိဘဲ ကိုယ့်အဖြစ်ကိုယ့်အပြစ်ကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်တတ်ကြသည်။ ဤကဲ့သို့ပင် ဘမှန်သည်လည်း သူ့ အဖြစ် သူ့အပြစ်ကို ထိန်ဝှက်ခြင်းမရှိဘဲ ပြောပြလေသည်။ 'ဘမှန်' အကြောင်း ကို သိသူများက 'ဘမှား'ဟု စတင်ခေါ်ဆိုကြရာမှ ယခုအခါ ထောင်သား များသာမက ပြာတာများကပါ ကင်ပွန်းမတပ်ရ၊ လက်ဖက်မကျွေးရဘဲနှင့် 'ဘမှား' ဟူသော နာမဝိသေသန ဂုဏ်ထူးကို ရရှိခဲ့လေသည်။

သို့သော် ထောင်ကျဝရမ်းတွင် ဘမှန်အမည်ဖြင့် အပြစ်ပေးထားသည့် အတွက် ဝရမ်းပါ နာမည်အတိုင်း ရေးသားဖော်ပြပါမည်။ 'ထောင်မှူးကြီးများ လာလျှင် ထမင်းစားသွားသည်'ဟုပြောရန် မောင်ချင်းကို မှာထားခဲ့ပြီး ဦးတင်အိမ် သို့ ထွက်လာခဲ့ပါသည်။ အဆင်သင့်ပင် ထမင်းပွဲပြင်နေစဉ် ရောက်ရှိသွား သည်။

"ပြန်လာပြီလား"ဟု ဦးတင်က မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုမနက်ပဲ ပြန်ရောက်တယ်"ဟု ပြောသောအခါ–

"ထောင်မှူးတွေက မင့်ကို တော်တော် ယုံကြည်တာပဲ။ သူတို့အယုံအကြည် ခဲ့မယ့်အလုပ်မျိုးကို မလုပ်နှင့်နော်"ဟု ကောင်းစေလိုသောသဘောဖြင့် ပြောပါသည်။ ကျွန်တော် ရုံးခန်းပြန်ရောက်သောအခါ ထောင်မှူးကြီးရော ထောင်မှူးကလေးပါ ရောက်ရှိနေကြပါသည်။

ဘမှန်ကို ကြိမ်ဒဏ်ပေးရန်အတွက် ဆရာဝန်ကြီး၏ ကျန်းမာရေးထောက်ခံချက်ရယူရန် စီစဉ်နေကြပါသည်။ ဘမှန်ကို ပြာတာနှစ်ဦးက ဆေးရုံသို့ခေါ်ဆောင်သွားပါသည်။ ပြန်ရောက်ကြသောအခါ ဘမှန်၏ တင်ပါးတွင် ဝဲနာများ ရှိနေသဖြင့် ကြိမ်ဒဏ်ပေးခြင်းကို ရပ်ဆိုင်းထားရန် ဆရာဝန်၏မှတ်ချက်နှင့် ဝဲနာပျောက်ဆေးရည်တစ်ပုလင်း ပေးလိုက်ပါသည်။ ထောင်မှူးကြီးက ဆေးရည်ပုလင်းကို မောင်ချင်းပေးပြီး–

"တစ်နေ့နှစ်ကြိမ် ဘမှန်ကို ဆေးလိမ်းပေးရန်" ပြောပါသည်။

ဧပြီလ ဒုတိယပတ်ဟု ထင်ပါသည်။ ဦးချစ်ခိုင်ကို ထောင်ဝင်စာတွေ့လိုသူတစ်ဦး ရောက်ရှိလာပါသည်။ ထိုသူ ရောက်ရှိလာချိန်မှာ ထောင်ဝင်စာ တွေ့ခွင့်ပြုမည့်အချိန်ထက် အနည်းငယ် စောနေသဖြင့် ရုံးခန်း အနောက်ဘက်ရှိ တမာပင်အောက်တွင် ထိုင်စောင့်နေရန် ပြောလိုက်ပါသည်။ မကြာမီ ထောင်ဝင်စာ တွေ့လိုသူများ တဖွဲဖွဲ ရောက်ရှိလာကြပါသည်။

ဦးချစ်ခိုင်ကိုတွေ့လိုသူမှာ ဦးချစ်ခိုင်ဇနီး မလှရင်၏အစ်ကိုကြီး ဖြစ်ပါသည်။ ဦးချစ်ခိုင်ထက် အသက်ငယ်ဟန်ရှိပါသည်။ ၎င်းသည် ရိုးသားဟန်ရှိသော်လည်း လူ့သဘာဝကို နားလည်ဟန်မရှိပါ။ 'တွေ့တွေ့ချင်း ဆောက်နှင့်ထွင်း' ဆိုသကဲ့သို့ ဦးချစ်ခိုင်၏ မိခင်ကြီး သေဆုံးကြောင်း အစအဦး ပြောလိုက်ရာ ဦးချစ်ခိုင်သည် ခေါင်းအရိုက်ခံရသော ကြက်ကြီးကဲ့သို့ ခေါင်းငိုက်စိုက်ကျပြီး တရှုပ်ရှုပ် ငိုပါလေသည်။

ငိုပေလိမ့်မည်။ မိခင်နှင့် နှစ်ပေါင်းလေးဆယ်ကျော် အတူနေခဲ့ရသည့်သေခါနီး မိခင်ကြီးကို ကိုယ်ဖိရင်ဖိ ပြုစုလုပ်ကျွေးခွင့် မရရှိခြင်းအတွက် ယူကြုံးမရ ဖြစ်နေဟန်ရှိပါသည်။

"လှရင်က သူပါလိုက်ချင်တာ။ ခရီးဝေးလို့ မခေါ်ခဲ့ဘူး။ ခင်ဗျားအတွက် လုံချည်နှင့်အင်္ကျီ ပေးလိုက်တယ်။ ပြီးတော့ အိမ်အတွက် မပူနှင့်လို့လည်း မှာလိုက်တယ်"ဟု ယောက်ဖဖြစ်သူက ပြောပါသည်။



ထောင်ဆိုသည်မှာ မကောင်းသော နေရာဌာနဖြစ်သကဲ့သို့ တွေ့ရမြင်ရကြားရသမျှမှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာချည်း ဖြစ်သည်။ ကျွန်တော်သည် ဦးချစ်ခိုင်ကို ကြည့်ပြီး စိတ်မကောင်းဘဲဖြစ်နေရာ ညဥ့်သန်းခေါင်ကျော်သည့်တိုင်အောင် အိပ်မပျော်နိုင်ဘဲ ဖြစ်နေပါသည်။

ရက်သတ္တတစ်ပတ်ခန့် ကြာသောအခါ ရန်ကုန် တရားရုံးမှ ဦးချစ်ခိုင်၏ အယူခံမှုကို ပယ်ချလိုက်သောအမိန့်စာ ရောက်ရှိလာသည်။ မူလ တရားရုံး၏ စီရင်ချက်သည် ဥပဒေနှင့်အညီ တရားမျှတသည်ဟု ယူဆသဖြင့် တရားလို၏ အယူခံကို ပယ်လိုက်သည်ဟု ပါရှိသည်။

ထောင်မှူးကြီးက ဦးချစ်ခိုင်ကိုခေါ်ခဲ့ရန် မောင်ချင်းကို အမိန့်ပေးလိုက်ပါသည်။ ဦးချစ်ခိုင် ရောက်လာသောအခါ တရားရုံးတော်၏အမိန့်စာကို ထောင်မှူးကြီးက ဖတ်ပြပါသည်။ ဦးချစ်ခိုင်ကိုကြည့်ရသည်မှာ မှိုင်တိုင်တိုင် ငေးတေးတေး စိတ်မချမ်းမြေ့သည့်သဘောမျိုး ဖြစ်နေသည်။

ရှေ့နေဦးဘိုးကောင်း၏ ပြောပြချက်အရ 'အယူခံနိုင်လိမ့်မည်'ဟု ထင်ခဲ့သည်။ အထင်နှင့်အမြင်မှာ ပါစင်အောင်လွဲနေသည်။ တချို့ ရှေ့နေများသည် ဥပဒေနှင့် ပတ်သက်၍ ဘာမျှနားလည်ခြင်း မရှိကြသော တရားခံများကို အထင်လည်း သေးကြသည်။ ကြင်နာသနားမှုလည်း နည်းကြသည်။ တရားခံ သွတ်မြောက်ရေးထက် မိမိအကျိုးသက်ရောက်မှုရှိရေးကိုသာ အဓိကထားကြလေသည်။ လူတို့၏ အတ္တသဘာဝဖြစ်ပေသည်။

မိခင်ကြီးဆုံးသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသည်။ ယခု အယူခံရှုံးပြန်သည်။ 'မကောင်းသောကံကြမ္မာသည် တစ်ခါနှင့်မပြီး' ဆိုသကဲ့သို့ အနွယ်လိုက်လာတတ်သောသဘောရှိလေသည်။ အယူခံရှုံးပြီးမှ ဦးချစ်ခိုင်အမူအရာ ပြောင်းလဲသွားသည်။ ယခင်က ဘုရားတန်ဆောင်သွားပြီး နေ့စဉ် ဘုရားရှိခိုးနေကျဖြစ်သော်လည်း ယခု ဘုရားရှိခိုးခြင်း မရှိသည့်အပြင် မျက်နှာလည်း ရွှင်ရွှင်ပျပျ မရှိချေ။

"ဦးချစ်ခိုင် နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ခင်ဗျားကြည့်ရတာ ရွှင်ရွှင်ပျပျမရှိလို့"

"ဟုတ်တယ်ဗျာ။ အမေကလည်း သေ၊ အယူခံကလည်း ရှုံးတော့ စိတ်မကောင်းဘူးပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အားမငယ်ပါနှင့်ဗျာ။ ငပုတွေပြေးရခါနီးပြီ"

"ငပု" ဆိုသည်မှာ ဂျပန်ကို ခေါ်ဆိုခြင်းဖြစ်သည်။ ထိုအချိန်က ဂျပန်များသည် မြန်မာများထက်ပင် အရပ်အမောင်း နိမ့်သည်၊ ပုသည်။

ကျွန်တော်က 'ငပုတွေပြေးရတော့မည်'ဟု ပြောလိုက်သောအခါ မည်းမှောင်နေသော မိုးတိမ်တိုက်ကြီး လွင့်ပျယ်သွားသကဲ့သို့ ဦးချစ်ခိုင်၏ ညှိုးငယ်နေသော မျက်နှာသည် ကြည်လင်ဝင်းပသွားသည်။

"ဟုတ်လား။ ခင်ဗျားကို ဘယ်သူက ပြောတာလဲဗျ"

စိတ်အားထက်သန်စွာ မေးသည်။

"ကျွန်တော်ထမင်းစားသွားတဲ့ ဦးတင်အိမ်မှာ လူသုံးဦး၊ လေနတ်သားသတင်းစာဖတ်ပြီး ဂျပန်တွေစစ်ရှုံးတော့မယ့်အကြောင်း ဝေဖန်ပြောဆိုနေကြတယ်။ ဒါနှင့် ကျွန်တော်လည်း သူတို့ဆီက လေနတ်သားသတင်းစာလေးကို ခဏတောင်းပြီး ဖတ်ကြည့်ပါတယ်။ သတင်းစာအာဘော်က စစ်မျက်နှာအားလုံးမှာ ဂျပန်တွေအရှုံးနှင့် ရင်ဆိုင်နေရပြီ။ ပစိဖိတ်သမုဒ္ဒရာကို လွှမ်းမိုးကြီးစိုးနေတဲ့ဂျပန်ရေတပ်ကြီးဟာလည်း အခုအခါ ခေါင်းမထောင်နိုင်တဲ့အခြေအနေ ရောက်သွားပြီလို့ပါတယ်။ ပြီးတော့ အဲဒီလူတွေရဲ့ဝေဖန်ချက်က ဂျပန်ဟာ အလွန်ဆုံးကြာလျှင် ရှစ်လ၊ ကိုးလပဲလို့ ပြောကြတယ်ဗျ"

"ကြားရတာဝမ်းသာလိုက်တာဗျာ"

ဦးချစ်ခိုင်သာမဟုတ် အခြားထောင်သားများကြားလျှင်လည်း ဝမ်းသာကြမည်သာတည်း။

တစ်နေ့တွင် မြို့ခင်းသာသူကြီးဦးထွန်းပေါနှင့် လူကြီးတစ်ဦး၊ ဘူးရုံးသို့ရောက်ရှိလာပါသည်။ ကိစ္စမှာ ဦးသာရအယူခံနိုင်၍ လွှတ်ဝရမ်းလာပို့ခြင်းဖြစ်ပါသည်။ သူကြီးထံမှ အမိန့်စာကိုယူပြီး ဦးစောပေါ စားပွဲပေါ်တင်ပေးလိုက်ရာ ဦးစောပေါသည် စာကိုဖတ်ကြည့်ပြီး ထောင်သားများလွှတ်စာရင်းစာအုပ်တွင် ရေးသွင်းသည်။ ထို့နောက် ထောင်မှူးကြီး စားပွဲပေါ်သို့ တင်ပေးလိုက်ပါသည်။ ထောင်မှူးကြီးက ဦးသာရကို ခေါ်ခဲ့ရန် မောင်ချင်းကို အမိန့်ပေးလိုက်ပါသည်။

ဦးသာရ ရောက်လာသောအခါ ထောင်မှူးကြီးက ပင်အပ်နှင့် တွဲထားသော ဂျပန်ငွေစက္ကူအသစ်လေးရွက်ကို ဦးသာရသို့ ပေးပါသည်။ ဦးသာရသည် ငွေစက္ကူများကို ကြည့်ပြီး ငေးငိုင်နေပါသည်။



"ဒီငွေက ကျွန်တော့်ငွေမဟုတ်ပါဘူး။ မောင်အုံးဖေငွေပါ"

"ဘကြီးငွေကို ကျွန်တော် မလိုချင်ပါဘူး။ ဘကြီးပဲ ပြန်ယူသွားပါ"

"မောင်အုံးဖေ ကြားဖူးမှာပေါ့။ စေတနာရှိလို့ကျွေးရင် သေဆေးတောင်ဆေးပေါက်ဖြစ်ရတယ်လို့ အဆိုရှိတယ်ကွ။ ဦးသာရ စိတ်ချမ်းသာအောင်ယူလိုက်ပါ"ဟု ထောင်မှူးကြီးက ပြောသဖြင့် ယူလိုက်ရပါသည်။

အမှန်ကိုပြောရလျှင် အခွင့်အလမ်းကို မျှော်မှန်းပြီး ကူညီစောင့်ရှောက်ခြင်း မဟုတ်ပါ။ ကျွန်တော် တတ်နိုင်သည်ကို တတ်နိုင်သလို မည်သူ့ကိုမဆို ကူညီလိုသောသဘောရိုးဖြင့် ကူညီခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်သည် ထောင်မှူးကြီးထံ ခွင့်တောင်းပြီး သူကြီးဦးထွန်းပေါတို့ကို ကျောင်းဝိုင်းအပြင်ဘက်ရောက်အောင် လိုက်လံပို့ဆောင်ပေးလိုက်ပါသည်။

"မောင်အုံးဖေ ထောင်ကလွတ်ရင် ဘဆီကိုအလည်လာခဲ့ဦးနော်"ဟု ဦးသာရက ပြောပါသည်။

"တစ်လောက ထောင်မှူးကြီးနှင့်အတူ ရွာပြန်လာတယ်လို့ ကြားလိုက်တယ်။ ဟုတ်သလား"ဟု သူကြီးက မေးသည်။

"ဟုတ်ပါတယ်"

"ဝမ်းသာပါတယ်ကွာ။ ဦးသာရကို အကူအညီပေးလို့လည်း ကျေးဇူးတင်ပါတယ်"

မေလတစ်နေ့တွင် ဘမှန်ကို ထောင်မှ အပြစ်ပေးကြိမ်ဒဏ်ရိုက်ရန် [illegible]ကြပါသည်။ ဘမှန်သည် ဦးရီးကို ရက်ရက်စက်စက် ဓားဖြင့် ခုတ်ရဲ[illegible]လည်း မိမိကြိမ်ဒဏ် အရိုက်ခံရမည်ကိုတော့ ကြောက်ရွံ့နေပါသည်။ [illegible]ကို အကူအညီပေးပါရန် အကြောင်းမျက်နှာ ညှိုးငယ်စွာနှင့် ကျွန်တော့်ကို [illegible]ပါသည်။

"ငါ ကူညီနိုင်တာဆိုရင် ကူညီချင်ပါတယ်။ အခုကိစ္စက ဘယ်လိုမှ [illegible]လို့ မဖြစ်ဘူး။ မင်းလည်း အသိပဲ"

"ခင်ဗျားက ကြိမ်ရိုက်ချက် လျှော့ခေါ်နိုင်တယ်လို့ ပြောကြ[illegible]"

"မဖြစ်နိုင်ဘူး။ ထောင်မှူးကြီးက ကြိမ်ရိုက်သူနှင့် ကြိမ်ဒဏ်ခံ[illegible]အနေကို ကိုယ်တိုင်လေ့လာကြည့်တတ်တယ်။ ပြီးတော့ ကြိမ်ချက်[illegible]ကိုလည်း ငါ့ကို တာဝန်ပေးချင်မှပေးမယ်"ဟု ပြောလိုက်ရသော်လည်း

www.burmeseclassic.com



ဘမှန် နေထိုင်သော ညောင်ပင်ရွာနှင့် ကျွန်တော်တို့ရွာသည် ဆွေမျိုးချင်း ဆက်နွယ်မှုလည်းရှိသည်။ ရွာချင်းလည်း သုံးမိုင်ကျော်ပဲဝေးသည်။ သူရော ကျွန်တော်ပါ ထောင်မကျမီကပင် တစ်ဦးကိုတစ်ဦး သိကျွမ်းနေကြသူများ ဖြစ်၍ အကူအညီပေးခွင့်ရလျှင် ပေးချင်သောစိတ်ဆန္ဒရှိပါသည်။ တစ်ခါတစ်ရံ စားဖွယ်ရာများကိုလည်း ပေးခဲ့ကျွေးခဲ့ဖူးပါသည်။

နေ့လယ်နှစ်နာရီအချိန် ဘမှန်ကို ရုံးခန်းအနောက်ဘက်ရှိ တမာပင်၏ ချက်နာပြုလျက် ရပ်နေစေပါသည်။ ခြေထောက်နှင့်လက်များကို လှုပ်ရှားခြင်း မပြုနိုင်အောင် တမာပင်နှင့်တွဲ၍ ချည်တုပ်ကြသည်။ ဘမှန်၏တင်ပါးတွင် ပိတ်ဖြူစလေးမှတစ်ပါး တစ်ကိုယ်လုံး အဝတ်အထည်ဟူ၍ ဘာမျှမရှိပေ။ ကြိမ်ရိုက်မည့်သူမှာ 'ကိုဘိုးကျော်'ဖြစ်သည်။ ဆိပ်ဖြူမြို့နယ်မှ ဓားပြမှုနှင့် ထောင်သုံးနှစ်ကျခံနေရသူဖြစ်သည်။

သူသည် အင်္ဂလိပ်အစိုးရခေတ်ကလည်း ဓားပြမှုနှင့်ပင် ထောင်ငါးနှစ် ကျခဲ့ဖူးသည်။ မြင်းခြံထောင်တွင် ကြိမ်ဒဏ်ကျသူများကို ကြိမ်ဒဏ်ရိုက်ခဲ့သူ သဖြင့် ယခုလည်း ထိုရာထူး ရရှိထားသူဖြစ်သည်။

ကိုဘိုးကျော်သည် ကြိမ်မရိုက်မီ ကြိမ် ဝှေ့ရမ်းပြီး 'တရှီးရှီး' ကြိမ် ကစားပြသည်။ အနီးရှိလူများပင် ကျောချမ်းကြသည်။ ဘမှန်ဆိုလျှင် ပြော ဖွယ်ရာပင် ရှိမည်မထင်ပါ။ ရုံးခန်းအတွင်းရှိထောင်မှူးကြီးကို အဆင်သင့်ဖြစ်နေ ဖြစ်ကြောင်း သွားရောက်တင်ပြပါသည်။ ထောင်မှူးကြီးသည် ထောင်မှူးကထော မလာသေး၍ အလုပ်များနေဟန်ရှိ၏။

"ဆရာ အလုပ်အရေးကြီးနေတယ်။ မောင်အုံးဖေပဲကြည့်ပြီး စီရင် လိုက်ပါ"

ကျွန်တော်သည် ကိုဘိုးကျော်ကို ကြိမ်ရိုက်ရန် လက်ပြအချက်ပေးလိုက် ပါသည်။

ရိုက်ပါပြီ။

"အမယ်လေးဗျ အမယ်လေးဗျ သေပါပြီဗျ"ဟု ဟစ်အော်သော ဘမှန် ၏ အသံက ဆူညံနေသည်။

"တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး"ဟု ဂဏန်းစဉ်အတိုင်းခေါ်ပြီး ရေတွက် ခဲ့သည်။ တစ်ဆယ်ပြီးသောအခါ ဆယ့်တစ်ကိုကျော်၍ ဆယ့်နှစ်ခေါ်လိုက်ရ ၍သို့ဖြင့် ဂဏန်းစဉ်အတိုင်း အော်ခေါ်ခဲ့သည်။ နှစ်ဆယ်ပြီးသော နှစ်ဆယ့်တစ်ကိုကျော်၍ နှစ်ဆယ့်နှစ်ဟု ခေါ်လိုက်သည်။



ကျွန်တော့်အရေးအတွက် သုံးဆယ်ပြည့်သည်နှင့်တစ်ပြိုင်တည်း ကိုဘိုး ကျော်ကို ထပ်မံ မရိုက်ရန် 'ဟိုး'ဟု အော်ပြီးလက်ပြလိုက်သည်။

ကြိမ်ရိုက်သံ၊ ကြိမ်ခေါ်သံစဲသွားသည့်တိုင်အောင် -

"အမလေးဗျ၊ အမလေးဗျ၊ သေပါပြီဗျ"ဟု ဘမှန်ကအော်လျက်ပင် ရှိနေသေးသဖြင့် ရယ်ကြရသည်။ တစ်ဦးကမူ -

"သူများကို ခုတ်ရဲလုပ်ရဲပြီး သူမခံရဲဘူး"ဟု ဝေဖန်သည်။

ကျွန်တော်သည် ဘမှန်တင်ပါးပေါ်ဖုံးအုပ်ထားသော ပိတ်ဖြူစလေး ကို လှန်ကြည့်လိုက်သည်။ တင်ပါးတစ်ခုလုံးညိုမည်းပြီး အဆီလန်နေသည်။ ကြိမ်ဒဏ်သုံးဆယ်ဆိုသည်မှာ ဥပဒေအရ အများဆုံးဖြစ်သော်လည်း သူ့ကျူး လွန်သောအပြစ်နှင့် ထိုက်တန်သော ဒဏ်ပေးခြင်းဖြစ်သည်။ ချည်တုပ်ထား သောကြိုးများကိုဖြည်၍ သူ့နေရာသို့ နှစ်ဦးတွဲပြီး ပို့ပေးစေပါသည်။ ရုံးခန်း သို့ သွားရောက်ပြီး ထောင်မှူးကြီးကို ကြိမ်ဒဏ်ရိုက်ပြီးကြောင်း အစီရင်ခံသော အခါ -

"မောင်အုံးဖေ၊ ဘမှန်ဆီက ပိုက်ဆံဘယ်လောက်ရသလဲ"

ထောင်မှူးကြီးသည် ကျွန်တော် ကြိမ်ဒဏ်နှစ်ချက် လျှော့ခေါ်သည်ကို သိနေသည်။ ကြိမ်ရိုက်သည့်နေရာနှင့် ရုံးခန်းမှာ ဝါးနှစ်ပြန်ခန့်ပဲ ဝေးပါသည်။

"မရပါဘူးဆရာ၊ သနားလို့ ကူညီတာပါ"

"ဘမှန်ကိုကူညီတာ အဆိပ်ပင်ရေလောင်းတာပဲ။ အကျိုးမှန်းအကြောင်း မှန်းလည်း မသိဘူး။ ကျေးဇူးတရားကိုလည်းမထောက်ထားဘူး။ သူ့ကို သား ရင်းသဖွယ် ပြုစုကျွေးမွေးခဲ့တဲ့ ဦးရီး ဓားနှင့်ခုတ်လို့ ထောင်ဒဏ်ကြိမ်ဒဏ် ရတာ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

(၁၉၄၅ ခု နှစ်ဦးတွင် ဂျပန်စစ်တပ်များ စွန့်ခွာသွားသောအခါ ဘမှန် သည် ထောင်မှလွတ်လာခဲ့သည်။ ဦးရီးထံသို့ ပြန်မသွားတော့ဘဲ 'မြင်းကျွန်း' ရွာ အသိတစ်ဦးအိမ်မှာ မှီခိုနေထိုင်ခဲ့သည်။ ထိုရွာမှ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျပြီးသား ကလေးတစ်ယောက်ရရှိခဲ့သည်။ ထို့နောက် ထိုမိန်းမ ကွဲပြီး ထနောင်းကုန်းရွာ ဦးဘသင်၊ ဒေါ်မှတ်စုံတို့အိမ်တွင် သူရင်းငှား အဖြစ် လုပ်ကိုင်နေထိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မကြင်လှိုင်ဆိုသူ အပျို တစ်ဦးနှင့် အိမ်ထောင်ကျပြန်သည်။ မကြင်လှိုင်သည် ကျွန်တော်နှင့် အမှုတွဲ

www.burmeseclassic.com



ဖြစ်သူ ကုလား၏နမအရင်းဖြစ်သည်။ ထိုအချိန်က ကျွန်တော်သည် တင်းဂါတ်ဈေးရွာအုပ်စု ထနောင်းကုန်းရွာတွင် သူကြီးဖြစ်၍ ဘမှန်တို့၏ မင်္ဂလာဆောင်တန်တော့ပွဲ လာရောက်ပေးပို့သည်ကို သတိရနေပါသည်။

မကြင်လှိုင်နှင့် သားတစ်ယောက်ရရှိခဲ့သည်။ အမည်မှာ 'မော်ခင်' ဖြစ်သည်။ နောက် ကွဲသွားပြန်သည်။ ပခုက္ကူမြို့ အမှတ်(၁၅) ပြည်တော်အေး ရပ်ကွက်မှ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျပြန်သည်။ ပြည်တော်အေးသည် သူတောင်းစားများ နေထိုင်သောရပ်ကွက် ဖြစ်သည်။ ၎င်းဇနီးနှင့်အတူ မြို့ထဲ ရွာထဲသို့ လှည့်လည်တောင်းရမ်းပြီး စားသောက်နေထိုင်ခဲ့ရာမှ ဘမှန်သေဆုံးသွားလေသည်။)

"ဒီလိုလူကို အကူအညီမပေးသင့်ဘူး။ မကောင်းတဲ့လူကို အားပေးသလို ဖြစ်နေတယ်"

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော် မှားပါတယ်"

"အေးပေါ့ကွာ။ မမှားတဲ့လူရယ်လို့လည်း မရှိဘူး။ ပြီးပြည့်စုံတဲ့လူရယ်လို့လည်း မရှိဘူး။ လောကမှာ အဖိုးအတန်ဆုံးသော အရာကတော့ အသိပညာပဲ။ အသိပညာကို အတွေ့အကြုံကလည်း ရနိုင်တယ်။ စာပေကလည်း ရနိုင်တယ်။ ဒါကြောင့် မောင်အုံးဖေကို ဆရာက စာဖတ်ဖို့ တိုက်တွန်းခြင်းဖြစ်တယ်"

"ကျေးဇူးတင်ပါတယ်ဆရာ၊ ဆရာ့ကျေးဇူးကို ဘယ်တော့မှ မေ့နိုင်စရာ မဟုတ်ပါဘူး"

"ကျေးဇူးတင်ခံချင်လို့ မောင်အုံးဖေကို ကူညီစောင့်ရှောက်တာ၊ သွန်သင်ဆုံးမတာ မဟုတ်ဘူး။ လိမ္မာစေလိုတဲ့ စေတနာဆန္ဒပါ။ အကြောင်းတစ်ခုခုလို့ ဆိုရမလား မသိဘူး။ ခင်မင်မှုလည်း ရှိတယ်။ ယုံကြည်မှုလည်း ရှိတယ်။ ပြီးတော့ ခိုင်းလိုက်ရင် အဆင်ပြေအောင်လုပ်နိုင်ကိုင်နိုင်တာကိုလည်း ဆရာ သဘောကျတယ်။ ဒါပေမယ့် မောင်အုံးဖေအမေနှင့် ဦးရီး၊ ဘကြီးတွေကတော့ တစ်ဦးကမျှ ကောင်းကြောင်းမပြောကြဘူး။ အလုပ်မလုပ်ဘူး။ ဖဲသမား၊ အရက်သမား၊ လူပေလူတေလို့ပဲ ပြောကြတယ်။ အဲ၊ မအေးမှိုက်ကိုတော့ ချီးကျူး ကြတယ်။ မာန်မာနမရှိဘူးတဲ့။ သဘောလည်းကောင်းသတဲ့။ [illegible] စရာလည်း ကောင်းသတဲ့။ အုံးဖေနှင့်ညားတာ ကံဆိုးမိုးမှောင်ကျတာ ငါးပါးမှောက်တာပဲတဲ့"

"ဟုတ်ပါတယ်ဆရာ။ သူ့ခမျာ သနားစရာပါ။ ရည်းစားဘဝကတည်းက ကျွန်တော် ဖဲရှုံးရင် သူ့ဆီက လက်ကောက်တို့၊ ကျောက်ဖြူကြယ်သီးတို့ကိုယူပြီး ဖဲပေါင်ရိုက်ခဲ့တာပါ။ ကျွန်တော်ကရွေးမပေးနိုင်လို့ သူ့ဟာသူ ရွေးယူရပါတယ်။ အိမ်ထောင်ကျတဲ့ဘဝရောက်တော့လည်း အိမ်ထောင့်အရသာကို ချိုမှန်းခါးမှန်း မသိရသေးခင် ကျွန်တော် ထောင်ကျခဲ့တာပါ။ သူသိမယ့် အိမ်ထောင့်အရသာကတော့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခံစားရတာပဲ ဖြစ်ပါလိမ့်မယ်"

ထိုအခိုက် မောင်ချင်းက ထောင်မှူးကြီးအတွက် ယူလာသော ကော်ဖီဘန်းကို စားပွဲပေါ်တင်ပေးလိုက်ပါသည်။ ဦးစောပေါလည်း ရောက်ရှိလာပြီး သူ့တွင်ပါရှိလာသော 'လေနတ်သား'သတင်းစာကို ထောင်မှူးကြီးသို့ ပေးလိုက်ပါသည်။

"ဘယ်ကရလာသလဲ"

"ဦးမောင်ကို၊ ဒေါ်ခင်တင့်တို့ဆီက ရတာဗျ"

ဦးမောင်ကို၊ ဒေါ်ခင်တင့်တို့မှာ လင်မယားဖြစ်သည်။ သားသမီး မထွန်းကားသေး။ သူတို့နှစ်ဦးစလုံးပင် ဆေးရုံဝန်ထမ်းအနုဂရိုကြီးများ ဖြစ်ကြသည်။ ဦးစောပေါတို့အိမ်အနီးတွင် မြေစိုက်တဲအိမ်ကလေးဆောက်ပြီး စစ်အတွင်း ဖြစ်သလို နေထိုင်ကြရသည်။ ထောင်မှူးကြီးသည် လေနတ်သားသတင်းစာကို ဖတ်ကြည့်ပြီး-

"သတင်းစာအာဘော်အရဆိုရင်တော့ စစ်ကြီးပြီးတော့မှာပဲ။ ပြီးစေချင်ပါပြီဗျာ။ စစ်ဆိုတာ ဖျက်ဆီးတဲ့၊ ပျက်စီးတဲ့၊ မကောင်းတဲ့အနိဋ္ဌာရုံပဲ။ လူတွေရဲ့ အသက်စည်းစိမ်အိုးအိမ်တွေ ပျက်စီးဆုံးရှုံးရရုံမျှမကဘူး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအပြင် အကျင့်စာရိတ္တတွေပါ ပျက်စီးကုန်ပြီ"

"ဒါကြောင့် ကျွန်တော်ကတော့ မဟာမိတ်တွေကပဲ နိုင်နိုင်၊ ဝင်ရိုးတန်းနိုင်ငံတွေကပဲနိုင်နိုင်၊ စစ်ကြီးပြီးရင် ဝမ်းသာတာပဲ"

ထောင်မှူးကြီးက သူ၏သဘောထားကို ပြောပြပါသည်။

မောင်ချင်းသည် သဘောကောင်းသော်လည်း စာပေဗဟုသုတနည်းပါးသည်။ သူသည် 'မဟာမိတ်'ဆိုသည်ကိုလည်း နားမလည်။ 'ဝင်ရိုးတန်း'ဆိုသည်ကိုလည်း မသိရှာပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုအုံးဇေ၊ မဟာမိတ်နှင့် ဝင်ရိုးတန်းနိုင်ငံတွေကို ကျွန်တော်မသိလို့ ပြောပြစမ်းပါဗျာ"

ကျွန်တော်သည် ပြောသင့်မပြောသင့် အရိပ်အခြည်ကို ကြည့်လိုက်သည်။ ထောင်မှူးကြီးနှစ်ဦးစလုံး စာရေးနေကြသည်။

"မဟာမိတ်ဆိုတာက အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်၊ ဆိုဗီယက်ယူနီယံနှင့် တရုတ်နိုင်ငံတို့ကို ခေါ်တယ်။ အဲဒီငါးနိုင်ငံက စုပေါင်းပြီး ကျူးကျော် ရန်စလာတဲ့ ဝင်ရိုးတန်းနိုင်ငံတွေကို ခုခံကာကွယ် တိုက်ခိုက်ခဲ့တဲ့ မဟာမိတ်အဖွဲ့အစည်းပေါ့။ ဝင်ရိုးတန်းနိုင်ငံတွေဆိုတာက ဂျာမနီ၊ အီတလီနှင့် ဂျပန်နိုင်ငံတို့ကိုခေါ်တယ်"

"အခု ဝင်ရိုးတန်းနိုင်ငံတွေရဲ့ စစ်ရေးအခြေအနေက ဘယ်လိုနေသလဲဗျ"

"စစ်မျက်နှာအားလုံးမှာ အရှုံးနှင့် ရင်ဆိုင်နေရပြီ"

"ဒါဖြင့် ဂျပန်တွေလည်း ရှုံးတော့မှာပေါ့"

"သေချာတာပေါ့"ဟု ကျွန်တော်က လူပြောသူပြော အကြားဖြင့် ကြားလိုက်သည်။ ထိုအခိုက် ထောင်မှူးကြီးက မောင်ချင်းကို ကော်ဖီဘန်းပြန်ပို့ရန်ပြောပါသည်။

အချိန်ကာလသည် ရပ်တန့်နေသည်ဟု မရှိဘဲ အစဉ်တစိုက် ရွေ့လျားသွားလာနေသည်။ လူက အချိန်ကာလကိုကြည့်ပြီး လုပ်ငန်းဆောင်တာများကို လုပ်ရသော်လည်း အချိန်ကမူ မည်သူ့ကိုမျှကြည့်ရှုခြင်း၊ ထောက်ထားခြင်း စောင့်စားခြင်းမရှိပေ။ ထို့ကြောင့် 'အချိန်သည် လူကိုမစောင့်'ဟု ဆိုကြခြင်းဖြစ်၏။

၁၉၄၄ ခုနှစ် ဇွန်လ (၂၈) ရက် ဗုဒ္ဓဟူးနေ့တွင် မအေးမိမျက်နှာမြင်သည်။ 'သားကလေးဖြစ်သည်'ဟု ကြားသိရ၍ သားလိုချင်နေသော ကျွန်တော်သည် ဝမ်းသာနေပါသည်။ သားမျက်နှာ ဖြူမှန်းညိုမှန်း မသိရသေးသော်လည်း ဗုဒ္ဓဟူးသားဖြစ်၍ 'လူအေး'ဟု မှည့်ခေါ်ရလျှင် ကောင်းလေမည်လား။ သို့မဟုတ် 'ရေအေး'ဟု မှည့်ခေါ်ရလျှင်ကော ပိုပြီး မကောင်းဘူးလား စသည်ဖြင့် တွေးတောစဉ်းစားကာ ပျော်ရွှင်နေပါသည်။

ကျွန်တော်၏ ပျော်ရွှင်မှုသည် ရက်သတ္တတစ်ပတ်ပဲ ကြာပါသည်။ ဇူလိုင်လ (၄)ရက်နေ့ နံနက်တွင် ညီဖြစ်သူ ကိုအေး ရုံးခန်းသို့ ရောက်ရှိလာသည်။ မအေးမိ အသည်းအသန်ဖြစ်နေ၍ ခင်ဗျားပြန်လာနိုင်လျှင် ပြန်လာခဲ့ ကောင်းကြောင်း ပြောပါသည်။



သားကလေးမွေးဖွား၍ ပျော်ရွှင်နေသောစိတ်များ ပျက်ပြုန်းသွားကာ မအေးမိအတွက် ပူပန်စိတ်များ ဝင်လာပါသည်။ အကျိုးအကြောင်းကို ထောင်မှူးကြီးထံတင်ပြလျှင် ပြန်ခွင့်ပြုချင်ပြုမည်ဖြစ်သော်လည်း အခွင့်အရေးပေးတိုင်း အခွင့်အရေးမယူသင့်ဟု ထင်သဖြင့်-

"ထောင်မှူးကြီးကိုပြောရမှာ အားနာပါတယ်ကွာ။ ငါမလိုက်တော့ဘူး။ မင်းပြန်သွားတော့"ဟု ပြောသည့်တိုင်အောင် ကိုအေးမှာ မပြန်သေးဘဲ မျက်နှာ ညှိုးငယ်စွာနှင့် ရုံးခန်းဘေး ထိုင်စောင့်နေသည်။ မောင်ချင်းက မနာ၏အခြေအနေကို အသံတိုးတိုးဖြင့် မေးမြန်းနေသည်။

၁၉၄၄ ခု၊ ဇူလိုင်လ လေးရက်နေ့သည် မြန်မာလို ၁၃၀၆ ခုနှစ်၊ ဝါဆိုလပြည့်နေ့ဖြစ်သည်။ ထိုနေ့သည် ဗုဒ္ဓဘုရား ဓမ္မစကြာတရား ဟောသော နေ့ဖြစ်၍ ဗုဒ္ဓဘာသာဝင်များအဖို့ နေ့ထူးနေ့မြတ်ဖြစ်သည်။ ဥပုသ်သီလစောင့်ကြသည်။ သက်သတ်လွတ်စားကြသည်။ နှစ်သက်ဖွယ်ရာကောင်းလှသော အချို့သော ဗုဒ္ဓဘာသာဝင်များ၏ အပြုအမူ အလေ့အထဖြစ်သည်။

ကျွန်တော်သည် ဥပုသ်စောင့်မည့် ထောင်သားများကို စာရင်းကောက်ရန် နံကာကပ်ပြားပေါ်တွင် စာရွက်ညှပ်၍ အိပ်ထောင်ဘက်သို့ ထွက်လာသည်။ လုပ်ရိုးလုပ်စဉ်ဖြစ်၍လုပ်ရသော်လည်း အလုပ်တွင် တက်ကြွမှု ပျော်ရွှင်မှုမရှိပါ။ မျက်နှာအမူအရာလည်း ပျက်နေဟန်ရှိပါသည်။

"ကိုအုံးဇေ၊ နေမကောင်းဘူးလား"ဟု ဦးချစ်ခိုင်က မေးပါသည်။

"နေကောင်းပါတယ်ဗျာ။ ဒါပေမယ့် ကျွန်တော့်မိန်းမ အသည်းအသန်ဖြစ်နေလို့ စိတ်တော့မကောင်းဘူးပေါ့ဗျာ"

"ကျွန်တော်လည်း စိတ်မကောင်းပါဘူးဗျာ။ ဒါပေမယ့် ဆေးဝါးကောင်းကောင်းတွေ့ရင် ပျောက်နိုင်ပါတယ်။ မပူပါနှင့်"ဟု ဦးချစ်ခိုင်က အားပေးပါသည်။

ဥပုသ်စောင့်သူများကို အလုပ်နားခွင့်ပြုရသည်။ အထူးစီမံချက်ပြုတ်ကျွေးရသည်။ သီလယူရန် ဘုန်းကြီးပင့်ပေးရသည်။

စာရင်းကောက်ယူပြီး အိပ်ထောင်မှအထွက်တွင် မောင်ချင်းနှင့်တွေ့ရသည်။

"ထောင်မှူးကြီးက အခေါ်ခိုင်းလိုက်ကြောင်း၊ ရွာပြန်ရမည်ထင်ကြောင်း" ပြောပါသည်။ "ဘယ်လိုကြောင့်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ထောင်မှူးကြီးရုံးခန်းရောက်လာတော့ မောင်အုံးဖေ ဘယ်သွားသလဲလို့ မေးတယ်။ ဥပုသ်စောင့်မယ့်သူတွေကို စာရင်းကောက်ယူဖို့သွားကြောင်း ကိုအုံးဖေလည်း သူ့မိန်းမ အသည်းအသန်ဖြစ်နေလို့ စိတ်မကောင်းဖြစ်နေကြောင်း ကျွန်တော်က ပြောလိုက်ပါတယ်"

"အသည်းအသန်ဖြစ်နေတယ်လို့ ဘယ်သူက ပြောတာလဲ"

"ဟိုနားမှာထိုင်နေတဲ့ သူ့ညီက ပြောတာပါ"

"ဒါဖြင့် မောင်အုံးဖေကို သွားခေါ်ချေကွာ။ စာရင်းကောက်လို့ မပြီးသေးရင်လည်း မောင်ချင်းကပဲ ဆက်ပြီး ကောက်လိုက်ပါလို့ ပြောပါတယ်"

ကျွန်တော် ရုံးခန်းရောက်သောအခါ–

"မအေးမိ အသည်းအသန် ဖြစ်နေတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်ဆရာ၊ ရွာက ကျွန်တော့်ညီလာပါတယ်"

"ဒီလိုဆိုရင် မောင်အုံးဖေ ရွာပြန်လိုက်သွားပါ"

ထောင်မှူးကြီးသည် ကျွန်တော့်ကို ငဲ့ညှာသနားပြီး အမှတ်တမဲ့ပြော လိုက်ခြင်းဖြစ်သည်။

"ကျွန်တော်မပြန်ချင်ပါဘူးဆရာ၊ လမ်းမှာပုလိပ်နှင့်တွေ့လို့ အပြစ်ထပ် ကျူးမှာကို မကြောက်ပါဘူး။ ကျွန်တော့်အတွက်နှင့် ဆရာ အလုပ်ထိခိုက် မှာကို စိုးရိမ်ပါတယ်"

"ဆရာ၊သည်အလုပ်လုပ်မှ ထမင်းစားရမှာ မဟုတ်ပါဘူး။ ဒီပြင်အလုပ် လည်း လုပ်နိုင်ပါတယ်။ မောင်အုံးဖေ ဒုက္ခရောက်လို့ ဆရာတတ်နိုင်တာ ကူညီတာပါ၊ ပြန်သာပြန်ပါ"ဟု ပြောပါသည်။

"ကျွန်တော် ပြာတာတစ်ဦးကို ခေါ်သွားချင်ပါတယ်"

"မောင်အုံးဖေ့အကြံ ကောင်းတယ်။ ဘယ်သူ့ကို ခေါ်သွားချင်သလဲ"

"ဦးဘအေးကြီးကို ခေါ်သွားချင်ပါတယ်"

"ဦးဘအေးကြီး"ဟု ခေါ်သော်လည်း အသက်ကမကြီးသေးပါ။ လူကောင် ကြီးထွားခြင်းကြောင့် တစ်ကြောင်း၊ သူနှင့် အမည်တူသူတစ်ဦးမှာ ပိန်လို့ သူ့ကို "ဦးဘအေးကြီး"ဟု ခေါ်ခြင်းဖြစ်ပါသည်။

"မောင်ချင်း၊ မောင်ဘအေးကြီးကို သွားခေါ်ချေကွာ"

ခဏကြာ၍ ဦးဘအေးကြီး ရောက်လာသောအခါ–



"မောင်အုံးဖေနှင့် သူတို့ရွာကိုလိုက်သွားပါ။ ကိစ္စပြီးရင် မောင်အုံးဖေ နှင့် အတူပြန်လာပါ"ဟု ထောင်မှူးကြီးက ပြောပါသည်။

ကျွန်တော်တို့ ထောင်မှ ထွက်လာကြသည့်အချိန်မှာ ကိုးနာရီခန့်ဖြစ် ပါသည်။ မအေးမိကို တွေ့လိုသောဇောနှင့် နေပူ၍ ပူမှန်းမသိ၊ မောရ်မောမှန်း မသိ၊ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းလာခဲ့ပါသည်။ ကျွန်းညိုရွာအနီး ရောက်သောအခါ နေမွန်းတည့်နေပါပြီ။ နောက်တွင် ကျန်ရစ်သောကိုအေးနှင့် ဦးဘအေးကြီးတို့ကို သမင်လည်ပြန် ကြည့်လိုက်သည်။ လူစလူနပင် မတွေ့ ရပါ။ ၎င်းတို့သည် ထောင်မှထွက်လာကတည်းကပင် ကျွန်တော့်နောက်မှ ဖြစ်ပါသည်။ ကုက္ကိုလုရွာတွင် ဘူးသီးကြော်၊ ဘယာကြော်များနှင့် ရေနွေး ကြမ်းသောက်နေကြမည် ထင်ပါသည်။

ကျွန်းညိုရွာသည် မြစ်ကမ်းပါးပြိုနေပါသည်။ ရွာနှင့် မြစ်ကမ်းပါးမှာ တစ်ဖာလုံခန့်ပဲ ဝေးပါသည်။ ဝါဆိုလဖြစ်၍ ရေဝတီမြစ်ရေသည် ကမ်းပါး တစ်ဝက်ခန့်အထိ ရောက်ရှိနေသည်။ မြစ်ပြင်တွင် ဘော့ဒိုက်များ မျောပါနေ သည်။

ထောင်မှူးကြီးနှင့် ရွာပြန်လာစဉ်က မြေပြင်တစ်ခုလုံး စိမ်းလန်းစိုပြည် နေသည်။ ပတ်ဝန်းကျင်ကိုကြည့်ရမြင်ရသည်မှာ စိတ်ကြည်နူး ပျော်ရွှင်ဖွယ်ရာ ဖြစ်သည်။ ထို့ပြင် မအေးမိနှင့် တွေ့ဆုံရမည်ဖြစ်၍လည်း ဝမ်းသာမဆုံး ဖြစ်ပြုံးပြုံး။

ယခုတစ်ခါ ရွာပြန်လာရချိန်တွင် ဆောင်းသီးနှံများ ရိတ်သိမ်းပြီးစီး ကြပေပြီ။ စိမ်းစိမ်းစိုစိုဟူ၍ လမ်းဘေးသစ်ပင်မှလွဲ၍ ဘာမျှမမြင်ရ။ မြစ်ရေမဝင်မီ ရှန်းယက်ထားကြသော ထွန်ရေးပြင်များကိုကြည့်ပြီး ငြီးငွေ့ဖွယ်ရာကောင်း သည်။ ထိုထက်ဆိုးသည်မှာ မအေးမိ၏ သေရေးရှင်ရေးကိစ္စဖြစ်၍ ရင်ထဲက ပူလောင်နေသည်။

ကျွန်တော်နှင့် ရင်ဆိုင်လာနေသော အဒေါ်ကြီး လေးငါးဦးကို တွေ့ရ သည်။ တချို့က ထီးဆောင်းလျက်။ တချို့က တဘက်ကလေးများကိုခေါင်း ခေါင်းပေါ်တင်လျက် ဖြစ်ကြသည်။

"အဒေါ်တို့ ဘယ်ကလာကြလဲဗျာ"

"အဒေါ်တို့က ကျွန်းညိုရွာကပါ။ ရှားတော ဦးကျော်သောင်သမီး ရှေးလေးသေပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ထိုစကားသံကြောင့် ကျွန်တော်၏ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားကာ မြစ်ကမ်းပါးထဲသို့ လဲကျသွားမလို ဖြစ်သွားပါသည်။ သတိဖြင့် ကိုယ့်ကိုယ်ကို အနိုင်နိုင် ထိန်းလိုက်ရသည်။

"သေပေါ့ကြားလို့ မသာမေးသွားကြတာ။ မသေသေးလို့ လူမမာ မေးပြီး ပြန်လာကြတာ"ဟု ပြောပါသည်။

မအေးမိ မသေသေးပါ။ မသေမီ ကျွန်တော်သည် သူ့အနားမှာနေပြီး သူ့ကို ပြုစုယုယချင်ပါသည်။ အားပေးစကား ပြောချင်ပါသည်။ ကျွန်တော်သည် သူ့ကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ဖန်တီးခဲ့သည်။ ဒုက္ခပေးခဲ့သူဖြစ်၍ သူ့ကို သနားနေပါသည်။

ရွာတောရွာ ဘုန်းကြီးကျောင်း အရှေ့ဘက်ရောက်သောအခါ မြင်းကျောင်းနေသော ကိုဘသိန်းနှင့် တွေ့ပါသည်။ မြင်းမှာ မအေးမိတို့အိမ်မှ ဘုရင်ခံဖလားပွဲနိုင်သော 'သောင်းအောင်' ဖြစ်ပါသည်။ ကိုဘသိန်းသည် မအေးမိနှင့် မောင်နှမ နှစ်ဝမ်းကွဲတော်သကဲ့သို့ ကျွန်တော်နှင့်လည်း ညီအစ်ကို နှစ်ဝမ်းကွဲတော်ပါသည်။ သူ့တွင်လည်းပင်းကြီးရောဂါ ရှိပါသည်။ (ယခု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လာရောက်ကုသပေး၍ ပျောက်ကင်းသွားပါပြီ။)

"ဘသိန်း အေးမိ ဘယ်လိုနေသလဲ"

"မနက်ကတော့ သေမှာလို့ပြောကြတယ်။ အခုတော့ သက်သာသွားပြန်ပြီတဲ့။ ဒါပေမယ့် မဆွဲမိတို့၊ မထားတင်တို့က သူ့ယောကျ်ားလာအောင် စောင့်နေတာလို့ ပြောကြတယ်"

မှန်ပါသည်။ မသေခင် တွေ့ချင်ပေလိမ့်မည်။ ပြောစရာ မှာစရာရှိသည်များကိုလည်း ပြောချင်မှာချင်ပေလိမ့်မည်။ မအေးမိသည် ကျွန်တော့်ကို စွဲစွဲမြဲမြဲ ချစ်သူဖြစ်သည်။ သမီးရည်းစားဘဝက သူ့မိဘဆွေမျိုးများက ကျွန်တော်နှင့် သဘောမတူနိုင်၍ ဝိုင်းပြီးဖျက်ကြသည်။ ကျွန်တော်က သူ့ကို စိတ်ချသည့်အကြောင်း ပြောသောအခါ–

"ဘယ်သူကပဲ ဖျက်ဖျက် မပျက်ဘူး"ဟု ပြောခဲ့ဖူးပါသည်။

ကျွန်တော့်ဘဝတွင် ကျွန်တော့်ကို စွဲစွဲမြဲမြဲ ချစ်သူနှစ်ဦး တွေ့ခဲ့ဖူးသည်။ ၎င်းတို့မှာ 'ဘီယာ'နှင့် 'မအေးမိ'တို့ ဖြစ်ပါသည်။ ဘီယာမရှိတော့ပါ။ ဘီယာသေသလို မအေးမိသေမှာကို စိုးရိမ်ပူပန်နေပါသည်။ နေကလည်း ပူပြင်းလှပါသည်။ လာရသည့်ခရီးမြေတာကလည်း ဝေးပါသည်။ မအေးမိ အတွက် စိတ်ကလည်း ပူပန်နေသဖြင့် တစ်ကိုယ်လုံး ချွေးမှာ စိုးရွှဲနေသည်။



မအေးမိတို့ အိမ်ဝိုင်းအတွင်း ဝင်ရောက်သွားသောအခါ အိမ်အောက်တွင် လူအတော်များများ ထိုင်နေကြသည်။ အမေက ကျွန်တော့်ကို မအေးမိနှင့် မတွေ့ရန် ပြောပါသည်။ ဝမ်းသာလုံးဆို့ပြီး သေသည်မှာပြောစရာဖြစ်မည်ကို စိုးရိမ်ဟန်ရှိပါသည်။ အမေသည် သူချစ်သောချွေးမအတွက် စိတ်ကို မထိန်းချုပ်နိုင်သဖြင့် စကားပြောရင်း မျက်ရည်များ ပါးပြင်ပေါ်သို့ စီးဆင်းလာပါသည်။ အိမ်အောက်ရှိ လူမမာမေးလာသူများက ကျွန်တော်တို့သားအမိ အမူအရာကို ကြည့်နေကြသည်။ ကျွန်တော်သည် မအေးမိရှိရာ အိမ်ပေါ်သို့တက်သွားပါသည်။

မအေးမိတို့အိမ်သည် ပျဉ်ထောင်ကာ၊ ပျဉ်ခင်း၊ ဝါးကပ်မိုး နှစ်ဆောင်ပြိုင်အိမ်ကြီး ဖြစ်သည့်အပြင် အဖီလည်းပါရှိသဖြင့် ကြီးမားကျယ်ဝန်းပါသည်။

ကျွန်တော်သည် မအေးမိမမြင်နိုင်ရန် သူ့ခေါင်းရင်းရှိ ဖျာပေါ်တွင် ထိုင်နေပါသည်။ မအေးမိဘေးတွင် ဒေါ်အုန်းမယ်နှင့် အစ်မ မပန်းစိန်၊ မဆွဲမိ၊ မမယ်မှိတို့ ရှိကြပါသည်။ သူတို့သည် ညှိုးနွမ်းသောမျက်နှာများနှင့် စိတ်မချမ်းမသာဖြစ်နေသည့်လက္ခဏာများ ပေါ်လွင်နေပါသည်။ ကျွန်တော် ရောက်ရှိလာသည်ကိုပင် မအေးမိအား အသိပေးလိုဟန် မရှိပါ။ ဝမ်းနည်းဝမ်းသာဖြစ်သွားမည်ကို စိုးရိမ်ကြသည်ဟု ထင်ပါသည်။

မအေးမိ၏ရောဂါမှာ အားရစရာမရှိလှပါ။ လှေကွဲစီးအခြေအနေ ဖြစ်နေပါသည်။ ကျွန်တော်သည် သူ့ကိုကြည့်ပြီး သနားနေပါသည်။ မဖြစ်နိုင်သည့်အိပ်မက်ဖြစ်၍သာ ကြည့်နေရခြင်းဖြစ်သည်။ ဖြစ်နိုင်လျှင် သူ့ရောဂါ ဝေဒနာကို ကျွန်တော်သည် မျှဝေခံစားချင်ပါသည်။ မမယ်မှိသည် ကလေးကို အနီးဖြင့် ထွေးယူလာပြီး–

"မအေးမိ၊ ကလေးနို့တိုက်ရအောင်"ဟု ပြောပါသည်။ မအေးမိသည် သတိကောင်းလျက်ပင် ရှိပါသည်။ ကလေးနို့စို့နိုင်ရန် ရင်ခွဲအင်္ကျီကို ရင်ဘတ်ပေါ်သို့ မတင်ပေးလိုက်သည်။ မအေးမိ၏ လှုပ်ရှားမှုကိုကြည့်ပြီး ဝမ်းသာသွားသကဲ့သို့ သားလေး၏မျက်နှာကို ကနဦးမြင်လိုက်ရ၍ ရေစင်ချမ်းမြ တစ်ပေါက်ကျသကဲ့သို့ ရွှင်လန်းသွားပါသည်။

သို့သော် 'သည်တောင်ကို မအေးမိ ကျော်နိုင်လိမ့်မည်' မထင်ပါ။ အချိန်ပိုင်း နာရီပိုင်းပဲ နေရတော့မည်ဟု ထင်ပါသည်။ ကျွန်တော်၏ စိတ်အာရုံသည် အတိတ်ဆီသို့ ပြန့်လွင့်သွားပါသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသက် ဆယ့်ငါးနှစ်အရွယ်တွင် စိုတွင်းရွာ ဘုန်းတော်ကြီးကျောင်းမှထွက်ပြီး ရေစကြိုမြို့ ဆင်တဲတားရပ်နေ ကုန်သည်ကြီး ဒေါ်အုန်းပွင့်အိမ်၌ အရောင်းအဝယ် ပညာသင်သည့်သဘောဖြင့် ထမင်းစား အခမဲ့လုပ်ကိုင်နေထိုင်ခဲ့ပါသည်။ ဒေါ်အုန်းပွင့်အိမ်သို့ ရောက်ရှိပြီးနောက် ကိုးလခန့်အကြာတွင် ဒေါ်အုန်းပွင့်သည် အရက်သမား၊ ကြက်သမားဖြစ်သူ ဦးကျားလူနှင့် အိမ်ထောင်ပြုပြန်ပါသည်။

ဦးကျားလူအိမ်သည် ဒေါ်အုန်းပွင့်အိမ်နှင့် တိုက်တစ်လုံး လမ်းတစ်လမ်းပဲ ခြားပါသည်။ တစ်အိမ်နှင့်တစ်အိမ် နီးသဖြင့် အဝင်အထွက် အဆက်အသွယ် များလာခဲ့ရာမှ ကျွန်တော်သည် ဦးကျားလူသမီး မအေးယုနှင့် ချစ်ကြိုက်ခဲ့ပါသည်။

တစ်နေ့တွင် ကျွန်တော်နှင့် မအေးယု ချစ်ကြိုက်နေကြသည်ကို ဦးကျားလူ သိရှိသွားပါသည်။ ထိုအချိန်မှစ၍ ဦးကျားလူသည် ကျွန်တော့်အားအလုပ်မှ ထုတ်ပစ်ရန် ဒေါ်အုန်းပွင့်ကို အကြိမ်ကြိမ်အခါခါ ပြောခဲ့သည်ဟုသိရပါသည်။ ဒေါ်အုန်းပွင့်သည် ဦးရိုးဘုန်းတော်ကြီးက ပို့ထားသူဖြစ်သည်တစ်ကြောင်း၊ မနိုမကပ် အလုပ်လုပ်သူ၊ နေရာတကာ နိုင်းကောင်းသူဖြစ်၍ကျွန်တော့်ကို ထုတ်မပစ်ရက်ဘဲ ရှိနေသည်။ ဒေါ်အုန်းပွင့်သည် စာမတတ်သော်လည်း ကုန်ပစ္စည်းအမျိုးအမည်ပေါင်းများစွာ အရောင်းအဝယ်လုပ်သည်။ ရွှေပေါင်ခံ ငွေတိုးပေးသူဖြစ်သည်။ အပေါင်ထားသူများ အရွေးလာလျှင် အရင်းအတိုး ကျသင့်ငွေကို ကျွန်တော်က တွက်ချက်ပေးသည်။ မီးခံသေတ္တာအတွင်းမှ အပေါင်ပစ္စည်းထုပ်များကို သူ့အမည်နှင့်သူ အထုပ်မလွဲမှားအောင် ရွေးချယ်ပေးရသည်။ ဦးကျားလူကို အတွက်အချက်နိုင်းလျှင် အထုပ်အရွေးနိုင်းလျှင် ဖြစ်နိုင်သော်လည်း သူ၏ အတွင်းပစ္စည်းများ အခြေအနေကို အသိပေးလိုသော စိတ်ဆန္ဒ ရှိသည်ဟု မထင်ပါ။

ကျွန်တော်နှင့်ပတ်သက်၍ ဦးကျားလူက 'အပြင်ထရံ အတွင်းကာသည်' 'နွားမွဲ အလွဲကသည်'၊ 'ငါးပါးမှောက်တော့မည်'ဟု ဒေါ်အုန်းပွင့်ကို အမြဲတင်သည်။ ဒေါ်အုန်းပွင့်သည် အပြစ်တစ်စုံတစ်ရာမရှိဘဲနှင့် ထုတ်ပယ်ခြင်းပြုလုပ်လိုဟန်မရှိပါ။ တစ်နေ့တွင် ကျွန်တော်နှင့် မအေးယု အချစ်ခရီးကိုဖျက်ဆီးမည့်ပြဿနာကြီးတစ်ခု ရေစကြိုမြို့၌ ပေါ်ပေါက်လာပါသည်။



ဈေးအနောက်ဘက်ရှိ အိမ်တစ်အိမ်၌ ဖြစ်သည်။ အိမ်ရှင်မှာ တရုတ်အဘိုးကြီး ဦးစက်ဦးဖြစ်၏။ ဦးစက်ဦးသည် မြန်မာအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျသော်လည်း သားသမီးထွန်းကားခြင်း မရှိသဖြင့် မောင်စက်ရှင်ဆိုသူ တရုတ်လူငယ်တစ်ဦးကို မွေးစားထားသည်။ ဦးစက်ဦးသည် အသက်အရွယ်ကြီးပြီဖြစ်၍ သူ၏ဇာတိ ပြည်ကြီးကို ပြန်ရန် အစီအစဉ် ပြုလုပ်ခဲ့သည်။ ပြေန်မီ ချင်းတွင်းမြစ်အရှေ့ဘက်ရှိ ဆင်ခြေရာ၊ နန္ဒမ်းကိုင်း စသော ကျေးရွာများသို့ ဇနီးဖြစ်သူအား ကြွေးဟောင်းမြည်ဟောင်းများ တောင်းယူရန် လွှတ်လိုက်သည်။ သူ့အိမ်တွင် မွေးစားသား မောင်စက်ရှင်အပြင် အခငွေဖြင့် ခေါ်ယူထားသော တရုတ်အမျိုးသားတစ်ဦးလည်း ရှိသည်။ ထိုသူသည် ရွာဘိုးရပ်မှ မြန်မာအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျ၍ ညစဉ်ညတိုင်း သူ့ဇနီးအိမ် သွားအိပ်လေ့ရှိသည်။

ထိုအချိန်၌ အိမ်ချင်းကပ်လျက်ရှိသော တရုတ်အမျိုးသားနှစ်ဦးက မောင်စက်ရှင်ကို 'အကျိုးလို၍ ညောင်ရေလောင်း'သည့် သဘောမျိုးဖြင့် မြှောက်ထိုးပင့်ကော် လုပ်ပေးကြသည်။

ဦးစက်ဦးတွင် ပြည်ကြီး၌ ဇနီးနှင့်သားသမီးများရှိ၍ သူပြန်သွားလျှင် မောင်စက်ရှင်ကို ဘာမျှပေးခဲ့လိမ့်မည် မဟုတ်ကြောင်း၊ ယခုလို နှစ်ဦးတည်းရှိချိန်တွင် ဦးစက်ဦးကို သတ်ဖြတ်ပြီး မီးခံသေတ္တာအတွင်းရှိ ရွှေငွေများကို ယူမည်ဆိုလျှင် မောင်စက်ရှင်အဖို့ အများကြီး ရနိုင်ကြောင်း၊ အနည်းဆုံး ရွှေချိန် လေးငါးပိဿာခန့်ရှိမည်ဖြစ်ကြောင်း မောင်စက်ရှင်ကို လောဘစိတ်နိုးကြွလာအောင် ပြောပြကြလေသည်။

မောင်စက်ရှင်သည် အတွေးအခေါ် အမြော်အမြင်နည်းပါးသေးသည့်အသက်အရွယ်ဖြစ်သည့်အားလျော်စွာ အိမ်နီးချင်းများ၏ အကြံပေးချက်မှာမိမိအကျိုးစီးပွားအတွက် ဖြစ်သည်ဟု ထင်မြင်သွားသည့်အပြင် မီးခံသေတ္တာအတွင်းရှိ ရွှေငွေများကို လိုချင်တပ်မက်သော လောဘမီးက တောက်လောင်လာသည်။

လောဘကို ပညာရှိသူတော်ကောင်းများက မကောင်းသော အကုသိုလ်တရားဟု ဟောကြပြောကြသည်။ လောကုတ္တရာတရားနှင့်ကြည့်လျှင်မူ မကောင်းသော်လည်း လောကအမြင်နှင့်ကြည့်လျှင် လောဘရှိမှသာ ကြီးပွားတိုးတက်မည်ဖြစ်သည့်အတွက် လောဘသည် ရှိသင့်ရှိအပ်သောအရာမျိုး ဖြစ်သည်။ မွေးရာပါလည်းဖြစ်၏။ ဆာလောင်မွတ်သိပ်၍ ငိုကျွေးခြင်းသည် လောဘပင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပုထုဇဉ်လူသားတိုင်း လောဘနှင့် မကင်းနိုင်။ လောဘစိတ်ဖြစ်သော မျှော်လင့်ချက်နှင့် ရပ်တည်ရှင်သန်နေကြခြင်း ဖြစ်သည်။

လူတို့တွင် ထိန်းချုပ်ရန် အခက်အခဲဆုံးသောအရာသည် လောဘ ဖြစ်သည်။ လောဘကို ထိန်းချုပ်ခြင်းမရှိဘဲ ပေါက်လွှတ်ပဲစား ထားမည်ဆိုပါက ချောင်းအတွင်းမှ လွှတ်လိုက်သောမြင်းကဲ့သို့ ထင်ရာကိုစိုင်းမည်ဖြစ်သည်။ ဤကဲ့သို့ မဖြစ်ရအောင် အသိစိတ်နှင့် ထိန်းချုပ်ရမည်။

လောဘကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်။ လောဘသည် 'ရလေ လိုလေ' ဟူ၍ လည်းကောင်း၊ လောဘသည် 'အထိန်းအကွပ်မရှိ' ဟူ၍ လည်းကောင်း၊ လောဘသည် 'တင်းတိမ်ရောင့်ရဲခြင်းမရှိ' ဟူ၍လည်းကောင်း။ လောဘ 'ကတော့ဝ'ဟူ၍ လည်း ဆိုကြသည်။ 'ကတော့ဝ' ၏ သဘောကို ရှင်းပြရန် လိုမည်ထင်သည်။ ဆီကတော့ကို ထပ်ပြီးထပ်ပြီးဆင့်လျှင် ဆင့်သည်နှင့်အမျှ ကြီးမားကျယ်ဝန်းလာမည်ဖြစ်၍ 'ကတော့ဝ'နှင့် လောဘကို နှိုင်းယှဉ်တင်ပြခြင်း ဖြစ်သည်။

လောဘဇောတိုက်သူကို လောဘသက္ကာယ ကြီးလွန်းသူ၊ မိမိအကျိုးစီးပွားအတွက် လွန်ကဲသော လိုချင်တောင့်တမှု၊ အစွဲကြီးသော လောဘစိတ်ဟူ၍ ဆိုကြသည်။ လောဘသည် ရှိသင့်ရှိအပ်သောအရာမျိုး ဖြစ်သော်လည်း မိမိကြီးပွားရေးအတွက် လုပ်ကိုင်ရှာဖွေရာတွင် သူတစ်ပါးကို မထိခိုက် မနစ်နာစေသော လောဘမျိုးသာလျှင် ဖြစ်သင့်သည်။ သူတစ်ပါးပျက်စီးပြီး မျက်ရည်ပေါက်ကြီးငယ်ကျမှ မိမိကြီးပွားရမည့် လောဘမျိုး၊ နိုင်ငံနှင့် လူမျိုး နစ်နာဆုံးရှုံးစေမည့် လောဘမျိုး၊ မသိနားမလည်သူများအပေါ် လိမ်လည် လှည့်ဖြားပြီး ကိုယ်ကျိုးရှာသည့် လောဘမျိုး 'ဘယ်သူသေသေ ငတေ ပြီးရော' ဆိုသည့် ယုတ်ညံ့သော လောဘမျိုးတို့ကို အသိစိတ်ဖြင့်ယှဉ်ပြီး ရှောင်ကြဉ်ရမည်။ ဆင်ခြင်ရမည်။ ထိန်းသိမ်းရမည်။

လောဘကို ထိန်းသိမ်းနိုင်ဖို့ဆိုသည်မှာ အလွန်ခက်ခဲသောအရာမျိုး ဖြစ်သည်။ 'ပညာရှိသတိဖြစ်ခဲ' ဆိုသလို ပညာရှိပြီး သတိလက်လွတ်ဖြစ်၍ လောဘ၏ ဆွဲဆောင်ရာနောက်သို့ လိုက်ပါမိ၍ လူ၏ဂုဏ်သိက္ခာ ပျက်စီးသွား ရသူများ၊ ဒုက္ခရောက်ရသူများ၊ ထောင်တန်းကျရသူများ၊ ဘဝနစ်မွန်းသွား သူများကိုကြည့်ပြီး သင်ခန်းစာယူသင့်ကြပေသည်။



သို့သော် မောင်စက်ရှင်သည် ငယ်ရွယ်သူဖြစ်သည်နှင့်အညီ ဤကဲ့သို့ သင်ခန်းစာမယူနိုင်ဘဲ လောဘ၏သားကောင် ဖြစ်သွားရလေသည်။

လုပ်ရမည့်အလုပ်က အချိန်ဆွဲနေ၍ မဖြစ်ပေ။ မနက်ဖြန်၊ သန်ဘက်ခါ ဆိုလျှင် ဦးစက်ဦး၏ဇနီး ပြန်လာတော့မည်ဖြစ်၍ အကြံပေးသူများနှင့် တိုက်သုတ်ရိုက်စီစဉ်ကြသည်။ ယနေ့ည ဦးစက်ဦးကိုသတ်ပြီး ရွှေငွေများကို ယူရန်ဖြစ်သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## မတတ်သာ ခင်ဗျာ့ဗျာ နေကြစို့ စုန်လို့တုတ်ဘူး

အချိန်ကာလမှာ ၁၉၃၃ ခုနှစ်၊ ဇူလိုင်လ ဒုတိယပတ်ဟု ထင်သည်။ ဒီနေ့ညက မိုးတဖွဲဖွဲ ရွာနေသည်။ ညဆယ့်တစ်နာရီအချိန်ခန့်တွင် ဦးစက်ဦး သည် အိပ်ရာပေါ်တွင် 'တခေါခေါ'နှင့် အိပ်ပျော်နေပြီဖြစ်သည်။

မောင်စက်ရှင်သည် နောက်ဖေးတံခါးကို အသံမပြည်အောင် ဖွင့်လိုက် သည်။ ချိန်းဆိုထားသူနှစ်ဦး အိမ်တွင်းသို့ ဝင်လာကြရာ တစ်ဦး၏လက်ထဲ တွင် ရဲဒင်းပါရှိသကဲ့သို့ ကျန်သူတစ်ဦးမှာလည်း ဓားမြှောင်ကိုင်လျက် ဖြစ် သည်။ အိမ်ထဲ၌ လက်ဆွဲရေနံဆီမီးအိမ်ကို ခပ်မှိန်မှိန် ထွန်းညှိထားသည်။ ဦးသား အသံတိုးတိုးဖြင့် တိုင်ပင်ကြပြီး ဦးစက်ဦးရှိရာသို့ ခြေသံလုံအောင် သွားကြသည်။ တစ်ဦးက ဦးစက်ဦး၏ခေါင်းကို ရဲဒင်းဖြင့်ခုတ်သည်။ တစ်ဦးက တ်ကို ဓားမြှောင်ဖြင့် ထိုးသည်။ ဦးစက်ဦး၏ ခေါင်းအုံးနှင့် အိပ်ရာခင်း၊ င်တို့မှာ သွေးများဖြင့် ခြင်းခြင်းနီနေသည်။

ရွှေငွေကို လူတိုင်းလိုချင်ကြသည်။ တပ်မက်နှစ်သက်ကြသည်။ အချိန် သမျှ ရွှေငွေရရှိရေးအတွက် ကြိုးပမ်းအားထုတ်ကြသည်။ ရွှေငွေရှိလျှင် ာမရာဂမှအစ ဘာမဆို အလိုရှိအပ်သော ရုပ်ဝတ္ထုပစ္စည်းများကို ရရှိနိုင် ာကြောင့်တည်း။ ရွှေငွေသည် လူကို အကျိုးကျေးဇူးပြုနိုင်သကဲ့သို့ ရွှေငွေ ကြောင့် ဒုက္ခလည်း ရောက်ရှိနိုင်သည်။ အသက်ကိုလည်း အန္တရာယ်ပေးနိုင် သည်။

မောင်စက်ရှင်သည် ဦးစက်ဦး ခေါင်းအုံးအောက်မှ သော့တွဲကိုယူ၍ ခံသေတ္တာကို ဖွင့်လိုက်သည်။ မီးခံသေတ္တာအောက်ထပ်တွင် ဆာလာအိတ် နှင့် ထည့်ထားသော ငွေဒင်္ဂါးများနှင့် အလယ်ထပ်တွင် ငွေစက္ကူများကို

www.burmeseclassic.com



အထပ်လိုက် အထပ်လိုက် စုပုံထားသည်ကို တွေ့ရှိရသည်။ အပေါ်ဆုံး အံဆွဲကို သော့ဖြင့် ဖွင့်လိုက်သောအခါ ကတ္တီပါအိတ်ရှုံ့နှင့်ထည့်ထားသော ရွှေဒင်္ဂါးများနှင့် လက်ဝတ်ရတနာများကို တွေ့ရပြန်သည်။

သူတို့သုံးဦးသည် ထိုပစ္စည်းများကိုကြည့်ပြီး ဝမ်းသာကြည်နူးနေကြသည်ကဲ့သို့ သိမ်းဆည်း လှို့ဝှက်ရမည်ကို ဆွေးနွေးတိုင်ပင်ကြသည်။ ငွေစက္ကူများကို သုံးဦးခွဲဝေယူပြီး ငွေဒင်္ဂါးများနှင့် ရွှေထည်များကိုမူ ကိစ္စမပြီးမချင်း မြေကြီးထဲတွင် မြှုပ်နှံထားရန် ဖြစ်သည်။

နောက်ဖေးတွင် စဉ့်အိုးကြီးသုံးလုံး ရှိသည့်အနက် အလယ်အိုးကိုထုတ်ပြီး ထိုနေရာတွင် ကျင်းနက်နက်ကျယ်ကျယ် တူးကြသည်။ ကျင်းအောက်ခြေတွင် သံဖလုံကြီးတစ်ခုချလျက် ၎င်းသံဖလုံထဲသို့ ရွှေများငွေများကို ထည့်ပြီး ဂုန်နီအိတ်များ ဖုံးအုပ်ကာ မြေဖို့မြှုပ်နှံကြသည်။ စဉ့်အိုးကို မူလအတိုင်း ထားရှိသည်။

မြှုပ်နှံပြီးစီးသည့်တိုင်အောင် အလုပ်ကမပြီးစီးသေးပေ။ အပြင်မှ ဖောက်ထွင်းဝင်ရောက်သည့်သဘောမျိုးဖြစ်အောင် အိမ်ပျဉ်အကာကို အတွင်းမှနေ၍ ဆောက်နှင့်ဖောက်ထွင်းကြရသည်။ လူတစ်ဦး ဝင်နိုင်ရုံဖြစ်၏။ အချိန်သည် အနီးရှိ ပုလိပ်ဌာနမှ သံချောင်းခေါက်သံ လေးချက်ကြားရ၏။ အရေးကြီးသော လုပ်ငန်းတစ်ခု ကျန်ရှိနေသေးသည်။ ၎င်းအလုပ်မှာ မောင်စက်ရှင်၏ လက်နှင့် ခြေထောက်များကို ကြိုးဖြင့် ချည်တုပ်ကြသည်။

ထို့နောက် အိမ်တိုင်တွင် မတ်တတ်ရပ်စေကာ ကြိုးနှင့်ရစ်ပတ်ကြသည်။ မျက်စိကို ပဝါနှင့်စည်းနှောင်ပြီး ပါးစပ်ကိုလည်း အဝတ်များနှင့် ပိတ်ဆို့ကြသည်။ သဏ္ဌာန်လုပ် သရုပ်နှင့်တူအောင် ကြံဆောင်ကြခြင်းဖြစ်သည်။

ရွာဘိုးရပ်ရှိ မိန်းမအိမ်သို့သွားအိပ်သော တရုတ်အမျိုးသား ရောက်လာသောအခါ ဘေးအိမ်မှလူများမှာ လှုပ်လှုပ်ရှရှ အလုပ်လုပ်နေကြသည်။ အိမ်ရှေ့ရှိ လမ်းများကို လှဲကျင်းသန့်ရှင်းကြသည်။ ရောင်းကုန်ပစ္စည်းများကို အိမ်ရှေ့သို့ ထုတ်၍ ဆွဲကြရိုက်ကြသည်။ ဦးစက်ဦးတို့အိမ်မှာမူ တုတ်တုတ်မျှ မလှုပ်ကြသေး။

အိမ်စေတရုတ်အမျိုးသားသည် လင်းပြီဖြစ်၍ တံခါးကိုခေါက်သည့် အသံဖြင့် ခေါ်ကြည့်သည်။ ထူးခြားမှုမရှိ၍ အိမ်နောက်ဖေးသို့ လှည့်လာသည်။ အိမ်တံခါးမှာ ဂျက်ထိုးထားခြင်းမရှိ စေ့ရုံသာ စေ့ထားသဖြင့် အတွင်းသို့ဝင်ရောက်ခဲ့သည်။



မောင်စက်ရှင်မှာ တိုင်တွင် ကြိုးဖြင့်ချည်နှောင်ပြီး မျက်နှာကို အဝတ်စီးလျက်တွေ့ရသကဲ့သို့ ဦးစက်ဦးမှာလည်း အိပ်ရာပေါ်တွင် ဒဏ်ရာများနှင့် သေဆုံးနေသည်ကို တွေ့ရှိရ၍ ထိတ်လန့်ချောက်ချားသွားကာ–

"ဦးစက်ဦးကို လူသတ်လို့ဗျို့၊ လူသတ်လို့"ဟု အော်ဟစ်လျက် ဂိတ်သို့ ပြေးသွားကာ တိုင်ကြားလေသည်။

အရေးကြီးကိစ္စဖြစ်၍ ဌာနာအုပ်နှင့် ပုလိပ်နှစ်ဦး လိုက်လာကြ၏။ နောက်ဖေးမှ ဝင်ရောက်ခဲ့ကြသည်။ မောင်စက်ရှင်ကို ချည်တုပ်ထားသောကြိုးများကို ဖြေပြီး မျက်နှာတွင် ဖုံးအုပ်ထားသည့်အဝတ်ကို ခွာချလိုက်သည်။ ပါးစပ်အတွင်းမှ အဝတ်စများကို ဆွဲထုတ်လိုက်သည့်အခါ မောင်စက်ရှင် လဲကျသွားသည်။ အရေးပေါ်လူနာအဖြစ် ဆေးရုံသို့ ပို့လိုက်ရသည်။

ပုလိပ်များသည် တစ်အိမ်လုံး ကြည့်ရှုလေ့လာပြီး မောင်စက်ရှင်ကို စစ်ဆေးမေးမြန်းရန် ဆေးရုံသို့ သွားရောက်ကြသည်။ ရှစ်နာရီအချိန်ခန့်တွင် ဦးစက်ဦး၏ဇနီး ရောက်ရှိလာသည်။ နှစ်ပေါင်းများစွာ ပေါင်းသင်းခဲ့ရသော ခင်ပွန်းဖြစ်သူမှာ အသေဆိုးနှင့် သေရသည်ကိုကြည့်လျက် ငိုကြွေးပူဆွေးနေသည်။ အခငွေဖြင့် ခေါ်ယူထားသော တရုတ်အမျိုးသားသည် အလုပ်အကိုင် သျှင်မြန်ဖြတ်လတ်သည်။ အမြော်အမြင်ဉာဏ် ရှိသည်။ သူသည် အသုဘအလောင်းကို ပြင်ဆင်မွမ်းမံပြီးနောက် ကြေးနန်းရုံးသို့ သွားလေသည်။

ရန်ကုန်မြို့ လမ်းမတော်တွင် ဦးစက်ဦး၏ ညီအရင်းရှိသည်။ ထိုသူသည် ဦးစက်ဦးထက် အဆများစွာ ချမ်းသာသည်ဟု ဆိုသည်။ ထိုသူ့ထံသို့ အဖြစ်အပျက် အစုံအလင်ကို ဖော်ပြပြီး အမြန်နှုန်းထားနှင့် ကြေးနန်းရိုက်လိုက်သည်။ နောက်တစ်နေ့ည ဆယ်နာရီအချိန်ခန့်တွင် ညီဖြစ်သူနှင့်အတူ အင်းစိန် 'အိုင်ဒီ'မှ စုံထောက်နှစ်ဦး ရောက်ရှိလာကြသည်။

စုံထောက်နှစ်ဦးသည် ရောက်လျှင်ရောက်ချင်းပင် အိမ်အနေအထားကို ကြည့်ရှု လေ့လာကြသည်။ အပြင်မှ ဖောက်ထွင်းဝင်ရောက်သည်ဆိုသော အပေါက်ကို အိမ်တွင်းမှရော အိမ်ပြင်ကပါ အသေအချာ လက်နှိပ်မာတ်မီးနှင့် ထိုးကြည့်ကြသည်။ ထို့နောက် အိမ်စေတရုတ်အမျိုးသားကို စစ်ဆေးမေးမြန်းရာ ထိုသူက သူတွေ့ရှိရသည့်အတိုင်း မခြွင်းမချန် အမှန်အတိုင်း ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့နံနက်တွင် စုံထောက်နှစ်ဦးသည် အိမ်စေတရုတ်ကိုခေါ်၍ ဆေးရုံတက်နေသော မွေးစားသား မောင်စက်ရှင်အား စစ်ဆေးမေးမြန်းရန် သွားရောက်ကြသည်။ မောင်စက်ရှင်မှာ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိသည်ကို တွေ့ရသည်။

မောင်စက်ရှင် ပြောပြချက်မှာ ထိုနေ့ညက အိမ်၌ သူနှင့် ဦးစက်ဦး နှစ်ဦးတည်းသာရှိကြောင်း၊ သူအိပ်ပျော်နေစဉ် လူဆိုးနှစ်ဦးက အတင်းဆွဲချ ကြောင်း၊ လက်ကို ကြိုးဖြင့်တုပ်ချည်ပြီး မျက်စိကို ပဝါနှင့် စီးနှောင်ကြကြောင်း၊ အော်ဟစ်ခြင်းမပြုလုပ်နိုင်ရန် ပါးစပ်အတွင်းသို့ အဝတ်များ သွင်း၍ ပိတ်ဆို့ကာ အိမ်တိုင်တွင် ကြိုးဖြင့် ရစ်ပတ်ချည်နှောင်ခြင်းခံရကြောင်း၊ သူသိသည်မှာ ဤမျှသာဖြစ်ကြောင်း အစစ်ခံလေသည်။

စုံထောက်နှစ်ဦးသည် ဌာနအုပ်ကို မေးမြန်းလို၍ ဂါတ်သို့ သွားရောက်ကြသည်။ (ဂါတ်ဆိုသည်မှာ ယခုအခေါ် ရဲစခန်းဖြစ်သည်။) လမ်းတွင် စုံထောက်ခေါင်းဆောင်က မောင်စက်ရှင်ကိုတွေ့စဉ်က ဖိနပ်ပါမပါသိလို ကြောင်း အိမ်စေတရုတ်ကို မေးမြန်းသောအခါ ကင်းဘတ်ရှူးဖိနပ် အဖြူရောင်ကို ခြေအိတ်စွပ်လျက် စီးထားကြောင်း ပြောဆိုသည်။ ၎င်းဖိနပ်နှင့် ခြေအိတ်မှာ မောင်စက်ရှင် ခုတင်အောက်တွင် တွေ့မြင်ခဲ့ရသည်။

ဂါတ်သို့ရောက်၍ ဌာနအုပ်ကို မေးမြန်းစုံစမ်းကြည့်သောအခါ အမှု နှင့်ပတ်သက်၍ သဲလွန်စဘာမျှရှာမရသေးကြောင်း၊ လွန်ခဲ့သည့် လေးငါးလ ခန့်က ဦးစက်ဦးအိမ် ရေနံသုတ်သူနှစ်ဦးကို ဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း၊ ယခုအထိ ထိုသူများက သူတို့မဟုတ်ရကြောင်း ငြင်းဆိုလျက်ရှိသည်ဟု ပြော ပါသည်။ စုံထောက်များက မောင်စက်ရှင်ကို လက်ထိပ်ခတ်ပြီး ဂါတ်သို့ ခေါ်ဆောင်ခဲ့ရန် ဌာနအုပ်ကို တာဝန်ပေးလိုက်ပါသည်။ (ဌာနအုပ်သည် ယခုအခေါ် စခန်းမှူး ဖြစ်ပါသည်။)

မကြာမီ မောင်စက်ရှင် ရောက်ရှိလာသည်။ မျက်နှာအမူအရာ ပျက်နေ ပါသည်။ ဖြစ်မှုနှင့်ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ ဂါတ်သို့ ရောက်ဖူးခြင်း မရှိသည့်အတွက် ထိတ်လန့်ကြောက်ရွံ့နေဟန် ရှိပါသည်။

မောင်စက်ရှင်ကို ထပ်မံစစ်ဆေးမေးမြန်းသောအခါ သူ ဘာမျှမသိ ကြောင်း၊ ၎င်းအမှုနှင့်ပတ်သက်၍ ပါဝင်ခြင်းမရှိကြောင်း ငြင်းဆိုသည်။ စုံထောက်ခေါင်းဆောင်က မောင်စက်ရှင် ငြင်းချက်မထုတ်နိုင်သော အချက် အလက်များကို ထောက်ပြသည်။



"အိပ်ရာမှ အတင်းဆွဲချသော လူဆိုးများက မောင်စက်ရှင်ကို ခြေအိတ် ကင်းဘတ်ရှူးဖိနပ်စီးရန် အချိန်ပေးပါသလား"ဟု မေးမြန်းရာ မောင်စက်ရှင် ပြန်မဖြေနိုင်ဘဲ ငိုင်ငိုင်ကြီး ဖြစ်နေသည်။ ထို့နောက်–

"လူဝင်ပေါက်မှာ ဦးစက်ဦးကိုသတ်ပြီးမှ အိမ်တွင်းကနေ ဖောက်သော ပေါက် မဟုတ်လား"ဟု မေးမြန်းသောအခါ မောင်စက်ရှင်က–

"ဟုတ်ပါသည်"ဟု ဝန်ခံလေသည်။

သို့ဖြင့် မောင်စက်ရှင်က အမှုနှင့်ပတ်သက်၍ ဖြစ်ပျက်ပုံ အလုံးစုံကို ချန်လှပ်ခြင်းမရှိ အကုန်ပြောပြလေသည်။ ဖြစ်မှုကျူးလွန်သူ တရုတ်နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်ခဲ့ရန် ဌာနအုပ်ကို တာဝန်ပေးလိုက်ရာ မကြာမီ လူသတ် တရားခံနှစ်ဦး လက်ထိပ်ခတ်လျက် ရောက်ရှိလာသည်။ ထိုသူနှစ်ဦးမှာလည်း မောင်စက်ရှင်ကဲ့သို့ ဂါတ်သို့ ရောက်ဖူးသူများ မဟုတ်ကြသဖြင့် မျက်စိမျက်နှာ ပျက်ပြီး ထိတ်လန့်ကြောက်ရွံ့နေကြသည်။

သူတို့နှစ်ဦးကလည်း ဖြစ်မှုကျူးလွန်ကြောင်း ဝန်ခံသည့်အပြင် ခွဲဝေ ထားသော ငွေစက္ကူများကို ပြန်လည်ပေးအပ်ကြသည်။ သူကြီးလူကြီးများကို သက်သေအဖြစ် ခေါ်ယူပြီး မောင်စက်ရှင်တို့သုံးဦး မြှုပ်နှံထားသော ရွှေထည်များနှင့် ရွှေထည်ပစ္စည်းများကို တူးဖော်ယူကြလေသည်။ လူအများက ထောက်များကြောင့် အမှုပေါ်ပေါက်ရခြင်းဖြစ်ကြောင်း ချီးကျူးကြသည်။

ထိုအချိန်က ကျွန်တော်သည် ဒေါ်အုန်းပွင့်၏ ခိုင်းစေချက်အရ မအူရွာ ဗွေဘုရားပွဲသို့ ကုန်ရောင်းသွားနေပါသည်။ အတူပါရှိသူများမှာ ဒေါ်အုန်း ၏ မောင်အရင်း ဦးဘိုးဝင့်နှင့် တူအရင်း ဦးစိန်ခိုတို့ဖြစ်ကြ၏။ ကျွန်တော် ငွေထိန်း၊ စာရင်းကိုင် ဖြစ်သည်။ ဦးစက်ဦး အသတ်ခံရသည့်သတင်း ကြီးသည် မအူရွာ ဘုရားပွဲသို့ ရောက်ရှိလာသည်။

နှစ်ရက်ခန့်ရှိသောအခါ ဘုရားပွဲမှ ပြန်လာကြပါသည်။ တစ်မြို့လုံး သတင်းကိုပဲ စိတ်ဝင်တစား ပြောကြားနေကြသည်။ ဘုရားပွဲမှ ရောင်းရငွေ နှင့် စာရင်းကို ဒေါ်အုန်းပွင့်သို့ ပေးအပ်သောအခါ ဒေါ်အုန်းပွင့်မျက်နှာ ကြည်လင်ရွှင်ပျခြင်းမရှိသည်ကို တွေ့ရပါသည်။ အနီးတွင် ဦးကျားလည်း ရှိသည်။

"အပ်ငွေ နည်း၍လား"ဟုလည်း စိတ်ထဲတွင် မသိုးမသန့် ဖြစ်သွား သည်။

www.burmeseclassic.com



ထိုနေ့မှစပြီး ဒေါ်အုန်းပွင့်သည် ကျွန်တော့်အပေါ် ဆက်ဆံမှုပုံသဏ္ဌာန် ပြောင်းလဲသွားရာ မစဉ်းစားတတ်အောင် ဖြစ်နေပါသည်။ နောက်မှ မအေးမိက ပြောပြ၍ အဖြစ်မှန်ကို သိရပါသည်။ (မအေးမိသည် ကိုတင်ဦး၏ဇနီး၊ ဒေါ်အုန်းပွင့်၏ချွေးမ ဖြစ်ပါသည်။)

"အုံးဖေကို မယုံကြည်သင့်ဘူး။ ကိုယ့်သားလည်း မဟုတ်ဘူး။ ရွှေငွေ ပတ်သက်ရင် လူဟာ ဖောက်ပြန်တတ်တယ်လို့ ခင်ဗျားကို အကြိမ်ကြိမ် အခါခါ ပြောခဲ့တယ်။ အခုကြည့်လေ။ ဦးစက်ဦးကို မွေးစားသားကသတ်ပြီး ရွှေငွေတွေယူသွားတာ ခင်ဗျားသိပြီ မဟုတ်လား"

ဦးကျားလူက ဒေါ်အုန်းပွင့်ကို ပြောသောစကား ဖြစ်၏။

နိုင်မာစွာ စိုက်ထူထားသော သစ်ငုတ်ပင်ဖြစ်စေကာမူ တိုက်ပါများ တော့နဲ့သည်။ ဒေါ်အုန်းပွင့်သည် အကြိမ်ကြိမ်အခါခါသတိပေးသော ဦးကျားလူ၏စကားနှင့် အထောက်အထားကို ယုံကြည်နေပြီဖြစ်သည်။

"သား၊ ကလေးနောက်ဖေးသွားနေတယ်။ ကြည့်လုပ်ဦးလေ"

ဤသို့ပင် ဒေါ်အုန်းပွင့်သည် ချိုသာစွာပြောတတ် နိုင်းတတ်သည်။ ထိုအခါ ကျွန်တော်သည် စားနေဆဲအရသာခံယူနေဆဲ ထမင်းပန်းကန်ကို ထားခဲ့ပြီး ကလေးကို ချိုင်းမ၍ အိမ်သာပေါ်တင်ပေးရသည်။ နောက်ဖေးသွားပြီးသောအခါ အညစ်အကြေးများကို သုတ်သင်သန့်ရှင်းပေးရသည်။ အညစ်ကို ဂေါ်ပြားနှင့် ထိုးကော်ပြီး အိမ်သာထဲ ချရသည်။ လက်ဆေးပြီး ထမင်း ပြန်စားသောအခါ ထမင်းဟင်းမှာ အေးနေ၍ အရသာမရှိတော့ပါ။ တစ်ခါတစ်ရံ ဒေါ်အုန်းပွင့်တို့နှင့် ထမင်းအတူစားရသည်။ အသားဖတ်ငါးဖတ်များကို ယူသည့်အခါ–

"ဒေါ်အုန်းပွင့်ကများ ကြည့်နေပါသလား"ဟု စိတ်က မလုံမလဲဖြစ်ကာ ဒေါ်အုန်းပွင့်မျက်နှာကို မော့ကြည့်မိပါသည်။

ဤအတွေ့အကြုံသည် ကျွန်တော့်ဘဝတွင် အလွန်တန်ဖိုးရှိသော သင်ခန်းစာဖြစ်ပါသည်။ (ယခု တပည့်တပန်းများနှင့် ထမင်းအတူစားလျှင် အသားဟင်းငါးဟင်း ပန်းကန်များကို သူတို့ရှေ့ချပေးသည်။ (သို့မဟုတ်) အသားဖတ် ငါးဖတ်များကို ဇွန်းဖြင့်ခပ်ယူ၍ သူတို့ပန်းကန်ထဲသို့ ထည့်ပေးသည်။ သူတို့ထမင်းစားနေကြသည်ဆိုလျှင် အတော်အတန်ကြီးသော ကိစ္စ ခေါ်ယူခိုင်းစေခြင်း မပြုလုပ်ပါ။ ကိုယ်ချင်းစာနာမိပါသည်။)



"ဟဲ့ အုံးဖေ၊ ကလေး နောက်ဖေးသွားနေတာ မမြင်ဘူးလား။ နင့် ထမင်းကျော်စိ ကန်းနေသလား"

ယခုအခါ ဒေါ်အုန်းပွင့်၏ စကားလုံး အသုံးအနှုန်းက ပြောင်းလဲလာသည်။ အထက်စီး ရင့်သီးရိုင်းပျမှုမှ အသံကလည်း ခက်ထန်မာကြောလာသည်။ ဦးကျားလူကလည်း 'သူမခိုင်းစေဘဲနှင့် သူတို့အိမ်ကို သွားခွင့်မရှိဘူး'ဟု သတိပေး တားမြစ်ထားသည်။ ဖြစ်ရသည့်အကြောင်းက 'အရင်းစစ် အမြစ် ခြေက' ဆိုသလို မအေးယူနှင့်ပတ်သက်၍ ဖြစ်ရခြင်းပင်။

ဦးကျားလူသည် အရက်သမား၊ ကြက်သမား ဖြစ်သည့်အပြင် ဆင်ရီ တားရပ်ကွက် ကာလသားခေါင်းလည်း ဖြစ်၏။ ငွေကြေးလည်း ရှိသူဖြစ်သည်။ ရပ်ကွက်လူတွေများအပေါ် သြဇာလည်းရှိသဖြင့် ကျွန်တော့်ကို အန္တရာယ်ပေးမည် ဆိုလျှင် ပေးနိုင်သူဖြစ်သည်။ ပေးခဲ့သော် ကျွန်တော့်ကို အကာအကွယ်ပေး မည့်သူ၊ ဆွေတစ်စမျိုးတစ်စ တစ်ဦးတစ်ယောက်မျှမရှိ။ သည်တော့ အန္တရာယ် ကင်းမည့်နည်းလမ်းကို ရှာကြည့်မိသည်။ ရေစကြိုမြို့မှ အောင်မြင်စွာ ထွက်ခွာသွားခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်သည်။

"ညောင်ဦးကမ်းပါးပြိုတာနှင့် စမ္ပာနဂိုက နွားမ ခါးကျိုး"

ဦးစက်ဦး အသတ်ခံရခြင်းကြောင့် ကျွန်တော်တို့ ချစ်သူနှစ်ဦး ကွဲကွာကွေကွင်းရမည့် အခြေအနေ ဖြစ်နေပါပြီကော။

"ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော"

ချစ်သူနှင့် ကွဲကွာကွေကွင်းရခြင်းသည် အလွန်ဆင်းရဲသည်ဟု ပညာရှိ များ ဟောပြောကြသည်ကိုသာ ကြားနာခဲ့ဖူးသည်။ ယခု လက်တွေ့ခံစားရ ပြီ။

ချစ်သူနှစ်ဦး မျက်ရည်တစ်ရွှဲရွှဲနှင့် ငိုပွဲဆင်ကြရသည်။ 'အချစ်တွင် မျက်စိမရှိ' ဆိုသလို ရှေ့ရေးနောက်ရေးကို မတွေးတော မစဉ်းစားဘဲ ကျွန်တော့်နောက်လိုက်လာခဲ့ရန် မအေးယူကို ခေါ်ပါသည်။

"ငါ ဒီလိုလုပ်ရင် အဖေက သူ့တစ်သက် ငါ့ကိုခေါ်တော့မှာ မဟုတ်ဘူး။ ဒီတော့ မင့်မိဘများနှင့် လူကြီးတွေကိုခေါ်လာပြီး စေ့စပ်ကြောင်းလမ်း တောင်းရမ်းစေချင်ပါတယ်။ တကယ်လို့ အဖေက သဘောမတူရင် မင့်နောက် ငါ လိုက်ခဲ့မယ်။ အဲဒီကိစ္စကို အချိန်ဆွဲနေလို့ မဖြစ်ဘူး။ လူကြီးတွေက ငါ့ကို သိုက်မပျက် စိန်ဖူးနှင့် ပေးစားဖို့ ကြံစည်နေကြတယ်"

www.burmeseclassic.com



ဦးကျားလူသည် ဉာဏ်နီဉာဏ်နက် အလွန်များသူဖြစ်သည်။ ဒေါ်အုန်းပွင့် ကို အပိုင်စီးရုံမျှမက သားဖြစ်သူ စိန်ဖူးကိုပါ သားသမက်အဖြစ် သိမ်းပိုက်ရန် ကြံစွယ်ခဲ့သည်။ အကြံပိုင်သော ဦးကျားလူပါတကား။

မအေးယုထံမှ မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် ခေါင်းကို တုတ်ဖြင့်အရိုက်ခံရသလို မိုက်ခနဲဖြစ်သွားသည်။ ကျွန်တော့်ဘဝတွင် မအေးယု သည် အချစ်ဦးဖြစ်သကဲ့သို့ မအေးယုဘဝတွင်လည်း ကျွန်တော်သည် အချစ်ဦး ဖြစ်သည်ဟု ပြောဖူးသည်။ ချစ်သူနှစ်ဦး အရူးအမူး ချစ်နေဆဲတွင် 'စလယ်ထဲ ဖင်မမည်းခင်' ကွဲရမည့်ကိန်း ဆိုက်နေ၍ ခေတ်သစ်ကိန္နရီမောင်နှံ ဖြစ်ကြ ရသည်။

ထိုအခိုက် ကျွန်တော် သဘောထားကြီးမှန်း မအေးယုသိအောင် အချစ်သူရဲကောင်း လုပ်လိုက်သည်။

"ကိုစိန်ဖူးနှင့်ဆိုရင် အတိုင်းထက်အလွန် ကောင်းတာပေါ့။ မအေးယု ကောင်းစားရေးတွင် ကျွန်တော် အသည်းကွဲခံမယ်။ အနစ်နာခံမယ်။ နောက်ဆုတ် ပေးမယ်"

"မင်းက ငါ့ကိုမချစ်လို့ ပြောတာလား"

"ကျွန်တော် မအေးယုကို အသည်းကွဲမတတ် ချစ်ပါတယ်"

"ချစ်ရင် ဒါမျိုးမပြောပါနှင့်။ စိန်ဖူးကို ငါမချစ်နိုင်ဘူး။ အဲဒါ မင်း သိရဲ့လား"

"ကျွန်တော်မသိဘူး မအေးယု"

"မင်းရဲ့ပါးတွေနားတွေကို စိန်ဖူးက လက်ဝါးနှင့် တဖြန်းဖြန်းရိုက်တာ မဟုတ်လား။ အဲဒီအချိန်ကစပြီး စိန်ဖူးကိုမုန်းနေတာ အခုထိပဲ"

"မတတ်သာ ခပ်ခွာခွာနေကြဦးစို့။ မုန်းလို့မဟုတ်ဘူး" ဆိုသကဲ့သို့ မအေးယုနှင့်ခွဲခွာပြီး ပခုက္ကူမြို့သို့ ပြန်လာခဲ့ပါသည်။

မအေးယုက ရခိုင်လုံချည်တစ်ထည်နှင့် ရာဇာအင်္ကျီတစ်စ ချစ်လက် ဆောင် ပေးလိုက်သည်။

ဒေါ်အုန်းပွင့်က နှစ်နှစ်ခန့် အလုပ်လုပ်ပေးသည့်အတွက် ငွေလေးကျပ် ဆုချီးမြှင့်လိုက်ပါသည်။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ဒေါ်အုန်းပွင့်ကို ကျေးဇူးတင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ဒေါ်အုန်းပွင့် ထံမှ စည်းကမ်းများ၊ နည်းစနစ်များ၊ ချွေတာနည်းများ ရရှိခဲ့သောကြောင့် ယခုအခြေအနေသို့ ရောက်ရှိရခြင်း ဖြစ်သည်ဟုဆိုလျှင် မှားလိမ့်မည် မထင်ပေ။



ရေစကြိုမြို့မှ ကျွန်တော် စီးနင်းလိုက်ပါလာသော မော်တော်ကားပေါ် တွင် ခရီးသည်များနှင့်အတူ ဦးစက်ဦးသတ်သူ တရားခံသုံးဦး ပါရှိသည်။ တရားခံများကို လက်ထိပ်ခတ်လျက် ပုလိပ်တစ်ဦးက သံကြိုးကွင်းကို ဆုပ် ကိုင်ထားသည်။ အခြားပုလိပ်နှစ်ဦးက နှစ်လုံးပြူးသေနတ်များ ကိုင်ဆောင် လျက် ဖြစ်ကြ၏။ တိုက်တိုက်ဆိုင်ဆိုင် ကြုံရခြင်းပင်။

ကျွန်တော်ထိုင်သော ခုံတန်းနှင့် မျက်နှာချင်းဆိုင်ဖြစ်၍ လေ့လာကြည့် သည်။ မောင်စက်ရှင်သည် ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်အရွယ် ရုပ်ရည်ချောသူ ဖြစ်သည်။ အခြားတရုတ်အမျိုးသားနှစ်ဦးမှာ စဉ်းစားဆင်ခြင် မြော်မြင်တတ်သော သုံးဆယ်ကျော်အရွယ်များ ဖြစ်ကြသည်။ အစာကိုမက်မောပြီး ငါးမျှားချိတ် ကို မမြင်သောငါးကဲ့သို့ လောဘ၏ ဆွဲဆောင်ရာနောက်သို့ လိုက်ပါမိ၍ ဒုက္ခရောက်ရသူများ ဖြစ်၏။

လူ့လောကတွင် လောဘသည် ရှိသင့်ရှိအပ်သောအရာမျိုး ဖြစ်သော် လည်း အသိဉာဏ်ရှိဖို့လိုသည်။ အသိမဲ့သောလောဘသည် အကျိုးထက်အပြစ်ကို ဖြစ်စေနိုင်ပါသည်။ အကျဉ်းထောင်တစ်ခုသို့ သွားရောက်၍ ထောင်ကျအကျဉ်း သားများကို လေ့လာ မေးမြန်းကြည့်ပါက လောဘကြောင့် ထောင်ကျရသူ သည် ရာခိုင်နှုန်းအများဆုံး ဖြစ်ပေလိမ့်မည်။ (စာရေးသူကိုယ်တိုင် လောဘ၏ ဆွဲဆောင်ရာနောက်သို့ လိုက်ပါမိ၍ ၁၉၄၆ ခုနှစ်က ရာဇဝတ်မှုနှစ်ခုဖြင့် အချုပ်အနှောင်ခံခဲ့ရဖူးသည်။ ထိုအကြောင်းကို နောက်ပိုင်း ဆောင်းပါးများတွင် ဖော်ပြပါမည်။)

ကားပေါ်ပါခရီးသည်များသည် မောင်စက်ရှင်တို့အကြောင်းကိုပဲ စိတ် ဝင်တစား ပြောဆိုနေကြသည်။ ပုလိပ်များကလည်း အမှုဖြစ်ပုံဇာတ်လမ်းစုံကို အရေစေ့တွင်းကျ ပြောပြကြသည်။ အသက်အရွယ်ငယ်ငယ်နှင့် ရုပ်ရည် ချောသူ 'မောင်စက်ရှင်'ကို ကရုဏာသက်သူများ ရှိကြသလို ကျေးဇူးရှင် သူဌေးစားဖခင်ကို သတ်ရပါမည်လားဟု အပြစ်တင်သူများလည်း ရှိကြသည်။

မောင်စက်ရှင်တို့၏အမှုကို စစ်ဆေးရန် ပခုက္ကူဒိစတြိတ်စက်ရှင်မင်းကြီး ရုံးစိုက်ရာသို့ ပို့ဆောင်ပေးရခြင်းဖြစ်သည်။ (ဒိစတြိတ်သည် ယခုအခေါ် ခရိုင်ဖြစ်သည်။) ပခုက္ကူဒိစတြိတ်တွင် မြို့နယ် ရှစ်မြို့နယ်ရှိ၏။ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ထီးလင်း၊ ဂန့်ဂေါ၊ ဆော၊ ဆိပ်ဖြူမြို့များဖြစ်သည်။ ထိုရှစ်မြို့နယ်တွင် ရေစကြိုမြို့သည် စီးပွားရေး အတောင့်တင်းဆုံးဖြစ်

www.burmeseclassic.com



သည်။ ထန်းလျက်အရောင်းအဝယ်လုပ်နေသည် ရေစကြိုမြို့၏ စီးပွားရေးကျောရိုးဖြစ်သည်။

မိုးတွင်းအချိန်ကာလဖြစ်၍ ကားလမ်းအနောက်ဘက်ရှိ 'ရှင်မတောင်' သည် စိမ်းစိုသောသစ်ပင်များဖြင့် ဖုံးလွှမ်းလျက်ရှိ၏။ တောင်ထိပ်တွင် ထုံးဖွေးဖွေးနှင့်ဘုရားစေတီတစ်ဆူ ရှိသည်။ ထိုဘုရားသည် လက်ညှိုးညွှန်ရာ 'ရေပြင်'ဖြစ်သည်ဆိုသော အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်ဖြစ်သည်။

ကားလမ်းဝဲယာရှိ ထန်းပင်သစ်ပင်များနှင့် စိုက်ခင်းပျိုးခင်းတို့မှာ လန်းဆန်းဝေဆာလျက် စိတ်ကြည်နူးဖွယ်ရာ ဖြစ်သော်လည်း ချစ်သူနှင့် ခွဲခွာခဲ့ရ၍ ပတ်ဝန်းကျင်၏ အရသာကို ခံစားနိုင်ခြင်း မရှိသည့်အပြင် မောင်စက်ရှင်တို့ကိုကြည့်ပြီး မကျေမနပ်ဖြစ်နေပါသည်။ သူတို့နှင့်ပတ်သက်ပြီး ချစ်သူမအေးယုနှင့် ခွဲခွာခဲ့ရခြင်း ဖြစ်ပါသည်။

တရိပ်ရိပ်ပြေးနေသော မော်တော်ကားပေါ်တွင် လိုက်ပါလျက်ရှိသော်လြားလည်း ဦးက်ကမှ မအေးယုထံ ရောက်ရှိနေပါသည်။ မအေးယု၏ မျက်လုံး မအေးယု၏ အပြုံးနှင့် ဖြူဖွေးသောသွားကလေးများကို မြင်ယောင်ကာ ရင်ထဲတွင် အရသာတစ်မျိုး ခံစားလျက်ရှိနေခဲ့ပါသည်။ ပဒိုင်းချုံရွာရေကန်ကြီးအနီး ရောက်သောအခါ လွန်ခဲ့သော သုံးနှစ်ကျော်ခန့်က လောဘနှင့်ပတ်သက်သော ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို သတိရမိပါသည်။

ကျွန်တော့်အသက် ဆယ့်လေးနှစ်အရွယ် ကျောင်းနေစဉ်ကဖြစ်သည်။ ကျောင်းမှာ ပခုက္ကူမြို့နယ် စိုတွင်းရွာဆရာတော် ဦးဇဝန၏ကျောင်းဖြစ်သည်။ ဆရာတော်သည် အသားဖြူပြီး အရပ်သွယ်လျလျနှင့် သက်တော်ခြောက်ဆယ်ကျော်အရွယ်ဖြစ်သည်။ အသင်အပြ အဆုံးအမ ကောင်းသည်။ စည်းကမ်းကြီးသည်။ စာသင်သား ရဟန်းပျို ဆယ်ပါးနှင့် ကိုရင်ကြီးလေးပါး အပြင် ကျောင်းအိပ်ကျောင်းစား ကျွန်တော်ပါ ရှစ်ယောက်ရှိသည်။ ကျောင်းအတွင်း မည်သူမျှ ဆေးလိပ်မသောက်ရပေ။ ငါးနှစ်ကြာမျှ ကျွန်တော်သည် ဆရာတော်၏ပညာရင်နို့ သောက်စို့ခဲ့ရသည်။

၁၉၃၁ ခုနှစ်၊ မေလတစ်ရက်နေ့တွင် ရေစကြိုမြို့ ဆင်တဲတားရပ်နေ ဆရာတော်၏ တူမအရင်း ဒေါ်အုန်းပွင့်၏ခင်ပွန်းဖြစ်သူ ဦးဘိုးသစ်ကွယ်လွန်၍ အသုဘရှုကြုံရောက်ရန် ကိုစိန်ခိုဆိုသူ လာရောက်ပင့်လျှောက်ပါသည်။ ကိုစိန်ခို



သည် ဒေါ်အုန်းပွင့်၏ တူအရင်းဖြစ်သည်။ သူသည် ဘုန်းကြီးပင့်လျှောက်ပြီး အသုဘအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန်နှင့် ငှားရမ်းရန် ပခုက္ကူမြို့သို့ ဆက်လက်ထွက်ခွာသွားပါသည်။

ဤသို့ဖြင့် ဆရာတော်ကြီးနှင့် ဦးပဥ္စင်းတစ်ပါး၊ ကျွန်တော်ပါသုံးဦးတို့သည် စိုတွင်းရွာသုသာန်ဇရပ်မှ ရေစကြိုသို့ သွားရောက်ရန် ကားစောင့်ဆိုင်းနေကြသည်။ အချိန်မှာ ညနေ နှစ်နာရီခန့်ဖြစ်သည်။ မကြာမီ 'ကြံတိုင်းအောင်' အမည်ရှိ ဘတ်စ်ကားကြီး ရောက်ရှိလာသည်။ ကားပေါ်တွင် ဘုန်းကြီးအပင့်လာသူ ကိုစိန်ခိုပါရှိသည်။ ဘုန်းတော်ကြီးကို ကားဦးခန်းမှာ နေရာပေးပြီး ဦးပဥ္စင်းဦးဝါသဝနှင့် ကိုစိန်ခိုတို့က ကား၏အရှေ့ဘက်ခုံတန်းတွင် ထိုင်နေသည်။ ကျွန်တော်က အနောက်ဘက်ခုံတန်းတွင် ဖြစ်သည်။ ကျွန်တော့်၏ လက်ယာဘက်တွင် ဆယ်ကျော်သက်အရွယ် ရုပ်ရည်ချောမောလှပသည့် အမျိုးသမီးကလေးတစ်ဦး ရှိသည်။ ဆွဲကြိုး၊ လက်ကောက်များနှင့် သနပ်ခါးနံ့၊ ပေါင်ဒါနံ့က တသင်းသင်း။

"သူကလေးနှင့်အတူ ရေစကြိုမြို့အထိ ကားစီးရလျှင် ကောင်းမှာပဲ" ဟု စိတ်ထဲတွေးပြီး ကျေနပ်နေမိသည်။

"သမီး ဒီဘက်လာ။ အမေနှင့် နေရာချင်းလဲရအောင်" ဆိုပြီး အသက်ငါးဆယ်အရွယ် အဒေါ်ကြီးတစ်ဦး ကျွန်တော့်နံဘေး ရောက်ရှိလာသည်။ အထည်များ ဝတ်ဆင်ထားသည်မှာ ညှော်နေသည်။ ဘယ်ဘက်လက်တစ်ဖက်တည်းမှာပင် ကြာဆစ်လက်ကောက် လေးငါးရံနှင့် သုံးပင်လိမ် ကျားခေါင်းလက်ကောက်ကြီးတစ်ဖက် ပါရှိ၏။

ကားထွက်ပြီး ခရီးတစ်မိုင်ခွဲခန့်ရောက်သောအခါ အနောက်မြောက်အရပ်ဆီမှ လေရောမိုးပါ အပြင်းအထန် တိုက်ခတ်ရွာသွန်းလာလေသည်။ ခရီးသည်များပါကျရောက်လာသည်။ ကားဘော်ဒီမှာ ကျောတစ်ဝက်သာ အကာအကွယ်ပေးနိုင်သဖြင့် အနောက်ဘက် ခုံတန်းမှ လူများအားလုံး စိုရွှဲကုန်သည်။ ကိုစိန်ခိုက ပခုက္ကူမှ ငှားရမ်းလာသော ဓာတ်မီးအိုး မှန်ပြောင်းကြီးကို ကျွန်တော့်အားပေးထားသဖြင့် မကွဲအောင် ရင်ခွင်မှာ ပိုက်ထားရ၏။ မိုးစိမ့်နေသဖြင့် ခြေနှစ်ဖက်ကို ခုံတန်းပေါ်တင်၍ ဒူးထောင်ပြီး ဒူးကို လက်ဖြင့် ပိုက်ထားရသည်။ ပြောင်းလုံးကြီးကိုမူ ဒူးနှင့် ရင်ခွင်ကြား ညှပ်ထားရသည်။ ကားအလယ်အကြော်းတွင် ပစ္စန်ခြောက်၊ ငါးခြောက်အိတ်

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ကြာခံထုပ်များ ပါရှိသည်။ ကျွန်တော့်နံဘေး အဒေါ်ကြီး၏ ကုန်ပစ္စည်းများ ဖြစ်သည်။ အဒေါ်ကြီးသည် မိုးပက်၍ စောင်ပိုင်းကလေးဖြင့် အုပ်သည်။ လေကြောင့် လန်သွားပြန်သည်။ အုပ်လိုက်လန်လိုက်ဖြင့် အဒေါ်ကြီး အလုပ်ရှုပ်နေသည်။ တစ်ကြိမ်တွင် သူ၏လက်သည် ကျွန်တော့်ဘယ်ဘက် ဒူးခေါင်းနှင့် တိုက်မိပြီး ကျားခေါင်းလက်ကောက်ကြီးမှာ မှန်ပြောင်းအတွင်း ကျွံရောက်လာသည်။

'ဂလောက်'ဟု အသံကြား၍ ကြည့်လိုက်ရာ ဖြူဖွေးသော မှန်ပြောင်း အရောင်နှင့် လက်ကောက်ကြီးမှာ ဝင်းလက်နေသည်။ အဒေါ်ကြီးလက်ကို ကြည့်လိုက်သောအခါ ကျားခေါင်းလက်ကောက်ကြီး မရှိတော့။ သို့သော် အဒေါ်ကြီး မသိ။ သိနေသူက ကျွန်တော်ဖြစ်၏။ မှန်ပြောင်းထဲသို့ လက်နှိုက်ပြီး ကျားခေါင်းလက်ကောက်ကြီးကို ချိန်ဆကြည့်၏။

"ဟာ၊ မနည်းပါလား။ ဒီဟာကြီးကို ငါရလျှင် ရင်ထောင်ကြယ်သီးနှင့် ချစ်တီးလက်စွပ်တစ်ကွင်း ဝတ်ဆင်နိုင်မည်" ရွှေဆို၍ တစ်သက်လုံး ရွေးစေ့မျှ မဝတ်ဆင်ခဲ့ရဖူးသော ကျွန်တော်သည် လက်ကောက်ကြီးကိုကိုင်ကြည့်ပြီး သာယာနေသည်။ တပ်မက်နေသည်။ လိုချင်နေသည်။ လောဘမီးက တောက်စပြုလာသည်။ ဆရာဘုန်းတော်ကြီးက 'သူများပစ္စည်းဥစ္စာကို မခိုးရဘူး။ ခိုးယူတဲ့အလုပ်ဟာ ရှက်ဖွယ်ရာလဲ ကောင်းတယ်။ ပြီးတော့ သူခိုးဟာ ဘယ်တော့မှ မကြီးပွား မချမ်းသာဘူး"ဟု ဆုံးမခဲ့ဖူးသည်။ မည်သူ့ပဲဖြစ်ဖြစ် မိမိပစ္စည်းဥစ္စာကို နမြောကြသူချည်း ဖြစ်သည်။ ကျွန်တော်သည် ပိုက်ဆံတစ်မူး ပျောက်ဆုံးသွားသဖြင့် တစ်နေကုန် စိတ်ဆင်းရဲပူပန်နေခဲ့ဖူးသည်။

"ငါ့မှာ ပိုက်ဆံတစ်မူးကြောင့် တစ်နေကုန် စိတ်ဆင်းရဲပူပန်နေလျှင် အဒေါ်ကြီးအဖို့ ဤမျှ အဖိုးထိုက်တန်သော ပစ္စည်းအတွက် မည်မျှစိတ်ဆင်းရဲပူပန်မည်နည်း"

စာနာခြင်းဖြင့် ပြန်ပေးလိုသော စိတ်ကောင်းကလေး ပေါ်ပေါက်လာသည်။ ထိုအခိုက်မှာပင် မကောင်းစိတ်က ချက်ချင်း ဝင်ရောက်လာပြန်သည်။

"ဒါဟာ ခိုးတာမဟုတ်ဘူး။ ငါရသင့်လို့ ငါ့ရင်ခွင်ထဲ ရောက်လာတာ။ ဒီအခွင့်အရေးကို ငါ လက်လွှတ်မခံသင့်ဘူး။ စားရက်ကြုံလို့ မုတ်ဆိတ်များစွဲဆိုတာ ဒါမျိုးပဲ" ဟူသော လောဘစိတ် ပေါ်ပေါက်လာပြန်သည်။



ကျွန်တော်သည် လက်ကောက်ကြီးကြောင့် စိတ်အိုက်နေသဖြင့် ချမ်းစိမ့်ခြင်း ပျောက်သွားသည်။ စိတ်မှာ ချိတုံချတုံ မျောက်အုန်းသီးရသကဲ့သို့ မဝေခွဲနိုင်ဘဲ ဖြစ်နေသည်။ ပြန်ပေးလိုသော စာနာစိတ်နှင့် ရယူလိုသော လောဘစိတ်တို့သည် တစ်ဖက်နှင့်တစ်ဖက် လွန်ဆွဲနေကြသည်။

'ပါပသ္မိံ ရမတိ မနော' စိတ်သည် မကောင်းမှု၌ ကျက်စားတတ်သည်။ မွေ့လျော်တတ်သည်ဟု ဗုဒ္ဓဟောကြားခဲ့သည်နှင့်အညီ နောက်ဆုံးတွင် ကောင်းသော လောဘစိတ်က ကောင်းသော စာနာစိတ်ကို ဖုံးလွှမ်းပြီး အနိုင်ယူသွားသည်။

ဤအချိန်၌ လေရောမိုးပါ အပြင်းအထန် တိုက်ခတ်ရွာသွန်းနေသဖြင့် ဒရိုင်ဘာသည် လမ်းကိုပင် ကောင်းကောင်းမမြင်ရဟုဆိုကာ ကားကို လမ်းဘေးကပ်ပြီး ရပ်ထားရသည်။ ကျွန်တော်သည် အပေါ့အပါးသွားမည့်အကြောင်းပြချက်ဖြင့် ကားလမ်းဘေးရှိ မိုင်တိုင်ကို အမှတ်အသားပြုပြီး လက်ကောက်ကြီးကို မြှုပ်ထားခဲ့ရန် စိတ်ကူးရလာသည်။

သို့သော် ကားပေါ်မှ မည်သူမျှ မဆင်းဘဲ ကျွန်တော်တစ်ယောက်တည်း ဆင်းသည်ဟူသော ကောက်ချက်ဖြင့် ကျွန်တော့်ကို ယိုးစွပ်ကြမည်မှာ မလွဲဧကန်ဖြစ်ကြသည်ကို မဟုတ်သေး။ လက်ကောက်ကြီး လွင့်စင်ကျသွားသည်ကို ယခုအထိ အဒေါ်ကြီးမသိလျှင် ရေစကြိုမြို့ရောက်သည်အထိ သိချင်မှသိမည်။ ကယ်၍ မသိပါက ကားအဆင်းတွင် မှန်ပြောင်းကြီးနှင့်အတူ ဆုပ်ကိုင်ဆောင်သွားမည်ဟု စိတ်တွင် ပိုင်းဖြတ်ထားသည်။

မိုးရောလေပါ အားပျော့သွားသည်။ ကားထွက်ရန် စက်နှိုးသည် နှိုး၏။ စက်ကိရိယာများ မိုးရေစိုခြင်းကြောင့် ဖြစ်သည်ဟု သိရသည်။ နာရီဝက်ခန့်မှ စက်နိုးလာသည်။ အချိန်မှာ ညနေ လေးနာရီခန့်ရှိပြီး ပဒိုင်းချုံရွာ ကန်ကြီးအနီး ရောက်သောအခါ အဒေါ်ကြီး၏ အထိတ်တလန့်အော်သံ ကြားရသည်။

"ကားဆရာ ရပ်ပါဦး ရပ်ပါဦး"ဟူ၍ အော်လည်းအော်သည်။ လက်ခုပ်ဖြင့် ထိုင်ခုံကိုလည်း 'တဘုန်းဘုန်း' ပုတ်သည်။ ဖင်ကို ကြွ၍ခြေဆောင့်နှင့်လည်း ဆောင့်သည်။ အဒေါ်ကြီး၏ လုပ်ရပ်နှင့် အော်သံသည် ကားတစ်စီးလုံး ဆူညံနေသည်။ လူများက သူ့ကိုပဲကြည့်နေကြသည်။ ကျွန်တော်၏စိတ်ထဲတွင် ကုလားမ မဆလာကြိတ်သကဲ့သို့ 'တဒိတ်ဒိတ်' ခုန်နေသည်။ ကားရပ်သွားသည်နှင့် တစ်ပြိုင်နက်–

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ကလေး ထစမ်းပါ ထစမ်းပါ"ဟု အလောသုံးဆယ် အထခိုင်းသဖြင့် မှန်ပြောင်းလုံးကိုဆွဲပြီး ခုံတန်းပေါ်တွင် ခပ်လျှိုလျှို မတ်တတ်ထလိုက်သည်။ လက်ကောက်ကြီးမှာ ခုံတန်းပေါ်သို့ 'ဒေါက်'ခနဲ ကျသွားသည်။ အရှိန်ကြောင့် နှစ်ကြိမ်သုံးကြိမ် ခုန်နေသေးသည်။ အဒေါ်ကြီး၏မျက်နှာသည် ဝင်းလက်သွားပြီး–

"တွေ့ပြီတော့် တွေ့ပြီ တွေ့ပြီ"ဟု ပါးစပ်မှလည်း ပြော၍ လက်မှလည်း လက်ကောက်ကြီးကို အလျင်အမြန် ကောက်ယူလိုက်ပါသည်။

"ရင်ခွင်ထဲကျနေတာ ကျွန်တော် မသိဘူးဗျာ"ဟု မှသားစကား ပြောလိုက်ရသည်။ "အေးကွယ် မင်းကို ကျေးဇူးတင်ပါတယ်။ ကြမ်းပြင်ပေါ်ကျပြီး ကြမ်းပေါက်ကနေ အောက်ကျသွားလျှင် ဆုံးတာပေါ့"ဟု ပြောသဖြင့် ကျွန်တော်မှာ စိတ်ဖြေသာသွားသော်လည်း လက်လွှတ်ဆုံးရှုံးလိုက်ရသော လက်ကောက်ကြီးကြောင့် လောဘမီးတောက်လောင်ခဲ့ရဖူးသည်ကို ပြန်လည် သတိရနေပါသည်။ မကြာမီ စိုတွင်းရွာ သုသာန်ဇရပ်သို့ရောက်ရှိလာသဖြင့် ကားပေါ်မှ ဆင်းနေခဲ့ပါသည်။

ကျောင်းရောက်သောအခါ ရေစကြိုမြို့တွင် မနေလို၍ ပြန်လာခဲ့ပါကြောင်း ဆရာဘုန်းတော်ကြီးကို လျှောက်ထားပါသည်။ ဘုန်းတော်ကြီးသည်ကျွန်တော်၏ လုပ်ရပ်ကို သဘောမတူပါ။ ဘုန်းတော်ကြီး၏ စေတနာဆန္ဒမှာ ကျွန်တော်ကို အရောင်းအဝယ် ပညာတတ်စေလိုသည်တစ်ကြောင်း၊ ကျွန်တော် လိမ္မာရေးခြားရှိလျှင် ဒေါ်အုန်းပွင့်သမီး အကြီးမမလေးနှင့် ပေးစားရန် အုန်းပွင့်ကို ပြောဖို့ ရည်ရွယ်ထားကြောင်း၊ မင်းရဲ့လုပ်ပုံက 'မွဲချင်တဲ့ခွေး ပြာပုံထဲဝင်' ဆိုသလိုဖြစ်နေကြောင်း အပြစ်တင်ပါသည်။

ဘုန်းတော်ကြီးသည် အဖြစ်အပျက် အခြေအနေကို မသိ၍သာလျှင် အပြစ်တင်ခြင်းဖြစ်ပေမည်။ ထို့ကြောင့် ဒေါ်အုန်းပွင့်နှင့် ဦးကျားလူ အိမ်ထောင်ပြုသည်ကအစ မအေးယုနှင့်ကျွန်တော် ချစ်ကြိုက်ကြသည်မှာ အဆုံး အဖြစ်အပျက်အားလုံးကို ဘုန်းတော်ကြီးအား တင်ပြလျှောက်ထားပါသည်။

"အုန်းပွင့် နောက်အိမ်ထောင်ပြုတယ်ဆိုတာ မောင်ဘိုးလှိုင်ပြောလို့ ငါသိတယ်"

(ဦးဘိုးလှိုင်မှာ ဒေါ်အုန်းပွင့်အစ်မအရင်း ဒေါ်ပိုက်၏ခင်ပွန်း ဖြစ်သည်။ သူသည် ပခုက္ကူမြို့ မြစ်စိုင်းရပ် သိဟိုဠ်ရှင်ဘုရားကြီး အနောက်ဘက်မှာနေ ဗေဒင်ဟောသူဖြစ်သည်။)



"မောင်ကျားလူက အရက်သမား၊ ကြက်သမား၊ ကာလသားခေါင်းဆို"

"မှန်ပါတယ်ဘုရား"

"အုန်းပွင့် စီးပွားပျက်တော့မယ်။ လူဟာ ပျက်စီးဖို့ကြုံလာရင် အလွဲလွဲ အချော်ချော် ဖြစ်လာတတ်တယ်။ ခေါင်ကမိုးမလုံတော့ သားသမီးတွေကလည်း သူ့စကား နားထောင်ကြမှာမဟုတ်ဘူး။ ဦးနှင်းပဲ့ထောင်၊ ပဲ့နှင်းဦးထောင် ဖြစ်တော့မယ်။ ငါပေးလိုက်တဲ့ မြန်မာ့အကျိုးဆောင်စာအုပ်ကို ဖတ်ရဲ့လား"ဟု ဘုန်းတော်ကြီးက မေးပါသည်။

"ဖတ်ပါတယ်ဘုရား"

"အဲဒီစာအုပ်ထဲမှာ ပျက်စီးတတ်တဲ့ အပါယမုခ တရားလေးပါး ပါတယ် မဟုတ်လား"

"ပါပါတယ်ဘုရား"

ဘုန်းတော်ကြီးသည် ကျွန်တော် စာဖတ်မဖတ် သိလိုသည် ထင်ပါသည်။

"အဲဒီလေးပါးက ဘာတွေလဲ"

"(၁) ဣတ္ထိဓုတ္တ= မိန်းမရည်းစား ချစ်မယားတို့၌ အတိုင်းထက်အလွန် ကျူးလွန်သွားလာခြင်း။ (၂) သုရာဓုတ္တ= အရက်သေစာ အလွန်အကျွံ သောက်စားမူးယစ်ခြင်း။ (၃) အက္ခဓုတ္တ= ဖဲရိုက်၊ ကြက်တိုက် လောင်းကစား၌ လိုက်စားခြင်း။ (၄) ပါပ သဟာရ= မကောင်းသောလူယုတ်မာနှင့် ပေါင်းသင်းဆက်ဆံခြင်းတို့ ဖြစ်ပါတယ်ဘုရား"

"အဲဒီစာအုပ်ရေးသားသူ မောင်မြတ် ကွယ်လွန်တော့ သရဏဂုံတင်ရာမှာ ဘုန်းကြီးတစ်ပါး စာတစ်အုပ်စီ လှူဒါန်းလို့ရလာတာ။ ငါ နှစ်ခါသုံးခါ ဖတ်ပြီးပြီ။ ငါဟာ မောင်မြတ်ထက် ပိဋကတ်ကျမ်းဂန်တတ်ပါတယ်။ ဒါပေမယ့် မောင်မြတ်လို မရေးတတ်ဘူး။ မောင်မြတ်ဟာ လောကီလောကုတ္တရာ ဗဟုသုတစုံလင်တယ်။ သူဟာ တိုင်းတစ်ပါးက လူမျိုးခြားတွေ ကြီးပွားတိုးတက်နေတာကိုကြည့်ပြီး မြန်မာအမျိုးသားတွေအတွက် အားမလိုအားမရ ဖြစ်နေတယ်။ ဒါကြောင့် မြန်မာ့အကျိုးဆောင်လို့ အမည်ပေးပြီး အမျိုးသားတွေ ကြီးပွားတိုးတက်စေလိုတဲ့ စိတ်ဆန္ဒနှင့် ရေးသားခြင်းဖြစ်တယ်။ အရေးအသားကလည်း ကောင်းတယ်။ အကြောင်းပြချက်တွေကလည်း အထောက်အထား ခိုင်လုံတယ်။ မင့်ကို ကြီးပွားချမ်းသာစေချင်လို့ ပေးလိုက်တာ၊ အခါ အားလပ်တိုင်း ဖတ်ပါ"ဟု ဆရာတော်က အမိန့်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(ကျွန်တော့်အသက် ဆယ့်ငါးနှစ်အရွယ်တွင် ကျောင်းမှ ထွက်ခဲ့သည်။ ၎င်းစာအုပ်ကို ဘုန်းတော်ကြီးက ပေးသနား၍ ရရှိခဲ့ခြင်းဖြစ်သည်။ ကျွန်တော်သည် ဘဝမျိုးစုံ ကျင်လည်ခဲ့ရသည်။ အလုပ်မျိုးစုံ လုပ်ခဲ့ရသည်။ နေရာဒေသ အတော်များများ ရောက်ခဲ့ဖူးသည်။ ယခု ကျွန်တော့်အသက် ရှစ်ဆယ့်သုံးနှစ် ရှိပါပြီ။ ၎င်းစာအုပ် မပျောက်မဆုံး မပျက်မစီး ပကတိအတိုင်း ကျွန်တော့် လက်ထဲ၌ ရှိနေခြင်းမှာ အမြတ်တနိုး တန်ဖိုးထားပြီး သိမ်းဆည်းခဲ့ခြင်း ကြောင့် ဖြစ်ပါသည်။)

(ဤစာအုပ်သည် ပညာဗဟုသုတရရှိရေး၊ စီးပွားဥစ္စာ တိုးတက်ရေး အတွေးအမြင် မှန်ကန်ရေး စသော လူ့ဘဝ တိုးတက်ရေးအတွက် လိုအပ်သော အခြေခံ အကြောင်းတရားများကို မီးမောင်းထိုးပြခဲ့သည်။ ဘဝကို သုညမှစခဲ့ရသော ကျွန်တော်သည် ယခုအခြေအနေသို့ ရောက်ရှိရခြင်းမှာ ကံ ကြောင့်ဟု ဆိုရမည်ထက် ဤစာအုပ်ကြောင့်ဟုဆိုသော် ပို၍ မှန်ကန်လိမ့်မည် ထင်ပါသည်။ စာအုပ်ရေးသားသူ ဦးမြတ်မှာ ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာအုပ်စု ရွှေချောင်းရွာမှ ဖြစ်သည်။ စာအုပ်အဆုံးတွင် ၁၂၇၅ ခု၊ တပေါင်းလဆန်း တစ်ရက်နေ့ပြီးစီးသည်ဟု ပါရှိသည်။ ခရစ်သက္ကရာဇ်ဆိုလျှင် ၁၉၁၃ ခု ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ဖြစ်သည်။ ပထမကမ္ဘာစစ် မဖြစ်မီက ရိုက်နှိပ် ခဲ့ခြင်းဖြစ်ရာ စာအုပ်သက်တမ်းမှာ ရှစ်ဆယ့်ခုနစ်နှစ်ရှိပြီဖြစ်သည်။)

နောက်နေ့နံနက်တွင် ကျွန်တော်သည် ဆရာတော်ကို ဝပ်ချကန်တော့ ပြီး ပခုက္ကူမြို့သို့ ထွက်ခွာလာခဲ့ပါသည်။ အမှတ် (၁၀) ရပ်ကွက် ကုက္ကိုတန်း ကျောင်းတော်ရာလမ်းနေ ကျွန်တော်နှင့် အစ်ကိုတစ်ဝမ်းကွဲ၊ အစ်မတစ်ဝမ်းကွဲ တော်သူ ဦးဘသိန်း၊ ဒေါ်ပေါသယ်တို့အိမ်တွင် နေထိုင်ပါသည်။ သူတို့သည် နယ်မှလာသော ကုန်မျိုးစုံကို ရောင်းချပေးသောပွဲစားဖြစ်ပါသည်။ ကျွန်တော် ဒေါ်အုန်းပွင့်အိမ်နေစဉ်ကတည်းကပင် သူတို့အိမ်မှာ နေဖို့ပြောဖူးသဖြင့် သွားရောက်နေထိုင်ခြင်း ဖြစ်ပါသည်။

ဦးဘသိန်း၊ ဒေါ်ပေါသယ်တို့တွင် သမီးသုံးဦး ရှိပါသည်။ အမည်မှာ မြရင်၊ မြကြင်၊ မြသီတို့ ဖြစ်သည်။ အကြီးဆုံးသမီး မြရင်မှာ ဆယ့်နှစ်နှစ်အရွယ် ခန့် ဖြစ်သည်။ သူတို့မှာ အလုပ်များပြီး လူနည်းသဖြင့် ဒေါ်ပေါသယ်၏ညီမအရင်း



...ကြီး ဒေါ်အေးချမ်းကိုပါ ချက်ရေးပြုတ်ရေးနှင့် အိမ်ထောင်ထိန်းသိမ်းရေး အတွက် ခေါ်ယူထားရပါသည်။ ဦးဘသိန်းမှလွဲ၍ တစ်အိမ်လုံး မိန်းမသား ချည်းသာလျှင်ဖြစ်သဖြင့် ကျွန်တော် ရောက်လာသည့်အတွက် ဝမ်းသာနေကြ သည်။

ကျွန်တော်သည် ဦးဘသိန်းတို့အိမ်တွင် နှစ်ရက်၊ သုံးရက်နေပြီး ...နောင်းကုန်းရွာ အမေ့အိမ်သို့ ခေတ္တပြန်လာခဲ့ပါသည်။ ကိစ္စမှာ မအေးယု ...ို့ စေ့စပ်ကြောင်းလမ်း တောင်းရမ်းရန်ဖြစ်ပါသည်။ အမေ့ကို အကျိုးအကြောင်း ...ပြောပြသောအခါ အမေက မိသားစုဝမ်းရေးအတွက်ကိုပင် ပင်ပန်းကြီးစွာ ...လုပ်ကိုင်ရှာဖွေနေရကြောင်း၊ ရေစကြိုမြို့သွားရောက်ရန်မှာ စရိတ်ငွေအခက် အခဲရှိကြောင်း၊ ပြီးတော့ မြို့ကြီးသူသည် တောရွာအလုပ်ကို လုပ်ကိုင်နိုင်မည် မဟုတ်ကြောင်း၊ ငါတို့လူကြီးချင်း ပြောထားသူရှိကြောင်း၊ ၎င်းမှာ စံပယ်၏ ...ိယသမီး 'ခင်သိန်း'ဖြစ်ကြောင်း ပြောပါသည်။

ဒေါ်စံပယ်သည် ကျွန်တော့်အမေ ဒေါ်ကြက်ရုံး၏ညီမအရင်း ဖြစ်ပါ သည်။ မခင်သိန်းသည် ကျွန်တော်နှင့် သက်တူရွယ်တူဖြစ်သည်။ ရုပ်ရည်ချောမော သည်။ ပစ္စည်းဥစ္စာ ချမ်းသာသည်။ ဦးဖူးညို၊ ဒေါ်စံပယ်တို့သည် ...င်းဂါတ်ကျေးရွာ၌ အိမ်ကြီးရခိုင်နှင့် နေထိုင်ကြသူများဖြစ်သည်။ သူတို့၏ မြေယာများသည် လက်ညှိုးထိုးမလွဲ ပေါများသည်။ ပခုက္ကူမြို့ အနောက် ...က်တွင် ဦးဖူးညို၊ ဒေါ်စံပယ်ဆိုလျှင် မသိသူမရှိ။ သူတို့ထံမှ ငွေချေးယူ ကြသည်။ သူတို့၏မြေယာများကို သီးနှံထွက်တစ်ဝက်ပေးနှင့် လုပ်ကိုင်ကြ သည်။ သူတို့ကိုယ်တိုင်လည်း သူရင်းငှားများနှင့် အကြီးအကျယ် တောင်သူ လုပ်ကိုင်ကြသည်။

"အုံးဖေ ဘယ်နေ့ ပခုက္ကူပြန်မှာလဲ"

"သန်ဘက်ခါ ပြန်မယ်"

"ဒါဖြင့် မနက်ဖြန် စံပယ်တို့အိမ် အလည်သွားရအောင် မင်းတို့ ...ယ်ချင်းလည်း အတွေ့အမြင်များပြီး ခင်မင်ရင်းနှီးသွားတာပေါ့"ဟု အမေက ...သဖြင့် ဝမ်းသာသွားပါသည်။ ဦးဖူးညို၊ ဒေါ်စံပယ်တို့တွင် သားသမီး ...ဦးရှိပါသည်။ ဦးတင်၊ မခင်တုတ်၊ မခင်သိန်း၊ မခင်သန်း၊ မခင်သောင်း၊

www.burmeseclassic.com

www.burmeseclassic.com

ကိုသန်းစိန်တို့ဖြစ်ကြပါသည်။ ကိုတင် ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်အရွယ်က မိဘများသည် အင်္ဂလိပ်စာတတ်စေလို၍ မန္တလေး အင်္ဂလိပ်ကျောင်း သွားထားသည်။

ရည်းစားဖြစ်သူ မအုန်းခင်ကို သူနှင့်အတူ အပြိုင်ပိုးနေသူနောက်သို့ပါသွားမည်စိုးရိမ်၍ ကျောင်းမှပြန်ပြေးလာခဲ့သည်။ မအုန်းခင်မှာ ထနောင်းကုန်းရွာမှ လူချမ်းသာ ဦးသာမှန်၊ ဒေါ်ရွှေမတို့၏သမီး ဖြစ်သည်။

ကိုတင်သည် ပညာရေးကို ဦးစားပေးရမည့်အစား သူချစ်ခင်မြတ်နိုးသော မအုန်းခင်ကို ဦးစားပေး၍ အိမ်ထောင်ပြုခဲ့လေသည်။

၀ ၀ ၀

## ဒင်္ဂါးရှိလျှင် ဘာမဆိုဖြစ်

စက်တင်ဘာလဖြစ်၍ ဧရာဝတီမြစ်ရေကြီးနေသဖြင့် တင်းဂါတ်ရွာသို့ ပိန်းကော'ကလေးနှင့် လှော်ခတ်လာခဲ့ကြသည်။ အမေ၊ ကျွန်တော်နှင့် ညီအငယ်ဆုံးမောင်အေးပါ သုံးဦးဖြစ်ကြသည်။ ('ပိန်းကော'ဆိုသည်မှာ ကျွန်းတစ်လုံးကို ထွင်းထားသောလှေတစ်မျိုး ဖြစ်သည်။ ဦးပိုင်းပဲ့ပိုင်းတွင် လူထိုင်ရန်အတွက် တစ်ပေခွဲခန့်မထွင်းဘဲ ချန်ထားသည်။ ပိန်းကော၏ပုံသဏ္ဌာန်မှာ ဦးထောင်ခြင်း၊ ပဲ့ထောင်ခြင်းမရှိဘဲ လှေဝမ်းနှင့် တစ်ပြေးညီဖြစ်သည်။ ကျေးလက်တောရွာများတွင် မိန်းမပျိုကလေးတစ်ဦး ပုံ့တံတံ နန့်တံ့တံ့ဖြစ်လာလျှင် 'ပိန်းကောမဦးထောင်သည်'ဟု ပြောလေ့ပြောထ ရှိကြသည်။ ယခုအခါ ပိန်းကောများ အသုံးပြုမှု နည်းသွားပါသည်။)

တင်းဂါတ်ကျွန်းရေပြင်သည် တော်သလင်းလဖြစ်၍ လှိုင်းလေငြိမ်သက်နေသည်။ တကယ်သံ၊ ရေသံကြောင့် တစ်ပိဿာခန့်ရှိ ငါးဘတ်ကြီးတစ်ကောင်ခုန်ပျံပြီး ပိန်းကောထဲ ကျရောက်လာသည်။ မောင်အေးသည် ငါးဘတ်ကြီး ခုန်ထွက်သွားမည်ကို စိုးရိမ်၍ လှေတက်ဖြင့် ရိုက်သတ်ရန် ချိန်ရွယ်လိုက်သည်။

"မရိုက်နှင့်မရိုက်နှင့် သားရယ်။ သူများအသက် မသတ်ကောင်းဘူး။ ငါးကြီးတတ်တယ်။ ရေထဲပြန်လွှတ်လိုက်ပါ"ဟု အမေကပြောသည်။

ကျွန်တော်ကမူ ညီဖြစ်သူကဲ့သို့ပင် ရိုက်သတ်စေချင်သည်။ ခေါင်းရှည်သော ယောက္ခမလောင်းကို 'မျက်နှာအားရ ထွန်တုံးထမ်းပြ' ဆိုသလို

www.burmeseclassic.com



လက်ဆောင်ပေးချင်ပါသည်။ မောင်အေးသည် အသက် ခြောက်နှစ်၊ ခုနစ်နှစ် အရွယ်ဖြစ်သော်လည်း စကားပြောလျှင် ထစ်သည်။

"နင့် နင့် နင့်တစ်ခါလွှတ်၊ ငါ့ ငါ့ ငါ့ဆယ်ခါလွှတ်"ဟု ပြောဆိုလျက် ငါးဘတ်ကြီးကို ရေထဲသို့ပစ်ချလိုက်ရာ ငါးကြီးမှာ မြူးရွှင်စွာ ငုပ်လျှိုးပျောက်ကွယ်သွားသည်။

"စကားကိုမထစ်အောင်ပြောပါဟဲ့။ အကျင့်ဖြစ်သွားလိမ့်မယ်"

"မ မ မထစ်ဘဲပြောလို့မရဘူးဗျ"

"အမေနှင့်ကျွန်တော်သည် မောင်အေးပြောသည်ကို သဘောကျပြီး ရယ်ကြရပါသည်။

တင်းဂါတ်ရွာသို့ရောက်သောအခါ ဘုန်းကြီးကျောင်းရေဆိပ်တွင် လှေထားခဲ့ပြီး တက်များကို ဘုန်းကြီးကျောင်းသို့ အပ်ထားခဲ့ပါသည်။ တင်းဂါတ်ရွာသည် ကုန်းမြင့်ပေါ်တွင် တည်ရှိသည်။ ရွာ၏တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်းရှိသည်။ ကျောင်း၏ အရှေ့ဘက်တွင် ဘုရားစေတီများနှင့် တန်ဆောင်းများရှိသည့်အပြင် ကျောင်းမှာ အုတ်တံတိုင်း ကာရံထားသဖြင့် ကြည်နူးသာယာဖွယ်ကောင်းသည်။

"အမေရေ ကြီးတော်ရုံးတို့လာတယ်"ဟု မီးဖိုချောင်ထဲတွင် ထမင်းဟင်းချက်နေသော ဒေါ်စံပယ်ကို သမီးများက ပြောပါသည်။ ဒေါ်စံပယ်သည် မီးဖိုချောင်ထဲမှ ထွက်လာပြီး သူ့အစ်မကို ပြုံးရွှင်စွာနှုတ်ဆက်၍ ကျွန်တော့်ကို–

"ရေစကြိုမြို့မှ ပြန်လာပြီလား"ဟု မေးပါသည်။

"ပြန်လာပြီ ဒွေးလေး၊ အခု ဦးဘသိန်း၊ ဒေါ်ပေါ်သယ်တို့က သူတို့နဲ့ ကူညီပါဆိုလို့ ပခုက္ကူမှာနေပါတယ်"

(ဦးဘသိန်း၊ ဒေါ်ပေါ်သယ်တို့မှာ ဒေါ်စံပယ်၏အစ်မကြီး ဒေါ်အိမ်နှင့် ဒေါ်ရွှေမတို့မှ မွေးဖွားသူများ ဖြစ်သည်။)

"ကောင်းတယ်၊ အရောင်းအဝယ် ပညာတတ်အောင်သင်ပါ။ ကုန်သည်ပွဲစားအလုပ်က လုလည်းသက်သာတယ်။ ပြီးတော့ ကြီးပွားချမ်းသာတယ်"

"ဟုတ်ကဲ့ပါဒွေးလေး"

ဒွေးလေးနှင့် စကားပြောနေခိုက်မှာပင် မခင်သိန်း၊ မခင်သန်း၊ မခင်သောင်းတို့က လှေစီးချင်ကြောင်း ပြောကြပါသည်။



လှေစီးချင်ရာပေလိမ့်မည်။ တင်းဂါတ်ရွာသည် ရာဝတီမြစ်နှင့် နှစ်မိုင်ခန့် ဝေးသည်။ မြစ်ရေကြီးသည့်အချိန်အခါကျမှ သူတို့ရွာ ဘုန်းကြီးကျောင်းအနီးသို့ မြစ်ရေ ရောက်ရှိလာခြင်း ဖြစ်သည်။

"ရေနက်ထဲ ခေါ်မသွားနှင့်နော်။ မင့်နှမများက ရေကူးတတ်တာ ဟုတ်ဘူး"ဟု သမီးများကို ခွင့်ပြုသည့်သဘောမျိုး ပြောသဖြင့် မခင်သိန်းတို့နှင့်အတူ လှေစီးရမည်ဖြစ်၍ ဝမ်းသာသွားသည်။ ကျွန်တော်က ပဲ့မှလှော်၍ မောင်အေးက ဦးမှလှော်သည်။ သူတို့ညီအစ်မသုံးဦးက လှေဝမ်းထဲထိုင်လျက် တက်များဖြင့် လှော်ကြသည်။ ကျွန်တော်က 'တိုး တိုး'ဟု တိုင်သံပေး၍ တက်ကို သွက်သွက်လှော်သောအခါ မောင်အေးနှင့် သူတို့ကလည်း 'တိုး တိုး' ဟုဆိုကာ လှော်ကြသည်။

ကျွန်တော်တို့အားလုံး ပျော်ရွှင်နေကြသည်။ ထိုအထဲတွင် ကျွန်တော်သည် အပျော်ဆုံးဖြစ်သည်။ အကြောင်းမှာ မခင်သိန်းသည် ကျွန်တော်နှင့် အနီးကပ်ဆုံးလိုက်ပါလာခြင်းကြောင့် ဖြစ်သည်။ ဤသို့ဖြစ်အောင် ကြံဆောင်ပေးကြသူများမှာ မခင်သန်းနှင့် မခင်သောင်းတို့ဖြစ်ကြသည်။

အချိန်မှာ နံနက် ဆယ်နာရီခန့် ဖြစ်ပေသည်။ ကမ်းစပ်နှင့် နှစ်ဖာလုံခန့်ဝေးကွာလာသောအခါ အနောက်တောင်ဆီမှ မမျှော်လင့်ဘဲ မိုးသက်လေကျရောက်လာသည်။ မိုးမှာ အတော်သည်းသည်။ လေမှာ ပြင်းထန်ခြင်းမရှိသော်လည်း ခွေးခေါင်းဝက်ခေါင်းအရွယ် လှိုင်းလုံးကလေးများက ပိန်းကောထဲသို့ 'ပွက်ပက် စွက်ပက်' ဝင်ရောက်လာသည်။ သူတို့အားလုံး အတွေ့အကြုံမရှိကြသဖြင့် ကြောက်လန့်ပြီး 'ကမ်းကိုအမြန်ရောက်အောင်လှော်ပါ"ဟု အော်ကြသည်။

ကျွန်တော်က ရေပက်ထုတ်ရန် သတိပေးမှ မခင်သိန်းသည် ဝါးရေပက်ခွက်ကလေးဖြင့် လှေဝမ်းထဲမှ ရေများကို ပက်ထုတ်သည်။ (ဝါးရေပက်ခွက်ဆိုသည်မှာ 'ဝါးဘိုး' ဝါးတိုကလေးကို ခွဲခြမ်းထားသောအရာ ဖြစ်၏။)

"မကြောက်နှင့် ငြိမ်ငြိမ်နေ ဘာမှမဖြစ်ဘူး" အားပေးသော်လည်း သူတို့မှာ ကြောက်ရွံ့ကာ–

"ကယ်ကြပါ ကယ်ကြပါ"ဟု ငယ်သံပါအောင် ဟစ်အော်ကြသည်။ သူတို့ အကူအညီ တောင်းခြင်းမှာ ပေတစ်ရာခန့်အကွာတွင်ရှိသော တံငါလှေကို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ တံငါလှေမှာလည်း 'ပိန်းကော'ပင်ဖြစ်၏။ ပွဲမှလူက လက်ဖြင့် လိုက်ကာပြပြင်ပေးသည်။ ဦးမှလူက ကွန်ကို ရေထဲပစ်ချသည်။ ကွန်တွင်ပါလာသော ငါးများကို ဖမ်းယူနေကြသည်။ ကျွန်တော်တို့လှေကို လှည့်ကြည့်ကြသည်။ ရေတိမ်၍ အန္တရာယ်မရှိနိုင်သည်ကို သိကြသည်။

ပြီးတော့ သူတို့၏ အလုပ်ကိုလည်း အာရုံဝင်စားနေသည့်အတွက် လာရောက်ကူညီခြင်းမရှိကြပေ။ တဖြည်းဖြည်း ကမ်းစပ်နှင့် နီးလာသည်။

"ညည်းတို့ ဆတ်ဆော့တာ ကံကောင်းလို့ မသေတယ်"ဟု မခင်သိန်းက ညီမများကို အပြစ်တင်သည်။

"ကျွန်မတို့ဆတ်ဆော့တာကို မမသိန်းက ဘာပြုလို့ လိုက်လာရသလဲ။ ပြောလိုက်ရရင် မကောင်းဘူး"ဟု မခင်သောင်းက စကားကိုမဆက်ဘဲ ရပ်ထားလိုက်သည်။ မခင်သိန်းသည် သူ့အကြောင်းကို ဆက်ပြောမည်စိုးရိမ်၍ လားမသိ ဘာမျှ ပြန်လည်ပြောဆိုခြင်း မရှိပေ။

ကမ်းစပ်သို့ရောက်ကြသောအခါ မိုးရေစိုနေပြီဖြစ်၍ ရေချိုးကြပါသည်။ ရေနစ်မှာစိုးသည့်အတွက် ခါးတစ်ဝက်ရေအနက်ကို ငုတ်လိုက်ပေါ်လိုက် ရေချိုးကြသည်။ ထဘီအင်္ကျီများက အသားနှင့်ကပ်နေသဖြင့် မခင်သိန်း၏ မသဘောများက ပေါ်လွင်နေရာ ကြည့်လို့အားမရ၊ ရှုလို့မဝ ဖြစ်နေပါသည်။

အနီးသို့သွားရောက်ကာ ရေပေါ်တွင် ကိုယ်တစ်ပိုင်းပေါ်နေသော မခင်သိန်းကို လက်ဖြင့် ရေပက်ဖျန်းပေးသည်။ ကျေနပ်၍လားမသိ ငြိမ်သက်နေသည်။

မခင်သန်းနှင့် မခင်သောင်းတို့က ကျွန်တော့်ကိုကြည့်ပြီး–

"ဟေး ဟေး"ဟု ကျီစယ်ကြသည်။

ကျွန်တော်တို့ အိမ်ပြန်ရောက်သောအခါ အိမ်ရှိလူများအားလုံး ထမင်းစားပြီးကြပါပြီ။ ရေစိုအဝတ်အထည်များ လဲလှယ်ပြီး ထမင်းစားကြသည်။ ဟင်းမှာ ရွှေဖရုံသီးနှင့် ဝက်သားရောချက်ထားသည်။ ဒိုးငါးပိထောင်းကြော်နှင့် ငရုတ်သီးထောင်း၊ ဘူးရွက်ဟင်းချို ဖြစ်သည်။ ဟင်းစပ်တည့်၍လား ဆာ၍လားမသိ စား၍ကောင်းသည်မှာ ပြောဖွယ်ရာ မရှိ။

မခင်သိန်းက ဝက်သားတုံးကို ရွေးချယ်၍ မောင်အေးပန်းကန် ထည့်ပေးပြီးနောက် ကျွန်တော့်ထမင်းပန်းကန်ထဲ ထည့်ပေးပါသည်။



"ကျွန်မတို့ကိုတော့ ထည့်မပေးဘူးလား"ဟု မခင်သောင်းက မေးသည်။

"ညည်းမသိပါဘူး။ ဒါက ဧည့်သည်။ ဧည့်သည်ကို အခွင့်အရေး ပေးရတယ်။ ကျွေးမွေးရတယ်"

"မမသိန်းဧည့်သည်က မကြာခင် အိမ်သည်ဖြစ်တော့မှာ မဟုတ်လား"

မခင်သိန်းက မည်သို့မျှ ပြန်လည်ပြောဆိုခြင်း မရှိသော်လည်း မခင်သိန်း၏ ပြောဟန်ဆိုဟန်မှာ လူကြီးများ၏ စီစဉ်မှုကို နာခံမည့်သဘောမျိုး ဖြစ်နေသည်။

မအေးယုနှင့် နှိုင်းစာလျှင် မခင်သိန်းက အသက်ငယ်သည်။ အသားဖြူသည်။ ရုပ်ရည်ချောမောလှပသည်။ ကျွန်တော်သည် မခင်သိန်းနှင့် တွေ့ဆုံသည့်အချိန်မှစ၍ အချစ်ဦး မအေးယုကို မေ့လျော့သလိုလို ဖြစ်ရှိနေသည်။ 'သာရာနားသည်'ဟုဆိုလျှင် ဆိုနိုင်သော်လည်း ရူပါရုံ၏ ဆွဲဆောင်မှုတွင် မခင်သိန်းက အလေးသာလျက်ရှိသည်။

မိန်းမများသည် ယောကျ်ားများထက် အချစ်ရေးတွင် သစ္စာရှိသည်။ ကတိတည်သည်။ တစ်မျက်နှာက နှစ်မျက်နှာ ပြောင်းရမည်ကို အလွန်ဝန်ကြီးကြသည်။ ဣန္ဒြေကို စောင့်ထိန်းကြရသူများဖြစ်၍ 'မျက်နှာများသည်'ဟု အပြောခံရမည်ကို စိုးရွံ့ကြသည်။ ရှက်ကြသည်။ အရှက်ကို အသက်နှင့်လဲသွားသူများလည်း ရှိကြသည်။

ယောကျ်ားများကား ထိုကဲ့သို့ တည်ကြည်ခိုင်မာမှု မရှိကြပေ။ အိုင်တွေ့လျှင် ခြေဆေးချင်သည်။ သာရာ နားချင်သည်။ တစ်ချို့ကွယ် တစ်မယ်မေ့သည်။ လက်တွေ့ပြရသော် ကျွန်တော်သည် အချစ်ဦး မအေးယုအပေါ် သစ္စာပျက်သလို ဖြစ်နေပြီမဟုတ်ပါလား။

ညနေ လေးနာရီအချိန်ခန့်တွင် ရွာပြန်လာခဲ့သည်။ မြစ်ရေကြီးသဖြင့် ဘော့ဒိုက်များ မျောလာရာ ထင်းဆယ်ယူကြသည်။ မကြာမီ ပိန်းကောတစ်စင်းစာ ...ည့်အမောက် ရရှိခဲ့သည်။ (ရှေးက မြစ်ရေကြီးပြီဆိုလျှင် ဘော့ဒိုက်များ ...နေအောင် မျောပါလာတတ်သည်။ မြစ်ကမ်းဘေးရှိ လူများသည် ထင်းများ ...စ်နှစ်စာ ဖူလုံအောင် ဆယ်ယူထားတတ်ကြသည်။ ထင်းတို့ ထင်းများ ...ဝါးစများ၊ သစ်ကိုင်းခြောက်များ၊ သစ်မြစ်သစ်ဆုံများ ပေါမှပေါပါဘိ။)

သစ်မြစ်သစ်ဆုံများကို အိမ်ခြံဝိုင်းထဲသို့ သွင်းယူထားကြသည်။ ဆောင်း...တွင် ၎င်းသစ်မြစ်သစ်ဆုံများကို နေ့ရောညပါ မီးရှို့ထားသည်။ ညဦး

www.burmeseclassic.com

ပိုင်းနှင့် နံနက် အစောပိုင်း ချမ်းအေးသည့်အချိန် မိသားစု ဝိုင်းဖွဲ့မီးလှုံကြသည်။ မြေခရားအိုးနှင့် ကြိုချက်ထားသော ရေနွေးကြမ်းကို သောက်ကြသည်။ ပြောင်းဖူးဖုတ်စားကြသည်။ တစ်ခါတစ်ရံ ထန်းပင်မြစ်များ ဖုတ်စားကြသည်။ လတ်ဆတ်၍လား မသိ အရသာ ရှိလှပါသည်။

ဆောင်းလအခါ အညာဒေသမှာ ခိုက်ခိုက်တုန်အောင် ချမ်းပါသည်။ သွားများပင် တဆတ်ဆတ်တုန်သည်။ အနွေးထည် မဝတ်နိုင်ကြသော တောသား တောသားများမှာ ထင်းမီးကိုသာ အားကိုးကြရသည်။ အေးလွန်း၍ နွားအိုလှ များ သေကြသည်။

ထို့ကြောင့် "အဘိုးအို ခါးကုန်းကုန်း၊ မသေပါနှင့်ဦး၊ ရှေ့နှစ် တန်ဆောင်မုန်း ပွဲကြည့်ပါဦး"ဟု အဆိုရှိပေသည်။ ယခုအခါ ခေတ်မီဆေးဝါး များကြောင့်လားမသိ ခါးကုန်းသူများ မရှိသလောက် နည်းသွားပါသည်။

ထင်းနှင့်ပတ်သက်ပြီး ငယ်စဉ်က အတွေ့အကြုံကို ပြောလိုပါသည်။ အသက်ခြောက်နှစ်အရွယ်ခန့်က ဖြစ်သည်။ ပခုက္ကူမြို့တွင် လှေပြိုင်ပွဲ... သားအမိနှစ်ဦး လှေပြိုင်ပွဲသွားကြသည်။ အချိန်ရာသီမှာ တော်သလင်း ဖြစ်သည်။ ပြိုင်လှေနှစ်စင်း၏အမည်မှာ စာတိုက်တန်းရပ်မှ 'မုဆိုး'၊ တပ်ကြားရပ်မှ 'ကျား'ဖြစ်သည်။

လှေတစ်စင်းနှင့်တစ်စင်း နံနှိမ်သည့်သဘောဖြစ်၍ လှေပဲ့တွင် မုဆိုးက ကျားကို မြားနှင့်ပစ်သတ်ထားသည့် ရုပ်တု ဖော်ပြထားသကဲ့သို့ ကျားကလည်း မုဆိုးကို ကိုက်ချီနေသည့်ရုပ်တု ပြုလုပ်ထားပါသည်။

လှေပြိုင်ပွဲစခါနီးတွင် အမေသည် ကျွန်တော့်ကို ထင်းပုံပေါ်မှာ ထားခဲ့ပြီး တစ်နေရာသို့ ထွက်သွားပါသည်။ မကြာမီ လှေနှစ်စင်း 'လွှတ်မုန်း' ကထွက် လာသည်။ (လွှတ်မုန်း၊ အလယ်မုန်း၊ ပန်းမုန်း ဟူ၍ သုံးမျိုးရှိသည်။)

"ကျား ကျား"ဟု အော်ကြသလို 'မုဆိုး မုဆိုး'ဟုလည်း အော်ဟစ်ရင်း ပန်းမုန်းရှိရာသို့ ပြေးသွားကြသည်။ ကျွန်တော်သည် ထင်းပုံပေါ်မှဆင်း၍ လူအုပ်ကြီးနောက်သို့ ရောယောင်လိုက်သွားသည်။

အပြန်တွင် အမေထားခဲ့သော ထင်းပုံကို ကျွန်တော် မမှတ်မိတော့ပါ။ ထင်းပုံများမှာ မြစ်ကမ်းဘေးတွင် တသီတတန်းကြီး ဖြစ်သည်။ ထိုအခါက ရေဝတီသင်္ဘောကြီးများသည် ယခုလို ဒီဇယ်မောင်းမဟုတ်ပါ။ ဘွိုင်လာ ကို ထင်းထိုးမောင်းရသဖြင့် ရောင်းချရန် တန်ထိုးထားခြင်းဖြစ်သည်။ ကုဗပေ ...ဆယ်တစ်တန်လျှင် ငွေတစ်ကျပ်ခွဲ ရောင်းရသည်ဟု လေ့လာသိရှိရသည်။



လှေပြိုင်ပွဲတွင် 'ကျား'က နိုင်ပါသည်။ ထင်းပုံကို မမှတ်မိဘဲ အခက် အခဲ တွေ့နေရ၍ ကလေးပီပီ လူအုပ်ကြားတွင် ဟစ်အော်ငိုသည်။

"ဟဲ့ကောင်လေး၊ မင်းက ဘယ်ကလဲ"ဟု လူကြီးတစ်ဦးက မေးရာ–

"ရှားတော ထနောင်းကုန်းက" ဟု ပြောလိုက်သည်။

"ရှားတောရွာက ဦးကျော်သောင်ကို သိသလား"

"သိပါတယ်။ ဆွေမျိုးတောင်တော်ပါတယ်"

"ဒါဖြင့် လာလိုက်ခဲ့။ ဦးဘရေတိုက်မှာ ဦးကျော်သောင်ရှိတယ်" ဟု ပြောပြီး ကျွန်တော့်ကို ခေါ်သွားပါသည်။ (ဦးကျော်သောင်မှာ ကျွန်တော်၏ဇနီး အေးမိ၏အဖေ ဖြစ်ပါသည်။)

"မငိုနှင့် မင့်အမေ ရှာပေးမယ်။ မုန့်စား"ဟု ဦးကျော်သောင်နှင့် ဦးဘရေတို့က မုန့်ကျွေးပါသည်။ ငိုရင်းစားပါသည်။ စားရင်းလည်း တရှုပ်ရှုပ် ငိုပါသည်။ မကြာမီ အမေရောက်လာပါသည်။

"သူထားခဲ့သည့်နေရာ မနေရကောင်းလား" ဟု အပြစ်တင်ပါသည်။

(ယခုအခါ သစ်တောသစ်ပင်များ လျော့နည်းသွားသည့်အတွက် ရာသီ ဥတုလည်း ပြောင်းလဲသွားသည်။ ယခင်ကလို အိုးပစ်အိမ်ပစ် ထွက်ပြေးရလောက် အောင် မြစ်ရေလည်း မကြီးတော့ပါ။ ဘေဒါကိုက်များ မျောပါလာခြင်း လည်း ရှားသလောက်ဖြစ်သွားပါသည်။ သယံဇာတအရင်းအမြစ်များဖြစ်သော သစ်တောသစ်ပင်များကို ပြန်လည် ပျိုးထောင်ကြဖို့ လိုအပ်နေပါသည်။)

နောက်နေ့ နံနက်တွင် လှေကြုံဖြင့် ပခုက္ကူသို့ လိုက်ပါလာသည်။ ဦးဘာသိန်း၊ ဒေါ်ပေါ်သွယ်တို့အိမ်နေရသည်မှာ ဒေါ်အုန်းပွင့်အိမ်ထက် သက်သာပါ သည်။ နံနက်နှင့် နေ့လယ်ပိုင်းလောက်မှာပဲ အလုပ်အကိုင် များပါသည်။ ညနေဆိုလျှင် မည်မည်ရရ အလုပ်မရှိတော့ ကိုခင်မောင်နှင့်အတူ ရုပ်ရှင်ကြည့် သည်။ ကိုခင်မောင်သည် ကျွန်တော့်ထက် အသက်နှစ်နှစ်ကြီးသည်။ အင်္ဂလိပ် စာ ကိုးတန်းအောင်သည်။ စာပေဝါသနာပါသည်။ တေးထပ်များ၊ ဆောင်းပါး များ၊ ဝတ္ထုတိုများ ရေးသည်။ သို့သော် မည်သည့်စာနယ်ဇင်းတိုက်ကိုမျှ ပေးပို့ခြင်း မရှိဖူးသေးပါ။ သူ၏ 'နှစ်ကိုယ့်တစ်စိတ်' ဝတ္ထုစာမူကို ဖတ်ကြည့် ရာ အတော်ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စာပေဝါသနာပါသလို ဖဲကစားသည့်ဝါသနာလည်း ပါသည်။ အလုပ်အားလျှင် စာဖတ်သည်။ စာရေးသည်။ သို့မဟုတ် ဖဲဝိုင်းသွား၍ ဗိုက်ကာဆွဲသည်။ မိဘမရှိ၊ မိန်းမမရှိ၊ မွေးချင်းနတ္ထိ။ ပွဲစားကြီးဦးရွှေဂုဏ် ဒေါ်ချစ်တို့က သူ့ကို ထိန်းသိမ်းစောင့်ရှောက်ထားသည်။

ကျွန်တော်တို့အိမ်သည် ဦးရွှေဂုဏ်တို့အိမ် အနောက်ဘက်ကပ်လျက် ဖြစ်၍ ကိုခင်မောင်နှင့် ခင်မင်သည်။ ရင်းနှီးသည်။ အလုပ်အားလျှင် တတွဲတွဲ နေကြသည်။

သူနှင့် ရင်းနှီးရာမှ ဖဲရိုက်တတ်လာသည်။ ရုပ်ရှင်ကိုလည်း မကြည့်ဘဲ မနေနိုင်အောင် စွဲလမ်းလာသည်။ ယနေ့ည ရုပ်ရှင်ကားသစ် ပြမည်ဆိုလျှင် နေ့ခင်းနေ့လယ်ကပင် ပြုံးရွှင်နေသည်။ ထိုအချိန်က ရုပ်ရှင်ရုံမှာ အမှတ် (၉)ရပ်ကွက်၊ဘဏ်ရုံးဟောင်း၏မြောက်ဘက်တွင် ဖြစ်သည်။ ရုံဝင်ခ တစ်မူး ပေးရသည်။ ကုလားထိုင်မရှိ။ ခုံတန်းလျားမရှိ။ ဖျာနှင့်ကြည့်ရသည်။ လျှပ်စစ် မီးမှာ ယခုခေတ်လို လင်းအားကောင်းသော ဖန်ချောင်းများမရှိသေး၍ နှစ်ဆယ့်ငါးဝပ်၊ လေးဆယ်ဝပ် မီးသီးများကိုသာ ထွန်းထားသဖြင့် အလင်း အား နည်းလှသည်။ တစ်ဦးကိုတစ်ဦး အသေအချာကြည့်မှ သိရသည်။ ရှေ့မှ ထိုင်နေသော အမျိုးသမီးကို လက်ကမြင်း၍ပင် ချိတ်နှင့် အထိုးခံရ၊ ပါးရိုက် ခံကြရသည်။ ရုပ်ရှင်ပြချိန်နီး၍မပြလျှင် အာပေါကျယ်များက–

"ပြပါတော့ဗျို့။ ပြပါတော့ဗျို့"ဟု ဟစ်အော်ကြသည်။

ရုပ်ရှင်ဇာတ်ကားများမှာ ယေဘုယျအားဖြင့် စတန့်ကား၊ ဗိန်းဇောင်း ကားများဖြစ်၍ မင်းသားများ၏ စွန့်စားခန်းများကို အသားပေး ရိုက်ကူးကြ သည်။ ဒိုင်ဗင်ထိုးသည်။ ချောက်ကြီးချောက်ကြားကို ခုန်လွှား၍ မြင်းစီးသည်။ မော်တော်ဆိုင်ကယ်ကို တရကြမ်းမောင်းသည်။ ထိုခေတ်က စတန့်မင်းသား များမှာ ကျော်စိုး၊ ကျော်ဟိုး၊ ကျော်မိုး၊ တင်ငွေ၊ တင်ဖေ၊ ချစ်ရွှေတို့ ဖြစ်ကြ သည်။ မင်းသမီးကြမ်းအဖြစ် 'ခင်စန်း'ကို အသုံးများသည်။

ထိုခေတ်က အသုံးပြုသော ငွေကြေးစနစ်များမှာ သုံးပိုင်တစ်ပြား၊ လေးပြားတစ်ပဲ၊ နှစ်ပဲတစ်မူး၊ နှစ်မူးတစ်မတ်၊ နှစ်မတ်ငါးမူး၊ ငါးမူးနှစ်ပြားသည် 'တစ်ကျပ်'ဖြစ်သည်။ 'တစ်ကျပ်' မှာ ပြားရေ ခြောက်ဆယ့်လေးပြား ရှိသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ငွေတန်ဖိုးရှိသည်။ လူဦးရေနည်း၍ ... မသိ၊ စားဖွယ်ရာများနှင့် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ ဈေးပေါ များ



...သည်။ ငွေတစ်ကျပ်ရှိလျှင် လုံချည်တစ်ထည်နှင့် တယောတံဆိပ် စွပ်ကျယ် တစ်ထည် ဝယ်ယူရရှိသည့်အပြင် ရုပ်ရှင်လည်း ကြည့်နိုင်သည်။ လက်ဖက်ရည် ဆိုင်လည်း ထိုင်နိုင်သည်။ လက်ဖက်ရည်တစ်ခွက် သုံးပြား၊ စီးကရက်တစ် ...ပ် တစ်ပြား ဖြစ်သည်။

ထိုခေတ်က ငွေရှိလျှင် အရာရာကို ရရှိနိုင်သည်။

ထို့ကြောင့် 'သဗ္ဗကစ္စံ့ ဓနေနာတိ ဒင်္ဂါး' ဟု ဆိုကြသည်။

အဓိပ္ပာယ်မှာ 'ဒင်္ဂါးရှိလျှင် ဘာမဆို အလိုရှိအပ်သော ပစ္စည်းများကို ရနိုင်သည်' ဟူ၍ ဖြစ်၏။

မည်သည့်ခေတ်မှာပဲဖြစ်ဖြစ် ငွေသည် အဓိကဖြစ်၏။ ငွေရှိလျှင် ...က်ရှိသည်။ ထင်ပေါ်ကျော်ကြားသည်။ လူရာဝင်သည်။ ခေါ်ချင်ပြောချင် ...က်ဆံချင်ကြသည်။ 'ဂုဏဝန္တေ ပဿန္တိ ဇနာ' လူတို့သည် ဂုဏ်ရှိသူကိုသာ ...င်ကြသည်။ ရှေးခေတ်ကလည်း 'ဒေါင်းဒင်္ဂါးရှိလျှင် လိုရာကို ရရှိနိုင်သည်' ...သော တေးထပ်တစ်ပုဒ်ရှိသည်။ ရေးသူကိုတော့ မမှတ်မိပါ။

'ဒေါင်းမော်လျှင် ခေါင်းပေါ်ခွစေတော့၊ ပေါင်းဖော်ရကြည်ညို၊ နှုတ်ကွက် ...့ လူလက်တိုစေ၊ ယှူဖက်ကိုမငြင်း၊ ငွေရှိလို့ ဒင်္ဂါးကြွယ်လျှင်၊ မင်းလာကွယ် ...လိမ့်အတင်း' ဟု ရေးစပ်ထားသော တေးထပ်တစ်ပိုင်းတစ်စကို အမှတ်ရ ...ပါသည်။

ငွေသည် လူကို အကျိုးပြုသကဲ့သို့ လူကိုလည်း ဖျက်ဆီးတတ်ပါသည်။ ...ကြောင့် ပျက်စီးသွားရသူများ၊ ဖောက်ပြန်သွားရသူများ၊ နည်းနည်းမဟုတ် ...များကြီးရှိပေသည်။ ဆင်းရဲနွမ်းပါးစဉ်က မာန်မာနမရှိ။ ယဉ်ကျေးသိမ်မွေ့ ... လုပ်ကိုင်နေထိုင်ခဲ့ရာမှ အခြေအနေပေး၍ ငွေကြေးချမ်းသာ ကြွယ်ဝသွား ...အခါ 'ဝိဒေဟရာဇ်ပုတ်သင်'ကို မာန်တက်လာသည်။ မောက်မာလာသည်။ ...ကြွားလာသည်။ ဘဝကိုမေ့ပြီး အောက်ခြေလွတ်လာသည်။

ဤသို့ဖြစ်ရခြင်း၏ အရင်းအမြစ်ကို ကောက်ချက်ချသော် စာပေ ...သုတနည်းပါးခြင်း၊ အမြော်အမြင်မရှိခြင်း၊ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှု ...ကို မခံနိုင်ခြင်း၊ မိမိကိုယ်ကိုမိမိ အထင်ကြီးခြင်း စသော အကြောင်းများ ...ကြောင့်ဖြစ်ရာ အမှန်မှာ ဆင်းရဲဒုက္ခဒဏ်ကို ခံနိုင်သော်လည်း ချမ်းသာသုခ ...ကို မခံနိုင်သည့်သဘောပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် ရွှေ့လျားပြောင်းလဲလာသည်။ ဆောင်းဝင်ခါစ တန်ဆောင်မုန်းလဖြစ်ပါသည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ အချစ်ဦး မအေးယူ ချစ်ခင်တွယ်တာသည့်စိတ်များ 'မီးဝေးချိပ်မာ' ဆိုသလို တဖြည်းဖြည်း လျော့နည်းလာသည်။ စိတ်အာရုံသည် တစ်ခုပြီးတစ်ခု ပြောင်းလဲတတ်သ ကျွန်တော်၏အချစ်စိတ်သည်လည်း ပြောင်းလဲခဲ့သည်။

ယခင်က မမြင်ရမနေနိုင်အောင် ချစ်ခင်စွဲလမ်းခဲ့သော မအေးယူ မှပျောက်စပြုပြီး မခင်သိန်းကို ချစ်ခင် တွယ်တာနေသည်။ အမှန်ကို ဝန်ခံရသော် ကျွန်တော်သည် မအေးယူအပေါ် သစ္စာဖောက်ခဲ့သည်။ သစ္စာအမှဲ့ လုပ်ရပ်မှာ မအေးယူ၏ ချစ်လက်ဆောင် ရခိုင်လုံချည်ကိုဝတ်ပြီး မခင်သိန်း ပိုးပန်းခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်အကြောင်းကို မသိရှာသေးသော မအေးယူသ 'ကျွန်တော်လာလိမ့်မည်'ဟု မျှော်တလင့်လင့် ရှိနေပေလိမ့်မည်။ ကျွန်တော် သည် ကြက်များလို ချေးကျုရာပျော်နေသည်။ ပခုက္ကူမှာ ရပ်ရှင်ကြည့်ရသည် ဖဲရိုက်ရသည်။ မခင်သိန်းနှင့် တွေ့လိုလျှင် တွေ့နိုင်သည်။ တစ်နေ့တွင် မ သိန်းနှင့်တွေ့လို၍ တင်းဂါတ်ရွာသို့ စက်ဘီးဖြင့် ထွက်လာခဲ့သည်။

တင်းဂါတ်ရွာသည် ပခုက္ကူမြို့မှ ခြောက်မိုင်ဝေးပြီး ပခုက္ကူမြင်း ကားလမ်းဘေးတွင် ရှိသည်။ ကြားတွင် ဆယ်ရွာ၊ ဆင်လမ်း၊ လယ်ယာကြီး ဆင်ဖြူကုန်း၊ ကန်လှ စသော ကျေးရွာများရှိသည်။ လယ်ယာကြီးရွာအ ဘက်တွင် မတ်စောက်သော တောင်ကုန်းအဆင်းတစ်ခု ရှိ၏။

ကျွန်တော်သည် မခင်သိန်းနှင့် တွေ့လိုသော ဇောဖြင့် စက်ဘီး ဘရိတ်မအုပ်ဘဲ အရှိန်ပြင်းစွာဖြင့် ဆင်းခဲ့ရာ အောက်ခြေရှိ သဲဖွက်ထဲ ရောက် စက်ဘီး နစ်မြုပ်ပြီး ကျွမ်းပြန်ကျသွားသည်။ စက်ဘီးတခြား လူတခြား သွားသည်။ ကော့စ်မတစ်လိမ်းထားသော ဆံပင်များမှာ သဲများဖုန်များကြော နီကြောင်ကြောင်ဖြစ်ဟန်ရှိသည်။ စတိုင်နှင့် ဝတ်ဆင်လာခဲ့သော လုံချည် များမှာလည်း သဲဖုန်များနှင့် ပေရေနေသည်။ အဆိုးဆုံးမှာ ရေခပ်ထွက် ကြသော အမျိုးသမီးများက ကျွန်တော့်ဖြစ်အင်ကိုကြည့်၍ 'တခစ်ခစ်' ကြသည်။ လှောင်ကြသည်။ လဲနေသော စက်ဘီးကိုဆွဲယူပြီး ရှက်ရှ နင်းထွက်လာခဲ့သည်။

(ဘဝအတွေ့အကြုံသည် တန်ဖိုးရှိလှသည်။ စက်ဘီးနှင့် ပတ် အများနှစ်ကြိမ် တွေ့ခဲ့ဖူးသည်။ တစ်ကြိမ်မှာ ၁၉၃၄ ခုနှစ်က



သည်ဆောက်နေသည့်သားဖွားဆောင်ကိုကြည့်ရှုရန် စက်ဘီးဖြင့် ထွက်လာ သည်။ နေကလည်း ပူပြင်းလှသည်။ 'မိတ်ဆက်ဓာတ်ပုံတိုက်' လွန်လာပြီးမှ ိုက်ကူးထားသော ဓာတ်ပုံများကို ကြည့်လိုသည့်အတွက် စက်ဘီးလက်ကိုင် ိုလှည့်လိုက်ရာ အရှိန်များ၍ စက်ဘီးရောလူပါ ကိုင်ရိုက်သလို လဲကျသွားသည်။ ရှမှ မောင်းနှင်လာသော မာဇဒါကားသည် ကျွန်တော့်ရှေ့သို့ ထိုးရပ်ပြီး ဦးလေးအုံး၊ ဘယ်လိုနေလဲ ဘာအကူအညီပေးရမလဲ'ဟု ပခုက္ကူကောလိပ် ကျောင်းအုပ်ကြီး ဦးသန်းထွန်းက ကားပေါ်မှဆင်းလာပြီး မေးပါသည်။ ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဘာမျှ မဖြစ်ပါဘူး'ဟု ပြောလိုက်ပါသည်။)

ကန်လှရွာရောက်သောအခါ ရွာဦးရှိ ရေတွင်း၌ ရေခပ်နေသော အဒေါ် ကြီးထံမှ ရေပုံးငှားပြီး ခေါင်းကသဲများ ဖုန်များကို သန့်ရှင်းရသည်။ ၎င်းထံ ဝါးဘီးနှင့် ဘိုကေကိုဖီးရသည်။ ထိုခေတ်က ကျေးလက်တောရွာများတွင် ဘိုကေထားသူ နည်းနည်းပါးပါး'ပဲ ရှိပါသေးသည်။ ထို့ကြောင့် 'လေတွေမိုးတွေ ာပါလို့ ကဆုန်လပြည့်ကျော်၊ ဘိုကေလေးတွေ လာပါလို့ ခံ့ဖိနပ်နှင့် ဆော်'ဟု မိုးဦးလေဦးကျသည့်အခါ ကလေးတွေ မိုးရေချိုးရင်း ဟစ်အော် ဆော်မြူးနေကြသည်ကို မြင်ယောင်နေပါသည်။

"ဟဲ့ သူငယ်လေး ရန်ဖြစ်လာသလား။ ခေါင်းမှာလည်း ဖုန်တွေနှင့် ချည်အင်္ကျီမှာလည်း ပေတေနေတာပဲ"ဟု အဒေါ်ကြီးက မေးသည်။

"ရန်မဖြစ်ပါဘူးဗျာ။ လယ်ယာအဆင်းမှာ စက်ဘီးလဲလို့ပါ"

"အေး၊ မင်းတို့အရွယ် လူငယ်တွေဟာ စဉ်းစားခြင်းမရှိကြဘူး။ ာမ်းအစကိုလည်း ပြချင်ကြတယ်။ ဘာပဲဖြစ်ဖြစ် ဆင်ခြင်စဉ်းစား လုပ်ရမယ်"

(ထိုအချိန်က ကျွန်တော်သည် အဒေါ်ကြီးပြောသောစကားကို အမှတ်တမဲ့ ခဲ့သည်။ ယခု ထိုအကြောင်းကိုဖော်ပြမှ တန်ဖိုးရှိမှန်း သိရသည်။)

"အခု မင်းက ဘယ်သွားမှာလဲ"

"တင်းဂါတ်ရွာ ဦးဖူးညို ဒေါ်စပယ်တို့အိမ် သွားမှာပါ"

"ဘာလုပ်လဲ။ လူပျိုလှည့်သွားတာလား"

မေးသင့်ပါသည်။ ဒေါ်စပယ်တွင် သမီးလေးယောက် ရှိပါသည်။ ခင်တုတ်နှင့် မခင်သိန်းတို့မှာ အပျိုဖားဖားဖြစ်သည်။ မခင်သန်းနှင့် မခင် ဆောင်းတို့မှာ အပျိုရွယ်ဝင်စများဖြစ်ကြပြီး သားအကြီး ကိုတင်မှာ ထနောင်း ေနီးရွာတွင် မအုန်းခင်နှင့် အိမ်ထောင်ကျသည်။ အငယ်ဆုံးသား ကိုသန်းခိုင် ာ ဘုန်းကြီးကျောင်းသား ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းကြောင့် အဒေါ်ကြီးကို အသေအချာကြည့်မိပါသည်။ အဒေါ်ကြီးမှာ အသားလတ်လတ်၊ အရပ်သွယ်သွယ်၊ မျက်ခုံးမျက်လုံးကောင်းပြီး ရွှေစိမ်းဖက်လိပ်နားတောင်းကြီး ဝတ်ထားသည်။ အသက်အရွယ်မှာ ငါးဆယ်ကျော်ခန့်ဖြစ်သည်။

"မဟုတ်ပါဘူး။ ကျွန်တော်က ဒေါ်စံပယ်ရဲ့တူအရင်းပါ"

အမှားတစ်ဝက် အမှန်တစ်ဝက် ပြောလိုက်သည်။

ကျွန်တော်သည် လုံချည်အင်္ကျီများကို ဖုတ်ဖက်ခါပြီး အဒေါ်ကြီးကို နှုတ်ဆက်၍ ထွက်ခွာလာခဲ့သည်။ 'လင်လိုတုန်း နားရှက်ပဲ့' ဆိုသကဲ့သို့ အိမ်မှထွက်လာစဉ်က စတိုင်နှင့် ဝတ်ဆင်လာခဲ့သည်။ စက်ဘီးလဲ၍ စုတ်ပြဲရသည့်အတွက် စိတ်ထဲ ဘဝင်မကျဖြစ်နေသည်။ သို့သော် အရေးအကြီးဆုံးက မခင်သိန်းနှင့်တွေ့ဖို့ဖြစ်သည်။

ဒွေးလေး ဒေါ်စပယ်တို့အိမ်ဝိုင်းထဲ ရောက်သည်ဆိုလျှင်ပင် မျက်စိက မခင်သိန်းကို ရှာကြည့်သည်။ မတွေ့။ မခင်သန်းနှင့် မခင်သောင်းကိုပဲ တွေ့ရသည်။ ဦးဖုးညိုမှာ အိမ်အောက်ရှိ တန်းလျားပေါ်တွင် စာဖတ်လျက်ရှိသည်။

"အစ်ကိုအုံးတော့ မောသွားမှာပဲ။ အမေရယ်၊ မမတုတ်ရယ်၊ မခင်သိန်းရယ်၊ ကန်တော်ရွာအလှူကို လှည်းနှင့်သွားကြတယ်။ ညနေမှ ပြန်လာလိမ့်မယ်ထင်တယ်"ဟု မခင်သန်းက ပြောသည်။ အချိန်မှာ နံနက် ဆယ်နာရီခန့်ဖြစ်သည်။ မခင်သိန်းကို တွေ့ရမည်အထင်နှင့် လာခဲ့သည်။ မတွေ့ရ၍ သဲဗွက်ထဲ စက်ဘီးလဲသည်ထက် စိတ်ပျက်သွားသည်။

ဦးလေးဦးဖုးညိုထံ သွားရောက်နှုတ်ဆက်ပါသည်။ ဦးဖုးညိုသည် အသားဖြူ၍ အရပ်သွယ်သွယ်၊ သျှောင်ဆံထုံးနှင့် ဥပဓိရုပ်ကောင်းသူ ဖြစ်သည်၊ ဒေါ်စပယ်မှာလည်း အမေတို့ မွေးချင်းထဲတွင် အသားအဖြူဆုံး အလှဆုံးဖြစ်သဖြင့် ဦးဖုးညို၊ ဒေါ်စပယ်တို့က မွေးဖွားသည့် သားသမီးများ အားလုံး ချောကြလှကြသည်။ မခင်သောင်းတစ်ဦးပဲ အနည်းငယ် အသားညိုသည်။ ဖတ်နေဆဲ သားရေဖုံး ဇိနတ္ထပကာသနီစာအုပ်ကြီးကို သေချာပိတ်

"မောင်ဘသိန်း၊ မပေါ်သယ်တို့ကော အရောင်းအဝယ်လုပ်ငန်း ကောင်းရဲ့လား"

"ကောင်းပါတယ် ဦးလေးညို"



"မင်းလည်း အရောင်းအဝယ်ပညာတတ်အောင် ကြိုးစားပေါ့ကွာ"

"ဟုတ်ကဲ့ပါ"

ဒွေးလေးဒေါ်စပယ် ပြောဖူးသည့်အတိုင်း ဦးလေးဦးဖုးညိုကလည်း ထပ်တူပြောသဖြင့် ကျွန်တော်နှင့် မခင်သိန်း အိမ်ထောင်ကျသည့်အခါ ဆိုင်ခန်းအလုပ်လုပ်နိုင်ရန် ရည်ရွယ်ဟန်ရှိပါသည်။ ကျွန်တော်နှင့် မခင်သိန်းတို့အကြောင်းကို တစ်အိမ်လုံး သိရှိနေကြပါပြီ။

ထိုအခိုက် မခင်သန်းက ထမင်းပွဲပြင်ပြီးကြောင်း သူ့အဖေကို ပြောပါသည်။ ကျွန်တော်တို့လေးဦး ထမင်းစားကြသည်။ ဟင်းလျာများကောင်းသော်လည်း ထမင်းပွဲတွင် မခင်သိန်းမပါသည့်အတွက် အရသာမရှိသလို ဖြစ်နေပါသည်။ လူကြီးပါသဖြင့် စကားအလွန်ပြောသော မခင်သောင်းမှာ ငြိမ်သက်နေသည်။ လိုအပ်သည့် ထမင်းဟင်းများကိုသာ ထည့်ပေးပါသည်။

ထမင်းစားပြီး မခင်သန်းတို့ကို 'ပြန်တော့မည်'ဟု နှုတ်ဆက်လိုက်ပါသည်။

"အမေတို့ကိုစောင့်ပါဦးလား။ မကြာခင် ပြန်လာမယ်ထင်တယ်"ဟု မခင်သန်းက ပြောပါသည်။

"ငါက စောင့်နိုင်ပါတယ်။ စက်ဘီးအရှင် ကိုခင်မောင်ကို အားနာတယ်"

"ဦးရွှေဂုဏ် တူ ကိုခင်မောင်ဆိုတာလား"

"အေး ဟုတ်တယ်"

"ဒါဆိုရင် အားမနာရပါဘူး။ မမအေးဂျမ်းနှင့် ကြိုက်နေတဲ့သူပဲ"

"ဟေ ဟုတ်လား။ ဒါကြောင့် တို့အိမ်ကို မကြာမကြာ လာတာကိုး"

"အစ်ကိုအုံးကလည်း မြို့နေပြီး ညံ့သေးတာပဲ"ဟု မခင်သောင်းက ပြောသည်။

"နင်ပြောလည်း ပြောထိုက်ပါတယ်ဟာ။ ငါတော့ လုံးလုံး မရိပ်မိဘူး"

ထိုသို့ပြောနေစဉ်မှာပင် တင်းဂါတ်ရွာမြောက်ဘက်ဆီမှ နွားချုလုံးသံများ ကြားရသဖြင့် ဝမ်းသာနေကြသည်။ မကြာမီ လှည်းယဉ်ကလေးသည် ချုလုံးသံတညံညံနှင့် အိမ်ဝိုင်းထဲဝင်ရောက်လာသည်။ နွားများမှာ အမောဖြေ၍ မြူးရွှင်နေကြသည်။

ကျွန်တော်သည် လှည်းယဉ်ပေါ် ပါရှိသူများတွင် မခင်သိန်းကိုဦးစွာ ငေးကြည့်လိုက်ပါသည်။ ထဘီ အင်္ကျီအသစ်များ၊ လက်ကောက် ဆွဲကြိုးများ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားသည့်အပြင် မျက်နှာကို ပေါင်ဒါ သနပ်ခါးများနှင့် (နှုတ်ခမ်းနီဆိုးဆေး မပေါ်သေးပါ။) မွမ်းမံ ချယ်သထားသဖြင့် မခင်သိန်းမှာ လှသည်ထက်လှနေပါသည်။ မခင်သိန်းကို တွေ့မြင်ရ၍ စောင့်ရကျိုးနပ်သည် ထင်ပါသည်။

"မင်းရောက်နေတာ ကြာပြီလား"ဟု ဒွေးလေးက မေးပါသည်။

"မနက်က လာတာ။ ဒီမှာပဲ ထမင်းစားတယ်"

"အေးအေးဆေးဆေး နေဦးလေ။ ညနေမှ ပြန်ပေါ့"

ဒွေးလေးသည် ငယ်ရာမှကြီးပြင်းလာသည်ဖြစ်၍ လူငယ်တို့၏ သဘောကို သဘောပေါက်ဟန်ရှိသည်။ အလှူရှင်များက ပေးလိုက်သော မုန့်ဆီကြော်များကို ရေနွေးကြမ်းတစ်အိုးနှင့် စားသောက်ပြီး ဝိုင်းဖွဲ့ စကားပြောရသည်မှာ ပျော်စရာ ကောင်းလှသည့်အပြင် မခင်သိန်း၏ ရုပ်ရည်ကိုကြည့်ပြီး ပီတိဖြစ်နေမိပါသည်။

"အစ်ကိုအုံး မပြန်သေးဘူးလား။ စက်ဘီးအရှင်ကို အားနာဖို့ကောင်းနေပြီ"ဟု မခင်သောင်းက ပြုံးစိစိကြည့်လျက် ပြောပါသည်။

"အခုတော့ အကြောင်းသိလို့ အားမနာတော့ဘူး"ဟု ပြောလိုက်သောအခါ မခင်သန်းနှင့် မခင်သောင်းတို့က သဘောကျပြီး ရယ်ကြသည်။ မခင်တုတ်နှင့် မခင်သိန်းတို့မှာ အဓိပ္ပာယ်မသိကြသဖြင့် ကျွန်တော့်ကိုကြည့်ပြီး ကြောင်တောင်တောင် ဖြစ်နေကြသည်။

"ငါတို့မသိလို့ ပြောပါဦးဟဲ့"ဟု မခင်တုတ်က မေးသည်။

စက်ဘီးငှားတာကအစ ကိုခင်မောင်နှင့် မအေးကျွမ်းတို့ ချစ်ကြိုက်နေကြသည့်အကြောင်းကို မခင်သန်းက ပြန်လည်ပြောပြသောအခါ-

"ငါ့မောင်ကလည်း ညံ့လိုက်တာ။ တစ်အိမ်တည်း အတူတူနေပြီး မသိရဘူးလို့"ဟု မခင်တုတ်ကလည်း အပြစ်တင်ပါသည်။

ကျွန်တော်ပြန်လာသောအခါ ညနေငါးနာရီခန့်ရှိပါပြီ။ ကန်လှရွာ လယ်ယာကြီးအထိ ကားလမ်းမှာ တောင်တန်းတောင်ကုန်းများအကြောင်း ဖောက်လုပ်ထားသဖြင့် တောင်တန်းပေါ်မှ ကျဆင်းလာသော သဲဖုန်များကြောင့် လမ်းမှာ ဆိုးဝါးလှပါသည်။ အဆိုးဆုံးမှာ မြေပဲလှည်းများကို ရှောင်ကွင်းနင်းရသဖြင့် သဲဖွက်ထဲ စက်ဘီးလဲသည်မှာ အကြိမ်ကြိမ်ဖြစ်သည်။ မြေပဲ



လှည်းများကလည်း လမ်းတစ်လျှောက်လုံး ပြတ်သည်မရှိ။ ထိုအချိန်က ရာသီဥတုမိုးလေဝသနှင့် မြေသြဇာကောင်းသဖြင့် မြေပဲများ ထွက်နှုန်းကောင်းကြသည်။

မြေပဲပေါ်ချိန်ဆိုလျှင် ပခုက္ကူမြို့သို့ မြေပဲရောင်းလာကြသည့် လှည်းစီးရေသည် တစ်နေ့လျှင် တစ်ထောင့်သုံးရာကျော်၊ တစ်ထောင့်လေးရာမှ တစ်ထောင့်ငါးရာခြောက်ဆယ်ကျော်အထိ ရှိခဲ့ဖူးသည်ဟု ပွဲစားကြီးဦးရွှေဂုဏ်က ပြောဖူးပါသည်။ မော်တော်ကားများဖြင့် တင်ယူလာသော မြေပဲများစာရင်း မပါရှိပါ။ မြေပဲများကလည်း ထွက်နှုန်းကောင်းသည်။ လူဦးရေကလည်း နည်းသည်။ ဆီ ဆယ်ပိဿာဝင်တစ်ပုံးမှ သုံးကျပ်၊ သုံးကျပ်တစ်မတ်ပဲ ပေးရသည်။

မှတ်မိပါသေး၏။ ကျွန်တော့်အသက် ဆယ်နှစ်အရွယ်က မိဘများ ဆင်းရဲနွမ်းပါး၍ ကန်လှကျေးရွာအုပ်စု မန်ကျည်းကန်ရွာရှိ မြေပိုင်ရှင် ဦးကံယုံ၊ ဒေါ်ညွန့်တို့အိမ်တွင် မှီခိုနေထိုင်ခဲ့ရသည်။ အဖေနှင့် အစ်မကြီး မပန်းမြိုင်၊ မပန်းလှိုင်တို့က ဦးကံယုံတို့၏ ယာအလုပ်ကို အစားလုပ်ကိုင်ရသည်။ အမေက ရေခပ်၊ ထမင်းချက်၊ ကလေးထိန်း၊ ကျွန်တော်က မြေပဲကောက်သည်။

မြေပဲကောက်သည့်အလုပ်မှာ သက်သာလွယ်ကူပါသည်။ ယာပိုင်ရှင်က မြေပဲပင်များကို နုတ်ယူဆွတ်ခူးပြီးနောက် မြေကြီးပေါ်တွင် ကျန်ရှိသော အလေအလွင့် အကြွင်းအကျန် မြေပဲတောင့်များကို လိုက်လံကောက်ယူရခြင်း အလုပ်ဖြစ်ပါသည်။

မြေပေါ်ရှိ မြေပဲတောင့်များ ကောက်ယူပြီးသောအခါ မြေကြီးထဲတွင် မြေပဲပင်မှ ကြွေကျန်ရစ်သော မြေပဲတောင့်များကို ကောက်ယူရန်အတွက် အလျား လက်နှစ်သစ်ခန့်ရှိ သံကောက်ကလေးနှင့် မြေကြီးကို ယက်ဖော်၍ ပေါ်လာသော မြေပဲတောင့်များကို ကောက်ယူရပါသည်။ မြေကြီးကို ယက်ရခြင်းကြောင့် တစ်ကိုယ်လုံး ဖုတ်တွေ ဖုန်တွေ ပေတေနေရာ 'မြေပဲကောက်တာ ဖုတ်တွေလူး၊ ကျုပ်မနေဘူးဗျ ဓာတ်ထဲလိုက်မှာ'ဟု ထိုခေတ်ထိုအခါ မြေပဲကောက်သူများ ဆိုလေ့ဆိုထရှိသည်ကို သတိရမိပါသည်။

လယ်ယာကိုင်းကျွန်းလုပ်ငန်းတွင် 'တောင်သူကြီး ကောက်သင်း မကောက်ရ' ဆိုသောစကားရှိ၏။ ထိုစကားအဓိပ္ပာယ်မှာ လယ်ပိုင်ရှင် ယာပိုင်ရှင် တောင်သူကြီးများသည် သီးနှံများကို ရိတ်သိမ်းဆွတ်ခူးပြီးနောက် အလေအလွင့် အကြွင်းအကျန်တို့ကို ကောက်ယူခြင်းမပြုရ။ မြေပဲယာခဲ

www.burmeseclassic.com



လက်လုပ်လက်စားများအတွက် ချန်ထားခဲ့ရမည်’ဟူ၍ ဖြစ်သည်။ သို့သော် လောဘသက္ကာယကြီးကြသဖြင့် မည်သူမျှ လိုက်နာခြင်း မရှိကြပေ။

ကျွန်တော် ကောက်သင်းကောက်ရသော မြေပဲများမှာ ဘောကြားအိတ်ကြီး ဆယ့်လေးအိတ်ခွဲ ရရှိပါသည်။ တစ်ခါတစ်ရံ မြေပဲကောက်ရသည်ကို စိတ်မပါလျှင် ဦးကံယုံသမီး မဖွားချို့နှင့်အတူ ယာခင်းဘေးရှိ ချုံကြီးများတွင် ဇီးခလောက်သီး၊ ခံသီးများ ဆွတ်စားကြသည်။ ချုံကြီးများမှာ ခိုးနွားတစ်ကောင်ကိုပင် ချည်နှောင်သိုဝှက်ထားနိုင်သည်။ မဖွားချို့သည် ကျွန်တော့်ထက် နှစ်နှစ်ခန့်ကြီးသည်။ သူသည် အိမ်က စားဖွယ်ရာများယူလာလေ့ရှိသည်။ ထိုခေတ်က မုန့်များမှာ အုန်းမုန့်ကျွ၊ မုန့်ကြိုးလိမ်၊ ဓားလှီးမုန့်နှင့် သကြားပေါက်စီများ ဖြစ်ကြသည်။ သူသည် ကျွန်တော့်ကို ခင်မင်သနားဟန်ရှိပါသည်။ မုန့်များကို မျှဝေကျွေးပါသည်။

တစ်နေ့တွင် မဖွားချို့နှင့်အတူ ဇီးခလောက်သီး၊ ခံသီးများ ဆွတ်ခူးစားနေစဉ် ချုံထဲတွင် မှိုအုပ်နက်များ အစုလိုက်အပြုံလိုက် ပေါက်ရှိနေသည်ကို တွေ့ရ၍ နှစ်ဦးသား ပျော်ရွှင်နေကြသည်။ မှိုအမျိုးမျိုးရှိသည့်အနက် အညာဒေသတွင် မှိုအုပ်နက်သည် အကောင်းဆုံးဖြစ်သည်။

မှိုများကို နှုတ်ယူပြီး တစ်ဝက်စီခွဲဝေကာ အိမ်ပြန်လာကြသည်။ နေ့တိုင်းထက် အချိန်စောပြီး ပြန်လာကြသည့်အတွက် မြေပဲများ အရနည်းသော်လည်း လူကြီးများမှာ မှိုများရရှိလာ၍ ဝမ်းသာနေကြသည်။

မှိုများကို ငါးပိ၊ ဆီ၊ ဆား၊ ကြက်သွန်အပြင် ငရုတ်သီးစိမ်းနှင့် ရေကန်စွန်းရွက် အနည်းငယ်ထည့်၍ ကျော်ပါသည်။ ရေကန်စွန်းရွက်ထည့်သည်မှာ အဆိပ်အတောက် ပြေစေလို၍ဖြစ်သည်။ မှိုက လတ်ဆတ်၍လား၊ လူကဆာလောင်မွတ်သိပ်နေ၍လားမသိ စားကောင်းလိုက်သည်မှာ ပြောဖွယ်ရာမရှိ။ မြေပေါက်ဟင်းချက်စရာ သစ်သီးသစ်ရွက်များအနက် မှိုအုပ်နက်သည် အကောင်းဆုံးဖြစ်ပေသည်။ စာဖတ်သည့်အခါ ‘မှိုရသည့်မျက်နှာမျိုး’ဟု စာတွင်ပါရှိလျှင်သော်လည်းကောင်း၊ မှိုဟင်းစားရသည့်အခိုက်အတန့်၌သော် လည်းကောင်း ငယ်စဉ်က မှိုရ၍ ပျော်မြူးရသည်။ မှိုကျော်စားရသည်တို့ကို ပြန်လည်သတိရနေပါသည်။

မြန်မာနိုင်ငံတွင် မြေပဲများစိုက်ပျိုးလာကြသည်မှာ ပထမကမ္ဘာစစ်ပြီးမှ အင်္ဂလိပ်အစိုးရက မြေပဲမျိုးများကို အာဖရိကတိုက် မြောက်ပိုင်းနိုင်ငံ



များမှ ယူဆောင်လာပြီး ဖြန့်ဝေရောင်းချပေးသဖြင့် မြေပဲစိုက်ပျိုးသော အလေ့အထ စတင်ခဲ့ခြင်းဖြစ်သည်ဟု ရွာမီနောက်မီ လူကြီးများ၏ ပြောစကားကို ကြားခဲ့ရဖူးပါသည်။

ယခုအခါ မြေပဲများ အထွက်နည်းသည်တစ်ကြောင်း၊ လူဦးရေ တိုးပွားလာသည်တစ်ကြောင်းတို့ကြောင့် စားဆီဈေးနှုန်းမှာ ရွှေကနှင့်စာလျှင် ကြောက်ခမန်းလိလိဖြစ်အောင် ခေါင်ခိုက်နေသည်။ နှမ်းများ၊ မြေပဲများနှင့်ပင် လုံလောက်၍ နေကြာ၊ နှမ်းပန်း၊ ဝါစေ့များကို ဆီထုတ်၍ အစားထိုးရသည့်တိုင်အောင် ဖူလုံမှုမရှိသည့်အတွက် မလေးရှားနိုင်ငံမှ စားအုန်းဆီများကို ဝယ်ယူတင်သွင်းခဲ့ရသည်။

ဤသို့ဖြစ်ရခြင်း၏ အရင်းအမြစ်ကို ဆန်းစစ်လေ့လာကြည့်လျှင် လူဦးရေတိုးပွားလာခြင်းကြောင့် မြို့သစ်ရွာသစ်များ တည်ဆောက်ပေးရခြင်းနှင့် စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံအဖြစ် စက်ရုံများ တည်ဆောက်ခြင်းတို့ကြောင့် စိုက်ပျိုးမြေယာများ ယုတ်လျော့သွားခြင်းဖြစ်သည်ဟုဆိုသော် ဆိုနိုင်သော်လည်း ဆုံးရှုံးသွားသော လယ်ယာမြေများအတွက် မြေလွတ်မြေရိုင်းများကို အစားထိုးသင့်ပေသည်။

မြန်မာဘုရင်များလက်ထက်က ဆီထွက်သီးနှံဟူ၍ နှမ်းတစ်မျိုးတည်းကိုသာ စိုက်ပျိုးခဲ့ကြဟန်ရှိ၏။ နှမ်းနှင့်ပတ်သက်သော စကားပုံများ၊ အဆိုများသာရှိပြီး မြေပဲနှင့်ပတ်သက်၍ မတွေ့ရဖူးပေ။

“နှမ်းတစ်လုံးနှင့် ဆီမဖြစ်သော်လည်း နှမ်းလုံးများလျှင် ဆီဖြစ်၏”

“မှန်းချက်နှင့် နှမ်းထွက်ကွာသည်”

“မရောင်ရာ နှမ်းဆီလူး”

“နှမ်းမှုန်းသွားရာ မိန်းမမခေါ်နှင့်’ဟု အဆိုရှိသည့်အပြင် ‘ဒေါင်းဖတ်အုပ်’တွင်–

“အစေ့ယူကာ ဆီထုတ်ကာ၊ နှမ်းသာအကောင်းဆုံး၊ ဟင်းလျာစုံ လိုလို နှမ်းဆီအများသုံး”ဟု စပ်ဆိုသည်ကို သတိရမိပါသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## မျက်နှာမွဲနှင့် ရွှေလက်ကောက်ပြဿနာ

၊ ကျွန်တော် မြို့ပေါ်ရောက်သောအခါ လမ်းမီးများ အိမ်မီးများ ထွန်းကြပါ [illegible] လမ်းမီးမှာ မီးခွက်သာသာပဲ လင်းပါသည်။ မီးတိုင်အောက် စာဖတ်၍ [illegible]။ ယခုခေတ်လို ဓာတ်ဆီ၊ ဒီဇယ် အင်ဂျင်များ၊ ရေအားလျှပ်စစ်များ၊ [illegible]တာဘိုင်များမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အား မဟုတ်ပေ။ ဘွိုင်လာအိုး [illegible] ထင်းထိုး၍ ရေနွေးငွေ့နှင့် ထုတ်လုပ်ရသော လျှပ်စစ်ဓာတ်အားဖြစ်ပါ[illegible]။ ဓာတ်အားစက်ရုံမှာ မဟာဝိသုကာရာမ (အလယ်) ကျောင်းတိုက်ကြီး [illegible]င်ဘက်၌ ဖြစ်၏။ ပိုင်ရှင်မှာ ဦးလှဖေ၊ ဒေါ်တုတ်ကလေးတို့ ဖြစ်ပါ[illegible]။

www.burmeseclassic.com

www.burmeseclassic.com



မမြဲသော တရားသဘောအရ ယခုအခါ စက်ရုံကြီးမရှိတော့သကဲ့သို့ ပိုင်ရှင်များလည်း မရှိကြတော့ပါ။ စက်ရုံမှထွက်ရှိသော ပြာပုံနေရာတွင် လူများ အိုးအိမ်တည်ဆောက်နေထိုင်ကြသဖြင့် ၎င်းရပ်ကွက်ကို 'ပြာကုန်း' ဟု ခေါ်ဆိုကြသည်။ လက်လုပ်လက်စား အလုပ်သမားများ ရပ်ကွက်ဖြစ်၍ ထူးခြားထွန်းသည်မရှိ၊ ပွဲစားမရှိ၊ ချမ်းသာကြွယ်ဝသူမရှိ၊ လူတန်းစားတူညီကြသဖြင့် တစ်ဦးကိုတစ်ဦး ကြင်နာကြသည်၊ စာနာကြသည်၊ ကူညီရိုင်းပင်းကြသည်။ စည်းလုံး ညီညွတ်မှုရှိသော ရပ်ကွက်ကလေးဖြစ်သည်။

လျှပ်စစ်မီးမရှိသောအိမ်များမှာ ရေနံဆီမီးခွက်၊ လက်ဆွဲမှန်အိမ်တို့ကို အသုံးပြုကြရသည်။ မှန်အိမ်မှာ ဂျာမနီကလာသော 'လက်ဝါး'တံဆိပ် မှန်အိမ်ကို အသုံးများကြသည်။ မှန်အိမ်အောက်ခံအိုးကို ရေနံဆီထည့်ပြီး လင်းအားကို လိုချင်သလို မီးစာမြှင့်ပေး နှိမ့်ပေးရသည်။ ထိုခေတ်က ရေနံဆီ၊ ရေနံချေး ပေါပါသည်။ ပျဉ်ထောင်ကာ အိမ်များမှာလည်း ရွှံ့လို့၊ အသား ဝန်းထရံများမှာလည်း မည်းနေအောင် ရေနံသုတ်လေ့ရှိကြသည်။ ဘီအိုစီ၊ အိုင်ဘီပီ၊ အန်အိုစီ ကုမ္ပဏီများက တတ်ဆီ၊ ရေနံဆီများကို အပြိုင်အဆိုင် ရောင်းချကြသည်။ ဦးဘသိန်း ဒေါ်ပေါ်ပေါ်သယ်တို့အိမ်မှာ လျှပ်စစ်မီးမရှိ၍ မီးခွက် နှင့် မှန်အိမ်များကို အသုံးပြုရပါသည်။ နေဝင်ခါနီးလျှင် မှန်အိမ်များကို ရေနံ ဆီထည့်ရသည်။ မီးခိုးမှိုင်းစွဲနေသော မှန်ပြောင်းများကို ဆပ်ပြာမှုန့်နှင့် ပွတ်တိုက်ကြရသည်။

ကျွန်တော်သည် အိမ်ကိုမဝင်သေးဘဲ ကိုခင်မောင်ထံ သွားရောက်၍ စက်ဘီးပေးအပ်လိုက်ပါသည်။ 'မခင်သိန်းနှင့် တွေ့ခဲ့ရဲ့လား'ဟု ကိုခင်မောင်က ပြုံးဖြဲဖြဲမေးပါသည်။

"ခင်ဗျားကို ဘယ်သူက ပြောလို့သိတာလဲ"

"ပြောသူရှိလို့ သိတာပေါ့"

"မအေးချမ်းက ပြောလို့သိတာ မဟုတ်လား" ဟု မေးလိုက်ချင်သော်လည်း မသင့်လျော်ဟုထင်၍ မမေးလိုက်ပါ။

"ထမင်းစားပြီး ရပ်ရှင်သွားကြည့်ရအောင်" ဟု ကိုခင်မောင်က အဖော်ညှိသဖြင့် ဝမ်းသာသွားသည်။ ထိုအချိန်က ကျွန်တော်သည် မခင်သိန်း ကလွဲလျှင် ရုပ်ရှင်ကို အကြိုက်ဆုံး၊ အစွဲဆုံး။ ထို့နောက် ဖဲရိုက်ဖော် ကိုခင်မောင်နှင့် တတွဲတွဲနေရခြင်းတို့ ဖြစ်သည်။



"ထမင်းမစားတော့ဘူးဗျာ။ မုန့်ဆီကြော်တွေ စားလာလို့ ဗိုက်ပြည့်နေတယ်။ ဒါပေမယ့် အိမ်ကိုသွားပြီး ရောက်ကြောင်းသိအောင် ပြောရဦးမယ်"

လူကြီးများကို ပြန်လာပြီဖြစ်ကြောင်း ပြောသောအခါ–

"သူများစက်ဘီးငှားပြီး တစ်နေကုန်တစ်နေခန်းနေတာ အားနာစရာ ကောင်းတယ်"ဟု မအေးချမ်းက အပြစ်တင်သည့်သဘောမျိုး ပြောသော်လည်း လူကြီးများကမူ ဘာမျှ မပြောကြပါ။ သူတို့မှာ ကျွန်တော် လာရောက်နေထိုင်သည့်အတွက် အစစအရာရာ အကူအညီရသည်။ ခိုင်းစရာရှိလျှင် ခိုင်းရသည်။ စာရေးညတာအတွက်ဆိုလျှင်လည်း အိမ်ရှေ့ ဂုံးတဲအောက်ရှိ ခြောက်တိုင်ခုတင်ပေါ်တွင် အိပ်သဖြင့် သူခိုးသူဝှက်အတွက် စိတ်ချရသည် မဟုတ်ပါလား။

တစ်ခါတစ်ရံ ရှားတောရွာမှ ဦးသွယ်လာ၍ ညအိပ်သည့်အခါ စကားပြောဖော်ရှိ၍ ဝမ်းသာသည်။ မုန့်ပေါင်းဝယ်၍ လက်ဖက်၊ ချင်းသုပ်ဝယ်၍ ရေနွေးကြမ်းတစ်အိုးနှင့်စားရင်း သောက်ရင်း စကားပြောရသဖြင့် အပျင်းပြေသည်။

ဦးသွယ်သည် အသက်လေးဆယ်အရွယ်ခန့်ရှိ လူပျိုကြီးဖြစ်သည်။ ဦးသွယ်၊ ဦးကြွယ်၊ ဒေါ်လူချယ်၊ ဒေါ်ပေါ်သယ်၊ ဒေါ်ပေါ်မယ်၊ ဒေါ်အေးချမ်း ဟူ၍ ညီအစ်ကိုမောင်နှမ ခြောက်ဦးရှိသည်။ ၎င်းတို့မှာ ဦးမိုးသာ၊ ဒေါ်ရွှေမတို့မှ မွေးဖွားသူများဖြစ်ကြသည်။ ဒေါ်ရွှေမမှာ ဒေါ်ကြက်ရုံး၏ အစ်မကြီးဖြစ်၏။ သူတို့မိသားစုသည် အတော်အသင့် ချမ်းသာကြွယ်ဝကြသည်။

ဦးသွယ်သည် ရွာနီးချုပ်စပ်ရှိ အပျိုချောချောလှလှဟူသမျှကို မြင်းစီးနှင့် လှည့်လည်သွားရောက် ပိုးပန်းခဲ့သည်။ 'သူယူမည်'ဟု ရည်မှန်းထားလျှင် အခြားသူတစ်ဦးနောက်သို့ ပါသွားသူများ ရှိသကဲ့သို့ 'ဟိုအမျိုးသမီးတော့ သဘောမကျ။ သည်အမျိုးသမီးတော့ သဘောမတူ'ဟု ကိုယ်ချင်း စာနာတတ်သော နှမများက ကန့်ကွက်ကြသဖြင့် အသက်ရှစ်ဆယ်ကျော် သည့်တိုင်အောင် လူပျိုကြီးဘဝနှင့်ပင် ဇာတ်သိမ်းသွားရလေသည်။ ဦးသွယ် အားမိ သွားရောက်မေးမြန်းပါသည်။

"အစ်ကို စားချင်တာရှိရင် ပြောပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဝယ်ခဲ့မယ်။ အစ်ကို့ကျေးဇူး ရှိဖူးပါတယ်။ ကျွန်တော်ငယ်စဉ်က တင်းဂါရွာ ဘုရားပွဲမှာ အစ်ကို့ဆီ ပိုက်ဆံတစ်ပြားတောင်းတော့ တစ်ပဲထုတ်ပေးတယ်။ ပေးလိုက်တာ ဆွေ့ဆွေ့ကို ခုနေတာပဲ။ အဲဒီကျေးဇူး ကျွန်တော် မမေ့ပါဘူး"ဟု ပြောသောအခါ–

www.burmeseclassic.com

www.burmeseclassic.com



"မင့်ဝတ္ထုရား ကျေပါတယ်ကွာ။ အစ်ကို ဘာမှ စားချင်စိတ် မရှိပါဘူး"ဟုပြောပြီး ဝမ်းနည်း၍လား၊ ဝေဒနာခံစားရ၍လားမသိ ခွက်နေသော မျက်အိမ်အတွင်းမှ မျက်ရည်များ ဝေလျှံကာ ပါးပြင်ပေါ်သို့ စီးဆင်းလာသည်။ အစ်ကိုနှင့် နောက်ဆုံး စကားပြောလိုက်ရခြင်း ဖြစ်သည်။

ကိုခင်မောင်နှင့်အတူ ရုပ်ရှင်ရုံသို့ ခြေကျင်သွားကြသည်။ ရုပ်ရှင်မှာ ဦးတိသျှဘားမားကုမ္ပဏီမှ ဒါရိုက်တာ 'ဦးဘဇင်'ရိုက်ကူးသော 'သိုက်နန်းရှင်' ဇာတ်ကားဖြစ်၏။ ဇာတ်လိုက်များမှာ မောင်ဘတင့်နှင့် ခင်ခင်ဥတို့ ဖြစ်ကြသည်။ (၎င်းရုပ်ရှင်ကြည့်ပြီးခဲ့သည်မှာ နှစ်ပေါင်းခြောက်ဆယ်ကျော်ပြီဖြစ်၍ စိတ်အာရုံ အမှတ်အသား လွဲမှားခဲ့သော် ခွင့်လွှတ်ကြရန် တောင်းပန်ပါသည်။)

ခင်ခင်ဥက ဥစ္စာစောင့်လုဝင်စား၊ လှပသည့် မိန်းမပျိုကလေး ဖြစ်သည်။ မောင်ဘတင့်နှင့်တွေ့ဆုံပြီး ချစ်မေတ္တာပွဲ ဆင်နွှဲနေကြစဉ် သိုက်နန်းမှ ခင်ခင်ဥအား ပြန်ခေါ်၍ ခွဲခွာသွားရခါနီးတွင် ချစ်သူနှစ်ဦး ပူဆွေးငိုကြွေးကြသည့်အခန်းမှာ ဇာတ်ရှိန်အမြင့်ဆုံး၊ စိတ်ထိခိုက်ဖွယ်ရာ အကောင်းဆုံးဖြစ်၍ ရုပ်ရှင်ရုံတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။ နောက်ခံတေးဂီတကလည်း သာယာညင်းပျောင်းစွာ လွမ်းခန်းဆွေးခန်းကို အထောက်အကူပေးနေသဖြင့် တချို့ ငိုကြသည်၊ မျက်ရည်ကျကြသည်။ ထိုအထဲတွင် ကျွန်တော်လည်း ပါဝင်သည်။

အသက် ဆယ့်ခုနစ်နှစ်အရွယ်ဖြစ်၍ ဥစ္စာစောင့်ရှိသည်၊ တစ္ဆေ၊ သဘက်ဘီလူး၊ နတ် ရှိသည်ဆိုသည်တို့ကို ယုံကြည်နေသည်။ အသက်နှစ်ဆယ်ကျော်သည့်အခါ စာဖတ်စပြုလာသည်။ စာဖတ်ခြင်းမှာ ပညာဗဟုသုတ ရရှိလို၍မဟုတ်ဘဲ ဖဲရှုံးခြင်းကြောင့် စိတ်ပူပန်မှုကို ဖြေဖျောက်သည့်သဘော မျိုးဖြစ်သည်။ ဖဲရှုံးတိုင်းလိုလို စာဖတ်သဖြင့် စာဖတ်နေသည်ကို တွေ့မြင်ကြသော အပေါင်းအသင်းများက 'ကြောင်သူတော်'ဟု ပြောင်လှောင် ခေါ်ဆိုကြသည်။ တစ္ဆေဇာတ်လမ်းတွေကို စွဲလမ်းပြီး စာဖတ်ခဲ့ရာမှ စာဖတ်ဝါသနာ သန္ဓေတည်လာသည်။

စာဖတ်ခြင်းအားဖြင့် အသိတရား ပွားများလာသည်။ တွေးခေါ်မြော်မြင်လာသည်။ အကြောင်းအရာတစ်ခုကို အကန်းယုံ အရမ်းယုံ မဟုတ်ဘဲ ဆင်ခြင်တုံတရားနှင့် ဝေဖန်စဉ်းစားခြင်း ပြုတတ်လာသည်။ အမှားအမှန် ခွဲခြမ်းစိတ်ဖြာနိုင်သည့် အသိပညာများ၊ အသက်အရွယ် ရင့်ကျက်လာသည်နှင့် အမျှ တဖြည်းဖြည်း တိုးတက်လာခဲ့သည်။



လောက၌ အသိပညာသည် အဖိုးအထိုက်တန်ဆုံးသောအရာဖြစ်သည်။ အသိပညာမရှိသူသည် အမှားအမှန်ကို ခွဲခြမ်းဝေဖန်နိုင်စွမ်း မရှိသည့်အတွက် မျက်စိနှစ်ကွင်း အလင်းမရသူနှင့် တူသည်။ မည်မျှ ကိုယ်လက်အင်္ဂါ သန်စွမ်းသော်ငြားလည်း ဆကာမူ မျက်စိအလင်း မရပါက ဘဝ၏တိုးတက်မှုကို အောင်မြင်အောင် ခွမ်းဆောင်နိုင်ဖွယ်ရာ မရှိပေ။ ဆရာတော် အရှင်ကောဝိဒက 'အသိပညာမဲ့သောသူကို သွန်သင်ဆုံးမရခြင်းသည် လူသေကို ဆေးပေးရသည်နှင့်တူသည်' ဟု မိန့်ဆိုခဲ့ဖူးသည်။

ကျွန်တော်တို့ရွာတွင် ဒေါ်ဆင်တန်ဆိုသူ အဘွားကြီးတစ်ဦး ယခုအထိ ရှိသည်။ ကျွန်တော့်ထက် အသက်ကြီးသည်။ ဒေါ်ဆင်တန်က ပြောသည်မှာ-

"မသိတဲ့သူကိုပြောရတာ မောင်းထောင်းရတာထက် ဆင်းရဲတယ်"ဟု ဆိုပါသည်။ ထို့ကြောင့် မြန်မာမှုနယ်ပယ်တွင် 'မရှိတာထက် မသိတာခက်သည်'ဟု အဆိုရှိခြင်း ဖြစ်သည်။

ယခုအခါ စာပေက မီးမောင်းထိုးပြသဖြင့် ငယ်စဉ်က တကယ်ရှိသည်ဟု ယုံကြည်နေခဲ့သော အစွဲအလမ်းများ မရှိတော့သည့်အပြင် စနေ၊ အင်္ဂါ၊ ရက်ရာဇာ၊ ပြဿဒါး၊ နဂါးလှည့်စသော တိုးတက်မှုကို အဟန့်အတားဖြစ်စေသော ယုံကြည်စွဲလမ်းမှုများကိုပင် ပယ်ဖျောက်နိုင်ခဲ့ရုံမျှမက မကောင်းသောဘဝမှ ကောင်းသောဘဝသို့ ပြောင်းလဲလာခဲ့ခြင်းမှာ စာပေကြောင့်ဖြစ်ပါသည်။ စာပေကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် စာပေဆု ရန်ပုံငွေလှူဒါန်းခြင်းနှင့် စာကြည့်တိုက် ဆောက်ဖွင့်လှူခြင်းဖြစ်ကြောင်း အလျဉ်းသင့်၍ ဖော်ပြခြင်း ဖြစ်ပါသည်။

ပခုက္ကူရောက်မှ မကောင်းသော ဝါသနာတစ်ခု စွဲကပ်လာသည်။ ကက်ဆွဲ၊ ဖဲရိုက်၊ ပိုကာဒေါင်းသောအလုပ် ဖြစ်သည်။

နံနက်ပိုင်း မြေပဲလှည်းများလာလျှင် ဆွဲကိုင်ရသည်။ ဂရိချိုးရသည်။ ဆေးရွက်ပိုများ အရောင်းအဝယ်ဖြစ်လျှင် ကတ္တားချိန်ရသည်။ ငွေခံရသည်။

အလုပ်များများစားစား မရှိ။ ညနေပိုင်းကျလျှင် အလုပ်အားလပ်သည်က ရသည်။ ထိုအချိန်တွင် ဖဲဝိုင်းရောက်သွားတတ်သည်။ ဖဲဝိုင်းမှာ ဝေးဝေးလံလံ မဟုတ်။ တပ်ကြားရပ်တွင်ဖြစ်သည်။ ကျွန်တော်တို့ရွာမှ လှည်းတိုက်နေသော ဦးရောခန်း၊ ဒေါ်ဖိန်မတို့ မိသားစုရှိကြသည်။ ဦးရောခန်းသည် ပြက်တိုက်ဝါသနာပါသကဲ့သို့ ကက်ဆွဲ၊ ဖဲရိုက်လည်း ဝါသနာပါသည်။ သူ့အိမ်တွင် ဖဲဝိုင်း (သို့မဟုတ်) ဖဲဝိုင်းရှိတတ်သည်။ သူ့အိမ်မှာ ဝိုင်းမဖြစ်လျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်မြောက်ဘက်ရှိ 'ဘုံဆိုင်'တွင် ဖဲဝိုင်းကြက်ဝိုင်း ရှိလေသည်။ 'ဘုံဆိုင်' ဆိုသည်မှာ ထန်းရည်သမား၊ အရက်သမားတို့၏ မှီခိုရာ၊ လဲလျောင်းရာ ကောင်းသောနေရာဌာန ဖြစ်သည်။

'ပါပသ္မိံ ရမတိ မနော' ဆိုသည်နှင့်အညီ စိတ်အာရုံသည် မကောင်းမှု၌ မွေ့လျော်တတ်သည်။ ကျက်စားတတ်သည်။ အလုပ်အားလျှင် တပ်ကြားလုံကွက်သို့ ရောက်သွားသည်။ ကက်ဆွဲ ဖဲရိုက်ရုံမျှမက ထန်းရည်လည်းမြည်းစပြုလာသည်။ အရက်လည်း အနည်းအကျဉ်း သောက်တတ်လာသည်။

အချိန်ကာလသည် နတ်တော်လဆန်းစ ဖြစ်သည်။ ဦးဘသိန်းက သူ့မိဘများစားရန် 'ဂိုလ်ဒင်းဘတ်' မုန့်သေတ္တာတစ်လုံးနှင့် လိမ္မော်သီးများပို့ပေးရန် ခိုင်းစေ၍ ရွာသစ်စုသို့ စက်ဘီးဖြင့် ထွက်လာခဲ့သည်။ ဦးဘသိန်းမိဘများမှာ ဦးသာထယ်၊ ဒေါ်အိမ်မုန်းတို့ဖြစ်ကြသည်။

ဒေါ်အိမ်မုန်း၏အမည်ရင်းမှာ 'ဒေါ်ဂမုန်း' ဖြစ်သည်။ ဒေါ်ဂမုန်းသည် အမေတို့ မွေးချင်းထဲတွင် အပါးဆုံး၊ အနပ်ဆုံး၊ ရေသာအနိုဆုံး။ အလုပ်ရှိလျှင် ခေါင်းကိုက်သည်၊ ဗိုက်နာသည်ဟု မမြင်ရသော ဝေဒနာကို အကြောင်းပြ၍ အိပ်နေတတ်သည်။ နေရာတကာ ငြေးထူသဖြင့် တစ်အိမ်လုံးက မုန်းကြသည့်အတွက် 'အိမ်မုန်း'ဟု အမည်တွင်သွားခြင်းဖြစ်သည်ဟု သိရသည်။

ရွာသစ်စုသည် တင်းဂါတ်ရွာနှင့်ကပ်လျက် ဖြစ်သည်။ မခင်သိန်းနှင့်တွေ့ရမည်ဖြစ်၍ ဝမ်းသာနေသည်။ လယ်ယာကုန်းအဆင်း မတ်စောက်သောနေရာရောက်သောအခါ ယခင်က တစ်ကြိမ်အမှားကို သင်ခန်းစာရထားသဖြင့် စက်ဘီးကို အရှိန်မများစေရန် ဘရိတ်အုပ်လိုက် လွှတ်လိုက် လုပ်ကာ ဆင်းလာခဲ့သည်။

ကြီးတော် ဒေါ်အိမ်မုန်း အိမ်ရောက်သောအခါ မုန့်လုံးကြီးများကျွေးပြီး အရောင်းအဝယ်အကြောင်းကို မပြီးနိုင်မဆုံးနိုင် မေးမြန်းနေသည်။ ကျွန်တော်အဖို့မူ မခင်သိန်းနှင့်တွေ့လို၍ ဖင်တကြွကြွနှင့် ပြန်ချင်နေပြီဖြစ်သည်။ ကြီးတော်က စကားလက်စ မပြတ်နိုင်၍ အောင့်အီးနေရသည့်တိုင်အောင် စိတ်ကမူ မခင်သိန်းထံ ရောက်ရှိနေပါသည်။ ဒွေးလေး ဒေါ်စပယ်တို့အိမ်ရောက်သောအခါ မမတုတ်၊ မမသိန်း၊ မမသန်းတို့နှင့်အတူ အဖေပါ ရွှေ...ရွာသို့ 'ဆေးပင်အစိုက်သွားကြသည်'ဟု မခင်သောင်းက ပြောပါသည်။



မခင်သိန်းကိုတွေ့ရမည်အထင်နှင့် အားခဲလာခဲ့သည်။ မတွေ့ရသည့်အခါ စိတ်ရောလူရော ပင်ပန်းနွမ်းလျသွားသည်။

ထိုအခိုက် မီးဖိုချောင်ထဲမှ ဒေါ်စပယ် ထွက်လာပြီး-

'အလည်လာသလား'ဟုမေးသဖြင့် ကြီးတော်မုန်းတို့အိမ်ကို မုန့်သေတ္တာနှင့် လိမ္မော်သီးများ အပို့လာခြင်းဖြစ်ကြောင်း ပြောလိုက်သည်။

"အိမ်မှာ ငါနှင့်ခင်သောင်းပဲ ကျန်တယ်။ တစ်အိမ်လုံး ဆေးပင်စိုက်သွားကြတယ်"

"ဒွေးလေးတို့ ဆေးစိုက်တာ နောက်မကျဘူးလား"

"အဲဒီမြေနေရာက ချောင်းရေကျလို့ နောက်ဆုံးမှ စိုက်ရတယ်။ ဒါပေမယ့် ဆေးလည်းကောင်းတယ်။ ဈေးကောင်းလည်းရောင်းရတယ်။ ပုဒိန်ချောင်းဆေးကို ဆေးလိပ်ခုံတွေက အခြားဆေးထက် ပိုကြိုက်ကြတယ်"

မှန်ပါသည်။ ပုဒိန်ချောင်းဆေးသည် ပခုက္ကူမြို့နယ်တွင် အသောက်အစား၊ အနံ့အရသာအကောင်းဆုံးဖြစ်၍ ယခုခေတ်တိုင်အောင် ဆေးလိပ်ခုံများသည် ပုဒိန်ချောင်းဆေးကို အဓိကထား၍ သုံးစွဲလျက်ရှိကြသည်။ 'ပုဒိန်ချောင်း'ဟု ခေါ်ဆိုခြင်းမှာ ထိုဒေသရှိ 'ပုဒိန်ချောင်းရွာကလေး'ကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသောအခါ ထိုရွာသူရွာသားများသည် မိမိတို့လုံခြုံရေးအတွက် မှိုက်ပင်ကုန်းရွာသို့ ပြောင်းရွှေ့နေထိုင်ကြသဖြင့် 'ပုဒိန်ချောင်းရွာ'ဟု အမည်သာကျန်ရှိသည်။ ရွာမရှိတော့ပါ။

အချိန်မှာ ကိုးနာရီခန့်ဖြစ်သည်။

"ထမင်းစားပြီးမှ ပြန်ပါလား။ ကျက်ခါနီးနေပြီ"ဟု ဒွေးလေးက ပြောသည်။

"မစားတော့ဘူး ဒွေးလေး။ အိမ်မှာ စက်ဘီးက တစ်စီးထဲရှိလို့ မြန်မြန်ပြန်ခဲ့လို့ မှာလိုက်ပါတယ်"

ထိုသို့ပြောပြီး စက်ဘီးကိုဆွဲယူလိုက်သောအခါ မခင်သောင်းက-

"နတ်တော်လပြည့်နေ့မှာ ရွှေပေးရွာဘုရားပွဲကို ပွဲကြည့်လာခဲ့။ ကျွန်မတို့အားလုံး ပွဲကြည့်ကြမှာ"ဟု ပြောပါသည်။

"အေး၊ လာခဲ့မယ်"ဟုပြောပြီး ပြန်လာခဲ့ပါသည်။ မခင်သိန်းတို့နှင့်အတူတူ ပွဲကြည့်ရမည်ဖြစ်၍ ပျော်ရွှင်နေသည်။ ပွဲရက်မတိုင်မီကပင် အင်္ကျီလုံချည်များနှင့် ရှမ်းဘောင်းဘီကို ပင်မင်းပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုကေအောက်ခံဆံပင်ကို မတိုမရှည် အနေအထားဖြစ်စေရန် ကြိုတင်ဖြတ်ထားသည်။ မခင်သိန်းနှင့်တွေ့သည့်အခါ 'ပြုံးရလျှင်ကောင်းမည်လား။ သို့မဟုတ် ခပ်တည်တည်ဣန္ဒြေနှင့်နေရလျှင် ကောင်းမည်လား'ဟု မှန်ကိုကြည့်လျက် ပြုံးလိုက်တည်လိုက် နမူနာလုပ်ကြည့်ပါသည်။ ငယ်စဉ်က ပေါ်တောတော ရူးနှမ်းနှမ်း ပြုလုပ်ခဲ့သည်များကို ပြန်လည်သတိရသောအခါ ထိုအပြုအမူများကို ရှက်သလိုလို ရွံ့သလိုလိုဖြင့် မိမိကိုယ်ကိုမိမိ အပြစ်တင်မိပါသည်။

'ပုထုဇနော ဥမ္မာတကော' ပုထုဇဉ်သည် အရူးနှင့်တူသည်ဟု ဆိုကြသည်မဟုတ်ပါလား။

ဝီရိယကောင်းသည်ဟု ဆိုရမည်လားပင် မသိ။ နတ်တော်လဆန်း ဆယ့်လေးရက်နေ့တွင် လေ့ကြိုဖြင့် ထနောင်းကုန်းရွာသို့ ပြန်လာခဲ့ပါသည်။ ဆယ့်ငါးရက်နေ့ညတွင် ရွှေပေးရွာ၌ ဇာတ်ပွဲကြည့်ရန်ဖြစ်သည်။ ဇာတ်ပွဲကြည့်လိုသည်ထက် 'မခင်သိန်းနှင့်တွေ့လို၍' ဟုဆိုလျှင် ပိုပြီးမှန်ကန်ပါသည်။

ဇာတ်ပွဲမှာ နှစ်ညကပြမည်ဖြစ်၏။ လေးငါးရက် ရွာမှာနေမည်ဖြစ်၍ ရှိစုမဲ့စု အကျႌလုံချည်များကို လွယ်အိတ်ကြီးထဲထည့်လျက် ယူဆောင်လာခဲ့ပါသည်။ ကျွန်တော်ပိုင်သမျှ မိုင်ကုန်ဖြစ်ပါသည်။ ထိုအထဲတွင် မအေးယုက ချုပ်လက်ဆောင်ပေးလိုက်သော ရခိုင်လုံချည်လည်း ပါရှိသည်။

"ပခုက္ကူမနေတော့ဘဲ ရွာပြန်လာပြီလား"ဟု လွယ်အိတ်ကြီးကိုကြည့်ပြီး အမေက မေးပါသည်။

"မဟုတ်ဘူးဗျ။ မနက်ဖြန်ည ရွှေပေးရွာဇာတ်ပွဲ ကြည့်ရအောင်လာတာ"

"အမလေးဟယ်၊ မြို့မှာ ဇာတ်ပွဲတွေ၊ အငြိမ့်ပွဲတွေ တခြိမ့်ခြိမ့်နဲ့ ဘိုင်အိုစကုပ်လည်း ညစဉ်ပြနေတာပဲ။ ဒါများ တောရွာ ဇာတ်ပွဲလာကြည့်ရတယ်လို့"ဟု အမေက အပြစ်တင်သည့်သဘောမျိုး ပြောပါသည်။

(ဘိုင်အိုစကုတ်ဆိုသည်မှာ ရုပ်ရှင်ကိုခေါ်ခြင်းဖြစ်၏။)

"မခင်သောင်းက သူတို့နှင့် ဇာတ်ပွဲကြည့်ရအောင် လာခဲ့ပါ မှာလိုက်လို့လာတာ"

"ဒီလိုဆို ကောင်းပါတယ်။ မင်းတို့မောင်နှမတစ်တွေ ခင်မင်ရင်းနှီးနေတာပေါ့။ ငါလည်း အစ်မကြီးမရွှေငှက်ကို ပွဲကြည့်လာခဲ့မယ်။ ခုတင်တစ်နေရာ ထိုးထားပါလို့ မှာထားတယ်"



ဒေါ်ရွှေငှက်သည် အမေ၏အစ်မအရင်း ဖြစ်၏။ သူ၏ခင်ပွန်းမှာ ဦးစံရွှေဖြစ်သည်။ သူတို့တွင် သမီးသုံးဦးရှိသည်။ မပန်းနွယ်၊ မညို၊ မချစ်ပို့တို့ ဖြစ်ကြသည်။ ကျွန်တော့်တွင် အမေ့ဘက်က တော်စပ်သည့် ညီအစ်ကိုမောင်နှမ တစ်ဝမ်းကွဲ သုံးဆယ့်တစ်ယောက် ရှိသည့်အနက် ယခုအခါ ကျွန်တော်တစ်ဦးသာ ရှိပါတော့သည်။

ဇာတ်ပွဲတွင် ပွဲကြည့်သူများက ဇာတ်စင်ရှေ့၌ ဖျာခင်းကြည့်ကြရသည်။ ၎င်းတို့နောက်မှ ခုတင်များနှင့်ကြည့်ကြသော ပွဲကြည့်ပရိသတ် ရှိကြသည်။ လက်ဖက်၊ ချင်းသုပ် စသော စားဖွယ်ရာများလည်း ပါကြ၏။ ခုတင်များနောက်တွင် ရွာနီးချုပ်စပ်မှ လှည်းနှင့်လာသူများက လှည်းပေါ်မှ ကြည့်ကြသည်။ ပွဲဝိုင်းကြီးမှာ ကျယ်ဝန်းလှပါသည်။

တောသူတောင်သားများသည် ဇာတ်ပွဲများကို အလွန်ကြိုက်နှစ်သက်ကြသည်။ စွဲလမ်းကြသည်။ ဇာတ်ပွဲပြီးသွားသည့်တိုင်အောင် ဇာတ်လမ်းအကြောင်း၊ မင်းသားမင်းသမီးအကြောင်းတို့ကို ပြော၍မပြီးနိုင်၊ မငြီးငွေ့နိုင်။ ဇာတ်ပွဲလာကစဉ် မီးဖွားပါက ၎င်းကလေးကို ဇာတ်မင်းသား၊ မင်းသမီးအမည်ပြည့်တတ်ကြသည်။

တချို့အမျိုးသမီးများက မင်းသား၊ မင်းသမီးတို့ သီဆိုကြသည့် သီချင်းများကို လယ်ယာကိုင်းကျွန်း လုပ်ငန်းခွင်များ၌ အလုပ်လုပ်ရင်း သီဆိုကြသည်။ နားထောင်ရသည်မှာ ကျေးလက်တောရွာ၏ အရသာတစ်မျိုးဖြစ်ပါသည်။

နတ်တော်လဆန်း ဆယ့်ငါးရက်နေ့ညဖြစ်၍ လမင်းမှာ အစွမ်းကုန်ထိန်လင်းလျက်ရှိ၏။ ဇာတ်ပွဲမှာ ရွှေပေးရွာမြောက်ဘက် ပြန့်ပြူးသောချောင်းစပ်မြေကွက်လပ်တွင် ဖြစ်သည်။ ဇာတ်စင်မှာ အနောက်ဘက်ကိုမျက်နှာပြုလျက်ရှိသဖြင့် အရှေ့ဆီမှ ထွန်းတောက်သောလရောင်သည် တစ်ဦးနှင့်တစ်ဦး မြင်ရုံမျှဖြင့် သိရှိနိုင်သည်။ ဝတ်စားဆင်ယင်မှုတို့ကိုလည်း မြင်တွေ့နိုင်သည်။

တစ်နှစ်မှတစ်ခါ ပြုလုပ်သောဘုရားပွဲဖြစ်၍ 'ပွဲကြည့်မည်'ဟု အားခဲထားကြသော ရွာနီးချုပ်စပ်မှ ဖုန်တထောင်းထောင်းနှင့် မောင်းနှင်လာကြသည့် လှည်းများကလည်း များမှများပါဘိ။ ပွဲကြည့်ပရိသတ်ကလည်း ပွဲဝိုင်းအပြည့်။ ဆိုင်းကလည်း တခြိမ့်ခြိမ့်တီးနေသဖြင့် ပွဲကြည့်ပရိသတ်၏ စိတ်အာရုံကို

www.burmeseclassic.com

www.burmeseclassic.com



နှီးဆွဲပေးနေသည်။ ဓာတ်ခုံတွင် ချိတ်ဆွဲထားသော အောက်လင်းမီးအိုးကြီး သုံးလုံး၏ အလင်းရောင်ကလည်း လမင်းကို အာခံ အံတုနေသည်။ ရှေးခေတ်က ဓာတ်ပွဲများတွင် ဓာတ်မီးအိုးများများထွန်းနိုင်ခြင်းကို ပွဲကြည့်ပရိသတ်က အထင်ကြီးကြသည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ ကြားဖူးသည်ကို ပြောလိုပါသည်။

မြို့တစ်မြို့တွင် ဦးဖိုးစိန်ကြီးနှင့် ဦးစိန်ကတုံးတို့ ယှဉ်ပြိုင်ကကြသည်။ ဦးဖိုးစိန်ကြီးရုံမှာ လူပြည့်လျှံနေသော်လည်း ဦးစိန်ကတုံးရုံမှာမူ ပွဲကြည့်ပရိသတ် တစ်ဝက်ခန့်ပဲရှိသည်။ ဦးစိန်ကတုံးက ဦးဖိုးစိန်ကြီးသည် သူ့ထက် အစစအရာရာမှာ သာလွန်ကြောင်း သီချင်းစပ်ဆိုသည်။

“မူလဘူတ သူကသာသကို၊ အသံကလည်းချို၊ ဓာတ်မီးအိုးကလည်း ကျွန်တော့်ထက်တစ်လုံးပို”

ဓာတ်မီးအိုးများများထွန်းညှိနိုင်ခြင်းကိုပင် ပရိသတ် ကြိုက်နှစ်သက်သည့်အချက်တစ်ခုဖြစ်ကြောင်း သိဆိုသွားပါသည်။

ကျွန်တော်သည် မခင်သိန်းတို့ခုတင်ပေါ်တွင် ပွဲကြည့်ရသော်လည်း မခင်သိန်းနှင့်မူ အတူကပ်လျက် မဟုတ်ပါ။ နှစ်ဦးကြားတွင် မခင်သောင်း ရှိနေပါသည်။ မခင်သောင်းက နေရာချင်းလဲလှယ်ရန် ပြောသောအခါ ကျွန်တော့်အကြိုက်ဖြစ်သွားသော်လည်း မခင်သိန်းက ‘လူမြင်လို့မကောင်းဘူး’ဟူသော အကြောင်းပြချက်နှင့် ကန့်ကွက်သဖြင့် ကျွန်တော့်အလိုဆန္ဒ မပြည့်ဝပါ။

ဆောင်းလရာသီဖြစ်၍ အပျိုတော်ထွက်ပြီးနောက် တဖြည်းဖြည်း ချမ်းအေးလာသည်။ ထိုခေတ်ထိုအချိန်က အမျိုးသမီးများ အသုံးပြုကြသော အနွေးထည်မှာ ကတ္တီပါတဘက်ကြီးများဖြစ်သည်။ မခင်သောင်းသည် သူ၏ကတ္တီပါခြုံစောင်ကို ကျွန်တော့်ပေးပြီး သူကမူ မခင်သိန်းနှင့် နှစ်ဦးခြုံသည်။ ပွဲကြည့်ခုတင်ပေါ်တွင် သူတို့ညီအစ်မလေးဦးနှင့် ကျွန်တော်ပဲရှိသည်။ စားဖွယ်ရာ ပန်းကန်ခွက်ယောက်များက နေရာယူထားသဖြင့် လူချင်းထိကပ် ထိုင်ကြရသည်။ အစက မခင်သိန်းနှင့် အတူယှဉ်တွဲလျက် ပွဲကြည့်ရမည်ဟု မျှော်လင့်ခဲ့သည်။ မျှော်လင့်သလိုမဖြစ်၍ စိတ်ထဲ ဘဝင်မကျဖြစ်နေစဉ် ရွှေဆေးရွာ ဟုထင်ရသော အမျိုးသမီးတစ်ဦးသည် မုန့်ပေါင်းများ၊ ဘူးသီးကြော်များ ထည့်လာသော ပန်းကန်ပြားနှစ်ချပ်ကို ခုတင်ပေါ်လာချကာ မခင်သိန်းနှင့် တိုးညင်းစွာ ပြောကြားသွားသည်။ ကျွန်တော့်နားထဲတွင် ‘လက်ပံပင်’ဟူသော အသံသဲ့သဲ့ ကြားလိုက်မိသည်။



အချိန်အနည်းငယ်ကြာသောအခါ မခင်သိန်းသည် မခင်သောင်းကို ခေါ်၍ ပွဲခင်းနောက်သို့ ထွက်သွားကြသည်။ ခုတင်ပေါ်တွင် မခင်တုတ်၊ မခင်သန်းနှင့် ကျွန်တော်ပါသုံးဦး ကျန်ရှိခဲ့သည်။ မခင်တုတ်နှင့် မခင်သန်းတို့က ဘူးသီးကြော်နှင့် မုန့်ပေါင်းများမှာ ပူပူနွေးနွေးဖြစ်၍ စားရန် ကျွန်တော့်ကို တိုက်တွန်းကြသည်။ သူတို့လည်း စားကြသည်။ ကျွန်တော့်အဖို့ စားချင်စိတ်မရှိပါ။ အကြောင်းမှာ ကျွန်တော် ပွဲကြည့်လာသည်ကို မခင်သိန်းက ရွှန်းမြစွာ ကြိုဆိုသည့်အပြုံးများ၊ လိုလားနှစ်သက်သည့် အမူအရာများမရှိခြင်းကြောင့် ဖြစ်ပါသည်။

အချိန်အတော်ကြာသွားသည်။ မခင်သိန်းနှင့် မခင်သောင်းတို့ ပြန်မလာသေးသဖြင့် ရင်ထဲတွင် ဘဝင်မကျသည့်ပြဿနာတစ်ခု ရှိလာသည်။ မုန့်လာပေးပို့သူ အမျိုးသမီးက တိုးညင်းသောလေသံဖြင့် ‘လက်ပံပင်’ဟူသော စကားအသံဖြစ်သည်။

ကျွန်တော်သည် ဓာတ်ပွဲကို စိတ်မဝင်စားနိုင်ဘဲ မခင်သိန်းတို့ ပြန်မလာသေးသည့်အတွက် စိတ်မှာ ဂနာမငြိမ်ဘဲ ပူပန်ကြောင့်ကြ ဖြစ်နေသည်။ ပွဲဝိုင်းအနောက်ဘက်သို့ ထွက်လာခဲ့သည်။ လူများက ကျွန်တော့်ကို ကြည့်ကြသည်။ ကြည့်ပေလိမ့်မည်။ ရှမ်းဘောင်းဘီ၊ ပိတ်အင်္ကျီလက်ရှည်၊ လည်စီးဘောက်နှင့်ဖြစ်ရာ တောရွာအနေဖြင့် မျက်စိအမြင် ရှုပ်စရာ လူထူးလူဆန်း ဖြစ်နေသည်။ ငယ်ရွယ်စဉ်က ကျွန်တော်သည် ‘ဥမ္မတ္တက’ အရူးထခဲ့ဖူးသည်။

ပွဲဝိုင်းနှင့် ပေ တစ်ရာအကွာခန့်ရှိ လက်ပံပင်ကြီးအောက်တွင် လူနှစ်ဦး ရပ်လျက် စကားပြောနေကြသည်။ အခြားတစ်ဦးက ဝါးတစ်ပြန်ကွာလောက်တွင် ရပ်လျက်ရှိသည်။ သစ်ပင်အောက်ဖြစ်သော်လည်း ထိန်လင်းနေသော လရောင်ဖြင့် မြင်တွေ့ရသည်မှာ မခင်သိန်းနှင့်အတူ ရပ်နေသူမှာ အမျိုးသားတစ်ဦး ဖြစ်သည်။ ကျွန်တော့်ကိုမြင်သောအခါ ထိုသူသည် လက်ပံပင်အောက်မှ ထွက်ခွာသွားသည်။ ရည်းစားလူလုခံရ၍ ဒေါသပုန်ထနေသည့်အလျောက်–

“ဟိုသွားတာ ဘယ်သူလဲ”ဟု မခင်သောင်းကို အသံမာမာဖြင့် မေးလိုက်သည်။

“ကိုသန်းပါ”

“ဘယ်က ကိုသန်းလဲ”

“ဒီရွာကပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေကြတာလဲ"

"အပြင်ထွက်လာတာ။ မမသိန်းကို စကားပြောချင်ပါတယ်ဆိုပြီး စကားပြောနေကြတာပါ"

ကျွန်တော်က မခင်သိန်းကို မေးမြန်းခြင်းမဟုတ်သဖြင့် မခင်သိန်းသည် ဘာမျှပြန်လည် ဖြေရှင်းပြောဆိုခြင်းမပြုဘဲ ပွဲဝိုင်းဆီသို့ ထွက်သွားပါသည်။

ကျွန်တော်နှင့် မခင်သောင်းတို့က သူ့နောက်မှ လိုက်ပါသွားသည်။ စိတ်ထဲတွင် မခင်သိန်းကို မကျေမနပ် ဖြစ်နေသည်။

"ခင်သိန်းက ရုပ်ရည်လှသလောက် မျက်နှာများတယ်။ ရည်းစားလည်း ရှိတယ်လို့ ကြားဖူးတယ်"ဟု မအေးဂျမ်းက ပြောဖူးသည်။ ကျွန်တော်သည် ကိုခင်မောင်နှင့် မအေးဂျမ်းတို့ ချစ်ကြိုက်နေကြသည်ကို 'ငါမသိဘူး'ဟု မခင်သန်းနှင့် မခင်သောင်းတို့ကို ပြောဖူးပါသည်။ မခင်သောင်းက–

"အစ်ကိုအုံး၊ ညံ့သေးတယ်။ ညံ့ရင်တော့"ဟု စကားကို ရှေ့မဆက်ဘဲ ရပ်သွားသည်။ ပြန်လည် စဉ်းစားကြည့်မိသည်။

အရင်းစစ် အမြစ်မြေကဆိုသလို ကိုသန်းသည် မခင်သိန်း၏ရည်းစား ဖြစ်သည်။ သူ့ရည်းစား အထင်လွဲမည်စိုး၍ ကျွန်တော် ပွဲကြည့်လာသည်ကို လိုလိုလားလားမရှိခြင်းနှင့် အတူတွဲ၍ မကြည့်လိုခြင်းဖြစ်သည်ဟု အတွေးစိတ် ပေါ်ပေါက်လာသည်။

အမှန်မှာ မခင်သိန်းသည် မြွေပေါက်လို လျှာနှစ်ခွနှင့် ကြောက်မွယ်ဖွယ် ကောင်းသူဖြစ်သည်။ မိဘများသဘောတူ၍ လက်ထပ်ယူသည့်တိုင်အောင် စိတ်မချရသူ၊ သူခိုး ဓားရိုးကမ်းမည့်သူဖြစ်သည်။ မိန်းမကြောင့် ထောင်ထဲ ထွေ့ရသူများ၊ အသက်သေဆုံးရသူများလည်း မနည်းပေ။ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသည်။

ပွဲမှာ 'ပဒုမပေါင်တို့'ဇာတ် ဖြစ်သည်။

ကျွန်တော့်ကိုယ်ကျွန်တော်လည်း အပြစ်တင်မိသည်။ အပြစ်မရှိသော အချစ်ဦး မအေးယုအပေါ် သစ္စာဖောက်ခဲ့သည်။ 'ကာလဝိဘတ် နောက်ပိုးတာ'

ယခု ဝဋ်လည်ပေပြီ။ စိတ်ထဲတွင် မခင်သိန်းကို မကြည့်ချင်၊ မမြင်ချင် ဖြစ်နေသည်။ နာလည်း နာကြည်းသည်။ ရှက်လည်းရှက်သည်။ သူနှင့် အတူ ခုတင်တစ်ခုတည်း ပွဲကြည့်ရသည်ကိုပင် ဂုဏ်သိက္ခာမဲ့သည်ဟု ထင်မြင်လာသည်။



သန်းခေါင်ကျော်ပြီဖြစ်၍ မခင်တုတ်တို့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

မခင်သိန်းမျက်နှာကိုမှ လှည့်၍ပင် မကြည့်ခဲ့ပါ။ သူကလည်း ကျွန်တော် လှည့်မကြည့်သည်ကိုပင် သဘောကျမည် ထင်ပါသည်။ အတူလာသူ အောင်စိန်ကို 'ပြန်ရအောင်'ပြောသောအခါ အမေနှင့် မမယ်မှင်တို့ပါ လိုက်လာကြသည်။

မမယ်မှင်သည် ကျွန်တော်နှင့် အစ်မတစ်ဝမ်းကွဲဖြစ်သည်။

ဆောင်းလဖြစ်၍ နှင်းတွေဝေနေသည်။ ခိုက်ခိုက်တုန်အောင် ချမ်းအေးသော်လည်း အဆင်မပြေသောအချစ်ကိစ္စကြောင့် ရင်ထဲတွင် ပူလောင် ပြင်းပြနေသည်။

အမေတို့သုံးဦးက ဇာတ်အကြောင်း၊ ဇာတ်မင်းသား၊ မင်းသမီးအကြောင်းတို့ကို မရပ်မနား ပြောဆိုလာကြသည်။ ကျွန်တော်သည် မခင်သိန်းနှင့် လှေလှော်၍ ပျော်ခဲ့ရသည်မှအစ ယနေ့ညအထိ တွေ့ကြုံရသည်များကို စိတ်အာရုံနှင့် စားမြုံ့ပြန်နေမိသည်။

ထိုအခိုက် လမ်းဘေးရှိ ပဲပင်ခြံထဲမှ 'ဟူး'ခနဲ ပျံသွားသော ငှက်ကြောင့် လန့်ဖျပ်ပြီး အတွေးစိတ်များ ပျောက်ပျက်သွားသည်။

အိမ်ရောက်သောအခါ အဝတ်အထည်များလဲလှယ်ပြီး အောင်စိန်နှင့်အတူ အိမ်ပေါ်သို့တက်အိပ်သည်။ အောင်စိန်သည် ကျောင်းနေဖက်ဖြစ်သည်။ ကျွန်တော့်ထက် အသက်ကြီးသော်လည်း 'အောင်စိန်'ဟု နှုတ်ကျိုးနေသည်။

နောက်နေ့နံနက်တွင် ပြန်တော့မည်ဟု အမေကို နှုတ်ဆက်လိုက်ပါသည်။

"လေးငါးရက်နေမယ်ပြောပြီး ပြန်တော့မှာလား"ဟု အမေက မေးသည်။

"အိမ်မှာ အလုပ်တွေရှိတယ်"ဟု မုသားမပါ လက်ာမချော ပြောလိုက်သည်။

အဖြစ်မှန်ကိုပြောလျှင် အမေ စိတ်ဆင်းရဲမည်ဖြစ်၏။

ကူးတို့လှေဖြင့် ပခုက္ကူသို့ ပြန်လာခဲ့သည်။

လှေပေါ်တွင် ဈေးဝယ်လိုသူများနှင့် ဇာဟီရကိစ္စအထွက် လိုက်ပါလာသူများ အပြည့်ဖြစ်၏။ သာယာကြည်နူးဖွယ်ကောင်းသော နံနက်ခိုန်ဖြစ်သည်။ နေမင်းကြီး မြင့်တက်လာသည်နှင့်အမျှ နှင်းငွေ့နှင်းမှုန်များ ပျောက်လွင့်သွား

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။ ဝမ်းစာအတွက် လုပ်ကိုင်ရှာဖွေနေကြသော တံငါလေ့များကို တွေ့ ရသည်။ သဲသောင်ပြင်တွင် သူတို့နေထိုင် အိပ်စက်ကြသော တဲကလေးများ ဖြစ်သည်။ မိုးမလုံလေမလုံဘဝကို ဖြစ်သလို ရုန်းကန်နေကြရသူများ ဖြစ် သည်။

ရေစပ်တွင် ဟင်္သာနှစ်ကောင် အစာရှာနေကြသည်။ သူတို့အနီး လှေရောက်သောအခါ နှစ်ကောင်တွဲလျက် ပျံသွားကြသည်။ ဟင်္သာငှက်များ သည် တစ်ကောင်အပေါ်တစ်ကောင် သစ္စာရှိကြသည်။ အချစ်ကြီးကြသည်။ အဖိုဖြစ်စေ အမဖြစ်စေ သေသွားလျှင် နောက်ထပ် ဘဝကြင်ဖော်မရှာတော့ သိရသည်။ လူများမှာမူ ဟင်္သာငှက်များလို ရာဂစိတ်ကို ထိန်းချုပ်နိုင်စွမ်း မရှိကြပေ။ တစ်ပင်လဲလျှင် တစ်ပင်ထူကြသည်။

ရာဂစိတ်သည် လူတို့၌ ထိပ်ဆုံးသို့တက်နေသော ပြဿနာဖြစ်သည်။ အသိစိတ်ကို ဖုံးလွှမ်းသော မောဟတရားလည်း ဖြစ်သည်။ ရာဂစိတ်သည် ခန္ဓာကိုယ်အတွင်း၌ မီးပမာ လောင်မြိုက်နေသည်။ ၎င်းမီးကို ငြိမ်းသတ်ခြင်း ငှာ မစွမ်းဆောင်နိုင်ကြသည့်အတွက် ဂုဏ်သိက္ခာ ပျက်စီးသွားရသူများ၊ အသက် လက်လွတ်ဆုံးရှုံးသွားရသူများ၊ မသေသင့်ဘဲ အသက်သေဆုံးသွားကြရသူများ ဒုနှင့်ဒေး ဖြစ်သည်။ 'နတ္ထိရာဂ သမောအဂ္ဂိ'၊ 'ရာဂနှင့်တူသော မီးအပူသည် မရှိ'ဟု ဗုဒ္ဓ ဟောကြားခဲ့သည်။ မန်လည်ဆရာတော်က ရာဂနှင့်ပတ်သက်၍ လင်္ကာတစ်ပုဒ် စပ်ဆိုခဲ့သည်။

"ရာဂဟူသည်၊ ယစ်မျိုးရည်သို့၊ မကြည့်ယုတ်မာ၊ လွန်ဆိုးစွာ သတ္တဝါဟူက၊ သာမည၌၊ ဘယ်မျှတစ်စိ၊ ဆိုဖွယ်ရှိအံ့၊ ဇောမိသတ္တ၊ ဘုရား အလောင်း၊ ရွှေဥဒေါင်းလျှင်၊ မင်းပေါင်းခြောက်ဆက်၊ ကြဲလျက်ဖမ်း မတတ်ရာလည်း၊ မာယာဆောင်ပြ၊ ဥဒေါင်းမန္တက်၊ ရာဂလိုဆိုး၊ အိပ်ရာနိုး ထိုးကျွင့်ပြင်းစွာ၊ တပ်ခြင်းရာဖြင့်၊ ယုတ်မာညစ်ထေ၊ ဤကိလေကြောင့် ဥဒေတယ်၊ ဂါထာပျံကို၊ မအံ့ရွတ်မိ၊ သတိချွတ်ယွင်း၊ ညွတ်မိလျှင်း၏"

(မဃဒေဝ၊ စာ-၂၂၂၊ ပုဒ်ရေ ...)

အိမ်ပြန်ရောက်သောအခါ-

"မခင်သိန်းနှင့်ပွဲကြည့်ခဲ့ရတာ ပျော်ရဲ့လား"ဟု ကိုခင်မောင်က မေး သည်။ သူသိလိုသည်မှာ ပွေ့ဖက်ခြင်း၊ နမ်းရှုပ်ခြင်းများဖြစ်၏။ အမှန်ဖြစ် ရမည်က ကိုခင်မောင်ထင်သလို မဟုတ်။ အချစ်လုပွဲတွင် အလဲထိုး



အသည်းကွဲရသည့် အကြောင်းဖြစ်သည်။ မည်သို့ဖြစ်ဖြစ် စိတ်ဒုက္ခများကို မျိုသိပ်ထားရသည်ထက်၊ ဖွင့်အံပြောလိုက်ရလျှင် ရင်ပေါ့ပါးသွားမည်ဖြစ်သည်။ ထို့ကြောင့် ကိုခင်မောင်ကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ပါသည်။

"အထင်နှင့်အမြင် ပါစင်သွားတာပဲ။ ငါက ဝါသနာပါတာ ကြားချင် လို့မေးတာ၊ အခုလို မမျှော်လင့်တာကြားရတော့ စိတ်မကောင်းပါဘူး။ ဒါပေမယ့် ချင်းစိမ်းနှင့်မိတ်သလင်၊ သူကြင်မှ ကိုယ်ခင်ပေါ့"ဟု အားပေးပါသည်။

လူသည် မျှော်လင့်ချက်နှင့် ပျော်မွေ့နေတတ်ကြသည်။ အချစ်နှင့် ပတ်သက်၍ မျှော်လင့်ချက်မရှိတော့သည့်အတွက် ဖဲ၊ အရက်၊ ရုပ်ရှင်တို့ကိုသာ အာရုံစွဲလမ်းနေပါသည်။ ထိုအထဲတွင် ဖဲသည် အစွဲဆုံးဖြစ်သည်။

တစ်နေ့တွင် အိမ်၌ ပြဿနာတစ်ခု ပေါ်ပေါက်လာသည်။ မအေးဂျမ်း လက်ကောက်ပျောက်ဆုံးသည့်ကိစ္စ ဖြစ်သည်။ မအေးဂျမ်းသည် ညအိပ်သည့်အခါ လက်ကောက်ကိုချွတ်၍ အိပ်ရာခေါင်း စောင်အကြား ညှပ်ထားလေ့ရှိသည်။ ယနေ့နံနက် ဆွမ်းထချက်သောအခါ မေ့လျော့နေသည်။ ရှစ်နာရီ၊ ကိုးနာရီ အချိန်ကျမှ သတိရ၍ အိပ်ရာခေါင်းစောင်ကို ကြည့်လိုက်ရာ စောင်မရှိတော့ဟု ပြောပါသည်။

"စောင်ကို ဘယ်သူယူသလဲ"ဟု မအေးဂျမ်းက မေးသည်။

"ဘုန်းကြီးဆွမ်းခံကြွလာလို့ ခင်းပေးရန် ကျွန်တော်ယူသည်"ဟု အမှန်အကန်အတိုင်း ပြောလိုက်၏။ တစ်အိမ်လုံးက ကျွန်တော့်ကို စူးစိုက် ကြည့်နေကြသည်။ မယုံသင်္ကာ ဖြစ်နေကြသည့်သဘောမျိုး။

"စောင်ထဲမှာ လက်ကောက်မတွေ့ဘူးလား"

"မတွေ့ဘူး"

"မဖြစ်နိုင်ဘူး။ တို့အိမ်မှာ မင်းကလွဲပြီး ယူမယ့်လူတစ်ဦးမှ မရှိဘူး" ဟု ဦးဘသိန်းက ပြောသည်။

"ကျွန်တော်မယူတာကတော့ အမှန်ပဲ"

တစ်အိမ်လုံး ဆူညံနေသဖြင့် ဦးရွှေဂုဏ်နှင့် ဦးခင်မောင်တို့ ရောက် လာကြသည်။

မအေးဂျမ်းက ရှင်းပြသည်။

အားလုံးက ကျွန်တော့်ကိုပဲ ထင်နေကြသည်။ ထင်မည်ဆိုလျှင်လည်း ထင်စရာပင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဖဲသမား၊ အရက်သမား မဟုတ်ပါလား။

ကျွန်တော့်ကို ချော့၍တစ်မျိုး၊ ခြောက်၍တစ်ဖုံ၊ လက်ကောက်ကို ပြန်ပေးလျှင် ပြောကြသည်။ ပေါင်နှံထားလျှင်လည်း သူတို့ငွေနှင့်သူတို့ ပြန်ရွေးမည်တဲ့ ဆိုသည်။

"မယူဘူး"ဆိုသော'ဘူး'တစ်လုံးမှလွဲ၍ ကျွန်တော့်အနေဖြင့် ခိုင်လုံသော သက်သေ သက္ကာယ အထောက်အထား မပြနိုင်။ 'မပြေးဘူးဆိုသော်လည်း ကန်ရာရှိ' နေသည်။

စိတ်အာရုံတွင် အမြင်တစ်ခု ပေါ်ပေါက်လာသည့်အတွက် မအေးဂျမ်း အိပ်သောခုတင်ကို သွားရောက်ကြည့်ရှုသည်။ ခုတင်ခြေရင်းတွင် ဆန်ရောင်းသော ခံတောင်းကြီးသုံးလုံးရှိသည်။ ကျွန်တော် စောင်ကိုဆွဲယူလိုက်စဉ်က ခံတောင်းများအနီးတွင် ဆန်နမူနာကြည့်နေကြသော 'မရိုးကုန်း'ရွာမှ အဒေါ်ကြီး သုံးဦးရှိသည်။ စောင်ကို ဆွဲယူလိုက်ခြင်းကြောင့် လက်ကောက်သည် လွင့်စင်ပြီး သူတို့အနီးသို့ ကျရောက်သွားနိုင်စရာ ရှိသည်။

"အစ်မသယ် (ဒေါ်ပေါ်သယ်ကို ခေါ်ခြင်းဖြစ်သည်။) ဆန်ဝယ်လာတဲ့ အဒေါ်ကြီးတွေနှင့် ဈေးမတည့်ဘူးလား"

"မတည့်ဘူး"

"အခု သူတို့ ဘယ်ကိုသွားကြသလဲ"

"ဈေးကြီးသွားကြတယ်"

"လက်ကောက်ကို သူတို့ရမယ်ထင်တယ်။ စက်ဘီးနှင့် သူတို့ကို လိုက်ရှာချင်တယ်"

"ငါက မင့်ကိုမယုံဘူး။ စက်ဘီး မပေးနိုင်ဘူး"

"ကျွန်တော် အရက်သောက် ဖဲရိုက်ပေမယ့် မဟုတ်တဲ့အလုပ်ကိုတော့ မလုပ်ပါဘူး အစ်ကိုရာ။ အချိန်နောက်ကျသွားမှာစိုးလို့ စက်ဘီးနှင့် လိုက်ရှာချင်တာပါ"

"ဟုတ်တယ် ကိုဘသိန်း၊ စက်ဘီးပေးလိုက်ပါ။ အုံးဖေနှင့်အတူ ကိုခင်မောင်ကို ထည့်လိုက်ပေါ့"

မိန်းမပြောတစ်ညဆိုသော်လည်း ဦးဘသိန်းသည် တစ်ခဏနှင့် ခေါင်း ညိတ်လိုက်လေသည်။



ကျွန်တော်တို့နှစ်ဦး ဈေးအတွင်းရောက်သောအခါ အဒေါ်ကြီးသုံးဦး နှင့် တွေ့ပါသည်။ ခေါင်းပေါ်မှ ခံတောင်းများတွင် ဆန်များဝယ်ယူပြီးနေကြ ပါသည်။ ကျွန်တော့်ကိုသိနေကြ၍ 'ဘာဝယ်မှာလဲ။ မဝယ်တတ်လျှင် ဝယ်ပေး မည်'ဟု ပြောကြပါသည်။

"အဖိုးထိုက်အဖိုးတန် မဟုတ်ပါဘူးဗျာ။ ဝယ်တတ်ပါတယ်"

ကျွန်တော်နှင့် ကိုခင်မောင်သည် စက်ဘီးများတွန်းပြီး အဒေါ်ကြီးများ နောက်မှ လိုက်လာကြသည်။ အဒေါ်ကြီးတစ်ဦးမှာ အမှုအရာပျက်နေသည်။

"ဈေးဝယ်ပြီးရင် အိမ်ကို ခဏလိုက်ခဲ့ကြပါ။ အိမ်မှာ လက်ကောက်တစ်ရံ ပျောက်သွားလို့ ရှာကြည့်ချင်ပါတယ်"

"ဒါဆိုရင် အခုပဲကြည့်နိုင်တယ်"ဟု အဒေါ်ကြီးတစ်ဦးက ထဘီကို ခါပြနေသည်။ မကြည့်ဝံ့၍ မျက်နှာတစ်ဘက် လှည့်နေရသည်။ လူများကလည်း ကျွန်တော်တို့ကိုကြည့်ပြီး အကဲခတ်နေကြသည်။

"ကျွန်တော်တို့ရှာမှာ မဟုတ်ပါဘူးဗျာ။ မိန်းမချင်းရှာမှာပါ"

မျက်နှာအမူအရာ ပျက်နေသည့်အဒေါ်ကြီးက ခုံဖိနပ် ဝယ်လိုသည်ဆိုပြီး ကုန်ဈေးရုံသို့ သွားကြသည်။ ထိုအဒေါ်ကြီးသည် အမှတ်တမဲ့ပင် ဆန်ခံတောင်း ထဲသို့ လက်ထိုးလိုက်သည်။

လက်ပြန်လည်ရုပ်သိမ်းလိုက်သောအခါ ဆန်များ လွင့်စင်ထွက်သွား သည်ကို တွေ့လိုက်ရသည်။ မသိမသာ သူ့လက်ကို ကြည့်လိုက်မိသည်။ ဆန်မှုံများကပ်နေသည်။ ထို့ကြောင့် ထိုအဒေါ်ကြီးကို မျက်ခြည်မပြတ် စေ့စိုက်ကြည့်ရန် ကိုခင်မောင်ကို ပြောထားရသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## ဖွတ်မရ စားမ,ဆုံးတဲ့ ကာကာကြီး

ကုန်ဈေးရုံသို့ရောက်သောအခါ ခုံဖိနပ်တစ်ရန် ဝယ်ပါသည်။ ခုံဖိနပ်
သစ်သားကို မော်တော်ကားတာယာ သဲကြိုးတပ်ထားသည်။ ပခုက္ကူမြို့နယ်
ကျောက်ရွာမှ ပြုလုပ်သည့်အတွက် 'ဖိနပ်၊ ကံတော် နတ် ကိုကြီးကျော်' ဟု
ခေါ်ကြသည်။ ကိုကြီးကျော် နတ်နာမည်ကြီးသလို ကန်တော်ဖိနပ်လည်း
နာမည်ကြီးသည်ဟု ဆိုလိုဟန်ရှိပါသည်။ အဖိုးငွေ ငါးပြားဟုထင်သည်။
ထည့်ပေးရန် ပိုက်ဆံထုပ်ကလေးကို အင်္ကျီအတွင်းမှ ထုတ်ယူပြီး ဖြေသည်။
လက်များသည် တုန့်တုန်ယင်ယင် ဖြစ်နေသည်။ စိတ်မှာလည်း စိုးရွံ့ထိတ်လန့်
ခြင်းရှိသည်။ ကျွန်တော်တို့က သူ့ကို ဂရုစိုက်နေမှန်း သိသည်။ ပိုက်ဆံ
ပြားများ၊ အုတ်သမံတလင်းပေါ်ကျသွားသည့်အတွက် စက်သီးဒေါက်ထောက်
ကောက်ယူပေးလိုက်သည်။ ပဲစေ့တစ်ပြားနှင့် ကြေးပြားတစ်ပြား။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးပြီမဟုတ်လား သွားရအောင်"ဟု ထဘီခါပြသော အဒေါ်ကြီး ပြောသည်။ ကျွန်တော်တို့ ဈေးအတွင်းမှ ထွက်လာကြသည်။ ယခု ရွှေဒင်း ဆိုင်ရှေ့ရောက်သောအခါ ဦးဘသိန်း ဒေါ်ပေါ်ယဉ်နှင့် ဦးရွှေဂုဏ် ဒေါ် တို့အပြင် အိမ်နီးချင်းအချို့ လိုက်ပါလာကြသည်။

"ဘယ်လိုလဲကွ အုံးဖေ"ဟု ဦးဘသိန်းက ကျွန်တော့်အနား ကပ် ပါသည်။

"မြင်တဲ့အတိုင်းပဲ အစ်ကို။ သူတို့ကိုရှာဖွေဖို့ အိမ်ခေါ်လာတာ"

ကျွန်တော်၏လုပ်ရပ်ကို ဦးဘသိန်းယုံကြည်ဟန် မရှိပေ။ ကျွန် ယူသည်ဟုပင် ထင်နေသည်။

"မင်းကွာ ကိုယ်ယူတာကို သူများတွေအပေါ် ထင်ယောင်ထင်မှား အောင် မလုပ်ပါနှင့် ပြန်ပေးလိုက်ပါ"

'မရှိခိုးနိုး၊ မလှစန်းရိုး' ဆိုသလိုပဲ ဖဲသမားကျွန်တော့်ကို တန်း နေကြသည်။

"ကျွန်တော်မယူဘူးဆိုတာ မကြာခင် အစ်ကိုတွေ့ရမှာပါ"

ဖောင်တော်ဦးဘုရားလမ်းအတိုင်း လျှောက်လာကာ ရွှေကူဘုရားဝိုင်း သို့ ဝင်ရောက်လာကြသည်။ ဘုရားဝိုင်းသည် ဖြတ်လမ်းဖြစ်၏။

"လက်ကောက်တစ်ရန်ပျောက်တာနှင့် လိုက်လာလိုက်ကြတာ။ တစ် လုံး တစ်ရပ်ကွက်လုံးပဲ" ကျွန်တော်တို့ ဂရုစိုက်ကြည့်နေသော အဒေါ်ကြီး ပြောသည်။

"လိုက်ရမှာပေါ့အေ၊ လက်ကောက်တစ်ရန်ဆိုရင် ငွေတစ်ရာ ကျိုး တန်မလား မသိဘူး"ဟု ထဘီခါပြသော အဒေါ်ကြီးက ပြောသည်။

"လက်ကောက်ကို ညည်းယူလို့လား"ဟု အခြားတစ်ဦးက မေး သိလည်း သိနေဟန်ရှိသည်။

"သူတို့လက်ကောက်ကို ခိုးတာမဟုတ်ပါဘူး အေ။ ဆန်တောင်း တွေ့လို့ ယူလာတာပါ"

"ဒီလိုဆို ပြန်ပေးလိုက်ပါလား။ အိမ်လိုက်ဖို့တောင် မလိုတော့

ခေါင်းပေါ်မှ ဆန်တောင်းကိုချပြီး ဆန်ထဲမှ လက်ကောက် ယူလိုက်သောအခါ ကျွန်တော်သည် ဝင့်ကြွားသည့်မျက်နှာဖြင့် ဦးဘသိ ကြည့်လိုက်သည်။ ဦးဘသိန်းမှာ မျက်လုံးပြူးပြီး အံ့အားသင့်သွား



အဒေါ်ကြီးက လက်ကောက်ကို ဒေါ်ပေါ်ယဉ်သို့ ပေးလိုက်သည်။ လက်ကောက်ရ၍ ဝမ်းမြောက်ဝမ်းသာ အိမ်ပြန်လာကြသည်။

"ဥစ္စာပျောက် ငရဲကြီးဆိုတာ သိပ်မှန်တာပဲ"ဟု ဦးဘသိန်းက ဦးရွှေ ကို ပြောသည်။

"ဟုတ်တာပေါ့ကိုဘသိန်းရာ။ ပစ္စည်းပျောက်တယ်ဆိုရင် ဟိုထင်ဒီထင်။ နေကြတာ ခမ္မတာပဲဗျ"

"အုံးဖေ၊ မင့်ကို အထင်မှားသွားတယ်။ လက်ကောက်ပြန်မရရင် တိုင်မယ်လို့ စိတ်ကူးနေတာ"

"ကျွန်တော်မယူဘဲနှင့် ဂါတ်တိုင်ရင် ခင်ဗျားကို ရိုက်မှာဗျ"

ဦးဘသိန်းသည် ကျွန်တော်ပြောသည်ကို ကြိုက်နှစ်သက်ခြင်းရှိမည် ပေ။ ကျွန်တော့်ဘက်က မှန်ကန်နေ၍ ဘာမျှပြန်လည်ပြောဆိုခြင်းမပြုဘဲ ငြိမ်ထိုင်နေသည်။ သူတို့အဖို့ လက်ကောက်ပြန်ရ၍ ပြဿနာပြီးသွားသော် လည်း ကျွန်တော့်အဖို့ မပြီးဘဲ ရှိနေပါသည်။ အကြောင်းမှာ နောက်နောင် ဤကဲ့သို့ ဖြစ်ပေါ်လာ၍ ဖြေရှင်းမရလျှင် ကျွန်တော့်ကိုပဲ ထင်ကြမည်။ ကြမည်။ ပြီးတော့ မခင်သိန်းနှင့်ပတ်သက်၍လည်း မျှော်လင့်ချက်မရှိ သည့်အတွက် ဦးဘသိန်းတို့အိမ်မှ ထွက်ခွာသွားရန် အကြံပေါ်ပေါက် သည်။

'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုအဆိုကို ယုံကြည်နေသည့် လျော်စွာ ရန်ကုန်ကိုသွားလိုသည့်စိတ်ဆန္ဒက ပြင်းပြနေသည်။ ရန်ကုန် မြို့တွင် ဘကြီးတစ်ဝမ်းကွဲ ဦးကျော်သောင်ရှိသည်။ အသက်ခြောက်နှစ် ခန့်က ပခုက္ကူလှေပြိုင်ပွဲတွင် အမေနှင့်ကွဲ၍ ဘကြီးဦးကျော်သောင်ကို ဖူးမြင်ဖူးသည်။

အကြံရှိသော်လည်း ပိုက်ဆံက မရှိ။ အမေကို အပူကပ်စေကာမူ ရေး အဆင်မပြေ၍ ရနိုင်ဖွယ်ရာ မမြင်။ အမေက ရှာဖွေပေးလိုသည့် အောင် အမေတူ အဖေကွဲ မပန်းလှိုင်က အိမ်ထောင်ကို ဦးစီးချုပ်ကိုင် သည့်အတွက် မျှော်လင့်ချက်မရှိ။

ဦးဘသိန်း၊ ဒေါ်ပေါ်ယဉ်တို့ကို အကျိုးအကြောင်းပြောပြပြီး ချေး သည်း ချေးမည်မဟုတ်။ အသနားခံ၍ စရိတ်ငွေတောင်း လည်း သည်မထင်။ ဖြစ်နိုင်သည်ကတော့ သူတို့မသိအောင် ခိုးယူခြင်းသာလျှင် ကောင်းဆုံး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဘုန်းတော်ကြီးက 'သူများပစ္စည်းဥစ္စာကို မခိုးရဘူး။ ခိုးယူ အလုပ်ဟာ ရက်ဖွယ်ရာလည်း ကောင်းတယ်။ ပြီးတော့ သူခိုးဟာ ဘယ် မှ မကြီးပွား မချမ်းသာဘူး' ဟု ဆုံးမခဲ့ဖူးသည်။ သို့ရာတွင် မခိုးလျှင်မဖြစ် အခြေအနေ ရောက်ရှိနေသည်။ 'သူခိုး'ဟု အခေါ်ခံရမည်ကို ရှက်သော်လည်း ထွက်ပေါက်က ဤနည်းမှလွဲ၍ အခြားနည်းမရှိ။

သူတို့ပိုက်ဆံထည့်သော ကျွန်းသေတ္တာကလေး၏ အန်အလျားကို မှန်းပြီး သော့ပြင်ကုလားဆိုင် သွားရောက်သည်။ သော့များ၊ သော့ခလော များ ချိတ်ဆွဲထားသည်မှာ အများကြီးဖြစ်သည်။ ငွေသေတ္တာပုံသဏ္ဌာန် ပြောပြပြီး သော့သုံးချောင်း ဝယ်ယူခဲ့သည်။ သုံးမူးပေးရသည်။ အသုံး သည့်သော့နှစ်ချောင်းကို ပြန်ပေးသည့်အခါ အာမခံငွေ တစ်မတ်ပြန်ရမည် သည်။

ဦးဘသိန်းက 'ရွာသစ်စု' မိဘများထံသွားသည်။ နေ့ကာလဖြစ် တစ်အိမ်လုံး ရေချိုးသွားကြသည်။ ရေတွင်းမှာ အိမ်မြောက်ဘက်ပိုင်းစပ် ဖြစ်သည်။ အိမ်မှာ တောင်ဘက်မျက်နှာလှည့်ဖြစ်၏။ ကြွက်ကိုကြောင်ချောင်း လူအလစ်ကို စောင့်နေသော ကျွန်တော်သည် အချိန်ကို တန်ဖိုးရှိရှိ အသုံးပြု ၏။ ခုတင်ပေါ်ရှိ ငွေသေတ္တာကို သော့တံတစ်ချောင်းထိုးပြီး ဖွင့်သည်။ ခွင်ကျမဖြစ်ရုံမျှမက သော့တံမှာ လှည့်၍မရ၊ နုတ်၍မရ ဖြစ်နေသ ထိုအခိုက်–

"အေးချမ်းရေ၊ နင်တို့ပြန်လာရင် ဆပ်ပြာကြူတ်နှင့် ရေပုံး ယူခဲ့

ဒေါ်ပေါသယ်သည် အိမ်အနောက်ဘက်သို့ ရောက်ရှိလာပြီဖြစ် စိတ်ထဲ 'ဒိတ်'ခနဲ ဖြစ်သွားသည်။ သေတ္တာကို သော့တန်းလန်းနှင့် မဖြစ်ပေ။ တွေ့မြင်သွားလျှင် တရားခံရှာရန်မလို။

မကောင်းသောအလုပ်သည် စိတ်ဆင်းရဲရသည်။ ပူပန်ရသည်။ လဖြစ်၍ တစ်ကိုယ်လုံး ချွေးများဖြင့် စိုရွှဲနေသည်။ ဖြစ်လိုရာဖြစ် သော့တံ သာ အမိကဖြစ်၍ သော့တံကို တအားဆွဲနုတ်လိုက်သည်။ လက် သော့တံပါလာ၍ ဝမ်းသာသွားသည်။ အိမ်ရှေ့သို့ထွက်၍ ဤ ထိုင်နေသည်။ သော့ပေါက်နှင့်မကိုက်သောသော့ကိုမူ ဘေးဖယ်ထားလိုက်

နောက်နေ့တွင် ဦးဘသိန်း၊ ဒေါ်ပေါသယ်တို့ အလှူသွား မအေးချမ်းက မီးဖိုထဲ ချက်ပြုတ်နေသည်။ ကလေးများမှာ အိမ်



ကစားလျက်ရှိကြ၏။ သင့်မည်ထင်ရသော သော့နှင့် ငွေသေတ္တာကိုဖွင့် ရာ အံကိုက်ဖြစ်သွားသည်။ သေတ္တာထဲတွင် ငွေစက္ကူများ၊ ငွေဒင်္ဂါးများ အကြွေများ ရှိကြ၏။ လက်ရာမပျက် ငွေသေတ္တာ ပိတ်ထားလိုက်သည်။ ကိုက်သော သော့ကို လက်ကိုင်ပဝါ၏ ထောင့်စွန်းတွင် ချည်တုပ်ထား ၏။ အခြားသော့နှစ်ချောင်းကိုမူ ကုလားထံ ပြန်ပေးကာ အာမခံငွေ တ် ပြန်ယူခဲ့သည်။ စရိတ်ငွေအတွက် ပူပန်ရန် မလိုတော့သဖြင့် ကုန်သွားရန် အစီအစဉ်ပြုလုပ်ပါသည်။ ထိုနေ့ကို ကျွန်တော် မှတ်မိပါသည်။ ခုနှစ်၊ ကဆုန်လဆန်း ဆယ့်သုံးရက်၊ ၁၉၃၄ ခုနှစ်၊ ဧပြီလ နှစ်ဆယ့် က်နေ့ညဖြစ်သည်။

အပူဒဏ်ကို ကာကွယ်သည့်အနေဖြင့် ဦးဘသိန်းတို့မိသားစုသည် ရှေ့လရောင်အောက်တွင် ဝါးကွပ်ပျစ်တစ်ချပ်နှင့် လက်ဖက်၊ ချင်းသုပ် င်း လေညင်းခံနေကြသည်။ သမီးအကြီး မမြရင်နှင့် မမြကြည်တို့လည်း ရှိနေသည်။ သမီးအငယ်ဆုံး မမြသီမှာ ပခက်ထဲဖြစ်သည်။ ပခက်ကြိုး မအေးချမ်းက ချင်းသုပ်၊ လက်ဖက်သုပ်စားရင်း ဆွဲနေသည်။

(မမြသီသည် ယခုအခါ စစ်ကိုင်းတိုင်း တိုင်းပညာဝန် ဦးလှညွန့်၏ ဖြစ်သည်။ မြေးများပင် ရရှိနေပါသည်။)

ကျွန်တော်သည် ဘုရားရှိခိုးမည်ပြော၍ အိမ်အတွင်းသို့ဝင်ခဲ့သည်။ ပ်က 'ဩကာသ ဩကာသ ဩကာသ' ရွတ်ဆိုလျက် လက်ကို ငွေ တ္တာကိုဖွင့်ပြီး ငွေစက္ကူရော ငွေဒင်္ဂါးပါ ငွေနှစ်ဆယ်ကျပ်ခန့် မှန်းဆယူကာ တ္တာကို ပိတ်ထားလိုက်သည်။ သေတ္တာထဲတွင် ငွေသုံးရာ၊ လေးရာ ရှိမည်ဖြစ်သော်လည်း အကုန်မယူရဲပါ။ အကြောင်းမှာ ပြန်လည်ပေးမည် ရည်ရွယ်ခဲ့ခြင်းကြောင့် များများယူလျှင် များများပေးဆပ်ရမည် မဟုတ် ။

'တောင်းမှာအကွပ်၊ လူမှာအဝတ်' အဆိုရှိသည်။ ကျွန်တော့်တွင် စ်လွင်လွင် လုံချည်အင်္ကျီဟူ၍ ဘာမျှမရှိတော့။ ဖဲပေါင်ရိုက်၍ ကုန် ပြီ၊ ကျွန်တော် နှမြောဆုံးမှာ မအေးယူ ပေးလိုက်သော ချစ်လက်ဆောင် လုံချည်ဖြစ်သည်။ တစ်မြို့တစ်ရွာသွားရာတွင် သင့်လျော်သော လုံချည် စုံတော့ ရှိဖို့လိုအပ်သည်။ သို့ဖြစ်၍ ဦးဘသိန်း အဝတ်သေတ္တာအတွင်း ချည်တစ်ထည်နှင့် ရှပ်အင်္ကျီလက်ရှည်တစ်ထည်ကိုယူပြီး အင်္ကျီအတွင်း ိုက်သည်။ ဖောင်းကြွမနေစေရန် ပြုလုပ်လျက် အိမ်ရှေ့သို့ ထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ညောင်းကိုက်နေ၍ အနိုပ်ခံသွားဦးမည်"ဟု ဒေါ်ပေါ်သယ်ကိုပြော ခပ်တည်တည် ထွက်လာခဲ့သည်။

တပ်ကြားရပ် ဦးသာခင်၊ ဒေါ်ရင်သေးတို့အိမ်မှာအိပ်သည်။ ထို တွင် ကြိုတင်ပြီးအဝတ်အထည်များ ပေးပို့ထားသည်။ ၎င်းတို့သည် ကျွန် ကို ဖဲသမား၊ အရက်သမားဘဝရောက်အောင် ပို့ဆောင်ပေးသော ဦးရော သမီးနှင့်သမက်တို့ ဖြစ်ကြသည်။ ကျွန်တော်တို့ရွာမှဖြစ်၍ ၎င်းနီးခင်မင် အလုပ်မှာ နွားလှည်းတိုက်သောအလုပ်ဖြစ်သည်။ အိမ်မှလာမေးလျှင် ကျွန် ရှိသည်ဟု မပြောရန် မှာထားသည်။ အိမ်ပေါ်သို့ တက်အိပ်သည်။

အိပ်၍မပျော်ပါ။ အိမ်ကသိ၍ လိုက်ရှာမည်ကို စိုးရိမ်သည်က တစ်ကြော **မရောက်ဖူးသော ရန်ကုန်မြို့ကြီးများကို သွားရမည်ဖြစ်၍ ဟိုတွေးသည်**

နံနက် ငါးနာရီခွဲအချိန်ခန့်တွင် လွယ်အိတ်ကလေးကိုလွယ် သင်္ဘောဆိပ်သို့ ထွက်လာခဲ့သည်။ ရေနည်း၍ အောက်စုန်းသောသင်္ဘော ပခုက္ကူဆိပ်ကမ်းကို မကပ်နိုင်သဖြင့် ချင်းတွင်းသင်္ဘောနှင့် သယ်ယူပြီး ဘက်သို့ ပို့ဆောင်ပေးရသည်။ ချင်းတွင်းသင်္ဘောသည် ရေတိမ်သွားနိုင်သ သင်္ဘောနောက်ပိုင်းရှိ ပျဉ်ချပ်ကြီးများကို လည်ပတ်ယက်ကန်၍ ခုတ် ခြင်းဖြစ်သည်။

သင်္ဘောဆိပ်မှာ 'ရွှေကမ်းပြို'ဘုရားနှင့် မျက်နှာချင်းဆိုင်ဖြစ် တစ်ချိန်က ရွှေကမ်းပြိုဘုရားသည် တန်ခိုးကြီးသည်။ ဆုတောင်းပြည့်သ ယုံကြည်ကြသဖြင့် ပခုက္ကူမြို့မှ ဘုရားဖူးသွားလေ့သွားထရှိကြသည်။ တစ် လှေမှောက်၍ လူတစ်ကျိပ်ကိုးယောက် သေဆုံးခဲ့သည်။ ထို့ကြောင့် 'သေချင် စိန်မစားနှင့် ရွှေကမ်းပြိုသွား'ဟု အဆိုရှိသည်။ ထို အဆိုကြောင့်လားမသိ အခါ ဘုရားဖူးသွားသူ မရှိတော့ပါ။

သင်္ဘောဆိပ်သို့ရောက်ပြီး မကြာမီ ညောင်ဦးမှထွက်လာသော ' သွားသင်္ဘောဖြင့် လိုက်လာခဲ့သည်။ ထိုသင်္ဘောသည် ညောင်ဦး–ဆိမီးခုံ ပြန်ဖြစ်သည်။

ဆယ်နာရီအချိန်ခန့်တွင် မြင်းခြံဆိပ်ကမ်းသို့ ရောက်သည်။ မှာ မြင်းခြံနှင့် နှစ်မိုင်ခန့်ဝေးသည်။ ဟိုမေးသည်မေးဖြင့် ဘူတာရုံ ခရီးသည်များနှင့်အတူ မြင်းလှည်းတစ်စီးပေါ်တွင် လိုက်ပါလာခဲ့သည်။ မြို့သည် ပခုက္ကူမြို့ထက် တိုက်တာအဆောက်အအုံ ပိုများပြီး စည်ကား



ဘူတာရုံရောက်သောအခါ ဆယ့်နှစ်နာရီခန့် ရှိပါပြီ။ နံနက်တိုင်း ဦးဘာသိန်း တို့အိမ်မှာ ပဲပြုတ်နှင့် ထမင်းစားနေကျ။ ယခုအချိန်အထိ ဘာမျှ မစားရသေး၍ ဆာလောင်မွတ်သိပ်နေသည်။ စားဖွယ်ရာတွေ အမျိုးမျိုးရှိသော်လည်း ပိုက်ဆံ မြော၍ ချုပ်တည်းအောင့်အီးနေရသည်။

ရန်ကုန်လက်မှတ်တစ်စောင် ဝယ်ယူလိုက်သည်။ ငွေခုနစ်ကျပ်ကျော်ကျော် ပေးရသည်။ မီးရထားတွဲတွင် ကျွန်တော်နှင့်အတူ ထိုင်နေသူမှာ ညောင်ဦးမြို့မှ ကျောင်းဆရာ 'ဦးစောလှိုင်'ဟု သိရသည်။ မိန်းမနှင့် အဆင်မပြေ၍ တောင် ကြီးမြို့သို့ ထွက်လာခြင်းဖြစ်သည်။ ဦးစောလှိုင်က တောင်ကြီးမြို့ကို သူနှင့် အတူလိုက်ခဲ့ရန် ခေါ်သည်။ ကျွန်တော်က ရန်ကုန်ကိုပဲ သွားမည်ဟု ပြောလိုက် သည်။

တောင်သာဘူတာသို့ ရောက်သောအခါ ဦးစောလှိုင်က ဆီထမင်းနှင့် အမဲကြော်ဝယ်စားသည်။ ကျွန်တော်က ချွေတာသည့်အနေဖြင့် စာကလေး ဈေးကြော် (ကုလားပဲခွေ)ဝယ်သည်။ စာကလေးဈေးကြော်ဆိုသည်မှာ ကုလားပဲ နှံ့ရည်ကို သေးသေးမျှင်မျှင် အခွေပြုလုပ်ထားသောမုန့်ဖြစ်သည်။ နှစ်ပြားဖိုး ယ်ပြီး ရေအဝသောက်လိုက်သည်။

မရောက်ဖူးသောဒေသဖြစ်၍ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုသည်။

တောလက်ကျေးရွာအိမ်ကလေးများမှာ ထရံကာ၊ ထန်းရွက်မိုး၊ သက်ငယ် အိမ်များ ဖြစ်ကြသည်။ တချို့မြေကွက်များမှာ သီးနှံများ စိုက်ပျိုးပြီးကြ သော်လည်း တချို့မြေကွက်များတွင်မူ ထွန်ရေးပြင်အတိုင်း ရှိသေးသည်။ လဖြစ်၍ ကြည့်ရမြင်ရသည်မှာ ခြောက်သွေ့လှပါသည်။ မိတ္ထီလာမြို့ အနီး ရောက်ရှိလာသောအခါ စပါးများ ပျိုးထောင်သော မြေကွက်များနှင့် ဟင်းသီး ဟင်းရွက် စိုက်ပျိုးသောမြေကွက်များကို တွေ့ရသည်။

မြန်မာ့သမိုင်းတွင် ထင်ပေါ်ကျော်ကြားသော အမတ်ကြီးဘိုးရာဇာသည် မိတ္ထီလာမြို့နယ် ဝန်ဇင်းရွာသားဖြစ်၏။ မိတ္ထီလာမြို့ နာမည်ကြီးခြင်းမှာ မိတ္ထီလာကန်'နှင့် 'ဘိုးရာဇာ'တို့ကြောင့်ဖြစ်သည်ဟု ဆိုကြသည်။

ညနေ ငါးနာရီအချိန်တွင် သာစည်ဘူတာသို့ ရောက်ရှိလာသည်။ ထားသံလမ်းမှာ ရှုပ်ရှက်ခတ်နေသည်။ လူများမှာလည်း အခြားဘူတာ နှင့်မတူ စည်ကားလှသည်။ ရန်ကုန်၊ မန္တလေး၊ ရွှေညောင်၊ မြင်းခြံတို့ကို သော ရထားလမ်းခွဲဖြစ်သည်။

www.burmeseclassic.com



ဦးစောလှိုင်နှင့်အတူ ကြက်သားဟင်းနှင့် ထမင်းစားကြသည်။ ထမင်းရောင်းသူမှာ ကုလားဖြစ်၍ မဆလာနံ့တသင်းသင်းနှင့် စားလို့မြိန်ရှက်လှသည်။ ထမင်းတစ်ပွဲ သုံးပဲပေးရသည်။ ပိုက်ဆံနမြော၍သာ။ အားရပါးရစားရလျှင် နောက်ထပ်နှစ်ပွဲခန့် ကုန်မည်။

ဦးစောလှိုင်မှာ ဘူတာစဉ်တစ်လျှောက် မုန့်ပဲများဝယ်စားခဲ့သဖြင့် ထမင်းတစ်ပွဲကိုပင် ကုန်အောင်မစားနိုင်ပါ။ ပြောင်သလင်းခါနေသော ကျွန်တော့် ထမင်းပန်းကန်ကိုကြည့်ပြီး–

"ညီလေး၊ အစ်ကို့ထမင်း ယူစားပါ။ ကုန်အောင်မစားနိုင်လို့"ဟု ပြောပါသည်။ စားချင်သော်လည်း ငယ်ရွယ်သူဖြစ်၍ ယူစားရမည်ကို ရှက်နေသဖြင့်–

"ကျွန်တော့်ထမင်းကိုပင် ကုန်အောင် မနည်းစားရသည်"ဟု မုသားသုံးလိုက်ပါသည်။

မန္တလေးအမြန်ရထား ဝင်လာသောအခါ ဦးစောလှိုင်နှင့်အတူ နေရာလိုက်ရှာရာ ထိုင်ခုံတစ်နေရာ ရပါသည်။ ဦးစောလှိုင်သည် ကျွန်တော့်ကိုနှုတ်ဆက်၍ တွဲပေါ်မှ ဆင်းသွားပါသည်။ မီးရထားမှာ မထွက်သေးပါ။ သာစည်ဘူတာတွင် အချိန်ကြာတတ်သည်ကို သိသူများက ပလက်ဖောင်းပေါ်ဆင်း၍ ကသုတ်ကရက် ထမင်းစားကြသည်။ တချို့ တွဲပေါ်မှာ ယူစားကြသည်။ ပလက်ဖောင်းပေါ်တွင် ဈေးသည်များနှင့် စားကြသောက်ကြသည့် ခရီးသည်များဖြင့် ရှုပ်ရှက်ခတ်နေသည်။ ထိုအခိုက်–

"ကော်ဖီ ကော်ဖီ"

ကုလားကြီးတစ်ယောက် ကော်ဖီလာရောင်းသည်။ ဖျော်ပြီးသား ကော်ဖီကို ကရားကြီးတစ်လုံးနှင့်ထည့်ပြီး ဘူတာရုံ ပလက်ဖောင်းမှာ လှည့်လည်ရောင်းချနေသည်။ ကော်ဖီပူနေစေရန် ကရားအောက်၌ မီးသွေးမီးဖိုတွဲလွဲဆွဲလာသည်။ လက်တစ်ဖက်တွင် ရေပါသော ဘာလီပုံးနှင့် ကော်ဖီပန်းကန်လုံးများ၊ ထမင်းတစ်ပွဲနှင့် အာရုံမပြေ၍–

"ဟေ့ ကာကာ၊ ကော်ဖီတစ်ခွက်"

ကာကာကုလားသည် ကရားကြီးကိုချပြီး ကော်ဖီတစ်ခွက် လှမ်းပေးသည်။



ပူအိုက်သောနွေရာသီတွင် အငွေ့တထောင်းထောင်းထနေသော ကော်ဖီကို ကျွန်တော် ချက်ချင်း မသောက်နိုင်ပါ။ ကုလားကြီးလည်း ကျွန်တော်သောက်ပြီးသည်အထိ စောင့်ဆိုင်းနိုင်ခြင်းမရှိရှာ။ အချိန်တိုအတွင်း ရောင်းရသောအလုပ်ဖြစ်၍ နောက်တွဲများကိုရောင်းရန် ဆက်လျှောက်သွားသည်။

ကော်ဖီသောက်ပြီး ကျွန်တော်သည် ပိုက်ဆံတစ်ပဲစေ့ကို ပန်းကန်ထဲထည့်ပြီး ပြတင်းပေါက်ဘောင်မှာ ချထားသည်။ ကုလားကြီးလာလျှင် အလွယ်တကူယူရန်ဖြစ်၏။

ရာသီကပူ၊ ကော်ဖီကပူသဖြင့် တစ်ကိုယ်လုံးချွေးတွေ ထွက်လာသည်။ ခေါင်းတွင်စည်းထားသော လက်ကိုင်ပဝါကိုဖြုတ်၍ မျက်နှာမှချွေးများကို သုတ်လိုက်သည်။ ခဏကြာတော့ ကုလားကြီးပြန်လာသည်။ ထိုအချိန်တွင် **ကောင်းသော ယုတ်ညံ့သည့်စိတ်တစ်ခု ဝင်လာသည်။ ပိုက်ဆံသုံးပြားရမည်ကို နှမြောနေခြင်းဖြစ်သည်။** ခေါင်းမှ လက်ကိုင်ပဝါကို ဖြုတ်ထားလိုက်သည့်အတွက် ကုလားကြီးက မမှတ်မိသလို ဖြစ်နေသည်။ ကော်ဖီဝယ်သောက်သည် ကျွန်တော်မဟုတ်သလို ခပ်တည်တည် နေလိုက်သည်။ ကုလားကြီးသည် ရှေ့တွဲသွားလိုက် နောက်တွဲသွားလိုက်ဖြင့် ကော်ဖီသောက်သူကို ရှာနေစဉ်ဆင် မီးရထားထွက်ခွာလာခဲ့သည်။

ပိုက်ဆံမပေးရ၍ ဝမ်းသာနေသည်။ ပန်းကန်ထဲမှ ပဲစေ့ကလေးကို ယူကာ လွယ်အိတ်ကလေးနှင့်ပွတ်ပြီး အိတ်ကပ်ထဲထည့်လိုက်သည်။ ကုလားကြီးအဖို့ 'ဖွတ်မရ ဓားမဆုံး' ဆိုသကဲ့သို့ ကော်ဖီဖိုးပိုက်ဆံ မရသည့်အပြင် ပန်းကန်ပါဆုံးသဖြင့် စိတ်ဆင်းရဲရှာပေလိမ့်မည်။ ကျွန်တော်သည် ဝမ်းရေးအတွက် ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ရရှာသော ကာကာကုလားကြီးအပေါ်သနားထောက်ထားခြင်း၊ ကြင်နာသနားခြင်းမရှိဘဲ တစ်ကိုယ်ကောင်းဆန်ခဲ့သည်။ အတ္တသဘာဝ ကိုယ်ကျိုးပဲ ရှေးရှုခဲ့သည်။

ငယ်စဉ်က သူတစ်ပါးအပေါ် မမှန်မကန် ပြုလုပ်ခဲ့သည့်အမှားကို ယခုအခါ နောင်တကြီးစွာ ရမိပါသည်။ လွန်ပြီးမှ ရရှိသော နောင်တဖြစ်၍ ပြင်မရနိုင်သော်လည်း အနာဂတ်အတွက် တန်ဖိုးမဖြတ်နိုင်သော အသိတရား ရပါသည်။

ကျွန်တော်သည် ကုလားကြီးအပေါ် မတရားပြုခဲ့သလို အခြားသူ တစ်ဦးတစ်ယောက်က ကျွန်တော့်ကို မတရား ပြုလုပ်မည်စိုးရိမ်ပြီး ပါရှိသည့် ပိုက်ဆံများကို သုံးနေရာခွဲလိုက်သည်။ ရှပ်အင်္ကျီအောက်များတွင် ငါးကျပ်တန်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွက်နှင့် ဒင်္ဂါးနှစ်ပြားကို ကြိုးဖြင့်စည်းနှောင်လိုက်သည်။ ပုဆိုးအတွင်း သွင်းထားသည့်အတွက် ခါးပိုက်နှိုက်၍မဖြစ်နိုင်ပေ။ အင်္ကျီအိတ်ကပ်ထဲတချို့ လွယ်အိတ်ထဲတချို့ ခွဲထားသည်။ ခါးပိုက်နှိုက်ခံရဦးတော့၊ အလုခံရဦးတော့ အကုန်မပါစေရန် ကြံဆောင်ရခြင်းဖြစ်သည်။

ပြတင်းပေါက်မှ ပတ်ဝန်းကျင်ကိုကြည့်သည်။ တောက်ပသော လရောင် အောက်တွင် ခြောက်သွေ့သောစပါးရိုးပြတ်များနှင့် မတ်စောက်သောသစ်ပင် တို့မှာ 'ရိပ်ခနဲ' 'ရိပ်ခနဲ' နောက်သို့ ကျန်ရစ်ခဲ့သည်။

လွန်ခဲ့သည့်ညက ကောင်းစွာ မအိပ်ခဲ့ရ။ ယနေ့ညလည်း တစ်စက်မှ မမှေးရသဖြင့် ငုတ်တုတ်ထိုင်ကာ အိပ်ငိုက်လာခဲ့သည်။ မှေးခနဲ၊ မှေးခနဲ အိပ်ငိုက်ရခြင်းသည် အိပ်ရာပေါ်အိပ်ရသည်ထက် အရသာရှိသည်ဟု ထင်သည်။

နံနက် ဝေလီဝေလင်းတွင် မီးရထားကြီးသည် ပဲခူးဘူတာသို့ ဝင်လာ ခဲ့သည်။

ကျွန်တော်သည် မျက်နှာသစ်လို၍ အနီးရှိ အဒေါ်ကြီးများထံမှ နီ ရေခွက်ကို ငှားယူပြီး တွဲပေါ်မှ ဆင်းခဲ့သည်။ ရေရှိမည့်နေရာကို ရှာဖွေနေစဉ်—

"ဟိုမှာ ရေတိုင်ကီ"ဟု မီးရထားပေါ်မှ အဒေါ်ကြီးက ညွှန်ပြသည်။

ရေတိုင်ကီမှာ အနည်းငယ် ဝေးသည်။

ရေတိုင်ကီမှ 'ဘဲလ်'ကို လှည့်သည်။ မလှည့်တတ်၍ ရေမရဖြစ်နေစဉ် မီးရထားသည် အချက်ပေးဥသြဆွဲ၍ 'တဂျုန်းဂျုန်း' ထွက်ခွာသွားသည်။ ကျွန်တော်သည် မီးရထားဆီသို့ ပြေးလာပြီး မှီရာတွဲပေါ်သို့ တက်လိုက်ရသည်။ ကျွန်တော်စီးလာသော မီးရထားတွဲနှင့် တစ်တွဲကျော်ဖြစ်သည်။

ယခုခေတ်လို တစ်တွဲနှင့်တစ်တွဲ ကူးသန်းသွားလာ၍ မရပေ။ တွဲများ ထိုင်ခုံများလည်း မကောင်းပေ။ စက်ခေါင်းမှာ ဘွိုင်လာအိုးကို မီးထိုးမောင်း ရသောစက်ခေါင်းဖြစ်သည်။ ထို့ကြောင့် 'မီးရထားကြီး မီးပေါင်တက်အော ပြေးလေ'ဟု ဆိုကြသည်။

ရန်ကုန်မရောက်မီ ဘူတာကလေးတစ်ခုတွင် ရပ်သဖြင့် စီးလာသော တွဲပေါ်သို့ တက်လာခဲ့သည်။ အဒေါ်ကြီးများသည် ကျွန်တော့်ပဲခူးဘူတာတွင် ကျန်ရှိနေရစ်ပြီထင်ပြီး လွယ်အိတ်ကလေးကို သူတို့ဘေးသို့ ယူထားကြသည်။

ရန်ကုန်ရောက်လျှင် ရဲပိုင်ကို အကျိုးအကြောင်းပြောပြီး အပ်နှံထားခဲ့မည် ဟု ပြောကြပါသည်။



## မြင်းဆိုက်ဘဝ အတွေ့အကြုံ

မီးရထားသည် စက်ရှိန်လျော့၍ ဥသြဆွဲကာ ရန်ကုန်ဘူတာကြီးအတွင်း ဝင်ရောက်လာခဲ့သည်။ ပလက်ဖောင်းပေါ်တွင် ကြိုဆိုနေကြသော လူအုပ်ကြီး ၏အသံများက ဆူညံနေသည်။ မြန်မာစကားရော၊ ကုလားစကားရော၊ တရုတ်စကားပါ ပွက်လောရိုက်နေသည်။

လူအုပ်ကြီးမှာ ကြောက်လန့်ဖွယ်ရာပင် ဖြစ်သည်။ သမုဒ္ဒရာရေသည် များသော်လည်း သောက်သုံးမရသကဲ့သို့ လူအုပ်ကြီးထဲ၌ ကျွန်တော်နှင့်သိသူ၊ အကူအညီပေးမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရ။ တွေ့များတွေ့ခဲ့ သော် ကျွန်တော် မည်မျှ ဝမ်းသာပါမည်နည်း။

လူအုပ်ကြီးကိုကြည့်ပြီး ကြောက်စိတ်ဝင်ကာ "ငါ ရန်ကုန်လာတာ မှားနေပြီလား"ဟုပင် ထင်မိသည်။ "ရန်ကုန်ဆိုတာ ခါးပိုက်နှိုက်နှင့် လူဆိုး သူခိုးက် အလွန်ပေါများသည်။ မသိလျှင်မသိသလို ဆော်ချင်၊ ချချင်၊ အုပ်ချင် ကြသည်။ စာနာခြင်း၊ ကြင်နာသနားခြင်း၊ ကူညီရိုင်းပင်းခြင်းမရှိ"ဟု ပြောကြ သည်။

"ဘာပဲဖြစ်ဖြစ် ငါယောကျ်ားသား၊ ဖောက်ထိုးနေလို့ လည်မကျိုးဘူး။ ဘာဖြစ်လို့ ကြောက်ရမှာလဲ"ဟု စိတ်အားကိုတင်းကာ လွယ်အိတ်ကလေးကို ချစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ ခရီးသည်များ သွားရာနောက်သို့ လိုက်ပါလာခဲ့ သည်။ ကုန်းတံတားကြီးပေါ်တက်ပြီး လာခဲ့သည်။ အောက်တွင် မီးရထား တွဲတွေ မြင်ရာမကောင်း၊ မြေပြင်တစ်ခုလုံးအပြည့်။ တချို့ ရထားတွဲများက သည်းလေးစွာ ရွေ့လျားနေသည်။ ကုန်းတံတားမှ ဆင်းလိုက်သောအခါ လမ်းမကြီးပေါ်သို့ ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်များသည် ကားများ၊ မြင်းလှည်းများ၊ လန်ချားများနှ
အသီးသီး ထွက်ခွာသွားကြသည်။ ဘကြီးဦးကျော်သောင်နေသော ကုက္ကိုင်
ဗွတ္တလစ်လမ်း၊ ခြံနံပါတ် ၁၇ လိပ်စာကို သိသော်လည်း ဘယ်ကားစီး
ဘယ်လိုသွားရမည်ကို မသိဘဲဖြစ်နေသည်။ မရောက်ဖူး၍ ဟိုကြည့်သည်ကြည့်
လမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။ တိုက်တစ်လုံးရှေ့တွင် ဆလွန်းကား
တစ်စီးပေါ်၌ လူတစ်ဦး စာဖတ်နေသည်ကို တွေ့ရသည်။

"ကားဆရာ၊ ကျွန်တော် ကုက္ကိုင်းသွားချင်လို့ပါဗျာ။ ကားခ ဘယ်
လောက်ပေးရမလဲ"

ကျွန်တော်၏စကားနှင့် အမူအရာကိုကြည့်ပြီး ရန်ကုန်မြို့ မရောက်
ဖူးသော နယ်မှ ခရီးသည်ဖြစ်မည်ဆိုသည်ကို သိဟန်ရှိသည်။

"ဒီကားက အငှားလိုက်တဲ့ တက္ကစီကား မဟုတ်ဘူးကွ။ သူဌေးကား
ညီလေးမှာ ဘာတွေပါလို့လဲ"

"ဘာမှမပါပါဘူးဗျာ။ ဒီလွယ်အိတ်ကလေးတစ်လုံးပဲ ပါတယ်"
လွယ်အိတ်ကို မြှောက်ပြလိုက်သည်။

"ဒီလိုဆို ကားမငှားနှင့်။ ဒီလမ်းအတိုင်းသွား။ ဆူးလေဘုရားလ
ကျယ်ကြီးကို ဖြတ်ကျော်လိုက်တဲ့အခါ နဂါးတံဆိပ်၊ ဆင်ဖြူတံဆိပ်
ကားတွေကို တွေ့ရမယ်။ ဘယ်ကားကိုပဲစီးစီး ကုက္ကိုင်းရောက်တယ်။ ငါး
ခြောက်ပြားလောက် ပေးရလိမ့်မယ်"

ရန်ကုန်မြို့တွင် မသိ၍ မေးမြန်းလျှင် အဖက်လုပ်ပြီး အချိန်ကုန်
မပြောချင်ကြ။ အကူအညီမပေးချင်ကြဘူးဟု သိရသည်။ ယခုကားဆရာ
ကြားသိရသလိုမဟုတ်ဘဲ စာဖတ်ချိန်အပျက်ခံပြီး စေတနာဖြင့် ညွှန်ပြရှာသည်
သူသည် မသိနားမလည်သူကို အကူအညီပေးလိုသောစိတ်ဆန္ဒ ရှိလေသ

"ရန်ကုန်မြို့မှာ ဒီလိုစိတ်ကောင်းစေတနာကောင်းရှိသူတွေ မ
ရှိလျှင် မည်မျှ ပျော်ရွှင်နှစ်သက်ဖွယ်ရာ ကောင်းလေမည်နည်း"ဟု တွေး
သည်။

"ကျေးဇူးတင်ပါတယ်အစ်ကိုကြီး"ဟု အခေါ်အပြော ပြောင်းလိုက်
သူက 'ညီလေး'ဟု ခေါ်ခြင်းကြောင့် ကျွန်တော်ကလည်း 'အစ်ကို
ဟု ကျေနပ်နှစ်သက်စွာ တုံ့ပြန်လိုက်ပါသည်။ သူညွှန်ပြသည့်အတိုင်း
လှမ်းလာခဲ့သည်။



ဆူးလေဘုရားလမ်းထောင့်ရှိ 'ပလာဇာ' ရုပ်ရှင်ရုံတွင် ဒါရိုက်တာ
တင်မောင်ရိုက်သော 'မြဂနိုင်' ဇာတ်ကား ကြော်ငြာ၊ ပန်းချီကားချပ်ကြီးများ
ရသည်။ မင်းသမီး 'မြင့်မြင့်'ကို မြွေကြီးက ရစ်ပတ်နေသောပုံ၊ မင်းသား
ဆွေ' မီးပုံးပျံစီးနင်းလိုက်ပါသွားသောပုံကြီးများ ဖြစ်သည်။

ကျွန်တော်သည် ရုပ်ရှင်ဝါသနာရှူး ဖြစ်သည့်အတိုင်း 'မြဂနိုင်'ဇာတ်ကားကို
ကြည့်ချင်စိတ် ဖြစ်ပေါ်လာသော်လည်း ဘကြီးဦးကျော်သောင်အိမ်ရောက်ဖို့က
ကြီးနေသည်။ ဘကြီးအိမ်ရောက်မှ ထမင်းစားရမည်။ အိပ်စက်ရမည်။
ခဲ့သည့်ညက မီးရထားပေါ်မှာ တစ်ညလုံး ငုတ်တုတ်ထိုင်လိုက်ခဲ့ရသည်။
အခင်၊ ဒေါ်ရင်သေးတို့အိမ်မှာ အိပ်စဉ်ကလည်း ဟိုတွေးသည်တွေးဖြင့်
ပျော်ခဲ့။ စားဖို့ထက် အိပ်ဖို့က အရေးကြီးနေသည်။

ဆူးလေဘုရားလမ်းကို ဖြတ်ကျော်ခဲ့သည်။ ထိုစဉ်က ကားများမှာ
ဝဲမောင်းဖြစ်သည်။ နဂါးတံဆိပ်ကားကြီးလာသည်ကို တွေ့မြင်ရ၍
သွားသည်။ ကျွန်တော်သည် ကားရပ်ပေးရန် လက်ပြလိုက်သည်။
ဘာက ကျွန်တော် လက်ပြသည်ကို ဂရုမစိုက်ဘဲ မောင်းမြဲမောင်းသွား
ကားနံဘေးမှ ပြေးလိုက်ကာ–

"ကားဆရာ ရပ်ပါဦး ရပ်ပါဦး။ ကုက္ကိုင်းလိုက်ချင်လို့"ဟု ဟစ်အော်
။ ကားမရပ်သည့်အပြင် ကားပေါ်ပါခရီးသည်များက ကျွန်တော့်အဖြစ်
ကြည့်ပြီး ပြုံးကြ ရယ်ကြ လှောင်ကြသည်။

မကြာမီ 'ဆင်ဖြူတံဆိပ်' ကား ရောက်ရှိလာပြန်သည်။ လက်ပြ
သော်လည်း နဂါးတံဆိပ်ကားကဲ့သို့ မောင်းမြဲမောင်းသွားပါသည်။ 'ပခုက္ကူမှာ
ပြလျှင် ကားရပ်သည်။ ရန်ကုန်မှာ ဘာဖြစ်လို့ ကားမရပ်တာလဲ'ဟု
နေစဉ် အဝေးတစ်နေရာတွင် လက်ပြခြင်းမရှိဘဲ ကားရပ်သည်ကို
သည်။

ခရီးသည်များ ကားပေါ်တက်သွားကြသည်ကို တွေ့မြင်ရသောအခါ
ပ်ရန် သတ်မှတ်ထားသောနေရာ၌သာလျှင် ကားရပ်သည်။ ကားရပ်သည့်
စောင့်ဆိုင်းစီးရသည်ကို သဘောပေါက်လာသည့်အလျောက် ကားရပ်
ရာသို့ လာခဲ့သည်။ ကားစီးမည့်သူ နှစ်ဦး၊ သုံးဦးလည်း စောင့်ဆိုင်း
သည်။ ဆင်ဖြူတံဆိပ်ပါ ကားရောက်ရှိလာ၍ ကားပေါ်တက်ကာ
အလွတ်တစ်ခုတွင် ထိုင်လိုက်သည်။ လက်မှတ်ရောင်းကုလား
ရှိလာသည်။ ခါးပတ်တွင် သားရေအိတ်ကလေး ချိတ်ထားသည်။

www.burmeseclassic.com



"ဘယ်သွားမှာလဲ"

ကုလားလိုမေးသည်။ ကျွန်တော်က ကုလားစကား နားမလည် ဘာပြန်ပြောရမည်မသိ ဖြစ်နေစဉ် ဘေးချင်းကပ်ထိုင်နေသူက–

"ဘယ်သွားမှာလဲလို့ မေးတာဗျ"ဟုပြောမှ 'ကုက္ကိုင်း'ဟု ပြော သည်။

"ပန့်ချ်ပြား" ကျွန်တော်က နားမလည်သဖြင့် ကုလားကို ငေး နေသည်။

"ကားခငါးပြားပေးလို့ တောင်းနေတာ"ဟု အနီးရှိလူကပြော၍ ပိုက် ငါးပြားပေးလိုက်ရာ နှစ်လက်မခန့်ရှိ ဖယားကွက်ပါ လက်မှတ်ကလေး ပါသည်။

"ကျွန်တော်က ကုက္ကိုင်းမသိဘူး။ ရောက်လျှင်ပြောပါ"ဟု လက် ရောင်းကုလားကို ပြောသောအခါ အနီးကပ်ထိုင်နေသူက–

"သူလည်း ကုက္ကိုင်းဆင်းမှာ"ဟု ပြောပါသည်။

ကျွန်တော်သည် မရောက်ဖူး၍ ဟိုကြည့်သည်ကြည့် လေ့လာကြ သည်။ တိရစ္ဆာန်ရုံ အနောက်ဘက်ရောက်သောအခါ သမင်များ မြက် နေကြသည်ကို တွေ့မြင်ရသည်။

မကြာမီ ကားသည် အင်းယားကန်လမ်းခွဲသို့ ရောက်ရှိလာ အနီးရှိလူက 'ရောက်ပြီဆင်းတော့'ဟု ပြောပါသည်။ ကားပေါ်က ဆင်း သည်။ ကန်စောင်းတွင် မြင်းကျောင်းနေသော လူတစ်ဦးကိုတွေ့၍ ဝင် သွားသည်။ မြင်းသမားဖြစ်၍ ဦးကျော်သောင်ကို သိမည်ဖြစ်သည်။ မှာ သုံးဆယ်ကျော်ခန့်ရှိမည်။ သူ့အနီးသွား၍–

"အစ်ကိုကြီး၊ ဦးကျော်သောင် မြင်းဇောင်းမသိလို့။ သိလျှင် ခင်ဗျာ"

"မင်းက ဘယ်မြို့ကလဲ"

"ပခုက္ကူမြို့ကပါ"

"ဦးကျော်သောင်နှင့် ဘယ်လိုတော်တာလဲ"

"ဘကြီးတစ်ဝမ်းကွဲတော်ပါတယ်"

"ငါလည်း မြင်းခြံမြို့ကပဲ နာမည်က ထွန်းရှိန်တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် အစ်ကိုကြီး"



"ခု မင်းလာတာက ဦးကျော်သောင်မြင်းဇောင်း သွားရမယ့်လမ်းကို လာတယ်။ နောက်ကို ကားမှတ်တိုင်တစ်တိုင်ကျော်လောက် ပြန်သွားရဦး မယ်။ အဲဒီမှာ 'ပက်ထရိ'ဆိုင် တွေ့လိမ့်မယ်။ လက်ဝဲဘက်ကို ခွဲထွက်သွား ကတ္တရာလမ်းနှင့် မြေနီလမ်းနှစ်လမ်း ရှိတယ်။ မြေနီလမ်းအတိုင်း လိုက် ခြံနံပါတ် ၁၇ ဆိုတာ ဦးကျော်သောင်ရဲ့မြင်းဇောင်းပဲ"

ဦးထွန်းရှိန်သည် စေတနာနှင့် ကျွန်တော့်ကို အသေအချာ လမ်းညွှန် သည်။

မြင်းခြံဘုတာမှ ထွက်လာကတည်းကစပြီး လူကောင်းတွေနှင့်ပဲ တွေ့ သည်။ မကောင်းသည့်လူကတော့ ကျွန်တော်ပဲဖြစ်သည်။ သာစည်ဘူတာ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရရှာသော ကာကာကုလားကြီးအပေါ် ပိုက်ဆံ ပြားမပေးရရေးအတွက် မတော်မလျော် ပြုလုပ်ခဲ့သည့်အမှားကို ပြန်လည် သိရနေပါသည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး။ ကျွန်တော်သွားတော့မယ်"ဟု ဆက်ပြီး ထွက်လာခဲ့သည်။ ဝါးတစ်ရိုက်ခန့်ပဲ သွားရသေးသည်။

"ဟေ့ နေဦးကွ။ မင်း ပက်ထရိဆိုင်ဆိုတာကို သိရဲ့လား"

"သိပါတယ်"

"ဘာဆိုင်လဲ"

"ကော်ဖီဆိုင်ပါ" အထင်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ "မသိလျှင် သိဘူး"ဟု ပြောရမည့်အစား သိယောင်ကားပြောလိုက်သည့်အမှားကြောင့် ကြီးစွာ ခံစားရသည်။

"အေး အေး ဟုတ်တယ် သွားတော့"ဟု ဦးထွန်းရှိန်က ပြောသည်။ နောက်ကြောင်းပြန်လျှောက်လာခဲ့သည်။ ချင်းချောင်းနန်းတော် အရှေ့ တွင် ကော်ဖီဆိုင်တစ်ခုတွေ့သော်လည်း ကတ္တရာလမ်းမတွေ့။ မြေနီလမ်း မတွေ့ဘဲ ဖြစ်နေသည်။ ရှေ့နားလျှောက်ရှာလိုက်၊ နောက်ပြန်ရှာလိုက် လည်း ပင်ပန်းနွမ်းနယ်နေပြီ။ ယခုအထိ ဘာမျှမစားရ။ အိပ်လည်း ဖြစ်နေသည်။ ကော်ဖီဆိုင်ဝင်၍ ကော်ဖီတစ်ခွက် မှာသောက်လိုက်သည်။ ရှိလူတစ်ဦးကို–

"ဦးကျော်သောင်မြင်းဇောင်းသွားချင်လို့ဗျာ။ သိလျှင်ပြောစမ်းပါ"

"သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကော်ဖီသောက်ပါဦး။ ပြီးတော့ ကျွန်တော် လိုက်ပို့ပေးမယ်"

မသွားတတ်၍ တဝဲလည်လည် ဆင်းရဲဒုက္ခရောက်နေချိန် လိုက်ပို့ပေးမည်ပြော၍ ဝမ်းသာသွားသည်။ ကော်ဖီသောက်ပြီး ရေနွေးကြမ်း တစ်ပန်းကန် ငုံချလိုက်သဖြင့် အနည်းငယ် အားပြည့်သွားသည်။ ကော်ဖီ ပိုက်ဆံပေးသောအခါ ထိုသူအတွက်ပါ ယူလိုက်ရန်ပြောရာ ထိုသူက "ခင်ဗျား အတွက်ပဲပေး၊ ကျွန်တော့်အတွက် မပေးနှင့်။ ကျွန်တော်တို့က လက်မှတ်နဲ့ သောက်တာ"ဟု ပြောပါသည်။

"ကဲ၊ ပြီးရင်သွားရအောင်"ဟုပြောပြီး ရှေ့မှ ဦးဆောင်ထွက်သွား သည်။

ကုက္ကိုင်းလမ်းမကြီးအရှေ့ဘက်ရှိ ခြံကြီးကို ဖြတ်ကျော်သွားရသည်။ ထို့နောက် လမ်းကြိုလမ်းကြားများဖြစ်၍ စိတ်ထဲတွင် 'ဟုတ်မှဟုတ်ပါမည်လား' ဟု သံသယဝင်လာသဖြင့် သူ့နောက်မှ ခပ်ကွာကွာလိုက်ခဲ့သည်။ အရေးရှိလျှင် ပြေးနိုင်အောင် ပုဆိုးကို တိုတိုဝတ်ပြီး လွယ်အိတ်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ကုန်းကမူ အမြင့်ကလေးပေါ်ရောက်သောအခါ ထိုသူက အနီးလာရောက်ရန်ခေါ်သည်။ ကြောက်ကြောက်ရွံ့ရွံ့နှင့် သူ့အနား ကပ်သွား သည်။

"ဟိုမှာ သွပ်မိုးအိမ်နှင့် မြင်းဇောင်းတွေကို မြင်တယ်မဟုတ်လား အဲဒီကနေသွားတော့ ခြံနံပါတ် ၁၇ ဟာ ဦးကျော်သောင်ရဲ့မြင်းဇောင်းပဲ"ဟု ပြောပါသည်။

"ဒီလို ကူညီဆောင်ရွက်ပေးတာ အများကြီး ကျေးဇူးတင်ပါတယ်"ဟု ပြောကာ ထွက်လာခဲ့သည်။ မြေနီလမ်းကွေ့ပြီး ခြံနံပါတ် ၁၇ ကို တွေ့ ရှိလာသည်။ အချိန်မှာ ဆယ်နာရီကျော်ခန့်ရှိပြီး ခြံတံခါးတွင် 'အခွင့်မရှိ မဝင်ရ'ဟု ရေးသားထား၍ မဝင်ရဲဘဲ ဖြစ်နေသည်။ မြေနီလမ်းဘေးရှိ သစ် ပင်အောက်ထိုင်ပြီး အခြေအနေ စောင့်ကြည့်သည်။ မလှမ်းမကမ်းတွင် ကတ္တရာ လမ်း ရှိ၍လားမသိ။ ကားကလေးများ ပြေးလွှားနေသည်ကို တွေ့မြင်ရသည်။ ဦးထွန်းရှိန်ပြောလိုက်သော ကတ္တရာလမ်းနှင့် မြေနီလမ်းများ ဖြစ်သည်။

ခြံထဲမှ ကုလားတစ်ဦး ထွက်လာသည်။ လက်ထဲတွင် မြက်ခုတ် ဓားရှည်တစ်ချောင်းပါသည်။ ဥယျာဉ်စိုက်ပျိုးသော မာလီကုလားဖြစ် သည်။ ကျွန်တော်က-



"ဒီခြံထဲမှာ ဦးကျော်သောင်မရှိဘူးလား။ ရှိလျှင်တွေ့ချင်လို့ပါ"

သူ့ကိုပြောသည်။ ကုလားက ဗမာစကား နားမလည်ဘဲ သူပြောလို ဘာကို ကုလားလို ပြန်ပြောသည်။

ကျွန်တော်က ကုလားစကား နားမလည်တော့ အရှုံးနှင့်အ,အ တွေ့ သလိုဖြစ်နေကြသည်။ နောက်တော့ ကုလားလည်း စိတ်ပျက်၍လားမသိ ထွက်ခွာသွားသည်။

မကြာမီ ကုလားကလေးတစ်ဦးထွက်လာသည်။ ကျွန်တော်က သူ့ရှေ့ သွားရပ်ပြီး-

"ဦးကျော်သောင်နှင့် တွေ့ချင်လို့"ဟုပြောတော့ ကုလားကလေးက ဗမာစကားနားလည်သည်။

"ဦးကျော်သောင်မရှိဘူး။ ဘာဘူကြီးပဲရှိတယ် လိုက်ခဲ့"ဟု ခြံထဲခေါ်သွား ပါသည်။ ဘာဘူကြီးဆိုသူမှာ အရပ်ပုပုနှင့် အသက်အရွယ် ငါးဆယ်ခန့် ဖြစ် ပါသည်။ အုန်းဆံကြိုး ခုတင်ကလေးပေါ်မှာ ထိုင်နေသည်။ ဗမာစကား အနည်းငယ်တတ်သည်။ ကျွန်တော်က-

"ပခုက္ကူမှ ဦးကျော်သောင်တူဖြစ်ကြောင်း၊ ရန်ကုန်ကို အလုပ်လုပ်ရန် လာခြင်းဖြစ်ကြောင်း" ပြောပါသည်။

"ဦးကျော်သောင်က ရှမ်းပြည်နယ် မြင်းပွဲသွားကြောင်း၊ ဒီမှာ ဘာဘာခ ရှိကြောင်း၊ ယခု ဘာဘာခမှာ ရွှေတိဂုံဘုရားသို့ ဘုရားဖူးသွားကြောင်း" လက်အုပ်ချီ၍ ဘုရားဆီကို ညွှန်ပြပါသည်။

ကျွန်တော့်ကို အုန်းဆံကြိုး ခုတင်ပေါ်ထိုင်ရန် နေရာဖယ်ပေးပါသည်။ အုန်းဆံကြိုးခုတင်မှာ သစ်သားဘောင်နှစ်ခုကို အုန်းဆံကြိုးများဖြင့် ယက် ထားသော ခုတင်ဖြစ်၏။ ခုတင်ပေါ်ထိုင်ပြီး မကြာမီ အိပ်ချင်စိတ်ကြောင့် 'မျက်ခနဲ ငိုက်ခနဲ' ဖြစ်နေသည်ကို ဘာဘူကြီး မြင်ဟန်ရှိသည်။ အိပ်စက်ရန် ခေါင်းအုံးကို လက်ညှိုးထိုးပြသည်။ ကျွန်တော်သည် ဟန်မလုပ်နိုင်ပါ။ ချက်ချင်းပင် ခေါင်းအုံးပေါ်သို့ ခေါင်းချလိုက်သည်။

နွေကာလဖြစ်၍ ပူအိုက်သည်က တစ်ကြောင်း၊ မြင်းဇောင်းမှာ သွပ်မိုး ဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် ချွေးတွေထွက်ကာ ရေငတ်နေ၍ အိပ်ရာမှ နိုးလာသည်။

"ပန်နီ ပန်နီ" ရေသောက်ချင်သည်ဟု ကျွန်တော်က ပြောသည်။

www.burmeseclassic.com



ဘာဘူကြီးသည် အိမ်အဖိရှိ ရေအိုးစင်မှ နီးရေခွက်နှင့်ခပ်ယူကာ ပေးသည်။ ကျွန်တော်သည် ရေအဝသောက်ပြီး ပြန်အိပ်ပါသည်။ မည်မျှကြာမြင့်သွားသည်မသိ ဘာဘူကြီးက ကျွန်တော့်ကို နှိုးပါသည်။ 'ဘာဘာခ ပြန်လာပြီ' ဖြစ်ကြောင်း၊ ကျွန်တော်နှင့် တွေ့လိုကြောင်းပြော၍ လာခေါ်ခြင်းဖြစ်ကြောင်း ပြောပါသည်။

ဘာဘူကြီးသည် ကြိုတင်ပြီး ပခုက္ကူမှဖြစ်ကြောင်း၊ ဦးကျော်သောင်နှင့် ဆွေမျိုးတော်စပ်ကြောင်းပြောထားသည်ဟု ထင်ပါသည်။

"မင်းက ပခုက္ကူ ဘယ်ရွာကလဲကွ"

"ရွာတော ထနောင်းကုန်းကပါ"

"ဟုတ်လား။ ဘယ်သူ့သားလဲ"

"ဦးဘိုးယူ ဒေါ်ကြက်ရုံးသားပါခင်ဗျာ"

"ဒါဖြင့် မင်း ငါ့ကို မသိဘူးလား"

"မသိဘူးခင်ဗျာ။ ကျွန်တော်ငယ်ငယ်ကပဲ စိုထွင်းကျောင်းရောက်သွားပါတယ်။ ကျောင်းကထွက်တော့လည်း ရေစကြိုမှာ နေပါတယ်"

"ငါက မင့်အဖေရဲ့နှမတစ်ဝမ်းကွဲ မသယ်နှင့် အိမ်ထောင်ကျတာကွ။ သမီးကလေးမွေးပြီး မသယ်ဆုံးသွားတော့ ဦးကျော်သောင်ဆီလာပြီး (မြင်းဆိုက်) မြင်းထိန်းမြင်းကျောင်းလုပ်တာပေါ့ကွာ။ ဒါထက် အခု မင်းက ဘာလုပ်လာတာလဲ"

"ရန်ကုန်မှာ အလုပ်လုပ်ရအောင် လာတာပါ"

"တို့ဆီလာလို့တော့ (မြင်းဆိုက်) မြင်းထိန်းမြင်းကျောင်းအလုပ်ပဲပေါ့"

"ရတဲ့အလုပ်ပဲ လုပ်ပါ့မယ်"

"ဒီလိုဆို ငါနှင့်အတူနေ၊ အတူစားပေါ့ကွာ။ အခု မင်းက ထမင်းစားပြီးပြီလား"

"မစားရသေးဘူး"

ဟန်ဆောင်ခြင်းပင် မပြုနိုင်ဘဲ ပြောလိုက်သည်။

ဦးခသည် အသားညိုညို၊ ပိန်သေးသေး၊ အသက်သုံးဆယ်ကျော်အရွယ်ဖြစ်သည်။ စကားပြော သွက်လက်သလို အလုပ်အကိုင်လည်း သွက်သွက်ချက်ချာသည်။ ထို့ကြောင့် ဦးကျော်သောင်က သူ့ကိုလွှဲအပ်ထားခြင်း ဖြစ်ဟန်ရှိသည်။



"မင့်နာမည် ဘယ်လိုခေါ်သလဲ"

"အုံးဖေပါ"

ဦးခသည် ပန်းကန်ခွက်ယောက်များကိုဆေးပြီး ထမင်းဟင်း ခပ်ထည့်သည်။

"အုံးဖေ၊ လာကွာ၊ ထမင်းစားရအောင်။ ငါက တစ်ယောက်တည်းဆိုတော့ မနက်စာ ညစာ တစ်ခါတည်း ချက်ထားတာ။ ညစာ နောက်မှချက်မယ်စားကွာ"

ဘဲဥမန်ကျည်းသီးမှည့် ဆီပြန်ချက်၊ ကုလားပဲဟင်းချို၊ ငါးပိရေကျိုနှင့်တို့စရာများဖြစ်သည်။ စား၍ကောင်းသည်မှာ ပြောမပြတတ်အောင်ဖြစ်၏။ ဦးခကလည်း ရိုးပိန်နံကပ်နှင့် ထမင်းစားနိုင်သူဖြစ်သည်။ နှစ်ဦးသား ထမင်းအကျန်မရှိ ဝေမျှစားလိုက်သည်။ အဝကြီးမဟုတ်သော်လည်း အာရုံတော့ပြေသွားသည်။

"အုံးဖေ၊ မင်းအိပ်ချင်ရင် အရှေ့ဘက်ခန်းမှာအိပ်။ ဖျာလည်းရှိတယ်။ ခေါင်းအုံးလည်းရှိတယ်။ ညနေကျမှ အလုပ်အကိုင်ကြောင်း ပြောပြမယ်"

"အိမ်မှာ တစ်ထပ်အိမ်ဖြစ်သော်လည်း မြေကြီးအထက် ငါးပေခန့်မြင့်သဖြင့် လှေကားနှင့် တက်ရသည်။ အခန်းကျယ်ကြီးနှစ်ခန်းအပြင် အဖီပါသဖြင့် ကျယ်ဝန်းသည်။

ကျွန်တော်သည် အခန်းထဲသို့ဝင်ရောက်ကာ အိပ်လိုက်ပါသည်။ ထမင်းအိပ်တက်နေသည်ကတစ်ကြောင်း၊ အိပ်ရေးပျက်လာသည်ကတစ်ကြောင်းတို့ကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသည်။ ကျွန်တော် အိပ်ရာမှနိုးလာသောအခါ ညနေလေးနာရီခန့်ဖြစ်ပါသည်။

"အုံးဖေ လာကွာ။ မြင်းဇောင်းထဲသွားရအောင်"ဟု ခေါ်သဖြင့် ဦးခနောက်သို့ လိုက်သွားပါသည်။ မြင်းဇောင်းမှာ အိမ်နှင့် ပေလေးဆယ်ခန့်ဝေးပါသည်။

ကုလားများသည် သူတို့ကိုင်သည့်မြင်းများကို 'ရောင်း'လှည့်ရန် အပြင်ထုတ်လာပါသည်။ 'ရောင်း'ဆိုသည်မှာ ဝါးလုံးများကို အလှည့်လိုက်ခတ်ထားသော မြေဝိုင်းကျယ်ကြီး၏ အပြင်ဘက်မှ မြင်းများကို လှည့်ပတ်သွားလာခိုင်းလျှောက်ပေးရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမြင်းဆိုက်ကုလားတွေကို တစ်လ လခ ငွေဆယ့်ခြောက်ကျပ် ပေးရတယ်။ သူတို့က လစဉ်ငွေ တစ်ဆယ်ကျပ် အိန္ဒိယကိုပို့တယ်။ ကျန်ငွေနှင့် လုံလောက်အောင် စားတယ်၊ သုံးတယ်။ တို့ဗမာ မြင်းဆိုက်တွေကိုတော့ လခမပေးဘူး။ ထမင်းကျွေးတယ်။ ရေနွေးကြမ်း သောက်ရတယ်။ ဒီမြင်းဇောင်းက မြင်းတစ်ကောင်နိုင်ရင် ငွေသုံးဆယ်ကျပ် ဆုပေးတယ်။ နှစ်ကောင်နိုင်ရင် ငွေခြောက်ဆယ်ကျပ်ပေါ့ကွာ"ဟု ဦးခက အလုပ်သဘောကို ရှင်းပြပါသည်။ ထို့နောက် ဦးခက ဆက်လက်ပြောပါသည်။

"ဒီမြင်းဇောင်းမှာ 'ကြည်မောင်'နှင့် 'အာကာညွန့်'ဆိုတဲ့ မြင်းဆိုးနှစ်ကောင်ရှိတယ်။ အဲဒီမြင်းနှစ်ကောင်ကို ကုလားတွေ မကိုင်ရဲလို့ ငါ့မှာ နံနက်တစ်ကောင်၊ ညနေတစ်ကောင် နှစ်ကြိမ်ခွဲပြီး လမ်းလျှောက်ပေးရတယ်။ ကျွေးမွေးရတယ်။ အဲဒီမြင်းနှစ်ကောင်ထဲက မင်းကြိုက်တဲ့မြင်းကို ကိုင်ပါ။ ဒါက ကြည်မောင်၊ ဒီဘက်က အာကာညွန့်"ဟု ဦးခက မြင်းများကို ပြပါသည်။

ကျွန်တော်သည် မြင်းကို တစ်ခါမျှ မကိုင်ဖူးသကဲ့သို့ စီးလည်း မစီးဖူးသဖြင့် မြင်းကိုင်ရမည်ကို တာဝန်ကြီးနေပါသည်။

ပြီးတော့ မြင်းဆိုးများဖြစ်၍လည်း ကိုင်ရမည်ကို မဝံ့မရဲ ဖြစ်နေပါသည်။

○ ○ ○

## ချင်းချောင်းနန်းတော်ဆိုသည်မှာ

"အုံးဖေ၊ မြင်းကိုင်ရမှာ ကြောက်နေသလား"ဟု ဦးခက မေးသည်။ မည်သို့ဖြေရမည်မသိ ဖြစ်နေစဉ်–

"မကြောက်ပါနှင့်ကွာ။ မင့်ကို ဘယ်လိုမှ မြင်းက မှုလုပ်နိုင်အောင် ငါ ...ပေးမယ်။ နှုတ်ခွံစွပ်တပ်ပေးမယ်။ ဘေးသိုင်းကြိုး သိုင်းပေးမယ်။ အာကာ...ကို ကိုင်ပေါ့ကွာ။ အာကာညွန့်က ရှမ်းစပ်ဆိုတော့ ဒေါက်နိမ့်တယ်။ ...တယ်၊ ကိုယ်လုံးသေးတယ်"

ဦးခသည် ကျွန်တော့်ကို အမိအရ အလုပ်တာဝန်ပေးနေပါသည်။ ...မယူလျှင်၊ မလုပ်လျှင် ကျွန်တော်၏ စားဝတ်နေရေး အခြေအနေ ...တစ်ဖုံ ပြောင်းလဲသွားနိုင်ပါသည်။ ကျွန်တော့်ဘဝ၊ ကျွန်တော့်အဖြစ်

www.burmeseclassic.com



က 'ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ်' ဆိုသကဲ့သို့ ထွက်ပေါက်မရှိ ဖြစ်နေသည်။ ယခုအချိန်တွင် ဦးခမှလွဲ၍ အားကိုးစရာ၊ မှီခိုစရာဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပါ။ ဘာပဲဖြစ်ဖြစ် ဦးခ တာဝန်ပေးတာ၊ ခိုင်းတာကို လုပ်ရတော့မည်။ အလုပ်မကျွမ်းကျင်သော်လည်း စွန့်စားရမည်၊ လုပ်ရမည်။ အလုပ်ဆိုသည်မှာ လုပ်မှသာလျှင် လုပ်တတ်သည်မဟုတ်ပါလား။

ကြောက်စိတ်ကို ပယ်ဖျောက်ကာ "လုပ်မယ်ဗျာ"ဟု ပြောလိုက်သည်။

ဦးခသည် မြင်းဇောင်းတိုင်တွင် ချိတ်ထားသော ကြိုးနှင့်ပါးချပ်ကိုယူကာ "အောင်းနာ အောင်းနာ"ဟု ကုလားလို အာကာညွန့်ကို ခေါ်လိုက်သည်။ အာကာညွန့်သည် သစ်သားတန်းပေါ် ခေါင်းကျော်၍ ဦးခကိုင်ထားသော . ပါးချပ်ထဲသို့ နှုတ်သီးထိုးပေးလိုက်ပါသည်။ ပါးချပ်တင်ပြီးနောက် မြင်းပါးစပ်ကို နှုတ်စွပ်လိုက်ပါသည်။ (နှုတ်စွပ်ဆိုသည်မှာ ထန်းလက်လျှော်ဖြင့် ယက်လုပ်ထားသော 'ခြင်း'ဖြစ်၏။) အစာစားချင်လည်း စားမရ၊ လူကိုက်ချင်လည်း ကိုက်မဖြစ်ပါ။ ထို့နောက် ဝမ်းဗိုက်ကိုကြိုးပတ်၍ ရင်းကြိုးနှင့် ပါးချပ်ယာဘက်ကို ချည်လိုက်ပါသည်။ မြင်းသည် လူရှိရာဘက်သို့ ခေါင်းလှည့်၍ မရတော့ပေ။

ဦးခသည် မြင်းကိုင်ပုံကိုင်နည်းကိုပြ၍ (Ground) 'ဂရောင်း' ဟု ခိုင်းပါသည်။ ကုလားများနောက်မှ လိုက်ရ၏။ သူက ကြာပွတ်တစ်ချောင်းနှင့် ကျွန်တော့်အားမှ လိုက်ပါလာသည်။ နှစ်ပတ်၊ သုံးပတ် ပတ်ပြီးသောအခါ ကြာပွတ်ကို ကျွန်တော့်ပေးပြီး မြင်းဇောင်းသို့ ပြန်သွားပါသည်။ မကြာမီ 'ကြည်မောင်'ကို ထုတ်ယူလာသည်။ ကျွန်တော့်နောက်မှ 'ဂရောင်း' ပတ်ပါသည်။

တစ်နာရီခန့်ကြာသောအခါ 'ဂရောင်း'ပတ်ပြီးပါပြီ။ သို့သော် အလုပ်မပြီးသေးပါ။ မြင်းကို ဇောင်းထဲသွင်းပြီး ပါးချပ်နှစ်ဖက်ကို ကြိုးနှစ်ချောင်းနှင့် မြင်းဇောင်းတွင် ချည်ထားရသည်။ ဂုန်နီဖျင်အချောနှင့် ပေါင်ကြား လက်ကြားရှိ ချွေးများကို သုတ်ပေးရသည်။ မြင်းသည် သူ့ကို သန့်ရှင်းပြုစုပေးခြင်းဖြစ်၍ ကန်ကြောက်ခြင်းမပြုဘဲ သဘောကျကာ ငြိမ်သက်နေသည်။ ချွေးသုတ်ပြီးသော် မြင်းကို နှိပ်ပေးရသည်။ နှိပ်ပေးရသည်မှာ လူကို နှိပ်ပေးရသလို မဟုတ်ပါ။ မြင်းနံဘေးကို တံတောင်နှစ်ဖက်ဖြင့် ပွတ်တိုက်



ခြင်း လက်ဝါးဖြင့် မြင်း၏ကျောပြင်ကို 'တဘုန်းဘုန်း' ရိုက်ပုတ်ရသည်။ သွေးသားအရေများ ကျစ်လျစ်မာကြောအောင် ပြုလုပ်ရခြင်း ဖြစ်သည်။

ကျွန်တော်သည် မြင်းနှိပ်ရင်း ကျောင်းနေစဉ်က ဘုန်းတော်ကြီးအား နင်းနှိပ်ပေးရသည်ကို ပြန်လည် သတိရနေပါသည်။ ည ဘုရားရှိခိုးပြီးလျှင် ဘုန်းတော်ကြီးကို ဝတ်ပြည့်ရပါသည်။ နင်းနှိပ်ပေးရပါသည်။ ဘုန်းတော်ကြီးသည် အနင်းအနှိပ် အလွန်ခံနိုင်ပါသည်။ နားလည်း အနည်းငယ် လေးပါသည်။ ကျောင်းသားကြီးလေးဦး တစ်ပြိုင်တည်း နင်းရသည်။ တစ်နာရီခန့်ကြာသည်။ တစ်ခါတစ်ရံ ဘုန်းတော်ကြီး ကျိန်းစက်အိပ်ပျော်သွား၍ ဆင်းချင်သော်လည်း ဆင်းပုံဖြစ်နေကြ၏။ လေးဦးသား တီးတိုးတိုင်ပင်ကြပြီး ဖဝါးဇောင်းနှင့်ကျိတ်၍ ဆပ်ပြင်းပြင်း နင်းလိုက်သောအခါ ဘုန်းတော်ကြီး နိုးလာပြီး အဆင်းခိုင်းပါသည်။

တစ်ညသော် ကျွန်တော်နှင့် အောင်စိန်တို့နှစ်ဦးသည် ဘုန်းတော်ကြီး ခြေဖဝါးကို တံတောင်ဆစ်ဖြင့် ကြိတ်ရပါသည်။ ဘုန်းတော်ကြီးသည် ကျွန်တော့်ကို ဂဏန်းသင်္ချာ မေးမြန်းရာ အဖြေမှားသည့်အတွက် ဒေါသထွက်ပြီး ကိုတရက် ရင်ဘတ်ကို ကန်လိုက်ရာ ခုတင်ပေါ်မှ ပက်လက်လန်ကျသွားပါသည်။ အရိုက်အနက်ကြမ်းသဖြင့် ဘုန်းတော်ကြီးထံ စာသင်ရမည်ကို ကြောက်ရွံ့နေပါသည်။ ဘုန်းကြီးနေမကောင်းလျှင် တစ်ရပ်တစ်ရွာ ကြွသွားလျှင် ဝမ်းသာနေပါသည်။

နင်းနှိပ်ပြီးသော် မြင်းတစ်ကိုယ်လုံးကို 'ဘရပ်(ရှ်)'ခေါ် ဘီးဖြင့် ဖီးပေးရပါသည်။ ထို့နောက် မြင်းချေး၊ မြင်းသေးများကို သန့်ရှင်းရပါသည်။ မြင်းတွင် ဆင်ယင်ထားသော ပါးချပ်၊ နှုတ်စွပ်နှင့် ဘေးသိုင်းကြိုးများကို ချွတ်ပြီးနောက် အစာကျွေးရပါသည်။ မြင်းစာမှာ ကုလားပဲလုံး ရေစိမ်၊ ကုလားပဲခြမ်း၊ ဂျုံဖွဲ့၊ ဖွဲနုတို့ကို အချိုးကျ ရောစပ်ပြီး ကျွေးရသည်။ ဂျုံဖွဲ့မှာ ကြိုးနုနု အရည်တည်ကို အခြောက်လှန်းထားသော နိုင်ငံခြားမှလာသည့် ဖွဲ့နည်းဖြစ်၏။

'ဂရောင်း'ပတ်စဉ် မိုးရွာလျှင် မြင်းကို ကတ္တီပါခေါင်းစွပ် စွပ်ပေးသည်။ ကတ္တီလပ်ခြုံထည် ခြုံပေးရသည်။ အဖိုးတန်ပြိုင်မြင်းများဖြစ်၍ အထူးဂရုစိုက်ရပါသည်။ လေးငါးရက်ရှိသောအခါ မြင်းဆိုက်အလုပ်ကို လုပ်တတ်လာသည်။ လည်လာသည်။ မြင်း၏အထာကိုလည်း သဘောပေါက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အုံးဖေ၊ ထမင်းချက်တတ်သလား"ဟု ဦးခက မေးပါသည်။

"ချက်တတ်တယ်"ဟု ဖြေလိုက်သဖြင့် မြင်းဆိုက်အလုပ်အပြင် ထမင်းချက်အလုပ်ပါ တာဝန်တိုးလာပါသည်။

ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်နှင့် ဘဲဥများ အဆင်သင့်ရှိသည်။ ဦးခက ဘာဟင်းချက်၊ ဘာလုပ်ဆိုသည်ကို မပြောပါ။ ချေးမများပါ။ ကျွန်တော် ချက်ပြုတ်ကျွေးမွေးသည်ကိုပဲ တဝတပြဲစားပါသည်။ ဦးခသည် လူနှင့် အစားစားနိုင်သူဖြစ်သည်။ တစ်နပ်ကို ဆန်နို့ဆီဘူးသုံးလုံး ချက်ရသည်။ ကျွန်တော်ကလည်း လုငယ်ပီပီ စားနိုင်သည်။ ဟင်းကောင်းလျှင် ထမင်းမကျန်ပါ။

"ကနေ့ ထမင်းစားမြိန်တယ်ကွာ။ ဟင်းစပ်ကလည်း လိုက်ဖက်တယ်။ ဒန့်ဒလွန်သီး ကုလားဟင်းက တကယ်ကောင်းတာကိုးကွ။ ဒန့်ဒလွန်သီး ဘယ်ကရသလဲ"

"ရေခပ်သွားရင်း ခြံထဲက ခူးဆွတ်လာတာ"

"ဟာ"ဟု အထိတ်တလန့် အာမေဋိတ်သံ ထွက်လာပြီး–

"အဲဒီခြံက ချင်းချောင်းသူဌေးကြီးခြံကွ။ ရေတွင်းကလည်း သူ့ရေတွင်း သိသွားရင် ရေတွင်းကိုတောင် ရေခပ်ရမှာ မဟုတ်ဘူး။ မာလီကုလားနဲ့ မတွေ့ဘူးလား"

"အရင်နေ့တွေက တွေ့တယ်ဗျ။ ကနေ့တော့ မာလီနှင့်လည်း မတွေ့ဘူး ကုလားဟင်း စားချင်တာနှင့်ပဲ ဒန့်ဒလွန်သီး လေးငါးတောင့်နှင့် ပျဉ်းမသီး ရွက် ခူးလာခဲ့တာ"

"ဒါက ရန်ကုန်။ ငါတို့ရွာမှာလို ဆွတ်ခူးလို့ မရဘူးကွ။ ကံကောင်းလို့ သူနိုးဆိုပြီး အရိုက်မခံရတာ။ နောက်မဆွတ်နှင့်"ဟု ဦးခက တားမြစ်ပါသည်။

ကျွန်တော်သည် ရုပ်ရှင်ဝါသနာရှုးဖြစ်သည့်အတိုင်း 'ပလာဇာရုံ'မှာ ပြနေသော 'မြဂနိုင်'ဓာတ်ကားကို ကြည့်ချင်နေသည်။ သို့ဖြစ်၍ မြို့ထဲသွား ပြီး ရုပ်ရှင်ကြည့်လိုကြောင်း၊ အချိန်မီ ပြန်လာမည်ဖြစ်ကြောင်း ဦးခ ခွင့်တောင်းရာ–

"မင်းက ရုပ်ရှင်ဝါသနာ ပါသလား"

"ပါတယ်ခင်ဗျ"

"အေး၊ ငါကတော့ ခွင့်ပြုတယ်။ မင့်ဘကြီး ဦးကျော်သောင် ရောက် လာရင်တော့ ကြည့်ရမှာ မဟုတ်ဘူး။ သူက မြို့ထဲသွားတာလာတာ ပေးမှာ ဘူး"



ထိုအချိန်က မည်သို့ကြောင့် မကြိုက်ခြင်းဖြစ်သည်ဆိုသည်ကို ကျွန်တော် မသိပါ။ နောက်မှသိရသည်မှာ မြင်းသတင်းများအပြင်ကို ပေါက်ကြားမည် စိုး၍ဖြစ်ကြောင်း မြင်းလောက၏ သဘာဝကို သိရပါသည်။

"ကားမှတ်တိုင်ကို ကျွန်တော်မသိလို့ ပြောပါဦး"

"ကတ္တရာလမ်းအတိုင်း အနောက်လျှောက်သွား။ ကုက္ကိုင်းလမ်းမကြီး ရောက်တော့ ပက်ထရိုဆိုင်တွေ့လိမ့်မယ်။ အဲဒီဆိုင်ရဲ့ ထောင့်နားမှာ ကား မှတ်တိုင်ရှိတယ်"

ဦးခသည် အသေအချာ လမ်းညွှန်ပြောပြပါသည်။ ကျွန်တော် နား မလည်သည်ဘဲ ဖြစ်နေသည်က 'ပက်ထရိုဆိုင်' ဖြစ်သည်။

"ပက်ထရိုဆိုင်ဆိုတာ ကော်ဖီဆိုင်ကို ခေါ်တာလား"

"မဟုတ်ဘူးကွ။ ဓာတ်ဆီဆိုင်ကို ခေါ်တာ"

အင်္ဂလိပ်အစိုးရအုပ်ချုပ်သောခေတ် ဖြစ်သည်တစ်ကြောင်း၊ ရန်ကုန် ၌ ကုလားများခြင်းကြောင့်တစ်ကြောင်း၊ အခေါ်အပြော ဝေါဟာရတို့မှာ များအားဖြင့် အင်္ဂလိပ်လို၊ ကုလားလို ခေါ်ကြပြောကြသည်။ ဤသို့ ပြောနိုင်သည်ကိုပင် အထင်ကြီးနေကြသည်။

ဦးခပြောမှ 'ပက်ထရိုဆိုင်'မှာ 'ဓာတ်ဆီဆိုင်' ဖြစ်ကြောင်း သိရပါ သည်။

ဦးကျော်သောင် မြင်းဇောင်းမရောက်မီ အင်းလျားကန်ဘေးတွင် မြင်း ထိန်းနေသော ဦးထွန်းရှိန်နှင့် တွေ့ပါသည်။ ဦးထိန်းရှိန်သည် စေတနာဖြင့် အသေအချာ လမ်းညွှန်ပြသည့်အပြင် 'ပက်ထရိုဆိုင်'ဆိုတာ သိရဲ့လားဟု မေးသည်။

'မသိဘူး'ဆိုလျှင် 'ဓာတ်ဆီဆိုင်'ဟူ၍ ပြောမည်ဖြစ်သည်။ သို့သော် ကျွန်တော်က သိယောင်ကားဖြင့် 'ကော်ဖီဆိုင်'ဟု ပြောလိုက်ခြင်းကြောင့် ပြည့်လုပ်သည်ထင်ကာ စေတနာပျက်သွားဟန် ရှိပါသည်။

"အေး ဟုတ်တယ်။ သွားသွား"ဟု အမှားကိုပင် အမှန်သဘောမျိုး ထွန်းလိုက်ခြင်းကြောင့် ဆင်းရဲဒုက္ခ ရောက်ခဲ့ရပါသည်။ ယင်းအဖြစ်ကို ခံစားယူ၍ ကျွန်တော်သည် 'မသိလျှင်မသိဘူး၊ မတတ်လျှင် မတတ်ဘူး၊ နားမလည်လျှင် နားမလည်ဘူး'ဟု ရိုးစင်းစွာပြောဆိုသော အလေ့အကျင့် ရှိ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်လက်မှတ်ဝယ်ရသည်မှာ တိုးရဝှေ့ရ၊ ကျော်ရလွှားရသဖြင့် ...များ ခိုင့်နေသည်။ မြင်းနိုပ်ပေးရသည်ထက်ပင် ဆင်းရဲပါသည်။ နေ့... ဆယ့်နှစ်ခါရှိ ရုပ်ရှင်ပြပါသည်။ ရှေ့ဆုံးတန်းဖြစ်သော်လည်း ကုလားထိုင်... ကြည့်ရပါသည်။ ရုံဝင်ခ 'တစ်မတ်' ပေးရသည်။ 'မြဂနိုင်'သည် နာမည်... ဇာတ်ကားဖြစ်၍ ရုံအပြည့်။ မြန်မာအဆွေ အေဝမ်းဖလင် ရုပ်ရှင်ကား... အနက် ဝင်ငွေအကောင်းဆုံးဇာတ်ကား ဖြစ်သည်ဟု သိရသည်။

သရုပ်ဆောင်မင်းသမီး 'မြင့်မြင့်'မှာ ရုပ်ရည်လှပပြီး အသက်ငယ်... ရှိပါသေးသည်။ ရုပ်ရှင်လောကသို့ ဝင်ခါစဟု ထင်ပါသည်။ နာမည်တတ်... ပြည်သူများချစ်ခင်မြတ်နိုးနေချိန် ဖူးပွင့်စပန်းပွင့်ကလေးမှာ လောကစံ... တိုင်းကြောင့် ကြွေလွင့်သွားရရှာလေသည်။ သူ့ဘဝ သူ့အဖြစ်က မွန်းမ... ခင် နေဝင်ရသည့်အဖြစ်မျိုးဖြစ်ရာ ရင်နာဖွယ်ရာ ကောင်းလှပါသည်။ သူ၏... ကို ရုပ်ရှင်အနုပညာသည်များ အပါအဝင် ပြည်သူများ လိုက်လံပို့ဆောင်... သဖြင့် စည်ကားသော ဈာပနဖြစ်လေသည်။

ရုပ်ရှင်မင်းသား 'ချစ်ဆွေ'မှာ ရုပ်ရည်အသင့်အတင့်ဖြစ်သော်... အရုပ်အမောင်းက ယောကျ်ားပီသပြီး စတန့်မင်းသားဖြစ်သည်။ ဒါရိုက်... 'မောင်တင်မောင်'၏ 'နီလာရောင်' ဇာတ်ကားတွင် မိကျောင်းနှင့် လုံး... သတ်ပုတ်ခဲ့သည်။ 'မြဂနိုင်' ဇာတ်ကားတွင် အန္တရာယ်ကြောင့် ထွက်... လာရင်း မီးပုံးပျံစီးသူရဲကောင်း 'ဦးကျော်ရင်'ကို တွန်းဖယ်ပြီး မီးပုံးပျံ စီး... ကာ လွတ်မြောက်သွားသည်။

သူသည် လူလတ်ပိုင်းအရွယ်တွင် ဘီအိုင်အေ တပ်ထဲလိုက်ပါသွား... တိုက်ပွဲတွင် ကျဆုံးသွားသည်ဟု သိရပါသည်။ ယခုအခါ 'မြဂနိုင်' ဇာတ်... ကားတွင် ပါဝင်သူများမရှိသလောက် ဖြစ်ချေသည်။ ဒါရိုက်တာ 'မောင်တင်... မောင်'မှာမူ အသက် ရှစ်ဆယ်ကျော်၊ကိုးဆယ်အတွင်း ရောက်ရှိနေလော... ဖြစ်သော်လည်း ကျန်းမာလျက် ရှိသည်ဟု သိရသည်။

ရုပ်ရှင်ပြီးသော် ကျွန်တော်သည် ဗလာစာအုပ်တစ်အုပ်၊ ခဲတံတစ်... နှင့် စာအိတ်များ ဝယ်ယူပြီး ပြန်လာခဲ့သည်။ ဘုန်းတော်ကြီးနှင့် ကိုစိန်... စာပေးလို၍ဖြစ်သည်။ ဖွန်လရောက်သော် ရန်ကုန် ကျိုက္ကဆံမြင်းပြိုင်ကွင်း... မည်ဖြစ်၍ ဘကြီးဦးကျော်သောင် ရှမ်းပြည်နယ်မှ ပြန်လာပါသည်။ မြင်း... မြင်းဆိုက်များမှာ မီးရထားနှင့် ပါလာမည်ဟု သိရပါသည်။ ဘကြီး... ကျွန်တော့်ကိုကြည့်ပြီး–



"သူက ဘယ်သူလဲ"ဟု ဦးခကို မေးပါသည်။

"ထနောင်းကုန်းရွာက ဦးဘိုးယု။ ဒေါ်ကြက်ရုံးသားဖြစ်ကြောင်း၊ ...ရန်ကုန်ကို အလုပ်လုပ်ရန်လာသဖြင့် အာကာညွှန့်ကို အကိုင်ခိုင်းထားကြောင်း" ဦးခက ပြောပါသည်။

"အေး၊ ငါ့မြင်းဇောင်းမှာ အာကာညွှန့်နှင့် ကြည်မောင်ကို မောင်းကော... ပြီး ဘယ်သူမှ မကိုင်ရဲဘူး။ အာကာညွှန့်က ဉာဉ်မကောင်းဘူး။ လူကို ...ကိုက်ချင်တယ်။ ကန်ချင်တယ်။ ဂရုစိုက်ကိုင်နော်"ဟု ဘကြီးက သတိပေးပါ...သည်။

ရက်မကြာမီ ရှမ်းပြည်မှမြင်းများနှင့် မြင်းကိုင်သူများ ရောက်ရှိလာကြ...သဖြင့် မြင်းဇောင်းမှာ ပျော်ဖွယ်ရာကောင်းနေသည်။ မြင်းဆိုက်များမှာ ဘဘူကြီးအပါအဝင် ကုလားခြောက်ဦးနှင့် ဦးခ၊ ကျွန်တော်၊ ကိုထွန်းရှိန်၊ ...ကိုနိုင်တို့ ဖြစ်ကြပါသည်။ ခြံနံပါတ် ၁၇ တွင် ဦးကျော်သောင် မြင်းဇောင်း... အပြင် မြောက်ဖျားခြမ်း၌ အခြားမြင်းဇောင်းတစ်ခုလည်း ရှိပါသည်။ မြင်းနှစ်ကောင်... နှင့် လူသုံးဦးဖြစ်၏။ မြင်းပိုင်ရှင်မှာ ညောင်ဦးမြို့မှ ဆိတ်သူဌေးဟု... သိရသည်။ အုပ်ချုပ်သူမှာ ညောင်ဦးမြို့သား ဦးထွန်းမြိုင် ဖြစ်ပါသည်။ နှစ်ဦး... လုံး ဂရောင်းတစ်ခုတည်းကိုပင် အသုံးပြုကြရသည်။

ဖွန်လတွင် မြင်းကွင်းဖွင့်ပါသည်။ နံနက် လေးနာရီအချိန် မြင်းများ... ကို သဲလမ်းတွင် လေ့ကျင့်ရန် ကျိုက္ကဆံကွင်းသို့ သွားရပါသည်။ ဦးကျော်သောင်... သည် အခြားမြင်းများထက် 'အာကာညွှန့်'ကို အထူး ဂရုစိုက်ပါသည်။ ...နေ့စဉ် သဲလမ်းတွင် အပြေးလေ့ကျင့်ရသည်။ မြင်းစီးဂျော်ကီမှာ ဦးကံကောင်း... နှင့် ကိုဦးသာတို့ ဖြစ်ကြသည်။

ဦးကံကောင်းသည် ပခုက္ကူမြို့နယ် ကုက္ကိုလှအုပ်စု၊ ဆယ်ရွာသား... ဖြစ်သည်။ ကိုဦးသာမှာမူ စလေမြို့နယ် ပခန်းငယ်မှဖြစ်သည်။ သူသည် ...မိမ်ထောင်မရှိပါ။ ကျွန်တော်တို့မြင်းဇောင်း အနောက်ဘက် ကုလားသူဌေးကြီး ...'ပေါ်ရား'၏ မြင်းဇောင်းတွင် နေထိုင်ပါသည်။

မြင်း အပြေးလေ့ကျင့်စဉ် ဘကြီး၏လက်ထဲတွင် စံချိန်ယူ...နာရီ... ...နှင့် လက်နှိပ်မီးတစ်လက် အမြဲပါရှိသည်။ ဘကြီးသည် စာပေဗဟုသုတ... ...လိုက်စားသော်လည်း (ထရိန်နာ) မြင်းလေ့ကျင့်ရေးကို အကောင်းပင် နားလည်... ...တတ်ကျွမ်းသည်။ လုပ်သက်ကလည်း ရှည်လျားလှပြီဖြစ်သည်။ ရွှေတိဂုံဘုရား...

www.burmeseclassic.com



ဆောင်သာကော် မိုင်ဒါကွင်း မြင်းပွဲပြုလုပ်စဉ်က မြင်းပွဲတစ်ပွဲတွင် သူပိုင်မြင်းနှစ်ကောင် ထည့်သွင်းပြေးခဲ့သည်။ မြင်းပွဲတစ်ပွဲလျှင် မြင်းကောင်ရေ ဆယ်ကောင်မှ ဆယ့်လေးကောင်အထိ အပြေးပြိုင်ကြရသည်။ ပရိသတ်ကြိုက် မြင်းကိုစီးသော ဂျော်ကီအား 'ဇက်'ဆွဲစီးခဲ့ရန် မှာလိုက်သည်။ ('ဇက်'ဆွဲသည် ဆိုသည်မှာ မြင်းကို ပြေးစွမ်းရှိသလောက် မပြေးနိုင်အောင် ဇက်ဆွဲထားခြင်း ဖြစ်သည်။)

ပရိသတ်မကြိုက်သော လောင်းသူမရှိသောမြင်းကို သူတစ်ဦးတည်း ကြေးကြီးနှင့်လောင်းပြီး အနိုင်ယူခဲ့သည်။ ထိုပွဲတွင် အလျော်အစားလုပ်သော ဘွတ်ကီဒိုင်မှာ မလျော်နိုင်၍ ရက်ဆိုင်းတောင်းခဲ့ရသည်။ ထိုအကြောင်းကို မြင်းကွင်းအုပ်ချုပ်သည့်စတီးဝပ်လူကြီးများသိရှိသွားသောအခါ ဦးကျော်သောင်းကို 'မြင်းကွင်းတစ်သက် မြင်းကွင်းထဲ မဝင်ရ'ဟု အမိန့်ချမှတ်လိုက်သည်။ ကျိုက္ကဆံမြင်းပြိုင်ကွင်းအသစ် ဖွင့်သောအခါမှ ဝင်ခွင့်ရရှိခဲ့သည်။ နာမည်ကြီးမြင်းဝိဇ္ဇာ ဦးဘကြားသည် ဦးကျော်သောင်း၏တပည့်ဖြစ်သည်။ ၎င်းသည် မြင်းလောကၡသာ နာမည်ကြီးသည်မဟုတ်။ နိုင်ငံရေးလောကတွင်လည်း ပခုက္ကူမှ ဖဆပလပါလီမန်အမတ် ဖြစ်ခဲ့ဖူးသည်။

ကျွန်တော်သည် စိုတွင်းရွာဆရာဘုန်းတော်ကြီးထံသို့ စာတစ်စောင်နှင့် ရေစကြိုမြို့ ကိုစိန်ဖူးထံစာတစ်စောင်ပေးပို့လိုက်ပါသည်။ စာများတွင် ရန်ကုန်၌ မြင်းဆိုက်၊ မြင်းထိန်း၊ မြင်းကျောင်း အလုပ်လုပ်ကိုင်နေကြောင်း လုပ်ခဟူ၍ သတ်မှတ်ချက်မရှိသော်လည်း ထမင်းကျွေးသည်။ မြင်းတစ်ကောင်ဆိုလျှင် ဆုငွေသုံးဆယ်ကျပ်နှုန်း ပေးကြောင်း စာရေးပေးပို့လိုက်ပါသည်။ စာအိတ်တွင် ငါးပြားတန်တံဆိပ်ခေါင်းကပ်ရသည်။

မြင်းကွင်းဖွင့်သဖြင့် မြင်းသမားတစ်ဦးက သူ့မိခင်ထံ စာပေးရာတွင် 'ညောင်ဦးမြို့ ဈေးအနီးနေ အမေ့ထံပေးရန်'ဟူ၍ စာအိတ်တွင် ရေးလိုက်သဖြင့် သူ့အမေအမည်မပါ၍ စာမရောက်ဘဲ ရှိခဲ့ဖူးသည်။ သူတို့သည် 'ဟင်ဒီကတ်' စာအုပ်မှလွဲ၍ အခြားစာအုပ်ကို ဖတ်ရကောင်းသည်ဟု မထင်ကြချေ။ 'ဟင်ဒီကတ်'စာအုပ်ဆိုသည်မှာ အပြေးပြိုင်မည့်မြင်းများ၏ အမည်၊ ခဲအလေးချိန်၊ တာအဝေးကို ဖော်ပြသော မြင်းသတင်းစာအုပ်ဖြစ်၏။

စနေနေ့တိုင်း မြင်းပွဲပေါင်း ကိုးပွဲမှ ဆယ်ပွဲ၊ ဆယ့်တစ်ပွဲရှိတတ်သည်။ မြင်းပွဲဝင်ကြေးနှင့် လောင်းကြေးဒိုင်မှ ရရှိသော ဝင်ငွေ ခြောက်ဆယ်ရာခိုင်နှုန်း



ကို ပထမ၊ ဒုတိယ၊ တတိယ ရရှိသောမြင်းများအတွက် ဆုကြေးပေးသည်။ မြင်းများကို ဒေါက်အနိမ့်အမြင့်၊ တန်း ခွဲခြားပြေးရသည်။ သုံးလက်မတန်း၊ ငါးလက်မတန်း၊ ခုနစ်လက်မတန်း၊ ကိုးလက်မတန်းဟူ၍ ဖြစ်၏။ မြင်းပြေးနိုင်စွမ်းကောင်းလျှင် ငါးလက်မတန်းမြင်းသည် ခုနစ်လက်မတန်းကို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ မြင်းဝိဇ္ဇာ ဦးဘကြားပိုင် နာမည်ကြီး 'ပေါ်ထွန်း'သည် ငါးလက်မတန်းမြင်းဖြစ်သော်လည်း ခုနစ်လက်မ၊ ပထမတန်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင် အနိုင်ယူသွားခဲ့ဖူးသည်။ စစ်ပြီးခေတ် ဒေါ်တင်ချယ်၏ ခိန်လျှံမြင်း နာမည်ကြီးသလို စစ်ကြိုခေတ်က 'ပေါ်ထွန်း'သည် နာမည်ကြီးသဖြင့် ကွင်းထဲဝင်လာလျှင် ဝိုင်းအုံကြည့်ကြရသည်။ မြင်း၏ အသွေးအရောင်မှာ ခန်ကျည်းစေ့အရောင် ဖြစ်သည်။

တစ်နေ့တွင် မန္တလေးမြို့မှ မြင်းများကို ဆေးကုသသော အဘိုးကြီးတစ်ဦး ရောက်ရှိလာသည်။ အမည်မှာ ဆရာကြီး 'ဦးစု'ဟု ခေါ်ကြပါသည်။ ဦးစုသည် အရပ်ပုပု၊ အသားဖြူဖြူ၊ လူကောင်သေးသေး၊ သျှောင်ထုံးကလေးနှင့် နှုတ်ခမ်းမွေး ရေးရေးပါသည်။ သျှောင်ထုံးမှာ ဆီးစေ့သာသာပဲရှိသည်။ ဘကြီးနှင့် ရင်းနှီးခင်မင်သဖြင့် ဘကြီးအိမ်မှာနေ။ ဘကြီးအိမ်မှာ စားပါသည်။ မြင်းကို ဆေးကုသရာတွင် နာမည်ကြီးပါသည်။

ချင်းချောင်းသူဌေးကြီး မြင်းဖောင်းသို့ ဆေးကုသသွားရာတွင် ဆေးအိတ်ကိုင်ခေါ်၍ နောက်ကလိုက်သွားရပါသည်။ သူဌေးကြီးဇနီးမောင်နှံကို တွေ့ခဲ့ရသည်။ အသက်ခြောက်ဆယ်အရွယ်ခန့်ဖြစ်ကြပါသည်။ သူဌေးကတော်ကြီးမှာ ခြေသေးကလေးဖြစ်၍ သွားလာရာတွင် သွက်သွက်လက်လက်မရှိ။ တုံ့နေးတုံ့နေးဖြစ်၏။ ရွှေများ ဝတ်ဆင်ထားသည်မှာ ညွတ်နေပါသည်။ သွားများမှာ ရွှေသွားများဖြစ်၍ စကားပြောလျှင် ဝင်းလက်နေပါသည်။

ရှေးခေတ်က တရုတ်အမျိုးသမီးများ မွေးဖွားလာလျှင် ခြေထောက်ကြီးထွားခြင်းမရှိရလေအောင် အဝတ်ဖြင့် တင်းကြပ်စွာ စည်းနှောင်ရသော ဓလေ့ထုံးစံရှိသည်။ ဒေါက်တာဆွန်ယက်ဆင်၏ အမြော်အမြင်ကြီးမားမှုကြောင့် ယခုအခါတရုတ်နိုင်ငံတွင် ထိုကဲ့သို့ လွဲမှားသော ဓလေ့ထုံးစံများ ပျောက်ကွယ်သွားရုံမျှမက အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ အခွင့်အရေးရှိလေသည်။ ယခု မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး 'မစ္စစ်ချန်ပေါင်လူး'သည် အမျိုးသမီးဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံ ကြီးတိုးတက်လာသည်ဟုဆိုလျှင် မှားမည်မထင်ပေ။

www.burmeseclassic.com

www.burmeseclassic.com

မြင်းများကို ဆေးဝါးကုသပြီးသော် ဆရာကြီးက နန်းတော်ပေါ်သို့ တက်ကြည့်လိုကြောင်းပြောသဖြင့် သူဌေးကြီးက သူ၏တပည့်တစ်ဦးကို လိုက်ပြသစေပါသည်။

ချင်းချောင်းနန်းတော်ကြီးမှာ ကြီးမားကျယ်ဝန်းသကဲ့သို့ အထပ်ပေါင်းများစွာ တက်ရပါသည်။ ကြည့်ချင်သလို လှည့်ပတ်ကြည့်ခဲ့ရသည်။ မြင်းဆောင်ပြန်ရောက်သောအခါ 'ချင်းချောင်းနန်းတော်ပေါ် တက်ရောက်ကြည့်ရှုခဲ့ရကြောင်း' ဆရာကြီးကပြောရာ-

"နောက်တစ်ခါ ဆရာကြီးသွားလျှင် ကျွန်တော့်ကိုခေါ်ပါ။ ချင်းချောင်းနန်းတော်ထဲ မရောက်ဖူးလို့ပါ"ဟု ကိုနိုင်နှင့် ကိုထွန်းရှိန်တို့က ပြောကြပါသည်။ ထိုအချိန်က ချင်းချောင်းခြံထဲသို့ပင် ဝင်ခွင့်ရရှိဖို့ မလွယ်ကူပါ။

၀ ၀ ၀

## သေကံမရောက် သက်မပျောက်

တစ်နေ့တွင် ဆရာဘုန်းတော်ကြီးထံမှ ပေးစာရောက်ရှိလာသဖြင့် ...အားသင့်သွားပါသည်။ ကျွန်တော့်ထံမှ ပေးစာရရှိ၍ စာပြန်ကြားခြင်းဖြစ်...သည်။ စိတ်တွင်းရွာသည် ပခုက္ကူမြို့နှင့် နှစ်မိုင်ဝေးပါသည်။ စာတိုက်ပုံးလည်း ...။ 'စာထည့်စဉ်က ရောက်ပါ့ရောက်ပါမည်လား'ဟု စိုးရိမ်စိတ်ဖြစ်မိ...သည်။ စစ်ကြိုခေတ်က စာပို့လုလင်များသည် တာဝန်ကို ကျေပွန်စွာထမ်း...ဆောင်ကြသူများ ဖြစ်သည်။

စာမှာ အလုပ်အကိုင်နှင့် ပတ်သက်၍ အပြစ်တင်သည့်စာ ဖြစ်၏။ ...မြင်းများကို ထိန်းကျောင်းရသော (မြင်းဆိုက်)အလုပ်သည် မကောင်းသော ...အလုပ်ဖြစ်သည်။ ကောင်းသော သမ္မာအာဇီဝအလုပ်ကို ရှာဖွေလုပ်ရမည်ဟု ...ဩဝါဒပေးသည့်အပြင် ကဗျာတစ်ပုဒ်ကိုပါ ရေးစပ်ပေးလိုက်ပါသည်။

"အုံးဖေမည်ရ၊ နာမတွင်ခေါ်၊ အမည်သင်း၊ အပျင်းကအလော်၊ ...တ၊ ကတဝေဒီ၊ မတည်တရား၊ မင်းကားပြုလတ်သော်၊ ဒုစရိုက်မှု လျှော...ပျော်၊ တစ်သက်လျာနေတော့ ငါမမျှော်၊ ထမင်းစားကျွန်ခံ၊ မင့်အကြ...ရာကျော်၊ ကောင်းလိမ့်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ ပေးစာနှင့်ကဗျာကို ကျွန်တော်သည် အထပ်ထပ်အခါခါ ဖတ်ပါသည်။ စာဖြင့် ရေးမှတ်ထားခြင်း မရှိသော်လည်း ကဗျာကို အလွတ်ရ ပါသည်။ ဘုန်းတော်ကြီးက ကျွန်တော်၏အလုပ်ကို နှစ်ခြိုက်ခြင်း မရှိ လည်း အခြားအလုပ်ကို လုပ်ကိုင်ဖို့ဆိုသည်မှာ မလွယ်ကူလှပါ။ အကြောင်း ဘကြီးမြင်းဇောင်းတွင် စားအိပ်ပြီး၊ ပြင်ပအလုပ်ကို လုပ်မည်ဆိုလျှင် ဘ လက်ခံလိမ့်မည် မထင်ပါ။

ကျွန်တော့်လို လုပ်ကိုင်နေထိုင်ရသော ကိုထွန်းရှိန်နှင့် ကိုနိုင်တို့လည်း ရှိကြပါသည်။ ထို့ပြင် အကြောင်းတစ်ခုလည်း ရှိပါသည်။ ဘကြီးသည် မြို့ထဲသို့ သွားလာခြင်းကိုပင် ခွင့်မပြုပါ။ မြင်းသတင်းများ အပြင် ပေါက်ကြား မည်ကို စိုးရိမ်၍ ဖြစ်ပါသည်။

"သစ်မရခင်စပ်ကြား ဝါးပေါင်းကွပ်ရမည်" ဆိုသကဲ့သို့ ပြင်ပအလုပ် မရမီ 'မြင်းဆိုက်' အလုပ်ကိုပဲ လုပ်ရပါမည်။ အလုပ်ခွင်တွင် ကိုထွန်းရှိန် ကိုနိုင်တို့နှင့် အတူလုပ်ကိုင်ရ၍ ပျော်ရွှင်နေပါသည်။ ဇူလိုင်လ ဒုတိယ တွင် 'အာကာညွန့်'ကို ပြိုင်ပွဲဝင်ရန် စာရင်းတင်သွင်းလိုက်ပါသည်။ အာကာ ညွန့်သည် 'မေဒင်' ဖြစ်ပါသည်။ 'မေဒင်'ဆိုသည်မှာ ပြိုင်ပွဲမနိုင်ဖူး သောမြင်း ဖြစ်၏။ မြင်းသမားလောကတွင် ကာလသား လူပျိုတစ်ဦး မင်္ဂလာ ဆောင်လျှင် 'သည်ကောင် မေဒင်ပြုတ်သွားပြီ'ဟု ပြောကြသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက စနေနေ့တိုင်း မြင်းပွဲရှိ၏။ အာကာ ယှဉ်ပြိုင်ရမည့်ပွဲတွင် မြင်း ဆယ့်သုံးကောင်ပါဝင်သည်။ 'ဟင်ဒီကက်' စာအုပ်များအားလုံးမှာပင် အာကာညွန့်ကို နိုင်ခြေရှိသည်ဟူ၍ အမှတ်အသား ပြုခြင်း၊ တစ်ပေးခြင်း မရှိကြပါ။ ဤသို့မရှိခြင်းမှာ ဘကြီး၏ ထရိမ်နာ အရည်အချင်းတစ်ခု ဖြစ်ပါသည်။

'ဟင်ဒီကက်' စာအုပ်များတွင် နိုင်မည်ထင်သော မြင်းကို (W)'အနိုင်' အမှတ်အသားပြုသည်။ ဒုတိယ၊ တတိယ ရရှိနိုင်သောမြင်းကို (P) အမှတ်အသားပြုပြီး ကော်ကောင်ဖြစ်နိုင်သောမြင်းကို (F) 'အက်ဖ်' ပြသည်။

မြင်းပွဲမကျင်းပမီတစ်ညတွင် ကျွန်တော် အိပ်နေပါသည်။ အိပ်၍ မပျော်သေးပါ။ ဘကြီးဦးကျော်သောင်နှင့် ဆေးဆရာကြီးဦးစုတို့ စကားပြောနေ ပါသည်။ အာကာညွန့်အကြောင်းဖြစ်၍ စိတ်ဝင်စားသည့်အတွက် အိပ်ချင်ယောင် ဆောင်ပြီး နားထောင်နေမိပါသည်။



'သည်တာ'နှင့် 'သည်ခဲ'မှာ အာကာညွန့်ကိုနိုင်မည့် မြင်းတစ်ကောင်မျှ မပါဘူး။ ဆရာကြီးပိုက်ဆံရှိလျှင် ရှိသလောက်လောင်း၊ ဘေးလူကိုတော့ သည်သူ့ကိုမှ မပြောပါနှင့်'ဟု နှုတ်ပိတ်သည်။ အကြောင်းမှာ 'နိုင်မည်'ဟု သတင်းပေါက်ကြားသွားလျှင် လောင်းကြေးကောင်းကောင်း မရတော့ပါ။ နိုင်ခြေမရှိသောမြင်းများကို 'ဘွတ်ကီဒိုင်'က နှစ်ဆယ်လေး၊ တစ်လေး ပေးပါ သည်။ ရှင်းအောင်ဖော်ပြရလျှင် ငွေတစ်ကျပ်လောင်းလျှင် ငွေနှစ်ဆယ်ကျပ် ရပါသည်။

လူကြိုက်များသော လောင်းကြေးငွေများသောမြင်းကိုမှ တစ်လေး၊ နှစ်လေး ခွဲပေးပါသည်။ နိုင်လျှင် နှစ်ကျပ်ခွဲလျော်ပါသည်။ ထို့ကြောင့် မြင်း၏ ခြေစွမ်းကို ဘေးလူမသိအောင် အတတ်နိုင်ဆုံး လျှို့ဝှက်ကြခြင်း ဖြစ်သည်။

ကျွန်တော့်တွင် ငွေတစ်ဆယ်ကျပ်ကျော်ရှိပါသည်။ မည်သူ့ကိုမျှ ငွေရှိ ကြောင်း မပြောဝံ့ပါ။ အလုပ်အကိုင် အခြေအနေမကောင်းလျှင် ပခုက္ကူပြန်နိုင်ရန် စုချွန်ထားခြင်းဖြစ်၏။ ကျွန်တော်သည် ကက်ဆွဲ၊ ဖဲရိုက်၊ ကြက်တိုက်ဝါသနာ မပါသော်လည်း မြင်းလောင်းခြင်းကိုမှ တစ်ကြိမ်တစ်ခါမျှ မလောင်းဖူးပေ။ ဘကြီး၏ ပြောစကားအရဆိုလျှင် အာကာညွန့်နိုင်ဖို့ သေချာသလောက် ဖြစ် သည့်အတွက် လက်ရှိငွေ တစ်ဆယ်ကျပ်ကျော်ကို မြင်းလောင်းရန် အကြံ ရလာသည့်အားလျော်စွာ 'လောင်းမည်'ဟု ဆုံးဖြတ်ချက်ချလိုက်ပါသည်။

နောက်နေ့တွင် မြင်းပွဲသွားရန် ပြင်ဆင်နေသော မြင်းဆေးဆရာကြီး ကို ငွေတစ်ဆယ်ကျပ်ပေးသောအခါ–

"ဒီငွေက ဘာလုပ်ဖို့လဲ"

"အာကာညွန့်ကို လောင်းပေးပါ"

"ဘယ်လိုလောင်းရမှာလဲ"

"ဝင်းချည်းပဲ လောင်းလိုက်ပါ"

"မဟုတ်သေးဘူး အုံးဖေ။ ခြေချော်လက်ချော်ဆိုသလိုပဲ ဝင်းငါးကျပ် ပလေ့စ်ငါးကျပ် လောင်းလိုက်မယ်"

"ဆရာကြီးကြိုက်သလို လောင်းပါ"ဟုပြောပြီး ငွေတစ်ဆယ်ကျပ် ပေးလိုက်ပါသည်။

"ဝင်း၊ ပလေး"ဆိုသည်ကို ရှင်းပြဖို့လိုမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝင်း"သည် နိုင်သောမြင်းကို ခေါ်ခြင်းဖြစ်၏။ 'ပလေး'သည် ဒုတိယ တတိယရရှိသောမြင်းကို ခေါ်ခြင်းဖြစ်သည်။ 'ဝင်း' လောင်း၍ နိုင်ခဲ့လျှင် လျော်ကြေးများများရရှိသော်လည်း 'ပလေး'ဖြစ်သွားလျှင်မူကား လောင်းကြေး ငွေ ရှုံးပြီ၊ ဆုံးပြီ။ 'ပလေး'လောင်း၍ 'ဝင်း' ဖြစ်သော် 'ပလေး' လောင်းကြေး ရသည်။ ထို့ကြောင့် ဆရာကြီးက ခြေချော်လက်မြဲ 'ဝင်း-ပလေး'တွဲလောင်း ရန် ပြောဆိုခြင်းဖြစ်သည်။

'အာကာညွန့်' စီးမည့်ဂျော်ကီမှာ ကိုကံကောင်းဖြစ်သည်။ မြင်း 'တာ'မတက်မီ ပရိသတ်များကြည့်ရှုရန် မြင်းကိုစီးပြီး 'ဂရောင်း'လှည့် ရသည်။ မြင်းအခြေအနေနှင့် စီးနင်းမည့် ဂျော်ကီကိုပါ လောင်းကစား သူများသိရှိရန်ဖြစ်၏။ အာကာညွန့်တို့ပွဲမှာ 'မေဒင်ပွဲ' ဖြစ်၍ တာ ငါးဖာလုံဖြစ်သည်။

ကျွန်တော်တို့မြင်းဆိုက်များကို မြင်းပွဲကြည့်ခွင့်မပြုပါ။ ကြည့်လို ဝင်ကြေးပေးရသည်။ ဝင်ကြေးမှာ နှစ်ကျပ်ခွဲ၊ ငါးကျပ်၊ တစ်ဆယ်ကျပ် သည်။ ထိုအချိန်က ရွှေတစ်ကျပ်သား ငွေနှစ်ဆယ့်ငါးကျပ်၊ နှစ်ဆယ့်ခြောက်ကျပ် ရှိသည်။ ယှဉ်ပြိုင်ပြေးနေသော မြင်းများကို မမြင်ရသော်လည်း အော်သံ များကိုတော့ ကြားရပါသည်။ အာကာညွန့်အမည် ပါရှိသလို အခြားမြင်း အမည်များလည်း ပါရှိကြသည်။ မြင်းကွင်းတစ်ကွင်းလုံး ဆူညံနေသည်။

'အာကာညွန့်နိုင်သည်'ဟု ဆရာကြီးဦးစုက ကျွန်တော်နှင့် ကိုနိုင် လာရောက်ပြောပါသည်။ နိုင်သည်မှာ ဒုတိယ၊ တတိယ ရရှိသောမြင်းများ တစ်လျားခွဲလောက် ပြတ်နိုင်သည်ဟု ပြောပါသည်။ အာကာညွန့်နိုင်သည်။ ကျွန်တော်တို့ ဝမ်းသာနေကြသည်။ အာကာညွန့်မှာမူ မောဟိုက်နေပြီး ချွေး များ တစ်ကိုယ်လုံး စိုရွှဲနေပါသည်။ မြင်းဇောင်းထဲသွင်းပြီး ဂုန်နီဖျင်အဝတ် ချွေးများ သုတ်ပေးပါသည်။

မြင်းပွဲပြီး၍ ဘကြီးနှင့်ဆရာကြီး ဦးစုတို့ပြန်လာကြသော ကျွန်တော့်အတွက် မြင်းလောင်း၍နိုင်သော ငွေ တစ်ရာနှစ်ဆယ့်ခြောက် ပေးပါသည်။ ဘကြီးကလည်း ကျွန်တော်တို့ ဇမာမြင်းဆိုက်များ ငွေသုံးဆယ်ကျပ်စီ ပေးပါသည်။ ကျွန်တော့်တစ်သက်တွင် တစ်ကြိမ်တည်း ကိုယ်ပိုင်ငွေအဖြစ် ဤမျှလောက် များပြားသောငွေများကို မပိုင်ခဲ့ဖူး ပါ။ ဆရာကြီးက ငွေတစ်ရာ့နှစ်ဆယ့်ခြောက်ကျပ် ပေးသည့်အခါ ကျွန်တော်၏လက်များ တုန်နေပါသည်။



ဦးဘသိန်း၊ ဒေါ်ပေါသယ်တို့ထံမှ ခိုးယူလာသည့် ငွေနှစ်ဆယ်ကျပ်မှအပ ကျွန်တော့်ဘဝတွင် ဒေါ်အုန်းပွင့်ပေးသောငွေ လေးကျပ်သည် အများဆုံးပိုင်ဆိုင် ခြင်းသာ ဖြစ်ပါသည်။ ငွေများကြောင့် စိတ်ကစားနေ၍ အိပ်မပျော်ပါ။

"သည်ငွေတွေကို ဘယ်လိုသိမ်းဆည်းရမလဲ။ ဘယ်လို သုံးစွဲရမလဲ"ဟု ဆုံးဖြတ်နိုင်၊ မဝေခွဲနိုင်ဖြစ်နေရာ 'ကုလားလေး ဗုံမတီးနိုင်' ဆိုသလို ဖြစ်နေပါသည်။

ကိုနိုင်က ရွှေသွားစိုက်ရန် အကြံပေး၏။

ရွှေသွားတဖြီးဖြီးနှင့် မြင်းနိုပ်ရသည်မှာ အမြင်မကောင်းသည့်အပြင် ကျွန်တော့်ဘဝတွင် 'ရွှေ'ဟူ၍ တစ်ရွေးတစ်စေ့မျှ ဝတ်ခဲ့ဖူးခြင်း မရှိသည့်အတွက် ရွှေသွားစိုက်လိုသည့်ဆန္ဒ မရှိပါ။ တစ်ခါတည်းနေ ညောင်ဦးမြို့သား ဦးထွန်းမြိုင် ၏ ဇဟန်းစာတိုက်၌ အပ်ထားရန် အကြံပေးပါသည်။ 'လူခိုးမည်ကိုလည်း စိုးရိမ်ရ၊ အတိုးငွေလည်း ရသည်'ဟု ပြောပါသည်။ ဦးထွန်းမြိုင်သည် ယုံကြည်ရ တတ်သည်။ အမြော်အမြင်ရှိသည်။ သူပိုင်ငွေကိုလည်း လက်ထဲရှိလျှင် သုံးဖြုန်းသလွယ်သုံးပစ်မည်စိုးရိမ်၍ စာတိုက်တွင်အပ်ထားသည်ဟု သိရပါသည်။

နောက်နေ့တွင် ဘကြီးက ကျွန်တော်တို့သုံးဦးကို 'အလိုရှိတာ ဝယ်ယူနိုင် ရန်' မြို့ထဲသို့ သွားခွင့်ပြုပါသည်။ ကျွန်တော်သည် သိမ်ကြီးဈေးမှ ခရလုံချည်တစ်ထည်နှင့် လေယာဉ်ပျံလုံချည်အကြမ်းတစ်ထည်၊ 'ဂွမ်းသုံးကောင်' တံဆိပ်အင်္ကျီလက်ရှည်တစ်ထည် ဝယ်ယူပါသည်။ ကိုထွန်းရှိန်နှင့် ကိုနိုင်တို့လည်း သူတို့အလိုရှိရာ ဝယ်ယူကြပါသည်။ ခရလုံချည်တစ်ထည် တစ်ကျပ်ခွဲ ပေးရသည်။

ခေါက်ဆွဲဆိုင်ဝင်၍ ခေါက်ဆွဲကြော်စားကြပါသည်။ တစ်ပွဲ 'တစ်မတ်' ပေးရ၏။

ဝက်သားနှင့်ဘဲဥက ခေါက်ဆွဲကြော်၏ သုံးပုံတစ်ပုံခန့်ပါရှိသဖြင့် အရသာ၍ ကောင်းလှပါသည်။ ထိုခေတ်ထိုအချိန်က ငွေရှားပြီး လူသုံးကုန်ပစ္စည်းများ ပေါလှသယ် ပေါများပါသည်။ ကိုထွန်းရှိန်က-

"ယခုခေါက်ဆွဲကြော်စားရခြင်းသည် သူ့ဘဝတွင် အစဦးဆုံးဖြစ် ကြောင်း၊ ဤမျှကောင်းသော ခေါက်ဆွဲကြော်ကို နေ့စဉ်နေ့တိုင်း စားရလျှင် ဤဘဝ လူဖြစ်ရကျိုးနပ်ပြီဖြစ်ကြောင်း" ပြောပါသည်။ မှန်ပါလိမ့်မည်။ သူသည် ပုဂံ-ညောင်ဦးမြို့နယ်၊ လက်ပံခြေပေါ်ရွာမှ ဖြစ်ပါသည်။ သူ၏မိဘ များသည် အလွန်ဆင်းရဲ မွဲချာသည်။ သုံးလွန်းတင်ထမင်းကိုပင် ဝလင်အောင်

www.burmeseclassic.com

www.burmeseclassic.com



စားရဖို့အတွက် ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ရှာဖွေရသည်ဟု ကိုထွန်းရှိန် ပြောပါသည်။ (သုံးလွန်းတင်ထမင်းမှာ ဆန်၊ ပဲ၊ ပြောင်းသုံးမျိုး ရောစပ်ချက် သောထမင်းဖြစ်၏။)

ကိုနိုင်မှာ ပခုက္ကူမြို့နယ်၊ မြင်းကျွန်းရွာမှဖြစ်ရာ ကျွန်တော်တို့ ထနောင်း ကုန်းရွာနှင့် တစ်မိုင်ခွဲခန့်ပဲ ဝေးပါသည်။ သူတို့နှစ်ဦးစလုံး ကျွန်တော့်ထက် အသက်ကြီးကြသော်လည်း စာပေဗဟုသုတ နည်းပါးကြသဖြင့် ကျွန်တော်သည် 'အနုတော လူချော' ဖြစ်ပါသည်။

အိပ်ရာဝင်သောအခါ ကျွန်တော်ဖတ်ဖူးသော ဝတ္ထုစာတ်လမ်းနှင့် ကျောင်းနေစဉ်က သင်ကြားခဲ့ရသော ဇနက္က၊ ဘူရိဒတ်၊ မဟောသဓာဇာတ်တော် ကြီးများကို ပြောပြသည့်အခါ သူတို့သည် စိတ်ပါဝင်စားကြသည်။ ကျွန်တော့် ကိုလည်း ခင်မင်ကြသည်။

မြင်းနိုင်ပြီး တစ်ပတ်ခန့်ကြာသောအခါ ထနောင်းကုန်းရွာမှ ဦးလူဆိုး ရောက်ရှိလာပါသည်။ ဦးလူဆိုးသည် ဘကြီး၏ဇနီး ဒေါ်လှအုံးမယ် ငွေတောင်းယူရန် လွှတ်လိုက်ခြင်းကြောင့် ရောက်ရှိလာခြင်း ဖြစ်ပါသည်။

ထနောင်းကုန်းရွာသည် အစုလေးစု ရှိပါသည်။ ငှစု၊ သပြေပင်ရှာ ဘုရားကြီးကုန်း၊ သရက်တောဟူ၍ ဖြစ်သည်။ ဦးလူဆိုးတို့အိမ်သည် ကျွန်တော် တို့အိမ်နှင့် တစ်စုတည်း၊ တစ်ရပ်တည်းဖြစ်၍ ကျွန်တော်နှင့် မခင်သိန်း အကြောင်းကို သိရှိနေသူ ဖြစ်ပါသည်။

လွန်ခဲ့သည့် နယုန်လက မခင်သိန်းသည် မိဘများ၏ သဘောတူညီချက် အရ မောင်တစ်ဝမ်းကွဲတော်သူ ကိုအုန်းတင်နှင့် မင်္ဂလာ ဆောင်ပါသည်။ ကိုအုန်းတင်သည် ဒေါ်ကြက်ရုံး၏အစ်မ ဒေါ်အိမ်မုန်းမှ မွေးဖွားသော ဦးဘသိန်း၏ညီအငယ်ဆုံးဖြစ်ပါသည်။ ရုပ်ရည်မလှပါ။ အသားညိုပြီး ခြောက်ခြောက်နှင့် စကားပြောလျှင် ထစ်ပါသည်။

ကျွန်တော်သည် မခင်သိန်း မင်္ဂလာဆောင်ခြင်းနှင့် ပတ်သက်၍ မည်သို့မျှ ခံစားချက်မရှိသော်လည်း သူ့ရည်းစား ရွှေပေးရှာသား ကိုသန်း ညားလိမ့်မည်ထင်နေရာ ကိုအုန်းတင်နှင့် ကြားရ၍ အံ့အားသင့်သွားပါသည်။

မခင်သိန်း၏မိဘများသည် သွေးသားတော်စပ်ခြင်းမရှိသော ကိုသန်း သဘောမတူဘဲ ကျွန်တော်နှင့် ပေးစားလိုသည့် စိတ်ဆန္ဒရှိကြသည်။ ဦးဘသိန်း ဒေါ်ပေါသယ်တို့လို မြို့တက်ပြီး အရောင်းအဝယ်လုပ်ငန်း လုပ်စေချင်



ကျွန်တော်ကလည်း မခင်သိန်းကို လိုချင်ပါသည်။ သို့သော် သူ့တွင် ရည်းစားရှိသည်ကို တပ်အပ်သေချာ မြင်တွေ့ပါလျက် ငန်းငန်းတက် ပိုးပန်း ခြင်း မပြုလုပ်လိုသည့်အပြင် သူများ၏အချစ်ရေးကို ဝင်ရောက်နှောင့်ယှက်ရာ ကျမည်ဖြစ်မည်စိုး၍ လက်မြှောက်ခဲ့သည်။ နောက်ဆုတ်ခဲ့သည်။

ကိုအုန်းတင်နှင့် မခင်သိန်းတို့ မင်္ဂလာမဆောင်မီ ဒေါ်အိမ်မုန်းနှင့် သားဦးဘသိန်းတို့သည် ကျွန်တော်၏ မကောင်းသတင်းများ လွှင့်ထုတ်ကြ သည်။ 'ကျွန်တော်သည် သူတို့ပိုင်ငွေများနှင့် လုံချည်အင်္ကျီများကို ခိုးယူသွား သူဖြစ်ကြောင်း၊ ဖဲရိုက်၊ အရက်သောက်သူဖြစ်၍ စာရိတ္တမကောင်းသူဖြစ် ကြောင်း' မခင်သိန်း၏ မိဘများ သဘောထား ပြောင်းလဲသွားစေလိုသည့် အတွက် ရစရာမရှိအောင် အပုပ်ချကြသည်။

အမေ့ကို မင်္ဂလာဆောင်ဖိတ်သည်။ အမေက သွားရောက်ခြင်းမပြုသည့် အပြင် 'ဒေါ်အိမ်မုန်းကို တစ်သက်အပြတ်'ဟု ပြောလိုက်ကြောင်း ဦးလူဆိုး က ပြောပြပါသည်။

အမှန်မှာ ကျွန်တော့်ကို အပုပ်ချခြင်းသည် သူတို့သား၊ သူတို့ညီကို မခင်သိန်းနှင့် အကြောင်းညီညွတ်စေလိုသောသဘောလည်း ဖြစ်နိုင်ပါသည်။ အမှန်ကိုပြောခြင်းဖြစ်၍ ကျွန်တော့်အနေဖြင့် ကြီးတော် ဒေါ်အိမ်မုန်းနှင့် သားကို ဦးဘသိန်းတို့ကို အပြစ်တင်လိုသည့်စိတ်ဆန္ဒ မရှိပါ။

ဦးလူဆိုး ပခုက္ကူပြန်သောအခါ ဦးဘသိန်း ဒေါ်ပေါသယ်တို့ထံမှ ကျွန်တော်ခိုးယူခဲ့သော ငွေနှစ်ဆယ်ကျပ်နှင့် လုံချည်အင်္ကျီဖိုးအတွက်ပါ ငွေ ...းဆယ်ကျပ်ပေးလိုက်ပါသည်။ ဦးဘသိန်းတို့ကိုပေးသော်လည်း ၎င်းငွေကို အမေရရှိသွားပါသည်။ အကြောင်းမှာ ဦးဘသိန်းက ခိုးမှုဖြင့် ကျွန်တော့်ကို ...တ်တိုင်မည်ဆို၍ အမေသည် ရှိစုမဲ့စုကိုထုခွဲကာ ငွေနှစ်ဆယ်ကျပ်နှင့် ...ချည်အင်္ကျီတန်ဖိုးကိုပေးပြီးဖြစ်နေခြင်းကြောင့် အမေရရှိခြင်းဖြစ်ပါသည်။ ...အကြောင်းကို ကျွန်တော် ရွာပြန်ရောက်မှ သိရပါသည်။)

ကျွန်တော့်လက်ဝယ်တွင် ငွေ တစ်ရာ့တစ်ဆယ်ကျပ်ကျော်ခန့်ရှိသဖြင့် ...ကူးတစ်ခု ပေါ်ပေါက်လာသည်။ ရွာပြန်သွားပြီး မအေးယုကို စေ့စပ်ကြောင်း ...မ်းလိုသည့်စိတ် ဖြစ်ပေါ်လာပါသည်။ မအေးယုနှင့် ခွဲခွာလာခဲ့သည်မှာ ...နှစ်ကျော်ပြီဖြစ်၍ အပျိုစင်ဘဝနှင့်ပင် ရှိပါဦးမည်လား။ စာအဆက်အသွယ် ...၍ မသိရ။ သို့သော် မအေးယုမှာလိုက်သော စကားတစ်ခုရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင့်မိဘ လူကြီးတွေကိုခေါ်လာပြီး စေ့စပ်တောင်းရမ်းပါ။ အဖော သဘောမတူရင် မင့်နောက်ကို ငါလိုက်မယ်။ ဒီကိစ္စကို အချိန်ဆွဲမနေနှင့် လူကြီးတွေက ဥမကွဲသိုက်မပျက် စိန်ဖူးနှင့်ပေးစားဖို့ စီစဉ်နေကြတယ်" ဟု မအေးယုက ပြောဖူးသည်ကို ပြန်လည်ကြားယောင်နေသည့်အတွက် ရှာပြီး သွားဖို့ မသွားဖို့ဆိုသည့်ပြဿနာကို ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ဘဲ ရှိနေသည်။

ထိုအချိန်တွင် ကိုစိန်ဖူးထံမှ ပေးစာရောက်ရှိလာပါသည်။

စာမှာ ရင်ပူစရာဖြစ်သည်။ လူကြီးများ၏ စီစဉ်ချက်အရ သူသည် မအေးယုနှင့် မင်္ဂလာဆောင်လိုက်ပြီဖြစ်ကြောင်း၊ မင်္ဂလာမဆောင်မီ မအေးယု သည် လူကြီးမိဘတွေ၏ စီစဉ်မှုကို လက်မခံဘဲ ငြင်းဆန်နေသေးကြောင်း ယင်းကိစ္စအတွက် မောင်အုံးဖေထံ စာပေးလိုသော်လည်း ဘယ်မှာနေသည်ဆိုသည် ကိုမသိ၍ မပေးနိုင်ခဲ့ကြောင်း၊ မောင်အုံးဖေထံမှပေးစာရမှ အလုပ်အကိုင် အကြောင်းနှင့် နေရပ်လိပ်စာတို့ကိုသိရ၍ စာပေးခြင်းဖြစ်ကြောင်း၊ စာဖတ်ပြီး စိတ်မကောင်းဖြစ်မည်ဆိုသည်ကို သိပါကြောင်း စာတွင် ပါရှိသည်။

မအေးယုသည် လူကြီးများ၏ စီမံမှုကို လက်မခံဘဲ ငြင်းဆန်နေသည်မှာ ကျွန်တော့်ကို စောင့်မျှော်နေခြင်းဖြစ်ဟန် ရှိပါသည်။

သူက မေတ္တာစစ်မေတ္တာမှန်နှင့် ချစ်ခဲ့ရိုးမှန်သော်လည်း ကျွန်တော်သည် မခင်သိန်းနှင့် တွေ့သောအခါ သာရာနားခဲ့သည်။ 'ငါးစိမ်းမြင် ငါးကင်ပစ်' ခဲ့သည်။ မအေးယုအပေါ် သစ္စာဖောက်ခဲ့သည်။

'ဘယ်သူမပြု မိမိမှု'ဆိုသလို ယခုတော့ ကိုယ့်အပြစ်ဒဏ်ကို ကိုယ်ခံရပေပြီ။ ချစ်သူနှစ်ဦးစလုံး လက်လွတ်ဆုံးရှုံးခဲ့ရသည့်အတွက် မြင်းမိုရ်လို ဝမ်းသာပျော်ရွှင်နေသော စိတ်အာရုံသည် ယခုအခါ ပျောက်လွင့်သွားကာ ပျင်းရိငြီးငွေ့ဖွယ်ရာ ဖြစ်နေပါသည်။

ဦးလူဆိုးပြန်သွားပြီးနောက် ရက်မကြာပါ။ ဒေါ်လှအုံးမယ် (မိသားစု) ရောက်ရှိလာကြပါသည်။ သားဦးစံမင်းနှင့် ဇနီး မည်ပုံ၊ သမီး မအေးမိ အပြင် ဦးကျော်သောင်၏ နှမဝမ်းကွဲ ဒေါ်ခုံးတို့ဖြစ်ကြ၏။ အမျိုးသမီးများ ရောက်လာ၍ အိမ်မှာ သာသာယာယာ ဖြစ်နေသည့်အပြင် ဟင်းလျာများ လည်း ဖွယ်ဖွယ်ရာရာ စားသောက်ရ၍ ကျွန်တော်တို့မှာ ဝမ်းသာနေကြပါသည်။



မအေးမိသည် အသက် ဆယ့်ငါးနှစ်အရွယ် ဆံတောက်ကလေးနှင့်ဖြစ်၏။ အသားဖြူသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံ လှသည်။ အရပ်မှာ သွယ်လျလျ ဖြစ်၍ ရုပ်ရည်လှပသူဟု ဆိုနိုင်ပါသည်။ နှမနှစ်ဝမ်းကွဲတော်သူဖြစ်သော်လည်း ယခင်ကမတွေ့ဖူး၊ မမြင်ဖူးပါ။ ဖူးပွင့်စဖြစ်၍ သူ၏မျက်နှာသည် ကြည်လင် ရွှန်းမြနေသည်။

စိတ်သည် အာရုံကို ခံစားတတ်သလို ပြောင်းလဲမှုလည်း အလွန်မြန် ပါသည်။ လူ၏ခန္ဓာကိုယ်ကို ဖမ်းဆီးချုပ်နှောင်ထားနိုင်သော်လည်း စိတ်ကိုမူ မည်သူမျှ ဖမ်းဆီးချုပ်နှောင်ခြင်း မပြုလုပ်နိုင်ပါ။ စိတ်သည် တဒင်္ဂ၊ တစ် ခဏအချိန်အတွင်း မိုင်ပေါင်းသန်းချီ၍ ရောက်သွားနိုင်သည်။ သိပ္ပံဆရာတို့က စိတ်အာရုံကလွှဲလျှင် အလင်းရောင်သည် အမြန်ဆုံးဖြစ်သည်ဟု ဆိုကြသည်။ (အလင်းရောင် အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၁၈၆၂၀၀ မိုင် ဖြစ်သည်။)

ကျွန်တော်၏စိတ်သည် အာရုံတစ်ခုသို့ ပြောင်းလဲသွားပါသည်။ ၎င်း အာရုံမှာ 'မအေးမိ' ဖြစ်ပါသည်။ ကျွန်တော်သည် မအေးမိ၏ ကြည်လင်ရွှန်းမြ နေသော မျက်နှာလေးကို တိတ်တခိုး ကြည့်မိပါသည်။ မအေးမိအကြည့် နှင့် တစ်ခါတစ်ရံ ဆုံမိသဖြင့် သူ့အပေါ်တွင် ကျွန်တော် စိတ်ဝင်စားနေသည် ကို သူသိမည် ထင်ပါသည်။ ချစ်သူနှစ်ဦး လက်လွှတ်ဆုံးရှုံးခဲ့ရ၍ ဘဝကို အလိုမကျဖြစ်ကာ ပျင်းရိငြီးငွေ့နေစဉ် မအေးမိရုပါရုံက ကျွန်တော့်စိတ်ကို တက်ကြွ ပျော်ရွှင်လာအောင် အားသစ်လောင်းပေးသလို ဖြစ်ရှိနေသည်။

'ရုပါရုံသည် နွားလားဥသဘထက် ဆွဲအားကောင်းသည်' ဆိုကြ သည်။ မှန်ပါသည်။ မအေးမိ၏ နုပျိုရွှင်လန်းသော ရုပါရုံသည် မအေးယု၊ မခင်သိန်းတို့ထက် ဆွဲအားကောင်းပါသည်။ အကြောင်းမှာ တစ်အိမ်တည်း အတူနေရခြင်းကြောင့် ဖြစ်သည်ဟု ထင်ပါသည်။

တစ်နေ့တွင် ဦးစံမင်းက သူမအားရ၍ သူ့အမေတို့ကို 'ရွှေတိဂုံဘုရား' နှင့် 'တိရစ္ဆာန်ရုံ'သို့ လိုက်လံပို့ဆောင်ပေးရန် ကျွန်တော့်ကို ပြောပါသည်။ ကျွန်တော်သည် ဘကြီးဦးကျော်သောင် ရုမ်းပြည်နယ်မှ ပြန်မလာမီ ဦးအဆို ဆောင်းပြီး ရွှေတိဂုံဘုရားနှင့် တိရစ္ဆာန်ရုံတို့ကို ရောက်ဖူးပါသည်။)

မအေးမိနှင့်အတူသွားရမည်ဖြစ်၍ 'ရေငတ်နေသူ ရေတွင်းတူးကျ' ဆိုသလို ဝမ်းသာသွားပါသည်။ နေ့လယ်စာထမင်းစားပြီး ဘုရားသို့ သွားကြပါသည်။

www.burmeseclassic.com



ကားမှတ်တိုင်တွင် ကားစောင့်နေကြစဉ် မအေးမိ ဝတ်စားဆင်ယင်မှုကို တစ်ခေတစ်စောင်း ကြည့်ရှုမိပါသည်။

ခင်းမယ်လုံချည်စိမ်းနုရောင်နှင့် ရာဇာအင်္ကျီအဖြူ လက်ရှည်ကို ဝတ်ထားသည်။ မျက်နှာကို သနပ်ခါးနှင့် ပေါင်ဒါ ရောစပ်လိမ်းထားသည်။ မအေးမိ၏ ဝတ်စားဆင်ယင်မှုမှာ မြို့ဂိုက်လည်းမကျ၊ တောဂိုက်လည်းမကျ၊ စကောစကာ ဖြစ်သည်။ လက်တွင် ကြံဆစ်လက်ကောက်တစ်ရန် ဝတ်ထားပြီး အမ်စီဆွဲကြိုးမှာ ရွှေဒင်္ဂါးပြား ဆွဲထားသည်။

ကျွန်တော်က ကားပေါ်တွင် ခါးပိုက်နှိုက်တတ်သည်။ ဂရုစိုက်ရန် ပြောသောအခါ–

"ဒီလိုဆို ကျွန်မ မဝတ်ချင်တော့ဘူး။ ကိုအုံးဖေပဲ ယူထားပါ"ဟု လက်ကောက်ကိုဖြုတ်ပြီး–

"လက်ကောက်က အရေးမကြီးဘူး။ ဆွဲကြိုးကို ဂရုစိုက်ဖို့ပြောတာ"

"ဒါဖြင့် ဆွဲကြိုးကို ကိုအုံးဖေ ယူထားပါလား"

"မယူပါဘူးဟာ၊ ဝတ်ပါ။ ငါလည်း နင့်ကို ဂရုစိုက်ပါ့မယ်"

ရွှေတိဂုံဘုရား ရောက်သောအခါ ပန်း၊ ရေချမ်းများကပ်လှူပြီး လှည့်ပတ် ကြည့်ရှုကြပါသည်။

ထို့နောက် တောင်ဘက်စောင်းတန်းမှ ဆင်းလာခဲ့ကြပြီး စောင်းတန်း ထိပ်တွင် ခာတ်ရထားရပ်လျက်ရှိသည်။

"ဒါက ဘာလဲ"ဟု ဒေါ်ဒုံးက မေးသဖြင့်–

"ခာတ်ရထား၊ ပိုက်ဆံပေးပြီးစီးရတာ"

"ငါတို့ ခာတ်ရထားစီးရမှာလား"

"မစီးရဘူး။ တိရစ္ဆာန်ရုံ ကို ခြေကျင်သွားရမှာပဲ"ဟုပြောလျက် ဘုရား တောင်ဘက်လမ်းမှ တိရစ္ဆာန်ရုံဆီသို့ လာခဲ့ကြပါသည်။

တိရစ္ဆာန်ရုံကို တောင်ဘက်အပေါက်မှ ဝင်ခဲ့ကြသည်။ လူတစ်ဦး ဝင်ခတစ်မတ် ပေးရသည်။ အဝင်ပေါက်၏ အရှေ့ဘက်တွင် လှုဝံအိမ်ရှိ မျက်နှာစာဘက်တွင် သံတိုင်များ ကာရံထားပါသည်။ လှုဝံ၏အရပ်အမြင့် လေးပေခန့်ရှိပြီး တုတ်ခိုင်သည်။ အမွေးအမျှင်များက တစ်ကိုယ်လုံး ဖုံး နေရာ ခြေသလုံး၊ ပေါင်လုံးနှင့် လက်မောင်း၊ လက်ဖျံတို့မှာ ကြီးမားထွားကျိုင်း သည်။



လှုဝံသည် သံတိုင်အပြင်ဘက်ကို လက်ထုတ်၍ ကျွန်တော်တို့ကို လက်ဆွဲနှုတ်ဆက်ရန် ဟန်ပြင်ပါသည်။ လှုဝံစောင့်သူက လက်ဆွဲနှုတ်ဆက်နိုင် ကြောင်း ပြောသော်လည်း မဝံ့မရဲဖြစ်နေစဉ် မအေးမိက လက်ဆွဲခြင်းမပြုလုပ်ရန် အသံတိုးတိုးဖြင့် ပြောပါသည်။ ကျွန်တော်သည် နှုတ်ဆက်ရန်ဖြန့်ထားသော လှုဝံ၏လက်ထဲသို့ ပဲစေ့တစ်စေ့ ထည့်လိုက်သောအခါ ပဲစေ့ကလေးကို အကြိမ်ကြိမ် နမ်းရှုပ်ပြီးနောက် နဖူးပေါ်လက်တင်၍ ကျွန်တော့်ကို ဆလံပေး ပါသည်။

ထိုအချိန်တွင် နေ့လယ်စာကျွေးရန် ကုလားရောက်ရှိလာပါသည်။ ကုလားလက်ထဲတွင် မိုးကြိုးသီးတပ်ထားသော ကြာပွတ်တစ်ချောင်းနှင့် လက်ဆွဲခြင်းတစ်ခု ပါရှိ၏။ ကုလားသည် သော့လှပ်ပြီး လှုဝံအိမ်ထဲသို့ ဝင်လိုက်သည်။ လှုဝံမှာ စားပွဲခုအနားရှိ ကုလားထိုင်တွင် အခန့်သား ထိုင်လျက်ရှိ၏။ ကုလားက ပုလင်းနှင့်ထည့်ယူလာသော နွားနို့ကို ဖန်ခွက် ထဲထည့်ကာ စားပွဲပေါ်တင်ပေးလိုက်သည်။ ပေါင်မုန့်ထောပတ်သုတ် နှစ်ချပ်နှင့် ကြက်ဥပြုတ်နှစ်လုံးတို့ကို ပန်းကန်တစ်ချပ်စီနှင့်ထည့်ပြီး စားပွဲပေါ် တင်ပေး လိုက်သည့်တိုင်အောင် လှုဝံသည် ယူငင် စားသောက်ခြင်းမပြုပါ။ ဇွန်း၊ ခက်ရင်း၊ ဓားတို့ကို စားပွဲပေါ်တင်ပေးလိုက်တော့မှ ပေါင်မုန့်များကို ဓားနှင့် စိတ်ဖြာသလို ကြက်ဥများကိုလည်း ခွဲခြမ်းလိုက်ပါသည်။ ပေါင်မုန့်ကို ခက်ရင်း နှင့် ကော်ယူစားလိုက်၊ ကြက်ဥပြုတ်ကို မြို့လိုက်၊ နွားနို့ကိုသောက်လိုက်ဖြင့် သူ့အား ဝိုင်းအုံကြည့်နေကြသောလူများကို ဂိုက်ထုတ်ပြသကဲ့သို့ ဟန်နှင့်ပန်နှင့် စားသောက်နေပါသည်။

တိရစ္ဆာန်ရုံကို လာရောက်ကြည့်ရှုသူများပြားလှပါသည်။ မရောက်ဖူး မမြင်ဖူး၍ လာရောက်ကြည့်ရှုသူများနှင့် အဖန်းဖြေလိုသူများအပြင် လူငယ်စုံတွဲ များလည်း တွေ့ရှိရသည်။ တိရစ္ဆာန်ရုံသည် စုံတွဲများအတွက် မှိုခိုရာ အားထားရာ၊ လဲလျောင်းရာနေရာ ဖြစ်ပါသည်။ သစ်ပင်ခြုံဘောင်တွင်ထိုင်ပြီး သည်ပင်းဖက်ကာ ခါးဖက်ကာ အပြုံးပန်းဝေဆာနေကြသူများနှင့် ချိုတင်သော အင်များကို တမြုံ့မြုံ့စားလျက် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ကြည်နူးနေကြ သော စုံတွဲများကိုတွေ့ရ၍ အားကျသလိုဖြစ်မိသော်လည်း မအေးမိကမူ ရှက်၍လားမသိ မျက်နှာတစ်ဖက် လှည့်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အချစ်ဦးမအေးယုနှင့် အတူနေခဲ့ရသည်များကို စိတ်အာရုံတွင် ပြန်လည်မြင်ယောင်ကာ လွမ်းတသသ ဖြစ်နေပါသည်။ ယခုအချိန်တွင် မအေးယုသည် ကိုစိန်ဖူး၏ ရင်ခွင်ထဲသို့ ရောက်ရှိနေလေပြီတကား။

တိရစ္ဆာန်များကို လှည့်ပတ်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာလာခဲ့ကြပါသည်။

"ပိုက်ဆံတစ်မတ်နှင့် အကောင်မျိုးစုံတွေ့ရမြင်ရတာ တန်ပါသည်"ဟု ဒေါ်အုံးကပြောသည်။

"ကျွန်မကတော့ ငါးကလေးတွေပစ်ပေးလိုက်ရင် ခုန်ပြီးဖမ်းတဲ့အကောင်လေးတွေကို သဘောအကျဆုံးပဲ။ နာမည်မေ့နေတယ်။ ပြောပါဦးဟဲ့အုံးဖေ"

"ဖျံလို့ခေါ်တယ်"

"အေးဟုတ်တယ်။ မင့်စာအုပ်ထဲမှာ ဖျံအကြောင်းပါတယ်လေ"

ဒေါ်ညုပြောသည်ကို ကျွန်တော် သဘောမပေါက်ဘဲ ဖြစ်နေသည်။

"မင့်ခေါင်းအုံးအောက 'မြန်မာအကျိုးဆောင်'စာအုပ်တွေ့လို့ ငါယူဖတ်တယ်။ အဲဒီအထဲမှာ ဖျံနှစ်ကောင်ဟာ ငါးကြင်းတစ်ကောင်ရတော့ သူပိုရထိုက်တယ်၊ ငါပိုရထိုက်တယ်ဆိုပြီး အငြင်းအခုံဖြစ်နေကြတယ်။ ဒီအချိန်မှာ မြေခွေးတစ်ကောင် ရောက်ရှိလာပြီး သင်တို့ ဘာဖြစ်နေကြတာလဲလို့ မေးတယ်။ အဝေမတည့်ဘဲဖြစ်နေကြတဲ့အကြောင်းပြောတော့ မြေခွေးက သင်တို့သဘောတူရင် ငါ ညီမျှအောင် ခွဲပေးမယ်လို့ ပြောတယ်။ ဖျံနှစ်ကောင်ကလည်း ခွဲဝေပေးပါလို့ တရားသူကြီးအဖြစ် တင်မြှောက်လိုက်ကြတယ်။ မြေခွေးက ငါးကြင်းကို သုံးပိုင်း ကိုက်ဖြတ်လိုက်တယ်။ ရေတိမ်မှရတဲ့ဖျံကို အမြီးပိုင်း၊ ရေနက်ကရတဲ့ဖျံကို ခေါင်းပိုင်းပေးပြီး အလယ်ပိုင်းတစ်ပိုင်းလုံးကတော့ ငါတရားသူကြီးအတွက်လို့ပြောပြီး ကိုက်ချီပြေးသွားတယ်"ဟု ဒေါ်ညုက ပြောသည်။

"ညည်းက စာဖတ်ပြီး ရေရေလည်လည် ပြောတတ်တယ်။ ငါကတော့ မပြောတတ်ဘူး" ဟု ဒေါ်အုံးက ပြောသည်။

"ညံပုက စာလည်းဖတ်တယ်။ ပြောလည်းပြောတတ်တယ်"ဟု ဒေါ်လှအုံးမယ်က ချွေးမကို ချီးကျူးပါသည်။ ကျွန်တော်တို့ အိမ်ပြန်ရောက်သောအခါ မြင်းများ 'ဂရောင်း'လှည့်ရန် လုပ်ကိုင်နေကြပါသည်။ ဆရာဘုန်းကြီးက (မြင်းဆိုက်)အလုပ်ကို ဒုစရိုက်အလုပ်ဆိုပြီး မနှစ်မြို့က်သော်လည်း



ကျွန်တော်သည် မြင်းဆိုက်အလုပ်ဖြင့် ပျော်မွေ့နေပါသည်။ အခြားအကြောင်းများကြောင့် မဟုတ်ဘဲ မအေးမိနှင့် တစ်အိမ်တည်းအတူနေရခြင်းကြောင့် ဖြစ်ပါသည်။ မြင်းနိုင်လျှင် ရွာပြန်မည် ရည်ရွယ်ထားကြသော ဒေါ်လှအုံးမယ်တို့သည် နိုင်နိုးနိုင်နိုးဖြင့် စောင့်ဆိုင်းခဲ့ရာ မြင်းကွင်းပိတ်ခါနီးသည့်တိုင်အောင် မြင်းတစ်ကောင်မျှမနိုင်၍ မပြန်နိုင်ဘဲရှိနေပါသည်။ ဘကြီးအားထားသော 'ကြည်မောင်'မှာ တာထွက်နောက်ကျ၍ တတိယရခဲ့သည်။ ငွေကြေးမရှုံးသော်လည်း ထင်တိုင်းမပေါက်ခဲ့။ မြင်းပိုင်ရှင်မှာ ပခုက္ကူမြို့ တပ်ကြားရပ်နေ ဦးဘရေ' ဖြစ်သည်။ သုံးလက်မ ဒုတိယတန်း 'မြသိန်းတင်'ကို အသေအချာနိုင်ထွက်ခဲ့သော်လည်း နှာတစ်ဖျား၊ ခေါင်းတစ်လုံးနှင့် ကပ်ရှုံးသဖြင့် တတိယဆုပဲရရှိသည်။ ငွေကြေးမရှုံးသော်လည်း မျှော်မှန်းသလို အကျိုးမခံစားရပေ။

'မြသိန်းတင်'သည် ရန်ကုန်မြို့ ၁၃ လမ်းနေ ဦးဘသိုက်၊ ဒေါ်အုန်းကြည်တို့၏ မြင်း ဖြစ်သည်။ သူတို့သည် ဆန်စက်ရှိသည်။ သင်္ဘောရှိသည်။ ချမ်းသာသည်။ တစ်ပတ်တစ်ခါလောက် ကားကလေးဖြင့် လာတတ်သည်။ သဘောကောင်းသော ဝါရောင်မြင်းမကလေးကို ကျောပွတ်၊ ခေါင်းပွတ်ဖြင့် 'သမီး'၊ 'သမီး'ဟု ခေါ်လေ့ခေါ်ထရှိသည်။ မြင်းမကလေးကလည်း သူတို့လာလျှင် ရွှင်မြူးနေသည်။ သူတို့မှာ သားသမီးမထွန်းကား၍ မြင်းမကလေးကိုပဲ ချစ်ခင်နေကြသည်။ မြင်းဆိုက် 'ကျောက်ထီး'ကိုလည်း တစ်ခါတစ်ရံ တစ်ကျပ် နှစ်ကျပ် ပေးခဲ့သည်။

ကျွန်တော်သည် 'ပန်နီထဲကရတဲ့ရေ ပန်နီထဲသွားတာပဲ'ဆိုသော နွားနို့သည်ကုလားကြီးပြောသလို မြင်းနိုင်၍ရသောငွေများ မြင်းရှုံး၍ ကုန်လေပြီ။

စာတိုက်အပ်ထားရန် အကြံပေးသော ဦးထွန်းမြိုင်၏စကားကို နားမထောင်ခဲ့ခြင်းသည် အမှားကြီးတစ်ခု ဖြစ်သည်။ ကျွန်တော်ကဲ့သို့ပင် ဆေးဆရာကြီးဦးစုလည်း ရှုံးပါသည်။ မြင်းဆေးကု၍ရသောငွေများကို စုဆောင်းမထားဘဲ မြင်းလောင်းခဲ့သည်။ 'သမင်မွေးရင်း ကျားစားရင်း'ဆိုသလို ဖြစ်နေသည်။ ဆရာကြီးသည် အလုပ်အကိုင် အဆင်မပြေ၍ မန္တလေးသို့ ပြန်သွားပါသည်။ ကျွန်တော်က ဘူတာရုံထိ လိုက်လံပို့ဆောင်ပေးပါသည်။

"လောင်းကစားတဲ့အလုပ်ဟာ မကောင်းဘူး။ မြင်းမလောင်းဘဲ ဆေးကုလို့ရတဲ့ငွေကို စုဆောင်းထားမယ်ဆိုရင် ငွေတစ်ထောင်ကျော်၊ ထောင့်ငါးရာရပြီး အိမ်ပြန်နိုင်တယ်။ အခုတော့ စရိတ်ကိုတောင် ဦးကျော်သောင်က ပေးလို့ ပြန်နိုင်တာ။ လောင်းကစားတဲ့အလုပ်ကို မလုပ်တာဟာ အကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ”ဟု ဆရာကြီးသည် နောက်တရသည့်စကားမျိုး ပြောရာသည်။ ကျွန်တော် ကိုလည်း မြင်းမလောင်းရန် ပြောသည့်သဘောမျိုး၊ စေတနာမျိုး ဖြစ်ဟန်တူ ပါသည်။

တပေါင်းလရောက်သောအခါ မြင်းကွင်းပိတ်ပါသည်။ ထိုအခါ ရာသီဥတု အေးသော ရှမ်းပြည်နယ် ကလောမြို့နှင့် သီပေါမြို့များတွင် မြင်းပွဲပြုလုပ် သည်။ ၎င်းမြင်းပွဲသို့ ပထမတန်းမြင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုကြ ကြပါ။ ဆုချီးမြှင့်ငွေနည်း၍ကား မသိပါ။

တစ်နေ့တွင် ဘကြီးက ‘သူနှင့်အတူ ရှမ်းပြည်နယ်ကိုလိုက်မည်လား ရန်ကုန်မှာပဲ နေရစ်မည်လား’ဟု ကျွန်တော့်ကိုမေးပါသည်။ ‘ဘကြီးခေါ်လျှင် လည်း လိုက်မည်။ ထားခဲ့လျှင်လည်း နေရစ်မည်’ဟု ပြောလိုက်ပါသည်။

“ဒီလိုဆို ရန်ကုန်မှာ နေရစ်ပါကွာ”

“ဟုတ်ကဲ့ပါ”

ကျွန်တော်ဝမ်းသာသွားပါသည်။ ရန်ကုန်မှာနေရလျှင် ကိုယ်နေချင်သလို လွတ်လပ်စွာနေရမည်။ ရှမ်းပြည်နယ်လိုက်သွားလျှင် ဘကြီး၏ တင်းကြပ်သော အုပ်ထိန်းမှုအောက်တွင် ပျင်းရိငြီးငွေ့ဖွယ်ရာ နေရမည်ဖြစ်သည်။

ဘကြီးသည် အာကာညွန့်အပါအဝင် မြင်းငါးကောင်ကို မီးရထားနှင့် တင်ယူသွားပါသည်။ (မြင်းဆိုက်) မြင်းထိန်းများမှာ ဦးခ၊ ကိုထွန်းနှင့် ကိုနိုင်နှင့် ကုလားနှစ်ဦးတို့ ဖြစ်ကြပါသည်။ ကျွန်တော်သည် ရန်ကုန်မှာနေခဲ့ရ ဝမ်းသာသော်လည်း ကြည်မောင်ကို ကိုင်တွယ်ရမည်။ ထိန်းကျောင်းရမည် ကြောက်ရွံ့ကာ စိတ်ပူပန်နေပါသည်။

‘ကြည်မောင်သည် ဉာဉ်မကောင်းပါ။ လစ်လျှင်ကိုက်ချင်သည်။ ကန်ချင် သည်။ ဒေါသထွက်လျှင် ပတတ်ရပ်ပြီး ရှေ့ခွာနှင့်လူကို ခုတ်တတ်သည်’ဟု ဦးခက သတိပေးခဲ့သည်။ ကြည်မောင်ကို ‘ကျွန်တော် မကိုင်ဝံ့ဘူး’ဟု ဦးခကို ရန်ကုန်ထားခဲ့ပြီး ကျွန်တော် ရှမ်းပြည်လိုက်ရမည်ဖြစ်သည်။ သို့ ဘကြီးက ကြည်မောင်ကို ဂရုစိုက်ကိုင်ရန် ပြောသော်အခါ ‘စိတ်ချ အာမခံတာ ခံလိုက်ပါသည်။

ဘကြီး ရှမ်းပြည်ထွက်သွားပြီး နှစ်ရက်ခန့်အကြာတွင် ဒေါ်လှ ပခုက္ကူပြန်ကြပါသည်။ ဘုတာရုံသို့ ကျွန်တော် လိုက်လံပို့ဆောင် ထိုခေတ်က ရထားလက်မှတ်များ မှောင်ခိုရောင်းဝယ်ခြင်းမရှိသဖြင့်



ခြင်း ခြ လက်မှတ်ငါးစောင်ကို လွယ်လွယ်ကူကူ ဝယ်ယူရရှိခဲ့ပါ၏။ တွဲပေါ်မှ ဆင်း အောက်ဆင်းသွားခိုက် မအေးမိက ‘အခန်းထဲတွင် ဘဲဥများနှင့် ခြောက်၊ ငါးသေတ္တာဘူးများ ဝယ်ထားခဲ့သည်’ဟု ပြောပါသည်။

“အဖေက အပြင်ထွက်လည်တာ မကြိုက်ဘူးနော်။ မလည်နှင့်”ဟု လည်း ပြောပါသည်။ မအေးမိ၏ လုပ်ရပ်နှင့်အပြောမှာ ကျွန်တော့်အပေါ် တွေ စေတနာရှိသည့်သဘောမျိုးဖြစ်ပါသည်။ ကျွန်တော် ချက်ပြုတ်စားရန် အတွက် ဝယ်ခြမ်းပေးခဲ့သည့်အပြင် အပြင်သို့ ထွက်မလည်ရန်လည်း မှာပါသည်။

“အေးပါဟာ။ ငါမလည်ပါဘူး။ လည်လို့လည်း မဖြစ်ဘူး။ ကုလား မြင်းက ရှိသေးတယ်”

မအေးမိသည် ကျွန်တော်ပြောသည်ကို သဘောကျ၍လားမသိ ပြုံးနေ သည်။ သူနှင့်ကျွန်တော် တစ်ကြိမ်တစ်ခါမျှ ချစ်စကား၊ ကြိုက်စကား ပြောဖူးခဲ့ကြပါ။ မျက်စိဖြင့်သာ နှစ်သက်လိုလားသည့် အမူအရာမျိုး ပြခဲ့ကြ သည်။

မီးရထားကြီးထွက်သွားသည်။ မအေးမိသည် ပြတင်းပေါက်မှ ခေါင်းပြူ ကာ သွဲ့ပျောင်းနွဲ့နှောင်းသော လက်ချောင်းကလေးများနှင့် ဝေ့ရမ်းကာ ကျွန်တော့်ကို နှုတ်ဆက်ပါသည်။ ကျွန်တော်ကလည်း သူ့ကို လက်များ ရမ်းပြနေစဉ်မှာပင် မီးရထားတွဲများသည် ကွေ့ကောက်ပျောက်ကွယ်သွား သည်။ စိတ်ထဲတွင် အမည်မဖော်ပြတတ်သည့် ဝေဒနာတစ်မျိုး ခံစားရပါသည်။

ကျွန်တော် အိမ်ပြန်ရောက်သောအခါ မြင်းများ ‘ဂရောင်း’လှည့်နေ ပါပြီ။ ကြည်မောင်သည် အခြားမြင်းများ ‘ဂရောင်း’လှည့်ပတ်နေကြသည် ကြည့်ပြီး ‘တဟီဟီ’ ဖြစ်နေသည်။ သူလည်း ကျဉ်းမြောင်းသော မြင်း ဇောင်းထဲတွင်နေရ၍ အပြင်ကိုထွက်ချင်ပေလိမ့်မည်။ ဂရောင်းလှည့်ပတ်လို ပေလိမ့်မည်။ ကျွန်တော်သည် ကြည်မောင်ကို ပါးချပ်နှင့်နှုတ်ခွံ့တပ်ပြီး အားသိုင်းကြိုးသိုင်းလိုက်သည်။ ဦးခက သတိပေးထား၍ အထူးဂရုစိုက်ရသည်။ ဂရောင်းပတ်ပြီးလျှင် မြင်းကို ချေးသုတ်ရသည်။ နှိပ်ပေးရသည်။ ဘရပ်(ရှ်)ဖြင့် တိုက်ရသည်။ မြင်းချေးမြင်းသေးများကို သန့်ရှင်းရသည်။ နောက်ဆုံး မှာ မြင်းစာကို အချိုးကျရောစပ်ကျွေးရသည်။ နံနက်နှင့်ညနေ နှစ်ကြိမ် ပေးရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ထဲတွင် ဘကြီးပေးခဲ့သော ငွေကြေးအနည်းငယ်ရှိသည်။ လူငယ်သဘာဝ ရုပ်ရှင်ကြည့်ချင်သည်။ ဟိုသွားချင်၊ သည်သွားချင်၊ လှည့်လည် သွားလာချင်သော၊ လေလွင့်လိုသောစိတ်များ ဖြစ်ပေါ်လာသည်။ လွတ်လပ်ခြင်း သည် စိတ်ချမ်းသာပျော်ရွှင်မှုရှိသည် မှန်သော်လည်း အသိပညာမဲ့သူ (ဝါ) ဆင်ခြင်တုံတရားမရှိသူများအတွက် ပျက်စီးတတ်လေသည်။ မြန်မာ နယ်ပယ်တွင် 'အကွပ်မဲ့ကြမ်း ပရမ်းပတာ'ဟု အဆိုရှိသည်။ အကွပ်မရှိသော ဝါးကြမ်းသည် ကစဉ့်ကရဲ ဖရိုဖရဲဖြစ်တတ်လေသည်။

ကျွန်တော့်ကို အုပ်ချုပ်မည့်သူ၊ ထိန်းသိမ်းကြီးကြပ်မည့်သူ မရှိ အလျောက် ရုပ်ရှင်ရုံကို ရောက်သည်။ သို့မဟုတ် ဖဲဝိုင်းရောက်သည်။ သို့မဟုတ် မရောက်ဖူး၊ မမြင်ဖူးသော နေရာဒေသများကို သွားရောက်သည်။ သို့မဟုတ် လက်ဖက်ရည်ဆိုင်ထိုင် လေကန်သည်။ ကြည်မောင်ကို မြင်းဇောင်း မှ မထုတ်ဘဲ ထားခဲ့သည်မှာ နှစ်ရက်ကြာပြီဖြစ်သည်။

နေ့လယ် ထမင်းစားပြီးချိန်တွင် ဘဘကြီးက ကျွန်တော့်ကို ပြော သည်။

"ကြည်မောင်ကို ဂရောင်းပတ်ပေးဖို့ကောင်းကြောင်း၊ မပတ် အဖိုးတန်မြင်း ပျက်စီးသွားနိုင်ကြောင်း၊ ကြည်မောင်သည် အခြားမြင်း ဂရောင်းပတ်နေသည်ကိုကြည့်ပြီး 'တဟီဟီ'နှင့် ဆူညံနေကြောင်း၊ တစ်ခါ ကာရံထားသော သစ်သားတန်းများကို နောက်ခြေဖြင့် တဒုံးဒုံး ကန် နေကြောင်း၊ သူတို့လည်း ကြည်မောင်ကို မကိုင်ရဲ၍ သည်အတိုင်း နေရကြောင်း ပြောပါသည်။

ဘဘကြီးသည် ကျွန်တော့်ကို ခင်မင်သည်။ ဘကြီး၏တူတော် လေးစားမှုလည်းရှိပါသည်။ ဆိုက်ကုလားများသည် သူတို့ထက် အသက်ကြီး ငယ်သည်ကို ပဓာနမထားဘဲ သူတို့အပေါ် အုပ်ချုပ်သူ၊ ဆရာ 'ဘာဘာ'ဟု ခေါ်ကြပါသည်။ ကုလားလို 'အစ်ကို'ဖြစ်ပါသည်။ ဘာဘာ သည် ဆိုက်ကုလားများထဲတွင် အသက်အကြီးဆုံး၊ အလုပ် အရှိသေဆုံးဖြစ်၍ မြင်းဆိုက်လုပ်ငန်းတွင် သူသည် ခေါင်းဆောင်ဖြစ် ယခုလို ပြောဆိုခြင်းမှာလည်း သူ့အကျိုးစီးပွားအတွက် မဟုတ်ဘဲ ကြည်မောင် အတွက် သို့မဟုတ် ကျွန်တော့်အတွက်။



ကျွန်တော်သည် ကြည်မောင်ကို ပါးချပ်စွပ်ပြီး ဂရောင်းအတွင်းသို့ ဆွဲယူလာခဲ့ပါသည်။ ပါးချပ်ဖြုတ်ပြီး ဂရောင်းအတွင်း လွှတ်လိုက်သောအခါ ကြည်မောင်သည် ကျဉ်းမြောင်းသော မြင်းဇောင်းထဲ၌ နှစ်ရက်လုံးလုံး နေခဲ့ရ၍ ညှောင်းညာနေသည့်အတွက် ဂရောင်းထဲတွင် 'တဟီဟီ' အော်မြည်ကာ လှည့်ပတ်ပြေးနေပါသည်။

တပေါင်းလဖြစ်၍ နေကပူပြင်းသည်။ အချိန်က နေ့လယ်တစ်နာရီခန့် ဖြစ်၍ ကြည်မောင်တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေသည်။

"အုံးဖေ၊ မင့်မြင်းဖမ်းပါတော့ကွာ။ ချွေးတွေလည်း ရွှဲနေပြီ။ ငါ့မြင်းလည်း ဂရောင်းထဲ လွှတ်ချင်လို့ပါ"

ဦးထွန်းမြိုင်က ပြောပါသည်။ ဂရောင်းမှာ ကျွန်တော်တို့ရော သူတို့ပါ နှစ်ဦးအသုံးပြုနေသော 'ဂရောင်း' ဖြစ်ပါသည်။

"ဟုတ်ကဲ့ပါ"ဟုပြောပြီး ဂရောင်းတံခါးတိုင်တွင် ချိတ်ထားသော ပါးချပ်နှင့်ကြိုးကိုယူ၍ ဂရောင်းအတွင်းဝင်ကာ–

"ကြည်မောင် အောင်းနာ၊ အောင်းနာ"

ကုလားလို 'လာ လာ'ဟု ခေါ်လိုက်ပါသည်။ ကြည်မောင်သည် 'တဟီဟီ' အော်မြည်ကာ အမြီးထောင် ပြေးလာပါသည်။ ကျွန်တော့်အနီး ရောက်သောအခါ ပါးချပ်ထဲသို့ နှုတ်သီးစွပ်ရမည့်အစား ကျွန်တော့်ရင်ဘတ်ကို ဆွဲကိုက်လိုက်ပါသည်။ ရင်ဘတ်မှာ မာကြောသောနေရာဖြစ်၍ သွားများ ဖြင့် မကိုက်မိဘဲ နှုတ်ခမ်းဖြင့်သာ ကိုက်မိပါသည်။ ကြည်မောင်သည် ဂရောင်းထဲသို့ ပြေးလွှားမြူးတူးနေပါသည်။ ကျွန်တော်သည် ကျီစားသည် ဟုမှတ်ကာ–

"ကြည်မောင်၊ အောင်းနာ၊ အောင်းနာ"ဟု နောက်ထပ် ခေါ်လိုက်ပါသည်။

ကြည်မောင်သည် အမြီးထောင်လျက် အားနှင့်မာန်နှင့် ပြေးလွှားလာပြီး ကျွန်တော့်ကို ကိုယ်လုံးတိုက်လှဲလိုက်ပါသည်။ ကျွန်တော်လဲကျသွားပါသည်။ ထိုအခိုက် ကြည်မောင်သည် 'အီအီ'အော်ပြီး နောက်ခြေထောက်နှစ်ချောင်းနှင့် 'ဒိုးခနဲ' 'ဒိုးခနဲ' တအားကန်ပါသည်။ မြင်းခွာများမှာ ခေါင်းပေါ်မှ လက် အပ် တစ်မိုက်ခန့် ကျော်သွားသည်။

"အုံးဖေ၊ လိမ့်ထွက် လိမ့်ထွက်"

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမြိုင်၏ အော်သံကို ကြားရပါသည်။ ဂရောင်းဝါးတန်းအောက်မှ အပြင်သို့ လိမ့်ထွက်လိုက်ပါသည်။ ကြည်မောင်သည် ကျွန်တော့်ကို မြင်၍ ဒေါသထွက်ကာ ပတပ်ရပ်ပြီး ရှေ့ခြေနှစ်ချောင်းကို 'တခွပ်ခွပ်' ရိုက်ခတ်နေပါသည်။ သွားများကိုလည်း 'တကျစ်ကျစ်' ကြိတ်နေသည်။ ဦးထွန်းမြိုင် ကျွန်တော့်အနီးသို့ ရောက်ရှိလာပါသည်။

"ရင်ဘတ် မြင်းကိုက်တာ ဘယ်လိုနေသလဲ"ဟု မေးပါသည်။

"သွားနှင့်မကိုက်မိ၍ ဘာမျှမဖြစ်ပါ"ဟု ပြောလိုက်ပါသည်။

"မင်းကံကောင်းတယ်။ ခေါင်းကိုသာ နောက်ခွာနှစ်လုံးနှင့် ကန်မိရင် ပွဲချင်းပြီးသေနိုင်တယ်။ ကြည်မောင်ကို မင်းမဖမ်းနှင့်။ မြင်းက မင်းကို မုန်းနေတယ်။ အခြားကုလားတစ်ဦးကို အဖမ်းခိုင်းလိုက်ပေါ့"ဟု ပြောပါသည်။

ကျွန်တော်သည် ပါးချပ်နှင့်ကြိုးကို ယူဆောင်ကာ မြင်းဇောင်းက ပြန်လာရင်း 'မည်သူ့ကို အဖမ်းခိုင်းရလျှင် ကောင်းမည်လဲ'ဟု စဉ်းစားပါသည်။

မြင်းဇောင်းရောက်သောအခါ ဘာဘူကြီးနှင့် ကျောက်ထီးတို့နှစ်ဦး အုန်းဆံခုတင်ပေါ်တွင် အိပ်ပျော်နေကြသည်ကို တွေ့ရပါသည်။

ဘာဘူကြီးနှိုးရမည်ကို အားနာသည်။ အသက်အရွယ်ကြီး၍လည်း မခိုင်းချင်ပါ။

"ကျောက်ထီး ဥထောင်း၊ ဥထောင်း"

ကုလားလို 'ထ ထ'ဟု နှိုးလိုက်ပါသည်။ ကျောက်ထီး၏ အကျီ လက်ကွက်တိမှာ ကုလားသကြီန်ရက်ဖြစ်၍ ပန်းဆီများ ရဲနေပါသည်။ ကျောက်ထီးသည် ငုတ်တုတ်ထိုင်ကာ–

"ကျား ဘာဘာ" (ကုလားလို 'ဘာလဲအစ်ကို')

"ငါ ဈေးဆိုင်သွားချင်လို့၊ ကြည်မောင်ကိုဖမ်းပြီး ဇောင်းထဲသွင်းထားလိုက်"ဟုပြောရင်း ပါးချပ်နှင့်ကြိုးကို ပေးလိုက်ပါသည်။ ကျောက်ထီးသည် မျက်ချေးများကို လက်ဖြင့်ဖယ်ရှားရင်း–

"အခြား ဘာဘာ" (ကုလားလို 'ကောင်းပြီအစ်ကို')ဟု ပြောပါသည်။

ကျောက်ထီးသည် လူကောင်ထွားကျိုင်းခြင်းမရှိသော်လည်း အရပ်ရှည်သည်။ အသက်သုံးဆယ်အရွယ်ခန့်ဖြစ်မည်။ သူကိုင်ရသော မြင်းမဏိ 'မြသိန်းတင်'သည် ဉာဏ်ကောင်းသဖြင့် ကျောက်ထီးက ချစ်သည်။ ဂရောင်းသည်။ ဂရောင်းပတ်သည့်အခါ မြင်းက အရပ်ပုပြီး သူ့အရပ်ကရှည်သော



အတွက် မြင်းကျောကုန်းပေါ် တစ်ဝက်လောက် ပေါ်နေသည်။ ကြည့်ရမြင်ရသည်မှာ မလိုက်ဖက်။

ကျွန်တော်သည် အခြေအနေကိုသိလို၍ ခြံဝိုင်းတံခါးမှ မသိမသာ ကြည့်နေပါသည်။

"ကျောက်ထီးသည် ပါးချပ်ကိုကိုင်ဆောင်ကာ ဂရောင်းအတွင်း သို့ ရောက်သွားပါသည်။

"ကြည်မောင်၊ အောင်းနာ အောင်းနာ"ဟု ခေါ်လိုက်ပါသည်။

ကြည်မောင်သည် အမြီးထောင်ပြီး ကဆုန်ပေါက်ပြေးလာပါသည်။ အနီးသို့ ရောက်သောအခါ ကျောက်ထီးပေါင်ကို တအားကိုက်လိုက်ပါသည်။

ထို့နောက် 'အီအီ'ဟု အော်မြည်ကာ ခုန်ပေါက်ပြေးသွားပါသည်။

'အဘား'ဟု အော်လိုက်သော ကျောက်ထီး၏အသံမှာ ထိတ်လန့်ဖွယ်ရာပင် ဖြစ်သည်။ အော်သံကြောင့် ကုလားများ ပြေးလာကြသည်။ အနောက်ဘက် 'မပါရာ' မြင်းဇောင်းမှ ကုလားများလည်း ပါ၏။ ကျွန်တော်သည် ဈေးဝယ်ရန် အကြောင်းမရှိဘဲနှင့် ဈေးဆိုင်သို့ သွားပါသည်။ ဈေးဆိုင်မှာ ဘတ်ဆီဆိုင် အရှေ့ဘက် ကတ္တရာလမ်းတောင်ဘက်၌ ဖြစ်၏။ ဈေးဆိုင် ရောက်ပြီး ဝယ်မလိုလုပ်ကာ ပြန်လာခဲ့သည်။

ကျွန်တော် ခြံဝိုင်းထဲရောက်သောအခါ ကျောက်ထီးသည် 'ဂရောင်း' အပြင်ဘက် မရမ်းပင်အောက် ရောက်ရှိနေသည်။ ဝိုင်းအုံပြုစုနေကြသော ကုလားများ၏ အသံဗလံများမှာ ပွက်လောရိုက်နေသည်။

"ကုလားသိုက် ကျားကိုက်"ဟု အဆိုရှိသည် မဟုတ်ပါလား။

"ကျားဟဲ ကျားဟဲ"

(ကုလားလို ဘာဖြစ်တာလဲ)ဟု မေးလိုက်သည်။

"ကျောက်ထီးကို ကြည်မောင်ကိုက်လို့ သေတော့မယ်"ဟု ကုလားတစ်ဦးက ပြောသည်။

ကျောက်ထီးသည် မျက်ရည်တရွှဲရွှဲနှင့် ငိုရှိုက်ကာ "သူ သေရတော့မည်။ ပြန်မရောက်တော့ဘူး"ဟုပြောကာ ချုံးပွဲချ ငိုပါသည်။

ကျွန်တော်သည် မြင်းကိုက်သည့်ဒဏ်ရာကို ကြည့်လိုက်ပါသည်။ ဒဏ်ရာမှာ တစ်သျှူခန့် ရှည်လျားသော်လည်း အပေါ်ယံအရေပြားခွဲသာဖြစ်၍ စိုးရိမ်ဖွယ်ရာ မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ကုလားများသည် ဒဏ်ရာကိုမကြည့်ဘဲ ကျောက်ထီး၏အင်္ကျီနှင့် ဒိုတီကို ကြည့်ပြီး အကြီးအကျယ် ထင်မှတ်ကာ ပြောနေကြခြင်း ဖြစ်သည်။ အင်္ကျီနှင့် ဒိုတီမှာ ပန်းဆီများရော သွေးများပါ ခြင်းခြင်းနီနေသည်။

ကျောက်ထီးက ဆေးရုံတက်လိုသည်။ ဒဏ်ရာကစိုးရိမ်ဖွယ်ရာ မရှိသည့် တစ်ကြောင်း၊ ဆေးရုံတက်ခဲ့သော် အစောင့်တစ်ဦး ထည့်ရဦးမည်။ 'ရှင်နည်းရာ အဂ္ဂလူထွက်' ဆိုသလို မြင်းဆိုက်မြင်းထိန်းမသည့်သူလို နေသည်။ ပြီးတော့ အရေးအကြီးဆုံးက ပိုက်ဆံ။ ကျောက်ထီးပေးရန် ပိုက်ဆံက မရှိဖြစ်နေသဖြင့် အနီးတွင်ရှိသော ဦးထွန်းမြိုင်ကို ဆေးရုံမတက်ဖြစ်အောင်ပြောပေးဖို့ အကူအညီ တောင်းရပါသည်။

ဦးထွန်းမြိုင်သည် ကုလားလို ရေလည်စွာ ပြောတတ်သည်။ ကျောက်ထီး ဆေးရုံမတက်ဖြစ်အောင် အမျိုးမျိုး လှည့်ပတ်ပြောရာ နောက်ဆုံးတွင် ကျောက်ထီး ဆေးရုံတက်လိုကြောင်း မပြောတော့ပါ။

ကျောက်ထီးကို တွဲထူပြီး မြင်းဖောင်းအိပ်ရာခုတင်သို့ ပို့လိုက်ပါသည်။

တစ်ကိုယ်လုံး ပေကျံနေသော ပန်းဆီများနှင့် သွေးများကို ရေနွေးဖတ်နှင့် ပွတ်တိုက်ပေးပါသည်။

"အနာကို ဘာမျှမလုပ်နှင့်။ ညနေ ထမင်းစားပြီးလျှင် သူဌေးဦးဘသိုက်ထံသွားပြီး လိမ်းဆေးစားဆေးများ တောင်းပေးမည်"ဟု ပြောထားပါသည်။

အရေးကြီးဆုံးကိစ္စတစ်ခု ကျန်ရှိနေပါသည်။

ယင်းကိစ္စမှာ ကြည်မောင်ကို ဖမ်းဆီးဖို့ဖြစ်ပါသည်။

○ ○ ○

## ထမင်းနှစ်ပြားဖိုး ဟင်းနှစ်ပြားဖိုး

ကြည်မောင်ဖမ်းဆီးရမည်ကို ကျားမြီးဆွဲရမည်ကဲ့သို့ ကြောက်ရွံ့နေကြပါသည်။ ကျွန်တော်လည်း မဖမ်းဝံ့။ ကုလားများကတော့ ဝေးပါလေရော။ ကျွန်တော်သည် ဦးထွန်းမြိုင်ကို တိုင်ပင်ပါသည်။ သူသည် ကျွန်တော့်ထက် အသက်ရင့်သည်။ အတွေ့အကြုံရှိသည်။

"ဒီလိုလုပ်ရအောင် ငါ့မှာ ကြိုးရှိတယ်။ အဲဒီကြိုးနှင့် ကြည်မောင်လည်ပင်းကိုပတ်ပြီး မရမ်းပင်နှင့် ယှက်တိုက်ဆွဲမယ်။ နောက် နှုတ်ခမ်းကို င်လိမ်နှင့်လိမ်ပြီး မြင်းဖောင်းထဲ သွင်းလိုက်တာပေါ့ကွာ"

www.burmeseclassic.com



ဖမ်းရမည်ကို ကြောက်ရွံ့သော်လည်း ဤကိစ္စတွင် ကျွန်တော်တာဝန်
အရှိဆုံးဖြစ်နေသဖြင့် အရဲစွန့်ရပါမည်။ ပြီးတော့ ကျွန်တော်တစ်ဦးတည်း
ဖမ်းရှိလည်းမဖြစ်။ မည်သူ့ကို အဖော်အဖြစ် ခေါ်ရမည်ကို စဉ်းစားကြည့်မိ
သည်။ တွေ့ပါပြီ။ သူသည် အသက်အငယ်ဆုံး ဆိုက်ကုလားလေးဖြစ်သည်။
သူ့ကို ကျွန်တော်တို့က 'ချွတ်ကုလား'ဟု ခေါ်ကြသည်။ နာမည်ကိုတော့
မသိပါ။ လူငယ်၏သဘာဝသည် စွန့်စားချင်သည်။ အစွမ်းပြချင်သည်။
ထင်ပေါ် ကျော်ကြားချင်သည်။ ကျွန်တော်ကလည်း 'မကြောက်နှင့်'ဟု အား
ပေးပါသည်။

သို့ဖြင့် ကျွန်တော်တို့နှစ်ဦးသည် ကြာပွတ်တစ်ချောင်းစီ ကိုင်ဆောင်
ပြီး ဂရောင်းထဲ ဝင်ရောက်သွားသော်လည်း ကြည့်မောင့်အနီး မကပ်ဝံ့ကြပါ။
ကြည်မောင်သည် ကျွန်တော်တို့ အရိပ်အခြေကိုကြည့်နေသလို ကျွန်တော်
ကလည်း သူ့ကို အကဲခတ်နေပါသည်။ အလစ်ပေး၍ မဖြစ်ပါ။ 'ကျားနှင့်ဆင်
လယ်ပြင်တွေ့သလို' ဖြစ်နေသည်။ ဂရောင်းဝမှ ဦးထွန်းမြိုင်ကလည်း ဂရုစိုက်
ဖမ်းရန် သတိပေးလျက်ရှိနေပါသည်။ ကျွန်တော်သည် ချွတ်ကုလားနှင့်တိုင်ပင်
၍ ယူဆောင်လာသောကြိုးဖြင့် ပစ်ပြီး လည်ပင်းကို ရစ်ပတ်လိုက်ပါသည်။

ထို့နောက် ဂရောင်းဝရှိ မရမ်းပင်နှင့် ယှတ်တိုက်ဆွဲယူပါသည်။
ကြည်မောင်သည် ချွေးများထွက်ပြီး မောပန်းနေသဖြင့် ရုန်းကန်ငြင်းဆန်ခြင်း
မပြုနိုင်တော့ပါ။ တဖြည်းဖြည်း ဂရောင်းဝသို့ ခေါင်းစိုက်လာသောအခါ
အထက်နှုတ်ခမ်းကို နှုတ်လိမ်နှင့် လိမ်လိုက်ပါသည်။ နှုတ်လိမ်ဆိုသည်မှာ
လုံးပတ် နှစ်လက်မ၊ အလျားရှစ်လက်မခန့်ရှိသော သစ်သားထိပ်ဖျား
အပေါက်ဖောက်ထားသည်။ ၎င်းအပေါက်ထဲသို့ မြင်းမြီးကြိုးကွင်းတပ်ထားသည်။
ကြိုးကွင်းနှင့် အထက်နှုတ်ခမ်းကို ရစ်ပတ်လိုက်သောအခါ မြင်းသည် နာကျင်
သဖြင့် မည်သို့မျှ မလှုပ်ရှားနိုင်တော့ပါ။ နှုတ်လိမ်ကို 'ငယ်နိုင်'ဟုလည်း ခေါ်
ကြပါသည်။ မည်မျှကြီးမားသော 'ဂရေဗင်' မြင်းကြီးဖြစ်စေကာမူ နှုတ်လိမ်
ဖြင့် လိမ်လိုက်လျှင် လူကို မည်သို့မျှ အန္တရာယ် မပြုနိုင်တော့ပါ။

ကြည်မောင်ကို မြင်းဇောင်းသို့ နှုတ်လိမ်ဖြင့် ဆွဲခေါ်လာခဲ့သည်။ ...
အခန်းထဲသို့သွတ်၍ သူပြန်မထွက်နိုင်အောင် တံခါးတုံးများကို သပ်လိုက်...
ပါသည်။ ဤနေ့မှစ၍ ကြည်မောင်သည် အသက်မသေသော်လည်း ဘဝ...
ပါသည်။



ကျောက်ထီးကိုင်သော 'မြသိန်းတင်'ကို ကျွန်တော်ကပင် ဂရောင်းပတ်
...ရပါသည်။ မြင်းမကလေးသည် ဉာဉ်ကောင်းသလို ချစ်စရာ ကောင်းလှ
...သည်။ 'သည်လိုမြင်းမကလေးကို ကိုင်တွယ်ရလျှင် မည်မျှကောင်းပါမည်နည်း'
...စိတ်ထဲတွေးမိပါသည်။ ထမင်းစားပြီး ၁၃-လမ်း၊ ဦးဘသိုက်တို့တိုက်ကို
...ပါသည်။ ကျွန်တော့်ကိုမြင်တော့ အံ့အားသင့်သလို ကြည့်နေကြပါသည်။
...တို့သည် ကျွန်တော့်အမည်ကို မသိသော်လည်း လူကိုတော့မြင်ဖူး၍ သိနေကြပါ
သည်။ ကျွန်တော်က အကျိုးအကြောင်းပြောပြပြီး အနာလိမ်းဆေးနှင့် စားဆေး
... လိုအပ်နေကြောင်း ပြောပါသည်။

သူတို့၏ဆန်စက်ကူလီ (အလုပ်သမားများ)အတွက် ဝယ်ယူထားသော
...များရှိသဖြင့် အလွယ်တကူပင် ပေးလိုက်ပါသည်။ သူတို့မြင်းမကလေး
...သည်း ဂရုစိုက်ပြုစု လုပ်ကိုင်ပေးပါရန် ပြောပါသည်။ ကျွန်တော်ကလည်း
...ချပါ'ဟုပြော၍ ပြန်ရန်ထလိုက်ပါသည်။ ဦးဘသိုက်က 'ခဏနေပါဦး'
...ပြောကာ အခန်းထဲဝင်သွားပါသည်။ ထွက်လာသောအခါ ကျွန်တော့်ကို
...ငါးသုံးကျပ်ပေး၍ ဝမ်းသာသွားပါသည်။

အိမ်ပြန်ရောက်သောအခါ ကျောက်ထီးအနာကို ဆေးထည့်ပြီး
...တီးစီးပေးလိုက်ပါသည်။ စားဆေးကိုလည်း တစ်နေ့သုံးကြိမ်စားရန် ပြောခဲ့
...သည်။ ကြည်မောင်ကို မြင်းစာကျွေး၊ ရေတိုက်ရုံမှအပ ဘာမျှမလုပ်ဝံ့ကြပါ။
...အလုပ်ကို ဘဘူကြီးက တာဝန်ယူထားပါသည်။ ကျွန်တော့်အလုပ်က
...သိန်းတင်'ကို ထိန်းကျောင်းရေးနှင့် ကျောက်ထီးအနာကို ဆေးထည့်ပေး
...သည်။ အနာမှာ အပေါ်အရေပြားမျှသာ ဖြစ်၍ ပျောက်သလောက်နီးနီး
...၏။ သူ့ထမင်းသူချက်စားနိုင်သည့်အခြေအနေ ရောက်ရှိနေပါပြီ။

ဦးဘသိုက်ပေးလိုက်သောငွေဖြင့် ဘဲခြံသွား၍ ဘဲဥတစ်ကျပ်ဖိုး ဝယ်ယူ
...သည်။ ဘဲဥအလုံး ခြောက်ဆယ်ရရှိပါသည်။ ထိုခေတ်က ငွေကြေးစနစ်မှာ
...ကျပ်လျှင် ခြောက်ဆယ့်လေးပြားဖြစ်၏။ ဘဲဥတစ်လုံး တစ်ပြားသာသာပဲ
...ပါသည်။ ၎င်းဘဲဥအကြောင်းကို ပြောလိုပါသည်။ ဘဲဥများကို အနေအထိ
...ခန်းရှိ ဆန်တောင်းထဲတွင် ထည့်ထားသည်။ ကျွန်တော်နေထိုင်သည်မှာ
...ဘက်ခန်းဖြစ်၏။ အိမ်မှာ ပျဉ်ခင်းပျဉ်ကာဖြစ်သည်။ နေ့ဖယ်နေ့ခင်း
... ပုလွန်း၍ ဂုန်နီခေါက်စင်နှင့် အိပ်ရသည်။ တစ်နေ့ နေ့လယ်တွင်
...င်ပေါ် တုံးလုံးလှဲပြီး စာဖတ်နေစဉ် အိမ်အောက်ရှိ ချွေးပေါက်စကလေး

www.burmeseclassic.com

www.burmeseclassic.com



များ ဆုဆုညံညံ ကြား၍ ကြမ်းပေါက်မှ အောက်သို့ကြည့်လိုက်သည်။ ကလေးများ အလုအယက် မြေကြီးကို ယက်နေကြသည်။

ထိုအခိုက် အနောက်ဘက်ခန်းမှ ခွေးခြေသံလိုလို ကြားရသည်။ ဆောာ်သည် အခြေအနေကိုသိလို၍ ငြိမ်သက်စွာဖြင့် ခွေးကလေးများကို နေသည်။ မကြာမီ ခွေးမကြီးသည် ဘဲဥကို ပါးစပ်ဖြင့် ငုံယူလာပြီး ပေါ်ကိုချလိုက်ရာ 'ခွပ်ခနဲ' ကွဲသွားသည်။ ခွေးကလေးများ အလုအ ယက်ကြပြန်သည်။ အနီးတွင် ဘဲဥခွံတွေကလည်း တစ်ပုံတစ်ပင်။

"ငါ့ဘဲဥတွေ ရှိမှရှိသေးရဲ့လား"

သွားရောက်ကြည့်ရာ တစ်ဝက်လောက်ပဲ ကျန်ရှိတော့သည်။ ခွေး နိုင်အောင် သတ္တုအိုးကြီးထဲထည့်ပြီး အဖုံးဖုံးကာ ကျောက်တုံးကျောက်ခဲ ဖိထားသည်။ ငါးရက်၊ ခြောက်ရက်ကြာသောအခါ ဘဲဥချဉ်ဟင်းစား သတ္တုအိုးကို လှပ်လိုက်၏။ ဘဲဥအားလုံး ညှိမည်းပြီး ပုပ်စော်နံနေသ ဘဲဥများကိုသွန်၍ အိုးကို ချွတ်တိုက်သော်လည်း အပုပ်နံ့က စွဲနေသည်

'မြသိန်းတင်'ကို ကျောက်ထီးထိန်းကျောင်းသောအခါ ကျွန်တော် အလုပ်မရှိသည့်အလျောက်၊ ရုပ်ရှင်ရုံရောက်သည်။ ဖဲဝိုင်းရောက်သည်။ ဟို သည်ရောက် လျှောက်လည်သည်။

တစ်ညတွင်ထူးဆန်းသော ကုလားတစ်ဦးကို တွေ့ရသည်။ ၎င်း ကန်တော်ကြီး ရေပြင်တွင် နာရီတစ်ရာ ကူးနေသူဖြစ်သည်။ သူ့ကို ကုန် မှ အငြိမ့်ဖြင့်ညှိခံရုံမျှမက ရေပေါ်တွင် မီးဆိုင်းများနှင့် သစ်ပင်များ ထွန်းညှိထားသော မီးသီးများဖြင့် ထိန်လင်းလျက်ရှိသည်။ သူ့တစ်ကိုယ် ကို အမဲဆီများ သုတ်လိမ်းထားသည်ဟု သိရသည်။ ဟုတ်ပေလိမ့် သူ၏မျက်နှာနှင့် လက်များသည် ပြောင်ချော်နေသည်။

ကျွန်တော်ရောက်သည့်အချိန်တွင် သူရေကူးနေသည်မှာ နာရီ ကျော်နေပါပြီ။

သူ့ကိုအားပေးသည့်အနေဖြင့် သူ့အနီးတွင် ရေကူးနေကြသူများ ရှိ၏။ အငြိမ့်မင်းသမီး သီချင်းဆိုပြီး ကကွက်ဆုံးသောအခါ သူက လက် ဩဘာပေးပါသည်။ သူ့ကို အချိန်ကိုက် ထမင်းနှင့် ကော်ဖီများ တိုက် ရ၏။ ကျွန်တော် ကြည့်ရှုနေစဉ်မှာပင် လှေကလေးဖြင့် ကော်ဖီပို့သွား လှေပေါ်မှ ကမ်းပေးသော ကော်ဖီပန်းကန်ကိုယူပြီး သောက်ပါသည်။



မျှ ပရိသတ်များပြားလှသည်။ လက်ဖက်ရည်ဆိုင်များ၊ မုန့်ဆိုင်များလည်း

ရုပ်ရှင်ကြည့်လိုက်၊ ပွဲကြည့်လိုက်၊ အငြိမ့်ကြည့်လိုက်၊ ဖဲရိုက်လိုက်ဖြင့် ထဲရှိငွေများ 'လူမိုက်နှင့်ငွေ အတူမနေ' ကုန်ပါလေပြီ။ ငွေရှိလျှင် ဘာ အလိုရှိတာ ရနိုင်သော၊ ပျော်ရွှင်ဖွယ်ရာကောင်းသော ရန်ကုန်မြို့ကြီး ငွေမရှိလျှင် နီကိုးဖွယ်ရာကင်းမဲ့သော သဲကန္တာရပင်။

ကျွန်တော်သည် 'အကြံကုန် ဂဠုန်ဆားချက်'ဆိုသလို ဘကြီး၏ အဆောင်ပစ္စည်းတချို့ကို ထုခွဲရောင်းချခဲ့ပါသည်။ ကုလားများကိုလည်း အရေးတစ်ခုအနေဖြင့် ပေးထားသော မြင်းစာထည့်သောအိတ်ခွံများကို မပေးဘဲ ရောင်းချသုံးစွဲခဲ့သည့်အတွက် ကုလားများကလည်း ကျွန်တော့်ကို နပ်ကြ။ အထူးသဖြင့် ကျွန်တော့်ကို ခင်မင်သော ဘာဘူကြီးကပင် လို မဟုတ်တော့။

ကျွန်တော်သည် ပျော်ရွှင်နေခြင်းအားဖြင့် အချိန်ကုန်၍ ကုန်မှန်းမသိခဲ့။ နေ့တွင် ဘကြီးရှမ်းပြည်နယ်မှ ပြန်လာပါသည်။ တော်ပါသေး၏။ ထို က ကျွန်တော် အိမ်မှာရှိနေ၍ ဖြစ်ပါသည်။ အထုပ်အပိုးများကို ပေါ် တင်ပေးသည့်တိုင်အောင် ဘကြီးသည် အိမ်ပေါ်သို့မတက်ဘဲ မြင်း င်းကို သွားရောက်ကြည့်ရှုပါသည်။ ဘကြီးသည် မြင်းသမားပီသပါသည်။ ကို အထူးဂရုစိုက်သည်။ မအိပ်ခင် ညစဉ်ညတိုင်း မြင်းများကို လှည့်ပတ် ည့်ရှုပြီးမှ အိပ်ရာဝင်ပါသည်။ ထိုအခါ မြင်းများက 'တဟီးဟီး'ဖြင့် အစာ င်းတတ်ကြသည်။ ပြောင်သလင်းခါနေသော စားကျင်းများထဲသို့ မြေစာ ခြောက်များထည့်ပေးလေ့ ရှိပါသည်။

"အုံးဖေ၊ ကြည်မောင် ဘယ်လိုဖြစ်တာလဲကွ"ဟု ကျွန်တော့်ကို မေး သည်။ မေးလည်း မေးထိုက်ပါ၏။ ကြည်မောင်မှာ တောရိုင်းမြင်းကဲ့သို့ ဆံမွေးများရှည်ပြီး မြင်းအနေအထားမှာ ပုံမှန်မဟုတ်ဘဲ ဖြစ်ရှိနေသည်။ ောင်းထဲမှာလည်း မြင်းချေးမြင်းသေးများ မြင်ရာမကောင်း စုပုံနေသည်။ တော်သည် ကိုယ့်လုပ်ရပ်က မှုမမှန်တော့ ကြောက်ကြောက်ဖြင့်ရှုနှင့်ဖင် ျိုးအကြောင်းရှင်းပြပြီး ကျောက်ထီးကိုခေါ်၍ သူ၏ပေါင်မှာ အမာရွတ်တို ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ငါ့ဆီကို ကြေးနန်းရိုက်ဖို့ ကောင်းတယ်။ အခု
ကြည်မောင်ဟာ သုံးမရအောင် ပျက်သွားပြီ။ ဘာရေတော့ ထမင်းငတ်တော့
ဘကြီးပြောတာ မှန်ပါသည်။ ကြေးနန်းရိုက်သင့်ပါသည်။ ရိုက်ခဲ့
ကျွန်တော်နှင့် ဦးခ လဲရမည်။ ကျွန်တော်သည် ရန်ကုန်မှာပဲ လွတ်လ
စည်းမဲ့ကမ်းမဲ့ နေချင်သည့်အတွက် ကြေးနန်းမရိုက်ခြင်း ဖြစ်ပါသည်။

ဘကြီးသည် ကုလားများနှင့်အတူနေသော်လည်း ကုလားစကား
တတ်ပါ။ ကုလားများက ကြည်မောင်ပျက်စီးရသည်မှာ ကျွန်တော့်ကြော
ဖြစ်ကြောင်း၊ မြင်းကို ဂရုမစိုက်ဘဲ မြို့ထဲသွားနေကြောင်း ကုလားလို
ကြပါသည်။

ဘကြီးသည် သူ့ကို ငွေတောင်းသည်ထင်ပြီး "ငါ့မှာ ပိုက်ဆံမရှိ
မင်းတို့စားစရာမရှိလျှင် 'မတ္တိစား၊ ပန်နီသောက်' (မြန်မာလို) 'မြေကြီး
ရေသောက်နေ'ဟု ပြောခြင်းဖြစ်ပါသည်။

ဘကြီးသည် ကျွန်တော်ပြောသည်ကိုသာသိရပြီး ကုလားများပြော
ကို မသိဘဲ နားမလည်ဘဲဖြစ်နေသည်။ ဘကြီးရောက်ရှိလာသည့်အချိန်
ကျွန်တော်သည် အပြင်သို့ လုံးဝမထွက်ဘဲ ကျိုးနွံစွာ နေထိုင်ခဲ့ပါသ
ဘကြီး နှစ်သက်တတ်သော ဟင်းလျာများကို ချက်ပြုတ်ကျွေးမွေးပါသ
နောက်ထပ် ထူးထူးထွေထွေ အပြစ်တင်စကား ပြောကြားခြင်းမရှိသော
ကျွန်တော်၏လုပ်ရပ်ကိုမူ နှစ်ခြိုက်ခြင်းရှိဟန် မတူပါ။

ငါးရက်ခန့်ကြာသောအခါ ဦးခတို့မြင်းများနှင့်အတူ ရောက်ရှိလာ
သည်။ ဦးခသည် ကုလားလို ရာဇဝင်ပြောနိုင်သူဖြစ်သည်။ ဦးခကို ကု
များက ကြည်မောင်ပျက်စီးရခြင်းမှာ ကျွန်တော်သည် မြင်းကိုဂရုမစိုက်
မြို့ထဲလျှောက်လည်နေခြင်းကြောင့် ဖြစ်ကြောင်း၊ သူတို့၏လခများကို
အကုန်မပေးဘဲ သုံးစွဲထားသဖြင့် အိန္ဒိယသို့ပင် ငွေမပို့နိုင်ကြောင်း၊ ကျွန်
မကောင်းသည့်အကြောင်းအရာအားလုံးကို ဝိုင်းအုံပြောကြပါသည်။

ဦးခသည် ဘကြီး၏လူယုံတော် မြင်းဆိုက်ဖြစ်သည်။ လုပ်ငန်း
ဦးစီးဦးကိုင် လုပ်ကိုင်သူလည်း ဖြစ်သည်။ ကျွန်တော်၏ လုပ်ရပ်
အပြစ်များကို ဦးခက ဘကြီးအား ပြောပြပါသည်။ အဆိုးဆုံးမှာ ပိုက်ဆံ
မြင်းဆေးနယ်သည့် ကြွေဇလုံကြီးနှင့် သတ္တုအိုးကြီးကို ကျွန်တော်
သုံးစွဲခဲ့ကြောင်း ဘကြီး သိရှိသွားခြင်းပင်။ ဘကြီးသည် ကျွန်တော့်လုပ်ရပ်



အကျင့်စာရိတ္တကို မကြိုက်သည့်အတွက် ကျွန်တော့်ကို အခေါ်အပြော မလုပ်
တော့ပါ။ ဘာကိုမျှလည်း မခိုင်းတော့ပါ။

ဤသို့ဖြင့် ဘကြီးမခေါ်မပြောသည်မှာ တစ်လမျှ ရှိသွားပါပြီ။ ကျွန်
တော်သည် 'ပေါက်တဲ့နဖူး မထူးတော့ပြီ' သဘောဖြင့် နေ့ရောညပါ အပြင်
ထွက်လည်ပါသည်။ တစ်ညတွင် ကျွန်တော်လည်ရာမှ အိမ်ပြန်လာပါသည်။
အချိန်မှာ ဆယ်နာရီထိုးပြီးချိန် ဖြစ်ပါသည်။

အိမ်ပေါ်တက်ရန် လှေကားခြေရင်း ရောက်သောအခါ လှေကားထိပ်မှ
ဘကြီးကရပ်လျက်–

"ဘယ်သူလဲ"ဟု မေးပါသည်။ အသံမှာ တိုပြတ်ပြတ်။

"ကျွန်တော် အုံးဖေပါ"

"မင်း ဘယ်သွားနေတာလဲ။ အခု ဘယ်အချိန်ရှိပြီလဲ"

"ကျွန်တော်အပြင်ထွက်လည်တာ အချိန်နည်းနည်း လွန်သွားပါတယ်
ဘကြီး"

"မင်းကို ငါမလိုချင်တော့ဘူး။ မင်းတစ်ယောက်ကြောင့် မြင်းဇောင်း
ရှိတဲ့လူတွေ ပျက်စီးကုန်တော့မယ်။ မင်းထွက်တော့"

"ဟုတ်ကဲ့ပါ"

ကျွန်တော် သည်မျှသာ ပြောနိုင်သည်။ မကျေနပ်၍ စောဒကတက်ရန်
သည်း မဖြစ်ပါ။ ချွတ်ကုလား ခုတင်သွား၍ ဖြစ်သလို တိုးတိုးဝှေ့ဝှေ့ အိပ်ရ
ပါသည်။ နောက်နေ့နံနက်လေးနာရီအချိန် ဘကြီးသည် မြင်းများကို သဲလမ်း
အပြေးလေ့ကျင့်ရန် ကျိုက္ကဆံကွင်းသို့ သွားပါသည်။

ထိုအချိန်တွင် အိမ်ပေါ်တက်ပြီး ရှိစုမဲ့စု အဝတ်အထည်များကို ထန်း
ခေါက်ဖာကလေးထဲထည့်ပြီး ခြံနံပါတ် ၁၇ မှ အပြီးထွက်ခွာလာခဲ့ပါသည်။

(ယခု အသက် ရှစ်ဆယ့်သုံးနှစ် ရှိပါပြီ။ ထိုနေရာသို့ တစ်ခေါက်တစ်ခါ
မျှ မရောက်တော့ပါ။)

ခြံချင်းကပ်လျက်ရှိသော 'မပါရာ' မြင်းဇောင်းသွားပါသည်။ ၎င်းမြင်း
ဇောင်းတွင် ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော ဂျော်ကီကိုဦးသာ ရှိပါသည်။
လုံချည်တစ်ပတ်ရစ် နှစ်ထည်ကို သူ့အားပေးပြီး ငွေတစ်ဆယ်ကျပ် ချေး
ပါရန် ပြောရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ"

"အကြီးက အလုပ်ထုတ်လိုက်ပြီ။ ကွမ်းယာရောင်းချင်လို့"

ကျွန်တော်သည် ဇဟန်းဈေးတွင် ကွမ်းယာရောင်းနေသော ဦးကျော်ဒွန်း၊ ဒေါ်ညွန့်တို့ကို 'ပခုံးလွယ်ရောင်းသောကွမ်းယာဗန်းတစ်ခုအတွက် ငွေမည်မျှ ကုန်ကျပါမည်နည်း'ဟု မေးမြန်းခဲ့ဖူးသည်။

"ရှား၊ ထုံးထည့်သောကြေးအိုးများနှင့် ပစ္စည်းကိရိယာ အစုံအလင်ဆိုလျှင် ခြောက်ကျပ်ခန့် ကုန်ကျမည်။ အကောင်းစားဆိုလျှင် ခုနစ်ကျပ်ခန့် ကုန်ကျမည် ဖြစ်ကြောင်း" ဦးကျော်ဒွန်းကပြော၍ ကွမ်းယာရောင်းရန် ငွေချေးခြင်းဖြစ်သည်။

"ငွေတစ်ဆယ်ကျပ် ချေးလိုက်မည်။ လုံချည်တွေကိုတော့ မထားခဲ့နှင့် မင်းပေးနိုင်တဲ့အခါ ပြန်ပေးပေါ့"

"လုံချည်တွေကို ယူထားလိုက်ပါ။ ပြန်မဆပ်နိုင်လျှင် မကောင်းလို့ပါ။ ပြီးတော့ အဲဒီဖာကလေးကိုလည်း ခင်ဗျားခုတင်အောက်မှာ ထားခဲ့ချင်ပါတယ်"

"သည်လိုဆို အဲဒီလုံချည်နှစ်ထည်ကိုလည်း ဖာထဲထည့်ထားခဲ့ပေါ့ကွာ"

ကျွန်တော်သည် ကိုဦးသာထံမှ ငွေတစ်ဆယ်ကျပ်ယူပြီး ဇဟန်းဈေးသို့ ထွက်လာခဲ့ပါသည်။ ထိုအချိန်က ဇဟန်းဈေးသည် ရွှေတိဂုံဘုရားခြေရင်း အရှေ့ဘက်စောင်းတန်းတွင် ဖြစ်၏။

ဦးကျော်ဒွန်း၊ ဒေါ်ညွန့်တို့နှင့် တွေ့သောအခါ ကွမ်းယာဗန်းနှင့် ပစ္စည်းကိရိယာ အစုံပြုလုပ်ပေးပါရန် ပြော၍ ငွေခုနစ်ကျပ်ပေးခဲ့ပါသည်။ သူတို့သည် ဇဟန်း၊ ဦးရွှေဖိုးခြံ၌ နေသည်ဟု ပြောပါသည်။ အိမ်ကိုတော့ မရောက်ဖူးပါ။

ကျွန်တော်သည် ကွမ်းယာရောင်းသူများကို ကွင်းဆင်းလေ့လာရန် သိမ်ကြီးဈေးသို့ ရွှေတိဂုံဘုရားတောင်ဘက် စောင်းတန်းထိပ်မှ ဓာတ်ရထားစီးခဲ့သည်။ ဓာတ်ရထားခမှာ နှစ်ပြားပေးရပါသည်။ သိမ်ကြီးဈေးကားဂိတ်တွင် ကွမ်းယာဗန်း ပခုံးလွယ်လျက် ရောင်းနေသူနှစ်ဦးနှင့် သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်းများကို လက်ပွေ့ကာ ဟစ်အော်ရောင်းချနေသူများကို တွေ့ရပါသည်။ သူတို့ကိုကြည့်ပြီး အားကျကာ ရောင်းချင်စိတ် ပြင်းပြလာပါသည်။ ဆရာ ဘုန်းတော်ကြီးက 'မြင်းဆိုက်'အလုပ်ကို ဒုစရိုက်အလုပ်ဟု အပြစ်တင်ခဲ့သည်။



ကွမ်းယာရောင်းသောအလုပ်သည် ကိုယ်ပိုင်အလုပ်ဖြစ်သည့်အပြင် သမ္မာအာဇီဝ ကောင်းရောင်းကောင်းဝယ် အလုပ်ဖြစ်၍ ကွမ်းယာဗန်းပခုံးမလွယ်မီကပင် ပျော်ရွှင်နေပါသည်။

အရေးကြီးသည်မှာ စားရေး၊ နေရေးဖြစ်၏။ စားရေးက ပိုက်ဆံရှိလျှင် ဟိုတယ်တက်စားနိုင်သည်။ နေရေးက စားရေးထက်ခက်ပါသည်။ 'လိုလျှင်ကြံဆ နည်းလမ်းရ' ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်းတွင် ဘုရားဖူး အဆင်း အတက်များ နားခိုရန် တန်းလျားများရှိသည်။ ထိုတန်းလျားများ၌ အိပ်စက် နေသူများကိုလည်း တွေ့ဖူးမြင်ဖူးသည်။ ထိုတန်းလျားများတွင် အိပ်ရန် ရည်ရွယ်ခဲ့သည်။

အခက်အခဲတစ်ခု ရှိပါသေးသည်။ ထိုအခက်အခဲမှာ ကွမ်းယာဗန်းထား ရှိဖြစ်သည်။ တန်းလျားအောက်၌ထားခဲ့သော် တစ်ဦးဦးတစ်ယောက်က စီးကရက် ဘူးများ၊ ကြေးအိုးများ ယူသွားခဲ့လျှင် မည်သို့လုပ်ရပါ့။ ဓာတ်ရထားပေါ်တွင် ဟိုတွေးသည်တွေးဖြင့် လိုက်ပါလာခဲ့သည်။

ဓာတ်ရထားသည် ဘုရားကြီးတောင်ဘက်စောင်းတန်းထိပ်၌ ဂိတ်ဆုံး ဖြစ်၏။ အချိန်မှာ ခြောက်နာရီခန့်ဖြစ်၍ ဆာလောင်မွတ်သိပ်နေသည်။ ဘုရားကြီးတောင်ဘက်ရှိ ထမင်းဆိုင်တွင် ထမင်းဝင်စားသည်။ အဝစား သုံးပဲဖြစ်သည်။

ထမင်းစားပြီးသော် ကုန်းတော်ပေါ်တက်၍ ဘုရားဖူးပါသည်။ အဆင်းတွင် တန်းလျားတစ်လုံးပေါ်သို့ တုံးလုံးလှဲလိုက်သည်။ တစ်နေကုန် သိမ်ကြီးဈေး ဓာတ်ဝန်းကျင်နှင့် ရပ်ရှင်ရုံများကို လှည့်လည်လေ့လာခဲ့ခြင်းကြောင့်တစ်ကြောင်း၊ ထမင်းစားပြီးစဖြစ်၍ ချက်ချင်းအိပ်ပျော်သွားပါသည်။ လင်းခါနီး လျှပ်စီးတွေ လက်ပြီး မိုးအပြင်းအထန် ရွာတော့မှ နိုးလာပါသည်။ နံနက်မိုးလင်းသော် ဇဟန်းဈေး ဦးကျော်ဒွန်းထံ သွားရောက်ပါသည်။ ဦးကျော်ဒွန်းသည် အသား ညိုညို၊ အသက်လေးဆယ်အရွယ်ခန့် ဖြစ်ပါသည်။ ကျွန်တော် သူ့ထံရောက်သွား တော့ သူက ကွမ်းယာဗန်းကို ပြပါသည်။

ကွမ်းယာဗန်းထဲတွင် ကွမ်း၊ ကွမ်းသီး၊ စီးကရက်များပါ ပစ္စည်းအပြည့်အစုံ တွေ့မြင်ရ၍ ဝမ်းသာသွားသည်။ ဦးကျော်ဒွန်းက ကွမ်းယာလုပ်နည်း၊ ထုံးပတ်နည်း၊ ကွမ်းသီးစိတ်သည်ကအစ သင်ပြပေးသည့်အပြင် ပိုသည့်ပိုက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



အကြွေများကို ပေးပါသည်။ ကျွန်တော်က မယူချင်၍ ငြင်းပယ်သော်လည်း အကြွေမပါလျှင် ကွမ်းယာရောင်းရာတွင် အခက်အခဲရှိနိုင်ကြောင်း ပြောသဖြင့် ယူခဲ့ပါသည်။

သိမ်ကြီးဈေးသို့ ဓာတ်ရထားနှင့် လိုက်ပါလာ၍ ရောင်းချရာ ဈေးဦးပေါက် စီးကရက်၊ ကွမ်းယာရောင်းရပါသည်။ အစကနဦး ရရှိသည့် ကြေးပြားနှင့် ကွမ်းယာဗန်းကိုခေါက်၍ 'နင့်အဖော် ထောင်ကျော်ရာကျော်ခေါ်'ဟု ပါးစပ်မှ အသံတိုးညှင်းစွာ ပြောပါသည်။

ကားဂိတ်ကိုအခြေခံပြီး သိမ်ကြီးဈေးတစ်ဝိုက်ကို လှည့်လည်ရောင်းချပါသည်။ ကွမ်းယာလုပ်ရာတွင် ကျွမ်းကျင်မှုမရှိသဖြင့် လက်များတွင် ထုံးရည်များရည်များ ပေကျံနေသည်။

"ကွမ်းယာ၊ စီးကရက်၊ ကွမ်းယာ၊ စီးကရက် လတ်လတ်ဆတ်ဆတ်ရမယ်"ဟု ပါးစပ်က မပြတ်ဟစ်အော်နေရသလို ကွမ်းယာဗန်းကိုလည်း အမြဲတမ်း လွယ်ထားရသည်။ ခါးညောင်း၍ ကွမ်းယာဗန်းကို ပလက်ဖောင်းပေါ်ချထားလိုသော်လည်း ကျီးကန်းလို မျက်စိလျင်သော မြူနီစီပယ် ပုလိပ်များကို ကြောက်ရသည်။ ချထားသည်ကို တွေ့မြင်သွားလျှင် ရှိခိုးဦးတင်အသနားခံ စေကာမူ ဥပဒေကျူးလွန်သည်ဆိုကာ ကွမ်းယာဗန်းကို မယူသွားပါသည်။ ဒဏ်ရိုက်ခံရသည်မှာ တစ်ကျပ်တစ်ပြား ဖြစ်သော်လည်း ကွမ်းယာဗန်းပြန်ပေးသောအခါ စီးကရက်ဘူးများနှင့် ဗိုလ်လသာဆေးပြင်းလိပ်ထုပ်များ မပါတော့ပါ"ဟု တွေ့ဖူးကြုံဖူးသော ရောင်းဖော်များက ပြောပြပါသည်။ "အကြံတူရန်သူ အလုပ်တူငြူစူ"ဟု အဆိုရှိသော်လည်း ဝမ်းရေးအတွက် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရှာဖွေရသော ဘဝတူချင်းဖြစ်၍ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကြသည်။ ကူညီကြသည်။ စောင့်ရှောက်ကြသည်။

ဆင်းရဲနွမ်းပါးသော လူတန်းစားများ၏ လူမှုဆက်ဆံရေးသည် အမှန်ဆိုရသော် လူကြီးလူကောင်း အမည်ခံနေကြသော ကုန်သည်ပွဲစား သူဌေးကြီးများထက်ပင် အချင်းချင်းအပေါ် သစ္စာရှိကြသည်။ ကတိတည်ကြသည်။ သူဌေးကြီးများလို အချင်းချင်း လက်ဆောင်ပေးခြင်း၊ ကျွေးမွေးဧည့်ခံခြင်း မပြုလုပ်နိုင်ကြသော်လည်း သူတို့တွင် ရှိသည့်အရာကိုတော့ ရက်ရောစွာ ပေးကမ်းကြသည်။ ကျွေးမွေးကြသည်။ ထိုအရာသည်ကား ရုပ်ဝတ္ထုပစ္စည်း မဟုတ်ပါ။ သူတို့၏မွန်မြတ်သော မေတ္တာစေတနာဖြင့် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းကြခြင်းပင်။



အင်္ဂလိပ်အစိုးရ၏ ဥပဒေစည်းမျဉ်းများက တင်းကြပ်လွန်းသည်။ ကွမ်းယာဗန်းများကို ပလက်ဖောင်းပေါ်ချခွင့်မပြုသကဲ့သို့ သရက်သီးရောင်းသူများကိုလည်း ခွင့်မပြုပါ။

ရှေ့တစ်ခြင်း၊ နောက်တစ်ခြင်း ထမ်းပိုးနှင့်ထမ်း၍ သရက်သီးရောင်းသူများမှာ ရှေ့ခြင်းဝယ်လျှင် ရှေ့ကိုကြည့်ရသလို နောက်ခြင်းဝယ်လျှင် သမင်လည်ပြန် ကြည့်ရပြန်သည်။ အဆိုးဆုံးမှာ မုန့်ဟင်းခါး အထမ်းငှားသိုက်သူဖြစ်သည်။ အထမ်းသမားသည် မီးသွေးဖိုပေါ်တွင်ပါသော မုန့်ဟင်းခါးအိုးနှင့် မုန့်ဖတ်တောင်းကို တစ်ဖက်တစ်ခုစီ ထမ်းပိုးလျှိုထမ်းရသည်။ ရောင်းသူကကိုင်ရပါသော ဘာလီပုံးထဲတွင် ပန်းကန်နှင့် ဇွန်းများထည့်ပြီး လက်က ဆွဲယူလာသည်။ မုန့်စားသူရှိလျှင် အထမ်းသမားက ဘာလီပုံးကို ဆွဲရပြန်သည်။ ရောင်းသူက မုန့်ပြင်ပေးသည်။ မုန့်စားသူများ မပြီးသေးသမျှ အထမ်းငှားသိုက်သူမှာ ပခုံးပေါ်မှ ထမ်းပိုးမချရ။

ထိုခေတ်က ဥပဒေစည်းမျဉ်းများ တင်းကြပ်လွန်း၍လား (သို့မဟုတ်) ပြည်သူတွေကပဲ အသိစိတ် ရှိကြ၍လားမသိ၊ လမ်းများမှာ အဖုအထစ်မရှိ။ အမှိုက်သရိုက် မရှိ။ ခြင်မရှိ၊ သန့်ရှင်းသာယာလှသည်။ အရှေ့တောင်အာရှတွင် အလှပဆုံး၊ အသာယာဆုံး မြို့တော်ဖြစ်သည်ဟု ပြောဆိုကြသည်။

စီးကရက်နှင့် ဆေးပြင်းလိပ်ထုပ်များက အမိုးတန်သော်လည်း အမြတ်အစွန်းနည်းသည်။ မြတ်သည်မှာ ကွမ်းယာဖြစ်သည်။ ပိုက်ဆံတစ်ပြားကို နှစ်ယာပေးရသည်။ လူကြီးများက တစ်ယာကို ပါးစပ်ထဲသွင်းပြီး ကျန်တစ်ယာကို ထွေးပြုပြတ်ပေးရသည်။ လူငယ်လူရွယ်များကတော့ တစ်ရာကိုပဲ ပါးစပ်ထဲသွင်းလိုက်သည်။ ကျန်သည့်ကွမ်းယာကို မယူလိုကြောင်း လက်ခါကာ ထွက်ခွာသွားပါသည်။

လူငယ်များကို ရောင်းရလေလေ၊ အမြတ်ရလေလေဖြစ်ခြင်းကြောင့် ကျွန်တော့်ထက် အသက်ငယ်သူဖြစ်လျှင် 'ညီလေး'၊ ကြီးသူဆိုလျှင် 'အစ်ကိုကြီး' ကွမ်းယာလတ်လတ်ဆတ်ဆတ်ရမယ်'ဟု ဖော်ရွေစွာ နှုတ်ဆက်ပါသည်။ 'လတ်လတ်ဆတ်ဆတ်' ဆိုသည်မှာ စက္ကူနှင့်ပတ်ထားခြင်းမဟုတ်ဘဲ ယခုလက်ငင်း ချက်ချင်း ယာပေးသောကွမ်းယာကို ဆိုလိုပါသည်။

နံနက်စာ ထမင်းကို ဆေးရုံကြီးအရှေ့တောင်ထောင့်ရှိ ထမင်းဆိုင်တွင် စားသည်။ ပထမ ထမင်းနှစ်ပြားဖိုး၊ ဟင်းနှစ်ပြားဖိုးဖြစ်သည်။ ဟင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အမဲသား၊ အမဲအူ၊ ဆိတ်သားနှင့် ငါးဟင်းများရပါသည်။ ထမင်းကို သံပန်းကန်ပြားထဲထည့်ပြီး စားလိုသည့်ဟင်းကို ထမင်းပေါ်ပုံပေးလိုက်သည်။ ထမင်းစားပွဲတွင် ငါးပိရည်ကျို့နှင့် ဖန်ခါးသီး၊ သခွားသီး၊ ဆလပ်ရွက် တို့စရာများရှိသည်။ ဟင်းချိုမှာ ဘူးသီး အရည်ကြဲဖြစ်၏။ ဗိုက်မဝသေးလျှင် နောက်ထပ် ထမင်းတစ်ပြားဖိုးနှင့် ဟင်းတစ်ပြားဖိုးဆိုလျှင် နံနက်စာ ပြီးပါလေရော။

ဝ ဝ ဝ

## အပေါင်ဆိုင်နှင့်ဖူးစာဆုံစဉ်က

ကိုယ်ပိုင်အလုပ်ဖြစ်၍ ပင်ပန်းသော်လည်း ပင်ပန်းမှန်းမသိ။ ကွမ်းယာရောင်းရသည့်ငွေများကို ရေတွက်ပြီး ပီတိဖြစ်နေသည်။ ကိုယ့်အတွက် သုံးမူး၊ တစ်ပဲ၊ ငါးမူးခန့် အမြတ်ရရှိမည်ဖြစ်၍ ဝမ်းသာပျော်ရွှင်နေသည်။ (ငါးမူးဆိုသည်မှာ ငွေဒင်္ဂါးတစ်ကျပ်၏ တစ်ဝက်ဖြစ်သည်။) ညနေ ဈေးပိတ်ချိန်တွင် ဓာတ်ရထားဖြင့် ဘုရားကြီးသို့ လိုက်လာခဲ့သည်။ ဓာတ်ရထားခ ကာမိအောင် ဓာတ်ရထားပေါ်၌ လှည့်လည်ရောင်းချခဲ့သည်။

ဘုရားကြီးသို့ ရောက်သောအခါ ညခြောက်နာရီခန့်ရှိပါပြီ။ ထမင်းဆာသဖြင့် ထမင်းဆိုင်ဝင်စားသည်။ ထမင်းဆိုင်မှာ နေ့လယ်နေ့ခင်းတွင် ဘုရားဖူးသူများ စားကြသည့်အတွက် ထိုအချိန်မှာ အစည်ကားဆုံးဖြစ်သည်။ ညနေပိုင်းဆိုလျှင် စားသူ နည်းသွားပေပြီ။ ပိုင်ရှင်အဒေါ်ကြီးသည် ထမင်းများ ဟင်းများ လိုသလောက် ထည့်ပေးပါသည်။ အလျင်နေ့က လာစား၍ မှတ်မိဟန် ရှိပါသည်။

"ကွမ်းယာရောင်းသလား"

"ဟုတ်ကဲ့အဒေါ်။ ကွမ်းယာရောင်းပါတယ်"

"မနေ့ညက ကွမ်းယာဗန်းမပါဘူး မဟုတ်လား"

"ဒီနေ့မှ အစဦး ရောင်းတာပါ"

"ဘယ်မှာ ရောင်းသလဲ"

"သိမ်ကြီးဈေးမှာ ရောင်းပါတယ်"

"နေတော့ ဘယ်မှာနေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပြောရရင်တော့ ကျွန်တော်ဟာ ခြေသလုံးအိမ်တိုင်ပါ။ အိုး အိမ်မရှိပါဘူး၊ ဘုရားစောင်းတန်းမှာပဲ အိပ်မယ်။ အဒေါ်ကြီးက ခွင့်ပြုရင် ကွမ်းယာဗန်းကိုတော့ သည်ဆိုင်မှာပဲ ထားခဲ့ချင်ပါတယ်"

"ရပါတယ်ကွယ်။ ထားခဲ့ပါ"

"ကျေးဇူးတင်ပါတယ် အဒေါ်ကြီး"ဟုပြောပြီး ကျွန်တော်စားသည့် ပန်းကန်များကအစ အိုးခွက်များကို ဆေးကြောပေးခဲ့ပါသည်။ ထမင်းဆိုင်တွင် ရှိသည့် လုငယ်နှစ်ဦးကလည်း သူတို့ကို ကူညီလုပ်ကိုင်ပေးသည့်အတွက် သဘောကျနေကြပါသည်။ လက်များကို ဆပ်ပြာဖြင့် သန့်ရှင်းစင်ကြယ်အောင် ဆေးကြော၍ ဘုရားကုန်းတော်ပေါ်သို့ တက်ခဲ့ပါသည်။

တောင်ဘက်မုခ်တွင် ဘုရားဖူးပြီး ပန်းပွင့်ပန်းဝတ်လွှာအကြွေများ ဆေးလိပ်တို၊ ဆေးလိပ်ပြာများနှင့် မီးခြစ်ဆံများကို လှည်းကျင်း၍ အမှိုက် ထဲသို့ ထည့်ခဲ့ပါသည်။ ကောင်းကျိုးပေးမည်၊ စောင်မမည်ဟု ယုံကြည်ခဲ့ သည်။ (ငယ်ရွယ်စဉ်က စွဲမြဲစွာ ယုံကြည်ကိုးကွယ်မှုရှိခဲ့သော်လည်း အသက် လေးဆယ်ခန့်ရှိသောအခါ ဟိုစာဖတ်၊ သည်စာဖတ်ဖြင့် ယုံကြည်ကိုးကွယ်မှု လျော့နည်းသွားပါသည်။)

ဘုရားကုန်းတော်ပေါ်မှ ဆင်းလာခဲ့သည်။ အိပ်မည်ဟု ရည်ရွယ်ခဲ့သော တန်းလျားများတွင် လူများအိပ်နေကြသဖြင့် တန်းလျားအလွတ် မရှိ။ တစ်နေကုန် ကျောမခင်း၍ အိပ်ချင်စိတ်က ပြင်းပြနေသည့်အတွက် အုတ်သမံသလင်းပေါ်၌ တုံးလုံးလှဲချလိုက်သည်။ 'ဦးပုည'၏ 'ရေသည်ပြဇာတ်'မှ 'ဘူမိကမ္ဗလာ မြေမွေ့ရာ'ကို အမှတ်ရမိပါသည်။

နံနက်လင်းသော် ကွမ်းယာဗန်းအတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရန် ဗဟန်းဈေးသို့ သွားပါသည်။ ဦးကျော်ဒွန်းက ဈေးသက်သာအောင် သူကိုယ်တိုင် လိုက်လံဝယ်ခြမ်းပေးပါသည်။ ချွေတာသည့်အနေဖြင့် တစ်ပြား တန်ဘီန်းမုန့်တစ်ခု ဝယ်စားခဲ့သည်။

ကွမ်းယာရောင်းရက် တစ်ပတ်ခန့်ကြာသောအခါ လုပ်ငန်းကျွမ်းကျင် လာသည်။ တွေးခေါ်မြော်မြင်လာသည်။ 'ဘာပဲလုပ်လုပ် ဉာဏသမ္ပယုတ္တဉာဏ်နှင့် ယှဉ်လုပ်ရမည်'ဟု ဆရာဘုန်းတော်ကြီးက ဆုံးမသလို အခြားနေရာများကိုလည်း လေ့လာသည့်သဘောဖြင့် သွားရောက်ရောင်းချပါသည်။



ဘီအေအေ ဘောလုံးကွင်း (ယခု အောင်ဆန်းကွင်း)ကိုလည်း ရောက် သည်။ ပန်းဆိုးတန်းရှိ 'ဗြိတိသျှဘားမားစတား' ရုပ်ရှင်ရုံကိုလည်း ရောက် သည်။ ၎င်းရုပ်ရှင်ရုံက ရုံရှေ့တွင် မျဉ်းကြောင်းဆွဲထားရာ 'မျဉ်းကြောင်းအတွင်း သည့်ဈေးသည်မှု မဝင်ရ'ဟု သတ်မှတ်ထားသည်။ လေ့လာတွေ့ရှိရသမျှ တွက် ဈေးကွက်အကောင်းဆုံးမှာ သိမ်ကြီးဈေးသာလျှင် ဖြစ်၏။

ရန်ကုန်မိုးက မကြာခဏရွာသည်။ တစ်ခါတစ်ရံ လေးငါးနာရီကြာ သည်။ တစ်နေကုန် တစ်ညလုံးလည်း ရွာတတ်သည်။ မိုးရွာသည့်အခါ ကွမ်းယာဗန်းကို တာလပတ်အုပ်၍ ဈေးရုံထဲသို့ အပြေးအလွှား ဝင်ရသည်။ ကိုယ်အင်္ကျီ မိုးရေစိုသည်က အရေးမကြီး။ စီးကရက်နှင့် ဆေးပြင်းလိပ်ထုပ်များ စိုမှာ စိုးရိမ်ရသည်။ ဈေးရုံထဲတွင် 'ကွမ်းယာ၊ စီးကရက်၊ ကွမ်းယာစီးကရက် ဘ်လတ်ဆတ်ဆတ်ရမည်' ပြော၍ လှည့်လည် ရောင်းချရသည်။ ညောင်းလျှင် 'အစ်ကိုကြီး ခဏလေးနော်'ဟုပြောကာ ကွမ်းယာဗန်းကို ခုံပေါ် တင်လိုက်ရသည်။ ပုဆိုးကို တင်းကြပ်စွာ ပြန်လည်ဝတ်ပြီး များကို ဟိုဘက်လှည့်လိုက်၊ သည်ဘက်လှည့်လိုက်ဖြင့် အညောင်းဆန့်ရသည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး (သို့မဟုတ်) အစ်မကြီး"ဟု ဆိုကာ ကွမ်းယာဗန်းကို လွယ်လိုက်ပါသည်။ ကိုယ်ချင်းစာတရား င်း ပါးသော၊ ညှာတာစိတ်ကင်းမဲ့သော၊ လူတန်းစားခွဲခြားတတ်သော၊ င်အမြင်သေးသော ဆိုင်ရှင်များကမူ–

"ရှုပ်ပါတယ်ကွာ။ မတင်ပါနှင့်"ဟု မျက်နှာထိ မျက်နှာထားနှင့် ပြော ပါသည်။ ဆိုင်ပေါ်တင်လျှင် မြူနီစီပါယ် ပုလိပ်မဖမ်းနိုင်ခြင်းကြောင့် နှာချို သွေးကာ တင်ခွင့်တောင်းရခြင်း ဖြစ်ပါသည်။

တစ်လနီးပါး ကြာရှိသောအခါ အမြတ်ငွေ တစ်ဆယ်ကျပ်ကျော်ကျော် ၍ ထမင်းဆိုင်အဒေါ်ကြီးကို အပ်နှံထားသည်။ မိမိလုပ်အား ချွေးနှဲစာ ရရှိသောငွေဖြစ်၍ မြင်းနိုင်စဉ်က ရရှိသောငွေများလို မစားရက် ဘက်ရက်၊ မသုံးရက်ပါ။ သို့ဖြစ်၍ သုံးစွဲရမည်ကို နှမြောနေပါသည်။

ကျွန်တော်နှင့်တွေ့သူများက "အုံးဖေ၊ သိမ်ကြီးဈေးမှာ ကွမ်းယာရောင်း ကြောင်း၊ တစ်နေ့ မကောင်းတဲ့လူတွေနှင့်ပေါင်းပြီး ခါးပိုက်နှိုက်၊ သူခိုး သွားနိုင်ကြောင်း" ဘကြီးကို ပြောကြပါသည်။ သို့သော် ဘကြီးက–

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ငါ့မှာ တာဝန်မရှိဘူး"ဟု လျစ်လျူပြုသည့်သဘော မျိုးဖြင့် ပြောကြားသည်ဟု သိရပါသည်။

တစ်နေ့တွင် ဂျော်ကီ ကိုကံကောင်း ကျွန်တော့်ထံ ရောက်ရှိလာ သည်။

ဘကြီးက ရွာပြန်လိုလျှင် စရိတ်ပေးမည်။ ကြည်မောင်ကိုလည်း သင်္ဘောဖြင့် တင်ဆောင်ယူသွားရမည်ဖြစ်ကြောင်း၊ အဖော်အဖြစ် ပခုက္ကူ ဦးဘဲဥလည်း ပါမည်ဖြစ်ကြောင်း၊ ပြန်မည်ဆိုလျှင် စနေနေ့နံနက် ကိုး အချိန် ဗိုလ်တထောင်သင်္ဘောဆိပ်သို့ ဆင်းလာခဲ့ရမည်ဖြစ်ကြောင်း ပြော သည်။ ကျွန်တော်သည် ရွာပြန်လိုသည့်အတွက် 'လာခဲ့မည်'ဟု ပြောလိုက် ပါသည်။

ထမင်းဆိုင်အဒေါ်ကြီးထံမှ ငွေတစ်ဆယ်ကျပ်ယူပြီး ဂျော်ကီကိုဦး ကို ပေးဆပ်ပါသည်။ 'ကျေးဇူးတင်ကြောင်း'ပြောပြီး အဝတ်ထည့်ဖာကလေး ယူဆောင်ကာ ပြန်လာခဲ့ပါသည်။ ကွမ်းယာဗန်းနှင့် ပစ္စည်းအစုံကို ဦးကျော်ညွှန့် ဒေါ်ညွန့်တို့ထံ ပေးအပ်ထားခဲ့ပါသည်။

စနေနေ့နံနက်တွင် ဖာကလေးကိုထမ်းကာ အညာပြန်ရန်အတွက် ဗိုလ်တထောင် သင်္ဘောဆိပ်သို့ ထွက်လာခဲ့ပါသည်။ ဘောတံတားထိပ်တွင် ဘကြီးနှင့် ဦးဘဲဥတို့နှစ်ဦး စကားပြောနေကြပါသည်။ ဘကြီးကို ဝပ်ချ တော့မည် ရည်ရွယ်သော်လည်း ဘကြီးသည် ကျွန်တော့်ကိုမြင်သော်လည်း မျက်နှာတစ်ဖက်လှည့်နေသဖြင့် ဝပ်မချတော့ဘဲ ဘောတံတားပေါ်သို့ တက် ခဲ့ပါသည်။ သင်္ဘောကြီးအောက်ထပ်တွင် ကြည်မောင်နှင့် အခြားမြင်းမကလေး တစ်ကောင်ကို တွေ့ရပါသည်။ မြင်းများကို ဝါးပိုင်းတန်းခတ်ထားသည်။ သင်္ဘောကြီးပေါ် ရောက်သောအခါ ထမင်းဆိုင်မှ ဖျာတစ်ချပ်ငှား၍ ထမင်းဆိုင်အနီး ခင်းလိုက်ပါသည်။

"ဘယ်အထိ သင်္ဘောစီးမှာလဲ"

ထမင်းဆိုင်ရှင်က မေးသည်။

"ပခုက္ကူအထိ စီးမှာ"

**"လူဘယ်နှစ်ယောက်လဲ"**

**"နှစ်ယောက်တည်းပါ"**



သင်္ဘောသည် ဆယ့်နှစ်နာရီထိုးပြီးမှ ထွက်ခွာရန် အချက်ပေးဥဩ ဆွဲပါသည်။

ဦးဘဲဥ သင်္ဘောပေါ်ရောက်ရှိလာပါသည်။

"အုံးဖေ ထမင်းစားပြီးပြီလား"

"မစားရသေးဘူး"

ဦးဘဲဥသည် ထမင်းဆိုင်တွင် ထမင်းစားလိုကြောင်း ပြောသောအခါ–

"ငါးသေတ္တာဟင်းပဲ ရမည်"ပြော၍ စားကြပါသည်။

အချိန်လွန်၍လားမသိ စားရသည်မှာ ကောင်းလှပါသည်။ ငါးသေတ္တာ ကို ကြက်သွန်နီ၊ ခရမ်းချဉ်သီးများနှင့် ဆီပြန်ချက်သည်။ ငရုတ်သီးစိမ်းချဉ်ရည် စိမ်နှင့် ရေနွေးကြမ်း လိုက်ဖက်လှသည်။

ထိုအချိန်က ဂျပန်နိုင်ငံလုပ် (သင်္ဘောဦး) ဘူးပြားငါးသေတ္တာတစ်ဘူးမှ သုံးပဲတစ်မတ် ပေးရသည်။ (တစ်မတ်ဆိုသည်မှာ ငွေဒင်္ဂါးတစ်ကျပ်၏ လေးပုံတစ်ပုံ ဖြစ်သည်။)

မအေးမိရွာမပြန်မီ ကျွန်တော့်အတွက် ဝယ်ထားခဲ့သည့် ငါးသေတ္တာဘူး များမှာလည်း ယခုငါးသေတ္တာအမျိုးအစားပင်။ သို့သော် ကျွန်တော်က ချက်တတ်မကြော်တတ်၍ ယခုလို မကောင်းပါ။ ထမင်းဖိုးကို ဦးဘဲဥက ရှင်းပေးပြီး–

"အုံးဖေ၊ မင့်ဘကြီးက မင့်အတွက် သင်္ဘောခရော စရိတ်ပါငွေ လေးဆယ်ကျပ် ငါ့ကိုပေးလိုက်တယ်။ ပိုရင်လည်း ပခုက္ကူရောက်တော့ ပြင်ကို ပေးလိုက်ပါလို့ မှာလိုက်တယ်"

ဘကြီးသည် ကျွန်တော့်ကို ယုံကြည်မှုမရှိရုံမျှမက ကျွန်တော့်မျက်နှာကိုပင် ကြည့်လိုမြင်လိုဟန်မရှိပေ။

"သည့်ပြင်ကော ဘာပြောသေးလဲသဲ"

"သည်ကောင် ရွာပြန်ရောက်ရင် သူ့အမေကြက်ရုံး ခေါင်းဆင်နင်းတာ ခံ ဆိုးမယ်လို့ ပြောတယ်"

ဘကြီးပြောတာမှန်ပါသည်။ အမေကို နင်းရုံမျှမက ဘကြီး၏ ခေါင်း ပေါ် နင်းပါသည်။ အကြောင်းမှာ ရွာပြန်ရောက်ပြီး လေးနှစ်ခန့်အကြာတွင် မအေးမိနှင့် ကျွန်တော်တို့နှစ်ဦး သဘောတူထွက်ပြေးကြခြင်းပင်။

(ထိုအကြောင်းကို နောက်အခန်းများတွင် ဖော်ပြပါမည်။)

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောသည် ဗိုလ်တထောင်ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့သည်။ အချိန်ကာလမှာ ၁၉၃၅ ခုနှစ်၊ ဩဂုတ်လဖြစ်၏။ ထိုအချိန်က တွံတေးတူးမြောင်းမပေါက်သေး၍ ဒေးဒရဲမြို့မှ လှည့်ထွက်ရပါသည်။ သင်္ဘောလက်မှတ်တွင် ရန်ကုန်–ဒေးဒရဲ–မအူပင်–ညောင်တုန်း ခရီးစဉ်ပါရှိသည်။ သင်္ဘောခမှာ ခုနစ်ကျပ်ခွဲ မပြည့်တတ်ပါ။

ထိုခေတ်က သင်္ဘောကြီးများမှာ ဘိလပ်လာအိုးကို ထင်းထိုးမောင်းသဖြင့် သင်္ဘောဘေးနှစ်ဘက်တွင် ပျဉ်ချပ်ကြီးများကို ရေရဟတ်လုပ်ထား ခုတ်မောင်းရသည်။ ၎င်းရေရဟတ်ကြီးများ လည်ပတ်နိုင်ရန်အတွက် စက်မောင်းတံကြီးသုံးခုက နိမ့်လိုက်မြင့်လိုက်ဖြင့် ဝင်ရိုးတန်းကို လည်ပတ်ပေးသည်။ သင်္ဘောပေါ်တွင် ခရီးသည်တစ်ဝက်ကျော်ကျော် ပါရှိသည်။ ထိုအထဲတွင်ကိုယ့်ထမင်းဟင်းကိုယ်ချက်စားသူများလည်း ပါကြ၏။ တချို့က ထမင်းချက်ပြီး ဟင်းချက်ကို ထမင်းဆိုင်မှ ဝယ်ယူစားကြသည်။

သင်္ဘောအပေါ်ထပ် ဦးခန်းတွင် စပါယ်ရှယ်စီးလိုသူများအတွက် အထူးခန်းများ ပါရှိသည်။ မွေ့ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးမှအစ မျက်နှာသုတ်တဘက်နှင့် ရေမွှေး၊ ဆပ်ပြာခဲများ ပေးသည်။ တချို့ထမင်းဆိုင်ထမင်းဟင်းကိုမစားဘဲ သီးသန့်ချက်ပြုတ်ကျွေးမွေးရသည်။ ထိုသူများအတွက် အိုးခွက်ပန်းကန်များနှင့် ဖွန်းခက်ရင်းများ ပါရှိသည့်အပြင် အချက်အပြုတ်ကျွမ်းသော ကုလားကပြားတစ်ဦး ပါရှိ၏။ စားလိုသည့်ဟင်းလျာနှင့် စားမည့်အချိန်နာရီကို ပြောထားလျှင် ထိုအချိန်တွင် စားသောက်ရန်အတွက် အသင့်ပြင်ပြီးဖြစ်သည်ဟု သိရသည်။

လက်ထပ်ပြီးစ 'ဟန်းနီးမွန်း' ထွက်ကြသူများနှင့် လေ့လာရေးအပျော်ခရီးသွားသူများ လိုက်ပါကြသည်။ ငွေရှိလျှင် အထက်တန်းကျကျစီးရသည် စားရသည်။ ငွေသည် မည်သည့်ခေတ်မှာပဲဖြစ်ဖြစ် တန်ဖိုးအရှိဆုံး၊ အစီးအကျွဆုံးဖြစ်၏။

သင်္ဘောသားကုလားများသည် အလုပ်လုပ်ကြသည်။ စည်းကမ်းရှိသည်။ ကိုယ်စားလှယ်ရှိသော မြို့ဆိပ်ကမ်းသို့ မဆိုက်ကပ်မီကပင် သင်္ဘောကုန်းပတ်ကို ရေဆေးကြသည်။ သန့်ရှင်းကြသည်။ ကိုယ်စားလှယ်က သင်္ဘောပေါ်သို့ တက်ရောက်၍ ခရီးသည်များ၏ လက်မှတ်များကို စစ်ဆေးသည်။ သင်္ဘောသန့်ရှင်းမှုကို လှည့်လည်ကြည့်ရှုသည်။



မြင်းများကို တစ်နေ့နှစ်ခါ မြင်းစာကျွေးရသည်။ ရေတိုက်ရသည်။ မြင်းချေးများကို ရေဖြင့် ပက်လောင်း၍ ဆေးကြောသန့်ရှင်းရသည်။ ညဘက်ရောက်သောအခါ ကုလားများသည် သင်္ဘောကြီးနှင့် ဘေးတွဲများ ကူးသန်းရန်အတွက် ကုန်းဘောင်တစ်ချပ်ပဲ ချန်ထားပါသည်။

ကျွန်တော်သည် မြင်းများကို ရေတိုက်ရန် သင်္ဘောရေတိုင်ကီမှ ရေများကို ဘာလီပုံးနှစ်လုံးနှင့်ဆွဲယူကာ ကုန်းဘောင်မှ ကူးချည်သန်းချည် သွားလာရပါသည်။ ကိစ္စပြီး၍ သင်္ဘောပေါ်တက်လာသောအခါ အဒေါ်ကြီးတစ်ဦးက လက်ယပ်ခေါ်၍ သွားပါသည်။ အဒေါ်ကြီးသည် အသက်ငါးဆယ် ပတ်ဝန်းကျင်ခန့်ရှိမည်။ သူနှင့် ခပ်ရွယ်ရွယ် အမျိုးသမီးနှစ်ဦး၊ သုံးဦးလည်း ရှိကြသည်။

"ငါ့တူရယ်၊ မင်းရေသယ်ယူတာကိုကြည့်ပြီး အဒေါ်တော့ အသည်းတုန်အူတုန် ဖြစ်လွန်းလို့ ရင်ဘတ်ကို လက်နှင့်ဖိထားရတယ်။ ညကြီးမင်းကြီးမှောင်နှင့် မည်းမည်းမှာ မတော်လို့များ ရေထဲကျသွားရင် မတွေးဝံ့စရာပါလား။ နေ့ခင်းနေ့လယ် ကုန်းဘောင်နှစ်ချပ်၊ သုံးချပ်ထိုးထားတုန်းက ရေသယ်ယူပါလား"ဟု လူကြီးပီပီ စိုးရိမ်ပြီး သတိပေးစကား ပြောကြားပါသည်။

ကျွန်တော်သည် အလုပ်ဇောဖြင့် ဘေးရန်အန္တရာယ်ကို မတွေးခဲ့၊ မစဉ်းစားခဲ့ပါ။ အကယ်၍ ခြေချော်လက်ချော် ရေထဲကျသွားခဲ့သော် မှောင်နှင့်မည်းမည်းအချိန်မှာ မည်သူ လိုက်လံဆယ်ယူပါမည်နည်းဟု အိပ်ရာထဲရောက်မှ စဉ်းစားတွေးတောကြည့်မိပါသည်။ သို့ကြောင့် ထိတ်လန့်ကြောက်ရွံ့ပြီး ချွေးစေးများထွက်ကာ အိပ်မပျော်ဘဲ ဖြစ်နေပါသည်။ ထိုနေ့ညက သင်္ဘောသည် ခနုဖြူဆိပ်ကမ်း၌ ညအိပ်ပါသည်။

နောက်ညအတွက် ရေများကို ညနေကပင် ကြိုတင်ယူထားပါသည်။ ကုလားများသည် မည်သို့ကြောင့်မသိ ညပိုင်းရောက်လျှင် ကုန်းဘောင်တစ်ချပ်ပဲ ချန်ထားပါသည်။ ၎င်းကိစ္စကို ဦးဘဲဥနှင့်တိုင်ပင်ပြီး သက်ဆိုင်ရာလူကြီးကို တင်ပြရလျှင်ကောင်းမည်လားဟု စဉ်းစားခဲ့ပါသည်။ သို့ရာတွင် တင်ပြခြင်းမပြုရမီ အကြောင်းတစ်ခု ပေါ်ပေါက်လာပါသည်။

ညရှစ်နာရီအချိန်ခန့်ဖြစ်၏။ ဘေးတွဲပေါ်မှ ကုလားများ ဆူညံနေသည်။ မြင်းများကန်ကြောက်၍ ဝါးဝိုင်းတန်းများ ကျိုးပဲ့ကုန်ပြီဖြစ်ကြောင်း ကုလားတစ်ဦးက အပြေးအလွှား လာရောက်ပြောပါသည်။ ကုန်းဘောင်တစ်ချပ်တည်းဖြစ်၍ ကူးသန်းခြင်းမပြုဝံ့ကြောင်း ဦးဘဲဥကရော၊ ကျွန်တော်ကပါ ပြောသည့်အတွက် ကုလားများသည် ချက်ချင်းပင် ကုန်းဘောင်တစ်ချပ် ထိုးပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းများသည် 'တအိအိ' အော်မြည်ကာ ဝါးဝိုင်းတန်းများကို 'တဖြုန်းဖြုန်း' ကန်ကြောက်နေရာ 'ဟဲ့ကောင်'ဟု အော်ဟစ်ကာ ကြည်မောင်ကို ကြာပွတ်ဖြင့် တစ်ချက်ရိုက်လိုက်ပါသည်။ ကြည်မောင်သည် ဒေါသထွက်ပြီး ပတောင်ရပ်လျက် ရှေ့ခြေနှစ်ဖက်ကို 'တခွပ်ခွပ်' ရိုက်ခတ်နေသည်။ သွားများ ကိုလည်း 'တကျည်းကျည်း' ကြိတ်နေရာ ကုလားများမှာ ကြောက်လန့်ပြီး ထွက်ပြေးကြသည်။

"အုံးဖေ၊ ဘယ်လိုလုပ်မလဲ"

"မြင်းနှစ်ကောင်ကို ခွဲထားချင်တယ်"

"ဝါးလုံးနှင့် အုန်းဆံကြိုး လိုလိမ့်မယ်"

ထိုအခိုက် တွဲစောင့်ကုလားကြီး ရောက်ရှိလာသည်။

"သည်မြင်းက သိပ်ပြီး ဒေါသကြီးတယ်။ သူ့ကို လုံခြုံအောင် ခြံခတ်ထားပါ"

ဟု ပြောပါသည်။

"ဟုတ်တယ်၊ သည်မြင်းက မြင်းဆိုးမြင်းမိုက်ဖြစ်တယ်။ ဆိုက်ကုလားကိုကိုက်လို့ မည်သူမျှ မကိုင်ဝံ့သဖြင့် ပခုက္ကူသို့ ပြန်ပို့ရခြင်းဖြစ်ကြောင်း လုံခြုံအောင် ထားဖို့အတွက် ဝါးလုံးများနှင့် အုန်းဆံကြိုးများလိုအပ်နေကြောင်း" ဦးဘဲဥက ပြောသောအခါ-

"အုန်းဆံကြိုးရမယ်။ ဝါးလုံးအစား ဟိုမှာပုံထားတဲ့ နှစ်လက်မသံပိုက်လုံးတွေကို ယူသုံးပါ"ဟု တွဲစောင့်က ပြောပါသည်။

ဤသို့ဖြင့် ကြည်မောင်ကို လုံခြုံခိုင်ခံ့အောင်ပြုလုပ်ပြီး 'ယုဝတီ'ခေါ် ဦးဘဲဥ၏ မြင်းမကလေးကို ငါးပေကွာလောက်မှာ ရွှေ့ပြောင်းထားရပါသည်။ မြင်းနှစ်ကောင် နီးနီးကပ်ကပ် ထားသည့်အတွက် သဘာဝအရ မြင်းသိုး ကြည်မောင်ကမြင်းမကလေးကို နှုးနှပ်သည့်သဘောဖြင့် အနားကပ်ထား ရှိပါသည်။

မြင်းမကလေးက သူ့ဝမ်း၌ သားသန္ဓေရှိနေခြင်းကြောင့် အကပ်မခံဘဲ ကန်ကြောက်ရာမှ ကြည်မောင်ကလည်း ကန်ကြောက်ခြင်းဖြစ်သည်ဟု သိရသည် ထိုညမှစပြီး ညစဉ်ညတိုင်း ကုန်းဘောင်နှစ်ချပ် ထိုးပေးပါတော့သည်။

အညာဆန်ခရီးရှည်ကြီးဖြစ်သော်လည်း ငြီးငွေ့ခြင်းမရှိပါ။ ကျွန်တော် မရောက်ဖူး၊ မတွေ့မြင်ဖူးသော မြို့ရွာများနှင့် ပတ်ဝန်းကျင်ကို လေ့လာ



ကြည့်ရှုရသည့်အပြင် ကက်ဆွဲရခြင်းကြောင့် ပျော်ရွှင်နေပါသည်။ ကက်ထုပ်မှာ မြင်းဆိုင်ပိုင်ရှင် ဦးသိန်းညွန့်၏ ကက်ထုပ်ဖြစ်ပါသည်။ ဦးသိန်းညွန့်သည် အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး အသားလတ်လတ်နှင့် သွက်လက်ချက်ချာသူ၊ အကင်းပါးသူဖြစ်၏။ အပျင်းပြေဖြစ်၍ လောင်းကြေးမများပါ။ ငါးဆယ်အူကို တစ်ဦးတစ်ပဲဆီထည့်ရ၏။ ကက်ကွမ်းရာကျော်မှ စားရသည်။ ကက်ကွမ်းဖို့ဆိုသည်မှာ ကက်တစ်ပုံလျှင် ကက်ပြားခြောက်ပြား ပါရှိသည်။ တစ်ဦးတည်း ခြောက်ပြားစလုံးရရှိဖို့ဆိုသည်မှာ မလွယ်လှပါ။ ရရှိပါဦးတော့ ပေါက်ရေ တစ်ရာမကျော်လျှင် မစားရပါ။

ဤသို့ဖြင့် နောက်တစ်ပွဲအတွက် နောက်ထပ်တစ်ပဲစီ ထည့်ရပြန်ပါသည်။ ကြာလေကြာလေ၊ လောင်းကြေးငွေများ တိုးပွားများပြားလာလေ။

တစ်ဖက်တစ်ချက်တွင်လည်း နှစ်ဦးသဘောတူ နှစ်ပြား၊ တစ်ပဲ လောင်းကြေးထပ်ကြသည်။ ၎င်းလောင်းကြေးက သူနိုင်သူစား၊ ကိုယ်နိုင် ကိုယ်စား 'ပွဲပြီးမီးသေ' တစ်ခါတည်းနှင့် ပြတ်သည်။

ကျွန်တော်သည် ဝါသနာပါ၍ ကက်ဆွဲသော်လည်း ကျွမ်းကျင်မှု ည်းပါးပါသည်။ နိုင်ပွဲထက် ရှုံးပွဲကများသဖြင့် 'ဆိတ်ပါများတော့ အနာဖြစ်' သလို ပခုက္ကူဆိပ်ကမ်းရောက်သောအခါ ဘကြီးပေးလိုက်သောငွေများနှင့် ကျွန်တော့်တွင်ပါသောငွေများ၊ မကျန်သလောက် ကုန်ပါလေသည်။ ဦးဘဲဥလည်း ရှုံးပါသည်။ နိုင်သူမှာ ဦးသိန်းညွန့် ဖြစ်၏။ သူနိုင်သည်မှာ ရိုးသားစွာနိုင်ခြင်း မဟုတ်ပါ။ ကက်ထုပ်တွင် အတောတွေ၊ အမှတ်အသားတွေ ပါရှိကြောင်း နောက်မှ သိရပါသည်။

ကြည်မောင်ကို ယူဆောင်ရန် ဦးဘရေတို့အဖွဲ့ တွဲပေါ်သို့ရောက်ရှိလာကြပါသည်။မြင်းစာအိတ်များနှင့် ပစ္စည်းများ လွှဲအပ်ပေးပြီး ဦးဘဲဥထံမှ ကြိုးဆံငါးမူးတောင်းယူကာ ဖာကလေးထမ်း၍ သင်္ဘောပေါ်မှ ဆင်းလာခဲ့ပါသည်။

ကျွန်တော်ဦးတည်လာခဲ့သည်မှာ အပေါင်ဆိုင်ဆီသို့ ဖြစ်၏။ (အပေါင်ဆိုင်သည် ယခု ယာဉ်စက်အပိုပစ္စည်းရောင်းသောနေရာ၌ ဖြစ်သည်။)

ဖာကလေးထဲမှ ပိုးလုံချည်တစ်ထည်ကို ပေါက်ဖော်သို့ပေးလိုက်ပြီး အပေါင်ထားလိုကြောင်း' ပြောသောအခါ-

"ဘယ်လောက်လိုချင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သုံးကျပ် လိုချင်တယ်"

"မတန်ဘူး၊ နှစ်ကျပ်ပဲရမယ်"

ငွေနှစ်ကျပ်မပေးမီ လုံချည်အမျိုးအစား၊ အသွေးအရောင်နှင့် အ ၊ နေရပ်တို့ကိုရေးမှတ်ပြီး လက်မဗွေပုံစံ နှိပ်ယူပါသည်။

ကျွန်တော့်ဘဝတွင် ကနဦးအပေါင်ဆိုင် ရောက်ဖူးခြင်းနှင့် လက်မ ပုံစံ အနှိပ်ခံရခြင်းပင်။ အသက်နှစ်ဆယ်ကျော်သောအခါ အပေါင်ဆိုင် မကြာခဏ ရောက်သည်။ ပုလိပ်၏ လက်ဗွေပုံစံယူခြင်းကိုလည်း အကြိမ်ကြိမ် ခံရသည်။

ဈေးထဲသို့ သွားရောက်ကာ ဝက်သားတစ်ပိဿာ ဝယ်ယူ ခြောက်မူးပေးရပါသည်။ ဝက်သားတွဲကိုဆွဲကာ စီတွင်းရွာ ဘုန်းတော်ကြီး ကျောင်းသို့ လာခဲ့ပါသည်။ လမ်းခရီးတစ်ဝက်ခန့်တွင် နားခိုရန် ဇရပ်တစ်ဆော ရှိပါသည်။ ၎င်းဇရပ်သို့ ရောက်သောအခါ ကျွန်တော်၏ စိတ်အာရုံသည် အတိတ်ဆီသို့ ပျံ့လွင့်သွားပါသည်။

○ ○ ○

## ပညာမရှိ သူ၏ဝန်ထမ်း

ကျွန်တော်၏ဇာတိမှာ ပခုက္ကူမြို့နယ်၊ တင်းဂါတ်အုပ်စု ရှားတော နောင်းကုန်းရွာမှ ဖြစ်သည်။ အဖေ၏အမည်မှာ ဦးဘိုးယု၊ အမေမှာ ကြက်ရုံး၊ သားသမီးငါးယောက်တွင် ကျွန်တော်သည် အကြီးဆုံးဖြစ်သည်။ ေက ချူချာသဖြင့် နေ့စဉ် အလုပ်မလုပ်နိုင်ပါ။ အမေတူအဖေကွဲ အစ်မ သူ မပန်းမြိုင်၊ မပန်းလှိုင်နှင့် ကျွန်တော်ပဲ အလုပ်လုပ်ရသည်။

အလုပ်က နေ့စဉ်မရှိ။ စားစရိတ်က နေ့စဉ်ကုန်ကျနေသည်။ ရငွေ န်ငွေ မမျှသဖြင့် ဈေးဖိုးအကြွေးငွေများသာမက ချေးငွေများကပါ ဝိုင်းဝိုင်း သည်နေသည်။ တစ်ခါတစ်ရံ ခက်ထန်မာကြောသော ဈေးသည်များ၏ းဖိုးငွေ တောင်းခံမှု၊ ရန်ထောင်မှုတို့ကို အမေမှာ ခေါင်းငုံ့ခံနေရသည်။ သည် ထိုပြဿနာကို ဖြေရှင်းရန်အတွက် တစ်ကွက်တည်းရှိသည့် မြေ သန်ကို ဆယ့်ရှစ်ကျပ်ဖြင့် ရောင်းချလိုက်ရာ မျိုးပြုတ်စားသကဲ့သို့ ဖြစ်သွား သည်။

www.burmeseclassic.com

www.burmeseclassic.com

မိဘများ ဆင်းရဲနွမ်းပါး၍ ကျောင်းနေချိန်မှာ ကျောင်းမနေခဲ့ရ... မြေပဲကောက်ရသည်။ ယာခင်းစောင့်ရသည်။ ကူလီလိုက်ရသည်။ ထိုအ... များကို ပခုက္ကူမြို့နယ်၊ ကန်လှကျေးရွာအုပ်စု၊ မန်ကျည်းကန်ရွာသို့ သွားရော... လုပ်ကိုင်ရပါသည်။ ထိုရွာတွင် တောင်သူကြီးဦးကံယုံ၊ ဒေါ်ညွန့်တို့အိမ်နောက်... တွင် တဲကလေးထိုးပြီး နေကြရသည်။ အဖေနှင့် မပန်းမြိုင်၊ မပန်းလှိုင်တို့... ဦးကံယုံတို့၏ ယာလုပ်ငန်းများကို အခစားလုပ်ရသည်။ အမေက ဈေး... ထမင်းချက်၊ ကလေးထိန်း။ ကျွန်တော်က မြေပဲကောက်ရသည်။ မြေပဲကော... ရသောအလုပ်မှာ သက်သာလွယ်ကူပါသည်။ ယာပိုင်ရှင်က မြေပဲပင်မျ... နုတ်ယူဆွတ်ခူးပြီးနောက် မြေကြီးပေါ်တွင် ကျန်ရှိသော အလေအလွ... အကြွင်းအကျန် မြေပဲတောင့်များကို လိုက်လံ ကောက်ယူရပါသည်။

မြေပြင်ပေါ်ရှိ မြေပဲတောင့်များ ကောက်ယူပြီးသောအခါ မြေကြီး... တွင် မြေပဲပင်မှ ကြွေကျန်ရစ်သော မြေပဲတောင့်များကို ကောက်ယူရန်အတွ... ဖြက်လက်နှစ်တစ်ခန့်ရှိ သံကောက်ကလေးနှင့် မြေကြီးကို ယက်ကော်၍ ... လာသော မြေပဲတောင့်များကို ကောက်ယူရပါသည်။

မြေကြီးကို ယက်ရဆွဲရခြင်းကြောင့် တစ်ကိုယ်လုံး ဖုတ်တွေဖုန်... ပေတေနေရာ 'မြေပဲကောက်ရတာ ဖုတ်တွေလူး၊ ကျုပ်မနေဘူးဗျ ဓာတ်ထဲ... မှာ'ဟု ထိုခေတ်ထိုအခါက မြေပဲကောက်သူများ ဆိုလေ့ဆိုထရှိသည်... သတိရပါသည်။

လယ်ယာကိုင်းကျွန်းလုပ်ငန်းတွင် 'တောင်သူကြီး ကောက်သင်းမကော... ရ'ဆိုသောစကားရှိ၏။ ထိုစကားအဓိပ္ပာယ်မှာ လယ်ပိုင်ရှင် တောင်သူကြီး... သည် သီးနှံများ ရိတ်သိမ်းဆွတ်ခူးပြီးနောက် အလေအလွင့် အကြွင်းအကျန်တို့... ကောက်ယူခြင်းမပြုရ။ မြေမဲ့ယာမဲ့ လက်လုပ်လက်စားများအတွက် ချန်... ခဲ့ရမည်ဟူ၍ ဖြစ်သည်။

သို့သော် လောဘသက္ကာယကြီးကြသဖြင့် မည်သူမျှ လိုက်နာခြင်းမရှိ... မြေပဲကောက်လုပ်ငန်းပြီးသောအခါ ပြောင်းနှံများကို ကောက်သင်းကော... ရသည်။ ယာပိုင်ရှင်က ပြောင်းနှံများကို ရိတ်သိမ်းပြီးသောအခါ ပြောင်းပင်မျ... အထုံးအစည်းပြုလုပ်၍ ခြောက်သွေ့အောင် ယာခင်းထဲတွင် ထားခဲ့သည်... ကောက်သင်းကောက်သူများက အထုံးအစည်းများကို လှန်လှောကာ ပြော... အသိမ်အဖျင်း၊ အကြွင်းအကျန်တို့ကို ရှာဖွေပြီး တံစဉ်နှင့် ထစ်ယူကြ...



...တော်က တံစဉ်မကိုင်တတ်၍ ဆေးလိပ်လိပ်သောကက်ကြေးနှင့် ဖြတ်ယူ... ည်။ တစ်ခါတစ်ရံ ကြီးထွားအောင်မြင်သော ပြောင်းနှံကြီးများကို တွေ့... ည့်အခါ အလွန်ဝမ်းသာသည်။ 'ကောက်သင်းကောက်က အနံ့ကြီးကြိုက်... ည်'ဟု အဆိုရှိသည် မဟုတ်ပါလား။

ပြောင်းနှံကောက်သင်းကောက်ရသည်မှာ အလွန်အန္တရာယ်များပါ သည်။ ...ထက်နေသော ပြောင်းရိုးငုတ်စူးမှာ စိုးရိမ်ရသည်။ မြွေပွေးကိုက်မှာကို ...ကြောက်ရွံ့ရသည်။ ခက်သည်က မြွေပွေးကြီးများမှာ မြေကြီးနှင့် အသွေး ...ရောင်တူနေခြင်းပင်။ ယာမြေကနီလျှင် မြွေပွေး အရေခွံက နီသည်။ ...မြေက ညိုလျှင် မြွေပွေးအသွေးအရောင်က ညိုသည်။ သို့ဖြစ်၍ အထူး ...ိုက်ရသည်။

တစ်နေ့တွင် ပြောင်းနှံရှာဖွေရန် ပြောင်းပင်စည်းကို အထက်အောက် ...န့်လိုက်ရာ လက်ကောက်ဝတ်ခန့်ရှိ မြွေပွေးကြီးမှာ ဆန့်ဆန့်ကြီး ရှိနေသည်။ ...တ်လန့်ကြောက်ရွံ့ပြီး-

“လာကြပါဗျို့၊ လာကြပါဗျို့ မြွေပွေးကြီး'ဟု အော်လိုက်ရာ အနီးရှိ ...များမှာ တံစဉ်များ၊ တုတ်များဆွဲယူပြီး အပြေးအလွှား ရောက်လာကြသည်။ ...တို့က ကျွန်တော့်ကို မြွေကိုက်နေပြီထင်နေကြရာ မဟုတ်မှန်းသိ၍ ...သက်သာသွားကြသော်လည်း မြွေပွေးကြီးကိုမူ ရိုက်သတ်လိုက်ပြီး 'တတော ...သွားပြီ'ဟု ဆိုကြသည်။

ကောက်သင်းကောက်လုပ်ငန်းပြီး၍ ရွာပြန်လာကြသည်။ ရွာတွင် ...တ်သီးဆွတ်ရသည်။ ဆေးတက်ဖွဲ့ရသည်။ ဆေးရွက်ခူးရသည်။ ကလေးဖြစ်၍ ...နေကုန်လုပ်မှ သုံးမူးရသည်။ ထိုခေတ်က သုံးမူးသည် ဆန်တင်းသင့် ...ပြည်ရသဖြင့် အဖေသည် ကျွန်တော်ရရှိသည့် လုပ်အားခကို ခုံမင် ...မောနေခဲ့ရာမှ ကျွန်တော့်အသက် ဆယ်နှစ်ပြည့်ခါနီးတွင် အမြင်မှန် ရရှိ ...သည်။

“အုံးဖေကို သည်လိုသာခိုင်းနေရင် ဒီကောင် သေစာရှင်စာတော ...တတ်ဖတ်တတ်မှာ မဟုတ်ဘူး။ ကျောင်းထားရမယ်။ ရွာကျောင်းထားရင် ...ည်း အိမ်နှင့်နီးနေလို့ မဖြစ်ဘူး။ စိတ်ဝင်းရွာဘုန်းကြီးကျောင်း သွားထားမယ်” ...ကိုပြောရာ အမေနှင့် အစ်မကြီးများကပါ သဘောတူကြသည်။ အစ်မကြီး ...န်းမြိုင်ကဆိုလျှင် “အုံးဖေအတွက် ကျွန်မ အလုပ်ပိုလုပ်မယ်”ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့နံနက်စောစောတွင် အမေက သံဇလုံဟောင်း ပိန်ရှုံ့ရှုံ့ သုံးလွှန်းတင်ထမင်းပူပူကို ဆီကလေး တစ်စက်နှစ်စက် အငွေ့အသက်ပါ ဆမ်း၍ ကျွန်တော်တို့သားအဖကို ကျွေးသည်။ အဖေက တစ်ဇွန်းနှစ်ဇွန်း စားသည်။ ကျွန်တော်က နှစ်ယောက်စာကို ဆာဆာနှင့် အကုန်စားသ (သုံးလွှန်းတင်ထမင်းဆိုသည်မှာ ချွေတာသည့်အနေဖြင့် ဆန်၊ ပြောင်း သုံးမျိုးစပ် ရောချက်ထားသော ထမင်း။ အရောင်မှာ နီကြောင်ကြောင် စားရာတွင် ကြမ်းထော်လှသော်လည်း ကောက်ကြီးဆန်ထက်ပင် အာဟာ ရှိသည်ဟု ပြောကြပါသည်။)

ထမင်းစားပြီး စိုတွင်းရွာခရီးစဉ်ကို ခြေကျင်စကြပါသည်။ ကျွန်တော် ရှားတောထနောင်းကုန်းရွာသည် ပခုက္ကူမြို့အနောက်ဘက် ခြောက်မိုင်ဝေး ဧရာဝတီမြစ်ကမ်းဘေးတွင်ရှိသည်။ ရွာနှင့် ပခုက္ကူကြားတွင် သိမ်း မရိုးကုန်း၊ ထွန်းညို၊ ထွန်းဦး၊ လယ်ယာစု၊ ကုက္ကိုလှ၊ မယ်ဇလီတန်းရွာ ရှိသည်။

ကျွန်တော်က သွက်လက်တက်ကြွစွာ သွားနိုင်သော်လည်း အဖေ မကျန်းမာသည်ကတစ်ကြောင်း၊ တပေါင်းလဥတု ပူပြင်းသည်ကတစ်ကြော တို့ကြောင့် သစ်ပင်ရိပ်ကောင်းကောင်းတွေ့တိုင်း နားရသည်။ ရေချမ်း တွေ့တိုင်း ရေသောက်အပန်းဖြေရသည်။

ကုက္ကိုလှရွာ ရောက်သောအခါ လမ်းဘေးရှိ ညောင်ပင်ကြီးအောက် အကြော်ဖိုရှိသည်။ ထိုအကြော်ဖိုတွင် ခရီးသည်များ ရေနွေးကြမ်းနှင့် ဘူး ကြော်၊ဘယာကြော်များစားကြ၊ နားကြစမြဲ။ တစ်ခုလျှင် တစ်ပြားပေးရ လေးပြား (တစ်ပဲ)ဖိုးဝယ်လျှင် ငါးခုရသည်။ ဘူးသီးကြော်တစ်ခု၏ အ အတာပမာဏမှာ ကော်ပီခွက်အောက်ခံပန်းကန်ပြားနီးနီး ရှိသည်။

ဘူးသီးကြော်နှစ်ခုဝယ်ပြီး ကျွန်တော့်ကိုကျွေးသည်။ အဖေက မစားပါ။ ပခုက္ကူမြို့ပေါ်ရောက်သောအခါ နေမွန်းတည့်နေပါပြီ။ ကျွန် က ထမင်းဆာကြောင်းပြော၍ ထမင်းဝယ်ကျွေးပါသည်။ ဆန်ဖြူ ဝက်သားဟင်း၊ ကုလားပဲဆီပြန်ချက်၊ ချဉ်ရည်ဟင်း၊ ငါးပိကြော်၊ သ တို့နှင့် တစ်ကြိမ်တစ်ခါမျှ ဟင်းမျိုးစုံနှင့် မစားရဖူးသဖြင့် စားလို့အရသာ ပါသည်။ 'နေ့စဉ်နေ့တိုင်း သည်လိုချည်းသာ စားနေရလျှင် ကောင်းမှာ စိတ်ထဲ တွေးမိပါသည်။



အဖေက ရောဂါကြောင့်လား၊ မဆာလို့လားမသိ၊ ထမင်းမစားပါ။ ကျွန်တော် ခေါင်းမဖော်ဘဲ အားရပါးရ ပလုပ်ပလောင်းစားနေတာကိုကြည့်ပြီး တိုဖြစ်သလိုရှိသော်လည်း အဖေမှာ ခရီးပန်းခြင်းကြောင့် မစားနိုင်ခြင်းဖြစ်ကာ အားအင်ကုန်ခန်း နွမ်းလျနေပါသည်။

စိုတွင်းရွာမှာ ပခုက္ကူမြို့နှင့် နှစ်မိုင်ဝေးပြီး ပခုက္ကူရေစကြိုကားလမ်း ဘေးတွင်ရှိသည်။ မော်တော်ကားစီးလျှင် လူကြီးတစ်မတ်၊ ကလေးတစ်ဝက်၊ မြင်းလှည်းစီးလျှင်လည်း ထိုနည်းအတိုင်းဟု သိရပါသည်။ တစ်ကြိမ်တစ်ခါမျှ မော်တော်ကားမစီးဖူး၍ ကားစီးချင်သည်မှာ ကလေးပီပီ နန့်နန့်တက်နေသည်။ 'ကားစီးရအောင်ပါ'လို့ အဖေ့ကို ပူဆာတိုင်း ၊ အဖေက ခေါင်းကိုသာ တွင်တွင်ရမ်းသည်။ အဖေ့ကိုကြည့်ရသည်မှာ မောပန်းနွမ်းနယ်နေသည်။ သို့ပါ လျက် မြင်းလှည်းမငှား၊ ကားမစီးဘဲ အဆင်းရဲအပင်ပန်းခံခြင်းမှာ ငွေကြောင့် ဖြစ်သည်ဆိုတာ နောက်မှ ကျွန်တော်သိရပါသည်။

စိုတွင်းရွာမရောက်မီ ကားလမ်းဘေးတွင် ဇရပ်တစ်ခုရှိသည်။ ဇရပ်မှာ ချဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ ဇရပ်ပတ်ပတ်လည်တွင် ထနောင်းပင်၊ တမာပင်များ နှင့် ဝေဆာလျက် ကြည်နူးသာယာဖွယ်ကောင်းလှပါသည်။ ဇရပ်နှင့် မျက်နှာ ချင်းဆိုင် ကားလမ်းအရှေ့ဘက်တွင် ရေကန်ကြီးတစ်ခုရှိရာ ဇရပ်ရေအိုးစင်ရေမှာ ထိုရေကန်မှရေဖြစ်သဖြင့် သောက်၍ အရသာရှိလှပါသည်။ ဇရပ်ပေါ်တွင် ခုတောင်းစားနှစ်ယောက် ထမင်းစားလျက်ရှိသည်။

အဖေသည် ပင်ပန်းခြင်းကြောင့် ဇရပ်ခါးပန်းတွင် ခေါင်းတင်ပြီး 'တခေါခေါ' အိပ်ပျော်နေသည်။ ကျွန်တော်က ရေစကြိုမှ ပခုက္ကူဝင်လာသော ကားများနှင့် ပခုက္ကူမှ ရေစကြိုသို့ ဖုန်တထောင်းထောင်းနှင့် မောင်းနှင်သွား သော ကားများကိုကြည့်ပြီး ပျော်မြူးနေသည်။

အဖေ အိပ်ရာမှနိုးသောအခါ ခရီးဆက်ကြသည်။ စိုတွင်းရွာ ရောက်ခါနီး သ အဖေ့ခြေထောက်များက မလှမ်းနိုင်၊ မသယ်နိုင်။ ဒယီးဒယိုင်ဖြစ်လေ။ အစ်ဖာလုံခန့်သွားပြီးတိုင်း တစ်ခါနားရသည်။ မနားဘဲမသွားနိုင်တော့။ ခြေကုန်လက်ပန်းကျ မောဟိုက်နေပါသည်။

ညနေ ငါးနာရီခန့်တွင် စိုတွင်းရွာဘုန်းတော်ကြီးကျောင်းရောက်သည်။ ကျောင်းမှာ ကြီးမားခံ့ထည်ကျယ်ဝန်းပြီး ကောင်းမွန်သန့်ရှင်းသည်။ ကျောင်းတွင် ကျွန်တော်တို့ရွာမှ ကိုအောင်စိန်၊ ကိုစက်ရှိန်၊ ကိုဘ၊ ကိုပြုံးကြောင်တို့

www.burmeseclassic.com

www.burmeseclassic.com



ရှိကြရာ ၎င်းတို့မှာ ကျွန်တော့်ထက် အသက်ကြီးကြသည်။ အဖေသည် မြောညီသော ကျောင်းလှေကားကို မတက်နိုင်သဖြင့် ကိုအောင်စိန်နှင့် ကိုဖြ ကြောင်တို့က တွဲ၍ ဘုန်းတော်ကြီးရှေ့ ပို့ပေးရသည်။

ဘုန်းတော်ကြီးမှာ သက်တော်ခြောက်ဆယ်ကျော်အရွယ် အရပ်သွယ်လျှလျှ၊ အသားဖြူဖြူ ရွှေကိုင်းမျက်မှန်နှင့် ကြည်ညိုဖွယ်ကောင်းသည်။ ဘုန်းတော်ကြီး၏ ခုတင်ခေါင်းရင်းတွင် မှန်ဗီရိုတစ်လုံးရှိသည်။ ၎င်းဗီရိုထဲတွင် ရွှေစာလုံးထိုးထားသည့် အနက်ရောင်သားရေဖုံး စာအုပ်များအပြည့် ဖြစ်သည်။ ခုတင်ဘေးရှိ စားပွဲငယ်ပေါ်တွင်လည်း စာအုပ်များ ထပ်လျက်ရှိသည်။

စာပြစာချကောင်းသဖြင့် ရဟန်းသာမဏေ၊ တစ်ကျိပ်ကျော်ရှိသည်ဟု သိရသည်။ နားအနည်းငယ်လေးသဖြင့် အသံကိုတိုးမြှင့်လျှောက်ထားရသည်။ 'သားကို ကျောင်းအပ်လို၍ လာရောက်ခြင်းဖြစ်ကြောင်း' အဖေက လက်အုပ်ချီ လျှောက်ထားသည်။ 'ဇီတွင်းရွာတွင် ကျောက်ရောဂါဝေဒနာကြောင့် နေ့စဉ်လိုလို သေဆုံးသူများရှိကြောင်း၊ တစ်ရွာလုံး ထိတ်လန့်ချောက်ချားနေကြကြောင်း၊ ဒကာကြီးသားကို ပြန်ခေါ်သွားပြီး ကျောက်ရောဂါကင်းစင်မှ လာရောက်အပ်နှံစေလိုကြောင်း' ဘုန်းတော်ကြီးက ပြောပါသည်။

"တပည့်တော် မကျန်းမာ၍ နောက်တစ်ခေါက် လာရောက်နိုင်တော့မည် မဟုတ်ပါကြောင်း၊ ဘုန်းတော်ကြီးကလက်ခံလျှင် ယခုတစ်ခါတည်း ကျောင်းအပ်ခဲ့လိုပါကြောင်း' အဖေက ပြန်လည်လျှောက်ထားရာ 'ဒကာကြီး ဆန္ဒရှိလျှင် ထားခဲ့ပေါ့'ဟု ဘုန်းတော်ကြီးကပြောရာ အလိုဆန္ဒပြည့်ဝသွားသဖြင့် အဖေ့မျက်နှာ ကြည်လင်ရွှင်ပျသွားပါသည်။ သို့သော် မကျန်းမာခြင်း၊ ဥတုမှုပြင်းခြင်း၊ ခရီး မြေတာဝေးခြင်း၊ အစာမစားနိုင်ခြင်းတို့ကြောင့် အဖေသည် အားအင်ချိနဲ့ကာ ကျောင်းအောက်ရှိ ခြောက်တိုင်ခုတင်ကြီးပေါ်တွင် လဲပါတော့သည်။ အဖေ့ အင်အားနှင့် ထနိုင်ထနိုင်ခြင်းမရှိသဖြင့် အဖေ့အနီးမှာနေပြီး အဖေ့ဝတ်ကြီး ဝတ်ငယ်ကို ပြုစုနေရ၍ စာမသင်ရပါ။ ဘုန်းတော်ကြီးက ရွာထဲမှ ဆေးဆရာကို ခေါ်ပြီး ဆေးဝါးကုသပေးပါသည်။

ငါးရက်ခြောက်ရက်ခန့်ကြာသောအခါ အဖေ အနည်းငယ် သက်သာသဖြင့် ရွာပြန်ရန် ဘုန်းတော်ကြီးက လှည်းစီစဉ်ပေးပါသည်။ သက်သာသည် ဆိုသည့်တိုင် လှည်းပေါ်မတက်နိုင်၍ ပွေ့ချီ မတင်ပေးရပါသည်။ လှည်းအပေါ် တွင် ၎တ်တုတ်ထိုင်ကာ လှည်းရံတိုင်ကို ကိုင်လျက်က 'သား၊ စာတတ်အောင်



သင်နော်၊ စာမတတ်ရင် လူ့အောက်လူ့နောက်က နေရမယ်။ ပြီးတော့ ကျောင်းသားအချင်းချင်း သင့်မြတ်အောင်နေ'ဟု မှာကြားနေသည့် အဖေ့အသံမှာ စို့နစ်နေကာ မျက်ရည်များ ပါးပြင်သို့ စီးဆင်းနေသည်။ အဖေ့ကိုကြည့်ပြီး ကျွန်တော်ငိုမဲ့ငိုမဲ့ဖြစ်လျက် စိတ်ထဲတွင်လည်း မချိသလိုလို ဝမ်းနည်းသလိုလို ဖြစ်နေပါသည်။ အဖော်များရှေ့ဖြစ်၍ အသံထွက်မငိုမိအောင် စိတ်ကို တင်း ထားရပါသည်။

အဖေပြန်သွားပြီး ရက်မကြာမီ ကျွန်တော် ကျောက်ပေါက်ပါသည်။ ကျောက်မှာ အပ်ချစရာမရှိအောင် တစ်ကိုယ်လုံး ထူပြိန်းနေသည့်အတွက် ဘုန်းတော်ကြီးက စိုးရိမ်သဖြင့် ကိုစက်ရှိန်ကို ရွာပြန်လွှတ်ပြီး အဖေ့ကို အကြောင်းကြားပါသည်။ နောက်နေ့တွင် အမေရောက်ရှိလာပါသည်။ 'အဖေ မလာနိုင်ခြင်းမှာ အိပ်ရာထဲလဲနေ၍ဖြစ်ကြောင်း' အမေက ဘုန်းတော်ကြီးကို လျှောက်ထားပါသည်။ နေ့ခင်းနေ့လယ်တွင် သားကိုပြုစုရန် ကျောင်းမှာ နေခွင့်ပြုသော်လည်း ညတွင်မူ ဦးဘိုးထင်၊ ဒေါ်အေးသိန်းတို့အိမ်မှာ အိပ်စေ ပါသည်။ ဦးဘိုးထင်၊ ဒေါ်အေးသိန်းတို့မှာ သားသမီးမရှိသည့်အပြင် အိမ်မှာ ကြီးမားကျယ်ဝန်းပြီး စီးပွားရေး ချောင်လည်သဖြင့် စားရေးနေရေးအတွက် အဆင်ပြေသည်ဟု အမေက ပြောပါသည်။

သုံးလေးရက်ရှိသောအခါ အဖေ့ကိုပြုစုရန် အမေ့ကို ရွာပြန်လွှတ်ပါ သည်။

"အုံးဖေကို ကျောင်းက ဂရုစိုက်မည်။ ကျောက်ရောဂါမှာ ကုသော်လည်း မိုးနှံကျောက်ဖြစ်၍ စိုးရိမ်ဖွယ်ရာ မရှိ"ဟု ဘုန်းတော်ကြီးက ပြောပါ သည်။

အမေသည် သားအတွက် စိတ်လက်မကြည်မသာဖြင့် ရွာပြန်သွားပါ သည်။ ကျောက်မှာ ထူလွန်းသဖြင့် ခြေဖဝါး၊ လက်ဖဝါး အရေများအလွှာ လိုက် ကွာကျပါသည်။ သို့သော် ကျောက်ကောင်း၍ ကျောက်ပေါက်မာ မထင်ပါ။

ကျောက်ရောဂါပျောက်ပြီး မကြာမီ ဦးရီးသောင် ကျောင်းသို့ရောက်ရှိလာ ပါသည်။ ဦးရီးသောင်မှာ အမေ၏အစ်ကိုအရင်းဖြစ်သည်။ 'အုံးဖေ့အဖေမှာ အသည်းအသန်ဖြစ်နေကြောင်း၊ သူ့သားကို တွေ့လိုသဖြင့် အခေါ်လွှတ်၍ လာရခြင်းဖြစ်ကြောင်း' ဦးရီးသောင်က ဘုန်းတော်ကြီးကို လျှောက်ထားပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ၏ ရောဂါဝေဒနာကိုသိပြီးဖြစ်၍ ဘုန်းတော်ကြီးမှ ခေါ်သွားရန် ခွင့်ပြုလိုက်ပါသည်။ အပြန်တွင် ကျွန်တော်စီးချင်သော မော်တော်ကားကို စိုတွင်းရွာမှ ပခုက္ကူသို့စီးခဲ့ရသဖြင့် ကျွန်တော့်ဘဝတွင် ကနဦး ကားစီးဖူးခြင်း ဖြစ်သည်။

ရွာရောက်သောအခါ ညနေလေးနာရီခန့်ရှိပါပြီ။ အဖေ၏ ကျန်းမာရေး အခြေအနေမှာ အတော်ယိုယွင်းနေသည်။ အသားအရေများမှာ ဖြူဖတ်ဖြူလျော် ဖြစ်ကာ နံရိုးများမှာလည်း ပြိုင်းပြိုင်းထနေသည်။ အဖေသည် ကျွန်တော့်ကို ကြည့်ပြီး ခွက်နေသည့်မျက်အိမ်မှ မျက်ရည်များ ဝေလျှံလျက် ပြောလိုသည့် စကားကို ပြောနိုင်ရန် ကြိုးစားနေဟန်ရှိသည်။ အနီးတွင် အဖေ၏ မွေးချင်းများဖြစ်သည့် ဦးပါတူး ဦးရွှေလု၊ ဒေါ်ချစ်တို့ရှိကြသည်။ သူတို့အားလုံး အဖေ့ကိုကြည့်ပြီး မျက်နှာမကောင်းကြပါ။

အမေက အဖေကွယ်ရာတွင် တရှုပ်ရှုပ် တရှိုက်ရှိုက် ငိုနေသည်။ မပန်းလှိုင်က ရေခပ်၊ မပန်းမြိုင်က ထမင်းချက်၊ ကျွန်တော့်အောက် ညီငယ်များမှာ ကလေးပီပီ ပူပင်ရမှန်းမသိ အိမ်မြောက်ဘက်ရှိ မန်ကျည်းပင်ကြီး အောက်တွင် ဆူညံစွာ ဆော့ကစားနေကြသည်။

အိမ်ထဲတွင်မူ တိတ်ဆိတ်ငြိမ်သက်နေကာ အပ်ကျလျှင်ပင် ကြားရမည် ထင်သည်။

"သားကို ကျောင်းထားချိန်မှာ ကျောင်းမထားခဲ့တာ အဖေရဲ့အမှားပါ"

အဖေသည် သူ့အမှားကို နောင်တရပြီး စိတ်ဆင်းရဲနေသည် ထင်ပါသည်။ အသံမှာ ဆို့နစ်နေသဖြင့် ဆက်လက်မပြောနိုင်ဘဲ ဖြစ်နေသည်။ ကျွန်တော့်မှာ အဖေ့အသံနှင့် မျှော်လင့်ချက်မရှိတော့သည့် အဖေ့မျက်နှာကိုကြည့်ပြီး မျက်ရည်များ ပါးပြင်ပေါ်သို့ စီးဆင်းလာသည်။ ငိုသံမထွက်အောင် စိတ်ကို ထိန်းချုပ်ထားရသည်။ အဖေ၏ မွေးချင်းများမှာလည်း အဖေ့ကိုကြည့်လိုက် ကျွန်တော့်ကိုကြည့်လိုက်နှင့် ပူပင်ဆွေးမြည့်နေကြသည်။

"ပညာတတ်အောင်သင်ပါ ပညာမတတ်ရင် သူ၏ဝန်ထမ်း၊ သူ၏ နောက်လိုက် ဖြစ်လိမ့်မယ်။ အဖေမရှိရင် ကျောင်းပြန်သွားပါ"

အဖေသည် သူ့အခြေအနေကို သူသိသည်။ 'သူမရှိလျှင် ကျောင်းပြန် သွားပါ'ဟု မှာကြားသည်မှာ သည်တောင်ကို သူမကျော်နိုင်မှန်း သိနေသည်။ ထိုမှာကြားချက်သည် ကျွန်တော့်ရင်ဘတ်ကို လေးလံသောအရာတစ်ခုနှင့်



ဆွဲနက်လိုက်သလို ခံစားရသည်။ သားပညာရေးဖြစ်၍ စိုးရိမ်စိတ်ဖြင့် ပြောရသော်လည်း အားအင်မရှိ၊ ချည့်နဲ့နေသည့်အတွက် ဆက်တိုက်မပြောနိုင်ပါ။ စကားလုံး ခါကျတစ်ခုနှင့်တစ်ခုကြား နားပြီးမှ ဆက်ပြောရသည်။ ပြောရင်းပြောရင်း မောဟိုက်နေသည်။ အသက်ရှူလည်း ပိုပြင်းလာသည်။

ဝမ်းဗိုက်မှာ လှိုင်းတံပိုးလို မြင့်လိုက်နိမ့်လိုက်၊ ညကိုးနာရီအချိန်ခန့် တွင် အဖေ၏အသက်ရှူသံမှာ တဖြည်းဖြည်းအားနည်းလာသည်နှင့်အမျှ နောက်ဆုံးတွင် ကျွန်တော်တို့မိသားစုကို စွန့်ခွာသွားပါလေသည်။

ကျွန်တော်၏စိတ်အာရုံသည် အတိတ်ဆီသို့ ပျံ့လွင့်နေရာမှ အမျိုးသမီး များ၏ ဆူညံစွာ စကားပြောသံများကြောင့် ပြန်လည်သတိရလာပါသည်။

အမျိုးသမီးများသည် လေးလံစွာ ရွက်လာရသော ခံတောင်းများကို ချပ်ပေါ်ချ၍ မျက်နှာမှ ချွေးစေးများကို ခေါင်းခုအဝတ်ဖြင့် သုတ်ကြသည်။ ယပ်ခတ်ကြသည်။ ခံတောင်းထဲတွင် ပဲလွန်းသီးများကိုနွယ်ကြိုးဖြင့် စည်းထားသော အစီးများနှင့် ဟင်းချက်ခရဲသီးများ၊ တောင်ကန်စွန်းရွက်၊ ကင်းပုံရွက်၊ မြင်းခွာရွက်၊ ဂုန်ရွက်များ ပါကြသည်။ သူတို့သည် စိုတွင်းရွာမှဖြစ်သည်။ ခုက္ကူမြို့တွင်းသို့ လှည့်လည်၍ ဟင်းသီးဟင်းရွက် ရောင်းချသူများ ဖြစ်၏။ ခဲသီးတစ်စီးမှတစ်ပြား၊ ခရဲသီးနှစ်လုံး၊ သုံးလုံးမှ တစ်ပြားရသည်။ ပါသမျှ အကုန်ရောင်းရမှ တစ်မတ်၊ သုံးမူး ရ၏။ ထိုငွေဖြင့် ဆန်၊ ငါးပိ၊ ဆား စသော စွည်းများကို ဝယ်ယူကြသည်။

"ဟယ်၊ အုံးဖေပါလား။ ရန်ကုန်က ပြန်လာပြီလား"

မေးသူမှာ မလုံမဖြစ်၏။

"ပြန်လာပြီ။ ကနေ့ပဲရောက်တယ်။ ဘုန်းတော်ကြီးကျောင်း သွားမလို့"

"အုံးဖေက ကျောင်းနေတုန်းကထက် ပိုချောနေတယ်။ မိန်းမ မရ သေးဘူးလား"

မမကြီးက မေးသည်။

"မရသေးဘူး။ ကြိုက်မယ့်သူမှ မရှိဘဲ"

"ကြိုက်မယ့်သူရှိပါတယ်။ အခု တို့အထဲမှာ ပါတယ်မဟုတ်လား"

မမယ်ဟန်က မလုံမကိုကြည့်လျက်ပြောရာ မလုံမက ရှက်သည့်မှုအရာ နှင့် ခေါင်းခုအဝတ်ဖြင့် ရိုက်ပါသည်။ ကျွန်တော်ကျောင်းနေစဉ်က မလုံမ ငြိပန်းခဲ့ဖူးသည်ကို သိနေကြသည်။ မလုံမသည် ကျွန်တော့်ထက် အသက်ကြီး သည်။ အသားညိုပြီး ရုပ်ရည်မှာ ရွက်ကြမ်းရေကျို။ ပါးတွင် မှဲ့ကလေးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ပါရှိသည်။ နံနက်ဆွမ်းခံရင်း မလုံမကို တွေ့မြင်ရသည်။ ညနေ ရေခပ်ရင်းလည်း တွေ့ရမြင်ရပြန်သည်။

ကျောင်းဝိုင်းမြောက်ဘက်တွင် သောက်ရေကန်ကြီးတစ်ခု ရှိသည်။ ကြာဖြူ၊ ကြာနီများနှင့် သာယာကြည်နူးဖွယ်ရာ ကောင်းလှပါသည်။ ကြက် ရေငှက်လည်း ပေါများသည်။ ကန်ပေါင်ရိုးတစ်လျှောက်တွင် မန်ကျည်းပင်ကြီးများ ရှိသည်။

ညနေတိုင်း လေးဂါလံဝင်သံပုံး ကိုအောင်တင်နှင့်နှစ်ယောက် ဦးခေါင်းထမ်းပြီး ရေခပ်ရသည်။ ရွာထဲမှ အမျိုးသမီးများကလည်း သနပ်ခါးအရေးသားနှင့် ရေခပ်လာကြသည်။ ကန်ပေါင်ရိုး မန်ကျည်းပင်များအောက်မှာထိုင်ပြီး သူတို့တစ်တွေ ရေအိုးကိုယ်စီရွက်ကာ ကန်ပေါင်ပေါ် တက်လာကြသည်ကိုကြည့်ရသည်မှာ အရသာရှိလှပါသည်။

ထိုအချိန်က ကျွန်တော့်အသက် ဆယ့်လေးနှစ်၊ မလုံမက ဆယ့်ခုနစ်နှစ်ဖြစ်သည်။ ငယ်စဉ်က မယားတရှူး ရှူးခဲ့ဖူးသည်ကို ပြောရဦးမည်။ 'လူကောင်ကြီးကွားမှ မိန်းမရမည်'ဟူသော ပေါတောတော အတွေးအခေါ်ဖြင့် လူကောင်ကြီးထွားအောင် ထမင်းများ နင်းကန်စားသည်။ တစ်ညတွင် ထမင်းခြောက်ထမင်းနှင့် ချဉ်ပေါင်ဟင်းတို့ကို အစားများလွန်း၍ မအီမသာဖြစ်ကာ တစ်ညလုံး မအိပ်နိုင်ဘဲ 'အမယ်ကယ်ပါ ဘကယ်ပါ' ဖြစ်ခဲ့ဖူးသည်။

မကြာမီ မလုံမတို့နှင့် ဆန့်ကျင်ဘက် ထွက်လာခဲ့သည်။ သူတို့က ပခုက္ကူမြို့ဆီသို့၊ ကျွန်တော်က စိုတွင်းရွာ ဘုန်းတော်ကြီးကျောင်းဆီသို့။ ကျောင်းရောက်သောအခါ 'ပြန်လာပြီလား'ဟု ဘုန်းတော်ကြီးက မေးပါသည်။

ကျွန်တော်သည် ရိုသေစွာ ဝပ်ချကန်တော့၍ 'ပြန်လာပြီ'ဖြစ်ကြောင်း လျှောက်ထားသည်။ 'ပြန်လာတာ ကောင်းပါတယ်။ မြင်းဆိုက်အလုပ်ထက် ဒုစရိုက်အလုပ်ပဲ'ဟု ဆိုပါသည်။

ဘုန်းတော်ကြီးသည် သူမရောက်ဖူးသော ရန်ကုန်မြို့၏ အခြေအနေကို လေ့လာ မေးမြန်းပါသည်။ 'တိုက်ကြီးတွေမှာ သုံးထပ်၊ လေးထပ်ဖြစ်ကြောင်း၊ ပင်လယ်ကူး သင်္ဘောကြီးများမှာ ဇရာမဟာကြီးတွေဖြစ်ကြောင်း၊ ဓာတ်ရထားမှာ စက်မပါဘဲ လျှပ်စစ်ဓာတ်အားနှင့် မောင်းရခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့မှာ ကုလားလူမျိုးတွေများကြောင်း၊ ကုလား စကားမတတ်လျှင် လန်ခြားစီး၍မဖြစ်ကြောင်း' ဘုန်းတော်ကြီးကို လျှောက်ထား ပြောပြရသည်။

နောက်တစ်နေ့နံနက်တွင် ပခုက္ကူသို့ ပြန်လာကာ ဦးဘာသိန်း ဒေါ်ပေါ့သယ်တို့အိမ် ဝင်ရောက်နှုတ်ဆက်ပါသည်။ ဖော်ရွေစွာ ရှိကြပါ



တို့ထံမှ ခိုးယူသွားသော ငွေများနှင့် လုံချည်အင်္ကျီတန်ဖိုးများကို ဦးလူဆိုးတို့ ပြန်လည်ပေးလိုက်၍ ကျေနပ်နေကြဟန်ရှိသည်။ ရွာမှာမနေချင်လျှင် တို့အိမ်တွင် လာရောက်နေထိုင်ဖို့ ပြောကြပါသည်။ ညနေရွာပြန်ရန် ကူးတို့ဆိပ်သို့ ထွက်လာခဲ့သည်။ ကူးတို့ဆိပ်မှာ ဓာတ်တိုက်တန်းနှင့် တပ်ကြားကြား၊ ယခု 'ဦးကြီးပိုဆိပ်'ဟု ခေါ်ကြသောနေရာ၌ ဖြစ်သည်။ လူမစုံ၍ ကူးတို့လှေ မထွက်သေးသော်လည်း ခရီးသည်များ လှေပေါ်တွင် ထိုင်နေကြသည်။

ထိုအခိုက် 'ဝက်သား ဝက်သား၊ **တစ်တွဲ**မှ ခြောက်မူး'ဟု အော်ဟစ်ကာ ဝက်သားရောင်းသူ ရောက်ရှိလာပါသည်။

"ဟဲ့ကောင်လေး၊ ဒင်္ဂါးတစ်ပြား ခဏပေးစမ်း"ဟု ဦးလွန်းမောင်က ပြောင်းသည်။ ကျွန်တော့်အိတ်ကပ်ထဲတွင် ငွေတစ်ကျပ်နှင့် ပိုက်ဆံအကြွေများရှိ၏။ ခဏဆို၍ ငွေဒင်္ဂါးတစ်ကျပ် ထုတ်ပေးလိုက်သည်။ ဦးလွန်းမောင်၊ ဒေါ်ရွှေရင်တို့သည် ဈေးသည်ဖြစ်သည်။ လှေပေါ်တွင် ဒေါ်ရွှေရင်လည်းပါ၏။

မကြာမီ ကူးတို့လှေ ကမ်းမှထွက်ခွာလာသည်။ 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်'ဖြစ်၍ ဧရာဝတီမြစ်ကြီးမှာ ကျယ်ပြောလှသည်။ ရေစုန်ဖြစ်၍ တစ်နာရီခန့်ပဲ လှေစီးရသည်။ အိမ်ရောက်၍ အမေနှင့်တွေ့သောအခါ အမေသည် မမျှော်လင့်ဘဲတွေ့ရ၍ အမေ့မျက်နှာ ကြည်လင်ဝင်းပသွားပါသည်။

"အုံးဖေ၊ ပြန်လာပြီလား"

"ဟုတ်ကဲ့ ပြန်လာပြီ။ အမေနှင့်ပဲ အတူနေတော့မယ်"

"အေး ကောင်းတာပေါ့ကွယ်။ ပန်းမြိုင်လည်း ကြီးမောင်နှင့် အိမ်ထောင်ကျလို့ ခွဲထွက်သွားပြီ"ဟု ပြောပါသည်။

ကျွန်တော်မရောက်လာမီ အမေနှင့်အတူနေကြသူများမှာ မပန်းလှိုင်၊ ကိုလှဖေ၊ ကိုအေးတို့ပဲ ဖြစ်ကြသည်။ ကျွန်တော့်တွင် မွေးချင်းငါးယောက်ရှိသည့်အနက် ညီမလေးမှာ လေးငါးလအရွယ် သေဆုံးသွားသည်။

ကိုလှဖေအောက် ကိုဘဖေသည် ငါးနှစ်အရွယ်တွင် ရေနစ်သေဆုံးသွားသဖြင့် အမေသည် ရွာခေါင်းရင်းရှိ ရေရိုးကိုမကြည့်လို၊ မမြင်လို၍ နှစ်နှစ်ခန့် ရွာခေါင်းရင်းသို့ မထွက်ဘဲ နေခဲ့သည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

၅

# မျှော်လင့်ချက်များဖြင့် ရန်ကုန်သို့ခရီး

နောက်တစ်နေ့နံနက်တွင် ကျွန်တော်သည် ငွေတစ်ကျပ်ရရှိရေးအတွက် လွန်းမောင်၊ ဒေါ်ရွှေရင်တို့အိမ်သို့ သွားပါသည်။ ကျွန်တော်လာရောက်သည် ...င် မလိုလားသည့်သဘောမျိုးဖြင့် မျက်နှာထိမျက်နှာထားနှင့် ခပ်တည်တည် ကြသည်။ နှစ်ဦးစလုံးကပင် ငွေပေးမည့်စကားမျိုး လုံးဝမပြောကြ။ ဒေါ်ရွှေရင် ... ဈေးရောင်း၍ ဦးလွန်းမောင်က မီးဖိုချောင်ထဲ ဝင်လိုက်ထွက်လိုက်။ ...န်တော်သည် တန်းလျားပေါ်၌ ငူငူကြီးထိုင်နေရာမှ ကြာတော့ မျက်နှာပူ ...ဖြင့် အိမ်ပြန်လာခဲ့ပါသည်။ သူတို့ချင်း စကားများကြ၍ ဤသို့ ဖြစ်နေသည် ...င်ပြီး နောက်တစ်နေ့သွားပြန်ပါသည်။ မနေ့ကထက်ပင် မျက်နှာအမူအရာ ...က တင်းမာသည့်သဘောမျိုး ဖြစ်နေသဖြင့် နှမြောသော်လည်း ပြောရမှာ ...နာ၍ ပြန်လာခဲ့ပါသည်။ ၎င်းငွေရရှိမှုအတွက် နောက်ထပ်လည်း မသွား ...တော့ပါ။

ပိုက်ဆံမရှိ၍ ပိုးလုံချည်တစ်ထည် ပေါင်ခဲ့ရသည်။ ၎င်းငွေကို ကျွန်တော် ...သုံးရက်၊ မစွဲရက်သော်လည်း ဦးလွန်းမောင်က အလွယ်တကူ ယူငင်သုံးစွဲခဲ့သည်။ ...တော့ ပြန်မပေးဘဲနေသည်မှာ မည်မျှ တရားမဲ့ပါသနည်း။ လူကြီးက ...ယ်ကို အနိုင်ကျင့်သည့်သဘောပင်။ ငွေတစ်ကျပ်နှင့် လူသတ်မှုဖြစ်ကြသည်မှာ ...ကိစ္စမျိုးပင် ဖြစ်ပေလိမ့်မည်။ နှမြောသော်လည်း မခံချင်သော်လည်း ကျွန် ...တော်သည်သွေးထွက်သံယိုအလုပ်မျိုးကို လုပ်ရဲသောသတ္တိ မရှိရုံမျှမက မလုပ် ...သည်း မလုပ်ရက်ပါ။ ယနေ့အထိ မည်သူ့ကိုမျှ နစ်နာအောင်၊ သွေးထွက်သံယို ...အောင် မလုပ်ခဲ့ဖူးပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာတည်းဖြစ်၍ ဦးလွန်းမောင်နှင့် မကြာခဏ တွေ့ဆုံရသည်။ အချိန်အကြာဆုံး၊ အများဆုံး တွေ့ဆုံရသည့်နေရာမှာ ဖဲဝိုင်း (သို့မဟုတ်) ကြက်ဝိုင်း၌ ဖြစ်သည်။

တစ်နေ့သော် ကျွန်တော် ဖဲနိုင်ပြီး သူရှုံးသည်။

"ဟဲ့ကောင်လေး၊ တစ်မူးလောက် ကြားပေါက်ဖို့ ပေးပါဦး"

ကျွန်တော်သည် ငွေတစ်ကျပ်ပြန်မရ၍ မကျေမနပ်ရှိနေဆဲတွင်-

"မပေးနိုင်ဘူးဗျာ။ မနေ့ကရှုံးထားတဲ့ ငွေရင်းကိုတောင် မရသေးဘူး" ဟု ပြောလိုက်သည်။ အနီးရှိလူများက မပေးဘဲ ယခုလိုပြောလိုက်ခြင်းကို သဘောကျနေကြဟန်ရှိသည်။ ဦးလွန်းမောင်သည် သူနိုင်လျှင် မည်သူ့ကိုမျှ မကျွေး၊ မပေးပေ။ အိမ်၌ မည်သည့်ကိစ္စရှိသည် အကြောင်းပြကာ အိမ်ပြန်ပြေးသည့်အလေ့ရှိသည်။

ဖဲဝိုင်းလာသည့်အခါ၌လည်း ပိုက်ဆံငါးမူး၊ ခြောက်မူးခန့်မျှနှင့် အနိုင်ကြလိုသူဖြစ်၏။ ရှုံးပြီဆိုလျှင် ဟိုလူ့ဆီက တစ်ပဲတောင်း၊ သည်လူ့ဆီက တစ်မူးတောင်းပြီး ကြားပေါက်သည့်အကျင့် ရှိသည်။

ဂျပန်ခေတ်က ကျွန်တော်ပါ သုံးဦး၊ ရာဇဝတ်မှုတစ်ခုနှင့် ထောင်သုံး လေးလ အပြစ်ကျခဲ့သည်။ အမှုတွဲအဖြစ် သူ့သား ကိုအောင်စိန်လည်းပါသည်။ သူ့သား ထောင်ကျရခြင်းသည် ကျွန်တော့်ကြောင့်ဖြစ်ကြောင်း အိမ်တကာ လှည့်လည်ပြီး ကျွန်တော်မကောင်းကြောင်း ပြောသည်ဟု သိရပါသည်။

အချိန်ကာလတို့သည် ရွေ့လျားပြောင်းလဲနေသည်နှင့်အညီ ၁၉၄၈ ခုသို့ ရောက်ရှိလာခဲ့သည်။ တစ်နေ့တွင် ဦးလွန်းမောင်သည် ကျွန်တော့်ထံ မျက်နှာပြုံးရွှင်စွာနှင့် လာရောက်ပြောပြပါသည်။

ထိုအချိန်က ကျွန်တော်သည် သူကြီးဖြစ်၏။ သူသည် စိုက်ပျိုးမြေ အမတော်ကြေးလိုချင်၍ ကျွန်တော့်ထံ လာရောက်စာရင်းပေးသွင်းခြင်း ဖြစ်သည်။ သူတို့မိသားစုသည် ဈေးလည်းရောင်းသည်။ တောင်သူလည်း လုပ်သည်။ ငွေတစ်ကျပ်မပေးခြင်းကြောင့် 'ဈေးသည်'ဟု အကြောင်းပြပြီး ပယ်ချရန် ကြံရွယ်ခဲ့သေးသည်။ နောက်မှ စိတ်ထားပြောင်းလဲသွားကာ 'ငါလူကြီးဖြစ်သည်။ လူကြီးသည် မှန်ကန်မှုကို ရှေးရှုရမည်။ သမာသမတ် ကျရမည်။ တရားမျှတ ရှိရမည်'ဆိုသော စိတ်ကောင်းကလေး ဝင်လာကာ သူ၏မြေခွန်ပြေစာနှင့် သူ့လုပ်ကွက်မြေဧရိယာ ဧကစာရင်းကို ယူထားလိုက်သည်။



မြို့အုပ်ရုံးမှ အမတော်ကြေးထုတ်ယူရန် ဆင့်ခေါ်သောအခါ ကျွန်တော်သည် တောင်သူများနှင့်အတူ လိုက်ပါသွားပါသည်။ 'ငွေတစ်ကျပ် ပြန်ပေးဦးမည်' မျှော်လင့်ပါသေးသည်။ မပေးပါ။ ပေးခဲ့သော် သူ့အကြောင်း ဆောင်းပါးရေးဖြစ်မည် မထင်ပါ။

တစ်ချိန်က ထနောင်းကုန်းရွာသည် မြစ်ကမ်းပါးပြို၍ လုပ်ကွက်မြေယာများ ဆုံးရှုံးသွားသည့်အတွက် စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့ခဲ့ရသည်။ မောင်းထောင်းကြရသည်။ သမန်းမြက်၊ ကိုင်းမြက်များကို ရိတ်ဖြတ်၍ ဆက်ငယ်ပျစ်ကြရသည်။ တံငါလုပ်ကြရသည်။

ကျွန်တော့်အသက် ဆယ့်ငါးနှစ်အရွယ် ကျောင်းကထွက်သောအခါ ဆရာဘုန်းတော်ကြီးက 'ရွာမပြန်နှင့်၊ ရွာပြန်လျှင် တံငါဖြစ်မှာပဲ။ အရောင်းအဝယ်ပညာတတ်အောင် အုန်းပွင့်အိမ် သွားနေချေ'ဟု ဘုန်းတော်ကြီး၏ ညွှန်ပေးမှုဖြင့် ရေစကြိုမြို့ ဆင်တဲတားရပ်နေ ကုန်သည်ကြီး ဒေါ်အုန်းပွင့်အိမ်သို့ ရောက်ရှိသွားပါသည်။ သူ့အိမ်တွင် ထမင်းစား အခမဲ့ နှစ်နှစ်ခန့် နေခဲ့ရပါသည်။ ဒေါ်အုန်းပွင့်သည် သားသမီးရှစ်ယောက်မိခင် မုဆိုးမ ဖြစ်၏။

သူသည် စာမတတ်သော်လည်း လုပ်ရည်ကိုင်ရည် ရှိသည်။ စည်းကမ်းတင်းကြပ်သည်။ ဒေါ်အုန်းပွင့်အိမ်တွင် ကျွန်တော်သည် ကလေးများ၏ ညှစ်အကြေးမှအစ ချက်ရေးပြုတ်ရေးပါ သေတ္တာမှောက် လုပ်ခဲ့ရသည်။ မှတ်မိပါသေးသည်။

တစ်နေ့တွင် ကျွန်တော်သည် ဆန်အိတ်ဂုန်နီကြိုးကို မဖြေဘဲ ဓားဖြင့် ဖြတ်ခဲ့သည်။

"ဟဲ့ ခွေးကောင်လေး၊ သူများလုပ်တာ မမြင်ဘူးလား"ဟု ဒေါသတကြီး ပါးကိုရိုက်ရန် ရွယ်ပြီးမှ မည်သို့ကြောင့်မသိ မရိုက်ဖြစ်ပါ။ ဆန်အိတ်ချထားသည့်နေရာအထက်တွင် သံကောက်တစ်ခုရှိသည်။ အိတ်ကြိုးကိုဖြေ၍ သံကောက်တွင် ချိတ်ရပါသည်။ များလာသည့်အခါ အိတ်ကြိုးဝယ်သူကို ရောင်းချပါသည်။ ကျွန်တော်က အခြားကိစ္စ အရေးကြီးနေ၍ ပြီးစလွယ် ဓားနှင့်ဖြတ်လိုက်ခြင်း ဖြစ်၏။

ဒေါ်အုန်းပွင့်၏ ချွေတာရေး နည်းစနစ်တစ်ခုကို ပြောလိုပါသေးသည်။ ဧည့်သည်များလာ၍ ရေနွေးကြမ်း၊ ငါးခြောက်ဖုတ်နှင့် ဧည့်ခံလျှင် (သို့မဟုတ်) ငါးခြောက်ကြော်လျှင် အရိုးများနှင့် အမြီးဖျားများကို မီးဖိုထဲတွင် ချိတ်ဆွဲထားသော သံခြင်းထဲသို့ ထည့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



များလာသည့်အခါ ငါးခြောက်ရိုးများနှင့် ဒန့်ဒလွန်သီး၊ ရုံးပတီသီး၊ အာလူးသီး၊ ခရမ်းသီး၊ ပဲလွန်းသီး၊ ကုလားပဲ ဆန်အနည်းငယ်ထည့်ပြီး ကုလားဟင်းချက်ရသည်။ မဆလာနံ့ တသင်းသင်းနှင့် စားလို့အရသာရှိပါသည်။ ထိုနေ့နံနက်စာအတွက် အသားငါး မဝယ်တော့ဘဲ ဆွမ်းခံကိုယ်တော်များကိုလည်း ထိုဟင်းဖြင့် လောင်းလှူသလို တစ်အိမ်လုံးလည်း ထိုဟင်းနှင့်ပင် စားရသည်။

ဒေါ်အုန်းပွင့်သည် စီးပွားရေး၊ ချွေတာရေး၊ အိမ်ထောင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဘက်စုံတော်သော အမျိုးသမီးကြီးတစ်ဦးဖြစ်သည်။ သို့သော် မတော်သောအရာတစ်ခုရှိ၏။ ထိုအရာကား ရာဂစိတ်ကို ထိန်းချုပ်နိုင်စွမ်း မရှိခြင်းဖြစ်သည်။ အသက် လေးဆယ့်လေးနှစ်ရှိမှ အိမ်နီးချင်းဦးကျားလု ဆိုသူ မုဆိုးဖိုတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့သည်။

ဦးကျားလုသည် ကြက်သမား၊ အရက်သမား၊ ရပ်ကွက်ကာလသားခေါင်းဖြစ်သည့်အပြင် အတူနေသမီး လေးဦးရှိသည်။ ဒေါ်အုန်းပွင့်သည် ဦးကျားလုနှင့် 'ကျွဲပေါက်'ဆိုသော သားကလေးတစ်ယောက် မွေးဖွားခဲ့သည်ဟု သိရသည်။ ဦးကျားလု၏ မလိုလားမှုကြောင့် ကျွန်တော်သည် ဒေါ်အုန်းပွင့် အိမ်မှ ထွက်ခွာခဲ့ရသည်။

ခေါင်က မိုးမလုံခြင်းကြောင့် သားသမီးများက မိခင်၏ ဆိုဆုံးမမှုကို မနာခံကြတော့ဘဲ ထင်သလိုပြုလုပ်လာကြသည်။ ငွေကြေးကိုလည်း စည်းကမ်းမဲ့ သုံးစွဲလာကြသည်။ နောက်ဆုံးတွင် အိမ်ထောင်ထိန်းသိမ်းမှု ပျက်စီးသကဲ့သို့ စီးပွားရေးလည်း ပျက်စီးသွားသည်ဟု သိရပါသည်။

ကျွန်တော် ရန်ကုန်က ရွာပြန်ရောက်သောအခါ မြေနုကျွန်းလည်း ပေါ်ထွန်းလာသဖြင့် အိမ်ထောင်စုတိုင်းလိုလို မြေပိုင်ယာပိုင်နှင့် တောင်သူများ ဖြစ်နေကြ၏။ အမေတို့မိသားစုလည်း မြေပိုင်ယာပိုင်နှင့် ဖြစ်ရှိနေသည်။ ကျွန်းမြေနုသည် မြေဆီမြေလွှာ၊ မြေသြဇာကောင်းသဖြင့် မျိုးစေ့တစ်ဆုပ် ပက်လျှင် တစ်ပုတ် ရရှိပါသည်။ သို့ဖြစ်၍ အရလွယ်သည့်အတွက် တောင်သူများသည် စည်းကမ်းမရှိ၊ ချွေတာစုဆောင်းရမှန်းမသိ အသုံးအစွဲ လွန်ကဲသြကသည်။ ဝက်သားဆို တွဲလိုက်၊ အမဲဆို တွဲလိုက်၊ ငါးဆိုလျှင် တစ်ကောင်လုံး ဓာတ်တုပုဏ်ပြိုင် ဝယ်ယူ စားသောက်ကြသည်။



တစ်ချိန်က မောင်းထောင်းရသည်။ သက်ငယ်ပျစ်ခဲ့ရသည်။ တံငါလုပ်ခဲ့ရသည်။ သုံးလွန်းတင်ထမင်းနှင့် ငါးပိဖုတ်၊ ငရုတ်သီးထောင်းနှင့် လွေးခဲ့စားခဲ့ရသည်တို့ကို မေ့ပျောက်ပြီး အောက်ခြေလွတ်လာကြသည်။ ထို့ပြင် ဆင်းရဲပင်ပန်းကြီးစွာ အလုပ်မလုပ်ကြတော့ဘဲ ကိုယ်စားလူငှားများဖြင့်သာ လုပ်ကိုင်ကြတော့သည်။ အလုပ်မလုပ်ခြင်းကြောင့် အတွေးအခေါ်နှင့် လုပ်ရည်ကိုင်ရည်များ လျော့ပါးလာသည်။ 'မြေဆူလူညံ့'ဟု အဆိုရှိသည် မဟုတ်ပါလား။

ကျွန်တော်တို့မိသားစုသည် ကိုယ်ပိုင်မြေကိုလည်း စိုက်ပျိုးသည်။ အားလျှင် အငှားလည်းလိုက်သည်။ လုပ်ခမှာ တစ်နေ့ကုန်လုပ်မှ သုံးမတ်ရသည်။ အဆင်းရဲဆုံး၊ အပင်ပန်းဆုံးလုပ်ငန်းမှာ မြေဆောင့်ရသောလုပ်ငန်းဖြစ်သည်။ မြေဆောင့်ရသည်မှာ သဲပြင်သဲထုအောက်ရှိ မြေသားနှင့်ဆက်ရန် ငါးမတ်လုံးခန့်ရှိ (သို့မဟုတ်) တစ်လက်မခွဲလုံးခန့်ရှိ လေးပေရှည် သံချောင်းကြီးနှင့် သဲပြင်ကို ဆောင့်ပြီး ကျင်းပေါက်ဖောက်ရသည်။ ၎င်းကျင်းပေါက်ထဲသို့မြေသားများ ထည့်လိုက်သောအခါ အောက်မြေနှင့် ဆက်သွားပါသည်။

မြန်မာဆေးရွက်ကြီးပျိုးပင်များ စိုက်ကြသည်။ မြေနက်လျှင် သံချောင်းကို နုတ်လိုက်ဆောင့်လိုက် သုံးလေးကြိမ် ပြုလုပ်ရသည့်အပြင် ကျင်းပေါက်ကောင်းအောင်လည်း သံချောင်းနှင့်နှံ့ပြီး ချဲ့ပေးရသည်။ သို့မဟုတ် ကျင်းပေါက်ထဲ မြေထည့်သည့်အခါ လည်နင်နေတတ်ပါသည်။ မြေနက်လျှင် သုံးပေ၊ သုံးပေကျော် ဆောင့်ရသည်။ အလွန်ဆင်းရဲပါသည်။ နဖူးမှချွေး ခြေမပေါက်ျအောင် လုပ်ရသည်ဆိုသည်မှာ ၎င်းအလုပ်နှင့် လှေထိုးလှော်တိုက်အလုပ် ဖြစ်ပေလိမ့်မည်။

အထူးသဖြင့် ကျွန်တော်သည် မြေဆောင့်လုပ်ငန်းကို ကျွမ်းကျင်ပါသည်။ ထနောင်းကုန်းရွာတွင် ကျွန်တော်နှင့်ကိုရှိန်သည် မြေဆောင့်လုပ်ငန်း၌ နာမည်ကြီးကြသူများ ဖြစ်သည်။ ကိုရှိန်သည် ကျွန်တော့်ထက် အသက်ကြီးသလို လူလုံးလူရပ်လည်း ကြီးထွားသည်။ အိမ်ထောင်သည်ဖြစ်သည်။ ကျွန်တော် လုပ်ခကို အမေတို့က တောင်းခံသုံးစွဲကြသဖြင့် တစ်ခါတလေ အမေတို့အလျှင် ဦးအောင်တောင်းယူပြီး ဖဲရိုက်ပါသည်။ ဝါသနာပါ၍ ရိုက်သော်လည်း ကျွမ်းကျင်မှု၊ နားလည်မှုမရှိ၍ ရှုံးသည့်အခါက များပါသည်။ ဖဲရှုံးသည့်အခါ တွတ်တော်၊ ပြာသို ချမ်းအေးသည့်အချိန်ကာလ ဖြစ်သော်လည်း ပူပန်ပြီး ချွေးစေးချွေးပေါက်များ စို့ထွက်လာသည်။

www.burmeseclassic.com



ထွက်ခေါလိမ့်မည်။ နဖူးကချွေး ခြေမကျအောင် လုပ်ကိုင်ခဲ့ရသော ငွေများမဟုတ်ပါလား။ တနုံ့နုံ့ပူပန်နေခြင်းကြောင့် အိပ်မပျော်ပါ။ ဖဲမရိုက်ဘဲ ပခုက္ကူသွားလျှင် ဆံပင်ဖြတ်နိုင်သည်။ ရုပ်ရှင်ကြည့်နိုင်သည်။ ဇာမဏီစွပ်ကျယ် တစ်ထည် ဝယ်ယူနိုင်သည့်အပြင် ဟင်းလျာမျိုးစုံနှင့် ထမင်းအဝစားနိုင်သည်။ 'ဖဲရိုက်တာ မှားသည်'ဟု တဒင်္ဂ ခဏ ဖြစ်ပေါ်လာခဲ့သော်လည်း တကယ်တမ်း ကျတော့ ထန်းရည်မူးသူ အမူးပြေတော့ ထန်းပင်မော့ကြည့်သလို ဖဲရိုက်မြဲ ရိုက်ခဲ့သည်သာ။

မအေးမိတို့အိမ် အလည်သွားရန်ကြံသော်လည်း ဖဲဝိုင်းက မထနိုင်၍ မသွားဖြစ်ပါ။ လွန်ခဲ့သည့် သီတင်းကျွတ်လ ထနောင်းကုန်းရွာ 'ရွှေနားပန်' ဘုရားပွဲတွင် မအေးမိနှင့် တွေ့ရပါသည်။ မအေးမိသည် ဆံတောက်သိမ်းပြီး အုပ်လုံးသွင်းထားသဖြင့် အလျင်ကထက်ပင် ကြည့်၍ ပိုလှသည်ဟု ထင်ပါသည်။

"ကျွန်မတို့အိမ်ကိုတောင် အလည်မလာဘူး"ဟု မအေးမိက အပြစ်တင်သည့်သဘောမျိုး ပြောပါသည်။

"လာမလို့ပါဟာ။ အလုပ်က မအားလို့ပါ"

"အလုပ်မအားတာလား၊ ဖဲရိုက်နေတာလား"

"နှစ်မျိုးလုံးပဲ။ ပြောပါတော့"ဟု အမှန်ကို ဝန်ခံလိုက်ရသည်။

"ကိုအုံးဖေ ဘာလုပ်နေတယ်ဆိုတာ ကျွန်မသိပါတယ်"ဟု မအေးမိက ပြုံးစိစိ အမူအရာနှင့် ပြောပါ၏။

အချိန်ရာသီတို့သည် တဖြည်းဖြည်း ရွေ့လျားလာခဲ့သည်။ ဆောင်းသီးနှံများ ရိတ်သိမ်းပြီးကြပေပြီ။ မြေနုကျွန်းမှ ပဲရင်း၊ ပဲကြား၊ မြေပဲများနှင့် ဆေးရွက်ကြီးဖိုများ ရရှိခဲ့ပါသည်။ ငွေသုံးလို၍ ဆေးရွက်နှစ်ဖို ရောင်းချရန် ကျွန်တော့်ကို ပခုက္ကူမြို့သို့ လွှတ်လိုက်ပါသည်။ အစက အမေသည် ကျွန်တော့်ကို ယုံကြည်မှုမရှိ၍ မပန်းလှိုင်ကိုလွှတ်ရန် ကြံစည်ခဲ့ပါသည်။ မပန်းလှိုင်က မတွက်တတ် မချက်တတ်သည့်အပြင် ကတ္တားနားမလည်ခြင်းကြောင့် ကျွန်တော့်ကို အရောင်းခိုင်းခြင်းဖြစ်၏။

ကျွန်တော်သည် အလုပ်မအားလပ်၍ ပခုက္ကူတွင် ဆယ်ရက်၊ ဆယ့်ငါးရက်နေပြီး ရုပ်ရှင်ကြည့်မည်။ ဖဲရိုက်မည် ရည်ရွယ်ချက်ဖြင့် လုံချည်အကျီများကို လွယ်အိတ်နှင့် ထည့်ယူခဲ့သည်။



"ဘာလုပ်ဖို့ လုံချည်အကျီတွေ အပိုယူသွားရတာလဲ"ဟု အမေက မေးပါသည်။

"အစ်ကိုတို့က အလုပ်အားရင် သူတို့ကို ကူညီပါဦးဆို၍ ဆယ်ရက်၊ ဆယ့်ငါးရက်လောက် သွားရောက်ကူညီလို၍ဖြစ်ကြောင်း" ပြောလိုက်ရာ-

"ဆေးဖိုးငွေကို ဘယ်လိုလုပ် ပို့ပေးမှာလဲ"

"ကနေ့ ရောင်းရရင် ရောင်းမယ်။ မရောင်းရရင် အစ်ကိုတို့ဆီက သုံးယူပြီး ဘကြီးကျော်အပြန်တွင် ပေးလိုက်မယ်"ဟုပြောရာ အမေက ကျေနပ်သွားပါသည်။

ဘကြီးကျော်မှာ လှည်းငှားလိုက်သူဖြစ်ပါသည်။ မြေဆောင့်နာမည်ကြီးသူဦးရှိန်၏ဖခင်ဖြစ်၏။ သူ၏နွားနှစ်ကောင်မှာ ပုပျပ်ပျပ်၊ ပိန်လှီလှီ၊ နံရိုးများပြိုင်းပြိုင်းထနေသည်။ ဦးဘိုးကျော်သည် နွားများကို မညှာမတာ ရိုက်နှက်ခိုင်းသည့်ပြင် အစာကို ဂရုစိုက်ကျွေးသူ မဟုတ်ပေ။ နွားသည် လူခိုင်းဖို့ဖြစ်ရာ အစာမှာ သူ့သဘာဝအလျောက် ရှာစားဖို့ပဲဖြစ်သည်ဟု ဆိုကာ ရွာပြင်တွင် လွှတ်ထားသည်။

အမျိုးသမီးတစ်ဦးနှင့်တစ်ဦး မယုံကြည်၍ 'ဦးဘိုးကျော်နွား ဖြစ်ပါရစေ'လို့ ကျိန်တွယ်ပါဆိုလျှင် မည်သူမျှ မကျိန်ရဲကြ။ ဦးဘိုးကျော်သည် လှည်းငှားသူများက နေ့နေ့ညည အချိန်မရွေးလိုက်သူဖြစ်၏။ ယခုလည်း ဆေးရွက်နှစ်ဖိုမှာ သယ်ချိန်နှစ်ရာကျော် ဖြစ်သော်လည်း နွားများမှာ အားအင်မရှိ။ ပိန်ချည့်နေသည့်အတွက် နှေးကွေးစွာ ရုန်းကန်နေရလေသည်။ ကျွန်တော်သည် နွားများကို သနား၍ လှည်းမစီးဘဲ လှည်းနောက်မှ လိုက်ပါလာခဲ့သည်။ ဦးဘိုးကျော်က လှည်းပေါ်တက်စီးရန် ခေါ်ပါသည်။ မစီးရက်ပါ။

အချိန်ရာသီမှာ နယုန်လကုန်ခါနီးဖြစ်၏။ 'နယုန်မိုးသေး မြက်သားမွေး' ကြလေပြီ။ နွားများသည် လမ်းဘေးရှိ မြက်နုပေါက်ကလေးများကို စားလို၍ လှည်းကို လမ်းဘေးသို့ ဆွဲယူသွားသည်။ ထိုအခါ ဦးဘိုးကျော်သည် "ဒီလောက်တော်နေသလား"ဟု ဟစ်အော်ကြိမ်းမောင်းကာ နွားရိုက်တံနှင့် 'ဖြန်းဖြန်း' ရိုက်ပါလေတော့သည်။ သို့သော် နွားများသည် ဆာလောင်မွတ်သိပ်နေခြင်းကြောင့် အမှတ်မထားနိုင်ဘဲ လမ်းဘေး မြက်နုလေးများရှိရာသို့ ဆွဲယူသွားကြပြန်ပါသည်။ ဦးဘိုးကျော်ကလည်း ဟစ်အော်ကြိမ်းမောင်းကာ ရိုက်ပြန်ပါသည်။ ကျွန်တော်သည် နွားများကို သနားသဖြင့် ဦးဘိုးကျော်ကို ဖျောင်းဖျောင်းဖျဖျ ပြောရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးကျော်၊ ကျွန်တော်လည်း ညောင်းနေပြီဗျာ။ နားချင်သေး တယ်။ နွားတွေကို နားလည်းနား၊ စားလည်းစားရအောင် ခဏလွှတ်ပေး လိုက်ရင် ကောင်းမယ်ထင်တယ်"ဟု ပြောသောအခါ ဦးဘိုးကျော်သည် လှည်းပေါ်မှ ဆင်း၍ လှည်းဒေါက်ထောက်ကာ နွားများကို ကြိုးချင်းဆက်၍ လွှတ်ပေးလိုက်ပါသည်။

ကျွန်တော်သည် လမ်းဘေးသစ်ပင်အောက်တွင် အဖန်းဖြေနားနေ သည်။ မိုးဦးကျအချိန်ဖြစ်၍ တောင်လေမှာ တဖြူးဖြူး တိုက်ခတ်လျက် အဝေးဆီမှ ပျံသန်းလာသော ဗျိုင်းအုပ်သည် အစာရှာဖွေရေးအတွက် မြစ်ကမ်း သောင်စပ်သို့ ဆင်းသက်ကြသည်။ မြစ်ရေသည် ကြီးမြင့်လာသဖြင့် မြစ်လယ် ကြောတွင် ဘောဒိုက်များ မျောလျက်ရှိသည်။ ဘောဒိုက်ထဲတွင် ခွေးသေကောင် လား၊ နွားသေကောင်လားမသိ ပါရှိသည့်အတွက် ကျီးများ တရန်းရန်း ဆော သောက်နေကြသည်။

"သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ"

သတ္တဝါတိုင်း အစာအာဟာရသည် အရေးကြီး၏။ ဦးဘိုးကျော်သည် နွားများကို ဝလင်အောင် အစာမကျွေး၍ နွားများသည် အရိုက်အနှက်ခံ၍ ရုန်းကန်နေကြခြင်း မဟုတ်ပါလား။

နွားများသည် မြက်နုများကို အငမ်းမရ အတင်းစားကြသည်။ ခေါင်းကို မဖော်ကြပေ။ နွားများ၏ သဘာဝသည် အစာစားပြီး နောက်မှ တဖြည်းဖြည်း စားမြုံ့ပြန်ကြသည်။

အချိန်အတော်ကလေးကြာမှ ခရီးဆက်ခဲ့ကြ ရာ၊ နွားများမှာ မြက်နုရှိသော လမ်းဘေးသို့ မဆွဲတော့ပါ။ ကုက္ကိုလှရွာ ရောက်သောအခါ ညောင်ပင်ကြီး အောက်ရှိ အကြော်ဖိုမှ ဘူးသီးကြော်ငါးခု၊ တစ်ပဲဖိုးဝယ်ယူ၍ ဦးဘိုးကျော်နှင့် အတူ ရေနွေးကြမ်းသောက်ရင်း စားကြပါသည်။ လတ်ဆတ်၍လားမသိ ကောင်းလှပါဘိ။ အခြားလှည်းသုံးလေးစီးလည်း ရှိ၏။

ထိုလှည်းများမှာ အောင်သာရွာနှင့် ကုလားချောင်းရွာမှ ဖြစ်ကြ၏။ သူတို့လည်း ဘူးသီးကြော်များနှင့် ရေနွေးကြမ်း သောက်နေကြသည်။ နွား များကိုလည်း အစာကျွေးထားပါသည်။ ခရီးဝေးသွား လှည်းများအောက်၌ နွားကျွေးခံတောင်းကြီးများ ပါရှိကြသည်။ ခံတောင်းထဲသို့ ပဲရိုးပဲဖျော်များ ထည့်ပြီး ရေနှင့်ဖျော်၍ ကျွေးပါသည်။



ဦးဘိုးကျော်လှည်းတွင်မူ နွားကျွေးခံတောင်း မပါသကဲ့သို့ နွားစာလည်း ပါရှိပါ။ နွားများကို လှည်းဒေါက်ထောက်၍ အနားပေးထားရသည်။ အခြား နွားများ အစာစားနေကြသည်ကိုကြည့်ပြီး သူတို့၏ အသိစိတ်ထဲတွင် သူတို့ဘဝ သူတို့သခင်၏ကျွေးမွေးမှုနှင့် နှိုင်းယှဉ်ပြီး စိတ်နာကြည်းကြပေလိမ့်မည်။ သေဖြစ်လျှင် သေချင်ပေလိမ့်မည်။ သို့သော် သတ္တဝါဟူသမျှ မည်သည့်သတ္တဝါမျှ မသေလိုကြ။ ဘဝတဏှာ၊ ဘဝကို တွယ်တာနေကြသည်သာ။

ဦးဘသိန်း၊ ဒေါ်ပေါသယ်တို့အိမ် ရောက်သောအခါ ဆေးရွက်နှစ်ဖို အပ်နှံ၍ အသုံးငွေဆယ့်နှစ်ကျပ် ယူပါသည်။ ဦးဘိုးကျော်မှတစ်ဆင့် အိမ်သို့ ပေးပို့လိုက်ပါသည်။ ဆေးရွက်ဖို ရောင်းသည့်လုပ်ငန်းမှာ ဈေးပေါက်ရှိသော် လည်း ဝယ်သူရှိမှ ရောင်းရပါသည်။ ဆန်၊ ဆီ၊ ဆား စသော အခြေခံ စားကုန်များလို နေ့စဉ်အရောင်းအဝယ်မဖြစ်ပါ။ ထိုခေတ် ထိုအချိန်က ပခုက္ကူမြို့ပေါ်၌ ဆေးလိပ်ခုံများများစားစား မရှိပါ။ ပဋ္ဌရူပ၊ နဂါးပျံ၊ ကြောင် ကောင်နှင့် ကျားတံဆိပ်ဆေးလိပ်ခုံများသာ ရှိပါသေးသည်။

ဆေးရွက်ဖိုသာချိန် တစ်ရာမှ ငွေတစ်ဆယ်ကျပ်နှင့် ငါးမူးဈေးသာ ရောင်းရသည်။ နံနက်ပိုင်းတွင်သာ ပွဲရုံ၌ အလုပ်ရှိပြီး ညနေပိုင်း အလုပ်အားသဖြင့် ကိုခင်မောင်နှင့် နှစ်ဦး ဖဲဝိုင်းရှိရာသွား၍ ဖဲရိုက်ကြပါသည်။ ညဆိုလျှင် ရုပ်ရှင်ကြည့်သည်။ ခင်မင်သော ကိုခင်မောင်သည် တတွဲတွဲနေရ၍ ပျော်ရွှင်နေ သည်။ တစ်နေ့တွင်-

"အုံးဖေရေ၊ ရန်ကုန်သွားရအောင်"

ကိုခင်မောင်က ပြောသည်။

"ဘာလုပ်လဲဗျ"

"ရန်ကုန်မှာ ငါ အလုပ်လုပ်မယ်။ ပြီးတော့ ကဗျာတွေ၊ ဆောင်းပါး တွေ၊ ဝတ္ထုတွေရေးပြီး မဂ္ဂဇင်းတိုက်တွေကို ပို့မယ်။ မင်းက အချက်အပြုတ် တာဝန်ယူပေါ့ကွာ"

"ခင်ဗျားစိတ်ကူးကောင်းတယ်။ ကျွန်တော်ကလည်း ထမင်းဟင်းချက် တတ်တယ်"

ကိုခင်မောင်သည် စာရူးပေရူး ဖြစ်သည်။ ကျွန်တော်က လွတ်လပ်စွာ လေလကချေ နေချင်သူဖြစ်ရာ ဘုန်းကြီးရူးနှင့်လေလုံ တွေ့ကနကြပေပြီ။ သူ သည် ကိုးတန်းအောင်သည်။ စာရေးသားမှုလည်း ကောင်းသည်။ အရေး

www.burmeseclassic.com

www.burmeseclassic.com





ဦးအုံးပေ၏မိတ်ဆွေ စာရေးဆရာဖြစ်ချင်သူ
ကိုခင်မောင်



သားလည်း ညက်ညောသည်။ သို့သော် သူ့စာမူများကို မည်သည့်မဂ္ဂဇင်း ိုက်ကမှ ထည့်သွင်းဖော်ပြခြင်း မရှိခဲ့ဖူးပေ။

မိဘမရှိ၊ မွေးချင်းမရှိ တစ်ကောင်ကြွက် ဖြစ်၏။ ပွဲစားကြီး ဦးရွှေဂုဏ် ါချစ်တို့က သူ့ကို ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ပွဲစားကြီး ဇနီးမောင်နှံ လည်း သားသမီးမထွန်းကားသဖြင့် ကိုခင်မောင်ကိုပင် သားရင်းသဖွယ် င်မင်တွယ်တာနေကြသည်။

ရန်ကုန်သွားမည်သိလျှင် သဘောတူမည် မဟုတ်။ ပြီးတော့ ကိုခင်မောင် ည် ကျွန်တော့်အစ်မ တစ်ဝမ်းကွဲ မအေးဂျမ်းနှင့်လည်း ချစ်ကြိုက်နေသည့် တွက် ရန်ကုန်သွားမည့်အစီအစဉ်ကို လျှို့ဝှက်ပြုလုပ်ကြရသည်။

ပခုက္ကူမြို့သို့ ကူးတို့သင်္ဘောဖြင့် လိုက်ပါလာခဲ့ကြသည်။ ပြည်မြို့မှ ရထားဖြင့် သွားရန်ဖြစ်သည်။ ပထမအစီအစဉ်မှာ ညောင်ဦးမှထွက်လာသော မီးခုံ ကူးတို့သင်္ဘောကလေးနှင့် မြင်းခြံလိုက်၍ ထိုမှ မီးရထားစီးရန်ဖြစ်၏။ သင်္ဘောဆိပ်သို့ ရောက်သောအခါ ၎င်းကူးတို့သင်္ဘောကလေး ထွက်ခွာသွားပေပြီ။

ထမင်းဆိုင်မှ ဖျာတစ်ချပ်ငှားယူပြီး သင်္ဘောလက်ရမ်းအနီးတွင် ခင်း ်ကသည်။ သင်္ဘောပေါ်တွင် ခရီးသည်များပြည့်လုနီးနီး။ သင်္ဘောသည် လေးနှင့် ပြည်မြို့ကို အစုန်အဆန် ပို့ဆောင်နေသော သင်္ဘောကြီးဖြစ်၍ းမားကျယ်ဝန်းသည်။ ဘေးနှစ်ဖက်တွင် ပျဉ်ချပ်ကြီးများကို ရေရဟတ်လုပ်၍ ်မောင်းသည်။ ယခုခေတ်လို ဒီဇယ်ဆီမောင်းမဟုတ်ပါ။ ဘွိုင်လာအိုးကို ထိုးမောင်းရသည်။ သင်္ဘောဦးခန်းတွင် ဖတ်စ်ကလပ်ခေါ် ပထမတန်းအခန်း း ပါရှိသကဲ့သို့ ပဲ့ပိုင်းတွင်လည်း စကင်းကလပ်ခေါ် ဒုတိယတန်းအခန်းများ ရှိသည်။ အခန်းများ ဖွဲ့စည်းထားပုံမှာ အတော်ကောင်းသည်။ သင်္ဘောဘေး ဖက်တွင် အခန်းချင်းမျက်နှာချင်းဆိုင် ဖြစ်၏။ အလယ်အူကြောင်း လူသွား မ်းတွင် အုန်းဆံလိပ်များ ခင်းထားသည်။

ကျွန်တော်၏ စိတ်အာရုံသည် တစ်ကြိမ်တစ်ခါက ဒုတိယတန်းအခန်း သင်္ဘောစီးခဲ့ရဖူးသည်ကို ပြန်လည် သတိရနေပါသည်။ ကျွန်တော့်အသ ယ်ငါးနှစ်အရွယ် ကျောင်းနေစဉ်က ဖြစ်၏။ ပုဂံညောင်ဦးမြို့နယ် က်မ း ရွာ ဘုန်းကြီးပျံသို့ သွားရောက်ကြခြင်းဖြစ်သည်။

ဆရာဘုန်းတော်ကြီးနှင့် လက်ထောက်ဆရာတော် ဦးပဏ္ဍိစ္စပါ း ကြီးနှစ်ပါး ကျွန်တော်နှင့် စံအေးပါ ကျောင်းသား ယောက်တို့ ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ဘုန်းတော်ကြီး ကြွရောက်မည့်ခရီးစဉ်ဖြစ်၍ကျောင်းဒကာကြီး ဦးဘိုးလှ ဒေါ်မြသီးတို့က စကောင်းကလပ် လက်မှတ်များ ဝယ်ယူဆက်ကပ်၍ ပခုက္ကူ ညောင်ဦး စီးရဖူးခြင်းဖြစ်သည်။

ကျွန်တော်တို့အခန်းနှင့် မျက်နှာချင်းဆိုင်အခန်းတွင် ချောမောလှပသော အသားဖြူဖြူ၊ အရပ်သွယ်လျှလျှ၊ ဆံပင်ကောင်းကောင်း အမျိုးသမီးတစ်ဦးနှင့် ငါးနှစ်၊ ခြောက်နှစ်အရွယ် သားငယ်ကလေးတစ်ဦးအပြင် အသက် လေးဆယ် ကျော်အရွယ် အဒေါ်ကြီးတစ်ဦးလည်း ပါရှိ၏။

ပခုက္ကူမှ သင်္ဘောထွက်ခွာလာပြီး မကြာမီ ၎င်းအမျိုးသမီးသည် ထမီရင်လျားနှင့် မျက်နှာသုတ်တဘက်ကို ပခုံးပေါ်တင်ခြုံကာ သားကလေး လက်ဆွဲ၍ အခန်းထဲမှ ထွက်လာသည်။ ကျွန်တော်တို့အခန်းနှင့်ကပ်လျက် အခန်းတွင်းသို့ ဝင်ရောက်ကာ 'ဂျိုင်း'ခနဲ တံခါးပိတ်သံကို ကြားလိုက်ရသည်။

○ ○ ○

၅

## ဖောင်စီးရင်း ရေငတ်ခဲ့သောဘဝ

ဘုန်းတော်ကြီးသည် ပြတင်းပေါက်မှ မြစ်ရေပြင်ကို ကြည့်ရှုနေသည်။ လက်ထောက်ဆရာတော် ဦးပဏ္ဍိစ္စသည် စာဖတ်လျက် ရှိ၏။ ကျွန်တော်သည် အခန်းတွင်းရှိ ခုတင်၊ မွေ့ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံး စသော အကောင်းစား အသုံးအဆောင် ပစ္စည်းများကို ကြည့်ရှုကာ 'သည်လိုသာ အိပ်ရ၊ နေရလျှင် ကောင်းမှာပဲ' ဟု အတွေးစိတ်ဝင်လျက် ရှိသည်။

"အုံးဖေ... ဟိုဘက်ခန်းက မိန်းမ သည်ဘက်ခန်းထဲမှာ ကိုယ်တုံးလုံး ရေချိုးနေတယ်ကွ၊ ကြည့်ပါလား"

အခန်းနံရံတွင် မီးခြစ်ဆံလုံးခန့်ရှိ အပေါက်ကလေးကို စံအေးက ပြသည်။

အပေါက်ကလေးမှာ ကျွန်တော်တို့ ထိုင်နေသည်နှင့် အံကိုက်ဖြစ်သည်။ ကိုယ်တုံးလုံး ရေချိုးနေသော မိန်းမသည် အသားဖြူ၍ အလုံးအရပ် သွယ်လျှလျှ ဖြစ်သည်။ မတ်တတ်ရပ် ရေချိုးနေသော သူ၏ ခန္ဓာကိုယ် အလယ်ပိုင်းသည် အပေါက်နှင့် တန်းလျက်ရှိသည်။ ကျွန်တော်သည် အသက် ၁၅ နှစ် ရှိသည့် တိုင်အောင် မိန်းမများ၏ လျှို့ဝှက် ဖုံးကွယ်ထားသော အရာကို တစ်ကြိမ် တစ်ခါမျှ မတွေ့ဘူး မမြင်ဘူးပါ။ ရာဂစိတ် နိုးကြွစ အရွယ်ဖြစ်၍ ယခုလို မျှော်လင့်ဘဲ တွေ့မြင်ရသောအခါ တစ်ခါမျှ မဖြစ်ပေါ်ဘူးသော အရသာဟု ဆိုရမည်လား၊ သို့မဟုတ် ဝေဒနာဟု ဆိုရမည်လား မသိ။ ရင်ထဲတွင် လှိုက်ခနဲ၊ လှိုက်ခနဲ ဖိုဟိုက်ခါ အေးသလိုလို၊ နွေးသလိုလို ဖြစ်ရှိနေသည်။

အတားအဆီးသာ မရှိလျှင် ဆိတ်ကွယ်ရာ နေရာ၌ နှစ်ဦးတည်းသာ ဖြစ်ခဲ့လျှင် ရာဂစိတ်ကို ထိန်းချုပ်နိုင်စွမ်း ရှိလိမ့်မည် မထင်ပေ။ ကျွန်တော် ကဲ့သို့ သာမန်လူသားကို မဆိုထားနှင့် ဈာန်အဘိညာဉ် ရသော ရသေ့

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းများပင် ဈာန်လျှောကာ ငှက်တောင်ကျွတ် ဖြစ်ခဲ့ရသည်။ ကာမရာဂနှင့် ပတ်သက်၍ ပညာရှိတစ်ဦး ရေးစပ်သော ကဗျာတစ်ပုဒ်ကို အမှတ်ရမိသည်။

"မရှောင်သာ
မှောင်တဖျာ ရာဂနှင့်
ကာမဘုံသား။
အတွေ့ကျလျှင်ဖြင့်
ရသေ့ တပသီသော်မှ
မခံသာ ဈာန်သမာ လျှောရတယ်
လောကတရား"

ကျွန်တော်သည် ထိုမိန်းမ၏ ခန္ဓာကိုယ်ကို ကြည့်၍မဝ၊ ရှု၍ အားမရ ဖြစ်နေသည်။

"အုံးဖေ... ဖယ်ပါဦးကွ၊ ငါ ကြည့်ချင်လို့"

"နေပါဦးဟ... ကြည့်ကောင်းနေလို့ပါ"

ကျွန်တော်တို့ နှစ်ဦးသည် သူ ကြည့်ချင် ကိုယ်ကြည့်ချင် ဖြစ်ကာ အငြင်းအခုံ ဖြစ်နေသည်။

"ဘာဖြစ်နေကြတာလဲကွ။ ဘုန်းတော်ကြီး ရေကသိုဏ်း ရှုနေတယ်။ ငါ.စာဖတ်နေတာ မသိဘူးလား" ဟု လက်ထောက် ဆရာတော်က မာန်မဲ ပြောသဖြင့် ကြောင် လာ၍ ကြွက် ငြိမ်နေသကဲ့သို့ တုတ်တုတ်မျှ မလှုပ်ဝံ့ကြ။

ထိုအခိုက် ထိုမိန်းမသည် ထဘီရင်လျားလျက် တဘက် ခြုံကာ သူတို့ အခန်းထဲသို့ ဝင်သွားသည်။ ကျွန်တော် မသဲမကွဲ ဖြစ်နေတာ တစ်ခု ရှိသည်။ ထိုတစ်ခုမှာ ရေချိုးခန်းထဲ ဝင်သွားစဉ်က သားအမိနှစ်ဦး ဖြစ်သည်။ ကျွန်တော် ကြည့်သည့် အချိန်တွင် သားကလေးကို မတွေ့မမြင် ရသဖြင့် စံအေးကို တိုးတိုး မေးကြည့်မိသည်။

"သူတို့ သားအမိ အခန်းထဲ ဝင်သွားတော့ ဘာလုပ်တာလဲ၊ သိချင်တာနဲ့ နံရံကို အပေါက် ရှာကြည့်တယ်။ အဲဒီ အပေါက်ကလေး တွေ့လို့ ကြည့်လိုက်တော့ သားကလေးကို ဆပ်ပြာတိုက်၊ ရေချိုးပေးပြီး အခန်းထဲ ပြန်ပို့လိုက်တယ်။ နောက် တံခါးချက်ထိုးသံ ကြားရတယ်။ လုံခြုံမှုရှိတယ် ထင်ပြီး ထဘီ ချွတ်ချလိုက်တာပဲ။ ငါ့ စိတ်ထဲမှာ ဘယ်လို ဖြစ်သွားတယ် ဆိုတာတောင် မပြောတတ်ပါဘူးကွာ" ဟု စံအေးက ပြောသည်။



အတွေ့အကြုံသည် လွန်ခဲ့သော ငါးနှစ်ခန့်က ဖြစ်သော်လည်း ကျွန်တော်၏ စိတ်အာရုံသည် ၎င်း အတွေ့အကြုံကို ပြန်လည် သတိရနေပါသည်။

"အုံးဖေ... ဘာတွေ စဉ်းစားနေသလဲ။ မအေးယုလား.... ခင်သိန်းလား"

"ခင်ဗျား ထင်တာ တစ်ခုမှ မဟုတ်ဘူး။ ကျွန်တော့်အသက် ၁၅ နှစ် အရွယ်က သင်္ဘော ဒုတိယတန်း စီးဖူးတယ်။ ကျွန်တော်တို့ အခန်းနဲ့ ကပ်လျက် အခန်းထဲမှာ မိန်းမတစ်ဦး ထဘီချွတ် ရေချိုးနေတာ တွေ့ဖူး မြင်ဖူးတယ်။ အဲဒါကို ပြန်လည် သတိရနေလို့ပါဗျာ"

"ပြောပါဦးဟ... အဲဒါမျိုးဆိုရင် ဘက လက်ဖက်ထက် ကြိုက်သေးတယ်"

ကိုခင်မောင်ကလည်း ပြောစေချင်သည်။ ကျွန်တော်ကလည်း သည် အကြောင်း ပြောရလျှင် မမောနိုင် မပန်းနိုင်။ ကိုခင်မောင်ကို ခရေစေ့ တွင်းကျ ပြောပြလိုက်သည်။

"ငါ တွေ့ရ မြင်ရရင်လည်း မင်းလို ဖြစ်မှာပဲ။ ဒါက ဆန့်ကျင်ဘက်လိင်ရဲ့ သဘာဝပဲ"

ကျွန်တော်တို့ နှစ်ဦးသည် တစ်ဦးကို တစ်ဦး ခင်မင်ကြသည်။ ကိုခင်မောင်က ရုပ်ရှင် ဝါသနာပါသလို ကျွန်တော်ကလည်း ရုပ်ရှင်ကို မကြည့်ရ ခနေနိုင်အောင် စွဲလမ်းသည်။

ပခုက္ကူမြို့တွင် ရုပ်ရှင်ဇာတ်ကား တစ်ထုပ်လျှင် လေး-ငါးရက် ပြသည်။ အစဦးဆုံး ပြမည့်နေ့ ဆိုလျှင် ရုပ်ရှင် ကြည့်ရတော့မည် ဟူသော စိတ်ကူးနှင့် မြူးရွှင်နေသည်။ ၎င်းဇာတ်ကား ကြည့်ပြီးသော် နောက်ညအတွက် ဇာတ်ကားသစ် ပြစေချင်သည်။ ဤမျှ ရုပ်ရှင်ကို စွဲလမ်း တမ်းတခဲ့သည်။

ကိုခင်မောင်က ဖဲကစား ဝါသနာ ပါသကဲ့သို့ ကျွန်တော်ကလည်း ဖဲရိုက် နေရလျှင် ထမင်းမေ့ ဟင်းမေ့။ ဒေါ်ရေဝိုင်း ဆိုသူ တစ်ကိုယ်တည်း အဘွားကြီးက သေခါနီး အမွေ ပေးခဲ့လို၍ အမြန်လာရန် မှာသည်။ ဖဲဝိုင်းက မထနိုင်၍ အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။

ကျွန်တော်တို့ နှစ်ဦးသည် ဝါသနာချင်း တူညီသလို စိတ်သဘောထားချင်းလည်း တိုက်ဆိုင်ကြသည်။ သင်္ဘောပေါ်တွင် စားလိုက် သောက်လိုက်၊ သွားရာလေးပါး ပြောလိုက်ဖြင့် ပျော်ရွှင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ညနေတွင် ပြည်မြို့သို့ ရောက်ပါသည်။ မြို့ပေါ်တွင် အသိမိတ်ဆွေ မရှိ၍ ထိုညက သင်္ဘောပေါ်တွင် အိပ်ပါသည်။ နောက်နေ့ နံနက်တွင် ပြည် 'ရွှေဆံတော်' ဘုရားကို သွားရောက် ဖူးမြော်ကြပါသည်။ ပြည်မြို့မှ ရန်ကုန်မြို့သို့ မီးရထား စီးရန် ရည်ရွယ်ချက် ရှိသော်လည်း ပိုက်ဆံ တွက်ကြည့်သောအခါ မီးရထားခ ပေးနိုင်လောက်သည့် ပိုက်ဆံ မရှိတော့ပါ။ ကိုခင်မောင်တွင် ပိုးလုံချည် သုံးထည် ပါသည်။ ကျွန်တော့်မှာလည်း ပိုးလုံချည် နှစ်ထည် ပါသည်။ အပေါင်ဆိုင်တွင် ပေါင်ပါက လိုအပ်သည့်ငွေ ရရှိမည် ဖြစ်သော်လည်း ပြည်မြို့၌ နေမည်မဟုတ်၍ ပြန်လည် ရွေးယူသည့် အခါမှာ အခက်အခဲ ရှိနိုင်သည်။

ထို့ကြောင့် နံနက်စာကို ချွေတာသည့် အနေဖြင့် ဈေးပေါသော လမ်းဘေး ထမင်းဆိုင်တွင် စားကြသည်။ ခရီးရောက်သလောက် ခြေကျင် သွားရလျှင် ပိုက်ဆံလည်း အကုန် သက်သာမည်။ ပတ်ဝန်းကျင်ကို လေ့လာ ကြည့်ရှုရသည့်အတွက် ဒေသန္တရဗဟုသုတလည်း ရမည်ဟု ကျွန်တော်က ပြောသည်။ ကိုခင်မောင်ကလည်း သဘောကျသဖြင့် ပြည်မြို့မှ ရွှေတောင်မြို့ သို့ ခြေကျင် ထွက်လာခဲ့ကြသည်။

ပြည်မြို့သည် မြန်မာနိုင်ငံအောက်ပိုင်း၊ ပဲခူးတိုင်းတွင် ပါရှိသဖြင့် ရာသီဥတု မှျတသည်။ အချိန်ကာလမှာ ၁၉၃၇ ခုနှစ်၊ ဖွန်လ ဖြစ်၍ မိုးတိမ်များ အုံ့မှိုင်းလျက် ရှိသည်။ ပြည်မြို့ အထွက်တွင် စနစ်တကျ စိုက်ပျိုးထားသော ရွှေကျွန်းတောကို တွေ့ရသည်။ လုံးပတ်မှာ မြူအိုးလုံး၊ ထမင်းအိုးလုံးခန့် ရှိသေးသည်။ လက်ယာဘက်တွင် ဧရာဝတီမြစ်ကြီး ရှိသည်။ မြစ် အနောက်ဘက်တွင် သစ်ပင်များ ဖုံးလွှမ်းနေသော တောင်တန်းကြီး ရှိ၏။ တောင်ပေါ်တွင် ဘုရားစေတီ တစ်ဆူ တွေ့မြင်ရသည်။ ကားလမ်းဘေး၌ သစ်တော သစ်ပင်များမှာ စိမ်းလန်း စိုပြည်လျက် ရှိသဖြင့် စိတ်ကြည်နူး ပျော်ရွှင်ဖွယ်ရာပင်။

ညနေငါးနာရီအချိန်ခန့်တွင် ရွှေတောင်မြို့သို့ ရောက်သည်။လမ်းဘေး ရှိ လက်ဖက်ရည်ဆိုင် ဝင်၍ ကော်ဖီနှင့် မုန့်များ စားကြသည်။ စားပြီးလျှင် ဘုန်းကြီးကျောင်း ရှာဖွေ၍ ညအိပ် တည်းခိုရန် စဉ်းစားနေကြသည်။ ထိုအခိုက်



ပေါ်အိတ်များတင်ဆောင်လာသည့် လော်ရီကားကြီးတစ်စီး လက်ဖက်ရည် ဆိုင်ရှေ့ရပ်သဖြင့် မေးမြန်းကြည့်သည်။ ရန်ကုန်သွားမည် သိရသည့်အတွက် 'ရန်ကုန်လိုက်လိုကြောင်း' ပြောသောအခါ စပယ်ယာက 'လူတစ်ယောက် နှစ်ကျပ်ခွဲနှုန်းပေးရမည်'ဟု ပြောသည်။

သို့ဖြင့် ကားကြီးပေါ်တွင် တက်ထိုင်နေကြသည်။ ကားမှာ မိုးကာများ အုပ်ထားသည်။ ကျွန်တော်တို့မှတစ်ပါး ခရီးသည် တစ်ဦးတစ်ယောက်မျှ မပါရှိပါ။ မကြာမီ စပယ်ယာသည် ဓာတ်ဆီထည့်ရန် အကြောင်းပြ၍ ကားခ တောင်းသည်။ 'ရန်ကုန်ရောက်မှ ပေးမည်'ဟု ကျွန်တော်ကပြောရာ စပယ်ယာသည် တွေဝေစဉ်းစားနေသည်။

"ရန်ကုန်ရောက်တော့ ပိုက်ဆံဘယ်ကရမှာလဲ"ဟု မေးသည်။

"ပိုးလုံချည်တွေကို ပေါင်နှံပြီးပေးမည်"ဟုပြောလျက် လွယ်အိတ်ကို မြှောက်ပြလိုက်သည်။ စပယ်ယာသည် ဘဝင်ကျဟန် မရှိသော်လည်း လမ်းခရီး တွင် သူတို့နှစ်ဦးတည်း ဖြစ်နေသည့်အတွက် အဖော်ရလျှင် တော်ပြီဟု သဘောဖြင့် လက်ခံခြင်းဖြစ်ဟန် ရှိသည်။

"ရန်ကုန်ရောက်လျှင် ကားခပေးရမှာနော်"

"စိတ်ချပါ"ဟု ကျွန်တော်က ပြောလိုက်သည်။

ရွှေတောင်မြို့မှ ထွက်လာသည်။ မကြာမီ အင်းမ ပုလိပ်ဌာနာအတွင်းသို့ ဝင်ရောက်ပြီး ကားရပ်သည်။ တစ်နာရီခန့်ကြာမည်။ နောက်မှသိရသည်မှာ အလာတုန်းက ပေါင်းတည်နှင့် အင်းမကြားတွင် ၎င်းကား ဓားပြအတိုက်ခံခဲ့ ရသည့်အတွက် ပုလိပ်အရာရှိက စစ်ဆေးမေးမြန်းနေခြင်းဖြစ်သည်။ ပုလိပ် အရာရှိနှင့် ပုလိပ်များသည် ကားပေါ်ပါကုန်ပစ္စည်းများကို စစ်ဆေးကြည့်ရှု ရန် ကားနောက်မြီးသို့ ရောက်ရှိလာကြသည်။

လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ကြည့်ပြီး–

"ဘယ်မြို့ကလဲ ဘယ်သွားမှာလဲ"ဟု မေးသည်။

"ပခုက္ကူမြို့မှ ရန်ကုန်မြို့သို့ အလုပ်လုပ်ရန် သွားခြင်းဖြစ်ကြောင်း" ပြောပြသောအခါ–

"သည်ကား အလာတုန်းက ဓားပြအတိုက်ခံရတာ မသိဘူးလား"

"မသိဘူးခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ပိုက်ဆံနှင့် အဖိုးထိုက်အဖိုးတန်ပစ္စည်းပါလျှင် စပါးအိတ်တွေအောက် သိုဝှက်ထားကြ။ အင်းမနှင့် ပေါင်းတည်ကြားက အဆိုးဆုံးပဲ"ဟု မှလိပ်အရာရှိက သတိပေးသည်။ ကားထွက်လာသောအခါ ပါရှိသည့် အဝတ်အထည်များကို စပါးအိတ်များအောက်တွင် သိုဝှက်ကြသည်။ 'မရှိတော့ငွေ ရှိကြောင်ကြ' ဆိုသလို ပါတာလေး ဓားပြတိုက်ခံရလျှင် ပြီးပါလေရော၊ ထမင်းငတ်တော့မည်ဟူသော စိုးရိမ်စိတ်နှင့် ကြောက်ရွံ့ ပူပန်နေပါသည်။

"သာယာဝတီ၊ ပေါင်းတည်ဆိုတာ နာမည်ကြီးပဲ။ အကယ်၍ ဓားပြက ပါတာအကုန်ပေးလို့တောင်းလျှင် ဘယ်လိုလုပ်မလဲ"

"ဘာမှမပါဘူး။ ပေါင်းတည်ကို ကိစ္စရှိလို့ အင်းမက လိုက်လာတာ၊ ကားခပဲ ပါတယ်လို့ ပြောပေါ့ဗျာ"

ကိုခင်မောင်သည် ဖဲရိုက်သော်လည်း မုသားပြောရမည်ကို အလွန်တာဝန်ကြီးသူဖြစ်သည်။ ရောင်းရာဝယ်ရာ၊ ချိန်ရာတွယ်ရာ၌လည်း မုသားပြောခြင်း ပရိယာယ်သုံးခြင်း မရှိပေ။ အမှန်အတိုင်း ပြောသူလုပ်သူဖြစ်သည်။ ထို့ကြောင့် သူသည် ဓားပြကို လိမ်လည်ပြောရမှာ စိုးရွံ့နေဟန်ရှိသည်။ ကျွန်တော်တို့သည် ကြောက်ရွံ့၍ စကားကိုပင် ကျယ်ကျယ်လောင်လောင် မပြောဝံ့ကြ။ တထိတ်ထိတ်နှင့် လိုက်ပါလာခဲ့ကြသည်။

ပေါင်းတည်မြို့သို့ ရောက်သောအခါ စိတ်မှာ လွတ်လပ်ပေါ့ရွှင်သွားပါသည်။

အဆိုးဆုံးနေရာကို လွန်မြောက်လာ၍ ဖြစ်ပါသည်။ ထမင်းကို ပေါင်းတည်၌ စားကြပါသည်။ ကားဆရာနှစ်ဦးက တရုတ်ခေါက်ဆွဲဆိုင် ဝင်သွားပါသည်။ ကျွန်တော်တို့က ဈေးပေါသော မြန်မာထမင်းဆိုင်ကလေးတွင် စားကြပါသည်။ အချိန်လွန်၍လား၊ ဆာလောင်၍လားမသိ စားလို့အရသာရှိသည်မှာ ပြောဖွယ်ရာမရှိပါ။ ထမင်းဆိုင်ပိုင်ရှင် အဘိုးကြီးကလည်း စေတနာကောင်းသည်။ ထမင်းလိုလျှင် ထမင်း၊ ဟင်းလိုလျှင်ဟင်း ထည့်ပေးသည်။ တဝတပြဲ စားကြသည်။ (ပေါင်းတည်မြို့သို့ရောက်တိုင်း ထိုထမင်းဆိုင်ကလေးကို သတိရပါသည်။) ပေါင်းတည်မှ ကားထွက်လာသည်။ စပါးအိတ်တွေပေါ်မှာပဲ အိပ်ပျော်သွားကြသည်။ နားထဲတွင် ကားစက်သံကို တစ်ညလုံး ကြားနေရသည်။ အိပ်ရာမှ နိုး၍ လေ့လာကြည့်လိုက်သောအခါ မော်တော်ကားသည် လမ်းဘေးရပ်လျက်ရှိသည့်အပြင် ကားစပါယ်ယာသည် ကျွန်တော့်ဘေးမှာ အိပ်ပျော်လျက်ရှိသည်။



ဘယ်မြို့ဘယ်ရွာ ရောက်နေပြီကိုသိလို၍ ကားပေါ်မှ ဆင်းခဲ့သည်။ အချိန်မှာ ဝေလီဝေလင်း ဖြစ်သည်။ သုံးထပ်တိုက်၊ လေးထပ်တိုက်များ၌ ဆိုင်းဘုတ်များ တွေ့ရသည်။ ရန်ကုန်မြို့ဆိုသည်ကို သိရ၍ ဝမ်းသာသွားသည်။ ကားပေါ်သို့တက်ကာ ကိုခင်မောင်ကို တိုးတိုးနှိုးရသည်။

"ရန်ကုန်ရောက်ပြီ သွားရအောင်"

"ကားခပေးဖို့ ဘယ်လိုလုပ်မလဲ"

"သည်အချိန် အပေါင်ဆိုင်လည်း မဖွင့်သေးဘူး။ ပေးမနေနှင့်ဗျာ၊ သွားရအောင်"

ကျွန်တော်တို့သည် စပါယ်ယာမသိအောင် စပါးအိတ်များအောက်မှ လွယ်အိတ်နှစ်လုံးကို ထုတ်ယူ၍ ကားပေါ်မှ ဆင်းလာခဲ့ကြသည်။ ကားဦးခန်းတွင် ဒရိုင်ဘာမှာ အိပ်ပျော်လျက်ရှိသည်။ ခြေဦးတည့်ရာ လျှောက်လာခဲ့ကြရာ လမ်းဘေးဘုံဘိုင်တွင် မျက်နှာသစ်ကြသည်။ ထို့နောက် လက်ဖက်ရည်ဆိုင်ဝင်၍ ကော်ဖီနှင့် အီကြာကွေးစားသောက်ကြသည်။

"အုံးဖေ အခု ဘယ်သွားမှာလဲ"

"ရွှေတိဂုံဘုရားသွားမယ်။ တွေ့ရာထမင်းဆိုင်မှာစားပြီး အလုပ်ရှာတာပေါ့။ ညကျတော့ ဘုရားစောင်းတန်းမှာ အိပ်ကြမယ်"

"ဝံသာနုအသင်း ဥက္ကဋ္ဌကြီး ဦးချစ်လှိုင်အိမ် မသိဘူးလား"

"မသိဘူး၊ ဘာကိစ္စရှိလို့လဲ"

"ဒီလိုကွ၊ ငါ့အဖေ ဦးစံရီက ပခုက္ကူမြို့မှာ ဝံသာနုအသင်းဥက္ကဋ္ဌဖြစ်ဖူးတယ်။ ဦးချစ်လှိုင် ပခုက္ကူလာတုန်းက အဖေနှင့်တွဲရိုက်ထားတဲ့ ဓာတ်ပုံပါမှာပါတယ်"ဟုပြော၍ လွယ်အိတ်ထဲမှ မှန်ပေါင်သွင်းထားသော ဓာတ်ပုံကို ထုတ်ပြသည်။ ဓာတ်ပုံမှာ မောင်ကျက်သရေခေါင်းပေါင်းနှင့် နှစ်ဦးတည်း ရိုက်ထားသောပုံဖြစ်သည်။

"အဲဒီဓာတ်ပုံကိုပြပြီး ကျွန်တော် ဦးစံရီသားပါ။ အင်္ဂလိပ်မြန်မာ ကိုးတန်းအောင်ပါတယ်။ အလုပ်ကလေးတစ်ခု မစပါလို့ပြောရလျှင် ရမယ် ထင်လို့လာတာ"

"အလုပ်ရလျှင်တော့ နေရာကျတာပဲ။ ခင်ဗျားက အလုပ်လုပ်၊ ကျွန်တော်က အချက်အပြုတ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ကဗျာဆောင်းပါး ဝတ္ထုတွေရေးပြီး မဂ္ဂဇင်းတိုက်တွေကို ပို့မယ်။ အပိုဝင်ငွေရတာပေါ့။ ပိုငွေကို စာတိုက်အပ်ပြီး စုဆောင်းမယ်။ များလာတော့ သင့်တော်တဲ့ကိုယ်ပိုင်အလုပ်တစ်ခု လုပ်ကြတာပေါ့ကွာ"

"ခင်ဗျားစိတ်ကူး သိပ်ကောင်းတယ်။ ကျွန်တော်ကလည်း နေ့လယ်နေ့ခင်း အားလပ်တဲ့အချိန်မှာ ကွမ်းယာဘန်း ပခုံးလွယ်ရောင်းမယ်။ ဝင်ငွေများတော့ ပိုပြီး စုဆောင်းနိုင်တာပေါ့"

ကျွန်တော်တို့သည် လေထဲတိုက်အိမ်ဆောက်ကာ စိတ်ကူးယဉ် ပျော်ရွှင်နေကြပါသည်။

မကြာမီ ဆိုင်ကလုံမုန်တိုင်း ကျရောက်မည်ကို မသိကြချေ။ သိခဲ့သော်ဤသို့ ပျော်ရွှင်နိုင်လိမ့်မည် မဟုတ်ပေ။

ဟိုမေးသည်မေးဖြင့် ရွှေတိဂုံဘုရားသို့ ရောက်ရှိလာကြသည်။ တောင်ဘက်စောင်းတန်းမှ တက်ခဲ့ရာ တစ်ချိန်က ကျွန်တော်အိပ်ခဲ့သောနေရာကိုပြပါသည်။ တစ်ခါတစ်ရံ တန်းလျားပေါ် အိပ်ရသည်။ နောက်ကျသည့်အခါ အုတ်သမံတလင်းပေါ် အိပ်ရကြောင်း ပြောပြသည်။

"မင်းလည်း ပေပေတေတေ စွန့်စားတာပဲ"

"ဝက်ဖြစ်မှ ချေးကြောက်နေလို့ မဖြစ်ဘူးပေါ့ဗျာ။ အခုလည်း အလုပ်မရခင် သည်လိုပဲ အိပ်ရမှာပဲ"

"ဖြစ်သလိုပေါ့ကွာ။ ဘဝဆိုတာ တွေ့သလိုကြုံသလို ရင်ဆိုင်ရမှာပဲ"

ကိုခင်မောင်သည် အိမ်တွင် ခုတင်၊ မွေ့ရာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး စသော အသုံးအဆောင်များနှင့် အကျအန အိပ်ရသူဖြစ်သည်။

ကျွန်တော့်အဖို့ အရေးမကြီးသော်လည်း သူ့အတွက်မူ စိတ်မကောင်းဖြစ်မိပါသည်။ ဘုရားဖူးပြီး ကုန်းတော်ပေါ်ရှိ ဇရပ်တန်ဆောင်းနှင့် ပြတိုက်တို့ကို လှည့်လည်ကြည့်ရှုကြပါသည်။ ဇရပ်များမှာ အလှူရှင်အမည်နာမတပ်ထိုးသော ခတ်ထားကြသဖြင့် မေးမြန်းကြည့်ရာ ဇရပ်ဒါယကာများ၊ ဥပုသ်စောင့်လာကြသည့်အခါတွင်မှ ဖွင့်သည်ဟု သိရပါသည်။

"တို့ဆီကဇရပ်က အရပ်လေးမျက်နှာက လာကြတဲ့သူတွေ အချိန်မရွေး တည်းခိုဖို့အတွက် ဆောက်လုပ်လှူဒါန်းတာ။ သူတို့ဇရပ်က သူတို့အလှူ ဆောက်တာဆိုတော့ စေတနာချင်း၊ ရည်ရွယ်ချက်ချင်း မတူဘူးပေါ့"



ကိုခင်မောင်သည် စာသမားဖြစ်သည်နှင့်အညီ သူပြောသည်မှာ အဓိပ္ပာယ်ရှိပါသည်။ ပြတိုက်ရှိ ဘုရားလူကြီးဟု ထင်ရသော လူတစ်ဦးအား 'ဝံသာနုအဖွဲ့ ဥက္ကဋ္ဌဦးချစ်လှိုင်'အိမ်ကို မေးမြန်းပါသည်။

"ဗဟန်း ဝက်ပါလမ်းလို့ပဲ ထင်တယ်။ အသေအချာတော့ မသိဘူး။ မေးလျှင် ရပါတယ်"ဟုပြောသဖြင့် ဝမ်းသာသွားပါသည်။

အရှေ့ဘက်စောင်းတန်းမှ ဆင်းလာခဲ့ကြပါသည်။ ထမင်းဆာသဖြင့် ဗဟန်းဈေးလမ်းဘေးရှိ 'မျိုးမြန်မာ ထမင်းဆိုင်'ကို ဝင်ရောက်စားကြပါသည်။

(ထိုအချိန်က ဗဟန်းဈေးသည် ရွှေတိဂုံဘုရား အရှေ့ဘက်စောင်းတန်းတွင်ရှိသည်။)

ဆိုင်အမည်က ထည်ဝါခဲ့ညားသော်လည်း ဆိုင်ကလေးမှာ ဖြစ်သလိုဆောက်ထားသည်။ တိုင်က ဝါးဘိုး၊ အချင်က မျှင်ဝါး၊ အမိုးက ဓနိ၊ အကာက ဝါးထရံ၊ ထမင်းအိုးဟင်းအိုးတင်သည့် စင်ကလေးမှာ မူလပဉ္စသွေးပျဉ်ရောင်မရှိတော့ဘဲ မည်းကြုတ်နေသည်။ ဆိုင်အမြင်မလှသော်လည်း ဆိုင်ရှင်မှာမူ အသက်လေးဆယ်အရွယ်၊ အရပ်သွယ်လျလျ၊ အသားဖြူဖြူ၊ မျက်ခုံးမျက်လုံးကောင်း၍ ချောမောလှပသူ ဖြစ်သည်။ စားရသည်မှာ အရသာရှိသည့်အပြင် ထမင်းပိုးမှာလည်း ခန့်မှန်းသည်ထက် သက်သာသဖြင့် ညစာကိုထိုဆိုင်၌ပင်စားမည်ဟု စိတ်ကူး ရှိခဲ့သည်။

ယခင်က ကျွန်တော့်ကို အကူအညီပေးခဲ့သော ဦးကျော်ဒွန်း၊ ဒေါ်ညွန့်တို့၏ ကွမ်းယာဆိုင်ကို လိုက်လံရှာဖွေပါသည်။ ဆိုင်မှာ အမိုးအကာနှင့် ရောင်းချသောဆိုင်မျိုး မဟုတ်ပါ။ သစ်သားခွထောက်ပေါ်တွင် ကွမ်းယာဘန်းတင်ရောင်းသောဆိုင် ဖြစ်ပါသည်။ ရှာမတွေ့၍ တခြားတစ်နေရာ ပြောင်းရွှေ့သွားပြီလား (သို့မဟုတ်) ထိုအလုပ်ကို မလုပ်တော့၍လားဟု တွေးမိပါသည်။ ကျွန်တော်ခပ်နှံခဲ့သော ကွမ်းယာဘန်းကို လိုချင်၍ မဟုတ်ပါ။ သူတို့ကူညီ စောင်မခဲ့သော ကျေးဇူးတရားကြောင့် တွေ့လိုခြင်းဖြစ်သည်။

ဦးချစ်လှိုင်အိမ်ရှာဖွေရန် ဗဟန်း၊ **ဝက်ပါ**လမ်းသို့ ထွက်လာကြပါသည်။ ဦးချစ်လှိုင်အိမ်ဟု ပြောကြသော ခြံကြီးတစ်ခုနှင့် တိုက်အိမ်တစ်လုံးကို တွေ့ရပါသည်။ ခြံဝသံတံခါးတွင် 'အခွင့်မရှိမဝင်ရ'ဟူသော ဆိုင်းဘုတ်ချိတ်ဆွဲထားပါသည်။ ထိုဆိုင်းဘုတ်သည် မျှော်လင့်ချက်နှင့် အားကိုးတကြီးလာကြသောကျွန်တော်တို့အား အဆီးအတားတစ်ခုလို ဖြစ်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါး၀ ကပ်လိုက်သည်နှင့်တစ်ပြိုင်တည်း ကြောက်မက်ဖွယ်ကော ကောင်းသော ခွေးကြီးများက ဆူညံစွာ ဟောင်လျက် ကိုက်တော့ခဲတော့မည့်ဟန် ရှိုး မာန်မျိုးနှင့် ပြေးထွက်လာကြသည်။ သံတံခါး ခြားနေ၍သာလျှင် အန္တရာယ်မပေးနိုင်ခြင်းဖြစ်သည်။

တိုက်ထဲတွင် လူရိပ်လူခြေ မမြင်ရသည့်အပြင် ခွေးများက ဆူညံစွာ ဟောင်နေကြသည့်အတွက် ခြံတံခါး၀တွင် ရပ်နေခြင်းသည် ဣန္ဒြေမဲ့သည် သိက္ခာမရှိသလို ဖြစ်ရှိနေသည်။

"နောက်တစ်နေ့မှ လာဦးမည်"ဟူသော စိတ်ကူးဖြင့် ပြန်လာခဲ့ကြ သည်။

ကန်တော်ကြီးအနောက်ဖျား ဘုရားလမ်းထိပ်တွင် 'ဝေနေယျသုခ' ရေချမ်းစင်ရှိသည်။ ရေအိုးရေခွက်များ ကောင်းမွန်သန့်ရှင်းသည်။ အနီးတွင် ခရီးသွားများ အပန်းဖြေနားနေနိုင်ရန် သစ်သားစင်ရှိသဖြင့် ထိုစင်ပေါ်တွင် ထိုင်ကာ ရှေ့ရေးကို စဉ်းစားတွေးတောနေကြသည်။

"ဥက္ကဋ္ဌကြီးဦးချစ်လှိုင်ဆီက အလုပ်မရလျှင် ဘယ်လိုလုပ်မလဲ"

"အလုပ်ရှာရမှာပေါ့။ ခင်ဗျားက စာရေးစာချီ အလုပ်ရှာ။ ကျွန်တော်က ရရာအလုပ်လုပ်မယ်။ နောက်ဆုံး အလုပ်မရလျှင် ကွမ်းယာရောင်းမယ် ဗျာ"

ရှေ့ရေးကိုတွေးပြီး ပူပန်နေသော စိတ်အားငယ်နေသော ကိုခင်မောင်အား အားပေးစကား ပြောလိုက်ပါသည်။

ညစာထမင်းကို မျိုးမြန်မာထမင်းဆိုင်တွင် စားကြသည်။

ဘုရားကုန်းတော်ပေါ်သို့ တက်ခဲ့ကြပါသည်။ လျှပ်စစ်မီးသီးမီးလုံးများ ထွန်းထားသည်မှာ နေ့ခင်းကဲ့သို့ ထိန်ထိန်လင်းနေပါသည်။ ဘုရားကို လှည့်ပတ် ကြည်ညိုပြီး တောင်ဘက်စောင်းတန်းမှ ဆင်းလာခဲ့ကြပါသည်။ စောင်းတန်း အလယ်လောက်တွင် ဘုရားဖူးများ၊ အပန်းဖြေနားနေနိုင်ရန် တန်းလျား လေးငါးလုံးရှိသည်။ ထိုတန်းလျားများပေါ်ထိုင်၍ ဘုရားဖူးလာကြသူများကို ငေးမောတွေးတောကြည့်မိပါသည်။

ဘုရားဖူးလာကြသူများသည် ယေဘုယျအားဖြင့် ရာထူးရာခံရှိသူများ ကုန်သည်ပွဲစားများ၊ သူဌေးသူကြွယ်များ၊ စားဝတ်နေရေး အခြေအနေကောင်း သူများဖြစ်၏။ သစ်လွင်သော အဝတ်အထည်များနှင့် ရွှေတွဲလဲ ရွှေ



ဝတ်ဆင်လာကြသည်။ ပန်းစည်းကလေးများကိုကိုင်ကာ ပြုံးရွှင်စွာဖြင့် ကုန်းတော် ပေါ်သို့ တက်လာကြသည်။ ဆင်းရဲနွမ်းပါးသူများမှ တစ်နေကုန်တစ်နေခန်း ရှာဖွေလုပ်ကိုင်ရသည့်အတွက် 'အုမ မတောင့်၍ သီလမစောင့်နိုင်' ဆွမ်းရေးထက် ဝမ်းရေးက အရေးကြီးနေသည်။

'အတိတ်ဘဝက ဒါန၊ သီလနည်း၍ ဆင်းရဲခြင်းဖြစ်သည်'ဟု ဘုန်းတော် ကြီးများ၏ ဟောကြားချက်ကို နာဖူးကြားဖူးသည်။ နောက်ဘဝတွင် လူကောင်း ကောင်းဖြစ်အောင် ကုသိုလ်ကောင်းမှု ပြုလုပ်ချင်သည်။ သို့သော် အချိန် မပေးနိုင်။ ငွေကြေးမတတ်နိုင်။ လူ့လောကသည် ညီမျှခြင်းမရှိဟု အတွေးစိတ်ဝင်ကာ ဘဝကို နာကျည်းနေပါသည်။

"မနက်ဖြန်နံနက် ဦးချစ်လှိုင်အိမ်သွားရအောင်။ နေ့လယ်ဆိုလျှင် ရုံး သွားလို့ မတွေ့ရဘဲနေမယ်"

ကိုခင်မောင်သည် ဦးချစ်လှိုင်နှင့်တွေ့ရန် စိတ်စောနေသည်။

"သွားလေ၊ ဦးချစ်လှိုင်နှင့်တွေ့ဖို့က အရေးအကြီးဆုံး မဟုတ်လား"

ထိုအချိန်တွင် ဘုရားဖူးလာသူများ အတက်အဆင်း နည်းသွားပေပြီ။ အခြားတန်းလျားများ၌လည်း ကျွန်တော်တို့လို အိုးမဲ့အိမ်မဲ့ ကိုးကိုးရာမဲ့သူများ အိပ်လျက်ရှိသည်။

တချို့မှာ အုတ်သမံတလင်းပေါ်၌ ဖြစ်သည်။ နောက်တစ်နေ့နံနက် ဦးချစ်လှိုင်အိမ် သွားကြသည်။ ခြံ၀ရောက်သည်နှင့် တစ်ပြိုင်နက် ခွေးကြီးများ သည် ဆူညံစွာ ဟောင်လျက် ပြေးထွက်လာကြသည်။ ဒရဝမ်ဟု ထင်ရသော ကုလားက–

"ကျားဟဲ" မြန်မာလို "ဘာလဲ"ဟု မေးသည်။

"ဦးချစ်လှိုင်နှင့် တွေ့ချင်လို့ပါ"ဟု ကျွန်တော်က ပြောလိုက်သည်။

"နီမ်း နီမ်း"ဟုပြောကာ ခေါင်းရမ်းပြသည်။

ထိုအခိုက် တိုက်ထဲမှ အဒေါ်ကြီးတစ်ဦး ထွက်လာသည်။

"ဘာကိစ္စလဲ" မေးသည်။

ကျွန်တော်က အကျိုးအကြောင်းပြောပြသောအခါ ဦးချစ်လှိုင် မော်လမြိုင်သွားကြောင်းပြောပါသည်။

"ဘယ်နေ့ပြန်လာမလဲ"

"မသိဘူး။ ရက်ကြာမယ်လို့ ပြောသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးသည် ကျွန်တော်တို့ကို မယုံသင်္ကာရှိ၍လားမသိ၊ ဤမျှပြော၍ တိုင်းထဲဝင်သွားသည်။ ခွေးကြီးများကမူ ဟောင်လျက်ရှိသည်။ ကျွန်တော်တို့၏ ပုဆိုး အင်္ကျီများမှာ သစ်သစ်လွင်လွင် မဟုတ်သည့်အပြင် ညစ်နွမ်းနေသည်။ သင်္ဘောပေါ်မှ ဆင်းလာကတည်းက ယခုအချိန်အထိ ရေမချိုးရ၊ အဝတ်အစား မလဲရသည့်အထဲ လွယ်အိတ်ကပါသေးသည်။ မယုံသင်္ကာဖြစ်မည်ဆိုလျှင်လည်း အပြစ်မတင်သင့်ပေ။ ဦးချစ်လှိုင်နှင့်တွေ့ရန် မျှော်လင့်ချက်မရှိတော့သည့် အတွက် ပြန်လာခဲ့ကြပါသည်။

"ငါတော့ အလုပ်မရချင်နေ၊ နောက်မသွားတော့ဘူး"

ဦးချစ်လှိုင်က ကူညီလိမ့်မည်၊ စောင်မလိမ့်မည်ဟု အားကိုးတကြီး မျှော်လင့်လာခဲ့သော ကိုခင်မောင်သည် စိတ်ပျက်အားငယ်သွားဟန်ရှိသည်။

"ပူမနေပါနှင့်ဗျာ။ မြန်မာပြည်မှာ ထမင်းငတ်လို့ သေတဲ့မသာ မရှိ ပါဘူး" ဟု အားပေးရသည်။ နေ့လယ်စာကို မျိုးမြန်မာ ထမင်းဆိုင်၌ စားကြ သည်။ ဆိုင်ရှင်အဒေါ်ကြီးသည် ကျွန်တော်တို့ကို မျက်မှန်းတန်းမိနေသည်။

"ဘယ်မြို့ကလဲ"

"ပခုက္ကူမြို့က။ အလုပ်ရှာလာခြင်းဖြစ်ကြောင်း" ကျွန်တော်က အကျိုး အကြောင်း ပြောပြသည်။

အဒေါ်ကြီးကလည်း သူ့အကြောင်း ပြောသည်။ 'နာမည်မှာ ဒေါ်သောင်း တင်ဖြစ်ကြောင်း၊ သူ့တွင် မောင်တင်အောင်ဆိုသူ အသက်ဆယ့်နှစ်နှစ်အရွယ် သားကလေးတစ်ဦးရှိကြောင်း၊ သားကလေးသုံးနှစ်အရွယ်တွင် ခင်ပွန်းဖြစ်သူ ဆုံးသွားသဖြင့် သားအမိနှစ်ဦး သည်ဆိုင်ကလေးနှင့် ရပ်တည်နေရကြောင်း' ပြောပါသည်။

ဒေါ်သောင်းတင်အကြောင်း သိရသည်မှာလည်း စိတ်မကောင်းစရာပင်

"အခု မောင်တင်အောင် ဘယ်သွားသလဲ"

"ကျောင်းသွားတယ်။ ခြောက်တန်းရောက်နေပြီ"

ထမင်းစားပြီး မြို့ထဲသို့ အလုပ်ရှာရန် ထွက်လာခဲ့ကြသည်။ ရိုးကုန်း ရန်ကုန်အထည်ဆိုင်ကြီးသို့ရောက်သည်။ ကုန်တိုက်များနှင့် ပွဲရုံများသို့ဝင်၍ စာရေးလုပ်လိုကြောင်း ပြောပြသည်။ မည်သည့်ဌာနကမျှ အလုပ်မပေး ဤသို့ဖြင့် သုံးလေးရက်ရှိသောအခါ 'ဖောင်စီးရင်းရေငတ်' ဆိုသကဲ့သို့ အလုပ်ရှာရင်း စရိတ်ပြတ်လေသည်။

# ပြိုလဲသွားသောရွှေတောင်ကြီး

"လုံချည်တွေ ပေါင်ရအောင်။ နောက်ဆုံး အလုပ်မရဘူးဆိုရင် ပခုက္ကူကို ပြန်မယ်"

ကိုခင်မောင်က သူ့စိတ်ကူးကို ပြောပြသည်။

လူတို့သည် အခက်အခဲတွေ့တတ်ကြသည်။ တိုအခါ အခက်အခဲကို ကျော်နိုင်ရန် အကြံဉာဏ်လိုသည်။

"အပေါင်ဆိုင်ပေါင်ရင် အတိုးပေးရမယ်။ ပြီးတော့ လုံချည်ချင်း ဝတ်ချင်လို့ မဖြစ်ဘူး။ ဒေါ်သောင်းတင်ကို အကျိုးအကြောင်းပြောပြီး ထားရင် ထမင်းလည်း အကြွေးစားရမယ်။ လောလောဆယ် သုံးစွဲဖို့ငွေလည်း ချေးလို့ရဦးမယ်"

"မင့်အကြံကောင်းတယ်။ မင်းပဲပြောပါကွာ"

ကျွန်တော်သည် သတ္တိမည့်သော်လည်း ဤကဲ့သို့ သူများထံမှ ချေးရမည်ကို မဝံ့မရဲ ရှိနေပါသည်။ သို့ရာတွင် မပြောလျှင်မဖြစ်သည့် အနေ ဖြစ်နေပါသည်။

ထမင်းဆိုင်တွင် လူရှင်းခိုက် ဒေါ်သောင်းတင်ကို အကျိုးအကြောင်း လွယ်အိတ်များထဲမှ ပုဆိုး၊ အင်္ကျီများကိုလည်း ထုတ်ပြလိုက်ပါသည်။ ကို ငွေမှာမည်ဖြစ်ကြောင်း၊ ငွေများ ရောက်ရှိလာလျှင် ထမင်းဖိုးနှင့် အတွက် အတိုးကိုပါ ပေးမည်ဖြစ်ကြောင်း' ပြောပြသောအခါ 'ထမင်းကို ကျွေးမယ်။ ငွေတော့ မချေးနိုင်ဘူး။ ငါ့မှာ တစ်နေ့ရောင်းရတဲ့ငွေနှင့် ဘွက် ပြန်ဝယ်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သောင်းတင်က သူ့အခြေအနေကို ပြောပြသည်။ ကျွန်တော့် အဖြစ်က သူ့အခြေအနေထက် ပိုမိုဆိုးဝါးသည်။

"များများစားစားမဟုတ်ပါဘူး အဒေါ်ရယ်။ ပခုက္ကူက ငွေ လောလောဆယ်သုံးစွဲဖို့ပါ"

ဒေါ်သောင်းတင်သည် ချက်ချင်း အဖြေမပေးဘဲ စဉ်းစားနေသည်။

"ငါ ငွေနှစ်ကျပ် ချေးလိုက်မယ်။ နောက်ထပ်တော့ အပူမကပ်

ဤသို့ဖြင့် ပါလာသည့် ပုဆိုးအင်္ကျီများကို အပ်နှံထားခဲ့ပြီး ငွေနှစ် ယူခဲ့သည်။

ဗဟန်းစာတိုက်သို့သွားကြသည်။ ကိုခင်မောင်က သူ့အစ်ကိုတစ် ဦးအားထံ အလုပ်မရဘဲ စရိတ်ပြတ်ပြီး ဒုက္ခရောက်နေ၍ ငွေသုံးဆယ် ပို့ပေးရန် စာရေးသည်။ လိပ်စာမှာ 'မောင်ခင်မောင်၊ မျိုးမြန်မာထမင်း ဗဟန်းဈေး၊ ရန်ကုန်မြို့' ဖြစ်သည်။

ကိုခင်မောင်ကဲ့သို့ပင် ကျွန်တော်ကလည်း စိုတွင်းရွာ ဆရာဘုန်း ကြီးထံသို့ စာရေးသည်။ ရန်ကုန်မြို့၌ အလုပ်ရှာရင်း စရိတ်ပြတ်ပြီး စားရမဲ့ ရမဲ့ ဆင်းရဲဒုက္ခရောက်နေကြောင်း၊ ဆရာတော်ကြီးမှ တပည့်အား သနားသဖြင့် ငွေဆယ့်ငါးကျပ် အမြန်ပို့ပေးစေလိုပါကြောင်း စာထည့် သော်လည်း မျှော်လင့်ချက်တော့ မရှိပါ။ စိုတွင်းရွာ၌ စာတိုက်ပုံး မရှိ တစ်ကြောင်း၊ ဘုန်းတော်ကြီးမှ ပို့ပေးလိမ့်မည်ဟု မထင်မှတ်ခြင်း ဖြစ်သည်။

တစ်ပတ်ကျော်ခန့် ကြာသောအခါ အလုပ်ရှာရင်း ငွေနှစ် ကုန်သွားသည့်အတွက် အခက်အခဲတွေ့ရပြန်သည်။ ကိုခင်မောင်က တိုင်း လက်ဖက်ရည်နှင့် ဆေးပြင်းလိပ် မသောက်ရမနေနိုင်သူဖြစ်သည်။

"လာကွာ၊ လက်ဖက်ရည်ဆိုင်သွားရအောင်။ ငါ့မှာ ဆုတံဆိပ် တစ်ခုပါတယ်။ အဲဒီဆုတံဆိပ်ကလေးကို ပေါက်ဖော်ကြီးထံအပ်ပြီး ငွေ ချေးတာပေါ့။ မင်းပဲချေးပါကွာ"ဟုပြော၍ ကျွန်တော့်ကို တံဆိပ်က ပါသည်။

တံဆိပ်မှာ ငွေပြားဝိုင်းပေါ်တွင် မိုးကြိုးဖြင့် ထုလုပ်ထားသော ရုပ်ကလေးပါရှိ၏။ သာယာဝတီဆရာတော်ဦးဥေးယျ၏ သုံးဆယ့်ရှစ် စာမေးပွဲ၌ 'ဒုတိယ' ရရှိသည့် ဆုတံဆိပ်ဖြစ်သည်ဟု ကိုခင်



ပြောသည်။ ဆိုင်အတွင်းသို့ဝင်ရောက်ပြီး ပေါက်ဖော်ကြီးကို ငွေတစ်ကျပ်နှင့် ပေါင်နှံလို ကြောင်းပြော၍ တံဆိပ်ကလေးကို ပေးလိုက်သည်။ အသေအချာ ကြည့်ပြီး 'ခြောက်မူးပဲပေးနိုင်သည်'ဟု ဆိုသည်။ ခြောက်မူးဆိုသည်မှာ မူးစေ့ ငါးခုကို ခြောက်မူးခေါ်သည်။ ခြောက်စေ့မှာ သုံးမတ်ဖြစ်သည်။ ရှစ်စေ့ဆိုလျှင် တစ်ကျပ်။ တစ်ကျပ်လျှင် ခြောက်ဆယ့်လေးပြား ရှိ၏။

နည်းနည်းပေးလျှင် နည်းနည်းရွေးယူရမည်ဖြစ်၍ ပိုက်ဆံခြောက်မူး ယူခဲ့သည်။ ကိုခင်မောင်က လက်ဖက်ရည်တစ်ခွက် မှာသောက်သည်။ ကျွန်တော်က ဗဟန်းဈေးသွား၍ ဘိန်းမုန့်တစ်ခုဝယ်ရာ တစ်ပြားပေးရသည်။ ဘိန်းမုန့်ကို အင်ဖက်ကလေးနှင့် ထုပ်ယူလာပြီး ရေနွေးကြမ်းနှင့် သောက်သည်။

"ငါ့ကိုပေးပါဦး" တောင်း၍ ကိုခင်မောင်ကို သုံးပုံတစ်ပုံ ဖဲ့ပေးလိုက်သည်။

ဗိုလ်လသာ ဆေးပြင်းလိပ်နှစ်လိပ်ဝယ်ယူ၍ တစ်ဦးတစ်လိပ်စီ ခဲကြသည်။ ကျွန်တော် ဆေးပြင်းလိပ်သောက်တတ်သည်မှာ ကိုခင်မောင်နှင့် တပူးတွဲတွဲ နေထိုင်လာခဲ့သည်မှစ၍ ဆေးပြင်းလိပ် စွဲလာခြင်းဖြစ်သည်။ ဆေးလိပ်ဖွာလိုက်၊ ရေနွေးကြမ်းသောက်လိုက်၊ စကားပြောလိုက်ဖြင့် ဇိမ်ကျနေကြသည်။ ဆိုင်ရှင် ပေါက်ဖော်သည် ဖောက်သည်လိုဖြစ်နေ၍ ရေနွေးကြမ်းလိုလျှင် လိုသလောက် ပေးရုံမျှမက အချိန်ကြာမြင့်သည့်တိုင်အောင် **ငြူစူခြင်း** မရှိရှာပေ။

"လုံချည်တွေဆုံးမှာ မနှမြောဘူး။ တံဆိပ်ကလေးဆုံးမှာတော့ နှမြောတယ်ကွာ။ ငါကြိုးစားလို့ရတဲ့ တံဆိပ်ကလေး"

ကိုခင်မောင်သည် မဖြစ်၍ပေါင်ရသော်လည်း တံဆိပ်ကလေး ဆုံးမည်ကို စိုးရိမ်ပူပန်နေဟန်ရှိသည်။

"မဆုံးနိုင်ပါဘူးဗျာ။ ပခုက္ကူက ငွေလာတော့ ရွေးတာပေါ့"ဟု ကျွန်တော်က အားပေးသည်။

"ငါ စိတ်ကူးတစ်ခုရတယ်ကွ။ ကျောင်းနေဖက်သူငယ်ချင်း ကျော်လှိုင် ခွေးရူးကိုက်ကုသဆေးရုံမှာ အလုပ်လုပ်နေတယ်။ သူ့ဆီကိုသွားရင် အလုပ်ရချင်လည်းရမယ်။ ငွေကြေးအကူအညီ ရချင်လည်း ရမယ်"

"ခင်ဗျားနှင့် တော်တော် ရင်းနှီးသလား"

www.burmeseclassic.com



"ရင်းနှီးတာပေါ့ကွာ။ သူက မြို့အစွန်က သူ့မိဘများက နွမ်းပါးတော့ လက်ဖက်ရည်ဆိုလည်း ငါက၊ ရုပ်ရှင်ဆိုလည်း ငါကပဲ အကုန်အကျခံရတာ"

"ဒီလိုဆို ထမင်းစားပြီးသွားရအောင်။ သူ့ရုံးလိပ်စာ သိရဲ့လား"

"မသိဘူး။ မေးမြန်းစုံစမ်းသွားတာပေါ့"

ထိုအချိန်က ခွေးရူးကိုက်ကုသဆေးရုံသည် ဘုရားလမ်းအနောက်ဘက်၌ ဖြစ်သည်။

ကိုကျော်လှိုင်နှင့်တွေ့ရသော်လည်း ကိုကျော်လှိုင်သည် ကိုခင်မောင် လာသည်ကို လိုလားနှစ်သက်သည့်အမူအရာမျိုး၊ ဖော်ရွေပျူငှာသည့်သဘောမျိုး မရှိလှပါ။

"ထိုင်ကြပါ"ဟူ၍တော့ ပြောပါသည်။

ကိုကျော်လှိုင်သည် အသားဖြူ၍ မျက်လုံးမျက်ခုံး ကောင်းသည်။ ဆံပင်ကို ကော့စမတစ်များနှင့် အကျအန လိမ်းထားသည့်အပြင် ကော်လာရှည် အင်္ကျီပေါ်တွင် တိုက်ပုံအင်္ကျီကို ဝတ်ထားသည်။ စားပွဲကုလားထိုင်နှင့် အကျအန ရုံးစာရေးကြီးပုံစံမျိုးပင်။

"ဘယ်တုန်းက ရန်ကုန်ရောက်သလဲ"

"သုံးပတ်လောက်ရှိပြီ။ အလုပ်ရှာရင်း စရိတ်ပြတ်လို့ မင့်ဆီကို လာတာ"

ကိုခင်မောင်သည် ခင်မင်ရင်းနှီးသည့်သဘောမျိုးနှင့် အကူအညီ တောင်းသည်။

"ကျွန်တော့်မှာ ရတဲ့လခနှင့် မိသားစုစရိတ် မလောက်မငဖြစ်နေတယ်ဗျာ"

"များများစားစား မဟုတ်ပါဘူးကွာ။ ငွေနှစ်ကျပ်လောက်ဆိုရင် ဖြစ် ပါတယ်"

"ခင်ဗျားကို အကူအညီမပေးနိုင်တာ စိတ်မကောင်းပါဘူးဗျာ"

မျှော်လင့်ချက်မရှိတော့ပါ။ ထိုင်နေခြင်းအားဖြင့် အကျိုးရှိမည် မဟုတ် တော့၍ နှုတ်ဆက်ကာ ပြန်လာကြပါသည်။

"ငါက အနည်းဆုံး ငွေနှစ်ကျပ်လောက်တော့ အကူအညီပေးလိမ့်မယ် ထင်တာ။ အခုတော့ လက်ဖက်ရည်တောင် မတိုက်လိုက်ဘူး"

"သူ့လခနှင့် သူ့အိမ်စရိတ် မလောက်မငဖြစ်နေတယ်ဆိုတာ ဟုတ် ချင်လည်း ဟုတ်မှာပါ"



"ဟုတ်မှာပါပဲ။ ထားပါတော့ကွာ။ ရုံးစာရေးတစ်ဦးအနေနှင့် လက်ဖက် ရည်တော့ တိုက်နိုင်ရမှာပေါ့"

ကိုခင်မောင်သည် ကိုကျော်လှိုင်ထံမှ အကူအညီမရ၍ မကျေမနပ် ဖြစ်နေသည်။

ဘုရားလမ်းမှ ဓာတ်ရထားနှင့် သိမ်ကြီးဈေးသို့ လိုက်လာကြသည်။ အလုပ်ရှာရင်း မြို့ထဲ လှည့်လည်ကြည့်ရှုကြသည်။ ပန်းဆိုးတန်း 'စတားရုပ်ရှင်ရုံ' သို့ ရောက်ရှိလာကြသည်။ အချိန်မှာ ဆယ့်နှစ်နာရီပွဲပြနေပြီဖြစ်သည်။ ရုံဝင်ခမှာ အနည်းဆုံးတန်း တစ်မတ်ဖြစ်၏။ ငွေပေးမကြည့်နိုင်၍ ပေါ်တီကိုအတွင်း၌ ချိန်ပေါင်သွင်း ချိတ်ဆွဲထားသော ကြော်ငြာဓာတ်ပုံများကို ရသေ့စိတ်ဖြေ ကြည့်လည်ကြည့်ရှုကြသည်။

"ဒီဓာတ်ကားက တင်ငွေနှင့် ခင်စန်းကွ။ ဒီဓာတ်ကားကတော့ ခင်မောင်အေးနှင့် **ခင်ခင်ရီကွ။** ကောင်းလိမ့်မယ်ထင်တယ်"

ကျွန်တော်တို့ ရုပ်ရှင်ကြော်ငြာများကို လှည့်လည်ကြည့်ရှုနေစဉ် ပေါ်တီကို ရှေ့ရှိ ဆလွန်းကားပေါ်မှ ဒရိုင်ဘာသည် စာအုပ်ဖတ်လိုက် ကျွန်တော်တို့ကို ကြည့်လိုက်ဖြစ်နေသည်။ ထိုသူသည် ကားပေါ်မှ ဆင်းလာကာ–

"ခင်ဗျား ပခုက္ကူက ကိုခင်မောင် မဟုတ်လား"ဟု မေးသည်။

"ဟုတ်ပါတယ်"

အသိနှင့်တွေ့ရ၍ ဝမ်းသာသွားသည်။ ရေနစ်သူသည် မြက်ပင်ကလေး တစ်ပင် မှီတွယ်ရာ၊ အားကိုးရာအဖြစ် ဆုပ်ကိုင်ရသည် မဟုတ်လား။

"ခင်ဗျား ကျွန်တော့်ကို သိရဲ့လား"

"မသိဘူးဗျာ။ ဒါပေမယ့် တွေ့ဖူးမြင်ဖူးတယ်လို့တော့ ထင်တယ်"

"ဟုတ်မှာပေါ့။ ခင်ဗျားက အင်္ဂလိပ်ကျောင်းသားကိုး ခင်ဗျားတို့အိမ် မှာ မော်တော်ကားစပါယ်ယာ ဘလပ်လေ"

"ကျွန်တော် မမှတ်မိတာကို ဘယ်လို စိတ်မရှိပါနှင့်ဗျာ။ တောင်းပန် ပါတယ်"

"ကိစ္စမရှိပါဘူးဗျာ။ အခု ခင်ဗျား ဘယ်လိုဖြစ်လာတာလဲ"

ကျွန်တော်တို့၏ ပုဆိုးအင်္ကျီများမှာ အုတ်တမံတလင်းပေါ်အိပ်၍ အိပ်နှမ်းပေရေနေရုံမျှမက ဆံပင်မဖြတ်ရ၊ ရေမချိုးရ၍ လူမှာ ညှင်းသိုးသိုး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုခင်မောင်က ဖြစ်ကြောင်းကုန်စင်ကို မချွင်းမချန် ပြောပြသည်။

"စိတ်မကောင်းစရာပဲ ကိုခင်မောင်ရာ။ တကယ်လို့ အဆင်မပြေ ကျွန်တော့်ဆီလာခဲ့။ လိပ်စာယူထားလိုက်ဗျာ"

"ဦးဘိုးဆိုင်၊ စုံထောက်ကြီး၊ စီအိုင်ဒီလိုင်း၊ အင်းစိန်မြို့"

ကိုခင်မောင်သည် စာရွက်ကလေးတစ်ရွက်နှင့် ရေးမှတ်နေသည်။

"အဲဒါက ဆရာ့အိမ်လိပ်စာ။ ကျွန်တော့်အိမ်လိပ်စာက ကိုဘလ မလှနွယ်၊ အင်းစိန်ရွာမ၊ စဥ့်ကူရပ်။ အိမ်လာလို့ ကျွန်တော်နှင့်တွေ့ မဟုတ်ဘူး။ တစ်နေကုန်တစ်နေခန်း ဆရာသွားရာ လိုက်ပို့ရတယ်။ အခုလည်း ဆရာသမီးများ ရုပ်ရှင်ကြည့်နေလို့ စောင့်နေတာ"

ကိုဘလပ်သည် ကူညီလိုသောစိတ်စေတနာနှင့် သူ၏အိမ်လိပ်စာများ ပေး၍ ဝမ်းသာနေကြသည်။ ကိုဘလပ်ကို နှုတ်ဆက်၍ ထွက်ခွာလာခဲ့ကြသည်။

မိုးကာလဖြစ်၍ ရန်ကုန်မိုးသည် ပြတ်သည်မရှိ။ ကျွန်တော်၏ သား ဖိနပ်သည် မိုးရေနှင့် နူးပွနေသည်။ တစ်ညတွင် ဘုရားစောင်းတန်း အုတ် တလင်းပေါ် အိပ်နေစဉ် ဖိနပ်တစ်ဖက် ခွေးချီသွားသည်။ ဖိနပ်အသစ် မဝယ် နိုင်သည့်အတွက် ဘုရားကုန်းမြေကို လိုက်လံရှာဖွေကြသည်။ ရှာမရ 'ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ' လေပြီတကား။

ပခုက္ကူမှ ပေးပို့မည့်ငွေကိုပဲ စောင့်မျှော်နေကြသည်။ လက်ထဲတွင် ပိုက်ဆံဟူ၍ တစ်ပြားတစ်ချပ်မရှိ။ 'ခရုဆံကျွတ်' ဖြစ်နေသည်။ ဒေါ်သောင်း တင်ထံမှ ချေးလို့လည်း မဖြစ်နိုင်။ 'နောက်ထပ် အပူမကပ်နှင့်'ဟု ပြောထား ဖြစ်ရုံမျှမက ထမင်းစားသွားသည့်အခါ-

"မင်းတို့ငွေက မလာသေးပါလား။ ထမင်းဖိုးက များနေပြီ"ဟု ညည်း လေ့ရှိသည်။ ပိုက်ဆံမရှိ၍ လက်ဖက်ရည်မသောက်နိုင်။ ဆေးလိပ်များ ဘုရားဖူးလာသူများ ချထားခဲ့သော မေ့လျော့ကျန်ခဲ့သော ဆေးလိပ်အတို များကို ရှာဖွေသောက်ရသည်။ ကူးစက်ရောဂါမရ၍ တော်သေးသည်။

တစ်နေ့တွင် နေ့လယ်စာစားပြီး စိတ်ပြေလက်ပျောက် ကန်တော်ကြီး အတွင်း သွားရောက် ကြည့်ရှုကြသည်။

ရန်ကုန်မိုးသည် မခြိမ်းမခြောက်ဘဲ လျှပ်စီးများမလက်ဘဲ 'ဖြန်း' ရွာတတ်သည်။ အချိန်မှာ ညနေ လေးနာရီခန့်ဖြစ်သည်။



ရုတ်တရက် မိုးရွာလာသည်။ မိုခိုရမည့် အဆောက်အအုံကမရှိသဖြင့် ကြီးတစ်ပင်ကို မိုခိုနေရသည်။ တစ်ကိုယ်လုံး မိုးရေစွဲနေပြီ။ ပုဆိုးအင်္ကျီ ခြောက်လဲဖို့အတွက် စိတ်ပူပန်နေသည်။ တစ်နေ့က ပုဆိုးအင်္ကျီများ လျှော် လို၍ ဒေါ်သောင်းတင်ကို ခေတ္တလဲလှယ်ဝတ်ရန် ပြောဖူးသည်။

"အလုပ်ရှုပ်၍ မလဲနိုင်"ဟုပြောကာ ခေါင်းရမ်းခဲ့သည်။

လေရောမိုးပါ ပြင်းထန်လာသည်။ ဟိုကြည့်သည်ကြည့်နှင့် ကန်တော်ကြီး တွင်း ရေသွင်းသော သံပိုက်လုံးကြီးကို တွေ့မြင်ရ၍ ဝမ်းသာသွားသည်။

"လာဗျို့ ကိုခင်မောင်၊ မိုးလုံလေလုံ အဆောက်အအုံကြီးတွေ့ပြီ"ဟု ၍ ပိုက်လုံးကြီးရှိရာသို့ ပြေးလာခဲ့ကြသည်။ ပိုက်လုံးကြီးသည် လူတစ် င်သာသာ အဝကျယ်သဖြင့် ပိုက်လုံးကြီးထဲ ဝင်ထိုင်လိုက်ကြသည်။

"ရွာချင်သလောက်ရွာစမ်းကွာ"ဟု ပိုက်လုံးကြီး၏ လုံခြုံမှုကို အားကိုး မိုးကို စိမ်ခေါ်လိုက်သည်။ မိုးသည် ကျွန်တော်၏ စိမ်ခေါ်မှုကို တုံ့ပြန် လားမသိ။ ပိုမိုသည်းထန်လာသည်။

မကြာမီ ပိုက်လုံးကြီးအတွင်း မိုးရေများ ဒရဟော စီးဆင်းလာသည့် တွက် ထိုင်နေလို့မရတော့ပေ။ မတ်တတ်ရပ်ရာတွင် ခေါင်းနှင့်ပိုက်လုံး တွတ်၍ ခါးကုန်းနေရသည်။ ကြာသော် ခါးအောင့်သည့်ဒဏ်မခံနိုင်၍ က်လာခဲ့ကြသည်။

အထွက်တွင် ကိုခင်မောင်သည် ပိုက်လုံးဝရှိ ကျောက်တုံးများနှင့် က်၍ လဲကျသွားသည်။ ရေထဲတွင် တစ်ပတ်လိမ့်ပါသွားသော်လည်း ပ်တွင်ခဲထားသော ဆေးပြင်းလိပ်တိုက ပြုတ်မကျ။ သူ့အဖြစ်ကိုကြည့်၍ ဟားဟား' ရယ်နေမိသည်။

"မင်းကရယ်နေ။ ငါ့မှာ ဒူးခေါင်းကွဲသွားပြီထင်တယ်"ဟု ပြော၍ တ်နာရှုံ့မဲ့နေသည်။

ဒူးဆစ်မှ သွေးများ ထွက်လာသည်။ သို့ရာတွင် ဒဏ်ရာမှာ အရေပြား ပဲ့ရုံမျှဖြစ်သည်။ သူ့လုံချည်ရေစိုကိုညှစ်၍ အာပူတိုက်ပေးရသည်။ မိုးပင် ပြီဖြစ်၍ လုံချည်အင်္ကျီများကို ခြောက်သွေ့အောင်ပြုလုပ်ကာ ဈေးမြန်မာ သို့ သွားကြသည်။

ကိုခင်မောင်မှာဒူးနာ၍ ထော့နဲ့ ထော့နဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ပုံပန်းသဏ္ဌာန် ပျက်လာသည်ကို ဒေါ်သောင်းတင် အား ခတ်နေသည်။ ကိုခင်မောင်၏ အဖြူရောင်ပိုးပြာကွက် လုံချည်တွင် သွေး သွေးနများ ပေကျံလျက်ရှိသည်ကို တွေ့မြင်သွားဟန်ရှိသည်။

"မင်းတို့ ဒီနားမှာနေဖို့ မကောင်းဘူး။ ပုလိပ်က မင်းတို့ကို လေ့ အကဲခတ်နေတယ်"

"ကျွန်တော်တို့ လူရိုးလူကောင်းတွေပါ ဘာမှ စိုးရိမ်စရာ မရှိပါဘူး"

"အေး မရှိတာရှိတာ အပထား၊ ဒီနေ့ကစပြီး ထမင်းမကျွေးနိုင်တော့ဘူး လုံချည်အကျီတွေ တန်ဖိုးနှင့် ထမင်းဖိုးတွက်ကြည့်တော့ အဒေါ်က နာနေပြီ"

"အဒေါ်ရယ် ပိုက်ဆံလာခါနီးပါပြီ။ မလာမီ ထမင်းတော့ ကျွေးပါဦး"

"မကျွေးနိုင်ဘူးကွယ်။ အဒေါ်တို့သားအမိ အခြေအနေကိုလည်း မင်း သိပါတယ်"

ဤသို့ဖြင့် ညစာထမင်းမစားရ၊ အိပ်လို့လည်းမပျော်သဖြင့် ဟိုတွေး သည်တွေးတွေးသည်။

"ငါက သူများအပေါ် မကောင်းခဲ့လို့၊ မကောင်းတဲ့အကျိုးပေးတာ သလား"

အရင်တစ်ခေါက်က သာစည်ဘူတာတွင် ကာကာကုလားကြီး၏ ထော ဖိုး မပေးခဲ့။ ယခုအခေါက်လည်း ကားခပေးမည်ပြောပြီးမှ မပေးခဲ့။ 'သင်း ပါကံ ဖနေတိ' ဟူသော အကျိုးပေးတတ်သည်ဆိုသလို 'ငါမကောင်းခဲ့ ငါ့မှာ မကောင်းကျိုးအဖြစ်ဆိုးနှင့် တွေ့ရလေသလား'ဟု သံသယဖြစ်မိပေသည်။

ပခုက္ကူမှ ငွေမလာလျှင် ရှေ့ရေးကို မတွေးဝံ့အောင် ဖြစ်နေသည်။

ကိုခင်မောင်သည် ပညာတတ်သော်လည်း အခက်အခဲရှိလျှင် မပြော ဆိုဝံ့ ကြောက်ရွံ့အားနာတတ်သည်။ သည်တော့-

"ငါပဲပြောရမည်။ ရှေ့ဆောင်ရမည်။ အနစ်နာခံရမည်"

ကျွန်ုပ်တော်သည် ဖြစ်သလိုစားနိုင်သည်၊ အိပ်နိုင်သည်၊ နေနိုင်သည်။

ကိုယ့်အတွက် ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျ အရေးမပြော ကိုခင်မောင်အတွက် စိတ်မကောင်းဖြစ်ရသည်။

"မနေ့ညကလည်း ထမင်းမစားရဘူး။ အခုနံနက်ထမင်းကိုတော့ ကျွေး ဦးလို့ ဒေါ်သောင်းတင်ကို ပြောပါကွာ"



ကိုခင်မောင် မျက်နှာညှိုးငယ်နေသလို အသံမှာလည်း အားပျော့စိတ် လျော့နေသည့်အသံမျိုး၊ ဒေါ်သောင်းတင် ပြောရမည်ကို မဝံ့မရဲရှိသော်လည်း အရဲစွန့်ရတော့မည်။ ဆိုင်တွင် ထမင်းစားနေသူတစ်ဦးပဲ ရှိသည်။ အချိန်မှာ ဆယ့်တစ်နာရီခန့် ဖြစ်သည်။

"အဒေါ်ရယ်၊ မနေ့ညကလည်း ထမင်းမစားရဘူး။ အခုနံနက်စာတော့ ကျွေးပါဦး"

"မကျွေးနိုင်ဘူး၊ ကိုယ့်အကြောင်းကိုယ်ပဲသိတယ်"

"ဒီလိုလုပ်ပါ အဒေါ်ရယ်။ အခါတိုင်းလို အသားဖတ် ငါးဖတ်မထည့် ဘဲ ထမင်းဟင်း ရည်ဆမ်းကျွေးပါ။ ပြီးတော့ အခါတိုင်းစားသလို စာရင်းမှတ် ပါ"

"မဖြစ်ပါဘူးကွယ်။ ရှင်းရှင်းပြောရရင် မင်းတို့နှင့် ဆက်ဆံမှုမပြုလုပ် ချင်ဘူး။ ဒီတော့ ဖြစ်သလိုသာ ကြံကြပေတော့"

မျှော်လင့်ချက်မရှိတော့ပြီ။ ထပ်မံပြောနေလျှင်လည်း အချိန်ကုန်ရုံသာ ရှိတော့မည်ဖြစ်၍ ဒေါ်သောင်းတင်ကို နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

"ဘယ်လိုလဲ"

မျှော်လင့်ချက်ကြီးစွာနှင့် ကိုခင်မောင်က မေးသည်။

"မကျွေးနိုင်ဘူးတဲ့"

"ဒီလိုဆို အင်းစိန် ကိုဘလပ်ဆီသွားရအောင်။ ဘယ်လောက်ဝေးသလဲ"

"မသိဘူး။ လူစီးဘတ်စ်ကားတွေတော့ သွားနေတာပဲ"

"သွားရအောင်၊ အားကိုးစရာ ကိုဘလပ်ပဲ ရှိတော့တယ်"

အနောက်ဘက် ဘုရားစောင်းတန်းမှ ဆင်းလာခဲ့ကြသည်။ အင်းစိန်သွား လမ်းပေါ်သို့ ရောက်လာကြသည်။ ထိုနေ့က နေသည် ခြစ်ခြစ်တောက်ပူပြင်း သည်။ ကိုခင်မောင်မှာ တိုက်ရှူးဖိနပ်ကြီးနှင့် ဖြစ်၏။

ကျွန်တော့်မှာ ဖိနပ်မပါသည့်အတွက် ပေတစ်ရာလမ်းပေါ်ကသွားလျှင် ခြေထောက်ကို ကတ္တရာစေးကပ်၍ ပူသည်။ လမ်းအောက်ဆင်းလျှင် ကျောက်စရစ် များ စူး၍ နာသည်။ တက်လိုက်ဆင်းလိုက်၊ သစ်ပင်တွေ့နားလိုက်ဖြင့် အရွေ့ရွေ့လျှောက်လှမ်းလာကြသည်။ ထမင်းနှစ်နပ်မစားရ၍ ရှုမှာအားမရှိ ခွေခို့နေသည်။

မော်တော်ကားဟွန်းပေးလျှင် လွတ်ကင်းအောင်ရှောင်ချင်။

www.burmeseclassic.com

www.burmeseclassic.com



"မော်တော်ကားတိုက်၍ မသေလျှင် ဆေးရုံရောက်လျှင် ထမင်းစား ရမည်" ဟူသော စိတ်ရူးစိတ်မိုက်ဝင်နေသည်။

ထိုအချိန်က မော်တော်ကားဟွန်းများသည် ယခုခေတ်လို ဘက်ထရီ ဟွန်းများမဟုတ်။ ရော်ဘာလုံးကို နှိပ်ရသောဟွန်းဖြစ်၏။ အသံမှာ 'ပေါ် ပေါ်' ဟူ၍။

ရေငတ်၍ ရေမသောက်ရ။ လမ်းဘေးတွင် အိမ်များမရှိ။ ခြံကြီးများ သာရှိသည်။ ခြံထဲရှိ သရက်ပင်၊ ပိန္နဲပင်၊ မင်းကွတ်ပင်များတွင် အသီးများ တိုးလို့ တွဲလောင်း။ ဆွတ်ခူးစားချင်သော်လည်း ခြံလယ်ရှိ တိုက်အိမ်များတွင် လူများရှိသည့်အပြင် ခြံတံခါးမှာ အစောင့်အကြပ်နှင့် အလုံအခြုံ။

အားအင်မရှိ ချည့်နဲ့နေသော်လည်း အင်းစိန်ရောက်လျှင် ထမင်းစား ရမည်၊ မျှော်လင့်ချက်နှင့် အားတင်းလာခဲ့ကြရာ ညနေလေးနာရီအချိန်ခန့်တွင် အင်းစိန်သို့ ရောက်သည်။ ဟိုလူမေး သည်လူမေးဖြင့် စီအိုင်ဒီလိုင်း ဦးဘိုးဆိုင်အိမ် သို့ရောက်ရှိလာရာ ဝမ်းသာသွားသည်။ အသက် နှစ်ဆယ်အရွယ်ခန့်ရှိ ဖြူဖြူ လှပသော မိန်းမပျိုနှစ်ဦးသည် အိမ်အဖီတွင် စာဖတ်လျက်ရှိကြသည်။

"ဘာကိစ္စလဲ"

"ကိုဘလပ်နှင့် တွေ့ချင်လို့ပါဗျာ"

"ကိုဘလပ်မရှိဘူး။ ဖေဖေနှင့် ရန်ကုန်သွားတယ်"

"ဘယ်အချိန်လောက် ပြန်လာမည်လဲ"

"အမှန်မရှိဘူးရှင့်။ စုံထောက်ဆိုတော့ တစ်ခါတစ်ရံ ရန်ကုန်က မော်လမြိုင်တို့၊ မန္တလေးတို့ကိုလည်း ရောက်ချင်ရောက်သွားတယ်။ ရှမ်းပြည်ဘက် ဆိုရင် လေးငါးရက်တောင်ကြာတတ်တယ်။ ဒါပေမယ့် မနက်ဖြန်တော့ ပြန် လာခဲ့ဦးပေါ့"

ကိုဘလပ်နှင့်တွေ့လျှင် ထမင်းစားရမည်ဆိုသော အားကိုးတကြီးနှင့် လာခဲ့သော မျှော်လင့်ချက် ပျောက်ပျက်သွားသည်။

"အုံးဖေ၊ ဘယ်လိုလုပ်မလဲ"

"ဘုန်းကြီးကျောင်းလိုက်ရှာမယ်။ တွေ့ရင် ဘုန်းတော်ကြီးကို တစ်ည တည်းခိုခွင့်ပြုဖို့။ လျှောက်ထားမယ်။ ကာရန်သင့်ရင် မုန့်တို့ ငှက်ပျောသီး တို့တောင် စားရဦးမယ်"



သစ်ပင်များနှင့် နေချင့်စဖွယ်ကောင်းသော ဘုန်းတော်ကြီးကျောင်းကို ရောက်ရှိသွားသည်။ ဘုန်းတော်ကြီးသည် အသားဖြူ၍ အရပ်မှာ သွယ်လျလျ ဖြစ်၏။ သက်တော် ခြောက်ဆယ်အရွယ်ခန့်ဖြစ်သည်။ ကျောင်းရှေ့တွင် စင်္ကြံလျှောက်လျက်ရှိသည်။

ရှိသေစွာ ဝပ်ချ၍–

"တပည့်တော်တို့ကို ဆရာတော်ကျောင်းမှာ တစ်ညအိပ်ခွင့်ပြုပါဘုရား" ဟု ကျွန်တော်က ဘုန်းတော်ကြီးကျောင်းသားပီပီ ရှိသေစွာ လျှောက်ထားသည်။

"မဖြစ်ဘူးဒကာ၊ မဖြစ်ဘူး"

အသံမှာ တိုပြတ်ပြတ်။

"ပခုက္ကူက ဧည့်သည်တွေပါ အသိဆီလာတာ။ အသိနှင့်မတွေ့လို့ တစ်ညပဲခွင့်ပြုပါဘုရား"ဟု ထပ်မံလျှောက်ထားရာ–

"ဘယ်မြို့ဘယ်ရွာကဖြစ်ဖြစ် တည်းခိုခွင့်မပြုနိုင်ဘူး။ တစ်လောက ဒကာနှစ်ဦး သည်လိုပဲတည်းခိုခွင့်ပြုပါလျှောက်လို့ ခွင့်ပြုလိုက်တယ်။ နံနက် အစောကြီး ကော်ဇောတွေ စောင်တွေ ယူသွားတယ်။ ဒါကြောင့် ဘယ်လိုမှ လက်မခံနိုင်ဘူး"

ဘုန်းတော်ကြီးသည် တစ်ကြိမ်အလိမ်ခံရဖူးသည့်အတွက် ပြန်လည်ပြောရာ၌ပင် ဒေါသသံပါရှိနေသည်။ မျှော်လင့်ခဲ့သော ရွှေတောင်ကြီး ပြိုပျက်သွား လေသည်။

"မီးရထားဘူတာရုံသွားရအောင်။ ဘူတာရုံဆိုတာ ခရီးသည်တွေ အိပ်ကြ တာပဲ"ဟုပြောလျက် ဘူတာရုံသို့ ထွက်ခွာလာခဲ့ကြသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

## ထမင်းရှင်၏ထိုကျေးဇူး အထူးမမေ့ပါ

ဘူတာရုံဆီသို့ နေးကွေးလေးလံသော ခြေလှမ်းများဖြင့် ဦးတည်လာခဲ့ကြသည်။ လမ်းဘေးတွင် အောက်လင်းမီးအိုးများ၊ လက်ဆွဲမှန်အိမ်များ ချက်များ ထွန်းညှိထားသော စားသောက်ဆိုင်များကို တွေ့ရသည်။ ဆိုင်တိုင်း ပင် လူများစားသောက်နေကြသည်ကိုကြည့်၍ စားချင်နေသည်။ ထမင်း နပ် ဆက်တိုက်မစားရ၍ ဗိုက်ကမကြုံဖူးအောင် ဆာလောင်မွတ်သိပ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



စားဖွယ်ရာများ၏ အညှော်နံ့များက ဆာလောင်နေသော ဗိုက်ကို နှိုးဆွပေးသလို ဖြစ်နေသည့်အတွက် ဓွတ်အတင်းနိုက်ယူပြီး ပါးစပ်ထဲသို့ သွင်းလိုက်ချင်သည်။ နောက်မှ ပိုက်ဆံမပေးနိုင်၍ ပါးကိုပဲရိုက်ရိုက်၊ ခြေနှင့်ပဲ ကန်ကန် ခံမည်ဟု စိတ်တွင်ဖြစ်ပေါ်ခဲ့သော်လည်း အရှက်အကြောက်ကြောင့် အထမမြောက်ခဲ့။ ထိုအချိန်က ဘယာကြော်တစ်ခုပေးမည်ဆိုလျှင် ပေးသူကို တစ်သက်လုံး မေ့မည်မထင်။

'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' သတ္တဝါတိုင်း အစာအာဟာရကိုမှီပြီး ရပ်တည်ရှင်သန်နေခြင်းဖြစ်ရာ အကယ်၍ မနက်ဖြန်ထမင်းမစားရပါက ရန်ကုန် လျှပ်ရှားသွားလာနိုင်သော စွမ်းအားရှိတော့မည် မထင်ပေ။

ယခုပင် လိပ်လိုတရွေ့ရွေ့ သွားလာနေရသည်။ ဘူတာရုံသို့ ရောက်ရှိသောအခါ ညရှစ်နာရီခန့်ဖြစ်၍ လူရှင်းနေသည်။ ထမင်းမစားရသည်က တစ်ကြောင်း၊ တစ်နေကုန် လျှပ်ရှားသွားလာနေရခြင်းကြောင့်တစ်ကြောင်း လူမှာပင်ပန်းနွမ်းနယ်နေသည်။ ခရီးသည်များထိုင်ရန် ပြုလုပ်ထားသော ခုံတန်း ပေါ်သို့ တုံးလုံးလှဲချလိုက်သည်။

အနီးတွင် ကျွန်တော်တို့ကို အနေ့င်အရှက်ပေးနေသော အရာဝတ္ထုတစ်ခု ရှိ၏။ ၎င်းမှာ လက်တွန်းလှည်းကလေးဖြစ်သည်။ လှည်းအတွင်း၌ သီးမွှေး ငှက်ပျောသီးများ၊ သရက်သီးများ၊ ပန်းသီးများ၊ မင်းဂွတ်သီးများ၊ မုန့်ထုပ်များနှင့် ဆေးလိပ်များ ရှိကြသည်။ သစ်သီးများ၏ အနံ့အသက်က ကျွန်တော်တို့ကို စားချင်စိတ်ဖြစ်ပေါ်လာအောင် နှိုးဆွနေသည်။ စားဖွယ်ရာများကို သံဇကာ ကာရံ၍ သော့ခတ်ထားသည့်အတွက် စားချင်သော်လည်း စားမဖြစ်။ အကယ်၍ သော့ခတ်ထားခြင်းမရှိပါမူ နောင်ခါလာနောင်ခါချေး၊ ထောင်ပဲကျကျ တန်းပဲ ကျကျ အငမ်းမရ ယူငင်စားမည်မှာ သေချာသည်။

"ငါတော့ကွာ။ မစားရမနေနိုင်အောင် ဖြစ်နေပြီ။ ဘယ်လိုလုပ်မလဲ"

ကျွန်တော်သည် ကိုခင်မောင်အတွက် စိတ်မကောင်းဖြစ်ရှိနေသည်။

"ဆာလောင်မွတ်သိပ်သည့်ကိစ္စကို ဘယ်လိုလုပ်ရမလဲ" စဉ်းစားသည်။

ကျွန်တော် ဝတ်ထားသော သက္ကလပ်မီးခိုးရောင်တိုက်ပုံအင်္ကျီကိုချွတ်၍

"ကဲဗျာ။ ထမင်းဆိုင်မှာ ဆွဲထားတဲ့ ငှက်ပျောတစ်ဖီးနှင့် လဲလှယ်စား"ဟု ပြော၍ ကိုခင်မောင်ကို ပေးလိုက်သည်။

"မင်းပဲ လဲလှယ်ပေးပါကွာ"



"ဥစ္စာရှင်လို ဥစ္စာရှင်ပဲပေါ့ဗျာ"

သူ၏ 'နှစ်ကိုယ့်တစ်စိတ်' ဝတ္ထုစာမူထဲက စကားလုံးကို အသုံးပြု လိုက်သည်။

"လဲရရင် ခင်ဗျားစားလို့မကုန်မှ ကျွန်တော့်ကျွေးပါ"

"မင်းပြောတာ မှန်ပါတယ်။ လမ်းကျပါတယ်"

ကိုခင်မောင်သည် အင်္ကျီစကို ခေါက်၍ယူသွားသည်။ ထမင်းဆိုင်တွင် ထိုင်နေသော ဆိုင်ရှင်ကို အင်္ကျီပေး၍ ဆွဲထားသော ငှက်ပျောသီးကို လက်ညှိုး ထိုးပြသည်။ ငှက်ပျောတစ်ဖီး၏တန်ဖိုးသည် တစ်ပဲ၊ ငါးပြားဖြစ်သည်။ ဆိုင်ရှင်သည် အင်္ကျီကိုဖြန့်၍ လျှပ်စစ်မီးရောင်တွင် ထောင်ကြည့်လိုက်သည်။ ထိုအချိန်က ဖန်ချောင်းများ မရှိသေးပါ။ မီးသီးမီးလုံးများသာ ရှိပါသည်။ ထမင်းဆိုင်နှင့် ကျွန်တော်ထိုင်နေသော နေရာမှာ ပေခြောက်ဆယ်ခန့်ဝေးသဖြင့် သူတို့ပြောသောစကားများကို သဲကွဲစွာ မကြားရသော်လည်း ဆိုင်ရှင်က ခေါင်းရမ်း၍ အင်္ကျီပြန်ပေးသည်ကို တွေ့မြင်ရသည်။

"ဘယ့်နှယ်လဲ လဲလှယ်မရဘူးလား"

"မရဘူး။ ဇကာကြိုနေလို့တဲ့"

မှန်ပါသည်။ အင်္ကျီမှာ အဖေ၏အင်္ကျီဖြစ်သည်။ အဖေ သေဆုံးသွားသည်မှာ ဆယ်နှစ်ကျော်ပြီ။ အဖေအသုံးပြုသွားသည်မှာလည်း နှစ်ပေါင်းမည်မျှ ရှိမည်မသိ။ ကျွန်တော် တိုက်ပုံကို အမြဲဝတ်သည့်အလေ့အကျင့် ရရှိခဲ့သည်မှာ အဖေ့အင်္ကျီကအစပျိုးသည်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။ ဤသို့ဖြင့် ကိုခင်မောင် ပြန်ပေးသောအင်္ကျီကိုဝတ်၍ တုံးလုံးလှဲချလိုက်သည်။ မေးခန် ပျော်သွားသည်။

"ဟေ့လူတွေ ထထ ဘယ်ကလဲ"ဟု ခပ်မာမာအသံကိုကြား၍ ခေါင်း ထောင်ကြည့်လိုက်ရာ အနီးတွင် မီးရထားပုလိပ်နှစ်ဦး ရောက်ရှိနေသည်။

"ကျွန်တော်တို့ ပခုက္ကူမြို့ကပါ။ အသိဆီလာရာမှာ အသိနှင့်မတွေ့ ရလို့ ဒီမှာအိပ်တာပါ"ဟု ကျွန်တော်က အကျိုးအကြောင်းကို ပြောပြသည်။

"ဒီမှာ မအိပ်ရဘူး"

"ဘူတာရုံမှာ ခရီးသည်တွေ နားကြအိပ်ကြတာပဲဗျာ"

"မအိပ်ရဘူး။ စကားရှည်မနေနှင့်။ အခုထွက်သွား"ဟု အာဏာအရှိန်အဝါ ဖြင့် နှင်ထုတ်သည့်အတွက် ဘူတာရုံမှ ထွက်လာခဲ့သည်။ အဖြစ်အပျက်ကို စဉ်းစား ကြည့်တော့ ထမင်းဆိုင်ပိုင်ရှင်၏ စနက်ဖြစ်သည်။ ဆိုင်ရှင်သည် ကိုခင်မောင် နှင့် အလဲအလှယ် စကားပြောပြီးနောက် ဆိုင်ပေါ်မှ ပျောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် အခြေအနေမဲ့များဖြစ်၍ သူ့ဆိုင်မှ အိုးခွက်ပန်းကန်များ အသုံးအဆောင်ပစ္စည်းများကို ခိုးယူလိမ့်မည်ဟု စိုးရိမ်သည့်အတွက် မီးရထားပုလိပ်များကို နှင်ထုတ်ခိုင်းခြင်းဖြစ်သည်။ ကျွန်တော့်တစ်သက်တာတွင် ဆင်းရဲဒုက္ခအရောက်ဆုံးအချိန်ကို ဖော်ပြပါဆိုလျှင် ယခုအချိန်ပင်။

'ဒုက္ခတွေ ပင်လယ်ဝေနေသည်' ဆိုသော စကားသည် ကျွန်တော်တို့၏ ဒုက္ခရောက်နေသူကို ဆိုလိုဟန်ရှိသည်။ အချိန်က မှဲ့နေသည်။ စားဖို့ထက် နားဖို့အိပ်ဖို့က အရေးကြီးနေသည်။

"ဘယ်သွားမလဲ"

"သဘော်ဆိပ်သွားမယ်"

အင်းစိန်မြို့သည် လှိုင်မြစ်အနီးဖြစ်၍ ပခုက္ကူမြို့မှာကဲ့သို့ ဆိပ်ခံရာ ရှိမည်။ တွဲပေါ်အိပ်မည်ဟူသော စိတ်ကူးဖြင့် ခြေဦးတည့်ရာ လျှောက်လာခဲ့ကြသည်။ တဖြည်းဖြည်း တရွေ့ရွေ့ဖြင့် မြို့ပြင် ကနခိုတောသို့ ရောက်ရှိလာသည်။ ကနခိုပင်များသည် မိုးရာသီဖြစ်၍ ပင်စည်ပင်လုံးမှာ လူတစ်ရပ်ခန့်နီးနီး ရှိသည်။

အနီးတွင် အုတ်တံတိုင်းကာရံထားသော ဝိုင်းကျယ်ကြီးတစ်ခု တွေ့ရသည်။ အုတ်တံတိုင်းအတွင်း၌ ခေါင်စောက်စောက်၊ သွပ်မိုးအဆောက်အအုံတစ်ခု ရှိ၏။ အကာအရံမရှိသော်လည်း လျှပ်စစ်မီးသီးတစ်လုံး ထွန်းညှိထားသည်။ ကျွန်တော့်စိတ်တွင် 'ဘုန်းကြီးကျောင်းဖြစ်ရပ်ဟု ထင်နေသည်။

"ဘုန်းကြီးကျောင်းတွေ့ပြန်ပြီ။ ဒီတစ်ခါတော့ ဘုန်းကြီးကို ခွင့်တောင်း မနေတော့ဘူး။ အဲဒီမှာပဲ အိပ်ရအောင်"

"ကျောင်းမဟုတ်ဘူးထင်တယ်။ စာသံပေသံ ရွတ်သံမကြားရဘူး"

"သည်အချိန်မှာ ဘုန်းတော်ကြီးတွေ ကျိန်းကြရောပေါ့။ ကဲ အိပ်ချင်ပြီ။ တံတိုင်းပေါ်တက်ဗျာ"

ကိုခင်မောင်က ကျွန်တော့်ထက် အရပ်မြင့်၍ အလျင်အတက်ခိုင်းသည်။ ကိုခင်မောင်သည် တံတိုင်းကို တွယ်ဖက်တက်ရာ တံတိုင်းပေါ်သို့ ရောက်ရှိသွားသည်။ ချက်ချင်းပင် တံတိုင်းပေါ်မှ 'ဝုန်း' ခနဲ ခုန်ချလိုက်သည်။

"ဘာဖြစ်လို့လဲ"

"လက်ဝါးကပ်တိုင်တွေကွ"



ထိုအချိန်က ကျွန်တော်သည် ပစ္စည်းမဲ့၊ အသိမဲ့ဘဝဖြစ်၍ လက်ဝါးကပ်တိုင်၏ အထိန်းအမှတ်သဘောကို မသိပါ။

"လက်ဝါးကပ်တိုင်ဆိုတာ ဘာလဲ"

"အင်္ဂလိပ်သချိုင်း"

သချိုင်းဆိုတော့ ကြက်သီးမွေးညင်းထကာ ခေါင်းကြီးသွားသည်။

သိုက်နန်းရှင်၊ ဒေးစွန်ပါ စသော သိုက်သမိုင်းဓာတ်ကားများတွင် စုန်းဘဝ၊ တစ္ဆေ၊ သရဲ၊ ဘီလူး စသော ကြောက်ရွံ့ဖွယ်ရာကောင်းသော ရုပ်ကောင်ကြီးများကို တွေ့မြင်ရသည်။ ဓာတ်ကားတစ်ခုတွင် လူသေအလောင်း မြှုပ်ထားသော မြေပုံက ကြွ၍ကြွ၍ မြင့်တက်လာသည်။ နောက်ဆုံးတွင် သစ်သားခေါင်းထဲမှ သရဲကြီး ထွက်လာ၍ ခေါင်းကိုထမ်းသွားသည်။

အသက်နှစ်ဆယ်အရွယ်ဖြစ်၍ စာပေဗဟုသုတကလည်းမရှိ။ တွေးခေါ် မြော်မြင်တတ်သော ဆင်ခြင်တုံတရားလည်း မဲ့သဖြင့် တကယ်ပင် တမလွန်ဘဝ ရှိသည်ဟု ထင်မှတ်ခဲ့သည်။

ထို့ကြောင့် ချွေးစေးများထွက်အောင်ပင် ထိတ်လန့်ကြောက်ရွံ့ခဲ့သည်။ နှစ်ဦးသား စကားပင် မပြောနိုင်။ လာလမ်းအတိုင်း ပြန်လာကြသည်။

ပခုက္ကူမှာဆိုလျှင် လမ်းဘေး အကြော်ရောင်းသော အရပ်ဖျင်းတဲကလေးများရှိ၏။ တွေ့ခဲ့သော် ဘာပဲဖြစ်ဖြစ် ပြာပဲလူးလူး အိပ်မည်ဟု စိတ်ကူးသော်လည်း မတွေ့ခဲ့။ လမ်းဘေးတစ်နေရာတွင် မြင်းလှည်းတစ်စီး တွေ့ရသည်။ မြင်းလှည်းမှာ မြင်းမပါရှိဘဲ လှည်းတံကို မြေကြီးပေါ်သို့ ချထားသဖြင့် မှဲ့လျောလျက်ရှိ၏။ အိပ်လျှင် ဖြစ်လိမ့်မည်အထင်ဖြင့် နှစ်ဦးသား မြင်းလှည်းပေါ်တက်၍ အိပ်ကြသည်။ အိပ်မပျော်ပါ။

အိပ်မပျော်သည်မှာ တရွရွ လျောကျလာ၍ဖြစ်၏။ တက်အိပ်လိုက် လျောကျလိုက် ဖြစ်နေသည့်အတွက် တစ်ဦးကိုတစ်ဦး သူ့ကြောင့်ကိုယ့်ကြောင့် ဟု အပြစ်တင်စကား ပြောနေကြစဉ်–

"ဟေ့ ဘယ်သူတွေလဲ"

မြင်းလှည်းမှာ အိမ်နှင့်ကပ်လျက်ဖြစ်၍ ကျွန်တော်တို့ ပြောသည်ကို ကြားပေလိမ့်မည်။

"ကျွန်တော်တို့ပါ"

"ကျွန်တော်တို့ဆိုတာ ဘယ်သူတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



“အုံးဖေနှင့် ခင်မောင်တို့ပါ”ဟု ပြော၍လည်း သိမည်မဟုတ်။

အဆင်မပြေသော အချိန်အခါတွင် အထင်လွဲပြီး ‘သူခိုး သူခိုး လာကြပါဗျို့’ဟု အော်လိုက်လျှင် အဖမ်းခံရမည်။ အရိုက်ခံရမည်။ အချုပ်ခံ စစ်မြန်းရမည်မှာ သေချာသည်။ သို့ဖြစ်၍ ကိုခင်မောင်ကို လက်ကုတ်ပြီး ခပ်သုတ်သုတ် ထွက်လာခဲ့ကြသည်။

အင်းစိန်ရန်ကုန် ခရီးသည်ပို့ဆောင်သော ‘အာအီးတီ’ ဘတ်စ်ကား ဂိတ်သို့ ရောက်လာကြသည်။ ဂိတ်အနီးတွင်ကွမ်းယာဆိုင်ရှိသည်။ ဆိုင်၏ အနောက်ဘက်တွင် သစ်ပင်တစ်ပင်ရှိ၏။ သစ်ပင်တွင် သောက်ရေအိုးနှင့် ဒန်ရေခွက်တစ်ခုရှိသည်။ ထိုနေရာမှာ သန့်ရှင်းသဖြင့် တုံးလုံးလှဲအိပ်လိုက် သည်။ အိပ်ပျော်လုနီးနီးအချိန်တွင် လူတစ်ယောက် ရောက်လာပြီး-

“ဟေ့လူတွေ၊ ဘယ်ကလဲ”ဟု မေးမြန်းသဖြင့် ထထိုင်ကာ အကျိုး အကြောင်းကို ပြောပြရသည်။ ထိုသူသည် စိတ်ကောင်းစေတနာကောင်း ရှိဟန်တူသည်။

“ဒီလို မှောင်ထဲအိပ်နေလို့ ပတ္တရောင်နှင့်တွေ့ရင် အဖမ်းခံရလိမ့်မယ် ကျွန်တော်နှင့်လိုက်ခဲ့”ဟုပြော၍ သူ့နောက်သို့ လိုက်သွားသည်။ ထမင်းဆိုင်ရှေ့ တန်းလျားကြီးကို ယူဆောင်၍ မီးတိုင်အောက် အအိပ်ခိုင်းသည်။

“ဒီလိုဆို ပတ္တရောင်နှင့်တွေ့လည်း ကိစ္စမရှိဘူး”

ကျေးဇူးတင်သဖြင့် ထိုသူထွက်သွားရာကို ကြည့်လိုက်သည်။ ထမင်း ဆေားရှိ ကားကလေးတစ်စီးပေါ်သို့ တက်သွားသည်။ ထိုသူသည် ညခရီးသည် ကို စောင့်မျှော်နေသော တက္ကစီကားသမားဖြစ်သည်။ နံနက်စောစော နိုးလာ သည်။ တန်းလျားကို ထမင်းဆိုင်သို့ပြန်ပို့ပြီး မျက်နှာသစ်ကြသည်။ အိပ်လို ၍ လူမှာအနည်းငယ် လန်းဆန်းနေသလို ရှိသည်။

“ကိုဘလပ်ဆီ သွားရအောင်”

“စောပါသေးတယ်။ အိပ်ရာကတောင် ထဦးမှာ မဟုတ်ဘူး”

“သူတို့ အပြင်ထွက်သွားလို့ မတွေ့ရရင် ဒုက္ခပဲ။ ပြန်စရာ စရိတ်မရှိဘူး။ စားစရိတ်လည်း ပိုက်ဆံမရှိဘူး။ သွားကြစို့ကွာ”

အချိန်မှာ ခုနစ်နာရီခန့်ဖြစ်သည်။ ဦးဘိုးဆိုင် အိမ်ရောက်သော ဦးဘိုးဆိုင်သည် အိမ်အဖီတွင် ပက်လက်ကုလားထိုင်နှင့် သတင်းစာ ရှိသည်။ သူ့အနီးတွင် သမီးတစ်ဦးက ဇာထိုးလျက်-



“ဟေ့ ဘာကိစ္စလဲ”

အသံက ခပ်မာမာ၊ အရှိန်အဝါ ပါသည်။

“ကိုဘလပ်နှင့် တွေ့ချင်လို့ပါဗျာ”

“မင်းတို့က ဘယ်ကလဲ”

“ပခုက္ကူမြို့ကပါ”

“ဟုတ်တယ်ဖေဖေ၊ ပခုက္ကူကပါ။ ကျွန်မတို့အသိနှင့် သူတို့သိကြတယ်။ နေ့ညနေက အိမ်ကိုလာတာ ဖေဖေတို့မရှိလို့ ပြန်သွားတယ်။ ကျွန်မတို့က နက်လာခဲ့ဦးလို့ မှာလိုက်တယ်”

ရည်ရည်မွန်မွန် သမီးချောကလေးက အကျိုးသင့်အကြောင်းသင့် ပြော သည်။

“ဘလပ်မရှိသေးဘူး။ ဈေးဝယ်သွားတယ်။ ဟိုနေရာက စောင့်နေ” ဦးဘိုးဆိုင် ညွှန်ပြသော အိမ်ရှေ့ပန်းအိုးပန်းပင်များကြား ထိုင်နေကြ သည်။

“အုံးဖေ၊ ကိုဘလပ်လာရင် လွတ်လွတ်လပ်လပ် စကားပြောရအောင် မ်းမကစောင့်ရင် မကောင်းဘူးလား”

ကိုခင်မောင်က သူ့စိတ်ကူးကို ပြောပြသည်။ သူ့အကြံကောင်းသဖြင့် မ်းမဘက်သို့ ထွက်လာကြသည်။ သစ်ပင်တစ်ပင်အောက်တွင်ထိုင်၍ ကိုဘလပ် မည့်လမ်းကို မျှော်မှန်းကြည့်နေကြသည်။

“ဟိုမှာ ကိုဘလပ်လာပြီ”

ကိုခင်မောင်၏အသံနှင့် မျက်နှာမှာ မှိုရသလို ရွှင်ပျနေသည်။ ကျွန်တော် သည် ကိုခင်မောင်ပြောသော ကိုဘလပ်ဆိုသူကို ကြည့်လိုက်သည်။

“ကိုဘလပ် မဟုတ်ဘူး”

“ဟုတ်ပါတယ်ကွ။ လူလုံးလူရုပ်က တစ်ပုံစံတည်းပဲ”

“နွားပျောက် ခလောက်သံကြား”ဆိုသလို ကိုခင်မောင်သည် အဝေးဆီ လာသူကို ကိုဘလပ် ထင်မှတ်နေသည်။

“ကိုဘလပ်ဆိုရင် ဆွဲခြင်းပါရမယ်။ အခုလာတဲ့လူက မပါဘူး”

ကိုခင်မောင်သည် လာနေသူကို အသေအချာကြည့်ပြန်သည်။

**“အေး- မင်းပြောတာ ဟုတ်တယ်။** မင်းဟာ အတန်းပညာ မတတ်ပေ ယ့် ပြောရေးဆိုရေးရော၊ အတွေးအခေါ်ရော တော်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ကျွန်တော်တို့အနီးသို့ ရောက်ရှိလာသည်။ ကျွန်တော်တို့ကို မသိမသာ မျက်စောင်းထိုးကြည့်ပြီး ဝါးနှစ်ရိုက်ခန့် လွန်သွားသည်။ ဘာစိတ်ကူးရသည်မသိ ပြန်လှည့်လာသည်။

"ဘယ်ကလဲ"

"ပခုက္ကူမြို့ကပါ"

"နာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်တော်က အုံးဖေပါ။ သူက ကိုခင်မောင်လို့ ခေါ်ပါတယ်"

"အခု ဘာလုပ်နေကြတာလဲ"

"ကိုဘလပ်ကို တွေ့ချင်လို့ စောင့်နေတာပါ"

"ဘယ်က ကိုဘလပ်လဲ"

ထိုသူသည် တရားခံစစ်သလို ကျွန်တော်တို့ကို စိစိပေါက်ပေါက် မေးမြန်းနေသည်။ မေးမည်ဆိုလျှင်လည်း မေးသင့်ပါသည်။ လုံချည်အကျီများ မလဲရ၊ မဖွပ်ရသည်မှာ တစ်လကျော်ပြီဖြစ်၍ ညစ်နွမ်းပေရေနေသည်။ ဆံပင်မဖြတ်ရ၊ ရေမချိုးရ၊ ထမင်းမစားရ၍ လူများမှာ ပုံပျက်ပန်းပျက်ဖြစ်နေသည်။ အပြင် ကိုခင်မောင်၏ တိုက်ရှူးဖိနပ်က စုတ်ပြဲနေသည်။ သည်အပြင် ကျွန်တော်က ဖိနပ်မပါ။ မသင်္ကာဖွယ်ရာပင်။

"စုံထောက်ဦးဘိုးဆိုင်ရဲ့ ဒရိုင်ဘာပါ"

"ဒီလိုဆိုရင် ဦးဘိုးဆိုင်အိမ် လိုက်ခဲ့ဦး"

ကျွန်တော်တို့တွေ့လိုသူက ကိုဘလပ်။ ယခုတွေ့ရသူက ကျွန်တော်တို့ကို ဒုက္ခပေးမည့်သူ။

"အစ်ကိုကြီး ဟောဒီမှာ လူနှစ်ယောက် လမ်းဆောမှာတွေ့လို့ ခေါ်လာတယ်။ အစ်ကိုကြီး ဒရိုင်ဘာ ဘလပ်နှင့်အသိလို့ ပြောတယ် ဟုတ်ပါသလား"

"ဟုတ်ပါတယ်ကွာ။ ဘလပ် ဈေးဝယ်သွားတယ်။ ဒီကစောင့်နေဖို့ ပြောထားတာ အပြင်ထွက်သွားတယ်"

"အစ်ကိုကြီး ကျွန်တော်ပြန်တော့မယ်"

ထိုသူသည် ဦးဘိုးဆိုင်ကို ဆလံပေး အလေးပြု ထွက်သွားသည်။

"ဒီမှာထိုင်နေလို့ပြောထားတာ။ ဘာဖြစ်လို့ အပြင်ထွက်သွားရတာလဲ ဒါ ပခုက္ကူမဟုတ်ဘူး။ အင်းစိန် စီအိုင်ဒီလိုင်းကွ။ တောသားတွေ ဘာမှ နားမလည်ဘူး။ ဟိုကောင်က ငါ့လာမေးလို့သာ။ သို့မဟုတ်ရင် ဂါတ်ထဲရောက်နေပြီ"



ဦးဘိုးဆိုင်သည် ကျွန်တော်တို့ကို သဘောမကျသဖြင့် ခေါသတကြီး မာန်မဲဆဲဆိုနေသည်။ အဆင်မပြေဖြစ်နေချိန်တွင် ဘာပဲလုပ်လုပ် တစ်လွဲတစ်ချော် ဖြစ်တတ်ပေသည်။ အဆင်ပြေသည့်အခါတွင်မူ ဆေးခွက်မှောက်တာတောင် အရုပ်ဖြစ်သည်ဟု ဆိုကြသည်။

အိမ်ရှေ့ပန်းအိုးကြားတွင် ငုတ်တုတ်ထိုင်ကာ ဦးဘိုးဆိုင်မာန်သမျှ ခေါင်းငုံ့ခံနေရသည်။ ပြန်လှန်ပြောလို့လည်း မဖြစ်ပေ။ ဦးဘိုးဆိုင် သဘောမကျ၍ နှင်ထုတ်လိုက်လျှင် ကိုဘလပ်နှင့် တွေ့ရမည်မဟုတ်။ မတွေ့ရလျှင် ဒုက္ခရောက်တော့မည်။ ရန်ကုန်ကို ရောက်လာကတည်းက အဆင်မပြေသည့်ပြဿနာများနှင့်သာ တွေ့ရသဖြင့် ရှေ့ရေးမတွေးဝံ့။ မစဉ်းစားဝံ့အောင် ဖြစ်ရှိနေသည်။

မိုးသည် မမျှော်လင့်ဘဲ 'ဖြန်း' ခနဲ ရွာလာသည်။ မိုးခိုရန် နေရာရှာကြည့်သည်။ အိမ်အဖီပေါ်တက်၍ မိုးခိုရန် စိတ်ကူးသော်လည်း သူတို့ကမခေါ်၍ မဝံ့။ အဖီအောက် ထိုင်နေရန်မှာလည်း ယောကျ်ားသားများဖြစ်၍ မသင့်လျော်။ ဟိုကြည့်သည်ကြည့်ကြည့်ရာ တစ်နေရာတွင် သွပ်မိုးသွပ်ကာ ကားဂိုဒေါင်ရှိသည်။ ကားဂိုဒေါင်နံရံကိုမှီ၍ တံစက်မြိတ်ရေလွတ်အောင် ကြုံ့ကြုံ့ကလေး ရပ်နေကြရသည်။

အရာရှိအရာခံတို့သည် ယေဘုယျအားဖြင့် ကိုယ်ချင်းစာတရား ခေါင်းပါးကြသည်။ ကြင်နာသနားစိတ် ကင်းမဲ့ကြသည်။ ဆင်းရဲနွမ်းပါးသော အောက်တန်းစားလူများကို အထင်သေးတတ်ကြသည်။ ပေါင်းသင်းဆက်ဆံခြင်း မပြုလုပ်လိုကြပေ။ သမီးကလေးများမှာမူ ဤကဲ့သို့ အကြင်နာတရား ခေါင်းပါးလိမ့်မည် မထင်ပေ။ အဖေကို ကြောက်ရွံ့ရ၍သာ ဧည့်ဝတ်မကျေပွန်ခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့ အညာဒေသ၌ဆိုလျှင် ဧည့်သည်ကို ဦးစားပေးသည်။ ကျွေးသည်။ ဖော်ရွေပျူငှာစွာ ဆက်ဆံဧည့်ခံသည်။

မိုးရွာစဉ်က ကျွန်တော်တို့ကို 'အိမ်ပေါ်တက်ခဲ့ကြ' ဟု ခေါ်သင့်သည်။ ယခုမှာမူ မိမိတို့နှင့် မသက်ဆိုင်သလို၊ မပတ်သက်သလို လုပ်ဟန်၍ မထင်မှတ်သလို ဥပေက္ခာပြု လျစ်လျူရှုနေကြသည်။ လူသည် ကိုယ်တွေ့ခံစားရမှ သိသည်။ ခံနာတတ်သည်။ အချုပ်အနှောင် ခံရဖူးသော တရားသူကြီးသည် ကိုယ်ချင်းစာ၍ တရားခံကို သက်ညှာစွာ အပြစ်ပေးလေ့ရှိတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကားဂိုဒေါင်ကို မှီခိုနေခိုက် ကိုဘလပ် ဈေးမှ ပြန်လာသည်။ မိုးမှာ တဖွဲဖွဲရွာနေဆဲဖြစ်သည်။ ကိုဘလပ်သည် ကျွန်တော်တို့ကို တွေ့မြင်သောအခါ အံ့အားသင့်သလို ဖြစ်သွားသည်။ မမျှော်လင့်ဘဲ ရောက်လာသည်ကတစ်ကြောင်း၊ ကားဂိုဒေါင်နံရံတွင် ရပ်နေရခြင်းကြောင့် ဖြစ်ဟန်ရှိသည်။

"ကိုခင်မောင် ဘယ်တုန်းကရောက်သလဲ"

"အခုမနက်ပဲ"

"ခဏနေဦးနော်"ဟု ပြော၍ အိမ်အဖီပေါ်သို့ တက်သွားသည်။

ဦးဘိုးဆိုင်သမီးများကို ဈေးခြင်းအပ်၍ ပိုငွေများကိုပါ ပေးခဲ့သည်။ ကိုဘလပ်သည် ထီးကို မပွင့်တပွင့်ဆောင်း၍ ကျွန်တော်တို့ဆီ ပြေးလာသည်။ ခါးတွင် ချိတ်ဆွဲထားသောသော့နှင့် ကားဂိုဒေါင်ကို ဖွင့်သည်။

"ကိုခင်မောင် ဒီလာဗျာ"ဟုခေါ်၍ ကားဂိုဒေါင်အတွင်းရှိ ကားပေါ်တွင် ထိုင်ကြရသည်။

"အခု ကိုခင်မောင်တို့အခြေအနေ ဘယ်လိုနေသလဲ"

ကိုခင်မောင်က ဖြစ်ကြောင်းကုန်စင်ကို မခြွင်းမချန် ပြောပြသည်။

ပိုက်ဆံမရှိ၍ အင်းစိန်ကို ခြေကျင်လာရကြောင်း၊ ထမင်းမစားရသည်မှာ သုံးနပ်ရှိပြီဖြစ်ကြောင်း၊ ပခုက္ကူမှ ငွေလည်းလာခါနီးပြီဖြစ်ကြောင်း၊ မလာမီ အတိုးနှင့် ငွေ တစ်ဆယ်ချေးလိုကြောင်း၊ ကိုဘလပ်မှ အာမခံပေးစေလိုကြောင်း ပြောပါသည်။

"ကျွန်တော် အာမခံလို့ ဘယ်သူက ယုံမှာလဲဗျာ။ ခင်ဗျားတို့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး"ဟု တကယ်ပင် စိတ်လက်မချမ်းသာသည့် အမူအရာနှင့် ပြောရှာသည်။

"ဒီလိုလုပ်ဗျာ။ ပခုက္ကူကငွေမလာမီ ကျွန်တော့်အိမ်မှာ စားနေ အိပ်နေနှင့် ကျွန်တော့်မိန်းမကလည်း သဘောကောင်းပါတယ်။ ခင်ဗျားတို့အနေ ကြပ်ချင်လည်း ကြပ်မယ်။ ကျွန်တော့်နှမက အပျိုလေး"

"ဒီလိုလည်း မနေချင်ပါဘူးကွာ။ ချေးမရရင်လည်း ကိုဘလပ် တတ်နိုင်သလောက် ကူညီပါ။ ပခုက္ကူက ငွေရောက်တဲ့အခါ လာပေးပါ့မယ်"

"ကျွန်တော့်မှာလည်း တစ်လစာနှင့်တစ်လစာ အလျှံမမီဘူး။ ခင်ဗျားတို့ ကူညီချင်ပါတယ်။ နေဦးဗျာ။ ဆရာ့သမီးများကို အကျိုးအကြောင်းပြော၍ ချေးဦးမယ်"ဟုပြောလျက် အပြင်ထွက်သွားသည်။ မိုးလည်း စဲသွားပြီ။



ခဏကြာတော့ ကိုဘလပ်ပြန်လာသည်။ ကျွန်တော်တို့ကို အပြင်သွားရအောင် ခေါ်သဖြင့် ထွက်လာခဲ့ကြသည်။ အာရ်အီးတီ ကားဂိတ်ရောက်သောအခါ ထမင်းဆိုင်ဝင်၍ ထမင်းနှစ်ပွဲ အပြင်မှာသည်။ ကျွန်တော့်ဘဝတွင် ဤထမင်းပွဲလောက် စားကောင်းသည်ကို မတွေ့ဖူးပါ။ ထမင်းသုံးနပ် ဆက်တိုက်မစားခဲ့ရတော့ 'နွားငတ်ရေကျ'သလို ခေါင်းပင်မဖော်နိုင်ပါ။ ကိုဘလပ်သည် ထမင်းဆိုင်အဒေါ်ကြီးကို ထမင်းဖိုး ရှင်းပေးပြီး–

"ကိုခင်မောင် ထမင်းလိုထမင်း၊ ဟင်းလိုဟင်းတောင်းနော်။ ထမင်းဖိုး ပေးပြီးပြီ။ ငွေကတော့ မများဘူးဗျာ တစ်ကျပ်ပဲ ပေးနိုင်တယ်" ပြော၍ ကိုခင်မောင်ကို ငွေဒင်္ဂါးတစ်ပြား ပေးသည်။

"ကိုဘလပ်ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ ပခုက္ကူလာရင် ကျွန်တော့်အိမ်ကို တည်းပါ၊ စားပါ။ အတို့အလှည့် ကျေးဇူးပြုချင်လို့ပါ"

ကိုခင်မောင် အသံပျက်နေသည်။ သူကောင်းစွာမသိသော၊ သူမမျှော်လင့်သော လူတစ်ဦးက မေတ္တာ၊ စေတနာ၊ အကြင်နာဖြင့် ထမင်းကျွေးရုံမျှမက ငွေတစ်ကျပ်ပေး၍ ဝမ်းနည်းသွားသည်။ မျက်အိမ်တွင် မျက်ရည်များ ဝေလျှံနေပြီးအသံမှာ ဆို့နစ်နေသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ကြပါဗျာ။ ဆရာ အပြင်သွားရင် ကျွန်တော် မရှိမဖြစ်လို့ပါ"ဟု ပြော၍ ကိုဘလပ် ပြန်သွားသည်။

ကိုဘလပ် ပြန်သွား၍ ကျွန်တော် ဝမ်းသာနေသည်။

အကြောင်းမှာ မရှက်မကြောက်၊ အားမနာပါးမနာ တဝတပြဲ စားလို၍ ဖြစ်သည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဆွေတုနှင့် မိတ်ဆွေစစ်

'ငတ်မရှက်' ဆိုသကဲ့သို့ ထမင်းသုံးနပ် ဆက်တိုက်မစားရသည့်အတွက် အရှက်အကြောက်မရှိ၊ အားနာရမှန်းမသိ ဖြစ်ရှိနေသည်။ ထမင်းတောင်းလိုက်၊ ဟင်းတောင်းလိုက်။ အဒေါ်ကြီးသည် ကျွန်တော်တို့စားကြသည်ကိုကြည့်ပြီး ရက်လုံးပြူးနေသည်။ အခြားသူများစားသည်ထက် ပိုစားနိုင်ခြင်းကြောင့် ဖြစ်သည်။ 'ဒီလိုသာစားကြလျှင် ငါ့ဆိုင်ကလေး ပြုတ်ရချေမှာ့'ဟု အဒေါ်ကြီး စိတ်တွင် ဖြစ်ပေါ်နေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီး ဗိုလ်လသာဆေးပြင်းလိပ်တစ်လိပ်စီခဲ၍ ရန်ကုန်ထွက်မည့် အာရ်အီးတီဘတ်စ်ကားကြီးပေါ် တက်ထိုင်နေကြသည်။

"မိတ်ဆွေစစ်နှင့် မိတ်ဆွေတု ကိုယ်တိုင်တွေ့ရပြီ"ဟု ကိုခင်မောင်က ပြောသည်။

"ဘယ်လိုလဲ ပြောပါဦး"

"မင်းအမြင်ပဲကွာ။ သူငယ်ချင်းကျော်လှိုင်က ငါလာတာကိုပဲ နှစ်သက်လိုလားတဲ့ သဘောမျိုးမရှိဘူး။ ဝတ်ကျေတန်းကျေ လက်ဖက်ရည်ကလေးတစ်ခွက်ကိုတောင် မတိုက်လိုက်ဘူး။ ဘာမှမဆိုင်တဲ့ ဒရိုင်ဘာ ကိုဘလပ်က ထမင်းလည်းကျွေးတယ်။ ငွေတစ်ကျပ်လည်း ပေးတယ်။ သူတို့နှစ်ဦးရဲ့ စားဝတ်နေရေးဟာ ကိုဘလပ်က ပိုဆိုးလိမ့်မယ်။ ဒါပေမယ့် ဒုက္ခရောက်သူကို ကူညီလိုတဲ့ မေတ္တာ၊ ကရုဏာမှာ ကိုဘလပ်က သာတယ်"

ကိုကျော်လှိုင်၏ဆက်ဆံပုံကို ကိုခင်မောင် မကျေမနပ် ဖြစ်ရှိနေသည်။ 'အကူအညီ မပေးနိုင်သည့်တိုင်အောင် ဖော်ရွေမှုတော့ ရှိရမည်မဟုတ်ပါလား' ဟု စိတ်ထဲခံစားနေရသည်ကို ပြောပြရသည်။ သူက ပေးခဲ့ကျွေးခဲ့ဖူးသဖြင့် သူ့ကို တုံ့ပြန်လိမ့်မည်။ ကျေးဇူးဆပ်လိမ့်မည် မျှော်လင့်ခြင်းကြောင့် ယခုလို ခံစားရခြင်းဖြစ်ပေသည်။ ကားလမ်းဘေးရှိ သစ်ပင်များကို တွေ့မြင်ရသောအခါ မနေ့က နားခိုခဲ့ရသည်ကို စိတ်အာရုံတွင် ပြန်လည်မြင်ယောင်နေသည်။ မနေ့ကနှင့် ယနေ့အခြေအနေ ပြောင်းပြန်ဖြစ်သွားသည်။ မနေ့က အားအင်ချည့်နဲ့စွာနှင့် အင်းစိန်ကို တရွေ့ရွေ့ ခြေကျင်လာခဲ့ရသည်။ ယနေ့ တက်ကြွရွှင်လန်းစွာဖြင့် ရန်ကုန်မြို့ကို အခန့်သား ကားစီးပြန်လာခဲ့ကြသည်။ အချိန်ပြောင်းသလို လူသည်လည်း ပြောင်းလဲနေသည်။ မြို့တွင်းသို့ ရောက်ရှိလာသည် ရွှေတိဂုံဘုရားအနောက်ဘက်စောင်းတန်းမှတက်ပြီး အရှေ့ဘက်စောင်းတန်း ဆင်းလာခဲ့ကြသည်။ ကျွန်တော်တို့ကို မြင်သောအခါ ဒေါ်သောင်းတင်သည် ပြုံးရွှင်နေသည်။

"ဟဲ့ ထမင်းခူး ထမင်းခူး"

ဒေါ်သောင်းတင်သည် ဆိုင်တွင် ခိုင်းစေနေသော လူငယ်လေးကို ထမင်းခူးခိုင်းနေသည်။

"မခူးနှင့်အဒေါ်။ ကျွန်တော်တို့ စားပြီးခဲ့ပြီ"



"ဘယ်ကစားလာကြတာလဲ"

"အင်းစိန်မြို့ မိတ်ဆွေတစ်ဦးက ထမင်းလည်းကျွေးလိုက်တယ်။ စရိတ်ငွေလည်းပေးလိုက်တယ်"ဟု ကျွန်တော်က ပြောသည်။

"အေးကွယ်။ အဒေါ် ဝမ်းသာပါတယ်။ မနေ့က မောင်ခင်မောင်အတွက် ငွေသုံးဆယ်လာတယ်။ မောင်ခင်မောင်မရှိလို့ ကနေ့တစ်နာရီကို စောင့်နေပါလို့ မှာသွားတယ်"

ကျွန်တော်တို့ဝမ်းသာသည်မှာ 'အိုင်ယာလန်ထိ' ပေါက်သလိုပင်။ နှစ်ဦးစလုံး ပြုံးရွှင် ပျော်မြူးသွားသည်။

"မင်းတို့ ဆံပင်ဖြတ်၊ ရေချိုး၊ အဝတ်အစားတွေလည်း လဲကြဦး"ဟု ဒေါ်သောင်းတင်ကပြော၍ လွယ်အိတ်နှစ်လုံးကို ထုတ်ပေးသည်။ မနေ့က အသားဖတ်ငါးဖတ်မပါဘဲ ထမင်းဟင်းရည်ဆမ်းကျွေးပါဟု တိုးလျှိုးတောင်းခံခဲ့သည်ကို ငဲ့ညှာခြင်း၊ စာနာခြင်း၊ လိုက်လျောခြင်းမရှိသော ဒေါ်သောင်းတင်သည် ယခု တောင်းဆိုခြင်းမရှိပါဘဲနှင့် လွယ်အိတ်များကို ထုတ်ပေးသည်။

'ငွေမျက်နှာကြီးပါပေသည်'ဟု စိတ်ထဲတွေးမိသည်။ ငွေသည် မည်သည့်နေရာမှာပဲဖြစ်ဖြစ် အရေးပါသော အရာဝတ္ထုတစ်ခုဖြစ်သည်။ ထို့ကြောင့် ငွေနှင့်ပေါက်လျှင် ခံနိုင်ရိုးလားဟူ၍ပင် ပြောလေ့ပြောထ ရှိကြသည်။

ဆံပင်ဖြတ်၊ ရေချိုးကြသည်။ လုံချည်အင်္ကျီများကို လျှော်ဖွပ်ကြသည်။ ဆပ်ပြာနှင့် မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ညစ်ပေနေသည့် ပုဆိုးအင်္ကျီများ သစ်လွင်လာသည်။ လူများမှာလည်း စိတ်လက်ရွှင်လန်း တက်ကြွနေသည်။ ကိုခင်မောင်က သူနှင့်အတူ ပခုက္ကူကိုလိုက်ရန် ခေါ်သည်။

"အလာတုန်းကလည်း အတူတူ။ ဆင်းရဲဒုက္ခ ရောက်တော့လည်း အတူတူ။ ပြန်တော့လည်း အတူတူပေါ့ကွာ"

"ကျွန်တော်မှာထားတဲ့ငွေလာရင် လွဲနေလိမ့်မယ်။ ပြီးတော့ အလုပ်လည်း ရှာချင်သေးတယ်ဗျာ"

နေ့လယ် တစ်နာရီအချိန်ခန့်တွင် ပို့စမင်းရောက်လာပြီး ကိုခင်မောင်ကို ငွေသုံးဆယ်ပေးသည်။ ဒေါ်သောင်းတင်၏ ထမင်းဖိုးများနှင့် ချေးငွေကို ပေးဆပ်လိုက်သည်။ ထို့နောက် ကိုခင်မောင်က ငွေနှစ်ကျပ် အပိုပေး၍ ဝပ်ချကန်တော့သည်။

www.burmeseclassic.com



"သူလည်း ငွေမှာထားပါတယ် အဒေါ်ရယ်။ အကယ်၍ ငွေရောက်မလာ စရိတ်ပြတ်သွားရင် ထမင်းနှစ်နပ်၊ သုံးနပ်တော့ ကျွေးလိုက်ပါ"ဟု ကိုခင်မောင်က ပြောသည်။

"စိတ်ချ စိတ်ချ ကျွေးမယ်။ မင်းတို့ လူကောင်းကလေးတွေဆိုတာ ငါသိပြီ"

ကိုခင်မောင်သည် ကျွန်တော့်ကို ငွေလေးကျပ်ပေးသည်။ ငွေမလာ သုံးစွဲရန်ဖြစ်သည်။ ပေါက်ဖော်ကြီး လက်ဖက်ရည်ဆိုင်သို့ ထွက်လာ ဦးဒေးယျ ဆုတံဆိပ်ကလေးကို ရွေးယူသည်။ ပေါက်ဖော်ကြီးသည် ကျွန်တော် တို့၏ သစ်လွင်သော အဝတ်အထည်များကိုကြည့်ပြီး အံ့အားသင့်နေသည်။ ထင်သည်။

"ငါ ဒီတံဆိပ်ကလေး ဆုံးရှုံးသွားမှာကို အစိုးရိမ်ဆုံးပဲ။ ငါ့ဘဝမှာ ကြိုးစားလို့ ရတဲ့မှတ်တိုင်ကလေးပဲ"

ကန်တော်ကြီး ကားမှတ်တိုင်မှ မြို့ထဲသို့ လိုက်ပါလာခဲ့ကြသည်။ ရုပ်ရှင်ရုံများရှေ့ ရောက်သောအခါ လူမပါဘဲ ဓာတ်ပုံရိုက်သော ကိရိယာ တစ်ခု တွေ့ရ၍ လှေလာကြည့်ရှုကြသည်။

မှန်ရှိသည်။ ဘီးရှိသည်။ ပိုက်ဆံထည့်ရန် အပေါက်ကလေးရှိသည်။ ဓာတ်ပုံရိုက်လိုပါက ရှစ်မြှောင့်ဒေါင့်မတ်စေ့ကလေး ထည့်ရသည်။ မရှိ မှန်ကိုကြည့်၍ ဆံပင်ကိုဖီးနိုင်၊ သနိုင်သည်။ ပြုံးပြုံးကလေး ရိုက်ချင်လျှင် ပြုံးနေရုံပင်။ ကိုခင်မောင်က အမှတ်တရ ဓာတ်ပုံရိုက်လို၍ နှစ်ဦးတွဲရိုက် သည်။ ပိုက်ဆံထည့်လိုက်သည်နှင့်တစ်ပြိုင်တည်း 'ရှီး ရှီး ရှီး'ဟု အသံမြည် မကြာမီ 'ဒေါက်'ခနဲ သံပေါင်ကွပ်ဓာတ်ပုံကလေး ထွက်လာသည်။ အ အထား ကောင်းသည်။ ဓာတ်ပုံသား ပီပြင်၍ ဝမ်းသာသွားသည်။ ဓာတ်ပုံက ကို ကြည့်ပြီး-

"ရန်ကုန်ရောက်တဲ့ အထိမ်းအမှတ်ပေါ့ကွာ"

တစ်မတ်တန် ရုပ်ရှင်လက်မှတ်နှစ်စောင် ဝယ်ယူပြီး ရုပ်ရှင်ရုံ ဝင်ခဲ့ကြသည်။ ရုပ်ရှင်ဓာတ်ကားကို အာရုံမခံစားနိုင်။ ကိုခင်မောင်သည် မီးရထားမမီမှာကို စိုးရိမ်ပြီး ဖင်တကြွကြွ ဖြစ်နေသည်။ ရန်ကုန်ဒုက္ခ ခံ ရသူဖြစ်သည့်အတွက် ရန်ကုန်၌ တစ်ရက်တစ်ညမျှ မနေလို။ ပန္နက္ကူ



ပြန်ချင်နေသည်။ သို့ဖြင့် ဓာတ်ကားတစ်ပိုင်းတစ်စနှင့် ရုပ်ရှင်ရုံထဲမှ ထွက်လာခဲ့ ကြသည်။ ဘူတာရုံရောက်သောအခါ ရန်ကုန်-မြင်းခြံ မီးရထားလက်မှတ် ဝယ်ယူ၍ မြင်းခြံတွဲပေါ်၌ ထိုင်နေကြသည်။

"ငါစိုးရိမ်တာ တစ်ခုရှိတယ်။ ဘာလဲဆိုတော့ မင်းဟာ ပြောရဲဆိုရဲတဲ့ သတ္တိရှိတယ်။ အဲဒီလိုပဲ မကောင်းတဲ့အလုပ်ကို လုပ်ရဲတဲ့သတ္တိမျိုး ရှိသွားမှာ စိုးရိမ်တယ်"

ကိုခင်မောင်သည် သူ့စိတ်ထဲတွင်ရှိသည့် စိုးရိမ်မှုကို ပွင့်လင်းစွာ ပြော သည်။

"စိတ်ချပါဗျာ။ ပြောရဆိုရတာလည်း မပြောရင်မဖြစ်လို့ ပြောရတာပဲ။ ပြောအား တရားရှုံးလို့တောင် အဆိုရှိတယ် မဟုတ်လား"

ထိုအခိုက် မီးရထားဥသြဆွဲလေသည်။ ခွဲခွာရတော့မည်ဖြစ်၍ သူလည်း မျက်ရည်များ ဝေ့ဝဲနေသည်။ ကျွန်တော်လည်း သူ့ကိုကြည့်ပြီး ဝမ်းနည်းသလိုလို ချိုသလိုလို ဖြစ်ရှိနေသည်။

"အုံးဖေ ဆင်းတော့လေ"ဟုပြောလျက် စာရွက်ခေါက်ကလေးတစ်ခု ကျွန်တော့်ကိုပေးသည်။ "ဘုရားစောင်းတန်းရောက်မှ ဖတ်ပေါ့ကွာ"ဟုလည်း မှာကြားသည်။

ကိုခင်မောင်က လက်ဝှေ့ရမ်း နှုတ်ဆက်သည်။ ကျွန်တော်ကလည်း ပြန်အလှန် နှုတ်ဆက်ပါသည်။ ထိုစဉ်မှာပင် မီးရထားကြီးသည် တွဲပေါင်း များစွာကို ဆွဲဆောင်ကာ ကွေ့ကောက် ပျောက်ကွယ်သွားပါသည်။

မီးရထားဘူတာရုံကြီးသို့ ညွှန်သည်ပို့ရသည့်အကြိမ်ပေါင်းမှာ ယခု အကြိမ်ပါ သုံးခါရှိပြီ။ မြင်းဆေးကုဆရာကြီး ဦးစုတစ်ကြိမ်၊ ဒေါ်လှအုံးမယ် သားစုတစ်ကြိမ်၊ ထိုအချိန်က မအေးမိနှင့် ခွဲခွာရ၍ စိတ်မကောင်း ဖြစ်ရသည်။ ယခုအချိန်သည် စိတ်အဆင်းရဲဆုံးနှင့် ဝမ်းနည်းဖွယ်ရာ အကောင်းဆုံးပင်။ အတူနေ အတူစား အတူသွားဖြစ်ရုံမျှမက ဆိုးဝါးခါးသီးသော ဆင်းရဲဒုက္ခကို အတူလက်တွဲလျက် ကြုံကြုံခံ ရင်ဆိုင်ခဲ့ရသူနှစ်ဦး ယခုတော့ ခွဲခွာကြရပေပြီ။ သို့- လွမ်းဖွယ်ရာ ဆွေးဖွယ်ရာ၊ ရင်နာဖွယ်ရာ ကောင်းသော ဖြစ်ရပ်ပါတကား။ ဆိုင်ခုံပေါ်ထိုင်၍ ကိုခင်မောင်ပေးခဲ့သော စာရွက်ခေါက်ကလေးကို ဖြန့်၍ဖတ် ကြည့်သည်။ စိတ်ထဲ အတော်ပင် ထိခိုက်လာသည်။ မျက်ရည်များပင် ပါးပြင် ပေါ်သို့စီးဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီအထွေးရယ်ကြောင့်
ကြည်မအေးနိုင်ဘူအစဉ်။
မှာလိုက်မယ် အထွေထွေပါ
တေလေလို မောင်မဖြစ်စေနှင့်
တိုးချစ်ခင်မင်။
ပြော်- ခွဲခွာနီးပြီမို့
သည်းဝမီးလောင်ချင်ချင်
မောင်ခင်မှာဖြင့် ခက်ပြန်သေး။
နုံးလို့ရယ်ခွေ
အုံးတစ်ဖေ ထိုတစ်နည်းရယ်ကြောင့်
ကိုကြီးမှာ ရွှေရင်ဆို့ရတယ်
ညီလေးရယ် လွမ်းလို့ပူဆွေး။ ။

ခင်မောင်

၁၂၉၉ ခုနှစ်၊ ပထမဝါဆိုလဆုတ် ဆယ့်ငါးရက်

ရန်ကုန်မှ ပခုက္ကူ

နှစ်ခါသုံးခါ ဖတ်ကြည့်သည်။ ရင်ထဲတွင်လည်း ဆို့နစ်နေသည်။ သူသည် ကျွန်တော် လမ်းမှားလိုက်သွားမည်ကို စိုးရိမ်ရှာသည်။ ကဗျာ၌လည်း ဤသဘောမျိုး ပါဝင်နေ၍ ကျေးဇူးတင်သည်။

(ကိုခင်မောင်သည် ပခုက္ကူမြို့ ပြန်ရောက်ပြီး မအေးဂျမ်းနှင့် မင်္ဂလာဆောင်ပါသည်။ ငါးနှစ်ခန့်ကြာသောအခါ မအေးဂျမ်း သေဆုံးသည်။ သားသမီး မထွန်းကားပါ။ ထို့နောက် မြိုင်မြို့စာတိုက်တွင် လက်ထောက်စာတိုက်ဝိုလ်အဖြစ် အလုပ်လုပ်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် တောခိုသွားသည်။ တောတွင်းမှ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျပြီး သားကလေးတစ်ယောက် ရရှိခဲ့သည်။ တောတွင်းမှာပင် သေဆုံးသွားသည်ဟု သိရသည်။)

ပိနပ်မပါလျှင် လူအထင်သေး၍ ကိုခင်မောင်ပေးခဲ့သော ရွှေခြည်သားရေညှပ်ဖိနပ် ဝယ်စီးသည်။ လူမှာ နေ့ချင်းညချင်း အဝတ်အထည်သစ်များနှင့် ပြောင်းလဲလာသည်။ ဒေါ်သောင်းတင်ကပင် ချေ့သည်တစ်ဦးအလား လေးစားမှု ပြုလာသည်။ ကျွန်တော်၏အလုပ်မှာ ဒေါ်သောင်းတင်ဆိုင်အတွက် ထမင်းစားပြီး ခြေဦးတည့်ရာ လျှောက်လည်သောအလုပ် ဖြစ်၏။



ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်းသည် ကျွန်တော်၏ ညအိပ်ခန်းဖြစ်သည်။ ဓာတ်ရထားလမ်းဆုံးလည်း ဖြစ်၏။ ထိုနေရာတွင် ကွမ်းယာဘန်းရောင်းသူတစ်ဦးရှိသည်။ အမည်မှာ ဦးလှအောင်ဖြစ်၏။ သူသည် တစ်ကိုယ်ရေတကာယ လူပျိုကြီးဖြစ်သည်။ အသက်မှာ လေးဆယ်ကျော်အရွယ်၊ အသားဖြူဖြူ၊ အရပ်ပုပု၊ ဇာတိမှာ ဟင်္သာတမြို့သား ဖြစ်သည်။

တစ်နေ့တွင် စကားစပ်မိရာမှ 'ကျွန်တော် ကွမ်းယာရောင်းတတ်ကြောင်း၊ ထမင်းကျွေးမည်ဆိုလျှင် ကွမ်းယာရောင်းပေးမည်ဖြစ်ကြောင်း' ကျွန်တော်က ပြောရာ-

"နေရာကျတာပဲ ညီလေးရာ။ ငါက ထမင်းချက်မယ်။ ကွမ်းယာဘန်းအတွက် လိုတာဝယ်ပေးမယ်။ နေ့လယ်နေ့ခင်း ကန်တော်ကြီးသွား ကျားထိုးမယ်"

ဤသို့ဖြင့် ကျွန်တော်သည် ထမင်းစား အခမဲ့အလုပ် ရရှိခဲ့သည်။ ကျွန်တော့်ဘဝတွင် ထမင်းစား အခမဲ့အလုပ်နှင့် အလွန်အကျိုးပေးသည်။ ယခုအကြိမ်ပါဆိုလျှင် လေးကြိမ်လေးခါရှိပြီ။

ပထမ ရေစကြိုမြို့ ကုန်သည်ကြီး ဒေါ်အုန်းပွင့်နေအိမ်။ ဒုတိယ ပခုက္ကူမြို့ ပွဲစား ဦးဘသိန်း၊ ဒေါ်ပေါ်သယ်တို့၏အိမ်။ တတိယ ရန်ကုန်မြို့ ကုက္ကိုင်း ဗွတ္တလစ်လမ်း ဦးကျော်သောင် မြင်းဇောင်း။ စတုတ္ထ အိုးမဲ့အိမ်မဲ့ ခိုကိုးရာမဲ့များ နေထိုင်ကြသောဇရပ်။ ဇရပ်မှာ ဘုရားလမ်း လိပ်ကန်၏မြောက်ဘက်၌ ဖြစ်သည်။ ၎င်းဇရပ်ကို တွေ့မြင်ရတိုင်း နေထိုင်ခဲ့ရသည့် ဘဝကို အမှတ်ရနေသည်။ ဇရပ်မှာ အုတ်သမံတလင်းခင်းဖြစ်၍ ဖျာကြမ်းတစ်ချပ်နှင့် အိပ်ကြရသည်။ ဇရပ်ထဲတွင် အိုးမဲ့အိမ်မဲ့၊ ခိုကိုးရာမဲ့သူများ၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ ရှိကြသည့်အပြင် ဘုန်းကြီးနှစ်ပါးလည်း ရှိ၏။ သပိတ်တစ်လုံး သင်ဖြူးတစ်ချပ်နှင့် သီတင်းသုံးနေကြသည်။ ဘုန်းတော်ကြီးတစ်ပါးမှာ သက်တော်ငါးဆယ်အရွယ်ခန့်။ ပိန်ပိန်ပါးပါး အသားဖြူသည်။ နံနက်ရှစ်နာရီဆိုလျှင် သပိတ်လွယ်၍ ဆွမ်းခံထွက်သည်။ ဆွမ်းစားပြီးသော် တစ်ရေးတစ်မော ကျိန်းစက်သည်။ ညနေကျလျှင် ဘုရားကုန်းတော်ပေါ်တက်၍ ဘုရားဖူး ပုတီးစိပ်သည်။

ဘုရားမုခ်ဝများတွင်ရှိသော အမှိုက်သရိုက်များကို လှည်းကျင်း သန့်ရှင်းသည်။ ဘုန်းတော်ကြီးကိုကြည့်၍ သပိတ်နှင့် ပန်းကန်များကို ဆေးကြော

www.burmeseclassic.com



သန့်ရှင်းပေးသည်။ ဘုန်းတော်ကြီးက ပိုလျှံသော ဆွမ်းကျန်ဟင်းကျန်များကို စားခွင့်ပြုသည်။ ယခင်ကမူ ပိုလျှံသော ဆွမ်းဟင်းများကို လိပ်ကန်သို့သွား၍ လိပ်စာကျွေးသည်။

ဦးလှအောင်ပိုင် ပစ္စည်းများမှာ ကွမ်းယာဘန်းနှင့် ဖျာကြမ်းတစ်ချပ်။ အိုးခွက်ပန်းကန် အနည်းငယ်ပဲရှိသည်။ အကာအရံမဲ့သော ဇရပ်ထဲတွင် ဖျာကြမ်းတစ်ချပ်နှင့်နေရသော်လည်း ဒေါ်အုန်းပွင့်၊ ဦးဘသိန်း၊ ဦးကျော်သောင်းတို့ထဲတွင် နေရသည်ထက် လွတ်လပ်မှုရှိ၍ ပျော်ရွှင်နေသည်။ ဦးလှအောင်ကလည်း သဘောကျနေသည်။

ကွမ်းယာရောင်းရငွေမှာ တစ်နေ့ လေးကျပ်ပတ်ဝန်းကျင် ဖြစ်သည်။ သစ်သားခွထောက်ပေါ်တွင် ကွမ်းယာဘန်းတင်၍ ထိုင်ခုံနှင့် ရောင်းရသဖြင့် သိမ်ကြီးဈေးရောင်းရသလို ဆင်းရဲပင်ပန်းခြင်း မရှိလှပါ။ မြူနီစီပါယ်ပုလိပ်ဖမ်းမည်ကိုလည်း မကြောက်ရပါ။

စိတ်အေးလက်အေးရောင်းရသဖြင့် ထမင်းစားအခမဲ့ဖြစ်သည့်တိုင်အောင် ပျော်ရွှင်နေပါသည်။ ကွမ်းယာဘန်းက ကျွန်တော်တို့နှစ်ဦး ဝမ်းရေးကို ဖြည့်ဆည်းပေးသည်။ ညစာဟင်းမရှိလျှင် ဒေါ်တရုတ်မထမင်းဆိုင်သွား၍ ဟင်းချက်ဝယ်သည်။ ဒေါ်တရုတ်မဟုဆိုသော်လည်း မည်းမည်းဝဝ မြန်မာအမျိုးသမီးကြီးဖြစ်သည်။ သိမ်ကြီးဈေး ကွမ်းယာရောင်းစဉ်က ညစာထမင်းကို သူ့ဆိုင်စား၍ ခင်မင်ရင်းနှီးနေသည့်အတွက် အသားဖတ်ငါးဖတ်များကို တန်ဖိုးထက်ပိုထည့်ပေးလေ့ရှိသည်။

"ညီလေး၊ ဒီဟင်းချက် ဘယ်လောက်ဖိုးလဲကွ"

"တစ်ပဲဖိုးဗျ"

"ဟ ရလှချည်လား၊ ဟုတ်ကဲ့လား"

"ဟုတ်ပါတယ်။ ကျွန်တော်နှင့် ခင်မင်ရင်းနှီးတယ်"

"ဒေါ်တရုတ်မနှင့် ဘယ်တုန်းက ရင်းနှီးကြတာလဲ"ဟု ဦးလှအောင်က မေး၍ ကျွန်တော်က နောက်ကြောင်းကို ပြန်လည်ပြောပြရသည်။

တစ်နေ့တွင် ညစာ ထမင်းစားပြီး ဒေါ်သောင်းတင်ဆိုင် သွားသည်။ ကျွန်တော်မလာ၍ မျှော်နေကြောင်း ဒေါ်သောင်းတင်က ပြောသည်။

"ဓာတ်ရထားဂိတ်တွင် ကွမ်းယာရောင်းနေကြောင်း၊ ဦးလှအောင်နှင့် ထမင်းစား အခမဲ့ ဝင်ရောက်လုပ်ကိုင်နေကြောင်း၊ ထို့ကြောင့် ထမင်းစားမလာခြင်းဖြစ်ကြောင်း" ပြန်လည် ပြောပြရသည်။



"အလုပ်ရတာသိရလို့ ဝမ်းသာပါတယ်"

"ပခုက္ကူကငွေလာရင်တော့ ကျေးဇူးပြုပြီး ကျွန်တော့်ကို အကြောင်းကြားပါ။ ဓာတ်ရထားဂိတ်မှာ ကွမ်းယာရောင်းနေပါတယ်"

"အေး၊ ငွေလာရင် အခေါ်လွှတ်လိုက်မယ်။ စိတ်ချနေ"

ထိုအချိန်က 'တက်ဘုန်းကြီးဝတ္ထု'နှင့် ပတ်သက်ပြီး သခင်နု သခင်သိန်းဖေတို့နှင့် ရဟန်းပျိုများအဖွဲ့ ပြဿနာတက်နေသောအချိန် ဖြစ်သည်။

တစ်ညနေတွင် ဘုန်းတော်ကြီးသည် ဘုရားကုန်းတော်ပေါ်မှ ရရှိသော ကြော်ငြာစာရွက်ကလေးကို ကျွန်တော့်ပေးသည်။ ဖတ်ကြည့်သောအခါ သခင်နုနှင့် သခင်သိန်းဖေတို့ကို ဝေဖန်ထိုးနှက်ထားသော လေးချိုးကဗျာရှည်ကြီးတစ်ပုဒ်ဖြစ်၏။

မေ့နေ၍ ကဗျာကို မမှတ်မိသော်လည်း ကဗျာ၏ အဓိပ္ပာယ် အနည်းအကျဉ်းကိုတော့ မှတ်မိနေပါသည်။ သခင်နုနှင့် သခင်သိန်းဖေတို့သည် အဘိဓမ္မာသိကာမျှနှင့် ပညာရှိကဝိလို့ ထင်နေကြောင်း၊ ဤသို့ အထင်ရှိနေခြင်းသည် မိုက်မဲခြင်းသာလျှင် ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာ သာသနာကို ဖျက်ဆီးနေကြသည့် မိစ္ဆာဒိဋ္ဌိများသာလျှင် ဖြစ်ကြောင်း၊ ၎င်းတို့ကို ဘာသာရေးအရ ဝိုင်းပယ်ကြရမည်ဖြစ်ကြောင်း ရေးစပ်ထားခြင်း ဖြစ်သည်။

သခင်သိန်းဖေသည် 'တက်ဘုန်းကြီးဝတ္ထု' ရေးခြင်းကြောင့် 'တက်ဘုန်းကြီး သိန်းဖေ'ဟု နာမည်ကျော်ကြားသွားသည်။ သူသည် စာအရေးအသားအလွန်ကောင်းသူဖြစ်သည်။ 'အရှေ့ကနေဝန်းထွက်သည့်ပမာ' စာအုပ်နှင့် 'တက်ခေတ်နတ်ဆိုး' စာအုပ်တို့မှာ မေ့ပျောက်မရနိုင်လောက်အောင် စွဲမက်စေသော စာအုပ်များဖြစ်ပေသည်။

တစ်နေ့နေ့လယ်တွင် မောင်တင်အောင် အပြေးအလွှား ရောက်ရှိလာသည်။

"အစ်ကိုအုံးဖေ၊ အစ်ကိုအုံးဖေ။ ငွေလာလို့ အမြန်လာ"ဟု ခေါ်သဖြင့် လိုက်ပါသွားသည်။ မျိုးမြန်မာ ထမင်းဆိုင်ရောက်သောအခါ ပို့စမင်တာ ဖုံစာရွက်ပေါ်တွင် လက်မှတ်ရေးထိုးခိုင်းပြီး ငွေဆယ့်ငါးကျပ် ထုတ်ပေးသည်။

ထိုခေတ်က မှတ်ပုံတင်ကတ်ပြား မရှိသေးပါ။ လူဦးရေမှာလည်း ဆယ့်နှစ်သန်းခန့်ပဲ ရှိပါသည်။ (ဘုန်းတော်ကြီးက ပို့လိုက်သောငွေဖြစ်၍ ဘဝနတ်ထံ ပျံလွန်တော်မူသွားရှာပြီဖြစ်သော ဆရာဘုန်းတော်ကြီးကို ယနေ့အထိ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေတင်ရှိနေပါသည်။) ငွေပို့လွှာတွင် ဘုန်းတော်ကြီးက 'အမြန်ပြန်ခဲ့ရန်' စာပါသဖြင့် ညနေမီးရထားနှင့်ပြန်ရန် ဆုံးဖြတ်လိုက်ပါသည်။

မောင်တင်အောင်ကို ကျောင်းစရိတ်အဖြစ် ငွေတစ်ကျပ်ပေးလိုက်ရာ မောင်တင်အောင်နှင့် ဒေါ်သောင်းတင်တို့မှာ ဝမ်းသာနေကြပါသည်။ ဦးလှအောင် ပြန်လာသောအခါ အကျိုးအကြောင်းပြော၍ ရောင်းရငွေနှင့် ကွမ်းယာဘန်းကို ပေးအပ်လိုက်ပါသည်။ ဦးလှအောင်လည်း ကျွန်တော်ပြန်မည်ဖြစ်၍ စိတ်မကောင်း ဖြစ်နေရှာသည်။

ထိုနေ့ညနေမှာပင် ဘူတာရုံသို့ ထွက်လာခဲ့သည်။ မီးရထားလက်မှတ် ရောင်းသည့် ဂိတ်ပေါက်အနီးတွင် ချိတ်ဆွဲထားသော မီးရထားခ စာရင်း ဇယားကို ဖတ်ကြည့်သည်။

မြင်းခြံမီးရထားခထက် မန္တလေး မီးရထားခမှာ တစ်မူး၊ ခြောက်ပြားခဲ ပိုများသည်။ သို့ဖြစ်၍ မန္တလေးမြို့ကို မရောက်ဖူးသည်တစ်ကြောင်း၊ အမရပူရ နဂါးရုံတိုက်တွင် အသိဦးပဥ္စင်းများရှိသည်တစ်ကြောင်းတို့ကြောင့် မန္တလေး မီးရထားလက်မှတ် ဝယ်ယူလိုက်ပါသည်။

မန္တလေးထွက်မည့် အမြန်ရထားတွဲပေါ်သို့ တက်ထိုင်နေသည်။ မြန်မာ့ အလင်း သတင်းစာတစ်စောင်ကို ဝယ်ယူလိုက်သည်။ ငါးပြားပေးရသည်။ ကျွန်တော်စာဖတ်သည့် အလေ့အထရှိလာသည်မှာ မြန်မာ့အကျိုးဆောင်စာအုပ် က အစပျိုးခြင်းဖြစ်သည်။

စကားအလျဉ်းသင့်၍ ဖော်ပြလိုပါသည်။ ကျွန်တော့်အသက် ဆယ့်ငါးနှစ် အရွယ်တွင် ဆရာဘုန်းတော်ကြီးက ရေစကြိုမြို့ ဆင်တဲတားရပ်နေ ကုန်သည် ကြီး ဒေါ်အုန်းပွင့်ထံ ပို့ပေးပါသည်။ ဒေါ်အုန်းပွင့်သည် ဘုန်းတော်ကြီး၏ တုမအရင်းဖြစ်သည်။ ဒေါ်အုန်းပွင့်နှင့်ခင်ပွန်း ဦးဘိုးသစ် ကွယ်လွန်သွား၍ ဒေါ်အုန်းပွင့်ကို အထောက်အကူရရှိစေလိုသည်တစ်ကြောင်း၊ ကျွန်တော်လည်း အရောင်းအဝယ်ပညာ တတ်စေလိုသည် တစ်ကြောင်းတို့ကြောင့် ပို့ပေးခြင်း ဖြစ်ပါသည်။

ရေစကြိုမြို့သို့ သွားခါနီးတွင် ဘုန်းတော်ကြီးကို ရှိသေစွာ ဝပ်ချ ကန်တော့ရာ ဘုန်းတော်ကြီးက သွန်သင်ဆုံးမ ဩဝါဒပေးပါသည်။ ကြီးပွား ချမ်းသာရေး၏ အခြေခံ အကြောင်းတရားသည် ရိုးသားခြင်းနှင့် ကြိုးစားခြင်း တို့ဖြစ်ကြောင်း၊ သို့ရာတွင် အသိဉာဏ်ရှိဖို့လိုအပ်ကြောင်း၊ အသိဉာဏ်မရှိလျှင် တက်မ မပါသော လှေသင်္ဘောကဲ့သို့ လိုရာကို ရောက်နိုင်မည်မဟုတ်ကြောင်း



အသိပညာ ဗဟုသုတရရှိဖို့အတွက် စာဖတ်ရမည်ဖြစ်ကြောင်းတို့ကို ပြောဆို ကာ 'မြန်မာ့အကျိုးဆောင်' စာအုပ်ကို ပေးသနားပါသည်။

"ဤအဲဒီစာအုပ်ရေးသူ မောင်မြတ် ကွယ်လွန်တော့ သရဏဂုံတင်ရာ မှာ ဘုန်းတော်ကြီးတစ်ပါး စာတစ်အုပ်စီလှူဒါန်းလို့ ရလာတာ။ ငါ နှစ်ခါ သုံးခါဖတ်ပြီးပြီ။ ငါဟာ မောင်မြတ်ထက် ပိဋကတ်ကျမ်းဂန် တတ်ပါတယ်။ ဒါပေမယ့် မောင်မြတ်လို မရေးတတ်ဘူး။ မောင်မြတ်ဟာ လောကီလောကုတ္တရာ ဗဟုသုတ စုံလင်တယ်။ သူဟာ တိုင်းတစ်ပါးက လူမျိုးခြားတွေ ကြီးပွားတိုးတက် နေတာကို ကြည့်ပြီး မြန်မာအမျိုးသားတွေအတွက် အားမလိုအားမရ ဖြစ်နေ တယ်။ ဒါကြောင့် 'မြန်မာ့အကျိုးဆောင်'လို့ အမည်ပေးပြီး အမျိုးသားတွေ ကြီးပွား တိုးတက်စေလိုတဲ့ စိတ်ဆန္ဒနှင့် ရေးသားခြင်းဖြစ်တယ်။ အရေးအသား လည်း ကောင်းတယ်။ ဥပမာ ဥပမေယျ အကြောင်းပြချက်တွေကလည်း ခိုင်လုံတယ်။ မင့်ကို ကြီးပွားချမ်းသာစေချင်လို့ ပေးလိုက်တာ။ အချိန်အားလပ် တိုင်း ဖတ်ပါ"ဟု ဘုန်းတော်ကြီးက မိန့်မှာပါသည်။

ကျွန်တော်သည် အချိန်အားလပ်တိုင်း ၎င်းစာအုပ်ကို ဖတ်ပါသည်။ စာအုပ်မှာ လောကီကြီးပွားရေးအတွက် သမ္မာဒိတရားလေးပါးနှင့်အညီ မည်ကဲ့သို့ လုပ်ဆောင်ရမည်၊ ထိန်းသိမ်းရမည်၊ ချွေတာစုဆောင်းရမည်ကို ညွှန်ပြထား သကဲ့သို့ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သော အရက်၊ ဖဲ၊ မိန်းမ စသည်တို့ကို ရှောင်ကြဉ်ရန်နှင့် ပါပသဟာယဖြစ်သော မကောင်းတဲ့သူနှင့် ဆက်ဆံပေါင်း သင်းခြင်း မပြုလုပ်ရန်၊ အပါယမုခတရားလေးပါး၏ အကျိုးအပြစ်များကို အကိုးအကားနှင့် အကျယ်တဝင့် ရေးသားဖော်ပြထားသည်။

ဤစာအုပ်က ကျွန်တော့်ဘဝကို ထူထောင်ပေးသည်။ ကူညီ ပံ့ပိုးပေးသည် ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

မီးရထားသည် ခရီးသည်များနှင့် ပြည့်ကြပ်နေသည်။ မကြာမီ ဘူတာ ရုံမှ ထွက်လာပါသည်။ လမ်းဘေးဝဲယာရှိ စိမ်းလဲ့ရွှန်းမြနေသော စပါးခင်းများမှာ မျက်စိတဆုံး ကြည့်၍မဆုံးပါ။ မြန်မာလူမျိုးတို့၏ အခြေခံ စားသုံးသီးနှံမှာ ဆန်စပါးဖြစ်၍ ဆန်စပါးစိုက်ပျိုးခြင်းသည် အဓိကလုပ်ငန်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီက စပါး ကေဆယ့်နှစ်သန်းကျော် စိုက်ပျိုးသည်။ ပိုလျှံသည့် ဆန်စပါးများကို ပြည်ပနိုင်ငံများသို့ ရောင်းချရသည်မှာလည်း ဆန်တန်ချိန် သုံးသန်းကျော်အထိ ဖြစ်သည်ဟု သိရသည်။

ဝ ဝ ဝ

www.burmeseclassic.com

## နွားနို့သောက်ပြီး အသက်ပျောက်ခဲ့သူ

စပါးခင်းများကို ဖော့ရမ်းလာသော မိုးသက်နံ့ပါသော လေပြည်လေအေး
းကို နှစ်နှစ်ခြိုက်ခြိုက် ရှူရှိုက်လိုက်သည်။ ဇရပ်ထဲတွင် ရှူရှိုက်ခဲ့ရသော
သနှင့် ကွင်းပြင်မှလာသောလေကို ရှူရှိုက်ရသည်မှာ အရသာချင်း ကွာခြား
ပါသည်။ ကျေးလက်တောရွာနေ တောင်သူများ ဆီဥထောပတ် မစားရဘဲနှင့်
ယ်လက်ကြံ့ခိုင်ပြီး အသက်ရှည်ကြသည်မှာ လေကောင်းလေသန့် ရှူရှိုက်ရ၍
ပါလိမ့်မည်။

ကျွန်တော်သည် တစ်မျှော်တစ်ခေါ် မဆုံးနိုင်သော စိမ်းစိုရွှန်းမြနေ
သာ စပါးခင်းများကို ကြည့်၍ တွေးတောငေးမောနေပါသည်။ 'ကိုခင်မောင်
အ အတူပါလျှင် စကားတပြောပြောနှင့် မည်မျှ ပျော်ရွှင်ဖွယ်ရာ ကောင်းပါ
ည်နည်း'ဟု ကိုခင်မောင်ကို သတိရနေပါသည်။

ခရီးသည်များ ဆူညံစွာ စကားပြောနေကြသည်။ သူတို့ပြောနေကြသည်
ဂျာမနီဟစ်တလာနှင့် အီတလီ မူဆိုလိုနီတို့အကြောင်း ဖြစ်သည်။ ဒုတိယ
မ္ဘာစစ်ကြီးအတွက် ဟစ်တလာနှင့် မူဆိုလိုနီတို့သည် စစ်အင်အား တိုးချဲ့
ကြသည်။ လေယာဉ်ပျံတွေ၊ ရေငုတ်သင်္ဘောတွေ၊ အမြှောက်တွေ၊ တင့်ကားတွေ
ည်ဆောက်နေကြသည့်အကြောင်းကို လိုလိုလားလား အားရပါးရ ပြောဆို
ကြသည်။ အမှန်မှာ သူတို့သည် စစ်၏ ဆိုးရွားခါးသီးသော အနိဋ္ဌာရုံကို
တွေ့ဖူး၊ မကြုံဖူး၍သာလျှင် ဖြစ်လေသည်။

ညဉ့်နက်လာသည်နှင့်အမျှ စကားပြောသံများ တိတ်ဆိတ်ငြိမ်သက်
းသည်။ မီးရထား၏ 'တဂျုတ်ဂျုတ်' အသံကိုသာ ကြားရသည်။
န်တော်သည် ထိုင်ခုံတစ်ခုပေါ်တွင် ငိုက်မြည်းလျက်ရှိသည်။ လင်းကြက်

www.burmeseclassic.com

www.burmeseclassic.com



တွန်ချိန်တွင် မီးရထားသည် သာစည်ဘူတာသို့ ဝင်ရောက်လာသည်။ ခ
သည်များ မျက်နှာသစ်ကြသည်။ စားဖွယ်ရာများကို ဝယ်ယူ စားသောက်
သည်။ သာစည်ဘူတာသည် ရန်ကုန်–မန္တလေး ဘူတာကြီးများမှလွဲလျှ
အစည်ကားဆုံး၊ လမ်းခွဲအများဆုံးဘူတာ ဖြစ်သည်။

ကျွန်တော်သည် တစ်ကြိမ်က သာစည်ဘူတာတွင် ကော်ဖီရောင်းသေ
ကာကာကုလားကြီး၏ ကော်ဖီဖိုးကို မပေးလိုက်ရ၍ မရိုးမသား လှည့်စားခဲ့
သည်။ ဝမ်းရေးအတွက် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရရှာသော ကာကာကုလား
၏ ပုံရိပ်ကို ပြန်လည်မြင်ယောင်နေသည်။ တွေ့လျှင် ကော်ဖီဖိုး၊ ပန်းက
ပေးချင်နေပါသည်။ ပေးလည်း ပေးနိုင်သည်။ ပေးလည်း ပေးသင့်သည့်အတွ
ကုလားကြီးကို လိုက်လံရှာဖွေပါသော်လည်း မတွေ့ပါ။ သာစည်ဘူတာ
ထွက်လာပြီး မကြာမီ အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ ဘီးကုတ်သဏ္ဍာ
နေဝန်းတစ်ပိုင်းတစ်စ ထွက်ပြူလာသည်။ တဖြည်းဖြည်း နေဝန်းကြီး ဖြစ်လာ
သည်။

နေဝန်းကြီးသည် မိုးကုပ်စက်ဝိုင်းအထက်သို့ မြင့်တက်လာသည်။
မိုးခေါင်ရေရှားဒေသဖြစ်၍ အများအားဖြင့် စပါးစိုက်ပျိုးခြင်း မပြုလုပ်နိုင်
သေးပါ။ တချို့နေရာများတွင် စိုက်ပြီးစပါး ဝါဖန့်ဖန့် လယ်ကွက်များ
တွေ့ရသလို စိမ်းစိုရွှန်းမြသော ပျိုးခင်းကွက်လေးများကိုလည်း ကြိုးကြားကြိုးကြာ
တွေ့မြင်ရသည်။

နံနက် ရှစ်နာရီခန့်တွင် မီးရထားသည် မန္တလေးဘူတာကြီးသို့ ဆိုက်
ရောက်လာပါသည်။ ကြိုဆိုသူများ၊ ကူလီများ၊ မြင်းလှည်းသမားများ
ဘူတာရုံတစ်ခုလုံး ဆူညံနေသော်လည်း ကျွန်တော်သည် အတွေ့အကြုံရှိခဲ့
ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိဘဲ ဘူတာရုံအတွင်းမှ ထွက်လာခဲ့ပါသည်
ဟိုမေးသည်မေးဖြင့် အမရပူရမြို့ (သို့မဟုတ်) တောင်မြို့ နဂါးရုံတ
ခိုနန်းကျောင်းသို့ ရောက်ရှိလာပါသည်။ ကျွန်တော်လာ၍ ဦးဝါသဝ
ဦးအာစရတို့မှာ ဝမ်းသာနေကြပါသည်။ စိုတွင်းကျောင်းတွင် အတူနေ
ဖူးသည်။ ထိုစဉ်က ကျွန်တော်က ကျောင်းသားကြီး၊ သူတို့က ရဟန်းပျို
ဖြစ်သည်။

“အုံးဖေ ဘယ်ကလာသလဲ”ဟု ဦးဝါသဝက မေးသည်။



“တပည့်တော် ရန်ကုန်ကပြန်လာတာ။ အမှန်လျှောက်ထားရရင်တော့
ကျူပြန်ဖို့ပဲ။ ဒါပေမယ့် မန္တလေးမရောက်ဖူးတာလည်း တစ်ကြောင်း၊ ဒီမှာ
လုပ်ရရင်လည်း လုပ်မယ်ဆိုတဲ့သဘောနှင့် လာတာဘုရား”

“ဒီမှာတော့ ဆောင်းဒါးရက်ကန်ကျောင်းရှိတယ်။ ပြီးတော့ ရက်ကန်း
လုပ်လုပ်တဲ့အိမ်တွေက များတယ်။ ကျောင်းမှာစားပြီး နေ့ခင်းနေ့လယ်
လုပ်လိုက်ရှာပေါ့ကွာ”

ခိုနန်းကျောင်းတွင် စာသင်သား ရဟန်းပျို လေးပါးရှိသဖြင့် ဆွမ်းဟင်းလျာ
ါများ၍ ထမင်းဟင်း ဝယ်မစားရပါ။ သို့ရာတွင် ဟင်းချက်ဟင်းလျာများမှာ
ားကိုမခပ်ဘဲ ဝါးပြာကိုခပ်သဖြင့် စားရသည်မှာ လျှာမတွေ့ဘဲ ဖြစ်နေပါသည်။
၁၉၃၇ ခုနှစ်က ဖြစ်သည်။ ယခု ဝါးပြာ အသုံးပြုမပြု မသိပါ။) ကျွန်တော်
င့် သိကျွမ်းသော ဦးဝါသဝက ခိုနန်းကျောင်းအုပ်ဖြစ်၍ နေရထိုင်ရ
ားရသည်မှာ လွတ်လပ်မှုရှိသော်လည်း အလုပ်ရှာမရဘဲ ဖြစ်နေပါသည်။
ားအားရှိလျှင် ကျွန်တော်သည် နဂါးရုံဘုရားဝိုင်းအတွင်းရှိ ဇရပ်သို့သွားပါသည်။
င်းဇရပ်တွင် ဦးသုန္ဒရက ကျောင်းသားကျောင်းသူကလေးတွေကို စာသင်ပေး
ျက်ရှိပါသည်။

ဦးသုန္ဒရသည် စိုတွင်းကျောင်းဆရာတော်ထံ ပညာရင်နို့ သောက်စို့နေခဲ့
သည်။ ထိုအချိန်က ကျွန်တော်သည် အသက်ဆယ့်နှစ်နှစ်အရွယ် ဖြစ်သည်။
မေ၏ဖခင် ကျွန်တော်၏ဘ ဦးဘိုးမြင့် ကွယ်လွန်၍ ဘုန်းတော်ကြီးကိုယ်စား
နောင်းကုန်းရွာသို့ ရောက်ဖူးသည်။ ကျွန်တော်နှင့်လည်း ခင်မင်ရင်းနှီးသည်။
ျွန်တော်လာရောက်သည်ကို အစ တစ်ရက်နှစ်ရက်လောက်တွင် ဖော်ရွေမှု
သော်လည်း နောက်ရက်များ၌ ကျွန်တော် လာရောက်သည်ကို နှစ်ခြိုက်ခြင်း
ရှိတော့ပါ။ အကြောင်းမှာ အသက် ဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်အရွယ်
ကျောင်းသူကလေးများနှင့် ငြိစွန်းမည်ကို စိုးရိမ်ပူပန်ဟန် ရှိပါသည်။ ‘မခင်မြ’
ဆိုသူ ကျောင်းသူကလေးတစ်ဦးမှာ အတော်ပင် ချောမောလှပပါသည်။

ဦးသုန္ဒရ သဘောမကျမှန်းသိ၍ သူ၏ စာသင်ဇရပ်သို့ မသွားတော့ပါ။
ာက်နှစ်နှစ်ခန့်ကြာသောအခါ ရဟန်းဘွဲ့ ဦးသုန္ဒရ၊ လူအမည် ဦးသန်းထွန်း
သည် မခင်မြနှင့်အိမ်ထောင်ကျပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့
ွင် ဗိန္ဒောဆေးဆရာ လုပ်ငန်းလုပ်သည်ဟု ကြားသိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဝါသဝနှင့် ဦးအာစရတို့သည် ကျွန်တော့်ကို အမရပူရမြို့တစ်မြို့လုံး လိုက်လံပြသပါသည်။ ဦးပိန်တံတားကိုလည်း ရောက်ပါသည်။ ကျွန်းလုံးကြီးများကို ယက်မဖောက်ဘဲ တည်ဆောက်ထားသော တံတားဖြစ်ပါသည်။ 'တိုင်ပေါင်းတစ်ထောင်ကျော်နှင့် ရေပေါ်ကျော်လို့သွား ဦးပိန်တံတား'ဟုလည်း အဆိုရှိပါသည်။

ဥပုသ်နေ့တစ်နေ့တွင် စစ်ကိုင်းမြို့ မရောက်ဖူး၍ ဦးဝါသဝ၊ ဦးအာစရတို့နှင့်အတူ စစ်ကိုင်းမြို့သို့ ခြေကျင်လျှောက်လာခဲ့ကြပါသည်။ ကားလမ်းဘေးတွင် မြစ်ရေများဝင်နေသည်။ လူတချို့ ရေစပ်ထိုင်ပြီး ငါးမျှားနေကြသည်။ ယက်သဲ့ထိုးနေကြသည်။ ရေလယ်တွင် လှေကလေးများနှင့် ကွန်ပစ်နေကြသည်။ ဝမ်းရေးအတွက် ဥပုသ်နေ့ကိုပင် မရှောင်နိုင်ကြပါ။ စစ်ကိုင်းတံတားအနီး ရောက်လာကြပါသည်။

"အင်းဝမြို့က ဘယ်မှာလဲဘုရာ့"

"အဲဟိုဟာ အင်းဝမြို့ဟောင်းပဲကွ"ဟု ဦးဝါသဝက လက်ညှိုးညွှန်ပြသည်။

"အင်းဝမြို့နှင့် ပတ်သက်ပြီး ငါတို့ကျောင်းနေတုန်းက ဆရာဘုန်းတော်ကြီး ရွတ်ပြတဲ့ကဗျာကို မှတ်မိသေးလား"

"မှတ်မိတယ်ဘုရာ့"

"ငါမမှတ်မိလို့ ရွတ်ပြပါဦး"

"အကျယ်မဖွင့်ပြီးဘူး၊ လွယ်သလဝ်သိစေရန်
သတိုးမင်း၊ ကိုးအင်းရည်ရွယ်လို့ ပြည်တော်ကိုဘွဲ့ပုံသတယ်၊ အင်းနဝမှန်
ကာလညောင်းသော်ကြောင့် အပေါင်းလူထိုမျှငယ်တို့
င+န လောပ်ပြုပါလို့ အဝဟူ ခုခေါ်ပြန်
တွင်နာမံ ရပ်ဆိုင်း၊ ဖွံ့ဖြိုးငဲ့စည် သတိုးတည်ထောင်တဲ့
အောင်နေပြည် စံနဂရကိုကွယ်၊ ညွှန်းပြသမိုင်း"

"အုံးဖေ၊ မင်းက အမှတ်အသား ဉာဏ်ကောင်းတယ်"

"တပည့်တော် ဉာဏ်မကောင်းပါဘူး။ ဒါပေမယ့် စာတစ်ပိုဒ်ကျက်လို့ရရင် တော်တော်နှင့် မမေ့ဘူးဘုရာ့"

တံတားဂိတ်ဝသို့ ရောက်ရှိလာကြသည်။ ဂိတ်ကြေးတစ်ဦးလျှင် နှစ်ပြားပေးရသည်။ ဤမျှ ကြီးမားရှည်လျားသော တံတားမျိုးကို မတွေ့ဖူး မမြင်ဖူး



သဖြင့် အသေအချာ လေ့လာကြည့်ရှုကြပါသည်။ တံတားပေါ်မှ တိုင်ထိပ်ဆီသို့ ဆင်းကာ အပန်းဖြေနားနေကြသည်။ တိုင်လုံးထိပ်မှာ သုံးပင်အိမ်တစ်အိမ်လောက် ကျယ်ဝန်းပါသည်။ တိုင်သည် ရေစီးဘက်တွင် ဘဲဥလို ခပ်ရှူးရှူး ဖြစ်သည်။

စစ်ကိုင်းတောင်ရိုးကို ကြည့်လိုက်သောအခါ စိမ်းစိုသော သစ်ပင်များနှင့် ထိုးဖွေးဖွေး ဘုရားစေတီများကို တွေ့မြင်ရသည်။ ထိုအခိုက် အဝေးဆီမှ မီးရထားသံ ကြားရသည်။ အချိန်အတော်ကြာမှ မီးရထားသည် 'တဝေါဝေါ'နှင့် ကျွန်တော်တို့ ခေါင်းပေါ်မှ ခုတ်မောင်းသွားသည်။ 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်' ဆိုသလို ဧရာဝတီမြစ်ပြင်က ကျယ်ဝန်းလှသည်။ တောင်လေတိုက်ခတ်သည် အတွက် ဒေါ်မာန်ထနေသော ခေါင်းတဖွေးဖွေးနှင့် လှိုင်းလုံးကြီးများသည် တစ်လုံးနောက်တစ်လုံး အပြေးအလွှား လိုက်နေကြသည်။ အဝေးတစ်နေရာတွင် ငှက်သမ္ဗာန်ကလေးတစ်စင်းသည် ရွက်ဖွင့်၍ စစ်ကိုင်းဘက်ကမ်းသို့ ဦးတည်သွားနေသည်။ လှိုင်းလုံးကြီးများ၏ ကြားတွင် မြုပ်သွားလိုက်၊ ပေါ်လာလိုက် ဖြစ်နေသော ငှက်သမ္ဗာန်ကလေးကိုကြည့်၍ ရင်တဖိုဖို ဖြစ်ရှိနေကြသည်။

ကျွန်တော်တို့သည် ပတ်ဝန်းကျင်ကိုကြည့်ရင်း စကားပြောနေကြသည်။ ကျောင်းနေစဉ်က အကြောင်းများဖြစ်သည်။

"မင်းနှင့်တွဲပြီး စာသင်တဲ့ကိုရင် ကိုကောဝိဒ ရှိသေးလား"

"ရှိတယ်ဘုရာ့၊ မိန်းမတောင် ရနေပြီ"

"မင်းတို့ ဇနကဇာတ်သင်တုန်းက ဘုန်းတော်ကြီးမေးတာကို ငါအမှတ်ရနေတယ်။ မင်းလည်း အမှတ်ရသေးလား"ဟု ဦးဝါသဝက မေးသည်။

ကျွန်တော် ရုတ်တရက် မဖြေနိုင်ဘဲ ဖြစ်ရှိနေသည်။

"ဇနကမင်းသား သင်္ဘောပျက်လို့ လင်းယာဉ်တိုင်ထိပ်က ခုန်ချတော့ တစ်ဥသဘခ္ခ အကွာအဝေးကို ရောက်သွားတယ်လို့ ဆိုတာလေ"

"တပည့်တော် မှတ်မိပါပြီဘုရား"

"တစ်ဥသဘခ္ခဆိုတာ အတောင်ရေ ဘယ်လောက်လဲသို့ ဘုန်းတော်ကြီးက မင်းတို့ကိုမေးတယ်။ မင်းတို့မဖြေနိုင်ကြဘူး။ ဒါနှင့် ငါတို့ ဦးဇင်းတွေကို မေးပြန်တယ်။ ငါတို့လည်း မဖြေနိုင်ဘူး"

"ကိုကောဝိဒနှင့် အုံးဖေ မဖြေနိုင်တာကို မပြောလိုဘူး။ ရဟန်းဆယ်ဝါ၊ ဆယ့်ငါးဝါရတဲ့ ဦးပဉ္စင်းတွေ မဖြေနိုင်တာကတော့ လေ့လာ

www.burmeseclassic.com



ဟုသုတနည်းလို့ဆိုပြီး အပြစ်တင်တယ်ကွ။ နောက် ဘုန်းကြီးက တစ်ဥဿဘာ ခွဲရဲ့ အဓိပ္ပာယ်ကို ရှင်းပြတယ်။ သတ္တ၊ ဟဝွော၊ မတော ဒဋ္ဌေ၊ ဒဋ္ဌေ ဒိသတိ ဥဿဘော မြန်မာလို ခုနစ်တောင်ကို တစ်တာခေါ်တယ်။ အတာနှစ်ဆယ် ကို တစ်ဥဿဘလို့ခေါ်တယ်။ တစ်ဥဿဘခွဲဆိုတော့ အတောင်သုံးဆယ် မဟုတ်လား။ အတောင်သုံးဆယ်ကို ခုနစ်နှင့်မြှောက်ရင် တောင်ရေ နှစ်ရာ တစ်ဆယ်ပေါ့။ ဇနကမင်းသားဟာ အဲဒီလို ခုန်နိုင်လို့ ငါး၊ လိပ်၊ ငါးမန်း တွေရဲ့အန္တရာယ်က လွန်မြောက်သွားတာကွလို့ ဘုန်းတော်ကြီးက ရှင်းပြတယ်။ ငါတို့ဘုန်းတော်ကြီးဟာ လောကီလောကုတ္တရာပါ ဘက်စုံတော်တဲ့ ဆရာတော်ပဲ"

"တပည့်တော်လည်း စာသင်စာပြကောင်းတယ် သတင်းကြားလို့ ရွာကျောင်းကနေ စိုတွင်းကျောင်းရောက်လာတာ ဘုရား"ဟု ဦးအာစရက ပြောသည်။ ဦးအာစရသည် ငါးခုံရွာသားဖြစ်သည်။ မြန်မာဘုရင်လက်ထက် က ငါးခုံဆရာတော်သည် သာသနာပိုင်ဖြစ်၍ 'ငါးခုံရွာ'သည် နာမည်ကြီးသည်။

"တပည့်တော်တို့ သွားကြရအောင် နေတောင်စောင်းသွားပြီ"ဟု ကျွန် တော်က နှိုးဆော်လိုက်သည်။ စစ်ကိုင်းဘက်တွင် ဘုရားပုထိုး ဖူးမြော်စရာတွေ လေ့လာကြည့်ရှုစရာတွေ ရှိသေးသည် မဟုတ်ပါလား။

စစ်ကိုင်းဘက် တံတားဂိတ်သို့ရောက်သောအခါ ဂိတ်တွင် ပုလိပ်အရာရှိ တစ်ဦးနှင့် ပုလိပ်သုံးဦးတို့အပြင် လူတစ်ကျိပ် ကိုးယောက်ခန့် စုရုံးနေကြသည်။ သူတို့အနီးရောက်သောအခါ ပုလိပ်အရာရှိက မျက်နှာထားခပ်တင်းတင်းနှင့်-

"ကိုယ်တော်တို့ ဘယ်ကလာကြတာလဲ"

"ဟိုဘက်ထိပ်ကလာတာပဲ"ဟု ဦးဝါသဝက ပြောသည်။

"ဘယ်အချိန်ကလာတာပဲ ဘုရား"

"နေမွန်းတည့်လောက်ကပဲ"

"ဒီအချိန်ထိအောင် တံတားပေါ်မှာ ဘာလုပ်နေကြတာလဲ"

"တိုင်ထိပ်ပေါ်ဆင်းပြီး ပတ်ဝန်းကျင်ကိုကြည့်ရင်း စကားပြောနေကြ တာပဲ"

"အဲ့ပါရဲ့ဘုရား၊ တပည့်တော်တို့မှာ အလုပ်ကိုရှုပ်သွားတာပဲ။ ဘုန်းကြီး နှစ်ပါးနှင့် ဒကာတစ်ဦး၊ တံတားပေါ်မှာ ပျောက်သွားတယ်လို့ ဂိတ်က ကြောင်းကြားလို့ တပည့်တော်တို့ အလောင်းရှာဖို့ စီစဉ်နေတာဘုရား"



ပုလိပ်အရာရှိသည် ကျေနပ်ပုံမရ၊ ဌာနာကိုခေါ်ပြီး စစ်ဆေးမေးမြန်းလို ဟန်ရှိသည်။ သို့သော် သံဃာတော်များဖြစ်၍ လက်လျှော့သွားသည်။

ကျွန်တော်တို့သည် စစ်ကိုင်းတောင်ရိုးပေါ်တက်၍ ဘုရားပုထိုးများ ဖူးမြော်ကြသည်။ လေ့လာကြည့်ရှုကြသည်။ အချိန်မရှိ၍ ကောင်းမှုတော်ဘုရား သို့ မသွားနိုင်တော့ပေ။ ကျောင်းရောက်သောအခါ နေဝင် ဖျိုးဖျဖြစ်နေသည်။ ညစာအတွက် ချန်ထားခဲ့သော ဟင်းချက်များ ချဉ်သိုးသိုး နံ့စော်နေ၍ ဘူးသီးငါးပေါင်းကြော် ဝယ်ပြီး ထမင်းနှင့်စားလိုက်သည်။

တစ်နေ့တွင် ခိုနန်းကျောင်းသို့ ဧည့်သည်တစ်ဦး ရောက်ရှိလာသည်။ အမည်မှာ ရဟန်းဘွဲ့ 'ဦးသောမ' လူအမည် 'ဦးသောင်း'ဖြစ်သည်။ သူသည် မြိုင်မြို့နယ် ညောင်ပင်ရွာမှဖြစ်သည်။ မန္တလေးမြို့ တောင်သမန်တိုက်၊ 'ဒီဘိုးကျောင်း'တွင် စာလိုက်နေရင်း ရဟန်းဘဝ မပျော်ပိုက်၍ လူထွက်ခြင်း ဖြစ်သည်ဟု သိရသည်။ သူသည် စိုတွင်းကျောင်းတွင်နေဖူး၍ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသည်။ ကျွန်တော် တောင်မြို့ရောက်နေကြောင်း ကြားသိ၍ လာရောက်ခြင်းဖြစ်သည်။

ဦးသောင်းသည် ခိုနန်းကျောင်းတွင် တစ်ညအိပ်နေပါသည်။ ကျွန်တော့် ကို မန္တလေးလိုက်ခဲ့ရန်ခေါ်ပါသည်။ သူနေသောကျောင်းတွင် ဘုန်းကြီးသုံးပါး ရှိကြောင်း၊ ဆွမ်းဟင်းလျာပေါများ၍ သူတစ်ဦးတည်း စားမကုန်ကြောင်း၊ ပြီးတော့ မန္တလေးမြို့သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသော မြို့ကြီးဖြစ်၍ အလုပ်ရရှိနိုင်ကြောင်း၊ တစ်ဦးအလုပ်ရလျှင် တစ်ဦးကို ကူညီထောက်ပံ့နိုင် ကြောင်း ပြောပါသည်။

မှန်ပါသည်။ မန္တလေးမြို့သည် မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးမြို့ကြီး ဖြစ်၍ တောင်မြို့နှင့်စာလျှင် အလုပ်အကိုင်ရရှိနိုင်သော အခြေအနေရှိသည်။ သို့ဖြစ်၍ မန္တလေးမြို့သို့ အလုပ်ရှာရန် လိုက်ပါသွားလိုကြောင်း၊ ဘုန်းကြီးများ ကို အကျိုးအကြောင်း လျှောက်ထားသည်။ ဝပ်ချကန်တော့ခဲ့ပါသည်။

ဦးသောင်းနေသော 'ဒီဘိုးကျောင်း'သည် တောင်သမန်တိုက် အရှေ့ တောင်ထောင့်တွင် တည်ရှိသည်။ ကျောင်းတွင် ဦးပဥ္စင်းသုံးပါးရှိသည်။ မနက် ဦးလက္ခဏသည် ဝါတော်အကြီးဆုံး၊ သရက်မြို့သားကျောင်းအပ်ဖြစ်သည်။ ဦးတေဇဝန္တမှာ တောင်တွင်းကြီးဇာတိဖြစ်၏။ ဦးစန္ဒိမာသည် မပွေးရာမှဖြစ်သည်။ ငါးကိုယ်တော်သည် ဆွမ်းဟင်းလျာအများဆုံးရသည့်အပြင် သရက်သီး၊

www.burmeseclassic.com



ငှက်ပျောသီးနှင့် မုန့်များ သပိတ်ဖုံးပေါ်တွင် အမြဲတမ်းလိုလို ပါရှိသည်။ စားရေးနေရေးအတွက် မပူပင်ရပါ။ စားလို့လည်း ကောင်းပါသည်။ ဟင်းလျာများ ချက်ပြုတ်ရာတွင် တောင်မြို့လို မဟုတ်ဘဲ ဆားကိုအသုံးပြုခြင်းကြောင့် ဖြစ်ပါသည်။

ညစာအတွက် ထမင်းနှင့် အထားခံမည့် ဟင်းခွက်များကို ချန်ထားသည်။ ဟင်းချက်မရှိလျှင် ပဲခြမ်းကြော်နှစ်ပြားဖို့ဝယ်၍ ဆီဆမ်းစားသည်။ 'ဒိဘိုးကျောင်း' အရှေ့ဘက်တွင် ကားလမ်းရှိသည်။ ကားလမ်းအရှေ့ဘက်တွင် နေအိမ်များနှင့် ဈေးဆိုင်များရှိသဖြင့် စားဖွယ်ရာများနှင့် လူသုံးပစ္စည်းများ ဝယ်ယူရရှိသည်။

ညစာထမင်းစားပြီး ဘုန်းကြီးသုံးပါးကို သံပုရာရည်ကပ်လှူသည်။ ပိုက်ဆံတစ်ပြား၊ သံပုရာသီး နှစ်လုံးရသည်။ အရည်က ရွှန်းပါဘိ။ ပုသိမ်ကြီးနှင့် မတ္တရာနယ်ကထွက်သည်ဟု သိရသည်။ နေ့လယ်နေ့ခင်း အလုပ်ရှာထွက်ကြသည်။ ပန်းတိမ်ဖို၊ ဖိနပ်ခုံ၊ ကျောက်သွေးလုပ်ငန်းနှင့် ထမင်းဆိုင် ခေါက်ဆွဲဆိုင်များသို့ ရောက်သည်။ ကျွန်တော်တို့ကို ဘယ်မြို့ဘယ်ရွာက ဘယ်သူ့သားဟူ၍ မသိခြင်းကြောင့်လားမသိ အလုပ်မရပါ။ ထိုခေတ်က အမျိုးသားမှတ်ပုံတင်ကတ်ပြား မရှိသေးပါ။ အလုပ်ရှာရင်း ဘုရားဖူးရင်း မဟာမြတ်မုနိဘုရားနှင့် မန္တလေးတောင်တို့အပြင် တန်ခိုးကြီးဘုရားများကို သွားရောက်ဖူးမြော်ကြပါသည်။ ကျွန်တော် စိတ်အဝင်စားဆုံးမှာ နန်းတော်နှင့် မြို့ရိုးကြီးဖြစ်သည်။

နန်းတော်နှင့်မြို့ရိုးမှာ သာသနာသက္ကရာဇ် ၂၄၀၀ ပြည့်နှစ်တွင် တည်ဆောက်ခြင်းဖြစ်သည့်အတွက် မြို့ရိုးတစ်မျက်နှာလျှင် တာပေါင်း ခြောက်ရာရှိသည်။ လေးဘက်လေးမျက်နှာအတွက် တာပေါင်း နှစ်ထောင့်လေးရာရှိသည်ဟု သိရ၏။ နန်းတော်ကြီးမှာ ကြီးမားကျယ်ဝန်းပြီး အဆောင်များအခန်းများ ခြောက်များစွာ ဖွဲ့စည်းထားသည်။ နန်းဦးတွင် ရာဇပလ္လင်တစ်ခု တွေ့ရသည်။

ကျွန်တော်တို့လူမျိုးများသည် အစဉ်အလာအားဖြင့် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နှစ်ပေါင်း ထောင်ချီနေထိုင်ခဲ့ကြသော လူမျိုးဖြစ်သည်။ ၁၂၄၇ ခုနှစ်၊ သီပေါဘုရင်လက်ထက်တွင် ကြွက်ကိုကြောင်ချောင်းသလို အကွက်ကောင်းစောင့်မျှော်နေသော နယ်ချဲ့အင်္ဂလိပ်တို့သည် ဘုံဘေဘားမား သစ်ကိစ္စ ဆုံးဖြတ်ချက်ကို မကျေနပ်ဟု အကြောင်းပြကာ ရေတပ်အင်အားဖြင့် မန္တလေးမြို့သို့ ချီတက်လာခဲ့သည်။ နန်းတွင်းစည်းလုံးညီညွတ်မှု ပျက်ပြား



နေခြင်းကြောင့် သီပေါဘုရင် မိသားစုကို ကြက်ကလေး ငှက်ကလေးပမာ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။

ကျွန်တော်သည် မြို့ရိုးနှင့် နန်းတော်ကို ကြည့်ပြီး အင်္ဂလိပ်အစိုးရ၏ နိုင်ထက်စီးနင်း ပြုလုပ်ခြင်းကို စိတ်နာကျည်းနေမိပါသည်။ တစ်နေ့တွင် ကိုသောင်း နေမကောင်း၍ အိပ်ရာထဲ လဲပါတော့သည်။ ဆေးဆရာက 'ကိုယ်ရောင် ရင်ကြပ်ရောဂါ'ဟု ပြောပါသည်။

မျက်နှာမှအစ တစ်ကိုယ်လုံး ဖောရောင်နေပါသည်။ ဗိန္ဒောဆရာ၏ ဆေးများကိုလည်း တိုက်ကျွေးသည်။ ကောင်းသည်ဟု ပြောကြသော ဆေးမီးတိုများနှင့်လည်း ကုသပါသည်။ ထူးခြားမှုမရှိလှပါ။ ညောင်းကိုက်၍ အနှိပ်အနင်းခံချင်သည်။ 'ကိုယ်ရောင်သူဖြစ်၍ အနှိပ်အနင်း မခံသင့်'ဟု ဦးလက္ခဏာက တားမြစ်ပါသည်။

ကိုသောင်းစားချင်သည်များကို ဝယ်ကျွေးသည်။ ဆေးဖိုးဝါးခလည်း ကုန်ကျသဖြင့် ကျွန်တော့်မှာ ပခုက္ကူပြန်ဖို့အတွက်ပင် စရိတ်လိုနေသည်။ သို့သော် ကိုသောင်း၏ အခြေအနေက တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပါသည်။ ကိုသောင်းက အကူအညီတောင်းသည်။

"ဘာကူညီရမှာလဲ။ အားမနာနှင့် ပြောပါ"

"ဒီစာကလေးကိုဗျာ၊ အဖေတို့အမေတို့ဆီရောက်အောင် စာတိုက်ကတစ်ဆင့် ပို့ပေးစေချင်တယ်"

"ပို့ပေးမယ် ကိုသောင်း၊ ခင်ဗျားလည်း စိတ်အားမငယ်ပါနှင့်ဗျာ"ဟု အားပေးလိုက်ရသော်လည်း 'မျှော်လင့်ချက်မရှိတော့ဘူး'လို့ ထင်မြင်နေပါသည်။

"ကျွန်တော့်အခြေအနေ ကျွန်တော်သိပါတယ်ဗျာ။ ကျွန်တော့်ကို ကူညီစောင့်ရှောက်တဲ့အတွက် ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

ကိုသောင်းသည် သူပြောလိုသည်များကို အားတင်းပြီး ပြောပြနေရှာသည်။ သူ့မျက်အိမ်များမှာလည်း မျက်ရည်များ ဝေလျှံနေပါသည်။ ကျွန်တော်သည် ကိုသောင်းကို ကြည့်ပြီး မချိသလိုလို၊ ဝမ်းနည်းသလိုလို မှိုင်မှိုင်မှဲ့မှဲ့ ဖြစ်ရှိနေသည်။

"စာရွက်ထဲမှာ လိပ်စာပါတယ် ဖတ်ကြည့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းပြောသည်မှာ လိပ်စာကို အဖတ်ခိုင်းသည်။ စာကိုအဖတ်ခိုင်းသည်ဟု အဓိပ္ပာယ်ကွဲပြားမှုမရှိသဖြင့် စာရွက်ခေါက်ကလေးကိုဖြန့်၍ ဖတ်လိုက်ပါသည်။

*“အဖေနှင့်အမေခင်ဗျား၊*

*သားစာရေးလိုက်ပါသည်။ သားသည် ရဟန်းဘဝ မပျော်မွေ့သည်ကတစ်ကြောင်း ဆင်းရဲနွမ်းပါးသော မိဘများကို ချွေးနဲ့စာဖြင့် လုပ်ကိုင်ကျွေးမွေးလိုသော အကြောင်းများကြောင့် လူဝတ်လဲလိုက်ပါသည်။ သို့သော် လောကဓံတရားသည် သား၏ဆန္ဒကို လိုက်လျောခြင်း မရှိပါ။ အကြောင်းမှာ ဤစာရေးတဲ့အချိန်တွင် သားဟာ ရောဂါဝေဒနာနှင့် အိပ်ရာထဲ လဲနေပါသည်။ အသက်ရှင်ဖို့အတွက် တစ်စုံတစ်ရာ မျှော်လင့်ချက်မရှိတော့ပါ။ မမြဲသောတရားသဘောကို နှလုံးသွင်းပြီး ဖြေသိမ့်စေလိုပါသည်။*

*မောင်သောင်း”*

လိပ်စာမှာ ‘ပခုက္ကူဒိစကြိုတ်၊ မြိုင်မြို့၊ ညောင်ပင်ရွာ၊ ဦးလွှတ်ကိုပေး၏’ ဟူ၍ ဖြစ်သည်။

စာဖတ်ရင်း မျက်အိမ်မှမျက်ရည်ပူများ စီးဆင်းလာသည်။ ကိုသောင်း မမြင်စေလိုသဖြင့် တပိုတပါးသွားဟန်ပြု၍ ကျောင်းပေါ်မှဆင်းခဲ့ပါသည်။ အင်္ကျီလက်ဖြင့် မျက်နှာများကိုသုတ်ပြီး ကျောင်းပေါ်သို့ တက်ခဲ့သည်။

“ကျွန်တော် စာတိုက်သွားဦးမည်။ ကိစ္စရှိလျှင် ဦးစန္ဒိမာကို အကူအညီ တောင်းပါ။ ကျွန်တော် အမြန်ပြန်လာခဲ့မယ်”

ဦးစန္ဒိမာသည် ကိုသောင်းထက်ပင် အသက်ငယ်သည်။ ကူညီစောင့်ရှောက် လိုသော စိတ်ဆန္ဒလည်းရှိသည်။ စာတိုက်ရောက်သောအခါ အရေးကြီးသော စာဖြစ်၍ ရေစစ္စတြီပြုလုပ်လိုက်ပါသည်။ ထိုနေ့ညနေတွင် ကိုသောင်းက နွားနို့သောက်လိုသည်ပြော၍ ချိုင့်လုံးလေးကိုဆွဲကာ ကျောင်းပေါ်မှ ဆင်းလာခဲ့ပါသည်။

“အုံးဖေ ဘာဝယ်မလို့လဲ”

ကျောင်းရှေ့တွင် စင်္ကြံလျှောက်နေသော ဦးလက္ခဏက မေးပါသည်။

“ကိုသောင်း နွားနို့သောက်ချင်တယ်ပြောလို့ အဝယ်သွားမလို့ဘုရား”

“အေး၊ နွားနို့ထဲ သကြားမထည့်စေနှင့်နော်။ သကြားက ကိုယ်ကျောင်းကြပ်သူနှင့်မတဲ့ဘူး ပြောကြတယ်”

“တင်ပါ့ဘုရား”



ကျွန်တော်သည် လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

“ဟေ့ကာကာ၊ နွားနို့တစ်ခွက်” ဟုပြော၍ ချိုင့်လုံးအဖုံးပေါ်တွင် ပိုက်ဆံ တစ်ပဲ တင်ထားလိုက်ပါသည်။ စားပွဲပေါ်ရှိ သူရိယသတင်းစာကို ဖတ်နေမိပါသည်။ ချိုင့်လာယူသူကို သကြားမထည့်ရန် မပြောလိုက်မိပါ။ နွားနို့ပူပူသောက်စေလို၍ ချိုင့်ကိုဆွဲကာ ပြန်လာခဲ့ပါသည်။

ကိုသောင်းသည် ထူနိုင်ထနိုင်သောအင်အား မရှိတော့ပါ။ နွားနို့ကို ပန်းကန်ထဲထည့်၍ ဟင်းသောက်ဇွန်းနှင့်တစ်ဇွန်းချင်း တိုက်ရသည်။ ဆာလောင်၍လားမသိ နွားနို့တစ်ပဲဖိုး အကုန်ပင်။

“ကောင်းလိုက်တာဗျာ။ ဆိမ့်လည်းဆိမ့် ချိုလည်းချို” ဟု ကိုသောင်းက ပြောသည်။

ချိုသည်ပြော၍ သတိရပြီး ချိုင့်အောက်ခြေကို ကြည့်လိုက်သည်။

သကြားများ သတ္တုချိုင့်ကပ်နေသည်ကို တွေ့ရသည်။ ကျွန်တော်၏ ပေါ့လျော့သော အမှားပင်ဖြစ်သည်။ အပြစ်တင်မှာစိုးရိမ်၍ ထိုအကြောင်းကို အတူနေဘုန်းကြီးများကို မပြောခဲ့။

ထိုနေ့ညက မိုးရွာသည်။ အချိန်လည်းကြာသည်။ မိုးလည်း သည်းသည်။ ညဆယ်နာရီအချိန်ခန့်တွင် ကိုသောင်း၏ ရောဂါအခြေအနေသည် ပို၍ဆိုးဝါးလာသည်။ တစ်ညလုံး လူနာကို စောင့်ရှောက်နေရ၍ မအိပ်ရပါ။

ဘုန်းကြီးများက ‘အလှည့်ကျစောင့်မည်အိပ်ပါ’ ဟု ပြောသဖြင့် အိပ်ချလိုက်ပါသည်။ ကျွန်တော်နိုးသောအခါ ကိုသောင်းသည် အသက် ဖိုလှိုက်ဖိုလှိုက် ဖြစ်နေပါသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## ကြောမင်းနှင့် ဘိုးဘိုးအောင်

နံနက်မိုးလင်းသောအခါ ကိုသောင်း၏ရောဂါမှာ မျှော်လင့်ဖွယ်ရာ ရှိတော့ပါ။ ဘဝအဆုံးသတ်ဖို့အချိန်ပိုင်းပဲ လိုပါတော့သည်။ သို့ဖြစ်၍ ဦးလက္ခဏသည် လူနာအခြေအနေကို စိုးရိမ်၍ ဆွမ်းခံမထွက်ဘဲ ကျွန်တော်နှင့်အတူ လူနာအနီးမှာ ထိုင်နေကြပါသည်။ ကျွန်တော်က ယပ်ခတ်၊ ယင်ခြောက်သည်။ ဂွမ်းပေါက်ကလေးနှင့် ရေချပေးသည်။ ရေမသိမ်းတော့ပါ။

ဦးလက္ခဏသည် မိမိပြုလုပ်ခဲ့ဖူးသော ကုသိုလ်ဒါနများကို နှလုံးသွင်းရန် ဟောပြောပါသည်။ နံနက်ကိုးနာရီအချိန်ခန့်တွင် ကိုသောင်းဆုံးသွားပါသည်။ အလောင်းကို ပြုပြင်၍ လုံချည်အင်္ကျီများ လွှမ်းခြုံထားပါသည်။

"အုံးဖေ အသုဘကိစ္စ ဘယ်လိုလုပ်မလဲ" ဟု ဦးလက္ခဏက မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောင်မြို့အသိ ဘုန်းကြီးတွေကို အကြောင်းကြားပြီး အကူအညီ တောင်းမယ်။ ပြီးတော့ ကျောင်းအနီးကအိမ်တွေ၊ ဈေးဆိုင်တွေကိုလည်း အာဂန္တုဧည့်သည်တစ်ဦးဆုံးလို့ ကူညီပံ့ပိုးကြဖို့ လိုက်လံ နှိုးဆော်မယ်ဘုရား"

"မင့်အကြံကောင်းတယ်။ ငါလည်း နီးစပ်တဲ့ ကိုယ်တော်တွေဆီက ရသရွေ့ အလှူခံပေးမယ်"

ကျွန်တော်သည် ကျောင်းအနီးရှိ ဈေးဆိုင်မှ လူငယ်တစ်ဦးကို အကူအညီ တောင်း၍ တောင်မြို့ ဦးဝါသဝထံ စာပေးပို့လိုက်ပါသည်။ ကျွန်တော့်လက်ထဲတွင် ငွေသုံးကျပ်ကျော်ပဲ ရှိပါတော့သည်။ အသုဘကိစ္စ၊ ဆွမ်းသွတ်ကိစ္စအတွက် ကုန်ကျမည့် ခန့်မှန်းငွေမှာ နှစ်ဆယ်ခန့်ဖြစ်ပါသည်။ ကျောင်းအနီးရှိ အိမ်များ ဈေးဆိုင်များကို အကျိုးအကြောင်း လိုက်လံပြောပြပါသည်။

မြန်မာလူမျိုးတို့သည် ဒုက္ခရောက်သူကို ကြင်နာသနားတတ်သည်။ ကူညီရိုင်းပင်းတတ်သည်။ ငွေကြေးများလည်း ကူညီကြသည်။ ကြေးကွမ်းအစ် ကြီးများနှင့် လက်ဖက်ကြုတ်များ၊ ဆေးလိပ်များ လာရောက်ပေးပို့ကြသည်။ ဆေးလိပ်များမှာ ကွမ်းသီးဖက်ဆေးလိပ်ကြီးများဖြစ်သည်။ ယခုခေတ် သနပ်ဖက် ဆေးလိပ်များလို ထိပ်ကို ကြာဖူးမထိုးဘဲ ဖက်ကြိုးနှင့် စည်းနှောင်ကြပါသည်။

ကျွန်တော်သည် ကျောင်းနေဖက် ဦးစန္ဒာဝရထံသို့ သွားပါသည်။ ကိစ္စမှာ ကော်ဇောနှင့် သက်န်းကြီးကိုငှားယူပြီး ပေါင်နှံလို၍ ဖြစ်ပါသည်။ ဦးစန္ဒာဝရသည် ခင်မကန်ကျောင်းတိုက်၌ စာလိုက်နေပါသည်။ ခင်မကန်တိုက် သည် တောင်သမန်တိုက်နှင့် စကူ တိုက်ပဲခြားပါသည်။

"အုံးဖေ၊ ဘယ်ကလာသလဲ"

"တပည့်တော် ဦးပဥ္စင်းဆီ လာတာဘုရား"

"ဘာကိစ္စလဲ"

"ကိုသောင်းဆုံးလို့ သင်္ဂြိုဟ်ရန် ဦးပဥ္စင်းမှ ကော်ဇောနှင့်သင်္ကန်း ခေတ္တငှားပြီး ပေါင်ချင်လို့ပါဘုရား"

"ဟုတ်မှလုပ်ပါ အုံးဖေရာ။ ငါတို့မှာ ဝါတွင်းမိုးတွေစွေနေရင် အဲဒီ ကော်ဇော၊ သင်္ကန်းကိုပဲ ပေါင်ပြီး ဆွမ်းစားရတာကွ"

"စိတ်ချပါဘုရား၊ အပေါင်လက်မှတ်ကို ဦးပဥ္စင်းဆီ ထားခဲ့မှာပါ ပခုက္ကူပြန်ရောက်တော့ အတိုးအရင်းအပြင် ဦးပဥ္စင်းအတွက်ပါ ငွေပို့ ပို့လိုက်ပါ့မယ်"ဟု မက်လုံးလေးပေးပြီး သျှောက်လိုက်သည်။



ဤတွင် ဦးစန္ဒာဝရသည် ယွန်းဖောင်းသံသေတ္တာထဲမှ ကော်ဇောနှင့် သင်္ကန်းယူလာပြီး ကျွန်တော့်ကို ပေးပါသည်။

ကျွန်တော်သည် ဈေးချိုသွား၍ တရုတ်အပေါင်ဆိုင်တွင် ငွေခြောက် ကျပ်နှင့် ပေါင်လိုက်ပါသည်။ ဦးသောင်းဆုံးပြီဖြစ်ကြောင်း၊ အမြန်လာရောက် ရန် မြင်းမြို့နယ် ညောင်ပင်ရွာ ဦးလွတ်ထံသို့ ကြေးနန်းရိုက်လိုက်ပါသည်။ ကြေးနန်းခငွေသုံးကျပ်မတ်တင်း ကုန်ပါသည်။

(ကျွန်တော် ထနောင်းကုန်းရွာရောက်မှ ကိုသောင်းမွေးချင်းများ 'ဒီဘိုးကျောင်း'သို့ ရောက်လာကြပါသည်။ ဦးပဥ္စင်းများက ကျွန်တော် သင်္ဂြိုဟ် သွားကြောင်း ပြောကြသဖြင့် ၎င်းတို့ ပခုက္ကူရောက်သောအခါ ဦးဘသိန်း၊ ဒေါ်ပေါသယ်တို့အိမ်သို့ လာရောက်၍ ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း ပြောကြားသွားသည်ဟု သိရပါသည်။)

အသုဘကိစ္စများကို ကျောင်းအနီးရှိ လူများက ကူညီရိုင်းပင်း ဝိုင်းဝန်း လုပ်ကိုင်ပေးကြပါသည်။ သူကြီးထံ သေစာရင်းတိုင်ကြားရသည်။ ကျင်းတူးခ သုံးကျပ်၊ အလောင်းတင်ရထားခ ခြောက်ကျပ်ပေးရသည်။ ကိုသောင်းအလောင်း မြေကြီးထဲရောက်ဖို့အတွက် ကျွန်တော့်မှာ စိတ်မောကိုယ်မော ဖြစ်နေပါသည်။ 'ကိုသောင်းသည် တောင်မြို့မှ ကျွန်တော့်ကိုခေါ်ယူလာခဲ့သည်မှာ သူ၏ အသုဘကိစ္စအတွက် လုပ်ကိုင်ဆောင်ရွက်ရန် ခေါ်လာလေသလား'ဟုပင် စိတ်ထဲ တွေးမိပါသေးသည်။

ထိုနေ့ညနေတွင် ဦးဝါသဝနှင့် ဦးအာစရတို့ နှစ်ပါး ရောက်ရှိလာ၍ ဝမ်းသာသွားသည်။ ဦးသုန္ဒရသည် ကျောင်းသားကျောင်းသူကလေးများ စာသင် ပျက်မည်စိုး၍ မလိုက်ပါလာတော့ဘဲ ငွေတစ်ကျပ် ပေးလိုက်ပါသည်။ အတူနေ ဘုန်းကြီးများနှင့် မကင်းရာမကင်းကြောင်း ဦးပဥ္စင်းများမှလည်း ငွေများ ပံ့ပိုးကူညီကြသဖြင့် ကော်ဇောသင်္ကန်း ပေါင်ရသည့်ငွေနှင့်ပေါင်းလိုက်သော် ငွေနှစ်ဆယ်ကျော် ရပါသည်။

နောက်နေ့နံနက်တွင် ကျောင်းရှိ ဘုန်းကြီးများနှင့် အာဂန္တု ဘုန်းကြီး များအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများကို အနီးရှိအိမ်များ ဈေးဆိုင်များက ပို့ပေးကြပါသည်။ နေ့လယ် တစ်နာရီအချိန်တွင် အသုဘချပါသည်။ ခေါင်းတင် မည့် ရထားမှာ မှန်များကာရံထားသော ကနုတ်ပန်းများနှင့် ရထားလုံးဖြစ် သည်။ ပို့ဆောင်သူများမှာ ဦးပဥ္စင်းငါးပါးနှင့် ကျွန်တော်ပါ လူသုံးဦးခဲ

www.burmeseclassic.com



ရှိသည်။ အချိန်စောရ၍ တော်သေးသည်။ သုသာန်ရောက်သောအခါ မျက်နှာကြီး အသုဘအတွက် ဘီလပ်ရေပုလင်းများ၊ စပါးခွံများ ဖုံးထားသော ရေခဲတုံး များမှာ တစ်ပုံတစ်ပင်ပင် တွေ့မြင်ရသည်။

ထိုခေတ်က ဘီလပ်ရေပုလင်းများမှာ ထူထဲပြီး လည်စိတွင် အခွက်နှစ်ခု ပါသည်။ အခွက်တွင် ဖန်လုံးကလေးနှင့် ပိတ်ဆို့ထားသည်။ သောက်လိုပါက ဖန်လုံးကလေးကို လက်နှင့် နှိပ်ချလိုက်ရသည်။

သုဘရာဇာများက မြင်းလှည်းပေါ်မှ ခေါင်းချခ ငါးကျပ်တောင်းသည်။

"များတယ်ကွာ မပေးနိုင်။ တို့ဟာတို့ ထမ်းချမယ်"ဟုပြောကာ ဦးပဥ္စင်းများနှင့် ကျွန်တော်တို့ ထမ်း၍ မြေကျင်းထဲသို့ ချထားလိုက်ပါသည်။ မြေစိုင်ခဲ အနည်းငယ်ကို စတီအဖြစ် မြေကျင်းထဲထည့်၍ ထွက်လာခဲ့ကြသည်။ ကျွန်တော်တို့၏လုပ်ရပ်ကို သုဘရာဇာများ ကျေနပ်မှုရှိဟန် မတူပေ။ ပွစိပွစိ ပြောနေကြသည်။

ငါးရက်နှင့် ရက်လည်ဆွမ်းသွပ်လိုက်ကြသည်။ ထမင်းဆိုင်သွား၍ ဘုန်းကြီးတစ်ပါးစာ ဆွမ်းဟင်းလျာများကို သပိတ်နှင့် ထည့်ယူခဲ့သည်။ တောင်သမန်ကျောင်းတိုက် တိုက်အုပ် ဆရာတော်ကြီးကိုပင့်၍ ဆွမ်းတရားနာ သည်။ ဆွမ်းတရားမနာမီ အဒေါ်ကြီးတစ်ဦးက 'သေသူကို တရားနာရန် ခေါ်ပါ'ဟုပြောသဖြင့် ကျွန်တော်သည် ကျောင်းအောက်သို့ဆင်းကာ 'ကိုသောင်း ရေ တရားနာရအောင် လာလာ'ဟု အသံတိုးတိုးဖြင့် ခေါ်လိုက်ပါသည်။

သေတုန်းက မျက်ရည်မထွက်သော်လည်း ယခုလို ခေါ်လိုက်ရသောအခါ ဝမ်းနည်းပြီး မျက်ရည်ပူများ ပါးပြင်ပေါ်သို့ စီးကျလာပါသည်။ ကျွန်တော့်ဘဝတွင် ကနဦး ရေစက်ခွက်ကိုင်ခဲ့ဖူးခြင်းဖြစ်သည်။ ရေစက်ချပြီး–

"ကိုသောင်းရေ အမျှ အမျှ အမျှ"ဟု အမျှဝေသောအသံမှာ ဆို့နစ်နေ သဖြင့် ကြည်ကြည်လင်လင် မရှိပါ။ ထိုနေ့ညနေတွင် ဦးစန္ဒာဝရထံ သွားရောက်၍ အပေါင်လက်မှတ် ဆက်ကပ်ပါသည်။ ပခုက္ကူပြန်မည်ဖြစ်ကြောင်း လျှောက်၍ ဝပ်ချကန်တော့သောအခါ 'ပခုက္ကူရောက်ရင် ငွေအမြန်ပို့ပေးနော်'ဟု သတိပေး ပါသည်။

'တင်ပါ့ဘုရား'ဟု ဝန်ခံလိုက်ရသော်လည်း ငင်းငွေအတွက် ထုခွဲရေး ဖဲ့စရာ ညည်းဟု၍ ပိုးလုံချည်တစ်ပတ်နွမ်းနှစ်ထည်ပဲ ရှိသည်။ စဉ်းစားကြည့်သော အတိုးအရင်းနှင့် ငွေပို့ခ ခုနစ်ကျပ်လောက် ကုန်ကျမည်ဖြစ်သည်။



"ဒီငွေရအောင် ဘယ်လိုလုပ်ရမလဲ"ဟု စိတ်ထဲ ပူပန်သွားသည်။

"နောင်ခါလာ နောင်ခါချေ။ ဖြစ်သလိုလုပ်မည်"ဟု ဆုံးဖြတ်လိုက်သည်။

ဦးစန္ဒာဝရသည် ပခုက္ကူမြို့နယ် ကွမ်းရွာသူကြီးပိုင်ဥယျာဉ်စုရွာမှ ဖြစ် သည်။ အသားညိုညို ပိန်ပါးပါးနှင့် အရပ်ရှည်သည်။ လည်ပင်းတွင် ခေါက်ပါသည်။ အချက်အပြုတ်ကောင်းသကဲ့သို့ သဘောလည်း ကောင်းသည်။ အားနာတတ်သည်။ အားနာတတ်ခြင်းကြောင့် ကျွန်တော့်လို လူပေလူတေ အခြေအနေမဲ့တစ်ဦးအား ကော်ဇောနှင့် သကာန်း ငှားရမ်းလိုက်ခြင်း မဟုတ်ပါ လား။

ညစာထမင်းစားပြီး အတူနေဘုန်းကြီးများကို ဝပ်ချကန်တော့၍ သင်္ဘောဆိပ်သို့ ဆင်းလာခဲ့ပါသည်။ ဆိပ်ကမ်းတွင် သင်္ဘောများ ပြည့်ကြပ် နေပါသည်။ မန္တလေးမှ ဗန်းမော်သို့ နေ့စဉ်ထွက်သော သင်္ဘောရှိသည်။ မန္တလေးမှ ဟုမ္မလင်းထွက်သော ချင်းတွင်းသင်္ဘောရှိသည်။ မန္တလေးမှ ရန်ကုန်ထွက်သော စာပို့သင်္ဘောကြီးများနှင့် ပြည်မြို့သို့ နေ့စဉ်ထွက်သော ကုန်တင်သင်္ဘောများ ရှိသည်။ မေးမြန်း၍ ပြည်ထွက်မည့် သင်္ဘောပေါ်သို့ တက်ခဲ့သည်။ ထမင်းဆိုင်မှ သင်ဖြူးငယ်ကလေးတစ်ချပ် ငှားရမ်း၍ သင်္ဘောလက်ရမ်းအနီး၌ ခင်းလိုက်သည်။

မြစ်ပြင်ပေါ်မှ ပြေးလွှားလာသော လေကောင်းလေသန့်များကို ရှူရှိုက်ရသဖြင့် လူမှာ လန်းဆန်းလာသည်။ ကျွန်တော်သည် ဆိုးဝါးသော အဖြစ်အပျက်များနှင့် အတွေ့အကြုံများကို ပြန်လည်စဉ်းစားကြည့်မိသည်။

လူ့လောက၌ ကြီးပွားချမ်းသာဖို့၊ ထင်ပေါ်ကျော်ကြားဖို့ဆိုသည်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။ ရန်ကုန်မြို့သို့ အလုပ်ရှာထွက်ခဲ့သည်မှာ နှစ်ခေါက်နှစ်ခါ ရှိပြီ။ အောင်မြင်မှုမရဘဲ ဆင်းရဲဒုက္ခနှင့်သာ တွေ့ကြုံ ရင်ဆိုင်ခဲ့ရသဖြင့် စိတ်အားငယ်သလို ဖြစ်နေပါသည်။

လောကဓံတရားသည် အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ရှိသည်။ လူ့ဘဝ သည်လည်း အနိမ့်အမြင့် အတက်အဆင်း ခေါက်ရှာငှက်ကဲ့သို့ ဖြစ်သည်။ နိမ့်ကျသည့်အခါ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရသည့်အခါ စိတ်ဓာတ်ကြံ့ခိုင်ဖို့နှင့် နှလုံးလဝီရိယရှိဖို့ လိုသည်။

သမုဒ္ဒရာ၌ သင်္ဘောပျက်၍ သင်္ဘောသားခုနစ်ရာလုံး သေဆုံးကုန် သော်လည်း ဇနကမင်းသားသည် အခြားသင်္ဘောသားများလို နတ်သိကြား

www.burmeseclassic.com



အားမကိုးဘဲ သူသည် သူ့အားသူကိုး၍ ဖွဲလုံ့လ ဝီရိယနှင့် ခုနစ်ရက်တိုင်တိုင် ကူးခတ်ခဲ့သည်။ နောက်ဆုံးတွင် မဏိမေခလာ နတ်သမီးနှင့်တွေ့ပြီး ရှင်ဘုရင်ဖြစ်ရသည် မဟုတ်ပါလား။

ကျွန်တော်တို့ ဇနကဇာတ် သင်ခဲ့စဉ်အခါက ဆရာဘုန်းတော်ကြီးပြောပြသည်ကို ပြန်လည်သတိရကာ အားမာန်တက်ကြွလာသည်။

နံနက်မိုးလင်းသောအခါ သင်္ဘောထွက်ပါသည်။ သင်္ဘောပေါ်တွင် ခရီးသည်များ အပြည့်ဖြစ်သည်။ သို့သော် ခရီးတိုစီးသူများသည်၊ ကျောက်တစ်လုံး၊ မြောကြီး၊ နဂါးပေါက်၊ ဆီမီးခုံ၊ မြေတော် ဆင်းမည့်သူများ ဖြစ်ကြသည်။ ကူးတို့သင်္ဘောဆိုသော်လည်း ကြီးမားသည်၊ ကျယ်ဝန်းသည်။ အထက်ထပ် ဦးပိုင်းပဲ့ပိုင်းတို့တွင် အထူးခန်းများ ပါရှိသည်။ သင်္ဘောဘေးတစ်ဖက်တွင် ထမင်းဆိုင်ရှိသည်။ အခြားတစ်ဖက်တွင် လက်မှတ်ရောင်းသော စာရေးများနေထိုင်သောအခန်း ရှိသည်။ အလယ်တွင် ကုန်ဘတ်စီးခရီးသည်များ နေကြအိပ်ကြသည်။ အဝေးစီးခရီးသည်များ ချက်ပြုတ်ရန်အတွက် မီးဖိုများ၊ ရေချိုးခန်းများ၊ ရေတိုင်ကီများ ပါရှိကြသည်။

သင်္ဘောမှာ ဘေးနှစ်ဖက်တွင် ပျဉ်ချပ်ကြီးများကို ရေရဟတ်လုပ်၍ ခုတ်မောင်းသည်။ လောင်စာမှာ ထင်းဖြစ်သည်။ မြင်းမူဆိပ်ကမ်း ဆိုက်ကပ်သောအခါ ဆိပ်ကမ်းတစ်ခုလုံး ဆူညံနေသည်။ ဈေးသည်များ၏ 'ထမင်းရမယ် ဟင်းရမယ်။ ကြက်ပေါင်ကြော်၊ ငါးကြော်၊ ပုစွန်ထုပ်ကြော်၊ ငါးပေါင်းကြော် သီးမွှေးငှက်ပျောသီး များရမယ်"ဟု ဟစ်အော်ကြသောအသံများ ဖြစ်သည်။ ခရီးသည်များသည် သင်္ဘောပေါ်မှ အပြေးအလွှား ဆင်း၍ ဝယ်ယူကြသည်။ မြင်းမူဆိပ်ကမ်းသည် စားဖွယ်ရာ ပေါများသည်။ ဧရာဝတီမြစ်နှင့် မူးမြစ်တို့၏ ငါးပုစွန်များ ရရှိသည်ဟု သိရသည်။ ငါးပေါင်းကြော်တစ်ခု တစ်ပြားပေးရသည်။ ငါးလုံးငါးလဲလေးများကို ဆန်မှုန့်နှင့်တွဲ၍ ကြော်ထားခြင်းဖြစ်သည်။ တချို့ ခရီးသည်များသည် ထမင်းနှင့် ငါးပေါင်းကြော်ဝယ်၍ ကိစ္စပြီးကြသည်။

ကျွန်တော်သည် ထမင်းဆိုင်ရှင်ကို အားနာ၍ ထမင်းဆိုင်၌ စားပါသည်။ အားနာသည်မှာ သူ့ဆိုင်မှသင်ဖျာကို ငှားယူ၍ သူ့ဆိုင်အနီးတွင်ရှိနေခြင်းကြောင့် ဖြစ်သည်။ ဆိုင်ရှင်သည် နှုတ်ပေါ်၍ မျက်ခုံးမျက်လုံးကောင်းသဖြင့် ကုလားကပြားဟု ထင်ရသည်။ ကြက်သားဟင်းမှာ ဟာလာဖြစ်၍လားမသိ၊ မဆလာနံ့တသင်းသင်းနှင့် စားလို့ကောင်းသည့်အပြင် ဘူးသီးဟင်းအညှော်ကျဲနှင့် လိုက်ဖက်လှသည်။ ယနေ့အထိ အမှတ်ရလျက် ရှိသည်။



သင်္ဘောသည် ဆိပ်ကမ်းမှ ခွာလာသည်။ ရေလယ်ရောက်သော် စစ်ကိုင်းကောင်းမှုတော်ဘုရားကို ဘွှေ့မြင်ရ၍ ဖူးမြော်ကြသည်။ ကောင်းမှုတော်ဘုရားသည် မြန်မာနိုင်ငံတွင် ထူးခြားသော ပုံသဏ္ဌာန်တစ်မျိုးဖြစ်သည်။ ဆိုနေ့ညသင်္ဘောသည် မြစ်ရေကြီး၍ မြင်းခြံဆိပ်ကမ်း၌ အိပ်ပါသည်။ ခရီးသည်များသည် ဆိပ်ကမ်းအနီးရှိ ၅၅စက်ကျိပ်ရှစ်ဆူ ဘုရားကို သွားရောက်ဖူးမြော်ကြသည်။ ကျွန်တော်လည်း လိုက်ပါသွားသည်။

(ထိုအချိန်က ကျွန်တော်သည် ဘာသာကို စွဲမြဲစွာ ယုံကြည်ကိုးကွယ်နေသူဖြစ်သည်။ အသက် လေးဆယ်ငါးရွယ်ခန့်တွင် ဟိုစာဖတ် သည်စာဖတ်ဖြင့် ကျွန်တော်၏ အတွေးအခေါ်များသည် တစ်ဖက်စွန်းသို့ ရောက်သွားလေသလား မသိ။ မည်သည့်ဘာသာကိုမျှ ယုံကြည်ကိုးကွယ်ခြင်း မရှိတော့ပါ။ အမှန်ကို ပြောရသော် ဘာသာမဲ့ဖြစ်သွားပါသည်။ ထို့အပြင် ရက်ရာဇာ၊ ပြဿဒါး၊ ဂါးလှည့် စသော လွှဲမှားသော အစွဲအလမ်းများလည်း ပပျောက်သွားပါသည်။ သို့ရာတွင် ဗုဒ္ဓ၏ ဆိုဆုံးမမှုကို လိုက်နာသည်။ ကျင့်သုံးသည်။)

နောက်တစ်နေ့ ရှစ်နာရီအချိန် ပခုက္ကူဆိပ်ကမ်းသို့ ရောက်ရှိပါသည်။ သင်္ဘောပေါ်မှဆင်းလာပြီး ဈေးအတွင်းရှိ ဒေါ်ဖွားရှုံ၏ သက်န်းပရိက္ခရာဆိုင်သို့ သွားရောက်၍ ငါးကြင်းသား ငါးဆယ်သားဝယ်ပေးပါရန် ပြောပြရသည်။ ဒေါ်ဖွားရှုံသည် စိုတွင်းကျောင်းဒကာ ဦးဘိုးလှ၊ ဒေါ်မြသီးတို့၏သမီးဖြစ်သည်။ ရုပ်ချော၍ သဘောကောင်းသော်လည်း အိမ်ထောင်ရေး အဆင်မပြေပါ။ သူ၏ခင်ပွန်းမှာ ဝစ္စလီယန်ကျောင်းအုပ်ကြီး 'ဦးကျော်'ဖြစ်သည်။ ပညာမာန၊ ဒေသည်းမာနတို့ကြောင့် အိမ်ထောင်ပြိုကွဲခြင်းဖြစ်သည်။ နှစ်ဦးစလုံးပင် ဘဝဆုံးသည်အထိ အိမ်ထောင်သစ်မထူထောင်ကြပါ။ ဒေါ်ဖွားရှုံနှင့် ကျွန်တော် ရင်းနှီးသည်။

ကျွန်တော်သည် အင်ဖက်နှင့် ထုပ်ထားသော အထုပ်ကလေးကို လက်ကဆွဲ၍ လွယ်အိတ်ကို ပခုံးလွယ်ကာ စိုတွင်းရွာသို့ ဦးတည်လာခဲ့ပါသည်။ ဘုန်းတော်ကြီး ဆွမ်းမစားမီ ရောက်၍ ဝမ်းသာသွားသည်။ အကြောင်းမှာ ဘုန်းတော်ကြီးသည် ငါးကြင်းသားကြော်နှင့် ငါးကြင်းသားဟင်းကို အလွန်ကြိုက်သည်။ အခြားသော ဟင်းလျာများကို မက်မက်မောမော မရှိလှပါ။ ဂေရုတ်သီးခြောက် ညက်ညက်ထောင်းနှင့် ဟင်းချိုကောင်းလျှင် ဆွမ်းစား၍ မိန်ရက်ပါသည်။ ဂေရုတ်သီးခြောက်ကို အစေ့များညက်နေအောင် ထောင်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



မေးသောက်လျှင် "ငရုတ်သီးတောင် ညက်အောင်မထောင်းနိုင်ဘူး။ ဘယ်တော့ ကြီးပွားမှာလဲ"ဟု အပြစ်တင်လေ့ရှိသည်။

"အုံးဖေ ပြန်လာပြီလား"

"ပြန်လာပြီဘုရား"

"ငါ့တပည့်တွေကို ချမ်းသာကြွယ်ဝတဲ့သူတွေ ဖြစ်စေချင်တယ်။ အခု တော့ တစ်ဦးတစ်ယောက်မှ မရှိသေးဘူး။ တပည့်တွေထဲမှာ မင့်ကို အထင် အကြီးဆုံးပဲ။ ဒါပေမယ့် မင်းလည်း ဒီပုတ်ထဲက ဒီပဲဖြစ်မှာပဲ"ဟု ပြောပါသည်။

"အခု ဘာလုပ်မှာလဲ"

"ရွာပြန်ပြီး အမေတို့နှင့် တောင်သူလုပ်မယ် ဘုရား"

"တောင်သူအလုပ်က စားဖြစ်သောက်ဖြစ်တော့ ရှိမှာပဲ။ ကုန်သည်အလုပ် ကမှ ကြီးပွားချမ်းသာတာ"ဟု ဘုန်းတော်ကြီးက ကြီးပွားရာကြီးပွားကြောင်း လမ်းညွှန်ပြပါသည်။

ထိုနေ့ညနေမှာပင် ကျွန်တော်သည် ဘုန်းတော်ကြီးကို ဝပ်ချကန်တော့ ပြီး ပခုက္ကူသို့ ပြန်လာခဲ့ပါသည်။ ဦးဘသိန်း၊ ဒေါ်ပေါသယ်တို့အိမ်၌ ညအိပ် သည်။ ထိုညက ကိုခင်မောင်နှင့်အတူ ရန်ကုန်အင်းစိန်တို့တွင် တွေ့ကြုံခဲ့ရသည့် အဖြစ်ပေါင်းစုံကို ညဉ့်နက်သည်တိုင်အောင် ပြော၍မကုန်နိုင် ဖြစ်နေပါသည်။ မအေးဂျမ်းက ရေနွေးကြမ်းနှင့် လက်ဖက်၊ ချင်းသုပ်များ၊ ပဲကြီးလှော်များ ချပေးပါသည်။

ထိုအချိန်က မအေးဂျမ်းနှင့် ကိုခင်မောင်တို့သည် သမီးရည်းစား ဖြစ်နေကြသည်။ နောက်နေ့ ကူးတို့လှေကြုံနှင့် ရွာပြန်လာခဲ့ပါသည်။ ကျွန်တော်ပြန်လာ၍ အမေနှင့်ညီငယ်များ ဝမ်းသာနေကြပါသည်။ ကျွန်တော် ခေါင်းပေါ်တွင် လေးလံသော တာဝန်တစ်ရပ်ပါရှိလာသည်။ ၎င်းမှာ ဦးစန္ဒာထံသို့ ငွေပို့ပေးရန်ဖြစ်သည်။ သို့သော် ကျွန်တော့်မှာ အလုပ်မရှိ ငွေမရှိ။ အမေတို့မသိအောင် ပဲယင်းတစ်တင်း ခိုးရောင်းမှ ငွေတစ်ကျပ်ရသည်။ ငရုတ်သီးခြောက်တစ်တင်း၊ ခြောက်မူးဖြစ်သည်။ သည်ငွေမျှဖြင့် ဦးစန္ဒာ ထံမပို့နိုင်။ 'ဖနိုင်လျှင်ပို့မည်'ဟူသော စိတ်ကူးနှင့် ဖဲရိုက်သည်၊ ရှုံးသည်။

"ချေ့ကြာလျှင်မုန်း၊ ကုန်ကြာလျှင်ရှုံး၊ ကြွေးကြာလျှင်ဆုံး' ဆိုသကဲ့သို့ ရက်ကြာလာသောအခါ ငွေပို့လိုသည့်စိတ်ဆန္ဒများ လျော့ပါးလာသည်။ ကျွန်တော့် အနေဖြင့် မနိုင်ဝန်ဖြစ်နေခြင်းသည်လည်း အကြောင်းတစ်ခု ဖြစ်သည်။ တပြည်းပြည်း သွေးအေးသွားကာ ငွေပို့ရန်အတွက် အားထုတ်ခြင်း မရှိတော့။



တစ်နေ့ ရွာတောရွာအသုဘတွင် မအေးမိနှင့် တွေ့ပါသည်။

"ရန်ကုန် အလုပ်ရှာသွားတယ်ဆို"

"အေး ဟုတ်တယ်"

"အဖေတို့ဆီ မရောက်ခဲ့ဘူးလား"

"မရောက်ခဲ့ဘူး။ ငါ့မျက်နှာ မကြည့်ချင်ဘူးလို့ပြောတော့ မသွားဝံ့ ဘူးပေါ့"

"လူကြီးဆိုတာ ပြောပြီးလဲ ပြီးတာပဲ"ဟု မအေးမိက ပြောပါသည်။

မအေးမိသည် မျက်နှာကို သနပ်ခါးပေါင်ဒါများ ခြယ်သခြင်း မရှိသော် လည်း ဖူးပွင့်စအရွယ် ဖြစ်၍လားမသိ ယခင်ကထက် ပို၍လှနေသည်။ တည်တည်ငြိမ်ငြိမ် ဣန္ဒြေသိက္ခာလည်းရှိသည်။ ကျွန်တော်သည် မအေးမိကို မျက်စိဖြင့်သာ လိုလားနှစ်သက်သည့် အမူအရာမျိုး ပြခဲ့သည်။ 'ချစ်ပါသည်' ဟူ၍ကား တစ်ကြိမ်တစ်ခါမျှ မပြောဖူးပါ။ အကြောင်းမှာ ကျွန်တော့်ကိုမုန်းတီး သော ဘကြီးဦးကျော်သောင်နှင့် အတူနေရမည်ကို စိုးရွံ့၍ ဖြစ်ပါသည်။

မအေးမိကို နှုတ်ဆက်၍ အသုဘပြာသာဒ်ရှိရာသို့ လာခဲ့ပါသည်။ ကျွန်တော်သည် သိုင်းနင်းသည့်အဖွဲ့တွင် ပါဝင်နေသည်။ သိုင်းနင်းသည် ဆိုသည်မှာ ပန်းချီဆေးများ ခြယ်မှုန်းထားသော ကုလားရွှေစက္ကူများ ကပ်ထားသော ပြာသာဒ်ပေါ်ကို အသုဘခေါင်းတင်၍ သိုင်းကွက်နင်းရခြင်း ဖြစ်သည်။ သိုင်းဆရာက ရှေ့မှနေ၍–

'လွမ်းသလေလေ့ ဟိုမြိုင်လယ်မှာ၊ သည်မြိုင်လယ်မှာ' ဟုဆို၍ သိုင်းကွက်နင်းပြသည်။ ဆရာဆိုသလို ဆရာပြသလို ဆိုကြနင်းကြရသည်။ ပြာသာဒ်ကိုထမ်းပြီး ခြေထောက်များက ရှေ့တိုးနောက်ဆုတ် ဘေးထွက် လေးကွက်သိုင်းနင်းရသည်။ ဆရာက သိုင်းကွက်ပြောင်း၍ ဖော်က,ကသည်။

'ဖော်ရောင်၊ ဂျီရောင်၊ ဆေးကြိတ်တဲ့တောင်'ဟုဆို၍ တောင်ဝှေးကို လက်နှစ်ဖက်နှင့် ကိုင်မြှောက်ကာ ပေါင်ကားကား၊ ဒူးကားကားနှင့် ကသည်။ တစ်ခါတစ်ရံ ဒူးထောက်၍ ထိုင်ပြသည်။ ဆရာပြသလို ထိုင်ကြရသည်။ ထိုင်ရင်း ပြာသာဒ်ကို ဘယ်ယိမ်းညာယိမ်း ယိမ်းနွဲ့ရသည်။ ဆင်းရဲလို့ ဆင်းရဲမှန်းမသိ။ အသုဘပို့သူများက သိုင်းနင်းသည်ကို ဝိုင်းကြည့်နေကြခြင်း ကြောင့်ဖြစ်သည်။ ထိုအထဲတွင် မအေးမိပါသဖြင့် ချွေးသီးချွေးပေါက်များ ခြေထောက်ပေါ်ကျသည့်တိုင်အောင် ဆင်းရဲသည် ပင်ပန်းသည်ဟုမထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရွာတွင် အသုဘရှိလျှင် ကာယကံရှင်များ ငိုကြွေး ပူဆွေးနေကြသော်လည်း စာနာစိတ်ကင်းမဲ့သော ကျွန်တော်သည် သိုင်းနင်းရမည်ဖြစ်၍ မြူးရွှင်နေသည်။ ဘုန်းကြီးပျံရှိလျှင် တစ်ရွာနှင့်တစ်ရွာ သိုင်းနင်း အစွမ်းပြိုင်ကြသည်။ ပြာသာဒ်ကြီးများမှာလည်း ထန်းပင်နီးနီး မြင့်မားသည်။

မှတ်မိပါသေးသည်။ လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က ဖြစ်သည်။ ပခုက္ကူမြို့နယ် ကျွန်းညိုကြီးရွာ ဆရာတော် ဦးဥတ္တမဘုန်းကြီးပျံတွင် တစ်ရွာနှင့်တစ်ရွာ သိုင်းနင်းပြိုင်ကြသည်။ မြင်းကျွန်းရွာသည် သိုင်းနင်းရာတွင် နာမည်ကြီးသည်။ သိုင်းဆရာမှာ 'ဦးစံရှိန်း'ဖြစ်သည်။ သူသည် အသားညိုပြီး ခန္ဓာကိုယ်ထွားကျိုင်းသည်။ စီးပွားရေးလည်း တောင့်တင်းသည်။ ကျွန်တော့်ပျိုးခင်းသို့ ဆေးပျိုးပင် အဝယ်လာဖူး၍ လူချင်းသိနေသည်။ သူသည် ဆေးရုံမှ ဓိုက်ခွဲပြီး ဆင်းလာသည်မှာ ရက်ပိုင်းမျှပဲ ရှိသေးသည်။

ဆရာဝန်မှာလိုက်သည်ကို ဂရုမစိုက်ဘဲ ပြိုင်ပွဲတွင် ဒေါနှင့်မောနှင့် ခုန်ပေါက်၍ သိုင်းကွက်နင်းပြသည်။ တပေါင်းလ နေ့လယ်ဖြစ်၍ ဥတုကလည်း ပူပြင်းသည်။ အနာချုပ်ရိုးများပြတ်ပြီး ထိုနေ့မှာပင် သေဆုံးသွားသည်။

တစ်နေ့တွင် အမေက တန့်ကြည့်တောင်ဘုရားပွဲသို့ လိုက်ခဲ့ရန်ခေါ်သည်။ လူငယ်ဖြစ်၍ ပွဲလမ်းသဘင်ကို မက်မောသည်တစ်ကြောင်း၊ တန့်ကြည့်တောင်ကို မရောက်ဖူး၍ လိုက်ပါသွားသည်။ တန့်ကြည့်တောင်ဘုရားပွဲသည် ဝါခေါင်လဆန်း ဆယ့်ငါးရက်နေ့တိုင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည်။ လဆန်း ဆယ့်လေးရက်နေ့နံနက် ရွာမှ ထွက်လာကြသည်။ မြစ်ရေကြီးနေ၍ မြင်းဝင်း (မြင်းဝိုင်း) ရွာသို့ လှေဖြင့်လာကြရသည်။ ထိုမှ ပခုက္ကူမြစ်ခြေ ကားလမ်းအတိုင်း ခြေကျင်လာကြသည်။ ကားလမ်းဆိုသော်လည်း လှည်းလမ်းသာသာပဲ ဖြစ်သည်။ အဖွဲ့တွင် အမျိုးသမီးများ၍ အမျိုးသားက ကျွန်တော်ပါ လေးဦးပဲ ဖြစ်သည်။

လမ်းဘေးရှိ နှမ်းပင်၊ မြေပဲပင်များမှာ မိုးခေါင်သည့်ဒဏ်၊ တောင်လေ 'တဟူးဟူး' တိုက်ခတ်သည့်ဒဏ်တို့ကြောင့် နှမ်းပင်များ ညှိုးနွမ်းနေသည်။ မြေပဲပင်များမှာမူ နှမ်းပင်များထက် မိုးခေါင်မှုနှင့် လေပြင်းတိုက်ခတ်သည့်ဒဏ်ကို ခံနိုင်စွမ်းရှိသည်ဟု သိရသည်။ မိုးနည်းဒေသဖြစ်၍ မိုးလေဝသမှန်ကန်သာလျှင် သီးနှံများဖြစ်ထွန်းအောင်မြင်ကြသည်။

ဘဲကြီးရွာ၊ အောင်သာ၊ ကုလားချောင်း၊ ဖက်ပင်၊ သရက်တော စသော ကျေးရွာများကို ဖြတ်ကျော်ခဲ့ရသည်။ မြစ်ခြေဈေးသို့ ရောက်သောအခါ



တောင်ပေါ်တွင် ချက်ပြုတ်စားရန် ဝက်သားများ၊ ငါးများ၊ ငရုတ်ကြက်သွန်များ ဝယ်ယူကြသည်။ အမျိုးသမီးများ၏ ခံတောင်းထဲတွင် အိုးခွက်ပန်းကန်များနှင့် ဆန်၊ ဆီ၊ ဆား ပါရှိကြသည်။

ဘူးသီးကြော်၊ ပဲမုန့်ကြော်၊ မုန့်ပြားသလက်များ ဝယ်စားကြသည်။ ဆာလွန်း၍လားမသိ စားလို့ကောင်းသည်။

နေ့လယ်မွန်းမတည့်မီ တန့်ကြည့်တောင် တောင်ခြေသို့ ရောက်ကြပါသည်။ တောင်ခြေတွင် မြို့စိုး၊ ကျွန်းချောင်း၊ လက်ပံချောင်း၊ တန့်ကြည့်၊ ဆိက္ကဝနှင့် အရာတော်ရွာများရှိသည်။ မြို့စိုးရွာဘက်မှ တောင်ပေါ်ကို တက်ခဲ့ကြပါသည်။ မြို့စိုးဆိုသကဲ့သို့ လမ်းမှာ ဆိုးဝါးလှသည်။ ကျဉ်းမြောင်းပြီး မတ်စောက်သဖြင့် အမျိုးသမီးများ ရွက်လာသော ခံတောင်းများကို ကျွန်တော်တို့ ရွက်ကြရသည်။ နောက်ကို ပြန်လှည့်မကြည့်ဝံ့ပါ။ မူးမိုက်လဲကျသွားမည်ကို စိုးရိမ်၍ဖြစ်ပါသည်။ ဘုရားကို နှစ်ကြိမ်သုံးကြိမ် တွေ့မြင်ရပြီးမှ တောင်ပေါ်ကို ရောက်ရှိကြပါသည်။ ဘုရားဖူးလိုက်လာခဲ့သည်မှာ မှားသည်ဟု ထင်မိပါသည်။ ရွာမှာဆိုလျှင် ဖဲချပ်များကိုင်ကာ ဓိမ်ဖြင့်နေရမည်သာ။

ဘုရားရင်ပြင်တောင်ဘက်ရှိ ရင်ကွဲဇရပ်အရှေ့ဘက်ခြမ်းတွင် တည်းခိုရပါသည်။ အနောက်ခြမ်းတွင် ပေါက်မြို့နယ် ညောင်ဝန်းရွာမှ ဘုရားဖူးများ ရောက်ရှိနေကြပါသည်။ ဇရပ်အလယ်တွင် လမ်းရှိ၏။ ၎င်းလမ်းသည် ဘုရားဖူး အတက်အဆင်း အများဆုံးဖြစ်သည်။ အမျိုးသမီးများက ရေခပ်၊ ထမင်းချက်ကြသည်။ ကျွန်တော်တို့ကဇရပ်ကို လှဲကျင်းသန့်ရှင်းပြီး ဘုန်းတော်ကြီးကျောင်းမှ ဖျာကြမ်းများငှားရမ်း၍ ခင်းကျင်းကြသည်။

နေ့လယ် တစ်နာရီအချိန်ခန့်တွင် ကိုယ့်အဖွဲ့နှင့်ကိုယ် ဝိုင်းဖွဲ့၍ ထမင်းစားကြသည်။ တစ်ဖွဲ့မှတစ်ဖွဲ့သို့ ဟင်းချက်များ အပြန်အလှန် ပေးကမ်းကြသည်။ ပျော်ရွှင်ဖွယ်ရာ၊ နှစ်လိုဖွယ်ရာကောင်းသော အပြုအမူများ ဖြစ်ကြသည်။ ဝက်သားချက်များမှာ နနွင်းမှုန့်များ ခပ်ပြီးချက်ကြသဖြင့် ဝင်းဝါနေသော်လည်းလတ်ဆတ်၍လား၊ ဆာလောင်နေ၍လားမသိ စားလို့ကောင်းပါသည်။

ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်မှာ အမေဖြစ်သည်။ အမေသည် သခင်နှစ်များကလည်း ရောက်ဖူးသဖြင့် အဖွဲ့တွင် အသက်အကြီးဆုံး၊ အတွေ့အကြုံအများဆုံးဖြစ်သည်။ အမေမရောက်ဖူးသော ဘုရားပွဲ မရှိသလို အမေ

www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်သော ဘုရားသမိုင်းလည်း မရှိချေ။ ဘာသာယုံကြည်ကိုးကွယ်မှု အစွဲအလမ်း ကြီးမားလွန်းသည်။ နံနက်တိုင်း ညတိုင်း အချိန်တစ်နာရီခန့်ကြာ ဘုရားရှိခိုးလေ့ရှိသည်။

ဓာတ်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ် နိပါတ်၊ ဇိနတ္ထပကာသနီတို့ကို အလွတ်ဟောပြောနိုင်သည်။ ဘုန်းတော်ကြီးကျောင်း ဥပုသ်ဇရပ်တွင် အမေ သည် တရားဟောဆရာဖြစ်သည်။ ယခုလည်း ညောင်ဝန်းမှ ဘုရားဖူးများနှင့် စကားလက်ဆုံကျနေသည်။ အမေပြောနေသည်မှာ ညောင်ဦးရွှေစည်းခုံဘုရား၊ တန့်ကြည့်တောင်ဘုရား၊ လောကနန္ဒာဘုရားနှင့် တူရွင်းတောင်ဘုရားလေးများ တို့သည် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ထားသည့် ဘုရားများဖြစ် ကြောင်း၊ နေအေးသွားလျှင် ကုန်းတော်ပေါ်တက်၍ ပုဂံဘက်ရှိ ဘုရားပုထိုးများ အကြောင်းနှင့် တည်ထားကိုးကွယ်သွားသည့် ဘုရင်များအကြောင်းကို ပြောပြ မည်ဖြစ်ကြောင်း ပြောနေပါသည်။

ညောင်ဝန်းဘုရားဖူးအဖွဲ့ခေါင်းဆောင်မှာ အသက် ငါးဆယ်အရွယ်ခန့်ရှိ ညိုညိုဝဝ ကျောင်းဆရာတစ်ဦးဖြစ်သည်။ သူ၏ဇနီးနှင့်သမီးအပြင် ဒေါ်မှာ ဆိုသူ အဒေါ်ကြီးတစ်ဦးနှင့် အသက်နှစ်ဆယ်ပတ်ဝန်းကျင်ရှိ အမျိုးသမီး သုံးလေးဦး ပါရှိသည်။

ထိုအထဲတွင် အသားဖြူ၍ အရပ်သွယ်လျှလျှ၊ နှာတံမှအစ မျက်ခုံး မျက်လုံး လှပသူတစ်ဦး ပါရှိသည်။ ဝတ်စားဆင်ယင်မှု ရိုးသား၍ ဣန္ဒြေ သိက္ခာလည်း ရှိသည်။

မည်သို့သောအကြောင်းကြောင့်မသိ။ ကျွန်တော်သည် ၎င်းအမျိုးသမီး မေတ္တာသက်ဝင် ချစ်ခင်နေသဖြင့် ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော မထွေး နှင့် မရှိန်တို့ညီအစ်မကို အိမ်ထောင်ရှိမရှိနှင့် အမည်ကိုပါ သိလိုကြောင်း အကူအညီ တောင်းခံရာ အပျိုဖြစ်ကြောင်းနှင့် အမည်မှာ 'မသော်စိန်' ဖြစ် ကြောင်း သိရပါသည်။

အတူပါသူ ကိုဌေးတိုးကို အဖော်ခေါ်၍ အမေတို့အဖွဲ့ ဘုရားကုန်းတော် ပေါ် တက်မလာမီ ကျွန်တော်တို့က အလျင်ရောက်ရှိနေပါသည်။ မကြာမီ အမေတို့အဖွဲ့ ကုန်းတော်ပေါ်သို့ တက်ရောက်လာကြပါသည်။ ညောင်ဝန်း မှ ဘုရားဖူးများနှင့် ကျွန်တော်တို့ရွာမှ ဘုရားဖူးများလည်း ပါရှိကြသည်။ ထိုအချိန်တွင် ဘုရားကုန်းတော်ရင်ပြင်၌ ဘုရားဖူးသူများနှင့် စည်ကား



သည်။ ဘုရားအုတ်တံတိုင်းအတွင်းမှနေ၍ အမေသည် ပုဂံဘက်ရှိ ဘုရား များအကြောင်းကို လက်ညှိုးညွှန်၍ ပြောပြနေသည်။

တန့်ကြည့်တောင်နှင့် ပုဂံကြားတွင် ဧရာဝတီမြစ်ကြီး ရှိသည်။ ဝါခေါင် လဖြစ်၍ မြစ်ပြင်မှာ ကျယ်ပြောလှသည်။ ဆယ်လန်၊ ထောင်ပုံ၊ သီရိ စီးကုန်း၊ ရနောင်၊ ထောင့်ကြီး စသောရွာများမှာ မြစ်ရေဝင်နေသဖြင့် သစ်ပင်များသာ ရေပေါ်၌ပေါ်နေသည်။

ရွက်တဖွေးဖွေးနှင့် မြစ်လယ်တွင် ထင်းဆယ်ယူနေကြသော လှေများကို တွေ့မြင်ရသောအခါ တစ်ချိန်က ညီဖြစ်သူ ကိုလှဖေနှင့်အတူ ထင်းဆယ်ရဖူး သည်ကို ပြန်လည် သတိရရှိနေပါသည်။ အချိန်မှာ နေ့လယ် တစ်နာရီခန့် ဖြစ်သည်။ ညီအစ်ကိုနှစ်ဦး သမ္ဗာန်တစ်စင်းကို ရွက်ဖွင့်၍ မြစ်လယ်ထွက် ထင်းဆယ်ခဲ့ကြသည်။ သမ္ဗာန်အပြည့်အမောက် ထင်းဆယ်ရရှိသောအခါ အိမ်ပြန်လာခဲ့ကြသည်။ အမေက ကျွန်တော်တို့ကို မုန့်ပြားသလက်တစ်ခုစီ ဝယ်ကျွေးပါသည်။ ဆာလောင်၍လားမသိ စားလို့ အာသာမပြေနိုင်ဘဲ ဖြစ်ရှိနေ သည်။ ကိုလှဖေလည်း ကျွန်တော်ကဲ့သို့ပင် အာသာမပြေဘဲ ရှိနေဟန်တူသည်။

"ဒါမျိုး နောက်ထပ်ဝယ်ကျွေးရင် ဆယ်ခုလောက် ကုန်မယ်"

"ဆယ်ခုတော့ မကုန်နိုင်ပါဘူးကွာ"

"ခင်ဗျားကျွေးမလား၊ လောင်းကြေးစားမယ်"

ထိုအချိန်က မုန့်တစ်ခုမှ တစ်ပြားပေးရပါသည်။

"မုန့်ဖိုးငွေ ဆယ်ပြားကုန်ကျရင် နှစ်ဆယ်ပြားပေးမယ်"

"စိန်လိုက်ကွာ"ဟုပြောပြီး မုန့်ပြားသလက်လုပ်သော ဒေါ်လွန်းပြေ၏ မုန့်ဖိုသို့ ထွက်လာခဲ့သည်။

"ဟဲ့ အုံးဖေ၊ မကုန်ဘူး။ ဆယ်ခုမဝယ်ခဲ့နှင့်" အမေက တားမြစ်သကဲ့သို့ မုန့်ဖိုတွင်လည်း လုပ်ပြီးသား ခြောက်ခုပဲရှိ၍ ရှိသမျှ အကုန်ဝယ်ယူခဲ့ပါသည်။

မုန့်ခြောက်ခုကို သံဇလုံထဲထည့်၍-

"ရော့ ခြောက်ခုပဲစားနှင့်ဦး။ ပြီးတော့ လေးခုပေးမယ်"ဟုပြောကာ သံဇလုံကို ကိုလှဖေသို့ ပေးလိုက်သည်။

မုန့်သုံးခုလောက်အထိ သွက်သွက်လက်လက် စားနိုင်သည်။ လေးငါးခု ရောက်ရှိလာသောအခါ လက်ရောပါးစပ်ပါ နှေးကွေးလာသည်။ ရေနှင့် မျိုချရသည့်အခြေအနေသို့ ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့၊ လုပေ၊ မစားနှင့်။ ဇူဇကာပုဏ္ဏားလို စားပိုးနှင့်သေလိမ့်မယ်၊ နှင့်အတွက် ငါလျော်မယ်"ဟု အမေပြောသည်ကို သတိရနေစဉ်–

"ဒါက ညောင်ဦးရွှေစည်းခုံဘုရား၊ ဟောဒါက ပုဂံအာနန္ဒာဘုရား ကျွန်စစ်မင်းကြီး တည်ထားကိုးကွယ်သွားတာ။ အဲဒီဘုရားက မုခ်တွေ၊ လိုဏ်ဂူတွေ၊ လေးဘက်လေးမျက်နှာပါပြီး မတ်ရပ်တော်ဘုရားလေးဆူရှိတယ်။ ပုဂံဘုရားတွေထဲမှာ ကြည်ညိုဖွယ်ရာ အကောင်းဆုံးနှင့် တန်ခိုးအကြီးဆုံးပဲ။ ဟိုအမြင့်ဆုံးဘုရားက သဗ္ဗညုတဘုရားဖြစ်တယ်။ ဘုရားအတွင်းကနေ အပေါ်ကို တက်နိုင်တယ်။ ဘုရားအပေါ်က အောက်ကိုကြည့်လိုက်ရင် လူတွေ၊ နွားတွေဟာ ငယ်ငယ်လေး ဖြစ်နေတယ်။ သန်ဘက်ခါမနက် ငါတို့ ပုဂံဘက်ကူးပြီး ဘုရားတွေ ဖူးကြဦးမယ်။ မဖွားလိုက်ခဲ့ပါလား"

"လိုက်လို့မဖြစ်ဘူး ဒေါ်ရှုံး၊ သော့သော့ဘွားအကြီးက ကျွန်မပါလို့ သူ့မြေးကို ထည့်လိုက်တာ။ ရောက်မယ့်ရက် ရောက်မလာရင် စိတ်ပူနေမှာ"

(သော့သော့မှာ မသော့စိန်ကိုပြောခြင်း ဖြစ်သည်။)

"သော့သော့မှာ မိဘမရှိဘူးလား"

"မရှိဘူး။ မွေးချင်းလေးယောက်ရှိတယ်။ သူက အကြီးဆုံး၊ လီမွာရေးခြားရှိတော့ ဘွားအကြီးနှင့် ဦးရီး ဦးလေးတွေကပါ သူ့ကိုချစ်ခင်ကြတယ်"

ကျွန်တော်သည် အမေညွှန်ပြ ပြောဆိုနေသည့် ဘုရားပုထိုးများကို စိတ်မဝင်စားနိုင်ဘဲ လူအုပ်ကြားတွင်ရှိသော မသော့စိန်၏ မျက်နှာကိုသာ အချိန်ရလျှင်ရသလို လစ်လျှင်လစ်သလို ကြည့်မိပါသည်။ ကျွန်တော်ကြည့်သည်ကို မသော့စိန် သိပါသည်။ တစ်ခါတစ်ရံ မသော့စိန်ကြည့်သည့်အချိန်နှင့် တိုက်ဆိုင်နေသည့်အခါ သူမကပင် အကြည့်မခံချင်သလို မျက်နှာလွှဲသွားပါသည်။

'မသော့စိန်'နှင့်တွေ့ရဖို့ စကားပြောရဖို့ မလွယ်ပါ။ မနက်ဖြန်ညနေ အခြားဇရပ်တစ်ခုသို့ ပြောင်းရွှေ့မည်ဟု သိရပါသည်။ ရွှေ့ပြောင်းမသွားမီ စာလေးရလျှင် ကောင်းမည်ဟု စိတ်ကူးရသဖြင့် ဘုရားကုန်းတော်ပေါ်တွင် ဈေးရောင်းနေသူထံမှ ခဲတံငှားယူပြီးနံကာပြားလေးပေါ်တွင် စာရေးလိုက်သည်။

"မသော့စိန်ကို မေတ္တာသက်ဝင် ချစ်ခင်နေပါသည်။ ဆောင်းသီးနံ့များကုန်ဆုံးပြီးစီးသည့်အခါ ညောင်ဝန်းရွာသို့ လိုက်လာခဲ့မည်ဖြစ်ကြောင်း" စာမျှသာဖြစ်ပါသည်။ ထို့ထက်ပိုလွှင်ပြီး စာရေးချင်၍လည်း မဖြစ်နိုင်ပါ။ နံကာပြားမှာပင် ချိတ်သီသော နံကာပြားလေး ဖြစ်၏။



တစ်ညလုံး မအိပ်ရပါ။ ရင်ခွဲဇရပ်နှစ်ခုကြားမှာ လမ်းဖြစ်၍ ဘုရားဖူးတက်ရောက်လာသူများနှင့် နံနက်ဘုရားဆွမ်းကပ်လိုသူများမှာ အဆက်မပြတ်ပါ။ ကျွန်တော်တို့အဖွဲ့ဝင်များမှာလည်း ဘုရားကုန်းဖော်ပေါ် တက်လိုက်ဆင်းလိုက်ဖြစ်နေကြသည်။ သန်းခေါင်ကျော် တစ်နာရီခန့်တွင် အတက်အဆင်းလည်း မရှိတော့ပါ။ ဘုရားဖူးအဖွဲ့ဝင်များလည်း အိပ်ပျော်ကုန်ကြပါသည်။

မသော့စိန်တို့ အိပ်ကြသည်မှာ ကျွန်တော်တို့ခြေရင်း ဖြစ်သည်။ ခြောက်ပေခန့်ကျယ်သောလမ်းပဲ ခြားပါသည်။ ဒေါ်ဖွားနှင့် ကပ်လျက်အိပ်နေသူမှာ မသော့စိန်ဖြစ်သည်။ လေတိုက်၍ မျက်နှာကို စောင်ခြုံအိပ်ကြသည်။ ကျွန်တော်သည် ရင်ခွဲဇရပ်ပေါ်မှဆင်း၍ အရဲစွန့်ကာ မသော့စိန်ထံလာပါသည်။ အခြားသူများမကြားအောင် 'မသော့စိန်၊ မသော့စိန်'ဟု သူ၏မျက်နှာနားကပ်၍ ခေါ်ရာ ကျွန်တော်၏အသံကို ကျက်မိနေသလားမသိ ခေါင်းမြီးခြုံကိုလှပ်ကာ ကျွန်တော့်ကို အံ့အားသင့်သလို ကြည့်နေပါသည်။

"သည်စာလေးတော့ လက်ခံပါဗျာ"ဟု တိုးညင်းစွာပြော၍ မသော့စိန်ရင်ဘတ်ပေါ်သို့ ပစ်တင်လိုက်ပါသည်။

မသော့စိန်သည် မည်သို့မျှ မပြောသော်လည်း စာခေါက်ကလေးကို ဆုပ်ယူကာ မျက်နှာကို စောင်ခြုံသွားပါသည်။ ကျွန်တော် ဝမ်းသာသည်မှာ ပြေဖွယ်ရာမရှိပါ။ အိပ်၍ပင် မပျော်တော့ပါ။

နံနက်လင်းကြက်တွန်ချိန်မှစ၍ တောင်ပေါ်သို့ တက်ရောက်လာကြသော ဒိုးပတ်အဖွဲ့များ၏ ဒိုးပတ်သံ၊ အိုးစည်သံ၊ ဗုံသံတို့မှာ တစ်ရွာပြီးတစ်ရွာ၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ အဆက်မပြတ်တော့ပါ။ တစ်နှစ်မှတစ်ကြိမ် ပြုလုပ်သောဘုရားပွဲဖြစ်၍ ဘုရားရင်ပြင်တွင် ကြက်ပျံမကျ စည်ကားလှပါသည်။ ကျွန်တော်စိတ်ဝင်စားသည်မှာ အိုးစည်ဒိုးပတ်အသံများ မဟုတ်ပါ။ မသော့စိန်ဖြစ်သည်။ မျက်နှာမှာ မနေ့ကထက် ကြည်လင် ရွှန်းမြဲနေပါသည်။ တစ်ခါတစ်ရံ ကျွန်တော်ကြည့်သည်ကို တွေ့ရ၍ စိတ်ထဲတွင် ကြည်နူးသလိုလို၊ ဝမ်းသာသလိုလို။

နံနက်ဆယ်နာရီအချိန်သည်တန့်ကြည့်တောင်ဘုရားပွဲ အစည်ကားဆုံးအချိန် ဖြစ်သည်။ တောင်ခြေရွာများမှ တက်လာကြသူများက ဘုန်းတော်ကြီးများကို ဆွမ်းပွဲများ ကပ်လှူကြသည်။ မြန်မာလူမျိုးတို့သည် လှူရာတန်းရာ၌ စေတနာသဒ္ဓါတရား ထက်သန်ကြသည်။ ဆွမ်းပွဲများတွင် ဝက်သားဘီးစပတ်

www.burmeseclassic.com

www.burmeseclassic.com



ခွေကြီးများ လက်သီးဆုပ်ခန့်ရှိ ဝက်သားတုံးကြီးများ၊ ကြက်ဖိ ကြက်ပေါင်ကြော်များ ပါရှိကြသည်။ ထိုကဲ့သို့ မွန်မြတ်သော အစာအာဟာရများကို မိမိတို့ကိုယ်တိုင်ပင် မစားရက်မသောက်ရက်သော်လည်း နောက်ဘဝတွင် လူကောင်းနတ်ကောင်းဖြစ်လိုသော အကြောင်းများကြောင့် လှူဒါန်းခြင်းဖြစ်ကြသည်။

နေ့လယ်မွန်းတည့်ချိန်တွင် တောင်ပေါ်၌ လူရှင်းသွားပါသည်။ ဥပုသ်သီတင်းစောင့်သူများနှင့် အဝေးမြို့ရွာများမှ ဘုရားဖူးလာကြသူများသာ ကျန်ခဲ့တော့သည်။ ညနေတွင် မသော့စိန်တို့အဖွဲ့ အခြားဇရပ်သို့ ပြောင်းရွှေ့သွားကြသည်။ မနက်ဖြန်နံနက် ပြန်မည်ဟု သိရသည်။ ကျွန်တော်တို့လည်း မနက်ဖြန်နံနက် ပုဂံဘက် ကူးကြရမည်ဖြစ်ရာ တွေ့ရကြုံရသည်မှာ နာရီပိုင်းမျှ ဖြစ်သော်လည်း ခွဲခွာကြရမည်ဟူသော အသိစိတ်က ပူပန်လာသည်။ ရင်ထဲတွင် အလိုမကျသည့်ဝေဒနာ ခံစားနေရသည်။ မသော့စိန်တို့ဇရပ်သို့ သွားရောက်၍ မသော့စိန်ကို နှုတ်ဆက်လိုသည်။ မသင့်တော်၍ မသွားဖြစ်။ မသော့စိန်လည်း ကျွန်တော့်ကဲ့သို့ပင် ရှိရှာပေလိမ့်မည်။

အချိန်မှာ နေဝင်ခါစဖြစ်သည်။ စိတ်ပြေလက်ပျောက် တစ်ဦးတည်း ဘုရားကုန်းတော်ပေါ်သို့ တက်ရောက်ပြီး ပုဂံဘက်မှ လျှပ်စစ်မီးထွန်းညှိထားသော ဘုရားများကို မျှော်ကြည့်ကာ ငေးမောနေမိသည်။

“အုံးဖေ ဘာတွေစဉ်းစားနေသလဲ။ ဘယ်သူ့ကို လွမ်းနေသလဲ” ဟု ကျွန်တော့်အကြောင်းကိုသိနေသော မငွေစိန်၏အသံကိုကြား၍ သမင်လည်ပြန်ကြည့်လိုက်သည်။ အဖွဲ့နှစ်ဖွဲ့စလုံး ဘုရားရင်ပြင်ပေါ်ကို တက်ရောက်လာကြသည်။ မသော့စိန်ကိုတွေ့မြင်ရ၍ ဝမ်းသာသွားသည်။ ဝမ်းသာသည်မှာ တစ်ဒင်္ဂ တစ်ခဏမျှသာ။ မည်မျှ အချိန်ကြာမြင့်အောင် စိတ်ပူပန် ခံစားရမည်ကို ထိုအချိန်က စဉ်းစားခြင်း မရှိခဲ့ပါ။

လပြည့်နေ့ညဖြစ်၍ လမင်းက ထိန်ထိန်လင်းနေသည်။ တောင်လေက တဖြူးဖြူး တိုက်နေသည်။ မျက်စိအာရုံတွင် မသော့စိန်ကိုမြင်နေသဖြင့် အိပ်၍မပျော်ပါ။ ကြက်ဦးတွန်ချိန်တွင် အမေ ဘုရားဖူးသည့်အသံကို ကြားနေရသည်။ အမျိုးသမီးများ ထမင်းချက်ကြသည်။

လင်းလျှင် တောင်ပေါ်မှ ဆင်းကြမည်ဖြစ်၍ ထုပ်ပိုးကြသည်။ အိုးခွက်ပန်းကန်များကို ခံတောင်းထဲ ထည့်ကြသည်။ ကျွန်တော်တို့က ဖျာမှ



းကြီးကျောင်းသို့ သွားရောက်အိပ်နှံကြသည်။ ထိုအချိန်တွင် ဘုန်းကြီးကျောင်းပင်၌ မသော့စိန်တို့ မရှိကြတော့ပါ။ စိတ်ထဲတွင် လွမ်းသလိုလို ဆွေးသလိုလို ရှိနေသည်။ တောင်ပေါ်မှ ဆင်းလာခဲ့ကြသည်။ တန့်ကြည့်ရွာမှ ကူးတို့ဖြင့် ပုဂံဘက်သို့ ကူးလာခဲ့ကြသည်။

အာနန္ဒာဘုရားအနီးရှိ ဘုန်းတော်ကြီးကျောင်းဇရပ်တွင် တည်းခိုကြသည်။ ၎င်းဘုန်းတော်ကြီးကျောင်းကို ကျွန်တော့်အသက် ဆယ့်လေးနှစ်အရွယ် ရောက်ဖူးသည်။ စိုတွင်းဘုန်းတော်ကြီး ဦးဇနကပုဂံဆရာတော်သို့ ကန်းဒွိစုံ ကပ်လှူခိုင်းသဖြင့် ရောက်ဖူးခြင်းဖြစ်သည်။ အချိန်မှာ နယုန်လသည်။ ပခုက္ကူမှ ပုဂံသို့ သင်္ဘောဖြင့် လိုက်လာခဲ့သည်။ တောင်လေပြင်း လှိုင်းလုံးများကြီးသဖြင့် ပုဂံဆိပ်ကမ်းသို့ သင်္ဘောမကပ်နိုင်ဘဲ ဖြစ်နေသည်။ င်းလုံးကြီးများမှာ သင်္ဘောကုန်းဘတ်ပေါ်ကို ကျော်လွှားသွားသည်။ န်ပစ္စည်းတချို့ မြစ်ထဲသို့ မျောပါသွားသည်။ ခရီးသည်များကို လှေဖြင့် ပ်ကမ်းသို့ ပို့ရန်စီစဉ်သောအခါ ခရီးသည်များက လှိုင်းကြီး၍ လှေမစီးဝံ့ကြောင်း ဆိုပြီးတောင်းပန်ကြသည်။

ထိုအခါ သင်္ဘောမာလိန်မှူးက မိမိတို့အသိရှိသည့် ဆိပ်ကမ်းသို့ လိုက်ပါ။ မနက်ဖြန် အဆန်သင်္ဘောဖြင့် ပုဂံသို့ အခမဲ့ ပို့ပေးပါမည်ပြော၍ ပုဂံင်းမည့်ခရီးသည်စာရင်းကောက်ယူရာ ကျွန်တော်ပါ ခြောက်ဦးဖြစ်သည်။ အချို့က ရေနံ့ချပ်ဆင်းမည်။ လမ်းရွာဆင်းမည်။ စဉ့်ကူဆင်းမည် စာရင်းးကြသည်။

ကျွန်တော်က အသိမရှိသော်လည်း ရုပ်ရှင်ကြည့်ချင်၍ ချောက်မြို့ဆင်းည်ပြောလိုက်ရာခရီးအဝေးဆုံးဖြစ်၍ သင်္ဘောစာရေးကြီးက ကျွန်တော့်ကို နှင့် ခရီးသည်များ၏စာရင်းပေးပါသည်။ စာမှာ မနက်ဖြန် ဆန်လာမည့် သင်္ဘောမာလိန်မှူး ပေးရန်ဖြစ်သည်။ စာရင်းမှာ ရေနံ့ချပ်၊ လမ်းရွာ၊ စဉ့်ကူင်းမည့် ခရီးသည်များ၏ အမည်နှင့် နေရပ်လိပ်စာများဖြစ်ပါသည်။ ထိုလူများကို ကျွန်တော်က စာရင်းပြ၍ ပုဂံသို့ ခေါ်ဆောင်ခဲ့ရမည် ဖြစ်သည့်အတွက်–

“အဒေါ်တို့ကို မှတ်ထားနော်။ ရေနံ့ချပ် ဆင်းမှာ။ မနက်ဖြန်သင်္ဘောစီးတဲ့အခါ မသိဘူးလို့ပြောမှာ စိုးရိမ်လို့ပါ”

“စိတ်ချပါအဒေါ်၊ ဒီစာရွက်ထဲမှာ အဒေါ်တို့နာမည်ရှင့် နေရပ်လိပ်စာတယ်”

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပင် လမ်းရှာ၊ စဥ့်ကူဆင်းမည့်သူများကလည်း သူတို့ကို ထားဖို့ ပြောကြပါသည်။ နေ့လယ် တစ်နာရီခန့်တွင် ချောက်မြို့ ရောက် သည်။ မြို့ပေါ်တက်၍ ထမင်းစားပြီး လှည့်လည်ကြည့်ရှုပါသည်။ ရေနံ မြို့တော်ဖြစ်၍ စည်ကားပါသည်။ လမ်းများမှာ ကတ္တရာလမ်းဖြစ်သည်။ ရေနံချက်စက်ရုံနှင့် ရေနံသိုလှောင်ကန်များ၊ ရေနံပိုက်လိုင်းများမှာ ရှုတ်ရှက် နေသည်။ လမ်းများက ကုန်းဆင်းကုန်းတက်များသည်။

ည ရုပ်ရှင်ကြည့်သည်။ ရုပ်ရှင်ဇာတ်ကားမှာ ပီပီပြင်ပြင် မရှိဘဲ မှုန် လှသည်။ အသံတိတ်ကားဖြစ်၍ ထိုးပြသည့် စာတမ်းများမှာလည်း မှုန်ဝါး ပင်ဖြစ်သည်။ ဇာတ်ကားမကောင်း၍ ရုပ်ရှင်ကြည့်သူများက ပိုက်ဆံပြန် ရန်ဟစ်အော်ကြသည်။

ကျွန်တော်သည် ဇာတ်ကားတစ်ပိုင်းတစ်စနှင့်ပင် သင်္ဘောဆိပ် ဆင်းလာခဲ့သည်။ ပြည်မှဆန်တက်လာသော 'မင်းသား' သင်္ဘောသည်ဆိပ်ကမ်း တွင် ဆိုက်ကပ်လျက်ရှိသည်။ သင်္ဘောပေါ်တက်၍ သင်ဖျာလေးတစ် ငှားယူပြီး ထမင်းဆိုင်အနီးမှာပင် အိပ်လိုက်သည်။

နောက်နေ့နံနက် သင်္ဘောထွက်သောအခါ 'ဂလိုင်' ခေါက်ပါသည်။ လက်မှတ်ဝယ်ယူရန် သတိပေးခြင်း ဖြစ်သည်။

ကျွန်တော်သည် သင်္ဘောစာရေးထံသွား၍ စာနှင့် ခရီးသည်စာရင်း ပေးလိုက်ပါ၏။ လမ်းတွင် သင်္ဘောချင်းတွေ့၍ သိရှိပြီးဖြစ်သည်ဟု ပြော သည်။ စာကိုယူပြီး စာရင်းကို ကျွန်တော့်ပြန်ပေးပါသည်။ ကျွန်တော်မှလက်မှတ် ခရီးသည်များကို သူ့ဆီခေါ်လာရန် ပြောပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့ ပုဂံဆိပ်ကမ်းသို့ ကောင်းမွန်စွာ ရောက်ရှိကြပါသည်။

၁ ၁ ၁

ကျွန်တော်သည်လွန်ခဲ့သော ခြောက်နှစ်ခန့်က ၎င်းကျောင်းတွင် တစ်ည အိပ်နေထိုင်ခဲ့ဖူးသဖြင့် ဆရာတော်ကို ဖူးမြော်ရန် ကျောင်းဝေါသို့ တက် ပါသည်။ ဆွမ်းစားရန် ဆွမ်းပွဲများ ပြင်ဆင်နေခိုက်ဖြစ်သည်။ ဆရာတော် ဝပ်ချကန်တော့သည်။

"ဘယ်ကလဲ ဒကာ"



"တပည့်တော် ပခုက္ကူနယ်ကပါ။ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က တွင်းဆရာတော် ဦးဇဝနက သင်္ကန်းဒွိစုံ အလှူခိုင်းလို့ ဆရာတော်ကျောင်းမှာ တစ်ညအိပ်နေထိုင်ခဲ့ဖူးပါတယ် ဘုရား"

"ဒကာကြီး ကျုပ်ကိုသိရဲ့လား"

"သိပါတယ် ကိုရင် . . . အာနန္ဒာဘုရားနှင့် သဗ္ဗညုဘုရား လိုက်ပို့တာ မှတ်မိနေပါတယ်"

"ဘုန်းကြီး ဦးဇဝန ကျန်းမာတယ်မဟုတ်လား"

"ကျန်းမာပါတယ်ဘုရား။ တပည့်တော် ကျောင်းမရောက်တာ တစ်လ လောက် ရှိသွားပြီဘုရား"

"မင်းက စိုတွင်းရွာက မဟုတ်ဘူးလား"

"မဟုတ်ဘူးဘုရာ့၊ တပည့်တော် ရွာတော၊ ထနောင်းကုန်းကပါ။ စိုတွင်းရွာနှင့် ရှစ်မိုင်လောက် ဝေးပါတယ်"

"ဘုန်းကြီးဦးဇဝနကျောင်းနေရတာ ကံကောင်းတာပဲ။ ဦးဇဝနဟာ လောကီလောကုတ္တရာ ဘက်စုံတော်တဲ့ဆရာတော်ပဲ။ မန္တလေး မစိုးရိမ်တိုက်မှာ ငါနှင့်အတူတူ နေလာတာ"

ထိုအချိန်တွင် ဘုန်းတော်ကြီးကို ဆွမ်းဟင်းလျာ ကပ်လှူရန် အမေတို့ ကျောင်းပေါ်သို့ တက်လာကြသည်။

"အုံးဖေက ကျောင်းပေါ်ရောက်နေတာကို"

"ဒကာမကြီးနှင့် ဘယ်လိုတော်သလဲ"

"တပည့်တော်မသားပါဘုရား"

"သူက ငါ့ကျောင်းကို ရောက်ဖူးတယ်။ အခု ဘယ်ကလာကြတာလဲ"

"တန့်ကြည့်တောင်ဘုရားပွဲကနေ ပုဂံကို ဘုရားဖူးလာတာ ဆရာတော့် ကျောင်းဇရပ်မှာ တစ်ညနေခွင့်ပြုပါဘုရား"

"အေး နေကြနေကြ၊ ဖျာတို့ ရေအိုးတို့ ပေးလိုက်ကြပါ"ဟု ကိုရင်လေး များကို မိန့်မှာပါသည်။

ထမင်းစားပြီး အာနန္ဒာဘုရားကို သွားရောက်ဖူးမြော်ကြပါသည်။ အာနန္ဒာ ဘုရားသည် မုခ်လေးဘက်တွင် ကြည်ညိုဖွယ်ရာကောင်းသော မတ်ရပ်တော် ဘုရားလေးဆူ ရှိပါသည်။ တောင်ဘက်စောင်းတန်းတွင် မင်းကွန်းဇာတ်တော် ပန်းချီဆရာဦးဘေမောင်က ပန်းချီဆေးများနှင့် ခြယ်မှုန်းထားသည်။

www.burmeseclassic.com



စာဖြင့်လည်း အကြောင်းအရာကို ဖော်ပြထားသည့်အတွက် စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါသည်။ ပပဝတီရုပ်ပုံလွှာကိုကြည့်ပြီး မသော့စိန်သတိရ တမ်းတနေမိသည်။

ယခုအချိန်မှာဆိုလျှင် မသော့စိန်သည် ညောင်ဝန်းရွာသို့ ရောက်ရှိလောက်ပေပြီ။ တန့်ကြည့်တောင်နှင့် သူတို့ရွာသည် မည်မျှခရီးဝေးသည်ကို မသိရသော်လည်း ညောင်ဝန်းရွာသည် ယောချောင်းအနောက်ဘက်တွင် တည်လျက်ရှိသည်ဟု သိရသည်။ တန့်ကြည့်တောင်ပေါ်မှ အနောက်ရူးရူးကိုကြည့်လျှင် ယောချောင်းကို တွေ့မြင်ရသည်။

အာနန္ဒာဘုရားဖူးပြီးသော် သဗ္ဗညု ကန်တော့ပလ္လင်နှင့် ဓမ္မရံကြီးဘုရားကို သွားရောက်ဖူးမြော်ကြသည်။ အချိန်မရ၍ မြင်းကပါရွာရှိ မနူဟာဘုရားဖူးမြော်ရန် အစီအစဉ်ပျက်သွားလေသည်။

နောက်တစ်နေ့နံနက်စောစော ထမင်းဟင်းများချက်ပြုတ်ပြီး ဘုန်းတော်ကြီးကို အရက်ဆွမ်းကပ်လှူကြပြီးနောက် ပုဂံမှ ညောင်ဦးသို့ ထွက်လာခဲ့ကြပါသည်။ လမ်းတွင် စိတ်မချမ်းမြေ့ဖွယ်ရာများကို တွေ့ရှိရသည်။ မနေ့ညက ပုဂံမှ ခရီးသည်များ တင်ဆောင်သွားသော မော်တော်ကားသည် အချိန်များပြီး လမ်းဘေးရှိ ထနောင်းပင်နှင့် ပွတ်တိုက်သွားသဖြင့် လက်ဝဲဘက်ခြမ်းတန်းများမှ လိုက်ပါလာကြသော ခရီးသည်များအားလုံး သေဆုံးကုန်ကြသည်ဟု သိရသည်။ သွေးကွက်သွေးပွက်များမှာ မြင်ရမကောင်းဖြစ်သည်။ သေဆုံးသူများ ကျကျန်ရစ်ခဲ့သော ပစ္စည်းများနှင့် ပိုက်ဆံအကြွေများကို လိုက်လံရှာဖွေနေကြသည်။

ရွှေစည်းခုံဘုရားကို ဝင်ရောက်ဖူးမြော်ကြသည်။ ရွှေစည်းခုံဘုရားသည် အာနန္ဒာဘုရားကဲ့သို့ မုခ်ပေါက်တွေ၊ လိုဏ်ဂူတွေမပါဘဲ လုံးချောထုဆောက်ထားသော ဘုရားဖြစ်၍ အာနာန္ဒာဘုရားထက် နှစ်ပရိစ္ဆေဒ ကြာမြင့်ရှည်တည်တံ့ခိုင်မြဲဖွယ်ရာရှိသည်။ အောက်ခြေဖိနပ်တော်မှစ၍ ထီးတော်အထိ ရွှေချထားသဖြင့် နံနက်နေရောင်ဖြင့် ဝင်းလက်နေသည်။ ဘုရားရင်ပြင်တွင် ကျောက်မြင်းရုပ်တစ်ခုရှိသည်။

"နှစ်ကြိမ်ဟီပြီ၊ သုံးကြိမ်ဟီလျှင် ကျွန်စစ်မင်းပြန်လာလိမ့်မည်" ဟု အမေက ပြောသည်။ အမေသည် သူများပြောသည်ကို ယုံကြည်ပြီးပြောခြင်းဖြစ်သည်။ အတူပါသူ အမျိုးသမီးများက အမေပြောသည်ကို ယုံကြည်နေကြသည်။ ထိုခေတ်က ယေဘုယျအားဖြင့် ဝေဖန်ပိုင်းခြားခြင်းမရှိကြသေးပေ။



"စကြာမင်းလာလိမ့်မည်။ ဘိုးဘိုးအောင်ပါလိမ့်မည်။ ရွှေမိုးငွေမိုးရွာလိမ့်မည်"ဟူသော သိုက်တပေါင်များကို ယုံကြည်နေကြသော အချိန်ကာလဖြစ်သည်။

ထိုမှ ငှက်ပစ်တောင်သို့ သွားရောက် လေ့လာကြည့်ရှုကြပါသည်။

ငှက်ပစ်တောင်တွင် ထမင်းစားပြီး ညောင်ဦးလှေဆိပ်သို့ ဆင်းလာခဲ့ကြသည်။ ချိန်းဆိုထားသောလှေဖြင့် ရွာသို့ ရွက်ဖွင့်ပြန်လာကြရာ လေပြင်းပြီး လှိုင်းကြီးသည့်အတွက် လှေမှာ လှိုင်းတစ်လုံးနှင့် တစ်လုံးကြား နစ်တော့မလို၊ မြုပ်တော့မလို သည်းထိတ်ရင်ဖိုဖွယ်ရာ ဖြစ်သည်။ အမေနှင့်အမျိုးသမီးများက–

"ရွှေစည်းခုံဘုရား ကယ်မပါ"ဟု ဘုရားဆိကိုလှည့်၍ ရှိခိုးကြသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

# အကြောင်းမဆုံ၍ မပေါင်းရသောလည်းကွယ်

"သခြေပြကသီး၊ ရေကကြီး၊ ထန်းသီးကကြွေ၊ မိုးကစွေ" ဝါခေါင်လတွင် ဖြစ်ပေါ်တတ်သည့် သဘာဝများဖြစ်သည်။ ထို့ပြင် 'ရေပြင်ဖွေးဖွေး ကိုင်းဖွေး ဖွေး' 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်' ဆိုသည်နှင့်အညီ ဧရာဝတီမြစ်ကမ်းဘေးရှိ ကျွန်းကိုင်းရွာများ ရေနစ်မြုပ်နေကြသည်။

ကျွန်တော်တို့ရွာထဲတွင် ရင်ခေါင်းအထိ ရေမြုပ်သည်။ တချို့နေရာတွင် လူမြုပ်သဖြင့် တစ်အိမ်မှတစ်အိမ်သို့ ကူးသန်းသွားလာလိုလျှင် ပေးစရာ ကျွေးစရာရှိလျှင် လှေနှင့်သွားရပါသည်။ နွားများကို ကုန်းမြင့်ရွာများသို့ ပို့ ထားရသဖြင့် နွားစာနှင့် လူစာကို မနက်တစ်ခေါက် ညနေတစ်ခေါက် လှေဖြင့် ပို့ပေးကြရပါသည်။

ထမင်းမှာ ပဲနှင့်ရောချက်ထားသဖြင့် နီရဲရဲဖြစ်သည်။ ဟင်းမှာ လက်ပံပွင့် ခြောက်နှင့် ခရမ်းသီးခြောက်ကို ပဲပြုတ်ရေနှင့် ချက်ထားသည့်အတွက် ညှီ သည်းမည်းဖြစ်သည်။ ငါးပိဖုတ်၊ရေတ်သီးထောင်းလည်း ပါရှိသည်။ တစ်ခါတစ်ရံ ခြံစည်းရိုးရှိ ကသစ်ပင်မှ ကသစ်ရွက်ကို ရှူးချက်ကြသည်။ ဘာပဲချက်ချက် ဆာလှသည့်အချိန်ဖြစ်၍ စားလို့မြိန်ရှက်လှသည်။ ထမင်းဟင်းကို အိမ်ပေါ်၌ ချက်ပြုတ်ရသကဲ့သို့ အပေါ့အလေးသွားလျှင်လည်း အိမ်ပေါ်ကပင် သွားရ သည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ရသည်မှာ မြွေများ၊ ကင်းခြေမများ၊ ကင်းလိပ်များ အိမ်ပေါ် သို့ တက်လာတတ်ကြသဖြင့် ညအိပ်ရာဝင်လျှင် ကြမ်းပြင်ကို တဒုန်းဒုန်း ရိုက်ပုတ် ခြောက်လှန့်ကြသည်။ အိပ်ပျော်နေကြစဉ် မြွေများ အိမ်ပေါ်သို့ တက်လာတတ် သဖြင့် ညလုံးပေါက် မီးခွက်ထွန်းထားရသည်။ ခွေးများကိုလည်း အိမ်ပေါ်သို့ ခေါ်တင်ထားရသည်။ ခွေးသည် မြွေ၏လည်ကုတ်ကို ဆတ်ခနဲ ကိုက်ခဲပြီး 'တဖြုန်းဖြုန်း' ခါရမ်းလျက် သူ့ကိုယ်နှင့် ရိုက်သည်။ ကိုက်သည့်ဒဏ်၊ ရိုက် သည့်ဒဏ်ကြောင့် မြွေသည် ခေါင်းမထောင်နိုင်တော့ပေ။ ခွေးသည် သခင်အတွက် အလွန်အသုံးဝင်သောတိရစ္ဆာန်ဖြစ်သည်။

ဆယ်ယူထားသည့် ထင်းပုံများ လှိုင်းပုတ်၍ ပြိုကျလျှင် ရေစီးတွင် မျောပါမသွားအောင် အတားအဆီး ပြုလုပ်ရသည်။ ထိုအချိန်ကာလတွင် လူ့သေပါက ရွာသုသာန်တွင် မြှုပ်နှံမရသဖြင့် အလောင်းကို လှေနှင့်တင် ဆောင်ကာ ကုန်းမြင့်ရွာသချိုင်းသို့ သွားရောက်မြှုပ်နှံကြရသည်။ သိုင်းနှင်း လိုသူများက 'ရေကျမှ သေရော့ပေါ့ဟာ'ဟု ပြောကြပါသည်။ လူသည် မိမိ၏ စိတ်ဆန္ဒရှိသလို ဖြစ်စေချင်ကြသည်။

မြစ်ရေကျဆင်းသွားသောအခါ ဆောင်းသီးနှံများ စိုက်ပျိုးရန်အတွက် ထွန်ကြယက်ကြရသည်။ ပဲထိုးရသည်။ မြန်မာဆေးရွက်မျိုးစေ့များ၊ ဂေ့ဖ်မျိုးစေ့များ ပျိုးထောင်ကြရသည်။ လောဘကြီးသူများက 'ထူမှ ပါးမရ'ဟုဆိုကာ မျိုးစေ့များကို လိုအပ်သည်ထက် ပိုလွှန်၍ ထူထပ်စွာ ကြဲပက်ကြသည်။ စိုက်ပျိုးရာသီတွင် အချိန်မီစိုက်ပျိုးနိုင်ရန် အရေးကြီးသည်။

'ဦး၊ ကောင်း၊ နှောင်း၊ ညံ့' အချိန်နှောင်းလွန်းလျှင် မကောင်းပေ။ မျိုးစေ့ချရာ၌လည်း မြေအနေအထားနှင့် သင့်လျော်သည့်မျိုးစေ့ကို ချရသည်။ လွဲမှားသွားလျှင် အကျိုးရှိသင့်သလောက် မရှိတော့ပေ။ တောင်သူအလုပ်မှာ လည်း ဉာဏ်ပညာကို အသုံးပြုရပါသည်။ ဘာပဲလုပ်လုပ် ဉာဏ်ပညာပါမှသာ အကျိုးသက်ရောက်နိုင်မှု ရှိပါသည်။ 'ဉာဏဝန္တော ကမ္မသိဒ္ဓေါ' ဉာဏ်ရှိ လျှင် အောင်မြင်သည်ဟု ပညာရှိများက ဆိုကြပါသည်။

ရေလုပ်သား တံငါများလည်း အင်းထဲအိုင်ထဲတွင် ကျန်ရှိနေသော ငါးများကို နည်းအမျိုးမျိုးနှင့် ဖမ်းဆီးကြသည်။ ငါးမျှားသည်။ ယှဲသဲ့ထိုး သည်။ ကွန်ပစ်သည်။ ယင်းတားပြီး ဆည်ခံသည်။ ပိုက်တိုက်သည်။ ပိုက် တိုက်ခြင်းသည် တစ်ကြိမ်တည်းနှင့် ငါးအများဆုံး ရရှိသောလုပ်ငန်းဖြစ်သည်။



သို့ရာတွင် လိုင်စင်ချပေးသော တစ်လက်မထက် ပိုက်ပေါက်ကျဉ်းလျှင်း စိတ်လျှင်၊ ငါးသေးငါးမွှားများ ဆုံးရှုံးသွားမည်ဖြစ်၍ သက်ဆိုင်ရာမှ ပိုက်ကို သိမ်းယူပြီး ဒဏ်ငွေရိုက်သည်။

စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းများ လုပ်ကိုင်နေကြသည့်အတွက် ဖဲဝိုင်း၊ ကြက်ဝိုင်းများမရှိတော့ဘဲ ရွာမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ဦးဘသိန်း၊ ဒေါ်ပေါ်သယ်တို့က အလုပ်မနိုင်၍ 'လာရောက်ကူညီပါဦး'ဟု ခေါ်သဖြင့် ပခုက္ကူသို့ သွားရောက်နေထိုင်ပါသည်။ လုပ်ခ မရသော်လည်း ခင်မင်သော ကိုခင်မောင်နှင့် တတွဲတွဲနေရခြင်း၊ ဖဲရိုက်ရခြင်း၊ ရုပ်ရှင်ကြည့် ရခြင်း၊ အိမ်ထက် ထမင်းဟင်းလျာ ပိုကောင်းခြင်းတို့ကြောင့် ပခုက္ကူတွင် ပျော်ရွှင်နေပါသည်။

တစ်နေ့သောနံနက်တွင် ကျွန်တော်သည် ဆွမ်းခံကြွလာသည့် ဘုန်းကြီး များကို ဆွမ်းလောင်းနေစဉ် 'ဟော့ ဟော့ အုံးဖေ'ဟု ခေါ်သံကြား၍ ကြည့်လိုက် ရာ မြင်းလှည်းပေါ်တွင် အချစ်ဦးမအေးယုကို တွေ့မြင်ရ၍ ဝမ်းသာသွားသည်။ ဆွမ်းခွက်ကို မအေးဂျမ်းသို့ပေးအပ်ပြီး မအေးယုထံ သွားပါသည်။ မတွေ့ ရသည်မှာ သုံးနှစ်ကျော်ပြီဖြစ်၍ မအေးယုသည် တစ်သားမွေး တစ်သွေးလှ ဖြစ်ရှိနေသည်။ ကျွန်တော့်ကိုတွေ့ရ၍ ဝမ်းသာနေသလားမသိ ပြုံးရွှင်နေပါ သည်။

"အလုပ်အားရင် ပန်းပဲတိုက်ကို လိုက်ခဲ့စမ်းပါ"

ပန်းပဲတိုက်မှာ မြို့အရှေ့ဖျားရှိ ရပ်ကွက်အမည်ဖြစ်သည်။

"လိုက်မယ် ခဏနေဦး"

လုံချည်အင်္ကျီများ လဲလှယ်ကာ မအေးဂျမ်းကို အကျိုးအကြောင်းပြော ပြီး မြင်းလှည်းနှင့် ထွက်လာခဲ့ကြသည်။ မြင်းလှည်းပေါ်တွင် မျက်နှာချင်းဆိုင် ဖြစ်၍ တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ စကားပြောရသည်မှာ ကြည်နူးချမ်းမြေ့ လှပါသည်။

"ပုဂံ အာနန္ဒာဘုရားပွဲသွားချင်လို့ လိုက်ပို့စမ်းပါ"

"ဘယ်သူပါသေးသလဲ"

"ဘယ်သူမှ မပါဘူး"

လိုက်ပို့ရန်သင့်မသင့် စဉ်းစားသည်။ မအေးယုသည် အချစ်ဦးဖြစ်သော် သည်း ယခုအချိန်တွင် ကိုစိန်ဖုး၏ဇနီး ဖြစ်သည်။ ရိုးသားသောသဘောနှင့်

www.burmeseclassic.com

www.burmeseclassic.com



သွားလာခြင်းဖြစ်စေကာမူ အကြောင်းသိသူများ တွေ့မြင်သွားပါက တရဲ့တမည် ထင်ကြပေမည်။

"အမျိုးသမီး အဖော်တစ်ဦးတော့ ခေါ်ခဲ့ဖို့ကောင်းတယ်"

"တည်းအိမ်က မမြကြည်တို့ညီအစ်မနှင့်အတူ သွားဖို့ စိစဉ်လာတာ။ ညီမ မလှရီနေမကောင်းလို့ သူတို့ညီအစ်မက မလိုက်နိုင်တော့ဘူး"

ထိုအခိုက်မှာပင် မြင်းလှည်းသည် အိမ်ကြီးတစ်အိမ်ရှေ့သို့ ရပ်လေသည်။ မအေးယုကခေါ်၍ အိမ်ထဲသို့ လိုက်ပါသွားသည်။

"မအေးယု ပြန်လာပြီလား"ဟု အမျိုးသမီးတစ်ဦးက မေးသည်။

"ပြန်လာပြီ။ အဖော်လည်း ရခဲ့ပြီ"

အဘွားကြီးနှင့် အမျိုးသမီးများက ကျွန်တော့်ကို ကြည့်ကြသည်။

"သူက လွန်ခဲ့တဲ့လေးနှစ်လောက်က အတူနေခဲ့ဖူးတယ်။ အခုတော့ ကုက္ကိုတန်းက အစ်ကိုတစ်ဝမ်းကွဲအိမ်မှာ နေတယ်"

မအေးယုက ကျွန်တော့်အကြောင်း ပြောပြသည်။ ကျွန်တော်ကား ဘာမျှမပြောဘဲ ဣန္ဒြေနှင့်ထိုင်နေသည်။

"အုံးဖေ သင်္ဘောဘယ်အချိန်ရှိသလဲ"

"ညနေသုံးနာရီလောက်မှာ ဆိမ်းခုံက ထွက်လာတဲ့သင်္ဘောရှိတယ်"

"ဒါဖြင့် နေ့လယ်နှစ်နာရီလောက်မှာ မြင်းလှည်းနှင့် ငါလာခေါ်မယ်။ အဆင်သင့်လုပ်ထားပါ"

ဤသို့ဖြင့် နှစ်ဦးတည်း ခရီးသွားရန် ဖန်တီးလာခြင်းဖြစ်သည်။

ကျွန်တော် အိမ်ပြန်ရောက်သောအခါ မအေးဂျမ်းက မေးမြန်းသဖြင့် အကျိုးအကြောင်းကို ပြောပြလိုက်ပါသည်။

"သူများမိန်းမကို မပြစ်မှားနှင့်နော်။ အလွန်အပြစ်ကြီးတယ်"ဟု မအေးဂျမ်းက ဆုံးမပါသည်။

"စိတ်ချပါ အပြစ်ကြီးမှန်း ကျွန်တော်သိပါတယ်။ မဖြစ်စေရပါဘူး"ဟု ပြောလိုက်ပါသည်။ မအေးယုလာမည်သိ၍ ကိုခင်မောင်ရော ဒေါ်ပေါပါ သည်ပါ စောင့်နေကြပါသည်။ မအေးဂျမ်းက ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ မြေပဲလှော်များနှင့် ဧည့်ခံရန် စီစဉ်နေပါသည်။ မအေးယု ရောက်လာပါသည်။

ကျွန်တော်က ဖွတ်အတင်းခေါ်သဖြင့် အိမ်ထဲသို့ လိုက်ပါလာသည်။ ကျွန်တော်က ဒေါ်ပေါပါသယ်၊ ကိုခင်မောင်၊ မအေးဂျမ်းတို့နှင့် မိတ်ဆက်ပေး



ပါသည်။ မအေးယုလာသည့်အကြောင်းကိုလည်း ပြောပြပါသည်။ သို့ရာတွင် သူတို့သည် ကျွန်တော်တို့ကို သံသယရှိနေသည်ဟု ထင်ပါသည်။ မြေပဲလှော် အနည်းငယ်စားကာ နှုတ်ဆက်ပြီး သင်္ဘောဆိပ်သို့ ဆင်းလာကြပါသည်။ မအေးဂျမ်းက သင်္ဘောပေါ်၌စားရန် မြေပဲလှော်များကို စက္ကူအိတ်နှင့် ထည့်ပေးလိုက်ပါသည်။

ကျွန်တော်တို့ သင်္ဘောဆိပ် ရောက်ချိန်တွင် သင်္ဘောကပ်နေပါပြီ။ အာနန္ဒာဘုရားပွဲသွားကြသူများနှင့် သင်္ဘောအပေါ်ထပ် အောက်ထပ် ပြည့်ကြပ်နေပါသည်။ သင်္ဘောမြောက်ဘက်လက်ရမ်းတွင် နှစ်ဦးထိုင်ဖြစ်ရုံမျှ နေရာရရှိသည်။ မအေးယုတွင်ပါသည့် ခင်းစောင်ကလေးကိုခင်း၍ ကြပ်ကြပ်တည်းတည်း ထိုင်ကြရပါသည်။

မအေးယုကို အားနာ၍ တစ်နေရာသို့သွားရောက်ထိုင်နေရလျှင် (သို့မဟုတ်) မတ်တတ်ရပ်နေရလျှင် ကောင်းမည်ဟု စဉ်းစားနေခိုက်မှာပင် မအေးယုက သူခြုံနေသည့် ကတ္တီပါစောင်တစ်ဝက်ကို ကျွန်တော့်ခြုံပေးပါသည်။ ဆောင်းလေအေးကြောင့် ချမ်းစိမ့်နေမည်ကို စိုးရိမ်၍ ဖြစ်ဟန်ရှိပါသည်။

သနပ်ခါးနံ့၊ ပေါင်ဒါနံ့များက သင်းပျံ့နေသည့်အပြင် လူချင်းထိကပ်နေရသဖြင့် စိတ်လှုပ်ရှားလာသည်။ 'သူများသားမယားကို ကျူးလွန်ပြစ်မှားခြင်း မပြုဘူး'ဟု စိတ်တင်းထားလင့်ကစား ဖက်ရမ်းနမ်းရှုပ်လိုသောဆန္ဒ ပြင်းပြလာသည်။ ရည်းစားဘဝကလည်း ဖက်ရမ်းနမ်းရှုပ်ခဲ့ဖူးသဖြင့် ပတ်ဝန်းကျင်တွင် လူများမရှိပါက ဆိတ်ငြိမ်သော နေရာဒေသဖြစ်ပါက ထိန်းချုပ်နိုင်စွမ်းရှိမည်မထင်ပေ။ အတွေ့ကိုရှောင်နိုင်ခဲ့သည်။ မှောင်တကာ့အမှောင်တွင် ကာမမှောင်သည် အနက်ရှိုင်းဆုံး၊ အမှောင်ဆုံးဖြစ်သည်။ အချိန်မီ သတိတရားရရှိလာသည်။

ကာမေသုမိစ္ဆာစာရကံကြောင့် နှစ်ပေါင်းများစွာ အဝီစိငရဲတွင် ခံစားနေကြရသော ဒု–သ–န–သော ငရဲသားကြီးများကို အမှတ်ရပြီး ထိတ်လန့်ကြောက်ရွံ့သွားသည်။ တော်ပါသေး၏။ အချိန်မီ ရာဂစိတ်ကို ထိန်းချုပ်နိုင်လိုက်သည်။ အာရုံလွှဲပြောင်းသည့်သဘောဖြင့် စက္ကူအိတ်ထဲမှ မြေပဲလှော်များကို မအေးယုထံ ကမ်းပေးသည်။ ကျွန်တော်လည်း စားသည်။ ဘောမှုန့်များကိုလည်း ဝေသည်။ အကြောင်းရှာပြီး စကားပြောရသည်။

"အာနန္ဒာဘုရားပွဲသွားမယ့်အကြောင်း ကိုစိန်ကို ပြောခဲ့ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ပြောခဲ့တယ်။ စိတ်ပြေလက်ပျောက် ပခုက္ကူက အဖော်တွေနဲ့ ဘုရားဖူးသွားဦးမယ် ပြောပြီး ထွက်လာခဲ့တာပဲ"

"မအေးယုမှာ စိတ်ဆင်းရဲစရာ ဘာတွေရှိလို့လဲ"

"ရှိတာပေါ့။ အများကြီးပဲ။ စိန်ဖူးက ဖဲရိုက်တယ်။ ဖဲဝိုင်းက ထတာ လို့ မရှိဘူး။ သားလေးသေရတာလည်း သူပေါ့လျော့လို့ ဖြစ်ရတာ။ ဒါကြောင့် သူ့ကို မကျေနပ်ဘူး"

"ဟောဗျာ ကလေးဆုံးသွားတာ ကျွန်တော် မသိဘူး။ အခုတောင် သားကလေး နေကောင်းရဲ့လားလို့ မေးမလို့"

"အစကတည်းက ချစ်လို့ယူရတာ မဟုတ်ဘူး။ မဖြစ်လို့ ယူရတာ ငါတကယ်ချစ်တဲ့သူက"

"တော်ပါတော့ မအေးယုရာ။ စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့ နော့"

ရှေ့ဆက်မပြောရန် ပိတ်ပင်လိုက်ရသည့်တိုင်အောင် ရင်ထဲတွင် ဝေဒနာ တစ်ခုရှိသလို ခံစားရသည်။ ညနေ ငါးနာရီအချိန်ခန့်တွင် ညောင်ဦးရောက် ပါသည်။ မအေးယုက ခေါက်ဆွဲကြော်စားလိုသည်ပြော၍ ဈေးအနီးရှိ တရုတ် ခေါက်ဆွဲဆိုင်ဝင်၍ ခေါက်ဆွဲကြော်နှစ်ပွဲနှင့် ဝက်နံကင်တစ်ပွဲ မှာလိုက်သည်။ ခေါက်ဆွဲစားလိုက်၊ ဝက်နံကင်ဝါးလိုက်၊ ဟင်းရည်သောက်လိုက်၊ လွတ်လပ်စွာ စကားပြောလိုက်နှင့် ပျော်ရွှင်နေကြသည်။

"ငါပေးလိုက်တဲ့ ရခိုင်လုံချည် ရှိသေးသလား"

"မရှိတော့ဘူး။ ဖဲပေါင်ရိုက်လို့ ဆုံးသွားပြီ"

မုသားမပြောလို၍ အမှန်အတိုင်းပြောလိုက်သည်။

"မင်းနဲ့ညားရင်လည်း ဖဲသမားမယား ဖြစ်ဦးမှာပဲ"ဟု ပြောသဖြင့် စိတ်မကောင်း ဖြစ်မိပါသည်။

အာနန္ဒာဘုရားပွဲသို့ ရောက်သောအခါ ပုဂံဆရာတော်ကျောင်းသို့ သွား ပါသည်။

အမေတို့ ဘုရားဖူးလာလျှင် ထိုကျောင်းဇရပ်တွင် တည်းခိုတတ်သဖြင့် သွားရောက်ခြင်းဖြစ်သည်။ ထင်သည့်အတိုင်းပင် ဇရပ်တွင် အမေတို့ ဘုရားဖူး အဖွဲ့နှင့်တွေ့ရ၍ ဝမ်းသာသွားသည်။ အဖွဲ့တွင် ကျွန်တော်နှင့် ခင်မင်ရင်းနှီး သော မငွေစိန်နှင့် မရှိန်၊ ညီအစ်မအပြင် အခြားအမျိုးသမီးများလည်း ပါ ကြသည်။



ကျွန်တော်က မအေးယုအကြောင်းကိုပြောပြပြီး ရုပ်ရှင်ကြည့်လျှင် မအေးယုကို ခေါ်သွားဖို့ပြောရာ အမေက မတော်ရသောချွေးမကို 'လိုက်ခဲ့'ဟု လိုလိုချင်ချင် ခေါ်ပါသည်။ မအေးယုက ကျွန်တော့်ပါ လိုက်စေချင်သည်။ လိုက်သွားလျှင် တွေ့ပူးကပ်ထိုင်ကြမည်။ ထိုအခါ အထင်လွဲစရာဖြစ်လိမ့်မည်ဟူသောသဘော ဖြင့် ဘုန်းတော်ကြီးကျောင်း၌ပင် နေရစ်ခဲ့ပါသည်။

နံနက်လင်းကြက်တွန်ချိန်တွင် ဆွမ်းဟင်းလျာများ ချက်ပြုတ်ရန်အတွက် နိုးလာကြပါသည်။ မအေးယုက ကျွန်တော်စားရန် ဘူးသီးကြော်၊ ဘယာ ကြော်များ တစ်ထုပ်တစ်ပိုး ဝယ်ယူလာသဖြင့် အားလုံး ဝိုင်းဝန်းစားကြရသည်။

ဆွမ်းဟင်းများချက်ပြီး အာနန္ဒာဘုရားသို့ ဆွမ်းကပ်သွားကြရာ မအေး ယုကိုပါ ခေါ်သွားကြပါသည်။ တွေ့ကြုံရသည်မှာ တစ်ညတာမျှသာ ရှိသေး သော်လည်း မအေးယုကို ခင်မင်နေကြဟန် ရှိပါသည်။ နေ့လယ်အချိန့် မအေးယုကို ဘုရားများဖူးမြော်ရန် လိုက်လံ ပို့ဆောင်ပေးပါသည်။ အာနန္ဒာ ဘုရားဖူးပြီးလှည့်လည်ကြည့်ရှုကြပါသည်။ ပုဂံတွင်ရှိသည့် ဘုရားများအနက် အာနန္ဒာဘုရားသည် ကြည်ညိုဖွယ်ရာ အကောင်းဆုံးနှင့် လေ့လာကြည့်ရှုစရာ အများဆုံးဖြစ်ပါသည်။ သဗ္ဗညုဘုရားကို သွားရောက်ဖူးမြော်ကြသော်လည်း မအေးယုက ပွဲဈေးတန်းကိုသွားလိုသဖြင့် ဘုရားပေါ်သို့ မတက်ကြတော့ပါ။

ပွဲဈေးတန်းတွင် မအေးယုသည် သူ့အတွက် အဝတ်အစားများ ဝယ်ယူ သကဲ့သို့ ကျွန်တော့်အတွက် ကြယ်ပြာရောင် မန္တလေးပိုးလုံချည်တစ်ထည် ဝယ်ပေးပါသည်။ မယုသင့်ဘူးထင်၍ မယုဘဲ ကိုစိန်ဖူးကိုပေးရန် အကြံပေးလိုက် ပါသည်။

"မင့်ကို ဝတ်စေချင်လို့ပေးတာ။ ငါပေးတဲ့လုံချည်ကိုဝတ်ပြီး ငါ့ကို အမှတ်ရနေမယ်ဆိုရင် ငါကျေနပ်ပါပြီ"

မအေးယု၏အသံမှာ ဆို့နစ်နေသကဲ့သို့ မျက်အိမ်တွင် မျက်ရည်များ ဆုဝဲနေပါသည်။

ကျွန်တော်သည် မအေးယုအသံနှင့် မအေးယုမျက်နှာကိုကြည့်ပြီး ဝမ်းနည်းသလိုလို ဆွေးမြည့်သလိုလို ဖြစ်နေပါသည်။ သူ၏စိတ်ဆန္ဒမှာ သူ့ လုံချည်ကိုဝတ်ပြီး သူ့ကို အမှတ်ရနေစေလိုသည့်သဘောမျိုး ဖြစ်သည်။ မယု ဘဲ ငြင်းဆန်နေပါက သူ့အပေါ် ချစ်ခြင်းမေတ္တာ မရှိသလို ဖြစ်နေမည်စိုး၍ ယူလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြန်တွင် မအေးယုသည် စွန်ပလွန်ယိုများနှင့် ငါးရံ့ခြောက်များ ဝယ်ယူခဲ့ပါသည်။ ဇရပ်ရောက်သောအခါ အိုးခွဲချက်ပြုတ် စားသူများကို ဝေပေးသည့်အပြင် အမေ့ကို သရက်ထည်ထဘီ လက်ဆောင်ပေး၍ ဝင်ခကန်တော့သည်။

'ဣစ္ဆိတံ ပတ္တိတံ တုံယှံ ခိပ္ပမေဝ သမိဇ္ဈတု' လိုအပ်သောဆုနှင့် ပြည့်စုံပါစေဟု အမေက စာတတ်ပေတတ်ဆန်ဆန် ဆုပေးပါသည်။ ကျွန်တော်သည် မအေးယု၏ လုပ်ရပ်ကိုကြည့်ပြီး မအေးယုကို အထင်ကြီးသွားသည့်အပြင် မအေးယုကို မရရှိခြင်းသည်ပင် မှားသည်ဟု ထင်မိပါသည်။

ကျေးလက်တောရွာနေ အမျိုးသမီးများသည် ဇာတ်သဘင်ကို အလွန်ခုံမင်မက်မောကြသည်။ ဇာတ်မင်းသား၊ ဇာတ်မင်းသမီးများ သီဆိုကြသော သီချင်းများကို စာမတတ်သူဖြစ်စေကာမူ သူတို့ရလွယ်၊ ဆိုလွယ်တတ်ကြသည်။ လုပ်ငန်းခွင်တွင် ဇာတ်မင်းသား မင်းသမီးများကဲ့သို့ သံနေသံထားနှင့် သီဆိုကြသည်ကို နားထောင်ရသည်မှာ အရသာရှိလှပါသည်။

ညဇာတ်ပွဲသွားကြသည်။ ခေါင်းဆောင်လုပ်သူ အမေကိုယ်တိုင်က ဇာတ်ပွဲဝါသနာကြီးသူဖြစ်သည်။ မအေးယုကို စောစောပြန်ခဲ့ရန် မှာလိုက်သည်။ ညောင်ဦးမှထွက်သော ဆိမ်းခုံသင်္ဘောနှင့် ပခုက္ကူသို့လိုက်ရန်ဖြစ်သည်။ မိုးလင်းခါနီးမှ ဇာတ်ပွဲကြည့်သူများနှင့်အတူ ပြန်လာပါသည်။ မအေးယု သင်္ဘောမီအောင် ပြန်မလာ၍ အပြစ်တင်သည်။ အမေတို့က ရွာကိုလိုက်ခဲ့ရန်ခေါ်၍ 'လိုက်ဦးမည်'ဖြစ်ကြောင်း ပြောပါသည်။

ရက်တွေကြာတော့ ကိုစိန်ဖူးက မျှော်နေမည်ဖြစ်၍ ထနောင်းကုန်းရွာသို့ မလိုက်ရန် ကျွန်တော်က ပြောပါသည်။

“ကိစ္စမရှိဘူး။ စိန်ဖူးက ဖဲလောက် ငါ့ကို ဂရုမစိုက်ဘူး။ မင်းလည်း မိန်းမရရင် စိန်ဖူးလိုမဖြစ်စေနှင့်ပေါ့ကွာ”

မအေးယုသည် သူ့ခံစားချက်အရ စာနာစိတ်ဖြင့် ပြောခြင်းဖြစ်သည်။ ကျွန်တော်သည် ကိုယ့်အကြောင်းကိုယ်သိ၍ 'ဟုတ်ကဲ့ပါ'ဟု အာမခံ မခံလိုက်ပါ။

နံနက်စာထမင်းစားပြီး ဘုန်းတော်ကြီးကို ဝပ်ချကန်တော့၍ ထွက်လာကြပါသည်။ ညောင်ဦးရွှေစည်းခုံဘုရားကို ဖူးမြော်ပြီး လှေလာကြည့်ရပါသည်။ ထို့နောက် လှေဆိပ်သို့ ဆင်းလာခဲ့ကြပါသည်။ အမေတို့စီးလာကြသော



လှေဖြင့် ဆန်တက်ခဲ့ကြပါသည်။ ပြာသိုလဖြစ်၍ လှိုင်းလေမရှိသည့်အပြင် မြစ်ပြင်လည်း ကျဉ်းမြောင်းနေသည်။ ရေသာခို၍ လော်ခတ်လာခဲ့ကြသည်။ သံပုရာပင်ကုန်းရွာအနီး ရောက်သောအခါ မုရင်းစပါး စိုက်နေကြသည့် အမျိုးသမီးများကို တွေ့ရသည်။ 'ပြာသိုလမိုက် မုရင်းစိုက်'ဟု ဆိုကြသည်။ ခု သူတို့စိုက်နေကြသည်မှာ ပြာသိုလပြည့်ကျော် တစ်ရက်နေ့ဖြစ်၍ စာဆိုထက်စောနေပါသည်သည်။

“ဟော မအေးယုပါလား”ဟု အံ့အားသင့်သည့်လေသံဖြင့် မုရင်းစိုက်သူ အမျိုးသမီးတစ်ဦးက နှုတ်ဆက်ပါသည်။

“ဟုတ်တယ်။ ကျွန်မ ဘုရားဖူးလာရာက ထနောင်းကုန်းရွာကို မရောက်တာ ကြာလို့ လိုက်လာတာ”

“ကျွန်မတို့ရွာ ဝင်ပါဦးလား”

“ဝင်ချိန်မရတော့ဘူး မချင်းရယ်။ နောက်မှ စိန်ဖူးနှင့် အလည်လာခဲ့ဦးမယ်”

မချင်းသည် ရေစကြိုမြို့ ဒေါ်အုန်းပွင့်အိမ်မှာ နေဖူးသည်။ ဒေါ်အုန်းပွင့်၏တူအရင်း ကိုကြွယ်နှင့် အိမ်ထောင်ကျပြီး သံပုရာပင်ကုန်းရွာတွင် နေထိုင်ကြသည်။

“ငါ ထနောင်းကုန်းလိုက်လာတာ စိန်ဖူးသိတော့မယ်”

“ကိုစိန်ဖူးကမေးရင် ဘယ်လိုပြောမလဲ”

“မှန်တဲ့အတိုင်း ပြောလိုက်မှာပေါ့”

ထနောင်းကုန်းရွာ ရောက်သောအခါ မအေးယုကို မငွေစိန်နှင့် မရှိန်တို့အိမ်မှာ တည်းခိုနေထိုင်စေပါသည်။ သူတို့အိမ်မှာ ကျယ်ဝန်းသန့်ရှင်းပြီး စားရေးသောက်ရေးအတွက် မပူပင်ရပါ။ ဦးသာရင်၊ ဒေါ်ဆွဲမိတို့တွင် သားသမီးလေးဦးရှိသည်။ ကိုလှဆို၊ ကိုတိုး၊ မငွေစိန်နှင့် မရှိန်တို့ဖြစ်ကြသည်။ ၎င်းတို့အနက် ကိုတိုးတစ်ဦးပဲ အိမ်ထောင်ကျသေးသည်။ ကိုတိုး၏ဇနီးမှာ ကျွန်တော်၏ အမေစုံအဖေကွဲ အစ်မအရင်း မပန်းလှိုင်ဖြစ်သည်။ သူတို့သည် ကျွန်တော်တို့နှင့်အတူ နေကြသည်။ ဦးသာရင် ဒေါ်ဆွဲမိတို့အိမ်မှာ ရွာလမ်းကြီးဘေးတွင်ဖြစ်၍ အဝင်အထွက် လွယ်ကူသည့်အပြင် ကျွေးမွေးလိုသော စေတနာကလည်း ရှိသည်။ အလုပ်မရှိလျှင် ဖဲမရိုက်ရလျှင် သူတို့အိမ်သို့ အလည်လာလေ့ရှိသဖြင့် ခင်မင်ရင်းနှီးသည်။ ဆွေမျိုးလည်း တော်စပ်သည်။

www.burmeseclassic.com



ပြာသိုလပြည့်ကျော် တစ်ရက်နေ့ညဖြစ်၍ လမှာ ထိန်ထိန်သာနေသည်။ ဘုရားဖူးပါသူအချို့ကလည်း စားဖွယ်ရာများ လာရောက်ပေးပို့ကြသည်။ အိမ်ရှေ့မီးဖိုတွင်ဝိုင်းထိုင်ပြီး တပျော်တပါး ပြောင်းဖူးများ ဖုတ်စားကြသည်။ မအေးယုက ရေစကြိုတွင် ဝယ်စားရသော ပြောင်းဖူးထက် ကောင်းသည်ဟု ပြောပါသည်။ လတ်ဆတ်၍ ဖြစ်ပါသည်။ ညအိပ်သောအခါ မအေးယုသည် အိမ်အပေါ်ထပ်တွင် မငွေစိန်၊ မရှိန်တို့နှင့်အတူ အိပ်ကြသည်။ ဘုရားဖူးအဖွဲ့ဝင်အချို့ပါ လာရောက် အိပ်ကြသည်။ ကျွန်တော်က အိမ်အောက်၌ အိပ်ပါသည်။ နံနက်မိုးလင်းချိန်တွင် ဒေါ်ဆွဲမိက ကောက်ညှင်းပေါင်းကို နှမ်းထောင်းဖြူးပြီး ဆီစိုစိုဆမ်း၍ ပူပူနွေးနွေးကျွေးရာ စားလို့ကောင်းလှပါသည်။ မအေးယုသည် ထနောင်းကုန်းရွာတွင် ပျော်ရွှင်နေပါသည်။

သို့သော် သူ၏အိမ်ထောင်ရေးအတွက် စိုးရိမ်သဖြင့် မနက်ဖြန် ပခုက္ကူ ပြန်ရန်လှည်းစီစဉ်ထားကြောင်း ကျွန်တော်ကပြောသောအခါ –

"ငါလာတာ မင့်ကို ဒုက္ခပေးသလို ဖြစ်နေတယ်"

"ဒုက္ခလို့ မထင်ပါဘူးဗျာ။ မအေးယုလာလို့ ကျွန်တော် ဝမ်းသာပါတယ်"

"ငါလည်း မင့်ကို တွေ့မြင်လိုက်တယ်ဆို စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး"

မအေးယုသည် ပွင့်လင်းသည်၊ ရိုးစင်းသည်၊ ပရိယာယ်မသုံးဘဲ စိတ်ထဲရှိသလို ပြောသည်ကို ကျွန်တော် သဘောကျသည်။ ကျွန်တော်ကိုယ်တိုင်လည်း မုသားပြောရမည်ကို အလွန်တာဝန်ကြီးသည်။ ပရိယာယ်ကိုပင် မုသားထဲ တစ်စိတ်တစ်ပိုင်း အကြုံးဝင်၍ အသုံးမပြုပေ။ ဒါကလည်း ဆရာဘုန်းတော်ကြီး၏ သွန်သင်ဆုံးမမှုပင် ဖြစ်သည်။

နောက်တစ်နေ့နံနက်တွင် ငါးကြော်နှင့် ထမင်းပူပူစားပြီး ညီဝမ်းကွဲတော်သူ ကိုအုန်းစိန်၏လှည်းယဉ်ကလေးနှင့် ပခုက္ကူသို့ ထွက်လာကြသည်။ မအေးယုက အားလုံးကိုနှုတ်ဆက်၍ ရေစကြိုမြို့သို့ အလည်လာရောက်ရန် ဖိတ်ခေါ်ပါသည်။ မအေးယုပြန်သွား၍ ခင်မင်ရင်းနှီးသူများမှာ စိတ်မကောင်း ဖြစ်နေကြပါသည်။ နွားများမှာ ခြုံလုံးများ ပန်းဖွားများ တပ်ဆင်ထား သဖြင့် မြူးကြွနေသည်။ နဖားကြိုးကိုပင် ဆွဲထားရသည်။



ကျွန်းညို၊ ကျွန်းဦး၊ လယ်ယာစုရွာများသို့ ရောက်သောအခါ စိုက်ပျိုးထားသော သီးနှံခင်းများနှင့် ဟင်းသီးဟင်းရွက်ခင်းများကို အလျှဉ်မပြတ် တွေ့မြင်ရသည်။ ခရမ်းချိုး၊ ခရမ်းချဉ်၊ မုန်လာ၊ ဆလတ်ရွက်၊ ပဲသီး၊ ရုံးပတီသီး၊ နံနံပင်နှင့် ကြက်သွန်တို့အပြင် ဖရုံပင်၊ ဘူးပင်များလည်း ပွင့်ဖူးတွေနှင့် သီးနေကြသည်။ 'ဖရုံမြေလူး၊ ဘူးစင်ခံ'ဟု အဆိုရှိသော်လည်း ဘူးပင်များမှာ စင်မခံဘဲနှင့် အတုံးအရုံး သီးနေကြသည်။ ဟင်းသီးဟင်းရွက်များမှာ နှင်းဆမ်းထားသဖြင့် လန်းဆန်းနေသည်။ ကြည့်ရမြင်ရသည်မှာ အားရစရာ ကောင်းလှပါသည်။

"မိန်းမယူဖို့ကောင်းပြီ"ဟု မအေးယုက ပြောပါသည်။

"ကြိုက်သူမှ မရှိသေးဘဲနဲ့"

"မသော့စိန်ဆိုတာ ရှိတယ်မဟုတ်လား"

"ဒါကလည်း မသေချာမရေရာသေးပါဘူးဗျာ"

"မင်္ဂလာဆောင်ရင် ငါတို့ကို ဖိတ်ပါဦးကွာ"

ကုက္ကိုလှရွာသို့ ရောက်လာကြသည်။ ရေနွေးကြမ်းနှင့် ဘူးသီးကြော် ဝယ်စားကြသည်။ နံနံပင်၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ချဉ်ရည်ဆမ်းနှင့် စားလို့ကောင်းလှပါသည်။ သည်ခရီးလမ်းတွင် သည်အကြော်ဆိုင်ပဲရှိသဖြင့် ကုက္ကိုလှရွာရောက်လျှင် စားကြနားကြစမြဲ။

ရေစကြိုကားဂိတ် ရောက်သောအခါ ကိုအုန်းစိန် လှည်းကို ရွာပြန်လွှတ်လိုက်ပါသည်။ စားလိုရာစားရအောင် ပိုက်ဆံငါးမူး ပေးလိုက်သည်။ ဟင်းလျာမျိုးစုံနှင့် ထမင်းအဝစားမှ တစ်မတ်ပေးရသည်။ ခန်တောဈေးတွင် မုန့်ဟင်းခါးလက်သုပ် ဝယ်စားလျှင် အမဲကြော်တစ်ခုနှင့် ဟင်းသောက်ပန်းကန် အပြည့်အမောက်မှ ငါးပြားပေးရပါသည်။ ခန်တောဈေး မုန့်ဟင်းခါးသည် နာမည်ကြီးသည်။

မော်တော်ကားထွက်ခါနီးတွင် ဖဲမရိုက်၊ အရက်မသောက်ဖို့ မအေးယုက ပြောပါသည်။ ကောင်းစေလိုသော မေတ္တာစေတနာနှင့် ပြောခြင်းဖြစ်ပါသည်။ တစ်ဦးနှင့် တစ်ဦးအကြောင်းမဆုံ၍ မပေါင်းရသော်လည်း မအေးယုအပေါ် ချစ်ခြင်းမေတ္တာရှိနေသကဲ့သို့ မအေးယုသည်လည်း ကျွန်တော့်အပေါ် ချစ်ခြင်းမေတ္တာ ရှိနေဆဲဖြစ်ပါသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓစေနော ဥမ္မတ္တကောတဲ့

ကိုယ်နှင့်မဆိုင် ကိုယ်မပိုင်သော်လည်း ,အချစ်ဦးဖြစ်၍ မအေးယုကို လွမ်းနေပါသည်။ ရည်းစားဘဝက ပျော်ရွှင်စွာ နေထိုင်ခဲ့ရသည်များကို ပြန်လည်သတိရနေပါသည်။ အသက်ဆယ့်ခုနစ်နှစ်အရွယ် ဒေါ်အုန်းပွင့်အိမ် နေစဉ်ကဖြစ်သည်။

"ဟဲ့ အုံးမေ၊ မနက်ဆွမ်းလောင်းဖို့ ဘာဝယ်ထားသလဲ"ဟု ဒေါ်အုန်းပွင့်က မေးပါသည်။

"အစ်မဝယ်မယ်ထင်လို့ ကျွန်တော် ဘာမှ မဝယ်ဘူး"

အချိန်မှာ ညဆယ်နာရီခန့်ဖြစ်သည်။

"ဒီအချိန်ကျမှ ဘာမှဝယ်မရတော့ဘူး။ ဘယ်လိုလုပ်မလဲ"

ကျွန်တော်က ငါးရံ့ခြောက်ကို မန်ကျည်းသီးမှည့် ဆီပြန်ချက်လောင်း လှူမည်ဟုပြောရန် စိတ်ကူးနေခိုက် အနီးရှိ ဦးကျားလူက–

"ငါတို့အိမ်မှာ ခရမ်းချဉ်ရှိတယ်။ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် ဆီသတ်ပြီး လောင်းလိုက်ပေါ့"ဟု အကြံပေးသည်။ (ခရမ်းချဉ်ဆိုသည်မှာ ခရမ်းသီးကို အချဉ်လုပ်ထားခြင်းဖြစ်သည်။)

"အခုအချိန်မရှိတော့ဘူး။ နံနက်စောစော သွားယူမယ်"ဟု ပြောလိုက်ပါသည်။

မအေးယုနှင့် တွေ့ရမည်ဖြစ်၍ ဝမ်းသာနေပါသည်။ အိပ်လို့ပင် မပျော်ပါ။ အချိန်တွေ ကုန်စေချင်နေပါသည်။ နံနက် လေးနာရီခန့်တွင် အိပ်ရာမှထပြီး ဆွမ်းအိုးတည်သည်။ မအေးယုကို တွေ့ရမည့်ဆန္ဒ ပြင်းပြ နေသဖြင့် စိတ်မှာ ဂဏှာမငြိမ်ဖြစ်နေသည်။ ငါးရံ့ဆန်ချက်ရမည့်အစား

www.burmeseclassic.com

www.burmeseclassic.com



ကောက်ညှင်းဆန်ကို ချက်မိသည်။ ကျွန်တော်မသိပါ။ ကျွန်တော်သိသောအခါ အချိန်လွန်နေပါသည်။ ထမင်းရည်ငှဲ့ပြီး နပ်ထားခဲ့သည်။ သံဇလုံကိုယူ၍ အိမ်တံခါး အသာစေ့ကာ မအေးယုတို့အိမ်သို့ ထွက်လာခဲ့ပါသည်။

“မသန်းတင် မသန်းတင်”ဟု အိမ်တံခါးခေါက်၍ ခေါ်ပါသည်။

မသန်းတင်သည် မအေးယု၏အစ်မဖြစ်သည်။

“အုံးဖေလား”

“ဟုတ်ပါတယ်”

“စောစောစီးစီး ဘာကိစ္စလဲ”

“ဦးကျားလူက ဆွမ်းလောင်းဖို့ ခရမ်းချဉ် အတောင်းခိုင်းလိုက်လို့”

“ဟဲ့ အေးယု၊ ထစမ်း ထစမ်း။ အုံးဖေကို ခရမ်းချဉ်ပေးလိုက်ပါ”

မအေးယုသည် ဟန်ဆောင်သည့်သဘောမျိုးဖြင့်–

“ညဦးဦးကလာယူတာ မဟုတ်ဘူး။ အိပ်လို့ကောင်းတုန်း လာပြီးနှောင့်ယှက်တယ်” ဟုပြောလျက် ကျွန်တော့်ထံမှ သံဇလုံကိုယူကာ နောက်ဖေးသို့ ထွက်သွားပါသည်။ အိမ်ထဲတွင် ဖန်မီးအိမ်ကလေးကို ခပ်မှိန်မှိန်ထွန်း၍ ချိတ်ဆွဲထားသည်။

“ရော့”ဟု ခရမ်းချဉ်ဇလုံကို လှမ်းပေးပါသည်။ ကျွန်တော်သည် ဇလုံနှင့် မအေးယုလက်များကို ဖိထားပြီး–

“အခုပြန်လာခဲ့မည် တံခါးစေ့ထား” ဟု တိုးညင်းစွာ ပြော၍ အိမ်ထဲမှ ထွက်လာခဲ့သည်။ လမ်းဘေးတွင် မြူနီစီပယ်မှထားသော အမှိုက်စည်ပိုင်းကြီးထဲသို့ ခရမ်းချဉ်ဇလုံကို ချထားခဲ့သည်။ အိမ်ပြန်ထားလျှင် အချိန်ကြာမည်စိုး၍ဖြစ်သည်။ ပြာသိုလဖြစ်၍ ချမ်းအေးသည်မှာ ခိုက်ခိုက်တုန်နေသည်။

တံခါးရွက် တွန်းလိုက်သောအခါ စေ့ရုံစေ့ထားသဖြင့် ဝမ်းသာသွားသည်။ တံခါးဝအနီးရှိ တန်းလျားပေါ်တွင် မအေးယု ထိုင်နေသည်ကို တွေ့ရှိရသည်။

သူ့အနီးကပ်ထိုင်ကာ သူခြုံနေသော စောင်ပိုင်းကလေးကို ဆွဲယူခြုံလိုက်သည်။ အတွေ့အထိအာရုံကြောင့် နွေးထွေးသွားပါသည်။ နှစ်ဦးသား စကားလက်ဆုံပြော၍မကုန် ဖြစ်နေသည်။ အချိန်မည်မျှကြာသွားသည်မသိ။ ဖဲပြုတ်သည်အော်သံကြားမှ မအေးယုပါးပြင်ကို နမ်းရှုပ်ကာ ထွက်လာခဲ့သည်။ နှင်းများ ထုထပ်စွာ ကျနေသဖြင့် အရာရာကို ပီပီပြင်ပြင် မမြင်နိုင်သော



အမှိုက်သံကန်ထဲမှ ခရမ်းချဉ်ဇလုံကို ယူလိုက်သည်နှင့် တစ်ပြိုင်နက် အမှိုက်ပုံထဲတွင် ဝပ်နေသော ခွေးကြီးသည် လန့်ဖျပ်ပြီး ‘ဟုန်း’ခနဲ ခုန်ထွက်လိုက်ရာ ကျွန်တော့်မျက်နှာနှင့် သီသီကလေး လွဲသွားပါသည်။ အကယ်၍ မျက်နှာနှင့် အတည့်ဖြစ်ခဲ့သော် ကျွန်တော် နောက်ပြန် ပက်လက်လန်လဲမည်ဖြစ်ရုံမျှမက ခရမ်းချဉ်များလည်း မြေပေါ်သို့ ဖိတ်စင်ကုန်မည် ဖြစ်ပါသည်။

အိမ်ရောက်သောအခါ ခရမ်းချဉ်များကို ကြက်သွန်နီ၊ ကြက်သွန်ဖြူများနှင့် ဆီသတ်သည်။ ဆွမ်းလောင်းလှူရန် ချက်ထားသော ထမင်းကို ခူးခပ်သောအခါ စေးကပ်နေ၍ ခူးခပ်မရပါ။ သည်တော့မှပင် ကောက်ညှင်းဆွမ်းဖြစ်နေသည်ကို သိရသည်။

အချစ်စိတ်ကြောင့် အလွဲလွဲအမှားမှား ဖြစ်နေသည်ကို လူကြီးများ မသိအောင် ကောက်ညှင်းဆွမ်းကို အခါတိုင်းထက်ပို၍ လောင်းလှူသည်။ လောင်းရာတွင် ကောက်ညှင်းများက ဖွန်းကပ်နေ၍ ‘ဆပ်ခနဲ ဆပ်ခနဲ’ ပေါက်၍ လောင်းလှူရာ သပိတ်ထဲမှ ‘ဒေါက်ခနဲ’ ‘ဒေါက်’ခနဲ မြည်သံကြားရပါသည်။

ကျွန်တော်၏စိတ်သည် အတိတ်ကဖြစ်ရပ်များကို ပြန်လည်သတိရနေပါသည်။ လွမ်းစိတ်ကို ဖြေဖျောက်လိုသည့်အတွက် မအေးယုဝယ်ပေးခဲ့သော ကြယ်ပြာရောင် ပိုးလုံချည်ကိုတရုတ်အပေါင်ဆိုင်တွင် ငွေနှစ်ကျပ်နှင့် ပေါင်ခဲ့သည်။ ညဈေးတန်းအနောက်ဘက်ရှိ ဦးအောင်ဘုံအိမ်သို့ သွားပါသည်။ ၎င်းအိမ်သည် အမြဲတမ်းလိုလို ဖဲဝိုင်း (သို့မဟုတ်) ကက်ဝိုင်းရှိတတ်ပါသည်။ ဝါသနာသည် စွဲမိစွဲရာကို စွဲလမ်းတတ်ပါသည်။ သို့ရာတွင် ကောင်းသည့်အရာကို စွဲလမ်းသည်ထက် မကောင်းသည့်အရာကို စွဲလမ်းခြင်းက ပိုပြီး အစွဲကြီးပါသည်။

‘ပါပသ္မိံ ရမတိ မနော’ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည် ဆိုသလို လောင်းကစားအလုပ်ကို မကောင်းမှန်းသိသော်လည်း ဝါသနာကို မဖြတ်နိုင်။ မစွန့်နိုင်ဘဲ ဖြစ်နေပါသည်။ ‘နိုင်လိမ့်မည်’ဟူသော လောဘစိတ်နှင့် ဖဲရိုက်ခြင်းဖြစ်သော်လည်း နိုင်သည့်အခါက နည်းသည်။ ရှုံးသည့်အခါက များပါသည်။ ဖဲရိုက်၍ ကြီးပွားချမ်းသာသူမရှိပါ။ ဒိုင်လုပ်သူများသာ အားဝတ်နေရေး ချောင်လည်သောအလုပ် ဖြစ်ပါသည်။

တစ်ထိုင်တည်းနှင့် ငွေနှစ်ကျပ် ဆုံးရှုံးသဖြင့် အိမ်သို့ပြန်လာခဲ့ပါသည်။ ဦးဘသိန်း ဒေါ်ပေါ်သယ်တို့အိမ်မရောက်မီ–

www.burmeseclassic.com

www.burmeseclassic.com



"ယော့အုံးဖေ၊ လာပါဦးကွ"ဟု ပွဲစားဦးဘသင်ကခေါ်၍ အိမ်ထဲသို့ ဝင်သွားသည်။

"တစ်အိမ်လိုနေလို့ တစ်ဝိုင်းထိုင်ပါဦး"ဟု ပြောပါသည်။

"ထိုင်ချင်ပါတယ်ဗျာ။ ပိုက်ဆံမရှိဘူး"

"မင်းမှာ ပိုးလုံချည်အသစ်ကလေး ရှိတယ်မဟုတ်လား"

အိမ်နီးချင်းဖြစ်၍ သိနေသည်။

"အဲဒီလုံချည် ပေါင်ပြီး ဖဲရိုက်ခဲ့တာ မရှိတော့ဘူး"

"ဘယ်လောက်နှင့် ပေါင်တာလဲ"

"နှစ်ကျပ်ထဲပါ"

"ပြစမ်းပါဦးကွ။ အပေါင်လက်မှတ်"ဟု ဦးဘသင်က တောင်းသဖြင့် ထုတ်ပေးလိုက်သည်။ ဦးဘသင်သည် လက်မှတ်ကိုကြည့်ပြီး-

"အဲဒီလက်မှတ် ငါ့ပေး။ နောက်ထပ်ငွေနှစ်ကျပ် ထုတ်ပေးမယ်။ ဖဲရိုက်ဦးမလား"

"ရိုက်မယ်ဗျာ"ဟုပြော၍ ဦးဘသင်ထံမှ ငွေနှစ်ကျပ်နှင့် ဖဲဝိုင်းထိုင် လိုက်သည်။ ဖဲဝိုင်းတွင် ပါဝင်သူများမှာ ပွဲစားဦးဘသင်၊ တင်းဂါတ်ရွာ တောပွဲစားဦးသာဒွါးနှင့် ပေါက်မြို့နယ် ထန်းငယ်တောရွာမှ ယောဖက်ကုန်သည် ဦးထွန်းရှိန်တို့ ဖြစ်ကြသည်။ သူတို့သုံးဦးစလုံး သျှောင်ထုံးကြီးများနှင့် ဖြစ် ကြ၏။ ကျွန်တော်တစ်ဦးပဲ ခေတ်လူငယ်ပီပီ ဘိုကေနှင့်ဖြစ်သည်။

ရှုံးလိုက်နိုင်လိုက်ဖြင့် ဝိုင်းသိမ်းသောအခါ လက်ထဲတွင် ပိုက်ဆံသုံးမူး ကျန်ရှိပါတော့သည်။ မအေးယူက သူဝယ်ပေးသော လုံချည်ကို ဝတ်၍ သူ့ အမှတ်ရနေစေချင်သည်။ ချုပ်ပြီးစ တစ်ခါမျှ မဝတ်ရသေးသော လုံချည်သည် အပေါင်ဆိုင်သို့ ရောက်ရှိသွားရုံမျှမက အပေါင်လက်မှတ်ပင် ဦးဘသင်ထံသို့ ရောက်ရှိသွားပေပြီ။ ရွေးယူလိုလျှင် ငွေလေးကျပ်ရှိမှ ဖြစ်မည်။ သူများအိမ်၌ ထမင်းစား အခမဲ့နေထိုင်သူတစ်ဦးအဖို့ ငွေလေးကျပ်ရှိဖို့ဆိုသည်မှာ ခဲယဉ်းသော ဒုလ္လဘတရား ဖြစ်သည်။

မည်သို့ဖြစ်ဖြစ် လုံချည်ကိုရွေးနိုင်အောင် ရွေးယူရမည်။ အကြောင်းမှာ ထနောင်းကုန်းရွာ၌ လူနာမည် ဦးချင်း (ဘုန်းကြီးဘွဲ့ မမှတ်မိတော့ပါ။) ပျံလွန်တော်မူသဖြင့် တပို့တွဲလပြည့်အတွင်း အင်္ဂရပ်ရာပန ကျင်းပမည်ဖြစ်သည် တစ်မြို့တစ်ရွာ၌ ဘယ်လိုဝတ်ရဝတ်ရ အရေးမကြီးသော်လည်း ကိုယ့်ရွာကို



ဒေသမှာတော့ လူအထင်သေးမှုမရှိအောင် ဝတ်စားချင်သည်။ ဘုန်းကြီးပျံတွင် လုံချည်ဝတ်နိုင်ဖို့ထက် ဦးဘသင်အလျှင် လုံချည်ရွေးနိုင်ဖို့က အရေးကြီးနေ သည်။ ဦးဘသင် ရွေးယူသွားလျှင် ငွေလေးကျပ်ရှိမှသာ လုံချည်ရနိုင်တော့ မည်။ လက်မှတ်ပျောက်၍ဟု အကြောင်းပြရွေးယူလျှင် ငွေနှစ်ကျပ်နှင့် လုံချည် ရမည်ဖြစ်၍ လုံချည်ရွေးနိုင်ရန် နောက်တစ်နေ့နံနက် ရွာသို့ ပြန်လာခဲ့သည်။ အကြောင်းမသိရှာသော အမေတို့မိသားစုသည် ကျွန်တော် အိမ်ပြန်လာ၍ ဝမ်းသာနေကြသည်။

တစ်ရွာလုံး ဘုန်းကြီးပျံအတွက် တက်တက်ကြွကြွ၊ လှုပ်လှုပ်ရွရွ ဖြစ် နေကြသည်။ အညာဒေသ ကျေးလက်တောရွာများ၌ ဘုန်းတော်ကြီးများ ပတ်ရွာစံ ပျံလွန်တော်မူလျှင် 'ဘုန်းကြီးသေ ရွာကြေ' ဆိုသလို တစ်ရွာလုံး အလုပ်ပျက်အကိုင်ပျက် အချိန်ကုန်ငွေကုန်ဖြစ်ကြရသည်။ ဤသို့ ဆင်းရဲ ငပန်းကြရသည်ကိုပင် ကုသိုလ်ရေးဖြစ်၍ ကြည်နူးဝမ်းသာနေကြသည်။

ရာပနကျင်းပမည့်မြေပေါ်ရှိ သီးနှံများကို အချိန်မတိုင်မီ ရိတ်သိမ်းကြ ရသည်။ ဘုန်းကြီးပျံသို့ ကြွလာမည့် ဘုန်းတော်ကြီးများနှင့် ဧည့်ပရိသတ်များ၊ တတ်သဘင်သည်များအတွက်ပါ ကျွေးမွေးရန် စီစဉ်ကြရသည်။ ညဆိုလျှင် အမျိုးသမီးကလေးများမှာ လော်ကားယိမ်းတိုက်ကြရသည်။ တစ်ရွာလုံး ပျားပန်း ခတ်မျှ အလုပ်လုပ်ကြရသည်။

ကျွေးမွေးဧည့်ခံရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်များကို ကြိုတင် ဝယ်ယူကြရသည်။ စားနပ်ရိက္ခာဝယ်လာသူများက အကူအညီခေါ်၍ လိုက်ပါသွားရသည်။ ငစိန်ဆန်အကောင်းစား၊ မရွှေ(၁)နီ သုံးတင်း၊ သုံးပြည်ဝင် တစ်အိတ်၊ အိတ်ခွံသစ်နှင့် ငါးကျပ်၊ ငါးကျပ်တစ်မတ်။ ပဲဆီ ဆယ်ပိဿာဝင် တစ်ပုံး သုံးကျပ်။ ငါးရံ့ခြောက်တစ်ပိဿာ တစ်ကျပ်မူးတင်း၊ တစ်ကျပ်။ ဂျပန်နိုင်ငံလုပ် သဘော်ဦးဘူးပြား ငါးသေတ္တာတစ်ဘူး တစ်မတ်။ ဝက်သ ား ကြက်သား၊ ငါး ဟင်းလျာစုံနှင့် ထမင်းအဝစား တစ်မတ်ဖြစ်သည်။ လူဦးရေ ည်း၍လားမသိ ထိုခေတ်က စားသုံးကုန်များ အလျှံပယ် ပေါများပြီး ငွေရှား သည်။

ဘုန်းကြီးပျံအတွက် တစ်ရွာလုံး မုဆိုးဖိုမ မကျန် အချိုးကျငွေ ထည့်ကြရသည်။လှည်းနွားရှိသူများက လှည်းနွားပါ ကူညီရသည်။ လှေကူးတို့ သူများမှာလည်း ကူးတို့ခ မယူဘဲ အခမဲ့ပို့ပေးကြရသည်။ ကုသိုလ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေကာမူ 'ဘုရားအကြိုက်၊ တရားလိုက်က၊ ကိုယ်၌ အရေးပျက်တတ်သည်' ဆိုသကဲ့သို့ စားဝတ်နေရေး ထိခိုက်နစ်နာကြသည်ကတော့ အမှန်ပင်။

ထို့ကြောင့် အတွေးအခေါ် အမြော်အမြင်ရှိသော ဆရာတော်ကြီးများ ဘုန်းတော်ကြီးများက သူတို့ပျံလွန်တော်မူလျှင် 'ရက်သတ္တတစ်ပတ်ထက် မကြန့်ကြာစေဘဲ အဂ္ဂိရှာပနပြီးစေရမည်'ဟု မိန့်မှာတော်မူခဲ့ကြပေသည်။

အိမ်တွင် လူရှင်းခိုက် ရေတ်သီးခြောက်များ ခိုးယူ၍ ရောင်းချ ခဲ့ရာ ငွေနှစ်ကျပ်တစ်မတ် ရရှိခဲ့သည်။ ထိုငွေဖြင့် လုံချည်ရွေးယူရန် ပခုက္ကူသို့ ထွက်လာခဲ့သည်။ လက်မှတ်ပျောက်ဆုံးသွားကြောင်း ပေါက်ဖော်ကို ပြောပြသော အခါ နာမည်၊ နေ့ရက်နှင့် လုံချည်အမျိုးအစား၊ ပေါင်ငွေကိုပြောလျှင် ရမည် ဟုပြောသဖြင့် လက်မှတ်တွင်ပါရှိသည့်အတိုင်း ပြောလိုက်ပါသည်။

တရုတ်ကြီးသည် စာရင်းစာအုပ်ကိုကြည့်ပြီး လုံချည်ကို ကြည့်ပြန်သည်။

"မင်းပြောတာ ဟုတ်တယ် ဟုတ်တယ်။ တစ်လအတွက် အတိုးဆော ရမယ်"ဟု ပြောပါသည်။ ကျွန်တော် ဝမ်းသာသွားပါသည်။ အကြောင်းမှာ ဦးဘသင်မရွေးမီ ရွေးယူခွင့်ရရှိခြင်းကြောင့် ဖြစ်ပါသည်။ (နောက်မှသိရသည်မှာ ဦးဘသင်သည် တစ်လပြည့်ခါနီးမှ သွားရောက်ရွေးယူသည်။ အပေါင်ဆိုင် တရုတ်ကြီးက ကောက်ရသော လက်မှတ်နှင့် အချောင်လာပြီး ရွေးယူသည်မှာ ပြောသည့်အပြင် ပစ္စည်းအရှင်က လက်မှတ်ပျောက်၍ ပြောကာ လုံချည်ကို ရွေးယူသွားပြီဖြစ်ကြောင်း ပြောလိုက်ရာ ဦးဘသင်သည် ရှက်ကိုးရှက်ကန်းနှင့် ပြန်လာခဲ့ရသည်။ ၎င်းနောက် သုံးလခန့်ကြာသောအခါ အိမ်တစ်အိမ်တွင် ဦးဘသင်နှင့် တွေ့ဆုံပါသည်။ ကျွန်တော်က ကျွန်တော့်လုပ်ရပ် မှုမမှန်၍ သူ့ကို နှုတ်မဆက်ဝံ့။ သူကလည်း ကျွန်တော့်ကို မကျေနပ်၍စကားပြောလိုဟန် မရှိပေ။

"ဟေ့ကောင်တွေ၊ မင်းတို့ တောသားဆိုပြီး အထင်မသေးနှင့်နော် တချို့တောသားက မြို့သားထက် လူရည်လယ်သေးတယ်"ဟု သွယ်ဝိုက်သော နည်းဖြင့် ကျွန်တော်ကြားအောင် ပြောပါသည်။ (၁၉၉၃ ခုနှစ်တွင် ကျွန်တော် သည် အမှတ်မထင် ဦးဘသင်၏သားသမက် ဦးတင်မောင်နှင့် ဆရာအတတ်သင် ကျောင်းတွင် တွေ့ဆုံပါသည်။)

"ဦးဘသင်ရှိသေးသလား"ဟု ကျွန်တော်က မေးသောအခါ–



"ရှိသေးသည်။ အိမ်ထဲက ဘယ်မှမထွက်နိုင်တော့ဘူး"ဟု ပြောပါ သည်။

(ကျွန်တော်သည် ငယ်စဉ်က လိမ်လည်ယူခဲ့ဖူးသော ငွေနှစ်ကျပ် ပေးဆပ်လို၍ မြေးမ မခင်မြင့်နှင့်အတူ ဦးဘသင်အိမ်သို့ ထွက်လာပါသည်။ အမျိုးသမီးတစ်ဦးက အိပ်ပျော်နေသည်ပြောသဖြင့် အကျိုးအကြောင်းကို ပြောပြကာ ငွေနှစ်ရာကျပ်နှင့် ဟောလစ်တစ်ဘူး ပေးခဲ့ပါသည်။ တစ်နေ့တွင် ကျွန်တော်နှင့် စကားပြောလို၍ အလည်လာရန် ခေါ်ပါသည်။ ထိုနေ့က အိမ်တွင် ဧည့်သည်များရောက်ရှိနေ၍ မသွားလိုက်နိုင်ပါ။ မကြာမီ ဦးဘသင် ကွယ်လွန်သွားပါသည်။)

ကျေးလက်တောရွာ ဘုန်းကြီးပျံဖြစ်သော်လည်း စည်ကားသိုက်မြိုက် ပါသည်။ လော်ကားနှင့် ပြာသာဒ်နှစ်ဆောင်၊ စံကျောင်း၊ လောင်တိုက်တို့ ပါရှိသည်။ ပြာသာဒ်နှစ်ဆောင်နှင့် စံကျောင်း၊ လောင်တိုက်တို့မှာ အနီးအနားရွာ များမှ ဘုန်းတော်ကြီးများ ဦးဆောင်၍ ရွာသူရွာသားများ၏ ကုသိုလ်ကောင်းမှု ဖြစ်သည်။ ဧည့်ခံမဏ္ဍပ်များ တည်ဆောက်၍ ဧည့်ပရိသတ်များကို ဧည့်ခံ ကျွေးမွေးကြသည်။ မဏ္ဍပ်ချင်း အပြိုင်အဆိုင် ပြုလုပ်ကြသည်။

ဇာတ်ပွဲမှာ နှစ်ဇာတ်ဖြစ်သည်။ စိန်လှန်ဗိုလ်နှင့် နယုးဝမ်းအငြိမ့် အောင်ကြီးညွန့်ဇာတ်လည်း ပါသည်။

ကျွန်တော်တို့ရွာသူရွာသားများသည် ပွဲလမ်းသဘင်ကို အလွန်ဝါသနာ ကြီးကြသည်။ အလုပ်ပျက်တာ၊ ငွေကုန်တာကို ဂရုမစိုက်ကြဘဲ အပျော်အပါး ကိုသာ အဓိကထားကြသည်။ မြေနုကျွန်းကြီး ပေါ်ထွန်းလာသဖြင့် စိုက်ပျိုး သီးနှံများလည်း ရရှိကြသည်။ သို့ရာတွင် စာမတတ်သူက များသည်။ စာတတ်သူများမှာလည်း စာဖတ်သည့် အလေ့အထ မရှိကြပေ။ စာတတ်ခြင်း စာဖတ်ခြင်းတို့သည် ဘဝ၏ မီးရှူးတန်ဆောင် အလင်းရောင်များ ဖြစ်ကြသော် လည်း စာမတတ်၊ စာမဖတ်ကြသည့်အတွက် အတွေးအခေါ် အမြော်အမြင် မရှိကြပေ။ နောင်ရေးနောင်ခါကို မစဉ်းစားကြဘဲ ယခုလောလောဆယ် ပျော်ရပါးရမည်ကိုသာ အာရုံစိုက်နေကြသည်။

ကျောင်းဆင်းသည့်နေ့တွင် ရွာနီးချုပ်စပ်မှ လာကြသည့် ဧည့်ပရိသတ် များနှင့် ကြိတ်ကြိတ်တိုး စည်ကားသည်။ မင်းသမီး 'နယုးဝမ်း'က ဆရာတော်၏ ဂုဏ်သိက္ခာ၊ သမာဓိများကိုချီးကျူး၍ မငြိုသော သဒ္ဓါရတရားသဘောအရ

www.burmeseclassic.com



ဖျံလွန်တော်မူရရှာသည်ကို ကရုဏာရသ ပေါ်ပေါက်လာအောင် သီကုံးဖွဲ့နွဲ့ပြီး သူမကိုယ်တိုင် ယူကျုံးမရ ပူပန်ဆွေးမြည့်သည့်အသံမျိုးဟန်မျိုး၊ အမူအရာမျိုးနှင့် ယှဉ်ကျူးရာ အချို့အမျိုးသမီးများ မျက်ရည်ကျကြသည်။ အချို့မှာ အသံထွက်၍ပင် ငိုသည်ဟု သိရပါသည်။ ရွာတောရွာမှ လာကြသူများတွင် မအေးမိလည်းပါသဖြင့် သွားရောက်နှုတ်ဆက်ပါသည်။ ကျွန်တော့်လုံချည်ကို ကြည့်ပြီး–

"မအေးယူက ဝယ်ပေးခဲ့တဲ့လုံချည်ဆိုတာ ဒါလား"ဟု မအေးမိက မေးပါသည်။

"အေး ဟုတ်တယ်"ဟု အမှန်အတိုင်း ပြောလိုက်ပြီး–

"မအေးမိကို ဘယ်သူက ပြောလို့သိတာလဲ"

"ပြောသူရှိလို့သိတာပေါ့"ဟုဆိုကာ ပြုံးနေပါသည်။ မအေးမိနှင့် မတွေ့ရသည်မှာ ကြာပြီဖြစ်သည်။ ယခုတွေ့ရသောအခါ ပို၍ပင် လှနေသည်ဟု ထင်ပါသည်။

"ပွဲကြည့်ချင်လို့ ခုတင်တစ်ချပ်ပို့လိုက်မယ်။ နေရာကောင်းကောင်း ရအောင် လုပ်ပေးပါ"

"ဘယ်ပွဲကြည့်မှာလဲ"

"နယူးဝမ်းပေါ့"

မအေးမိတို့ပွဲကြည့်လာမည်သိရ၍ ဝမ်းသာနေပါသည်။ ပွဲအုပ်ချုပ်ရေးကို ပခုက္ကူမှ ကြွလာသော ရဟန်းပျိုလေးပါးနှင့် ကျွန်တော်တို့ ကာလသားများက တာဝန်ယူရသည်။ ကာလသားခေါင်းဆောင်မှာ ကိုဘချောင်းဖြစ်သော်လည်း ပြောရေးဆိုရေးရှိသည့်အခါ ကျွန်တော်က ရှေ့ဆောင်ရှေ့ရွက် ပြုလုပ်၍ဖြေရှင်းရသည်။ ဇာတ်ခုံများရှေ့တွင် ဖျာဝိုင်းရှိသည်။ ၎င်းနောက် ခုတင်ဝိုင်း၊ ၎င်းနောက် လှည်းဝိုင်းဖြစ်သည်။ တောဇာတ်ပွဲများမှာ နေရာကျယ်ဝန်းသလို ပွဲကြည့်ပရိသတ်ကလည်း များသည်။

ဇာတ်ပွဲများအေးတွင် အကြော်ဖိုများ၊ မုန့်ဖိုများ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ ရှိကြသည်။ ကျွန်တော်သည် ဘူးသီးကြော်၊ ဘယာကြော်နှင့် မုန့်ပေါင်းများကို ပန်းကန်နှစ်ချပ်နှင့်ထည့်၍ မအေးမိတို့ခုတင်သို့ သွားရောက် ပို့ပေးပါသည်။ မအေးမိနှင့်အတူ မဆွဲမိ၊ မအေးကြည် ဒေါ်သိုက်တို့ ပါကြသည်။



"ဘယ်လောက်ဖိုးလဲ ကျွန်မက ပေးမယ်"ဟု မအေးမိက ပြောပါသည်။

"ငါက ကျွေးတာပါ။ စားချင်တာရှိရင် အားမနာနှင့်ပြောပါ"

"ကိုအုံးဖေ ဖါနိုင်တယ်ထင်တယ်"ဟု မအေးမိကပြော၍ ပြုံးနေပါသည်။

ထိုအခိုက် ကာလသားတစ်ဦးလာ၍ ကျွန်တော့်ကို ခေါ်ပါသည်။

မှိုက်ပင်ကုန်းရွာမှ ကိုထွန်းညွှန့်တို့အဖွဲ့ ဓားများ၊ လှံများနှင့် ပွဲကြည့်လာကြသည်ဟု ပြောပါသည်။ ကိုထွန်းညွှန့်သည် ကျွန်တော်တို့နယ်တစ်ဝိုက်တွင် နာမည်ကြီး ဓားပြဗိုလ်ကြီး ဖြစ်ပါသည်။ ကိုထွန်းညွှန့်ဆိုလျှင် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြပါသည်။ ကျွန်တော်သည် ကိုထွန်းညွှန့်တို့အဖွဲ့ကို သွားရောက်နှုတ်ဆက်၍ ကာလသားများအတွက် ထားရှိသော ခုတင်တွင် နေရာချထားပေးလိုက်ပါသည်။ ဘူးသီးကြော်၊ မုန့်ပေါင်းများအပြင် ခေါက်ဆွဲကြော်နှင့် ဧည့်ခံကျွေးမွေးပါသည်။ ကိုထွန်းညွှန့်သည် အသားညို၍ လူကောင်ထွားထွား ခေါင်ကောင်းကောင်းဖြစ်သည်။ သူတို့ကို ကျေနပ်မှုရှိအောင် ပြုစုရသည်၊ ဧည့်ခံရသည်။ သူတို့မကျေနပ်၍ ရမ်းကားသွားလျှင် ပွဲပျက်နိုင်ပါသည်။

ကျေးလက်တောရွာများ၌ လူမိုက်ကို ကြောက်ရွံ့ကြသည်။ မိမိကို နှိပ်စက်မည်၊ ပစ္စည်းဥစ္စာကို လုယက်ဖျက်ဆီးမည် စိုးရိမ်ကြသည့်အတွက် ဖော်ရွေပျူငှာစွာ ဆက်ဆံကြသည်။ ဧည့်ခံကျွေးမွေးကြသည်။ ဤသို့ ပြုလုပ်ခြင်းသည် အဆိပ်ပင် ရေလောင်းသလို ဖြစ်နေသည်။ အကယ်၍ လူမိုက်ကို မည်သူကမျှပေါင်းသင်းဆက်ဆံခြင်း၊ ခေါ်ဝေါ်နှုတ်ဆက်ခြင်း၊ ဧည့်ခံကျွေးမွေးခြင်း မပြုခဲ့သော်၊ မလုပ်ခဲ့သော် လူမိုက်သည် မိမိမိုက်မဲ၍သာ ဤသို့ ဖြစ်ရသည်ဟု သတိသံဝေဂ ရရှိကာ လူမိုက်ဘဝမှ လူကောင်းဘဝသို့ ပြောင်းလဲလာဖွယ်ရာ ရှိကောင်းရှိနိုင်သည်။

သို့ရာတွင် အထက်၌ ဖော်ပြသကဲ့သို့ ကြောက်ရွံ့ခြင်းကြောင့် 'မချစ်သော်လည်း အောင့်ကာနမ်း' ဆိုသလို ပြုလုပ်ကြသည်ကို လူမိုက်သည် လိုလားနှစ်ခြိုက်နေသည့်အပြင် မိုက်ရသည်ကိုပင် ဂုဏ်ရှိသည်ဟု ထင်မှတ်နေတတ်ကြသည်။

(၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေ တပ်သားများ တက်ရောက်လာသောအခါ နာမည်ကြီးသော ကိုထွန်းညွှန့်ကို ဖမ်းဆီး၍ ပခုက္ကူမြို့သို့ ခေါ်ဆောင်သွားပါသည်။ မြို့မဈေးကြီးအရှေ့ဘက်ရှိ တမာပင်တွင် ကြိုးဖြင့် တုပ်ချည်ကာ ဘက်နက်ဖြင့် ထိုးသတ်မည်ဟု တစ်မြို့လုံးကို မောင်းခတ်ကြေညာသည်၊

www.burmeseclassic.com



ကိုထွန်းညွန့်သည် သူ့အား သတ်မည့်အချိန်၌ပင် ကြောက်ရွံ့တုန်လှုပ်ခြင်း၊ အသနားခံတောင်းပန်ခြင်းမရှိဘဲ ပရိသတ်ရှေ့တွင် ခပ်တည်တည် အမူအရာဖြင့် နေထိုင်ခဲ့သည်။ ဘက်နက်နှင့် နှစ်ချက်၊ သုံးချက် အထိုးခံရပြီးမှ ခေါင်းငိုက်စိုက်ကျ၍ သေဆုံးသွားသည်ဟု သိရသည်။)

ဦးချင်း ဘုန်းကြီးပျံသည် ခန့်မှန်းသည်ထက် ပိုမိုစည်ကားပါသည်။ ဘုန်းတော်ကြီးသည် အသက်ရှင်စဉ်က ဘုန်းတန်ခိုးမကြီးသော်လည်း ပျံလွန်တော်မူသည့်အချိန်တွင် ဘုန်းတန်ခိုး ကြီးမားပါသည်။ အနီးအနားရွာများမှ ဆန်အိတ်များ၊ ဆီပုံးများ၊ သင်ဖြူးများ၊ ဖျာများ လာရောက်လှူဒါန်းကြသည်။ ရွာလူကြီးများ ပြောပြသည်မှာ တစ်ခါမျှ ကုန်ဈေးနှုန်းများ ယခုလို ချိုသာသည်ကို မတွေ့ဖူး မကြုံဖူးကြောင်းနှင့် လာသမျှသော ပရိသတ်များကို လုံလောက်စွာ ကျွေးမွေးနိုင်ခြင်းမှာ ဘုန်းတော်ကြီး၏ ဘုန်းတန်ခိုးကြောင့် ဖြစ်သည်ဟု ပြောကြသည်။ တချို့က 'သေတစ်ကဲ ရှင်တစ်ကဲ'ဟု ဆိုကြသည်။

ဘုန်းတော်ကြီးရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ပြီးနောက် တစ်ရွာလုံး ခြောက်ကပ်လက်ပန်းကျနေသည်။ ချေးငှားသုံးစွဲခဲ့ကြသော ငွေများအတွက် မြေပေါင်ရသူများ၊ နွားရောင်းရသူများ၊ သီးနှံများဈေးနှုန်းလျှော့၍ ရောင်းချရသူများ ရှိပေသည်။ တချို့ဆိုလျှင် အတိုးငွေကြောင့် နာလံမထူနိုင်တော့ဘဲ ဆင်းရဲမွဲတေသွားသည်။ လူ့ဘဝ၏ အဆိုးအကောင်းသည် လူကြောင့်ဖြစ်ပေသည်။ ကံကိုအယူသီးအစွဲကြီးသူများကတော့ ကံကြောင့်ဟု ဆိုချင်ဆိုမည်။ ကံဆိုသည်မှာ ပါဠိသဒ္ဒါ 'ကမ္မ'မှ ဆင်းသက်လာသော ဝေါဟာရဖြစ်သည်။ 'ကမ္မ'ကို မြန်မာလိုပြန်ဆိုလျှင် အမှုကိစ္စ (ဝါ) အလုပ်ဖြစ်သည်။

ဖဲရိုက်၍၊ အရက်သောက်၍၊ အပျော်အပါးလိုက်စား၍ ဆင်းရဲမွဲတေဖြစ်ရခြင်းမှာ မကောင်းသောအလုပ်ကို လုပ်ခြင်းကြောင့် မကောင်းသောအကျိုးရရှိခြင်းဖြစ်သည်။ ရိုးသားစွာကြိုးစား၍ ဝင်ငွေကို ချွေတာသုံးစွဲ၍ ကြီးပွားချမ်းသာရခြင်းမှာ ကောင်းသောအလုပ်ကိုလုပ်၍ ကောင်းသောအကျိုးပေးခြင်းဖြစ်သည်။ အမှန်မှာ အကြောင်းအကျိုး အကောင်းအဆိုးတရားတို့သည် မိမိပြုလုပ်မှုကြောင့် ရရှိသော အကျိုးတရားများဖြစ်သည်ဟု သိဖို့လိုပေသည်။

တစ်နေ့တွင် ကျွန်တော်သည် မသော့စိန်တို့ ရွာသို့သွားလို၍ ပခုက္ကူမှ ထွက်လာခဲ့ပါသည်။ ပေါက်မြို့သွားလိုလျှင် နှစ်မိုင်ခန့်ဝေးသော ကန်လှရွာမှ



ကားစောင့်စီးလျှင် ဖြစ်သော်လည်း ပခုက္ကူကို မသွားမဖြစ် သွားရခြင်းဖြစ်သည်။ အကြောင်းမှာ ခရီးစရိတ်လိုနေ၍ မအေးယု ဝယ်ပေးသော လုံချည်ကို အပေါင်ဆိုင်၌ ပေါင်ရမည်ဖြစ်သည်။

“ပေါက်ဖော် ဒီလုံချည်ကို ငွေသုံးကျပ်နှင့် ပေါင်ချင်တယ်”ဟုပြော၍ တရုတ်ကြီးကို ပေးလိုက်ပါသည်။ တရုတ်ကြီးသည် လုံချည်ကိုဖြန့်ကြည့်သည်။ နောက် ကျွန်တော့်ကို ကြည့်သည်။ ထို့နောက် စာရင်းစာအုပ်ကို လှန်လှောကြည့်ပြန်သည်။

“ဒီလုံချည်နှစ်ကျပ်နှင့်ပေါင်ပြီး ရွေးယူသွားတာ တစ်လလောက်ပဲ ရှိသေးတယ်။ အဲဒီတုန်းက အသစ်၊ အခု အဟောင်းဖစ်နေပြီ”

“ဟုတ်ပါတယ် ပေါက်ဖော်၊ ကျွန်တော် ပြန်ရွေးမှာပါ။ သုံးကျပ်ပေးပါ”

“မပေးနိုင်ဘူး။ မင့်ကို တိသလိုဖစ်နေလို့ နှစ်ကျပ်ခွဲ ပေးလိုက်မယ်ဒါပဲ”

တရုတ်ကြီးထံမှ ငွေနှစ်ကျပ်ခွဲယူ၍ ဦးဘသိန်း၊ ဒေါ်ပေါသယ်တို့အိမ်သို့ ပြန်လာခဲ့ပါသည်။ အိမ်တွင် ဦးဘသိန်း၊ ဒေါ်ပေါသယ်တို့မိသားစု ကန်လှ ရွာသစ်စုသွားကြ၍ မအေးဂျမ်းတစ်ဦးပဲ ရှိပါသည်။ သူများရပ်ရွာသွားလျှင် ငွေကြေးအပြည့်အစုံပါမှ ဖြစ်မည်။ မပြည့်စုံလျှင် အားငယ်ရသည်။ သို့ဖြစ်၍ မအေးဂျမ်းကို ငွေတစ်ကျပ်ချေးပါရန် ပြောသောအခါ လွယ်ကူစွာပင် ထုတ်ပေးပါသည်။ သူပေးသည်မှာ တစ်ကျပ်မဟုတ်ပါ။ နှစ်ကျပ်ဖြစ်၍ အံ့အားသင့်နေပါသည်။

“အဲဒါ ချေးတာမဟုတ်ဘူး။ ပေးတာ။ မင့်ကျေးဇူးရှိဖူးတယ်။ လက်ကောက်ပျောက်တုန်းက မင့်ကြောင့်ပြန်ရတာ”

ကျွန်တော် ဝမ်းသာသွားပါသည်။ မမျှော်လင့်ဘဲ ငွေနှစ်ကျပ်ပေးခြင်းကြောင့် တစ်ကြောင်း၊ လွန်ခဲ့သည့် သုံးနှစ်ကျော်က ကျေးဇူးကိုပြောခြင်းဖြစ်ပါသည်။ မည်သူမဆို ကျေးဇူးရှိဖူးသည်ပြောလျှင် ဝမ်းသာစမြဲ။

မသော့စိန်နှင့်တွေ့ရာတွင် လှပလိုသောစိတ်ဆန္ဒဖြင့် မြို့မဈေး အနောက်ဘက်ရှိ ကုလားအောင်စိန် ဆံပင်ဖြတ်ဆိုင်သွား၍ ဆံပင်ဖြတ်သည်။ ဖြတ်ခတစ်မူး ပေးရ၏။

www.burmeseclassic.com

www.burmeseclassic.com

(၎င်းဆိုင်နေရာသည်။ ယခု 'အောင်ဘုရားသား' ဆံပင်ဖြတ်ဆိုင်နေရာဟု ထင်ပါသည်။ အချိန်ကာလတွေ ပြောင်းလဲသွားသလို ဆံပင်ဖြတ်ခလည်း ပြောင်းလဲသွားပါသည်။ ယခု နှစ်ဆယ့်ငါးကျပ်ဖြစ်သည်။)

အိမ်မှ လျှော်ဖွပ်ယူလာသော လုံချည်အင်္ကျီများကို ပင်မင်းဆိုင်သွား၍ မီးပူတိုက်သည်။ ဝါကျင်ကျင်ဖြစ်နေသော သွားများကို ဖြူဖွေးအောင် သဲနှင့်တိုက်သည်။ မသော်စိန်နှင့်တွေ့လျှင် မျက်နှာအမူအရာ ဘယ်လိုထားရမည် သိလို၍ မှန်ကိုကြည့်ပြီးပြုံးသည်။ ခပ်တည်တည် နေကြည့်သည်။

'ပုထုဇနော ဥမ္မတ္တကော' ဆိုသကဲ့သို့ ငယ်ရွယ်စဉ်က ပေါကြောင်ကြောင် အပြုအမူများကို ပြုလုပ်ခဲ့ဖူးသည်။

○ ○ ○

# မတော်ရသောယောက်ဖနှင့် ငှက်ကြီးတောင်ဓား

နောက်တစ်နေ့ ပေါက်မြို့သွားကားဖြင့် လိုက်ပါလာခဲ့သည်။ ပေါက်မြို့နယ် ပျဉ်းချောင်းရွာအထိ ကားစီးရမည်။ ၎င်းရွာမှ ယောချောင်းကိုဖြတ်၍ ညောင်ဝန်းရွာသို့ သွားရမည်ဖြစ်သည်။ ကားဆရာက ဆယ်နာရီထွက်မည်ဆို၍ ကားပေါ်တက်ထိုင်နေသည်။ ကုန်ပစ္စည်းများတင်နေ၍ စောင့်ဆိုင်းနေရသည်။ လိုက်ပါမည့်ခရီးသည်များကို ကားဖြင့် အိမ်တိုင်ယာရောက် သွားရောက်ခေါ်ရသည်။ ပခုက္ကူမှ လေးဆယ့်ခုနစ်မိုင်ဝေးသော ပေါက်မြို့သို့ လူတစ်ဦးလျှင် ကားခ ငါးမူးပေးရသည်။ ငါးမူးသည် ငွေဒင်္ဂါးတစ်ကျပ်၏ တစ်ဝက်ဖြစ်သည်။

မရောက်ဖူးသောကြောင့် ကားလမ်းဝဲယာရှိရွာများနှင့် သစ်တောသစ်ပင်များ၊ ယာခင်းများကို လေ့လာကြည့်ရှုပါသည်။ ဆီထွက်သီးနှံဖြစ်သော မြေပဲနှင့် နှမ်းများကို ရိတ်သိမ်းပြီးစီးသော်လည်း ဝါပင်များနှင့် ပဲစင်းငုံပင်များ ကျန်ရှိပါသေးသည်။ ရိတ်သိမ်းပြီးသော ယာများတွင် နွားချေးပုံများ စီတန်းလျက်ထားသည်ကို တွေ့ရှိရသည်။

တစ်နာရီခွဲခန့်ကြာသောအခါ 'ကမ္ဗူရွာ'သို့ ရောက်ပါသည်။ ကမ္ဗူရွာသည် အပူပိုင်းတွင် အိုအေစစ်ဖြစ်သည်ဟု ဆိုကြသည်။ ရေနီးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အုန်းပင်၊ သရက်ပင်၊ မာလကာ၊ သံပုရာ၊ ရှောက်ပင်များနှင့် နေချင့်စဖွယ် ကောင်းလှပါသည်။ ငါးရက်ဈေးလည်း ရှိသည်။

ကားပိုင်ရှင်များနှင့် ကုန်သည်ပွဲစားများရှိကြသဖြင့် ပခုက္ကူမြို့နယ် အတွင်းရှိ ကျေးရွာများအနက် မြစ်ခြေနှင့် ကမ္မသည် အကြီးဆုံးနှင့် စီးပွားရေး အတောင့်တင်းဆုံးရွာကြီးများ ဖြစ်ကြသည်။ (ယခုဆိုလျှင် လျှပ်စစ်မီးများ တယ်လီဖုန်းများ၊ အခြေခံပညာ အထက်တန်းကျောင်းအပြင် ဆေးရုံနှင့် ရဲတပ်ဖွဲ့စခန်းများ ရှိနေပေပြီ။ မြို့နယ်ခွဲအဖြစ် သတ်မှတ်ပေးဖို့ မျှော်မှန်းနေကြ သည်။)

ကမ္မရွာမှထွက်လာပြီးမကြာမီ တက်မတောင်ခြေသို့ ရောက်လာပါသည်။ တက်မတောင်သည် တောင်မြောက်တန်းလျက်ရှိသည်။ ပေါက်မြို့နယ်အစ ဖြစ်သည်ဟု သိရသည်။ တောင်တန်းတစ်ခုလုံး သစ်ပင်များ ဖုံးလွှမ်းနေသော် လည်းတချို့သစ်ပင်များမှာ ရွက်ဝါများ ကြွေကျပြီး ရိုးတံပြိုင်းပြိုင်းဖြစ်ရှိနေသည်။ တချို့အပင်များက ပုရစ်ဖူးများနှင့် ရွက်နုများ ထွက်ပြူစပြူနေသည်။

ကားလမ်းသည် တက်မတောင်ကို ကွေ့ကောက်ဖောက်လုပ်ထားရာ တောင်ထိပ်တစ်နေရာအရောက်တွင် ယောချောင်းကို တွေ့မြင်ရပါသည်။ မကြာမီ ပျဉ်းချောင်းရွာသို့ ရောက်လာခဲ့ပါသည်။ ကားခသုံးမူးပေးပြီး ညောင် ဝန်းရွာဆီသို့ ထွက်လာခဲ့ပါသည်။

ယောချောင်းရေပြင်သည် တောင်ပေါ်ကကြည့်ရှုစဉ်က ကျဉ်းမြောင်းသော ချောင်းငယ်ကလေးတစ်ခုဟု ထင်ခဲ့သည်။ အနီးရောက်မှ ချောင်းရေပြင်သည် ကျယ်ဝန်းမှန်း သိရသည်။ ချောင်းစပ် သဲသောင်ပြင်တွင် ကြက်သွန်ခင်းများ ကို တွေ့ရသည်။ ချောင်းရေသည် ပေါင်လယ်ခန့်အထိနက်ပြီး ရေစီးသန် သည်။

ကျွန်တော်သည် ပုဆိုးကို ခါးတောင်းကျိုက်၍ ချောင်းကိုဖြတ်ကူး သည်။ ချောင်းရေပြင်ကိုဖြတ်၍ တိုက်ခတ်လာသော တောင်လေသည် ဘိုတောဆံပင်ကို တဖျပ်ဖျပ် လှုပ်ခတ်ပေးနေသည်။ ချောင်းရေသည် အေးမြပြီး မှန်ပြင်လို ကြည်လင်နေသည်။ ရေအောက်ရှိ ကျောက်ခဲကလေးများနှင့် ငါး ကလေးများ ပြေးလွှားသွားလာနေသည်ကို တွေ့မြင်ရသည်။

ကျွန်တော်သည် မျက်နှာသစ်ပြီး ချောင်းရေသောက်လိုက်သဖြင့် လန်းဆန်း တက်ကြွလာသည်။ ညောင်ဝန်းရွာရောက်သောအခါ အသက်လေးဆယ်အရွယ်



ရှိ အဒေါ်ကြီးတစ်ဦးကိုတွေ့ရ၍ ဒေါ်ဖွား၏အိမ် မေးမြန်းရာ ရွာတောင်ဖျား ဖြစ်၍ သူလိုက်ပို့ပေးမည်ဟု ပြောပါသည်။

တောသူတောသားတို့သည် ရိုးသားပြီး ကူညီရိုင်းပင်လိုသောစိတ်ဆန္ဒ ကြသည်။ ဒေါ်ဖွား အိမ်သို့ ရောက်လာကြသည်။

“ရှင်မိဖွား၊ ဟောဒီမှာ ဧည့်သည်လာတယ်”

ဒေါ်ဖွားသည် အိမ်ရှေ့ကြမ်းပြင်တွင် အဝတ်ချုပ်နေရာမှ ကျွန်တော့်ကို တွေ့မြင်သောအခါ အံ့အားသင့်နေသည်။ ပြုံးရွှင်စွာဖြင့်–

“မောင်အုံး သည်မှာထိုင်” ဟု ကြမ်းပြင်တွင် သင်ဖြူးခင်းပေးသည်။

ကျွန်တော်သည် မထိုင်သေးဘဲ လိုက်ပို့သော အဒေါ်ကြီးကို ကျေးဇူးတင် ကြောင်းပြောလို၍ နောက်သို့ လှည့်ကြည့်လိုက်သည်။ အဒေါ်ကြီးမရှိတော့ ။ ဒေါ်ဖွားသည် မမျှော်လင့်ဘဲ ရောက်ရှိလာသော ကျွန်တော့်ကို ဧည့်ဝတ် ရန် အလုပ်ရှုပ်နေပါသည်။ အချိန်မှာ ညနေ လေးနာရီခန့်ရှိပါပြီ။

“ဒေါ်ဖွား ကျွန်တော့်အတွက် ဘာမှ မလုပ်နဲ့။ ဖြစ်သလို စားနိုင် နိုင်ပါတယ်။ လာပါဗျာ စကားစမြည် ပြောရအောင်”

စားဖို့သောက်ဖို့ထက် မသော့စိန်အကြောင်းကို သိလိုနေသည်။

“မသော့စိန် အိမ်ထောင်ကျပြီလား”

“မကျသေးပါဘူး”

“ကျွန်တော် သူ့ဆီကိုလာတာဗျ”

“သူကလည်း မောင်အုံး လိုက်လာလိမ့်မယ်လို့ ပြောဖူးတယ်”

ကျွန်တော် ဝမ်းသာသွားပါသည်။ မသော့စိန် အိမ်ထောင်မကျသေးသည် အကြောင်း၊ ကျွန်တော် လိုက်လာမည်ကို သိရှိနေခြင်းကြောင့် ဖြစ်ပါသည်။

“ကျွန်တော်လာတဲ့အကြောင်း မသော့စိန်သိအောင် ပြောပေးပါ။ တွေ့ ည်း တွေ့ချင်ပါတယ်”

“ထမင်းချက်ပြီးမှ သွားပြောမယ်။ ကျောက်ပွဲလည်း လာခါနီးပြီ” ဟု ပြောနေစဉ်မှာပင် အသက်ဆယ်နှစ်၊ ဆယ့်တစ်နှစ်အရွယ် ကလေးငယ်တစ်ဦး အိမ်ဝိုင်းထဲသို့ ဝင်လာပါသည်။

“ပိုက်ဆံတောင်းရခဲ့ရဲ့လား”

“ရတယ်အမေ”

“မီးမွှေးပြီး ထမင်းအိုးတည်နှင့်။ အမေ မြောက်ပိုင်းခဏသွားဦးမယ်”

www.burmeseclassic.com



ပြော၍ ထွက်သွားပါသည်။ ကျောက်ပွဲသည် အိမ်နှင့်တွဲ၍ အမိုးချ ထားသော မီးဖိုထဲသို့ ဝင်သွားသည်။ အိမ်မှာ သုံးပင်နှစ်ခန်း ဝါးကြမ်းခင်း ထရံကာ၊ သက်ငယ်မိုးဖြစ်သည်။ ဒေါ်ဖွားသည် လွန်ခဲ့သော ငါးနှစ်ခန့်က ခင်ပွန်းဖြစ်သူ ဆုံးသွားသဖြင့် ကျန်ရှိသော သားသမီးနှစ်ဦးနှင့် အိမ်ထောင်တာဝန်ကို ဈေးတောင်းခေါင်းရွက်၍ သယ်ပိုးထမ်းရွက်နေသူဖြစ်သည်။

မကြာမီ ဒေါ်ဖွား ပြန်လာသည်။ မသော့စိန်နှင့် တွေ့၍ အကျိုး အကြောင်း ပြောပြခဲ့ကြောင်း၊ မသော့စိန်ကလည်း ကျွန်တော်နှင့် တွေ့ဆုံလို ကြောင်း၊ သို့သော် ခိုးကြောင်ခိုးဝှက် တွေ့ဆုံခြင်းမျိုးမဟုတ်ဘဲ လူကြီးများကို အသိပေး၍ အိမ်၌ တွေ့ဆုံနိုင်အောင် စီစဉ်မည်ဖြစ်ကြောင်း ဒေါ်ဖွားကပြော ပါသည်။ မသော့စိန်သည် လူငယ်သော်လည်း သူ၏ အကြံအစည်သည် လူကြီးဆန်သော၊ အမြော်အမြင်ရှိသော၊ ဂုဏ်သိက္ခာရှိသော အကြံအစည်မျိုး ဖြစ်၍ မသော့စိန်ကို အထင်ကြီးသွားရုံမျှမက ပို၍ပင် ချစ်ခင်မြတ်နိုးသွား သည်။

ကျွန်တော်သည် မသော့စိန်နှင့်တွေ့လျှင် ဘယ်လိုပြောရမည် ဘယ်လိုနေ ထိုင်ရမည် စသည်တို့ကို စဉ်းစားနေပါသည်။

"မောင်အုံး၊ ထမင်းစားရအောင်" ပြော၍ ကြမ်းပြင်တွင် စားပွဲခုံကလေးချ၍ ထမင်းကျွေးပါသည်။

ဒေါ်ဖွားသည် အသားအနည်းငယ်ညိုသော်လည်း မျက်လုံးမျက်ခုံး နှာတံလုပသည့်အပြင် ထမင်းဟင်းအချက်အပြုတ်လည်း ကောင်းသည်။ ငစိန်ဆား ကို ပဲလွန်းရော် အနည်းငယ်ထည့်၍ ချက်ထားသည်။ ဟင်းချက်များမှာ အသေး ထွက် ရွှေဖရုံသီးကို 'ချင်း'ခပ်ချက်ထားသည်။ ဒိုးငါးပိကောင်ကို မီးကင်၍ ဆီဆမ်းထားသည်။ ငရုတ်သီးကို ကြက်သွန်ဖြူနှင့် ထောင်းထားပြီး ဆူးပုတ်ရွက်ကို ကြက်သွန်ဖြူအုပ်၍ ဟင်းချိုချက်သည်။ စားလို့ကောင်းလှပါသည်။

"ဖရုံသီးချက်ရော၊ ဆူးပုတ်ရွက်ဟင်းရော စားလို့ကောင်းတယ်" ဟု ကျွန်တော်က ပြောသောအခါ-

"ဆူးပုတ်ပင်က အိမ်ခြံစည်းရိုးမှာ စိုက်ထားတာ၊ မိုးမရွာသေးခင် စားလို့ကောင်းတာ"

"မိုးရွာတော့ စားလို့မကောင်းတော့ဘူးလား"

"ကောင်းတော့ကောင်းပါတယ်။ ဒါပေမယ့် မိုးမရွာခင်ကလို မကောင်း တော့ဘူး"



"ဘယ်လိုကြောင့် မကောင်းတာလဲ ပြောပါဦး"

"မိုးရွာတော့ မိုးရေကြောင့် ဆူးပုတ်ရွက်အနံ့အရသာ လျော့သွားတယ်"

ဒေါ်ဖွားထံမှ ဆူးပုတ်ရွက်ဗဟုသုတ ရရှိလိုက်သည်။

သားအမိသုံးဦး မီးဖိုဆောင်းထဲတွင် ထမင်းစားနေကြသည်။ အငယ်ဆုံး သမီး မတင်ရွှေမှာ ငါးနှစ်ခန့်အရွယ် ဖြစ်သည်။ ထမင်းစားပြီး အိမ်ရှေ့ ကြမ်းပြင်တွင် ဒေါ်ဖွားနှင့် စကားလက်ဆုံ ကျနေသည်။ တပေါင်းလဆန်း ဆယ့်လေးရက်နေ့ညဖြစ်၍ လမင်းမှာ ထိန်ထိန်သာနေသည်။ ကျွန်တော်သည် လရောင်ကို ကျောပေး၍ တင်ပျဉ်ခွေထိုင်နေသည်။

"မသော့စိန်ပြောသလို ဖြစ်ပါ့မလား"

"ဖြစ်နိုင်ပါတယ်။ ဖွားအကြီးက သော့သော့ကို ချစ်လည်းချစ်တယ်။ အိမ်လုပ်ငန်းအားလုံးကို လွှဲအပ်ထားတာ အရောင်းအဝယ်ဆိုရင် သူပြီးမှပြီးတာ"

ကျွန်တော်သည် လက်ဖက်အနည်းငယ်ဝါး၍ မြေအိုးမှ ရေနွေးကြမ်း ငှဲနေခိုက် ရွာစည်းရိုးအပြင်ဘက်မှ အရှိန်ပြင်းစွာ ပစ်ခတ်လိုက်သော ကျောက်ခဲ တစ်လုံးသည် ကျွန်တော့်ဦးခေါင်းအနီးမှ 'ဗိုးခနဲ' ဖြတ်သန်းကာ ပုဏ္ဏား ကွယ်ထရံကို 'ဘုန်းခနဲ' ထိမှန်သွားသည်။

"မောင်အုံး၊ ခဲပေါက်တယ် အိမ်ထဲဝင် အိမ်ထဲဝင်" ဟု ဒေါ်ဖွားက ပျာပျာသလဲ အော်သံကြောင့် ကျွန်တော်တို့အားလုံး ကပျာကယာ အိမ်ထဲသို့ ဝင်ကြသည်။

"ဒါ ဘယ်သူ့လက်ချက်မှ မဟုတ်ဘူး။ ဟံတင်ရဲ့လက်ချက်ပဲ"

"ဟုတ်တယ်အမေ၊ ကိုဟံတင်နှင့်လူတစ်ယောက် ရွာတံခါးပေါက် တောင်ဘက် ထွက်သွားတာ မြင်လိုက်တယ်" ဟု ကျောက်ပွဲက ပြောသည်။

ကိုဟံတင်ဆိုသူမှာ မသော့စိန်၏မောင် ဖြစ်သည်။ မသော့စိန်တွင် ကိုဟံတင်၊ ကိုဟံရှင်၊ မကျော့ရှိန်ဟူ၍ မွေးချင်းသုံးဦးရှိသည်။

ကိုကျောက်ပွဲသည် ကြမ်းပြင်တွင် ကျနေသော ကျောက်ခဲကိုကောက်ယူ ကာ-

"ကံကောင်းလို့ အစ်ကိုအုံးရာ။ လူသာမှန်ရင် မသက်သာဘူး" ဟုပြော၍ ကျွန်တော့်ကိုပေးသည်။ တစ်ပိဿာခန့်ရှိ ကျောက်ခဲလုံးဖြစ်သည်။ ဦးဆက် မှန်ခဲ့သော် ပွဲချင်းပြီး သေနိုင်သည်။ သေခဲ့သော် အမေတို့မိသားစု သိကြမည် မဟုတ်ပေ။ ပျော်ရွှင်ကြည်နူးနေသော ကျွန်တော်၏ စိတ်အာရုံသည် ကျောက်ခဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်ကြည့်ပြီး ကြောက်ရွံ့စိုးရိမ်စိတ် ဖြစ်ရှိနေသည်။ မရောက်ဖူးသော ဆွေတစ်စမျိုးတစ်စ တစ်ဦးတစ်ယောက်မျှမရှိသောဒေသကို တစ်ဦးတည်း လာခြင်းသည် အမှားပင်ဖြစ်သည်။

နံနက်စောစောထ၍ပြန်ရသော် ကောင်းလိမ့်မည်လား။ ပြန်ခဲ့သော် ကျွန်တော် ချစ်မြတ်နိုးသော မသော်စိန်နှင့် တွေ့ဆုံဖို့ အခွင့်အလမ်း ဆုံးရှုံးတော့မည်။ ဤသို့ဖြင့် ပြန်ဖို့၊ မပြန်ဖို့ကိစ္စကို 'မထွေးနိုင် မမျိုနိုင်' ဆိုသလို မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေသည်။

စာတစ်အုပ်မှ ဖတ်ရှုရသောစာပိုဒ်ကလေးတစ်ခုကို သတိရလာသည်။

"မေတ္တာစစ်မေတ္တာမှန်တို့၏ ခရီးလမ်းသည် ဖြောင့်ဖြူးသာယာခြင်း မရှိ"

လောကတွင် အခက်အခဲဆိုသည်မှာ ရှိစမြဲ။ အခက်အခဲကို မကျော်လွှားရဲ၍၊ ရင်မဆိုင်ရဲ၍ နောက်ဆုတ်ခဲ့သော် ပြန်သွားခဲ့သော် မသော်စိန်က 'သူရဲဘောကြောင်သောသူ၊ သတ္တိမရှိသူ လူပျော့လူညံ့'ဟု ထင်ပေလိမ့်မည်။ ချစ်သူ၏ အထင်သေးမှုကို မခံလို။ 'ဘာပဲဖြစ်ဖြစ် ရင်ဆိုင်မည်'ဟု ဆုံးဖြတ်လိုက်သည်။ စိတ်မှာ ကြည်လင်ပေါ့ပါးသွားသည်။

ကျွန်တော်နှင့် ကိုကျောက်ပွဲကအိမ်ရှေ့ခန်းမှာ အိပ်သည်။ ဒေါ်ဖွားနှင့် မတင်ရွှေ သားအမိက ခြေရင်းခန်း၌ အိပ်ပါသည်။ သန်းခေါင်ကြက်တွန်သည် တိုင် အိပ်မပျော်ပါ။ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ရွာစည်းရိုးမှ ပုရစ်မြည်သံများနှင့် တစ်ခါတစ်ရံ ဇီးကွက်မြည်သံ ကြားရသည်။ လင်းခါနီးမှ အိပ်ပျော်သွားသည်။ ကျွန်တော် အိပ်ရာမှ ထသောအခါ ဒေါ်ဖွားသည် မီးဖိုချောင်းထဲတွင် အလုပ်ရှုပ်နေသည်။

"မောင်အုံး ထန်းပင်မြစ် စားမလား"

"ကောင်းတယ်ဗျာ။ ကျွန်တော်ကြိုက်တယ်"

မကြာမီ ဒေါ်ဖွားသည် ထန်းပင်မြစ်များနှင့် ဆီ၊ ဆား ရောစပ်ထားသော ပန်းကန်လာပို့သည်။ ထန်းပင်မြစ် ပူပူကို ချိုးဖဲ့၍ ဆီ၊ ဆားနှင့် တို့စားသည်။ မြေအိုးထဲမှ ရေနွေးကြမ်းကို သောက်သည်။ ထန်းပင်မြစ်မှာ လတ်ဆတ်၍ လားမသိ အရသာရှိလှသည်။

ဒေါ်ဖွားတို့၏ ဒေသထွက်သီးနှံများသည် အရသာပိုရှိသည်။ မနေ့က ရွှေဖရုံသီးချက်မှာ ဆေးကပ်၍ အရသာရှိသည်။ ကျွန်တော်တို့ ကျွန်းပိုင်းဒေသမှထွက်သော ရွှေဖရုံသီးများမှာ အရသာပေါ့၍ ဆေးကပ်ခြင်းမရှိပေ။



မသော်စိန်ထံ စာပေးလို၍ ဗလာစာရွက်နှင့် ခဲတံရှိလျှင် လိုချင်ကြောင်း ကိုကျောက်ပွဲကို ပြောရာ ကိုကျောက်ပွဲသည် ဗလာစာရွက်နှင့် ခဲတံအဖြင့် အောက်ခံရေးရန် တိုးတက်ရေးမဂ္ဂဇင်းဟောင်းတစ်အုပ် ပေးသည်။ ကိုကျောက်ပွဲသည် ငယ်သော်လည်း ချက်ချာသည်၊ သွက်လက်သည်။

ကျွန်တော်သည် ရင်ဘတ်ကို ခေါင်းအုံးခု၍ အလျားမှောက် စာရေးသည်။

*မသော်စိန်*

*မသော်စိန်ကို ချစ်တဲ့စိတ်နှင့် တစ်ခါတစ်ခေါက်မျှ မရောက်ဖူးသောဒေသကို တစ်ဦးတည်း စွန့်စားပြီး လာခဲ့ပါသည်။ မနေ့ညက အိမ်ရှေ့ကြမ်းပြင်တွင် ဒေါ်ဖွားနှင့် စကားပြောနေခိုက် ရွာစည်းရိုးတစ်ဘက်မှ ကျောက်ခဲနှင့်ပေါက်ပါသည်။ ကျွန်တော့် ဦးခေါင်းနှင့် သီသီကလေးလွဲသွားပါသည်။ အကယ်၍ ဦးဆက်ကိုမှန်ခဲ့သော် ပွဲချင်းပြီး သေနိုင်သောကျောက်ခဲ ဖြစ်ပါသည်။*

*ယခုနံနက် မသော်စိန်ပေးရန် စာရေးနေစဉ် 'ဟံတင်လာတယ်'ဟု ဒေါ်ဖွားက သတိပေး၍ ကြည့်လိုက်ရာ ကိုဟံတင်သည် အဖော်တစ်ဦးနှင့် ဓားရှည်ကြီးတလွှမ်းလွှမ်း နှင့် အိမ်ဝိုင်းထဲ ဝင်လာပါသည်။ ဒေါ်ဖွားက စိုးရိမ်ပြီး အိမ်ထဲဝင်နေရန် ပြောပါ သည်။ ဣန္ဒြေမဲ့၊ သိက္ခာမဲ့၊ သတ္တိမဲ့ဖြစ်မည်စိုး၍ ရေးလက်စစာရွက်ကို ခေါင်းအုံး အောက်သွင်းပြီး စာဖတ်ဟန် ပြုနေပါသည်။*

*"မဖွား ကျုပ်မျက်နှာ အသေအချာကြည့်စမ်း၊ ဘယ်သူလဲလို့"*

*"ဟဲ့ နင့်မျက်နှာကြည့်တော့ ဟံတင်၊ ဟံတင်ပေါ့။ နင်က မုဆိုးမဆိုပြီး မတရား မစော်ကားနှင့်။ ငါမခံဘူး သိလား"ဟု ဒေါ်ဖွားကပြောပါသည်။ အဖော်ပါသူက 'လာပါကွာ ပြန်ရအောင်'ဟုပြောကာ ဆွဲခေါ်သွားပါသည်။ အဖြစ်ကို မသော်စိန် သိစေလို၍ စာရေးခြင်းဖြစ်ပါသည်။ အထူးမှာ ကျွန်တော်နေခြင်းအားဖြင့် အန္တရာယ် များနိုင်၍ ယနေ့ပြန်မည်။ မပြန်မီ မသော်စိန်နှင့်တွေ့ခွင့်ရလျှင် တွေ့ချင်ပါသည်။*

*(အုံးဆေး)*

စာမှာ ရည်းစားစာမဟုတ်ဘဲ ဖြစ်ပေါ်လာသည့်ကိစ္စကို ဖော်ပြသည့် ကြောင်းကျိုးပြစာ ဖြစ်သည်။ စာကို ဒေါ်ဖွား သွားရောက်ပေးပို့ပါသည်။ စာဖတ်ပြီး မသော်စိန်စိတ်မကောင်းဖြစ်ရှိနေကြောင်းနှင့် ကျွန်တော့်ကို 'မပြန်ပါနှင့်ဦး'ဟု မှာလိုက်ကြောင်း ဒေါ်ဖွားက ပြောပါသည်။ ဒေါ်ဖွားပြန်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်မကြာမီ မစက်ရှိန် ရောက်လာပါသည်။ မစက်ရှိန်သည် မသော့စိန်နှင့် အတူ တန့်ကြည့်တောင်ဘုရားပွဲ ပါလာသူဖြစ်သည်။

ကျွန်တော်နှင့် ဒေါ်ဖွားကို မသော့စိန်က လက်ဖက်ရည်သောက် အဖိတ်ခိုင်း၍ လာရကြောင်း မစက်ရှိန်က ပြောပါသည်။ "မောင်အုံး သွားမည်လား"ဟု ဒေါ်ဖွားက မေးပါသည်။ သွားသင့်မသွားသင့် စဉ်းစား ချိန်ဆနေစဉ်–

"ဟဲတင်မရှိဘူး။ ယာထွန်ထွက်သွားပြီ"ဟု မစက်ရှိန်က ပြောပါသည်။

ကျွန်တော်သည် မသော့စိန်ကို ယုံကြည်သဖြင့် ပုဆိုးအင်္ကျီများ လဲလှယ်ကာ ဒေါ်ဖွားနှင့်အတူ လိုက်ပါလာခဲ့သည်။ မသော့စိန်တို့အိမ်သည် ရွာမြောက်ပိုင်း၌ ရှိသည်။ အိမ်ဝိုင်းအဝင်ဝမှ မသော့စိန်က ပြုံးရွှင်စွာဖြင့် ကြိုဆိုပါသည်။ ကျွန်တော်ကလည်း အပြုံးဖြင့် တုံ့ပြန်လိုက်ပါသည်။ မသော့စိန်က အိမ်ပေါ်သို့ ခေါ်ဆောင်သွားပါသည်။ အိမ်မှာ ပျဉ်ထောင်ကာ ပျဉ်ခင်း နှစ်ဆောင်ပြိုင်အိမ်ဖြစ်၍ ကြီးမား ကျယ်ဝန်းသည်။ အိမ်ရှေ့ဆောင်တွင် သင်ဖြူးဖျာခင်း၍ လက်ဖက်ရည်နှင့် တည်ခင်း ဧည့်ခံပါသည်။ မသော့စိန်သည် ဒေါ်ဖွားအနီးတွင် ပုဆစ်တုပ်ထိုင်လျက် ကြွေခရားအိုးမှ ရေနွေးကြမ်းငှဲ၍ ကျွန်တော့်ကိုပေးသည်။

"ထမန်နှင့် ငါးခြောက်ဖုတ်စားပါဦး"ဟု ပြောသည်။ ကျွန်တော်သည် မသော့စိန်၏မျက်နှာနှင့် ဝတ်စားဆင်ယင်မှုကို လေ့လာကြည့်ရှုမိသည်။ စိတ်မချမ်းမြေ့၍လားမသိ မျက်နှာတွင် သနပ်ခါးပေါင်ဒါများ ခြယ်သခြင်း မရှိပေ။ ယောလုံချည် ခရမ်းရောင်နှင့် ပိတ်ပါးအင်္ကျီ အဖြူရောင်လက်ရှည်တို့မှာ သစ်လွင်တောက်ပခြင်းမရှိ။ ဆံပင်ကို နှစ်ပတ်လျှိုထုံး၍ ကျောလယ်ချထားသည်။ 'ရိုးသောအဝတ်တန်ဆာသည် လှပသော မိန်းမများအတွက် အကောင်းဆုံးဖြစ်သည်'ဆိုသလို မသော့စိန်၏ ဝတ်စားဆင်ယင်မှုမှာ သူ၏ နဂိုအလှ ထက်ပင် ပို၍လှသည်ဟု ထင်မိပါသည်။ အမှန်မှာ သူမသည် စိတ်မချမ်းမြေ့၍ မွမ်းမံခြယ်သမှု မပြုခြင်းဖြစ်ရာ သူ့ကိုကြည့်၍ ကရုဏာ သက်သွားပါသည်။

"စာပတ်ပြီး ကျွန်မ စိတ်မကောင်းဖြစ်သွားပါတယ်။ မောင်ကိုခေါ်ပြီး သူများအိမ်မှာ တည်းခိုနေထိုင်တဲ့ ဧည့်သည်ကို စော်ကားမော်ကား ပြုလုပ် ရပါမလားလို့ အပြစ်တင် ဆူပူလိုက်တယ်။ ဒါနဲ့ ယာထွန်ထွက်သွားတယ်။ သူ့ရဲ့ ရမ်းကားမှုအတွက် ဒေါ်ဖွားနဲ့ကိုအုံးဖေကို ကျွန်မ တောင်းပန်ပါတယ်"ဟု မသော့စိန်က စိတ်လက်မကြည်သာသည့် သဘောမျိုးနှင့် ပြောပါသည်။



"ကျွန်တော် သဘောပေါက်ပါတယ် မသော့စိန်။ ကျေးလက်တောရွာတွေမှာ နှမအတွက် ရှက်ရမ်းရမ်းတတ်ပါတယ်"

"သော့သော့ ငါ့ကိုမီးခြစ်ပုံးပေးစမ်း"ဟု တောင်းသံကြား၍ကြည့်လိုက်ရာ အခန်းဝတွင် အသက်ခြောက်ဆယ်အရွယ် အဘွားကြီးတစ်ဦး ထိုင်နေသည်ကို တွေ့ရှိရသည်။

"အဲဒါ သော့သော့တို့ရဲ့ ဘွားအေကြီး ဒေါ်စိုးဖူးတဲ့၊ မျက်စိမသန်ဘူး။ သောင်ဝန်းသူကြီးဦးမြရဲ့နှမပေါ့"ဟု ဒေါ်ဖွားက တိုးတိုးပြောသည်။

"သြော်၊ ဟုတ်လား။ ဦးမြကိုတော့ ကြားဖူးတယ်။ နာမည်ကြီးသူဌေး ကြီးတစ်ဦးပဲ" အဘွားကြီးသည် ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိပြီး မြေးမ ကို ဘာပြောသည်မသိ ပြောနေသည်။

"မနက်ဖြန်မှပြန်ပါ ကျွန်မ ညစာထမင်း ကျွေးချင်ပါတယ်"

"ကျေးဇူးတင်ပါတယ်။ ကျွန်တော်နေခြင်းအားဖြင့် အန္တရာယ် တွေ့ကြုံလာရင် မသော့စိန်လည်း စိတ်ဆင်းရဲတာကလွဲလို့ ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူး။ လူငယ်တွေဆိုတာ ဘေးက သွေးထိုးပေးရင် မြှောက်ပေးရင် ဆင်ခြင်စဉ်းစားခြင်းမရှိဘဲ စိတ်နောက်ကိုယ်ပါ လုပ်တတ်ပါတယ်"ဟု မသော့စိန် ကျေနပ်အောင် အကျိုးအကြောင်း ပြောပြပါသည်။

"ဟုတ်တယ် သော့သော့၊ ငါ့အိမ်ဝိုင်းကလည်း မလုံခြုံဘူး။ ငါလည်း ဘာမှ မတတ်နိုင်ဘူး။ မနက်ကဆိုရင် မောင်အုံးကို ဓားနှင့်ခုတ်မလားလို့တောင် စိုးရိမ်ပြီး အူတုန်အသည်းတုန် ဖြစ်ရသေးတယ်"

"အချိန်မရှိလို့ မစားတော့ပါဘူး။ နောက်တော့ မသော့စိန် ချက်ပြုတ် ကျွေးတာကို တစ်သက်လုံးစားရဦးမယ် မဟုတ်လား"ဟု ကျွန်တော်က စိတ်ထဲရှိသလို ပြောလိုက်သည်။

"ဒါက လွယ်လွယ်ပြောလို့၊ လွယ်လွယ်ဆုံးဖြတ်လို့ မဖြစ်ပါဘူး။ အိမ်ထောင်ဦး၊ ဘုရားတည် ဆေးမင်ရည်စုတ်ထိုးဆိုတာမျိုးသွားရင် ပြင်ဖို့ မလွယ်တဲ့ကိစ္စဖြစ်လို့ စဉ်းစားရမယ့် အလုပ်ပါ"

မသော့စိန်သည် ပေါက်မြို့အထက်တန်းကျောင်းမှ ခြောက်တန်းအောင်မြင် သည်။ မိဘဘိုးဘွား အရှိန်အဝါကြီးမားသော်လည်း 'ဇာတိမာန်၊ ဂုဏ်မာန်' ရှိရာပေ။ ယဉ်ကျေးသိမ်မွေ့၍ သူ၏ပြောဟန်ဆိုဟန်နှင့် အကြံဉာဏ်တို့မှာ လူကြီးဆန်သည်။ အမြော်အမြင် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကနေ့ ဘယ်အချိန်ပြန်မလဲ" မသော့စိန်က မေးသည်။

"ညနေ သုံးနာရီလောက် ပြန်မယ်"

"အပြန် အိမ်ဝင်ခဲ့ပါဦး။ ဦးရီးတို့၊ ဦးလေးတို့နှင့် တွေ့ရအောင်လို့ပါ"

"ကဲ သော့သော့ ပြန်မယ်။ အိမ်မှာ ချက်ရပြုတ်ရဦးမယ်"ဟု ဒေါ်ဖွားက ပြောပါသည်။

"ဧည့်သည်ထမင်းကျွေးခါနီးတော့ မောင်ကျောက်ပွဲကိုလွှတ်လိုက်ပါ။ ကျွန်မ ဟင်းချက်ပေးချင်လို့ပါ"

ကျွန်တော်သည် မသော့စိန်၏ ဘွားအေကြီးကို နှုတ်ဆက်ပါသည်။

"အမေကြီး ကျွန်တော် ပြန်တော့မယ်။ အမေကြီးကို ကျွန်တော် ဝပ်ချ ကန်တော့ပါတယ်"

"အေး ငါ့မြေး အလိုဆန္ဒ ပြည့်ဝပါစေ"ဟု ဆုပေးပါသည်။

"ပေးတဲ့ဆု ရရပါလို၏"ဟုပြောကာ မသော့စိန်မျက်နှာကို ကြည့်လိုက်ပါသည်။ သူမ၏မျက်နှာမှာ ကြည်လင်ရွှန်းမြနေပါသည်။ အိမ်ရောက်သောအခါ ကိုကျောက်ပွဲက ပြောပါသည်။ ဒေါ်မေတို့အိမ်က ဧည့်သည်ကိုခေါ်လာပြီး လက်ဖက်ရည်သောက်လာဖို့ မှာသွားကြောင်း ပြောပါသည်။

"ဘယ်အချိန် လာရမှာတုံး"

"နေ့လယ်အချိန်လို့ ပြောသွားပါတယ်"

"မောင်အုံး သွားမှကောင်းမယ်။ ဒေါ်မေဆိုတာက သူကြီးဦးမြရဲ့သမီး။ ဦးမြမရှိပေမယ့် သည်ရွာမှာ ဦးမြရဲ့သားသမီးတွေက အုပ်စိုးနေတာ"ဟု ဒေါ်ဖွားက ပြောပါသည်။

ထမင်းကျွေးသောအခါ စားပွဲခုံကလေးပေါ်တွင် ဟင်းခွက်များအပြည့် ခင်းနေသည်။ နရသီဟပတေ့ (တရုတ်ပြေးမင်း)၏ ထမင်းပွဲကို သတိရမိပါသည်။ ဒေါ်ဖွားမှ ဝက်သားချက်နှင့် မန်ကျည်းရွက် ဆန်ဟင်းချိုအပြင် ငရုတ်သီးနှင့် သရက်ကင်းထောင်းထားပါသည်။

"ဒါက မစက်ရှိန်တို့အိမ်က ပို့ပေးတဲ့ ဆူးပုတ်ရွက်နှင့် ဘဲဥကြော် ဒါက သော့သော့ပို့ပေးတဲ့ 'မောင်မခေါ်ဆန်'ချက်နှင့် 'ငါးခြောက်ကြော်'"ဟု ဒေါ်ဖွားက ပြောပါသည်။

"မောင်မခေါ်ဆန်လို့ ကျွန်တော် မကြားဖူးဘူး"



"ပဲကြီးဆန်တစ်မျိုးပါပဲ။ ပဲကြီးက အခွံဖြူတယ်။ သူက နက်တယ်။ စားရာမှာ ပဲကြီးထက် ပိုကောင်းတယ်။ မောင်ကိုတောင် မေ့နေလို့ 'မောင်မခေါ်ဆန်'လို့ ပြောကြတာပဲ"

ကျွန်တော်သည် မောင်မခေါ်ဆန်ဟင်းချက်ကို ခပ်ယူပြီး ထမင်းနှင့် နယ်ဖတ်စားလိုက်သည်။ ထူးခြားသည့်အရသာတစ်မျိုးပင်။ ငါးရံ့ခြောက်ကို ကြက်သွန်နီနှင့် ဆီရွှဲရွှဲကြော်ထားသည်။ ချစ်သူ၏လက်ရာ ဖြစ်၍လားမသိ စားလို့အရသာရှိလှပါသည်။ မန်ကျည်းရွက်ဆန်ဟင်းချိုမှာလည်း ရာသီဟင်း ဖြစ်၍ လိုက်ဖက်လှသည်။

"စားလို့ကောင်းတယ်ဗျာ"

"သော့သော့က အချက်အပြုတ် နာမည်ကြီးပဲ"

"တစ်သက်လုံး သူ့လက်ရာကိုစားရရင်တော့ ကောင်းမှာပဲ"

"စားရဖို့ နီးစပ်မှုရှိပါတယ်။ ဘွားအေကြီးကပါ မောင်အုံးကို သဘောကျနေတယ်"

"ဒေါ်ဖွားက ဘယ်လိုကြောင့် သိတာလဲ"

"မီးခြစ်ပုံးတောင်းတုန်းက ဧည့်သည်ကို ညစာထမင်းကျွေးဖို့ တိုးတိုး ပြောသံ ကြားလိုက်တယ်"

နေ့လယ်တွင် ဒေါ်ဖွားနှင့်အတူ ဒေါ်မေအိမ်သို့ ထွက်လာကြသည်။ ဒေါ်မေတို့အိမ်သည် ရွာလယ်၌ရှိသည်။ ပျဉ်ထောင်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး ခေတ်ဆန်ဆန် ဆောက်လုပ်ထားသော ကြီးမားကျယ်ဝန်းသောအိမ်ကြီးဖြစ်ပါသည်။ သားသမီးကများသည့်အပြင် ကုန်ပစ္စည်းမျိုးစုံလည်း ရောင်းသည်။ ရွာတွင် အလှူအတန်း ပြုလုပ်ကြလျှင် ပေါက်မြို့ (သို့မဟုတ်) ပခုက္ကူမြို့ သို့ သွားရောက်ဝယ်ယူခြင်း မပြုလုပ်ရဘဲ လိုသည့်ကုန်ပစ္စည်းများ ရရှိသည့်အပြင် အကြွေးဝယ်ယူနိုင်သည်။

ဒေါ်မေသည် အသားညိုသော်လည်း မျက်လုံးမျက်ခုံးနှင့် ဆံပင်ကောင်းသည်။ မိန်းမတို့၏ သဘာဝအတိုင်း လက်ကောက်များနှင့် ဆွဲကြိုးကြီးအပြင် ရွှေစီနားဒောင်းကြီး ဝတ်ထားသဖြင့် ခန့်ညားသည့်အမျိုးသမီးကြီးတစ်ဦးပင်။

သားသမီးတချို့ အိမ်ထောင်ကျသွားသော်လည်း သားလတ်ကို အေးဖေဆိုသူတစ်ဦးနှင့် သမီးပျိုလေး နှစ်ဦး ကျန်ရှိသေးသည်။ မိန်းပျိုကလေးများမှာ အသားညိုသည်မှအပ ချောမောလှပပြီး ယဉ်ကျေးသိမ်မွေ့ကြသည်။ ကော်ဇီ၊

www.burmeseclassic.com

www.burmeseclassic.com



ဘိစကွတ်မုန့်များနှင့် ဧည့်ခံ၍ ကျွန်တော်တို့မိသားစုအခြေအနေကို လေ့လာမေးမြန်းကြသည်။ ကျွန်တော်က စီးပွားရေးအခြေအနေမှအစ ပညာရေးအထိ အမှန်အတိုင်း ပြောလိုက်ပါသည်။ သူတို့ဖိတ်ကြားသည်မှာ ကျွန်တော့်အခြေအနေကို သိလို၍ ဖြစ်ဟန်တူပါသည်။

ဆောင်ဝန်းရွာထဲတွင် ဒေါ်မေ့အိမ်ကဲ့သို့ ကြီးမားကျယ်ဝန်းသော အိမ်ကြီးလေးငါးလုံး တွေ့မြင်ခဲ့ရသည်။ ၎င်းအိမ်များမှာ ဦးမြသားသမီးအိမ်များ ဖြစ်ကြသည်။

အများစု ရွာသူရွာသားတို့၏ အိမ်များမှာ ထရံကာ၊ သက်ငယ်မိုး၊ ဝါးကပ်မိုး သုံးပင်လေးပင် အိမ်ငယ်ကလေးများသာ ဖြစ်ကြသဖြင့် ၎င်းအိမ်ကြီးများမှာ စာသူငယ်အုပ်ထဲ ဗျိုင်းနားသလို ထီးထီးကြီး ပေါ်လွင်ထင်ရှားနေသည်။ ကျောချောင်း၊ ယောချောင်းမှ မျောပါလာသော ကျွန်းသစ်များနှင့် တည်ဆောက်ထားသည်။ သစ်တောဌာနက ကျွန်းသစ်သုံးစွဲခွင့် မပြုသော်လည်း ဆောက်လုပ်ပြီး အိမ်များကိုမူ ဖျက်ဆီးယူငင်ခြင်း မပြုလုပ်ဘဲ ကျွန်းသစ်၏ တန်ဖိုးငွေကို ဒဏ်ရိုက်သည်ဟု သိရပါသည်။

ဒေါ်မေတို့မိသားစုကို နှုတ်ဆက်၍ ပြန်လာကြသည်။ကျွန်တော်သည် အန္တရာယ် တွေ့ကြုံမည်ကို စိုးရိမ်၍ ခရီးလမ်း ပြောင်းလွဲလိုသည်တစ်ကြောင်း၊ မရောက်ဖူးသော ရွှေပေါင်လောင်ဘုရားပွဲကို သွားလိုသည်တစ်ကြောင်းတို့ကြောင့်

"ဒေါ်ဖွား ရွှေပေါင်လောင်ဘုရားပွဲ ဘယ်လောက်ဝေးသလဲ"

"ဒီကနေ ပျဉ်းချောင်းရွာလောက်ပဲ ဝေးတယ်။ မောင်အုံးက ဘုရားပွဲ သွားချင်လို့လား"

"သွားချင်တယ်ဗျ။ တန်ခိုးကြီးဘုရားကိုလည်း ဖူးချင်တယ်"ဟုပြော၍ ဖုဆိုးအင်္ကျီများကို လွယ်အိတ်ထဲထည့်လိုက်သည်။ ဒေါ်ဖွားနှင့်အတူ မသော့စိန်တို့အိမ်သို့ ထွက်လာကြပါသည်။ မသော့စိန်သည်မျက်နှာကို မသိမသာ သနပ်ခါး၊ ပေါင်ဒါများ ခြယ်သထားသည့်အပြင် ဝတ်စားဆင်ယင်မှုမှာလည်း သူနှင့်လိုက်ဖက်သည့် ထဘီအင်္ကျီများ ဖြစ်သည်။ (သူ၏ရုပ်ပုံလွှာကို ယခုစာရေးသည့်အချိန်တိုင်အောင် မြင်ယောင်နေပါသေးသည်။)

မသော့စိန်က သူ့ဦးရီးဦးထွန်းဖေ၊ ဦးလေး ဦးဘခင်တို့နှင့် မိတ်ဆက်ပေးပါသည်။ ၎င်းတို့သည် မသော့စိန်မိခင် ဒေါ်ဖွားစော၏ အစ်ကိုအရင်း၊ မောင်



အရင်းများ ဖြစ်ကြသည်။ သူတို့က "တစ်ရက်နှစ်ရက် နေပါဦးလား"ဟု တားကြသော်လည်း တူဖြစ်သူ၏ ရမ်းကားမှုကို သိနေကြသည်။

"ကျွန်တော်တို့ လူကြီးမိဘတွေအနေနှင့် ယခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူးဗျာ။ နောက်ကို ဒီလိုမဖြစ်စေရပါဘူး"ဟု ကတိစကား ပြောကြပါသည်။

အိမ်အောက်ရှိ ခြောက်တိုင်ခုတင်ကြီးပေါ်တွင် ဧည့်ခံရန် ရေနွေးကြမ်းနှင့် စားဖွယ်ရာများ ပြင်ဆင်ထားပါသည်။

"ရေနွေးကြမ်းနှင့် ငါးခြောက်ဖုတ်၊ ပဲကြီးလှော်သုပ် စားပါဦး"ဟု မသော့စိန်က ပြောပါသည်။

"မစားနိုင်တော့ဘူး။ ဗိုက်ပြည့်နေပြီ။ မသော့စိန်ပို့လိုက်တဲ့ မောင်မခေါချက်နှင့် ငါးခြောက်ကြော်ကောင်းလွန်းလို့ အစားများသွားတယ်။ ပြီးတော့ ဒေါ်မေတို့အိမ်က ကော်ဖီနဲ့မုန့်လည်း စားလိုက်ရသေးတယ်"

"အလည်သွားတာလား"

"မဟုတ်ဘူး။ လက်ဖက်ရည်သောက်ဖိတ်လို့သွားတာ"

"လူကြီးတွေနဲ့စကားပြောရင်း နည်းနည်းစားပါဦး" ပြော၍ မသော့စိန်က ရေနွေးပန်းကန် ငှဲ့ပေးပါသည်။ ကျေနပ်မှုရှိစေလို၍ ပဲကြီးလှော်သုပ်နှင့် ငါးခြောက်ဖုတ်အနည်းငယ်စားပြီး 'ပြန်တော့မည်'ဟု နှုတ်ဆက်လိုက်ပါသည်။

မသော့စိန်သည် မျက်နှာညှိုးငယ်စွာနှင့် ကျွန်တော့်ကို ကြည့်နေပါသည်။ ချစ်သူနှင့် ခွဲခွာရတော့မည်ဖြစ်၍ စိတ်မကောင်းဖြစ်နေဟန် ရှိပါသည်။

ဦးဘခင်ကသူလိုက်ပို့ပေးမည်ဖြစ်၍ ဒေါ်ဖွား နေရစ်ပါဟု ပြောပါသည်။ သို့ဖြင့် ကျွန်တော်တို့နှစ်ဦး ရွှေပေါင်လောင်ဘုရားပွဲဆီသို့ ထွက်လာခဲ့ကြပါသည်။ လမ်းတွင် ဦးဘခင်က သူတို့ မွေးချင်းတစ်စု အကြောင်းပြောပြပါသည်။

အစ်ကိုကြီးဦးထွန်းဖေမှာ မြိုင်မြို့နယ် ဘင်းဂံရွာသူနှင့် အိမ်ထောင်ကျပြီး သမီးကလေးတစ်ယောက်မွေးဖွားပြီးနောက် ဇနီးကွယ်လွန်သွားသဖြင့် ရွာပြန်လာပြီး မိခင်ကြီးနှင့်အတူ နေထိုင်ကြောင်း၊ မသော့စိန်တို့၏မိခင် ဒေါ်ဖွားစောမှာ ပေါက်မြို့နယ် စဖဲရွာသား ဦးဘသန်းနှင့် အိမ်ထောင်ကျပြီး သားသမီးလေးဦး မွေးဖွားပြီးနောက် သေဆုံးသွားကြောင်း၊ နောက်မကြာမီဦးဘသန်းပါ သေဆုံးသဖြင့် မြေများကို ဘွားအေကြီးက ကျွေးမွေးပြုစုထားရကြောင်း၊ သူ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ညောင်ဝန်းသူ 'မခင်နှစ်'နှင့် အိမ်ထောင်ကျပြီး သားသမီးနှစ်ဦးရှိကြောင်း ပြောပါသည်။

ဦးဘခင်က မေးမြန်းခြင်းမပြုသော်လည်း ပြောသင့်သည်ထင်၍ မိသားစုအလုပ်အကိုင်ကြောင်းနှင့် ကျွန်တော့် ပညာရေးအကြောင်းကိုပါ ပြောပြလိုက်ပါသည်။

လမ်းတွင် ဘုရားပွဲသွား၊ ဘုရားပွဲပြန်များနှင့် အဆက်မပြတ်ပါ။ ဘုရားကို မြင်ရသောအခါ ဦးဘခင်ကို 'ကျေးဇူးတင်ကြောင်း' ပြော၍ ကျွန်တော် တစ်ဦးတည်း ခရီးဆက်ခဲ့ပါသည်။

ooo

## အုံးမေနှင့် အုံးဖေ

ရွှေပေါင်လောင်ဘုရားသည် တောင်ကုန်းပေါ်တွင် တည်ရှိသည်။ မြန်မာလူမျိုးတို့သည် ဘုရားစေတီများကို အထွတ်အမြတ်ထားသည့်အနေဖြင့် တောင်ထိပ်၊ တောင်ကမ္ဘူတို့တွင် တည်ထားကြသည်။ 'ရွှေပြောင်ပြောင် တောင်ပေါ်က ဘုရား၊ မယ်နှင့်မောင် သစ္စာထား ပေါင်းရစေသား'ဟု ဆုတောင်းကြသည်။

တောင်ခြေတွင် ကြူတောနှင့် ဘုရားတောင်ရွာများ ရှိသည့်အပြင် ဈေးတန်းများလည်း ရှိ၏။ ကျွန်တော်တို့ဒေသမှ ဆေးရွက်ကြီး၊ ဆေးရိုး၊ ငရုတ်သီးခြောက်ရောင်းသောဆိုင်များကို လိုက်လံ ရှာဖွေပါသည်။ အသိနှင့်တွေ့လျှင် ထိုညအဖို့ ထိုဆိုင်၌အိပ်ရန် ဖြစ်ပါသည်။ ကျွန်းညိုကြီးရွာမှ ဒေါ်အေးကြိုင်နှင့်တွေ့၍ ဝမ်းသာသွားပါသည်။ ဒေါ်အေးကြိုင်သည် ကျွန်တော်နှင့် မောင်နှမနှစ်ဝမ်းကွဲတော်၍ ကျွန်တော့်ထက် အသက်ကြီးပါသည်။

"အုံးဖေ၊ နင် ဘယ်ကလာသလဲ"

"ကျွန်တော် ညောင်ဝန်းရွာက လာတာ"

"ပွဲကြည့်မလို့လား"

"မကြည့်ပါဘူး"

"ဒါဖြင့် ငါတို့ ဇာတ်ပွဲကြည့်ချင်လို့ သည်မှာထမင်းစား သည်မှာအိပ်ပါ"

ဒေါ်အေးကြိုင်က ပြောပါသည်။ ဒေါ်အေးကြိုင်နှင့် သက်တူရွယ်တူ အမျိုးသမီးတစ်ဦးလည်း ပါရှိ၏။ ညစာထမင်းကို ဆိုင်အတွင်း ဖျာခင်း၍

www.burmeseclassic.com



သုံးဦးစားကြသည်။ ဟင်းမှာ ဝက်သားနှင့် ခရမ်းသီး ရောချက်သောဟင်းတစ်ခွက် နှင့် ငရုတ်သီးထောင်းဖြစ်သည်။ ထမင်းစားရင်း ဒေါ်ဖွားအိမ်မှ စားပွဲခုံအပြည့် ဟင်းခွက်များကို မြင်ယောင်နေပါသည်။ ချစ်သူ၏ လက်ရာဖြစ်သော မောင်မော ဆန်ချက်နှင့် ငါးခြောက်ကြော်အရသာကို ခံစားနေမိရုံမျှမက ပြန်ခါနီးတွင် ညှိုးငယ်နေသော မသော့စိန်၏ မျက်နှာကို မြင်ယောင်နေသဖြင့် ထမင်းအရသာကို ပင် မခံစားနိုင်ပါ။

ထမင်းစားပြီး ကုန်းတော်ပေါ်တက်၍ဘုရားဖူးသည်။ ဘုရားပတ်ဝန်း ကျင်ရှိ ဇရပ်၊ တန်ဆောင်းများကို လှည့်လည်ကြည့်ရှုကာ ကုန်းတော်ပေါ်မှ ဆင်းခဲ့သည်။ ဈေးတန်းကို လှည့်လည်ကြည့်ရှုရာ အများအားဖြင့် ဒေသထွက် ပစ္စည်းများဖြစ်သော ဖျာများ၊ ဆန်ကော၊ ဆန်ခါများ၊ တောင်း၊ ပလုံး ထွန်တုံး၊ ထွန်တံများအပြင် ပရဆေးဖြစ်သော သစ်မြစ်သစ်ဥ၊ သစ်သီးသစ်ခေါက် များ ရောင်းချသောဆိုင်များနှင့် အဝတ်အထည်ဆိုင်များ တွေ့မြင်ရသည်။ အများအားဖြင့် ယောဒေသထွက် ယောလုံချည်များ၊ ပင်နီအုပ်များ၊ စောင်များ ဖြစ်ကြသည်။ တချို့ဆိုင်ရှေ့၌ ဝါးတန်းတွင် ချိတ်ဆွဲထားသော 'ဝက်သား ဆားနယ်'တွဲများ တွေ့ရသည်။ ဝက်သားကို မပုပ်မသိုးအောင် ဆားနှင့် နယ် ထားသဖြင့် 'ဝက်သားဆားနယ်'ဟု ခေါ်ကြသည်။

ယောချောင်းကမ်းစပ်တွင် ဝါးဖောင်များရှိသည်။ ဝါးဖောင်ပေါ်မှ မသော့စိန်တို့၏ရွာကို လှမ်းမျှော်ကြည့်မိသည်။ လွမ်းသလိုလို ဆွေးသလိုလို ဖြစ်ရှိနေသည်။ ဖောင်ပေါ်တွင် မသော့စိန်နှင့်အတူ စကားပြောနေရလျှင် မည်မျှကောင်းလေမည်နည်းဟု အတွေးစိတ် ဝင်မိသည်။ နေဝင်ဆည်းဆာချိန် ဖြစ်၍ ရွှေပေါင်လောင်ဘုရားသည် လျှပ်စစ်မီးရောင်များဖြင့် ကြည်နူးဖွယ်ရာ ကောင်းလှပါသည်။

ဘုရားထီးမှ ငွေဆည်းလည်းသံကလေးများက ဂီတသံလို လွမ်းစိတ် ဆွေးစိတ်ကိုအားပေးသကဲ့သို့ ဖြစ်နေသည်။ တပေါင်းလပြည့်နေ့ဖြစ်၍ လမင်း၏ ပုံရိပ်သည် ယောချောင်းရေပြင်ပေါ်တွင် ရေလှိုင်းကလေးများ၏ ပုတ်ခတ်မှုကြောင့် မငြိမ်မသက် ဖြစ်နေသည်။ တပေါင်းလသည် ရွက်ဟောင်းများကြွေ၍ရွက်သစ်များ ဖူးပွင့်ဝေစအချိန် ဖြစ်၍ ရာသီဥတု မျှတပြီး သာယာကြည်နူးဖွယ်ရာ ကောင်း သည်။ 'တပေါင်းသာခေါင် လများနောင်'ဟုလည်းကောင်း၊ တပေါင်းလသည် ဆောင်းနှင့် နွေ စပ်ကူးမတ်ကူးကာလဖြစ်၍ 'နေ့ပူလို့ညချမ်း၊ တပေါင်းလ သရမ်း'ဟု ဆိုကြသည်။



တပေါင်းလ၏ မူလအမည်ရင်းမှာ ထန်းပေါင်းလဖြစ်သည်။ ထိုအချိ ကာလတွင် ထန်းသမားတို့သည် ထန်းရည်များကို စုပေါင်းကျိုချက်ခြင်းကြော ထန်းပေါင်းလဟု ခေါ်ဆိုရာမှ ကာလရွေ့လျား၍ တပေါင်းလဖြစ်လာခြင်းပင

"တပေါင်းရယ်တဲ့ မိန်ရာသီ၊ ရွက်ဟောင်းကို လေနှင်လို့၊ ပန်တော ဝင် ရွှေအင်ကြင်းငယ်၊ သင်းပျံ့ခဲ့ပြီ။ နီတျာသန္တာနှစ်လိုပါ၊ စီအမြွာ ညှာသရ ကယ်တို့၊ ဝနာသစ်ပြောင်းခါမှီ၊ ဆောင်းရာသီတဲ့ ကုန်ကျွမ်း"ဟု တပေါင်းလ ရာသီကို ဖွဲ့ဆိုကြသည်။

ကျွန်တော်သည် မအေးကြိုင်တို့ ဈေးဆိုင်သို့ ပြန်လာခဲ့သည် ကျွန်တော်ပြန်လာ၍ သူတို့၏မျက်နှာများသည် ကြည်လင်ဝင်းပသွားသည် သူတို့သည် ကျွန်တော်ပြန်သွား၍ ပွဲမကြည့်ရတော့ဘူးဟု ထင်မှတ်နေကြောင် ပြောပြကြသည်။ ကျွန်တော်အိပ်ရန်အတွက် ဖျာကြမ်းပေါ်တွင် ဂုန်နီအိတ နှစ်လုံး ဆက်၍ခင်းသည်။ ဂုန်နီအိတ်မှာ ဆန်သုံးတင်း၊ သုံးပြည်ဝင်အိတ်ကြ များဖြစ်သည်။ ခေါင်းအုံးနှင့် စောင်များ စီစဉ်ပေးပြီး ပတ်မကြီးဟိုးသံကြာ ရာဆီသို့ ခပ်သွက်သွက် ထွက်သွားကြသည်။ ပွဲမှာ မဝေးလှပါ။ ယောချောင် သဲသောင်ပြင်တွင် ဖြစ်ပါသည်။

တဖြည်းဖြည်း ညဥ့်နက်လာသည်နှင့်အမျှ ချမ်းစိမ့်လာသည်။ ဒေါ်ဖွ အိမ် အိပ်ခဲ့စဉ်က ခေါက်စောင်တစ်ထည်နှင့် အိပ်နိုင်သည်။ ယခု ခေါက်စော နှစ်ထည် ထပ်ခြုံသော်လည်း တောင်လေကို အကာအကွယ် မပေးနိုင်ခြင်းကြော တစ်ကြောင်း၊ ချောင်းရေလွှမ်းသည့် သဲသောင်ပြင်ပေါ်တွင် အိပ်ရခြင်းကြော ချမ်းအေးသည့် ဒဏ်ကို မခံနိုင်အောင် ဖြစ်နေသည်။ နောက်ဆုံးတွင် လ နှစ်ဖက်ကို ပေါင်နှစ်လုံးကြားသွင်း၍ 'ငှသန်လျင်းချိတ်'လို ကွေးအိပ်လို ရသည်။ ကျွန်တော် အိပ်ရာမှ နိုးသောအခါ မအေးကြိုင်တို့က ကောက်ညှင်းပေါ ပူပူနွေးနွေးကို နှမ်းထောင်းဖြူး၍ ရေနွေးကြမ်းနှင့် ကျွေးရာ စားလို့ကောင ပါသည်။

"ညက အိပ်လို့မပျော်ပါဘူးဗျာ။ ချမ်းလိုက်တာ ခိုက်ခိုက်တုန တာပဲ"

"သည်ဘုရားပွဲက သိပ်မချမ်းပါဘူး။ လောကဒီပ ဘုရားပွဲကမှ နှ နှာခေါင်းတွေ ကြွေကျလောက်အောင် ချမ်းတာ"

"အဲဒီဘုရားပွဲက ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပေါက်မြို့မြောက်ဘက် ထီးလင်း-ဂန့်ဂေါ ကားလမ်းဘေးရှိ တောင်တန်းပေါ်က ဘုရားဖြစ်တယ်။ ဘုရားပွဲကျင်းပတဲ့ရက်က ပြာသိုလဆန်း ဆယ့်နှစ်ရက် ဆယ့်သုံးရက်ကစပြီး လပြည့်ကျော်မှ ပြီးတယ်။ ကျင်းပတဲ့နေရာကချောင်းထဲ ဖြစ်တော့ အေးလိုက်တာ အရိုးကွဲမတတ်ပဲ။ ဆိုင်ရှေ့ ညမီးဖိုပြီး မီးလှုံရင်း ထန်းပင်မြစ်တို့၊ ပြောင်းဖူးတို့ ဖုတ်စားရတာ သိပ်ကောင်းတာပဲ။ ဇာတ်ပွဲလည်းပါတယ်။ နောက် ပေါက်မြို့မှာ ဘုရားပွဲတစ်ခုရှိသေးတယ်။ မြို့ထိပ်က လေသာတောင် ဘုရားပွဲ၊ အဲဒီဘုရားပွဲကလည်း တပို့တွဲလဆန်းကနေ လပြည့်ကျော်အထိ ကျင်းပတယ်။ လောကဒီပဘုရားပွဲလို မချမ်းပေမယ့် ရွှေပေါင်လောင်ထက် ချမ်းအေးတယ်"

မအေးကြိုင်ပြောပြ၍ ပေါက်မြို့မှ ဘုရားပွဲများအကြောင်း သိရသည်။ မှန်ပါသည်။ မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားသဖြင့် မြို့တိုင်းရွာတိုင်းမှာပင် ဘုရားပွဲရှိသည်။ တချို့ရပ်ကွက်၊ တချို့ရွာများဆိုလျှင် ဘုရားပွဲတစ်ခုမက နှစ်ခုသုံးခုရှိသည်။ မြန်မာလူမျိုးတို့သည် လုပ်ကိုင်ရှာဖွေရသည့် ပစ္စည်းဥစ္စာတို့ကို မိမိတို့ ကိုယ်ကျိုးအတွက် အသုံးမပြုကြဘဲ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း ပြုလုပ်ကြသည်။ တမလွန်ဘဝတွင် လူ့စည်းစိမ်၊ နတ်စည်းစိမ်ခံစားရမည်ဟူသော ဘာသာတရား၏ ညွှန်ပြချက်ကို သက်ဝင်ယုံကြည်ကြသည်တစ်ကြောင်း 'ဘုရားဒကာ၊ ကျောင်းဒကာ'ဟူသော နာမဝိသေသနကိုလည်း မက်မောကြသည်။ ကျေးလက်တောရွာများတွင် သာရေးနာရေးရှိလျှင် 'ဘုရားဒကာကြီး သည်ကြွပါ' 'ကျောင်းဒကာကြီး ဒီထိုင်ပါ'ဟု ရိုသေသမှုပြု၍ နေရာပေးကြရသည်။

ကျွန်တော်သည် မအေးကြိုင်တို့ကို နှုတ်ဆက်၍ ယောချောင်းကို ဖြတ်ကူးကာ ရေပြာရွာသို့ ထွက်လာပါသည်။ ရေပြာရွာသည် ငါးရက်ဈေးရှိသည်။ ဂိတ်ရှိသည်။ ဂိတ်ဆိုသည်မှာ ယခုအခေါ် ရဲစခန်းဖြစ်သည်။ ရေပြာမှ ပခုက္ကူသို့ ကားဖြင့် လိုက်လာခဲ့သည်။ အသွားအပြန် စရိတ်မှာ တစ်ကျပ်ခန့် သာတန့်သဖြင့် အပေါ်ဆိုင်မှ ကြယ်ပြာရောင်လုံချည်ကို ရွေးယူခဲ့သည်။ ပခုက္ကူတွင် တစ်ရက်နေပြီးဆောင်းသီးနှံများ ရိတ်သိမ်းရန် ရွာသို့ ပြန်လာခဲ့ပါသည်။

ရွာတွင် ပဲပင်များ ရိတ်သိမ်းနေကြပြီဖြစ်သည်။ ကျွန်တော်သည် မြတ်မရိတ်တတ်၊ ပဲပင်မရိတ်တတ်၍ ပဲထွေးများကို လှည်းပေါ်တင်ပြီး



ပဲတလင်းသို့ ပို့ပေးရသည်။ တလင်းတွင် ဝဲထွေးများ သွေ့ခြောက်အောင် ဖြန့်ထားရသည်။ သွေ့ခြောက်သော် နွားများနှင့် လှည့်ပတ်နင်းနယ်ရသည်။ ပဲဆွတုတ်နှင့် အထက်အောက် လှန်ပေးရသည်။ ပုတ်ရသည်။ ပဲမှာ ပဲရင်းဖြစ်သည်။ ၎င်းပဲကို ရောင်းလည်းရောင်းသည်။ ဆန်နှင့်ရော၍ ထမင်းချက်စားကြသည်။ ထမင်းအသွေးအရောင် နီသော်လည်း စားရာတွင် အရသာရှိပါသည်။

ပဲတလင်းတွင် အရပ်ဖျင်းတဲထိုးထားသည်။ နေ့လယ်တွင် နေခိုရသည်။ ညတွင် အရပ်ဖျင်းတဲအောက် အိပ်ကြရသည်။ အသုံးအဆောင်ပစ္စည်းများမှာ ရေအိုးတစ်လုံး၊ ထမင်းချက်စားရန် ထမင်းအိုး၊ ဟင်းအိုးများနှင့် ပန်းကန်ခွက်ယောက်များ ရှိသည်။ ညဆိုလျှင် ကျွန်တော်က ပဲတလင်းစောင့်ရသည်။ အပေါင်းအသင်းများက အဖော်အဖြစ် လာအိပ်ကြသည်။ ပျော်ပျော်ပါးပါး ကြက်သားနှင့် ထမင်းချက်စားကြသည်။ တက်ညီလက်ညီ ရှိကြသည်။ ဆန်၊ ဆီ၊ ဆား ဝယ်သူက ဝယ်၊ ကြက်ရှာသူကရှာ၊ အလေးချိန် ငါးဆယ်သား၊ ခြောက်ဆယ်သားခန့်ရှိ ဆူဖြိုးသော ကြက်မကြီးတစ်ကောင်မှ သုံးမူး၊ သုံးမူးတစ်ပဲ ပေးရသည်။

ပဲတလင်းမရောက်မီ အမွှေးနုတ်လာသည်။ ပဲတလင်း ရောက်သောအခါ ကြက်မှာ ပူပူနွေးနွေး ရှိပါသေးသည်။ ပဲရိုးများကို မီးရှို့၍ ကြက်ကို မီးမြှိုက်သည်။ တစ်နာရီကျော်ခန့် ကြာသောအခါ ဆန်ဖြူထမင်း၊ ကြက်သားဟင်းနှင့် ဝိုင်းဖွဲ့ထမင်းစားကြသည်။ ပျော်စရာလည်း ကောင်းသည်။ စားလို့လည်းကောင်းသည်။ ကြက်သားကို ငရုတ်သီးခြောက်နှင့် ကြက်သွန်နီထောင်း၍ ဆီအနည်းငယ်ဖြင့် ချက်ထားသဖြင့် သောက်လို့လည်းရသည်။ လူးစားလို့လည်း ဖြစ်သည်။ 'ကာလသားချက်'ဟု ခေါ်ကြသည်။ လတ်ဆတ်၍လားမသိ အလွန်ကောင်းပါသည်။ တစ်ခါတစ်ရံ ဂျပန်နိုင်ငံလုပ် သဘော်ဦး ဘူးပြားငါးသေတ္တာနှင့် ထမင်းချက်စားကြသည်။ ငါးသေတ္တာတစ်ဘူးမှ ပိုက်ဆံတစ်မတ်ပေးရသည်။

ထနောင်းကုန်းရွာတွင် ကျွန်တော်သည် လူလည်ဖြစ်သည်။ ရေကြီးနှင့် ပခုက္ကူမြို့တို့အပြင် ရန်ကုန်၊ မန္တလေးမြို့များတွင် နေထိုင်ခဲ့ဖူးသဖြင့် အတွေ့အကြုံများကို ကျွန်တော်က ပြောပြရာ သူတို့ စိတ်ဝင်စားကြသည်။ အထူးသဖြင့် မအေးယုအကြောင်းကို သူတို့အကြိုက်ဆုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ရိတ်သိမ်းရသောသီးနှံမှာ မြန်မာဆေးရွက်ကြီးများ ဖြစ်သည်။ ဆေးရွက်များကိုချိုးပြီး ဆေးကျောရိုးကို လက်ရိုက်ဖြင့် ထုရသည်။ ဆေးတလင်းတွင် ဆေးရွက်များကို စီတန်းပြီး နေလှန်းရသည်။ ဆေးရွက်အပေါ်ကို ကိုင်းတန်ဖိရသည်။ ကိုင်းတန်ပေါ်ကို ဝါးလုံးများနှင့် ဖိထားရသည်။ လေဒဏ်ကို ကာကွယ်ရခြင်းဖြစ်သည်။ ဆေးရွက်များခြောက်သွေ့သော် မြက်တံပွတ်တန်နှင့် ရေများပက်ဖျန်းပြီးမှ ဆေးရွက်များကို ကောက်ယူရသည်။ လေမိုးလွတ်ကင်းအောင် လူအများနှင့် ဝိုင်းလုပ်ရသော လုပ်ငန်းဖြစ်၍စရိတ်စက အကုန်အကျများလွန်းသည်။

ငွေကြေးမတတ်နိုင်သူများမှာ မြို့ပေါ်ရှိ ဆေးပွဲစားများထံမှ ငွေတစ်ရာလျှင် ငါးကျပ်တိုးနှင့် ချေးယူကြရသည်။ ရရှိသည့်ဆေးရွက်ပိုများကို ငွေရှင်ပွဲစားထံ အပ်နှံရသည်။ ပွဲစားက သင့်လျော်သောဈေးနှင့် ရောင်းချ၍ ပွဲခယူသည်။ အချေးငွေအတွက် အရင်းအတိုး နုတ်ယူသည်။ တချို့တောင်သူများမှာ ဆေးရွက်ဖိုးမရသည့်အပြင် ကျန်ရှိနေသည့် ငွေများအတွက် အတိုးနှင့် စာရင်းအသစ်မှတ်ခြင်းခံရပြန်သည်။ ဆေးစိုက်တောင်သူသည် လုပ်ငန်းနှင့် ဆေးပွဲစားကြားတွင် လုံးလည်လိုက်နေသည်။

ဆေးရွက်ကြီးလုပ်ငန်းများ သိမ်းဆည်းပြီးသောအခါ အမျိုးသမီးများက ရက်ကန်းရက်ကြသည်။ မောင်းထောင်းကြသည်။ ကိုင်းမြက်သမန်းမြက်များ ရိတ်ဖြတ်၍ သက်ငယ်ပျစ်ကြသည်။ အမျိုးသားများမှာမူ အလုပ်အကိုင်ဟူ၍ မည်မည်ရရ မရှိသဖြင့် ဖဲရိုက်ကြသည်။ ကြက်တိုက်ကြသည်။ အရက်သောက်ကြသည်။ ချေးနှင့်ရင်းနှီး၍ လုပ်ကိုင်ရသော သီးနှံဖိုးငွေများကို အကျိုးမဲ့ အချည်းနှီးဖြုန်းတီးကြသည်။ ထိုအထဲတွင် ကျွန်တော်လည်း ပါဝင်သည်။

ကျွန်တော်သည် အသက်နှစ်ဆယ်အရွယ်ဖြစ်၍ စာပေဗဟုသုတ မရှိ။ အသိပညာမဲ့သည့်အားလျော်စွာ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက် စသောဘဝနှင့်မှုန်းမည့် ဒုစရိုက်လုပ်ငန်းများနှင့် ပျော်မွေ့ခဲ့သည်။ ရွှေနှင့်လဲလှယ်၍ မရနိုင်သော အဖိုးတန်အချိန်တွေကို အကျိုးမဲ့ အချည်းနှီး ဖြုန်းတီးခဲ့သည်။

'တာတေ'ဆိုလျှင် စနေသားမှန်းသိကြသလို 'အုံးဖေ'ဆိုလျှင် လူဆေလူတော၊ အရက်သမား၊ ဖဲသမားမှန်း လူတိုင်းသိကြသည်။ တချို့က 'အုံးဆေ' ဟူ၍ပင် 'ပဆောက်အက္ခရာနှင့် ပြောင်လှောင်ခေါ်ဝေါ်ကြသည်။ 'လူမိုက်သည် မိုက်ဂုဏ်ကို အလိုရှိသည်' ဆိုသည်နှင့်အညီ ဤသို့ ပြောင်လှောင်ခေါ်ဆို



သည်ကိုပင် ဂုဏ်ပုဒ်တစ်ခုဟု ထင်မှတ်ခဲ့သည်။ တစ်လွဲဆံပင်ကောင်းခဲ့သည်။

မြန်မာမှုနယ်ပယ်တွင် 'သားသမီးမကောင်း မိဘခေါင်း'ဟူ၍ အဆိုရှိသည်။ ထိုအဆို မှားသည်ဟု မဆိုနိုင်စေကာမူ ဧကန် မှန်သည်ဟူ၍လည်း မဆိုနိုင်ပေ။ အကြောင်းမှာ ကျွန်တော် မကောင်းခြင်းသည် 'အမေတွင် တာဝန်မရှိပေ' (အဖေမှာ ကျွန်တော်ငယ်စဉ်က ကွယ်လွန်ပါသည်။) အမေသည် ဘာသာရေးကို အလွန်ကိုင်းရှိုင်းသူဖြစ်သည်နှင့်အညီ ကျွန်တော် အရက်သောက်၊ ကြက်တိုက်၊ ဖဲရိုက်သည်ကို အလွန်မုန်းတီးသည်။ အရက်မသောက်ရန်၊ ဖဲမရိုက်ရန်၊ မကောင်းမှုဒုစရိုက်များကို ရှောင်ကြဉ်ရန်၊ ဘုရားမကြိုက်သည့်အမှုကို မပြုလုပ်ရန် အကြိမ်ကြိမ်အခါခါ ဆုံးမခဲ့ဖူးသည်။

အမေသည် စာတတ်သည်၊ စာဖတ်သည် ပြောလည်းပြောတတ်သည်။ မကောင်းမှုပြုလုပ်လျှင် မကောင်းသည့်အကျိုးခံစားရမည်ဟု ကျွန်တော် သဘောပေါက်အောင် ဖျောင်းဖျနားချခဲ့သည်။ တစ်ခါသော် ကျွန်တော်သည် အမေကျေနပ်နှစ်သိမ့်စေလိုသည့်အနေဖြင့် 'ဟုတ်ကဲ့ပါ' နောက် အရက်မသောက်တော့ပါဘူး။ ဖဲမရိုက်တော့ပါဘူး'ဟု ဝန်ခံကတိ ပေးခဲ့ဖူးသည်။ ထိုကတိမှာ ရက်သတ္တ တစ်ပတ် မပြည့်ပါ။ အကြောင်းမှာ ကျွန်တော်တို့အိမ်သည် အရက်ရောင်း၊ ဖဲဒိုင်ခံသည့်အိမ်နှင့် ပေတစ်ရာတစ်ဆယ်ခန့်ပဲ ကွာဝေးသည်။ ထိုအိမ်မှ အရက်သောက်သူများ ဆူညံစွာ စကားပြောသံကြားရလျှင် အရက်သောက်ချင်သည်။ ဖဲရိုက်သူများ ဖဲရိုက်နေကြလျှင် ဖဲရိုက်ချင်သည်။ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုဒဏ်ကို ရုန်းကန်ငြင်းဆန်ခြင်းမပြုနိုင်ဘဲ အရက်ဝိုင်း၊ ဖဲဝိုင်းသို့ ရောက်ရှိသွားပါသည်။ ထိုအခါ အမေသည် မကျေနပ်၍ ကျိန်ဆဲပါသည်။ 'ငါမသွားစေချင်တဲ့နေရာသွားတာ ထွန်တုံးလောက်ရှိတဲ့ မြွေပွေးကြီး ကိုက်သေပါစေတော်'ဟု ကျွန်တော်ကြားလောက်အောင် ဟစ်အော်သည်။

"မှား၍မှားမှန်းသိလျှင် ရှောင်ကြဉ်သည်။ မိုက်၍ မိုက်မှန်းသိလျှင် လိမ္မာပြီ"ဟုအဆိုရှိသော်လည်း ထိုအချိန်ထိုအခါက အသိပညာမရှိသည့် အားလျော်စွာ မှား၍မှားမှန်းမသိ၊ မိုက်၍မိုက်မှန်းမသိခဲ့။ ဝါသနာသည် စွဲမိစွဲရာကို စွဲလမ်းတတ်သည်။ 'ကောင်းသည့်အရာကို စွဲလမ်းသည်ထက် မကောင်းသည့်အရာကို စွဲလမ်းခြင်းက ပိုပြီး အစွဲကြီးသည်'၊ 'ပါပသို့ ရတိ မနော' စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည်။ ကျက်စားတတ်သည် မဟုတ်ပါလား။

www.burmeseclassic.com



ကျွန်တော် ဝါသနာအကြီးဆုံး၊ အစွဲလမ်းဆုံးအလုပ်မှာ ဖဲရိုက်သည့်အလုပ် ဖြစ်သည်။ ဖဲဝိုင်းထိုင်စ ဖဲချပ်ကလေးများ ကိုင်လိုက်ရသည်မှာ အရသာရှိသည်ဟုပင် ထင်မိသည်။ မည်မျှ ဖဲကို စွဲလမ်းပါသနည်းဆိုလျှင် ရည်းစားနှင့် ချိန်းထားသည်ကိုပင် မသွားနိုင်။ အိပ်မက်မက်သည်မှာပင် ဖဲရိုက်တာကိုပဲ မက်သည်။

ဖဲရိုက်ရန် ပိုက်ဆံမရှိလျှင် အမေတူအဖေကွဲ အစ်မကြီး မပန်းမြိုင်၊ မပန်းလှိုင်တို့၏ ထဘီ၊ အင်္ကျီမှအစ ဆင်စွယ်ဘီး၊ လိပ်ရင်ဘတ်ဘီးများကို ခိုးယူပြီး ဖဲပေါင်ရိုက်သဖြင့် ကျွန်တော့်ကို မည်သူကမျှ မယုံကြည်ကြ။ အမေ၏ ညီမတစ်ဝမ်းကွဲ ဒွေးလေးဒေါ်လှဟင်းကဆိုလျှင် ကျွန်တော့်ကို မယုံကြည်၍ လေးဂါလံဝင် ရေနံဆီပုံးခွံဟောင်းကိုပင် ငှားရမ်းခြင်းမပြုခဲ့။

နိုင်လိမ့်မည်ထင်၍ သူတစ်ပါးပိုက်ဆံကို လိုချင်၍ ဖဲရိုက်ခဲ့သော်လည်း ရှုံးသည့်အခါ မိမိပိုက်ဆံ ကုန်သွားသည့်အတွက် ပူပင်သောက ဖြစ်ရပါသည်။ မည်မျှ ပူပန်ပါသနည်းဆိုလျှင် ချွေးငွေ့ချွေးသက်များ စို့ထွက်လာသည်။ ပူပန်မှုကို ပြေပျောက်စေလို၍ စာဖတ်ပါသည်။ ထိုအချိန်က ကျွန်တော်ဖတ်သောစာအုပ်မှာ 'ဘီလူးကျွန်းမြေ'ရေးသည့် ငါးပြားတန် ဝတ္ထုဆန်းစာအုပ်များနှင့် ရှင်ပျော်ပျော်တိုက်ထုတ် နှစ်ပဲတန် ဝတ္ထုစာအုပ်များ ဖြစ်ပါသည်။ ဝတ္ထုဇာတ်လမ်းတွေကို စွဲလမ်းပြီး ငါးရာ့ငါးဆယ် နိပါတ်၊ ဗိန္ဒုပကာသနီ စာအုပ်များကို ဖတ်ခဲ့ပါသည်။

သို့သော်အရိုးကွဲအောင် စွဲလမ်းနေသည့် ဒုစရိုက်လုပ်ငန်းများကို စွန့်လွှတ်နိုင်ခြင်း မရှိသေးသော်လည်း စာဖတ်ဝါသနာ သန္ဓေတည်စပြုလာပါသည်။ တစ်နေ့၌ ဖဲဝိုင်းတွင်ရန်ဖြစ်၍ ကျွန်တော် ဓားခုတ်ခံခဲ့ရပါသည်။ ကျွန်တော့်ခေါင်း နောက်စေ့မှ အမာရွတ်သည် ဖဲရိုက်၍ ရရှိခဲ့သည့် သေရာပါဆုတံဆိပ်ဖြစ်ပါသည်။ သွေးသံရဲရဲနှင့်ပြန်လာသောအခါ 'ထွန်တုံးလောက်ရှိတဲ့မွေးစားကြီး ကိုက်သေပါစေတော်'ဟု ကျိန်ဆဲသော အမေသည် ရင်ဘတ်စည်တီး ငိုပါလေသည်။ ရေနွေးဖြင့် သွေးများကို ပွတ်တိုက်ဆေးကြောပေးသည်။ လုံချည်အင်္ကျီများ လဲလှယ်ပြီး ခေါင်းမှဒဏ်ရာကို သွေးဆေးများနှင့် သိပ်ပေးသည်။ ဒဏ်ရာကြောင့် မျက်နှာယောင်အမ်းလာသော်လည်း မေးခိုင်ရောဂါ မဝင်၍ ယခု ဆောင်းပါးရေးသားနိုင်ခြင်းဖြစ်သည်။



တစ်နေ့တွင် ညောင်ဝန်းရွာမှ ဒေါ်ဖွားသည် ကြက်သွန်နီအိတ်များနှင့် ရောက်လာ၍ ဝမ်းသာသွားပါသည်။ မသော့စိန်ထံမှ စာမပေးလိုက်သော်လည်း ကျွန်တော့်ထံမှ စာပေးလျှင် ယူခဲ့ပါရန် မှာလိုက်ကြောင်း ဒေါ်ဖွားကပြောပါသည်။ ဒေါ်ဖွားကို ဦးရီးသောင်၊ ဒေါ်နှင်းဥတို့အိမ်မှာ တည်းခိုနေထိုင်စေပါသည်။ အိမ်ချင်းမှာ ကပ်လျက်ဖြစ်၏။ ဦးရီးသောင်သည် အမေ၏အစ်ကိုအရင်းဖြစ်သည့်အပြင် ဒေါ်နှင်းဥမှာလည်းအမေနှင့် အစ်မတစ်ဝမ်းကွဲတော်သဖြင့် ခင်မင်ရင်းနှီးသည်။ ဦးရီးသောင်တို့ အိမ်မှာ ကျယ်ဝန်းပြီး မိသားစုလေးဦးပဲရှိသည်။ အိမ်ခြံဝိုင်းမှာ နှစ်ဧကခန့် ကျယ်ဝန်းသည်။ သရက်၊ မာလကာပင်၊ ရောက်ချို၊ ရောက်ချဉ်၊ သံပုရာပင်၊ ဩဇာပင်၊ ဥသျှစ်ပင်၊ ငှက်ပျောပင်များနှင့် သာယာကြည်နူးဖွယ်ရာ ကောင်းလှသည်။

'အိမ်နောက်ဖေး ဈေးတည်'ဆိုသလို ခရမ်းချို၊ ခရမ်းချဉ်၊ ဘူးသီး၊ ကြက်ဟင်းခါး၊ ပန်းမုန်လာ စသော ဟင်းသီးဟင်းရွက်ပင်များလည်း စိုက်ပျိုးသည်။ ဘူးစင်တွင် ဘူးသီးက ပြတ်သည်မရှိ။ မြေယာများကို တစ်ယောက်တစ်ဝက် ချထားပြီး ခြံကျယ်ကြီးတွင် စိုက်ပျိုးထားသည့် သစ်ပင်များကို ပြုစုပျိုးထောင်ရင်း အားလပ်လျှင် စာဖတ်သည်။

'အိမ်သာ၍ ဧည့်လာ' ဆိုသလို ဧည့်သည်ကပြတ်သည်မရှိပေ။ တင်းဂါတ်သူကြီး၊ ဦးစိန်မင်းဆိုလျှင် သူ့အိမ်မှာတည်း၍ သူ့အိမ်မှာစားသည်။ ပခုက္ကူမြို့မှ မြို့အုပ်များ၊ အရာရှိများ၊ ပုလိပ်များလာလျှင် သူ့အိမ်မှာပင် ဦးရီးသောင်တို့ မိသားစုသည် ဧည့်သည်ကို မငြီးမငြင်ချက်ပြုတ်ကျွေးမွေးသည်။ တစ်ခါတစ်ရံ ကျွန်တော့်ကိုလည်း ခေါ်ကျွေးသည်။ တူ၊ တူမများရှိကြသည့်အနက် ကျွန်တော့်ကို အချစ်ဆုံးဖြစ်သည်။

ဒေါ်ဖွားသည် ပါလာသည့် ကြက်သွန်များကို ဒေသထွက် ဆေးရွက်၊ ဆေးရိုး၊ ငရုတ်သီးခြောက်များနှင့် လဲလှယ်သည်။ ပိုက်ဆံနှင့်လည်း ရောင်းသည်။ အမေနှင့် ဒေါ်နှင်းဥတို့က ကူညီ ဆောင်ရွက်ပေးကြသည်။ ဒေါ်ဖွား ပြန်သောအခါ ကန်လှရွာအထိ ကျွန်တော်မှ လှည်းဖြင့် လိုက်လံ ပို့ဆောင်ပေးသည်။ မသော့စိန်ထံသို့လည်း စာပေးလိုက်သည်။ စာမှာ မသော့စိန်ကို မမြင်ရ မနေနိုင်အောင် ချစ်သော်လည်း 'တစ်ရွာသား တစ်အားယုတ်' ဆိုသလို ညောင်ဝန်းရွာ လာရမည်ကို မဝံ့မရဲ ဖြစ်နေကြောင်း၊ အကယ်၍ ကျွန်တော် ခေါ်ရာကို မသော့စိန် လိုက်မည်ဆိုပါက စွန့်စွန့်စားစား လာခေါ်မည်ဖြစ်ကြောင်း ဒေါ်ဖွားနှင့် စာပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စားခုတ်ခံခဲ့ရသော်လည်း နောင်တသံဝေဂ မရ... ဖဲဝိုင်းကို သွားမြဲသွားခဲ့သည်။ နက်ရှိုင်းစွာ အမြစ်တွယ်နေသော ဝါသနာ... မစွန့်နိုင်။ မခွာနိုင် ဖြစ်နေသည်။ တစ်နည်းအားဖြင့် စပါးကြီးမြွေ အညှို့ခံရသော သားကောင်ကဲ့သို့ ဖဲ၏ဖမ်းစားဝါးမျိုခြင်းကို ခံနေရသည်။ သို့တိုင်အောင် ခံစားနေရသည်ဟု မထင်မှတ်ဘဲ ထပ်တလဲလဲ ဖဲရိုက်ခဲ့သဖြင့် မအေး... ဝယ်ပေးသော ကြယ်ပြာရောင် လုံချည်မှအစ လူထဲဝတ်နိုင်တိုးနိုင်သော ပုဆိုး အင်္ကျီဟူ၍ တစ်ထည်မျှ မရှိတော့ပါ။

အိမ်တွင် လူလစ်လျှင် ပဲရင်းများ၊ ရေတ်သီးခြောက်များ ခိုးယူပြီး ဖဲရိုက်သည်။ အမေတို့မိသားစုက ရိပ်မိကြသဖြင့် ကျွန်တော့်ကို အလစ်မပေး ကြပါ။ အလုပ်မလုပ်ဘဲ အိမ်မှပစ္စည်းကို ဖြုန်းတီးနေခြင်းကြောင့် မကျေနပ် ကြပါ။ အထူးသဖြင့် အမေတူအဖေကွဲ မပန်းလှိုင်ကဆိုလျှင် ကျွန်တော်စားမည် စိုးရိမ်၍ အသားချက်၊ ငါးချက်များကို သိုဝှက်ထားလေ့ရှိသည်။ ထိုအကြောင်း ကိုယခင်ဆောင်းပါးများတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

ဒေါ်ဖွားဒုတိယအခေါက် ရောက်လာသည်။ မသော့စိန်ထံမှ စာပါသည် ပြော၍ ဝမ်းသာနေပါသည်။ ဒေါ်ဖွားသည် ကြက်သွန်အိတ်များနှင့် ပြောင်း... ဖက်စီးများ၊ ပင်နီအုပ်များ ပါရှိလာသည်။

အမေနှင့် ဒေါ်နှင်းဥတို့ကို ဒေါ်ဖွားက ပင်နီတစ်အုပ်စီ လက်ဆောင် ပေးသည်။

မသော့စိန်၏စာသည် ဗလာစာရွက်တစ်ရွက်နီးနီး ဖြစ်ပါသည်။ ရုပ်ရည်လှသလို လက်ရေးလည်းလှသည်။ ကျွန်တော်ခေါ်ရာနောက်သို့ မသော့စိန် လိုက်မည်ဆိုလျှင် စွန့်စွန့်စားစား လာရောက်ခေါ်မည်ဖြစ်ကြောင်း စာပေးလိုက် သည်ကို မသော့စိန်သဘောမကျဘဲ ဖြစ်နေသည်။ အမျိုးသားတစ်ဦးခေါ်ရာ နောက်သို့ လိုက်ပါသွားခြင်းသည် အမျိုးသမီးတစ်ဦးအဖို့ ဂုဏ်သိက္ခာ အနဲ... ရှက်ဖွယ်ရာ အကောင်းဆုံး အပြုအမူမျိုးဖြစ်၍ ကျွန်မတစ်သက်တွင် ဤအပြုအမူ အဖြစ်ခံမည် မဟုတ်သည့်အပြင် 'ကြက်မနက်မထင်ပြီး ဥချင်လို့တော့ မဖြစ်...' မိကောင်းဖကောင်းသားပီပီ လူကြီးများနှင့် စေ့စပ်တောင်းရမ်းစေလိုသည် သူ့ဘက်မှ လူကြီးများအတွက် သူ တာဝန်ယူသည်ဟု စာတွင်ပါရှိသည်။ သူ့ဘဝတွင် ယခုစာသည် အမျိုးသားတစ်ဦးထံသို့ ကနဦး ပေးဖူးသော... ဖြစ်ကြောင်း၊ ရည်းစားလည်း မထားခဲ့ဖူးကြောင်း၊ အကယ်၍ အကြောင်း...



...ညီညွတ်လျှင် 'အဖိုးကြီးသချိုင်း ဆူးဝိုင်းချရသည့်အဖြစ်မျိုး' ရောက်ချင်ရောက် ပါစေ။ တစ်ကိုယ်တည်း နေထိုင်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

မသော့စိန်စာနှင့် သဘောထားက ရှင်းလင်းပြတ်သားသည်။ သူမသည် ကျွန်တော့်ထက် အသက်တစ်နှစ်ခန့် ငယ်သော်လည်း အခြေခံပညာအားဖြင့် လည်းကောင်း၊ အတွေးအခေါ် အမြော်အမြင်အားဖြင့်လည်း ကျွန်တော့်ထက်သာ သဖြင့် မသော့စိန်ကို အထင်လည်းကြီးသည်။ ချစ်လည်းချစ်သည်။ သို့ရာတွင် ကျွန်တော်၏အကျင့်စာရိတ္တကို မသော့စိန် သိရှိပါက လူကြီးများနှင့် ဂုဏ် သိက္ခာရှိစွာ စေ့စပ်တောင်းရမ်းစေကာမူ သဘောတူလိမ့်မည် မထင်ပေ။

'ခုရှုပ်နောင်ရှင်း' သဘောမျိုးနှင့် အမှန်ကို ဖွင့်ပြောရသော် ကောင်းလိမ့်မည် လားဟု စဉ်းစားကြည့်မိသည်။ သို့သော် ဤသို့ပြောရဲသော အစွမ်းသတ္တိ ကျွန်တော့်၌ မရှိပါ။ မရှိသည်မှာ မသော့စိန်၏ ချစ်ခြင်းမေတ္တာ ပျက်ပြယ် သွားမည်ကို စိုးရိမ်ခြင်းကြောင့် ဖြစ်ပါသည်။

တန့်ကြည့်တောင်ဘုရားပွဲတွင် တွေ့ဆုံရသော မငွေစိန်၊ မရှိန်တို့က ဒေါ်ဖွားကို ထမင်းဖိတ်ကျွေးသည်။ ဆေးရိုးမှုန့်များ လက်ဆောင်ပေးသည်။ မဖွားအုံက ဆေးကြေခေါက်များ လက်ဆောင်ပေးသည်။ ဆေးကြေခေါက် ဆိုသည်မှာ ဆေးကြေအကျိုးအပဲ့များကို ဆေးရွက်နှင့် ခေါက်ထုပ်ထားခြင်း ဖြစ်သည်။

မရိုးကုန်းရွာမှ မငွေခိုင်ညီအစ်မကလည်း ဒေါ်ဖွားကို အလည်ခေါ်၍ ထမင်းဖိတ်ကျွေးသည်။ ရေတ်သီးခြောက်များ ပေးသည်။ ဒေါ်ဖွားသည် မှဆိုးမဖြစ်သော်လည်း အနေအထိုင် အပြောအဆို ယဉ်ကျေးသိမ်မွေ့သဖြင့် ခင်မင်ကြသည်။

ဒေါ်ဖွားပြန်သောအခါ မသော့စိန်တို့၏ အခြေအနေကို လေ့လာသိရှိရန် ကျွန်တော့်အမေ ဒေါ်ကြက်ရုံးကို အလည်လိုက်ခဲ့ဖို့ ခေါ်ပါသည်။ အမေက သူ့ကိုယ်စား သူ့မောင် ဦးရိုးသောင်ကို လိုက်သွားစေပါသည်။ ဦးရိုးသောင်က ကျွန်တော့်ကို လိုက်ခဲ့ရန် ခေါ်၏။ လိုက်ချင်သော်လည်း မလိုက်နိုင်ပါ။ အကြောင်းမှာ လုံချည်အင်္ကျီများ ဖဲပေါင်ရိုက်ထားခြင်းကြောင့် ဖြစ်ပါသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## မှောင်တကောမှောင်တွင် ကာမမှောင်သည်

ဦးရိုးသောင် ညောင်ဝန်းရွာမှ ပြန်လာသည်။ မသော့စိန် ချောမောလှပ ကြောင်းနှင့် အပြောအဆို အနေအထိုင် ယဉ်ကျေးသိမ်မွေ့ပြီး ဣန္ဒြေသိက္ခာ ရှိကြောင်း ပြောပါသည်။

"မသော့စိန်ဘက်က လူကြီးတွေနှင့်ရော စကားပြောခဲ့ရသေးလား" ဟု အမေက မေးပါသည်။

"ပြောခဲ့ရတယ်။ သူတို့အိမ်ကို လက်ဖက်ရည်သောက်၊ ထမင်းစားဖိတ်လို့ နှစ်ခေါက်ရောက်ခဲ့တယ်။ အိမ်ဝိုင်းကလည်း အကျယ်ကြီး၊ အိမ်ကလည်း နှစ်ဆောင်ပြိုင်။ ပျဉ်ထောင်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးအိမ်ကြီး။ ပြီးတော့ ခြေရင်းမှာကပ်လျက် တောင်မြောက်အဆောင်တစ်ခု ရှိသေးတယ်။ အဲဒီအဆောင် မှာပဲ ထမင်းချက်၊ ထမင်းစားကြတယ်။ ငါ့ကိုတော့ အိမ်ရှေ့ဆောင်မှာပဲ ဧည့်ခံကျွေးမွေးတယ်"

"သူတို့က ဘာတွေပြောသလဲ"

"သော့သော့မှာ မိဘမရှိလို့ ကျွန်တော်တို့ပဲ မိဘဖြစ်တယ်။ သမီးအရင်းလို ချစ်ပါတယ်။ ဒါကြောင့် သော့သော့ရဲ့ဆန္ဒအတိုင်း ဆောင်ရွက်ပေးမယ်လို့ စိတ်ကူးထားကြောင်း ဦးရိုး၊ ဦးလေးတို့က ပြောကြပါတယ်"

"ဒီတော့ ကိုကြီးသောင်က ဘယ်လိုပြောခဲ့သလဲ"

"ကိုယ့်ဟာက မကောင်းတော့ စကားကို အလွန်အကျွံ မပြောဘူး နောက်နှစ်မှ အုံးဖေအမေနှင့် လာခဲ့ပါမယ်လို့ စကားလှအောင် ပြောခဲ့တယ်"

"ကိုကြီးသောင်ပြောတာ ကောင်းပါတယ်။ ကျွန်မကလည်း ကိုယ့်သား မကောင်းဘဲနှင့် ကောင်းတယ်လို့ပြောပြီး မလိမ်မှတစ်ပါး မလုပ်ချင်ပါဘူး ကောင်မလေးကိုလည်း သနားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဒီလိုပဲ အုံးဖေနှင့်ရရင်တော့ ဒုက္ခပင်လယ် ဝေတော့မှာပဲ။ ကံဆိုးမိုးမှောင် ကျတော့မှာပဲလို့ တွေးပြီး သနားနေတယ်"

"မဖွားလာဦးမှာလား"

"မလာတော့ဘူး။ နောက်နှစ် ကြက်သွန်ပေါ်မှလာမယ်လို့ ပြောလိုက်တယ်"

"ဒီတစ်ခါ မဖွားလာရင် ကျွန်မလိုက်သွားမယ်။ သော့သော့ကို အုံးဖေ မကောင်းတဲ့အကြောင်း တိုးတိုးတိတ်တိတ် ပြောပြမယ်"

"အကောင်းဆုံးပဲ မကြက်ရုံးရာ။ ငါတို့လူကြီးပီသတာပေါ့ဟာ"

"ကျွန်မခံစားချက်နှင့် ကိုယ်ချင်းစာနာပါတယ်။ 'ကိုလူသာ' ဖရိုက်လို့ စိတ်ဆင်းရဲရတယ်လေ"

မှန်ပါသည်။ အမေ၏ ပထမအိမ်ထောင်သည်မှာ မောင်တစ်ဝမ်းကွဲ 'ဦးလူသာ' ဖြစ်သည်။ အမေ့ဘက်မှပါသော မြေယာများနှင့် ရွှေထည်ပစ္စည်းများကို ဦးလူသာ ဖရိုက်၍ တက်တက်စင်ပြောင်ခဲ့သည်။ အမေ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ခဲ့ရသည်။ မပန်းမြိုင်၊မပန်းလှိုင် သမီးနှစ်ဦးရရှိပြီးနောက် ဦးလူသာနှင့် တရားဝင် ကွာရှင်းခဲ့သည်။ သူခံစားခဲ့ရသည်ကို စာနာပြီး မသော့စိန်ကို သနားနေခြင်းဖြစ်ဟန်ရှိသည်။

"မင်းကလည်း မသော့စိန်ကိုချစ်ရင် လိုချင်ရင် မကောင်းတဲ့အလုပ်တွေကို မလုပ်ဘဲ ကောင်းရောင်းကောင်းဝယ်အလုပ်တွေကို လုပ်ပါလား။ အောက်မြို့ အောက်ရွာသွားပြီး ကိုယ့်ဒေသထွက် ဆေးရွက်ပိုတွေကို သွားရောင်းရင် အမြတ်အစွန်း အများကြီးရနိုင်တယ်။ မင်းရိုးသားရင် ငွေအရင်း မလိုပါဘူး။ ပြန်လာချေ အကြွေးရနိုင်ပါတယ်"ဟု ဦးရိုးသောင်က မေတ္တာစေတနာနှင့် အကြံဉာဏ်ပေးပါသည်။

သို့သော် နက်ရှိုင်းစွာ အမြစ်တွယ်နေသော ဝါသနာကို မဖြတ်နိုင်ဘဲ ဖြစ်ရှိနေသည်။ မဖြတ်နိုင်ခြင်းမှာ ဖဲကြောင့်ချည်းမဟုတ်မူဘဲ ဖဲသမား အရက်သမားများဖြစ်သော အပေါင်းအသင်းများနှင့် ပတ်ဝန်းကျင်ကို ခင်မင်နေခြင်းကြောင့်လည်း ဖြစ်သည်။ ပတ်ဝန်းကျင်သည် အရေးကြီးသည်။ အဓိကကျသည်။ မြန်မာမှုနယ်ပယ်တွင် 'တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး' ဟုဆိုကြသည်။ မှန်ပါသည်။ နိပါတ်တော်တွင် ကျေးညီနောင်နှစ်ကောင်သည် လေမုန်တိုင်းကြောင့် အသိုက်ပျက်ကာ သစ်ပင်ထိပ်ဖျားမှ လွင့်စင်သွားရာ တစ်နေရာဆီသို့ ရောက်ရှိသွားသည်။



တစ်ကောင်က ခိုးသားတွေ နေထိုင်ရာသို့ ရောက်ရှိသွားသကဲ့သို့ တစ်ကောင်က ရသေ့ရဟန်း ကျောင်းသင်္ခမ်းသို့ ရောက်ရှိသွားသည်။ တစ်ဆွေတုံဆင်း ညီအစ်ကိုအရင်း ဖြစ်သော်လည်း နေထိုင်ရာ ပတ်ဝန်းကျင်ကို အမှီပြုပြီး တစ်ကောင်က စရိုက်လက္ခဏာ၊ အပြောအဆို ကြမ်းတမ်းသည်။ တစ်ကောင်က ယဉ်ကျေးသိမ်မွေ့သည်။

ဒေါ်ဖွား မလာခြင်းကြောင့် မသော့စိန်နှင့် အဆက်အသွယ်မရှိဘဲ ဖြစ်နေရာ 'မီးဝေးချိတ်မှာ' ဆိုသလို အချစ်စိတ်သည်လည်း အေးစက်စက် ဖြစ်ရှိနေသည်။ အချိန်ပြောင်းလဲသလို စိတ်အာရုံသည်လည်း ပြောင်းလဲတတ်သည်။

ကျွန်တော်၏ အချစ်စိတ်သည် မအေးမိဆီသို့ မြားဦးလှည့်နေသည်။ ကျွန်တော် ဖဲသမား၊ အရက်သမား၊ လူပေလူတေဆိုသည်ကို မအေးမိသိပြီး ဖြစ်သည်။ ရန်ကုန်ကက္ကိုင်း၊ ဝွတ္တလစ်လမ်း၊ ခြံနံပါတ် ၁၇ ၌ မြင်းဆိုက် လုပ်နေစဉ်ကပင် မြင်းပိုင်ရှင် သမီးအနေဖြင့် မာန်မာနမထားဘဲ ခင်မင်လိုလားသည့် အပြောအဆိုများ၊ အပြုအမူများ ရှိခဲ့သည်။ ယခုအချိန်၌လည်း ဖဲသမား၊ အရက်သမားဟူ၍ အထင်သေးခြင်း မရှိဘဲ ပြုံးရွှင်ဖော်ရွေစွာဆက်ဆံခဲ့သည်။

မအေးမိကို ကျွန်တော် ချစ်ရေးဆိုလျှင် လက်ခံလိမ့်မည် ထင်သည့်အတွက် မအေးမိနှင့် တွေ့ဆုံနိုင်ရန် ကြံစည် အားထုတ်ခဲ့သည်။ ဝါဆိုလပြည့်နေ့ဖြစ်၍ မအေးမိ ဥပုသ်ဇရပ်မှ ပြန်လာမည်ကို စောင့်ဆိုင်းနေခဲ့သည်။ မအေးမိတို့ အိမ်အနောက်မြောက်ဘက်တွင် အဖေ၏နှမအရင်း ဒေါ်မြစ်တို့အိမ်ရှိသည်။ ဒေါ်မြစ်ခင်ပွန်း ဦးချမ်းမှာ မအေးမိအမေ ဒေါ်လှအုံးမယ်၏ မောင်အရင်းဖြစ်သည်။

ဦးချင်း၊ ဒေါ်မြစ်တို့တွင် သားကိုဘအေးနှင့် သမီးမကြည်တို့နှစ်ဦး ရှိသည်။ ကိုဘအေးမှာ မနန်းစိန်နှင့် အိမ်ထောင်ကျ၍ အိမ်ခွဲသွားသည်။ သမီးမကြည်မှာ အသက်ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ်ပဲ ရှိသေးသည်။ ထိုနေ့က ဦးချင်း၊ ဒေါ်မြစ်တို့ ဥပုသ်စောင့်သွားကြ၍ အိမ်တွင် မကြည်တစ်ဦးပဲ ရှိသည်။

မအေးမိလာလျှင် စကားပြောချင်၍ မကြည်ကို ချော့ဖယ်နေရန် ပြောထားသည်။ မကြာမီ ဥပုသ်ဇရပ်မှ မအေးမိ ပြန်လာသည်။ ခေါင်းပေါ်တွင်

www.burmeseclassic.com



‘ပလို့’ပါသည်။ ‘ပလို့’သည် ထမင်းဟင်းထည့်သော မည်းကြုတ်ကြုတ်နီးသားထမင်းအုပ်ဖြစ်သည်။ ဒေါ်မြစ်တို့အိမ်ဘက်မှ မအေးမိတို့အိမ်ဘက်သို့ သွားသောတံခါးပေါက်ကလေးရှိသည်။ ၎င်းတံခါးပေါက်မှ ကျွန်တော်က ပိတ်ဆို့ရပ်နေသည်။

“ဖယ်ပေးပါ ကိုအုံးဖေ”

“မဖယ်နိုင်ဘူး။ မအေးမိကို စကားပြောချင်လို့”

“ဘာပြောမှာလဲ”

“မအေးမိကို ချစ်နေတဲ့အကြောင်းပေါ့”

“ဒါဆိုရင် နောက်မှပြော။ အခု ကျွန်မ သီလယူလာတယ်”

မှန်ပါသည်။ မအေးမိ၏ ဘယ်ဘက်လက်ကောက်ဝတ်တွင် ပယင်းပုတီးလေး ပတ်ထားသည်။

“သီလထဲမှာ ရည်းစားစကားမပြောရဘူးလို့ မပါဘူး”

“မပါ,ပါ။ ကိုအုံးဖေကို ကျွန်မ မယုံဘူး”

“ဘာလို့ မယုံတာလဲ”

“မနှစ်က ရေစကြိုသူ မအေးယူလိုက်လာသေးတယ်။ အခုလည်း မသော့စိန်နှင့် ကြိုက်နေကြတယ် မဟုတ်လား”

“မဟုတ်ဘူး။ ချစ်ကြိုက်တဲ့အဆင့် မရောက်သေးဘူး။ သူတို့ရွာကို လိုက်သွားတော့ သူ့မောင်က ဓားနှင့်ခုတ်မယ်လုပ်လို့ သူတို့ရွာကိုလည်း မသွားဝံ့ဘူး။ မသော့စိန်နှင့်လည်း အဆက်အသွယ် ပြတ်သွားတယ်”

“ဒါဖြင့် မသော့စိန်နှင့် အဆင်မပြေလို့ ကျွန်မဆီ လှည့်လာတာပေါ့”

“မဟုတ်ပါဘူး။ မအေးမိကို ချစ်နေတာ ကြာပါပြီ။ ဘကြီးဦးကျော်သောင်နှင့် အတူနေရမှာ ကြောက်လို့ စဉ်းစားနေခဲ့တာ။ ငါတကယ်ချစ်တဲ့သူက မအေးမိပါ”

ဟုပြော၍ သူနှင့်နီးကပ်အောင် ရှေ့သို့ခြေတစ်လှမ်း တိုးလိုက်သည်။ မအေးမိက နောက်ဆုတ်လိုက်ရာတွင် ဟန်ချက်ပျက်ပြီး လဲမလိုဖြစ်သွား၍ သူ့ကိုဖက်ထားလိုက်သည်။ ရင်ချင်းထိကပ်သွားသည့်အတွက် ကျင်စက်နှင့် တို့လိုက်သလို တုန်လှုပ်သွားသည်။

“အို ဘယ်လိုလုပ်တာလဲ”

“မအေးမိ လဲသွားမှာစိုးရိမ်လို့ပါ”



အတွေ့အထိအာရုံက စွဲငြိသွားသည်။ အမွေးနံ့သာ လိမ်းခြယ်ခြင်းမရှိသော မအေးမိ သဘာဝကိုယ်ရနံ့က သင်းပျံ့ပျံ့။ ထိုအချိန်မှစ၍ မအေးမိနှင့် ကျွန်တော် ချစ်ကြိုးသွယ်ခဲ့ကြသည်။ ချစ်ခင်စ၊ ကြင်နာစဖြစ်၍ တစ်ဦးနှင့်တစ်ဦး မတွေ့ရလျှင် မနေနိုင်။

နေ့ခင်းနေ့လယ်တွင် ထနောင်းကုန်းရွာ၌ ဖဲရိုက်သည်။ အရက်သောက်သည်။ ညဆိုလျှင် ရှားတောရွာ ဘကြီးဦးရွှေလူ၊ ကြီးတော်ဒေါ်ရှေဥတို့အိမ်လာအိပ်သည်။ ဘကြီးတွင် ပထမအိမ်ထောင်နှင့် ဦးသာလှိုင်ဆိုသူသားတစ်ဦးရှိသည်။ ဦးသာလှိုင်သည် ဒေါ်စောနှင့် အိမ်ထောင်ကျပြီး ဘကြီးအိမ်မြောက်ဘက် နှစ်အိမ်ကျော်မှာနေသည်။ ဘကြီးသည် ဒုတိယအိမ်ထောင်နှင့် သမီးမတိုဆိုသူတစ်ဦးရှိသည်။ ၎င်းသမီးသည် နန်းတော်ရပ်ရွာသား ဦးဖိုးဖေနှင့် အိမ်ထောင်ကျပြီး နန်းတော်ရပ်ရွာ၌နေသည်။ တတိယဇနီး၊ ကြီးတော် ဒေါ်ရှေဥနှင့် သားသမီးမရှိပါ။ မြေယာများကို လှယုံတော်ဦးနန်းဦးကို တစ်ယောက်တစ်ဝက်ချထားပြီး သူတို့ တည်ဆောက်ထားသည့် မွှာရုံဘုရားကို ဆွမ်းကပ်၊ ပန်းကပ်အလုပ်ဖြင့် အချိန်ကုန်ကြသည်။ သူတို့အသက်အရွယ်ကြီး၍ စောင့်ရှောက်သည့် အနေဖြင့် ကျွန်တော် လာရောက်အိပ်ခြင်းဖြစ်သည်ဟု ထင်ကြသည်။ အမှန်မှာ ကျွန်တော်သည် မအေးမိနှင့် တွေ့ဆုံနိုင်ရန်အတွက် ‘စပါးဖျာစားချင်၍ တုံးစဉ်နား’ ခြင်းပင်။

မအေးမိတို့အိမ်ဝိုင်းနှင့် ဘကြီးတို့အိမ်ဝိုင်းကြားတွင် ဝါး ဝင်းထရံကာရံထားသည်။ ဝင်းထရံအနီးတွင် မြင်းဆောင်းရှိသည်။ မန်ကျည်းပင်ကြီးလည်း ရှိသည်။ လူခြေတိတ်လျှင် မန်ကျည်းပင် ရိပ်ကိုခို၍ မအေးမိနှင့် ချိန်းဆိုပြီး စကားပြောရသည်။ နှစ်ဦးကြားတွင် ဝင်းထရံခြားနေသည့်အတွက် အားမလို အားမရ ဖြစ်ရသည်။ ချစ်သူနှင့် စကားပြောရသည်မှာ အရသာရှိလှပါသည်။ အချိန်ကုန်၍ ကုန်မှန်းမသိပါ။ မှတ်မိနေပါသေးသည်။ လဆန်း ဆယ့်နှစ်ရက်ည လဝင်သွားသည့်တိုင်အောင် စကားပြော၍ အားမရနိုင်ဘဲ ရှိခဲ့ဖူးသည်။

ကျွန်တော်နှင့်မအေးမိ ချစ်ကြိုက်နေကြသည်ကို သူ့မိဘမွေးချင်း ဆွေမျိုးများ သိကုန်ကြသည်။ ‘လိမ္မာသည်ဆိုပြီး ယောက်မခြင်းစီးထွက်သည်’ ဟု မအေးမိကို အပြစ်တင်ကြသည်။ မည်သူကမျှ ကျွန်တော်နှင့် သဘောမတူကြ။ သဘောမတူကြသူများအနက် မအေးမိ၏ တူမအရင်း မမြရင်သည် ထိပ်ဆုံးက ဖြစ်သည်။ သူသည်သွားရင်းလာရင်း ကျွန်တော်နှင့် ရင်ဆိုင်တွေ့ဆုံလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထောက်စွန်တောင်ဆွဲ၍ 'ထွီ'ဟု တံတွေးထွေးကာ 'ခွေးနှင့်မတန် ဆီအိုးလှန်တယ်။ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ'ဟု စောင်းမြောင်းပြောဆိုလေ့ရှိသည်။

'အချစ်သည် မျက်စိမရှိ'သလို ဆင်ခြင်စဉ်းစားခြင်းလည်း မရှိပေ။ တစ်ညတွင် ကျွန်တော်သည် ဝါးဝင်းထရံကိုကျော်တက်၍ မအေးမိတို့အိမ်သို့ လေးဘက်ထောက်လာခဲ့သည်။ မတ်ရပ်ဆိုလျှင် လူမြင်မှာစိုးရိမ်၍ဖြစ်သည်။ မအေးမိတို့အိပ်သော နှစ်ဆောင်ပြိုင်အိမ်ပေါ်သို့ ဖော့၍ တက်ခဲ့သည်။ ချိန်းချက်ထားသဖြင့် မအေးမိသည် မအိပ်ဘဲ စောင့်ဆိုင်းနေသည်။ သူနှင့်အတူ အိပ်သူမှာ ကျွန်တော့်ကို ခါးခါးသီးသီး မုန်းတီးသူ အပျိုပေါက်ကလေး 'မမြရင်' ဖြစ်သည်။

ကျွန်တော်တို့ တိုးညင်းစွာ စကားပြောကြသည်ကို မမြရင် သိရှိသွားသည်။

"အမေကြီး အမေကြီး"ဟု အိမ်အောက်တွင် အိပ်နေသော ဘွားအေကြီးကို အော်ခေါ်သည်။

"ဟဲ့မြရင်၊ မအော်ပါနှင့်။ ဒွေးလေးကို သနားပါဦး"ဟုပြောရင်း ပါးစပ်ကို လက်နှင့်ပိတ်သည်။ ဆက်လက်နေထိုင်ရန် မဖြစ်နိုင်သည့်အတွက် အိမ်ပေါ်မှ ခပ်သုတ်သုတ် ဆင်းခဲ့သည်။ မှောင်တကာ့အမှောင်တွင် ကာမမှောင်သည် အမှောင်ဆုံးဖြစ်သည်။

"မမလေး ချစ်ပါတဲ့အာရုံ၊ ရွှေမြင်းမိုရ်တစ်တောင်လုံး တုံးမှတ်လို့ခုန်"

သူ့မောင် ဦးမြသင်းမရှိ၍ တော်ပါသေး၏။ ရှိခဲ့သော် ဓားနှင့်ခုတ်မည်၊ လှံနှင့်ထိုးမည်မှာ သေချာသည်။ မမြရင် အသိပေးခြင်းကြောင့် ဒေါ်လှအုံးမယ်သည် သူ့သမီးကို သူ့အနီးမှာပင် ခုတင်တစ်ခုနှင့် အိပ်နေစေပါသည်။

ညတွေ့ခွင့်မရ၍ နေ့ခင်းနေ့လယ် တွေ့ကြရသည်။ ဦးချမ်းမရှိသည့်အခိုက် ဦးချမ်း ဒေါ်မြစ်တို့အိမ်ပေါ်၌ ချိန်းတွေ့ကြသည်။ မကြည်က ရေနွေးကြမ်းနှင့်လက်ဖက်၊ ချင်းသုပ်၊ ငါးခြောက်ဖုတ်များ လာပေး၍ တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ စားရသည်မှာ အရသာ ရှိလှပါသည်။ အမှန်ကိုပြောရသော် ကျွန်တော်နှင့် မအေးမိတို့သည် သမီးရည်းစားအနေအထားထက် ကျော်လွန်ေသည်။ ယင်းကိစ္စတွင် မအေးမိကို အပြစ်တင်ဖွယ်ရာ မရှိပါ။ သဘောမတူ၍ အတန်တန်ငြင်းဆန်ခဲ့သည်။ တွန်းလှန်ခဲ့သည်။ အားချင်းမမျှသည်က တစ်ကြောင်း၊ ကျွန်တော်က နားပူနားဆာ လူနာအမဲခြောက်တောင်းသလို တောင်းဆိုခြင်းကြောင့် ချစ်သူ၏ အလိုဆန္ဒကို လိုက်လျောရခြင်းဖြစ်သည်။



ကျွန်တော်သည် မအေးမိ၏ ကျောက်စီရွှေကြယ်သီးတစ်စုံကို ငှားရမ်းပြီး ပေါင်ရိုက်ခဲ့သည်။ တစ်လနှင့် မရွေးနိုင်၊ နှစ်လနှင့် မရွေးနိုင်သောအခါ သူပိုင်ငွေနှင့် ရွေးယူရသည်။ သို့တိုင်အောင် ကျွန်တော့်အပေါ် အချစ်မပျက်။ သူ၏အချစ်သည် အချစ်စစ်အချစ်မှန်ဖြစ်ရုံမျှသာမက ချစ်သူအတွက် အနစ်နာခံသောအချစ်မျိုးပင်။ ပေါင်နှံထားသော လုံချည်အင်္ကျီများကို ရွေးယူနိုင်ရန်အတွက် ငွေထုတ်ပေးသည်။ ကျွန်တော်လှလှပပ ဝတ်စားနေသည်ကို တွေ့လိုမြင်လိုဟန်ရှိသည်။ တစ်ကြောင်း၊ သူ့မိဘသူ့ဆွေမျိုးများက အထင်အမြင်သေးသည်ကို စိုးရိမ်ခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် မအေးမိ၏ မေတ္တာစေတနာကို သိရှိသော်လည်း ဝါသနာကို မဖျောက်နိုင်သဖြင့် ၎င်းလုံချည်အင်္ကျီများကို ပေါင်နှံ၍ ဖဲရိုက်ပြန်ပါသည်။ 'ခွေးမြီးကောက် ကျည်တောက်စွပ်'သလို ဖြစ်နေသည့်အတွက် နောက်ဆုံးတွင် မအေးမိ လက်မြှောက်ခဲ့ရသည်။

မအေးမိ မကျေနပ်သော အကြောင်းအချက်တစ်ခု ရှိသည်။ ၎င်းမှာ ဦးချမ်း ပခုက္ကူသွားသည့်အချိန် ဦးချမ်း၊ ဒေါ်မြစ်တို့အိမ်တွင် တွေ့ဆုံရန် ချိန်းဆိုခဲ့သည်။ ဖဲဝိုင်းမှ မထနိုင်၍ အချိန်ကုန်သွားသည့်တိုင်အောင် ချိန်းဆိုရာသို့ မသွားဖြစ်။ ထိုနေ့က မအေးမိသည် ကျွန်တော်စားရန်အတွက် ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်များကို ငှက်ပျောရွက်နှင့် ထုပ်ယူလာသည်။ ကျွန်တော်က ချိန်းဆိုပြီး ကျွန်တော်မလာတော့ ဒေါသလည်း ထွက်ပေလိမ့်မည်။ ရှက်လည်း ရှက်ပေလိမ့်မည်။ ထိုနေ့မှစ၍ အတွေ့မခံတော့ပါ။ စာနှင့်တောင်းပန်ရသည်။ အသနားခံရသည်။ အမျိုးသမီးများသည် အမြှောက်ကြိုက်အချော့ကြိုက်သူများ ဖြစ်ကြသည်။

သီတင်းကျွတ်လ ဧရာဝတီမြစ်ရေ ကျဆင်းသွားသောအခါ ဆောင်းသီးနှံများ စိုက်ပျိုးရသည်။ ရေလုပ်သား တံငါသည်များလည်း ငါးရှာရေးအတွက် အင်းထဲအိုင်ထဲ၊ မြစ်ထဲသို့ ဆင်းကြသဖြင့် ဖဲဝိုင်း၊ အရက်ဝိုင်းများ အလုပ်မဖြစ်တော့ပါ။ ကျွန်တော်သည် မိသားစုနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းကို ဝင်ရောက် လုပ်ကိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် အချိန်မီလုပ်ရသော လုပ်ငန်းဖြစ်သည်။ အချိန်နှောင်းသွားလျှင် မကောင်းသလို အချိန်စောလွန်းလျှင်လည်း မကောင်းပေ။ အချိန်အခါ ရာသီနှင့် ကိုက်ညီအောင် စိုက်ပျိုးကြသည်။ ထွန်ကြ ယက်ကြရသည်။ ရေတ်စိုက်ကြသည်။ ပဲထိုးကြသည်။ မြေနုကျွန်း

www.burmeseclassic.com

www.burmeseclassic.com



အောက်ပိုင်း ကိုးလန်တွင် နံ့မြေများ ပိုလွန်းသဖြင့် စပါးစိုက်ကြသည်။ (ကိုးလန်ဆိုသည်မှာ ထိပ်ဝအကျယ် ကိုးလန်ရှိ၍ ခေါ်ခြင်းဖြစ်သည်။) ကုန်းမြင့်မြေတွင် စပါးမျိုးများ ပျိုးကြဲထားပြီး မြစ်ရေကျဆင်းသွားသောအခါ ပျိုးပင်များကို နံ့မြေပိုသောနေရာသို့ ပြောင်းရွှေ့စိုက်ကြရသည်။

ကျွန်တော်နှင့်ညီဖြစ်သူ ကိုလှဖေတို့က ပျိုးပင်များကို နုတ်၍ ပျိုးစည်းများကို ဆိုင်းထမ်းနှင့်ထမ်းကာ နံ့မြေပိုသောနေရာ အနီးရောက်အောင် ပို့ပေးရသည်။ နံ့မြေမှာ ခွဆုံအထိ မြုပ်သဖြင့် သယ်ပိုးထမ်းရွက်လို့ မဖြစ်ပါ။ ပျိုးစည်းများကို နွားစာကျင်းထဲထည့်၍ စားကျင်းကို ညီအစ်ကိုနှစ်ဦး တွန်းပို့ရသည်။ အမေနှင့် မပန်းမြိုင်တို့က လူငှားများနှင့် စပါးစိုက်ကြသည်။ မပန်းလှိုင်က ထမင်းဟင်းများ ချက်ပြုတ်၍ ကျွန်တော်တို့ ပျိုးနုတ်ရာသို့ လာပို့သည်။ ကျွန်တော်တို့နှစ်ဦးအတွက် ထမင်းဟင်းများကို ဆန်ဆေးတောင်းနှင့် ခွဲခြားထည့်ယူလာသည်။ ထမင်းမှာ ဆန်၊ ပဲ၊ ပြောင်း သုံးမျိုးစပ်ရောချက်ထားသော ထမင်းဖြစ်၍ နီကြောင်ကြောင်ဖြစ်သည်။ ဟင်းမှာ ရင်ပေါင်စာကို နမ်းဖတ်ချဉ် ငရုတ်သီးစိမ်းနှင့် ချက်ထားသော ဟင်းတစ်ခွက်တည်း ဖြစ်သော်လည်း ဆင်းရဲပင်ပန်း၍လား၊ ဆာလောင်၍လားမသိ စားလို့ကောင်းလှပါသည်။

ထမင်းစားပြီးသော် စပါးစည်းများနှင့် ထမင်းအိုး ဟင်းအိုးများကို နွားစာကျင်းပေါ်တင်၍ အမေတို့ စပါးစိုက်သူများထံ တွန်းထိုးပို့ပေးရသည်။ စပါးစိုက်သူများမှာလည်း နံ့ထဲတွင် ကိုယ်တစ်ဝက်မြုပ်၍ နံ့ပေါ်တွင် ကိုယ်တစ်ပိုင်းပေါ်နေသည်။ ထမင်းဟင်းများကိုခပ်ယူပြီး မတ်တတ်ရပ်စားကြရသည်။ ဤသို့ ပျိုးစည်းပို့သူများနှင့် စပါးစိုက်သူများမှာ နံ့ပြင်တွင် မည်းမည်းလှုပ်နေသည်။ တစ်ရွာလုံး ကိုယ့်လုပ်ငန်းနှင့်ကိုယ် မြေနုကျွန်းပေါ်သို့ ရောက်ရှိနေကြသဖြင့် အော်သူကအော်၊ ခေါ်သူကခေါ် ပျော်ရွှင်ဖွယ်ရာ ကောင်းလှသည်။ ကောက်စိုက်သူများ၏ သီချင်းသံများကလည်း သာယာကြည်နူးဖွယ်ရာပင်။

ကာမဝဏ်၊ အာရုံဆန္ဒသည် ပြည့်ဝသည်ဟူ၍ မရှိပေ။ ဆားငံရေသောက်သကဲ့သို့ သောက်လေသောက်လေ ငတ်မပြေဘဲဖြစ်နေသည်။ မအေးမိနှင့် ညပိုင်း တွေ့ဆုံနိုင်ရန် ကြံစည်ခဲ့သည်။ တစ်ည သန်းခေါင်ကျော်အချိန်တွင် မအေးမိကို ခေါ်မြစ်တို့အိမ်ဘက်မှတစ်ဆင့် ကျွန်တော်အိပ်သော ဘကြီးဦးရွှေလှ၏ အိမ်သို့ ခေါ်ယူခဲ့ပါသည်။



ဘကြီးနှင့် ကြီးဒေါ်တို့မှာ အိမ်အတွင်း၌ အိပ်ကြသည်။ ကျွန်တော် က အိမ်ရှေ့အဆောင်အောက်ရှိ ခုတင်ပေါ် အိပ်သည်။ နှစ်ဦးသား စကားလက်ဆုံ ပြော၍မကုန် ဖြစ်နေကြသည်။ ကျွန်တော် မှတ်မိပါသည်။ တပို့တွဲလဆုတ် တစ်ရက်နေ့ညဖြစ်၍ ထိန်လင်းနေသော လရောင်ဖြင့် တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကာ ကြည့်မဝရှုမဝဖြစ်ရှိနေကြသည်။ လင်းခါနီးမှ အိပ်ပျော်သွားကြသည်။ ကျွန်တော် အိပ်ရာမှ နိုးသောအခါ အရုဏ်တက်နေပြီဖြစ်သည်။ မအေးမိတို့အိမ်ဘက်မှလည်း ဆူဆူညံညံ ဖြစ်နေကြသည်။ 'အေးမိ အေးမိ'ဟု ခေါ်သံများ ကြားနေရသည်။

"ဘယ်လိုလုပ်မလဲ ကိုအုံးဖေ"

"ပူမနေနှင့် ငါ့နောက်လိုက်ခဲ့။ တစ်ရွာကို ထွက်ပြေးမယ်"

"ထဘီ အင်္ကျီလည်း ဘာမှမပါဘူး"

"အို ဖြစ်သလိုပေါ့။ အချိန်မရှိဘူးလာ"ဟု မအေးမိလက်ကိုဆွဲ၍ ကိုမြကောင်းတို့အိမ်ဘက်သို့ ထွက်လာကြသည်။ ကိုမြကောင်း၊ မသိန်းတင်တို့အိမ်သည် ဘကြီးဦးရွှေလှအိမ် မြောက်ဘက်ကပ်လျက်ဖြစ်သည်။ ကိုမြကောင်းသည် အဖေ၏နှမ ဒေါ်ချစ်ကမွေးသဖြင့် ကျွန်တော်နှင့် ညီအစ်ကိုတစ်ဝမ်းကွဲ တော်သည်။ ကာရံသင့်ပင် ကိုမြကောင်း အိပ်ရာက နိုးနေ၍ အဖော်အဖြစ် လိုက်ပါရန် ခေါ်ခဲ့သည်။

ကိုမြကောင်းသည် ပေါက်တူးကြီးကိုထမ်း၍ လိုက်ပါလာသည်။ အနောင်းကုန်း မြေနုကျွန်းပေါ်သို့ ရောက်သောအခါ အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ ဘီးကုပ်သဏ္ဍာန် နေဝန်းတစ်ခြမ်းပဲ့လေး ထွက်ပြူစပြုလာသည်။ ဒီနိုယကောင်းသူတချို့ စိုက်ခင်းပျိုးခင်းထဲ ရောက်ရှိနေကြရာတွင် ကျွန်တော်တို့ကို အကဲခတ် ကြည့်ရှုနေကြသည်။

"ကျွန်မတော့ မျက်နှာပူလိုက်တာ"

"ဘာဖြစ်လို့လဲ"

"လူတွေက ကြည့်နေကြလို့ပေါ့"

"ကိုယ့်ချစ်သူနောက်လိုက်တာ ဘာဖြစ်လို့ ပူရမှာလဲ"

"ချစ်သူက . . ."ဟု အစပျိုးပြီး မအေးမိသည် စကားကို ရှေ့မဆက်ဘဲ ရပ် ထားသည်။ ကျွန်တော် သိပါပြီ။ ဖဲသမား၊ အရက်သမားလို့ မပြောရက်၍ ပြောလို၍ ဖြစ်ဟန်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေနုကျွန်း တောင်ဖျားတွင် ရေခန်းခြောက်နေသော ရိုးတစ်ခု ရှိသည်။ ကျွန်တော်သည်ကိုမြကောင်းကို ရွာသို့ ပြန်လွှတ်လိုက်ပါသည်။ ရိုးကိုဖြတ်ကျော်ပြီး ဖိုးတောဒိုင်နယ် 'ဘုံတာ' ရွာသို့ ရောက်ရှိလာကြသည်။

၎င်းရွာသည် အဖေတူအမေကွဲ အစ်ကိုဦးဘမို၊ ဇနီးဒေါ်သန်းရင် ရှိသည်။ ကျွန်တော် စိုတွင်းကျောင်းတွင် ပညာသင်နေစဉ်က ဦးဘမိုသည် ဓားပြအတိုက်ခံရပြီး ဓားပြများလက်ချက်နှင့် သေဆုံးခဲ့သည်။ မွေးခါးသားကလေးတစ်ယောက် ကျန်ရှိခဲ့သည်။ ၎င်းသားကလေးကို ငဲ့ညှာပြီး ဒေါ်သန်းရင်သည် အိမ်ထောင်မပြုရှာပေ။

ကျွန်တော်တို့ သူ့အိမ်သို့ ရောက်သောအခါ ပြုံးရွှင်ဖော်ရွေစွာဖြင့် ဘူးသီးကြော်၊ ဘယာကြော်များနှင့် ဧည့်ခံကျွေးမွေးသည်။ အကြော်ဖိုမှ ဝယ်ယူလာသည့်အတွက် ပူပူနွေးနွေး၊ ရေနွေးကြမ်းနှင့် စားလို့ကောင်းပါသည်။ ဒေါ်သန်းရင်က မအေးမိကို ကြည့်၍–

"အမည် ဘယ်လိုခေါ်သလဲ"ဟု မေးပါသည်။

"အေးမိပါ"

"ထဘီအင်္ကျီ အပိုမပါဘူးလား"

"မပါဘူး။ ကိုယ့်မောင်က အတင်းဆွဲခေါ်လို့ လိုက်လာရတာ"

"ငါ့မှာ ထဘီ၊ အင်္ကျီတွေ ရှိပါတယ်။ အားမနာနှင့် နင်နဲ့ငါ လင်ညီအစ်မအရင်းပဲ"

ဤသို့ ဒေါ်သန်းရင် ပြောသောအခါ ကျွန်တော်သည် အစ်ကို့မျက်နှာကို မြင်ယောင်ပြီး စိတ်မကောင်းဖြစ်သွားပါသည်။ ကျွန်တော် ဆယ့်သုံးနှစ်အရွယ် စိုတွင်းကျောင်း၌ ကိုရင်ဝတ်နေစဉ်က ဖြစ်သည်။ ဘုန်းတော်ကြီးကအာရုံဆွမ်းကပ်လို၍ ကျွန်တော့်ကို ဝက်သားဆွမ်းကပ်လို၍ ကျွန်တော့်ကို ဝက်သား ဝယ်ခိုင်းသည့်အတွက် ကြိမ်ဆွဲခြင်းကလေးဆွဲ၍ ပခုက္ကူသို့ ထွက်လာခဲ့ပါသည်။ ပြီး ဆိပ်ရှိ သစ်သားတံတားပေါ်တွင် မမျှော်လင့်ဘဲ ကိုဘမိုနှင့် ရင်ဆိုင်တွေ့ပါသည်၊

"ကိုရင် ဘယ်သွားမလို့လဲ"

"ဘုန်းကြီးက ဝက်သားဝယ်ခိုင်းလို့ ဈေးသွားမလို့။ ဒကာကြီးကော ဘယ်သွားမလို့လဲ"ဟု မေးလိုက်ပါသည်။

"ရုံးသွားမလို့"ဟု ပြောပါသည်။

"ဘာမှုဖြစ်နေလို့လဲ"



"သူများအမှု သက်သေခံပါ"ဟုပြောလျက် အိတ်ကပ်ထဲမှ ဒင်္ဂါးတစ်ပြား ထုတ်ယူ၍ သက်န်းထောင့်စွန်းနှင့် ချည်တုပ်နေပါသည်။ သူ့မျက်အိမ်တွင် မျက်ရည်များ ဝေလျှံနေသည်။ အစ်ကိုနှင့် နောက်ဆုံးတွေ့လိုက်ရခြင်းပင်။ ဒေါ်သန်းရင်တွင် အိမ်နှစ်လုံးရှိသည်။ ကျွန်တော်တို့ကို တောင်ဘက်အိမ်တွင် နေရာချထားပေးသည်။ မနေ့ညက အိပ်ရေးဝအောင် မအိပ်ခဲ့ရ၍ ထမင်းစားပြီး အိပ်ရာထဲ လှဲလိုက်ရာ အိပ်ပျော်သွားပါသည်။ အိပ်ရာမှ နိုးသောအခါ မအေးမိသည် အနီးတွင် စာဖတ်လျက်ရှိသည်။ သူသည် ရေမိုးချိုးပြီး သနပ်ခါးများ ခြယ်သထားသည်။

"အိပ်ချင် အိပ်ပါလား"

"မအိပ်ချင်ပါဘူးတော် ရှက်စရာ"

ဤသို့ ပြောနေစဉ် ဒေါ်သန်းရင်သည် သားဖြစ်သူ ကိုအုန်းငွေကို လက်ဆွဲ၍ အိမ်ပေါ်သို့ တက်လာကြသည်။ ကိုအုန်းငွေသည် အသက်ရှစ်နှစ်ခန့်ရှိကာ ဘုန်းကြီးကျောင်းသား ဖြစ်နေသည်။ မျက်လုံးမျက်ခုံးမှအစ အသားအရေကပါ သူ့အဖေ ဦးဘမိုနှင့်တူသည်။ ဒေါ်သန်းရင်သည် သူ့သားကိုကြည့်ပြီး သူ့ခင်ပွန်း လွမ်းစိတ်ကို ဖြေသိမ့်ရသည်ဟု ပြောပါသည်။

ညစာထမင်းကို ဦးငြိမ်၊ ဒေါ်အေးသင်တို့က ကျွေးပါသည်။ ဒေါ်အေးသင်သည် ဒေါ်သန်းရင်နှင့် ညီအစ်မအရင်း ဖြစ်သည့်အပြင် ဦးငြိမ်မှာလည်း ဦးဘမိုနှင့် ညီအစ်ကိုတစ်ဝမ်းကွဲ တော်ပါသည်။ ငါးကြင်းသားကို ခရမ်းချဉ်သီး၊ နံနံပင်၊ ငရုတ်သီးစိမ်းနှင့် ဆီပြန်ချက်ထားသည်။ ခရမ်းချိုသီးကို မီးဖုတ်၍ ကြက်သွန်နီ၊ နံနံပင်များနှင့် သုပ်ထားသည်။ ဘူးရွက်ဟင်းချိုနှင့် 'တန်ထွေဖျော်' ဖြစ်သည်။

'**တန်ထွေဖျော်**'မှာ ခရမ်းချဉ်သီးစိမ်းကို မီးဖုတ်၍ ငရုတ်သီးစိမ်း ကြက်သွန်နှင့် ထောင်းထားသည်။ ဟင်းစပ်လည်း တည့်သည်။ ဟင်းချက်များမှာလည်း လတ်ဆတ်၍လားမသိ ထမင်းမှာ စားလို့ကောင်းမွှန် မြိန်ရှက်လှပါသည်။

မအေးမိက ငါးကြင်းသားကို အရိုးထွင်ပေးသည်။ ဦးငြိမ်တို့မိသားစုက မအေးမိ အပြုအမူကိုကြည့်နေကြသည်။ ထမင်းစားပြီး လက်ဖက်ရည်ကြမ်းဝိုင်းတွင် စကားကောင်းနေကြ၍ အချိန်အနည်းငယ် လင့်သွားသည်။

ညဆယ်နာရီခန့်မှ အိပ်ရာဝင်ရသည်။ ကျွန်တော်က အိပ်ရာထဲ တုံးလုံးလှဲနေပြီး မအေးမိက ဆံပင်ပြန်လည် ထုံးသလိုလို၊ ဟိုလိုလို လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကခြေရင်းခုံပေါ်တွင် ထွန်းထားသော မီးခွက်ကို မှုတ်ရန် မအေးမိကို ပြောသည်။

"ရှက်ပါသည်"ဆို၍ ငြင်းဆန်နေသည်။

"ညားခါစရှိသေးတယ်။ ကိုအုံးဖေစကားကို နားမထောင်ဘူးလား" ဟု အပြစ်တင်သလို၊ စိတ်ထဲ ဘဝင်မကျသလို ပြောလိုက်ရသည်။ မအေးမိသည် မီးခွက်မှုတ်ပြီး ကျွန်တော့်ဘေးတွင် ငုတ်တုတ်ထိုင်နေသည်။

"လက်ကောက်နှင့်ဆွဲကြိုး ငါ့ပေး၊ သူများရွာမှာ အခြေအနေကို မသိနိုင်ဘူး" ပြောလိုက်ရာ မအေးမိသည် ဝတ်နေသည့် လက်ကောက်နှင့် ဆွဲကြိုး၊ နားကပ်တို့ကို ဖြုတ်၍ ကျွန်တော့်ပေးသည်။လက်ကိုင်ပဝါနှင့်ထုပ်ပြီး ခေါင်းအုံးအောက် သွင်းထားလိုက်သည်။ ထိုစဉ်မှာပင်-

"ဟဲ့ သန်းရင်၊ တံခါးလှပ်စမ်း လှပ်စမ်း"ဟု အမေ၏အသံနှင့်အတူ အခြားသူများ၏ အသံကိုပါ ကြားရသည်။ အိမ်ဝိုင်းထဲသို့ လှည်းဝင်လာသော အခါ ဒေါ်သန်းရင်ကို-

"ဟိုဟာတွေဘယ်မှာလဲ"ဟု အမေက မေးသည်။

"ရှိပါတယ် ဒီအိမ်ပေါ်မှာ"

"ဟဲ့ အုံးဖေတို့၊ အေးမိတို့ ဆင်းခဲ့ကြ"ဟု ကြီးတော်ဒေါ်ရေဥက ရေးကြီးသုတ်ပြာ ခေါ်သဖြင့် ခေါင်းအုံးအောက်မှ အထုပ်ကလေးကို အိတ်ကပ်ထဲထည့်၍ နှစ်ဦးသား အိမ်ပေါ်မှ ဆင်းလာခဲ့ကြသည်။

"ကဲ လှည်းပေါ်တက်ကြ။ သူတို့က နေမဝင်ခင် အပ်ပါလို့ပြောတာ။ အခုဆို အချိန်တောင် လွန်နေပြီ"

ကျွန်တော် စဉ်းစားသည်။ နံနက်က မအေးမိ ကျွန်တော့်နောက်သို့ လိုက်လာသည်။ နေမဝင်ခင်အပ်လျှင် သူတို့သမီး၊ သူတို့နှမ ဂုဏ်သိက္ခာကို ကာကွယ်သည့်သဘောမျိုးဖြစ်၍ ရိုးသားသည်ဟု မထင်ပေ။

"နေမဝင်ခင် အပ်ပါဆိုတဲ့အချက်ကို ကျွန်တော်တို့ စဉ်းစားသင့်တယ်"ဟု ကြီးတော်ကို ပြောသောအခါ-

"အုံးဖေ၊ ဆင်ခြေကန်မနေနှင့်။ နင်ထမင်းစားတာ ငါ ဆွမ်းတော်တင် သလောက်ပဲ ရှိသေးတယ်။ လှည်းပေါ်တက်"ဟု ပြောသဖြင့် ကြီးတော့်စကားကို မလွန်ဆန်ဝံ့၍ လှည်းပေါ်တက်ကြသည်။ အခြေအနေကိုသိလို၍ လှည်းဘေးတွင် ရပ်နေကြသောလူများကို နှုတ်ဆက်ပြီး 'ဘုံတာရွာ'မှ ထွက်လာခဲ့ကြသည်။



## သစ်ဖောင်သမားအတွေ့အကြုံ

လှည်းမောင်းသူမှာ ကိုမြကောင်းဖြစ်သည်။ နွားများသည် အိမ်အပြန်ဖြစ်၍ မြူးရွှင်နေသည်။ နဖားကြိုးကို ဆွဲထားရသည်။ လမှာ ထိန်ထိန်သာနေသဖြင့် ပတ်ဝန်းကျင်ကို ကောင်းစွာမြင်နိုင်သည်။ ဆောင်းသီးနှံပင်များမှာ နှင်းဆမ်းထားသဖြင့် လန်းဆန်းနေသည်။ ရိုးကမ်းပါးအဆင်းတွင် နွားများ ခုံးစိုင်းပြေးခြင်းကြောင့် လှည်းမှောက်တော့မလို ဖြစ်သွားသည်။ ကိုမြကောင်း ထိန်းကျောင်းနိုင်ခြင်းကြောင့် လှည်းမမှောက်ခြင်းဖြစ်သည်။ အကယ်၍ လှည်းမှောက်ခဲ့သော် မအေးမိ တစ်စုံတစ်ရာ ဒဏ်ရာရခဲ့သော် 'လင်လိုတုန်း နားရွက်ပဲ့သည်' ပြောဆိုကြမည်။ အိမ်ရောက်သော် လူကြီးများနှင့် အုန်း၊ ငှက်ပျော ကန်တော့ပွဲများ အဆင်သင့်ရှိနေကြသည်။ ထိုအထဲတွင် ဒေါ်ညံ့ပု လည်း ပါသည်။ ဒေါ်ညံ့ပုသည် မအေးမိအစ်ကိုကြီး ဦးစံမင်း၏ **ဇနီးဖြစ်** သည်။ သူက ကောင်းမွန်စွာ လက်ခံပါမည်ပြောသဖြင့် ယုံကြည်နေကြသည်။

'**မင်္ဂလာဆောင်** သို့ လိုက်ပါမည့်လူကြီးများမှာ အမေ၏ **မောင်အကြီးဆုံး** ဦးရန်အောင်၊ မောင်တစ်ဝမ်းကွဲ ဦးလူဝါနှင့် ဦးဘိုးသင်းတို့အပြင် **ကန်တော့ပွဲ** ရွက်မည့်အမျိုးသမီးများလည်း ရောက်ရှိနေကြသည်။ အချိန်မှာ သန်းခေါင် ကြက်တွန်ပြီဖြစ်သည်။ နေအိမ်မှ ထွက်လာကြသောအခါ-

"ဒီမသာက အချိန်မဟုတ် အခါမဟုတ် ချပြီလား"ဟု လူအများကြား အောင် ဦးရိုးသောင်က ပြောသည်။ ဦးရိုးသောင်သည် မသောင်းနံဘက်မှ လူကြီးများကို စကားလွန်ထားသဖြင့် မအေးမိနှင့် ချစ်ကြိုက် ထွက်ပြေးကြ သည်ကို သဘောမကျဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြက်ရုံးရေ၊ နိမိတ်မကောင်းဘူး၊ ငှက်ဆိုးထိုးပြီ"ဟု ဦးရန်အောင်က နှမကိုပြောသည်။

"ဒါကတော့ သူသဘောမကျလို့ ပြောတာပါတော်"ဟု အမေက ဖြေသိမ့်သည်။

ထနောင်းကုန်းနှင့် ရှားတောရွာသည် ရွာတန်းရှည်ကြီးဖြစ်သည်။ ရွာခေါင်းရင်းတွင် လှည်းလမ်းရှိသည်။ လှည်းလမ်းအရှေ့ဘက်တွင် ရေရိုးတစ်ခုရှိသည်။ မြစ်ရေများ ကျဆင်းသွားသောအခါ အင်းကောက်အင်း၊ တင်းဂါတ်အင်းတို့မှ စီးဆင်းလာသော ရေများနှင့်အတူ ငါးများပါရှိလာသည်။ ၎င်းငါးများကို ရှားတောရွာခေါင်းရင်းမှ ဆည်ခံပြီး ဖမ်းဆီးကြသည်။ ကျွန်တော့်အသက် ခြောက်နှစ်အရွယ်ခန့်က အဖြစ်တစ်ခုကို အမှတ်ရနေပါသည်။ အမေက ဟင်းချက်ချက်ရန် ဆည်ထဲသို့ ငါးဝယ်ခိုင်းလိုက်ပါသည်။ ဆန်ဆေးတောင်းထဲတွင် ပဲရင်း နို့ဆီ သုံးလေးဘူးခန့် ထည့်ပေးလိုက်ပါသည်။ ဆည်ပေါ်တွင် ငါးမျိုးစုံ လူးလွန့်ခုန်နေကြသည်မှာ တစ်ပုံတစ်ပင်။ သည်ထဲတွင် ငါးဖောက်သည်ယူကြမည့် အမျိုးသမီး အမျိုးသားများ ရှိကြသည်။ တချို့က ဗျတ်ကြီးများနှင့်၊ တချို့က တောင်းပလုံးများနှင့် စောင့်ဆိုင်းနေကြသည်။

"ဟဲ့ကောင်လေး ဘာလဲ"ဟု လူတစ်ဦးက မေးသည်။

"ငါးဝယ်ချင်လို့ဗျာ"ဟုပြောပြီး ဆန်ဆေးတောင်းကို ပေးလိုက်သည်။

ထိုသူသည် အမျိုးတူသော ပဲတောင်းထဲသို့ သွန်ချလိုက်သည်။ ဆည်ပေါ်တွင် လူးလွန့်နေကြသော ငါးများကို သံဇလုံတစ်ခုနှင့် ခပ်ယူပြီး ဆန်ဆေးတောင်းထဲသို့ ထည့်လိုက်သည်။

"ဟာ ငါးမြွေထိုးကြီးကွာ"ဟု လူးလွန့်နေသည့် ငါးကို မြင်တွေ့ရ၍ ပြောလိုက်မိသည်။

"ယူမလား"

"အင်း" ဟု ခေါင်းညိတ်ပြလိုက်သည်။

ထိုသူသည် ငါးမြွေထိုးကြီးကို ဆန်ဆေးတောင်းထဲသို့ ထည့်ပေးလိုက်သည်။ ဆည်တဲသည် ရေရိုး၏ အရှေ့ဘက်တွင် ရှိသဖြင့် ဆည်အောက်မှ အနောက်ဘက်သို့ ကူးလာခဲ့သည်။ ရိုးလယ်တွင် ဝမ်းသာလွန်း၍ ငါးမြွေထိုးကြီးကို ယူကြည့်လိုက်သည်။ ငါးမြွေထိုးကြီးသည် ရေကိုမြင်သဖြင့် ရေထဲသို့ 'လျှောခနဲ' ဆင်းသွားသည်ကို တွေ့မြင်သော ငါးပေးသူက "တော်တော်ညံ့တဲ့ကောင်လေး"ဟု အပြစ်တင်သည်။



ထိုအဖြစ်ကို စဉ်းစားနေစဉ် "ကိုအုံးဖေ၊ မအေးမိ လက်ဝတ်လက်စားတွေကို ခင်ဗျားယူထားနော်။ ကျွန်တော်တော့ မရိုးသားဘူးလို့ ထင်တယ်"ဟု ကိုလှဖေက ပြောသည်။

သည်တော့မှ မအေးမိ လက်ဝတ်လက်စားများကို ကျွန်တော့်အိတ်ကပ်ထဲ ရှိသည်ကို သတိရသည်။ ကိုလှဖေ အကြံပေးသလို မအေးမိကို မပေးဘဲထားပါက သူတို့သမီး၊ သူတို့နှမ လက်ဝတ်လက်စားများ တက်တက်စင် ပြောင်ကုန်ပြီ ထင်ကြပေလိမ့်မည်။ သို့ဖြစ်၍ မအေးမိ ဝတ်ဆင်ရန် ထုတ်ပေးပြီး "ထမီတိုတိုဝတ်ထား။ အရေးအကြောင်းရှိရင် လွတ်အောင် ပြေးနိုင်ဖို့လိုမယ်"ဟု သတိပေးလိုက်သည်။

"ကိုယ့်နှယ်တော်၊ နိမိတ်မရှိ နမာမရှိ မပြောပါနဲ့"

"အေး ငါကတော့ ရိုးရိုးသားသားလို့ မထင်ဘူး။ ဒါကြောင့် ခေါင်းမှာ ပုဆိုးပေါင်းလာတာက တုတ်နှင့်ရိုက်ရိုက်၊ ဓားနှင့်ခုတ်ခုတ် အကာအကွယ် သဘောမျိုးပေါ့ကွာ"

ကျွန်တော်ပြောသည်ကို မအေးမိ သဘောပေါက်ရန်ရှိသည်။ သူ၏ မျက်နှာ အမူအရာ ပျက်သွားသည်ကို လရောင်ဖြင့် မြင်တွေ့လိုက်ရသည်။ ရှားတောရွာတံခါးသို့ ရောက်လာကြသည်။

မအေးမိတို့အိမ်သည် ရွာတံခါးအနီးတွင် ဖြစ်၍ အိမ်ထဲသို့ ဝင်ခဲ့ကြသည်။ အိမ်အောက်တွင် လက်ဆွဲမှန်အိမ် ထွန်းညှိထားသည်။ အိမ်ရှေ့တွင် မီးလှုံနေသူ လေးငါးခြောက်ဦးခန့် ရှိသည်။ ကျွန်တော်သည် အိမ်ရှေ့ မြေကွက်လပ်တွင် ငုတ်တုတ်ထိုင်ကာ ဆေးလိပ်ဖွာလျက် အခြေအနေကို အကဲခတ်နေသည်။ လူကြီးများနှင့် ကန်တော့ပွဲရွက်သူများကို ညွှန်ကြားဆိုခြင်း မရှိသဖြင့် ကန်တော့ပွဲများ ဘယ်ချရမှန်းမသိ။ လူကြီးများမှာလည်း ဘယ်ထိုင်ရမှန်းမသိ ဖြစ်ရှိနေသည်။ ကိုလှဖေသည် အိမ်ဝိုင်းထဲသို့ မဝင်ဘဲ လမ်းအတိုင်း ဘကြီးဦးရွှေလှအိမ်ဆီသို့ လျှောက်သွားသည်။

"ဟော့ ဟိုသွားတာ ဘယ်သူလဲ နေဦး"

ဦးစံမင်းသည် ငှက်ကြီးတောင်ဓားကိုဆွဲ၍ ကျွန်တော့်အနီးမှဖြတ်ကာ ကိုလှဖေနောက်သို့ ပြေးလိုက်သွားသည်။ ဒေါ်ညွှန့်သည် ကိုစံမင်းကိုထိန်းကျောင်းရန်အတွက် နောက်က ပါသွားသည်။ ဦးစံမင်းသည် ကိုလှဖေကို ကျွန်တော်ဟု ထင်နေသည့်အတွက် ထိန်လင်းသော လရောင်အောက်တွင် ထိုင်နေသော

www.burmeseclassic.com



ကျွန်တော့်ကို မမြင်ခြင်းဖြစ်သည်။ မြင်ခဲ့သော် ကျွန်တော် ဓားခုတ်ခံရမည်မှာ သေချာသည်။

"ကျွန်တော် လှဖေပါ"

"လှဖေဆို သွားသွား"

"ကိုယ် ဘယ်လိုလုပ်တာလဲ။ ကျွန်မ ခွေးဖြစ်တော့မှာပဲ"

"ငါ့အလုပ်ထဲ နင်ဝင်မရှုပ်နှင့်"ဟု ကြိမ်းမောင်းကာ "ဖြန်းခနဲ ဖြန်းခနဲ" ရိုက်သံကြားရသည်။ အခြေအနေကို ကျွန်တော် ရိပ်မိပါပြီ။ သောက်လက်စ ဖက်ပြုဆေးလိပ်ကို မီးပွားများနှင့်ပင် ပစ်ချလိုက်ပြီး နွားခြံကိုကျော်ကာ ဦးချမ်း၊ ဒေါ်မြစ်တို့အိမ်ဘက်သို့ ထွက်ပြေးခဲ့သည်။ မီးလှုံနေသူများက ကျွန်တော့်ကိုခဲနှင့်ပေါက်သည်၊ တုတ်နှင့်ပစ်သည်။ ထိုအချိန်တွင် ပွဲပျက်သလို ပြေးကြလွှားကြ၊ အော်ကြဟစ်ကြသော အသံဗလံများ ဆူညံနေသည်။ ကျွန်တော့် နောက်မှ လူတစ်ယောက် ကပ်လျက်ပါလာသည်။ ကျွန်တော်သည် ဒေါ်မြစ်တို့ ဝိုင်းခရိုးကို နင်းကျော်ကာ ကိုမြကောင်းတို့ဝိုင်းဘက်သို့ ခုန်ချလိုက်သည်။

"အေးမိ မပြေးနှင့် မပြေးနှင့်"ဟု အော်သံကြား၍ နောက်ကိုကြည့်လိုက်ရာ ဝိုင်းခရိုးကို မကျော်နိုင်၍ ရပ်နေသော မအေးမိကို သူတို့ ဖမ်းမိသွားသည်။ အတင်းဆွဲခေါ်သွားသည်ကို မြင်လိုက်ရ၍ စိတ်မကောင်းဖြစ်ရသည်။ ထိုနေ့ ထိုညကို ကျွန်တော် ဘယ်တော့မှ မေ့မည်မထင်ပါ။ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ တပို့တွဲလဆုတ် နှစ်ရက်၊ ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ ငါးရက် သန်းခေါင်ကျော်အချိန်ဖြစ်သည်။ အကြောင်းမသိသူများက ဓားပြ တိုက်သည် ထင်နေကြသည်။ ထိုညက ကျွန်တော်သည် ကိုမြကောင်းတို့အိမ်၌ အိပ်သည်။ အိပ်လို့မပျော်ပါ။ မအေးမိကို ဆွဲခေါ်သွားသည်အား မြင်ယောင်ပြီး သနားနေသည်။ မအေးမိသည် ကျွန်တော့်လိုပဲ အိပ်မပျော်နိုင် ဖြစ်နေပေလိမ့်မည်။

အိပ်ရာမှ စောစောထ၍ ကိုမြကောင်းတို့အိမ်ရှေ့ တလင်းပြင်တွင် မီးဖို၍ မီးလှုံကြသည်။ ထမင်းကြမ်းကြော်နှင့် ရေနွေးကြမ်း သောက်ကြသည်။ မပန်းနွယ်၊ မသိန်းတင်၊ ကိုမြကောင်းနှင့် ကျွန်တော်ပါ လေးဦး ဖြစ်သည်။ ညဦးက အဖြစ်ကို ပြောနေကြသည်။

"ခင်ဗျားတို့ကို ရွာပြန်မလိုက်ဖို့ ပြောချင်တာ ပြောချိန်မရဘူးဗျာ"ဟု ကိုမြကောင်းက ပြောပါသည်။ ထိုအခိုက်–



"အုံးဖေ၊ ကိုစံမင်းလာတယ်။ ဓားရေလှဲရော ပါတယ်။ အိမ်ပေါ် တက်နေဖို့ ကောင်းတယ်"ဟု မပန်းနွယ်ကစိုးရိမ်၍ ပြောသည်။ မပန်းနွယ်သည် ကျွန်တော်နှင့် မောင်နှမ တစ်ဝမ်းကွဲတော်သည်။ ကိုမြကောင်းတို့ မွေးချင်း သုံးဦးတွင် သူသည် အကြီးဆုံး။ ကျွန်တော့်ထက် အသက်ငါးနှစ်ကြီးသည်။ (ယခုထိရှိ) ထိုအချိန်က ခင်ပွန်းဖြစ်သူ ကိုဘစိန်မှာ ဓားပြမှုနှင့် ထောင်ကျနေသည်။ မခင်သိန်း၊ မခွေးမဆိုသော သမီးငယ်လေးနှစ်ဦးနှင့် ဝမ်းရေးအတွက် ရုန်းကန် လှုပ်ရှားနေသူဖြစ်၏။

ဦးစံမင်းလာသည်ကို ကြည့်လိုက်သည်။ ကျွန်တော်တို့နှင့် ဝါးငါးပြန်ခြောက်ပြန်အကွာ ရောက်ရှိနေသည်။ ညာဘက်က ဓား၊ ဘယ်ဘက်က လှံကိုင်၍ ခြေကြွလက်မြောက်နှင့် ပွဲထဲက ဇော်ကသလို ပုံသဏ္ဌာန်ပင်။ ကျွန်တော်သည် သူတစ်ပါးကို သွေးထွက်သံယိုခုတ်ရဲလုပ်ရဲသော သတ္တိမရှိသော်လည်း ခံရဲသောသတ္တိရှိသည်။ သတ္တိသည် မှန်ကန်ခြင်းကို အခြေခံသည်။ ဣန္ဒြေမပျက် ရေနွေးကြမ်း သောက်လျက် နေခဲ့သည်။

"စံမင်းက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးကွ။ ငါ့နှမကို ဆွဲလားရမ်းလား လုပ်ရင်တော့ အကြောင်းသိမယ်"

သူတို့လုပ်သလို ခံနေရသော ကျွန်တော့်ကို အခြောက်တိုက် ကြိမ်းဝါး နေခြင်းမှာ အဓိပ္ပာယ်မရှိပေ။ လဲနေသောသူကို ဖနောင့်နှင့်ပေါက်သလို ဖြစ်နေသည်။ ဦးစံမင်းသည် ဤကဲ့သို့ ခြိမ်းခြောက်လျက် ရွာတောင်ဘက်ခြမ်း တံခါးဆီသို့ ထွက်သွားသည်။ မအေးမိကိုပါ သူနေထိုင်ရာ ရွှေပေးရွာသို့ လှည်းဖြင့် ခေါ်ယူသွားသည်ဟု သိရသည်။

ဝေးကြပေါ့ မအေးမိရယ်။

ကျွန်တော်သည် သန်းခေါင်ယံ အဖြစ်အပျက်ကိုသိလို၍ အိမ်သို့ပြန် လာခဲ့သည်။ အိမ်တွင် အကျိုးအကြောင်း မေးမြန်းလာကြသူများနှင့် ဒေါ်ဒုံး ရောက်ရှိနေသည်။ ဒေါ်ဒုံးသည် ဦးကျော်သောင်နှင့် မောင်နှမ တစ်ဝမ်းကွဲ တော်သည်။ ကန်တော့ပွဲများကို လက်မခံဘဲ ရွာခေါင်းရင်းလမ်းဘေးတွင် ပုံထားကြောင်း၊ လာရောက်ယူရန် အကြောင်းကြားခြင်းဖြစ်ကြောင်း ဒေါ်ဒုံးက ပြောပါသည်။

"အုံးဖေ၊ မင့်ကန်တော့ပွဲတွေ လှည်းနှင့် တင်ယူချေပါဟယ်"

"အမေရယ်၊ ဒါတော့ ကျွန်တော့်ကို မခိုင်းပါနဲ့ဗျာ၊ ရှက်လွန်းလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မပန်းမြိုင်နှင့် ကိုလှဖေတို့ လှည်းဖြင့် သွားရောက်ယူဆောင်ကြသည်။ ငှက်ပျောသီး၊ အုန်းသီးများကို လမ်းသွားလမ်းလာသူများ ယူကြသဖြင့် စေ့အောင် မရသည့်အပြင် တချို့ ဖလုံနှင့် လင်ပန်းများ ပိန်ရှုံ့နေသည်။ ကြေ့ရည်ကွာနေသည်။ ကန်တော့ပွဲများကို လမ်းဘေးအမှိုက်ပစ်သလို ပစ်ခြင်းကြောင့် ဖြစ်သည်။ ငှားရမ်းသူများကို အားနာ၍ အသစ်ဝယ်ပြီး လဲလှယ်ပေးပါမည် ပြောရသည်။ အကြောင်းသိသူများက ကျွန်တော့်ကို ကရုဏာသက်ကြသဖြင့် "ကျေနပ်ပါတယ် မဝယ်ပါနဲ့"ဟု ပြောကြပါသည်။

"မမိတဲ့ပန်း တုံးခုလှမ်းတယ်။ ကိုယ်နှင့် မတော်မတန်တာကို ကြံစည်တယ်"ဟု မအေးမိတို့ဘက်က အပြစ်တင်ကြသလို "လူလူချင်း အတူတူပဲ၊ မတန်ဘူး မတူဘူးဆိုတာ မရှိဘူး"ဟု ကျွန်တော့်ဘက်က ဖဲသမား၊ အရက်သမားများကလည်း ခုခံပြန်လှန် ပြောဆိုကြသည်။

"အေးမိကို ရအောင်ကြိုးစားကွာ။ ငါတို့ အကူအညီလိုရင်လဲ ပြော"ဟု အပေါင်းအသင်းများက အားပေးကြပါသည်။ ပြဿနာတစ်ခု ဖြစ်ပေါ်လာလျှင် သူ့လိုလားသူ၊ ကိုယ့်လိုလားသူ ရှိတတ်ကြစမြဲ။ လောကတွင် အင်အားကြီးသူက အင်အားနည်းသူကို အနိုင်ယူတတ်ကြသည်။ သို့သော် အနိုင်ယူလိုသူတိုင်း တရားမျှတမှု ရှိမရှိကိုကား စဉ်းစားသင့်သည်။

သဘောမတူ၍ကန်တော့ပွဲများကို လက်မခံလိုလျှင် အကျိုးသင့်အကြောင်းသင့်ပြောလျှင် အေးချမ်းစွာ ပြီးစီးနိုင်ပါလျက်နှင့် လူကြီးများနှင့် အမျိုးသမီးများကို တုတ်၊ ဓားနှင့် ခြိမ်းခြောက်၍ တိရစ္ဆာန်များလို နှင်ထုတ်လိုက်ကြခြင်းမှာ ရိုင်းစိုင်းသော၊ လူမဆန်သော အပြုအမူမျိုးပင်။ ကျွန်တော်၏အဖြစ်မှာ ရှက်ဖွယ်ရာကောင်းသော၊ ခေါင်းမဖော်ရဲသောအဖြစ်မျိုး ဖြစ်သည်။ သို့ရာတွင် မအေးမိကို ချစ်သည့်အတွက်မည်သူ့ကိုမျှ အပြစ်မတင်ပါ။ အာဃာတမထားပါ။ သူတို့သဘောမတူကြသည်မှာလည်း ကျွန်တော်က အရက်သမား၊ ဖဲသမားလူပေလူတေ ဖြစ်ပေသကိုး။

'ပိယတော ဇာယတေ သောကော' ချစ်သူနှင့် ကွဲကွာကွေကွင်းရခြင်းသည် ဆင်းရဲသည်။ ဝမ်းရေးထက် လွမ်းရေးက ပိုဆိုးသည်။ မအေးမိနှင့် မတွေ့ရသည်မှာ ကြာပြီဖြစ်၍ တွေ့ရအောင် ကြိုးစားသည်။ ကြံစည်သည်။ ရွှေပေးရွာတွင် အမေ၏ အစ်မအရင်း ဒေါ်ရွှေငှ ရှိသည်။ ဒေါ်ရွှေငှတွင် ဒေါ်ပန်းနွယ်၊ ဒေါ်ညို၊ မချစ်ပိုဟု သမီးသုံးဦးရှိသည်။



ဒေါ်ညို၏ခင်ပွန်းမှာ ရှားတောရွာသား ဦးရွှေလှိုင်ဖြစ်သည်။ သူတို့နှင့် အဆက်အသွယ် လုပ်ရသော် ကောင်းလေမည်လားဟု စဉ်းစားကြည့်မိသည်။ သို့သော် ရွှေပေးရွာတွင် ဦးစံမင်းသည် ဌေးရှိသည်။ အရှိန်အဝါကြီးသည်။ သူ့ကို လွန်ဆန်ရဲသူ မရှိပေ။

တစ်နေ့တွင် ဦးရွှေလှိုင် ရှားတောရွာသို့ လာသည်။ မအေးမိနှင့် တွေ့ဆုံနိုင်ဖို့အတွက် အကူအညီတောင်းရာ "မညိုနှင့် တိုင်ပင်ဦးမည်။ နက်ဖြန်ခါညမှာ ငါတို့အိမ် တောင်ဘက် ရွာစည်းရိုးကို လာခဲ့။ လာတဲ့အကြောင်းကို ငါတို့သိရှိအောင် ခဲနှင့်ပေါက် အချက်ပေးပေါ့ကွာ"ဟု ပြောသဖြင့် ဝမ်းသာသွားသည်။

ချိန်းဆိုသည့်ညတွင်သွားရာ ကာရန်သင့်ပင် ဦးရွှေလှိုင်၊ ဒေါ်ညိုတို့နှင့် တွေ့ရသည်။ ရွာတံခါးကဝင်လျှင် အခြားသူများ သိမည်စိုးရိမ်၍ ရွာစည်းရိုး ခွေးစနံ့ပေါက်မှ မြွေမကြောက်၊ ကင်းမကြောက် ဝင်ရသည်။ မြွေကိုက်ခဲ့သော် အသက်သေမည်။ ဆူးကိုင်းနှင့် မျက်လုံးမျက်ဆံကို ထိုးမိသော် ဘဝဆုံးမည်။ ဒါတွေကို မစဉ်းစားပါ။ စဉ်းစားတာက မအေးမိနှင့် တွေ့ဆုံဖို့ပဲ ဖြစ်သည်။

ဦးစံမင်း၊ ဒေါ်ညဲပုတို့အိမ် အနောက်ဘက်တွင် ဦးဝင့်၊ ဒေါ်ဖွားစံတို့ အိမ်ရှိသည်။ ဒေါ်ဖွားစံသည် ဒေါ်ညဲပုနှင့် ညီအစ်မအရင်းဖြစ်သည်။ ဦးဝင့်၊ ဒေါ်ဖွားစံတို့တွင် ကိုသန်း၊ ကိုလှရှိန်၊ မခင်ဥ၊ မခင်ပုဟူ၍ သားသမီး လေးဦးရှိ၏။ ကိုသန်းသည် ကျွန်တော် ချစ်ကြိုက် ပိုးပန်းခဲ့သော မခင်သိန်း၏ ရည်းစားဖြစ်သည်။ မခင်သိန်းသည် ကျွန်တော်နှင့် ရွှေပေးရွာတွင် [illegible] နေရာမှ အပြင်သို့ထွက်၍ ကိုသန်းနှင့် စကားပြောနေသည်ကို တွေ့မြင်ခဲ့ရပြီး ကျွန်တော်နောက်ဆုတ်ခဲ့သည်။

ကိုလှရှိန်မှာ ကျွန်တော်၏ တူမတစ်ဝမ်းကွဲ သေသိုင်းစိန်နှင့် အိမ်ထောင်ကျပြီး သမီး မခင်စန်းကြည်၊ သား ကိုညွန့်ဝင်းတို့ မွေးဖွားခဲ့သည်။ ထိုအချိန်က မခင်ဥ၊ မခင်ပုတို့မှာ ဆယ်ကျော်သက်အရွယ်များ ဖြစ်ကြသည်။ မအေးမိသည် ၎င်းတို့နှင့်အတူ အိပ်ပါသည်။

ညသန်းခေါင်အချိန်တွင် မအေးမိနှင့် ချိန်းတွေ့ပါသည်။ တွေ့ရသည်မှာ ဦးဝင့်တို့၏ အိမ်အနောက်ဘက်ရှိ အိမ်ဝိုင်းထဲတွင် ကျွန်တော်နေ၍ မအေးမိက သူနေသည့် အိမ်ဘက်မှ ဖြစ်သည်။ အိမ်ဝိုင်းနှစ်ခုကြားတွင် ကင်ပွန်းချုံကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိသဖြင့် တစ်ဦးနှင့်တစ်ဦး တွေ့နိုင်မြင်နိုင်ရန် ခြေနင်းခုံပေါ် တက်ရသည်။ သို့တိုင်အောင် ကိုယ်တစ်ပိုင်းစီပဲ မြင်တွေ့ရသည်။

ကင်ပွန်းချုံကြီးမှာ တစ်လခွဲလောက် ကျယ်ဝန်းသဖြင့် တိုးညင်းစွာ စကားပြော၍ မရပါ။ ကျယ်လောင်စွာပြောလျှင်လည်း အခြားသူများ ကြား သိမည်စိုး၍ မပြောဝံ့ပါ။ ချစ်ဒုက္ခက ကြီးမားလှသည်။ လတစ်ခြမ်းပဲ့၏ မှိန်ဝါးဝါး အလင်းရောင်အောက်တွင် မပီမပြင်မြင်ရသည့်မှတစ်ပါး တစ်ဦးပြော သည်ကို တစ်ဦးက နားမလည်ဘဲ ဖြစ်ရှိနေသည်။ အချိန်ကြာလျှင် လူများ သိမည်စိုး၍ မအေးမိကို လက်ပြနှုတ်ဆက်ကာ ပြန်လာခဲ့ပါသည်။

"ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ ဆေးမရှိ" ဆိုကြသည်။

မှန်ပါသည်။ မအေးမိကို မတွေ့ရမမြင်ရ၍ ချစ်ဒုက္ခ ရောက်နေသည်။ ပြေပျောက်သည့်သဘောဖြင့် အရက်သောက်သည်၊ ဖဲရိုက်သည်၊ အရက်သောက် စဉ်၊ ဖဲရိုက်စဉ် တ ဒင်္ဂခဏပဲ စိတ်သက်သာသလိုရှိသည်။ ဤကုထုံးသည်လည်း ဖွပ်သည်ထက်ညစ်၊ အကျိုးထက် အပြစ်ဖြစ်သည်ဟု သိလာသည်။ ကုထုံးပြောင်း သည့်အနေနှင့် စာဖတ်ခဲ့သည်။

ပိုက်ဆံရှိသည့်အခါ ဖဲရိုက်သည်။ မရှိသည့်အခါ စာဖတ်သည်။ ဖဲရိုက် ခြင်းနှင့် စာဖတ်ခြင်းတို့ဖြင့် အချိန်တွေ ကုန်မှန်းမသိ ကုန်လာခဲ့သည်။ အစ်မ ကြီး မပန်းမြိုင်သည် ကိုကြီးမောင်နှင့် အိမ်ထောင်ကျပြီး ယောက္ခမအိမ် လိုက် သွားသည်။ မပန်းမြိုင်သည် အသားညိုပြီး ရုပ်ဆိုး အကျည်းတန်သော်လည်း စိတ်ရင်းစေတနာကောင်းသူ ဖြစ်သည်။ ကျွန်တော့်ကို ချစ်သည်။ ငုံ့ညာသည်။ မပန်းလှိုင်သည် အသားဖြူသည်။ ရုပ်ရည်ချောမောလှပသည်။ ညီအစ်မချင်း ရုပ်ရည်ကွဲပြားခြင်းနားသလို စိတ်စေတနာချင်းလည်း မတူပေ။ 'အမေတူ အဖေတူ တစ်အူတုံဆင်း ညီမအရင်းပါ'ဟု ပြောဆိုလျှင် အကြောင်းမသိ သူများအဖို့ ယုံကြည်လိမ့်မည် မထင်ပေ။ အထူးသဖြင့် မပန်းလှိုင်သည် အမဲသား၊ ငါးချက်သည့်အခါ ကျွန်တော်စားမည်ကိုစိုးရိမ်၍ သိုဝှက်ထားတတ် သည်။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသကဲ့သို့ မပန်းလှိုင်ကို မပန်းမြိုင်လို မချစ် သည်ကတော့ အမှန်ပင်။

မအေးမိနှင့် တွေ့ဆုံရန် မလွယ်သည့်အတွက် ဒေါ်ညိုမှ တစ်ဆင့် စာပေးလိုက်ပါသည်။ စာတွင် မအေးမိကို မတွေ့ရမမြင်ရ၍ စိတ်ပူပင်ဆင်းရဲ နေကြောင်း၊ အကယ်၍ ကိုအုံးဖေ ခေါ်ရာလိုက်မည်ဆိုလျှင် တစ်မြို့တစ်ရွာ တွင် ဘယ်လိုအလုပ်ကိုပင် ဖြစ်စေ လုပ်ကိုင်ကျွေးမည်ဖြစ်ကြောင်း ပါရှိသည်။



တစ်လကျော်သွားသည့်တိုင်အောင် မအေးမိထံမှ ပြန်စာမရသဖြင့် အတွေးစိတ် အမျိုးမျိုး ဝင်ခဲ့သည်။ ဘေးကဖျက်၍ ချစ်ခြင်းမေတ္တာ ပျက်ပြယ်သွားပြီလား ဟု စိုးရိမ်ပူပန်နေသည်။

တစ်နေ့တွင် မအေးမိထံမှ စာရရှိသည်။ ကိုအုံးဖေခေါ်ရာနောက်ကို လိုက်လိုသော်လည်း သူ့ကို ဂရုစိုက် စောင့်ကြပ်နေကြသဖြင့် ထွက်ဖို့မလွယ်ကူ ကြောင်း၊ အိမ်ပိုင်းအပြင်ဘက်ကိုပင် အဖော်မပါဘဲ မထွက်ရကြောင်း၊ အနည်းဆုံး တစ်နှစ်ခန့် သူတို့ယုံကြည်စိတ်ချလာအောင် နေရဦးမည်ဖြစ်ကြောင်း စာတွင် ပါရှိသည်။

အဆင်မပြေသော အကြောင်းများကြောင့် ကျွန်တော်သည် သစ်ဖောင် လိုက်ရန် ကိုမောင်လေးအိမ်သို့ သွားပါသည်။ ကိုမောင်လေးသည် 'ဘုံဘေဘားမား သစ်ကုမ္ပဏီ' တွင် သစ်ဖောင်လုပ်သားဖြစ်သည်။ ကျွန်တော်နှင့် ငယ်သူငယ်ချင်း ဖြစ်၍ ရင်းနှီးခင်မင်သည်။ သက်တူရွယ်တူလည်း ဖြစ်သည်။

"အုံးဖေ၊ ဘယ်ကလာသလဲ"

"မင့်ဆီလာတာပဲ"

"ဘာကိစ္စလဲ"

"သစ်ဖောင်လိုက်ချင်လို့"

"မင်းလိုက်မယ်ဆိုရင် စရံငွေယူခဲ့ရမလား"

"ယူခဲ့ပါကွာ"

စရံငွေခုနစ်ကျပ်ရရှိသဖြင့် ပေါင်နှံထားသော လုံချည်အင်္ကျီများ ရွေးယူ ခဲ့သည်။ ဤသို့ဖြင့် ကျွန်တော်သည် ဘုံဘေဘားမား သစ်ဖောင်အလုပ်သမား ဖြစ်သွားပါသည်။ ဖောင်တစ်ခုတွင် လူငါးယောက်ပါရှိသည်။ (၁) ဖောင်ခေါင်း (၂) ဂွဲထိုး၊ (၃) လှေလှော်၊ (၄) နားဖြတ်၊ (၅) ထမင်းချက်။ ကျွန်တော်၏ အလုပ်မှာ ထမင်းချက်ဖြစ်သည်။ လုပ်ခမှာ ရန်ကုန်အရောက် သစ်ဖောင်ပို့ခ ထမင်းချက် နားဖြတ် လေးဆယ့်ငါးကျပ်။ လှေလှော် ငါးဆယ့်ငါးကျပ်။ ဂွဲထိုး ခြောက်ဆယ့်ငါးကျပ်။ ဖောင်ခေါင်း တစ်ရာကျပ်ဖြစ်၏။ ဖောင်အုပ် ပခုက္ကူမြို့နယ် ရွှေတန့်တစ်ရွာမှ ဦးတင်ဖြစ်သည်။ သူသည် ဖောင်ပေါင်း ဆယ့်လေးဖောင်ကို အုပ်ချုပ်ရသည်။ အုပ်ချုပ်ခ (သို့မဟုတ်) ဖို့ဆောင်း တစ်ဖောင်လျှင် တစ်ရာနှစ်ဆယ့်ငါးကျပ်ရသည်ဟု သိရသည်။

မည်သည့်အလုပ်ဌာနပင်ဖြစ်စေ အခငွေ အနည်းဆုံး ရရှိသူသည် အဆင်းရဲဆုံးဖြစ်သည်။ နံနက်စောစောထ၍ ထမင်းချက်သည်။ ရေနွေးကြမ်းအိုး

www.burmeseclassic.com



တည်ရသည်။ ဒိုးငါးပိကောင်နှင့် ငရုတ်သီးခြောက်ကြော်ရသည်။ ဖောင်သားများ အိပ်ရာမှနိုးလျှင် စားသောက်ရန်အသင့်။

ခတ်တက်များကို ဖောင်ဦးသို့ယူဆောင်၍ ခတ်ကွင်းတွင် အသင့်တပ်ဆင်ထားရသည်။ ခတ်တက်မှာ သုံးထွာဆိုင်ခန့်ရှိသည့် အင်သားမျှောလုံးအရင်းကို ဖျဉ်းထားသော ခတ်တက်ဖြစ်၍ တစ်ခေါက်လျှင် တစ်ချောင်းပဲ ထမ်းနိုင်သည်။ ဖောင်များ မြစ်လယ် စုန်မျှောသောအခါ ဖောင်နှစ်ခုတွဲပါသည်။ ဖောင်တစ်တွဲလျှင် လူဆယ်ယောက်ဖြစ်သဖြင့် လုပ်အားများ လာသည်။ သို့သော် ကိုယ့်တဲနှင့်ကိုယ်၊ ကိုယ်ကြိုက်ရာ ချက်စားကြသည်။

အိပ်စက်ရန်အတွက် သက်ငယ်မိုး၊ သက်ငယ်ကာ တဲတစ်လုံးနှင့် အရပ်ဖျဉ်းတဲတစ်ခု ပါရှိသည်။ စည်း၊ သောင်၊ ကျောက်ဆောင်များမရှိဘဲ ရေကြောင်းကောင်းသည့်အခါ အရပ်ဖျဉ်းတဲအောက်တွင် ရေနွေးကြမ်း သောက်ကြသည်။ လေကန်ကြသည်။ သီချင်းဆိုကြသည်။ ပလွေမှုတ်ကြသည်။ ပျော်ရွှင်ဖွယ်ရာပင်။ ရှေ့တွင် ကမ်းပါးရှိလျှင် စည်း၊ သောင်ရှိလျှင် ကျောက်ဆောင်ကျောက်ဆွယ်ရှိလျှင် ရေဝဲရှိလျှင် ညာသံပေး၍ ခတ်တက်ဆွဲကြရသည်။

“ခတ်ကြဟေ့ အမေ့ဖို့ လက်ဖက်နှစ်ပြားဖိုး၊ မိန်းမဖို့ ထဘီတစ်ထည်ဖိုး” ဟု အားပေးကြပါသည်။ ဖတ်ဖတ်မောအောင် နဖူးမှ ချွေး ခြေမကျအောင် ခတ်တက်ဆွဲရသည်။ လက်ဖဝါးများ အဖုးပေါက်၊ အရေကွာသဖြင့် ထမင်းပူကို ဆုပ်ကိုင်ရသည်။

ယေဘုယျအားဖြင့် ဖောင်သမားများသည် ပစ္စည်းမဲ့၊ အသိမဲ့သူများ ဖြစ်သည်။ မြစ်ကြောင်းတွင် ရေကြောင်းပြ ဘော့ဝါးများကို ဆေးဖြူ၊ ဆေးနီသုတ်၍ ချထားသည်။ ၎င်းဘော့ဝါးများကို ကြိုးနှင့်ပတ်၍ ဆွဲယူကြသည်။ ဘော့ဝါးအောက်ခြေတွင် သံအိတ်ရှိသည်။ ၎င်းသံအိတ်ကို လျှော်ဖွပ်၍ အိပ်ရာခင်းလုပ်ကြသည်။ သင်္ဘောများ၊ မော်တော်များ၊ လှေများ၊ ဖောင်များ သွားလာမှုလွယ်ကူချောမောအောင် ချထားသော ဘော့ဝါးများကို ဖျက်ဆီးကြသည်။ အသိမဲ့သော လုပ်ရပ်ပင်။ သိကြသည်မှာ သူတို့အတွက်သာ။

မကွေးမြို့ အောက်နားတွင် မြင်ကွင်းဝဲရှိသည်။ ၎င်းဝဲသည် ကြောက်ဖွယ်ရာကောင်းသည်။ ဝဲထဲဝင်သွားလျှင် ဖောင်သည် မထွက်နိုင်ဘဲ တဝဲလည်လည် ဖြစ်နေသည့်အပြင် ဝဲစုပ်သဖြင့် သစ်လုံးများ ရေအောက်သို့ မြုပ်သွားသည်။ ထိုအခါ သစ်လုံးပေါ်တွင် ခြေမြဲမြဲထား၍ ရပ်နေရသည်။ သို့မဟုတ်လျှင် သစ်လုံးညှပ်၍ ခြေကျိုးနိုင်သည်။ သစ်ဖောင်အလုပ်သည်



အလွန်အန္တရာယ်များသည်။ သို့ဖြစ်၍ ‘ယောကျာ်းဖောင်စီး၊ မိန်းမမီးနေ’ ဟု ဆိုကြသည်။

မြို့ရွာအနီးစခန်းချလျှင် မြို့ပေါ်တက်၍ ဈေးဝယ်ကြသည်။ ဘုရားဖူးကြသည်။ လှည့်လည်ကြည့်ရှုကြသည်။ တောအနီး၊ တောင်အနီးစခန်းချလျှင် ထင်းခွေကြသည်။ တောကြက်၊ တောငှက်များကို ပစ်ခတ်၍ ချက်ပြုတ်စားကြသည်။

ဘုံဘေဘားမား သစ်ကုမ္ပဏီသည် နှစ်စဉ်နှစ်တိုင်းပင် သစ်ဖောင်များစွာကို ရန်ကုန်သို့ပို့ဆောင်ရသည်။ ဦးတင်ကဲ့သို့ ဖောင်အုပ်များ အများအပြားရှိသည်။ ၎င်းတို့သည် ကျွဲထဲ၊ ရွှေတန့်တစ်၊ ဆင်မင်းရွာ၊ ကွမ်းရွာ၊ နောက်ကုန်းစသော ရွာများမှ ဖြစ်ကြသည်။

သူတို့၏ လုပ်သက်၊ လုပ်ဆောင်ချက်၊ အရည်အချင်းလိုက်၍ ဖောင်များ ပို့ဆောင်ခွင့်ရသည်။ အနည်းဆုံး ရှစ်ဖောင်မှ အများဆုံး ဆယ့်ရှစ်ဖောင်အထိဖြစ်သည်။ ထိုအချိန်က ဖောင်အုပ်များသည်အရှိန် အဝါဩဇာရှိသည်။ ဖောင်ခေါင်းလုပ်ချင်၍ ဝွဲထိုးရလို၍ ဖောင်အုပ်အိမ်များသို့ သွားရောက်လုပ်ကိုင်ပေးကြရသည်။

အပျက်အစီးမရှိဘဲ ကျွန်တော်တို့ ဖောင်များသည် ပြည်မြို့အောက်ကို ရောက်ရှိလာကြသည်။ မိုးညှိုမြို့နယ် ထိန်တောရွာအနီးတွင် မြစ်ကြောင်းသည် ကွေ့ကောက်ပြီး ရေစီးသန်သည်။ ထိန်တောရွာဆိပ်ကမ်းသည် ပြေလျောလျော ဖြစ်သည်။ ဓာတ်သေတ္တာများပေါ်တွင် ဓာတ်သမားများသည် ဆေးလိပ်သောက်လျက် ရှိကြသည်။ အချိန်မှာ ညနေ လေးနာရီခန့်ဖြစ်၏။ ကျွန်တော်ပါရှိသော ဖောင်တွဲသည် အရှိန်ကို မထိန်းနိုင်ဘဲ ဆိပ်ကမ်းရှိ ဓာတ်သေတ္တာများကို ထိုးလိုက်လေသည်။ ဓာတ်သမားများသည် သေတ္တာပေါ်မှ ဆင်းပြေးကြသည်။

“ဟေ့ ဖောင်သမားတွေ ဘယ်လိုလုပ်တာလဲ” ဟု အော်ကြသည်။

ဖောင်ဆိုသည်မှာ မနိုင်ဝန်ဖြစ်သည်ကို သူတို့ မသိကြပေ။ သင်္ဘောကြီးများ၊ လှေကြီးများပင် ဖောင်နှင့် လွတ်ကင်းအောင် ရှောင်ကွင်းကြရသည် မဟုတ်ပါလား။

သစ်ဖောင်နောက်တွဲများက လည်သွားပြီး ရေစီးအားနှင့် ဆွဲယူလိုက်သဖြင့် မြေပြင်ပေါ်တက်သွားသော ဖောင်သည် ရေထဲသို့ ကျဆင်းလာသည်။ သို့ရာတွင် ကျွန်းသစ်ကြီးတစ်လုံးပြုတ်ပြီး ကျန်ရှိနေသည်။ ဖောင်ခေါင်း ဦးချင်းတီးက—

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ထိုးဝါးယူပြီး ခုန်ချ"ဟု ပျာပျာသလဲ ပြောသည်။

အခြားသူများ ဆေးငိုင်နေစဉ် ကျွန်တော်သည် ထိုးဝါးယူပြီး ခုန်ဆင်းလိုက်သည်။ သစ်လုံးကြီးကို ထိုးဝါးနှင့်ကော်ပြီး လှိမ့်ချလိုက်သည်။ မြေမှာ ရေစိုနေသောကြောင့် သစ်လုံးကြီးသည် ရေထဲသို့ ကျဆင်းသွားသည်။ ထိုးဝါးကိုင်ပြီး သစ်လုံးပေါ် ခွထိုင်လိုက်ပါလာခဲ့သည်။ တဖြည်းဖြည်း ဖောင်နှင့် ဝေးကွာသွားသည်။ မှောင်စပျိုးသောအခါ သစ်ဖောင်ကိုပင်မမြင်ရတော့ပါ။ အကြောင်းမှာ သစ်ဖောင်နှင့်သစ်တစ်လုံးမှာ ရေတိုးအား မတူခြင်းကြောင့် ဖြစ်ပါသည်။

လမိုက်ညဖြစ်၍ ပတ်ဝန်းကျင်ကို မမြင်ရသော်လည်း 'ဘွမ်းဘွမ်း၊ ဘွမ်းဘွမ်း' 'ဝေါဝေါ၊ ဝေါဝေါ'ဟူသော ရေပွက်သံများက နေ့ခင်းနေ့လယ်ထက် ပိုပြီး ကျယ်လောင်သဖြင့် စိတ်ခြောက်ခြားဖွယ်ရာ ဖြစ်ရှိနေသည်။ ဟိုတွေး သည်တွေး တွေးမိသည်။

ဤနေရာ ဤဒေသသည် ရေးအခါက ငမိုးရိပ်မိကျောင်း ကျက်စားခဲ့ဖူးသည်။ သူ၏မျိုးဆက်များ ရှိချင်ရှိဦးမည်။ ရှိခဲ့သော် သစ်လုံးခွထိုင်နေခြင်းအားဖြင့် ခြေထောက်ကို ကိုက်ဆွဲနိုင်သည်။ ဤသို့ အတွေးဖြင့် သစ်လုံးပေါ်ကို ဆောင့်ကြောင့်ထိုင်သည်။ သစ်လုံးသည် လုံးပတ် ကိုးပေ၊ ဆယ်ပေခန့်ရှိပြီး ပေနှစ်ဆယ်ကျော် ရှည်လျားသည်။ ကြာသော် ခြေသလုံးများ၊ ဒူးဆစ်များ ကိုက်ခဲလာသည်။ ကိုက်ခဲသည့်ဒဏ်ကြောင့် မသေနိုင်။ မိကျောင်းဆွဲလျှင် သေနိုင်သဖြင့် ကြိတ်မှိတ်နေရသည်။ မြစ်လယ်တွင် မှောင်နှင့်မည်းမည်း တစ်ယောက်တည်း ဖြစ်နေသည် တစ်ကြောင်း၊ ကမ်းမမြင်လမ်းမမြင် ဖြစ်နေခြင်းကြောင့် စိတ်အားငယ်နေသည်။ 'ဝေါခနဲ' ရေပွက်သံကြားလျှင် မိကျောင်းများ ပေါ်လာသလားဟု ထိတ်လန့်သွားသည်။

ပုဆိုးအင်္ကျီများကအစ တစ်ကိုယ်လုံး ရေစိုနေသည်။ ဆောင်းကာလဖြစ်၍ ခိုက်ခိုက်တုန်နေရမည့်အစား မိကျောင်းကို ကြောက်ရွံ့ခြင်းကြောင့် ချမ်းအေးသည်ကို ချမ်းအေးမှန်းပင် မသိပါ။ ထိုးဝါးကို သစ်လုံးပေါ် ကန့်လန့်တင်၍လက်နှစ်ဖက်နှင့်ကိုင်ကာ ကုန်းကွကွ နေရသည်။ အညောင်းဆန့်ရသည်။ ထိုးဝါးကို အားကိုးရသဖြင့် လက်မလွှတ်ရဲပါ။ အကြောင်းမှာ မိကျောင်းသည် သူ၏မျက်လုံး ထိခိုက်မည်ကို အလွန် စိုးရိမ်သည်ဟု သိ‌ သည်။ မိကျောင်းနှင့်တွေ့သော် မျက်လုံးကို ထိုးဝါးနှင့်ထိုးမည်ဟု စိတ်အာ တင်းထားသည်။

ထိုအခိုက်–

## ဖောင်နံပါတ် ၂၇၉ ဘယ်မှာလဲ

"အုံးဖေရေ၊ အုံးဖေရေ"ဟု ခေါ်သံကြားရသည်။ အသံမှာ လက်ဝဲဘက် မြစ်ကမ်းဘေးမှ ကိုမောင်လေး၏အသံဖြစ်၍ ဝမ်းသာသွားသည်။ ကိုမောင်လေးသည် ကျွန်တော်တို့ဖောင်တွင် ဖွဲ့ထိုးဖြစ်၍ ဦးချင်းတီးပြီးလျှင် အခငွေ အရဆုံးနှင့် စိမ်ခန့်ခွဲမှု အရှိဆုံးဖြစ်သည်။ ဖောင်လုပ်ငန်းကျွမ်းကျင်မှု မရှိ၍ သူလိုက်ပါရသည့် ဖောင်တွင် ကျွန်တော့်ကို ထမင်းချက်အဖြစ် တာဝန်ပေးထားခြင်း ဖြစ်သည်။ ထိုအချိန်က ကိုမောင်လေးသည် ထနောင်းကုန်း ရွာသူ မသောင်းနှင့် အိမ်ထောင်ကျနေပြီဖြစ်သည်။ မသောင်းသည် အနည်းငယ် အသားညိုသော်လည်း ရုပ်ရည်ချောမောလှပသူ ဖြစ်သည်။ ကိုမောင်လေးသည် သားသုံးဦးရရှိပြီးနောက် အသက် လေးဆယ်ကျော်အရွယ်တွင် သေဆုံးသွားသည်။ (မသောင်းမှာမူ ယခုထိ ရှိနေဆဲ။)

"ဗျိုး"ဟု သူတို့ကြားလောက်အောင် အသံကုန် အော်လိုက်သည်။

"ဘာမှ မမြင်ရဘူးဟေ့။ မင်းက အဆက်မပြတ် အော်ပေးဝါ"

မှန်ပါသည်။ မှောင်နှင့်မည်းမည်း ဖြစ်နေသည့်အပြင် ကျွန်တော်က ရေလယ်တွင် ရောက်ရှိနေသည့်အတွက် မမြင်နိုင်ပါ။

"ကျွန်တော် သည်မှာ သည်မှာ"

ဖန်မီးအိမ် အလင်းရောင်ကလေးသည် တဖြည်းဖြည်း ကျွန်တော်နှင့် နီးကပ်လာသည်။ စကားပြောသံများကိုပင် ကြားရသည်။ တကျိုကျို လှော်ခတ်လာသော ဖွဲ့တိုးလှေကလေးသည် မကြာမီ သစ်လုံးနှင့် ချိတ်တွဲမိလေသည်။

www.burmeseclassic.com



"အုံးဖေ လေ့ပေါ်တက် လေ့ပေါ်တက်"ပြောရင်း ကိုမောင်လေးသည် ပုဆိုးအင်္ကျီများ လဲလှယ်ရန် ပေးသည်။ သည်တော့မှပဲ နွေးထွေးလာသည်။ ပဲကြီးခွံလို အရေတွန့်နေသော လက်များကို မီးအိမ်နှင့် ကပ်ထားရသည်။ တော်ပါသေး၏ သေဘေးမှ လွတ်မြောက်ခဲ့ရသည်။

"မင့်ကိုခေါ်လာတာ ငါမှားပြီလို့ ထင်နေတာ။ အခုမှ စိတ်အေးရတယ်။ တကယ်လို့ မီကျောင်းဆွဲသွားရင် မင့်အတွက်သာမဟုတ်၊ အေးမိအတွက်ပါ စိတ်ဆင်းရဲဦးမှာ။ အေးမိဟာ မင့်ကို တကယ်ချစ်တာ။ တစ်ဆွေလုံး တစ်မျိုးလုံးက ဝိုင်းဖျက်တာတောင် မပျက်ဘူး"ဟု ကိုမောင်လေးက ကျွန်တော်တို့အတွက် စိုးရိမ်ပူပန်နေကြောင်း ပြောရှာသည်။ သစ်ဖောင်များသည် 'သာရဝေါ' အောက်နားတွင် ပွဲစခန်းချ ညအိပ်နေကြသည်။ ထိန်တောနှင့် သာရဝေါကြားတွင် စိန်ဒိုင်ရွာ၊ ပဲတစ်ခွဲရွာများ ရှိကြသည်။ ထိုရွာများသည် နာမည်ကြီးကြသဖြင့် လှေများ၊ သစ်ဖောင်များသည် ၎င်းရွာဆိပ်ကမ်း၌ ညအိပ်ရမည်ကို စိုးရွံ့ကြသည်။ ကျွန်တော်တို့ သစ်ဖောင် ရောက်သောအခါ ညဉ့်နက်နေပါပြီ။ ဦးချင်းတီးသည် မီးဖိုပြီး ရေနွေးကြမ်း တည်ထားသည်။ ကျွန်တော်တို့ ရောက်လျှင် မီးလှုံရန်နှင့် ရေနွေးကြမ်းသောက်ရန် ဖြစ်သည်။ မီးလှုံပြီး ရေနွေးကြမ်းတစ်ခွက် သောက်လိုက်သဖြင့် ဝမ်းထဲတွင် ပူနွေးသွားသည်။

နေ့တိုင်း သူတို့ကို ကျွန်တော်က ထမင်းချူးခပ်ကျွေးသည်။ ယခုညမှာမူ သူတို့က ချူးခပ်ကျွေးသည်။ ကုလားပဲလှူးစားချက်၊ ဒိုးငါးပိကောင်ကြော်၊ မန်ကျည်းသီးမှည့် ငါးပိဖုတ်၊ ကြက်သွန်ဖြူ ငရုတ်သီးခြောက်နှင့် သုပ်ထားသည်။ အချိန်လွန်၍လားမသိ စားလို့ကောင်းလှသည်။

ဖောင်ဓလေ့ထုံးစံမှာ ထမင်းချက်သည် ဖောင်ဖျက်သည်ဖြစ်စေ၊ ဖောင်တင်သည်ဖြစ်စေ ရေထဲသို့ မဆင်းရပါ။ ဖောင်ပေါ်မှာနေ၍ ကြိမ်လိုလျှင်ကြိမ်၊ ထိုးငါးလိုလျှင်ထိုးငါး၊ မျှောလိုလျှင်မျှော ပေးရုံမျှသာ။ သို့သော် ဖောင်ဓလေ့ထုံးစံကို ကျွန်တော်မသိပါ။ သူတို့ပြောမှ သိရပါသည်။ သူတို့အလုပ်ကို ကျွန်တော်လုပ်သည့်အတွက် နောက်နေ့တွင် ထမင်းလည်း မချက်ရပါ။ ခတ်တတ်လည်း မဆွဲရပါ။ ထိုးငါးလည်း မထိုးရပါ။ ဘာမျှ မလုပ်ရသည့် အပြင် တဲအတွင်း၌ ရေနွေးကြမ်း၊ ဒိုးငါးပိကောင်ကြော်နှင့် ဖိမ်ကျနေပါသည်။

မနေပြည်သို့ရောက်သောအခါ ဒီရေအတက်အကျရှိသည်။ ဒီရေတက်လျှင် ဖွဲထိုးရပ်နားကြသည်။ ချက်ကြပြုတ်ကြ စားကြအိပ်ကြသည်။ ဒီရေကျလျှင်



ဒီရေနှင့် လိုက်ပါလာကြသည်။ ဩောင်တုန်းချောင်းအတွင်း ရောက်ရှိလာသော အခါ သစ်ဖောင်နှစ်ခု မတွဲတော့ပါ။ ချောင်းကျဉ်းသဖြင့် သင်္ဘောများ၊ တုံကင်းများ၊ စောင်းကောက်လို ပဲ့ထောင်ဦးထောင်လှေကြီးများ သွားလာ ရေး လွယ်ကူရန်ဖြစ်သည်။ ဩောင်တုန်းမရောက်မှီ၌ မြို့နှင့်ဈေးကို လှည့်လည်ကြည့်ရှုသည်။ ငါးပိငါးခြောက်နှင့် စွန်ပလွန်ယို၊ ဆတ်သားခြောက် ပေါများသည်။ ယခုအခါ စွန်ပလွန်ယိုနှင့် ဆတ်သားခြောက်မှာ ရှားပါးပစ္စည်း ဖြစ်သွားပေပြီ။ ဈေးရောင်းသူကလေးများမှာ သနပ်ခါးအဖွေးသားနှင့် ချော့မော့လှပကြသည်။ ပိုးပန်းသည့်အနေဖြင့် မျက်စိကစားကြည့်မိသည်။ လူသည် ရုပ်ရှိုက်ကို ခုံမင်မက်မောကြသည် မဟုတ်ပါလား။

ဩောင်တုန်းချောင်းသည် သင်္ဘောများ၊ လှေများ၊ ဖောင်များ သွားလာ ဖြစ်ရုံမျှရှိသည်။ ချောင်းဘေး ဝဲယာတွင် သစ်ပင်များ အုပ်ဆိုင်းလျက်ရှိ၏။ စိတ်ဝင်စားဖွယ်ရာ ကောင်းသည်မှာ သစ်ပင်များအောက်တွင် သနပ်ခါး လိမ်းထားသော ဆံပင်ဖားလျားချထားသော အမျိုးသမီးတချို့ ငါးမျှားနေသည်ကို တွေ့မြင်ရသည်။ ငါးပေါများသောအေသဖြစ်၍ ဖောင်ဘေးမှ လှေကလေးများနှင့် သယ်ဆောင်သွားကြသော ငါးရံ့များမှာ ဆိုက်တူ၊ အရွယ်တူ၊ ပုံစံတူ စက်ရုံမှ ထုတ်လုပ်သော စက်ပစ္စည်းများကဲ့သို့ပင် ဤမျှ များပြားသောငါးများကို မည်သို့ ဖမ်းဆီးကြပါသနည်းဟု စဉ်းစားကြည့်မိသည်။ ငါးများကို ငါးခြောက် လုပ်သည်ဟု သိရသည်။ ဖောင်များပေါ်တွင်သားရေဌလေးပါသည်။ ငါးများ ပါသည်။ သစ်ပင်ပေါ်မှ ငှက်များကို ဌလေးနှင့် ပစ်သည်။ ငါးများနှင့် ငါးမျှားသည်။ ငါးနှင့် ငှက်သား ဝယ်မစားရပါ။ ဆိုးသည်မှာ ခြင်ကိုက်ခြင်း ဖြစ်သည်။ ဆားမလောက်ရှာသည် ခြင်အကိုက်ဆုံး ဖြစ်သည်။ ခေတ်တတ်ဆွဲ ခြေသလုံးတွင် ခြင်များ မည်းနေအောင် ကိုက်ခဲကြသည်။ ခြေထောက်လှုပ်၍ ခြောက်လှန့်ရုံနှင့်မရ။ လက်နှင့် ပွတ်သတ်လိုက်သည်။ လက်တွင် သွေးများနှင့် ခြင်များ မည်းနေသည်။

မြစ်မခ (ခေါ်) ဘောလယ် (ခေါ်) လှိုင်မြစ်သို့ ရောက်ရှိလာသောအခါ မြစ်မှာ ကျယ်ဝန်းသဖြင့် ဖောင်နှစ်ခု တွဲရပြန်သည်။ ထန်းတစ်ပင်မြို့နှင့် ဝါးတစ်ရာရွာအကြား ရောက်ရှိသောအခါ ဖောင်များနှင့် ပစ္စည်းများ အပ်နှံရန်အတွက် စောင့်ဆိုင်းနေကြရသည်။ အချိန်မှာ နံနက် ကိုးနာရီခန့် ဖြစ်သည်။ ကျွန်တော်နှင့် ကိုခင်မောင်လေးတို့သည် ထန်းတစ်ပင်မြို့သို့

www.burmeseclassic.com



ဆံပင်ဖြတ်သွားရန် သမ္ဗာန်ကလေးကို ရေပက်နေစဉ် လေယာဉ်ပျံလေး တစ်စင်းသည် ဖောင်များပေါ်သို့ နိမ့်နိမ့်ကလေး ပျံဝဲလာသည်။ လေယာဉ်ပျံကို မမြင်ဖူးသူများရော၊ မြင်ဖူးသူများပါ ဝိုင်းအုံကြည့်ကြသည်။

တဘက်များ၊ လက်ကိုင်ပဝါများကို ခါရမ်းပြကြသည်။ လက်မြှောက်ပြကြသည်။ လေယာဉ်ပျံသည် ဖောင်များပေါ်မှ ဖြတ်သန်းပျံသွားသည်။ မည်သို့ကြောင့်မသိ လေယာဉ်ပျံသည် ဖောင်များပေါ်သို့ ပြန်လှည့်လာသည်။ ပထမအကြိမ်ထက် နိမ့်သည်။ ဖောင်အလံတိုင်များနှင့် လွတ်ရုံမျှဖြစ်သည်။ လှမ်းထားသော လုံချည်အင်္ကျီများ လေအဟုန်ကြောင့် လွင့်ပါသွားသည်။ လေယာဉ်မောင်းသူသည် ခေါင်းနှင့်နားများကို ဖုံးအုပ်ထားသော်လည်း မျက်နှာကို မြင်လိုက်ရခြင်းအားဖြင့် လူချောလူခန့်တစ်ဦးဟု ထင်မြင်မိသည်။

ဒီရေအတက်တွင် ကျွန်တော်နှင့် ကိုမောင်လေးတို့သည် သမ္ဗာန်ဖြင့် ထန်းတစ်ပင်မြို့သို့ လိုက်ပါလာခဲ့သည်။ ထိုအချိန်က ထိုမြို့ကလေးသည် ငါးရက်ဈေးရှိသော ကျေးရွာကြီးသာသာမျှပင် ဖြစ်သည်။ ဆံပင်ဖြတ်ပြီး ဒီရေအကျတွင် ပြန်လာခဲ့ကြသည်။ လေယာဉ်ပျံကိုမြင်ဖူးပြီဖြစ်၍ တစ်ကြောင်း၊ မိမိတို့မြို့ရွာကို ပြန်ရတော့မည်ဖြစ်၍ ဖောင်သားများ ပျော်ရွှင်ဝမ်းသာနေကြသည်။ သူတို့၏ ပျော်ရွှင်မှုသည် သိပ်မကြာပါ။ ညနေ လေးနာရီအချိန်ခန့်တွင် ရေပေါ် ရုပ်ပြေးသော မော်တော်ဘုတ်ကလေးတစ်စင်း ရောက်ရှိလာသည်။

“ဖောင်နံပါတ် ၂၇၉။ ၂၇၉ ဘယ်ဖောင်လဲ”ဟု အော်၍ မေးမြန်းသည်။

၎င်းဖောင်သည် ကျွန်တော်တို့နှင့် တွဲဖက်ဖောင်ဖြစ်သည်။ မော်တော်ဘုတ်ပေါ်မှ လူနှစ်ဦးသည် ဖောင်ပေါ်သို့ ဆင်းလာသည်။ ဖောင်နံပါတ် ၂၇၉ ဖောင်ခေါင်းဦးစံမြကို စာပေး၍ အဖြစ်အပျက် အကြောင်းအရာတို့ကို ပြောပြသည်။

ဘုံဘေဘားမားသစ်ကုမ္ပဏီ အကြီးအကဲ မောင်းနှင်လာသော လေယာဉ်ပျံကို ဖောင်နံပါတ် ၂၇၉ မှ လူတစ်ယောက်က ဂွလေးနှင့်ပစ်ခတ်ကြောင်း၊ ပစ်ခတ်သူနှင့် ဂွလေးကို သက်ဆိုင်ရာဌာနသို့ အလျင်အမြန် ပေးပို့ရမည်ဖြစ်ကြောင်း၊ ပျက်ကွက်ပါက သစ်ဖောင်ပို့ခငွေကြေးများကို ထုတ်ပေးမည်မဟုတ်ကြောင်း ပြောပါသည်။ စာမှာလည်း ဤသဘောမျိုးပင် ဖြစ်ပါသည်။

ဤသတင်းသည် တောမီးပမာ ဖောင်သားများထံသို့ ပျံ့နှံ့သွားသည်။ ဂွလေးများကို မီးထဲသို့ ထည့်ကြသည်။ ဓားနှင့်ခုတ်ဖြတ်၍ ရေထဲသို့



ပစ်ချကြသည်။ ပျော်ရွှင်နေကြသောလူများ မှိုင်တွေကျသွားသည်။ အဆိုးဆုံးမှာ ဖောင်အုပ်ဦးတင် ဖြစ်သည်။ သူသည် ဂွလေးပစ်သူကို အပ်နှံရန်အတွက် အခက်အခဲ တွေ့နေသည်။ မည်သူကမျှ မိမိပစ်ပါသည်ဟု ဝန်မခံကြ။ မည်သူပစ်သည်ဟူ၍လည်း တစ်ဦးကိုတစ်ဦး ငဲ့ညှာပြီး ထုတ်ဖော်ပြောဆိုခြင်း မရှိကြ။

အခြေအနေမှာ တစ်နေ့တခြား ဆိုးဝါးလာသည်။ ဒီရေကျသွားသော အခါလဟာပြင်ပေါ်တွင် ဖြစ်သလို နေကြထိုင်ကြ စားကြရသည်။ ဒီရေတက်လာလျှင် အုန်းဆံကြိုးခွေများကို ဖြတ်တောက်၍ ထန်းတစ်ပင်ဈေးသို့ သွားရောက်ရောင်းချကြသည်။ ထိုငွေနှင့် ဆန်ဝယ်သည်၊ ဆီဝယ်သည်၊ မျောလုံးမျောတိုင်များနှင့် ဘဲဥများ၊ ငါးပိငါးခြောက်များ လဲလှယ်ကြသည်။

ဖောင်အုပ်ဖြစ်သူက ငွေထုတ်မပေးနိုင်သဖြင့် ဝမ်းရေးအတွက် ဖြစ်သလို ဖြေရှင်းကြရသည်။ တစ်နေ့ မြစ်လယ်တွင် ဖောင်အုပ်ဦးတင်က ဖောင်သားများ အားလုံး သူ့ဖောင်သို့လာရောက်ရန် ဖိတ်ခေါ်၍ သွားရောက်ကြသည်။ ဦးတင်ကို ကနဦး အနီးကပ် တွေ့ဖူးမြင်ဖူးခြင်း ဖြစ်သည်။ အသက်လေးဆယ်ခန့် အသားညိုညို အလုံးအရပ် ယောကျ်ားပီသပြီး ခန့်ညားသည်။ မျက်စိတစ်ဖက် မသန်စွမ်းသော်လည်း အပြောအဟော ကောင်းသူဖြစ်သည်။

ကျွန်တော်တို့ ယခုလို ဒုက္ခရောက်ကြရသည်မှာ အသိမဲ့သော လူတစ်ယောက်၏ မဆင်မခြင် ပြုလုပ်မှုကြောင့်ပင်ဖြစ်ကြောင်း၊ ၎င်းလူသည် မိမိပြုလုပ်မှုကြောင့် လူအများ ဒုက္ခရောက်နေရသည်ကို ဥပေက္ခာပြု လျစ်လျူမနေသင့်ပါကြောင်း၊ သတ္တိရှိရှိနှင့် မိမိအပြစ်ကို မိမိ ခံယူသင့်ပါကြောင်း၊ လုပ်ရဲလျှင် ခံရဲရမည်ဖြစ်ကြောင်း အထူးသဖြင့် ဂွလေးပစ်သူကို သိသူများ ရှိမည်ဖြစ်ကြောင်း၊ လူတစ်ဦးတစ်ယောက်ကို ငဲ့ညှာနေခြင်းအားဖြင့် လူအများ ဆင်းရဲဒုက္ခ ရောက်ရပါကလားဟူသော အသိစိတ်နှင့် ထုတ်ဖော်ပြောသင့်ပါကြောင်း ဖောင်အုပ်ဦးတင်က ပြောပါသည်။

မည်သူမျှ တုတ်တုတ်မလှုပ်ကြပါ။ လူပေါင်း ခုနစ်ဆယ်ခန့်ရှိသော လူအုပ်ကြီးဖြစ်သော်လည်း အသံဗလံဟူ၍ ဘာမျှမကြားရ။ အပ်ကျလျှင်ပင် ကြားရမည်ထင်သည်။ ကျွန်တော်သည် လူအများ ဆင်းရဲဒုက္ခရောက်နေရသည်ကို ‘ငါပဲ လေးပစ်သူအဖြစ် ခံယူလိုက်မည်’ဆိုသော စိတ်ဆန္ဒဖြစ်ပေါ်လာသည် မတ်တတ်ရပ်၍–

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို လေးပစ်သူအဖြစ် အပ်လိုက်ပါ။ အများအတွက် ကျွန်တော် အနစ်နာခံပါ့မယ်။ ဒါပေမယ့် ကျွန်တော်မပစ်ဘူးဆိုတာ လူတိုင်းသိကြပါတယ်" ပြောလိုက်ရာ ဖောင်အုပ်ဦးတင်၏စကားကို ရှုးစိုက်နားထောင်နေသူများသည် ကျွန်တော့်ကို အာရုံစိုက်၍ သမင်လည်ပြန်ကြည့်နေကြသည်။

"သူက ဘယ်ကလဲ၊ ဘယ်သူလဲ"ဟု ဦးတင်ကမေးသည်။

"ထနောင်းကုန်းရွာက ဗွဲထိုး ကိုမောင်လေးခေါ်လာလို့ ကျွန်တော့်ဖောင်မှာ ထမင်းချက်သူပါ"ဟု ဦးချင်းတီးက ပြောသည်။

"မင့်နာမည် ဘယ်လိုခေါ်သလဲ"

"အုံးဖေပါ"

"မင့်ကိုငါ ကျေဇူးတင်ပါတယ်။ သည်လူအုပ်ထဲမှာ ငါ့ညီအရင်းနှင့် ဝမ်းကွဲညီတွေ တူတွေ ပါရှိပါတယ်။ ဒါပေမယ့် ငါ့အတွက် ဘယ်သူမှ အနစ်နာမခံကြပါဘူး။ ဘာမှမဆိုင်တဲ့ မင်းက အနစ်နာခံမယ်ဆိုတော့ ဝမ်းသာပါတယ်။ အပြစ်မကျအောင် ငါ တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးမယ်"

"အများအတွက် အနစ်နာခံတာဖြစ်လို့ ကူညီဖို့ မလိုပါဘူး"

"အများအတွက်ဆိုပေမယ့် ငါ့အတွက်ဖြစ်နေလို့ ငါ့မှာ တာဝန်ရှိပါတယ်"ဟု ဦးတင်က ပြောပါသည်။ ဤသို့ဖြင့် ဦးတင်နှင့် ဦးချင်းတီးတို့သည် ကျွန်တော့်ကို လိန်ကုန်းသစ်ရုံးသို့ လှေဖြင့် ပို့ပေးကြသည်။ လိန်ကုန်းသည် ဘောလယ်မြစ် လက်ဝဲဘက်ကမ်းတွင် ရှိသည်။ သားရေဂွလေးများမှာ ဖောင်ပေါ်တွင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားသည့်အတွက် လိန်ကုန်းရွာအောက်မှ ရှာဖွေ အပ်နှံရသည်။ ရုံးခွဲမန်နေဂျာကြီးမှာ အင်္ဂလိပ်လူမျိုး 'မက္ကဆိုင်း'ဆိုသူ ဖြစ်ပါသည်။ မြန်မာလို ရေလည်စွာ ပြောတတ်ဆိုတတ်သူ ဖြစ်၏။

"လေယာဉ်ပျံကို ဂွလေးနှင့်ပစ်တာ လူကလေးလား"

"ဟုတ်ပါတယ်ခင်ဗျ"

"လေယာဉ်ပျံမောင်းသူဟာ ဘုံဘေဘားမား သစ်ကုမ္ပဏီမှာ အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီနေ့က ဖနီးနှင့် အပျော်ခရီးထွက်ရာမှာ သစ်ဖောင်တွေကို မြင်လို့ နိမ့်နိမ့်ကလေး ပျံဝဲကြည့်ခိုက် ဂွလေးနှင့် အပစ်ခံရတော့ ရှက်လည်းရှက်



ဒေါသလည်းထွက်နေတယ်။ အခုနေ သူ့ဆီပို့လိုက်ရင်တော့ လူကလေး ဒုက္ခရောက်မှာပဲ"ဟု မက္ကဆိုင်းက ပြောပါသည်။

"သည်ကိစ္စကို သခင်ကြီး ကူညီနိုင်လျှင် အကူအညီပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်"ဟု ဦးတင်ကပြောသည်။

"သည်လိုလုပ်ရအောင် မောင်တင်၊ သူ့ကို ချက်ချင်းမပို့သေးဘဲ ငါ့ဆီ မှာထားမယ်။ အကျိုးအကြောင်းကို စာရေးမယ်။ ဖုန်းနှင့်ပြောမယ် စိတ်ပြေသလိုရှိမှ ပို့လျှင် ကောင်းလိမ့်မယ်ထင်တယ်"

"သခင်ကြီး ကြိုက်သလိုလုပ်ပါ။ ကျွန်တော်တို့ သဘောတူပါတယ်"

"လူကလေးကို ကျွန်ုပ် သနားတယ်။ အခန်းထဲမှာလည်း သွင်း မထားချင်ဘူး။ ကြိုးနှင့်လည်း ချည်တုပ်မထားချင်ဘူး။ ထွက်မပြေးဘူးဆိုရင် လွတ်လွတ်လပ်လပ် ထားချင်ပါတယ်"

"စိတ်ချပါ သခင်ကြီး။ ကျွန်တော် ထွက်မပြေးပါဘူး"

"သူ့အတွက် ကျွန်တော်တို့ တာဝန်ယူပါတယ်"ဟု ဦးတင်နှင့် ဦးချင်းတီး တို့က ပြောသည်။ ရုံးအနီးရှိ အိမ်အဖီတွင် သင်ဖြူး၊ ခေါင်းအုံးနှင့် ဘားစောင်တစ်ထည် ပေးပါသည်။ နေရထိုင်ရသည်မှာ ဖောင်ပေါ်ထက် ကောင်းမွန် သော်လည်း သခင်ကြီး လေယာဉ်ပျံကို ဂွလေးနှင့်ပစ်သူဟု သိနေကြသဖြင့် လာရောက်ကြည့်ရှုကြသည်မှာ မျောက်ပွဲပြသလိုပင်။

အဖျိုလည်းပါသည်။ အအိုလည်းပါသည်။ ကလေးခါးတစ်ခွချီသူလည်း ပါသည်။ ဆံရစ်ဝိုင်းကလေးများ၊ ဆံတောက်ကလေးများမှအစ နှပ်ခေ တွဲလောင်းနှင့် ကလေးငယ်များလည်း ပါသည်။ သူတို့ ဝိုင်းကြည့်ကြသည်မှာ အတွေ့ ရှက်သလိုလို၊ မျက်နှာပူသလိုလို ဖြစ်နေသည်။

"ရုပ်ရည်က လှပါဘိသနှင့်။ သနားစရာ"ဟု ပြောသူက ပြောသည်။

"သနားစရာ မဟုတ်ပါဘူးအေ။ လက်ကမြင်းကြောထပြီး သခင်ကြီး လေယာဉ်ပျံကို ဂွလေးနှင့်ပစ်တာ ထောင်ကျမှာပဲ"ဟု ဆိုသူကဆိုသည်။ ထိုနေ့ညနေတွင် ကိုမောင်လေးနှင့် ကိုထွန်းခတို့ လာကြသည်။

"ဖောင်မှာ မင့်အကြောင်းကိုပဲ ပြောနေကြတယ်။ သစ်တင်လှိုင်း မြစ်လယ်ခေါင်မှာ ညကြီးမင်းကြီး လိုက်ပါသွားတဲ့အကြောင်း၊ အများအတွက် အနစ်နာခံခဲ့တဲ့အကြောင်းကိုပဲ ပြောနေကြတယ်။ ဖောင်အုပ်ဦးတင်က အုံး စိတ်ဓာတ်မကျအောင် အားပေးကြပါဦးလို့ ခိုင်းလို့ လာကြတာ" ကိုမောင်လေးကပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အားပေးဖို့မလိုပါဘူး။ ငါ့စိတ်ငါနိုင်တယ်။ ထောင်ကျလည်း ကျပေါ့ကွာ"

"မင်းက ထောင်ကျခံရဲပေမယ့် အေးမိကတော့ မင့်အတွက် စိတ်ဆင်းရဲနေမှာ သေချာတယ်"

ညစာထမင်းကို ရုံးဝိုင်းထဲရှိ ထမင်းဆိုင်တွင် စားလိုသည့်ဟင်းနှင့် စားရပါသည်။ ထမင်းဖိုးကို ဦးတင်က ပေးသလား၊ သစ်ရုံးက ကျွေးသလားဆိုတာ ကျွန်တော် မသိပါ။ နံနက်တိုင်း မက္ကဆိုင်းအိမ်မှ ကော်ဖီနှင့် ပေါင်မုန့်ထောပတ်သုတ် (သို့မဟုတ်) ယိုသုတ်ပေးပို့ပါသည်။ စိုင်ကော်လို့ ချုံပေါ်ရောက်သူမှာ ကျွန်တော်ဖြစ်ပါသည်။ မက္ကဆိုင်းသည် စာနာတတ်သော၊ ကြင်နာတတ်သော၊ ကူညီရိုင်းပင်းလိုသော စိတ်ကောင်းစေတနာကောင်းရှိသူဖြစ်သည်။ ကျောင်းနေစဉ်က ကုန်းဘောင်ရာဇဝင်ကို ဖတ်ခဲ့ရသည်။ အင်္ဂလိပ်များသည် စည်းလုံးညီညွတ်မှုမဲ့နေသော၊ ခေတ်မီ လက်နက်များမရှိသော မြန်မာနိုင်ငံကို စစ်သုံးကြိမ်တိုင်တိုင် အနိုင်ကျင့် သိမ်းပိုက်သွားသည့်အတွက် အင်္ဂလိပ်လူမျိုးကို ခါးခါးသီးသီး မုန်းတီးခဲ့သည်။ မက္ကဆိုင်း၏ မေတ္တာစေတနာကို ခံယူရသောအခါ အားလုံးကို ဝါးလုံးနှင့် သိမ်းကျုံးရိုက်ခြင်းသည် မှားသည်ဟု သိရှိလာသည်။

နောက်နေ့နေ့လယ်တွင် မက္ကဆိုင်းကခေါ်၍ သူ့ရုံးသို့ သွားပါသည်။ မက္ကဆိုင်းကို တွေ့မြင်ရသည်မှာ ပြုံးပြုံးရွှင်ရွှင်နှင့် ဝမ်းသာစရာပင်။

"ကျွန်ုပ် ရုံးချုပ်ကိုဖုန်းဆက်ပြီး လူကလေးအတွက် စကားပြောကြောင်း အချင်းဖြစ်တဲ့အချိန်က ဖောင်အုပ်ဦးတင်ဟာ ကျွန်ုပ်ရုံးကို ရောက်နေကြောင်း၊ အကျိုးအကြောင်းကို သိလျှင်သိချင်း ဖောင်ပြန်သွားပြီး ဝွလေးပစ်သူကို ရိုက်နက်ဆုံးမတာ အတော် နာကျင်နေပြီဖြစ်ကြောင်း၊ ၎င်းသည် အသက်အရွယ်ငယ်သော၊ အသိပညာမဲ့သော လူငယ်ကလေးတစ်ဦးသာဖြစ်ကြောင်း၊ ယခု ကျွန်ုပ် ရုံးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အစီရင်ခံလိုက်တယ်။ ဒါရိုက်တာကြီးက မနက်ဖြန် ရုံးချုပ်သို့ ပို့လိုက်ပါ။ အပြစ်ပေး အရေးယူလိုတဲ့ စိတ်ဆန္ဒ မရှိပါကြောင်း၊ သိလိုသည်မှာ သားရေဝွလေးနှင့် ပစ်ရတဲ့အကြောင်းရင်းသာဖြစ်ကြောင်း" ပြောသည်ဟု သိရသဖြင့် ဝမ်း သာသွားပါသည်။ ကျွန်တော်ကဲ့သို့ပင် မက္ကဆိုင်းလည်း ဝမ်းသာနေပါသည်။

နောက်နေ့နံနက်တွင် ဦးတင်၊ ဦးချင်းတီး၊ ကျွန်တော်ပါသုံးဦး ရန်ကုန်သို့ ထားဝြင့် လိုက်ပါလာခဲ့ကြသည်။ မက္ကဆိုင်းမှ ရုံးချုပ်မန်နေဂျင်းဒါရိုက်တာသို့



စာပေးလိုက်ပါသည်။ ရန်ကုန်မြို့ ၃၃ လမ်းတွင် ပခုက္ကူမြို့သား ဦးစိန်ဘန်းအိမ်ရှိသည်။ ၎င်းသည် ရန်ကုန်မြို့တွင် အပ်ကျသည်ကိုပင် ရရှိအောင် ရှာဖွေနိုင်သူဖြစ်၏။ နယ်မှလာသူများ၏ ပြဿနာများကို လိုက်လံဖြေရှင်းပေးသူဖြစ်သည်။ ဖောင်သမားများကို ယာယီတိုက်ခန်း ငှားပေးသည်။ ကားငှားပေးသည်။ ရန်ကုန်–မြင်းခြံကားခ လေးကျပ်ပေးရသည်။ အကျိုးဆောင်ခတို့ကို ကားပိုင်ရှင်က တစ်မတ်ပေးရသည်။

ဦးစိန်ဘန်း ခေါင်းဆောင်လျက် ရထားလုံးတစ်စီးဖြင့် ဘုံဘေဘားမားသစ်ရုံးသို့လာခဲ့ကြသည်။ ရထားလုံးသည် ရှေ့နှစ်ယောက်၊ နောက်နှစ်ယောက် မျက်နှာချင်းဆိုင် စီးရသည်။ ခရီးသည်ကို အပြင်က မမြင်ရပါ။ ရှေ့နောက် မှန်တပ်ထားသဖြင့် ကိုယ့်မျက်နှာကိုယ် မြင်ရသည်။ ကုလားသည် ရထားအိမ်ကို မတ်တတ်မှီ၍ 'ဂျောင်း ဂျောင်း'ဟု ကြာပွတ်ကလေးနှင့် မြင်းကိုတို့၍ မောင်းသည်။ ဦးစိန်ဘန်းက –

"စီးတန်းဂျောင်း၊ ဒိုင်းနားဂျောင်း၊ ဘားယားဂျောင်း"ဟု ကုလားလိုပြောသည်။ ထိုခေတ် ထိုအချိန်က ရထားလုံးများနှင့် လန်ချားများကို အသုံးပြုကြသည်။ သွားလာရေးတွင် ကုလားစကားတတ်မှ သွားဖြစ်သည်။

ရုံးမှာ ခမ်းနားကြီးကျယ်လှသည်။ ရုံးမျက်နှာစာရှေ့တွင် ပန်းဥယျာဉ်ရှိသည်။ ပန်းဥယျာဉ်ထဲတွင် သစ်သားခုံတန်းလျားများကို ဆေးဖြူသုတ်ထားသည်။ ဧည့်သည်များထိုင်ရန် ဖြစ်သည်။ ဦးစိန်ဘန်းမှ မက္ကဆိုင်းစာကို ချာပရာစီကုလားထံ ပေးလိုက်သည်။ ကုလားသည် ပန်းကန်ပြားလေးပေါ်တွင် စာအိတ်တင်၍ စာအိတ်ပေါ်တွင် အဖြူရောင် ကတ်ကြေးကလေးဖိ၍ ကျောက်စားပွဲဝိုင်းကြီးပေါ်သို့ သွားရောက်တင်ထားသည်။

မန် နေဂျင်းဒါရိုက်တာကြီးသည် အင်္ဂလိပ်အမျိုးသမီးကလေးတစ်ဦးနှင့် ပြုံးရွှင်ဖော်ရွေစွာ စကားပြောလျက်ရှိသဖြင့် စာအိတ်ကို ကိုင်၍ပင် မကြည့်ပေ။ အချိန်အတော်ကြာမှ အမျိုးသမီးလေး ပြန်ရာ မန်နေဂျာကြီးသည် အမျိုးသမီးကလေး ကားမောင်းထွက်သွားသည်အထိ ပို့ဆောင်ပေးသည်။ ရုံးခန်းရှိ ကျောက်ဖြူစားပွဲဝိုင်းထိုင်၍ စီးကရက်ကို အားရပါးရ ဖွာရှိုက်နေသည်။ ပြတင်းပေါက်များ လှပ်ထား၍ တွေ့မြင်နေရသည်။

စီးကရက်ကို ပြာခံခွက်ထဲချပြီး စာအိတ်ထိပ်ကို ကတ်ကြေးနှင့် ကိုက်ဖြတ်၍ စာကို ထုတ်ယူဖတ်သည်။ ထို့နောက် ဝန်ထမ်းလူတစ်ဦးကို အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



လိုခေါ်သည်။ မြန်မာတစ်ဦး ရောက်ရှိလာသည်။ ထိုသူသည် အသက်လေးဆယ်ဝန်းကျင်ခန့် ရှိမည်။ မြန်မာဝတ်စုံနှင့် တည်ကြည်ခန့်ညားသည်။ ပြတင်းပေါက်မှ ရပ်လျက်–

"ဖောင်အုပ်မောင်တင်၊ ဖောင်ခေါင်းမောင်ချင်းတီး"ဟု ခေါ်သည်။ ထိုသူနှင့်ကပ်လျက် ဒါရိုက်တာကြီးက ရပ်လျက်။ ဦးတင်နှင့် ဦးချင်းတီးတို့သည် ဘုန်းတော်ကြီး ရှေ့ သွားရသကဲ့သို့ ကုန်းကွကွ သွားကြရသည်။ ဒါရိုက်တာကြီးက အင်္ဂလိပ်လို ပြောသည်ကို စကားပြန်က မြန်မာလို ပြန်ပြောသည်။

"ငွေလေးပစ်သူ မပါဘူးလား"

"ပါပါတယ် သခင်ကြီး၊ ဟော့ အုံးဖေ လာ လာ၊ သခင်ကြီးကို မော့မကြည့်နှင့်"ဆို၍ ခေါင်းငုံ့နေရသည်။

ကျွန်တော်တို့သုံးဦးက ကော်ရစ်တာဘက်မှ ရပ်နေရသည်။ ဒါရိုက်တာကြီးနှင့် စကားပြန်မှာ ရုံးခန်းအတွင်း ပြတင်းပေါက်မှဖြစ်သည်။

"သူဟာ လေးပစ်သူပါ"ဟု ဦးတင်ကပြောသည်။ စကားပြန်က ကျွန်တော့်ကို လက်ညှိုးညွှန်၍–

"လေးပစ်သူဟာ သူပါပဲ"ဟု ဒါရိုက်တာကြီးကို ပြောပါသည်။ ဒါရိုက်တာကြီးသည်ကျွန်တော့်အသက်အရွယ်နှင့် ပုံပန်းသဏ္ဌာန်ကို ကြည့်ရှုနေသည်။ ကျွန်တော့်မှာ အသက်ကိုပင် ပြင်းပြင်း မရှူဝံ့ပါ။

"လူကလေး ဘယ်အတွက်ကြောင့် ကျွန်ုပ်လေယာဉ်ပျံကို ငွေလေးနှင့် ပစ်ရတာလဲ"

"ကျွန်တော် တမင်ပစ်တာ မဟုတ်ပါဘူး။ ကျွန်တော့်ငွေလေးဟာ သခင်ကြီး လေယာဉ်ပျံအထက် ရောက်မရောက် သိချင်လို့ ပစ်တာပါ။ လေယာဉ်ပျံက မြန်တော့ မတော်တဆ ထိမှန်သွားခြင်း ဖြစ်ပါတယ်"

ကျွန်တော်ပြောသည်ကို ဦးတင်နှင့် ဦးချင်းတီးတို့ သဘောကျနေကြသည်၊

"မတော်တဆ ထိမှန်လျှင် အန္တရာယ်ရှိနိုင်တယ်ဆိုတာ လူကလေး မသိဘူးလား"

ကျွန်တော်သည် ဒါရိုက်တာကြီးမျက်နှာကို မော့ကြည့်လိုက်သည်။ သစ်ဖောင်ပေါ်မှ တွေ့မြင်လိုက်စဉ်က လူချောလူခန့်တစ်ဦးဟု ထင်မိခဲ့သည်။ ယခု တွေ့မြင်ရသောအခါ အသက်ငါးဆယ်အရွယ်ခန့်ရှိသည်။ ထိပ်ပြောင်ပြီး နှာခေါင်းကြီးသည်။



"ငွေလေးမှန်လိမ့်မယ်မထင်လို့ အန္တရာယ် ရှိနိုင်တယ်ဆိုတာကို မစဉ်းစားခဲ့ပါဘူး"

"အဲဒီငွေလေးဘယ်မှာလဲ"

ခါးကြားတွင်ထိုးထားသော သားရေငွလေးကို ဒါရိုက်တာကြီးသို့ ပေးအပ်လိုက်သည်။

ဒါရိုက်တာကြီးသည် သားရေငွလေးကို ဆွဲဆန့်ကြည့်သည်။ ပစ်အားကို ချိန်ဆသည်။ သူ့လေယာဉ်ပျံကိုမှန်သော ခဲသံနှင့် ယခုငွလေးပစ်အားသည် မကိုက်ညီဘဲ ဖြစ်နေသည်ဟု ထင်နေသည်။

"လေယာဉ်ပျံကိုပစ်တာ သည်ငွလေး မဟုတ်ဘူး။ လူကလေး မှန်တာကို ပြောပါ"

လေယာဉ်ပျံကို ငွလေးနှင့်ပစ်သည်ဆိုသော သတင်းကြောင့် ဖောင်ပေါ်တွင် ပါရှိကြသော ငွလေးများမှာ ကြက်ပျောက်ငှက်ပျောက်၊ ပျောက်ကုန်ကြသဖြ လိန်ကုန်းရောက်မှ အစားထိုးရသော ငွလေးဖြစ်သည်။ ငွလေးအကြီးဆိုလျှ အန္တရာယ်ရှိနိုင်သည်ဟူသော အယူအဆဖြင့် လူကြီးကိုင်လည်းမကျ၊ ကလေ ကိုင်လည်းမက စကောစကငွလေးတစ်ခုကို အစားထိုးယူခဲ့ခြင်း ဖြစ်သည်

၎င်းမေးခွန်းကို မေးလိမ့်မည်ဟု ကြိုတင် စဉ်းစားထားခြင် မရှိသည့်အတွက် ရုတ်တရက် မဖြေနိုင်ဘဲ ရှိနေသည်။ အမှန်ကိုပြောလျှ သံသရာရှည်မည်။ ပြဿနာ ပြီးစီးမည်မဟုတ်သဖြင့် အရဲစွန့်၍–

"သည်ငွလေးနှင့် ပစ်တာ အမှန်ပါ"ဟု ဖြေလိုက်သည်။

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းဖေကို
အမှားမှ
အမှန်သို့
ညွှန်ခဲ့သူ
ဒုတိယဖနီး
မတင်

( သူ့အကြောင်း
ဒုတိယတွဲ တွင်
ရှော )

## "နောက်ဆက်တွဲအမှာစာ"

ဤစာအုပ်ပါ အကြောင်းအရာ အဖြစ်အပျက်တို့သည် ဖြစ်ရပ်မှန်များ ဖြစ်သော်လည်း ရှေ့နောက်လွဲမှားခြင်း၊ ခုနစ်သက္ကရာဇ်လွဲမှားခြင်း၊ အမည်နာမ လွဲမှားခြင်း၊ ဝေါဟာရတစ်ခုကို ထပ်တလဲလဲ ဖော်ပြခြင်း ဥပမာ 'ပါပသို့ ရမတိ မနော' 'ဒေါသောခမ္မ နဇာနန္တိ' 'နတ္ထိရာဂသမောအဂ္ဂိ' စသော ပါဠိများ ဖြစ်ပါသည်။ ဖော်ပြပြီး အကြောင်းအရာကို တိုက်ဆိုင်လာသည့် အခါထပ်မံဖော်ပြရပြန်ပါသည်။ ထို့ပြင် ရေစကြိုမြို့သူ 'လီလီစံမူ' ၏ ခင်ပွန်းဖြစ်သူ ခရိုင်ဆရာဝန်ကြီးမှာ 'စုဘာရာမုနိ' ဖြစ်ပါသည်။ စာတွင် 'မဖွန်းဒါး'ဟု ဖော်ပြခဲ့သည်။ မဖွန်းဒါးမှာလည်း ဆရာဝန်ဖြစ်၍ မှားယွင်းသွားခြင်း ဖြစ်သည်။

ကျွန်တော်သည် အတန်းပညာ တစ်တန်းမျှ မအောင်ပါ။ ဘုန်းတော်ကြီး ကျောင်းပညာကိုပင် ငါးနှစ်ခွဲမျှ သင်ကြားခဲ့ရပါသည်။ စာဖတ်ခြင်း၊ ဘဝအတွေ့အကြုံများခြင်း ဖြစ်ရပ်မှန်များကို မခြွင်းမချန် ရေးသားခြင်း စသော အကြောင်းများကြောင့် စာဖတ်သူများ စိတ်ဝင်စားခြင်း ဖြစ်သည်ဟု ထင်မိပါသည်။ အမှန်ကိုရေးသားခြင်းကြောင့် ခေါင်းမဖော်ရဲအောင် ဝေဖန် တိုက်ခိုက်ခြင်း၊ ထိုးနှက်ခြင်း၊ အပြစ်တင်ခြင်းတို့ကို ခံခဲ့ရဖူးသည်။

၁၉၉၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ပါရှိသော 'သမီးလိမ္မာ ရတနာ' ဆောင်းပါးဖြစ်ပါသည်။ ကာယကံရှင်က အမှန်အတိုင်း ပြော၍ အမှန်အတိုင်း ရေးသားခဲ့သည်။ ကာယကံရှင်၏ မွေးချင်းများက သူတို့၏ ဂုဏ်သိက္ခာကို ထိခိုက်သည်၊ နစ်နာသည်ဟု ယူဆကာ တရားစွဲမည်၊ နိုင်ငံတော် အကြီးအကဲများကို တိုင်ကြားမည်ဟု၍ပင်

www.burmeseclassic.com



ဖြစ်ပေါ်ခဲ့ပါသည်။ ထိုအထဲတွင် ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော စာကြည့်တိုက် မဆောက်မီက စာအုပ်အများအပြား လှူဒါန်းခဲ့သော နာမည်ကျော် စာရေးဆရာကြီး ဦးချစ်စံဝင်းသည် အကဲဆုံး ဖြစ်ပါသည်။ ဇနီး ဒေါ်မော်မော်၏ ဖျောင်းဖျမှုကြောင့်တစ်ကြောင်း၊ ကျွန်တော်၏ တောင်းပန်စာကြောင့် ခင်မင်မှု ပျက်ပြားခြင်းမရှိခဲ့ပေ။ ထို့နောက် ဦးချစ်စံဝင်း ခေါင်းဆောင်သော ဧရာဝတီ စာပေခရီး အဖွဲ့ဝင်များနှင့် မြို့ခံစာပေ အဖွဲ့ဝင်များသည် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်အပေါ်ထပ်၌စာပေဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

ယင်းသို့ ဖြစ်ခဲ့မှုသည့်တိုင်အောင် နောင်တသံဝေဂ မရဘဲ ဝါသနာကို မစွန့်လွှတ်နိုင်ဘဲ ဖြစ်နေသည်။ ကျွန်တော်သည် မုသားပြောရမည်ကို အလွန်တာဝန်ကြီးပါသည်။ ပရိယာယ်ကိုပင် အသုံးမပြုပါ။ ပရိယာယ်သည် မုသားထဲ တစ်စိတ်တစ်ပိုင်း ပါဝင်သည်ဟု ဆရာဘုန်းတော်ကြီး၏ ဆိုဆုံးမမှုကြောင့် ဖြစ်ပါသည်။

ဤစာအုပ်တွင် ပါဝင်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မိမိဂုဏ်သိက္ခာ ထိပါးခြင်းကြောင့် လည်းကောင်း၊ မိမိကိုယ်ကျိုးစီးပွား နစ်နာခြင်းကြောင့် လည်းကောင်းရေးသားဖော်ပြချက်များကို မကျေနပ်ခြင်းကြောင့် လည်းကောင်း၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ တရားစွဲလိုပါက စွဲဆိုနိုင်ပါသည်။

ကျွန်တော်သည် အမှန်ကို ရေးသားလိုသည်မှတစ်ပါး မည်သူ့ကိုမျှ အပုပ်ချလိုသော နစ်နာစေလိုသော ဂုဏ်သိက္ခာ ပျက်ပြားစေလိုသော စေတနာ ရည်ရွယ်ချက် မရှိပါ။ အကျိုးမရှိသော ဒေါသ အာဃာတတို့ကို မွေးမြူထားခြင်း လည်း မရှိပါ။ ကျွန်တော် လက်ကိုင်ပြုသည်မှာ စိတ်ကို ထိန်းချုပ်ခြင်းနှင့် သည်းခံခြင်း ဖြစ်ပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်က အကူအညီ ပေးခဲ့ကြသော စာရေးဆရာကြီး တက္ကသိုလ်စိန်တင်နှင့် မြဝတီ စာတည်းမှူးချုပ် ဗိုလ်မှူးချစ်သန်း၊ ဂုဏ်ထူးစာပေမှ ဦးအောင်မြင့်၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာကြည့်တိုက်မှူး ဦးစောလွင် (မဟူရာစောလွင်)၊ ကျွန်တော်၏ စာရေးကြီး ဦးထွန်းတင် (ထွန်းလူ–ပခုက္ကူ)တို့ကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပခုက္ကူဦးအုံးဖေ

www.burmeseclassic.com